

EXIT
သင့် လူ
အတ္တလန်တစ် ရှာပုံတော်
Atlantis Found
Clive Cussler

# အဋ္ဌသာလိန်တစ် ရှာပုံတော် ( သင့်လူ )

မဟာထိပ်တိုက် ထိတွေ့မှုကြီး

၇၁၂၀ ဘီစီ

မျက်မှောက်ခေတ် ဟတ်ဆန်ပင်လယ်အော်ဒေသ၊ ကနေဒါ။

ကျူးကျော်သူသည် ဆိုင်းမဆင့်ပုံမပါပဲ နောက်ကွယ်မှ ဘွားကနဲပေါ်လာခဲ့၏။ လူသားတို့နေထိုင်ရာ နေစကြာဝဠာ၏အပြင်ဖက်ရှိ

ဂြိုလ်များဆီမှ ရေခဲမှုန်များ၊ ကျောက်စကျောက်နများ၊ ဖုန်မှုန့်များနှင့် ဓါတ်ငွေ့များစုပေါင်း၍ လွန်ခဲ့သောနှစ်သန်းပေါင်းလေးထောင့်ခြောက်ရာ

ခန့်ကတည်းက သန္ဓေတည်လာခဲ့သော ကြီးမားလှသည့် ထိုထုထည်ကြီးသည် စကြာဝဠာကိုယ်တိုင်လောက်ပင် သက်တမ်းရင့်လှပြီ။ ဟိုတစ်စ

ဒီတစ်စပြန့်ကျဲနေသော အမှုန်အမွှားများသည် တဖြည်းဖြည်းစုခဲ၍ အချင်းတစ်မိုင်ပတ်လည်ခန့်ရှိသော အမြုတေအစိုင်အခဲတစ်ခု

စတင်ဖြစ်ပေါ်လာခဲ့သည်။ ထို့နောက်တွင်တော့ ထိုအရာကြီးသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် နေကိုဗဟိုပြုလျက် နှစ်ထောင်ပေါင်းများစွာ

တိုင်အောင် မဆုံးနိုင်သည့်ခရီးရှည်ကြီး နှင်နေလေတော့သည်။

ထိုအရာဝတ္တုကြီး၏ အတွင်းအမြုတေသည်သိပ်သည်းသော ရေခဲမှုန်များ၊ ကာဗွန်မိုနောက်ဆိုက်ဒ်၊ မီသိန်းဓါတ်ငွေ့များနှင့်

ခွေးသွားစွယ်များသဖွယ်ချွန်မြထိုးထောင်နေသည့် သတ္တုကျောက်စကျောက်နများဖြင့် ပြည့်နှက်ကျပ်ခဲလျှက်။ ပမာဆိုရပါက

ဘုရားသခင်လက်ဖြင့်လုံး၍ အာကာသထဲသို့လွှင့်ပစ်လိုက်သော ညစ်ပတ်လှသည့်နှင်းလုံးကြီးပမာ။ သို့သော် နေကိုပတ်ပြီး

ဆိုလာစနစ်ကိုဖြတ်၍ပျံသန်းလိုက်သောအခါ အမြုတေနှင့်ဆိုလာရောင်စဉ်ဓါတ်ပြုမှုမှ ပြောင်းလဲဖြစ်ပေါ်လာသောအသွင်သည် ရုပ်ဆိုးဆိုး

အတုံးအခဲကို ရင်သပ်ရှုမောဖွယ်အလှတစ်ပါးအဖြစ် ပြောင်းလဲသွားစေ၏။

နေ၏အပူချိန်နှင့် ခရမ်းလွန်ရောင်ခြည်တို့ကို အလုံအလောက်စုပ်ယူပြီးသောအခါတွင်ကား တောက်ပသည့်သတ္တုပြာရောင်

လက်လက်ထသည့် ကော်မာသဏ္ဍာန်အမြီးရှည်ကြီး ပေါ်ပေါက်လာတော့သည်။ ဆန့်ထုတ်လိုက်လျှင် အမြုတေ၏နောက် မိုင်သန်းကိုးဆယ်ခန့်

ရှည်လျားသည့်မဟာအမြီးကြီး။ ၄င်းကိုပတ်ရံလျက် မိုင်တစ်သန်းအကျယ်ရှိသည့် တောက်ပဖြူဖွေးသော သတ္တုအစိုင်အခဲများသည်

ငါးကြေးခွံသဖွယ် အမြုတေကိုဝန်းရံထားသည်။ နောက်နှစ်ပေါင်း သန်းနှစ်ရာအကြာတွင် အမှုန်အမွှားတို့သည် တဖြည်းဖြည်း

ကျစ်လစ်သိပ်သည်းလာခါ ဥက္ကာခဲများအဖြစ်အသွင် ပြောင်းလာသည်။ ထိုအရာကို မြင်ရသူအပေါင်းက ကြယ်တံခွန်ဟု

အမည်ကင်ပွန်းတတ်ကြသည်။ တကယ်တော့ ထိုအာကာသခရီးသည် ကြယ်တံခွန်ကြီးသည် နောက်တစ်ကြိမ်နေကိုလည်း မပတ်နိုင်တော့၊ အခြား

ဆိုလာစနစ်တစ်ခုသို့လည်း ခရီးမဆန့်နိုင်တော့ပါ။ သူအိုမင်းလှပြီ။ မှောင်မိုက်၊ တိတ်ဆိတ်၊ အေးခဲနေသောမဟာ အာကာသထဲတွင်

သူ့သက်တမ်းစေ့နေပြီ။ သို့သော်... ... ...

သူ၏နောက်ဆုံးခရီးဖြစ်သော ဂျူပီတာဂြိုလ်ကို မိုင်ကိုးသိန်းအကွာမှလှည့်ပါတ်နေစဉ် ဂျူပီတာ၏ကြီးမားပြင်းထန်လှသော ဆွဲအားက

သူသွားနေသည့်လမ်းကြောင်းပေါ်မှ သူ့ကိုယိုင်ထွက်သွားစေခဲ့သည်။ ကံကြမ္မာကြောင့်လား၊ တိုက်ဆိုင်မှုကြောင့်လား၊ ဘုရားသခင်၏

အလိုတော်အရလား။ လမ်းကြောင်းပြောင်းသွားသော သက်ကြားအိုကြယ်တံခွန်ကြီးသည် နေစကြာဝဠာ၏ တတိယမြောက်ဖြစ်သော၊

၄င်းပေါ်တွင်နေထိုင်ကြသည့် သက်ရှိများက ကမ္ဘာမြေဟု အမြတ်တနိုးခေါ်ကြသော ဂြိုလ်ပြာကြီးထံသို့ မှန်ယိုနေသောနွားရိုင်းပမာ ကမူးရှူးထိုးဖြင့်

အားကုန်ဆောင့်တိုက်ရန် တဟုန်ထိုးပြေးလာခဲ့သည်။

ကမ္ဘာ့လေထုထဲသို့ လေးဆယ့်ငါးဒီဂရီထောင့်ချိုးမှ တစ်နာရီမိုင်တစ်သိန်းသုံးသောင်းနှုန်းဖြင့် နစ်ဝင်လာသော ဧည့်သည်တော်ကြီးကား

ကမ္ဘာ့ဆွဲအားကြောင့် အရှိန်မြန်သည်ထက် မြန်လာသည်။ ကမ္ဘာ့လေထုနှင့်ဓါတ်ပြုမှုကြောင့် မျက်စိကန်းလောက်အောင် တောက်ပ

လင်းလက်သော အကျယ်ဆယ်မိုင်၊ အလေးချိန်တန်သန်းလေးထောင်ရှိသော ၄င်း၏ခန္ဓာကိုယ်ကြီးသည် ရုတ်တရက် ကောက်ကွေး၊

တွန့်လိန်သွားပြီး ဖြန်းကနဲ အစိတ်စိတ်အမွှာမွှာကွဲထွက်သွားတော့၏။ နောက် ခုနစ်စက္ကန့်အကြာတွင် မီးခဲကြီးလုံးလုံးဖြစ်နေသော

ကံဆိုးရှာသူကြယ်တံခွန်ကြီးသည် ကမ္ဘာမြေမျက်နှာပြင်သို့ ဒုန်းကနဲ ဆင်းသက်မိလေပြီ။

စတင်မိတ်ဖွဲ့ထိတွေ့မိသည့်နေရာတွင် လူသားတို့ဉာဏ်မီသော မည်သည့်နည်းလမ်းနှင့်မဆို တွက်ချက်မရနိုင်လောက်အောင်

ကြီးမားသော ကိုင်းနတစ်စွမ်းအင်သက်ရောက်မှုကြောင့် ဟာပိုင်အီကျွန်းထက်နှစ်ဆခန့် ကြီးမားသော အပေါက်ကြီးဖြစ်ကျန်ခဲ့၏။

ထိုထိတွေ့မှု၏ နောက်ဆက်တွဲ အကျိုးဆက်များကား... .... ...

တစ်ကမ္ဘာလုံး ရစ်ချ်တာစကေး ၁၂ပြင်းအားရှိသော ငလျင်ကြီးကြောင့် သိမ့်သိမ့်တုန်သွားသည်။ သမုဒ္ဒရာအသီးသီးမှ ရေထုသည်

မိုးယံသို့လျှံတက်ကုန်သည်။ ရှိသမျှသစ်တောအားလုံးကို မီးမုန်တိုင်းကြီးကဝါးမျိုသည်။ မီးတောင်များအားလုံး မွေးနေ့တွင်အလှဆင်ထားသော

ပူဖေါင်းများ တစ်လုံးပြီးတစ်လုံး ဖေါက်လိုက်သည့်နှယ် တဖေါင်းဖေါင်းပေါက်ကွဲပြီး ကမ္ဘာမြေပြင်ကို ပြာကပ္ပလာဖြင့် အလှဆင်သည်။

ကြည့်လေရာ ဖုန်၊ သဲ၊ ပြာ တို့ဖြင့်လွှမ်းမိုးထားသော ကမ္ဘာ့မြေပြင်တွင် ဟူးဟူးရားရားလေကြမ်းကြီးများကလည်း တစ်တပ်တစ်အား

တန်ဆာဆင်လျှက်ရှိရာ လောကတစ်ခွင်မှုန်ပြာမှိုင်းလျှက် နေကိုတစ်နစ်ပါတ်လည်လုံးမမြင်ရတော့။ အပူချိန်မှာ ရေခဲမှတ်အောက်တွင်

တသမ့တ်တည်းတည်နေပြီး ကြောက်လန့်ဖွယ်မှောင်မဲနေသည့် တစ်ခါကအလွန်လှပခဲ့သည့် ဂြိုလ်ပြာပေါ်ရှိ သက်ရှိသတ္တဝါတို့၏ ကံကြမ္မာသည်

မည်သို့ရှိချေမည်နည်း။

အပူပိုင်းနှင့်သမပိုင်းဖုန်နေတိရိစ္ဆာန်တို့သည် နေ့မြင်ညပျောက်ဖြစ်ကုန်ကြ၏။ အမွှေးရှည်မားမွတ်သတ္တဝါကြီးများသည် နေခြည်နွေးနွေး

အောက်ဝယ် ဇိမ်ခံရင်းစားသောက်နေသည့် မြက်နုနုကလေးများနှင့် ပန်းပွင့်များ၊ သစ်ရွက်များ အစာမကြေသေးမီရေခဲတုံးများအဖြစ်

ဘဝပြောင်းကုန်ကြသည်။ သစ်ပင်တို့သည် အရွက်အသီးစုံစုံလင်လင်နှင့် ရေခဲရိုက်ပြီးသား ဖြစ်နေ၏။ ငါးသေတို့သည်နေရာအနှံ့။

ကမ္ဘာ့တိုက်ကြီးအသီးသီးတွင် ငါးမိုင်မှဆယ်မိုင်အမြင့်ရှိ ရေလှိုင်းကြီးများချက်ချင်းတက်လာသည်။ ကမ်းရိုးတန်းဒေသအားလုံး

ရေအောက်မြုပ်ကုန်သည်။ ကုန်းတွင်းဒေသများသို့ မိုင်ရာပေါင်းများစွာထိ ဒီရေတက်လာပြီး သက်ရှိသက်မဲ့အရာမှန်သမျှ

လွှမ်းမိုးဖျက်ဆီးပစ်လိုက်တော့သည်။ မြစ်ကြောင်းများ အကြီးအကျယ်ပြောင်းလဲကုန်သည်။ သဲအတိပြီးသော ကန္တာရဒေသတို့သည် ချက်ချင်းပင်

အလွန်ကြီးမားကျယ်ပြန့်သောရေအိုင်ကြီးများနှင့် သမုဒ္ဒရာငယ်များဖြစ်ကုန်တော့သည်။ ထိုဆင့်ကဲရိုက်ခတ်မှု ဖြစ်စဉ်ကြီးသည် ဤမျှနှင့်

ပြီးမသွားသေး။

တောင်စဉ်တောင်တန်းများသည် မြက်ရိုင်းများကိုတံစဉ်ဖြင့်ရိတ်လိုက်သည့်နှယ်
အလွန်လျှင်မြန်စွာပြိုကျကုန်၏။ မြေကြောတို့သည်

ပူတင်းကိုဓါးဖြင့်လှီးသည့်နှယ် တိတိရိရိပြတ်ရွေ့ကုန်၏။ မိုင်လေးဆယ်မျှအထုရှိသော
ကမ္ဘာ့အပေါ်ယံမြေလွှာသည် စုတ်ပြတ်သတ်ကွဲထွက်သွားပြီး

1

ကမ္ဘာမြေအတွင်းထုကြီး၏ ဗဟိုချက်ရှိချော်ရည်ပူတို့သည် ကပြောင်းကပြန်တွန့်လိန်ကောက်ကွေး
စီးဆင်းကြတော့သည်။

တိုက်ကြီးများသည် မူလတည်ရှိသည့်နေရာမှ ရွေ့လျားကုန်ကြ၏။ ပိစိဖိတ်သမုဒ္ဒရာတွင်းမှ
ကျွန်းဟောင်းတို့ လုံးလုံးပျောက်ကွယ်သွားပြီး

ကျွန်းသစ်များပေါ်လာခဲ့သည်။ မူလက ချီလီနိုင်ငံအနောက်ဖက်ရှိ အန္တာတိကတိုက်သည်
တောင်ဖက်သို့ မိုင်နှစ်ထောင်ခန့်ရွေ့ပါသွား၏။

မြောက်ဝင်ရိုးစွန်းသည်လည်း ထိုနည်းလည်းကောင်း။ အပျက်အစီးတို့သည်
မဆုံးနိုင်အောင်ဆက်လက်ဖြစ်ပေါ်နေဆဲ။ ကမ္ဘာ့မြေအပေါ်ယံလွှာ

ပြတ်ရွေ့မှုသည် ကြက်ဥအခွံကို ညက်ညက်ကြေအောင် ထုထားသကဲ့သို့ဖြစ်နေသဖြင့်
ရှိပြီးသားရေခဲတောင်တို့သည် အချိန်အနည်းငယ်အတွင်း

အရည်ပျော်ကုန်ကာ ပင်လယ်ရေမျက်နှာပြင်သည် မဟာထိတွေ့မှုကြီးမဖြစ်ခင်အချိန်ကထက်
ပေလေးရာကျော်မြင့်တက်သွား၏။ ထိုတစ်နေ့တာ

အတောအတွင်းမှာပင် ယခင်ကဥရောပတိုက်မြေပြင်နှင့် တဆက်တည်းရှိခဲ့သော ဗြိတိန်နိုင်ငံသည်
ရေပတ်လည်ဝိုင်းလျက်ရှိသောကျွန်းအဖြစ်

1

ပြောင်းလဲသွားသည်။ ကြီးမားလှသည့်သဲကန္တာရကြီးတစ်ခုသည် ရေများဝင်ရောက်မှုကြောင့် ပါရှန်ပင်လယ်ကွေ့အမည်ဖြင့်

ရေပြင်အသစ်တစ်ခုအဖြစ် အသွင်ပြောင်းသွားခဲ့သည်။ ယခင်က အနောက်ဖက်ရှိသမုဒ္ဒရာထဲသို့ စီးဝင်သောနိုင်းမြစ်သည်

လမ်းကြောင်းပြောင်းသွားပြီး ယခင်ကသဲအတိပြီးသော ကန္တာရနေရာတွင် ရေများဝင်လာပြီး ရုတ်တရက်ဖြစ်ပေါ်လာသည့်

မြေထဲပင်လယ်တွင်းသို့သာ နောင်းပိုင်းကာလများတွင် စီးဝင်ရတော့သည်။ ကမ္ဘာ့ဝင်ရိုးသည် နှစ်ဒီဂရီခန့် တိမ်းစောင်းသွားပြီး

မျက်စိတစ်မှိတ်အချိန်အတွင်း တောင်နှင့်မြောက်ဝင်ရိုးစွန်းတို့သည် နေရာရွေ့လျားကုန်ကြ၏။ ကမ္ဘာ့အတွင်းပိုင်းမှ တွန်းကန်ထွက်လာသော

ချော်ရည်ပူများကို မီးတောင်များမှအဆက်မပြတ်ပေါက်ကွဲအန်ထုတ်လျက်ရှိ၏။ တော်လဲသံကြီးများနှင့် ကြောက်စရာငလျင်ကြီး များကား

လပေါင်းများစွာတိုင်အောင် မပြီးနိုင်မစီးနိုင် လှုပ်ခါနေကြဆဲ။ နောက်ဆယ့်ရှစ်နှစ်တိုင်အောင် တောင်နှင့်မြောက်ဝင်ရိုးစွန်းနှစ်ခုမှာ ပျက်သွားသည့်

သံလိုက်အိမ်မြှောင်ပမာ နေရာရွေ့လျားနေဆဲ။ နိုးတစ်ဝက်အိမ်မက်ဆိုးသဖွယ် ထိုကာလရှည်ကြီးအတွင်း လေပြင်းမုန်တိုင်းများက ကမ္ဘာမြေကို

ရစ်သိုင်းဖွဲ့ချုံကာ လက်ကျန်သမိုင်းအမွေအနှစ်တို့ကို အပြိုးနှင့်တိုး၍ဖျက်ဆီးကြပြန်သည်။ နေ့ညပြောင်းလဲမှု အချိန်ကမောက်ကမ

ဖြစ်နေခြင်းကြောင့် သုံးရာခြောက်ဆယ့်ခုနစ်ရက်ရှိနေကျ တစ်နှစ်မှာနှစ်ရက်လျော့သွား၏။ ကမ္ဘာ့သံလိုက်စက်ကွင်းသည် အနောက်မြောက်ဖက်သို့

မိုင်တစ်ရာခန့်ရွေ့သွား၏။ ရာပေါင်းများစွာသော သက်ရှိမျိုးစိတ်တို့ ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မျိုးတုန်းသွားကြသည်။ ဘို့တစ်လုံးနှင့်

ကုလားအုတ်ကြီးများ၊ အမွေးရှည်မားမွတ်နွားကြီးများ၊ ရေခဲခေတ်မြင်းများအားလုံး စုပ်စမြုပ်စပျောက်ကွယ်ကုန်သည်။ အစွယ်ရှည်ကျားကြီးများ၊

တောင်ပံဖြန့်လိုက်လျှင် ၂၅ပေထိရှည်သောငှက်ကြီးများနှင့် အခြားပေါင်ရာကျော်လေးသော တိရိစ္ဆာန်ကြီးများအားလုံးသည် ချော်ခိုးချော်ငွေ့များနှင့်

မီးခိုးများကြောင့် အသက်ရှူကျပ်၍မရှူမလှ သေပွဲဝင်ကြကုန်၏။ သီးပင်စားပင် သစ်ပင် ပန်းမာန်များလည်းထိုကမ္ဘာဖျက်ကပ်ဘေးကြီးမှ

မလွတ်ကြရှာပါ။ နေရောင်ခြည်မရခြင်း၊ ပြာများဖုံးလွှမ်းခြင်း၊ ရေမှော်များကပ်ငြိခြင်းတို့ကြောင့် ဇီဝိန်ချုပ်ကြရပြန်သည်။ အဆုံးမတော့

ကမ္ဘာ့သက်ရှိအားလုံး၏ ၈၅ရာခိုင်နှုန်းသည် ရေဘေး၊ မီးဘေး၊ မုန်တိုင်းဘေး၊ မီးတောင်ပေါက်ကွဲမှု၊ အဆိပ်သင့်လေထုနှင့် အစာရေစာ

ငတ်မွတ်ခေါင်းပါးမှု ဘေးတစ်မျိုးမျိုးသင့်၍ မျိုးပြုတ်ဇီဝိန်ချုပ်ရရှာလေသည်။

ဤဘေးဆိုးကြီးအတွင်း လူသားမျိုးနွယ်၏ ကံကြမ္မာကရောမည်သို့ရှိမည်လဲ............

နှစ်တစ်သိန်းခန့်သောအချိန်အတွင်း မတ်မတ်ရပ်နိုင်သော မျောက်ဝံတဖြစ်လဲ ဂူအောင်းရှေးလူဘဝမှ ခေတ်ပေါင်းများစွာ

ပြောင်းလဲတိုးတက်ခဲ့ပြီး အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုကြီးများပေါ်ထွန်းခဲ့ပြီးဖြစ်သော လူ့ဘုံခန်းဝါသည် တစ်နေ့နှင့်တစ်ည အချိန်အတွင်း

အလုံးစုံ ပျက်စီးခြင်းသို့ရောက်ရှိခဲ့သည်။ သန်းပေါင်းများစွာသော ယောကျ်ား၊ မိန်းမနှင့် ကလေးများ၏ သေခြင်းတရားကား ကြောက်ခမန်းလိလိ။

ဖွံ့ဖြိုးဆဲယဉ်ကျေးမှုကြီးများမှာ ကျူပင်ခုတ်ကျူငုပ်မကျန် ပျောက်ကွယ်သွားခဲ့သည်။ အသက်ရှင်ကျန်ရစ်သူ အနည်းငယ်မှာလည်း

ရွှေရောင်လွှမ်းခဲ့သော အတိတ်ကာလများကို အောက်မေ့တသနေရုံမှလွဲ၍ ဘာဆိုဘာမှမကျန်ရစ်ခဲ့။ မျောက်လူဘဝမှသည် ဘုရင်များ၊

ဗိသုကာများ၊ ပန်းချီကျော်များ၊ စစ်သည်တော်များအဖြစ် အဆက်မပြတ်တိုးတက်လာခဲ့သော လူသားဖြစ်စဉ်ကြီးသည် ခေါင်းသွင်းသင်္ဂြိုလ်ခြင်း

ခံခဲ့ရလေပြီ။ အတိတ်၏ယဉ်ကျေးမှုများကား ခုမှထဖြစ်သောပင်လယ်သစ်များ၏ ကြမ်းပြင်တွင် ထာဝရလှဲလျောင်း အိပ်စက်နေရရှာတော့သည်။

အလွန်နည်းပါးလှစွာသော အသက်ရှင်ကျန်ရစ်သူအများစုသည် တောင်ပေါ်သားများဖြစ်ကြ၏။ အလွန်မြင့်မားသော တောင်များပေါ်ရှိ

ကျောက်ဂူများထဲတွင် ပုန်းအောင်းနေကြခြင်းဖြင့် ရေဘေး၊ မီးဘေး၊ မုန်တိုင်းဘေးမှ ကံအားလျော်စွာ လွတ်ကင်းခဲ့ကြသူများဖြစ်သည်။

ထိုသူများသည် သူတို့နှင့်ခေတ်ပြိုင် မြစ်ဘေး၊ ပင်လယ်ကမ်းစပ်ဘေးတွင် မြို့ကြီးပြကြီးတည်ဆောက်၍ ခမ်းနားကြီးကျယ်စွာ နေထိုင်တတ်သည့်

ကြေးနီခေတ်ယဉ်ကျေးမှုပါရာဒိုင်းဘောင်အတွင်းမှ လူများကဲ့သို့ အသိဉာဏ်ပညာနှင့် အတတ်ပညာမရှိကြသေးပဲ ရေကြည်ရာမြက်နုရာ

လှည့်လည်သွားလာသည့် ကျောက်ခေတ်လူသားအဆင့်မျှသာ ရှိသေး၏။ ထိုသို့အသိဉာဏ် ခေါင်းပါးချို့တဲ့ခြင်းကပင် သူတို့၏အသက်ကို

ကယ်တင်လိုက်နိုင်သလို ဖြစ်နေသည်။ မည်သို့ဆိုစေ သူတို့ခေတ်၏ လီယိုနာဒို့ဒါဗင်စီများ၊ ပီကာဆိုများနှင့် အိန်းစတိန်းများ

အငွေ့ပျံပျက်သုဉ်းသွားခဲ့ပြီဖြစ်သော ဤအချိန်ဝယ် အရာအားလုံးသည် သာတူညီမျှရှိလှစွာ၏။ ထိုသို့ဖြင့်ကမ္ဘာ့ယဉ်ကျေးမှုကြီးများ

ပျောက်ကွယ်သွားပြီး နောက်ထပ်နှစ်နှစ်ထောင်မျှ အမှောင်ခေတ်ကာလတွင်း သက်ဆင်းခဲ့ရသည်။ ထိုကမ္ဘာနာကြီးကျက်ချိန်ရောက်မှ

လူသားသည် နောက်ထပ်တဖန် မီဆိုပိုတေးမီးယားနှင့် အီဂျစ်ကဲ့သို့သောယဉ်ကျေးမှုကြီးများကို အသက်၊ သွေး၊ ချွေး များစွာရင်း၍ ပြန်လည်

တည်ဆောက်ခဲ့ရသည်။

အသိပညာရှင် အတတ်ပညာရှင်အားလုံး ဆုံးပါးပျက်စီးသွားသောကြောင့် ပျောက်ဆုံးသွားသော မဟာယဉ်ကျေးမှုကြီးများသည် ဥရောပ၊

အာရှ၊ ပိစိဖိတ်နှင့် အမေရိကဒေသများတွင် ပြန်လည်ထူထောင်ခြင်းဌာ မစွမ်းသာလောက်အောင် ခြေရာလည်းပျောက်၊ ရေလည်းနောက်ခဲ့ပြီး

တဖြည်းဖြည်း ဒဏ္ဍာရီအသွင် ပြောင်းသွားကြရာတော့သည်။ နောင်နှစ်ရာပေါင်းများစွာတိုင်အောင် လူသားသည် တောင်ပေါ်မှဆင်းပြီးကမ်းခြေတွင်

မြို့ပြအိမ်ယာတည်ရန် စိတ်မကူးဝံ့ကြ၊ တခါတုန်းက ရှေးလူတို့ကျွမ်းကျင်စွာပြုလုပ်ခဲ့ကြသည့် သင်္ဘောတည်ဆောက်ခြင်း၊ ရွက်လွှင့်ခြင်း

အလုပ်များသည် ဘုရားနှင့်သာအပ်စပ်တော့သလို သဘောပိုက်၍ လုံးဝမတို့ထိဝံ့သောကြောင့် ရေကြောင်းသွားလာမှု အတတ်ပညာ

ပျောက်ကွယ်လုနီးနီး ဖြစ်ခဲ့ရသည်။

လွန်ခဲ့သောနှစ် ၆၅သန်းကျော်ကာလကလည်း အလားတူဖြစ်ရပ်ဆိုးကြီးကြောင့် ကမ္ဘာပေါ်ရှိဒိုင်နိုဆောများ မျိုးတုံးပျောက်ကွယ်

သွားခဲ့ရသော်လည်း ဒီတစ်ကြိမ်လောက်အထိနာခြင်းမရှိခဲ့။ ထိုဖြစ်ရပ်ကြီးဖြစ်ပွားပြီးနောက် နောင်နှစ်ထောင်ပေါင်းများစွာတိုင်အောင်

ကြယ်တံခွန်တို့သည် ဘေးဆိုး၊ ကပ်ဆိုး၊ ကြမ္မာဆိုး၏ ရှေ့ပြေးနိမိတ်၊ ကျိန်စာဆိုးကြီးအဖြစ် လူတို့သတ်မှတ်ခဲ့ကြသည်။ သေခြင်းတရား၊

ပျက်စီးဆုံးရှုံးခြင်းများနှင့် ယုတ်စွအဆုံး စစ်ပွဲသည်ပင် ကြယ်တံခွန်တို့ကြောင့်ဟု စွပ်စွဲတရားခံရှာခြင်း ခံခဲ့ကြရသည်။

ထိုဘေးဆိုးကြီးနှင့်အတူ အိုလ်မစ်ယဉ်ကျေးမှု၊ မေရန်ယဉ်ကျေးမှု၊ အက်စ်တက်ခ်ယဉ်ကျေးမှုတို့သည် ကမ္ဘာပေါ်မှ

ထာဝရပျောက်ကွယ်ကြသည်။ သို့သော် ဒဏ္ဍာရီအဆန်ဆုံး၊ အထင်ရှားဆုံးနှင့် ဒွိဟဖြစ်စရာအကောင်းဆုံး ဖြစ်ရပ်သည်ကား

အတ္တလန်တစ်တိုက်ကြီးနှင့် ၎င်း၏အထက်တန်းကျလွန်းသော ယဉ်ကျေးမှုကြီး စုန်းစုန်းမြုပ် ကွယ်ပျောက်ခဲ့ရခြင်းပင် ဖြစ်တော့သည်။

တစ္ဆေ သင်္ဘောကြီး

စက်တင်ဘာ ၃၀၊ ၁၈၅၈။ စတီဖင်ဆင်ပင်လယ်အော်၊ အန္တာတိက

လမ်းလျှောက်နေခြင်းကို ရပ်လိုက်လျှင် သူမ လဲကျသေဆုံးသွားတော့မည်မှန်း ရှီဆန်နာမန်ဒါ သိနေခဲ့ပါသည်။ စိတ်ဆောင်နေ၍သာ

အခုလို သွားနေနိုင်သော်လည်း တကယ်တော့ သူမအားကုန်နေပြီ။ အပူချိန်သည် သုံ့ညအောက်၊ ရေခဲမှုန်များပါသည့် အေးစိမ့်နေသည့်လေအေးက

အရေပြားကို ဆွဲဖြဲနေသလို၊ တစ်စထက်တစ အသက်ဇီဝကို ချွေယူမည့်ပိုက်မြည်းခြင်းက တိုးသည်ထက်တိုး၍လာသည်။ ဒီအချိန် အိပ်ပျော်

သွားလျှင်မရဏကမ္ဘာရောက်မှ ပြန်နိုးတော့မည်မှန်း သူမ ကောင်းကောင်းသိသည်။ အချိန်မရွေး ကွဲအက်သွားနိုင်သော ရေခဲလွှာပေါ်တွင်

ခြေတစ်လှမ်းခြင်း ရွေ့လျားနိုင်ရန် ဟန်ချက်ကိုလည်း အစွမ်းကုန်ထိန်းထားရသည်။ အသက်ရှူရသည်က ဟိမဝန္တာတောင်တန်းများပေါ်

အောက်စီဂျင်မပါပဲတက်သည့် တောင်တက်သမားတစ်ဦးနယ် ခက်ခဲပင်ပန်းလှဘိခြင်း။

ကြီးမားထူထဲသည့် သားမွေးအကျႌကြီးနှင့် မျက်နှာကို လုံအောင်ဖုံးလွှမ်းထားသော မျက်နှာဖုံးအဝတ်စတို့ကြောင့် လည်းကောင်း၊ ထူပိန်း

နေသည့် ရေခဲမှုန်များကြောင့် လည်းကောင်း အမြင်အာရုံသည် မရှိသလောက်ဖြစ်သည်။
မျက်စိအစုံကလည်း နီရဲယောင်ကိုင်းလျက်ရှိ၏။ ရေခဲ

မုန်တိုင်း၏အထက်တွင် မြင်တွေ့နေရသော ကြည်လင်သည့်ကောင်းကင်ပြာနှင့်
ဝင်းလက်နေးထွေးသည့် နေရောင်ခြည်တို့ကို မြင်ရလျှင် ရှိဆန်နာ

ဒေါသပင်ထွက်လာသည်။ ဤကဲ့သို့ ပြစ်မျိုးမဲ့မထင်အောင် ကြည်လင်သောမိုးကောင်းကင်အောက်တွင်
မျက်စိကန်းလုမတတ်

ရေခဲမုန်တိုင်းမျိုးကြုံတွေ့ရခြင်းသည် ဤဒေသအန္တာတိကတွင် အဆန်းတော့မဟုတ်ပါ။

ထိုသို့သေလုအောင် ရေခဲမုန်တိုင်းနှင့်ကြုံတွေ့နေရသော်လည်း ထူးဆန်းသည်က
ဤတောင်ဝင်ရိုးစွန်းဒေသတွင် နှင်းတစ်မှုန်မှမကျ။

ရေငွေ့ကိုမသယ်ဆောင်နိုင်လောက်အောင် ဆိုးဝါးပြင်းထန်စွာ အေးစက်နေသဖြင့် နှင်းကျခြင်းဌာ
မစွမ်းသာတော့။ ခြေထောက်

အောက်တွင်ရှိသော ရေခဲထုက လွန်ခဲ့သည့် နှစ် ထောင်ပေါင်း များစွာကတည်းက
မြေပြင်ပေါ်ကျခဲ့သော နှင်းပွင့်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်၏။

ကံကောင်းထောက်မ၍ အအေးဓါတ်က သူမ၏အဝတ်အစားများကို ထိုးဖေါက်ဝင်ရောက်နိုင်ခြင်းမရှိ။
သာမာန် ဝတ်ရိုးဝတ်စဉ် ဥရောပ

အဝတ်အစားများနှင့်သာဆိုလျှင် အခုလောက်ဆိုလျှင် အေးစက်ပြားချပ်သွားလောက်ပြီ။
ယခုသူမဝတ်ဆင်လာခဲ့သည်က ယောကျ်ားဖြစ်သူ

အာတိတ်ဒေသတွင် ဝေလငါးဖမ်းခရီးထွက်စဉ်က အက်စကီးမိုးလူမျိုးများနှင့် အလဲအလှယ်လုပ်ခဲ့သော
အဝတ်အစားများဖြစ်သည်။ ဝံပုလွေ

သားမွေးဖြင့်ပြုလုပ်ထားသော အတွင်းခံအဝတ်များကလည်း ခန္ဓာကိုယ်အပူချိန်ကို
ကောင်းစွာထိန်းသိမ်းပေးနိုင်သည်။

လက်ရှိအချိန်တွင် သူမအတွက် အကြီးဆုံးအန္တရာယ်မှာ မညီညာသောရေခဲပြင်တွင် လမ်းလျှောက်ရင်း အချိန်မရွေးချော်လဲပြီး

ခြေကျင်းဝတ်နှင့် ခြေထောက်ရိုးကျိုးသွားနိုင်ခြင်းဖြစ်၏။ ထိုသို့ဖြစ်သွားမှုဖြင့် အသက်ရှင်နေသည်ပဲထား၊ အကာအကွယ်မဲ့သော မျက်နှာကို

နင်းကိုက်သည့်ဒါဏ်ရာများနှင့် သူမသေဆုံးသွားနိုင်သည်။ သူမယောက်ျား၏သဘော်သားအုပ်စုမှ လူခြောက်ယောက် နင်းကိုက်ခံရ သည်ကိုတွေ့ခဲ့

ဖူးသည်။ ထိုအထဲမှနှစ်ယောက်မှာ ခြေချောင်းကလေးများ ပြုတ်ထွက်ကုန်ပြီး ကျန်တစ်ယောက်မှာ နားရွက်များပြုတ်ကျသွား၏။

ဘုရားသခင်ကို ကျေးဇူးတင်ရမည်။ တရကြမ်းတိုက်ခတ်နေသည့် လေကြမ်းကြီး အနည်းငယ်အရှိန်လျော့သွားပြီ။ နားအူလောက်အောင်

တရှိုရှိုအော်သံကြီး အတော်တိုးညှင်းသွားခဲ့ပြီ။ အသက်ရှင်ဖို့ မျှော်လင့်ချက်ကလေးသည် ပြီးခဲ့သည့်တစ် စ်နာရီကထက် ယခု ပိုမိုရှင်သန်လာခဲ့သည်။

အမြင့် ၁၅ပေခန့်ရှိသော တောင်ပူစာလေးတစ်ခုအနီးသို့ ရောက်လာသည်။ သုံးလှမ်းတက် နှစ်လှမ်းပြန်လျှောနှုန်းဖြင့် အပေါ်သို့ သူမ

ကုတ်တွယ်တက်၏။ အပေါ်ရောက်တော့ လေကွယ်ရာနေရာကလေးတွင် ကွေးနေရင်းသူမ ဘယ်လောက်အင်အားနည်းနေပြီလဲဆိုတာကို

ချောက်ခြားဖွယ် သိလိုက်ရသည်။ နလုံးက ရင်ကွဲ၍ပေါက်ထွက်မတတ် ခုန်နေသည်။ အသက်ကို ကုန်းပေါ်တင်ထားသည့် ငါးသဖွယ်အငမ်းမရ

ပင်ပန်းဆင်းရဲစွာ ရှူနေရသည်။ ခဏမျှမျက်စိကို မှိတ်ထားလိုက်မိသည်။ အနည်းငယ်နေသာသွားသောအခါမှ သူမလုပ်ခဲ့မိသော အလုပ်သည်မည်မျှ

စဉ်းစားဆင်ခြင်ဉာဏ်မဲ့ကြောင်းနှင့် ဤမျှရူးနှမ်းသည့် အလုပ်ကိုလုပ်ခဲ့မိသည့် သူမကိုယ်သူမ အပြစ်တင်ရကောင်းမှန်း သိတော့သည်။

နာရီလည်းပါမလာခဲ့၍ ခင်ပွန်းသည်၏ ငါးဖမ်းသင်္ဘော ပါလိုဗာဒီမှထွက်၍ လမ်းလျှောက်လာခဲ့သည်မှာ ဘယ်နှစ်နာရီကြာပြီမှန်း မခန့်မှန်း

တတ်တော့ချေ။

လွန်ခဲ့သော ခြောက်လခန့်ကတည်းက ပါလိုဗာဒီသည် ရေခဲလွှာများကြားမှာ ညှပ်၍ပိတ်မိနေခဲ့သည်။ သင်္ဘောပေါ်မှာ

ဟိုင်းဒီငေးလုပ်ရသည်မှာ ငြီးငွေ့လွန်းမက ငြီးငွေ့လာသဖြင့် သူမကိုမျက်စိအောက်မှ အပျောက်မခံပဲ ဂရုတစိုက်ရှိလွန်းသည့် သင်္ဘောသားများ

အလစ်တွင် သင်္ဘောပေါ်မှဆင်း၍ ရေခဲပြင်တွင်လမ်းလျှောက်ရန် စိတ်ကူးခဲ့မိသည်ကို ခုမှနောင်တရ၍လည်း အကြောင်းမထူးတော့။ သင်္ဘောပေါ်မှ

မဆင်းမီက ကြည်လင်ပြာလဲ့လျှက်ရှိသော ကောင်းကင်နှင့် ရာသီဥတုမှာ သူမလမ်းလျှောက်နေစဉ် မဲမှောင်ညိုပုတ်လာပြီး ခုကဲ့သို့ ရေခဲမုန်တိုင်းနှင့်

နဖူးတွေ့ဒူးတွေ့ကြုံရခြင်းဖြစ်သည်။ မုန်တိုင်းတိုက်ပြီး မိနစ်ပိုင်းအတွင်းမှာပင် သင်္ဘောသည် သူမ၏မြင်ကွင်းထဲမှ အစအနရှာမရအောင်

ပျောက်ခြင်းမလှ ပျောက်သွားပြီး သူမကိုယ်တိုင်လည်း ခုကဲ့သို့ ရေခဲပြင်ပေါ်တွင် လမ်းစပျောက်နေလေပြီ။

အစဉ်အလာအားဖြင့် ဝေလငါးဖမ်းသူများသည် သင်္ဘောပေါ်သို့ အမျိုးသမီးများတင်ဆောင်၍ ရွက်လွှင့်လေ့မရှိပါ။ သို့သော်လည်း

ဝေလငါးဖမ်းသူတို့၏ဇနီးမယားအများစုမှာ သုံးလေးနှစ်ယောက်ျားမရှိပဲ အိမ်မှာထိုင်နေရသည်ကို လက်မခံနိုင်ကြ။ ရှိဆန်နာအဖေ့မို့ ၁မူ အိမ်မှာ

တစ်ယောက်တည်း နေရသည်ကို ကြောက်ရွံ့ သောကြောင့်မဟုတ်။ အရပ် ငါးပေသာသာ၊ ကိုယ်အလေးချိန် ပေါင်တစ်ရာပင်မပြည့်သော

ထိုမိန်းမသည်ဘာကိုမှ သိပ်ပြီးအကြောက်အလန့်ရှိလှသည် မဟုတ်။ ထို့ကြောင့်လည်း ခက်ခဲပင်ပန်းခြင်း၊ ပျင်းရိငြီးငွေ့ဖွယ်ကောင်းခြင်း၊

လှိုင်းမူးခြင်းတို့ကို ရယ်ရယ်မောမောနှင့် သည်းခံကာ ဤခရီးကို လိုက်လာခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း သူမ၏

ခနော်ခနဲ့ကေဗင်ခန်းလေးအတွင်းမှာပင် သားလေးတစ်ယောက်ဖွားမြင်ခဲ့သည်။ ထိုကလေးကို သူမကိုယ်တိုင်ပင် ဆမ်မြူရယ်ဟု အမည်

ပေးခဲ့သည်။ ခင်ပွန်းသည်ကို ခုထိအသိမပေးရသေးပေမဲ့ သူမမှာနောက်ထပ် ပဋိသန္ဓေကို လွယ်ထားရသည်မှာ နှစ်လသားခန့်ပင် ရှိနေလေပြီ။

သင်္ဘောပေါ်တွင် စာမတတ်၊ ပေမတတ်၊ စိတ်ကြမ်း၊ လူကြမ်း သင်္ဘောသားကြီးများကို စာဖတ်တတ်အောင်၊ မိသားစုထံ စာရေးတတ်အောင်

သင်ကြားပေးသော ဆရာမအဖြစ်တစ်နည်း၊ တခါတရံဖြစ်တတ်သော ထိခိုက်ဒဏ်ရာ၊ အဖျားအနာတို့ကို ကုသစောင့်ရှောက်ပေးသော သူနာပြု

အဖြစ်တစ်ဖုံ လုပ်ကိုင်ရင်း သူမသည် မရှိမဖြစ် စာရင်းဝင်လာ၏။

ပါလိုဗာဒီသည် ဆန်ဖရန်စစ္စကိုမှ အနောက်ဖက်ကမ်းရိုးတန်းတစ်လျှောက် နေရာအနှံ့တွေ့ရတတ်သည့် ဝေလငါးဖမ်းသင်္ဘောများထဲမှ

သင်္ဘောတစ်စီးဖြစ်၏။ ဝင်ရိုးစွန်းဒေသများတွင် ဝေလငါးဖမ်းရန် အထူးတလည်တည်ဆောက်ထားသော အလွန်ကြံ့ခိုင်တောင်တင်းသည့် သင်္ဘော

ဖြစ်သည်။ အလျား ၁၃၂ပေရှိပြီး တန်ချိန် ၃၃၀ရှိသော ပါလိုဗာဒီတွင် ဝေလငါးအဆီများ သိုလှောင်ရန် အခန်းကြီးတစ်ခန်းအပြင်

ပင်လယ်ပျော်သင်္ဘောသားတို့ သက်သာချောင်ချိစွာနေနိုင်ရန် နေရာထိုင်ခင်း လုံလောက်စွာပါရှိ၏။ ဆီရာနီဗါဒါးတောင်တန်းမှ

သစ်အမျိုးကောင်းတို့ဖြင့် စေ့စပ်သေချာစွာ တည်ဆောက်ထားသောကြောင့်လည်း အခုလိုအခြေအနေတွင် မားမားမတ်မတ်ခံနိုင်ရည်ရှိနေခြင်း

ဖြစ်သည်။

ပါလိုဗာဒီ၏ အရှင်သခင်၊ ရှိဆန်နာ၏ အိမ်ဦးနတ် ကပ္ပတိန်ဇရက်ဖို့မန်ဒါသည်
အများသူငါဥဒဟိုသွားနေသည့် မြောက်ဖက်

အာတိတ်ဒေသထက် လူသူအရောက်အပေါက် နည်းသော၊ ငါးများများပိုရနိုင်မည်ဟု သူယူဆသော
တောင်ဝင်ရိုးစွန်း အန္တာတိက ဒေသသို့

သူ့သင်္ဘောကို ရွက်လွှင့်လာခဲ့သည်။ ဤဒေသသည် နယူးအင်္ဂလန်ပြည်နယ်မှ ငါးဖမ်းသမားများ
မျက်စိမှောက်၍ကျန်ရစ်နေသော

ဒေသဖြစ်သည့်အတွက် ငါးဖမ်းကွက်များစွာမှာ ဘယ်သူမှမထိရ၊ မတို့ရသေးပဲ
သဘာဝအတိုင်းရှိနေလိမ့်မည်ဟု ကပ္ပတိန်မန်ဒါက ယုံကြည်သည်။

ယုံကြည်သည့်အတိုင်းလည်း ပါလိုဗာဒီကို အန္တာတိက ဒေသသို့ ရွက်လွှင့်စေခဲ့သည်။

အန္တာတိကဒေသသို့အဝင်မှာပင် ဝေလငါးခြောက်ကောင် ဖမ်းဆီးရမိသဖြင့် သူတို့တစ်ဖွဲ့လုံး
အူမြူးနေခဲ့ကြသေးသည်။ ဤသို့ဖြင့်

ရေခဲတုံးများပေါလောမျောနေသော ပင်လယ်ပြင်တွင်းသို့ အတော်ခရီးကျွံလာခဲ့ကြသည်။
ထို့နောက်တွင်တော့... ... ...

မတ်လနောက်ဆုံးပတ်မှစ၍ အန္တာတိကဆောင်းသည် ဆိုင်းမဆင့်၊ ဗုံမပါ တရမန်းကြမ်းဝင်လာ၏။
ပင်လယ်တစ်ခုလုံး လေးပေခန့်

ထူသော ရေခဲထုကဖုံးသွား၏။ ထိုအချိန်အထိ ပါလိုဗာဒီမှာ ရေခဲပင်လယ်မှလွတ်ကင်းရာသို့
ရုန်းထွက်နိုင်စွမ်း ရှိနေသေးသည်။ သို့သော်

ကံမကောင်း အကြောင်းမလှစွာဖြင့် အန္တာတိကလေကြမ်းက ပါလိုဗာဒီကို ကမ်းခြေသို့
တရွတ်တိုက်ပြန်တွန်းလာရာ အလွန်လျှင်မြန်စွာ

ခဲလိုက်လာသော ရေခဲပင်လယ်ထောင်ချောက်တွင်းသို့ သက်ဆင်းမိတော့၏။
လွတ်ရန်လမ်းမမြင်တော့။ ရေခဲတုံးများ ပတ်လည်ဝိုင်းလျှက်

လှုပ်၍ပင် မရနိုင်တော့။ ပူနွေးသောရာသီဥတုနှင့် ကြည်လင်သောရေမျက်နှာပြင်ကို တွေ့ရဖို့နောက်ထပ် ခုနစ်လကြာ စောင့်ဆိုင်း ရတော့မည်။

ရွက်တွေကို ချ၍ လိပ်ပြီး သိမ်းဆည်းထားလိုက် ကြသည်။ အကယ် ၍များ ဘုရားသခင် အလိုတော် ရှိ၍ ပူနွေးသော ရာသီဥတုလေးသူတို့

အတွက် ပေးသနား ခဲ့ပါက အဆင်သင့် ရွက်တင် နိုင်အောင် ကြိုးစားပမ်းစား ပြင်ဆင် ထားခဲ့ကြ သေးသည်။ သို့သော်လည်း တစ်နေ့ တစ်ခြား

ထူထပ်သိပ်သည်း လာသော ရေခဲလွှာ ထုကြီးကြောင့် အသက်ထွက် မတတ် ကြိုးစား သော်လည်းကမ်းခြေ နှင့် နှစ်မိုင် ခန့် အကွာ တွင် ရေခဲပြင်

ကြားညှပ် နေသော ပါလိုဗါဒီ သည်တစ်လက်မ ပင် မရွေ့လျား နိုင်ခဲ့။ သည်ကြားထဲ ဆောင်း ပီပီ ပြင်ပြင် ဝင်လာသည်နှင့်အမျှ နေ့တာ ကလည်း

တို၍ လာသေးသည်။ ငါးတို့သည် အေးစက် တောင့်တင်းလျှက်။ရေခဲပြင် ပေါ်မှ ဒီအတိုင်း ကောက်ယူ လိုက်ရုံသာ။ ကမ်းခြေတွင်

မရေတွက်နိုင်အောင် များပြားသော ပင်ဂွင်းများက သူတို့ သင်္ဘောကို ပရိသတ် ဗိုလ်ပါအလုံးအရင်း နှင့် ရှုစားတော် မူနေ ကြသည်။ စားနပ် ရိက္ခာ

အတွက်တော့ ဖြင့်ပူစရာ မလို။ တစ်ခုပဲ ရှိသည်။ သင်္ဘော စားဖို့မှူးက မည်မျှပင် လက်စွမ်းပြချက်ပြုတ် စေကာမူ အစား အသောက် များက

အေးစက်စက်၊ ညှီစို့စို့ နှင့် အရသာဆိုးလှသည်။

အခု သူတို့ အတွက် အဓိက ပြဿနာ မှာခြေချောင်း၊ လက်ချောင်းများ နှင့် နားရွက် ဖျားများ အေးခဲ ပြတ်ကျသွားလောက်အောင်

ဆိုးဝါးသည့် အအေးဒဏ် နှင့် သင်္ဘော ကို စက္ကူ တစ်ရွက်နယ်တစစီ ဆုတ်ဖြဲ ပစ်နိုင် လောက်အောင် ကြီးမားသည့် ရေခဲမျော တုံးကြီးများ

၏အန္တရာယ်သာ ဖြစ်၏။ ဖမ်းမိ ထားသော ဝေလငါး ကြီးများမှ အဆီ ထုတ်ထား လိုက်နိုင်သောကြောင့် မီးမပြတ် မွှေးထား နိုင်သည်မှာ အဆိုး ထဲမှ

အကောင်းဟု ပြောရတော့မည်။

ခု သူတို့ အချိန် ကိုသာ စိတ် ရှည်ရှည် စောင့်ရ တော့မည် ဖြစ်ကြောင်း ကပ္ပတိန် မန်ဒါကောင်းစွာ သိရှိ နားလည် ပါသည်။ ဒီ ရေခဲပြင်

မကွဲ မချင်း ဘာမှ လုပ်၍ မရ။နွေဦး မပေါက်ခင် ဇနီးမယား နှင့် သမီး၊ သား ပါမကျန် ကျန်းမာ ပကတိ၊ ချမ်းသာအထိ နှင့် အိမ်ပြန် ရောက်ဖို့

အခွင့်အရေး မှာ တစ်ထောင်ပုံ တစ်ပုံပင်မရှိချင်။ ခုကို ရောဂါ ဆိုးတို့၏ လက်မည်းကြီး ဖြင့် ကလူကျီစယ် ခြင်းကိုသူ့လူ အချို့ စတင် ခံစား နေရပြီ။

သင်္ဘောသား ခုနစ်ဦးမှာ စကာဗီ (ဗိုက်တာမင် စီ ချို့တဲ့ မှုကြောင့် ဖြစ်သော ရေးခေတ် သင်္ဘောသား ရောဂါဆိုး)ရောဂါ လက္ခဏာများ ပြနေပြီ။

ကောင်းကွက် ဆို၍ အအေး လွန်မှု ကြောင့် သင်္ဘောပေါ်မှ ပိုးဟပ်များ နှင့် ကြွက်များ မျိုးပြုတ် ကုန်ခြင်း သာရှိ၏။ အေးစက်၊မှောင်မိုက်၊

တိတ်ဆိတ်သော ချောက်ချား ဖွယ်ရာ အန္တာတိကညများ ကို ငူငူ၊ ငေါင်ငေါင် ဖြတ်သန်းရင်း အသက်ပါမသွားစေဖို့အတွက် မန်ဒါသည် သူ့လူ များကို

အလုပ်နှင့်လက်မပြတ်တမ်း အလုပ်မရှိအလုပ်ရှာ၍ စေခိုင်း နေရတော့သည်။

ကပ္ပတိန်မန်ဒါသည် သူ့ အခန်းထဲမှ စာရေးစားပွဲတွင်ထိုင်ရင်း သူတို့လူစု၏အသက်ရှင်သန်ခွင့်ကို တွက်ချက်နေမိသည်။ အကြိမ်

ရာထောင်၊ မည်မျှပင်ဖြစ်နိုင်ချေများနှင့် ဖြစ်တန်စွမ်းများကို ပြောင်းလဲတွက်ချက်စေကာမူ အဖြေကတော့အပြောင်းအလဲမရှိလှ၊ နွေဦး ပေါက်၍ ရေခဲ

ကွဲသည်အထိ အသက်ဇီဝကို တတ်နိုင်သရွေ့ ထိန်းသိမ်း ဖို့သာရှိသည်။

အပြင်ဖက်တွင် ဟူးဟူးရားရား တိုက်ခတ်နေသည့် ရေခဲမုန်တိုင်းသည် တိကနဲရပ်သွား၏။ အလာတုန်းက နှုတ်မဆက် သလိုအပြန်

ကျတော့လည်း အရေးတယူပင် မလုပ်ခဲ့။ နေပွင့်လာပြန်၏။ မိုတ်ထားသောမျက်စိတို့ကို အသာလေးဖွင့်ကြည့်လိုက်တော့ သူမအရိပ်ကို

တွေ့ရသည်။ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ ဝမ်းသာအားရ ဟစ်ကြွေးတော့မလို့ရှိသေး၊ မြင်လိုက်ရသော တစ်စုံတစ်ရာကြောင့် ရှိဆန်နာ

နလုံးခုန် ရပ်မလို ဖြစ်သွားသည်။ ဘုရားရေ ...သင်္ဘောနှင့် သူမ တစ်မိုင် ခွဲလောက် ဝေးကွာနေပေါ့လား။ ဘယ်လို အားအင် တွေကိုသုံးပြီး ဒီခရီး ကို

ပြန်ရ ပါ့မလဲ။ သူမကို လိုက်ရှာ ကြ ပါ့မလား။

ကြည့်နေရင်း အဖြူရောင်ရေခဲပြင်ကြီးပေါ်မှာ အစက်သေးသေးလေးတစ်စက် ပေါ်လာသည်။ မျက်စိများမှားရော့သလား။

ထိုအစက်ကလေးသည် တဖြည်းဖြည်းကြီးလာပြီး သူမရှိရာသို့ ဦးတည် ၁နေ၏။ အို... ဗရက်ဖို့ နဲ့ သင်္ဘောသား တွေပါလား။ဒါဆို သူမကို လိုက်ရှာ

နေသည် ပေါ့။ မတ်တပ် ရပ်လိုက် သည်။ လက်ကို ဆန့်နိုင်သမျှ ဆန့်၍ ဝှေ့ယမ်းရင်း အသံကုန် အော်လိုက်သည်။ ထိုအခိုက်မှာပင်.......

လုံးဝထင်မှတ် မထားသောမြင်ကွင်း တစ်ခုကသူမအာရုံကို ချက်ချင်းဖမ်းစားလိုက်၍ အော်သံပင်တဝက်တပျက် ဖြင့်ရပ်သွားသည်။ သူမ၏

ရှေ့တည့်တည့်မှာ- ရေခဲတုံး ကြီး နှစ်ခုကြား ညှပ်၍ကမ်းခြေ မှာ တင်နေသော သင်္ဘောတစ်စီး။ ရှိဆန်နာသည် မျက်နှာဖုံးကိုချွတ်၍ မျက်လုံးကို

အတတ်နိုင်ဆုံး ပြူးကြည့် မိသည်။သင်္ဘောကိုယ်ထည် တစ်ခုလုံးနီးပါး ရေခဲတွေဖုံးနေသည်မှအပ ရွက်များလိပ်တင် ထားသော ရွက်တိုင်သုံးခု နှင့်

ဆိုင်းကြိုးများ အားလုံးပြည့်ပြည့် စုံစုံ။

ဖခင်ဖြစ်သူက ကုန်တင်သင်္ဘောများကိုကြီးကြပ်ကွပ်ကဲ၍ တရုတ်ပြည်သို့ လွှက်ခြောက်ကုန်ကူးခဲ့သောကြောင့် သူမပီဘိကလေးပေါက်စ

ဘဝကတည်းက ဘော်စတွန်ဆိပ်ကမ်းမှ သင်္ဘောပုံစံမျိုးစုံကိုမြင်ဖူးခဲ့ပါ၏။ သို့သော် အခုရေခဲတစ်ပိုင်းဖြစ်နေသော သင်္ဘောမျိုးတော့မပါ။ ဒီလို

ပုံစံမျိုးသူမဘဝမှာ တစ်ကြိမ်သာမြင်ခဲ့ဖူး၏။ ဒါကလည်းအဖိုး၏အိမ်တွင် ချိတ်ဆွဲထားသောပန်းချီကားထဲတွင်သာ။ အလွန်ရှေးကျသော

သင်္ဘောအမျိုးအစားဖြစ်သည်။ ရေဆူးကနက်နက်၊ သေးသေးသွယ်သွယ်၊ ရှည်ရှည်လျားလျား၊ ထိုသင်္ဘောမှာ အဖိုးပန်းချီကားထဲက သင်္ဘော

မျိုးသာဆိုလျှင် ဆယ့်ရှစ်ရာစုနှောင်းပိုင်းက ဗြိတိသျှ ကုန်တင်သင်္ဘောမျိုး ဖြစ်လိမ့်မည်ဟု သူမခန့်မှန်း ကြည့်နေ၏။

စကတ်ပုဝါကို ဝှေ့ယမ်း၍အချက်ပြသည်။ မကြာမီ ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက သူမ၏လှုပ်ရှားမှုကို တွေ့မြင်သွားပြီး

သူမထံပြေးလာကြတော့သည်။ မန်ဒါသည် ရှေ့ဆုံးက။ မိနစ် ၂၀ အတွင်း သူမရှေ့မှောက်သို့ သင်္ဘောသား များရောက်ရှိလာကြသည်။ သေကံ

မရောက်၊ သက်မပျောက်ပဲ အသက်နှင့်ခန္ဓာ မြဲနေသေးသောသူမကို တွေ့ရသည့်အတွက် ပျော်ရွှင် မြူးတူးစွာ အော်ဟစ်ဆူညံနေကြသည်။

ပုံမှန်အားဖြင့် အေးဆေးတည်ငြိမ်သော၊ စိတ်ခံစားမှုနည်းသော ကပ္ပတိန်မန်ဒါသည် ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလျှက် တုန်တုန်ရီရီ

ဖြစ်နေ၏။ ရိုဆန်နာကို သူ့ လက်မောင်းနှစ်ဖက်ကြားဆွဲသွင်း၍ တင်းနေအောင် ပွေ့ဖက်ထားရင်း-

"ဘုရားသခင် ကယ်မတာကွဲ့၊ ဒို့များအားလုံး မင်းသေပြီအောက်မေ့တာ မိန်းမရယ်။ မင်းအသက်ရှင်နေသေးတာကိုး" ဟု ဆို့ဆို့နင့်နင့်

မြည်တမ်းလျှက် ရှိသည်။

အသက် ၂၈နှစ်တွင် ဝေလငါးဖမ်းသင်္ဘော၏ ကပ္ပတိန်ဖြစ်ခဲ့သော ဗရက်ဖို့မန်ဒါသည် အခု ၃၆နှစ် ရှိပြီ။ သူ၏ ဆယ်ကြိမ်မြောက် ပင်လယ်

ခရီးတွင် ယခုကဲ့သို့ မရှုနိုင်မကယ်နိုင် အဖြစ်မျိုးကြုံတွေ့ရခြင်း ဖြစ်သည်။ အရပ်ခြောက်ပေ၊ ကိုယ်အလေးချိန် ၂၂၅ပေါင်ရှိသော ထွားကြိုင်း

သန်မာသည့် နယူးအင်္ဂလန်သားကြီးသည် မုတ်ဆိတ်မွေးထူလပြစ်၊ မဲနက်သောဆံပင်ဘုတ်သိုက်နှင့် ပြာလဲ့သောမျက်လုံးများကို ပိုင်ဆိုင်ပြီး

ရုတ်တရက်ကြည့်လျှင် တောသားလူကြမ်းကြီးသဖွယ် ထင်ရသော်လည်း အလွန်လိမ္မာပါးနပ်သည့် ဝေလငါးဖမ်းသမား၊ ပင်လယ်ပျော်ကြီးတစ်ဦး

ဖြစ်၏။ သင်္ဘောသားများနှင့် အလွန်ဆက်ဆံရေးပြေပြစ်သဖြင့် သူနှင့်သာဆိုလျှင် ဓါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်ဝံ့ကြသည်။ ပါလိုဗါဒီ ၏

ပိုင်ရှင်လည်းဖြစ်၊ ကပ္ပတိန်လည်းဖြစ်သည့် မန်ဒါသည် အလွန်လျင်သည့် စီးပွားရေးသမားတစ်ဦးလည်း ဖြစ်သည်။

"မောင်ပေးတဲ့ အက်စကီးမိုးအင်္ကျီ သာမကယ်ရင် ကျွန်မသေတာ အတော်တောင်ကြာနေလောက်ပြီ " အကြောက်မပြေ သေးသော

လေသံဖြင့် ရှီဆန်နာခပ်နွဲ့နွဲ့ ပြောလိုက်သည်။

"မစ္စစ်မန်ဒါကို သင်္ဘောပေါ်ပြန်ခေါ်သွားပြီး စွပ်ပြုပ်ပူပူလေးတိုက်ကြစို့လား " ကပ္ပတိန်မန်ဒါကသူတို့ ဇနီးမောင်နှံတွေ့ဆုံခန်းကို

နှစ်ထောင်းအားရဖြစ်စွာ မုဒိတာဝိုင်းပွားနေကြသော သင်္ဘောသားခြောက်ယောက်ဖက် လှည့်ပြောလိုက်၏။

"ခဏလေး နေကြပါဦး၊ ဟောဟိုမှာ ကျွန်မ သင်္ဘောတစ်စီးတွေ့ထားလို့ " လင်တော်မောင်လက်ကိုဆွဲ၍ သူမလက်ညှိုးညွှန်ပြရာသို့

လူတိုင်း လိုက်ကြည့်မိကြသည်။

"အင်္ဂလိပ်သင်္ဘောပဲ။ ဘော်စတွန်ကအဖိုးအိမ်မှာ ဒီသင်္ဘောပုံစံကို ပန်းချီကားထဲမှာတွေ့ဖူးတယ်၊ ကြည့်ရတာတော့သုံးမရအောင်

ပျက်စီးနေပြီနဲ့တူတယ် "

"မင်းပြောတာ ဟုတ်လောက်တယ်ထင်တယ်၊ သင်္ဘောအနားလိုင်းတွေ ကြည့်ရသလောက်တော့ ၁၇၇၀ခုနှစ်လောက်က သုံးတဲ့

ကုန်တင်သင်္ဘောပုံမျိုးပဲ " ကပ္ပတိန်မန်ဒါသည် ရေခဲတုံးကြီးကို ခေါင်းတိုးဝင်၍ သူ့သချိုင်းလုပ်ထားသည့် ကြက်သီးထဖွယ်ဖွေးဖွေးဖြူနေသော

သင်္ဘောပျက်ကြီးကို ငေးကြည့်ရင်းပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့သွားကြည့် သင့်တယ်ကပ္ပတိန်၊ နွေဦးပေါက်တဲ့ အထိအသက်ရှင်ဖ်ို့အို့ သုံးဝင်တဲ့ ပစ္စည်းလေးများ ရလို

ရငြားပေ့ါ " သင်္ဘော ပထမအရာရှိနေသန်ဘိဂ်ျလိုး ကသူ့ဆရာကို တိုက်တွန်းနေ၏။

"အထဲက ပစ္စည်းတွေ သက်တမ်းက အနည်းဆုံး အနှစ် ရှစ်ဆယ် လောက် ရှိပြီ ဆိုတာလည်း သတိထား ကြဦးနော်" ဆိုသည့်

ကပ္ပတိန် မန်ဒါ၏ စကားကို-

"မပျက်စီးအောင် ရေခဲရိုက်ထား ပြီးသားလေ မောင် " ဟု ရှိဆန်နာ က အပြုံးကလေး ဖြင့် တုန့်ပြန်၏။

"မင်း သိပ်ပင်ပန်း နေပြီ မိန်းမရယ်။ သင်္ဘောပေါ် ပြန်ပြီး အေးအေး ဆေးဆေး အနား ယူပါ့လား၊ တို့ သွားကြည့် လိုက်မယ် လေ "

"ဟင့်အင်း- ကျွန်မ မျက်စိနဲ့ ကြည့်ကို ကြည့်ရမှ ဖြစ်မယ်၊ ပြောနေ ကြာတယ်၊ ခုသွားကြစို့ " ကပ္ပတိန် ဘာမှ ထပ်မပြော နိုင်သေးခင်

ရှိဆန်နာ က ကော့ပတ် ကော့ပတ်ဖြင့် သင်္ဘော ပျက်ဆီသို့ လျှောက်သွား တော့သည်။

"စပ်စုတဲ့ မိန်းမတွေနဲ့ ပြိုင်ငြင်းလို့အပိုပဲကွ၊ ကိုယ့်လူတို့ သွားကြစို့ " နောက်ဆုံးတော့ မန်ဒနင့်သူ့လူများ ရှိဆန်နာနောက်မှ လိုက်ရ

လေသည်။

"ဟား- တစ္ဆေသင်္ဘောကြီးပဲ၊ ရေခဲထဲနစ်နေတာ နမြောစရာကောင်းလိုက်တာနော်၊ ကျွန်တော်တို့ဒါကြီးကို ရွက်လွှင့်နိုင်ရင် သူ့ကုမ္ပဏီက

နစ်နာကြေးနဲ့ ရာဖွေစရိတ်တွေ တောင်းလို့ ရတယ်နော် " သင်္ဘောပျက်ကိုကြည့်ရင်း လောဘတွေတက်နေသည့် ပထမအရာရှိ နေသန်ဘိဂျ်လိုး

ကိုကြည့်ရင်း ကပ္ပတိန်မန်ဒါက-

" ဒီလောက်အိုနေတဲ့ သင်္ဘောအတွက်ဘယ်ကုမ္ပဏီက အကုန်အကျခံမလဲကွ၊ သူ့ ရွက်လွှင့်ဖို့နေနေသာသာ၊ ကိုယ့် သင်္ဘောကိုယ်ပဲ

နေရာရွှေ့အောင်လုပ်ပါဦး "

ရှိဆန်နာ စိတ်မရှည်နိုင်တော့။ "ရှင်တို့ အဲဒီအပြင်မှာရပ်ပြီး ပါးစပ်ကအဒီးပေါက်လို့မပြီးနိုင်ကြသေးဘူးလား၊ တော်ကြာ ခဲသေကုန်ကြ

ဦးမယ်၊ နောက်တစ်ကြိမ် မုန်တိုင်းမလာခင်လုပ်စရာ ရှိတာလုပ်ကြပါဆို၊ လေပန်းနေကြတယ်၊ လာ- မြန်မြန် " ကပ္ပတိန်နှင့်တကွ နှုတ်ကြမ်း၊

လျှာကြမ်း သင်္ဘောသားကြီးခြောက်ယောက် ပါးစပ်ပိတ်သွားသည်။ ပြီးတော့ ချိုသာယဉ်ကျေးလှစွာသော ကပ္ပတိန်ကတော် လေက်မလေးနောက်မှ

ဖဝါးခြေထပ်၊ ထပ်ချပ်မကွာ လိုက်ပါသွားကြတော့သည်။

အထပ်ထပ်ဖုံးအုပ်နေသော ရေခဲများကိုအမြန်ဆုံးဖယ်ရှား၍ သင်္ဘောပေါ်သို့ ကုတ်ကပ်တွယ်တက်ကြသည်။ အပေါ် ရောက်တော့သင်္ဘော

တစ်စီးလုံး ရေခဲထုပါးပါးကလေးဖြင့် ဖုံးအုပ်နေသည်ကို တွေ့ကြသည်။ကပ္ပတိန်မန်ဒါ က ပျက်စီးခြင်းငါးပါးဆိုက်နေသော ရှေးခေတ်သင်္ဘောကြီး

ကိုငေးငေးရီရီ ကြည့်ရင်း စိတ်မကောင်း ဖြစ်နေ ရှာသည်။

" ကျူပ် တစ်သက်နဲ့ တစ်ကိုယ်အဖိုးတို့လက်ထက်က ဆောက်ခဲ့တဲ့ အရှေ့အိန္ဒိယအင်္ဂလိပ်ကုန်တင်သင်္ဘောရဲ့ကုန်းပါတ်ပေါ်

ခြေချရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ ဖူးဘူး ”သင်္ဘောသား တစ်ယောက်က ပြောလိုက်၏။ သူတို့ အားလုံးလည်း စိတ်လှုပ်ရှားနေကြသည်။

ကပ္ပတိန်မန်ဒါက ဟိုဟိုဒီဒီလျှောက်ကြည့်ရင်း ဖြည်းညှင်းစွာဖြင့်-

" အင်း ကျုပ်အထင် တန်ကိုးရာ သင်္ဘောပဲ၊ ပေ ၁၅၀ လောက် ရှည်မယ်။ ပေ ၄၀ လောက် ကျယ်မယ်၊ အတော် ကောင်းတဲ့ သင်္ဘောပဲ ”

နာမည်ကျော် သိမ်းမြစ်သင်္ဘောကျင်းတွင်တည်ဆောက်ပြီး အဓိကအားဖြင့်ကုန်သွယ်ရေးတွင်သုံးသော ကုန်တင် သင်္ဘောဖြစ်သော်လည်း

ပင်လယ်ဓမြရန်များလုသည့်အတွက် အင်္ဂလိပ်ကုန်တင် သင်္ဘောတိုင်းမပါမဖြစ်သည့် ၁၈ ပေါင်အမြောက် နှစ်ဆယ့်ရှစ်လက် တပ်ဆင်ထားသည်။

ကုန်တင်မကခရီးသည်လည်း တင်ဆောင်သည့်အတွက်ခရီးသည် ကေဗင်ခန်းများလည်း ပါရှိသည်။ အမြောက်များအားလုံး နေရာတကျတပ်ဆင်

ထားပြီး၊ အသက်ကယ်လှေများကလည်း နေရာမယွင်းရှိနေသည်။ လူမှတပါး အားလုံး နေရာတကျရှိနေသော သင်္ဘော။ ကုန်းပါတ် ပေါ်ရပ်နေသော

ပါလိုဗာဒီ မှ သင်္ဘောသား အားလုံး သရိုးသရီ ဖြစ်စပြုလာသည်။ ရှေးခေတ်အင်္ဂလိပ် သင်္ဘောသား ဝတ်စုံများ နှင့် တစ္ဆေ သင်္ဘောသားများ

သူတို့ကိုခရီးဦးကြို ပြုရန် လာနေ ကြပြီလား။ ရှိဆန်နာမှ တပါး ကျန်သူများ အားလုံးသည်အယူသီးသော သင်္ဘောသားများ ဖြစ်သောကြောင့်

အကြောက်တရား သည် ကျောရိုးမှ တဆင့်စိမ့်တက် လာကြသည်။ ရှိဆန်နာ ကတော့ စပ်စု ချင်စိတ်၊ သိချင်စိတ် များကြောင့်ကြောက်ရ လန့်ရမှန်း

ပင် မသိချေ။

" ရေခဲပြင်ထဲ မနစ်ခင် လူအားလုံး သင်္ဘောကို စွန့်သွားကြတယ် ထင်တယ် ”

" ဒါဖြင့် အသက်ကယ်လှေတွေက ဘာဖြစ်လို့ နေရာမယွင်း ရှိနေရတာလဲ ”

" အထဲမှာ ဘာတွေတွေ့ရမလဲ မသိဘူးနော် ”

" ကဲကဲ- ကိုယ်တော်တို့ အထဲ ဝင်ကြ ရအောင် " ကြောက်စိတ်ကြောင့် မျက်နှာငယ်လေးတွေ ကိုယ်စီ ဖြင့်စကား ဖောင်ဖွဲ့ နေသူ များကို

မစပ်စု ရှိဆန်နာက လောဆော် နေ၏။

" နေဦး၊ မင်းက ဒီမှာပဲ နေခဲ့တာ ပိုကောင်းလိမ့်မယ် အချစ်ရယ် "

" သရဲတွေ လမ်းလျှောက် ထွက်မယ့် ဒီ ကုန်းပါတ်ပေါ်မှာ ကျွန်မက ဘာပြုလို့ တစ်ယောက်ထဲ နေခဲ့ရ မှာလဲ၊ လိုက်မှာပဲ " ရှိဆန်နာက

သူ့ယောကျာ်းကို လှမ်းစ နေသေးသည်။

" အမလေး- ဆရာကတော်၊ သရဲတွေ ရှိခဲ့ရင်တောင် ခုလောက်ရှိ ခဲသေနေရောပေ့ါ " ဘိဂ့်ျလိုး ကလည်း ဝင်နောက်၏။

" ကဲ အခုဒို့ အဖွဲ့နှစ်ဖွဲ့ခွဲကြမယ်။ မစ္စတာ ဘိဂ့်ျလိုးနဲ့ သုံးယောက် လိုက်သွား၊ သင်္ဘောသား အခန်းတွေနဲ့ကုန်တင်ခန်း ကိုစစ်၊ ကျန်တဲ့

လူတွေ ကျုပ်နောက် လိုက်ခဲ့ ခရီးသည်ခန်းတွေနဲ့ အရာရှိခန်း တွေကို စစ်ကြမယ် " ကပ္ပတိန် ကသူ့လူ တွေကို အမိန့်ပေး၏။ ကေဗင်ခန်းများ ထဲသို့

ဝင်သော တံခါးက ရေခဲတွေ တောင်လို ပုံပြီးပိတ်ဆို့ နေသဖြင့် အတန် ကြာအောင် ထုခွဲ ရိုက်နက်ပြီး ဖွင့်ကြ ရသည်။ တံခါးပွင့်သွားပြီ။ အတွင်းသို့

ဆင်းသော လှေကားကို မြင်နေ ကြရပြီ။ ခုတော့ လည်းရှိဆန်နာက လင်တော် မောင်၏ ခါးပါတ်ကို တင်းနေအောင် ဆွဲ၍ နောက်ကွယ်မှာ

နေရာယူထား သည်။ စိတ်လှုပ်ရှားမှု၊ စူးစမ်းလိုမှု တို့ကြောင့် ဖြူဖွေးသော သူမမျက်နှာမှာ နှင်းဆီသွေး ပြေးနေ ၏။ ထို့နောက် တွင်တော့..

ဒီလို မြင်ကွင်း မျိုးနှင့် သင်္ဘောကကြုံဆို လိမ့်မည်ဟု သူမ မျှော်လင့် မထားခဲ့ မိရိုး အမှန်ပါ။ ကပ္ပတိန်အခန်းတံခါး ရှေ့ ကော်ဇော ပေါ်တွင်

ကွေးကွေးလေး ရှိနေသော အဆမတန်ကြီးမားသည့် ဂျာမာန် သိုးထိန်းခွေးကြီး တစ်ကောင် နှင့် ပက်ပင်းတိုးတော့သည်။ ရုတ်တရက်တော့

ခွေးကြီးမှာ အိပ်ပျော် နေသလား အောက်မေ့ ရသည်။လူသံ ကြားသဖြင့် နိုးသွားပြီး ထပ်ပ မည်ကိုပင် စိုးရိမ် မိသေးသည်။ မန်ဒါကဖိနပ်ဦးဖြင့်

အသာ ထိုးကြည့်သည်။ တစ်ကောင်လုံး ခဲ၍ ရေခဲတုံး သဖွယ်တောင့်တင်း နေသည်ကို တွေ့ရသည်။

" မာခဲ နေလိုက်တာမှ ကျောက်တုံးအတိုင်းပဲဟေ့ "

" သနားပါတယ်၊ မောင်ရယ် " ခုနကတော့ ကြောက်နေပြီး ခုတော့ ခွေးရေခဲတုံးကလေး ကို ရှိဆန်နာ သနား နေမိပြန် သည်။

" ရှာမနေ ပါနဲ့တော့ ကပ္ပတိန်၊ ဘာမှရှိမယ် မထင်ပါဘူး၊ လူတွေ အားလုံး သင်္ဘောကို ပစ်ပြီး ကမ်းရိုးတန်းတစ်လျှောက် မြောက်ဖက်ကို

သွားကြမှာပေါ့ " အကြောက်ကြီးသော သင်္ဘောသား တစ်ယောက်က နောက်ထပ် တွေ့ရှ မည့် မြင်ကွင်း များကို ရင်မဆိုင် ရဲသဖြင့် ကပ္ပတိန်

မန်ဒါကို စည်းရုံး နေ၏။

" မဟုတ် သေးဘူး၊ လူတွေ အားလုံး အသက် ရှင်နိုင်ပြီး သင်္ဘော တစ်စီးလုံးမှာ ခွေးတစ်ကောင်ပဲ သေကျန်ရစ်တယ် ဆိုတာ ဘယ်လိုမှ

မဖြစ်နိုင်ဘူး " ရှိဆန်နာ က ခေါင်းကို ယမ်း၍ ကန့်ကွက်သည်။ ရှေ့မှာ သင်္ဘော ကပ္ပတိန် အခန်း၊ တံခါး ဆွဲဖွင့် လိုက်သည် နှင့် ဘာတွေများ

ဆက်တွေ့ ရဦးမလဲ။

တံခါးဖွင့်ကြသည်။ တွေ့ကြသည်။

ဆယ့်ရှစ် ရာစု ဖက်ရှင် အထက်တန်း ကျသည့်အဝတ်အစားများ ဝတ်စား ထားသည့် အမျိုးသမီး တစ်ဦး လှုပ်ကုလား ထိုင်ကြီးတစ်လုံး

ပေါ်တွင် ထိုင်နေသည်။ မဲနက်သော မျက်လုံး အစုံက ပွင့်လျှက်၊မျက်နှာက ပြုံတော့မည့် မိုးလို ညှိုမှိုင်း လျှက်၊ အကြီးအကျယ် ပူဆွေး

သောကရောက်ခဲ့ ပုံမှာ သိသာ လွန်းလှသည်။ သူမ ငေးကြည့် နေသည်က ပုခက်ထဲမှ ကလေး သေကလေး။ သမ္မာကျမ်းစာအုပ်က ပေါင်ပေါ်တွင်

ဖွင့်လျှက်သား။

ထိုမြင်ကွင်းက ရှီဆန်နာ နှင့် သင်္ဘောသား များကို အကြောအခြင်တွေ ဆိုင်းပြီးထုံကျင် ဆွံ့အ သွားစေသည်။ ရှီဆန်နာ မှာ စပ်စုချင်စိတ်

တခါတည်းပျောက်သွားသည်။ ငိုချင် သလိုလို၊ အော်ဟစ် ပစ်လိုက် ချင်သလိုလို ဖြစ်လာသည်။ အခန်းထဲမှာ သူတို့ အသက်ရှူသံ ပြင်းပြင်းမှ တပါး

တိတ်ဆိတ်လျှက်။

မန်ဒါ က သက်ပြင်း ချ၍ တွဲရက် အခန်းတွင်းသို့ ဝင်သွားသည်။ ဤသင်္ဘော၏ အရှင်သခင် ကပ္ပတိန်ကို စာရေးစားပွဲ

တွင်မှောက်ရက်သား တွေ့ရသည်။ တစ်ဖက်ခန်းမှ အမျိုးသမီးမှာ ကပ္ပတိန်၏ ဇနီးဖြစ်ရမည်ဟု မန်ဒါ ခန့်မှန်း လိုက်သည်။ ကပ္ပတိန် သည်

အနီရောင် ဆံပင်ရှည်များနှင့်၊ မျက်နှာမှာ သလင်းကျောက် အလား ဖြူဆုပ် နေ၏။ လက်ထဲတွင်ကလောင် တံကို ကိုင်လျှက်သား။ စာရွက်

တစ်ရွက် ကလည်း စားပွဲ ပေါ်တွင်ဖြန့်လျှက်သား။ ဖတ်၍ ရသေးသည်။

ဩဂုတ် ၂၆၊ ၁၇၇၉

တောင်ဖက်သို့ ရွက်လွှင့် နေသော ကျွန်ုပ်တို့ သင်္ဘော မုန်တိုင်းမိပြီး ဤကျိန်စာ သင့်နေသော အရပ်သို့ ရောက်ရှိ ပိတ်မိ နေခဲ့ သည်မှာ

ငါးလ တင်းတင်းပြည့်ခဲ့ပြီ။ စားစရာ ရိက္ခာလည်း မရှိတော့။ အစာ မစားရ သည်မှာ ဆယ်ရက် ရှိပြီ။ သင်္ဘောသား များနှင့် ခရီးသည် အများစုလည်း

သေဆုံး ကုန်ကြပြီ။ မနေ့က သမီးလေးသေဆုံးသည်။ လွန်ခဲ့သည့် တစ်နာရီ ခန့်က ကျွန်ုပ်၏ အမျိုးသမီးလည်း ကလေးနောက်သို့ လိုက်သွား ခဲ့ပြီ။

ဤမှတ်တမ်းကို ဖတ်မိသူ မည်သူ မဆို လီဗာပူးမြို့ရှိ စကိုင်လာ ထရိတ်ဒင်း ကုမ္ပဏီသို့ ကျွန်ုပ်တို့၏ ကြမ္မာဆိုးကိုကျေးဇူးပြု၍ အကြောင်းကြား

ပေးကြပါ။ အားလုံး အဆုံး သတ်ခဲ့ ပါပြီ။ချစ်လှစွာသော ဇနီးနှင့် သမီး နောက်သို့ လိုက်သွား ပါတော့မည်............

လေးဟန့်

မဒရပ် သဘော်္ဘမာစတာ

သွားပါများ ငရဲရောက်

မတ်လ ၂၂ ရက်၊ ၂၀၀၁ ခုနှစ်ပန်ဒိုရာ၊ ကိုလိုရာဒို

(၁)

ပင်လယ်ရေ မျက်နှာပြင်အထက် ပေကိုးထောင်မြင့်သော ဒေသတွင် အရှက်တက်စကောင်းကင်ပြင်မှ မှေးမှိန်ဖျော့တော့စကြယ်များကို

ကြည့်ရသည်မှာ ပြဇာတ်ရုံမှ ဘော်ကြယ်တွေထိုးထားသော အမဲရောင်ကတ္တီပါ ပိတ်ကားကြီး အလား။ လူးဝစ် မာကွီးတစ်ယောက် သူ၏ သစ်သား

အိမ်ကလေးမှ ထွက်လာစဉ် လိမ္မော်ရောင် သန်းနေ သော လမင်းကြီးကို တစ်ချက် ကြည့်လိုက် သည်။ ထို့နောက် တွင်တော့ သူ၏ ၁၉၇၃ ခုနှစ်

ထုတ်ချီဗီ ချီယာနီ လေးဘီး ယက် ပစ်ကပ် ကားကြီး ဆီသို့ လျှောက်လှမ်း လာခဲ့သည်။

မိန်းမ နှင့် သမီးလေး နှစ်ယောက် နိုးမည်စိုး၍ အိပ်ယာ ထဲမှအသာလျှောဆင်းကာ အလုပ်သွားဖို့ အဝတ်အစားများလဲပြီးအိမ်ထဲမှ အသံ

မကြားအောင် ထွက်လာ ခဲ့သည်။ ပုံမှန် အားဖြင့် ချစ်ဇနီး လီဆာသည် သူ့အတွက် မနက်စာ ပြင်ပေး၊ နေ့လည်စာ အတွက် ထမင်းဗူး ထည့်ပေး

လုပ်လေ့ရှိသော်လည်း မနက် လေးနာရီ ဆိုသည်မှာ အိပ်ယာ ထဖို့ စောလွန်း အားကြီး လှသည်မဟုတ်လား။

မာကွီး နှင့် လီဆာ တို့က ဘဝကိုရိုးသားစွာ၊ အပူအပင် ကင်းစွာ ဖြတ်သန်း လိုသူများ ဖြစ်၏။ ယခု သူတို့ နေသောအိမ်မှာ ၁၈၈၂ ခုနှစ်

ထဲက တည်ဆောက် ထားခဲ့သော အိမ်အို အိမ်ဟောင်း ကြီးကိုသူ့လက်ဖြင့် တစစီ စိတ်ရှည် လက်ရှည် ပြင်ဆင် ခဲ့ခြင်း ဖြစ်သည်။

ကလေးနှစ်ယောက် ကိုလည်း နီးနီး နားနား တယ်လူရိုက်ဒ် မြို့လေး တွင်သာကျောင်းတက် စေ၏။ စိတ်မော လူမော ဖြစ်စေသည့် မြို့ပြ လူနေမှု

ဘဝကို သူတို့နည်းနည်းမှ စိတ်မဝင်စား ကြချေ။ တစ်လ တစ်ခါ ၇၃ မိုင်ဝေးသော မန်ထရို့စ်မြို့လေးသို့ ဈေးဝယ် ထွက်ကြသည်။ ဒီလောက်

ဆိုလျှင် ပြည့်စုံ လုံလောက်ပေပြီ။

လရောင် အောက်တွင် သချိုင်း တွင်းမှအုတ်ဂူများသဖွယ် အေးဆေး ငြိမ်သက်စွာတည်ရှိနေသော သူတို့မြို့လေးမှအဆောက်အဦး

လေးများကို တောင်စောင်းပေါ်မှ ကော်ဖီသောက်ရင်း မာကွီးကငေးကြည့်နေမိသည်။ ဒီ ပီစီကွေးမြို့ငယ်လေးကို ၁၈၇၄ ခုနှစ်က

ဆန်မီဂယ်တောင်ကြားတွင် ရွှေထွက်သည်ဟု သတင်းကြားပြီး အလုံးအရင်းရောက်လာ ကြသောရွှေတူးသမား အချို့စတင်တည်ထောင်ခဲ့သည်။

မော်သေတ္တာထဲ မျှော်လင့်ချက်များထည့်ထားသည့် ဂရိဒဏ္ဍာရီလာ မိန်းမချောလေးအဖြစ် တင်စား၍ ပန်ဒိုရာမြို့ဟုနာမည် လှလှပေးခဲ့ကြသည်။

သို့သော်လည်း ပန်ဒိုရာ သည် မျှော်လင့် သလိုစည်ကား မလာခဲ့။ သွားလမ်းလာလမ်း ပိုသင့်၍ အချက်အခြာ ပိုကျ၊ အကွက် အကွင်းပိုကောင်းသည့်

ပန်ဒိုရာနှင့် နှစ်မိုင်ခန့် ဝေးသော နေရာတွင်တယ်လူရိုက်ဒ်မြို့ကလေး ထပ်မံတည်ထောင်ခဲ့ကြပြီး နောက်ပေါ်သည့် မြို့ကမောင်ဦး ဖြစ်တော့သည်။

သတ္တု တွင်းများ၊ ဘဏ်လုပ်ငန်း အများစု တယ်လူရိုက်ဒ်မှာ အလုပ် လုပ်သည်။ ပန်ဒိုရာ ကတော့ နိဗ္ဗာန်ဘုံ ဟု အမည် ပေးထား သောမိုင်းတွင်း

တစ်ခု အခြေ စိုက်သည့် ကုမ္ပဏီ မြို့လေး ဖြစ်လာသည်။ လူဦး ရေကနစ်ရာ သာသာလေး။ စိမ်းစိုသော ကိုယ်ပိုင် မြက်ခင်း ပြင်လေးများ၊

အဖြူရောင်ခြံစည်းရိုး လေးများ နှင့် လှပစွာ ဆေးသုတ် ထားသော အိမ်ကလေးများ နှင့်စာတိုက် တစ်ခုသာ ရှိသော ပိစိကွေး မြို့ကလေး

ပန်ဒိုရာသည် သေတ္တာ တစ်ခု ထဲမှကလေး ကစားစရာ မြို့ကလေး သဖွယ် အဝင်လမ်း အထွက်လမ်း တစ်ခု တည်းသာ ရှိသောတစ်ဖက်ပိတ်

မြို့ကလေး ဖြစ်၏။ သို့သော် အထီး မကျန်ပါ။ တယ်လူရိုက်ဒ် မြို့နှင့် ကားလမ်း ရှိသလို ရီယို ဂရန်း ဆောက်သန်း မီးရထား ကုမ္ပဏီ

ကလည်းဒန်ဗာမြို့သို့ သွားသည့် မီးရထား အတွက် ပန်ဒိုရာတွင် လမ်းခွဲ ကလေးတည်ဆောက် ထားပြီး ခရီးသည် တင်လေ့ ရှိသည်။

နာမည် ကသာ နိဗ္ဗာန်ဘုံ၊ မိုင်းတွင်း သည်ကျိန်စာ သင့်နေသည့် အလား အလွန် အထိအခိုက် များလှသည်။ ငရဲဘုံ ဆိုသည့်နာမည်က

ပို၍ သင့်တော် လိမ့်မည်။ ထို မိုင်းတွင်းမှ လွန်ခဲ့သည့် နှစ်ပေါင်းလေးဆယ် အတွင်း ဒေါ်လာ သန်း ငါးဆယ် ဖိုးမျှသော ရွှေများ ရရှိ

ခဲ့သော်လည်းမတော်တဆ မှုများ ကြောင့် သေဆုံး ရမှုများ အတွက် လျော်ကြေး ပေးရသည် နှင့်ယှဉ်ထိုး ကြည့်လျှင် အလျော် အစား ကြီးလှ သည့်

လုပ်ငန်း ဖြစ်ကြောင်းတွေ့ရှိ ရပေမည်။ စုစုပေါင်း အလုပ်သမား ၂၈ ဦး ဤ သတ္တုတွင်း ထဲတွင် အသက်ဆုံးရှုံး ခဲ့ရသည်။ လူပေါင်း တစ်ရာ နီးပါးမှာ

တွင်းပြိုမှု နှင့် အခြားမတော်တဆ မှုများ ကြောင့် လူစဉ် မမီအောင် ကျိုးပဲ့ ခဲ့ကြ ရသည်။

ရှေ့မှီနောက်မှီများကတော့ သေဆုံးသွားသော သတ္တုတွင်းအလုပ်သမားများအနက် တစ်ဦးမှာ နာနာဘာဝပိညာဉ် အဖြစ်တွင်းကို

စောင့်ရှောက် နေသည်ဟု ယုံကြည် ကြ၏။ အချို့ညများ တွင် ၎င်း၏အော်ငြီးသံကြီးကို ဆယ်မိုင်အကွာမှ ကြားရတတ်ပြီး အမြင့်ပေ ၁၃၀၀၀

ကျော်မြင့်သည့် တောင်တန်း များမှ တဆင့်မိုးယံသို့ဆီ လွင့်ပျံနေတတ်သည်ဟုလည်း ပြောကြသေးသည်။

၁၉၃၁ ခုနှစ်တွင် နိဗ္ဗာန်ဘုံသတ္တုတွင်းမှ တူး၍ရနိုင်သမျှ ရွှေတိုရွှေစ တစ်မှုန်မကျန်အောင် အကုန်အစင်ထုတ်ယူပြီးဖြစ်၍ အသုံးမဝင်

တော့သော တွင်းဟောင်းကြီးကို ပိတ်ပစ်လိုက်ကြသည်။ ၆၅နှစ် လုံးလုံး ၎င်းသည် အတိတ်၏ အမှတ်တရ ပြယုဂ်တစ်ခုအဖြစ်သာ ရှိခဲ့ရာမှ ၁၉၉၆

ခုနှစ်တွင် တွင်းထဲမှတစ္ဆေ၏ ဖိနပ်သံများနှင့်လှုပ်ရှားသံများကို ပြန်လည်ပေါ်ထွက်လာသည်။

စင်စစ် ထိုတစ္ဆေမှာ အခုတောင်စောင်းတွင်ရပ်နေသည့် လူးဝစ်မာကွီးပင်ဖြစ်၏။ နိဗ္ဗာန်ဘုံမိုင်းဟောင်းကြီးကို ၁၉၉၆ခုနှစ် က သူဝယ်ယူ

ခဲ့စဉ်က ဤဒေသမှ လူများသည်သူ့ကိုစိတ်မနှံ့သည့် အရူးဟု ထင်ခဲ့ကြသည်။ ရွှေတစ်ရွေးသားပင် မကျန်တော့သည့် ရွှေတွင်း

ဟောင်းကိုငွေအများကြီးပေးဝယ်သူမှာ အရူးသာဖြစ်ရလိမ့်မည်။ ခုချိန် ထိလည်းတယ်လူရိုက်ဒ်မှ ဘဏ်သူဌေးတစ်ဦးမှလွဲ၍ မာကွီးမှာ ထို

တွင်းဟောင်းကြီးမှ ဒေါ်လာ နစ်သန်းကျော် အကျိုးအမြတ်ရရှိပြီး ဖြစ်သည်ကို မည်သူမှမသိခဲ့ ကြချေ။

ရွှေကို မာကွီးလုံးဝ စိတ်မဝင်စား ပါ။ သူစိတ်ဝင်စားသည်က ကျောက်မျက်ရတနာ ဖြစ်၏။ လွန်ခဲ့သော ဆယ်နှစ်လုံးလုံးမွှန်တာနာ၊ နီဗားဒါး

နှင့် ကိုလိုရာဒိုရှိ ရွှေတွင်း၊ ငွေတွင်း ဟောင်းများကို အလကား နီးနီးဈေးဖြင့် ဝယ်ယူ၍ ခရစ်စတယ် ကျောက်များကို လိုက်လံရှာဖွေသည့် အလုပ်ကို

တစိုက် မတ်မတ်လုပ်ခဲ့သည်။ နီဗွာန်ဘုံ မိုင်းတွင်းဟောင်း၏ တစ်ခုသော လိုဏ်ခေါင်း အတွင်းတွင် မည်သည့်သတ္တုတွင်းတူးသမားကမှအဖိုး

ထိုက်တန်ကြောင်း မသိရှိ ခဲ့သည့် နှင်းဆီသွေးရောင် ခရစ်စတယ်ကျောက်ကြောကြီး ကို သူတွေ့ရှိ ထားသည်။

ကြည့်လိုက်သည်နှင့် ထိုကျောက်မှာ ရိုဒိုခရိုဆိုက်ခရစ်စတယ်မှန်း မာကွီး၏ ကျွမ်းကျင်သောမျက်လုံးများက ချက်ခြင်းတန်းသိ လေသည်။

စာရွက်တင်သည့် ဖန်တုံးလောက်မှ တန်ဖိုးမရှိဟုထင်ရသော ပန်းဆီရောင်ထိုကျောက်တုံးများအား ကျောက်သွေးပညာဖြင့် ပြုပြင်ထားသော

ဆယ့်ရှစ်ကာရက်အရွယ် ရတနာများသည် အလွန့်အလွန်ဈေးကြီးသော ပစ္စည်းများဖြစ်လာလိမ့်မည်မှန်း ဤဒေသတွင် တစ်သက်လုံးနေထိုင်ခဲ့ကြ

သူများ အိပ်မက်ပင်မမက်ဖူးခဲ့ကြချေ။ တကယ်တော့ အခုရရှိထားသမျှငွေကြေး ပမာဏ သည်ပင် သူနှင့်သူ့မိသားစု တစ်သက် စား မကုန်အောင်

ဖူလုံ ပေပြီ။ သို့သော်လည်းကျောက်ကြောကြီး ရှိနေ သမျှတော့ ဆက်လက် တူးဖော် နေရ ပေဦး တော့မည်။ခွင့်သာဆဲမှ မခဲချင်လျှင် တလွဲ နင့်ပြင်

ရှိသေး လိမ့်လား ဆိုသကိုး။

ကားကို ကျဉ်းမြောင်း ကြမ်းတမ်း လှသောတောင်ပေါ် လမ်း တစ်လျှောက် သတိ ကြီးစွာ ထား၍ ဖြည်းဖြည်းချင်း မောင်းလာ သည်။သတိ

တစ်ချက် လွတ်သည်နှင့် သူကြွယ်ကြီး မာကွီး ဘဝမှ မသာကြီး မာကွီး ဘဝသို့အချိန်မရွေး ပြောင်းသွား နိုင်သည်။ ဒီလို နှင့် နီဗွာန်ဘုံ

မိုင်းတွင်းပေါင်းကြီး ရှေ့သို့ ရောက်ရှိ လာသည်။ သံချေး အထပ်ထပ် တက်နေသော ကြီးမားထူထဲသော သံတံခါးကြီး ကို ပိတ်ထား သည့်

လက်ဖဝါး လောက်အရွယ် သော့ခလောက် ကြီးလေးခုကို တစ်ခုပြီး တစ်ခု ဖွင့်၏။ တံခါးကြီးကို လက်နှစ်ဖက်ဖြင့် အားစိုက်ဆွဲဖွင့်၏။ သတ္တု

သယ်သော ထရော်လီလေးများနှင့် အမှောင်ထုထဲသို့ ကွေ့ဝင်ပျောက်ကွယ်သွားသော သံလမ်းကျဉ်းကျဉ်းလေးများကို အတွင်းသို့

ဖြာကနဲကျလာသော လရိပ် အောက်ဝယ် မှုန်တိ မှုန်မွှား တွေ့နေ ရသည်။

မီးစက်နှိုးပြီး မိန်း ခလုတ်ဆွဲတင်လိုက်သည်။ မိုင်းတွင်းတစ်ခုလုံး မီးလုံးများ ကြောင့် ထိန်လင်းသွား၏။ မာကွီးသည် ထရော်လီတစ်ခုပေါ်

တက်လိုက်သည်။ ဆိုင်းကြိုးများကို ထိန်းပေးထားသော ရီမုကွန်ထရိုးမှ ခလုတ်တစ်ခုကို နှိပ်သည်။ ထရော်လီသည် သံလမ်းအတိုင်း

တစ်ဖြည်းဖြည်း အနိမ့်ပိုင်းဆီသို့ ဦးတည်လျှောဆင်းနေတော့၏။ မြေအောက်သို့သွားရာလမ်းသည် စိတ်ပျော့ညံ့သူများ နှင့် အမှောင်ကြောက်ရောဂါ

ရှိသူများနှင့် လားလားမျှမအပ်စပ်ပါ။ လိုဏ်ခေါင်းအတွင်း မြေပြိုကျခြင်းကို ကာကွယ်ရန် ငြမ်းထောက်များ ရှိ၏။ အချို့မှာ ခိုင်ခိုင်ခန့်ခန့် ရှိသေးသော်

လည်း အများစုမှာ အိုဆွေးနေပြီ။ မာကွီးသည် မြေအောက်အနက် ပေ ၁၂၀၀ထိ သံလမ်းအတိုင်း ထရော်လီဖြင့် လျှောဆင်းလာ၏။ ထိုနေရာတွင်

လိုဏ်ဂူအမိုးမှ ရေများ မပြတ်တမ်းစီးကျနေ၍ ရေတံခွန်လေးသဖွယ်ဖြစ်နေ၏။ ကျောပိုးအိတ်ထဲသို့ နေ့လည်စာဘူးကိုထည့်၍ ကျောတွင်

လွယ်ပြီးထရော်လီပေါ်မှဆင်း၍ ပိုက်လိုင်းကြီးတစ်ခုရှိရာသို့ လမ်းလျှောက်လာခဲ့သည်။ ထို ပိုက်လိုင်းကြီး သည် ပေ ၂၂၀၀ ထိနက်၏။ ထိုနေရာမှ

စ၍လိုဏ်ခေါင်းငယ်များသည် စက်ဘီးစပုတ်တံများနှယ် ပင်မလိုဏ်ခေါင်းကြီးမှဖြာထွက်လျှက်ရှိသည်။ ရေးမှတ်တမ်းများနှင့် မြေပုံများ

အရတော့သတ္တုတွင်းများမှ လိုဏ်ခေါင်းများသည် အချင်းချင်းဆက်စပ်လျှက်
ပန်ဒိုရာ၏မြေအောက်တွင် မိုင် ရာပေါင်းများစွာ ရှည်လျားသည့်

မြေအောက် လိုဏ်ဂူလမ်းများ ဖြစ်ပေါ်လျှက် ရှိသည် ဟု ဆို၏။

မာကွီးသည် ခဲတစ်လုံးကို ပစ်ချလိုက်သည်။ နှစ်စက္ကန့်မျှအချိန်အတွင်း ရေပွက်သံကု ကြားရသည်။
နိဗ္ဗာန်ဘုံမိုင်းတွင်းကို ပိတ်သိမ်း၍

ပင်မရေစုပ်စက်ကြီး အလုပ်မလုပ်တော့သည်နှင့်တပြိုင်နက် ပေ ၁၂၀၀ အထိ ရေတက်လာခဲ့သည်။
မာကွီး အလုပ်လုပ်သော ရိုဒိုခရိုဆိုက်ဒ်

သတ္တုကြောရှိရာ မြေအောက်ပေ ၁၂၀၀ နေရာ၏ အောက်ဖက် ၁၅ ပေခန့်အကွာတွင် ပေ ၁၀၀၀
ခန့်ထုထည်ရှိသည့် ရေပြင်ကြီး ဖြစ်သည်။

ပြုတ်ကျသွားခဲ့ပါက အဝီစိသို့ သွားရာလမ်း ဇကန်စင်စစ် ဖြစ်ပေလိမ့်မည်။ ရေသည်တဖြည်းဖြည်း
တက်လာသည်ကို မာကွီးသတိထားမိ၏။ ဤနှုန်း

အတိုင်းဆိုလျှင်ဖြင့် နောက်ရက်သတ္တပါတ် အနည်းငယ်အတွင်း ဤနေရာကိုရေလွှမ်းပေတော့မည်။
သူ့အတွက် အချိန်သိပ်မရတော့။

ထို့ကြောင့်လည်း အချိန်ကို လု၍ရနိုင်သမျှ သယ်ထုတ် တူးယူ နိုင်ရန် နေ့မအား ညမနား သူ ကြိုးစား
နေခြင်းဖြစ်သည်။

လိုဏ်ခေါင်း ထဲတွင် ရွှေတူးသမား တို့ချန်ရစ် ထားခဲ့သော သံချေး အထပ်ထပ် တက်နေသည့်
ထရော်လီ အစုတ် အပဲ့ များတောင်ပုံ ရာပုံ

ရှိနေသည်။ မိုင်းတွင်းကို ပိတ်ပစ်သော ၁၉၃၁ ခုနှစ် များဆီကပစ္စည်း ဟောင်း ဈေးကွက် မထွန်းကား
သေးသဖြင့် အသုံးမလို တော့သည့်

အခါခုကဲ့သို့ စွန့်ပစ် သွားခဲ့ ကြခြင်း ဖြစ်သည်။ လိုဏ်ခေါင်း အတွင်းသို့လမ်းလျှောက် ဝင်သွားသည်။
ခုနစ်ဆယ့် ငါးကိုက်ခန့် အရောက်

ကျောက်သားနံရံတွင် ဖြစ်ပေါ် နေသော ပတ်ကြားအက် အကွဲကြောင်းတစ်ခုကို တွေ့ရသည်။
ကိုယ်ကိုတွန့်လိမ်၍ ခဲခဲယဉ်းယဉ်းတိုးဝင် လိုက်သည်။

ထို ပတ်ကြားအက် ၏နောက် ပေ ၂၀ အကွာ တွင် မာကွီး ၏ ရတနာသိုက် ဖြစ်သော ရှိဒ္ဒိ ခရိုဆိုက်ဒ်ကျောက်နီ များကို တောင်ပုံ ရာပုံ တွေ့ရသည်။

မီးဖွင့် လိုက်သည်။ ထုံးစံအတိုင်း မီးလုံးကကျွမ်းနေပြီ။ ကျောပိုးအိတ်ထဲရှိ မီးလုံးအပိုများထဲမှတစ်လုံးတပ်လိုက်၏။ ပြီးတော့ ရှိဒ္ဒိခရိုဆိုက်ဒ် များ

နစ်မြုပ်နေသည့်ကျောက်သားကို စတင်၍ တူး၏။ ကျောက်သား ထဲမှ ရှိဒ္ဒိ ခရိုဆိုက်ဒ် များကချယ်ရီသီး နီနီများ သဖွယ်။

အတန် ကြာအောင် အလုပ်ထဲမှာ အာရုံစိုက်ထားရင်း ညောင်းညာလာသဖြင့် ခေါင်းမော့ခါးဆန့်၍ အညောင်း ဖြေလိုက်မိသည်။ အလို...

ဘုရားရေ။ သူ့အပေါ် တည့်တည့်မှာ ကျောက်စွန်းကြီး တစ်ခု အသည်းယားဖွယ်မိုးနေ သည်ကို တွေ့လိုက် ရ၏။ အရင် နေ့များက လောဘဇော

တိုက်နေ သဖြင့် သတိမထားမိ။ သူ အလုပ် လုပ်နေ တုန်းသာ ပြုတ်ကျ လိုက်လို့ ကတော့ မြေအောက် ပေ၁၂၀၀ အနက် မှာ လူမသိ သူမသိ

မြုပ်နှံ ပြီး ဖြစ်နေ မည့် သူ့ ကို နောက် နှစ်တစ်ရာ လောက် ကြာရင်တောင် ရှာတွေ့ ကြပါ့မလား မပြောတတ်။ ဒီ ကျောက်စွန်းကိုဖေါက်ခွဲ ပစ်မှ

ဖြစ်မည်။

မာကွီးသည် စက်တပ်လွန်သွား ဖြင့်ကျောက်စွန်းတစ်နေရာကို ဖောက်နေသည်။ ထို့နောက် ဒိုင်းနမိုက်အချို့ကိုနေသားတကျ ဖြစ်အောင်

စိတ်ရှည်လက်ရှည် ထည့်သွင်းသည်။ ဝါယာကြိုးများ တပ်ဆင်သည်။ သူ့ကိုယ်သူ လုံခြုံစိတ်ချရသည့် နေရာသို့ ရွှေ့ပြောင်း သည်။ အားလုံးပြီးတော့

အသက် အောင့်၍ ဒိုင်းနမိုက် ဖောက်ခွဲ သည့် ခလုတ်ကို နှိပ်လိုက်တော့သည်။

ဂုန်းကနဲ ခပ်အုပ်အုပ် အသံတစ်ချက်ကြားလိုက်ရပြီးနောက် မိုင်းတွင်းတစ်ခုလုံး ပွဲတင်ထပ်သွား၏။ အနီးနားရှိကျောက်သား

ကျောက်စိုင်တို့ သွက်သွက်ခါ လှုပ်ယမ်းသွား၏။ မီးခိုးလုံးနှင့်မြေမှုန်တို့ကြောင့် မြင်ကွင်းသည် မဲမှောင်လျှက်။ မာကွီးသည် အတန်ကြာအောင်

စောင့်ဆိုင်း နေလိုက်သည်။ ပြီးတော့ ပတ်ကြားအက်ထဲ ပြန်ဝင်သွား၏။ကျောက်စွန်းကြီး မရှိတော့။ ကျောက်စကျောက်နတွေ အဖြစ်

မြေပြင်ပေါ်ပြန့်ကျဲနေပြီ။ အချိန်မဖြုန်းပဲ ရှင်းလင်းရေးကို ချက်ချင်းလုပ်ရသည်။ပြီးတော့ အန္တရာယ်ပေးနိုင်သော ကျောက်စွန်းတစ်ပိုင်း တစ်စ

ကျန်မကျန် သေချာကြည့်မိသည်။

ထို ကျောက်စွန်းကြီးနေရာတွင် ဒိုင်းနမိုက်ဒဏ်ကြောင့် အပေါက်ကြီးတစ်ပေါက် ဖြစ်ကျန်ခဲ့၏။ ထိုအပေါက်၏ နောက်ကွယ်တွင်

……………။

မာကွီးသည် ခေါင်းဆောင်းတွင် တပ်ဆင်ထားသော ဓါတ်မီး၏ အလင်းရောင် ဖြင့် သေချာအားစိုက် ကြည့်၏။ အပေါက်၏အနောက်တွင်

အခန်း တစ်ခန်း။ တလိပ်လိပ် တက်လာသောသိချင်စိတ်ကြောင့်မလှမ်းမကမ်းတွင် ထောင်ထားသော ခြောက်ပေရှည်သည့် သံလှေကားကို

ပြေးယူမိသည်။ အပေါက်တည့်တည့်တွင် ထောင်၍ အပေါ်သို့ တက်သည်။ ကျောက်တွေ ကိုလက်ဖြင့် ရှင်းလင်း မိသည်။ အခန်းသည် ပို၍ထင်ရှား

လာသည်။ အထဲသို့ ဝင်ရန်မမှီမကမ်း ဖြစ်နေ သည်။ အားစိုက်၍ တိုးဝင်တော့ နောက်ဆုံး ခေါင်း နှင့်ပခုံးနှစ်ဖက် ဝင်သွား ၏။ မီးရောင် သည်

ဖွေးကနဲ ဖြာသွား ၏။ ၁၅ ပေပါတ်လည်ခန့် ရှိမည့် အခန်းလေးတစ်ခန်း။ ကျောက်သားနံရံတွင် ထူးဆန်းသည့်အမှတ်အသားများ။ သတ္တုတူး

သမားများ၏ လက်ရာတော့ မဖြစ်နိုင်။

ဟိုဟိုဒီဒီ လျှောက်ကြည့်နေသော မာကွီး၏ခေါင်းသည် တစ်နေရာ အရောက် တွင် မရွေ့တော့။ စပါးကြီးမြွေ ညှို့ချက်မိသည့် သားကောင်

သဖွယ် ထို အရာဝတ္ထု ကိုသာ ကြောင်ငေး၍ စိုက်ကြည့် မိနေ သည်။ကြက်သီး များလည်း တဖြန်းဖြန်း ထမိသည်။ နေရာတွင်ပင် သေသွား သလို

ခံစားမိနေသည်။

ကျောက်သားစင်မြင့်တစ်ခု ပေါ်တွင်တင်ထားသော မဟူရာရောင်နက်မှောင်ပြောင်လက်နေသော ဦးခေါင်းခွံတစ်ခု၊ မျက်လုံးပေါက်

ဟောင်းလောင်း ကြီးများက သူ့ကို ငေးစိုက်ကြည့်နေသည်တကား။ ။ ။

(၂)

လေယာဉ်မှူး သည် ယူနိုက်တက် အဲလိုင်းပိုင် အင်ဂျင် နှစ်လုံးတပ် လေယာဉ် ကလေး ကို ဖြူလွလွ တိမ်တိုက် ကြားမှဖောက်ထွက်ပြီး

ဆန်မီဂယ် မြစ်ဘေးမှ ပြေးလမ်းတို ကလေးတွင် ဆင်းသက်ရန်ကြိုးစား နေသည်။ တယ်လူရိုက်ဒ် လေဆိပ်တွင် အကြိမ် တစ်ရာ မက

ဆင်းသက်ခဲ့ဖူးပြီ ဖြစ်သော်လည်း နှင်းများ ဖုံးနေသည့် ဆန်ဂျူအန် တောင်တန်းကြီးများ၏ ရှုမငြီးသည့် မျက်စိ ပသာဒ ကို အတင်း မျက်နှာ လွှဲ၍

လေယာဉ်ဆင်းရသည့် အလုပ်မှာ သူ့အတွက် ခက်ခဲ ပင်ပန်း နေဆဲ ဖြစ်၏။

လေဆိပ် နှင့် နီးကပ်လာ လေလေ၊ တောင်တန်းကြီးတွေက ပို၍ ကြီးလာ လေလေ၊ သစ်ပင် ထိပ်ဖျား တို့သည် လေယာဉ် တောင်ပံ

နှင့်ထိလု မတတ် အသည်း တယားယား၊ ရင်တဖို့ဖို့ ရှိလှသည်။ သို့သော်လည်းပိုးချည်မျှင် သာသာ သေးသွယ် ကျဉ်းမြောင်းသော ပြေးလမ်း

ကလေး ပေါ်သို့ လေယာဉ်ဘီးများ ကျလာပြီး ဘေးမသီ ရန်မခ ဆင်းသက် နိုင်ခဲ့ ပါသည်။ ခရီးသည်ဆယ့်ကိုးယောက် သာ ပါသော အသေးစား

လေယာဉ် ကလေး ဖြစ်သောကြောင့် တံခါးဖွင့်ပြီး အောက်ဆင်း လိုက်သည် နှင့် မြေပြင်ပေါ် ရောက်တော့သည်။

ပက်ထရစ်ရှာ အိုကွန်းနဲလ်သည် တစ်လမ်းလုံး နေရာကောင်းကို ယူ၍ တောင်ပေါ် မြို့လေး၏ အလှကို တဝကြီးကြည့် လာခဲ့ သည်။

ပင်လယ်ရေ မျက်နှာပြင် အထက် ပေကိုးထောင် မြင့်သော ဤဒေသတွင် လေသည် အေးစက် သန့်ရှင်း နေ၏။ အသက် ရှူရသည် ကတော့

အနည်းငယ် ကသိကအောက် နိုင်၏။ ပက် သည် လေဆိပ် အဆောက်အဦး ဆီသို့ ခပ်သုတ်သုတ် လျှောက်၏။မှန်တံခါး ကို တွန်းဖွင့် လိုက်သည်

နှင့် မုတ်ဆိပ် ဖားလျား နှင့် ဂတုံးဂင်တို တစ်ယောက် သူမ ထံ လျှောက်လှမ်း လာသည်ကို တွေ့လိုက်သည်။

"ဒေါက်တာ အိုကွန်းနဲလ် လား ခင်ဗျာ"

"ဟုတ်ပါတယ်။ ကျွန်မကို ပက် လို့ပဲ ခေါ်ပါ။ ဒါနဲ့ ဆရာက ဒေါက်တာ အမ်ဘရိုစ် ဖြစ်လိမ့်မယ် ထင်တယ်"

"ကျွန်တော့်ကိုလည်း တွမ် လို့ပဲ ခေါ်ပါ။ ဒမ်ဗာကနေ ဒီ လာရတဲ့ လေယာဉ် ခရီး သာသာယာယာ ရှိရဲ့လားဗျာ"

နှစ်လိုဖွယ် အပြုံးကို ပြုံးရင်း မေးလိုက်သည့် အမေးကို-

"သာယာပါ့ရှင်၊ တောင်တန်းတွေပေါ် ဖြတ်လာရတာနဲ့ ကျွန်မဖြင့် အားလုံးကို မေ့သွားရော"

"အင်း၊ တယ်လူရိုက်ဒ် က နေချင်စရာ အတော် ကောင်းတယ်နော်။ ကျွန်တော်ဖြင့် ဒီမှာ အမြဲ နေချင် စိတ်တောင် ပေါ်မိ တယ်"

"ဒီနေရာမှာ ဆရာ့လို ရှေးဟောင်း သုတေသန ပညာရှင် အနေနဲ့ လုပ်စရာတော့ သိပ်ရှိမယ် မထင်ဘူး"

"ဟုတ်ပ၊ ဟုတ်ပ၊ ကျုပ်အလုပ်က ရှေးဟောင်းအင်ဒီးယန်း ယဉ်ကျေးမှုရှာဖွေရေးလေ။ ဒီနေရာ ကသူတို့ အတွက် သိပ်မြင့်လွန်းတယ်"

ပက် ပြုံးလိုက်သည်။ ဥပမိရုပ်အရ အထင်ကြီးလောက်စရာ မရှိသော်လည်း
ဒေါက်တာသောမတ်အမ်ဗရိုစ်သည် အလွန်

ထင်ရှားသောမနုဿဗေဒ နှင့် ရှေးဟောင်းသုတေသနပညာရှင်ကြီး တစ်ဦးဖြစ်သည်။
အရီဇိုနာပြည်နယ်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခ

ဖြစ်သော ဤပုဂ္ဂိုလ်သည် အလွန်အလုပ်လုပ်နိုင်သူ တစ်ဦးဖြစ်၏။ ရှေးဟောင်းလူသားနှင့်
ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို နှစ်သုံးဆယ်ခန့်

အချိန်ပေး၍ လေ့လာခဲ့သောပညာရှင်ကြီးသည်အသက်
ငါးဆယ်ကိုအတော်လေးကျော်ခဲ့ပြီဖြစ်သော်လည်း ရှိရင်းစွဲထက်ဆယ်နှစ်ခန့် နုပျို

နေသည်။

"ဒေါက်တာကစ် ကတော့ အခုတွေ့ရှိမှုအတွက် သူ့ဘာမှ အကြံမပေးတတ်လောက်အောင်
ဖြစ်နေတယ်လို့ ကျွန်မကို တယ်လီဖုန်း

ဆက်တယ်ရှင့်"

"ကျုပ်လည်း ထိုနည်း လည်းကောင်း ပါပဲဗျာ။ ဟိုရောက်မှ ခင်ဗျားဘာသာ ကြည့်ပေတော့"

"ဒါနဲ့ ဆရာက ဘယ်လိုလုပ် ဒီကိစ္စ ကို ချက်ချင်းသိတာလဲ"

"ဟဲဟဲ လူမှန် နေရာမှန် ပေါ့ဗျာ၊သူတော်ကောင်း နတ်ကောင်း မတယ်ပဲ ပြောရ မလား၊ ထန်းသီး
ကြွေခိုက်ကျီးနင်းခိုက် လို့ပဲ ပြောရ

မလားပဲ။ ကျုပ်က ဒီမှာ နင်း လျှောစီးဖို့မိတ်ဆွေ တစ်ယောက်နဲ့ ရောက်နေ တာလေ။ ကိုလိုရာဒို
တက္ကသိုလ်က မိတ်ဆွေ ကအကြောင်းကြားတော့

ကျုပ်အဲဒီ သတ္တုတွင်းကို သွားကြည့်တယ်။ ပစ္စည်းတွေကိုတွေ့တွေ့ ချင်းပဲ ကျုပ် မနိုင်ဝန် ထမ်းမိပြီ
ဆိုတာ သိလိုက် တယ်လေ"

ပက်ထရစ်ရှာ အံ့သြသွားသည်။

"ဆရာ့လို ပုဂ္ဂိုလ်မျိုးက ......................"

"ဟုတ်တယ်ဗျ၊ တကယ်ပြောတာ၊ ရှေးဟောင်းလက်ရေး နဲ့ ပက်သက်လို့ ကျွန်တော် မကျွမ်းကျင်တာ အမှန်ပဲ။ ဒါနဲ့ပဲစတန်းဖို့ဒ်

တက္ကသိုလ်က ဒေါက်တာ ဂျယ်ရီကစ် ကို အကူအညီ တောင်း၊ သူက တဆင့်အခုလို ခင်ဗျားဆီ ဒီကိစ္စ ရောက်လာ တာပေါ့"

သူတို့ နှစ်ယောက် ပြောပြော ဆိုဆို နှင့်ပစ္စည်း ရွှေးသည့် နေရာသို့ ရောက်လာ ကြ၏။ ပက် ၏ အိတ်က ရောမ အကြီးကြီး၊ အကိုးအကား

ပြုရန် ထိုးသိပ် ထည့်လာသော စာအုပ်များ ကြောင့် အနည်းဆုံး ပေါင်ငါးဆယ်ခန့် လေးနေသည်။ လေဆိပ် အပြင်မှာ ရပ်ထားသော ဒေါက်တာ

အမ်ဗရိုစ် ၏ချာရိုကီး ဂျစ်ကား ဆီသို့ လျှောက်လာ ကြသည်။ ပက် က ကားပေါ် မတက်သေးပဲအံ့မခန်းသည့် ရှုခင်း အလှကို ရပ်တန့် ငေးမော

နေသည်။ သည်တော့မှ အမ်ဗရိုစ်လည်း သူမကို အားမနာတမ်း အကဲခတ်ခွင့် ရ၏။ မီးလျှံ သဖွယ် ရဲရဲတောက် နေသည့်သူမ ၏ ဆံပင် များက

ခါးအထိ ဝေ့ဝဲ ဖြာကြ နေသည်။ မျက်လုံး များကစိမ်းလဲ့လျှက်။ တကိုယ်လုံး အဆီ ဆို၍ တစ်စက်မှ မရှိ။ ကိုယ်ကာယ လေ့ကျင့်ခန်းများ အမြဲ

လုပ်သည့် ပုံမျိုး။ ငါးပေ ရှစ်လက်မ ရှည်သည့် အရပ် ကို ၁၃၅ပေါင် မျှသော ခန္ဓာကိုယ် အလေးချိန် ဖြင့် ကျားကန် ထိန်းသိမ်းရင်းခပ် နွဲ့နွဲ့

ရပ်နေသည့် ထို မိန်းမ သည် မြင်ရုံ နှင့် ရင်တုန် ရမည့်ပြစ်မျိုး မဲ့မထင် လှဇကေရီ တစ်ပါး မဟုတ်သော် ငြားလည်း မိန်းမချော တစ်ဦးဖြစ်သည်

ကိုတော့ ငြင်း၍ မရ။ ခုကဲ့သို့ သားရေ ဂျာကင်၊ ဂျင်းဘောင်းဘီတို့နှင့် မဟုတ်ပဲ မိန်းမ ဆန်ဆန် ဝတ်စား ထားလျှင် ဒီထက် ပိုလှ ဦးမည့်သဘော

ရှိသည်။

ရှေးဟောင်း လက်ရေး စာနှင့် ပတ်သက်၍သူမထက် ပို နားလည် တတ်ကျွမ်းသူ မရှိဟု ဒေါက်တာ ဂျယ်ရီကစ် ကတော့ ရဲရဲကြီးအာမခံ

ထားသည်။ အသက်က သုံးဆယ့် ငါးနှစ်။ ရှေးဟောင်း ဘာသာ စကား အထူးပြုဘာသာရပ် ဖြင့် စကော့တလန်၊ စိန့်အန်ဒရူး ကောလိပ် မှ

ပီအိတ်ချ်ဒီ ဘွဲ့ရပြင်ဆယ်လ် ဖေးနီးယား တက္ကသိုလ် တွင် စာပေ သင်ကြား ပို့ချ နေသူ၊ ကျောက်ထွင်းစာများ နှင့် ပက်သက်၍ ကမ္ဘာက

အသိအမှတ် ပြုသော စာအုပ် သုံးအုပ် ထုတ်ဝေခဲ့ပြီး သူ၊ ရှေ့နေ တစ်ဦး နှင့် အိမ်ထောင် ကျ၍ ဆယ့်လေးနှစ် အရွယ်သမီးလေး တစ်ယောက် ရပြီး

ခုတော့ ကွာရှင်း ထားသူ၊ ယဉ်ကျေးမှု ဓလေ့ ထုံးစံတို့သည် လူမျိုးစု တစ်ခု၏ မူပိုင် တီထွင် ဖန်တီးမှု ဟူ၍ သီးသီး ခြားခြားရှိမနေပဲ လူမျိုး တစ်မျိုး မှ

တစ်မျိုး ဆီသို့ ကူးလူး ရောယှက်လျှက် ရှိသည်ဆိုသော ယဉ်ကျေးမှု ပြန့်နှံ့ခြင်း သီအိုရီကို လက်ကိုင် ထား၍ ကိုလံဘတ်စ်မတိုင်မီ နှစ် ရာပေါင်း

များစွာ ကတည်းက အမေရိက သည် ပင်လယ်မှ လာသောဧည့်သည်များ ရှိခဲ့သည်ဟု နက်နက် ရှိုင်းရှိုင်း ယုံကြည်သူ၊ သူမ၏ ကိုယ်ရေးရာဇဝင်က

အထင်ကြီး လောက်စရာ။

"ခင်ဗျား နားဦးမလား၊ နားချင်တယ် ဆိုရင် မြို့ထဲက ဟိုတယ် ကောင်းကောင်း တစ်ခုမှာ ထားခဲ့ မယ်လေ၊ ခဏ နေမှ ပြန်လာ

ခေါ်မယ်"

"ဟင့်အင်း၊ ဆရာ၊ ကျွန်မ ခုချက်ချင်းကို သွားချင် ပါတယ်"

အမ်ဗရိုစ် ခေါင်းညိတ် လိုက်သည်။ အိတ်ထဲမှ မိုဘိုင်းဖုန်းကို ထုတ်၍ နံပါတ် တစ်ခုကို ခေါ်သည်။

"မိုင်းတွင်း ပိုင်ရှင် မစ္စတာ မာကွီးကို ကျွန်တော်တို့ လာနေပြီလို့ အကြောင်းကြား ပေးပါ"

ကားသည် တယ်လူရိုက် မြို့ပြင်သို့ရောက်လာ၏။ ကားလမ်း ဘေးတွင် ပျက်စီး နေသော အဆောက် အဦ ဟောင်းများကိုတွေ့ရသည်။

အဆောက်အဦ တစ်ခု ရှေ့တွင်တော့ ဆေးအရောင် တောက်တောက် ဗင်ကားတစ်စီး နှင့် ဂျစ်ကား တစ်စီး ရပ်ထားသည်။ ရေငုပ် ဝတ်စုံ ကို

ချွတ်နေ ကြသောလူနှစ်ယောက်ကို ကားနားတွင် တွေ့လိုက် ရတော့ ပက် အလွန် အံ့သြ သွား၏။

"ကိုလိုရာဒို တောင်တန်းတွေ ပေါ်မှာရေငုပ်သမား တွေ ဘာများ လုပ်နိုင်မှာ ပါလိမ့်" သိချင်စိတ် ကြောင့်တစ်ကိုယ်တည်း ပြောလိုက်

မိသော်လည်း အမ်ဗရိုစ်က ကြားသွား၏။

"မနေ့က ကျွန်တော်လဲ ခင်ဗျား လိုပဲသူတို့ကို တွေ့တော့ အံ့သြ သွားတယ်။ ဒါနဲ့ပဲ သူတို့ကို သွား မေးကြည့်တော့အမျိုးသား အဏ္ဏဝါဗေဒ

အေဂျင်စီ အဖွဲ့ကလို့ ပြောကြတယ်"

"အဏ္ဏဝါဗေဒ အဖွဲ့က၊ ဒီ တောင်ပေါ်မှာ...................."

"ဒီ တောင်ပေါ်မှာ မိုင်းတွင်းတွေ ရာချီရှိတယ်။ မိုင်းတွင်း လှိုဏ်ခေါင်း တွေထဲ ကနေ ဆန်ဂျူအမ် တောင် အနောက်ဖက်ခြမ်းထိ

ဆက်သွယ် နေတဲ့ မြေအောက် ရေလမ်းကြောင်း တွေကို လေ့လာ နေကြတာ ဆိုပဲ"

နောက် မိုင်ဝက်ခန့် ခရီးဆက် ပြီးသည့် အခါအသုံးမပြု တော့သည့် သတ္တုတွင်း ဟောင်းကြီး တစ်ခုကို သူတို့ တွေ့ရ၏။ ထိုနေရာ

တွင်လည်း ထရပ်ကား ကြီးငယ်တို့ စီတန်း ရပ်နား ထားပြီး ယာယီ တဲစခန်းလေးများ နှင့် လူများ ပျားပန်းခတ်မျှ လှုပ်ရှား သွားလာ

နေကြသည်။ကားများတွင် ရေးထိုး ထားသော အရီဇိုးနားပြည်နယ် ပထဝီ မြေမျက်နှာပြင်လေ့လာရေး သိပ္ပံ ကော်ပိုရေးရှင်း ဆိုသည့် စာလုံးကြီး

များကြောင့် သူတို့မေးမြန်း စုံစမ်းရ သက်သာ သွားသည်။

"အဲဒါ ခေတ်ပေါ် သိုက်သမားများ အုပ်စုလေ" အမ်ဗရိုစ်က ထိုလူစုကို မေးငေါ့ရင်း ပြောသည်။

"ရွှေတူးသမား တွေ မျက်စိမှောက်ပြီး ကျန်ရစ်ခဲ့တဲ့ ရွှေကြောများ တွေ့မလားလို့ ရှာနေ ကြတာ။ ပစ္စည်း ကတော့ အပြည့် အစုံ ပါသဗျ"

"သူတို့အတွက် ရွှေရော ကျန်သေး လို့လား ဆရာရယ်"

"အဲဒါ ပြောတာ ပေါ့ဗျ။ ဒီတွင်း တွေက ကန်းသွားတာ ကြာ၊ ကြာလှပေါ့"

တောင်ပေါ်လမ်း အတိုင်း မိုင် အနည်းငယ်ဆက်သွား ကြပြီးနောက် ပန်းချီကား ထဲမှ အိမ်ကလေး နှင့် တူသည့် လှပပြီးချစ်စရာ

ကောင်းသော နေချင့်စဖွယ် အိမ်ငယ်လေး တစ်ခု ရှေ့ရှိ ချီဗီ အမျိုးအစားပစ်ကပ် ကားအိုကြီး ဘေးတွင် ကားထိုး ရပ်လိုက်သည်။ သူတို့ လာမည်ကို

ကြိုတင်အကြောင်းကြား ထားသဖြင့် အိမ်ရှေ့တွင် နှိပ်ွာန် ဘုံ သတ္တုတွင်း ပိုင်ရှင်ဇနီး မောင်နှံက ထွက်၍ ကြိုဆို နေကြ၏။

"ကြည့်စမ်း၊ ဒီလောက် သာယာတဲ့ နေရာလေး မှာနေခွင့် ရတဲ့ ရှင်တို့ကို ကျွန်မ မနာလိုတောင် ဖြစ်လာပြီရှင့်" ပက်၏ပိုင်စိုးပိုင်နင်း၊

မလိုတမာ နှုတ်ခွန်းဆက် စကားကို-

"အမလေး- တစ်နှစ်လောက်ပဲ လာနေကြည့် စမ်းပါ၊ ရှင်ပျင်းတာနဲ့ သေသွား လိမ့်မယ်" မာကွီး ကတော် လီဇာ က အပြုံး ဖြင့်ချက်ချင်း

တုံ့ပြန်သည်။

"တစ်နှစ် မပြောနဲ့ တစ်သက်လုံးနေတောင် ဒီတော၊ ဒီတောင်၊ ဒီအလှ ရဲ့ညှို့ဓါတ်ကို ကျွန်မဖြင့် ရုန်းမထွက် နိုင်ပေါင်"

"ခုနေချင် အိပ်ယာပြင်ပေးပါ့မယ်ရှင်"

အမျိုးသမီး နှစ်ဦး၏ နှုတ်ခွန်းဆက် စကားတွေက မှတ်သားစရာ ကောင်းလှ ပါဘိ။ မြွေမြွေချင်း ခြေမြင် ကြသည်ထင့်။

"ခရီးပန်းလာ ကြပြီ ထင်တယ်။ ဆရာတို့ဘာသောက် ကြမလဲ၊ ကော်ဖီလား၊ ဘီယာလား" နောက်ဆုံးတော့ အမျိုးသမီး တို့

စကားစစ်ထိုးပွဲ ကို မာကွီးက ဒိုင်ပွဲ ရပ်ဖြင့် ပွဲသိမ်းရန် ကြိုးစား နေသည်။

"ဟင့်အင်း၊ အဆင်ပြေရင် ကျွန်မတော့ ခုချက်ချင်းကို သွားချင်တယ်။"

"ရပါတယ်။ နေဝင်ဖို့ ငါးနာရီလောက် လိုသေးတယ်။ ကျွန်တော်တို့ ကောင်းကောင်း အချိန်ရ ပါတယ်"

"ညစာ အမှီတော့ ပြန်လာ ကြနော်၊ အသားကင် လုပ်ပြီး စောင့်နေမယ်"

"အို၊ ကောင်းတာပေါ့၊ ခုတောင် ဆာလာပြီ"ခုတော့လည်း အမျိုးသမီး နှစ်ဦးမှာ ငြိမ်းချမ်းရေး တေးသံတွေ တလွင်လွင်နှင့်။ အမ်ဗရိုစ်

နှင့် မာကွီးမှာ ဣတ္ထိယ နှစ်ဦးကို ကြည့်၍ အချင်းချင်းမျက်စ ပစ်ရင်း နင်တို့ လုပ်တာ ငါတို့ သိပါတယ် ဟူသော အချိုးမျိုး နှင့်တိတ်တခိုး ပြုံးမိ

ကြသည်။

"ကဲ ဒါဖြင့်လည်း သွားကြစို့၊ ဆရာ့ ကားနဲ့ သွားတာ ပို အဆင်ပြေ လိမ့်မယ်ဗျ" မာကွီးက စကားဝိုင်း ကို သိမ်းလိုက် တော့သည်။

နောက် (၁၅) မိနစ်ကြာတော့ သူတို့အားလုံးနိဗ္ဗာန်ဘုံ မိုင်းတွင်း ထဲက မြေအောက် ဆင်းသည့် ထရော်လီ ပေါ် ရောက်နေ

ကြပြီ။ခုတော့လည်း သာလိကာ မလေး ပက် တစ်ယောက် အာစေး ထည့်ခံ ထားရ သလို ငြိမ်ကုပ်နေ၏။ တစ်သက်နဲ့ တစ်ကိုယ် မိုင်းတွင်းထဲ

တစ်ခါမှ မဆင်းဖူး၍ ကြက်သီးထချင်ချင်။

"မြေအောက် ရောက်တော့ နည်းနည်း ပူလာ သလိုပဲ"

"ဒါ ထုံးစံပဲ ဒေါက်တာရဲ့၊ မြေအောက်ကိုပေတစ်ရာ ဆင်းတိုင်း အပူချိန် ငါးဒီဂရီ တိုးတယ်လေ။ ဒါတောင် မိုင်းတွင်းဟိုး အောက်ပိုင်းတွေ

ရေမြုပ် နေလို့ နည်းနည်း ခံသာတာ။ နို့မို့ရင်အပူချိန် တစ်ရာ ဒီဂရီ (ဖာရင်ဟိုက်) အသာလေး ကျော်တယ်" ပီအိတ်ချ်ဒီ ဘွဲ့ရရှေးဘာသာဗေဒ

ပညာရှင်ကို သိုက်သမား က ပညာပေး နေ၏။

ထရော်လီ ရပ်သွားပြီ။ မြေအောက် အနက်ပေပေါင်း ၁၂၀၀ တိတိ မှာ သူတို့ ရှိနေကြ၏။ အမ်ဗရိုစ် နှင့် ပက် တို့ကိုမာကွီးက သတ္တု

ခေါင်းဆောင်း တစ်ယောက် တစ်ခုစီ ပေးသည်။

"ကျောက်တုံးတွေ ခေါင်းပေါ် ပြုတ်ကျ တတ်လို့လားဟင်"

ပက် ၏ အမေးကို မာကွီးက ရယ်ရင်း "တခါတလေပေါ့ဗျ၊ အဓိက ကတော့ ငယ်ထိပ် နဲ့ ဟောဟိုက သစ်သား ငြမ်း ထောက်ကြီး

တွေနဲ့မိတ်ဖွဲ့ မိမှာ စိုးလို့ဗျို့"

ငြမ်းထောက် များတွင် တပ်ဆင်ထားသောမီးလုံးများ ၏ ဝါဖြဲဖြဲ အလင်းရောင် မှိန်ဖျော့ဖျော့ ကို အားကိုး၍ မာကွီး ကဦးဆောင်ပြီး ရှေ

့ဆက် ခဲ့ကြ၏။

စကား ပြောလိုက်တိုင်း ပဲ့တင်သံ များကဟိန်းနေ သဖြင့် ကိုယ့်အသံ ကိုယ်ပြန်လန့်ကာ စကား ကျယ်ကျယ် မပြော ရဲကြ။ဒေါက်မြင့်

ဖိနပ်များ မစီးခဲ့ဖို့ ဆုံးဖြတ် ခဲ့မိသည် ကို ပက် တစ်ယောက်ကိုယ့်ကိုယ်ကို ကျေးဇူးတင် မဆုံး။ ဆယ်မိနစ် ခန့်သော ခရီးကို သူမ

စိတ်မှာဆယကမ္ဘာလောက် ကြာနေသည်။ နောက်ဆုံးတော့ ပတ်ကြား အက်ကြီး ကျောက်နံရံကွဲကြောင်းကြီး တစ်ခု အတွင်း တွန့်လိန် တိုးဝင်

ကြပြီးနောက် လိုရာခရီးရောက်ကြ တော့သည်။

ကျောက်တူးသမား မာကွီး အမှတ်မထင် တွေ့ရှိ ခဲ့သော ကျောက်နံရံ တွင်းမှအခန်းငယ်လေး၊၊ အပေါ်သို့ တက်ရန် လှေကား အသင့်

ထောင်ထား၏။ တောက်ပ စူးရှသည့်မီးလုံး များလည်း ထိန်နေအောင် ထွန်းထားသည်။

"မနေ့က ဒေါက်တာ အမ်ဗရိုစ် လာကြည့်ပြီး ကတည်းက မီးလုံးတွေ ဆင်လိုက်တာလေ၊ သိပ် များများ မဆင်ရ ပါဘူး၊ ကျောက်နံရံ

တွေက အလင်း ပြန်တော့ ဆရာတို့မြင်မြင် ထင်ထင် လှေ့လာလို့ ရပါတယ်၊ ဘာ တစ်ခုမှ ခြေရာ လက်ရာ မပျက်ပါဘူး"မာကွီးက ပက်ထရစ်ရှာ

အပေါ်သို့ တက်နိုင်ရန် လှေကားကို ထိန်းကိုင် ထားရင်းတတွတ်တွတ် ပြောနေ သည်။

ဘာတွေများ တွေ့ရမှာ ပါလိမ့်။ ကျောက်သား နံရံ တွင်းမှ အခန်းကလေး ထဲသို့လှေကားမှ တဆင့် တက်နေရင်း ပက် ရင်တွေ

ခုန်လာသည်။ ကြမ်းပြင်ရှိ အပေါက်မှတဆင့် အခန်းတွင်းသို့ သူမ ရောက်ပြီ။

အို...... ပက် ခေတ္တမျှ အသက်ရှူ ရပ်သွားသည်။ ပြီးတော့ နလုံးသားသည် ပေါက်ထွက်မတတ် ဗရမ်းဗတာ ခုန်လာ သည်။ ရုတ်တရက်

ချက်ချင်း သူမကိုယ် သူမ အီဂျစ် မှတွတ်ဘုရင် ၏ မံမီ ရုပ်အလောင်း ရှိရာ သင်္ချိုင်းဂူ ပစ်ရမစ် ကို စတင်တွေ့ရှိသည့် ဟိုးဝပ် ကာတာ ကဲ့သို့ ခံစား

လိုက်ရသည်။ သူမ၏ မျက်ဝန်း အစုံကကျောက်ကလပ် ပေါ်တွင် အလင်းရောင် ပြန်ဟပ်ကာ မဟူရာရောင် ဖိတ်ဖိတ် တောက်နေသည့်အရိုးခေါင်း

ပေါ်မှ ခွာမရတော့။

"ဘုရား၊ ဘုရား၊ ကမ္ဘာပေါ်မှာ ဒီလို လက်ရာမျိုး ရှိပါ သေးလား" သူမတစ်ကိုယ်တည်း ငြီးတွား ရေရွတ် မိနေစဉ် အမ်ဗရိုစ် အခန်းထဲသို့

ရောက်လာသည်။

"ပထမ တန်းစား လက်ရာမျိုး ပဲနော်၊ မေရန် ခေတ်က ကျောက်သလင်း အရိုးခေါင်းတစ်ခု ဘီးလစ်ဇ် မှာ ကျူပ် တွေ့ဖူး တယ်၊ အဲဒီ

ခေါင်းက အလင်းရောင် ထွက်တယ်၊အသံတွေ ထွက်တယ်၊ ဘာညာ နဲ့ လျှောက်သာ ပြောကြတာ ဒီ လက်ရာ နဲ့ ယှဉ်တော့ကလေးတွေ လက်ဆော့

ထားသလောက်ပဲ ရှိတယ်"

"ဒီခေါင်းပုံကို သေချာ ကြည့် ပက်၊ အောပ့်ဆီဒီယမ် ကျောက်သားကိုထွင်းထားတာ၊ ခုခေတ်လို ကိရိယာ စုံစုံလင်လင် ရှိရင်တောင်

ဒီလောက်ကြွတ်ဆတ်တဲ့ ကျောက်မျိုးကို ဒီလို လက်ရာ ဖြစ်အောင် လုပ်နိုင်တဲ့ ပန်းပုပညာရှင် လက်ချိုး ရေလို့ ရလောက်တယ်၊ တူ သေးသေးလေး

နဲ့ တစ်ချက်လောက်ထုလိုက်ရင် တစ်စစီ ကွဲကြေ သွားမဲ့ ကျောက်မျိုး၊ ကြက်ဥကို တူနဲ့ ထုရင်တောင်သူ့ထက် အကွဲ သက်သာလိမ့် ဦးမယ်

ထင်တယ်"

"မျက်နှာပြင်က ချောမွတ် နေလိုက်တာ ပြစ်မျိုး မဲ့မထင် ပါပဲလား" ပက် သည်အိမ်မက်ထဲ စကား ပြောသလို တစ်ယောက် တည်း

တတွတ်တွတ် ပြောနေသည်။ အမ်ဗရိုစ်ကို သူမ သတိ မရတော့။ အရာခပ်သိမ်း သည် ရင်သပ် ရှုမော အံ့သြ ဖွယ်ရာ။

"တကယ်တော့ ဒီအခန်း ကိုက အံ့တစ်ပါးပဲ၊ နံရံ လေးဖက် နဲ့ အမိုး ပေါ်မှာထွင်းထားတဲ့ အက္ခရာ ပုံစံ တွေက လူငါး ယောက်

တစ်သက်လုံး အချိန် ပေးပြီးထွင်းရ လောက်အောင် အသေး စိတ်တယ်၊ ပြောင်မြောက်တယ်။ ဒါ ထားလိုက် ဦး၊ဒီလောက် မာတဲ့ ကျောက်သား

နံရံကြီးကို အခန်း လုပ်ထား ပုံကို ကြည့်ဦး၊မနေ့က ကျုပ် အသေးစိတ် တိုင်းထွာ ကြည့်ပြီးပြီ၊ နံရံလေးဖက်၊ ကြမ်းပြင်နဲ့အမိုးဟာ တကယ့်

ရွှေစတုရန်း အတိုင်း အထွာပဲ၊ တစ်ခု နဲ့ တစ်ခု တစ် မီလီ မီတာတောင် အပိုအလို မရှိ ကွက်တိဗျ၊ ပြူတင်းပေါက် မရှိ၊ တံခါးမရှိ

ပကတိကျောက်သား ထုကြီး ထဲမှာ လေးထောင့် စက်စက် အခန်း တစ်ခု ရှိနေတာ ကို မာကွီးသာ ကြမ်းပြင်မှာ အပေါက် ဖြစ်အောင် မဖောက်ခဲ့

မိဘူး ဆိုရင်ဒီလှိုဏ်ဂူကျက် ကြီးဟာ ကမ္ဘာ တည်သရွေ့ လူမသိ သူမသိ နေသွား တော့မှာ"

"အင်း .. ဝင်ပေါက်လည်း မရှိ၊ ထွက်ပေါက်လည်း မရှိတဲ့ ကျောက်နံရံ ထဲက အခန်း၊ ဘာ ရည်ရွယ်ချက် နဲ့ လုပ်ခဲ့ ကြတာ လဲ"

"အဲဒီ အဖြေကို ရှာဖို့ ခင်ဗျား ခု ဒီမှာ ရပ်နေတာလေ ဒေါက်တာ အိုကွန်းနဲလ် ရယ်"

ပက် အလုပ် စပြီ။ သူမ၏ ခါးပါတ် အိတ်ထဲမှ မှတ်စု စာအုပ် တစ်အုပ်၊ စုတ်တံအသေးတစ်ချောင်း နှင့် မှန်ဘီလူး တစ်ခုကို

ထုတ်လိုက်သည်။ ပြီးတော့ နံရံတစ်ဖက်မှ ရာစု နစ်ပေါင်း များစွာ တင်နေသည့် ဖုန်များကို တယုတယ ခါထုတ်ရှင်းလင်း ရင်း နံရံ ပေါ်မှ အက္ခရာ

အသွင်သဏ္ဍာန် များကို မှန်ဘီလူး နှင့် စတင်ကြည့်ရှု လေ့လာ တော့သည်။ တမေ့တမော ကြည့်ပြီး နောက် အမိုးကို အကြာကြီးမော့ကြည့်

နေပြန်သည်။ ပြီးတော့ အမ်ဗရိုစ် ကို ဝေခွဲ မရသည့် အကြည့်ဖြင့်ကြည့်ရင်း

"အမိုးက ကျောက်ထွင်း လက်ရာ တွေက မိုးကောင်းကင်က ကြယ်စု တွေနဲ့ တူနေတယ်၊ သတ္တုတွင်း တူးသမား တွေ လုပ်ခဲ့တာ

များလား"

"ဘာဖြစ်လို့ ခင်ဗျား ဒီလို ကောက်ချက် ချတာလဲ၊ ဘယ်သူမှ ဒါကို မတွေ့ခဲ့ဖူး ဘူးလေ"

"ဒီ အမှတ်အသား တွေက ကျွန်မ လေ့လာ ခဲ့တဲ့ ဘယ် ရှေးဟောင်း ဘာသာစကား ပုံစံနဲ့မှ နီးနီး စပ်စပ်တောင် မတူဖူး ရှင့်၊ ဒါမျိုး

တစ်ခါမှ မမြင် ဖူးဘူး"

"တစ်ခု တစ်လေ တောင် ဘာသာပြန်လို့ မရဘူးလားဗျ"

"ခု လောလောဆယ် ပြောနိုင်တာ ကတော့ ဒါ အရုပ်စာ လုံးဝ မဟုတ်ဘူး ဆိုတာပဲ၊အက္ခရာ တွေလို့တော့ ထင်မိတယ်၊ သမိုင်း

မှတ်တမ်း တင်ခံ ထားရတဲ့ လူသားတို့ရဲ့ ဘာသာစကား တစ်မျိုးမျိုးထဲ မပါတာ ကတော့ သေချာတယ်"

"ဆိုတော............."

"ဒါတွေ အားလုံး ကူးယူ သွားပြီး ကျွန်မ တက္ကသိုလ်က ကွန်ပျူတာ သုတေသနခန်းမှာ အသေးစိတ် စစ်ဆေး ကြည့်ပြီးရင် တော့ တစ်ခုခု

ပြောနိုင် ပါလိမ့်မယ်။ဒီလောက် ရှင်းလင်း ပြတ်သားတဲ့ ကျောက်ထွင်း အက္ခရာမျိုး ကျွန်မ မတွေ့ဖူးတာလဲ အမှန်ပဲ၊ ပြဿနာက ဘာနဲ့မှ နှိုင်းယှဉ်

လေ့လာလို့မရတာပဲ"

"ဟေး ခင်ဗျားတို့ အပေါ်မှာ အဆင်ပြေ ရဲ့လား" အောက်မှ မာကွီး၏ အော်မေးသံကို ကြားရသည်။

"ခုထက် ထိတော့ အဆင်ပြေ နေသေးတယ်ရှင့်၊ ဒါနဲ့ မြို့ထဲမှာ စာရေးကရိယာ ဆိုင်များ မရှိဘူးလား"

"ရှိပ့ါ၊ ရှိပ့ါ နှစ်ဆိုင်တောင် ရှိတယ်၊ ဘာလိုချင်လို့လဲဗျ"

"ဆီစိမ် စက္ကူရယ်၊ တိတ် အကြည် တွေရယ် ရနိုင်သလောက် လိုချင်..." ပက်ပြောနေရင်း တဝက်တပျက် ဖြင့် ရပ်သွား ၏။ တော်လဲသံ

ကဲ့သို့ အသံ အုပ်အုပ်တစ်ချက် ကြားလိုက် ရပြီး အခန်းကြမ်းပြင်သည် သိသိသာသာကြီး တုန်ခါ သွားသည်ကို သူမ ခံစား လိုက်ရသည်။

"ဘာဖြစ်တာလဲဟင်၊ လျောင် လှုပ်သွား သလိုပဲနော်" အောက်မှ မာကွီးကို အော်မေး လိုက်သည်။

"မဟုတ်လောက်ဖူး၊ ကျုပ်အထင်တော့ နင်းတောင် ပြိုတာပဲ။ ခင်ဗျားတို့လုပ်စရာ ရှိတာ ဆက်လုပ် ကြပါ၊ ကျွန်တော် တက်သွားပြီး

ကြည့်လိုက် ဦးမယ်"

ဟော- နောက်တစ်ကြိမ် ထပ်ဖြစ် ပြန်ပြီ။ ဒီတစ်ခါတော့ ပိုပြီးတော့ သိသိသာသာကြီး ကို သွက်သွက်ခါ ယမ်းသွား၏။ ပက်ထရစ်ရှာ

ချောက်ချား လာ၏။

"ကျွန်မတို့လည်း ရှင်နဲ့အတူ လိုက်ခဲ့မှ ဖြစ်မယ် ထင်တယ်"

"နေဦးဗျ၊ ဒီလိုဂျက်ခေါင်း ကို ထောက်ထားတဲ့ တိုင်တွေက အတော် ဆွေးနေပြီ၊အရမ်း လှုပ်ရှား လိုက်ရင် အကုန် ပြုတ် ထွက်ပြီး အဲဒီကျမှ

ဒုက္ခ အကြီးအကျယ်တွေ့လိမ့်မယ်။ ခင်ဗျားတို့ ဒီမှာပဲ နေခဲ့တာ ပို စိတ်ချရတယ်"

"သိပ်မကြာ နဲ့နော်၊ ကျွန်မ နည်းနည်း ကြောက်လာပြီ"

"စိတ်ချ၊ စိတ်ချ၊ ဆယ်မိနစ် အတွင်း ပြန်လာ ခဲ့မယ်" ပြောပြောဆိုဆိုမာကွီး တစ်ယောက် မြင်ကွင်း ထဲမှ ပျောက်ကွယ် သွား၏။

မဖြစ်သေး၊ အလုပ်အပေါ်အာရုံစိုက် ထားမှ အကြောက် သက်သာမည်။ ဒေါက်တာ အမ်ဗရိုစ် ဖက်သို့ လှည့်၍ သူမမေးလိုက်သည်။

"ခေါင်းခွံ နဲ့ ပက်သက်လို့ ဆရာ့ အမြင်ကို မပြောရ သေးဘူးနော်၊ ဆရာ ဘယ်လို ထင်သလဲ၊ ရှေးခေတ် လက်ရာလား၊ အင်္ဂလိ (ခုခေတ်

လက်ရာ) လား"

"လက်နဲ့ လုပ်ထားသလား၊ စက်နဲ ့ လုပ်ထားသလား ဆိုတာ သေသေချာချာ အသေးစိတ်သုတေသန မလုပ်ပဲ ဘယ်နည်း နဲ့မှ မပြောနိုင်

ဘူးလေ" အမ်ဗရိုစ် က ခေါင်းခွံကိုငေးကြည့်ရင်း လေးလေးနက်နက် ပြောလိုက်သည်။

"ဒါပေမဲ့ သေချာတာ တစ်ခုကတော့ ဒီအခန်း နဲ့ ဒီအရိုးခေါင်း ရုပ်ကိုသတ္တုတွင်း တူးသမားတွေ လုပ်ခဲ့တာ လုံးဝ မဟုတ်ဘူး။ မာကွီး

ဆီမှာ ဒီသတ္တုတွင်း ရဲ့ ရှေး မြေပုံတွေ ရှိတယ်။ ဒီအခန်း နဲ့ ပက်သက်တာ ဘာမှမတွေ့ရဘူး။ ဒါကြောင့် မို့လို့ ဒီ ကျောက်အခန်း နဲ့ ခေါင်းခွံဟာ

ဒီသတ္တုတွင်း ကို မတူးခင် ၁၈၅၀ ခုနှစ် မတိုင်ခင် ကတည်းက ရှိနေတယ် လို့ပြောနိုင် တယ်”

“ဒီထက် အများကြီး ရှေးကျ ချင်လည်း ကျမယ်ပေါ့” အမ်ဖရိုစ် ၏ စကားကို ပက် က ဖြည့်စွက် ပေးလိုက်သည်။

အမ်ဖရိုစ် က ပုခုံးနှစ်ဘက် ကို တွန့်လျှက်-

“၁၉၃၁ က စပြီး ဒီ သတ္တုတွင်းကို ပိတ်လိုက် တာပဲ။ ကဲ ကျုပ် ပညာ၊ဂုဏ်သိက္ခာ ကို လောင်းကြေး ထပ်ပြီး မှန်းလိုက် မယ်။ ဒီကျောက်ဂူ

နဲ့အရိုးခေါင်း သက်တမ်းဟာ နှစ်တစ်ထောင် ထက် ပိုချင် ပိုမယ်၊ ဘယ်နည်း နဲ့မှမလျော့ဘူး”

“ခေတ်ဦး အင်းဒီးယန်း လက်ရာ များလား”

အမ်ဖရိုစ် ခေါင်းခါ လိုက်သည်။ “မဖြစ်နိုင်ဘူး။ ခေတ်ဦး အင်းဒီးယန်း တွေကျောက်ထွင်း တတ်ပေမဲ့ ဘာသာစကား မရှိဘူး၊ သူတို့ ဒါမျိုး

မလုပ်တတ်ဖူး၊သေချာတယ်”

“ဒါတော့ ဟုတ်တယ်၊ ဒီ သင်္ကေတ တွေကို ကြည့်ရတာ အင်မတန် အသိဉာဏ် ရှိတဲ့ လူမျိုး ရဲ့ လက်ရာ လိုမျိုးပဲ”

ပက်ထရစ်ရှာ အလုပ်များ နေပြီ။ ကျောက်နံရံ ပေါ်မှ သင်္ကေတ များကို မှတ်စုစာအုပ်ငယ် ဖြင့် ရေးမှတ် ကူးယူသည်။ စုစုပေါင်း သင်္ကေတ

လေးဆယ့်နှစ်ခု ရ၏။ကျောက်အခန်း နှင့် အရိုးခေါင်း ကို ဓါတ်ပုံပေါင်း မရေမတွက် နိုင်အောင်ရိုက်သည်။ အမိုးတွင် ထွင်းထားသော ကြယ်သင်္ကေတန်

သင်္ကေတ များကို ဓါတ်ပုံရိုက်နေစဉ် ကြမ်းပြင် အပေါက်မှ မာကွီး ၏ ဦးခေါင်း ပေါ်လာသည်။

“ကိုင်း၊ ဆရာသမားတို့၊ ကြည့်ရတာ ကျုပ်တို့တော့ ဒီထဲမှာ ကြာကြာ နေရလိမ့်ဦးမယ်နဲ့ တူတယ်။ နင်းတောင် တစ်ခု ပြုကြပြီး မိုင်းတွင်း

ဝင်ပေါက်ကိုပိတ်နေသဗျ။"

"အမလေး- ဘုရား၊ ဘုရားသခင် ကယ်တော်မူပါ" ပက်ထရစ်ရှာ တစ်ယောက် တကယ် ကြောက်ချေပြီ။ တစ်ကိုယ်လုံး လည်း တုန်လို့။

"နေကြပါဦး၊ သိပ်ကြီးလည်း မစိုးရိမ် ကြပါနဲ့၊ ကျုပ် မိန်းမက ခုလောက်ဆိုကယ်ဆယ်ရေး အဖွဲ့ကို ဖုန်းဆက် ထားပြီး ရောပေါ့၊ ကျုပ်တို့

လွတ်မှာပါ"

"ကျွန်တော်တို့ ဒီထဲမှာ ဘယ်လောက် ကြာကြာ နေရမယ် ထင်လဲဟင်" ဒေါက်တာအမ်ဗရိုစ်က စိတ်အားငယ်ခြင်း ကြီးစွာဖြင့်

မျက်နှာငယ် လေးဖြင့် မာကွီး ကိုအားကိုးတကြီး မေးနေ ရှာသည်။

"ဒါကတော့ အပေါက်ဝမှာ ပိတ်နေတဲ့ နှင်းထု ဘယ်လောက် ထူသလဲ ဆိုတဲ့ အပေါ်မူတည်တယ်၊ တစ်နာရီ လည်း ဖြစ်နိုင်တယ်၊

တစ်ရက်လည်း ဖြစ်နိုင်တယ်။ သို့သော်ကယ်ဆယ်ရေး အဖွဲ့ ကတော့ အသကုန် အလုပ်လုပ် ကြမယ် ဆိုတာ ကျုပ်ယုံတယ်။လောင်းမလား"

အရေးထဲ လောင်းကစား ဝါသနာရှင် နှင့် လာတွေ့ နေသေးသည်။ အေးလေ- ဘာပဲဖြစ်ဖြစ်၊ ဒီလို ရွှင်ရွှင် မြူးမြူး ရှိတော့ အားရှိ တာပေါ့။

အကောင်းဖက်မှပက် လှည့်တွေး လိုက်သည်။

"ကောင်းပြီလေ။ ဒါဆိုလည်း အချိန်ရှိခိုက် လုံ့လစိုက်လိုက် ကြတာပေါ့၊ ဆရာ"

ပြောသည့်စကားပင် မဆုံးသေး။ အင်မတန် ပြင်းထန်သည့် တော်လဲသံကြီး တစ်ခုကို ကြားလိုက် ရ၏။ ထူးဆန်း သည်က ထိုအသံကြီး

သည် အပေါ်မှ လာခြင်း မဟုတ်ပဲ၊ဟိုး မြေအောက်မှ လာသည့် အသံမျိုး၊ လူသုံးယောက် ရပ်နေသည့် အခန်း ကလေး သည်သွက်သွက် ခါအောင်

လှုပ်ယမ်း သွားသည်။ ကျောက်ခဲများ၊ မြေစိုင် မြေခဲများတဝေါဝေါ ပြိုကျ နေသံ ကို ကြားနေ ကြရသည်။ ထို့နောက်တော့ မီးအားလုံး

ငြိမ်း၍သွားတော့သည်။

တော်လဲသံကြီးသည် မြေအောက်လိုဏ်ဂူ အတွင်းနားမခံသာအောင် ပဲ့တင်ထပ်လျှက်ရှိရာမှ တဖြည်းဖြည်း တိုး၍တိုး၍နောက်ဆုံးတော့

လုံးဝဆိတ်ငြိမ်သွားတော့သည်။ ပိန်းပိတ်နေသောအမှောင်ထုနှင့် ခြောက်ချားဖွယ် ငြိမ်သက်တိတ်ဆိတ်မှု၊ ထိုအမှောင်ထုနှင့်တိတ်ဆိတ်မှု တို့ကို

နာခေါင်းနှင့် ပါးစပ်များထဲဖုံအလုံးအရင်းဝင်ရောက်မှုကြောင့် လည်ချောင်းယားလွန်လွန်းသဖြင့်အပြိုင်အဆိုင်ဆိုးလိုက်ကြသော လူသားသုံးဦး၏

ချောင်းဆိုးသံများကဖြိုခွင်းပစ် လိုက်သည်။ ပထမဆုံးစကားစပြောနိုင်သူက အမ်ဗရိုစ်။ ချောင်းဆိုးရလွန်း၍ မောဟိုက်ပြီး အစ်တစ်တစ်ဖြစ်နေသော

အသံကွဲကြီးဖြင့်-

"သောက်ကျိုးနည်း၊ ဒါ ဘာ— ဘာဖြစ်တာလဲ"

"တွင်းပြိုပြီဗျ၊ ဂူအမိုးပြိုကျတာ" မာကွီးက နွမ်းလျှလျှ ဖြင့်အဖြေပေး၏။

"ပက်၊ ပက်ထရစ်ရှာ၊ ခင်ဗျား ဘယ်မှာလဲ၊ ဘယ်နေရာ ထိသွားသေးလဲ" ဒေါက်တာ အမ်ဗရိုစ်က မှောင်ထဲမှာ မမြင်မ စမ်းနှင့်

အော်ဟစ်ပြီးမေးနေသည်။

"ကျွန်မ အဟွတ် ဘာ ဟွတ်-ဟွတ် မှ မဖြစ်—ဟစ်ဟစ် ဘူး—ဟူး—-ဟူး၊ အဟွတ် ဟွတ် ဟွတ်" ပက်ထရစ်

ရှာသည်ချောင်းအဆက်မပြတ်ဆိုးနေသည့်ကြားမှ ကြိုးစားပြီး ဖြေရှာသည်။လဲကျနေသည့်အတွက် ဖုံမှုန့် များက ဖွတ်ရော၊ အတင်းရော၊

အခမ္ဘရောနာခေါင်းနှင့် ပါးစပ်တွင်းလိုမ့်ဝင်နေသည့်အတွက် အသက်ရှူ ရပ်မတတ်ဖြစ်နေရှာသည်။

ယောကျာ်းသားနှစ်ယောက်ကသူမကိုစမ်းမိပြီးဆွဲထူလိုက်နိုင်မှ ဖုံဖို့သတ်ခံရမည့်ဘေးမှ သီသီလေးလွတ်ကင်းခဲ့ရ သည်။ အမ်ဗရိုစ်က

လက်ကိုင်ပုဝါ တစ်ထည်ပေး၍ သူမမျက်နှာကိုစည်းထားစေ၏။

"တော်ပါသေးရဲ့၊ စောစောက ကျွန်မဖြင့် မြေမျိုသွားပလား အောက်မေ့နေတာ"

"ဘယ်လို ဖြစ်တာတုန်း၊ ဘာလို့ မြေကဆိုင်းမဆင့် ဗုံမပါ ပြိုရတာလဲ" အမ်ဗရိုစ် ကမာကွီးကို မျက်နှာချင်းဆိုင်၍မေးလိုက်သည်။

ကိုယ်လက်တောင် ကိုယ်မမြင်ရသော အမှောင်ထဲတွင်မို့မျက်နှာချင်းဆိုင်မိ မဆိုင်မိ မသေချာလှ။

"ကျုပ်လည်းသေချာတော့ မပြောတတ်ဖူးဗျ၊ ဒါပေမဲ့ အသံနားထောင်ရတာတော့ ဒိုင်းနမိုက်နဲ့ခွဲလိုက်သလိုပဲ" မာကွီး၏ မရေမရာ

တုံ့ပြန်သံ။

"နင်းတောင်ပြိုရာကနေ ဖိအားလှိုင်းရိုက်ခတ်လို့ မြေပါပြိုကျကုန်တာ မဖြစ်နိုင်ဘူးလား"

"ဒါတော့ ကျုပ်သေချာမသိဘူး၊ ဒါပေမဲ့ ခုနကအသံ ဒီအသံဟာ— ဟာ— သေချာပါတယ်ဗျာ၊ ဘုရားစူးရစေ့၊ အဲဒါ

ဒိုင်းနမိုက်ခွဲတဲ့အသံပဲဗျ၊ ကျုပ်ဒီမှာ အမြဲတမ်း ဒိုင်းနမိုက်အသေးစားလေးတွေခွဲနေကြဆိုတော့သေချာတယ်။ ဒါပေမဲ့ ဒါအင်မတန်အားပြင်းတဲ့

ဒိုင်းနမိုက်ခွဲသံမျိုး"

"နို့ ဒါက တွင်းဟောင်းကြီးဆို"

"ဟုတ်တယ်လေ၊ ကျုပ်နဲ့ ကျုပ်မိန်းမ ကလွဲလို့ ဒီထဲကို လူတွေခြေမချတာ နှစ်ပရိစ္ဆေတ္တ ကြာကြာလှပေါ့"

"ဒါဆို ဘယ်လိုများ............"

"ဘယ်လိုများ မဟုတ်ဘူး ကိုယ့်ဆရာရေ့၊ဘာကြောင့်များလို့ မေးရမှာ၊ ဒီထဲမှာ သရဲကလွဲလို့ ဒိုင်းနမိုက်ခွဲမဲ့လူ ရောခွဲစရာအကြောင်းရော

မရှိဘူးဗျ"

"ဒါဆိုရှင်ဆိုလိုတာက တစ်စုံတစ်ယောက်ဟာ မိုင်းတွင်းကို တမင်သက်သက် ဖောက်ခွဲပစ်တာပေါ့"
ပက်ထရစ်ရှာ က ဝင်မေးသည်။

"တကယ်လို့များ ကျုပ်တို့အပြင်ပြန်ရောက်ရင်တော့ သိမှာပေါ့လေ" မာကွီးသည်
သူ့ဦးထုတ်ကိုကြမ်းပြင်ပေါ်တွင် လက်ဖြင့်လိုက်စမ်း

ရင်းနောက်ဆုံးတော့ ရှာတွေ့သွား၏။ဦးထုတ်ကိုစွပ်၏။ ခေါင်းဆောင်းမီးကိုဖွင့်၏။
ပြီးတော့ပြုံးပြုံးကြီးပြောလိုက်၏။

"ကဲ ခု လင်းလာပြီ၊ ခုနကထက်ပိုကောင်းသွားပြီ မဟုတ်လား"

မီးအလင်းရောင်အောက်ဝယ် ဖုံမှုန့်တို့သည်အခန်းလေးအတွင်း မြူခိုးပင်လယ်ဝေလျှက်ရှိသည်။
သုံးယောက်စလုံးဖုံတွေတင်နေပုံများ

လူရုပ်ပင်မပေါ်ချင်တော့။ အခန်းထဲမှရုပ်ထုကြီးများလိုဖြစ်နေသည်။

"တကယ်လို့များ ဆိုတာ ရှင်ဘာကို ဆိုလိုတာလဲ မာကွီး" ပက်က စိုးရိမ်တကြီးမေးလိုက်၏။ မာကွီး၏
စကား အသွားအလာကို သူမ

မကြိုက်ချင်။

"ဒါက ကျုပ်မိုင်းတွင်းရဲ့ဘယ်အပိုင်းပြိုသွားသလဲ ဆိုတဲ့ပေါ်မူတည်တယ်ဗျ၊
ခုနေရာရဲ့အောက်ပိုင်းပြိုသွားရင် ဘာမှ

ကြောက်စရာမရှိဘူး။ အဲ အပေါ်ပိုင်းမှာပြိုလို့ကတော့ ကျုပ်တို့ ဒုက္ခ လှလှတွေ့ပြီပေါ့။ ကြာပါတယ်
ခုသွားကြည့်လိုက်မယ်ခဏ နေခဲ့ကြဦးနော်"

ပက်နောက်ထပ် ဘာမှ မပြောနိုင်မီ မာကွီးသည်အခန်းကြမ်းပေါက်မှတဆင့်အပြင်သို့ လျှောကနဲ
လျှိုထွက်သွား၏။

အခန်းထဲမှာမှောင်အတိလွှမ်းမိုးနေပြန်သည်။ အမ်ဗရိုစ်နှင့် ပက်ထရစ်ရှာအတွေးကိုယ်စီဖြင့်
ငြိမ်သက်စွာရပ်နေကြ သည်။ စကားမပြောမိကြ။

ငါးမိနစ်သာသာလောက်တွင်မာကွီး ပြန်ရောက်လာသည်။ မီးရောင်က ဦးထုတ်မှ တဆင့်ထိုးထားသဖြင့်သူမျက်နှာကိုတော့မမြင်ရ။

"ဘယ်ကစပြောရမလဲ၊ အို-ဘယ်ကစပြောပြောသတင်းဆိုးချည်းပဲ။ တွင်းပြိုတာက အပေါ်မှာ၊ ကျုပ်တို့ပိတ်မိနေပြီ။ကယ်ဆယ်ရေးက

ရှင်းလင်းဖို့ ကျုပ်တို့ဆီရောက်ဖို့ ဆိုရင် ဆယ်ရက်လား၊တစ်လလား၊ တစ်နှစ်လား၊ ဘယ်လောက် ကြာမယ်မှန်းမသိတော့ပါဘူး" မာကွီး

အသံသည်ပြောရင်းတိမ်ဝင်သွား၏။ အခြေအနေကတော့ အပျက် အပျက်နှင့် နာခေါင်းသွေးရော၊ နပ်ချေးတွေရော၊ တံတွေး၊ သလိပ်တွေပါ

ထွက်မည့်ကိန်းဆိုက်နေပြီ။ဘာမျှော်လင့်စရာမှ ရှာမရ။ စိတ်ဓါတ် တွေလည်းဂိတ်ဆုံး ကျပေါ့။

အမ်ဗရိုစ်က အားတင်း၏။

"အို သူတို့ ကျွန်တော်တို့ကို ရှာတွေ့မှာပါ။ တစ်ခုပဲရှိတယ်။ အစာငတ် ရေငတ် မဖြစ်ခင် ရှာတွေ့ဖို့ အရေးကြီးတယ်။"

"အစာငတ် ရေငတ်တာက ပြဿနာမဟုတ်ဘူးဆရာရဲ့။နားထောင်စမ်း၊ အောက်မှာ ရေသံကြားလား၊ ရေတွေ တက်လာပြီ။

ခုကိုသုံးပေလောက်မြုပ်နေပြီခင်ဗျ" မာကွီးက စိတ်ပျက်လက်ပျက် အသံကြီးကိုဖုံးကွယ်မနေတော့ပဲ ပြောချ လိုက်၏။

ဒီတော့မှ မာကွီး၏ ဘောင်းဘီရှည်မှာ ဒူးဆစ်အထိ ရေများစိုရွှဲနေသည်ကို ပက်သတိထားမိတော့သည်။

"ဒါဆို ကျွန်မတော့ ဒီ ငရဲခန်းကလေးထဲကနေ လွတ်လမ်းမရှိတော့ဘူးပေါ့"

"ကျုပ်ဒီလို မပြောပါဘူး၊ ဒီအခန်းထဲကို ရေတွေဝင်မလာပဲ ဟိုဘက် လှိုဏ်ခေါင်းထဲကို စီးဝင်သွားဖို့လည်း ဖြစ်နိုင်တာ ပါပဲ"

"ဒါပေမဲ့ ခင်ဗျားလည်းသေချာ မပြောနိုင်ဘူးမဟုတ်လား မာကွီး" အမ်ဗရိုစ်က လေးလေးနက်နက် မေးလိုက်သည်။

"စောင့်ကြည့်ကြတာပေါ့ဗျာ။ နောက်တစ်နာရီနှစ်နာရီလောက်ဆို အဖြေသိရမှာပဲလေ" မာကွီးက ကံကိုယုံ၍ ပုံလိုက်ရသည့်လေသံဖြင့်

ပျော့ပြဲပြဲ အဖြေပြန်ပေး၏။

သေမှာလား၊ ရှင်မှာလား။ ဘာမှ မသေချာ။ ပက်၏မျက်နှာသည် သွေးရောင်မရှိတော့ပဲ ဖြူဖွေးလာ၏။ ဖုံမှုန့်တို့ကပ်ညှိလျက်ရှိသော

နှုတ်ခမ်းအစုံကလည်း တဆတ်ဆတ်တုန်လာသည်။အခန်းကြမ်းပြင်အောက်က ရေတိုးသံကို ပီပြင်စွာကြားလိုက်ရသည့် တခဏမှာတော့သူမ၏

ကျောပြင်ကို သေမင်း၏ အေးစက်သော လျှာဖျားဖြင့် အလျှက်ခံ လိုက်ရသလိုတုန်တက်သွားသည်။ အမ်ဗရိုစ် မျက်နှာသည်လည်း

ဖီးရွက်ခန့်သာကျန်တော့သည်။

"ရေနစ်တဲ့ အရသာဟာ ဘယ်လိုများပါလိမ့်" ပက်သည် သူမ တစ်ကိုယ်တည်း ကယောင်ကတမ်းပြောနေမိသည်။

အချိန်သည် ကုန်ခဲဘိခြင်း။ တစ်မိနစ်ကိုတစ်နှစ်၊ တစ်နာရီကို တစကမ္ဘာလောက်ထင်ရသည်။ ရေသည် အခန်းကြမ်း ပြင်အပေါက်မှတဆင့်

တဖြည်းဖြည်းတက်လာပြီး သူတို့ခြေကျင်းဝတ်သို့တိုင်ရောက်လာပြီ။ကြောက်ရွံ့ထိတ်လန့်မှု ကလည်း သူတို့ လည်ဂုတ်သို့တိုင်တက်လာပြီ။

တစ်ကိုယ်လုံးမြုပ်ခင် ရေအတက်ရပ်သွားပါမည့်အကြောင်း ဆုတောင်းလိုက်ကြသည်မှာလည်း အနတ္တဂ္ဂမ။

မြေမျက်နှာပြင်အောက်ပေပေါင်းတစ်ထောင်အနက်ရှိ ကျောက်သား အခန်းကျဉ်းကလေးတစ်ခု အတွင်းရေနစ်လို့သေရမည်ဆိုခြင်းက

ခြောက်အိမ်မက်တစ်ခုဖြစ်မည်ဆိုလျှင်ပင် လက်သင့်ခဖို့ခဲယဉ်းလွန်းအားကြီးလှသည်။ ဖတ်ဖူးခဲ့သည့် စာအုပ်တွေထဲက ရေနစ်သေပုံအမျိုးမျိုးကို

ကွက်ကွက်ကွင်းကွင်းကို ပြန်လည် အမှတ်ရနေသည်ကလည်းပက်ထရစ်ရှာ အဖို့ ဒုက္ခတစ်ခု။

ယောကျ်ားသားနှစ်ဦးကတော့ကျောက်ရုပ်ကြီးများလို ငြိမ်သက်နေသည်။ မာကွီးသည် မယုံနိုင်လောက်အောင်ဖြစ်နေ ၏။ သိစိတ်နှင့်ရော၊

မသိစိတ်နှင့်ရော၊ ဘယ်ပုံဘယ်နည်း စဉ်းစားစဉ်းစား၊ ဘယ်သူကမှ ဘာအကြောင်းနှင့်မှ သူတို့ကို သေစေ့ချင်စရာ အကြောင်းတစ်စိုးတစ်စိမှ မရှိ။

သူ့မိသားစု ၏ပုံရိပ်လွှာများ တစ်ချပ်ပြီးတစ်ချပ် ဖျတ်ကနဲဖျတ်ကနဲ ခေါင်းထဲတွင်ပေါ်လာသည်။ ဩော်-ဒီလိုနဲ့ဝေးကြရတော့မှာလား... ... ...။

ပက်ထရစ်ရှာသည် သူ့သမီးလေးကိုစိတ်ကူးနှင့်မှန်း၍ မြင်ယောင်ရင်း ရင်ထဲမှာ ဆွဲဆုတ်လိုက်သလို နာကြင်မှု

ကတလိပ်လိပ်တက်လာသည်။ သမီးလေးကို လောကတွင် တစ်ယောက်တည်း အထီးကျန်စွာထားရစ်ခဲ့ရတော့မည်။ လူလားမြောက်သည်အထိ

သူမစောင့်ရှောက်နိုင်စွမ်းမရှိတော့။ဘာမဟုတ်သည့် ကိစ္စတစ်ခုကို အရှုးအနှမ်းသဖွယ် စိတ်ဝင်စားမိသည့်အတွက်မြေအောက်က ဘာမှန်းမသိသည့်

အခန်းအစုတ်ပလုတ်တစ်ခုထဲမှာ ကြွက်စုတ်သဖွယ်ရေမွန်း၍ သေရတော့မည်။ သူမ အလောင်းကိုလည်း ဘယ်သူကမှ

ရှာမတွေ့တော့။တွေးရင်းတွေးရင်း ရင်ထဲဆို့တက် လာသည်။ အားပါးတရ ငိုချပစ်လိုက်ချင်သည်။ သို့သော် မျက်ရည်က ကျမလာ။

စိတ်သက်သာလို သက်သာငြား သူတို့သုံးဦးသည်စကားလက်ဆုံကြဖို့ ကြိုးစားနေကြပြန်သည်။ ရေကဒူးဆစ်ခန့် ရောက်လာသော

အခါရှာကြံဖျစ်ညှစ်ပြောဆိုနေကြသော ဘယာနကစကားဝိုင်းသည် နိဂုံးကပ္ပါတ်အဆုံးသတ်လေ ၏။ ရေပြင်ကို တွေတွေကြီးစိုက်ကြည့်နေကြသည်။

သူတို့ဖာသာ သူတို့ကြည့်ကြည့်၊ မကြည့်ကြည့် ရေက နည်းနည်းမှ ဂရုမစိုက်၊ ကြည့်နေရင်းပင်တင်ပါးမြုပ်တော့သည်။ သောက်ကျိုးနည်း-

အေးလိုက်သည့်ဖြစ်ခြင်း။ အသားကိုရေခဲရိုက်ထားသည် သံမှိုထောင်ပေါင်းများစွာဖြင့် တပြိုင်တည်းအကပ်ခံလိုက်ရသလို

တုန်တက်သွားကြရာသည်။ ပက်ထရစ်ရှာ တစ်ယောက်သွားချင်းရိုက်၍ ခိုက်ခိုက်တုန်ပါလေပြီ။ ဒါ ဟိုက်ပိုသားမီးယားခေါ် ခန္ဓာကိုယ်

အပူချိန်လျော့နည်းခြင်း၏ ပဏာမအဖွင့်တီးလုံးဆိုခြင်းကိုသတိထားမိသွားသော အမ်ဗရိုစ်က ပက်ကို သူ့ရင်ခွင်ထဲထည့်ပြီး နေရာအနှံ့ပွတ်ပေး

နေသည်။ အမ်ဗရိုစ်ကို ကျေးဇူးတင်လှသည်။ အားတင်းထားသည့်ကြားမှအသိစိတ်တို့ ကင်းလွတ်ချင်လာ၏။ မာကွီး၏ ခေါင်းဆောင်းမီး

ဝါကြန့်ကြန့်ကလေးမှ မီးရောင်အားကိုးဖြင့် မဲနက် အေးစက်သည့် ရေပြင်ကို ငေးငေးရီရီစိုက်ကြည့် နေမိသည်။

ရုတ်တရက် ပက် ထအော်လိုက်သဖြင့် ပုရိသနှစ်ဦး လန့်ဖျန့်သွားကြသည်။

"မာကွီး၊ ရှင့်မီး ငြိမ်းလိုက်စမ်း"

"ဘယ်လို၊ ဘာလုပ်ရမယ်.... ....."

"မီးငြိမ်းလိုက်လို့ဆို၊ ကျွန်မ ရေအောက်မှာ တစ်ခုခု တွေ့နေရတယ်"

ဘုရား၊ ဘုရား၊ ဒီမိန်းမရူးများသွားပြီလား။ ရေနစ်သေမလို ဖြစ်နေချိန်မှာ အရူးမကြီးတစ်ယောက်၏တိုက်ခိုက်မှုကို မည်သူမှ မခံလိုကြပါ။

အရူးစိတ်ချမ်းသာလျှင်တိုင်းပြည်အေးချမ်းတယ် ဆိုသကိုး။ မာကွီး မီးပိတ်ပေးလိုက်သည်။ အခန်းတစ်ခုလုံးပိန်းပိတ်အောင်မှောင်သွား၏။

"ခင် ခင်ဗျား ဘာတွေ့တာလဲ" မာကွီးက တုန်တုန်ရင်ရင် ဖြင့်မေးလိုက်သည်။ မတော်လို့ထကိုက်နေမှ ဒုက္ခ၊

"အလင်းရောင်တစ်ခု" ပက်ထရစ်ရှာ ကလေးသံလေးဖြင့် ဖြေလိုက်သည်။

"ကျုပ်တော့ ဘာမှ မမြင်ရဘူး"

"ရှင်မြင်ကို မြင်ရမယ်။ ရေအောက်ကပေါ်လာတဲ့ အလင်းတန်းတစ်ခု" ပြောရင်းဖြင့် ပက်ထရစ်ရှာ စိတ်လှုပ်ရှားလာ သည်။

အသံတွေတုန်လာသည်။

မာကွီးနှင့် အမ်ဗရိုစ်လည်း ဟုတ်လိုဟုတ်ငြား ရေထဲသို့ ပြူးပြဲ ကြည့်ကြပါသည်။ အမှောင် အမဲ မှလွဲ၍ ဘာမှ မတွေ့ကြ။

"ဘုရားစူးရပါစေရဲ့။ ကျွန်မ ရေအောက်မှာအလင်းတန်း တစ်ခု မြင်ကိုမြင်လိုက်တယ်ရှင်"

အမ်ဗရိုစ်က သူမ၏ ကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်ထားလိုက်ရင်း—

"ပက်ထရစ်ရှာ၊ သတိထားဦးမှပေ့ါကွယ်၊ ဒီမှာ ကျွန်တော်တို့က လွဲလို့ ဘယ်သူမှ မရှိဘူးဆိုတာ သိရဲ့သားနဲ့"

"ဟိုမှာ ဟိုမှာ၊ ရှင်တို့ မတွေ့ဘူးလား" ပက်သည် ရေအောက်ထဲသို့ လက်ညှိုးထိုးပြ၍ မျက်လုံးမျက်ဆံ ပြူးကာ အော်ဟစ်နေလေသည်။

မာကွီးက ရေအောက်သို့ သူ့ခေါင်းကို နှစ်လိုက်ပြီး မျက်လုံးများဖွင့်ကြည့်လိုက်သည်။ ဘုရားရေ.............

တကယ်ပဲ လှိုဏ်ခေါင်းဆီမှ အလွန်ဖျော့တော့သော အလင်းရောင်တစ်ခု သူတို့ဆီသို့ဦးတည်၍ လာနေသည်ကို တွေ့လိုက်ရသည်။

အလင်းရောင်က ပို၍ပို၍အားကောင်းစူးရှလာသည်။ မာကွီး ပါးစပ်ထဲ ရေတွေဝင်ကုန်သည်။ သူခေါင်းကိုအမြန်ဖော်၍

ဝူးဝူးဝါးဝါးအော်ဟစ်တော့သည်။

"သွားပြီ၊ သွားပြီ၊ကျုပ်တို့တော့သွားပြီ၊ ဘယ်သူမှ မရှိတဲ့ မြေအောက်ထဲမှာရေနစ်လို့သေခါနီးဆဲဆဲ မိုင်းတွင်းသရဲ ကလာခေါ်နေပြန်ပြီ၊

အဲဒါ နာမည်ကျော်နိဗ္ဗာန်ဘုံ မိုင်းရဲ့ တစ္ဆေကြီးဗျ၊ အမလေး ဘာတွေဖြစ်ကုန်တာလဲဗျာ"

သူတို့သုံးယောက်မှာ လှုပ်ရှားဖို့ရန်အင်အားမရှိကြတော့၊ ရေအောက်မှ တဖြည်းဖြည်းတက်လာသော မာကွီးပြောသည်

တစ္ဆေကြီး၏အလင်းရောင်တန်းကို စူးစိုက်ကြည့်နေကြဖွသို့ ၁ တတ်နိုင်ကြတော့သည်။ မာကွီးကသူ့ဦးထုပ်မှ မီးလုံးကို ပြန်ဖွင့်လိုက်သည်။

ရေအောက်မှ အလင်းရောင်သည်အခန်းကြမ်းပေါက်မှတဆင့် အခန်းတွင်းသို့ရောက်လာသည်။ ရုတ်တရက်ထိုအလင်းရောင်နောက်မှ

အမည်းရောင် ကိုယ်လုံးကြီးတစ်ခု ရေပေါ်သို့ဘွားကနဲပေါ်ထွက်လာတော့ သည်။

အား.................................................

သုံးယောက်သား ရှိသမျှ သံကုန်ခြစ်၍ကုန်းအော်လိုက်ကြသည်မှာ မြေကြီးပင်သိမ့်သိမ့်တုန်သွားသလား အောက်မေ့

ရသည်။ကြည့်နေရင်း ထိုအမည်းရောင် ကိုယ်ခန္ဓာကြီးမှ လက်တစ်ဖက်ထွက်လာသည်။ ပြီးတော့ခေါင်းဆောင်းမီးကို ချွတ်၊ မျက်နှာဖုံးနှင့်

အောက်စီဂျင်ဘူးကိုချွတ်လိုက်သည်။ မာကွီး၏ မီးရောင်အောက်တွင် သွားများပေါ်အောင် ပြုံးနေသောမျက်နှာတစ်ခုပေါ်လာသည်။

မျက်လုံးများက မြသားရောင်နယ် စိမ်းရောင်လွင်လျှက်၊လူတစ်ယောက်။

ပြီးတော့ ထိုလူက ခပ်မြူးမြူး လေသံဖြင့် ကြောင်ငေးကြည့်နေသော သူတို့ကို စကားစပြောလေသည်။

"ဟယ်လို၊ ကြည့်ရတာ ကျွန်တော် တကယ့်ကို အချိန်ကောင်း အခါကောင်းမှာ ရောက်လာတာနဲ့တူတယ်နော့"

ကြောက်ရွံ့ထိတ်လန့်ခြင်းကြောင့် လည်းကောင်း၊ ရေခဲတမျှအေးစက်သော ရေ၏အထိအတွေ့ကြောင့် လည်းကောင်း

ထိုမျက်လှည့်ပြသည့်နယ် ထူးဆန်းအံ့ဩဖွယ်လူတစ်ယောက်ရေထဲမှ ဘွားကနဲပေါ်လာခြင်းကို ကိုယ်ရောစိတ်ပါ ထုံထိုင်းနေသောပက်ထရစ်ရှာ

တစ်ယောက် အံ့ဩနိုင်စွမ်းပင်မရှိတော့လောက်အောင် ကြောင်ငေးနေမိ၏။

အမ်ဗရိုစ် နှင့် မာကွီးသည်လည်း ပါးစပ်အဟောင်းသား။ ဘာစကားမှမပြောနိုင်ပဲရုတ်တရက် ဆွံ့အနေကြသည်။ အတော်ကြာမှ ရေထဲမှ

ဆိုင်းမဆင့်ဗုံမပါပေါ်လာသောဤသတ္တဝါသည် မြေကမ္ဘာမှ လူသားတစ်ယောက်ဖြစ်ပြီး သူတို့ကို အန္တရာယ် တွင်းမှကယ်တင်ရန် အမှန်တကယ်

ပေါ်ပေါက် လာခြင်းဆိုသည်ကို သူတို့၏ဦးနှောက်များကတဖြည်းဖြည်း လက်ခံ နိုင် လာကြသည်။ သည်တော့လည်း

အကြောက်အလန့်တွေလွင့်ပါးပြီး ပျော်ရွှင်စရာ မျှော်လင့်ချက်တွေ တဝေဝေနှင့် ဖြစ်လာကြ ပြန်သည်။

"ခင်ဗျားက ဘယ်လိုကနေဘယ်လို ဒီထဲရောက်အောင်ဝင်လာနိုင်တာလဲ" မာကွီးက စိတ်လှုပ်ရှားစွာဖြင့်မေးလိုက် သည်။

"ခင်ဗျား နိဗ္ဗာန်ဘုံမိုင်းတွင်းနဲ့ ကပ်ရက်က ဘူကေးနီးယားမိုင်းတွင်းထဲကနေ ရေကူးလာတာပေ့ါဗျ"

သူစိမ်းက မိတ်ဆွေအိမ် အလည်လာသော ဧည့်သည်လေသံဖြင့် ပေ့ါပေ့ါပါးပါးဖြေလိုက်ရင်း သူ့ကိုယ်တွင်တပ်ဆင်

ထားသောရေငုပ်မီးသီးမှ မီးရောင်တန်းကြောင့်ထင်းထင်းကြီးပေါ်နေသည့် မဟူရာရောင်အောပ့်ဆီဒီယမ် ကျောက် အရိုးခေါင်းကိုမြင်သွား၏။

"ဒါဘာအခန်းလဲ၊ မြေအောက် ကရေးဟောင်းပြတိုက်များလား"

"မဟုတ်ဘူးရှင့်၊ ဒဏ္ဍာရီထဲကအခန်းတစ်ခန်းပါ။ ခု-မရဏခန်းဖြစ်တော့မလို့ပဲ" ပက် ကဝင်ပြောလိုက်၏။

သူအတော်အကြောက်ပြေသွားပြီ။ အသံက ပုံမှန်အတိုင်း။

"နေဦးဗျ၊ ခင်ဗျားကို ကျွန်တော်မှတ်မိပြီ။ ဒီမနက်ပဲ ကျွန်တော်တို့ စကားပြောခဲ့ကြဖူးတယ်လေ။ ခင်ဗျားကအမျိုးသား အဏ္ဏဝါဗေဒ

အေဂျင်စီ အဖွဲ့ကမဟုတ်လား" အမ်ဗရိုစ်က သူစိမ်းကိုမှတ်မိသွားသည်။

"ဒေါက်တာ အမ်ဗရိုစ် မဟုတ်လား။ တွေ့ရတာ နောက်ထပ်တစ်ခါ ဝမ်းသာပါသဗျာ" သူစိမ်းသည် မိုင်းတွင်းပိုင်ရှင်ဖက် သို့ လှည့်ပြီး-

"ခင်ဗျားက နိဗ္ဗာန်ဘုံ ပိုင်ရှင်သူဌေးကြီး လူးဝစ် မာကွီးထင်တယ်။ စိတ်ချ ကျုပ်ခင်ဗျားအိမ်ကို ညစာ စားချိန်မတိုင်ခင်

ရောက်အောင်ပြန်ပို့ပေးမယ်"

နောက်ဆုံး ပက်ကို စူးစူးရဲရဲ ကြည့်ပြန်၏။

"ဒီဖက်က အချောအလှ လေးကတော့ ဒေါက်တာ အိုကွန်းနဲလ်ထင်ပဲ့"

"ရှင် ကျွန်မကို ဘယ်လိုလုပ်သိတာလဲ" ပက် အမှန်တကယ်ပင် အံ့သြသွား၏။

"မာကွီး ကတော်က ပြောပြလိုက်လို့ပါ"

"ရှင်ဒီထဲရောက်အောင် ဘယ်လိုဝင်လာတာလဲဟင်" ပက် က လူစိမ်းအား ငေးမောရင်း မေးလိုက်၏။

"တိုတိုပဲ ပြောမယ်။ နင်းတောင်ပြိုလို့ခင်ဗျားတို့ မိုင်းတွင်းဝင်ပေါက်ပိတ်သွားတာကို ရဲဌာန ကနေသိသိခြင်းကျုပ်တို့ အသုံးလုံး အဖွဲ့

(အမျိုးသား အဏ္ဏဝါဗေဒ အေဂျင်စီ) ဘူကေးနီးယားမိုင်းမှာ အလုပ်လုပ်နေကြတာမို့ ခင်ဗျားတို့နဲ့ အနီးဆုံးဖြစ်နေတယ်။နောက်တစ်ကြိမ်

ပေါက်ကွဲသံ ကြားပြီး ရေတွေ ဒလဟောတက်လာတော့ခင်ဗျားတို့ကို ကယ်ဖို့ဆိုရင် လှိုဏ်ဂူထဲကနေ ရေငုပ်လာဖို့ပဲ ရှိတော့တာပေါ့။ဒါနဲ့ပဲ

ကယ်မလား စဉ်းစားကြတယ်။ ကယ်မယ်လို့ အားလုံးသဘောတူ ဆုံးဖြတ်ချက်ချလိုက်ကြတော့ ကျုပ်မရောက်ရောက်အောင်

လာရတော့တာပေါ့ဗျာ။"

"ဘူကေးနီးယားကနေ ဒီကို ဆိုတော့ ခင်ဗျား အနည်းဆုံးမိုင်ဝက်လောက် ရေကူးလာရတာပေါ့" မာကွီးက အံ့သြ တကြီး မေးပြန်သည်။

"အတော်ကြာကြာလမ်းလျှောက်လာပြီးနောက်ဆုံးရေမြုပ်တဲ့ အပိုင်းရောက်မှ ရေငုပ် လာတာပါ။ ဒါပေမဲ့

ရေကကျွန်တော်ထင်တာထက်ပိုများတယ်။ အစားအသောက်နဲ့ ဆေးတွေ ထည့်ထားတဲ့အိတ်လည်းရေထဲမျောသွားပြီ။"

"ဒဏ်ရာတွေ ဘာတွေများရသွားသေးလား"ကယ်တင်ရှင်ကြီးအား ပက်က စိုးရိမ်တကြီး မေးလိုက်သည်။ ဟုတ်သည် လေ၊ဒီအချိန်မှာ

ဒင်းဘေးမသီ ရန်မခ ရှိဖို့က အသက်တမျှ အရေးကြီး သည်ကိုး။

"နည်းနည်းပါးပါး ပွန်းပဲ့ရုံလောက်ပါပဲ"

"ဘာပဲ ပြောပြော၊ ခင်ဗျား ကျုပ်တို့ရှိတဲ့နေရာကို တန်းတန်းမတ်မတ် ရောက်လာတာကတော့ အံ့တစ်ပါးပဲဗျာ" မာကွီးကခုထိ

မယုံနိုင်သေးသလို ပြောလိုက်၏။

လူစိမ်းက အစိမ်းရောင်အစက်အပြောက် ကလေးများ ခန်ပေါက် မြူးတူး နေသော မော်နီတာ ဖန်သားပြင်ပါ ကိရိယာ လေးတစ်ခုကို

ထုတ်ယူလိုက်၏။

"ဒီ တယ်လူရိုက်တောင်ကြောတစ်လျှောက်မှာရှိသမျှ မိုင်းတွင်း လိုဏ်ခေါင်းမှန်သမျှကိုပရိုဂရမ် ထည့်ထားတဲ့ ရေအောက် ကွန်ပြူတာပါ။

ခင်ဗျားတို့ တွင်းကပြိုကျပြီး ပိတ်သွားတော့ အောက်ကနေ ဝင်ပေါက်ကို လှည့်ပါတ်ရှာနေ တုန်းမီးအလင်းရောင်မြင်ရလို့ ခုလို တန်းတန်းမတ်မတ်

ရောက်လာနိုင်တာပါ"

"ဆိုတော့ မြေပေါ်ကလူတွေ တစ်ယောက်မှ ကျုပ်တို့ တွင်းပြိုပြီး ပိတ်မိနေတာကို မသိကြဖူးပေါ့"

"သိတယ်ဗျ၊ ကျုပ်တို့ အသုံးလုံးက လူတွေအကြောင်းကြားထားပြီးပြီ"

မာကွီးနှင့် ပက်တို့ကစိတ်ဓါတ်တက်ကြွနေသော်လည်း
ဒေါက်တာအမ်ဗရိုစ်ကတော့စိတ်ပျက်လက်ပျက်ဖြစ်နေပုံရ၏။ သူ့မျက်နှာကလည်း

အပြင်းအထန် နေမကောင်းဖြစ်နေသူကဲ့သို့ ဖြူဖတ် ဖြူရော်ဖြစ်နေသည်။ သူအသံပင် သိပ်မထွက်
နိုင်တော့။လူစိမ်းကို ခပ်တိုးတိုးပင် မေးနိုင်သည်။

"ဒါနဲ့ ခင်ဗျားမှာ အဖော်ပါလာသေးလား"

လူစိမ်းက ခေါင်းခါပြသည်။ "ကျွန်တော်တို့မှာ ကျန်တဲ့ အောက်စီဂျင်က နစ်ဗူးထဲရယ်။ အဖော်ခေါ်ဖို့
အခြေအနေမပေး ဘူး"

"ဒါဆို ခင်ဗျားအလကားအချိန်ဖြုန်းသလို ဖြစ်နေပြီပေါ့။ ခုကျွန်တော်တို့ သုံးယောက်ကို
ကယ်နိုင်ဖို့ဆိုတာ———"

"ကယ်နိုင်ပါတယ်၊ စိတ်မပူပါနဲ့" အမ်ဗရိုစ်၏ စကားကို လူစိမ်းက ပေ့ါပေ့ါပါးပါးပင်ပြန်ဖြေလိုက်သည်။

"မဟုတ်သေးဘူးလေ။ ခင်ဗျားရဲ့ နစ်လုံးတွဲအောက်စီဂျင်ဘူးက ကျွန်တော်တို့ လေးယောက်စလုံး
မြေပြင်ပေါ်

ရောက်ဖ့ဖို့ လအလုံအလောက်ပေးနိုင်မှာလား၊ ပေးနိုင်တယ် ထားဦး၊ ပိုက်တစ်ခုထဲက
လေကိုလူလေးယောက်ဘယ် လိုရှူမလဲဗျ။

ရှူလို့ရတယ်ထားဦး၊ ရေအောက်မှာ ယက်ကန်ယက်ကန်နဲ့ရေနစ်သေဖို့၊ ခန္ဓာကိုယ်အပူချိန်ကျပြီး
ဟိုက်ပို သားမီးယားနဲ့သေဖို့ရှိသေးတယ်"

"ဒေါက်တာ့ ခန့်မှန်းချက်တွေကရေပက်မဝင်လောက်အောင်ပါပဲဗျာ။ ဟုတ်ပါတယ်၊
တစ်ခါတည်းနဲ့တော့ ခင်ဗျားတို့သုံးယောက်စလုံး

ကျွန်တော်ခေါ်မသွားနိုင်ပါဘူး။ တစ်ကြိမ်ကိုတစ်ယောက်ပဲခေါ်နိုင်မယ်"

"သွားလိုက်၊ ပြန်လိုက်လုပ်ဖို့ခင်ဗျားမှာ အချိန်မရှိတော့ဘူးလေ။ နောက်တစ်နာရီ ကြာရင် ဒီအခန်း တစ်ခုလုံး ရေအောက်

ရောက်လောက်ပြီ"

"ကျွန်တော် ရအောင်ခေါ်မှာပါ၊ ခင်ဗျားတို့အားလုံး အ-သက်-ရှင်-စေ-ရ-မယ်"

တစ်လုံးချင်းပြောလိုက်သော လူစိမ်း၏စကားမှာ မာန်ပါလှသဖြင့် သူတို့သုံးဦးစလုံး အားအင်တွေ ပြည့်ဖြိုး လာသလိုခံစားလိုက်ရသည်။

မြစိမ်းရောင် တဖျတ်ဖျတ် လက်နေသော သူ့မျက်လုံး များကအမှန်ကိုပြောနေကြောင်းအာမခံချက် ပေးနေသလိုထင်ရ၏။ အမ်ဗရိုစ်

သက်ပြင်းချလိုက်သည်။

"ဒါဆိုလည်း ပက်ထရစ်ရှာကို အရင်ခေါ်သွားပါ"

လူစိမ်းကနှုတ်ခမ်းထောင့်စွန်းလေးတွန့်ကာပြုံးလိုက်သည်။ ပြီးတော့ ဦးခေါင်းကိုဟန်ပါပါညွှတ်၍ အမ်ဗရိုစ်အား အရို

အသေပေးလိုက်သည်။ တကယ်လုပ်နေတာလား၊လှောင်နေ တာလား ဝေခွဲ၍မရ။

"လူကြီးမင်း ရဲ့မြင့်မြတ်တဲ့စိတ်ဓါတ်အတွက် ကျွန်တော်ဂုဏ်ယူပါတယ်ခင်ဗျား၊ ဒါပေမဲ့ကျွန်တော်တို့ အခု တိုက်တန်းနစ် ပေါ်က

အသက်ကယ်လှေတွေ မချရသေးဘူး"

"ကဲပါ၊ ကျုပ်တောင်းပန်ပါတယ်" မာကွီးအသည်းယားလာ၏။ ဒီအချိန်ကြီးမှာ နောက်ပြောင် နေနိုင် လောက်အောင်

သွေးအေးလွန်းလှသည့် ထိုလူကိုလည်း အံ့အားသင့်မိသည်။ "ရေက တဖြည်းဖြည်းတက်လာပြီ၊ ဒေါက်တာ အိုကွန်းနဲလ် ကိုခေါ်သွားပါတော့"

"ဒီလိုလုပ်လို့ လူကြီးမင်းများ ဖရဏာပီတိဂွမ်းဆီထိသလို ဟာဒယနလုံးကို ရွှင်ပြုံးစေမယ်ဆိုရင် လူကြီးမင်းများရဲ့အမှုတော်ကို

ခုချိန်ကစပြီး ကျွန်တော်မျိုး ဦးလည်မသုန် ထမ်းဆောင်ပါတော့မယ်ခင်ဗျား"

လူစိမ်းသည် ပက်ထရစ်ရှာ၏ လက်ကလေးကိုကပွဲရင်ပြင်သို့ဆွဲယူတော့မည့်နယ် ယုယ ယဉ်ကျေးစွာ လှမ်းကိုင်လိုက် သည်။ခုထိ

ပြဇာတ်က သလိုလုပ်နေသော ထိုသူ့ကို ကြည့်၍ ပက်တစ်ယောက် ငိုရမလို၊ရယ်ရမလိုဖြစ်နေသည်။

"ခင်ဗျား ရေငုပ်ဖူးသလား" ချက်ချင်းဆိုသလို ပက်ထရစ်ရှာ ခေါင်းကို သွက်သွက် လက်လက်ကြီး ခါပြလိုက်သည်။

"ခင်ဗျားတို့ နှစ်ယောက်ရော" အမျိုးသားနှစ်ယောက်ကို မေးပြန်သည်။

"ကျွန်တော် ကောင်းကောင်းငုပ်ဖူးတယ်""ကျုပ်ကတော့ ရေကူးတတ်ရုံပဲ" အမ်ဗရိုစ်နှင့် မာကွီးက အဖြေမှန်မပေး

လျှင်ဆရာရိုက်မည်ကို ကြောက်သည့် မူလတန်း ကျောင်းသားလေး နှစ်ယောက်ကဲ့သို့ ရှေ့ဆင့် နောက်ဆင့် သွက်လက်စွာ အဖြေပေး ကြ၏။

လူစိမ်းသည် ကင်မရာနှင့် စာအုပ်ကို ရေလုံပလတ်စတစ်အိတ်ထဲသို့ထည့်နေသော ပက်ဖက်သို့ လှည့်၍-

"ရေထဲရောက်ရင် ခင်ဗျားက ကျွန်တော့်ဘေးကအလိုက်သင့် မျှောလိုက်ခဲ့ပါ။ လေရှူပိုက်ကို တစ်ယောက်တစ်လှည့် ရှူကြမယ်။

ဒီအခန်းထဲက ထွက်တာနဲ့ ကျွန်တော့် ခါးပါတ်ကို မြဲမြဲကိုင်ထား၊အကြောက်လွန်ပြီး ရေအောက်လဲ ဆွဲမချ လိုက်နဲ့ဦး" ဟု မှာကြားပြန်သည်။

"ကဲ လူကြီးမင်းနှစ်ယောက်၊ကျွန်တော်တို့သွားမယ်။ သေမယ်ဆိုတဲ့ အတွေးလေးတွေ ခေါင်းထဲကထုတ်ထားစမ်းပါ။ကျွန်တော်

ဆယ့်ငါးမိနစ်အတွင်းပြန်လာခဲ့မယ်။"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဒီထက် မြန်မြန်လေးပြန်လာနိုင်ရင် ပိုကောင်းမယ်ဗျ၊ ရေက နောက်မိနစ် နှစ်ဆယ်အတွင်း

ကျုပ်တို့ခေါင်းပေါ်ရောက်တော့မှာ" မာကွီး၏ စကားကို လူစိမ်းက-

"ဒါဆိုလည်း ခြေဖျားထောက်နေကြပေါ့ဗျာ"ဟုပြန်ပြောရင်း ပက်ထရစ်ရှာ၏ ကိုယ်လုံးလေးကို လက်တစ်ဖက်က ကိုင်လျှက်မဲနက်သော

ရေပြင်အောက်သို့ လျှောဝင်နစ်မြုပ်သွားတော့သည်။

လှိုဏ်ခေါင်းက မဲမှောင်ဘိခြင်း။ ဖွေးကနဲဖြာထွက် သွားသော မီးရောင် အောက်ဝယ် ရေက လှိုဏ်ခေါင်း အမိုးနားထိ တက်နေသည်ကို

တွေ့ကြ ရသည်။ လူစိမ်းက သူ့ကွန်ပြူတာ အသေးစားလေး၏ စကရင် ပေါ်ရှိလှိုဏ်ခေါင်းများ တည်နေရာကို ပြသည့် အစိမ်းရောင် မျဉ်းကြောင်း

များကိုအသေအချာ ကြည့်ပြီး ခြေထောက် များကို လှိုဏ်ခေါင်း နံရံကို အားပြုတွန်းကန်ရင်း ရေအောက် မြုပ်နေသည့် လှိုဏ်ခေါင်းတစ်လျှောက်

စတင် ကူးခတ်တော့သည်။ ပက်လည်း သူ့နောက်မှ ဖဝါးခြေထပ်၊ ထပ်ချပ်မကွာ။

အတော် ခရီးရောက်တော့ နောက်သို့လှည့်ကြည့်မိသည်။ မီးအလင်းရောင် အောက်ဝယ် ပက် သည် သူမ၏ မျက်လုံးများ ကိုစုန်းစုန်း

ပိတ်၍ သူ့ခါးပါတ်ကို ဘိုးဘွားပိုင် ပစ္စည်းသဖွယ် အတင်းဆုတ်ကိုင် ထားသည်။ လေရှူပိုက်ကို တစ်ယောက် တစ်လှည့် ပေးလိုက် ယူလိုက်ရှူနေကြ

သော်လည်း မျက်လုံးများကား လုံးဝ မဖွင့်။

လူစိမ်းသည် သူသုံးနေကြ မာ့ခ်တူးအမျိုးအစား တစ်ခေါင်းလုံးစွပ်သော ခေါင်းစွပ် ပါသည့် အကောင်းစား ရေငုပ်ဝတ်စုံကို မသုံးပဲ ပေါ့ပါးပြီး

လေရှူပိုက်ကို အလွယ်တကူ ချွတ်၍ တတ်၍ ရသောမျက်နှာ တစ်ဝက်သာ ဖုံးသည့် ယူအက်စ် ရေငုပ် ဝတ်စုံကို ဝတ်ရန် ဆုံးဖြတ်ခဲ့မိခြင်းကို

အကျေနပ်ကြီး ကျေနပ် နေမိသည်။ မာခ့်တူး ရေငုပ်ဝတ်စုံ ဆိုပါကခေါင်းစွပ်နှင့် လေရှူပိုက် တစ်ခါတည်း ဆက်ထား၍ တစ်ယောက်တစ်လှည့်

ရှူဖို့ဆို့သည်က ဝေးစွ ခြောက်ပါး။

ရေက သေလုအောင် အေးလှသည်။ ပက်ထရစ်ရှာတစ်ကိုယ်လုံး တုန်နေ သည်ကို သနားစဖွယ် တွေ့ရသည်။ သူကတော့

ယူအက်စ်ရေငုပ်ဝတ်စုံ အောက်မှ ဒီယူအိုင် နော့စ်မန်း ကိုယ်ကျပ် ဝတ်စုံကြောင့်နွေးနွေးထွေးထွေး ရှိနေဆဲ။

ရေက နောက်ကျိ လွန်းလှသဖြင့် အင်မတန်အားကောင်းသော ဟေလိုဂျင် ရေအောက် မီးပင် အလင်း မပေါက်ချင်။ ရှေ့ကို

ဆယ်ပေခန့်သာ မြင်ရ၏။ သူတို့ ဖြတ်သန်း လာခဲ့သည့် လမ်းတလျှောက်မှ ပြမ်းထောက်ကြီးများကို ရေတွက် မှတ်သား လာခဲ့သည်။

ရုတ်တရက် လှိုဏ်ခေါင်းသည် တစ်ဆစ်ချိုးကွေ့သွား သည်ကို မြင်လိုက်သည်။ စဉ်းစားဖို့ အချိန်မရခင် မှာပင် ရေစီးကသူတို့ကို တရကြမ်း

ဆွဲခေါ် သွားရာ ကမ္ဘာဦးက ရှိခဲ့သော ရေသတ္တဝါကြီးတစ်ကောင်ကောင်က ဆွဲစုပ် လိုက်သလို ဒရော သောပါး မျောပါ သွားကြပြီးအခန်းကျယ်ကြီး

တစ်ခုတွင်း ရောက်သွား၏။ နောက် နှစ်မိနစ် ကြာသော် သူတို့နှစ်ယောက်လုံး မြေပေါ်သို့ ရောက်ကြသည်။ နေရာအနှံ့ မှောင်မဲ

အေးစက်တိတ်ဆိတ်လျှက်။ မီးကို အပေါ်သို့ မြှောက်၍ ထိုးကြည့်သည်။ ပေလေးဆယ်ခန့်အမြင့်တွင် နိဗ္ဗာန်ဘုံ မိုင်းတွင်း၏ အထက်အဆင့်သို့

တက် သောလှိုဏ်ခေါင်းတစ်ခု။

ပက်သည် မျက်နှာပေါ်ဝဲကျနေသော ရေစိုနေသည့် ဆံနွယ်တို့ကို လက်ဖြင့် သပ်၍ ရှင်းလင်းရင်း သူ့အား မျက်လုံးပြူးကြည့် နေသည်။

သူမ မျက်လုံးတွေလည်း သူ့လိုပင် စိမ်းလဲ့ နေမှန်း သတိထားမိလိုက်သည်။

"အဟွတ်- အဟွတ်- ကျွန်မတို့ —လွတ်ပြီလား"အသက်ကို မဟားတရား ရှူရင်း၊ ချောင်း တဟွတ်ဟွတ် ဆိုးရင်း၊ ရေတွေ

ထွေးထုတ်ရင်းက ပလုံးပထွေး စကားပြော နေသည်။ "ဒါဘယ်နေရာတုန်း"

ကွန်ပြူတာကို ကြည့်ရင်း သူပြန်ဖြေ၏။

"ဟုတ်တယ်၊ ဒါ လမ်းကြောင်းမှန်ပဲ၊ ခင်ဗျားဒီကနေတဆင့် အပေါ် ရောက်အောင် တက်သွား နိုင်ရင် မြေပေါ်ရောက်ပြီ"ပြောပြောဆိုဆို

ပက်ထရစ်ရှာ၏ လက်ကို ဆွဲ၍ သံချေးတွေ အလိပ်လိပ် တက်နေသောလှေကားကို ကိုင်ခိုင်း လိုက်သည်။ သံလှေကားက ယိုင်နဲ့နဲ့။ ပေ

လေးဆယ်ထိဒီလှေကားမှ တဆင့် တက်ရမည်မှာ သိပ်တော့ မလွယ်။

"ခင်ဗျား ကိုယ့်ဖာသာကိုယ် တက်နိုင်ပါ့မလား"

"အို၊ ဒါလေးများ" ပက် အူမြူးနေသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူမ အသက်ရှင်ခွင့် ရဖို့ရန် အတော် သေချာ နေပြီ မဟုတ် လား။

"ဒါလေး မများနဲ့၊ လှေကားထစ်တွေက သံချေး တစ်ဝက်လောက် စားနေပြီ။ လှေကား အလယ်ကို မနင်းမိအောင် သတိထား၊

လက်အားကို သုံးပြီးတက်၊ ကြားလား"

"ရတယ်၊ ရတယ်၊ ဒီလောက်ထိ ရောက်လာ ပြီးမှတော့ ကျွန်မ မလုပ်နိုင်စရာ အကြောင်း မရှိဘူး၊ စိတ်သာချ"

"ကောင်းပြီ။ ဒါလေးယူသွားပါ" ဗျူတိန်းဓါတ်ငွေ့မီးခြစ် သေးသေးလေး တစ်လုံး ကမ်းပေးလိုက်သည်။ "အပေါ်ရောက်ရင်သစ်သားတွေ

ရှာပြီး မီးပုံကြီးကြီး ဖို့ထားပါ။ ခင်ဗျား ရေထဲမှာအကြာကြီးနေခဲ့ရတာ။ ကျုပ် ဟိုလူနှစ်ယောက်ကို သွားခေါ်ပြီးရင် ပျော်ပျော် ပါးပါးမီးလှုံကြတာပေါ့"

ပြောပြောဆိုဆို သူက ရေငုပ်ဝတ်စုံကို ပြန်ဝတ်နေသည်။

"ရှင် ဟိုကို ပြန်သွားဦးမှာလား"

"ဒါပေါ့ဗျ၊ သူတို့နှစ်ယောက်လုံး ကျုပ်ကယ်ခဲ့မယ်၊ မပူပါနဲ့၊ အချိန်ရှိပါသေးတယ်"

"ရှင် ဘယ်သူဆိုတာ ကျွန်မ ခုထိ မသိရသေးဘူးနော်"

"မိတ်ဆက် နေကြဖို့ အချိန်မှ မရပဲကိုးဗျ၊ ကျုပ်နာမည် ဒတ်ပစ် ပါဗျာ"

ပက်ထရစ်ရှာကို လက်ဖဝါးနှုတ်ဆက်ပြီးနောက် ထို ဒတ်ပစ် ဆိုသော သင်္ဘောင့်သားသည် မဲနက်နေသောရေအောက်သို့ ဝင်ရောက်

ပျောက်ကွယ် သွားပြန်တော့သည်။

ရေက အမ်ဗရိုစ် နှင့်မာကွီး တို့၏ပခုံးစွန်းကို တိုက်နေပြီ ဖြစ်သည်။ ရေနှင့်အတူ ဘယာနက ရသတွေက တွဲလျှက်ပါလာသည်က

ဆိုးလှသည်။ ဒီနေရာမှာပဲ ခေါင်းချ ကြရတော့မည်လား။ သို့သော်လည်းလူနှစ်ကိုယ်၊ အမြင်ကနစ်မျိုး၊ အမ်ဗရိုစ်က သူ့ကိုပွေ့ဖက်လာသော မရဏ

သေမင်း၏မေတ္တာတော် ရင်ငွေ့လှုံရန် အသံတိတ်စဉ်းစားနေချိန်တွင် မာကွီး ကတော့နောက်ဆုံးသူ့အဆုပ်တွေ ပေါက်ကွဲကုန်သည် အထိ တတ်နိုင်

သလောက် ရေငုပ်သွားပြီး ထွက်ပေါက် ရှာရန် စဉ်းစား နေသည်။

"သူ ပြန်လာဦးမယ်လို့ ဆရာထင်လား" မာကွီးက အက်ကွဲကွဲ အသံဖြင့် မေးလိုက်သည်။

"မထင်ပါဘူးဗျာ၊ အချိန်မှ မရပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် တို့ကို မျှော်လင့်ချက်လေး ပေးသွားတာ ပိုကောင်းတယ်လို့သူ ထင်နေပုံ

ရတယ်။ ဒါကြောင့် ပြန်လာခဲ့မယ် ပြောတာပေါ့"

"အင်း ရီတော့ ရီစရာပဲ၊ ကျုပ် သူ့ကို စိတ်ထဲက ယုံနေမိတယ်။"

"အေးပေါ့ဗျာ၊ စောင့်ကြည့်ကြသေးတာပေါ့"

ထိုစဉ် ရေအောက်မှ ပေါလိုဂျင် ရေငုပ်မီးအလင်းရောင်ကိုမြင်လိုက်ကြရသည်။ နောက်တော့ ပစ်၏ဦးခေါင်းပေါ်လာ သည်။

"ဘုရားသခင် ကျေးဇူးတော် ပါပဲ။ ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ" မာကွီး အသံက စိတ်လှုပ်ရှားမှုကြောင့် တုန်ရီလျှက်။

"ပက်ထရစ်ရှာ ရော" အမ်ဗရိုစ်က ဝင်မေး၏။

"ဘေးမသီ၊ ရန်မခ၊ ကျန်းမာ ပကတိ၊ ချမ်းသာ အတိ နဲ့ခုလောက်ဆို ခင်ဗျားတို့ဖို့ မီးမွှေးနေလောက်ပြီ"

မာကွီး အခြေအနေကြည့်ရသည်မှာ မဟန်၊စကားတွေ ပလုံး ပထွေးနှင့် ဝိုက်မြည်းစ ပြုလာသည်မှာ ခန္ဓာကိုယ် အပူချိန်လွန်ကဲစွာ

ဆုံးရှုံးနေသည့် လက္ခဏာများဖြစ်သည်။ အမ်ဗရိုစ်က သူ့ထက် အများကြီးအခြေအနေ ကောင်းသေးသည်။

ပစ် ဆုံးဖြတ်ချက် အမြန်ချရသည်။ "မစ္စတာ မာကွီးကို အရင် ခေါ်သွားပါ့မယ်"

"ရေအောက် မြုပ်သွားရင် ကျုပ် အကြောက်လွန်ပြီး သေများ သွားမလားမသိဘူး"

"ပော့လူ၊ ဝီကီကီ ကမ်းခြေမှာ ရေလှော လျှောစီးနေတယ်လို့ သဘောထားလိုက်စမ်း" ပစ်က မာကွီး၏ လက်မောင်းကို ကိုင်ထားရင်း

ရေထဲသို့စဆင်းသည်။

"ကဲ သွားကြ၊ သွားကြ၊ ကံကောင်းကြပါစေဗျာ" အမ်ဗရိုစ်က လှမ်းပြောလိုက်သည်။ သူ့လေသံက အံ့ဩစရာ ကောင်း လောက်အောင်

တည်ငြိမ်လျှက်။

သည်တစ်ကြိမ် ရေအောက်ခရီးသည် ပထမအကြိမ်ကထက် ပိုမိုအဆင်ပြေချောမွေ့လျှက် ရှိသည်။ ရေကြောက်သော

မာကွီး၏ခန္ဓာကိုယ်ကြီးကို တွဲလျှက် ဒတ်ပစ်သည် ရှိသမျှ ခွန်အားကုန် သုံး၍ကူးခတ်လျှက်ရှိ၏။ မာကွီးသည် မကြာခင် မေ့မြော သွားတော့မည်။

ခုထိတော့အသက်ရှူပိုက်ကို တစ်ယောက်တစ်လှည့် ရှူ၍ ရေအောက် တွင် ကူးခတ်နိုင်ဆဲ။

ကံကောင်းထောက်မစွာဖြင့် သူတို့လိုရာခရီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ကြသည်။ တစ်ကိုယ်လုံး တုန်နေသောမာကွီးကို ပစ်က

ရေထဲမှလျှင်မြန်စွာဆွဲတင်ရင်း လှေကားကို ညွှန်ပြ၍အပေါ်တက်သွားခိုင်းသည်။ ပြီးတော့ ချက်ချင်းပဲ ရေအောက်သို့ ပြန်လည်ငုပ်လျှိုး၍ နောက်ဆုံး

ခရီးသည် အမ်ဗရိုစ်ထံ အမြန်ဆုံး နှုန်းဖြင့်သွားနေသည်။ အချိန်သည် အသက်တစ်ချောင်း ဖြစ်ကြောင်း သူ ကောင်းကောင်း နားလည်၏။

အမ်ဗရိုစ်ကို ပစ်မြင်လိုက်ရချိန်တွင်အသက်မှ ရှိသေးရဲ့လားဟုထင်မိသည်။ တစ်ကိုယ်လုံး ပြာနှမ်း တောင့်တင်း နေသောရှေးဟောင်း

သုတေသန ပညာရှင်ကြီး သည် သတိတော့ ကောင်းစွာ ရသေးသည်။သို့သော်လည်း သူ၏ ကိုယ်အပူချိန်မှာ လွန်စွာ ကျဆင်းလျှက် ရှိသည်။

ရေကလည်းအမိုးနှင့် ထိရန် လက်မအနည်းငယ်သာလိုတော့၍ တစ်ကိုယ်လုံး ရေအောက်တွင်မြုပ်၍နှာခေါင်းလေးသာ ဖော်ထားနိုင်၏။ သူနှင့်

အလွှာပ၊ သလွှာပ ပြောဖို့ အချိန် မရှိတော့။ အောက်စီဂျင် ပိုက်ကို ပါးစပ်ထဲ တေ့ပေး လိုက်ပြီး ရေအောက်သို့ခေါ်ဆောင် ခဲ့တော့သည်။

နောက် ဆယ့်ငါးမိနစ် အကြာ မှာတော့ သူတို့အားလုံး မီးပုံ ဘေးတွင် နွေးနွေးထွေးထွေး ဝိုင်းဖွဲ့ ထိုင်နေကြသည်ကိုတွေ့ရသည်။

မာကွီးသည် ထူထူထောင်ထောင် ဖြစ်လာပြီ။ ပက်ထရစ်ရှာ ကတော့ မြူးတူးသွက်လက်နေ၏။ အမ်ဗရိုစ် ကတော့ အနည်းငယ် ထိုင်းမှိုင်း

နေဟန်တူသည်။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံး အခြေအနေ ကောင်းကြသည်။ ဒတ်ပစ် ကတော့ ကွန်ပြူတာဖြင့်အလုပ်ရှုပ် နေသည်။ တယ်လူရိုက်

တောင်ကြောတစ်လျှောက် ပျားအုံကွက် သဖွယ်ရှုပ်ထွေး ပြွတ်သိပ်နေသော လှိုဏ်ခေါင်းများ အနက် သူတို့ ရောက်ရှိနေသောလှိုဏ်ခေါင်း၏

တည်နေရာ နှင့် မြေပြင်နှင့် အကွာအဝေး တို့ကို ချိန်ဆတွက်ချက် နေရသည်။ နောက် တစ်နာရီ ခန့် ကြာသော် ကိုယ့်အိမ်

ကိုယ့်ယာသို့ပြန်ရောက်၍ အိပ်ယာထဲလှဲပြီး ဆက်ရက်မင်း စည်းစိမ် ခံစားနေသည့်နှယ် ဖိမ်ကျနေကြသော လူသုံးဦးအား သတိ လှမ်းပေးရသည်။

"ဆရာတို့ ဆရာမတို့ ခင်ဗျား၊ကျွန်တော်တို့ ကောင်းကင် ပြာပြာကြီးကို ပြန်လည် မြင်တွေ့ဖို့ဆန္ဒ ရှိဦးမယ်ဆိုရင်တော့ ဒီကထွက်ပြီး

လွတ်လမ်းကို ရှာဖို့ အချိန်တန် ပါပြီ။ ထွက်တော်မူနန်းက ခွာဖို့ ပြင်ဆင်ကြပါတော့"

"ခင်ဗျားကလဲ၊ ဘာတွေလောနေတာလဲ။ ကျုပ်တို့ဒီလှိုဏ်ခေါင်းအတိုင်း လမ်းလျှောက်သွား၊ အပေါက်ဝမှာ ငုပ်တုပ်

ကလေးတွေထိုင်စောင့် နေကြ၊ ပိတ်နေတဲ့ နှင်းခဲတွေကို ကယ်ဆယ်ရေး အဖွဲ့ကရှင်းလင်းပြီးရင် အပြင် ရောက်ကရော မဟုတ်လား" မာကွီးက

ပြန်ပြော၏။

"အဲသလို ဖြစ်ရင် ကောင်းတာပေါ့ဗျာ။ကျွန်တော်လည်း သတင်းဆိုးတွေ ပြောမပြချင် ပါဘူး။ ဒါပေမဲ့ အခု အပေါက်ဝ မှာပိတ်နေတဲ့

နှင်းထုက ပေနစ်ဆယ် ရှိတယ်။ နိဗ္ဗာန်ဘုံ မိုင်းတွင်းကို လာတဲ့ကားတစ်စီးဝင်သာရုံ လမ်းကျဉ်းကျဉ်း လေးကနေ နှင်းခဲ့ဖို့ စက်ကိရိယာ

တွေကိုဘယ်လိုနည်း နဲ့မှ ယူလာလို့ မရဘူးဗျ။ နောက်ပြီး ခင်ဗျားတို့ဆီ မလာခင်ကြားရတဲ့ သတင်းအရ နောက်ထပ် နှင်းတောင်ပြိုမဲ့ အခြေအနေ

ရှိနေလို့ကယ်ဆယ်ရေးတွေ အားလုံး ပြန်သွား ကြပြီ။ သူတို့ ပြန်လာပြီး နေ့မီး ညမီးဆက်အလုပ် လုပ်ကြ ရင်တောင် ဒီမိုင်းတွင်း ဝင်ပေါက်ကို

ရှင်းနိုင်ဖို့ဘယ်နှစ်ရက် ဘယ်နှစ်ပါတ် ဘယ်နှစ်လလောက် ကြာမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ကဲ ရှင်းကြပြီလား"

အားလုံးငြိမ်သွားကြသည်။ မာကွီးက မီးပုံကို ငူငူကြီးစိုက်ကြည့်နေပြီး တိုးတိုးလေး ပြောလိုက်သည်။

"ဘုရားသခင်ရော မာရ်နတ်ပါ ခုကျုပ်တို့ဖက်မှာ မရှိကြတော့ဖူးပေါ့လေ"

ပက်ထရစ်ရှာ ကတော့ ခုထိ အကောင်းမြင်ဆဲ။

"ဘာဖြစ်တုန်း။ ကျွန်မတို့မှာခုမီးလည်းရှိပြီ။ သောက်ဖို့ရေလည်းရှိတယ်။ နည်းနည်းတော့ငန်တာ ပေါ့လေ။ကျွန်မတို့ ထွက်ပေါက်တွေမှာ

အသေအချာပဲ။ အဲ- အစားအသောက်တော့ မရှိဖူးပေါ့လေ"

အမ်ဗရိုစ်က ခပ်ယဲ့ယဲ့ ပြုံး၏။ အအေးဒဏ်ကိုအပြင်းထန်ဆုံးနှင့် အရှည်ကြာဆုံး ခံစား ခဲ့ရသဖြင့် ရေးဟောင်း သုတေသနပညာရှင်ကြီး

သည် အားနည်း ဖျော့တော့ နေဆဲ။

"ကျွန်တော်တို့ အစာငတ်ပြီးသေဖို့ဆိုရင်နောက် ဆယ့်ခြောက်ရက်၊ ဆယ့်ခုနစ်ရက် လောက် နေမှ သေမှာပါဗျာ။ ဒီကြားထဲလမ်းရှာ

တွေ့ချင်လည်း တွေ့လိမ့်မပေါ့"

သူ့အဆိုကို ဒတ်ပစ်က ခေါင်းညိတ်ပြီး မာကွီးက ခေါင်းခါ ပြခြင်း အားဖြင့် တပြိုင်နက်တည်း တုန့်ပြန်ကြ၏။ မာကွီးက ပစ်ကိုကြည့်ရင်း-

"ကျုပ်တို့ အတွက် ထွက်ပေါက်ဟာ နိဗ္ဗာန်ဘုံမိုင်းတွင်းနဲ့ ဘူကေးနီးယား မိုင်းတွင်း ဆက်ထားတဲ့ လိုဏ်ခေါင်း မဟုတ်လား။ခင်ဗျား

ရေငုပ် လာခဲ့တာလေ။ ခုအဲဒါကို ဖြတ်ပြီး ဘူကေးနီးယား မိုင်းတွင်းရောက်အောင်ကျုပ်တို့ သွားနိုင်သလား။"

"ရေငုပ် ဝတ်စုံ နဲ့ အောက်စီဂျင်ဘူး မပါ ပဲတော့ ဘယ်နည်းနဲ့မှ မသွားနိုင်ဘူး" အမ်ဗရိုစ်က ဖြည့်စွက်ပြောလိုက်၏။

ဒတ်ပစ် ခေါင်းညိတ်သည်။

"အဲဒါ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော့်ကွန်ပြူတာမြေပုံမှာ ခုထိ ရေမလွှမ်းသေးတဲ့ လိုဏ်ခေါင်း နှစ်ဒါဇင် လောက်ရှိသေးတယ်

လို့ပြနေတယ်။ ကျွန်တော်တို့ ဒီလိုဏ်ခေါင်းတွေက တဆင့်မြေပေါ်ရောက်နိုင်သေးတာပေါ့"

"ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားပြောတဲ့ လိုဏ်ခေါင်းတွေက လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးဆယ်လောက်ထဲက တွင်း ပြိုပြီးသား တွေဗျ"

"ဘာပဲဖြစ်ဖြစ် ထိုင်နေ လို့တော့ အကျိုးမထူးဘူး မဟုတ်လား"

ပက်ထရစ်ရှာ ၏ နောက်ဆုံးစကားက ပစ်အတွက်တွန်းအားတစ်ခုသဖွယ်ဖြစ်ခဲ့သလားမသိ၊ ဒတ်ပစ်သည် မီးပုံထဲမှ ထင်းတစ်စကိုကိုင်ပြီး

အောက်သို့ပစ်ချလိုက်သည်။ မီးရောင်ဖြင့် တွေ့လိုက်ရ သည်ကရေသည် သူတို့ထိုင်နေရာနေရာ နှင့်သုံးပေသာ ကွာတော့သည်။

"ကဲ သွားကြစို့၊ ကျွန်တော်တို့မှာ ရွေးဖို့လမ်းမရှိဘူး။ နောက်မိနစ် နှစ်ဆယ်ဆို ဒီနေရာ ရေရောက်ပြီ"

မာကဗွီးက မဲမှောင်နောက်ကျိနေသော ရေပြင်ကို ဓါတ်မီးဖြင့်ထိုးကြည့်ရင်း

"ကျုပ်ရဲ့ ကျောက်မျက် တူးဖော်ရေးလုပ်ငန်းတော့ နိဂုံးချုပ်ပြီ ပေါ့ဗျာ" ဟုဆွေးဆွေး မြည့်မြည့် ပြောနေသေးသည်။ ဘယ်သူမှ သူ့ကို

နှစ်သိမ့်ပေးမည့်သူ မရှိ။

"ငလျင် ဒဏ်ကြောင့် မြေအောက်ရေကြောတစ်ခု ပေါက်ထွက်သွားတယ်ထင်တယ်။ ဒါကြောင့် ဒီလောက်ရေတက်လာ တာ"

ဒတ်ပစ်၏ မှတ်ချက်ကို မာကွီးက ဒေါ်သတကြီးတုံ့ပြန်၏။

"ဘာငလျင်မှ မဟုတ်ဘူး။ အဲဒါ ဒိုင်းနမိုက်နဲ့ တမင် ဖောက်ခွဲလို့ ဖြစ်တာဗျ၊ သိရဲ့လား"

ပစ် တကယ်မသိပါ။ ကြားရသည့် စကားကြောင့် အတော်အံ့သြသွားသည်။

"ခင်ဗျား သေချာရဲ့လား မာကွီး"

"သိပ်သေချာတာပေါ့ဗျ။ ဖောက်ခွဲသံကိုကျုပ်နားက ကောင်းကောင်းသိတယ်။
တစ်ယောက်ယောက်တော့ မိုင်းတွင်း ထဲမှာရှိလိမ့်

ဦးမယ်လို့ ကျုပ် အတပ်ပြောနိုင်တယ်"

ပစ်သည် ရေပြင်ကို အတန်ကြာအောင် စိုက်ကြည့်နေ၏။ မြစိမ်းရောင်သူ့မျက်လုံးများက
တဖျတ်ဖျတ်လက်နေသည်။ ပြီးမှ

လေးလေးပင်ပင် ပြောလိုက်၏။

"တကယ်လို့များ ဒီအတိုင်းသာဟုတ်ရိုးမှန်ရင် ခင်ဗျားတို့အားလုံး လုပ်ကြံခံရတာပဲ။
လူသတ်သမားဟာခင်ဗျားတို့သုံး ယောက်ကို

မသေသေအောင်လုပ်လိုက်တာပဲ"

ခင်ဗျား ရှေ့ကသွားပါ။ ဦးထုပ်ကမီးအလင်းရောင်နဲ့ သွား၊ ကျွန်တော်တို့ နောက်ကလိုက်မယ်။
ဘက်ထရီကုန်သွားရင် ကျွန်တော့်

ဟောလိုဂျင် ရေငုပ်မီးကိုသုံးမယ်" ပစ်က မာကွီးကိုပြောလိုက်သည်။ မာကွီးက အားလုံးကို လှည့်ပြော
လိုက်သည်။

"ခုချိန်ကစပြီး ကျုပ်တို့ အခက်အခဲကြီးတွေနဲ့ ကြုံရတော့မယ်။ အပေါ်အဆင့်တွေကိုတက်ဖို့
လှေကားတွေ အကောင်းပကတိ ရှိနေ ပါစေ

လို့သာ ဆုတောင်း ထားကြ ပေတော့ဗျို့"

ပစ် ပြုံးလိုက်သည်။

"ပူမနေပါနဲ့၊ ဒီကွေ့မှာ ဒီတက်နဲ့လှော်ခဲ့ ပြီးပြီပဲ။ ဟိုကွေ့ ရောက်တော့လည်း ဟိုတက်နဲ့ လှော်ကြရုံပေါ့။" ရှင်းလိုက်သည့် သဘောထား။

ဒတ်ပစ် ၏ ရေအောက် သံလိုက် အိမ်မြှောင်မှအနောက် စူးစူးသို့ ညွှန်ပြ နေသော အရပ်သို့ ဦးတည်၍ ညနေ ငါးနာရီ တိတိတွင်သူတို့

ထွက်ခွာ ခဲ့ကြသည်။ ကွန်ပြူတာ၊ သံလိုက်အိမ်မြှောင်၊ ပောလိုဂျင်မီးနှင့် ဓါးတစ်ချောင်းမှ လွဲ၍ တန်ဖိုး ကြီးလှသော ရေငုပ်ပစ္စည်း

အားလုံးကိုဒတ်ပစ် ကစွန့်ပစ်ခဲ့သည်။

ပထမ ဂိုက်တစ်ရာ နှစ်ရာ အထိ ကတော့ သူတို့၏ခရီးစဉ်သည် ပန်းခင်းသော လမ်းအလား အဆင်ပြေ ချောမွေ့ လျှက် ရှိသည်။

မာကွီးကရှေ့ကင်း၊ ပစ်က နောက်ကင်း၊ အလယ်တွင် ပက်နှင့် အမ်ဗရိုစ် ကို ထား၍ကင်းလှည့် လာသည့် တပ်စုလေး သဖွယ် သတိ ကြီးစွာ

လျှောက်လာ ခဲ့ကြသည်။လှိုဏ်ခေါင်း၏ ကျောက်သား နံရံနှင့် ရွှေသယ်သည့် ထရော်လီ များအတွက်မီးရထားလမ်း တို့အကြားမှ ကပ်ကပ်

သပ်သပ် လမ်းလျှောက် ကြရသည်။ လှေကားတွေ့လျှင် တက်ကြသည်။ မြင့်မြင့် တက်နိုင်လေ၊ လွတ်မြောက်ဖို့ ပိုမိုနီးကပ်လေ ဖြစ်သည်ကိုး။

နောက်တော့ သူတို့ အခန်းကျယ် တစ်ခုအတွင်း ရောက်ရှိလာကြသည်။ မဲမှောင်နေသော ဥမင်လှိုဏ်ခေါင်း သုံးခုက ထိုအခန်း အတွင်းမှခွဲဖြာ

ထွက်သွား၏။

"ကဲ- ဘယ်လမ်းကို လိုက်ကြမလဲ" ပက်၏ အမေးကို-

မာကွီးက ဘယ်ဘက် လှိုဏ်ခေါင်း၊ ပစ်က ညာဘက်လှိုဏ်ခေါင်း ဟုအသီးသီး ဖြေကြသည်။ ဒီလူနှစ်ယောက်က အမြဲတမ်း

လူနှစ်ကိုယ်အဖြေနှစ်မျိုး၊ သူက အဖြူဆို၊ ကိုယ်က အမည်း ဖြစ်နေ ကြ၏။ အမ်ဗရိုစ်က အလယ်လိုက်ခေါင်း ဟု ဝင်မပြော၍ တော်သေးသည်။

"ကျုပ်က ကျုပ်မှတ်မိတဲ့ မိုင်းတွင်းမြေပုံအရ ပြောတာ" မာကွီး၏ အထွန့်တက် စကားကို ပစ်က ကွန်ပြူတာ ထောင်ပြရင်း

"ကျုပ်က ဒါအရပြောတာ" ဟုတုံ့ပြန် လိုက်သဖြင့် ကိစ္စ ပြတ်သွား တော့သည်။

ညာဖက်လိုက်ခေါင်း အတွင်း ဂိုက်ငါးဆယ်မျှလျှောက်ခဲ့ ကြပြီး ချိန်မှာတော့ ပြိုကြနေသည့် ကျောက်တုံး များကိုတွေ့ကြရသည်။

လမ်းလည်း ပိတ်နေ၏။ ပိတ်ဆို့ နေသည့် ကျောက်ပုံက သိပ် မများ သဖြင့်ယောက်ျား သုံးယောက် ရှင်းလင်းရေး အစီအစဉ် စကြ၏။ တစ်နာရီခန့်

ပြင်းပြင်းထန်ထန် အလုပ်လုပ် ကြပြီး၊ ချွေးစက်ပေါင်း တစ်ကွာတားခန့် ထွက်အပြီး မှာတော့တွားသွား ရနိုင်အောင် ကျယ်သည့် လမ်း

ဖြစ်လာသည်။

တစ်ဖက်က လိုဏ်ခေါင်းသည် အတော်ကျယ်၏။ကျောက်သား သယ်သည့် ရှေးခေတ် ဓါတ်လှေကား တစ်ခုကို ကြိုးများ

တန်းလန်းနှင့်တွေ့ရသည်။ ပစ်က သူ၏ ရေငုပ် မီးကို ဖွင့်၍ ဓါတ်လှေကား လမ်းတစ်လျှောက်အပေါ်သို့ ထိုးကြည့် လိုက်သည်။ ဟောလိုဂျင်မီး

အလင်းရောင်ကြောင့်ဓါတ်လှေကားကို လည်းကောင်း၊ ဆိုင်းကြိုး များကို လည်းကောင်း၊ နံရံတွင်ကပ်လျှက် မြှုပ်ထားသော အရေးပေါ်သုံးသည့်

သံလှေကား ကို လည်းကောင်း ကောင်းစွာတွေ့မြင် ကြရသည်။ လျှပ်စစ် ဓါတ်အား မရှိ၍ ဓါတ်လှေကား သုံးပြီး အပေါ်တက်ရန်တော့ မဖြစ်နိုင်။

ထို့ကြောင့် သံလှေကားကို သုံးရန် အများ သဘောတူကြသည်။

"ကျွန်တော် အရင်ဆုံး တက်မယ်" ပြောပြောဆိုဆို ဒတ်ပစ်သည် ဟောလိုဂျင်မီးကို ခါးတွင် ချည်လျှက် စတင် လှုပ်ရှားမှု ပြုတော့သည်။

"ပထမဆုံး အဆင့်ကို သတိထားတက်နော်" ပက် ကအပြုံးလဲ့လဲ့ဖြင့် သတိပေးစကားဆို၏။

သူမ၏ မျက်ဝန်း စိမ်းများ အတွင်း တစုံတရာကို တွေ့လိုက်ရသလို ဒတ်ပစ် ခံစားမိသည်။

"ကျွန်တော်က ပထမဆုံး ခြေလှမ်းကို မကြောက်တတ်ဖူးဗျ၊ နောက်ဆုံးခြေလှမ်းကို ကြောက်တာ"

လှေကားထစ် များကို သူစတက်သည်။ တစ်ထစ်၊နှစ်ထစ်၊ အထစ်ပေါင်းများစွာ။ လှေကားက အနည်းငယ် လှုပ်ယမ်း နေသည်။

စိတ်သိပ်မချ ရသဖြင့် သူနှင့် လက်တကမ်း အကွာက ဓါတ်လှေကား ဆိုင်းကြိုး များကိုမျက်စပစ်ထားရသည်။ လှေကားကို တထစ်ချင်းတက်သည်။

ကိုယ်အလေးချိန်ကိုခံနိုင်ခြင်း ရှိမရှိ အထစ်တိုင်းတွင် ခြေစုံ ရပ်၍ စမ်းသပ်သည်။ နောက်မှာလိုက်တက်မယ့်သူ သုံးယောက်အတွက် တင်းပြည့်

ကျပ်ပြည့် စိတ်ချရဖို့အဲ့ ရေးကြီးသည်။

ပေ ငါးဆယ်ခန့် တက်ပြီး သောအခါ အပေါ်သို့ဓါတ်မီးနှင့် ထိုးကြည့် လိုက်မိ၏။ သူ့အထက် ခြောက်ပေ ခန့်မှာ လှေကားသည်ပြတ်ထွက်

နေ၏။ အပေါ်ဆင့်သို့ ရောက်ရန် ဆယ့်နှစ် ပေခန့် လိုသေးသည်။ တက်တော့ကျိုးချေပြီ။ လက်ထိုး လော့ဖို့သာ ရှိတော့ သည်မို့ နောက်ထပ်

အဆင့်နှစ်ဆင့် တက်ပြီးနောက် ဓါတ်လှေကား ဆိုင်းကြိုး ဆီသို့ လက်လှမ်း လိုက်ရ၏။ဆိုင်းကြိုး များက တစ်လက်မ သာသာ တုတ်သည်။ ဆွဲ ဖို့

ကိုင်ဖို့အလွန်ကောင်းသည့် အနေ အထား။ ပစ်သည် ကြိုးကိုတွယ်ပြီး တက်သည်။ အပေါ်ဆင့်သို့ရောက်တော့ ကြိုးကိုလွှဲပြီး ခုန်ချလိုက်သည်။

"ဘယ်လိုလဲဗျ၊ အဆင်ပြေရဲ့လား" မာကွီး၏ အော်မေးလိုက်သံကို ကြားလိုက်ရသည်။

"အပေါ် ရောက်ခါနီး မှာလှေကား ပြုတ်ထွက်နေတယ်။ ခင်ဗျားတို့ ကြိုးနဲ့ တွယ်တက် ရလိမ့်မယ်။ စိတ်မပူပါနဲ့။ ကျွန်တော်ဆွဲတင်မယ်။

ဒေါက်တာ အိုကွန်းနဲလ် အရင် တက်ပါစေ"

နောက်မိနစ် အနည်းငယ် အကြာတွင် လေးယောက်စလုံး အပေါ်ဆင့်သို့ ဘေးမသီ ရန်မခ ရောက်ရှိသွားကြ၏။ မာကွီး က

ပါတ်ဝန်းကျင်အခြေအနေကို လှည့်ပါတ် ကြည့်ရှုရင်း ဝမ်းသာအားရ ပြောသည်။

"ကျုပ် မှတ်မိပြီ။ ဒီကနေ တည့်တည့် ထွက်သွားရင် မိုင်းတွင်း အဝင်ဝ ကို ရောက်တယ်ဗျ"

"ဒါပေမဲ့ အပေါက်ဝက ပိတ်နေတယ် ဆိုဗျ၊ကျွန်တော်တို့ ဒီအတိုင်း သွားလို့ ဘယ် ဖြစ်မလဲ" ဒေါက်တာ အမ်ဗရိုစ် ၏စကားကို ပစ်က

ကွန်ပြူတာ မော်နီတာ ကြည့်ရင်း-

"ဟုတ်တယ်။ ကျွန်တော်တို့ ဒီအတိုင်းသွားလို့မရဘူး။ လိုဂျက်ဂူ ဖြတ်လမ်း တစ်ခု ရှိတယ်။ အဲဒါကို တွေ့အောင်ရှာပြီးဂိုက် တစ်ရာ့ငါးဆယ်

ဆက်သွားရင်း ဓူဝံကြယ် မိုင်းတွင်းကိုရောက်သွားလိမ့်မယ်။ ဒါဆို လွတ်လမ်း တွေ့ပြီပေါ့"

"လိုဂျက်ဂူ ဖြတ်လမ်း ဆိုတာ ဘာလဲဟင်" ပက်၏ အမေးကို မာကွီးက ကြားဝင် ဖြေသည်။

"လေဝင် လေထွက် ကောင်းဖို့နဲ့ အခုလိုအရေးပေါ် ကိစ္စ တွေ အတွက် မိုင်းတွင်း တစ်ခုနဲ့ တစ်ခု ကြားမှာ ဖောက်ထားတဲ့လမ်းကလေး

တွေကို ခေါ်တာပါ။" ပြောရင်း မျက်မှောင် ကြုတ်၍ ပစ်ကို ကြည့်၏။

"ကျုပ်တော့ အဲဒီ ဖြတ်လမ်းကို တစ်ခါမှ မမြင်ဖူး ဘူးဗျ၊ မရှိဘူးလို့ ပြောတာ မဟုတ်ဖူးနော်။ တွင်းပြိုပြီး ပိတ်များပိတ် နေပြီလား

မသိဘူး"

ပစ်က အားလုံးကို ခြုံကြည့်ပြီး-

"ခင်ဗျားတို့ရဲ့ ဘယ်ဖက်က ကျောက်သား နံရံကိုမျက်စိ ရှင်ရှင် ထားပြီး ကြည့်ကြပါ" ဟု အကြံပေး သလို၊ အမိန့်ပေး သလိုလုပ်ပြီး

ဆက်လျှောက် သွားလေ၏။

ဟောလိုဂျင် ရေငုပ်မီးရော၊ သတ္တုတွင်းသုံးဦးထုတ်မှ ခေါင်းဆောင်း မီးရော ရှိသမျှ အလင်းရောင်
အကုန် သုံး၍ နံရံဘယ်ဖက် ကို

တစ်လက်မ မကျန် ကြည့်ရင်း လေးယောက်သား လျှောက်လာ ခဲ့ကြသည်။တစ်နေရာ အရောက်တွင်
ကျောက်သား နံရံမှ ကွဲကြောင်း တစ်ခုကို

မာကွီးကတွေ့ရှိပြီး ပစ်ကို လက်ညှိုး ထိုးပြသည်။ ပိတ်ဆို့ နေသော ကျောက်တုံးနှစ်တုံးကို ဖယ်ရှား
လိုက်တော့ ဝင်ပေါက် ပေါ်လာသည်။ ၎င်းမှာ

သူတို့ရှာနေသောလိုဏ်ဂူ ဖြတ်လမ်းပင် ဖြစ်တော့သည်။

အချိန် အတော် ကြာအောင် ရှင်းကြ လင်းကြပြီးနောက် လိုဏ်ဂူ ဖြတ်လမ်း တစ်လျှောက်
ကုန်းကုန်းကွကွ လမ်းလျှောက် သွား၍ရနိုင်

လောက်သည့် အခြေ အနေ ဖြစ်လာသည်။ ကွန်ပြူတာ ကိုရော၊သံလိုက်အိမ်မြှောင် ကိုပါ အသေ
အချာလေ့လာ ပြီးနောက် ထိုလမ်းသည်

လမ်းမှန်ဖြစ်ကြောင်း ကောင်းသတင်းကို ပရိသတ်သိအောင် ပစ် ကြေငြာလိုက် သည်။

လမ်းက ကျဉ်းလှသဖြင့် အစ ပထမတော့ကျဉ်းကျဉ်း ကျုတ်ကျုတ် ကုတ်ကပ် လမ်းလျှောက်ကြ။
နောက်တော့ မိကျောင်းသွားတွား၍သာ

သွားနိုင် ကြတော့သည်။ တန်းစီ သွားနေ ကြရ၍ တစ်ယောက် ဖိနပ်ကိုတစ်ယောက် နမ်းမိ
သည်မှာလည်း အကြိမ်ကြိမ်။

လက်တွေ ပေါက်ပြဲလျှက်၊ ခြေထောက်တွေဖူးယောင်လျှက်၊ နံရံနှင့် ဆောင့်မိ ထားသော ဦးခေါင်းတွေ
အာလူးသီး ထလျှက်ထို

ခရီးလမ်းကို နှစ်နာရီ ကျော်မျှ ဝဋ်ဒုက္ခ ကြီးစွာ ဖြတ်သန်း ခဲ့ကြရာနောက်ဆုံးတော့ ရထားသံလမ်းတွေ
သွယ်တန်းထားသည့် အခန်းကျယ်ကြီး

တစ်ခုထဲပုံပျက် ပန်းပျက် ရောက်ရှိ သွားခဲ့ကြသည်။

ဖြစ်ခဲ့သမျှ ကာယနှင့် စိတ္တဒုက္ခ တို့၏ဒဏ်ရာ ဒဏ်ချက်တို့ကို ခံစားနေရသည့် လက္ခဏာများ မာကွီးတွင် ကိုယ်ထင်ပြစပြုပြီ။

သူ့အသက်အရွယ်နှင့် စာလျှင် ကျန်းမာရေး ကောင်းသော်လည်း နာရီပေါင်းများစွာ မရပ်မနား ပင်ပန်း ဆင်းရဲခြင်း ကို ခံနိုင်စွမ်းမရှိ၊

လျှာအလျားလိုက် ထွက်ပြီး ခွေးကြီးပမာ ဟန်မဆောင်နိုင် လောက်အောင် အမောကြီးမောနေရှာသည်။ ပက်ထရစ်ရှာ လည်း ဟန်မလုပ်နိုင်

ပဲမျှားနိုင် အလှအပတွေဂရုမစိုက်နိုင်။ ဖုန်တွေ သဲတွေ ဇရပ္ပနှင့် လူရုပ်ပင် မပေါ်ချင်။ အရပ်ခြောက်ပေ သုံးလက်မ မြင့်သည့် ဒတ်ပစ်မှာ

ပက်ထရစ်ရှာ ၏ သတ္တု ခေါင်းဆောင်းကို ဆောင်းထား သော် လည်း ထုတ်တန်း များဖြင့် ခဏခဏ ဆောင့်မိသည့် အတွက်ခေါင်းထဲက ရီဝေဝေ

ဖြစ်နေသည်။ ထူးခြားသည်က ဒေါက်တာ အမ်ဗရိုစ်၊ တက္ကသိုလ်မှပါမောက္ခ တစ်ဦးအဖို့ သူက သန်စွမ်း မာကျော လွန်းနေသည်။ ဤ၍ ဤမျှသော

ခရီးကိုလျှောက်လှမ်း လာခဲ့ သော်လည်း ပန်းခြံထဲ လမ်းလျှောက်ရသည့် နယ်အေးအေးဆေးဆေး။

ပစ်က ဦးဆောင် လျှောက်လှမ်း လာရင်းမာကွီးနှင့် ပက်ထရစ်ရှာ အခြေအနေ မဟန်ကြောင်း တွေ့ရသည်။ နားကြရ အောင်ဟုတစ်ခွန်းမှ

မပြောကြ။ နောက်ဆုံး ဗုန်းဗုန်း လဲသွားသည့်တိုင် ခရီးဆက် ကြမည့်အာဂ ခေါင်းအမာစားများ ပါပေ။ သူ့အနေနှင့် လန်းလန်း ဆန်းဆန်း

ရှိနေသေးသော်လည်း ခဏနားဖို့ အကြံအဖန် လုပ်ရတော့သည်။

ချက်ချင်း အမောဖောက် လာသလို အသက်ကို ပါးစပ်ဖြင့် ရှူ၏၊ ပြီးတော့ မောသံကြီးဖြင့်-

"ကျွန်တော် မရတော့ဘူး၊ ခဏနားကြရအောင်" သူ့အဆိုပြုချက်သည် မာကွီးနှင့် ပက်တို့၏ ထောက်ခံမဲ နှစ်မဲ၊အမ်ဗရိုစ် ၏ ကန့်ကွက်မဲ

တစ်မဲ ဖြင့်အနိုင်ရ အကောင်အထည် ဖော်နိုင်၏။ကျောက်တုံး များ ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ကြ၏။ ယောင်ကိုင်း နေသောခြေချောင်းလေးများ၊

ဒူးများကို ဆုတ်နယ် နေကြ၏။

ပစ်က သူ့လက်စွဲတော် ကွန်ပြူတာကို စူးစိုက်ကြည့်ရင်း-

"နောက် နှစ်ဆင့်လောက် ကျွန်တော်တို့တက်ပြီးရင်၊ တွင်းပြို တာတွေ မရှိဘူးဆိုရင် နောက်တစ်နာရီအတွင်းကျွန်တော်တို့ မြေပေါ်

ရောက်မယ်" ဟု ဟောကိန်း ထုတ်လိုက်၏။ တကယ်တော့သူလည်း သိပ် သေချာ လှသည် မဟုတ်။

"ကျုပ်တို့ ဘယ်နေရာလောက်က ထွက်ရမယ်ထင်လဲ" မာကွီးက လှမ်းမေး လိုက်သည်။

"အင်း ဓူဝံကြယ် မိုင်းတွင်း ထွက်ပေါက်ကတော့ မဖြစ်နိုင် ဘူးဗျ။ နေစမ်းပါဦး၊ အိုရယ်လီ လမ်းမြောင် ဆိုတာကထွက်ရင် ကျွန်တော်တို့

တယ်လူရိုဒ် မြို့ထဲ ရောက်သွားမယ် ထင်တယ်။"

မာကွီး မဲ့ပြုံးကြီး ပြုံးလိုက် သည်ကို ပစ်က မြင်ဖြစ်အောင် မြင်သည်။ "ဘာလဲ၊ ပြဿနာ ရှိလို့လား"

"ခင်ဗျားပြောတဲ့ အိုရယ်လီ ထွက်ပေါက်အပေါ်တည့်တည့် မှာ ခု နယူးရှယ်ရီဒန် ဟိုတယ်ရှိသဗျ၊ ခင်ဗျားပြောသလိုဆိုရင် ကျုပ်တို့

ဟိုတယ် မြေအောက်ခန်းထဲ ရောက်သွားမယ်"

"ဒါဆို အပေါ်တက်ပြီး ညစာ အားရပါးရ စားလိုက်ကြရုံပေါ့ ဘော်ဒါကြီးရယ်"

နှစ်မိနစ်မျှ စကားမပြော ဖြစ်ကြပဲအတွေးကိုယ်စီ ဖြင့် ငြိမ်သက် နေကြသည်။ လွတ်လမ်းကို တွေ့မှာလား၊မတွေ့ဖူးလား၊ နေရမှာလား၊

သေကြမှာလား။ မရေရာခြင်းနှင့် ဇောန်မဲ့ခြင်း များကသူတို့ကို စိုးမိုး ထား၏။ အသက်ရှူ သံများမှ တပါး အရာအားလုံးသည် တိတ်ဆိတ်ငြိမ်သက်။

ထိုအချိန်တွင် ပက်ထရစ်ရှာခေါင်းထောင်ထလာသည်။ တစုံတခုကို နားစွင့် နေဟန်ဖြင့် ခေါင်းလေးကိုတစ်ဖက်သို့ စောင်းထားသည်။

ပြီးတော့ တိုးတိုးလေး ပြော၏။

"ကျွန်မ မော်တော် ဆိုင်ကယ်သံတွေ ကြားနေရတယ်"

မိန်းမ များသည် သောတ အာရုံနှင့်ပက်သက်လျှင် ယောကျ်ား များထက် ပိုမို ထက်မြက် ကြသည်ဟု ပစ် ထင်မိ၏။ပက်ထရစ်ရှာ ဒီလို

ပြောလိုက်သော အခါ သူ့ တိုက်ခန်းသို့ ရိုးရိုးရောၤဆန်းဆန်းပါ လာရောက် လည်ပါတ်လေ့ ရှိသည့် အမျိုးသမီးတိုင်းက သူ့နားထဲမှာအနေတော်

ဖြစ်နေသည့် တီဗွီမှ အသံသည် သိပ် ကျယ်လွန်းသည် ဟု စောဒက တက်ကြသည်ကို ပစ် အမှတ်ရမိ၏။

မာကွီး ကတော့ လာပြန်ပြီ နောက်တစ်မျိုး ဟုတွေး၏။ ရေထဲမှာ အလင်းရောင် တွေ့တယ် ဆိုတုန်းကလဲ သူပဲ။ ခု အသံ ကြားရပြန်ပြီ။

ကြားတာမှ ပေ ၁၀၀၀ လောက် နက်တဲ့ မြေအောက် လှိုဏ်ခေါင်း ထဲမှာမော်တော် ဆိုင်ကယ်သံ တဲ့ဗျား။ တွေးရင်း ရယ်ချင် ပက်ကျိ

ဖြစ်လာသည်။ထို့ကြောင့် ပြုံးပြုံးကြီး လုပ်၍ ပက်ထရစ်ရှာ ကို မေးလိုက်သည်။

"ဟာလီ ဒေဗစ်ဆန် သံလား၊ ဟွန်ဒါသံလား ဒေါက်တာ"

ပက်ထရစ်ရှာ ကျွဲမြီးတို သွား၏။ ထို့ကြောင့် ခပ်ထန်ထန် ပြန်ပြော လိုက်သည်။

"ရီစရာ ပြောတာ မဟုတ်ဘူး၊ ကျွန်မ တကယ်ကို ကြားနေ ရတာ။ ဘုရားစူးရပါစေရဲ့"

ထို့နောက် မှာတော့ ပစ် လည်း ထိုအသံကိုကြားလေပြီ။ လက်နစ်ဖက်ကို ကတော့သဖွယ် လုပ်၍ နားတွင် ကပ်ရင်း အသံလာရာဖက်သို့

အာရုံ ပြုသည်။ လွန်စွာ အင်ဂျင်စက် အားကောင်းသော မော်တော်ဆိုင်ကယ်၏ အိတ်ဇောသံ ဆိုသည်မှာ မြေကြီး လက်ခတ် မလွဲ။ ပစ် က မာကွီး

ကို မေးလိုက်သည်။

"ဒီနား ပါတ်ဝန်းကျင်က ချာတိတ်တွေမိုင်းတွင်း ထဲမှာ လူကြီးတွေ မသိအောင် လောင်းကြေးနဲ့ ဆိုင်ကယ်ပြိုင်ပွဲတွေ ဘာတွေ လုပ်လေ့

ရှိသလားဗျ"

"ဘယ်တော့မှ မလုပ်ဖူးဗျ၊ သူတို့လုပ်ချင်တောင် လုပ်လို့ မရဘူး။ ဒီလောက် အကွေ့အကောက် များတဲ့ ဝင်္ကပါ လိုလှိုဏ်ခေါင်း တွေထဲ

ဆိုင်ကယ် လာစီးလို့ ကတော့ အိတ်ဇောသံ တွေကြောင့်မြေပြိုပြီး သင်္ဂြိုလ်ပြီးသား ဖြစ်သွား မှာကိုး။ နယ်ခံ ချာတိတ်တွေ ဒါကိုကောင်းကောင်း

နားလည်တယ်"

"ဒါဆို ဒီဆိုင်ကယ်တွေ ဘယ်က ရောက်လာ နိုင်သလဲ"

"ဒါတော့ ဘုရားမှ သိမှာပဲ။ အခြား ဝင်လို့ရတဲ့ မိုင်းတွင်း တစ်ခုခုထဲ က လာကြပြီး ကျွန်တော် တို့နဲ့ တိုက်တိုက်ဆိုင်ဆိုင် လာဆုံတာ

ဖြစ်မှာပေါ့" ဒေါက်တာ အမ်ဗရိုစ် က ဝင်ပြော၏။

"တိုက်-တိုက်ဆိုင် နိုင်လွန်းတယ်ဗျာ။လူ့ပြည်က အပ်တစ်စင်းနဲ့ ပြဟ္မာ့ပြည်က အပ်တစ်စင်း လိုပဲ" ပစ် သည် စိတ်မသက်မသာနှင့်

အီလည်လည်ကြီး ခံစားနေရ၏။ ဘာကြောင့် ဒီလို ဖြစ်နေမှန်း သူလည်းသေချာ မသိပါ။ ခန္ဓာကိုယ် မှ အမွေး တစ်မျှင်ပင် မလှုပ်ရှား စေပဲ

ငြိမ်၍အသံကို နားစွင့်သည်။ အန္တရာယ် အငွေ့အသက်.........

လှိုဏ်ခေါင်း အဝမှာ မီးရောင် ကိုမြင်ရပြီ။ မော်တော်ဆိုင်ကယ်။ သေချာသည်။ ပစ် တစ်ကိုယ်လုံး အကြောအခြင် တွေတင်းသွားသည်။

နောင်ခါလာ နောင်ခါစေ့။ ဘယ်သူ ဖြစ်ဖြစ် ရန်သူလို ဆက်ဆံ တာကနောက်မှ နောင်တတွေ ရနေတာ ထက် အများကြီး စိတ်ချ ရသည်။

ငူငူကြီး ရပ်နေ ကြသော အမ်ဗရိုစ် နှင့်မာကွီး တို့ သတိမထား မိခင်မှာ သူ မှောင်ရိပ်ကို ပြေးကပ် လိုက်သည်။ပြီးတော့ လှိုဏ်ဂူကို

ထောက်ထားသော ငြမ်း ဒေါက်တိုင်တွေ ကြားမှာ တစ္ဆေတစ်ကောင်လို ပျောက်ကွယ် သွား၏။ ပက်ထရစ်ရှာ ကတော့ သူ လှစ်ကနဲပျောက်သွားမှန်း

သိလိုက်သည်။ ဘာမှတော့ မပြော။

ဆိုင်ကယ် သမားက သုံးယောက် ဖြစ်၏။ဆိုင်ကယ် သုံးစီးမှ မီးရောင် များက မျက်စိကန်း မတတ် လင်းလက် လှသည်။ဆိုင်ကယ်သမား

နှစ်ယောက် သူတို့ထံ လာနေ၏။ မီးရောင် အောင်တွင် သူတို့၏ အရိပ်များက ရှည်မျောမျော။ အမည်းရောင် သားရေ ဝတ်စုံ၊ ဒူးဖုံးသည့်

လည်ရှည်ဖိနပ်၊ဟဲလ်မက်၊ ရာဘာလက်အိတ် များနှင့် ထိုလူများကို ကြည့်ရ သည်မှာ တခြားကမ္ဘာကဂြိုလ်သားများနှင့် တူနေ၏။ တတိယမြောက်

ဆိုင်ကယ်သမား ကတော့ ဆိုင်ကယ်ပေါ်တွင် ကားရား ခွလျှက်။

"အမလေး- ရှင်တို့ကို တွေ့ရတာ ကျွန်မတို့ဘယ်လို ဝမ်းသာမှန်း မသိတော့ ပါဘူး ရှင်" ပက်ထရစ်ရှာ က စိတ် လှုပ်ရှားစွာဖြင့် ဆီးကြို

နှုတ်ဆက်၏။ လူစိမ်း နှစ်ဦး ကတော့ တုံဏှိဘာဝေ။

"ဟုတ်ပ၊ ဟုတ်ပ၊ ခင်ဗျားတို့ကို တွေ့ရတာ သိပ် ဝမ်းသာတယ်" အမ်ဗရိုစ် ကလည်း အားပါးတရ ဝင်ပြော၏။

လူစိမ်းနှစ်ဦး အနက် ညာဖက်မှ လူက နက်ကျောကျော အသံဖြင့် စတင် စကားပြောသည်။

"ကျုပ်တို့ အတွက်တော့ အလုပ်ပိုလို့ သိပ်ဝမ်းမသာ နိုင်ဘူး။ ခင်ဗျားတို့ အားလုံး အာမီးနီးစ် အခန်းထဲမှာ ရေနစ်သေကုန်ကြပြီ လို့

တွက်ထားတာ"

"ဘယ်လို၊ အာမီးနီးစ် အခန်း၊ ဟုတ်လား" ပက်ထရစ်ရှာက ဝေခွဲ မရသည့် အသံဖြင့် ပြန်မေး၏။

မာကွီး သိပ် မသင်္ကာ ချင်တော့။ ဒီလူတွေ မူမမှန်ဟု ခံစားမိလာသည်။

"ခင်ဗျားတို့ ဘယ်က လာကြ တာလဲ"

"ဘယ်က လာလာ၊ အရေး မကြီးပါဘူး" လူစိမ်းက မာကွီး ၏မေးခွန်းကို ခပ်ပြတ်ပြတ် ဖြေ၏။ မဟုတ်သေး၊ ထပ်မေး ဦးမည်-

"ဒါဆို ကျုပ်တို့ တွင်းပြိုပြီး အခန်းထဲမှာ ရေမွန်း နေတာကို ခင်ဗျားတို့ သိတယ်ပေါ့"

"သိတယ်" ဆိုင်ကယ်သမားက အေးစက်စက် ဖြေ၏။

"သိတယ်၊ ဟုတ်လား၊ သိရဲ့သားနဲ့ တောင်၊ ကယ်ဖို့ ကူဖို့ မကြိုးစား ကြဘူးလား"

"မကြိုးစားဘူး"

ဟုတ်တော့ နေပြီ။ ကျောက်နံရံတွင် ကပ်ပြီးမှောင်ရိပ် ခိုလျှက် ဆိုင်ကယ်များ၏ နောက်သို့ တရွေ့ရွေ့ သွားနေသော ပစ် ကစကား

အသွားအလာ ကို နားထောင်၍ အခြေအနေ မလှကြောင်း သိလိုက်သည်။ ဒီလူတွေဟာမာကွီးတို့ လူစု အခန်း ထဲမှာ ရေနစ် မသေလို့၊

မသေ,သေအောင် သတ်ဖို့ လာတဲ့လူသတ်သမား တွေပဲ။ မိုင်းတွင်း အပြင်ဖက်ကို အသက် ရှင်လျှက် ထွက်ခွင့်ကိုတားဆီးဖို့ လာကြတဲ့ သေမင်း

ကိုယ်စားလှယ်တော် တွေပဲ။ ဒတ်ပစ် ရှိတာကိုသူတို့ မသိကြခြင်း သည် အကောင်းဆုံး အခွင့်အရေး၊ ခ လှုပ်ရှားရမည်၊ခါးကြားမှ တစ်ခုတည်းသော

လက်နက် ဖြစ်သည့် ခါးမြှောင်ကို ထုတ်၍ တင်းကျပ်စွာဆုပ်ကိုင် ထား၏။

"ကျွန်မတို့ အခန်းထဲ ရောက်ပြီးသိပ်မကြာဘူး၊ တွင်းပြို ကျပြီး ရေတွေ ဝင်လာတယ်" ပက်ထရစ်ရှာ လည်းရိပ်မိပြီ။ သူမက စကားတွေ

ရှာကြံ ပြောရင်း အချိန်ဆွဲဖို့ ကြိုးစား နေ၏။ ပစ်ဘာလုပ်နေပါလိမ့်။ ထွက်များ ပြေးသွားပြီလား။

"အဲဒါ ကျုပ်တို့ လုပ်တာ" လူစိမ်းက အေးစက်စွာ ပြန်ပြော၏။

"ဘာရှင့်၊ ဘယ်လို"

"ခင်ဗျားတို့ အားလုံး အဲဒီ အခန်းထဲမှာသေဖို့ အားလုံး အစီအစဉ် ချထား ပြီးသား။ ခုလို လွတ်လာတော့ ကျုပ်တို့အလုပ်ရှုပ် တာပေ့ါ။

ကိစ္စတော့ မရှိပါဘူး၊ ခဏနေ ပြီးသွားမှာပါ"

မာကွီး ရှော့ခ်ရသွားသည်။

"ဒါ— ဒါဆို ဒိုင်းနမိုက်နဲ့ မိုင်းတွင်းကို ခွဲတာ ခင်ဗျားတို့ပေ့ါ"

မာကွီး ၏ တုန်တုန်ရင်ရင် အမေးကို လူစိမ်းက အေးစက်စွာ၊ တိကျစွာ၊ စိတ်လှုပ်ရှားခြင်း ကင်းစွာ ဖြေ၏။

"ဟုတ်တယ်။ အဲဒါ ကျုပ်တို့လုပ်တာပဲ"

ပက်ထရစ်ရှာ သည် ကားလမ်းကို ဖြတ်ကူးစဉ်ကုန်တင်ကားကြီး ၏ မီးရောင် အောက်တွင် အထိတ်တလန့် ဖြစ်နေရှာ သော

သမင်မလေးသဖွယ် မျက်လုံးလေးတွေ ဝိုင်းဝိုင်း လည်လျှက် ရှိ၏။ ဆိုင်ကယ်သမား များသည်ဒတ်ပစ် ရှိနေမှန်း မသိကြ သေးသည်မှာ

သေချာသည်။ မာကွီးနှင့် အမ်ဇရိုစ်တို့ကလည်း ဒတ်ပစ်ကို သူတို့ နောက်တွင် ရပ်လျှက်သား ရှိနေသည် ဟု ထင်နေကြသည်။ သူမ အချိန်ဆွဲဖို့

ကြိုးစား ရမည်။ ဟုတ်သည်။

"ရှင်တို့နဲ့ ကျွန်မတို့ တစ်ခါမှလည်း မတွေ့ဖူးပါဘူး၊ ဒါနဲ့များ ကျွန်မ တို့ကို ဘာလို့ သေစေချင် ကြတာလဲရှင်"

"ခင်ဗျားတို့က မဟူရာ အရိုးခေါင်းနဲ့ ကျောက်နံရံက စာတွေကို တွေ့သွား ကြတာကိုး"

"အဲဒီတော့ ဘာဖြစ်လဲ" မာကွီး က ဒေါသတစ်ဝက်၊ သောကတစ်ဝက် လေသံဖြင့် မေးလိုက်သည်။

"ခင်ဗျားတို့ရဲ့ တွေ့ရှိချက်ကို အပြင်ကလူတွေ သိဖို့ ခွင့်မပြု နိုင်ဘူး။ ဆိုတော့ ခင်ဗျားတို့ သေမှ ဖြစ်မယ်"ရှင်းလိုက် ပါဘိ။ ဘာမှကို

စောဒက တက်စရာ မရှိ။

"ကျွန်တော်တို့က သုတေသန ပညာရှင်တွေပါ။ရတနာသိုက် ရှာတာလည်း မဟုတ်ဘူး။ ရှေးဟောင်း သုတေသန လုပ်မိတာနဲ့

သတ်မယ်ဆိုတော့ ခင်ဗျားတို့ သောက်ရူး တွေပဲ" ဒေါက်တာ အမ်ဗရိုစ် သည် အံ့သြဖွယ်ကောင်းလောက်အောင် တည်ငြိမ် နေ၏။

လူသတ်သမားများ ကို စာသင်ခန်း ထဲမှ သူ့ကျောင်းသား တွေကို မာန်မဲသလို ဆူပူ ၍ပင် နေလိုက် သေးသည်။ လူပုကြီး၏သတ္တိကတော့ သြချ

ထိုက်သည်။

ဆိုင်ကယ်သမား က ပုခုံးကို တွန့်ပြ လိုက်သည်။

"ခင်ဗျားတို့က ကိုယ့်အရာ မဟုတ်တာကို ဝင်ရှုပ် ချင်တာကိုးဗျ"

မာကွီး မကျေနပ်သေး။ ထပ်မေးလိုက်သည်။

"ဒါဆို ကျုပ်တို့ မိုင်းတွင်းထဲ ဆင်းသွားပြီ ဆိုတာ ဘယ်လိုလုပ် သိသလဲ"

"ကျုပ်တို့ကို သတင်းပေးတဲ့လူ ရှိတယ်။ ကဲ မေးစရာတွေ ကုန်ပလား"

သုံးယောက်သား လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ထိုစကားက သူတို့ကို သေမိန့်ချမည့် စကား ဖြစ်သည်မှာ မြေကြီးလက်ခတ် မလွဲ။

စကားတစ်လုံး မှ မပြောသေးသည့် ဒုတိယ ဆိုင်ကယ်သမားက ဝင်ပြောပြန်၏။

"အချိန်လင့်နေပြီ။ ဒို့အလုပ်လေးလတ်စသတ်လိုက် ကြစို့" သူပြောပုံက အေးအေး ဆေးဆေး၊ တိုးတိုးသက်သာ ကလေး။သူ့အချိုးက

ထမင်းစားပွဲမှ ထကြ ရအောင်ဟု ပြောနေ ပုံမျိုး။ တကယ့် ဝါရင့်လူသတ်သမားမှန်း သိသာ လွန်းလှသည်။

ဒတ်ပစ်သည် အမြန်ဆုံးလှုပ်ရှားနေသည်။ ခပ်တိုးတိုး ထွက်လာနိုင်သည့် သူ့ခြေသံများက တဖုတ်ဖုတ်
မြည်နေသည့်ဆိုင်ကယ်

အိတ်ဇောသံကြောင့် ပျောက်နေ၏။ ခုထိ ဆိုင်ကယ်ပေါ်ကားရား ခွထိုင်နေသည့် တတိယမြောက်
ဆိုင်ကယ်သမား၏ နောက်သို့သူရောက်နေပြီ။

သတ်ခြင်း၊ဖြတ်ခြင်းသည် သူ့အတွက် အစိမ်းသက်သက်တော့ မဟုတ်ပါ။ သို့သော်
လူတစ်ယောက်၏နောက်မှ ပုန်းလျှိုးကွယ်လျှိုး ဓါးနှင့် ထိုးရမည့်

အလုပ်မျိုးတော့မလုပ်ဖူး သည်မှာအမှန်။ သို့သော် အရိုးများသလေး၊ ချေးခါးသလေး
ရွေးနေရမည့်အချိန်မဟုတ်။ တော်တည့်ဖြောင့်မတ်

ကောင်းမွန်နေခြင်း အားဖြင့်ဟိုသုံးယောက် ကိစ္စချောသွားလျှင် ပိုဆိုးမည်။ တတိယဆိုင်ကယ်သမား
နောက်သို့သူကပ်သွားသည်။ ဟဲမက်

အောက်မှ လွတ်နေသည့် လည်ပင်း ကို ဓါးနောင့် ဖြင့်ဆတ်ကနဲ ထုထည့် လိုက်သည်။
ဆိုင်ကယ်သမား သည် အသံ မထွက် နိုင်ပဲ ဒတ်ပစ်

၏ရင်ခွင်ထဲ ပျော့ခွေ ကျလာသည်။ ပစ်သည် ဆိုင်ကယ်သမား၏ ခန္ဓာကိုယ်ကို ခဏမျှထိန်းကိုင်
ထားလိုက်သည်။ သူတို့ဖြစ်ပျက် နေသည်ကို

ဘယ်သူမှ သတိမထားမိမှန်း သေချာသောအခါ အမှောင်ရိပ်ရှိ ကျောက်သယ်ထရော်လီတစ်ခု
နောက်သို့ဆွဲယူသွား၏။ ပခုံးသိုင်း အိတ်ထဲက

ပွိုင့်လေးဆယ့်ငါး ပီ-၁၀ အမျိုးအစားအော်တိုမစ်တစ်ပစ္စတိုကို ဆွဲထုတ်လိုက်၏။ ပီ-၁၀ သေနတ်ကို သူ
တစ်ခါမှမသုံးဖူးပါ။ သို့သော်လည်း လက်မှာ

ခံစားရသော စေးစေးပိုင်ပိုင် အတွေ့အထိ အရကျည်အပြည့် ထည့်ထားမှန်း သူသိ၏။ ဝါရှင်တန်မှ
ကိုလိုရာဒါသို့ လာခဲ့သည့်သူတို့အဖွဲ့ပိုင်

ကားပေါ်တွင်ထားခဲ့မိသည့် လက်စွဲတော် ကို့လ်ပစ္စတိုကိုသတိရလိုက် မိသေးသည်။

ပစ်သည် မာကွီးတို့ သုံးဦးကို လုပ်ကြံသတ်ဖြတ်ရန်ဟန်ရေး ပြနေသည့် လူသတ်သမား နှစ်ဦးထံ
တိတ်တဆိတ် ချဉ်းကပ် လာ၏။အတော်

နီးကပ် လာသောအခါ သူ့ကို အမ်ဗရိုစ် က မြင်သွား၏။

"ခင်ဗျား အဲဒီကို ဘယ်လို ရောက်နေတာလဲ"အမ်ဗရိုစ် သည် သူ့အား လက်ညှိုး ထိုး၍ အကျယ်ကြီး အော်မေး လိုက်သည်။သူ့ပုံစံက

လူသတ်သမားများကို ရန်သူ ရောက်လာကြောင်း အသိပေးသလို ဖြစ်နေ၏။ဤမျှ မိုက်မဲစရာ အကြောင်း ရှိသလော။

ပီ-၁၀ ကိုမောင်းတင်၍ လူသတ်သမားနှစ်ဦး ကို အသင့်ချိန်ထား လိုက်၏။

"ခင်ဗျား ဘယ်သူ့ကို ပြောနေ တာလဲ" လူသတ်သမား တစ်ယောက် က အမ်ဗရိုစ်ကို ဇဝေဇဝါ လှမ်းမေးသည်။

"ငါလေကွာ၊ ငါ့ကို ပြောတာပေါ့ကွ"

သူတို့နောက်မှ အသံကျယ်ကြီး တစ်ခုထွက်လာသည်ကို ကြားလိုက်ရသည်နှင့် တပြိုင်နက် လူသတ်သမား နှစ်ဦး သေနတ်များဆွဲထုတ်၍

တပြိုင်နက် နောက်သို့ လှည့်လိုက်ကြပုံမှာ ဒိတ်ဒိတ်ကြဲ ကြေးစားတွေမှန်း သံသယ ဖြစ်စရာ မရှိ လောက်အောင် မြန်ဆန် သွက်လက်

လွန်းလှသည်။သို့သော် သူတို့မျက်နှာများ ဒတ်ပစ် နှင့် မျက်နှာချင်း မဆိုင်မိခင် မှာပင်ပီ-၁၀ ပစ္စတိုမှ ကျည်ဆန် နှစ်တောင့် ရှေ့နောက် ဆင့်၍

ထွက်သွား ကြ၏။

ပထမကျည်ဆန်သည် ညာဖက်မှ ဆိုင်ကယ်သမား၏ဟဲလ်မက် လေကာမှန် ကို အစိတ်စိတ် အမွှာမွှာ ကွဲကြေ စေပြီး နာယောင်မှ

တဆင့်ဦးကျောက်ထဲ ရောက်သွား၏။ ဒုတိယ ကျည်ဆန်သည် သေနတ် ဆွဲထုတ်၍ ပစ်အံ့ ဆဲဆဲဘယ်ဖက် မှ ဆိုင်ကယ်သမား ၏ လည်မျိုကို

ဖောက်၍ အသက်ရှူပြွန်နှင့်အစာမျိုပြွန် နှစ်ခုလုံးကို ချိုးဖဲ့ ဖျက်ဆီးပြီး လည်ပင်ရိုး များကိုချေမွ ပစ်လိုက်သည်။

စက္ကန့် နှစ်ဆယ်မျှ ပက်၊ အမ်ဗရိုစ် နှင့်မာကွီး တို့ မှင်တက် မိနေ ကြသည်။ သူတို့ ခြေထောက် နားသို့ ရှတ်ချည်းလဲကျလာ သော

အသက်မဲ့ ခန္ဓာကိုယ် များကို မျက်လုံး အပြူးသား၊ ပါးစပ်အဟောင်းသား ဖြင့် ငေးကြည့် နေကြသည်။

"ရှင်- သူတို့ကို သတ်လိုက်ပြီ"ပက်ထရစ်ရှာ ထံမှ အသံ တိုးတိုးကလေး ထွက်လာသည်။ အလောင်းတွေကို တစ်လှည့်၊ ပစ်ကို

တစ်လှည့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြင့် ကြည့်နေ၏။

"သူတို့ကို သတ်လိုက်တာ ခင်ဗျား တို့ကို သတ်လိုက် တာထက် ပိုကောင်း တာပေါ့ဗျ၊ ကဲ အိမ်မက်ဆိုး ထဲက နိုးချိန် တန်ပြီ ရဲဘော်တို့"

မာကွီးနှင့် အမ်ဗရိုစ်တို့ ထိုအခါမှပင် လက်ရှိပစ္စက္ခအခြေအနေသို့ ပြန်လည်ရောက်ရှိလာကြသည်။ အမ်ဗရိုစ်က ပစ်ကို

လက်ဆွဲနှုတ်ဆက်ရင်း- "ခင်ဗျား ကျေးဇူးတွေ ကျုပ်တို့အပေါ် များလှပြီမစ္စတာ........"

"ဒတ်ပစ် ပါ၊ ပစ် လို့ပဲ ခေါ်ပါ"

"ကောင်းပါပြီ မစ္စတာပစ်၊ ဒီအကြွေးကို ကျုပ်ဘယ်တော့မှ မမေ့ပါဘူး"

လက်ဆွဲ နှုတ်ဆက် နေသော အမ်ဗရိုစ်မျက်နှာမှာ တင်းလွန်း လှသည်။ စိတ်သက်သာရာ ရခြင်းထက် စိတ်အနှောက် အယှက်ပိုဖြစ် နေပုံ

ရသည်။ သူ့ မျက်စိရှေ့မှာ အရှင်လတ်လတ်သတ်ပွဲကြီးကိုမြင်လိုက်ရသည် မဟုတ်လား။ ဆင်စွယ်နန်းတော်ထဲက ပညာရှင်ကြီး

ကြောက်ရှာပေမပေါ့။

"ကျုပ်လည်း တူတူပဲဗျို့" မာကွီးကတော့ ဝမ်းသာအားရပစ်ကို ကျောသပ်ရင်သပ်လုပ်နေ၏။ ပစ်က မာကွီးဖက် လှည့် ကြည့်လိုက်ပြီး-

"မာကွီး၊ ဒီလူတွေ ဘယ်ကနေ ဝင်လာ ကြတယ်လို့ ထင်လဲ" မာကွီး ခဏ စဉ်းစား၏။ ပြီးတော့-

"ဒီ နီဗွာန်ဘုံ မိုင်းတွင်း အပေါက်ဝက နေပဲ ဝင်လာ ကြတာ ဖြစ်ဖို့မို့များတယ်"

"ဒါဆို ဒိုင်းနမိုက် ခွဲလိုက်ပြီး သူတို့ပါ ပိတ်မိ နေအောင် တမင်သက်သက် လုပ်တာပေါ့" အမ်ဗရိုစ်က ဝင်ထောက်၏။

ပစ် ခေါင်းခါသည်။

"အဲသလိုတော့ မဟုတ်လောက် ဖူးဗျ။ သူတို့ပြန်ထွက် သွားကြဖို့ စီစဉ် ထားကြ ပုံပဲ။ ဒါပေမဲ့ ပေါက်ကွဲမှု က သိပ်ပြင်းထန် လွန်းတော့

ငလျင် လှုပ်သလို ဖြစ်ပြီး တွင်းပြို ရေကြီး ကုန်တော့သူတို့လည်း ပိတ်မိ ကုန်တာပေါ့"

"ရူးနေကြပြီ။ အားလုံး ရူးနေကြပြီ။ ကျွန်မတို့ကို သတ်ဖို့ ဒီလောက် အပင်ပန်းခံ စီစဉ်တဲ့ သူတွေ အားလုံး ရူးလို့ပဲ"ပက်ထရစ်ရှာ က

အလောင်းကောင်း များကို ရွံရှာစွာ စိုက်ကြည့်ရင်းပြောလိုက်သည်။

"ဒါနဲ့ ခုနက သူတို့ ပြောတဲ့ ခင်ဗျားတို့က ကိုယ့်အရာ မဟုတ်တာကို ဝင်ရှုပ် ချင်တာကိုးဗျ ဆိုတာ ဘာကို ဆိုလိုတာလို့ ထင်လဲ"

ပစ် ပခုံးတွန့်ပြလိုက်သည်။

"ဘယ်သိမလဲဗျ၊ ကျွန်တော် သိချင်တာကသူတို့ကို ဘယ်သူ လွှတ်တာလဲ။ ဒီကိစ္စမှာ နောက်ကွယ်က ဘယ်သူကြိုး ကိုင်

တာလဲဆိုတာပဲ။ ကျွန်တော့်လို အဏ္ဏဝါဗေဒ အင်ဂျင်နီယာ တစ်ယောက် အနေနဲ့တော့စဉ်းစားလို့ မရပါဘူး"

အမ်ဗရိုစ် က ခပ်ထေ့ထေ့ ပြုံးရင်း-

"အင်ဂျင်နီယာ တစ်ယောက် အနေနဲ့ ခင်ဗျားဟာ မွေးကတည်းက သေနတ်ကိုင် မွေးလာသလို သေနတ်ပစ် ကျွမ်းကျင် လွန်းလှ

တယ်ဗျာ"

"လူကို နောက်က ပစ်တာပဲဗျာ၊ မခက်လှပါဘူး"

"ကဲ ဟိုတစ်ယောက်ကို ဘယ်လို လုပ်မလဲ" မာကွီးက ပစ် လက်ချက်ဖြင့် မေ့မျော နေသည့် လူကို မေးငေါ့၍ ပြော၏။

"ကျွန်တော်တို့ သူ့ကို ချည်စရာကြိုးလဲမရှိဘူး၊ သူ့ဖိနပ် ချွတ်ပြီး အောက် ပစ်ချလိုက်။ သူ သတိ ပြန်ရလို့ကျောက်ချွန်တွေ ကို နင်းပြီး

ခြေဗလာနဲ့ သွားနိုင်ရင် သွားပစေပေ့ါ။ ဒါနဲ့ခင်ဗျားတို့ ဆိုင်ကယ်စီးတတ် ကြသလား"

"ကျုပ်က ဆယ်နှစ်နီးပါး ဟာလီ စီးခဲ့တာဗျ" မာကွီးက ဂုဏ်ယူ ဝံ့ကြွားစွာ ပြော၏။

"ကျွန်မက အဖေရဲ့ ဟွန်ဒါ အစုတ်ကြီးကို အရင်က အမြဲတမ်း တက်ခွနေကျ" ပက်ထရစ်ရှာ ကလည်း အားကျမခံ ပြော၏။

"ဒေါက်တာ ကရော"

"ကျွန်တော့် တစ်သက် မော်တော်ဆိုင်ကယ် ပေါ်တစ်ခါမှ တက်မထိုင်ဖူးဘူးဗျ၊ ဒါနဲ့ ခင်ဗျားဘာလုပ်မလို့လဲ"

"အင်မတန်ကောင်းတဲ့ လမ်းကြမ်းစီး ဆူဇူကီးသုံးစီး ရှိမှတော့ဗျာ၊ ဟိုကောင်တွေတောင် မြေပေါ်ကနေ ဒီကို လာနိုင် သေးရင်ကျွန်တော်

တို့လည်း ဒါကြီး စီးပြီး မြေပေါ် ပြန်တက်ဖို့ လမ်းရှာရမှာပေ့ါဗျ၊ လမ်းလျှောက် ရတာ ပင်ပန်း ပါတယ်"

ပစ်ကို မာကွီး နှင့် ပက်ထရစ်ရှာ အတော်သဘောကျသွားသည်။ ဒီလူ အတော် မိုက်ကန်းတဲ့ လူပဲ။ ကောင်းတယ်။ ဆိုင်ကယ်ပြိုင်ပွဲလေး

ကျင်းပ ရသေးတာပေ့ါ။ စိတ်ကူး ဖြင့်ပင် အူမြူး လာကြ၍မျက်နှာတွေ စပ်ဖြဲဖြဲ ဖြစ်လာ ကြသည်။

"ဒေါက်တာ အမ်ဗရိုစ် က ကျွန်တော့် နောက်က လိုက်ခဲ့ပေ့ါ" ပစ်၏ ဖိတ်ခေါ်ချက် ကို ဒေါက်တာ က ခေါင်းခါ ပြရင်း-

"ခင်ဗျားတို့ပဲ သွားကြပါ၊ ကျွန်တော် ဒီမှာပဲ နေရစ် ခဲ့မယ်။ ဆိုင်ကယ် နောက်က လိုက်ရင် လမ်းမှာတင် ပြုတ်ကျ ခဲ့ဖို့ များတယ်"

ပစ်သည် ပီ-၁၀ သေနတ်နှစ်လက် ကို လူသေများ ထံမှ သိမ်းဆည်းပြီး သူ့မှာ ရှိသော တစ်လက်ကို ဒေါက်တာ အမ်ဗရိုစ် ထံ ကမ်းပေး

လိုက်သည်။

"ဟို အကောင်နဲ့ ပေနစ်ဆယ်လောက် ခွာနေပါ။ တကယ်လို့ သတိရ လာပြီး အခြေအနေ မဟန်ရင် ပစ်သာ သတ်ပစ် လိုက်"

"ကောင်းပါပြီ။ ဒါပေမဲ့ သေနတ် မသုံးရ ပါစေနဲ့လို့ ကျွန်တော် ဆုတောင်း ပါတယ်"

ဆူဇူကီး ဆိုင်ကယ် များက အလွန်ကောင်းလှသည်။ စက်သံက တဝေါဝေါ၊ လီဗာဆွဲလျှင် ဆွဲသလောက် ပြေးသည့် ၁၂၅အင်ဂျင် ပါဝါများ

တပ်ထား၏။ ဒတ်ပစ်၊ မာကွီး နှင့် ပက်ထရစ်ရှာ တို့သည်ဆိုင်ကယ်သုံးစီး ကို တန်းစီ၍ ရှင်လောင်းလှည့် သလို စီးလာ ကြသည်။လှိုဏ်ခေါင်းများထဲ

ဟိုကွေ့ဒီကွေ့ ဖြင့်လမ်းပြ ကွန်ပြူတာ လမ်းညွှန်ချက်အတိုင်း လိုက်လာကြရာ ကျောက်လှိုဏ် လမ်းများ ဆုံးသွားပြီး အုတ်အင်္ဂတေတို့ဖြင့်

ပိတ်ထားသော နေရာ တစ်ခုထဲ ရောက်သွား ကြ၏။

"ကဲ- မာကွီး ရေ၊ ခင်ဗျား ပြောတဲ့ နယူး ရှယ်ရီဒန် ပော်တယ် မြေအောက်ခန်းထဲ ကျုပ်တို့ ရောက်ပြီဗျ"

"ရောက်တာတော့ ဟုတ်ပြီ။ ခု ထွက်ပေါက် မရှိတော့ ဘယ်လို လုပ်ကြမလဲ။ မစ္စတာပစ်ရဲ့၊ အခြား ထွက်ပေါက် ရှာရ ဦးမှာပေါ့"

မာကွီး ၏ စကားကို ပစ် ကြားပုံမပေါ်။ နံရံတွေကို အသေအချာ ကြည့်ပြီး မျက်ခုံးမွှေး နှစ်ခု ထိလု မတတ် မျက်မှောင်ကြုတ်ထား၏။

ပက်ထရစ်ရှာ ကတော့ မျက်လုံးလေး ကလယ်ကလယ်။ တကယ်တော့လည်း သူမ ပင်ပန်းလှပါပြီ။

"ဒီနေရာပဲ။ ခင်ဗျားတို့ ဆိုင်ကယ်တွေကျွန်တော့် ရှေ့က ဖယ်ကြ" ပစ်သည် ရုတ်တရက် စိတ်ဖောက်ပြန် သွားသည့်နှယ်မာကွီး နှင့်

ပက်ထရစ်ရှာ ကို သူ့ရှေ့မှ ဖယ်ခိုင်း နေသည်။ ပြီးတော့ဆိုင်ကယ်ကို လီဗာ ကစားနေ၏။ အိတ်ဇောမှ ထွက်လာသည့် အသံက မုန်တိုင်းဗဟိုချက်မ

ရောက်နေ သည့်နှယ် ကျယ်လောင် လွန်းလှသည်။ ပြီးတော့ အလွန့် အလွန်လျှင်မြန်သည့် အရှိန်ဖြင့် နံရံကို ဦးတည်ပြီး ဆိုင်ကယ်ကို

ဝက်ခေါင်းထိုးစီးသွား တော့သည်။

ဆူဖူကီးသည် နှစ်ပရိစေတ္တ ကြာ၍ ဆွေးမြေ့စပြုနေသော အုတ်နံရံကို ဖုန်းကနဲ ပစ်တိုက် ပစ်လိုက်သည်။ ဝုန်းကနဲအသံကျယ်ကြီး တစ်ခု

ကြားလိုက် ရပြီး အုတ်နံရံတွင် အပေါက်ကြီး တစ်ခုဖြစ်သွားသည်။ ပစ်ကို မလှမ်းမကမ်း တွင် ခွေခွေလေး လဲနေ သည်ကို တွေ့ရ၍မာကွီး နှင့် ပက်

အပြေးတစ်ပိုင်း သူ့နား သွားကြသည်။ သူ့မေးစေ့တွင်သွေးများ ပေ နေ၏။ စိုးရိမ်တကြီး ပြေးလာသော သူတို့ကို ပစ် က ပြုံးပြ၏။မျက်လုံးစိမ်းများ

က သရော်တော်တော်။

"တခြားထွက်ပေါက် ရှာနေရင် ညစာစားချိန်နောက်ကျသွားမှာပေါ့ဗျ"

"ဘုရားရေ၊ ရှင် နောက်နေနိုင် သေးတယ်နော်၊ ဘာမှ မဖြစ်ဘူးလား"

"နံရိုးတွေတော့ နည်းနည်း နိမ့်သွားတယ် ထင်တာပဲ"

မာကွီး က စုတ်တသပ်သပ်၊ ခေါင်းတယမ်းယမ်း-ပစ် ဆိုသည့် ငနဲသည် အတော် မိုက်ကန်းသည့် သူ ဆိုသည်မှာ သွေးထွက်

အောင်မှန်လှသည်။ ပြီးတော့ အုတ်နံရံ အပေါက်မှ ခေါင်းပြူ ကြည့်၏။ ချက်ချင်းပင်ခေါင်းပြန်လှည့် လာသည်။ ပစ်ကို မျက်လုံးကြီး ပြူးကြည့်ရင်း-

"ဟုတ်တယ်ဗျ၊ ထွက်ပေါက်မှ ထွက်ပေါက်အစစ်၊ အတော့်ကို သောက်ကျိုး နည်းအောင် စျေးကြီးတဲ့ ထွက်ပေါက်ဗျ"

ဒီတစ်ခါ မျက်မှောင် ကြုတ်ရသူက ဒတ်ပစ်၊ ဘာဖြစ်လို့လဲ၊

"ခင်ဗျား ဆိုင်ကယ်နဲ့ တိုက်ခွဲပစ်လိုက်တာ အုတ်နံရံတင် မကဘူးဗျ၊ နယူးရှယ်ရီဒန် ဟိုတယ်က မြေအောက် နှစ်ချိုင်ဝိုင် ထားတဲ့

အခန်းထဲက ဝိုင်ပုလင်း တစ်ရာလောက် ကွဲကုန်ပြီဗျ၊ လျော်ရတော့မယ်။ ဒီထွက်ပေါက်မှ ဈေးမကြီး ဘယ်ဟာက ဈေးကြီး လိမ့်မလဲ။"

နယူးရှယ်ရီဒန် ဟိုတယ်၏ မြေအောက်ဝိုင်သိုလှောင်ခန်း သည် ဒတ်ပစ် လက်ချက်ဖြင့် အင်္ဂတေ နံရံတွင် ပေါင်းလောင်းပေါက်ကြီး

ဖြစ်နေပြီး ဝိုင်ပုလင်း ကွဲများ၊ အုတ်ကျိုး အစအနများ ဖြင့်ဝမ္ပာသောက ဒီဇိုင်း ဖြစ်နေ၏။ ထိုအပေါက်ကြီးမှ တဆင့် ဒတ်ပစ်၊ မာကွီး၊ အီဂမ်နှင့်

လက်ထောက် ရဲမှူး တစ်ဦး တို့သည် မိုင်းတွင်း လိုဏ်ခေါင်း အတွင်းသို့တန်းစီ၍ ဝင်ကြ၏။

ဆူဇူကီး ဆိုင်ကယ် သုံးစီး ကိုပိုးလိုး ပက်လက် လန်လျက် တွေ့ကြ ရသည်။ သို့သော် စီး၍မဖြစ်၊ မကြာသေး ခင်ကဖြစ်ပျက် ခဲ့သော

ရှန်းရင်း ဆန်ခတ် မှုများနှင့် အင်ဂျင်စက်မှ ဆူညံသံများကြောင့် မိုင်းတွင်း လိုဏ်ဂူ များသည် အဆမတန် တုန်ခါ ခဲ့ပြီးပြီ။ထို့ကြောင့် သူတို့

အပြေးတပိုင်း ခပ်သွက်သွက် လမ်းလျှောက် လာကြ၏။သံလမ်းများ၊ ထရော်လီများ၊ လမ်းမြှောင် လမ်းခွဲများ, များလှ၏။

ဒတ်ပစ် အဖို့ ဒေါက်တာ အမ်ဗရိုစ် နှင့်လူသတ်သမားများ ရှိရာ နေရာသို့ ပြန်သွားရန် လမ်းကို ဦးဆောင် လမ်းပြ ရသည့်အလုပ်မှာ မလွယ်

လှချေ။ လိုဏ်ခေါင်း တည်နေရာပြ ကွန်ပြူတာ သည်လည်း လွတ်လမ်းကိုသာ ပြနိုင်သည် ဖြစ်ရာ အခုအခါ အားကိုး၍ မရတော့။

အနီးစပ်ဆုံးခန့်မှန်းချက် အရ ဟိုတယ်နှင့် ထိုနေရာ သည် တစ်မိုင် နီးပါးခန့် ကွာဝေးသည်ကတော့ သေချာ၏။ ပစ်သည် လက်နှိပ် ဓါတ်မီးကို

ဖွင့်ချည် ပိတ်ချည် လုပ်ရင်းခပ်သွက်သွက် လျှောက်လာ၏။ သူ အမ်ဗရိုစ် ကို ပေးခဲ့သော ရေငုပ် ဟောလိုဂျင်မီးအလင်းရောင်ကို တွေ့လို တွေ့ငြား

မျှောင်ထဲသို့ အားစိုက်ပြီး ကြည့်ရှု၏။

ဒတ်ပစ် သည် တစ်နေရာ အရောက်တွင် ရပ်တန့်လိုက်ပြီး လှိုဏ်ဂူ ပါတ်လည်ကို မီးဖြင့် ထိုးကြည့်သည်။ ပြီးတော့ မာကွီး ကိုလှည့်ပြော

လိုက်သည်။

"ကျွန်တော်တို့ ရောက်ပြီဗျ"

မိုင်းတွင်းပိုင်ရှင်သည် ပစ် စကားကို မယုံ နိုင်အောင် ဖြစ်နေ၏။

"မဖြစ်နိုင်ဘူး ထင်တယ်။ မစ္စတာပစ်။ကျုပ်တို့ အသံတွေရယ် မီးအလင်းရောင်ရယ်ကို ဒေါက်တာအမ်ဗရိုစ်က ကောင်း မှချမြင်မှာပဲ။

ဒါဆိုရင် သူ အသံ ပေးရင်ပေး၊ အချက် ပြရင်ပြ တစ်ခုခုတော့လုပ်မှာပဲ။ ခုတော့ ဘယ်သူမှ မရှိပါလား"

ပစ် ခေါင်းညိတ် လိုက်၏။ နံရံများကို ဓါတ်မီးဖြင့် လျှောက်ထိုးကြည့်ရင်း-

"ဟုတ်တယ်။ တစ်ခုခု မှားနေတာတော့သေချာတယ်။ ဒီမှာ တွေ့လား။ ဆိုင်ကယ်သမားတွေ လာတော့ ကျွန်တော်

ဒီနေရာမှာပုန်းနေတာဗျ။ နေရာကတော့သေချာတယ်။ ဒါဆို................"

အီဂမ်က သူတို့နောက်က ရပ်ပြီး-

"ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ ရပ်နေတာလဲ" ဟုမေး၏။ ပစ်က ပြုံးပြလိုက်ပြီး-

"ဒီနေရာပဲဗျ။ လူတွေကတော့ အငွေ့များ ပျံသွားပြီလား မပြောတတ်ဖူး။ အစအန ပျောက်သွားပြီ"

ရဲမှူးသည် ပစ် မျက်နှာကို ဓါတ်မီးဖြင့် ထိုးရင်း မျက်နှာပေါ်မှ၊ မျက်လုံးထဲမှ တစုံတရာ ကို ရှာဖွေနေသည်။

"ဒီမှာ။ ခင်ဗျား ကျုပ်တို့ကို အရူးလုပ်နေ တာတော့ မဟုတ်ပါဘူးနော်။ ဒီလူတွေ တကယ် ရှိခဲ့တယ် ဆိုတာ သေချာလား"

မာကွီးက စုပ်သတ် လိုက်၏။

"ဒီမယ် အီဂမ်၊ ကျုပ်ကျိန်ဆိုလည်းကျိန်ပြောမယ်ဗျာ။ ကျုပ်တို့ ဟာ ဒီနေရာမှာ အလောင်း နှစ်လောင်းရယ်။ သတိမေ့နေတဲ့

လူသတ်သမားရယ်၊ သေနတ်တစ်လက်နဲ့ ဒေါက်တာ အမ်ဗရိုစ်ရယ် ကို ချန်ထားခဲ့တာ နေအရှေ့ဖက်က ထွက်ပြီး အနောက်ဖက် ဝင်သလိုကို

သေချာတယ်ဗျ"

ပစ်သည် ဒူးထောက် ထိုင်ချလိုက်၏။မြေပြင်ကို ဓါတ်မီးဖြင့် ထိုးပြီး တစ်လက်မ မကျန် စေ့စေ့စပ်စပ် ကြည့်နေ၏။တစ်စုံ တစ်ရာကို ရှာဖွေ

နေသလို။ အကယ်၍သာ အမ်ဗရိုစ်နှင့် လူသတ်သမား တို့ပျောက်ကွယ် သွားခဲ့သည် ဆိုလျှင် သူတို့ ဤနေရာတွင် ရှိခဲ့ကြောင်း

သဲလွန်စတစ်ခုခုတော့ ချန်ထား ခဲ့ပေမည်။ မူလ ရည်ရွယ်သည် ကတော့ လူသတ်သမား နှစ်ဦးကိုရှင်းလင်းရာတွင် သူ ပစ်လိုက်သည် ပီ-၁၀

သေနတ်မှ ကျည်ခွံ များကို ရှာဖွေရန်ဖြစ်သည်။ သို့သော် မည်သည့် ကျည်ခွံမှ ပစ် ရှာမတွေ့ချေ။ ထိုအစား သူတွေ့လိုက် ရသည်က အနက်ရောင်

ဝါယာကြိုးမျှင်ကလေး တစ်ခု။ သူနှင့် တစ်ပေခွဲအကွာခန့်ရှိ မြေကြီး ပေါ်တွင် ရှိသော ထိုဝါယာကြိုးကလေး နောက်သို့ဓါတ်မီးဖြင့် လိုက်ထိုး

ကြည့်သည်။ ကြိုး သည် ကျောက်သယ် ရထားလမ်း ကို ဖြတ်၍နံရံကို ထောက်ထားသည့် ပြမ်းထောက် တစ်ခုပေါ် တက်သွားသည်။

ပြမ်းထောက်ပေါ်မှာတော့ အထုတ် တစ်ထုတ်။ ဝါယာကြိုး သည် ထိုအထုတ် နှင့် ဆက်ထား၏။

ပစ် တစ်ကိုယ်လုံး တောင့်တင်းသွား၏။ လည်တိုင် တလျှောက် တင်းရင်း ကိုက်ခဲလာသည်။

အ ဋ္ဌ ရာယ် ထောင် ချောက်

"ရဲမှူးကြီး၊ ခင်ဗျား မှာပုံး ရှင်းလင်းရေး အတွေ့အကြုံ ရှိလား"

သွားကြားမှ ထွက်လာသော လေသံဖြင့် မေးလိုက်သည့် ဒတ်ပစ် ၏ အမေးကြောင့် ရဲမှူး အီဂမ် မျက်မှောင် ကြုတ်သွား ၏။

"ကျွန်တော်က တပ်ထဲမှာ တုန်းကတော့ မြေမြှုပ်ပုံး အိတ်စပတ် လုပ်ခဲ့ဖူးတယ်။ ဘာဖြစ်လို့လဲ"

ဒတ်ပစ်က ဝါယာကြိုးကို လက်ညှိုး ထိုးပြ လိုက်သည်။

"ကျွန်တော့် အထင် မှားပါစေလို့ဆုတောင်းတယ်ဗျ။ ကျွန်တော်တို့ နောက်ဘဝကို အစိတ်စိတ် အမွှာမွှာ ဖြစ်ပြီးရောက် သွားအောင်

ပုံးထောင် ခံခဲ့ရပြီလို ထင်တယ်"

အီဂမ်သည် ဝါယာကြိုးကို အသေးစိတ် စစ်ဆေးသည်။ ထို့နောက် ပစ် ဖက်သို့ ပြန်လှည့်လာသည်။

"ခင်ဗျား မှန်တယ် မစ္စတာပစ်။ ရန်သူ ရှိနေပြီ"

"ကျွန်တော်တို့ ဒေါက်တာအမ်ဗရိုစ်ကို ပြန်လာ ခေါ်မယ် ဆိုတာ သိလို့ အသေအချာ အကွက်ချ စီမံ သွားတာဗျ"

မာကွီးသည် အံ့ဩလွန်း သဖြင့် ပါးစပ် အဟောင်းသား ဖြစ်နေ၏။ အတန်ကြာမှ-

"ဒါဆို ဒေါက်တာနဲ့ ဟိုလူသတ်သမား တွေ ဘယ်ရောက် သွားသလဲ။ ကျုပ်တော့ ဘာမှ စဉ်းစားလို့ မရဖူး ဖြစ်နေတယ်"

"ဖြစ်နိုင်ချေ နှစ်ခု ရှိတယ်ဗျ။ ပထမတစ်ခုက လူသတ်သမား ဟာ မေ့နေရာက သတိပြန်ရ၊ ဒေါက်တာအမ်ဗရိုစ် ကို အနိုင်ယူ၊သတ်ပြီး

အောက်ပစ်ချ၊ ပြီးတော့ ပုံးတွေ ဆင်ပြီး အခြားလမ်း ကနေ အပြင်ထွက်သွားတာ"

အီဂမ်က ပခုံးတွန့်လိုက်သည်။

"ခင်ဗျား ပထမ ဖြစ်နိုင်ချေ က မဖြစ်နိုင်ဖူးဗျာ။ ကျုပ်တော့ လက်မခံဘူး။ နတ်သမီးပုံပြင် ကျနေတာပဲ"

"ဒါဆို ပုံးတွေက ဘယ်သူ ဆင်တာ ဖြစ်မလဲ၊ မိုးပေါ်က ကျလာတာလား"

"ဘယ်ပြောနိုင်မလဲဗျ၊ ခင်ဗျားဆင်ထားတာ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့" အီဂမ်သည် ငေါ့စကားနွားရ ပြောလေပြီ။

"ကျွန်တော်က ဒီမိုင်းတွင်းထဲမှာ ပုံးဆင် ရလောက်တဲ့ အကြောင်းလေးများ ပြောပြစမ်းပါဦး"

အီဂမ် နှင့် ဒတ်ပစ် အခြေအနေ ကို အကဲခတ်၍ မာကွီး ဝင်ပြောရသည်။

"အီဂမ်ရေ။ မစ္စတာပစ်က ကျုပ်မြင်ကွင်းထဲမှာပြီးခဲ့တဲ့ ငါးနာရီလုံးလုံး တစက္ကန့်တောင် မပျောက်ပဲ ကျုပ်တို့နဲ့ အတူရှိနေခဲ့တာဗျ။

ကျွန်တော်တို့ရဲ့ ကယ်တင်ရှင်ပါ။ ပုံးထောင်စရာအကြောင်းမရှိပါဘူး"

အီဂမ်က အလျှော့မပေးသေး။ ခေါင်းမာစွာ ပြောပြန်၏။

"ဒါဆိုလည်း ဒါပုံးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ တခြားဟာ ဖြစ်ချင်ဖြစ်မှာပေါ့"

ပစ် ပြုံးလိုက်သည်။

"အဲသလိုဆိုရင် ဝါယာကြိုးကို ဆွဲနုတ်ကြည့်ပါလားဗျ။ နေဦး၊ နေဦး၊ ကျွန်တော်တို့ အပြင်ထွက်လိုက်ဦးမယ်။

ခင်ဗျားတစ်ယောက်တည်းကျန်တော့မှ အားရပါးရ ဆွဲကြည့်လေ"

"ခင်ဗျား မပြောလည်းကျုပ်အဲဒါလုပ်မလို့ပဲ။ ပုံးဖြစ်လည်း ကိစ္စမရှိပါဘူး၊ ကျုပ်ရှင်းတတ်ပါတယ်"အီဂမ်က ပြောပြောဆိုဆို ဝါယာကို

လက်လှမ်းလိုက်သည်။

ပစ် မျက်နှာ သွေးဆုတ်ဖြူရော်သွား၏။

"ကျွန်တော်သာ ဆိုရင်တော့ ဒီလို မလုပ်ဖူးရဲမှူးကြီး၊ ဒီပုံးက အပျော်တမ်းသမား လက်ရာ မဟုတ်ဖူးဗျ၊ ထိပ်တန်းကြေးစားတွေ

လက်ရာမျိုး၊ လက်ညှိုးလေးနဲ့ ထိလိုက် တာနဲ့ ကွဲမှာအသေအချာပဲ”

အီဂမ် က ပစ်ကို စောင်းငဲ့ကြည့်လိုက်သည်။

“ခင်ဗျားမှာ အကြံဉာဏ် ကောင်းတွေ ရှိရင်ပေးစမ်းပါဦးဗျာ”

ဒတ်ပစ်က တစ်နေရာသို့ လက်ညှိုး ထိုးပြ လိုက်သည်။

“ဟိုမှာ ကျောက်သယ်တဲ့ ထရော်လီ၊ တွေ့လား။ဒီနေရာနဲ့ဆို ဂိုက်နှစ်ရာလောက်ဝေးမယ်။ အဲဒီ ထရော်လီကို

ကျွန်တော်တို့ဒီနေရာရောက်အောင် တွန်းချလိုက်မယ်။ ဒါဆို ပုံးတွေပေါက်ကွဲကုန်လိမ့်မယ်။ ကျွန်တော်တို့လည်း ဘေးကင်း တာပေ့ါ။ ဘယ်လို

သဘောရလဲ”

“အဲသလို လုပ်လိုက်ရင် လှိုဏ်ခေါင်း ပြိုကြပြီး ရာသက်ပန် ပိတ်သွားတော့ မှာနော်” မာကွီးက သတိပေး လိုက်၏။

ပစ် ခေါင်းညိတ်သည်။

“ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကနောက်မျိုးဆက်တွေ ဒီ မိုင်းတွင်းထဲ မဝင်နိုင်အောင် တမင်သက်သက် စိတ်ယုတ်မာမွေးပြီး

လုပ်တာမှ မဟုတ်ပဲဗျာ။ နောက်ပြီး တော့လည်း ဒီလှိုဏ်ခေါင်းကို ၁၉၃၀ခုနှစ်ကစပြီး ခုထိ ကျွန်တော်တို့အပြင် ဘယ်သူမှ ဝင်မလာဖူးဘူး

မဟုတ်လား”

“ကောင်းပြီ။ ကျုပ်သဘောကျတယ်”နောက်ဆုံးတော့ အီဂမ်သည် ပစ်၏အကြံကို လက်ခံလိုက်၏။ “နောင်လာနောက်

သားတွေဒီမိုင်းတွင်းကို ရောက်လာခဲ့သည်ရှိသော် ဒီအတိုင်း ပုံးတွေနဲ့ဆို မဖြစ်ဘူး၊ခင်ဗျားပြောတဲ့ အတိုင်း လုပ်ကြတာပေ့ါ”

နောက် ဆယ့်ငါးမိနစ်ခန့်ကြာသော် ဒတ်ပစ်၊မာကွီး၊ အီဂမ်နှင့် လက်ထောက်ရဲမှူး တို့သည်
ကျောက်သယ်သည့်

ထရော်လီအဟောင်းကြီးကို ဖုံးနှင့်ဆက်ထားသည့် ဝါယာကြိုး နှင့် ကိုက်ငါးဆယ် အကွာသို့ချွေးဒီးဒီး
ကျအောင် တွန်းရွှေ့ လာခဲ့ ကြသည်။

အစမှာတော့ သံချေး ကိုက်နေသောဘီးများသည် လွယ်လွယ်နှင့်မရွှေ့။ နောက်ပိုင်းတော့ မြန်ဆန်
လွယ်ကူ လာခဲ့သည်။

"ကဲ လူကြီးမင်းတို့ ဒီနေရာကနေ တွန်းချ ကြစို့" ဒတ်ပစ်က ဆော်ဩ လိုက်ပြီး လူလေးယောက်
ညာသံပေး၍ ထရော်လီ ကြီးကို

တွန်းချ လိုက်တော့သည်။

ထရော်လီသည် ဒယိမ်းဒယိုင်နှင့် မြေသားလမ်းအတိုင်း ပြေးဆင်း သွား၏။ ယောက်ျား
လေးယောက်ကား ကျောက်နံရံ

အကွယ်သို့ကမန်းကတန်း ပြေးဝင် နေရာယူ ကြ၏။ တစ်မိနစ် မျှအကြာတွင်
နားကွဲလုခမန်းကြောက်စရာ ပေါက်ကွဲသံ ကြီးကို

ကြားလိုက်ကြရသည်။ ဗုံးကား ပေါက်ကွဲချေပြီ။

တလိပ်လိပ်ထ လာသောဖုန်မှုန့်များကြောင့်မြင်ကွင်းသည် မသဲကွဲ။ နားထဲက လေတွေ ထွက်ပြီး
အူလျှက် အသံ

ကောင်းကောင်းမကြားကြရ။ အီဂမ်သည် မျက်စိကို ပိတ်လျှက် အော်ပြောလိုက်သည်။

"ကိစ္စတော့ ပြီးပြီ မစ္စတာပစ်ရေ။ ဒါပေမဲ့ ခင်ဗျားတစ်ခု လိုသွားသဗျ"

"ဘာများပါလိမ့် ရဲမှူးကြီး"

"ခင်ဗျားတို့ရဲ့ ဒေါက်တာ အမ်ဗရိုစ်လေ။တကယ်လို့ သူ သေသွားပြီ ဆိုရင်တောင် ခုလို့ဂျက်ဂူ ပြိုကျ
သွားပြီ ဆိုတော့ သူ့အလောင်းကို

ဘယ်တော့မှ ဘယ်သူမှ မတွေ့နိုင် တော့ဘူးပေါ့"

ပစ် သက်ပြင်းချလိုက်သည်။

"သူ့ ကိုရှာလို့ အချိန်ကုန်ရုံပဲ ရှိမှာပါဗျာ"

အီဂမ်က တစုံတခုကို သတိရသွားသည်။

"နေဦးဗျ၊ ခင်ဗျားခုနက ကျုပ်တို့ကို ဖြစ်နိုင်ချေ နှစ်ခုလို့ ပြောခဲ့တယ် မဟုတ်လား။ ဒုတိယ ဖြစ်နိုင်ချေက ဘာလဲ"

"ဒုတိယ ဖြစ်နိုင်ချေကတော့............" ပစ်အားလုံးကို ခြုံကြည့်လိုက်ပြီး တစ်လုံးချင်းပြောလိုက်သည်။

"ဒေါက်တာ အမ်ဗရိုစ် မ-သေ-ဘူး-ဗျ"

မာကွီး ခေါင်းရှုပ်သွားသည်။ ဖုန်တွေကပ်နေသော ဆံပင်များကို တဗျင်းဗျင်းကုတ်ရင်း မေးလိုက်သည်။

"တတိယ လူသတ်သမားက အမ်ဗရိုစ်ကို မသတ်ဘူးလို့ ဆိုလိုတာလားဗျ"

"ဟုတ်တယ်။ သူ့ဘော့စ် သူဘယ်ပြန်သတ်လိမ့်မလဲ"

"ဘယ်လို ဘော့စ်၊ ဟုတ်လား"

ဒတ်ပစ်က အားလုံးကို ပြုံးပြလိုက်ပြန်သည်။ ပြီးတော့ ပြတ်သားစွာပြောလိုက်သည်။

"ဒေါက်တာ အမ်ဗရိုစ်ဟာ လူသတ်သမား တွေထဲက တစ်ယောက်၊ ရှင်းရှင်းပြောရရင် ခေါင်းဆောင်ပဲဗျ"

ညစာစားဖို့ ကျွန်မ နည်းနည်း နောက်ကျ သွားတာ ခွင့်လွှတ် ကြပါရှင်၊ ရေချိုး စိမ့်ပြီး အပန်းဖြေ လိုက်တာ တော်တော်လေး

ကြာသွားလို့"

ပက်ထရစ်ရှာသည် မာကွီး၏ အိမ်တံခါးဝ ၌ နတ်သမီးလေး တစ်ပါး ကိုယ်ထင် ပြသလို လှပ ကျော့ရှင်းစွာ ပေါ်လာ၏။

လီဇာ မာကွီး သည် ပက်ထရစ်ရှာ ကို အပြေးတပိုင်း ထ၍ ကြိုဆို၏။

"ရှင့်ကို ပြန်တွေ့ ရတာ ကျွန်မ ဘယ်လို ဝမ်းသာမှန်း မသိဘူး၊ တကယ်ပဲ"

ပက်ထရစ်ရှာ အိမ်ထဲသို့ လှမ်းအဝင်၊ သူမနောက်မှ ကပ်လိုက် လာသော ဒတ်ပစ် ကို လီဇာ တွေ့သွားသည်။ အမျိုးသမီး သည်ပစ်ကို

ဖက်၍ ပါးနှစ်ဖက်ကို အားရပါးရ နမ်းနေ၏။

"မစ္စတာပစ် ကို ဘယ်လို ကျေးဇူး ဆပ်ရမှန်းတောင် မသိဘူး။ ကျွန်မ လင်တော်မောင် ကို ဘေးမသီ ရန်မခ အိမ်ပြန် ပို့ပေးတဲ့

အတွက်"

ပါးချိုင့်လေး ပေါ်အောင် ပစ် ပြုံးလိုက်၏။

"တကယ်က ကျွန်တော် ခင်ဗျားကို လိမ်ပြော တာဗျ၊ လူးဝစ် (မာကွီး) ကို ကယ်ချင်ယောင် ဆောင်ပြီး ကျွန်တော် ကိုယ့် ကိုယ်ကို မနည်း

ကယ်ခဲ့ရတာ"

ပက်ထရစ်ရှာ ပျော်နေသည်။ သူမက ဒတ်ပစ်ကို မျက်စောင်း ထိုးရင်း ပြုံးစစဖြင့် ဝင်ပြော ပြန်သည်။

"ဒါကတော့ ရှင်ပိုပြီ။ လူးဝစ် သာမက ကျွန်မတို့ အားလုံးကို ရှင် ဘယ်လို ကယ်ခဲ့တယ် ဆိုတာ လူတိုင်း သိပါတယ်နော်"

"ကျွန်မက လူးဝစ်ကို ဖြစ်ကြောင်းရယ်ကုန်စင် ပြောခိုင်းတော့ သူက ဘာမှ ပြောမပြ ဘူးလေ။ အခု ညစာ စားရင်း ရှင်ပြောပြ

ရမယ်နော်" ပျော်ရွှင် မြူးတူး နေသော လီဇာမာကွီးက ဒတ်ပစ် နှင့်ပက်ထရစ်ရှာ တို့၏ အပေါ်ဝတ် ကုတ်အင်္ကျီ များကို ချွတ်ပေးရင်း ပစ် ကို

ဖိအားပေးနေသည်။

"ကျွန်တော် အသားကင်နဲ့ရတယ်။ဗိုက်ဆာလာပြီ" ပစ်က နာခေါင်း ရှုံ့ပွ ရှုံ့ပွ လုပ်ရင်း မိန်းမသား နှစ်ဦးလက်မှ ကိုယ်လွတ် ရုန်းဖို့

ကြိုးစား လိုက်၏။

"လူးဝစ်က ကားဂိုဒေါင် နားမှာ ရှင်တို့အတွက် အသား ကင်နေ လေရဲ့။ ပြီးရင် ကျွန်မတို့ အနွေးဓါတ် လွှတ်ထားတဲ့ ဖန်လုံအိမ်လေး

ထဲမှာ ညစာ စားကြ မယ်လေ။ မြင်ကွင်းလည်း ကောင်းတယ်။ နွေးလည်းနွေးတယ်။ အပြင်မှာ စားရင်တော့ သိပ် အေးလွန်းတယ်။"

ဒတ်ပစ် သည် ရေခဲသေတ္တာထဲမှ ပက်စီဗီကိုတံဆိပ် ဘီယာ တစ်ပုလင်းကို ဖောက်ပြီး မာကွီးထံ လျှောက်လာ ခဲ့၏။ မာကွီး

ကားအသားကင်ရင်း အလုပ်များ နေ၏။

"အား-မွှေးတယ်ဗျို့၊ သွားရည်တောင် ကျလာပြီ"

မာကွီးက ပြုံးပြလိုက်သည်။

"ခဏလေး စောင့်ဦး၊ ရတော့မယ်၊ လီဇာက အသားကင်နဲ့ လိုက်အောင် မော်နေး အချဉ်ရည်ကို စပါယ်ရှယ် လုပ်ထား တာ"

များမကြာမီ သူတို့သည် မာကွီး၏ နွေးထွေးဇိမ်ကျ လှသော ဖန်လုံခန်းလေး ထဲတွင် အသားကင် တစ်ကိုက် ဘီယာ

တစ်ကျိုက်ဖြင့်ဆက်ရက်မင်း စည်းစိမ် ခံစား နေကြ၏။ လီဇာ စားသောက်ဖွယ်ရာ များကိုသွားယူစဉ် မာကွီးက ပစ်နှင့် ပက် အား ပြီးခဲ့သည့်

အကြောင်းများကိုသိပ်ပြောဆိုခြင်း မပြုရန် ကြိုတင် မေတ္တာရပ်ခံ ထား၏။ ဤသို့ဖြင့် စိတ်နှလုံးပျော်မွေ့ဖွယ် အကြောင်းများကို အလ္လာဘ၊ သလ္လာဘ

လျှောက်ပြောရင်း လီဇာကဒေါက်တာအမ်ဗရိုစ် အကြောင်း မေးသည် ကို တောဖြေ တောင်ဖြေ လျှောက်ဖြေ ကြသည်။အရေးကြီး၍ ပြန်သွား

သလိုလို၊ မိတ်ဆွေများ နှင့် ညစာ သွားစား သလိုလိုမရေမရာ လုပ်နေကြသည်။ လီဇာ ကလည်း ပါးနပ်သော အမျိုးသမီး တစ်ဦးမို့ သူတို့ပန်းခြံ ထဲမှ

လမ်းလျှောက် ပြန်လာ သလိုလို ပေါ့ပေါ့ပါးပါး လျှောက်ပြောနေကြသော စကားများသည် အမှန် မဟုတ်မှန်း ရိပ်မိ သော်လည်း ဘာမှ ထွေထွေ

ထူးထူးမမေး။ သူမ သမီးလေး များကို ညစာ ကျွေးရင်း အလုပ်ရှုပ် နေ၏။ ပက်ထရစ်ရှာ ကပန်းကန် ခွက်ယောက်များ ကူသိမ်း ပေးပြီး စားပွဲကို

ရှင်းလင်းကာ မုန်လာဥကိတ်မုန့် နှင့် ကော်ဖီ တို့ဖြင့် အစာပိတ် ကြပြန်၏။

ပစ် သည် မီးဖိုခန်း ထဲမှ လီဇာအား စကားအနည်းငယ် ပြောရင်း မာကွီး နှင့် ပက်ထရစ်ရှာ တို့ထံ ပြန်လာ ထိုင်၏။ မာကွီးကသူ့ကို

လှမ်းကြည့်ပြီး-

"ခင်ဗျားပြောတဲ့ ဒေါက်တာအမ်ဗရိုစ် နဲ့ပက်သက်တဲ့ ဒုတိယ ကောက်ချက်ကို ကျုပ်ခုထိ လက်မခံနိုင်ဘူး ဖြစ်နေတယ်

ဗျ။ကျုပ်အထင်တော့ သူ အသတ်ခံလိုက်ရတာပဲ"

"ကျွန်မလည်း ဒီအတိုင်းပဲ ထင်တယ်။ ဒေါက်တာအမ်ဗရိုစ်လို ပညာရှင်ကြီး အဖို့ လူသတ်ဂိုဏ်း ခေါင်းဆောင် ဖြစ်နေတယ်

ဆိုတာအဓိပ္ပါယ် မဲ့လွန်းတယ်"

ဒတ်ပစ်က သူတို့နှစ်ဦးလုံးကို စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားတို့ နှစ်ယောက် ဒေါက်တာ အမ်ဗရိုစ်ကို ဒီနေ့မတိုင်ခင် ဘယ်သူ မြင်ဖူးကြလဲ"

မာကွီးနှင့် ပက်ထရစ်ရှာ တိုင်ပင်ထားသလို ပြိုင်တူ ခေါင်းခါကြ၏။ ပက်က စောဒက တက်သေးသည်။

"ဒါပေမဲ့ သူ့လို ထင်ရှားတဲ့ လျှမ်းလျှမ်းတောက်ပညာရှင်ကြီးဟာ................"

"ဘာပဲ ဖြစ်ဖြစ် အဓိက အချက်က ခင်ဗျားသူ့ကို အရင်က တစ်ခါမှ မမြင်ဘူး ခဲ့ဘူးလေ။ ဆိုတော့ ဒေါက်တာ အမ်ဗရိုစ်ပါလို့ ဘယ်လိုလုပ်

သက်သေပြမလဲ"

မာကွီးခေါင်းညိတ်လိုက်၏။

"ဒါတော့ ဟုတ်ပါတယ်။ သူကဒေါက်တာအမ်ဗရိုစ်အယောင်ဆောင် လူသတ်သမားပဲ ထားပါဦး။ ကျုပ်တို့နဲ့ တူတူရေနစ်သေမလို

ဖြစ်နေတာ ခင်ဗျားဘယ်လို ရှင်းမလဲ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူ့ကိုယ်သူအသေခံပြီးတော့ သူများကို သတ်မယ်ဆိုတာတော့ ဘယ်ဖြစ်နိုင်မလဲနော်"

ပက်ကအကွက်ကောင်း ရသွား သည့်နှယ် ဝင်ပြော၏။

ဒတ်ပစ် ကတော့ ခပ်အေးအေးပင် ပြန်ပြောသည်။ သူ့လေသံက သေချာလွန်းလှသည်။

"အဲဒါ သူတို့ အတွက်အချက် မှားလို့ဗျ။ဒီကောင်တွေဟာ ဖောက်ခွဲရေး စပါယ်ရှယ်လစ်တွေ၊ ဒါပေမဲ့ မိုင်းတွင်းအတွေ့အကြုံ မရှိတော့

လုပ်လိုက်တာ လက်လွန် သွားတယ်။ ဒါနဲ့ပဲ သူတို့ခေါင်းဆောင်ရေနစ်ပြီး သေမလို ဖြစ်တော့ ကယ်ရအောင် ဆိုင်ကယ် တွေနဲ့ လာကြ တာပေါ့ဗျ"

မာကွီးသည် နေဝင်ရီတရော တောင်တန်းများ၏ အလှကို ငေးကြည့် နေ၏။

"သူတို့ ဒီလိုလုပ်လို့ ဘာ အကျိုးအမြတ် ရှိမလဲ"

"အင်မတန် ပိရိသေသပ်တဲ့ လူသတ်မှုအထမြောက်မှာပေါ့ဗျ။ အထဲမှာ ခင်ဗျားတို့သေနေရင် ဒါ မတော်တဆ တွင်းပြိုလို့ပဲ။ ဘယ်သူကမှ

လူသတ်မှုလို့ ထင်မှာ မဟုတ်ဘူးလေ"

"အင်းလေ၊ အဲဒါကိုပဲ မေးနေတာ၊ ကျွန်မတို့ကို သတ်လို့ သူတို့မှာ ဘာ အကျိုးအမြတ် ရမှာလဲလို့"

"ခင်ဗျားတို့က သူတို့အတွက် မထွေးနိုင် မအန်နိုင်တဲ့ မြိမ်းချောက်မှုကြီး တစ်ခု ဖြစ်နေ လို့ပေါ့"

"ဘယ်လို၊ ဘယ်လို၊ ဘယ်သူ့အတွက် ဘယ်ဟာက မြိမ်းချောက်တာ......"

မာကွီးရော ပက်ထရစ်ရှာပါခေါင်းခြောက်သွားကြ၏။ အခြေအနေက ရှုပ်သထက် ရှုပ်ထွေးလာသည်။ ပစ် ဘာတွေပြောနေမှန်း သူတို့

ကောင်းကောင်း နားမလည်ကြ။

ဒတ်ပစ်သည် စိတ်ရှုပ်၊ စိတ်ညစ် နေကြသော မာကွီးနှင့် ပက်ကို စေ့စေ့ ကြည့်ရင်း-

"ဒီကိစ္စ ရဲ့ နောက်ကွယ်မှာ အင်မတန်ကျောထောက် နောက်ခံ တောင့်တင်းပြီး အရမ်း လျှို့ဝှက်တဲ့ အဖွဲ့အစည်း တစ်ခုပါနေတယ်။

သူတို့က မဟူရာ အရိုးခေါင်းနဲ့ ပက်သက်လို့ အများပြည်သူ သိသွားမှာကို လုံးဝ မလိုလားတဲ့ ပုံပဲ"

ပက်ထရစ်ရှာ တုန်လှုပ်သွား၏။

"သူတို့ သူတို့က ဘာ့ကြောင့်များ ဒီလို မနုဿဗေဒ ဆိုင်ရာတွေ့ရှိမှုကြီးကို လူသိ မခံချင် ရတာလဲဟင်၊ သူတို့နဲ့ ဘာဆိုင်လို့လဲ"

ပစ်က ပက်ကို ပခုံးတွန့် ၍ လက်ဖဝါးနှစ်ဖက် မြှောက်ပြလိုက်၏။

"ဂွင်းဆက်က အဲဒီနေရာမှာ ပြတ်နေတာဗျ"

ပက်ထရစ်ရှာသည် အတန်ကြာအောင် စဉ်းစားနေ၏။ ပြီးမှ-

"ကျွန်မမှတ်မိပြီ။ ခုကျွန်မတို့ကြုံတွေ့ရသလိုမျိုးပဲ အရီဇိုနာ ပြည်နယ် တက္ကသိုလ်က ဒေါက်တာ ဂျက်ဖရီတက်ဖက်နဲ့ သူ့ကျောင်းသားတွေ

ချီလီနိုင်ငံ လက်စကာတောင်တန်းတွေပေါ်မှာ ရှေးဟောင်းသုတေသနတူးဖော်ရေးလုပ်နေတုန်း တွင်းပြိုခဲ့ဖူးတယ်။ သူတို့ကတော့ ကံမ

ကောင်းရှာဘူး၊ အများစုက သေဆုံး သွားခဲ့ တယ်လေ"

"သေရတဲ့ အကြောင်းက" မာကွီး စိတ်ဝင် စားစွာဖြင့် မေးလိုက်သည်။ ပြဿနာက ကြီးသည်ထက် ကြီးလာပြီ ဖြစ်၏။

"ကယ်ဆယ်ရေးအဖွဲ့တွေ အပြောအရတော့အလောင်းတွေဟာ အေးခဲ တောင့်တင်း နေတယ်တဲ့။ ဒါကို ဘယ်လိုမှ စဉ်းစားလို့မရကြဘူး။

ချီလီရဲ့ ရာသီဥတုဟာ ရေခဲမှတ်နဲ့ အဝေးကြီး၊ ဟိုက်ပို သားမီးယားဖြစ်စရာ အကြောင်း မရှိဖူး မဟုတ်လား"

ပစ် ဝင်မေးလိုက်သည်။

"သူတို့က ဘယ်လို ရှေးဟောင်းသုတေသနမျိုးသွားလုပ်ကြတာလဲ"

"အဲဒါ ဘယ်သူမှ သေချာမသိဘူးရှင့်။ နယူးယောက်က အပျော်တမ်းတောင်တက်သမားတွေ စတွေ့ခဲ့တဲ့ ရှေးဟောင်း

လက်ရာတွေလို့ပြောကြတာပဲ"

"အဲဒီ အပျော်တမ်း တောင်တက်သမားတွေရော"

"ဆမ်တီယာဂို ကနေ နယူးယောက်အသွား သူတို့စင်းလုံးငှားလာတဲ့ လေယာဉ်ပျက်ကြလို့ ဆုံးသွားခဲ့ကြတယ်"

ပစ်၏ မျက်လုံးစိမ်းများအရောင်တလက်လက်တောက်လာ၏။ လွန်စွာသိမ်မွေ့နက်နဲသည့် လျှို့ဝှက်ချက်ကြီးတစ်ခုကို ဆွမ်းခံရင်း ဌက်သင့်

သလို တွေ့ရှိနေပြီကော။

ကျုပ်ကတော့ အဲဒီ လေယာဉ် ပျက်ကျသွားတဲ့တောင်တက် အဖွဲ့တွေနဲ့ တွင်းပိ သေသွားတဲ့ အရီဇိုးနား က သုတေသန

အဖွဲ့တွေ့ခဲ့တာဟာ မဟူရာ သလင်း အရိုးခေါင်းပဲလို့ ထင်နေတယ်ဗျာ"

မာကွီးက တွေးတွေးဆဆ ပြောလိုက်၏။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ။ ဘယ်သူမှအတိအကျတော့ မသိခဲ့ကြဘူး" ပက်ထရစ်ရှာ ရင်မောလာ၏။ ဒီအတိုင်းသာ

ဆိုလျှင်သူမတို့ ဓါးခုတ်ရာ လက်ဝင် လျှိုမိ ချေပြီ။

"နေဦးဗျ၊ ခင်ဗျား ဟိုအခန်းထဲမှာ တုန်းက နံရံပေါ်က စာတွေ ကူးလာ ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ။ ရေတွေ စိုနေလို့ဆံပင်အခြောက်ခံစက်နဲ့ မှုတ်ထား ရတယ်။ ဖတ်လို့တော့ ရသေးတယ်ရှင့်။ ဒါပေမဲ့ခုထိတော့ ဘာမှ

အဓိပ္ပါယ် မဖော်နိုင် သေးဘူး။ ကျွန်မလည်း ဒီလိုသင်္ကေတမျိုးတွေ တစ်ခါမှ မတွေ့ဖူးဘူးလေ"

ပစ်က စဉ်းစဉ်း စားစားပြောလိုက်သည်။

"ကျွန်တော်ကတော့ ရှေးခေတ်ကပဲ ဖြစ်ဖြစ်၊ ခုခေတ်ပဲ ဖြစ်ဖြစ်၊ အက္ခရာ သင်္ကေတတွေမှာ တူညီတာလေးတွေ ရှိနိုင်တယ်လို့

ထင်တယ်"

"မထင်နဲ့ရှင်၊ ဘယ်လိုမှ အဓိပ္ပါယ်ဖော်မရတဲ့ ရှေး လက်ရေး မူတွေ အများကြီးပဲ။ ဒါပေမဲ့ မဟူရာ သလင်းအရိုးခေါင်းနဲ့ နံရံမှာ ရေးထားတဲ့

သင်္ကေတတွေ ကတော့ တော်တော်ကြီး တူတယ်။အသေးစိတ် အချိန်ပေးပြီး မလေ့လာရ သေးခင် တော့ ဘာမှ မပြောနိုင် သေးဘူးလေ"

မာကွီးသည် မခံချိမခံသာဖြစ်နေ၏။

"အေးဗျာ။ ဒီအခန်းလေး ခေါင်းပေါ်မှာ ရှိမှန်း မသိပဲနဲ့ နေ့တိုင်း အဲဒီမှာ အလုပ် သွားလုပ် နေမိတာ တွေးကြည့်ရင် အသည်းတောင်

ယားတယ်"

ဒတ်ပစ်က သူတို့နှစ်ယောက်ကို မေးလိုက်၏။

"အဲဒီအခန်းကို ဘယ်သူ တွေက ဘယ်တုန်းကဘာရည်ရွယ်ချက်နဲ့ တည်ဆောက် ခဲ့ပြီး လူသတ်သမား တွေနဲ့ ဘယ်လို

ပက်သက်နိုင်သလဲ။ စဉ်းစားကြည့်ကြ စမ်းပါ"

ရုတ်တရက် လေအေးတစ်ချက် နှော့သွားသဖြင့် ကျောထဲ စိမ့်သွားကြ၏။ ပက်က-

"အတော်အေးလာပြီ။ ကျွန်မ ကုတ်အင်္ကျီ သွားယူ လိုက်ဦးမယ်"

မာကွီးက မီးဖို့ဖက်သို့ ကြည့်ရင်း-

"လီဇာ ကော်ဖီနဲ့ ကိတ်မုန့်သွားယူတာ ကြာလှ................"

ရုတ်တရက် မာကွီးအသံ သည် ရပ်သွား၏။ဒတ်ပစ်သည် ကြောင်ရိုင်း တစ်ကောင်လို လျှင်မြန်စွာ ထိုင်ရာမှ ထပြီးမာကွီးပါးစပ် ကို

လက်ဝါးဖြင့် ပိတ်၍ စားပွဲအောက် လှဲချ လိုက်သည်။ပြီးနောက် ပက်ကို ကြမ်းပြင်ပေါ် ဆွဲချပြီး သူ့ ကိုယ်လုံး ကြီးဖြင့် ဖိထားလိုက်သည်။ ပုံမှန်

မဟုတ်သော အရိပ် မည်းမည်းများ၏ လှုပ်ရှားမှုကိုသူ့မျက်လုံး ထောင့်မှာ ရိပ်ကနဲမြင် လိုက်ရပြီးနောက် ကျင့်သားရနေသောသူ၏ဆဋ္ဌမအာရုံ

လှုံ့ဆော်မှု များကြောင့် အလွန် လျှင်မြန်စွာ သူ လှုပ်ရှားလိုက်နိုင် ၏။

စက္ကန့်ပိုင်း အတွင်း ဆင့်ကာဆင့်ကာပစ်လိုက်သော သေနတ်သံ နစ်ချက်ကို အလွန် နီးကပ်စွာ ကြားလိုက် ရ၏။ အပြင်မှာအရိပ်မည်းမည်း

များ ဝရုံးသုန်းကား လှုပ်ရှား နေသည်။ ဒတ်ပစ်သည် ပက်ထရစ်ရှာ ၏ခန္ဓာကိုယ် လေးကို ဖိထားရာမှ တစ်ဖက်သို့ လိမ့်လိုက်ပြီး အားယူ

ထဖို့ကြိုးစား လိုက်စဉ် မှာပင် သူ့နားထဲ၌ အလွန် အင်မတန် ရင်းနီးကျွမ်းဝင်လှသော အသံတစ်ခုကို ကြားလိုက်ရ၏။

"စိတ်မပူနဲ့ဟေ့။ သူ့ကိုမိပြီကွ"

မာကွီးနှင့် ပက်ထရစ်ရှာသည် သူတို့ကိုယ် သူတို့ ဘာဖြစ်သွားမှန်း မသိလိုက်ကြပဲ လူးလဲ ထလာကြ၏။

"ဟို သေနတ်သံတွေနဲ့ ဘာ— ဘာတွေ လဲ" မာကွီးက တုန်လှုပ်ချောက်ချားနေ၏။

"ဘာမှ မပူနဲ့တော့ဗျ၊ ကျွန်တော်တို့ လူတွေရောက်လာပြီ" ပစ်က အားပါးတရ ပြောလိုက်၏။ သူ့လေသံတွင် စိတ်ချ ယုံကြည်ခြင်း

များစွာ ပါသွား၏။

မာကွီး သည် အိမ်ဖက်သို့ လှမ်းကြည့်ရင်း-

"ကျုပ်မိန်းမနဲ့ ကလေးတွေရော...."

"ရေချိုးခန်းထဲမှာ နဘာယံ၊ ဘေးမရှိ ပါခင်ဗျာ"

"ဘယ်လို- ဘယ်လို"

"ကျွန်တော် အစကတည်းက သူတို့ကို ပုန်းခိုင်းထားတာ"

အာတိတ် သားမွေးဝတ်စုံနှင့် ကျွဲပေါက်ကြီးတစ်ကောင်လို တုတ်ခိုင်သော လူပုပု တစ်ယောက်သည် တစ်ကိုယ်လုံး

အနက်ရောင်နင်ဂျာဝတ်စုံ ဝတ်ဆင်ပြီး စကိတ်စီး မျက်နှာဖုံး စွပ်ထားသော လူတစ်ယောက်ကိုဂုတ်မှ ကိုင်ဆွဲကာ ဒတ်ပစ် တို့ထံ ဝင်လာသည်ကို

တွေ့လိုက်ကြရ၏။ ဆံပင်ကနက်နက် ကောက်ကောက်။ မျက်လုံး အနက်နှင့် သွားကြီးများ ဖြဲ၍ လာသောထိုလူပုသည် နင်ဂျာ ဝတ်စုံနှင့် လူကို

ဆယ်ပေါင် အာလူးအိတ် ဆွဲသလို ပေါ့ပေါ့ပါးပါး တရွတ်တိုက် ဆွဲလာ၏။

ပစ်က ဆီးနင်းများ ဖုံးလွှမ်း နေသော ခြံဝင်းကို စိုက်ကြည့်ရင်း-

"အေးဆေးပဲလား" ဟုလူစိမ်းကို မေးလိုက်သည်။

"အေးဆေးသမှ မျက်မမြင်ကိုနောက်ကချောင်းပြီး တုတ်နဲ့ ဆော်ရသလိုပဲ၊ လွယ်လိုက်တာကွာ၊ ဒီကောင် အကြံကြီးကြံလာပေမဲ့

အီဖေကို ရဲ့ ခြုံခို တိုက်ခိုက်မှုကြောင့် ကားကနဲပဲ။ ဟီးဟီး”လူပုက တဟီဟီး ရယ်ရင်း ထမင်းစား ရေသောက် လေသံဖြင့် ပစ်ကို ပြောနေ၏။

“ကြေးစား လူသတ်သမား တစ်ယောက် အတွက်တော့ ရန်သူကို လျှော့တွက်တာ သူ့ရဲ့ မဟာအမှား ပေါ့ကွာ”

ပက်က ပစ်အား ငေးစိုက်ကြည့်နေသည်။

“ဒါတွေအတွက် ရှင်အစထဲက အကွက်ချ စီမံထားတာလား”

“ဟုတ်တယ်ဗျ။ ကျွန်တော်စဉ်းစားကြည့်တော့ ဒီကိစ္စဟာ ဒီမှာတင်ပြီးသွားမှာမဟုတ်ဖူးလို့ တွက်လိုက်တယ်။

ဒီကောင်တွေဟာ”ကြမ်းပေါ်လဲလျှက်ရှိသော နင်ဂျာ၀တ်စုံနှင့် လူသတ်သမားကို ငေးစိုက်ကြည့်ရင်း-

“တော်ရုံနဲ့ လက်လျှော့မဲ့ ကောင်တွေမဟုတ်ဖူး၊ ကျွန်တော်တို့ကို ရေဆုံး မြေဆုံး ကိစ္စတုံးအောင် လုပ်မှာပဲ။ အစကတော့ သူတို့ဘာလို့

ဒီလောက် အသည်းအမည်း ဖြစ်နေမှန်း စဉ်းစားလို့ မရခဲ့ဖူး။အခုအချိန်မှာ သူတို့ရဲ့ ပစ်မှတ်နံပါတ် တစ်ဟာ ကျွန်တော်ပဲ။ ကျွန်တော်ကသူတို့ရဲ့

မဟာ အကြံအစည် ကြီးကို သပ်လျှို ပစ်ခဲ့တာကိုး။ ကျွန်တော် ဟိုအားမီးနီးစ် အခန်းထဲ ပြန်သွားပြီး မဟူရာသလင်း အရိုးခေါင်းကို

ရသွားမှာရယ်။ပက်က သင်္ကေတ တွေကို အဓိပ္ပါယ် ဖော်လိုက် နိုင်မှာရယ်ကို သူတို့ သေမွှတတ်ကြောက်နေ လိမ့်မယ်။ ဆိုတော့ ကျွန်တော်တို့

လွတ်ပြီ ဆိုတာနဲ့ သူတို့အဖွဲ့အစည်း ထဲက တစ်ယောက်ယောက်က အခွင့်ကောင်း စောင့်ပြီး အမြန်ဆုံး လုပ်ကြံမှာပဲလို့ တွက်မိတယ်။ သူတို့

လုပ်ငန်းစဉ်မှာ မျက်မြင် သက်သေကိုအသက်ရှင်ခွင့် ပေးရိုး ထုံးစံ မရှိဘူး။ ဒါနဲ့ပဲ ကျွန်တော် သူတို့ကိုငါးစာလေး ချလိုက် တယ်။ တန်းတန်းမတ်မတ်

လာဟပ် တော့တာပဲ”

မာကြီး မျက်နှာစူပုပ်သွား၏။

"ဩ- ဒီတော့ကျုပ်တို့က ငါးစာပေါ့လေ။ ခင်ဗျားလုပ်တာ ကျုပ်တို့ သေတော့မလို့ဗျ၊ သိရဲ့လား။ ပြီးတော့ ကျုပ်အိမ်မှာ မှ——"

"အခွင့် အရေးက နှစ်ခါပြန်မရဘူး လူးဝစ်ရဲ့"

"ရဲမှူး အီဂမ်ရော ဒါကိုသိလား"

"အခုလောက်ဆို ပက်ထရစ်ရှာ အိပ်ခန်းထဲက လူသတ်သမားကို သူဆော်ပလော်တီး ပြီးရောပေါ့"

"ဘယ်လို- ဘယ်လို၊ ကျွန်မ အခန်းထဲမှာလူသတ်သမားရှိတယ်။ ဘုရား-ဘုရား" ပက် မျက်နှာ ဖီးရှက်ခန့်ငယ်

သွားသည်။ရေချိုးနေတုန်းများဝင်လာလို့ကတော့——။

"ခင်ဗျားနဲ့ ကျွန်တော် မာကွီးအိမ်သွားတော့မှ လူသတ်သမားက ခင်ဗျားအခန်းထဲ ဝင်တာဗျ၊ ရဲမှူးကို ကျွန်တော်ကပဲ့ပိုတယ်

ဘေးပါတ်လည်မှာ ကင်းပုန်း ဝပ်ခိုင်းခဲ့တာ။ လူသတ်သမား တွေရဲ့ အကြံကမာကွီးအိမ်မှာ ကျွန်တော်တို့ အားလုံးကို သတ်ပြီး ခင်ဗျားအခန်း

ထဲကကင်မရာနဲ့ မှတ်စုစာအုပ်ကို ယူဖို့လေ။"

မာကွီးက ဗလ တောင့်တင်းဟန် ရှိသော လူသတ်သမား ကို လက်ညှိုးထိုး၍-

"ဒီကောင့် ကြည့်ရတာ ဒေသခံ လူဆိုးတော့ ဟုတ်ပုံမရဖူး။ သူ့လို အဆက်အပေါက်မျိုး အီဂမ်ရဲ့ အချုပ်ခန်းထဲမှာ တစ်ခါမှ

မမြင်ဖူးဘူးဗျ"

ပစ်သည် သူ့နားမှာ ရပ်နေသော အာတိတ်သားမွေးဝတ်စုံနှင့် လူပုအားဖက်၍-

"ကဲ အားလုံးကို ကျွန်တော့် သူငယ်ချင်းကြီး အဲလ်ဗတ် ဂျီယိုဒီနီနဲ့ မိတ်ဆက် ပေးပါရစေ။ အယ်လ် က ကျွန်တော်တို့ အ သုံးလုံးမှာ

လက်ထောက်ပရောဂျက် ဒါရိုက်တာပေါ့။ ကျွန်တော်နဲ့ နှစ်ကိုယ့်တစ်စိတ် ဆိုလည်း မမှားဘူး"

မာကွီးနှင့် ပက် ဘာလုပ်ရမှန်းမသိကြ၊ကြောင်ငေးငေးကြီးတွေ ရပ်နေကြပြီး အယ်လ်ကို မိုက်ခရိုစကုတ် အောက်မှပက်တီးရီးယားကို

ကြည့်နေသော သိပ္ပံပညာရှင်များ ကဲ့သို့ တွေတွေကြီးဝိုင်းကြည့် နေကြသည်။ အယ်လ်က ခုထိဆွဲ ထားသော လူသတ်သမား၏ အင်္ကျီစကို

လွှတ်၍သူတို့နှင့် လက်ဆွဲနှုတ်ဆက်ရင်း-

"မာကြရဲ့နော်။ တွေ့ရတာ နှစ်ထောင်းအားရရှိလှသဗျ၊ ခင်ဗျားတို့ရဲ့ အမှုတော်ကို ထမ်းရလို့ ကျွန်တော်မျိုးကြီးဝမ်းမြောက် မိပါတယ်"

ခပ်မြူးမြူး ပြောလိုက်၏။

"လူသတ်သမားကို ကြည့်ကြစို့" မျက်နှာဖုံး တပ်ထားသည့် လူသတ်သမားကို ဘယ်သူ ဘယ်ဝါမှန်း သိအောင် ကြည့်ဖို့ ပစ်

စိတ်စောနေသည်။

"နေပါဦးကွ၊ ငါ့ရဲ့ စွန့်စားခန်းလေးပြောစမ်း ပါရစေဦး၊ ဒီကောင် သွက်တာတော့ အရမ်းပဲကွ၊ သိလား၊ သူနဲ့ငါတစ်ပြိုင် တည်း

သေနတ်မောင်း ဆွဲညှစ်ကြတာပဲ။ သူ့ကျည်ဆန်ကြီးကငါ့ပေါင်ကိုပွတ်သွားပြီး ငါ့ကျည်ဆန်လေးက သူ့ညာဖက် အဆုတ်ထဲ ဝင်သွားရှာတယ်"

"သေပြီလား"

"ဟင့်အင်း၊ မသေပါဘူး၊ ဒါပေမဲ့ နောက်ကို မာရသွန်ပွဲတော့ မနွှဲနိုင်တော့ဘူးပေါ့ကွာ"

ပစ်က လူသတ်သမား၏ မျက်နှာဖုံးစွပ်ကို ဆွဲခွာချလိုက်၏။

ပက်သည် ကြောက်ရွံ့မှု၊ မယုံကြည်နိုင်မှု၊ အံ့အားသင့်မှု များကြောင့် ခေတ္တဆွံ့အသွားသည်။ မာကွီးသည်လည်း ပါးစပ် အဟောင်းသား။

"ဘုရားရေ၊ ဒါဒါ ဒေါက်တာ အမ်ဗရိုစ်ပဲ"

"မဟုတ်ဖူးဗျ၊ တကယ့်ဒေါက်တာအမ်ဗရိုစ်အစစ်က တနေရာရာမှာ သေနေလောက်ပြီ။ ဒီကောင်က ကျွန်တော်တို့ခင်ဗျားတို့ကို

သတ်ဖို့သက်သက် အယောင်ဆောင်ထားတာပါ"

ပက်သည် လူသတ်သမား၏ မပွင့်တပွင့်မျက်လုံးအစုံကိုစိုက်ကြည့်ရင်း ဒေါသတွေအလိပ်လိုက်ထွက်လာသည်။ သူမန္တတ်မှ

ရိုင်းရိုင်းစိုင်းစိုင်း စကားလုံးတွေ ထွက်လာသည်။

"ဟဲ့ အောက်တန်းစားအကောင်ရဲ့၊ နင်က ဘာမို့လို့ ဒေါက်တာအမ်ဗရိုစ်လို ပညာရှင်ကြီးကို သတ်ရတာလဲ။ နင် €€€€€€€€$$$$$$$"

လူသတ်သမားသည် စိတ်လှုပ်ရှားပုံအလျဉ်းမရှိ၊ သူ့ပါးစပ်မှ စကားလုံးအချို့တိုးတိုးလေး ထွက်ပေါ် လာသည်။

"သတ်တာမဟုတ်ဖူး။ သူ့ကိုစီရင်ချက်ချလိုက်တာ။ ခင်ဗျားတို့အားလုံးလည်း စီရင်ချက်ချပြီးသားပဲ။ သေကိုသေကြရမယ်"

"ခင်ဗျားအခု ကိုယ့်ကိုယ်ကိုဘာလုပ်နေမှန်းရောသိရဲ့လား" ပစ်၏အသံသည် ရေခဲတမျှအေးစက်လှ၏။ လူသတ်သမားသည်

ဒတ်ပစ်ကို မျက်လုံးလှန်ကြည့်လိုက်သည်။ ပြီးတော့မှတိုးတိုးလေးပြော၏။

"သိစရာမလိုပါဘူး၊ အနာဂါတ်ကံကြမ္မာသစ်အတွက် တာဝန်မှန်သမျှလုပ်ဖို့ပဲလိုတယ်။ သိဖို့မလိုဖူး"

"ဘယ်လို- အနာဂါတ်ကံကြမ္မာသစ်၊ ဟုတ်လား"

လူသတ်သမားက ပြုံးလိုက်၏။ ချောင်းအနည်းငယ်ဆိုး၏။ သွေးစကလေးများပါလာ၏။ အဆုတ်ကို ကျည်ဝင်ထားသည်ကိုး။

"အနာဂါတ်ကံကြမ္မာသစ်၊ စတုတ္ထနိုင်ငံတော်ကြီးကို မမြင်ရခင်ခင်ဗျားတို့သေမှာပဲ" သူ့လေသံတွင် ဒေါသနှင့်မုန်းတီးမှုများမပါ။ သာမန်

စကားပြောသလိုပင် အေးအေးသက်သာပြောနေခြင်းဖြစ်၏။ အာရုံစိုက်နားထောင်သောအခါ သူ့လေသံသည် ဥရောပတိုက်သားများပြောသည့်

လေသံမျိုးဖြစ်သည်ကို တွေ့ကြရသည်။

"အာမီးနီးစ်အခန်းရယ်၊ မဟူရာသလင်းအရိုးခေါင်းရယ်က ဘာတွေလဲ"

"အတိတ်ကာလရဲ့ အကြောင်းကြားစာတွေပေါ့၊ ကမ္ဘာ့အကြီးဆုံးလျို့ဝှက်ချက်ပေါ့"

"ခင်ဗျား လူသတ်မှုနဲ့ထောင်နန်းစံရရင်တော့ ကျွန်တော်တို့ခုထက်ပိုပြီးသိလာရမှာပါ၊ ခုမပြောချင်လည်းနေပေါ့ဗျာ"

လူသတ်သမားက ခေါင်းယမ်း၏။

"ကျွန်တော်တို့ဟာ ဘယ်တော့မှထောင်မကျဘူး၊ တရားရုံးမရောက်ဖူးဗျ။"

ပစ်ဘာမှမလုပ်နိုင်မီ လူသတ်သမားသည် တစုံတရာကို ပါးစပ်ထဲသို့ အလွန်လျှင်မြန်စွာပစ်ထည့်လိုက်ပြီး-

"လွှန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်တုန်းက ဟာမန်းဂိုရင်းသုံးခဲ့တဲ့ ဆိုင်ယာနိုက်အဆိပ်ဆေးတောင့်လေ၊ မစ္စတာပစ်ရဲ့၊ ခုထိ အစွမ်း

ထက်တုန်း၊ အသုံးဝင်တုန်းဗျ၊ ကဲ နှုတ်ဆက်ပါတယ်မစ္စတာပစ်ရေ"လူသတ်သမားသည် ဆေးတောင့်ကိုသွားဖြင့် ကြိတ်ခွဲလိုက်သည်။

ပစ်သည် လူသတ်သမား၏နားနားတွင်သူ့ပါးစပ်ကိုတေ့လိုက်ပြီး နှစ်ကိုယ်ကြားလေသံဖြင့် သေဒဏ်မှုးမှုး အမ်ဗရိုစ်အယောင်ဆောင်ကို-

"ကျုပ်ခင်ဗျားကို သနားတယ်ဗျ၊ ခင်ဗျားတို့ရဲ့ သောက်သုံးမကျတဲ့ စတုတ္ထအင်ပါယာအကြောင်း ကျုပ်တို့အစောကြီးထဲကသိပြီး

သားဗျ" ဟုပြောလိုက်လေသည်။

လူသတ်သမားသည် မျက်လုံးကြီးပြူး၍ ပစ်ကိုစိုက်ကြည့်ရင်း ဆန့်ငင်ဆန့်ငင်အကြောဆွဲ၍ အသက်ထွက်သွား၏။ တကယ်တော့

ပစ်ဘာမှမသိပါ။ သို့သော် လူသတ်သမားကို စိတ်မချမ်းသာစွာ အသက်ထွက်သွားစေ၍ သူကျေနပ်နေလေသည်။

မီးဖို့ခန်းထဲမှဖုန်းသည် အဆက်မပြတ်မြည်နေ၏။ လူးဝစ်မာကွီးသည် အပြေးအလွှားသွား၍ဖုန်းကိုင်သည်။ တစ်မိနစ်ခန့် စကား

ပြောပြီးနောက် ဖုန်းခွက်ကိုပြန်ချ၍ဒတ်ပစ်တို့ရှိသည့် မှန်လုံအိမ်လေးထဲသို့ ပြန်လာသည်။

"ရဲမှူးအီဂမ်ဆက်တာ။ ပက်ရဲ့အခန်းထဲမှာသေနတ်ပစ်ပွဲ ဖြစ်သွားသတဲ့။ သူ့လူနှစ်ယောက် ဒဏ်ရာအပြင်းအထန် ရသွားပြီး

လူသတ်သမားကိုတော့ အသေဖမ်းမိတယ်တဲ့။ ဘာသတင်းမှတော့ မရလိုက်ဖူး"

ဒတ်ပစ်သည် ဒေါက်တာအမ်ဗရိုစ်အယောင်ဆောင် လူသတ်သမား၏ အသက်မဲ့ခန္ဓာကိုယ်ကို အတော်ကြာစိုက်ကြည့်နေရင်းက-

"လူသေတွေဆီက ဘာသတင်းမှမရနိုင်ဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲဗျာ" ဟု ပြောလိုက်လေသည်။

ထိုအခိုက် မီးဖို့ခန်းတံခါးဖွင့်သံကြားလိုက်ရပြီး လီဇာမာကွီး၏ မျက်နှာပေါ်လာသည်။

"အခု ထွက်လာလို့ရပြီလားရှင်"ကြောက်ရွံ့မှုကြောင့် သူမအသံက လေသံလေး မျှသာ။ ကြမ်းပေါ်လဲကျနေသောအလောင်းကောင်းကို

မျက်လုံးကြီး ပြူး၍ ကြည့်နေ၏။

ပစ်က သူမလက်ကို တွဲခေါ် လာရင်း-

"အားလုံး ပြီးသွားပြီ လီဇာ၊ မကြောက်နဲ့တော့၊ ခုဘာအန္တရာယ်မှ မရှိ တော့ဘူး" ဟု တတွတ်တွတ် နှစ်သိမ့်နေသည်။

မာကွီးက သူ့ချစ်ဇနီးကိုဖက်လိုက်ရင်း-

"ကလေးတွေရော" ဟုမေးလိုက်သည်။

"ကျွန်မ အိပ်ဆေးနည်းနည်းတိုက်ထားလို့ သမီးလေးတွေ အစောကြီးထဲကအိပ်ပျော်နေကြတယ်။ လုံးဝမနိုးဘူး"

"အေး" မာကွီးသည် သက်ပြင်းရှည်ကြီးချလိုက်သည်။

"တို့ မိုင်းတွင်းလုပ်ငန်းကြီးတော့ နိဌိတံသွားပြီလီဇာရေ"

လီဇာက သူ့ယောက်ျားကို မျက်စောင်းထိုးလိုက်သည်။

"ကျွန်မတော့ အဲသလိုဖြစ်တာ ဝမ်းတောင်သာသေး။ ရှင်လည်း အတော်ချမ်းသာနေပါပြီကျောက်သူဌေးကြီး လူးဝစ်မာကွီးရယ်၊ ကျွန်မတို့

အပြောင်းအလဲ လုပ်ကြဖို့ အချိန်တန်ပြီလို့ မှတ်ပေါ့"

"လီဇာပြောတာ သိပ်မှန်တယ်" ပစ်က ထောက်ခံလိုက်သည်။

"အပြောင်းအလဲက လုပ်ကိုလုပ်ရမယ်လူးဝစ်ရေ။ ကျွန်တော်တို့ ဒီလူသတ်သမားတွေအကြောင်း မဖော်ထုတ်နိုင်မချင်းခင်ဗျားတို့

ဒီပတ်ဝန်းကျင်မှာ မနေကြရင်ကောင်းမယ်"

ရဲကားများနှင့် လူနာတင်ယာဉ်သည် ဥဩသံတညံညံနှင့် မာကွီး၏အိမ်ရှိရာ တောင်ပေါ်လမ်းအတိုင်း မောင်းတက်လာနေကြသည်။

လီဇာက လူးဝစ်ကိုစိုက်ကြည့်ရင်း-

"ရှင် မှတ်မိသေးလား။ ကာဘိုဆန်လူးကပ်စ်ကမ်းခြေက ဇီးပင်လေးတွေဝိုင်းနေတဲ့ ဟိုတယ်လေးလေ။ ကျွန်မတို့လိုချင်လွန်းလို့

အရှူးတစ်ပိုင်းဖြစ်ခဲ့ကြတာ"

လူးဝစ်မာကွီး ၏မျက်နှာကြီး ပြုံးလာသည်။ သူက အားရပါးရ ခေါင်းညိတ်လိုက်ပြီး-

"ဟုတ်တယ် အချစ်ရေ၊ အခု ဟိုတယ်ပိုင်ရှင် လုပ်ဖို့အို ချိန်ကျပြီ" ဟု ပြောလိုက်တော့သည်။

ပက်ထရစ်ရှာ က ဒတ်ပစ်၏ လက်မောင်းကိုလာတွဲ၏။ ပစ်က သူမကိုလှည့်ကြည့်သောအခါ-

"ကျွန်မကရော ဘယ်မှာပုန်းရမှာလဲဒတ်ရယ်။ တသက်လုံး ပညာရေးနဲ့ပဲအသက်မွေးလာတာ တခြားအလုပ် ကျွန်မ မလုပ်တတ်ဖူး

ရှင့်"ဟု သနားစဖွယ်ပြောရှာသည်။

"ပက်ရေ၊ ရှင်းရှင်းပြောရရင် ခင်ဗျားတက္ကသိုလ်ပြန်သွားတာနဲ့ ခင်ဗျားအသက်ဟာ ဖက်နဲ့ထုပ်ထားရလိမ့်မယ်။ အခု

လောလောဆယ်တော့ ခင်ဗျား ပြန်လို့မဖြစ်ဘူး"

"ဒတ်၊ ရှင်က အဏ္ဏဝါအင်ဂျင်နီယာ၊ ကျွန်မက မနုဿဗေဒပညာရှင်၊ လူသတ်သမားတွေကို ခြေရာခံဖို့ဆိုတာ ကျွန်မတို့နဲ့အလှမ်း

ကွာလွန်းတယ်နော်"

ပက်ထရစ်ရှာ့ စကားက သွေးထွက်အောင် မှန်သည်။ ဒတ်ပစ် ခေါင်းညိတ်လိုက်၏။

"အစိုးရနဲ့သက်ဆိုင်ရာအေဂျင်စီတွေက ဒီကိစ္စကို လက်လွှဲကိုင်တွယ်ပါလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားကျွမ်းကျင်တဲ့ပညာကို ဒီအမယ်ဘုတ်

ချည်ခင်ကြီး ဖြည်နိုင်အောင် သုံးရလိမ့်ဦးမယ်။ခင်ဗျားဟာ အခုဒီပြဿနာကြီးမှာ တန်ဖိုး မဖြတ်နိုင်တဲ့ အဓိကလူဖြစ်နေပြီပက်ရဲ့"

"ဒါဆို ဒီကိစ္စကမပြီးသေးဘူးပေါ့နော်"

"အခုမှ ရေရေလည်လည် စတာဗျ"

ရဲမှူးအီဂမ်က အယ်လ်ဂျီယိုဒီနိကို မေးမြန်းစုံစမ်းမှုများပြုလုပ်နေ၏။ ဒတ်ပစ်သည် ငြီးစီစီဖြစ်လာသောကြောင့် အိမ်အပြင်သို့

ထွက်လာခဲ့သည်။ စိမ်းလန်းသောမြက်ခင်း၊ နှင်းမှုန်နှင်းစဖြူလွှလွှများ၊ မဟူရာအဆင်းနှင့် ကတ္တီပါကောင်းကင်ပြင်တွင် ဟိုတစ်ခုဒီတစ်ခု

တလက်လက်တောက်ပနေသော မစ်ကီးဝေးလ်ကြယ်စင်စုများ။ သူ ကောင်းကင်ပြင်ကြီးကို ငေးကြည့်နေသည်။ စိတ်ထဲမှညကို ကျိန်ဆဲနေ၏။

သူ့ကိုယ်သူ ကျိန်ဆဲနေ၏။ ကူကယ်ရာမဲ့သည့် ပစ္စက္ခအခြေအနေကိုလည်း အကြိမ်ပေါင်းများစွာ ကျိန်ဆဲမိနေ၏။

အနာဂါတ်ကံကြမ္မာသစ်ဆိုသည့်အဖွဲ့မှ သောက်ရူးများကို ပျစ်ပျစ်နစ်နစ်ကျိန်ဆဲနေ၏။ သူ့စိတ်ထဲတွင် ရှုပ်ထွေးနေသည်။ ည၏အမှောင် နှင့်အတူ

ပြဿနာ၏အဖြေတို့က ပျောက်ဆုံးနေ၏။ သေချာတာ တစ်ခုတော့ရှိသည်။ တစ်ယောက်ယောက်ကတော့ အကြီးအကျယ် ပေးဆပ်ရတော့မည်။

အသက်ပြင်းပြင်း ရှူသွင်းလိုက်၏။ အမြင့်ပေ တစ်သောင်းနီးပါးရှိသော တောင်တန်းပေါ်ရှိလေမှာ အေးမြလတ်ဆတ်သန့်စင်နေ၏။ သူနေလို့ ထိုင်လို့

ကောင်းလာသည်။ ယုံကြည်မှု ရှိလာသည်။ဆုံးဖြတ်ချက်ချလိုက်သည်။

နံနက်လင်းလျှင် လင်းချင်း မိုင်းတွင်းသို့ ပြန်ဝင်ပြီး မဟူရာသလင်းအရိုးခေါင်းကို မရရအောင်ယူမည်။

ဒတ်ပစ်၊ အဲလ်ဂျီယိုဒီနို၊အီဂမ်၊ မာကွီးနှင့် လက်ထောက်ရဲမှူး နှစ်ဦးပေါင်း ခြောက်ဦးပါအဖွဲ့သွဲ ည် ဘူကေးနီးယားမိုင်းတွင်းသို့

ချီတက်လာကြသည်။ ပစ်တို့လွတ်မြောက်ခဲ့ကြသည့် နယူးရှယ်ရီဒန်မြေအောက်ခန်းဝင်ပေါက်မှာ ပေါက်ကွဲမှုကြောင့် တွင်းပြိုပိတ်ဆို့သွားပြီ

ဖြစ်သည့်အတွက် အာမီးနီးစ်အခန်းသို့ရောက်ရန် ရေအောက်လမ်းကိုသာသုံးရတော့ မည်။

ပစ်၏ ရေအောက်ကွန်ပြူတာလမ်းညွှန်ကြောင့် ဘူကေးနီးယားနှင့် နီဗွာန်ဘုံမိုင်းတွင်းကိုဆက်ထားသော ရေမြုပ်နေသည့်

လှိုဏ်ခေါင်းအထိ လွယ်ကူချောမွေ့စွာ ရောက်လာခဲ့ကြ၏။

ဒတ်ပစ်သည် မည်းနက်နေသောရေပြင်ကိုစိုက်ကြည့်ရင်း စဉ်းစားခန်းဝင်နေ၏။ ရေအောက်လမ်းသည် မနေ့ကထက်ပို၍

ရေတက်နေပြီဖြစ်၍ ရေဖိအားဒဏ်ကိုခံနိုင်ရည်ရှိမရှိ ချိန်ဆကြည့်နေသည်။

အယ်လ်ဂျီယိုဒီနိမှလွဲ၍ အခြားသူများကမူ ဒတ်ပစ်တစ်ယောက်ရူးသွားချေပြီဟု အောက်မေ့နေကြသည်။ ငရဲတွင်းမှ

သေကံမရောက်သက်မပျောက်ပဲ ကံကြီးစွာလွတ်လာခဲ့ပြီးမှ ငရဲတွင်းထဲတစ်ခေါက်ပြန်ဆင်းဦးမည်ဆိုခြင်းမှာ ရူး၍သာဖြစ်ချေမည်။ အယ်လ်ကတော့

ပစ်ဘာလုပ်လုပ် သေအတူ ရှင်မကွာလက်တွဲခဲ့သည့် ရဲဘော်ရဲဘက်မို့ ငရဲတွင်းမကလို့ အဝီစိဆင်းဆင်း မမှုပါချေ။

မာကွီး၊ အီဂမ်နှင့် အခြားလူများသည် မိုင်းတွင်းအရေးပေါ်ထွက်ပေါက်များ၌ ကြိုးလှေကားများချရင်း အလုပ်များနေကြသည်။ ပစ်နှင့်

အယ်လ်တို့သည် အဝတ်အစားများကိုချွတ်ရင်း အတွင်းခံနိုင်လွန်နှင့်ပေါ်လီအက်စတာကိုယ်ကျပ်ဝတ်စုံများ လဲဝတ်နေကြသည်။

ပြီးနောက်ဗိုက်ကင်းအမျိုးအစားရေငုပ်ဝတ်စုံများကို ထပ်ဝတ်ကြသည်။ လိုအပ်သောပစ္စည်းကိရိယာများ စုံမစုံစစ်ဆေးကြသည်။ ပစ်က အယ်လ်ကို

တစ်ချက်ခိုးကြည့်လိုက်သည်။ သူတစ်ခါမှမကြုံဖူးသေး သည့်အန္တရာယ်တွင်းသို့ဆင်းရမည်ကို ဤအီတာလျံလူပုလေး၏ ပုံစံမှာ ရှစ်ပေသာသာ

နက်သည့် ရေကူးကန်ထဲဆင်းသလို အေးအေးဆေးဆေးရှိလှသည်။

"အယ်လ်ရေ၊ ငါက လမ်းပြကွန်ပြူတာကိုင်မယ်၊ မင်းက ရေကြောင်းပြကွန်ပြူတာကိုင်ကွာ"

အယ်လ်သည် သူ့ဘယ်ဖက်လက်ဖြင့်ကိုင်ထားသော ရေကြောင်းပြကွန်ပြူတာကို တစ်ချက်ကြည့်ရင်း-

"ပင်လယ်ရေမျက်နှာပြင် အထက်ပေတစ်သောင်း၊ ရေအနက်ပေ တစ်ရာ့တစ်ဆယ်မှာ ငါတို့မိနစ်သုံးဆယ်ရေငုပ်ရမယ်။ ပျော်စရာကြီး

ပါကွာ" ဟု နောက်တောက်တောက်ပြောလိုက်သည်။

တစ်ခေါင်းလုံးစွပ်သည့် မတ်တူးခေါင်းစွပ်ကိုစွပ်လိုက်ကြပြီးနောက် အသံလှိုင်းဆက်သွယ်ရေး ကောင်းမကောင်း စမ်းကြပြန်သည်။

"အယ်လ် ငါပြောတာကြားရလား"

"ဟဲ့ သောက်ရူး၊ တိုးတိုးအော်ကွ၊ မင်းအသံက ငါ့ခေါင်းထဲဝင်ပြောတဲ့အတိုင်းပဲ"

အောက်စီဂျင်ဘူးများကို ကျောမှာလွယ်ပြီးနောက်မှာတော့ သူတို့ခရီးစဉ်စရန်အသင့်ဖြစ်နေကြပြီ။ ခါးမြှောင်ကိုယ်စီမှအပ

အခြားလက်နက်များတော့ ယူမလာခဲ့ကြချေ။

ပစ်သည် ရေငုပ်ဟေလိုဂျင်မီးကိုဖွင့်၍ ရေထဲသို့ညင်သာစွာလျှောဆင်းသွား၏။ အယ်လ်ကလည်း သူ့ဘေးကကပ်၍ပါလာ၏။ သူတို့

ရေအောက်သို့ နက်သည်ထက်နက်အောင် ငုပ်ဆင်းလာကြသည်။ ရေဖိအားကြောင့်နားများအူလာကြ သည်။

မနေ့က ဖြစ်ခဲ့သောပေါက်ကွဲမှုက အပေါ်ယံကြောမှရေများကို နောက်ကျိညစ်ထေးစေသော်လည်း အောက်နက်လာသောအခါ ရေက

တဖြည်းဖြည်းကြည်လာသည်။ အရှေ့ကိုပေငါးဆယ်ခန့် မြင်သာထင်သာရှိလာသည်။ အနက်ပေပြကိရိယာကို ပစ်ကြည့်လိုက်တော့ရေအနက် ၁၈၆

ပေကိုညွှန်ပြနေ၏။ သူက အယ်လ်ကိုခဏစောင့်နေလိုက်သည်။

"ဘယ်လောက်ဝေးသေးလဲကွ" ပစ်အနားသို့ ရောက်လာသောအယ်လ်က ဆက်သွယ်ရေးကိရိယာမှ တဆင့်မေးလိုက် သည်။

"ကိုက်တစ်ရာလောက်ပဲလိုတော့တယ်။ ဟိုအကွေ့လေးကျော်ရင်ရောက်ပြီ"

ရေယက်များကို ယက်ခါလှုပ်ခါကူးခတ်သွားကြပြီး ကျောက်နံရံကွေ့အနားသို့ ရောက်လာကြသည်။ ရုတ်တရက် ပစ်ကလက်ပြပြီး

ရပ်နိုင်းလိုက်သည်။

"အယ်လ်၊ မီးပိတ်လိုက်စမ်း" ရေငုပ်မီးများငြိမ်းသွားကြ၏။ သို့သော်လုံးဝ မှောင်မဲသွားခြင်းမဟုတ်ပဲ သူတို့ရှေ့ခပ်လှမ်း လှမ်းတွင်

အလင်းရောင်မှိန်မှိန်လေး မြင်လိုက်ကြရသည်။

"ပစ်ရေ၊ ငါတို့တော့ အဖော်တွေတွေ့နေပြီဟ" အယ်လ်၏စကားကို ပစ်ကခေါင်းညိတ်ပြလိုက်သည်။

အားမီးနီးစ်အခန်းထဲတွင် လူနှစ်ယောက်ရောက်နှင့်နေပြီ။ နှစ်ယောက်လုံးရေငုပ်ဝတ်စုံ ကိုယ်စီနှင့်၊ သူတို့ကို သတိမထားမိကြပဲ

အခန်းနံရံများကိုသဲကြီးမဲကြီးခါတ်ပုံရိုက်ရင်း အလုပ်များနေကြသည်။ ရေအောက်မီးများကိုထွန်းထားသဖြင့် ရေမြုပ်နေသော

ကျောက်သားအခန်းမှာ ဟောလီးဝုဒ်စတူဒီယိုခန်းသဖွယ် ဖြစ်နေ၏။ အသက်ရှူရာမှထွက်ပေါ်လာသော လေပူစီဖောင်းလေးများက ပလုံစီလျှက်။

ပစ်နှင့်အယ်လ်တို့သည် သတိကြီးစွာထား၍အသက်ရှူနေရသည်။ သူတို့ထံမှ လေပူစီဖောင်းများ အခန်းတွင်းဝင်သွားလျှင်ချက်ချင်း ရိပ်မိ

သွားနိုင်သည် မဟုတ်လား။

"ဒီကောင်တွေဖွဲ့တော့ အင်မတန်ကောင်းကြတာပဲ။ ဘာမှန်းမသိတဲ့သင်္ကေတတွေအတွက် သတ်လည်းသတ်ဝံ့၊ သေလည်းသေဝံ့

ကြတယ်"

"သူတို့ဆက်သွယ်ရေးစနစ်နဲ့ ဒို့ဆက်သွယ်ရေးစနစ် ကြိမ်နှုန်းမတူတာ ကံကောင်းတယ်ကွ။ ဒို့ပြောသမျှ သူတို့ဘာမှ မကြားရဘူး"

"ငါတို့ကို ထောင်ချောက်ဆင်ချင်လို့ မသိချင်ယောင်ဆောင်နေတာလည်း ထည့်တွက်ဦး အယ်လ်"

"အခု သူ့ခိုးလက်က သူဂုက်လုကြမလား၊ လုပ်လိုက်လေ၊ ကြာသလားလို့"

အယ်လ်ဂျီယိုဒီနိုနှင့်ဒတ်ပစ်တို့သည် တကယ့်နှစ်ကိုယ့်တစ်စိတ်အတွဲဖြစ်၏။ ချက်ဆို နားခွက်ကမီးတောက်နိုင်စွမ်း အလွန်အင်မတန်

မြင့်မားကြသူများဖြစ်၍ စကားများများပြောပြီး ညှိနှိုင်းနေဖို့မလို၊ သူတို့၏စွန့်စားခန်းများက အမျိုးသားအဏ္ဏဝါဗေဒအေဂျင်စီတွင်

ဒဏ္ဍာရီပမာလူသိများလှသည်။

"အဲဒီတော့ နှစ်ယောက်လုံး အခန်းထဲ ဝင်ပြီး ဒီနှစ်ကောင် ဗိုက်ထဲ ဓါးထည့်ကြမလား" အယ်လ်၏ လေသံလေးဖြင့်မေး သည့်အမေးကို

ပစ်က-

"အခန်းထဲကို နှစ်ယောက်လုံးတစ်ပြိုင်နက် ဝင်လို့မရဘူးကွ" ဟု အခန်းအနေအထားနှင့် ဝင်ပေါက်ကို စိုက်ကြည့်ရင်း ဖြေ၏။

"ပြီးတော့ ဒီနှစ်ကောင်ကို အရှင်လိုချင်တာ"

"ဟ- အဲဒါတော့ မလွယ်ဘူးကွ"

"နေဦး၊ ငါသိပြီ" ပစ်သည် ပြောပြောဆိုဆို အခန်းနားကပ်သွားသည်။

"ဟေ့ကောင်၊ ငါ့ကိုပြောဦး၊ ဖွတ်မလုပ်နဲ့" အယ်လ်သည် လက်အိပ်များကိုဆွဲချွတ်လိုက်ပြီး အသင့်အနေအထားဖြင့် ပစ်နားကပ်သွား၏။

"ကြည့်စမ်း အယ်လ်၊ ဒီကောင်တွေ ဓါးကို ခြေသလုံးနားထိုးထားတာကွ"

"ဆိုတော့—"

သူတို့ ပြောဆိုနေစဉ်မှာပင် ဓါတ်ပုံရိုက်နေသူနှစ်ဦးသည် အလုပ်များပြီးစီးသွားပုံပေါ်သည်။ တစ်ယောက်က ကင်မရာကို

ရေလုံအိတ်ထဲထည့်ပြီး နောက်တစ်ယောက်က အခန်းထောင့်တွင် တစ်စုံတစ်ရာကိုတပ်ဆင်နေသည်။ မီးရောင်အောက်တွင်

ထိုသူတပ်ဆင်နေသောအရာမှာ ဒိုင်းနမိုက်များဖြစ်ကြောင်းထင်ထင်ရှားရှားတွေ့လိုက်ရချိန်မှာတော့ ——

အယ်လ်သည် အခန်းထဲသို့တဟုန်ထိုးဝင်ပြီး ကင်မရာအိတ်ထဲထည့်နေသူ၏ပါးစပ်တွင်တပ်ထားသော အောက်စီဂျင်ပိုက်ကို ခါးဖြင့်

ဖြတ်ချလိုက်၏။ ပြီးတော့ထိုသူ၏လည်ပင်းကို ဆင်နှာမောင်းလောက်တုတ်သော သူ့လက်မောင်းကြီးဖြင့် ညှစ်ထားလိုက်ရာ စက္ကန့်ပိုင်းအတွင်း

ပျော့ခွေကြသွား၏။ ပစ်သည် ဒိုင်းနမိုက်တပ်ဆင်နေသောသူထံသို့ ကူးခတ်သွားပြီး အယ်လ်လုပ်သလို ထိုသူ့လည်ပင်းကို လက်မောင်းဖြင့်

ဆွဲညှစ်လိုက်ချိန်မှာပင် သူ့သားကောင်မှာဘီလူးတစ်ကောင်လို ကြီးထွားတုတ်ခိုင်ကြောင်း အံ့သြဖွယ်သိလိုက်ရသည်။ ရုန်းကန်မှုနှင့်တန်ပြန်

တိုက်ခိုက်မှုက အင်အားကြီးလွန်းလှသဖြင့် ပစ်မှာဒဏ်ရာရနေသည့် ဝက်ဝံကြီး တစ်ကောင်၏ ဂုတ်ပေါ်ခွစီးမိသောမြေခွေးကဲ့သို့ဖြစ်နေသည်။

ပစ်လက်မောင်းဖြင့် ဆွဲညှစ်ထားခြင်းခံရသူသည် သူ၏ကြီးမားလှသောလက်ကြီးများဖြင့် ပစ်လည်ပင်းကိုပြန်ညှစ်နေ၏။ ပစ်၏ ဦးခေါင်းမှာ

တစ်ရာ့ရှစ်စိတ်မျှ ကွဲကြေသွားသလို နာကျင်လာ၏။ ထိုသူ၏အင်အားက တိရိစ္ဆာန်ကြီးတစ်ကောင်အလား အံ့မခန်းဖြစ်၏။

လူ့ဘီလူးပါးစပ်တွင်တပ်ထားသော အောက်စီဂျင်ပိုက်ကို ဆွဲဖြုတ်ပစ်လိုက်သည်။ ထိုအခါတွင်မှ ပစ် လည်ပင်းကို ညှစ်ထားသော

လက်ကြီးများပြေလျော့သွားပြီး ထိုလက်ကြီးများသည် အသက်ရှူပိုက်ကို အငမ်းမရလိုက်စမ်းနေသည်။ ပစ်သည် လူ့ဘီလူးကြီး၏လည်မျိုကို

ညှစ်ထားသောလက်ကို လက်သီးဆုပ်ထားရာမှဖြေလိုက်၏။ အပေါ်သို့ လက်ကိုရွှေ့လာပြီးနောက် ဖွင့်ထားသောမျက်လုံးတစ်ဖက်ထဲသို့

လက်ညှိုးဖြင့် ဆတ်ကနဲ ထိုးသွင်းလိုက်တော့သည်။

လူ့ဘီလူးကြီးသည် ခဏတာမမြင်မစမ်းဖြစ်သွားသော်လည်း နှစ်ရှစ်ဆယ်ကျွန်းပင်ကြီးအလား မားမားမတ်မတ်ကြီးရှိနေဆဲ။ သူ့မျက်လုံးကို

လက်ဖြင့်ထိုးသောပစ်အား အုန်းသီးလုံးခန့်ရှိသော လက်သီးဆုတ်ကြီးဖြင့်နောက်ပြန်ထိုးလိုက်ရာ နားထင်သို့တည့်တည့်မှန်သဖြင့် ပစ်မျက်လုံးထဲ

ကြယ်တွေလတွေမြင်သွား၏။ နာကြင်မှုသည် ပြောမပြတတ်လောက်အောင် ဆိုးရွားပြင်းထန်လှသည်။ နောက်ဆုံးတော့ လူ့ဘီလူးကြီးသည်

လည်မျိုညှစ်ခံရမှု၊ အောက်စီဂျင်ပြတ်လပ်မှု၊ မျက်လုံးထဲလက်ထိုးခံရမှုဆိုသည့် နှိပ်စက်ခြင်းကြီးသုံးမျိုး၏ဒဏ်ကြောင့် အသက်အောင့်ရန်

မေ့လျော့သွားပြီး ပါးစပ်ကြီးဖြင့် အငမ်းမရအသက်ရှူလိုက်ရာ မဲနက်သောရေများ သူ့ဗိုက်ကြီးထဲသို့ ဒလဟောဝင်သွားပြီး ဂူးဂူးဝါးဝါးဖြစ်သွားသည်။

သူ့မျက်နှာတွင် အကြောက်တရားကိုပထမဆုံးအကြိမ်အဖြစ် ဒတ်ပစ်တွေ့လိုက်ရပြီးနောက် ထိုလူလွှန်မသားကြီးသည် ငြိမ်သက်မေ့မြော

သွားတော့သည်။ သူမေ့မြောသွားတာသေချာအောင် စက္ကန့်အနည်းငယ်စောင့်ပြီးမှ အသက်ရှူပိုက်ကို သူ့နှာခေါင်းနှင့်ပါးစပ်မှာ

ပြန်တပ်ဆင်ပေးခဲ့သည်။

"ဟေ့ ကြာလှချည်လားကွ" အယ်လ်က ပစ်ကို လှမ်းမေးလိုက်သည်။

"အေးကွာ၊ မဲခွဲထားတာမှားသွားတယ်ဟေ့" ပစ်က မရှိတင်ကဲပြန်ပြောလိုက်သည်။

"မှန့်ဝေတော့ မကြုံ၊ ဒတ်ဝေမှ ကြုံတယ်ဆိုတာ ငါမှအစစ်၊ မင်းကောင်ရော ဘယ်လိုလဲ"

"တီကောင်ကြိုးနဲ့ပတ်သလို ငါ့ဒီကောင့်ကို ဝါယာကြိုးတွေနဲ့ ချည်ထားတယ်။ ဟိုမှာလေ"

အယ်လ်ဂျီယိုဒီနိုသည် အခန်းကြမ်းပြင်တွင် ပိုးလိုးပက်လက်လန်လျှက်ရှိသော ဒတ်ပစ်နှင့်သတ်ပုတ်ခဲ့သည့်လူ၏ အလုံးအထည်ကို

ကြည့်ရင်း ရေငုပ်ခေါင်းစွပ်နောက်ကွယ်မှ မျက်လုံးများပြူးသွား၏။ ပစ်ကိုလည်းလေးစားဟန်ဖြင့် လက်တစ်ဖက်မြှောက်၍ အလေးပြုသလိုလုပ်ရင်း-

"ဒီကောင်ကြီးကဘာလဲ၊ ဂေါ်ဇီလာ ဘောလုံးအသင်းက စင်တာဘက်နောက်တန်းသမားလားကွ" ဟုမေးလိုက်သည်။

"ကဲ- မြန်မြန်လုပ်အယ်လ်။ သူတို့လက်နက်တွေသိမ်း။ ပြီးရင်မင်းပြောတဲ့ဂေါ်ဇီလာကို မီးကြိုးတွေနဲ့ချည်၊ အောက်စီဂျင်ပိုက်တွေ

တပ်ပေး၊ ခေါင်းစွပ်တော့စွပ်မပေးနဲ့၊ ဒါမှ ဒီကောင်တွေရေထဲမှာ မမြင်မစမ်းနဲ့မျက်လုံးတွေဝါးနေမှာ"

အယ်လ်သည် မေ့မြောနေဆဲလူထွားကြီးကို ဝါယာကြိုးများဖြင့် အထပ်ထပ်ပတ်သည်။ ပြီးတော့လက်နက်တွေရှာသည်။

ဓါးမြှောင်နှစ်လက်၊ ကင်မရာသမားထံမှ အသံတိတ်ကိရိယာတပ် သေနတ်အသေးလေးတစ်လက်ရသည်။

အကျဉ်းသားနှစ်ဦးနှင့် အယ်လ်အလုပ်များနေစဉ် ပစ်သည် သူယူဆောင်လာသောနိုင်လွန်အိတ်ကြီးတစ်လုံးကို ထုတ်လိုက်သည်။ ပြီးတော့

သူ့ကိုစူးစိုက်ကြည့်နေဟန်ရှိသော ဧရာမမျက်ကွင်းကြီးများနှင့် မော်ဆန်လှသော မဟူရာသလင်းအရိုးခေါင်းဆီသို့ လက်လှမ်းလိုက်သည်။

အယုံအကြည်မရှိသော်လည်း သလင်းအရိုးခေါင်းကိုလှမ်းယူနေစဉ် ရုပ်ထုမှကျိန်စာကြောင့် သူတစ်ခုခုများဖြစ်တော့မည်လားဟု တွေးရင်း

ကျောထဲစိမ့်ကနဲ ဖြစ်သွားသေးသည်။ ဘယ်လိုလျှို့ဝှက်ချက်တွေများ ခိုအောင်းနေပါလိမ့်။

ပစ်၏ ရောက်တတ်ရာရာတွေးနေသော အဖျှတ္တစိတ်အာရုံနောက်သို့ ကျင့်သားရနေသည့်ဗဟိဒ္ဓိလှုပ်ရှားမှုများက မလိုက်ပါချေ။

ဒဏ္ဍာရီလာဖြစ်ရပ်များကို လွမ်းမောနေဖို့ရှိ န်လည်း ရေအနက် ၁၈၆ပေကခွင့်မပြုနိုင်ပါ။ သူ အရိုးခေါင်းအားတိုးတိုးလေး ပြောလိုက်သည်။

"ခင်ဗျားရဲ့ကိုယ်ပိုင်ကမ္ဘာလေးကို နှောက်ယှက်ရတဲ့အတွက် စိတ်တော့မကောင်းပါဘူး။ ဒါပေမဲ့ ပြင်ပကမ္ဘာမှာ ခင်ဗျားကိုယ်ထင်ပြဖို့

အချိန်တန်ပြီဗျာ"

ပစ်သည် သလင်းခေါင်းခွံကို အသာမလိုက်သည်။ ပြီးတော့နိုင်လွန်အိတ်ထဲသို့ ထည့်လိုက်သည်။ ရေထဲတွင်တော့ သလင်းခေါင်းခွံက

အလေးချိန်မရှိသောပစ္စည်းပမာ ပေါ့ပေါ့လေးဖြစ်နေသည်။ သို့သော် လက်အဆအရ အတော်အလေးချိန်စီးမည့် ပစ္စည်းဖြစ်ကြောင်းပစ်

သိလိုက်သည်။ အနည်းဆုံး ပေါင်လေးဆယ်ခန့်လေးလိမ့်မည်။ ဂျီယိုဒီနိက အကျဉ်းသားနှစ်ဦးကို ဆွဲထုတ်သွားခဲ့ပြီ။ ဒတ်ပစ်သည် အားမီးနီးစ်ဟု

လူသတ်သမားများမှတဆင့် သိခဲ့ရသောအခန်းလေးကို နောက်ဆုံးအကြိမ် သမင်လည်ပြန်ကြည့်လိုက်သည်။ ပြီးတော့မှ အသာအယာ

ထွက်ခွာလာခဲ့တော့သည်။

ကြိုးတုတ်ခံရသော အကျဉ်းသားနှစ်ဦးအနက် လူ့ဘီလူးသည် သတိပြန်လည်စပြုလာပြီ။ တစ်ကိုယ်လုံးကြိုးများဖြင့် တုပ်နှောင်ခံရသဖြင့်

ဒေါသတကြီးရုန်းကန်နေ၏။

"ဟေ့ အယ်လ် ဖြစ်ရဲ့လားကွ"

"မင်း ကင်မရာနဲ့ သလင်းခေါင်းကိုသာဂရုစိုက်ကွ၊ ငါဒီကောင်တွေကို အပေါ်ပို့လိုက်မယ်"

အပြန်ခရီးကား နေးကွေးလှဘိတောင်း။ ဂျီယိုဒီနိသည် အကျဉ်းသားနှစ်ဦးကို တွန်းကာထိုးကာဖြင့် ရေမြုပ်နေသော ကျောက်သားလမ်းမှ

လမ်းလျှောက်လာရသည့်အတွက် အချိန်ဖင့်လှသည်။ သူတို့ရေငုပ်စဉ်က ရေအောက်ရန်ပွဲကို ထည့်မတွက်မိသဖြင့် လက်ကျန်

အောက်စီဂျင်ပမာဏမှာ အခြေအနေသိပ်မကောင်းလှ။ အယ်လ်နှင့်ပစ်တို့၏အောက်စီဂျင်ဘူးထဲမှာ အောက်စီဂျင်ပေါင်သုံးရာသာသာ

ခန့်သာရှိတော့သည်။ အကျဉ်းသားနှစ်ဦးကတော့ အောက်စီဂျင် ပေါင်ခုနှစ်ရာခန့် ရှိကြသေး၍ပူစရာမလို။

ဒီလိုနှင့် တစ်နှစ်ခန့်ကြာသည်ဟု သူတို့ထင်မိကြသော ရေအောက်ခရီးကို ခက်ခဲပင်ပန်းစွာလျှောက်လှမ်းပြီးနောက် အီဂမ်နှင့်မာကွီးတို့

ချထားပေးသော အောက်စီဂျင်ဘူးအပိုများကိုတွေ့လိုက်ကြရမှ စိတ်သက်သာသွားကြသည်။ အကျဉ်းသားနှစ်ဦးမှာခုခံလျှင် သေဖို့သေချာသဖြင့်

ပါးပါးနပ်နပ်နှင့် လိမ်လိမ်မာမာ ထားရာနေ၊ စေရာသွားနေကြရှာသည်။ သို့သော်လည်း အလွတ်မပေးရဲ၊ မျက်စိဒေါက်ထောက် ကြည့်နေရသည်။

"ကဲ- ရောက်ပြီဟေ့" အယ်လ် ကဝမ်းသာအားရပြောလိုက်သည်။

ချထားသည့် ကြိုးလှေကားမှ ပစ်အရင်တက်သည်။ အပြင်ရောက်ရောက်ချင်း အေးမြလတ်ဆတ်သည့်လေကို အငမ်း မရရှူ၏။

"ပြန်လာတာ ကြိုဆိုပါတယ် မစ္စတာပစ်၊ ဘာလို့ ဒီလောက်ကြာနေတာလဲ" ရဲမှူးအီဂမ် ကဆီးကြိုနှုတ်ဆက်လိုက်သည်။

"ခင်ဗျား အတွက်ထောင်သားနှစ်ယောက် ခေါ်ခဲ့ရလို့ဗျို့"

ဂျီယိုဒီနီသည် အကျဉ်းသားနှစ်ဦးအနက် ခန္ဓာကိုယ်သေးကွေးသည့်လူကို တပါတည်းဆွဲခေါ်လာရင်း အပေါ်သို့ရောက်လာသည်။

"အကူအညီ၊ အကူအညီလိုတယ်ဗျို့။ အောက်မှာ နွားသိုးလောက်လေးတဲ့လူတစ်ယောက်ကို ဆွဲခေါ်ရဦးမယ်" အပေါ်ရောက်သည်နှင့်

အယ်လ်သည် သူ့ဝသီအတိုင်းဟောင်ဖွာ ဟောင်ဖွာလုပ်နေသည်။

နောက်သုံးမိနစ်အကြာမှာတော့ ရဲမှူးအီဂမ်သည် ကျူးကျော်သူသူစိမ်းနှစ်ဦးကို မေးခွန်းများစတင်မေးမြန်းလျှက်ရှိသည်။

အမေးရှိလျှင်အဖြေရှိရမည် ဆိုသည့်စကားအခုအချိန်တွင် သွက်သွက်ခါမှားတော့သည်။ အီဂမ်ဘာမေးမေး ထိုနှစ်ဦးမှာဘာမှမဖြေ၊

မျက်လုံးကြီးများပြူး၍ အီဂမ်အား သရဲသဘက်သဖွယ်စိုက်ကြည့်နေကြသည်မှာ ကြောက်စရာပင်ကောင်းသေးတော့။

ပစ်သည် ထိုလူနှစ်ယောက်အား စိုက်ကြည့်နေရင်း ခပ်ညှက်ညှက်လူအနားသို့ကပ်သွားပြီး-

"ငါက ဘယ်သူများလဲလို့၊ ငါ ဓါးနှောင့်နဲ့လည်မျိုကိုပိတ်ထုခဲ့တဲ့ ဆိုင်ကယ်သမားကိုးကွ၊ မင်းလည်ပင်း ဘယ်နယ့်နေသေးလဲကွ"

ဟုမေးလိုက်သည်။

ထိုသူသည် ပစ်ကိုမော့ကြည့်လိုက်သည်။ သူ့မျက်လုံးများကျဉ်းမြောင်းသွား၏။ ပါးစပ်ကစကားတစ်ခွန်းမှ မပြော။ သို့သော် ဓါးသွားလိုစူးရှ

ချွန်ထက်သည့် အကြည့်များဖြစ်သည်။ ပစ်ကဆက်၍ ကလိ၏။

"မင်းတို့က တည်အံ့ဆဲဆဲ စတုတ္တနိုင်ငံတော်က ဖြစ်အံ့ဆဲဆဲနိုင်ငံသားကြီးတွေကိုးကွ။ ထောင်ထဲရောက်ရင် ဆက်ပြီးအိပ်မက်

မက်ကြဦးပေါ့ကွာ"

အီဂမ်သည် ပစ်၏ပုခုံးကို အသာအယာကိုင်လိုက်ပြီး-

"ကျွန်တော် သူတို့ကို လွှတ်ပေးရလိမ့်မယ် မစ္စတာပစ်ရေ"

ပစ် မျက်လုံးစိမ်းများ မီးဝင်းဝင်းတောက်သွား၏။ အီဂမ်ကို နားမလည်စွာကြည့်လိုက်သည်။

"သူတို့ ပြစ်မှုကျူးလွန်ပါတယ်ဆိုတာ သက်သေသက္ခာယမရှိပဲ ကျွန်တော်ဖမ်းလို့မရဘူးဗျ"ဟု ဥပဒေဘက်တော်သား စာအုပ်ကြီးသမား

အီဂမ်က ပြော၏။

"ဟုတ်လား၊ ဒါဆို ဒီကောင်တွေကို ကျုပ်စွဲချက်တင်မယ်ဗျာ" မာကွီးက ဒေါသဖြင့်ဝင်ပြော၏။

"ဘာမှုနဲ့လဲ မာကွီး"

"အခွင့်မရှိပိုင်နက်ကျူးကျော်မှု၊ ပိုင်ရှင်ရှိတဲ့ပစ္စည်းတွေ ဖျက်လိုဖျက်ဆီးလုပ်မှု၊ ခိုးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းဆူညံစေမှုတွေနဲ့

စွဲချက်တင်တယ်ဗျာ”

“သူတို့က ခင်ဗျားရဲ့ ဘာပစ္စည်းတွေများခိုးသွားလို့လဲ”

“ကျုပ် မီးကြိုးတွေ၊ မီးမောင်းတွေခိုးတယ်လေ၊ သူတို့ကိုယ်မှာတုပ်ထားတဲ့
မီးကြိုးတွေကကျုပ်ဟာတွေ”

ပစ်သည် အီဂမ်ကို ဖျောင်းဖျနေ၏။

“ရဲမှူးကြီး၊ ဒီနစ်ကောင် လူသတ်ဖို့ကြိုးစားကြံစည်မှုဖြစ်ဖြစ် အခြားဘာမှုနဲ့ဖြစ်ဖြစ်
တရားရုံးတင်နိုင်အောင်သာ ကြိုးစားဗျာ။

ပဏာမစုံစမ်းစစ်ဆေးမှုလုပ်ရင်ကို အနည်းဆုံးတော့ သူတို့အကြံအစည်ဘာလဲဆိုတာ သိရမှာပဲ”

“လုပ်စမ်းပါ အီဂမ်ရာ၊ ဘာပဲဖြစ်ဖြစ် ဒီကောင်တွေကို အချုပ်ထဲသာထည့်ထားလိုက်ဗျာ”

အီဂမ်သည် တွေဝေနေဆဲ။

“ကျွန်တော် ဒီလိုလုပ်လို့ ဖြစ်ပါ့မလား”

“ဒီလိုလုပ်လေဗျာ” အယ်လ်က ကွေးကောက်နေသော ဆံပင်နက်များကို
ဘီးသေးသေးလေးတစ်ချောင်းဖြင့် ဖြီးရင်းဝင်ပြော၏။

“ခင်ဗျား ကိုလိုရာဒိုရဲတပ်ဖွဲ့ကို ဒီအမှုလွှဲလိုက်လေ။ ခင်ဗျားကိုလည်း မထိခိုက်တော့ဘူးပေါ့”

အီဂမ် သဘောကျသွားသည်။ ဒီအကြံမဆိုးဘူးပဲ၊ သူလက်ခံလိုက်သည်။

ထိုအခိုက် လှိုဏ်ခေါင်းအတွင်းမှ အထိတ်တလန့်အော်ဟစ်လိုက်သော
အသံနက်ကြီးတစ်သံကိုကြားလိုက်ရသည်။ စက္ကန့်

အနည်းငယ်အကြာတွင် အီဂမ်၏လက်ထောက်ရဲမှူးသည် ဖနောင့်နင့်တင်ပါး
တသားတည်းကျအောင်ပြေးလာသည်ကိုတွေ့လိုက်ရသည်။

"ဟော့ ချာလီ၊ ဘာဖြစ်လာတာလဲ" အီဂမ်က သူ့တပည့်အားလှမ်းဝေါက်လိုက်သည်။

ချာလီသည် ဟောဟဲလိုက်နေသည်။ ခဏနေမှ မောသံကြီးဖြင့်-

"ရေခဲတိုက်က ဖုန်းဆက်တယ်ဆရာ၊ အလောင်းတွေ ပျောက်သွားပြီတဲ့"

"နင့်မေကလိန်းတဲ့မှ၊ ဘာတွေပြောနေတာလဲ၊ ရှင်းရှင်းပြောစမ်း"

"မစ္စတာမာကွီးအိမ်နဲ့ ဒေါက်တာပက်ထရစ်ရှာအခန်းက အသေမိခဲ့တဲ့လူသတ်သမားတွေလေ။ ရေခဲတိုက်မှာ အလောင်းတွေထားတာ၊

အခုပျောက်သွားပြီတဲ့၊ဖုန်းဆက်တာ။ ကျွန်တော်လည်း မှောင်ကြီးမည်းကြီးထဲ ဒီသတင်းကြားလိုက်တော့ ကြက်သီးတွေထလာပြီး

စိမ့်ကြောက်လာလို့ အော်မိတာပါဆရာရယ်"

ခေတ္တမျှ စကားမပြောနိုင်ကြပဲငြိမ်နေကြသည်။ အတန်ကြာမှပစ်သည်အီဂမ်ကိုပြောလိုက်၏။ သူ့လေသံက အလေးအနက်ပြောနေကြောင်း

ထင်ရှားလှ၏။

"ခင်ဗျားနေရာမှာကျွန်တော်သာဆိုရင် ရီပို့ကို အက်ဖ်ဘီအိုင်နဲ့ တရားရေး၌နကို ပို့ထားတော့မယ်ဗျ။ ဘာဖြစလို့လဲ ဆိုတော့

ဒီကိစ္စဟာကျွန်တော်တို့ မျှော်မှန်းထားတာထက် အများကြီးနက်နဲတယ်ဆိုတာ ထင်ရှားသထက်ထင်ရှား လာလို့ပဲ"

ဒုတိယပိုင်း

အတိတ်ခြေရာ ရှာသောခါဝယ်

မတ်လ ၂၇ ရက်၊ ၂၀၀၁ခုနှစ်အိုကူမာကမ်းခြေ၊ အန္တာတိက

(၉)

ဝင်ရိုးစွန်းမုန်တိုင်းဟု အမည်ရသော တန်ရှစ်ထောင် ရေခဲခွဲသင်္ဘောကြီး၏ မှန်လုံပွဲခန်းထဲတွင်ရပ်ရင်း ကပ္ပတိန်ဒင်နီယယ်ဂီလက်စပီး

သည် မှန်ပြောင်းတစ်လက်ဖြင့် ရေခဲပြင်၏ အခြေအနေကို လေ့လာနေ၏။

ဆောင်းဦးရာသီသည် ပင်လယ်ပြင်အတွင်း ရေခဲထုကိုလျှင်မြန်စွာပေါ်ထွန်းစေသည်။ အချို့နေရာများတွင် ရေခဲထုကနစ်ပေကျော်

သုံးပေနီးပါး ရှိနေပြီဖြစ်၏။ စက်ကုန်ရွက်စုံဖွင့် အလုပ်လုပ်နေရသဖြင့် သင်္ဘောတစ်စီးလုံးတသိမ့်သိမ့် တုန်ခါလျှက်ရှိသည်။ ဦးချွန်သော

သင်္ဘောရှေ့ပိုင်း သည်ရေခဲပြင်ကြီးကို စန္ဒယားအရွယ်ခန့် ရေခဲတုံးများအဖြစ်ကြိတ်ခွဲပြီး ထိုရေခဲတုံးများကို ဝင်ရိုးစွန်းမုန်တိုင်း၏ ဆယ့်နှစ်ပေ

ရှိသော ရေယက်ကြီးနှစ်ခုက တဂျွမ်းဂျွမ်းကြိတ်ဝါးရင်း သင်္ဘောကိုတရွေ့ရွေ့ခရီးဆက်စေသည်။

ဝင်ရိုးစွန်းမုန်တိုင်းသည် ရေခဲခွဲသင်္ဘောအဖြစ်သာမက အဏ္ဏဝါသုတေသနသင်္ဘောအဖြစ်ပါ သုံးနိုင်အောင် တည်ဆောက်ထားသော

သင်္ဘောတစ်စီးဖြစ်၏။ ၁၉၈၁ ကတည်ဆောက်ခဲ့ပြီး သက်တမ်း နှစ် (၂၀) ရှိပြီဖြစ်သဖြင့် အဏ္ဏဝါစံနှုန်းအရ ဇရာထောင်းသည့်ဖွားကြီးအို ဖြစ်နေ

ပေပြီ။ ရေခဲခွဲသင်္ဘောအနေဖြင့် တန်၈၀၀၀၊ အလျား ၁၄၅ပေရှိသော ဝင်ရိုးစွန်းမုန်တိုင်းသည် သေးငယ်သည်ဟုဆိုနိုင်၏။ သို့သော်လည်း သုံးပေထု

ရှိသောရေခဲပြင်ကို ကောင်းစွာခွဲနိုင်ယုံမျှမက အဏ္ဏဝါသုတေသနအမျိုးမျိုးကို ပေမီဒေါက်မီစွမ်းဆောင်နိုင်စွမ်း ရှိနေသေးသည်။

ဝင်ရိုးစွန်းမုန်တိုင်းပေါ်သို့ ဥရုဂွေးနိုင်ငံမွန်တီဗီးဒီးယိုးမှတဆင့် တက်လာခဲ့သော အမျိုးသားသိပ္ပံမဂ္ဂဇင်းမှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ

စာရေးသူလည်းဖြစ်၊ ဓါတ်ပုံပညာရှင်လည်းဖြစ်သောအီဗီတန်သည် ကုလားထိုင်တစ်လုံးတွင်ထိုင်ပြီး ကွန်ပျူတာတစ်လုံးဖြင့် စာရေးလျှက်ရှိသည်။

ပိုးသားလို နူးညံ့မည်းနက်ရှည်လျှားလှသော ဆံနွယ်များပိုင်ရှင်အီဗီတန်သည် ဖိလစ်ပိုင်ကျွန်းစုများတွင် မွေးဖွားကြီးပြင်း ခဲ့သောရေမရောသည့်

အာရှတိုက်သူစစ်စစ်ဖြစ်၏။ သူမက စာရေးနေရာမှ ကပ္ပတိန်ဂီလက်စပီးကိုမော့ကြည့်ရင်း အင်တာဗျူးကိုစတင် လိုက်သည်။

"ကပ္ပတိန်တို့အနေနဲ့ ရေခဲပြင်သုတေသီတွေကို ဒီလိုပဲ သင်္ဘောနဲ့အမြဲတင်ခေါ်သွားရသလား"

ကပ္ပတိန်က သူ့မျက်နှာကို မှန်ပြောင်းမှ ခွာ၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ဗျ၊ ဒါကျွန်တော်တို့ရဲ့ ပုံမှန်အလုပ်ပဲလေ။ တခါတလေ တရက်တည်းသုံးကြိမ်လောက်တောင် လုပ်ရသေးတယ်။ ရေခဲပြင်

သုတေသီတွေဟာ ရေခဲအပိုင်းအစနမူနာတွေယူပြီး သင်္ဘောပေါ်က ဓါတ်ခွဲခန်းမှာပဲ စမ်းသပ်လေ့လာကြတယ်"

"သူတို့ လိုချင်တာက ဘာလဲ ကပ္ပတိန်"

"ဒီမေးခွန်းကိုတော့ ကျွန်တော့်ထက် သုတေသီအဖွဲ့ခေါင်းဆောင် ဂျိုရယ်ရော်ဂျားကပိုပြီး ပြည့်ပြည့်စုံစုံ ဖြေနိုင်ပါလိမ့်မယ်။ အကြမ်းဖျင်း

ပြောရရင်တော့ကမ္ဘာကြီးပူနွေးမှုကြောင့် ရေခဲပြင်ပမာဏ ပြောင်းလဲမှုကို တိုက်ကြီးများအလိုက် တိုင်းတာတွက်ချက်တာပါ"

"ရေခဲပြင်တွေ ယုတ်လျော့သွားတာကို သိပ္ပံနည်းကျတိုင်းတာ-တာပေါ့"

"အဲသလိုသဘောပေါ့ဗျာ။ အန္တာတိကရဲ့ဆောင်းရာသီ ဖြစ်တဲ့ မတ်လကနေမေလအထိ ပင်လယ်ပြင်ဟာ ဒီဒေသမှာ အလုံးစုံရေခဲလေ့

ရှိတယ်။ အရင်တုံးကဆိုရင် ရေခဲလွှာတွေဟာ တစ်ထပ်ပြီးတစ်ထပ် တစ်လွှာပြီးတစ်လွှာခဲရင်း ဩစတေးလီးယားတိုက်လောက် ကျယ်ပြန့်တဲ့

ရေခဲပြင်ကြီးကို မျက်စိတစ်ဆုံး တွေ့ကြရတယ်။ အခုတော့ ရေခဲပြင်ဟာ အရင်ကလောက်လည်းမထူ၊ အရင်လောက်လည်းမကျယ်ပြန့်တော့တာ

တွေ့ရတယ်။ ဆောင်းတွင်းကာလတွေဟာ ၁၉၅၀၊ ၆၀ လောက်တုန်းကထက် သိသိသာသာ အအေးပေါ့လာတယ်။ တိုတိုပြောရရင်တော့ ကမ္ဘာကြီး

ပူနွေးလာမှုဟာ အန္တာတိကရဲ့ အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်စေတာ အမှန်ပဲ”

“ရေခဲမှာတွယ်ကပ်နေတဲ့ ဆဲလ်တစ်လုံးသတ္တဝါ အဲလ်ဂျေးတွေကစပြီး ထိခိုက်မှာပေါ့နော်” အီဗီးက ပါးနပ်လိမ္မာစွာ စကား

ထောက်ပေးလိုက်သည်။

ကပ္ပတိန်ပြုံးလိုက်သည်။

“ခင်ဗျား အတော်လေ့လာထားတာပဲဗျ၊ ဟုတ်ပါတယ်၊ အဲလ်ဂျေးတွေမရှိတော့ သူတို့ကို စားသောက်အသက်ရှင်ရတဲ့ ပုဇွန်လို ဂဏန်းလို

ရေသတ္တဝါလေးတွေသေကြ၊ ဒါတွေမရှိပြန်တော့ သူတို့ကို အာဟာရအဖြစ်မှီခိုနေတဲ့ ရေသတ္တဝါကြီးတွေ ဒုက္ခရောက်ကြနဲ့ ဒီ ဂျာအေးသူ့အမေရိုက်

ဇာတ်လမ်းဟာ ပင်ဂွင်းနဲ့ဝေလငါးတွေအထိ မျိုးတုန်းပျောက်ကွယ်မဲ့ အန္တရာယ်နဲ့ ရင်ဆိုင် ကြရတာပေါ့”

အီဗီးသည် အိုကူးမားကမ်းခြေတစ်လျှောက်တွင် မားမားမတ်မတ်တည်ရှိနေသည့် နှင်းဖုံးနေသော တောင်တန်းကြီးများကို ငေးကြည့်

နေရင်း-

“ဒီတောင်တန်းတွေမှာ နာမည်ရှိလားဟင်” ဟု ကပ္ပတိန်ကို မေးလိုက်သည်။

ကပ္ပတိန် ကခေါင်းညိတ်ပြရင်း-

“ရော့ကီဖဲလားတောင်တန်းတွေလို့ခေါ်တယ်ဗျ။ ဒီတောင်တန်းတွေဟာ ဒီဖက်မှာ ဖရေဇီယာတောင်၊ ဟိုးတောင်ဖက်မှာ

နီလ်ဆင်တောင်တွေနဲ့ ဆက်နေတယ်”

"လှလိုက်တာနော်၊ ရှင့်မှန်ပြောင်း ခဏငှား ပါလား ကပ္ပတိန်"

မှန်ပြောင်းထဲမှ အီဗီး၏မြင်ကွင်းထဲဝယ် အိုကူးမားကမ်းခြေမှနှစ်မိုင်ခန့်အကွာရှိ အဆောက်အဦကြီးများနှင့် ကုန်တင်

သင်္ဘောကြီးတစ်စီးကို ထင်ထင်ရှားရှား တွေ့နေရသဖြင့် ကပ္ပတိန်အား လက်ညှိုးထိုးပြရင်း-

"ဖရေဇီယာတောင်ခြေရင်းက ဟိုအဆောက်အဦးတွေကရော သုတေသန ဌနပဲလား" ဟုမေးလိုက်သည်။

ကပ္ပတိန်က လက်ညှိုးညွှန်ရာကို လိုက်ကြည့်ရင်း-

"သြော် အဲဒါက အာဂျင်တီးနားအခြေစိုက် နိုင်ငံစုံကျော်ကော်ပိုရေးရှင်းကြီးတစ်ခုပိုင်တဲ့ မိုင်းတွင်းကုမ္ပဏီလေ၊ ပင်လယ်ကနေသတ္တု

တူးဖော် ထုတ်လုပ်နေကြတာ။"

အီဗီးသည် ကပ္ပတိန်ကို နားမလည်သလို ကြည့်လိုက်သည်။

"စီးပွားရေးအရ တွက်ခြေကိုက်ပ့ါမလား၊ ကျွန်မတော့သိပ်မထင်ဘူး၊"

"ခင်ဗျားကသာမထင်နေ၊ ကျွန်တော်တို့ ဘူမိပညာရှင်ဘော့မောရစ်ရဲ့ အပြောအရဒီလူတွေ ရွှေတောင် ရှာတွေ့နေပြီဆိုပဲ။ သူတို့က သိပ်

လျှို့ဝှက်တယ်။ သူတို့ရှိတဲ့နေရာကို ဒီထက်နီးအောင်ကပ်သွားလို့ကတော့ လုံခြုံရေးမော်တော်တစ်စီးထွက်လာပြီး သတိပေးလိမ့်မယ်။ တစ်ချို့

ကတော့ နာနိုနည်းပညာသုတေသနလုပ်နေတယ် လို့လည်းပြောကြတယ်ဗျ"

"နာနိုနည်းပညာကို အန္တာတိကလာပြီး ဒုက္ခခံလုပ်စရာတော့ မလိုဘူးထင်တယ်နော်"

"မသိပါဘူးဗျာ၊ သူတို့ အကြောင်းနဲ့ သူတို့ ရှိမှာပေါ့" ကပ္ပတိန်သည်စကားပြောနေရင်းတန်းလန်း အသံတိတ်သွားပြီး သင်္ဘောရှေ့ရှိ

ရေခဲပြင်ကြီးကိုစိုက်ကြည့် နေလေ၏။ အတန်ကြာမှ အီပီးဖက် ပြန်လှည့်လာရင်း-

"ကျွန်တော် လုပ်စရာလေးတွေရှိနေလို့ ခွင့်ပြုပါဦး မစ္စတန်" ဟုယဉ်ကျေးစွာ ခွင့်တောင်းလေ၏။

အီပီးသည် ကပ္ပတိန်ကြည့်နေသည့် ရေခဲပြင်ကြီးကိုလိုက်၍ ကြည့်မိ၏။ ဘုရားရေ—-

ကန္တာရတမျှကျယ်ပြောလှသည့် မဟာရေခဲပြင်ကြီးပေါ်တွင် ရေခဲတောင်ကြီးတစ်ခုက ထိုးထွက်နေ၏။ ရေခဲတောင်နံရံ များသည်

ပင်လယ်ရေမျက်နှာပြင်အထက် ပေရာပေါင်းများစွာ မြင့်တက်လျက်ရှိသည်။ ပြာလဲ့သောကောင်းကင်နှင့် ဝင်းလက်သောနေခြည်တို့၏ အောက်တွင်

မျက်စိကျိန်းလောက်အောင် ဖြူဖွေးနေသောသဘာဝ၏ လက်ဆောင်ပစ္စည်းကြီး။ ဝင်ရိုးစွန်းမုန်တိုင်းသည် ထိုရေခဲတောင်ကြီး၏

အနောက်ဖက်မှနေ၍ တဖြည်းဖြည်းချဉ်းကပ်လာနေပုံမှာ ဆန္ဒနှန်ဆင်မင်းကို လေးဖြင့်ပစ်ရန်ချောင်းမြောင်းနေသော သောနုတ္တမုဆိုးသဖွယ်။

ကပ္ပတိန်ဂယ်လက်စပီးသည် သင်္ဘောသားများအား အော်ဟစ်ညွှန်ကြားရင်း အလွန်အလုပ်များလျက်ရှိ၏။ ကုန်းပါတ်ခန်းထဲတွင်

တည်ရှိသည့်သင်္ဘောထိန်းချုပ်စနစ်ကို မျက်တောင်မခတ်စတမ်းကြည့်ရှုရင်း ကပ္ပတိန်နှင့်သင်္ဘောသားတစ်သိုက်သည် ဝင်ရိုးစွန်းမုန်တိုင်းအား

ရေခဲတောင်နှင့်ဝင်မဆောင့်မိစေရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်။ ရေခဲတောင်၏ခန့်မှန်းလုံးပါတ်၊ တည်နေရာနှင့် ရေအောက်မှ

ရေခဲအတက်အလက်များကို ကွန်ပျူတာ၊ ပဲ့တင်သံ၊ ဆိုနာခေတ်မှီကိရိယာများသုံး၍ ရှာဖွေလျှက်ရှိကြ၏။

ကပ္ပတိန်သည် ရေခဲတောင်ကြီးကိုကွေ့ပါတ်၍ ငှင်းနှင့်ဂိုက်သုံးရာအကွာမှ သင်္ဘောကိုမောင်းရန် အမိန့်ပေးလိုက်သည်။

အင်မတန်လှပသော မြင်ကွင်းမို့အားလုံးက ရေခဲတောင်ကြီးကို ငေးမောကြည့်ရှုနေကြသည်။ ဝင်ရိုးစွန်းမုန်တိုင်းသည် ရေခဲတောင်ကြီးကို

ကွေ့ပတ်၍ ဘေးလွတ်ရာရေခဲပြင်ဆီသို့ ဦးတည်လိုက်စဉ်မှာပင် ရုတ်တရက်
ရေခဲတောင်အကွယ်မှအရာဝတ္ထုတစ်ခု အားလုံး၏မြင်ကွင်းထဲတွင်

ဘွားကနဲ ပေါ်လာသည်။

ထိုအရာမှာ သင်္ဘောတစ်စီး။ ကပ္ပတိန်သည် အလွန်လျင်မြန်စွာရွေ့လျားပြီး ဝင်ရိုးစွန်းမှန်တိုင်းဆီသို့
ဦးတည်လာသည့်ထိုအရာသည်

ရေငုပ်သင်္ဘောတစ်စီးဖြစ်ကြောင်း သေချာစွာသိလိုက်ရသည်။ ဝင်ရိုးစွန်းမှန်တိုင်း၏သင်္ဘောဦးချွန်ကို
တည့်တည့်ကြီး ဦးတည်၍ လာနေသည်။

ကပ္ပတိန်ထံမှ အမိန့်တစ်စုံတစ်ရာ မပေးလိုက်နိုင်ခင်မှာပင် သင်္ဘောသားများသည်
သူတို့လုပ်စရာရှိသည်များကို သွက်လက်မြန်ဆန်စွာ

လုပ်ကိုင်ကြတော့သည်။ သင်္ဘောစက်မောင်းသူသည် ဝင်ရိုးစွန်းမှန်တိုင်း၏
ကြီးမားလှသောဒီဇယ်အင်ဂျင်ကြီးကို နောက်ပြန်လည်စေရန် စက်ကုန်

ဖွင့်လိုက်သည်။ ထိုသို့သော အာရုံသိတုန့်ပြန်မှုမျိုးကို သင်္ဘောသားတိုင်း မြန်ဆန်တိကျစွာလုပ်နိုင်ရန်
ခဲယဉ်းလှသည်။ ထိုတုန့်ပြန်မှုမျိုးဖြင့်သာ

အချိန်မီလှုပ်ရှားနိုင်ခဲ့ပါလျှင် ပွိုက်စတားသင်္ဘောလိုင်းမှ တိုက်တန်းနစ်သင်္ဘောကြီးပင် အဖြစ်ဆိုးကြီးမှ
လွတ်မြောက်နိုင်စရာအကြောင်း ရှိသည်။

ဝင်ရိုးစွန်းမှန်တိုင်း၏ တစ်ဆယ့်နှစ်ပေရှည်သော ယက်မကြီးနှစ်ခုသည် တစ်ခုကရှေ့တိုး
တစ်ခုကနောက်ငင်ဖြင့် အပြင်းအထန်လှုပ်ရှား

လျက် ရှိသည်။ များမကြာမီ သင်္ဘောဦးသည် တဖြည်းဖြည်း ရွေ့လျားလာပြီး
ရေငုပ်သင်္ဘောဦးတည်ရာ လမ်းကြောင်းမှ စတင်ဖယ်ခွာလျက်ရှိ၏။

သင်္ဘောနှစ်စီးသည် တစ်စီးနှင့်တစ်စီးသတိပေးဖို့သော်လည်းကောင်း၊
ဆက်သွယ်ဖို့သော်လည်းကောင်း အချိန်မရှိသည့်အတွက် ကပ္ပတိန်

ဂယ်လက်စပီးသည် အစွမ်းကုန် အားထုတ်မှုအဖြစ် ဝင်ရိုးစွန်းမှန်တိုင်း၏ ကျယ်လောင်
ပြင်းထန်လှသော အချက်ပေး ဥသြသံကြီး ထွက်ပေါ် လာရန်

ခလုတ် နိပ်လိုက်သည်။ ဉသြသံကြီးနားကွဲမတတ် ဆူညံစွာ ထွက်ပေါ် လာသည်။

"ငါ့ သမီးကြီးကလိမ္မာလိုက်တာ။ ကွေ့လိုက်၊ ကွေ့လိုက် စမ်းပါကွယ်" စက်မောင်းသည် သင်္ဘောကြီးကို တတွတ်တွတ်ချော့မော့နေ၏။

အခြေအနေက ဝရုန်းသုန်းကား ရှုပ်ရှက်ခတ်နေစဉ် အီဗီးသည် သူမ၏အသက်မွေးဝမ်းကြောင်း အလုပ်က အထပ်ထပ်အခါခါ

လေ့ကျင့်ခဲ့သော ကျင့်သားရတုန့်ပြန် စေ့ဆော်မှု အရ ကင်မရာကို ထုတ်လိုက်ပြီး ရေငုပ်သင်္ဘောကို ဘက်စုံထောင့်စုံက ဓါတ်ပုံများ အားပါးတရ

ရိုက်တော့သည်။ ရေငုပ်သင်္ဘော ၏ ပဲ့ထိန်းစင်ပေါ်တွင် မည်သူ တစ်ဦးတစ်ယောက် ကိုမှ မတွေ့ရပါ။ ကင်မရာ၏ အားကောင်းလှသောမှန်ဘီလူး၏

မြင်ကွင်းထဲဝယ် သင်္ဘောသည် ဦးစိုက်လျှက် ရေအောက် သို့ နစ်ဝင်ငုပ်လျှိုး တော့မည့် အသွင်ကို တွေ့လိုက် ရသည်။

သင်္ဘောနှစ်စီးသည် အလွန် နီးကပ်လာ၏။ ကပ္ပတိန်ဂယ်လက်စပီးတစ်ယောက် ဘုရားတနေသည်။ သူ့အတွေ့အကြုံ အရ

ဝင်ရိုးစွန်းမုန်တိုင်း၏ ကြီးမားလေးလံလှသည့် ရေခဲခွဲဦးချွန်ကြီးနှင့် ထိပ်တိုက်ထိတွေ့ခြင်း မရှိသည့်တိုင်အောင်ဖိအား သက်ရောက်မှုများက

ရေငုပ်သင်္ဘောကို လေပူဖောင်း ပေါက်လိုက်သလို တစစီကွဲကြေစုတ်ပြတ်သွားနိုင် ကြောင်းတွက်ဆမိ၏။

သို့ရာတွင် ရေငုပ်သင်္ဘော၏ ချက်ချင်းမြှင့်တင် လိုက်သော စက်ရှိန်နှင့်ဝင်ရိုးစွန်းမုန်တိုင်း မှ စက်မောင်း၏ ကျွမ်းကျင် လိမ္မာမှုနှစ်ခုပေါင်းက

စိုးရွံ့ထိတ်လန့်ဖွယ် အဖြစ်ဆိုးကြီး နှင့် လက်တစ်လုံးခြားရှောင်လွှဲ လိုက်နိုင်သည်။ သင်္ဘောနှစ်စီး ထိတွေ့ရန် ထမင်းစား စာပွဲ တစ်လုံးအကျယ်ခန့်

သာ လိုချိန်တွင် ရေငုပ်သင်္ဘော သည် ရေထဲသို့ လုံးဝ ငုပ်လျှိုးပျောက်ကွယ် သွား၏။ ဝင်ရိုးစွန်းမုန်တိုင်း ပေါ်မှ လူအားလုံးသည် ထိုကံဖယ်မှုကြီးကို

မယုံနိုင်လောက်အောင် ဖြစ်နေကြသည်။ ခုတော့လည်းရေငုပ်သင်္ဘောသည် မိုးပေါ်မှကျလာသလို ရုတ်တရက်ပေါ်လာပြီး

မြေမျိုသွားသလိုရုတ်တရက် ပျောက်ကွယ် သွားချေပြီ။

"ကံကောင်းပေလို့ပေါ့ ကပ္ပတိန်၊ တိုက်မိတော့မလို နည်းနည်းလေးလိုတာဗျ"စက်မောင်းက မျက်နှာမှစီးကျလာသော

ဇောချွေးများကိုသုတ်ရင်း၊ သက်ပြင်းမောကြီး ချလိုက်ရင်း ဂယ်လက်စပီးကို လှမ်းပြောလိုက်၏။

အီဗီးသည် ကင်မရာကိုလွယ်လျှက်-

"အဲဒီ ရေငုပ်သင်္ဘောက ဘယ်ကလာတာလဲ။ ဘယ်နိုင်ငံကလဲ။" ဟုမေးခွန်းများ တရစပ် မေးလျှက်ရှိ၏။

"ကျွန်တော်လည်း ဘာအမှတ်အသားမှ မတွေ့လိုက်ဖူးဗျ၊ ရေငုပ်သင်္ဘောတွေထဲမှာဒါမျိုး တစ်ခါမှမမြင်ဖူးဘူး" စက်မောင်းက အီဗီး၏

မေးခွန်းများကို ဝင်ဖြေ၏။

ထိုအခိုက် သင်္ဘောပထမအရာရှိ ဂျိတ်ဘွတ်ရ်လေသည် ကုန်းပါတ်ပေါ်သို့ ပျာယီးပျာယာ ပြေးတက်လာ၏။ သူဘာမှ သိလိုက်ပုံမရ၊

ကပ္ပတိန်အား အဖြစ်အပျက်ကို မေးနေလေ၏။

"ကျွန်တော်တို့ ရေငုပ်သင်္ဘော တစ်စီးနဲ့တိုက်မိတော့မလို့ဗျ"

"မနောက်ပါနဲ့ ကပ္ပတိန်ရယ်၊ ဒီလိုဒေသမှာ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောက ဘယ်ကရောက်လာမှာလဲဗျ"

"ကပ္ပတိန်ပြောတာ အမှန်ပဲရှင့်၊ ကျွန်မမှာ ဓါတ်ပုံသက်သေ ရှိတယ်" အီဗီးက ဝင်ပြောလိုက်သည်။

ကပ္ပတိန်သည် ခေတ္တမျှ တုန့်ဆိုင်းနေပြီးမှ-

"နျူစွမ်းအင်သုံး ရေငုပ်သင်္ဘော မဟုတ်ဖူးဗျ" ဟုခပ်တိုးတိုးပြောလိုက်သည်။

"ဟုတ်တယ်။ ပုံစံဟောင်းကြီးပဲ" စက်မောင်းက ဝင်ပြော၏။

"မစ္စတာဘွတ်ရှ်လေ။ ရှေ့တစ်မိုင်လောက်ရောက်ရင် သင်္ဘောကိုရပ်ပါ။ သိပ္ပံပညာရှင်တွေကို အဲဒီမှာချပေးရမယ်။ ကျွန်တော်

အခန်းခဏ ပြန်လိုက်ဦးမယ်"

အီဗီးနှင့်ဘွတ်ရှ်လေသည် ချက်ချင်းပြောင်းလဲသွားသော ကပ္ပတိန်၏မျက်နှာအမူအရာကြောင့် တစ်ယောက်မျက်နှာတစ်ယောက်

ကြည့်လိုက်ကြ၏။ ကပ္ပတိန်သည်ကုန်းပါတ်ပေါ်မှ ဆင်းသွားပြီး သူ့အခန်းထဲ ဝင်သွား၏။

ဂယ်လက်စပီးသည် ရေသရဲကြီးဟုခေါ်ရလောက်အောင် ပင်လယ်ပျော်၊ ဝါရင့်သဗ္ဗာရင့် သင်္ဘောသားကြီးဖြစ်၏။ သူ့အခန်းတစ်ခုလုံး

မှာလည်း ပင်လယ်အကြောင်းစာအုပ်စာတမ်းတွေ တင်းကြမ်းပြည့်နေ၏။ သူသည် စာအုပ်စာရင်းကိုကြည့်လိုက်ပြီး စာအုပ်တစ်အုပ်ကို ဆွဲထုတ်ရင်း

ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။ ထိုစာအုပ်၏အလယ်လောက်မှ ဓါတ်ပုံတစ်ပုံကို ငေးစိုက်ကြည့်နေမိသည်။ ထိုဓါတ်ပုံသည် ခုနက

တစ္ဆေတစ်ကောင် အလား ဘွားကနဲ ပေါ်လာသောရေငုပ်သင်္ဘောနှင့် ချွတ်စွတ်တူ၏။ အောက်မှစာကို ဖတ်ကြည့်လိုက်သည်။

"ဒုတိယကမ္ဘာစစ်အတွင်း လျှို့ဝှက်စွာတည်ဆောက်ခဲ့သော လျှပ်စစ်စွမ်းအင်သုံး ယူ ၂၀၁၅ ၏ ဓါတ်ပုံမှတ်တမ်း"

*ယူ ၂၀၁၅

နာဇီ ဂျာမနီ ၏နောက်ဆုံးလက်နက်အဖြစ် အလွန်လျှို့ဝှက်စွာတည်ဆောက်ခဲ့သည် ယူဘုတ် ရေငုပ်သင်္ဘောနှစ်စီး အနက်

တစ်စီးဖြစ်သည်။ရေအောက်တွင် အချိန်အကန့်အသတ်မရှိ နေနိုင်ပြီး လောင်စာဆီတစ်ခါထည့်ထားလျှင်ကမ္ဘာ တစ်ဝက်လောက်အထိ

မောင်းနှင်နိုင်စွမ်းရှိသော စွမ်းအားမြှင့်ရေငုပ်သင်္ဘော၊ နောက်ဆုံးမှတ်တမ်းများ အရ ဒိန်းမိတ်ကမ်းခြေမှခရီးထွက်ခွာခဲ့ပြီးနောက် အတ္တလန်တစ်

သမုဒ္ဒရာအတွင်းပျောက်ဆုံးခဲ့သည်။နောက်ဆက်တွဲ သတင်းမှတ်တမ်း မရှိ။၊

ကပ္ပတိန် ဂယ်လက်စပီးသည် ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင်ဖြစ်နေသည်။ဘယ်လောက်ပင် ဆင်ခြင်တုံတရားက မဖြစ်နိုင်ကြောင်း

ငြင်းဆန်နေသော်လည်း အဟုတ်တကယ် အမှန်ဖြစ်ကြောင်း သူ့အာရုံကသိနေသည်။ လတ်စသတ်တော့ ခုနကဝင်ရိုးစွန်းမုန်တိုင်းနှင့်

တိုက်လုတိုက်ခင် သည်းထိတ်ရင်ဖို ဖြစ်ခဲ့ရသောသင်္ဘောမှာ လွန်ခဲ့သည့် ငါးဆယ့်ခြောက်နှစ်က ပျောက်ဆုံးခဲ့သော နာဇီရေငုပ်သင်္ဘော ယူ- ၂၀၁၅

ပါကလား။

အမျိုးသားအဏ္ဏဝါဗေဒအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် ရေတပ်ဗိုလ်ချုပ်ကြီးဆန်ဒက်ကာ၊ အက်ဖ်ဘီအိုင်ညွှန်ကြား ရေးမှူး

ဖရန်စစ်ရပ်ဒေးလ်တို့နှင့် နာရီပေါင်းများစွာတယ်လီဖုန်းအမေးအဖြေလုပ်ပြီးနောက် နိဗ္ဗာန်ဘုံမိုင်းတွင်းမှ အဖြစ်အပျက်များအတွက်

စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ပဏာမအဆင့်အဖြစ် အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံရန်အတွက် ဒတ်ပစ်၊ အယ်လ်ဂျီယိုဒီနိုနှင့်ဒေါက်တာ

ပက်ထရစ်ရှာ အိုကွန်းနယ်လ်တို့သည် ဝါရှင်တန်သို့ သွားရောက်ရန်အကြောင်းဖန်လာ၏။

အက်ဖ်ဘီအိုင် အဖွဲ့ဝင်များသည် ဖယ်လဒယ်လ်ဖီးယားပြည်နယ် ပန်ဆယ်ဗေးနီးယားတက္ကသိုလ် အနီးရှိ နေအိမ် မှ ပက်ထရစ်ရှာ၏

သမီးလေးအား လျှို့ဝှက်စွာခေါ်ဆောင်၍ ဝါရှင်တန်ဆင်ခြေဖုံးရှိ လုံခြုံစိတ်ချရသည့်အိမ်တစ်လုံးသို့ ပို့ဆောင်နေချိန်ဝယ် အခြားအဖွဲ့ဝင်များသည်

လူးဝစ်မာကွီးတို့မိသားစုအား တယ်လူရိုက်မှ ခေါ်ဆောင်ပြီး ဟာဝိုင်ယီကျွန်းရှိ လျှို့ဝှက်ဒေသတစ်ခုသို့ ခေါ်ဆောင်သွားခဲ့ကြသည်။

ပစ်၊ အယ်လ်နှင့် ပက်တို့သည် ဒေသခံရဲအဖွဲ့၏ စောင့်ရှောက်မှုကိုခံယူလျှက်အသုံးလုံးအဖွဲ့ပိုင် ဆက်စနာဆိုင်တေးရှင်း အာထရာ

ဖို့က်ဂျက်လေယာဉ်ဖြင့်တယ်လူရိုက်မှ ဝါရှင်တန်သို့တိုက်ရိုက်ပျံသန်းခဲ့ကြသည်။ ဂျက်လေယာဉ်သည် နှင်းများဖုံးနေသည့် ဘော်ငွေရောင်

ဆန်ဂျူအမ်တောင်တန်းများပေါ်မှ အရှေ့မြောက်အရပ်ဆီသို့ ဦးတည်ပျံသန်းနေစဉ် ပက်သည် သားရေဆိုဖာထိုင်ခုံတွင်ကိုယ်လုံးမြုပ်အောင်ထိုင်ရင်း

ဒတ်ပစ်၏လက်ကို သူမလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထား၏။

"ကျွန်မ သမီးလေးရဲ့ လုံခြုံရေးအတွက် စိတ်ပူမိတယ် ဒတ်ရယ်"

ဒတ်ပစ်က နွေးထွေးစွာပြုံးပြလိုက်ရင်း သူမလက်ကလေးကို အသာဖျစ်ညှစ်လိုက်သည်။

"အက်ဖ်ဘီအိုင်အဖွဲ့ဝင်တွေက ကလေးကိုယင်တောင်မဝင်နိုင်အောင် စောင့်ကြည့်နေပါတယ်ဆိုတဲ့အကြောင်း မမ ဘုရားကို

ကျွန်တော်မျိုးကြီး ဒသသမအကြိမ်မြောက် သံတော်ဦးတင်ပါတယ်ဘုရား၊ များမကြာခင်မမဘုရားကိုယ်တိုင် သမီးတော်လေးကို ရွှေလက်တော်နဲ့

ထွေးပွေ့ခွင့်ရတော့မည်မှာ မလွဲဧကန် ဖြစ်ကြောင်း ဒီငမိုက်သားက အရဲကိုးပြီးလျှောက်တင်ဝံ့ပါတယ်ဘုရား"

ပစ်၏ အပြောကြောင့် ပက်ထရစ်ရှာက မျက်စောင်းကလေးတစ်ချက် ဝင့်လိုက်ပြီး-

"လုပ်ပြီ။ သူကတော့နောက်ဖို့ပဲ သိတယ်။ ကျွန်မက ဘဝတစ်လျှောက်လုံးအမဲလိုက်သလိုအလိုက်ခံရပြီး စားကောင်းခြင်းမစားရ၊

အိပ်ကောင်းခြင်းမအိပ်ရဖြစ်နေမှာကို စိုးရိမ်လို့ပြောတာပါ ဒတ်ရယ်"

ပစ် သူမကို သနားသွားသည်။ သူမ၏ လက်ကလေးကို ဆွဲယူလိုက်ပြီး-

"ဒီလိုမျိုး ဘယ်တော့မှ မဖြစ်စေရပါဘူးပက်ရယ်။ ကျွန်တော်တို့ ဟိုစတုတ္တအင်ပါယာဆိုတဲ့ အဆံချောင်ကောင်တွေကို

အမြစ်ကဆွဲနုတ်ပြီးရင် ပုံမှန်အတိုင်း ငြိမ်းငြိမ်းချမ်းချမ်း နေသွားလို့ရပါပြီ"

ပက်က လေယာဉ်ဘီးစရွေ့ကတည်းက ထိုင်ခုံနှစ်လုံးပေါ်တွင် ခြေကားယား၊ လက်ကားယားဖြင့် သိုးနေအောင်အိပ် ပျော်နေသော

အယ်လ်ကို လှမ်းကြည့်ရင်း-

"သူကတော့ ကောင်းလိုက်တာနော်" ဟုပြောလိုက်သည်။

"အယ်လ်က ကြောင်လိုကောင် ပက်ရဲ့၊ နေရာမရွေး၊ အချိန်မရွေး အိပ်တတ်တယ်။ပက်လည်း ခဏအိပ်လိုက်နော်၊ ပင်ပန်းလှပြီ"

ပြောပြောဆိုဆိုဖြင့် ဒတ်ပစ်သည်ပက်ထရစ်ရှာ၏ လက်ကလေးများကို နုတ်ခမ်းဖြင့် ခပ်ဖွဖွလေးနမ်း လိုက်၏။စတွေ့ချိန်မှစ၍ သူမအပေါ်

ကြင်နာယုယသည့် ပထမဆုံးထိုအပြုအမူကြောင့်ပက်ထရစ်ရှာ ရင်ထဲလှိုင်းထ သွားသည်။ မဖြစ်စလောက် အနမ်းလေးတစ်ချက်က

ကျွန်မကိုရင်မောစေပါလား ရှင်ရယ်။ ပက်ထရစ်ရှာ စကား လမ်းကြောင်းလွှဲလိုက်၏။

"အနားယူလို့ မဖြစ်သေးဘူးရှင့်၊ လုပ်စရာတွေအများကြီး၊ မှတ်စုစာအုပ်ထဲမှာကူးထားခဲ့တဲ့ အားမီးနီးစ် အခန်းထဲက သင်္ကေတတွေကို

စကင်ဖတ်ရဦးမယ်၊လေ့လာရဦးမယ်"

"နောက်ခန်းထဲမှာ ကွန်ပြူတာ၊ စကင်နာ၊ ပရင်တာ အားလုံးအပြည့်အစုံ ရှိတယ်"

ပက်မျက်နှာလေး ညှိုးသွား၏။

"ဓါတ်ပုံတွေ မရတော့တာ သိပ်ဆိုးတာပဲ၊ ကင်မရာက ရေစိုသွားလို့ အကုန်ပျက်ကုန်တယ်"

ဒတ်ပစ်သည် တစုံတခုကို ဘောင်းဘီအိတ်ထဲက နှိုက်ပြီး ပက်ကို လှမ်းပေးလိုက်သည်။

"ဒါ အားမီးနီးစ် အခန်းရဲ့ ဓါတ်ပုံမှတ်တမ်း အပြည့်အစုံပဲ။ ခင်ဗျားယူလိုက်တော့"

ပက် နှုတ်ခမ်းလှာလေး နစ်လှာပွင့်အာသွားလောက်အောင် အံ့အားသင့်သွား၏။ ရေစိမ်ခံ ကင်မရာဖလင်များကို ကြည့်ရင်း-

"ဘုရားရေ၊ ဒါတွေရှင်ဘယ်က ရလာတာလဲ"

"စတုတ္တနိုင်ငံတော် ရဲ့ ပုံ့ပိုးကူညီမှုတွေပေါ့ဗျာ။ သူခိုးလက်က သူဝှက်လုလာတာလေ"

"ကျေးဇူးတင်လိုက်တာ ဒတ်ရယ်" ဒတ်ပစ် ၏ပါးပေါ်သို့ သူမနှုတ်ခမ်းအစုံရောက်သွား၏။ ပူနွေးချိုမြသော အကြင် နာ အနမ်း။

ပြီးတော့ဂျက်လေယာဉ်နောက်ရှိ ကွန်ပြူတာခန်းထဲသို့ သုတ်ကနဲထပြေးသွား၏။

ဒတ်ပစ်သည် သူ၏ နေရာအနှံ့ညောင်းညာကိုက်ခဲနေသော ခန္ဓာကိုယ်ကြီးကိုထိုင်ခုံပေါ်မှ အားယူထလိုက်ပြီး ရေခဲသေတ္တာထဲမှ

အချိုရည်တစ်ပုလင်းယူသောက်နေ၏။ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာက သူ့အဖွဲ့အစည်းပိုင် သင်္ဘောများနှင့် လေယာဉ်ပျံများတွင်

အဖျော်ယမကာတင်ဆောင်ခြင်းကို ခွင့်ပြုလေ့မရှိသဖြင့် အချိုရည်ဖြင့်သာနစ်ပါးသွားရတော့သည်။ ပစ်သည် ထိုင်ခုံလွတ်တစ်လုံးပေါ်တွင်

မြဲမြံစွာကြိုးဖြင့် ချည်နှောင်ထားသည် သစ်သားသေတ္တာကို စိုက်ကြည့်နေသည်။ မမြင်ရသော်လည်း အထဲမှ မဟူရာသလင်းအရိုးခေါင်းက

မျက်လုံးကြီးဖြဲ၍သူ့အားကြည့်နေသလို ခံစားမိ သည်။

ထိုင်ခုံပေါ်ပြန်ထိုင်လိုက်ပြီး ဂလိုဘယ်စတားဂြိုလ်တုဆက်သွယ်ရေးဖုန်းကို အန်တီနာတိုင်ဆွဲထုတ်ပြီး နံပါတ်တစ်ခုကိုနှိပ်လိုက်သည်။

ဆယ်ကြိမ်မြောက်ဖုန်းခေါ်သံအဆုံးတွင် အသံနက်ကျော့ကျော့တစ်ခုကို သူ့နားထဲကြားလိုက်ရ ၏။

"ပြောပါခင်ဗျာ"

"ဟယ်လို စိန့်ဂျူလီယန်——-"

"ဟေး- ဒတ်"

စိန့်ဂျူလီယန် ပါးလ်မတ္တာ သည်ဒတ်ပစ်၏ အသံကိုချက်ချင်းမှတ်မိ၏။

"ခွေးသူခိုးလေး၊ ငါမင်းမှန်းသိရင် ဖုန်းမကိုင်ပါဘူးကွာ"

ဒတ်ပစ် ပြုံးလိုက်၏။ သူ့အာရုံထဲမှာ ပါးလ်မတ္တာ၏
အသွင်သဏ္ဌာန်သည်ထင်ထင်ရှားရှားပေါ်လာသည်။ သူ့ဖာသာသူ "အိမ်"

ဟုအမည်ပေးထားသောစာအုပ်တွေတောင်လိုပုံနေသည့် အခန်းငယ်လေးအတွင်း ပိုးသားပဂျားမား
ဝတ်စုံကြီးဘိုသီ ဘတ်သီဖြင့်ထိုင်နေမည့်

ပေါင်လေးရာကျော်ရှိသော ဇရာမလူဝကြီး။ပင်လယ်ပြင်နှင့် ပက်သက်သည့် အရှားတ ကာ့
အရှားဆုံးစာအုပ်တွေကိုစုဆောင်းပိုင်ဆိုင်သည့်

အဏ္ဏဝါဗေဒ ဆိုင်ရာ သက်ရှိ လူသားအဘိဓါန်စာအုပ်ကြီး။

"မင်းဘယ်က ဆက်နေတာလဲ ကောင်ကလေး"

"ရော့ကီးတောင်တန်းတွေ ရဲ့အထက်၊ အမြင့်ပေ သုံးထောင့်ငါးရာက ဆက်နေတာဗျ"

ပါးလ်မတ္တာက ဒတ်ပစ်၏အဖြေကို သဘောကျ၍ တခစ်ခစ်ရယ်လေသည်။

"ခွေးကလေး၊ ငါ့ဆီဖုန်းဆက်ဖို့ ဝါရှင်တန်ရောက်အောင်တောင် မစောင့်နိုင်တော့ဘူး။
ဘာတွေဖုတ်ပူမီးတိုက် ဖြစ်ရပြန် တာတုံး"

"ကျွန်တော်တို့ သုတေသနလုပ်ငန်းကြီးတစ်ခု လုပ်ကြရတော့မယ်"

"ဆိုတော့ ငါကဘယ်လို ကူညီရမလဲ"

ဒတ်ပစ်သည် အားမီးနီးစ်အခန်နှင့် နံရံပေါ်မှသင်္ကေတများအကြောင်းကို ပါးလ်မတ္တားအား
အကျဉ်းချုပ်ရှင်းပြလိုက်သည်။

ပါးလ်မတ္တားကငြိမ်သက်စွာနားထောင်နေ၏။ ပြီးတော့ မေးခွန်းတွေမေး၏။

"မင်းစိတ်ထဲမှာ ဘာတွေရှိနေလဲ ဒတ်"

"ကိုလံဘတ်စ် မတိုင်ခင် ခေတ်ဦးအမေရိက အကြောင်းခင်ဗျားစုဆောင်းထားတာတွေ ရှိတယ်မဟုတ်လား"

"ရှိပါ့ကွာ၊ အချက်အလက်တွေ အခန်းတစ်ခန်းအပြည့်ရှိတယ်။ ကိုလံဘတ်စ်မတိုင်ခင် အမေရိက မြောက်ပိုင်း၊ အလယ်ပိုင်းနဲ့

တောင်ပိုင်းတို့ကိုပင်လယ်ကနေဝင်လာကြသူများနဲ့ ပက်သက်တဲ့ အထောက်အထားတွေရော၊ သီအိုရီ တွေပါငါ့မှာအပြည့်ပါမောင်"

"အဲဒီထဲမှာ မြေအောက်လိုဏ်ခေါင်းတူးပြီး လျှို့ဝှက်အခန်းဖွဲ့ခဲ့ကြတဲ့ ရှေးလူတွေအကြောင်းမပါဘူးလား"

"ငါမှတ်မိသလောက်တော့ မပါဘူးကွ။ ဒါပေမဲ့ မရှိဘူးလို့တော့မပြောနိုင်ဘူး။ရှေးခေတ်ဦး အမေရိကနဲ့ ဥရောပ၊ အာဖရိက

ကုန်သွယ်ရေးလမ်းကြောင်းတွေထဲပြန်ရှာကြည့်ရမှာပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးထောင်ဝန်းကျင်လောက်က ကြေးနီရောင်းဝယ်ရေးအတွက်

မိုင်းတွင်းတွေအများကြီးတူးခဲ့ကြတယ်လို့တော့ယူဆချက်ရှိတယ်"

"ဘယ်နေရာတွေမှာလဲ"

"မင်နီဆိုတာရယ်၊ မီချီဂန်ရယ်၊ ဝင်ကွန်ဆင်ရယ်"

"အဲဒါ တကယ်ရောမှန်လို့လား စိန့်ဂျူလီယန်"

"ငါ့အမြင်အရ ဆိုရင်တော့ မှန်လောက်တယ်ကွ။ ကန်တာကီမှာခဲ့သတ္တုတူးဖော်တဲ့အထောက်အထားတွေ၊ ပင်ဆယ် ဗေးနီးယားမှာ

ဆာပင်တိုင်း၊မြောက်ပိုင်းကယ်ရိုလိုင်းနားမှာ မီကာ သတ္တုတူးဖော်တဲ့ အထောက်အထားတွေဟာခရစ်တော်မပေါ်ခင် ရာစုနှစ်များစွာထဲက

လုပ်ခဲ့ကြတာ သေချာတယ်။ ဒါပေမဲ့အံ့သြစရာကောင်းတာက အဲဒီ သတ္တုတူး သမားတွေဟာ သူတို့လက်နက်

ကိရိယာတွေကိုဒီအတိုင်းထားခဲ့ကြတယ်။ အဲဒါက ခုထိဖြေရှင်းမရတဲ့ ပြဿနာတစ်ခုပေါ့"

"ဒါနေ အင်ဒီးယန်းတွေ လုပ်တာရောမဖြစ်နိုင်ဘူးလား"

"နင့်အဘ အင်ဒီးယန်းက ဘယ်တုန်းကမှ ကျောက်မတူးဘူးကွ။ အမဲပဲလိုက်တာ"

"အဲဒီ မိုင်းတွင်းတွေမှာရော ထူးဆန်းတဲ့ သင်္ကေတ တွေရှိတဲ့ လျှို့ဝှက်မြေအောက်ခန်း မရှိဘူးလား"

"ငါသိသလောက်တော့ မရှိဘူးမောင်။ မသိသေးတာလည်း ဖြစ်ချင်ဖြစ်မပေါ့လေ။တို့ဆီက ရှေးဟောင်းသုတေသန ပညာရှင်ဆိုတဲ့

ငနဲတွေကလည်း ကိုလံဘတ်စ်ကိုအဖေလိုကိုးကွယ်ကြတာဆိုတော့ ဒီကိစ္စတွေကို သိပ်စိတ်အားမ ထက်သန်ကြဘူးကွ။ယဉ်ကျေးမှု ပြန့်နှံ့ခြင်း

သီအိုရီဆိုတာကို နားခါးကြတယ်"

"ကိုလံဘတ်စ် မတိုင်မီ နှစ်ရာ ပေါင်းများစွာကတည်းက အမေရိကသည်ပင်လယ်မှလာသော ဧည့်သည်များရှိခဲ့သည်။

ထိုဧည့်သည်များနှင့်ကူးလူးဆက်ဆံထိတွေ့ရာမှ အမေရိက ယဉ်ကျေးမှုကြီး ပျံ့ နှံ့ဖြစ်ထွန်းလာသည်ဆိုတဲ့ သီအိုရီ လား"

ဒတ်ပစ်က ဆရာရှေ့တွင်စာပြန်သော ကလေးငယ်ကဲ့သို့ ရွတ်ပြလိုက်သည်။

"အေးဟုတ်တယ်။ မင်းရွတ်တဲ့ အတိုင်းအတိအကျပဲ"

"ဒါလောက် အထောက်အထားတွေ ရှိနေတာကို သူတို့က ဘာလို့လက်မခံချင်တာတဲ့လဲ"

"ရှေးဟောင်း သုတေသီဆိုတဲ့ သတ္တဝါတွေက ခေါင်းအမာစားတွေကွ။ လုံလောက်တဲ့သက်သေမရှိသ၍ လက်မခံနိုင် ဘူးတဲ့လေ။

ငါလည်း သေချာတော့မပြောတတ်ဘူး။ ငါကအဏ္ဏဝါ သမိုင်းသုတေသီပဲလေ"

"ဒါပေမဲ့ အဲဒီမြေအောက် လှို့ဝှက်ခန်းအကြောင်းလေး ခင်ဗျား စာကြည့်တိုက်မှာ ရှာပေးပါဦးစိန့်ဂျူလီယန်ရယ်"

"စိတ်ချ၊ စိတ်ချ၊ ငါတတ်နိုင်သလောက်လုပ်ပေးမယ်"

"ကျေးဇူးကမ္ဘာပါ၊ အဘိုးကြီးရယ်" ဒတ်ပစ်သည် သူကလေးဘဝက ပေါင်လုံးတုတ်တုတ်ကြီးများပေါ်တွင်ထိုင်စေ၍

ပင်လယ်စွန့်စားခန်းများ၊ ပုံပြင်များကို ပြောပြလေ့ရှိသည့် စိန့်ဂျူလီယန်၏ ရုပ်ပုံလွှာကိုပြန်လည်မြင်ယောင်လာ၏။

"ဟဲ့ နေဦးကွ ကောင်လေးရ၊ ခုနက မင်းရဲ့ ဘာအခန်းဆိုလဲ၊ အဲဒီအခန်းထဲက ပစ္စည်းတစ်ခုတွေ့တယ်ဆို၊ အဲဒါဘာလဲ"

"မဟုရာရောင် အော့ဆီဒီယန် သလင်းကျောက်နဲ့ ထုထားတဲ့ ခေါင်းခွံကြီးဗျ"

ပါးလ်မတ္တားသည် အတန်ကြာအောင်ငြိမ်သက်နေ၏။ အတော်ကြီးကြာမှ-

"အဲဒီ အရုပ်မှာ ဘာတွေထူးခြားတာရှိလဲ"

"ဘာမှတော့ ထူးထူးခြားခြားမတွေ့မိဘူး။ ကျွန်တော်ပြောနိုင်တာကတော့တကယ်လို့သာ ခေတ်မှီပစ္စည်းကရိယာ တွေမသုံးပဲနဲ့

ရှေးခေတ်ဦးလူတွေရဲ့လက်ရာအမှန်ဆိုရင် ဒီလောက်လက်ရာမြောက်ပြီး သေသပ်တဲ့ ပန်းပုလက်ရာ တစ်ခုရဖို့မျိုးဆက်

ဆယ်ဆက်လောက်လုပ်ယူရမယ်ဆိုတာပဲဗျ"

"ကောင်လေး တော်လာပြီ။ အော့ဆီဒီယန်ကျောက်က မီးတောင်ချော်ရည်တွေစုခဲပြီးမာလာရာက ဖြစ်တဲ့ကျောက် မျိုးကွ၊ ရှေးခေတ်က

မြှားခေါင်းတို့လှံချွန်တို့ လုပ်တဲ့နေရာမှာတစ်ခါတစ်လေ သုံးတယ်။ ဒါပေမဲ့သိပ်ကြွပ်ဆတ်လွန်း တော့ ပန်းပုထုဖို့ဆိုတာ အင်မတန်ခက်တဲ့ကိစ္စပဲ"

"ခင်ဗျား ဒီမှာရှိမနေတာ စိတ်မကောင်းဘူးဗျာ၊ ကျွန်တော် ခင်ဗျားကို အဲဒီခေါင်းခွံကို မြင်စေချင်လိုက်တာ"

"အဲဒါ ဘယ်လိုပုံစံဆိုတာ ငါသိပါတယ် ကောင်လေးရ"

ဒတ်ပစ် ပြုံးလိုက်သည်။ စိန့်ဂျူလီယန်က သူ့ကိုထောင်ချောက်ဆင်ချေပြီ။ထိုလူဝကြီးသည် ကြောင်က ကြွက်ကိုကစား သည့်နယ်

သူ့ကိုမကြာခဏ ပညာပြလေ့ရှိသည်။

"ကျွန်တော်ပြောတာက ခင်ဗျားမျက်လုံးနဲ့ ကိုယ်တိုင်ကိုယ်ကျ ကြည့်စေချင်တာကိုပြောတာ"

ပါးလ်မတ္တားက ပြန်ပြောလိုက်သည်။ သူ့လေသံက ပီတိ အပြစ်ကင်းသည့် ကလေးငယ်ကဲ့သို့ နူးညံ့ပျော့ပြောင်းလျှက်။

"ခုနက ငါမင်းကိုတစ်ခုပြောဖို့ မေ့သွားတယ်သားရဲ့၊ အဲဒီ မဟူရာသလင်းခေါင်းခွံနောက်တစ်ခု ဘယ်မှာရှိတယ်ဆို တာငါသိထားတယ်"

ဆက်စနာဆိုင်တေးရှင်း အာထရာဖို့က်ဂျက်လေယာဉ်သည် လေတပ်ပိုင်အင်ဒရူးလေယာဉ်ကွင်း၏ အရှေ့ဖက်ပြေးလမ်းတွင်

ဆင်းသက်လျှက်ရှိသည်။ ပုံမှန်အားဖြင့် အရေးပေါ်အစိုးရကိစ္စများတွင်သာ ဤပြေးလမ်းကိုသုံးလေ့ရှိ၏။ အမျိုးသား

အဏ္ဏဝါဗေဒအေဂျင်စီပိုင်လေယာဉ်များနှင့် အဆောက်အဦးများသည် လေယာဉ်ကွင်း၏အရှေ့မြောက်ဖက်တွင် တည်ရှိ၏။

လုံခြုံရေးအဖွဲ့ဝင်နှစ်ဦးသည် အဖွဲ့ပိုင်ဗင်ကားတစ်စီးဖြင့် အယ်လ်ဂျီယိုဒီနီအား ဗာဂျီးနီးယားပြည်နယ်၊ အလက်ဇန်ဒရီးယားရှိ

သူပိုင်ကွန်ဒိုတိုက်ခန်းသို့လည်းကောင်း၊ ပက်အားသူမ၏သမီးလေးရှိရာ နေအိမ်သို့လည်းကောင်း ပို့ဆောင်ပေးရန်ထွက်ခွာသွားကြပြီဖြစ်သည်။

ဒတ်ပစ်သည် သူတို့နှင့်မလိုက်ပဲ မဟူရာသလင်းခေါင်းခွံထည့်ထားသောသစ်သားသေတ္တာကြီး ကို ထမ်းလျှက် သားရေအိုးထမ်းလာသည့်

သူဝဏ္ဏာသာမကိုက်ဖမ်းနေ၏။ လေယာဉ်ပေါ်မှဆင်းလာရင်း စောစောက ပက်ထိုးသွားသောစကားနာလေးများကို ကြားယောင်၍ ပြုံးမိသေးသည်။

ပက်က "ရှင် ကျွန်မတို့နဲ့မလိုက်ဖူးလား"ဟု မျှော်တလင့်လင့်မျက်ဝန်းလေးချီ၍ မေးသည်ကိုသူက "ကျွန်တော့်ကို

မိတ်ဆွေတစ်ယောက်လာကြိုလိမ့်မယ်" ဟုဖြေခဲ့၏။ မယ်မင်းကြီးမကသူ့ကိုစူးစူးရဲရဲ ကြည့်ရင်း-

"ရည်းစားလာကြိုမှာလားဟင်" ဟုတိုးတိုးလေးမေးခဲ့သည်။ သူမပြောလိုက်သည့်စကားခုနစ်လုံးသည် တစ်လုံးချင်းစီမှာ

ရင်လှိုင်းခတ်သံများပါနေသည်ကို သူသိသည်ပေ့ါ။

"မဟုတ်ရပါဘူးဗျာ။ မွေးစားအဖေကြီး လာခေါ်မှာပါ"

"မသိနိုင်ဘူးလေ၊ အဖေကြီးလား ရည်းစားလားဆိုတာ" သူမက မလိုတမာအသံဖြင့် ပေါ်ပေါ်တင်တင်ပြောရင်း သူ့ကို-

"ကျွန်မတို့ ပြန်တွေ့ကြဦးမယ်မဟုတ်လား၊ ဘယ်တော့တွေ့ကြမလဲဟင်" ဟုနောက်ဆုံးမေးခဲ့သည်။

"စောနိုင်သမျှ စောစောတွေ့ကြတာပေ့ါ" နဖူးလေးကို နမ်းရင်း သူဖြေလိုက်တော့ဖရဏီတိ ဝွမ်းဆီထိသွားသည့် ပက် တစ်ယောက်

အပြုံးပန်းတွေဝေပြီးကားပေါ်ပါသွားခဲ့သည်။ ဩော်-မိန်းမ၊ မိန်းမ။

ဒတ်ပစ်သည် ထွက်ခွာသွားသောဗင်ကားကို မျက်စိတဆုံးလိုက်ကြည့်ပြီးလေယာဉ်ဘီးကို သက်တောင့် သက်သာ မှီ၍ နေလိုက်၏။

ဝါရှင်တန်၏ ဆောင်းဦးကထင်သလောက်မအေးသည့်တိုင် အေးမြလတ်ဆတ်သောလေကြောင့် လူကိုကြည်လင်လန်းဆန်းစေ၏။

ဆယ်မိနစ်ခန့်အကြာတွင် အစိမ်းရောင်နှင့်ငွေရောင်စပ်ထားသောရောမ ဆလွန်းကားကြီး တစ်စီးလေယာဉ်ဘေးတွင် လာရပ်၏။

အနုစိတ် ပြုပြင်မွန်းမံထားသော ၁၉၅၅ထုတ် ရိုးရှိုက်စ်ဆေးလ်ဗားအမျိုးအစား ခြောက်လုံးထိုးကားကြီးသည်

အင်ဂျင်ပါဝါကြီးလှသော်လည်း စက်သံမကြားရလောက်အောင် ညက်လွန်းသည်။ တာယာနှင့်နိုင်လွန်ကတ္တရာ ပွတ်တိုက်သံမှတပါး

အခြားအသံမထွက်။

စိန့်ဂျူလီယန်ပါးလ်မတ္တား၏ သစ္စာရှိလူယုံတော်ကြီး ဟူဂိုမူလ်ဟော်လန်သည် ကားဒရိုင်ဘာခန်းမှထွက်လာပြီး ဒတ်ပစ်ကို

လက်ဆွဲနှုတ်ဆက်၏။

"ခုလို ပြန်လည်ဆုံတွေ့ရတာ ကျွန်တော့် အနေနဲ့ အလွန်အင်မတန်မှ နှစ်ထောင်းအားရ ရှိလှပါတယ် မစ္စတာပစ်"

ဟော်လန်သည် အက်တိကက်ခေါ် ယဉ်ကျေးပျူငှာ ဓလေ့ထုံးစံများကိုဘိုးဘွားပိုင်ပစ္စည်းသဖွယ် တန်ဖိုးထား အသုံးပြုတတ်သူဖြစ်၏။

ဒတ်ပစ်နှင့်သိကျွမ်းခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော်ပြီဖြစ်သော်လည်း ဆုံတွေ့လေတိုင်းဤသို့ ဤနယ်နှုတ်ဆက်မြဲဖြစ်၏။ ပါးလ်မတ္တားအပေါ်တွင်

သစ္စာရှိလှသောဤလူယုံတော်ကြီးကို ဒတ်ပစ်က အလွန် သဘောကျ၏။ အနှစ်နှစ်ဆယ်အတွင်းသူပြုံးရယ်သည်ကို တခါမှ မမြင်ဘူးချေ။ ပါးစပ်က

ချိုသာယဉ်ကျေးသည့်စကားများအမြဲပြောဆိုတတ်သောလည်း သူ့မျက်နှာက အမေသေလည်းဒီမျက်နှာ၊သန်းဆုကြီးပေါက်လည်း ဒီမျက်နှာ

ဆိုသလို မျက်နှာသေကြီးဖြစ်၏။သူပြုံးသည့်နေ့တွင် တောင်ထိပ်မှာ ကြာပေါက်ပြီး အနောက်မှ နေထွက်လိမ့်မည်လားအောက်မေ့ရသည်။

ဟော်လန်သည် ပစ်၏ပစ္စည်းများကို ကားနောက်ခန်းတွင်ထည့်နေ၏။ ဒတ်ပစ်က သူ၏အရိုးခေါင်းသေတ္တာကြီးကို

အဝတ်အိတ်များကြားတွင် သူကိုယ်တိုင်အသေအချာနေရာချသည်။ ပြီးနောက်
ဟော်လန်ကနောက်တံခါးကိုဖွင့်ပေး၍ ဒတ်ပစ်ကားတွင်းသို့

ဝင်လိုက်သည်။

ကြီးမားလှသော ဆိုဖာထိုင်ခုံကြီး၏ သုံးပုံနှစ်ပုံခန့်ကို ပါးလ်မတ္တား၏ မဟာတင်ပါးကြီးက
နေရာယူထား၏။ ဒတ်ပစ် ရယ်ချင်သွားသည်။

"စိန့်ဂျူလီယန် ခင်ဗျားကြည့်ရတာလည်း သံစုံတီးဝိုင်းက ဘေ့စ်တယောကြီးနဲ့ တူလိုက်တာဗျာ"

ပါးလ်မတ္တားက ပစ်၏ခေါင်းကို သူ့လက်ကြီးနှစ်ဖက်ဖြင့် ကိုင်ရင်း ပါးကိုတရွှတ်ရွှတ်ဖြင့်
ဘယ်ပြန်ညာပြန်နမ်းနေသည်။

ကြီးမားသောနှာခေါင်းပွကြီး၊နီရဲနေသော ပါးစုံ့ကြီးများ၊
မိုးပြာရောင်မျက်လုံးကြီးများပိုင်ရှင်ဧရာမလူဝကြီးသည် ပနား မားဦးထုပ်ကြီးကို

ဆောင်းလျှက်စတိုင်ထွားနေ၏။

"ဟို လူဝင်မှုကြီးကြပ်ရေးက အာရှသူ အဝါမလေးနဲ့ အတူမင်းတိုက်ခန်းမှာညစာစားပြီးကတည်းက
တို့မတွေ့ကြတော့ တာဆိုတော့

မင်းနဲ့ငါမတွေ့တာတစကမ္ဘာလောက်ကြာသွားပြီထင်တယ်"

"အင်း-အင်း။ ဂျူလီယာ မာရီလီး နဲ့ညစာစားကြတာ။ အဲဒါ မနှစ်က ဒီအချိန်ပဲလေ"

"အဲဒီကောင်မလေး ဘယ်ရောက်သွားပြီလဲ"

"ကျွန်တော် နောက်ဆုံးကြားတာတော့ ဟောင်ကောင်မှာ တာဝန်ကျနေတယ်တဲ့"

"မင်းနဲ့ အဲဒီကောင်မလေးနဲ့ ဇာတ်လမ်းပြီးသွားပြီလား"

"ပြီးပြီလို့ပဲ ပြောရမလား။ ကျွန်တော်လိုကောင်မျိုးက ကောင်မလေးတွေသူတို့အိမ်ခေါ်ပြီး
မိဘနဲ့မိတ်ဆက်ပေးလို့ ရတာမျိုးမှ

မဟုတ်ပဲ။ခင်ဗျားလည်းသိသားနဲ့"

"တော်စမ်းပါ ငါ့သားရယ်။ မင်းဟာမင်း ကမြင်းချင်တိုင်း——"

တော်ပြီ၊ တော်ပြီ။ ဒီစကားဒီတင် ရပ်မှဖြစ်မည်။ ဒတ်ပစ်က စကားလမ်းကြောင်းပြောင်းလိုက်၏။ သူ့နှာခေါင်းကို ရှုံ့ပွ၊ ရှုံ့ပွလုပ်ရင်း-

"ဟင်းနံ့ရတယ် စိန့်ဂျူလီယန်၊ ကျွန်တော်ဗိုက်ဆာလာပြီ"

လူဝကြီးက တဟင်းဟင်း၊ တမျှင်းမျှင်းရယ်ရင်း-

"မင်း ဘယကမ္ဘာကလာတဲ့ အစုတ်အပြတ် အငတ်တုန်းကွ" ဟုပြောရင်း ပစ်ကို ကျီစယ်နေ၏။

အမှန်တော့ နောက်ပြောင်ပြောချင်းမဟုတ်။ ဗိုက်ထဲမှာသံစုံတီးဝိုင်းတီးသလို အသံပေါင်းစုံမြည်ပြီး ပစ်အမှန်တကယ်

ဆာလောင်မွတ်သိပ်လျှက် ရှိသည်။

"မနက်စာက ကော်ဖီဗျာ၊ နေ့လည်စာက အချိုရည်ဗျာ၊ ဒီနေ့တစ်နေ့လုံး ဗိုက်ထဲမှာ ရေတွေပဲရှိတယ်"

ပါးလ်မတ္တားက ကားကြမ်းပြင်မှာချထားသော ပျော်ပွဲစားခြင်းတောင်းကြီးကို ဆွဲယူရင်း-

"မင်းဒီလို နားပူနားဆာလုပ်မယ်ဆိုတာ ငါသိတယ်ပစ်။ ဒါကြောင့်ဖရစ်ဒရစ်စ်ဘက်ခ်
ကိုသွားရမဲ့ခရီးအတွက် စားကောင်း

သောက်ဖွယ်လေးတွေစီမံလာခဲ့တယ်"

အစားအသောက်ခြင်းတောင်းကို မျှော်လင့်ချက်ကြီးစွာဖြင့် စိုက်ကြည့်နေသောပစ်က

"ကျွန်တော်တို့ သွားရမှာ အဲဒီနေရာလား" ဟုမေးလိုက်သည်။

ပါးလ်မတ္တားက ခေါင်းညိတ်ပြလိုက်ပြီး ခြင်းတောင်းထဲမှ ပွန်ဆာဒင်ဗရူ အဝါရောင်တံဆိပ်
ကပ်ထားသော ရှန်ပိန်ပုလင်း

ကြီးကိုဆွဲထုတ်လိုက်သည်။

"ဘယ့်နှယ်လဲ"

"ကောင်းလိုက်တာ၊ ကျွန်တော့် အကြိုက်ပေါ့"

မူလ်ပော်လန် သည်လေဆိပ် ပင်မတံခါးပေါက်ကြီးမှ ကားကိုမောင်းနှင်လာခဲ့ပြီးဘယ်ဖက်သို့ချိုးကွေ၍ မြို့ပါတ်လမ်း

မကြီးပေါ်သို့တက်လိုက်သည်။ ထိုမှတဆင့်အရှေ့စူးစူးကိုမောင်းနှင်ကာ ပိုတိုမက်မြစ်ကိုဖြတ်ကျော်ပြီး စပရင်းဖီးလ်အထိတောက်လျှောက်မောင်း၏။

စပရင်းဖီးလ်သို့ရောက်သော် တောင်ဖက်သို့ဦးတည်ပြီးဖရစ်ဒရစ်စ်ဘက်ခ် သို့သွား သည့် ဟိုင်းဝေးလမ်းမကြီးအတိုင်းမောင်းတော့သည်။

ကားနောက်ခန်းတွင်တော့ ဒတ်ပစ်နှင့် ပါးလ်မတ္တားတို့နှစ်ဦးစားပွဲကြီးကျင်းပနေကြသည်။ ပါးလ်မတ္တားသည် လူကောင်

ကြီးသလောက်အစားကြီးသူဖြစ်ရကား စားကောင်းသောက်ဖွယ်တို့ကိုတစ်ပွဲပြီးတစ်ပွဲခြင်းတောင်းထဲမှဆွဲထုတ်လျှက် ရှိသည်။ မိုဂဏန်းပေါင်း၊

ရောဘဝဲကြော်၊အာလူးနှင့် ချိစ်များ၊ ဝိုင်နီဖြင့်နှပ်ထားသော အမဲသားလွှာများ။အရသာရှိလိုက် သည့်ဖြစ်ခြင်း။ ဒတ်ပစ်သည် ဗိုက်ပေါက်ထွက်မတတ်

အငမ်းမရပလုတ်ပလောင်းစားသောက်နေ၏။

"ကျေးဇူးကြီးလိုက်တာ စိန့်ဂျူလီယန်၊ ကျွန်တော်ဒါမျိုးတွေ စားရခဲတယ်ဗျ"

"ငါကတော့ ဒါမျိုးတွေအမြဲတမ်းစားနေတာ ကောင်လေးရ။ အဲဒါကြောင့် မင်းကမင်း၊ငါကငါ ဖြစ်နေတာပေါ့ကွ" ပါးလ်မတ္တားက

မိုးပျံဘောလုံး သဖွယ်ပူဖောင်းနေသောသူ့ဗိုက်ကြီးကိုပွတ်ရင်းပြော၏။

စားသောက်ဝိုင်းကို သာမိုဓါတ်ဘူးထဲမှ အက်စ်ပရက်ဇိုကော်ဖီပူပူ ဖြင့်ပိတ်ကြသည်။

"ကောညက်လေးများ မပါဘူးလား" ဒတ်ပစ်သည် ရလေလိုလေ အိုတဇ္ဈေ ဖြစ်ကာပါးလ်မတ္တားကို အထွန့်တက်နေ၏။

"အသက် ခြောက်ဆယ်ကျော်အဖိုးကြီးတစ်ယောက်အဖို့ မနက်ခင်းမှာအရက်များများသောက်ဖို့မကောင်းဖူးကွ" ပါးလ်မတ္တားက

ပိတ်ပြောလိုက်သည်။အဖိုးကြီးမသောက်တော့၊ လူရွယ်လေးလည်း မသောက်ရတော့။ ဒတ်ပစ်စကားလမ်းကြောင်းပြောင်းလိုက်သည်။

"ခင်ဗျားပြောတဲ့ ဒုတိယ အော့ဆီဒီယန် သလင်းခေါင်းခွံက ဖရစ်ဒရစ်ဘက်ခ် မှာလား"

"အေးလေကွာ၊ ငါတို့အခုသွားနေကြပြီလေ"

"ဘယ်သူ့ဆီမှာလဲ"

"ပိုင်ရှင်က အင်မတန်သဘောမနောကောင်းတဲ့ အဖွားကြီး၊ နာမည်က ခရစ်တင်းမန်ဒါ ဟက်စ်တက်တဲ့ကွ။ သူ့ ဘွားအေကြီးက

ရှိဆန်နာ မန်ဒါတဲ့၊ ဘိုးအေကြီးကဝေလငါးဖမ်းသင်္ဘော ပါလိုဖါဒီရဲ့ ကပ္ပတိန် ဘရက်ဖို့ဒ် မန်ဒါတဲ့၊ လွန်ခဲ့တဲ့နှစ်ပေါင်း တရာ့ငါးဆယ်လောက်က

သူတို့ လင်မယားဟာ အန္တာတိကတိုက်မှာ ရေခဲပြင်ထဲသင်္ဘော ပိတ်မိနေတုန်း ရှိဆန်နာမန်ဒါက ရေခဲပြင်ပေါ်လမ်းလျှောက်သတဲ့။ မှန်တိုင်းကျလို့

သူပျောက်သွားတယ်။ သူ့ယောက်ျားနဲ့ သင်္ဘောသားတွေ ရှိဆန်နာကိုလိုက်ရှာရင်း အင်္ဂလိပ်အရှေ့အိန္ဒိယ ရွက်သင်္ဘောတစ်စီးကို

ထူးထူးဆန်းဆန်းတွေ့ကြတယ်တဲ့။ သင်္ဘောပေါ်မှာ အလောင်းတွေဟာရေခဲရိုက်ထားသလိုဖြစ်ပြီး လတ်လတ်ဆတ်ဆတ်ကြီး ရှိနေတယ်တဲ့။

အဲဒီသင်္ဘောစတိုခန်းထဲကနေမှာ မဟူရာသလင်းခေါင်းခွံနဲ့ အခြားထူးထူးဆန်းဆန်းပစ္စည်းတွေကိုတွေ့လို့ လေ့လာနေကြတုန်းမှာ

ရေခဲပြင်ကြီးကွဲပါလေရော"

ပါးလ်မတ္တားသည် ပုံပြောကောင်းလှသူဖြစ်၏။ ဒတ်ပစ်မှာ ငယ်ငယ်ကတည်းကပါးလ်မတ္တား၏ စွန့်စားခန်းပုံပြင်များကို

အသည်းစွဲခဲ့သူဖြစ်သောကြောင့် ယခုကလေးလေးပြန်ဖြစ်သွား၏။ ပါးလ်မတ္တား၏ ပုံပြင်ထဲချက်ချင်းနစ်မြောသွား၏။သူခြောက်လှျင်ကြောက်၊

သူချော့လှျင်ပျော့သလို ဖြစ်လာ၏။ သိချင်စိတ်တွေဆူဝေလာ၏။

"သူတို့ ခေါင်းခွံကို ရသွားလားဟင်"

ပါးလ်မတ္တားက ပြုံးပြီးခေါင်းညိတ်လိုက်သည်။

"ရသွားတယ်။ အားလုံး ဒရောသောပါးဆင်းပြေးကြတုန်း ရှိဆန်နာကဒီခေါင်းခွံကိုယူလာခဲ့တယ်။ အဲဒီအချိန်ကစပြီး

ဒီခေါင်းခွံဟာသူတို့မိသားစုရဲ့ မျိုးဆက်ပစ္စည်းဖြစ်လာခဲ့တော့တယ်"

ပစ်သည် ကားပြူတင်းပေါက်မှတဆင့် ဗာဂျီးနီးယားတောင်ပိုင်း၏ လယ်ကွင်းစိမ်းစိမ်းများကို မျက်လုံးစိမ်းစိမ်းများဖြင့်

အတန်ကြာအောင်ငေးစိုက်ကြည့်နေသည်။

"တကယ်လို့ ဒီခေါင်းခွံနှစ်လုံးဟာတထပ်တည်းတူဦးတော့၊ ဘယ်သူကဘယ်လိုရည်ရွယ်ချက်နဲ့ ဖန်တီးခဲ့တယ်ဆိုတာကို

ကျွန်တော်တို့မသိနိုင်သေးဘူး"

"မစ္စမန်ဒါ နဲ့တွေ့ဖို့ချိန်းလိုက်တာ မင်းခေါင်းခွံနဲ့ သူ့ခေါင်းခွံ နှိုင်းယှဉ်ကြည့်ဖို့မဟုတ်ဖူးကွ"

"ဒါဆို ခင်ဗျားအစီအစဉ်က ဘာလဲ"

"မန်ဒါ မိသားစုပိုင်တဲ့ ကပ္ပတိန်မန်ဒါရဲ့ ပင်လယ်ပြင်မှတ်တမ်းမှတ်စုတွေကို ငါဝယ်ဖို့ကြိုးစားနေတာ ဆယ်နှစ်ကျော်ပြီ ကွ၊

သူစုဆောင်းထားတဲ့သင်္ဘောလော့ခ်ဘွတ် စာအုပ်တွေလည်းပါတာပေါ့။ ငါအလိုချင်ဆုံးက သူတို့ အန္တာတိကရေခဲ ပြင်မှာတွေ့ခဲ့တဲ့ မဒရပ်သင်္ဘောရဲ့

မှတ်တမ်းပဲ"

"မန်ဒါ မိသားစုမှာ အဲဒါတကယ်ရှိသလား" ဒတ်ပစ်က ခပ်လောလောမေးလိုက်သည်။ သိချင်စိတ်က မိုးလောက်ကြီး မြင့်လာ၏။

"ကပ္ပတိန်မန်ဒါဟာ အဲဒီသင်္ဘောမှတ်တမ်းစာအုပ်ကို ယူလာခဲ့တယ်လို့ ငါသိထားတယ်"

ဒတ်ပစ်သိလိုက်ပြီ။ ပါးလ်မတ္တားဆိုသည့် ကြောင်ဖါးကြီးက ဒီတစ်ကြိမ်လည်းသူ့ကို လှည့်စားပြန်လေပြီ။

"ဒါဖြင့် ခင်ဗျားက အလှျူ့လက်ဖက်နဲ့ မျက်နှာလုပ်ဖို့ ကြံနေတာပေါ့"

ပါးလ်မတ္တားက ဝံပုလွေပြုံးပြုံးလိုက်သည်။ သူ့အကြံကို သည်ကောင်လေးသိသွားပြန်ပြီကော။

"အေးလကွာ။ မစ္စမန်ဒါဟက်စ်တက် ကမင်းခေါင်းခွံကြီးကိုလည်းမြင်ရော အံ့အားတွေသင့်၊ စိတ်တွေပြောင်းပြီး ငါ့ကို

သူတို့မိသားစုပိုင်မှတ်တမ်းတွေ ရောင်းလိုက်ရော၊ မကောင်းဖူးလား"

ဒတ်ပစ် အတော်တင်းသွားသည်။ ထို့ကြောင့် ပါးလ်မတ္တားကို နစ်နစ်နာနာပြောလိုက်၏။

"ဒီမှာ စိန့်ဂျူလီယန်၊ ခင်ဗျားကို ခင်ဗျားမှန်ထဲ သေချာပြန်ကြည့်စမ်း၊ ဆင်ဖြူတော်မှီပြီး ကြံစုပဖ်ို့ လုပ်နေတာ မရှက်ဖူး လား"

ပါးလ်မတ္တားက သူ့ကိုယ်ကြီး တသိမ့်သိမ့်တုန်အောင် ခွက်ထိုးခွက်လန်ရယ်လေသည်။

"ရှက်ပါဘူး၊ ဘာလို့ရှက်ရမှာလဲ၊ ကိုယ်လိုချင်လို့ ကိုယ်ကြံတဲ့ ဥစ္စာ၊တကယ်လို့ ရှက်ခဲ့ရင်တောင် မျက်နှာကပဲ ရှက်တာဆိုတော့

ငါ့မျက်နှာကိုသတင်းစာနဲ့အုပ်ထားလိုက်ရင် ကိစ္စပြီးရော"

ဒတ်ပစ်သည် ပါးလ်မတ္တားကို စကားအရာတွင် နိုင်အောင်မပြောနိုင်သည့်အတွက် မျက်နှာကြီးပုပ်နေ၏။ သူတို့နှစ်ဦး

တွေ့လိုက်လျှင်အမြဲတမ်းဒီအတိုင်း။ အတန်ကြာတော့မှ-

"ခေါင်းခွံတွေ့တဲ့ မဒရပ်သင်္ဘောမှတ်တမ်းမှာ ဘာတွေရေးထားလဲ"

ပါးလ်မတ္တားက ခေါင်းကြီးခါယမ်းရင်း-

"ငါတစ်ခါမှ မဖတ်ဖူးသေးဘူး။ မန်ဒါဟက်စ်တက်က တစ်ခါမှမပြလို့ ငါဒီမှတ်တမ်းကို မျက်မွှေးထော်လို့တောင် မော်ကြည့်ခွင့်

မရသေးဘူးကွ”

ဒတ်ပစ်သည် အတွေးထဲမှာနစ်မြောနေ၏။ ကမ္ဘာပေါ်မှာ
အောဲ့ဆီဒီယန်သလင်းခေါင်းခွံတွေဘယ်နှစ်ခုလောက် ရှိသလဲ။

ဘယ်နေရာတွေမှာပျောက်ကွယ်နေကြသလဲ။ ဘယ်သူတွေက ဘာရည်ရွယ်ချက်နဲ့ လုပ်ခဲ့ကြတာလဲ။
စတုတ္ထနိုင်ငံတော်ဆိုတဲ့ ငနဲတွေက

ဘာဖြစ်လို့ ဒါတွေကိုအသည်းအသန်လိုချင်ရတာလဲ။ သူများသိမှာဘာလို့
ဒီလောက်ကြောက်ကြတာလဲ။ ခေါင်းတွေအုံခဲလာတာသာ

အဖတ်တင်သည်။ အဖြေကား နတ္ထိ။

တစ်နာရီ (၈၇)မိုင်နှုန်းဖြင့် ငြင်သာညက်ညောစွာ ခရီးနှင်လာခဲ့သည့် ရိုးရှိုက်ဆေးလ်ဗားသည်
တစ်နာရီခွဲခန့်မောင်းနှင်ပြီးနောက်

ဖရစ်ဒရစ်ဘက်ခ်သို့ ရောက်ရှိလာခဲ့သည်။ မူလ်ပော်လန်သည် ထီးသုံးနန်းသုံးစံတော်ဝင်ကားကြီးကို
ရက်ပါဟန်းနော့ခ်မြစ်ကမ်းပါး

ကုန်းမြင့်ပေါ်ရှိကိုလိုနီခေတ်ပုံစံ အိမ်ကလေးရှိရာသို့ကွေ့ပါတ်မောင်းနှင်လာခဲ့သည်။
ထိုနေရာမှကြည့်လျှင် ပြည်တွင်းစစ်အတွင်း

တိုက်ပွဲအပြင်းအထန် ဖြစ်ခဲ့ပြီးမြောက်ပိုင်းစစ်သား ၁၂၅၀၀ကျော် တစ်နေ့တည်းကျဆုံးခဲ့ရသည့်
သတ်ကွင်းကြီးကိုအပေါ်စီးမှ

ကောင်းစွာမြင်တွေ့ရ၏။ ခုတော့လည်း ၁၈၄၈ခုနှစ် တည်ဆောက်ခဲ့သောအိမ်အိုကလေးသည်သာ
အတိတ်၏တစ်ခုတည်းသော

အောက်မေ့လွမ်းမောဖွယ် ပုံရိပ်အဖြစ်တည်ရှိနေ၏။

မူလ်ပော်လန်က ကားရပ်ပြီး ကားနောက်ခန်းတံခါးကို ဖွင့်ပေး၏။

"ရောက်ပဟေ့၊ ဆင်းကြစို့" ပါးလ်မတ္တားက သူ့ခန္ဓာကိုယ် အတ္တဘောကြီးကို ကားတွင်းမှ ထွက်ရန် အပြင်းအထန်လှုပ် ရှားရင်း ပစ်ကို

ပြောလိုက်သည်။

ဒတ်ပစ်သည် ပါးလ်မတ္တား ကားထဲမှ မထွက်မီ သူကအရင်ဦးအောင်ထွက်လိုက်ပြီး သလင်းခေါင်းခွံသေတ္တာကို ကားနောက်ခန်းမှ

တယုတယထုတ်ယူလိုက်သည်။

"အလုပ်ဖြစ်မဖြစ်ဒါနဲ့စမ်းကြည့်ရမှာပဲ" ကားပေါ်မှဆင်းလာသောပါးလ်မတ္တားအား ပြောလိုက်ရင်း အိမ်ရှိရာသို့ နှစ်ဦးသား

လျှောက်လှမ်းသွားကြတော့သည်။

မစ္စ ခရစ်စတင်း မန်ဒါ ဟက်စ်တက်စ် သည် တစ်ခေါင်းလုံးဖြူဖွေးနေသော၊နှစ်လို့ဖွယ်အပြုံးပိုင်ရှင် သဘောမနော ကောင်းပုံရသည့်

အဖွားကြီးဖြစ်၏။အသက်အရွယ်ကြီးရင့်ပုံရသော်လည်း လှုပ်ရှားမှုတို့က သွက်လက်ဖျတ်လတ်ဆဲ။ ပါးလ်မတ္တားကို လက်ဆွဲနှုတ်ဆက်ပြီး

ဒတ်ပစ်နှင့်မိတ်ဆက်ပေးသောအခါရင်းရင်းနှီးနှီး ပြုံးပြနှုတ်ဆက်၏။

"အထဲဝင်ကြပါရှင်၊ ကျွန်မက ရှင်တို့ကို မျှော်နေတာ၊ လဘက်ရည်များ သုံးဆောင်ကြဦးမလား"

မျက်နှာကြက် မြင့်မြင့်နှင့် နွေးထွေး သပ်ရပ်သည့် စာကြည့်ခန်းအတွင်းမှဆိုဖာထိုင်ခုံများတွင် အသီးသီးထိုင်လိုက် ကြစဉ်

မိန်းကလေးတစ်ဦးကလဘက်ရည်ပွဲများလာရောက်တည်ခင်းသည်။ ခရစ်စတင်းသည် ပါးလ်မတ္တား ဖက်သို့လှည့်လိုက်ပြီး-

"ကဲ စိန့်ဂျူလီယန်၊ ရှင့်ကို ကျွန်မ ဖုန်းထဲမှာပြောထားတဲ့အတိုင်းပဲနော်၊ မိသားစုပိုင် ပစ္စည်းတွေကို

ဝယ်ဖို့ဆိုရင်တော့လဘက်ရည်သောက်ပြီးရင် ပြန်တော့ရှင့်" ဟုပြတ်သားစွာ ပြောလိုက်သည်။

ပါးလ်မတ္တား ကခေါင်းညိတ်သည်။

"ခင်ဗျားဘယ်လိုပြောပြော ကျွန်တော့် မျှော်လင့်ချက်ကိုမစွန့်နိုင်တာတော့ ဝန်ခံရမှာပဲ ခရစ်စတင်းရဲ့။ ဒါပေမဲ့ ကျွန်တော့်

မိတ်ဆွေမစ္စတာပစ် ကိုခင်ဗျားဆီခေါ်လာရတဲ့ အကြောင်းလေးကို အရင်နားထောင်ပါဦး"ပြောပြောဆိုဆို ပစ်ဖက်သို့လှည့်၍-

"သေတ္တာထဲက ပစ္စည်း မစ္စ မန်ဒါ ဟက်စ်တက်စ်ကို ပြလိုက်ပါဦးကွာ" ဟုစေခိုင်းလိုက်သည်။

"ကျွန်မကို ခရစ်စတင်းလို့ပဲ ခေါ်ပါရှင်၊ မျိုးရိုးနာမည်ကြီးက ခေါ်ရတာထောင့်လွန်းပါတယ်"

ဒတ်ပစ်သည် သေတ္တာတွင် အထပ်ထပ် ချည်နှောင်ထားသော ကြိုးများကို ဖြေရင်း-

"အန်တီက ဗာဂျီးနီးယားမှာပဲ နေတာလား" ဟုအဖွားကြီးနှင့် အလ္လာပ၊ သလ္လာပ ပြောရန် ကြိုးစားနေ၏။

"ကျွန်မက ကယ်လိုဖိုးနီးယားသားတွေရဲ့ ဆဋ္ဌမမြောက်မျိုးဆက်ရှင့်၊ဆွေမျိုးအများစုက ဆန်ဖရန် စစ္စကိုမှာနေတယ်။

အိမ်ထောင်ကျတော့မှရောင်နောက်ဆံထုံးပါပြီး ဗာဂျီးနီးယားရောက်လာတာ။ အမျိုးသားက သမ္မတသုံးဆက်ကိုအကြံပေးလုပ်ခဲ့တာလေ"

ဒတ်ပစ်ကဘာမှပြန်မပြော။ သူ့အာရုံကို မီးလင်းဖို့ပေါ်တင်ထားသည့် မဟူရာသလင်းခေါင်းခွံတစ်ခုက အပြင်းအထန်

ဖမ်းစားနေ၍ဖြစ်သည်။ သေတ္တာထဲမှပစ္စည်းနှင့်တထပ်တည်းတူညီသော အော့ဆီဒီယန်ပန်းပုလက်ရာ။ နောက်ဆုံးကြိုးစကို

ဖြေညှင်းစွာဖြည်လိုက်ပြီး သစ်သားသေတ္တာကိုဖွင့်လိုက်သည်။ အထဲမှခေါင်းခွံကိုထုတ်၍ မီးလင်းဖို့ပေါ်တင်လိုက်၏။ အော့ဆီဒီယန်

သလင်းပန်းပုခေါင်းခွံအမြွှာညီအကိုသည် ပြန်ပေါင်းထုပ်ကြလေပြီ။

ခရစ်စတင်း၏ မျက်လုံးများပြူးကျယ်သွား၏။ ပါးစပ်ဟောင်းလောင်း ဟသွား၏။

"အလိုလေးလေး- ဒါမျိုးနောက်ထပ်တစ်ခု ရှိလိမ့်မယ်လို့ ကျွန်မ အိပ်မက်တောင်မမက်ဖူးဘူး"

"ကျွန်တော်လည်း ထိုနည်းလည်းကောင်းပါပဲခင်ဗျာ" ဒတ်ပစ်က ခေါင်းခွံနှစ်ခုကို စူးစူးစိုက်စိုက်ကြည့်နေရင်း-

"သာမန်မျက်စိနဲ့ ကြည့်လို့မြင်ရတဲ့ အမြင်အရတော့ ဒီလက်ရာနှစ်ခုဟာတကယ့်ကို ခွဲမရအောင်ထပ်တူညီတဲ့ ပစ္စည်း နှစ်ခုပဲ"

ပါးလ်မတ္တားက ခုထိပါးစပ်ဟောင်းလောင်းနှင့် အံ့အားသင့်နေသော အဖွားကြီးကို လဘက်ရည်ခွက်တစ်ဖက်က ကိုင်လျှက်

တတွတ်တွတ်ပြောနေ၏။

"ခရစ်စတင်းရေ။ ခင်ဗျားဘွားအေကြီးရဲ့ ဒီခေါင်းခွံနဲ့ပက်သက်တဲ့ မှတ်တမ်းမှတ်ရာတွေကို ကျွန်တော်တို့ကို ခုပြောပြ ပါတော့ဗျာ"

အဖွားကြီးသည် ပါးလ်မတ္တားအား
အင်မတန်တုံးသောမေးခွန်းကိုမေးလိုက်သည့်စာသင်ခန်းထဲမှခပ်ချာချာကျောင်း သားကို

ဆရာမကကြည့်သည့်အကြည့်မျိုးဖြင့်ကြည့်၍-

"ရှင့်ကို ပြောခဲ့တာလည်းအကြိမ်တရာမကတော့ဘူး၊ စိန့်ဂျူလီယန်ရယ်။အဖွားတို့ဟာ အန္တာတိကရေခဲပြင်မှာ သောင် တင်နေတဲ့

ဘုံဘေက လီဗာပူးသွားမဒရပ်သင်္ဘောကိုတွေ့ခဲ့ကြတယ်။ ခရီးသည် (၃၇)၊ သင်္ဘောသား (၄၀) ပါပြီးလှက်ခြောက်၊

ဟင်းခတ်အမွှေးအကြိုင်နဲ့ကြွေထည်တွေတင်ဆောင်ထားတယ်။အခြားအမျိုးအမည်မသိရှေးဟောင်း ပစ္စည်းတွေထားတဲ့အခန်းထဲကဒီခေါင်းခွံကို

ရခဲ့တယ်လေ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်သိချင်တာက ဒီရှေးဟောင်းပစ္စည်းတွေဟာ မဒရပ်သင်္ဘောပေါ်ကို ဘယ်လိုလုပ် ရောက်လာခဲ့သလဲ

ဆိုတဲ့အပိုင်းပဲ”

“ကျွန်မသိသလောက်တော့ ဒီခေါင်းခွံ အပါအဝင်
ရှေးဟောင်းပစ္စည်းတွေဟာဘုံဘေကနေပါလာတာတော့ မဟုတ်ဘူး။

လူမရှိတဲ့ကျွန်းတစ်ခုပေါ်ကနေ သင်္ဘောသားတွေနဲ့ခရီးသည်အချို့တွေလို့ တင်ယူလာကြတာလို့ဆို
တယ်။

အသေးစိတ်ကိုတော့မဒရပ်သင်္ဘောမှတ်တမ်းပါ ရေးထားတယ်”

ဒတ်ပစ်သည် အသေအချာနားထောင်နေရင်းက ဝင်ပြောလိုက်၏။

“မဒရပ်သင်္ဘောမှတ်တမ်း အန်တီ့ဆီမှာရှိသလား”

“ကျွန်မ ဘိုးအေကြီး ကပ္ပတိန်မန်ဒါက ဒီမှတ်တမ်းကိုယူလာခဲ့တာမှန်ပေမဲ့ကွယ်လွန်သူ
မဒရပ်သင်္ဘောကပ္ပတိန် လေးဟန့်ရဲ့ ဆန္ဒအရ

လီဗာပူးက သင်္ဘောကုမ္ပဏီကိုပြန်ပို့ခဲ့တယ်တဲ့”

ဒတ်ပစ်သည် အုတ်နံရံကြီးနှင့်ဆောင့်မိသလိုခံစားလိုက်ရ၏။ ကွင်းဆက်က ပြတ်ပြန်ပါပြီကော။

“သင်္ဘောကုမ္ပဏီကရော မဒရပ်သင်္ဘောကို ပြန်ရှာတာမျိုးမလုပ်ဖူးလား”

ခရစ်စတင်းခေါင်းခါ၏။

“ကပ္ပတိန်မန်ဒါ သင်္ဘောမှတ်တမ်းကိုမပို့ခင်ကတည်းက မဒရပ်ရဲ့မူလပိုင်ရှင်တွေက ကုမ္ပဏီကို
ရောင်းလိုက်ကြတယ်

လို့ဆိုတယ်။ပိုင်ရှင်သစ်တွေက သင်္ဘောနစ်စီးလွတ်ပြီး မဒရပ်ကိုရှာဖို့ကြိုးစားခဲ့တယ်ဆိုပေမဲ့
နောက်ထပ်ဘာသတင်း မှမကြားရတော့ဘူး”

“ဆိုတော့ ဇာတ်လမ်းကဆုံးပြီပေါ့” ဒတ်ပစ် စိတ်ညစ်စွာပြောလိုက်၏။

ခရစ်စတင်းက ပြုံးပြန်သည်။

“ကျွန်မ အဲသလိုမပြောခဲ့ဖူးပါဘူး”

ပစ်သည် အဖွားကြီးကိုလှမ်းကြည့်လိုက်ပြီး သူမမျက်ဝန်းထဲမှ တစုံတရာကို အဓိပ္ပါယ်ဖော်ဆောင်ရန် ကြိုးစားနေ၏။

"ကျွန်မဘွားအေကြီး ရှိဆန်နာက အရမ်းထက်မြက်တဲ့အမျိုးသမီးကြီးရှင့်။သူ့ယောက်ျားက မဒရပ်သဘော်္ာမှတ်တမ်း စာအုပ်ကို

အင်္ဂလန်မပို့ခင် စာအုပ်ကိုလက်ရေးကော်ပီကူးယူထားလိုက်တယ်လေ"

ခုတော့ ငပုပ်ဖမ်းထားသော လမင်းထွက်လာချေပြီ။ ဒတ်ပစ်အလွန် ဝမ်းသာသွား၏။

"ကျွန်တော်အဲဒီ ကော်ပီကိုဖတ်လို့ရမလား အန်တီ"

အဖွားကြီးက ရုတ်တရက်အဖြေပြန်မပေး။ သူမသည်ရှေးဟောင်းစာရေးစားပွဲကြီးတစ်ခုရှိရာသို့ လျှောက်သွားပြီးဝက်သစ်ချသားနံရံတွင်

ချိတ်ဆွဲထားသည့် ပန်းချီကားတစ်ချပ်ကို ငေးကြည့်နေ၏။ မုတ်ဆိတ်ဖါးဖါးနှင့် ခန့်ငြားသော လူတစ်ယောက်

ကုလားထိုင်ကြီးတစ်လုံးပေါ်တွင်ခြေချိတ်ထိုင်နေသည့်ပုံ။ သူ့နောက်တွင်မျက်ဝန်းညိုများပိုင်ရှင် သေးသေးသွယ်သွယ်အမျိုးသမီးတစ်ဦးက

မတ်တပ်ရပ်လျှက်။

"ဒါ ဘိုးအေကြီးဘရက်ဖို့နဲ့ ဘွားအေကြီးရှိဆန်နာရဲ့ ပုံတူပေါ့"
သူမသည်ပန်းချီကားကိုဆွေးဆွေးမြွေ့မြွေ့ကြည့်နေရာမှ

ပါးလ်မတ္တားဖက်သို့လှည့်ပြီး-

"ကဲ စိန့်ဂျူလီယန်ရေ၊ အချိန်ကျပြီရှင့်၊ မန်ဒါမိသားစုပိုင်သဘော်္ာမှတ်တမ်းအားလုံးကို ရှင်ပြောတဲ့ဈေးနဲ့ပဲယူလိုက်ပါတော့။

ဖတ်မိတဲ့လူတွေက ဒီသမိုင်းမှတ်တမ်းတွေဆီကနေ
အကျိုးတစုံတရာရမယ်ဆိုရင်ဒီအတိုင်းထားတာထက် ပိုကောင်းတယ်မဟုတ်လားရှင်"

ပါးလ်မတ္တားသည် ကုလားထိုင်ပေါ်မှ အားကစားသမားတစ်ဦးအလား သွက်လက်စွာခုန်ထလိုက်ပြီး ခရစ်စတင်းကို ပွေ့ဖက်လိုက်သည်။

"ကျေးဇူးအရမ်းတင်ပါတယ် ခရစ်စတင်း၊ နောင်လာနောက်သားတွေအတွက် ကျွန်တော်ဒီရတနာတွေကို အသေအ

ချာထိန်းသိမ်းပါ့မယ်လို့ ကတိပေးပါတယ်"

ခရစ်စတင်းသည် ဒတ်ပစ်ရှိရာသို့လျှောက်လာပြီး-

"ပြီးတော့ မစ္စတာပစ်ကိုလည်း လက်ဆောင်ပေးရဦးမယ်" မီးလင်းဖို့ပေါ်က ခေါင်းခွံနှစ်ခုကို စောင့်ငဲ့ကြည့်ရင်း-

"ကျွန်မမှာရှိတဲ့ သလင်းခေါင်းခွံကို ရှင်ယူလိုက်တော့။ ဒီခေါင်းခွံနှစ်ခုရဲ့ လျှို့ဝှက်ချက်ကို ရှင်ရှာတွေ့နိုင်မယ်လို့ ကျွန်မယုံကြည်တယ်။

နမြောသလိုဖြစ်မိပေမဲ့ ပိုကောင်းတဲ့နေရာမှာထိန်းသိမ်းထားတာက သူ့အတွက်ပိုအကျိုးရှိမှာ မဟုတ်လားရှင်။ ဒီခေါင်းခွံဟာ

လေမန်ဒါမိသားစုအတွက်တော့ ကောင်းကျိုးကိုသာ ဆောင်ကြဉ်းပေးခဲ့ပါတယ်"

ဝါရှင်တန်သို့အပြန်လမ်းတစ်လျှောက်လုံးပစ်သည်သားရေဖုံးစာအုပ်အကောင်းစားဖြင့်

ရှိဆန်နာမှတ်တမ်းတင်ခဲ့သောမဒရပ်သဘော်မှတ်တမ်းကို ကျားကုတ်ကျားခဲ ဖတ်လာခဲ့သည်။ ပိုတိုမက်မြစ်ကိုဖြတ်ကူးသော ဂျော့ချ်မေဆန် တံတား

ပေါ်အရောက် ပါးလ်မတ္တားက-

"ကောင်လေးဖတ်လုချည်လား၊ ဘာများစိတ်ဝင်စားစရာတွေ့နေလို့လဲ" ဟုမေးတော့သည်။ ပစ်က သူ့မျက်လုံးများကို စာအုပ်မှမခွာပဲ-

"တွေ့တယ်၊ တွေ့တာမှ အများကြီးပဲ၊ အခုကျွန်တော်တို့ မဒရပ်သဘော်ဟာသလင်းခေါင်းခွံနဲ့အခြား ရှေးဟောင်း ပစ္စည်းတွေကို

ဘယ်နေရာကတင်လာတာလဲဆိုတာနဲ့ အခြားအခြားသော စိတ်ဝင်စားဖွယ်ကိစ္စတွေကို သိရပြီပေါ့ဗျာ”

ဝါရှင်တန်အပြည်ပြည်ဆိုင်ရာလေဆိပ်အစွန်ရှိ ဒတ်ပစ်က အိမ်ဟုသမုတ်ထားသော
လေယာဉ်ဂိုဒေါင်ဟောင်း၏ ရှေ့တွင်ရိုးရှိုက်ကားကြီး

ရပ်လိုက်၏။ ၁၉၃၆ခုနှစ်ကတည်းက တည်ဆောက်ထားသော လေယာဉ်ဂိုဒေါင်သည်
စုတ်ပြတ်ညစ်ထေးလျှက်ရှိ၏။ နံရံများတွင်

ရေညှိအလိမ်းလိမ်းတက်လျှက်။

ကားရပ်လျှင်ရပ်ခြင်း လက်နက်အပြည့်အစုံတပ်ဆင်ထားသော
ယူနီဖောင်းဝတ်လူနှစ်ယောက်မိုးပေါ်က ကျလာသလို ဘွားကနဲပေါ်

လာ၏။ လက်ထဲတွင် အော်တိုမက်တစ်ရိုင်ဖယ်များကို အသင့် ပစ်ခတ်ရန် အနေအထားဖြင့်
ကိုင်ဆောင်ထားသောထိုလူနှစ်ဦးအနက်

ပထမတစ်ယောက်က မူးလ်ဟော်လန်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။ နောက်တစ်ယောက်က
ကားနောက်ခန်းတွင်းသို့ကြည့်ရင်း

“ခင်ဗျားတို့ထဲက တစ်ယောက်ယောက်က မစ္စတာဒတ်ပစ် ဖြစ်လိမ့်မယ်ထင်ပါတယ်”
ဟုမေးလိုက်သည်။

ဒတ်ပစ်က လက်မြှောက်ပြရင်း-

“ဒတ်ပစ်က ကျုပ်ပဲ” ဟုပြောလိုက်သောအခါ ထိုသူက ပစ်၏မျက်နှာကို စေ့စေ့ကြည့်၍

“အိုင်ဒီကဒ် ပြပါဆရာ” ဟုဆိုသည်။ တောင်းဆိုခြင်းမဟုတ်၊ မပြနိုင်လျှင်တကယ်ပစ်မည့် ပုံမျိုးဖြစ်၏။
ဒတ်ပစ်၏ အမျိုးသား

အဏ္ဏဝါဗေဒအေဂျင်စီဝန်ထမ်းကဒ်ကို အချိန်အတော်ကြာအောင်စစ်ဆေးပြီးသောအခါ
ထိုသူနှစ်ဦးသည်ဒတ်ပစ်အားပြုံးပြပြီး-

“အနောက်အယှက်ပေးမိတာ ခွင့်လွှတ်ပါဆရာ၊ ကျွန်တော်တို့မှာ ဆရာနဲ့ဆရာ့ပိုင်ဆိုင်မှုတွေကို
ကာကွယ်စောင့်

ရှောက်ရမယ်ဆိုတဲ့အထက်အမိန့်ရှိနေလို့ပါ” ဟုတောင်းပန်စကားဆို၏။

ပ၊ဝ၊က၊အ ခေါ်ပြည်ထောင်စုဝန်ထမ်းများ ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီဟူသော အလွန်လူသိနည်းပြီး

လျှို့ဝှက်သောအဖွဲ့အစည်းတစ်ခုရှိသည်ဟု ဒတ်ပစ်ကြားဖူး၏။ အသက်အန္တရာယ်ခြိမ်းခြောက်ခံရသော အစိုးရဝန်ထမ်း အဆင့်မြင့်အရာရှိကြီးများကို

ကာကွယ်စောင့်ရှောက်ရန်အတွက် အထူးတလည် လေ့ကျင့်ပေးထားသော အဖွဲ့ဟု ဆို၏။ ဒီငနဲတွေဟာ အဲဒီအဖွဲ့ကများလား။

"ကျွန်တော့်ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ခုလိုကာကွယ်ပေးတဲ့အတွက်ခင်ဗျားတို့ ပ၊ဝ၊က၊အ အဖွဲ့ကိုကျေးဇူးတင်ပါ တယ်ဗျာ"

ပစ်ရမ်းတုတ်လိုက်သည်။

"ဟုတ်ကဲ့ပါ။ ဒါနဲ့ ကျန်တဲ့နှစ်ယောက်ကရော"

"ကျွန်တော့်ရဲ့ မိတ်ဆွေကောင်းတွေပါ"

တစ်ယောက်က ဒတ်ပစ်ကို သေးငယ်သော ရီမုဒ်ကွန်ထရိုးလိုလို ပစ္စည်းလေးတစ်ခုလှမ်းပေးရင်း-

"ဒါလေးကို ဆရာအိမ်ထဲနေတဲ့အခါ ကိုယ်နဲ့မကွာဆောင်ထားပါ။အန္တရာယ်တစုံတရာကြုံတွေ့တာနဲ့ ခလုတ်နှိပ်လိုက်

ရင်ကျွန်တော်တို့စက္ကန့်နှစ်ဆယ်အတွင်း ရောက်လာပါမယ်"

မူးလ်ပေဟ်လန်က ကားနောက်ဖုံးထဲမှ ဒတ်ပစ်၏ပစ္စည်းများထုတ်ယူနေစဉ်ထိုလူနှစ်ဦးသည် မြေမျိုလိုက်ဘိသကဲ့သို့

လုစ်ကနဲပျောက်သွား၏။ ဒတ်ပစ်သည်တောကြည့်တောင်ကြည့် လျှောက်ကြည့်သေးသည်။ လေယာဉ်ပြေးလမ်းများသာရှိသောကြောင့်

ဘယ်နေရာမှာမှ ပုန်းကွယ်လို့မရ။ အလာတုန်းကမိုးပေါ်မှကျလာသလို ဘွားကနဲပေါ်လာပြီး အပြန်မှာတော့ မြေမျိုသွားသလို

သုတ်ကနဲပျောက်သွားသူများ။ ပစ်ပုခုန်းတွန့်လိုက်မိသည်။ ထိုလူနှစ်ယောက်က သူတို့နာမည်ကိုမပြောသလို ပစ်ကလည်း

နားလည်မှုရှိစွာမမေးခဲ့ပါ။

"မင်းတို့ အသုံးလုံး ဌာနချုပ်မှာ မဟူရာသလင်းအရိုးခေါင်းခွံ နှစ်ခုကိုဝင်ပေးခဲ့မယ်" ပါးလ်မတ္တားက ဒတ်ပစ်ကို ပြော လိုက်သည်။

ပစ်က ခေါင်းညိတ်ရင်းမူးလ်ပော်လန်၏ ပုခုံးကိုလက်ဖြင့်ကိုင်၍-

"ဒီပစ္စည်းတွေကို သေသေချာချာ ဂရုတစိုက်ကိုင်ပါနော်၊ ခြောက်ထပ်မှာသိပ္ပံဓါတ်ခွဲခန်းရှိတယ်။ တာဝန်ခံက ဟယ်ရီ

မက်သရူးတဲ့။သူ့လက်ထဲရောက်အောင်ပေးပေးပါ"

မူးလ်ပော်လန်က ပြုံးသည်ဆိုရုံမျှ နှုတ်ခမ်းတွန့်ပြီး-

"ကောင်းပါပြီ၊ လွတ်မကျအောင် ဂရုစိုက်ပါ့မယ်" ဟု အာမဘာန္တေခံလိုက်လေ၏။

ဒတ်ပစ်သည် ကားနောက်ခန်းတွင် ဂျယ်လီပူတင်းကြီးသဖွယ် ပုံ့ပုံ့အိုင့်အိုင့်ကြီးထိုင်နေသော ပါးလ်မတ္တားကိုလက်ပြ နှုတ်ဆက်ရင်း-

"ကျေးဇူးတင်ပါတယ် စိန့်ဂျူလီယန်" ဟုလှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

ပါးလ်မတ္တားက ပါးစုန့်ကြီးများဖောင်းနေအောင် ဒတ်ပစ်ကို ပြုံးပြလိုက်သည်။

"ကိစ္စမရှိပါဘူး ငါ့သားရာ။ ညစာကောင်းကောင်းကျွေးမယ်ဆိုရင်သာ အကြောင်းကြားဖို့မမေ့နဲ့ကွ"

လေဆိပ်လုံခြုံရေးဂိတ်သို့ ဦးတည်၍ ရိုးရွိုက်စ်ကားကြီးတရွေ့ရွေ့မောင်းထွက်သွားပုံကို ဒတ်ပစ်သည် မျက်စိတဆုံး

လိုက်ကြည့်နေမိသည်။ဘာပဲဖြစ်ဖြစ်ခုတော့ အိမ်ရောက်ပြီ။ ဒတ်ပစ်၏ မျက်လုံးများက အဝင်တံခါးပေါက်အပေါ်တွင် တပ်ဆင်ထားသော

အလွန်သေးငယ်သည့်လုံခြုံရေးကင်မရာလေးကိုမြင်ဖြစ်အောင်မြင်၏။ မြေကြီးလက်ခတ်မလွဲ ပ၊ဝ၊က၊ အ မှ ငနဲတွေ၏ လက်ချက်ပင်။

ရီမုဒ်ကွန်ထရိုး မှလုံခြုံရေးအချက်ပေးစနစ်ကိုပိတ်လိုက်ပြီး အဝင်တံခါးကိုဖွင့်လိုက်၏။ တံခါးမှာ ဒုတိယကမ္ဘာစစ်ပြီး

ကတည်းကပိတ်ထားသကဲ့သို့ ကျပ်၍နေ၏။ ဖွင့်ရခက်ဘိခြင်း။ တံခါးပွင့်သွားတော့ အိတ်ကြီးလွယ်ပြီးမှောင်မဲနေသော အတွင်းဖက်သို့

ဒတ်ပစ်ဝင်သွား၏။ တံခါးကိုပြန်ပိတ်လိုက်ပြီး မီးခလုတ်ကိုဖွင့်လိုက်သည်။ တစ်ခန်းလုံးဖွေးကနဲလင်း သွားသည်။ အလွန်ကျယ်ပြန့်သော

ဂိုဒေါင်အတွင်းပိုင်းတွင်ရှေးခေတ် ဂန္ထဝင်မြောက် ရောင်စုံ မော်တော် ကားအစီးငါးဆယ်ရှေ့နောက်အစီအရီတန်းစီရပ်တန့်ထား၏။ ရှားပါး၍

အလွန်စျေးကြီးသောဤကားများကို ပစ်ကိုယ်တိုင်တစ်စီးချင်း မရမက ကျားကုတ်ကျားခဲ ရှာဖွေစုဆောင်းထားခြင်းဖြစ်၏။ အခြားတစ်ဖက်တွင်တော့

ဒုတိယကမ္ဘာစစ်သုံး ဂျာမာန်ဂျက်တိုက်လေယာဉ်တစ်စီး၊ ၁၉၃၀ခုနှစ်ထုတ် အင်ဂျင်သုံးလုံးတပ် ဖော့ဒ် လေယာဉ်တစ်စီး ရပ်ထား၏။

အခြားသောတိုလီမိုလီ ရှေးဟောင်းပစ္စည်းများလည်း သူ့နေရာနှင့်သူ ရှိနေကြရာရှေးဟောင်းပစ္စည်းပြတိုက်ကြီးတစ်ခု အသွင်ဆောင်လျက်ရှိသည်။

ဤကားဒတ်ပစ်နှစ်သက်မြတ်နိုးလှသော သူ့အိမ်တည်း။

ပစ္စည်းအားလုံး နေသားတကျရှိနေသည်ကို ကျေနပ်နှစ်သက်စွာကြည့်ရင်းကြောင်လိမ်သံလှေကားမှတဆင့် အပေါ် ထပ်ရှိသူ့

အိပ်ခန်းသို့တက်လာခဲ့သည်။အပေါ်ထပ်သည် အဏ္ဏဝါပြတိုက်သဖွယ် သင်္ဘောပုံစံများ၊ ရေငုပ်ဝတ်စုံများထားရှိသည့်အခန်းတစ်ခန်း၊

စာကြည့်ခန်းတစ်ခန်း၊ အိပ်ခန်းတစ်ခန်း၊မီးဖိုခန်းတစ်ခန်း နှင့်မြိုင်မြိုင်ဆိုင်ဆိုင် ထည်ထည်ဝါဝါ ရှိလှသည်။

ဒတ်ပစ်သည် ပင်ပန်းနွမ်းနယ်နေသော်လည်း ခရီးဆောင်အိတ်ကိုဖွင့်၍အဝတ်ဟောင်းများကို ထုတ်ပြီးအဝတ်လျှော် စက်ဖြင့်

လျှော်ဖွတ်၏။ ပြီးတော့ရေချိုးခန်းထဲဝင်ပြီး တမေ့တမောရေစိမ်ချိုးနေ၏။ ရေချိုးကန်အတွင်းဇိမ်ခံနေစဉ် အခန်းတံခါးမှ အချက်ပေးခေါင်းလောင်းသံ

ထွက်လာ၏။ ဘယ်ကလာသည့် ဧည့်သည်လဲ။ လောလောဆယ်တော့ ဘယ်ဧည့်သည်နှင့်မှ မတွေ့ချင်။

စာကြည့်ခန်းအတွင်းရှိ အခန်းလုံခြုံရေး တီဗွီ မော်နီတာစကရင်ပေါ်မှာတော့ဂိုဒေါင်အခန်းတံခါးရှေ့မှာ ရပ်နေသော အသုံးလုံးအဖွဲ့၏

ဒုတိယညွှန်ကြားရေးမှူးရူဒီဂန်း၏ မျက်နှာကြီးကိုထင်ထင်ရှားရှားတွေ့ရသည်။ ရီမုဒ်ကွန်ထရိုးမှခလုတ်တစ်ခုကိုနှိပ်၍ တံခါးဖွင့်ပေးလိုက်သည်။

"တက်လာခဲ့ ရူဒီ၊ ကျွန်တော်အပေါ်ထပ်မှာ"

ပိန်ပိန်သေးသေး၊ ဆံပင်ကျဲကျဲ၊ မျက်မှန်ထူထူ၊ နာခေါင်းရှည်ကြီးနှင့်ရူဒီဂန်းသည် သံလှေကားအတိုင်းတက်လာနေ၏။

ရေကြောင်းတက္ကသိုလ်တွင်ပထမစွဲခဲ့ပြီး အလွန်ထက်မြက်သတ္တိကောင်းသည့် ဗိုလ်မှူးအဆင့်တိုက်ရေယာဉ်မှူးတစ်ဦးအဖြစ်

ရေတပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့သူဟု သူ့ဥပဓိရုပ်အရမည်သူမျှ ယုံနိုင်မည်မဟုတ်သော်လည်းရူဒီဂန်းသည် အမှန်တကယ်ထူးချွန်

ထက်မြက်သူတစ်ဦးဖြစ်၏။

"ဟော့ကောင် ပစ်၊ မင်းဘာတွေလုပ်ထားတာလဲ။ ရိုင်ဖယ်ကိုယ်စီနဲ့ အကောင်နှစ်ကောင် ငါ့ကိုရစ်နေတာမပြီးတော့ဘူး"

"အဲဒါ ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာရဲ့ အကြံဗျ၊ ကျုပ်ရဲ့ သက်တော်စောင့်တွေလေ"

"အေးပါ ငါသိပါတယ်။ ဒီကောင်တွေ ဖျတ်ကနဲ ပေါ်လာပြီး ဖျတ်ကနဲ ပျောက်သွားတာကို အံ့သြလွန်းလို့ပါ"

"ဟုတ်တယ်ဗျ၊ သူတို့သိပ်တော်ကြတယ်"

ရူဒီဂန်းက ဆိုဖာကုလားထိုင်တစ်လုံးပေါ်ထိုင်ချလိုက်သည်။

"မင်းတယ်လူရိုက်ဒ်မှာ ဖြစ်ခဲ့တဲ့အကြောင်းတွေ ငါကြားပြီးပြီ။ ငါ့ကောင်ကြီး အသက်ကိုပဓါနမထားပဲ စွန့်စားခဲ့တာပဲ ကွ"

ဒတ်ပစ်က ဂန်းအတွက် ရေခဲသေတ္တာထဲမှလှက်ရည်အေးတစ်ဘူးယူပေးလိုက်သည်။ဂန်းဆိုသည့်လူက တစ်ခါတစ်ရံ မလှဲသာ မရှောင်

သာ ဘီယာတစ်ခွက်နှစ်ခွက်မော့သည်မှလွဲ၍ အယ်လ်ကိုဟောကို ဝေရာမဏိသူဖြစ်၏။ သူနှင့်တော့ ကွာပဲ့။

"စတုတ္ထနိုင်ငံတော်ဆိုတဲ့ လူပြက်အုပ်စုကတော့ ကျွန်တော့်ကို တွေ့ရာသင်္ချိုင်းမါးမဆိုင်းပဲ ဂန်းရေ"

ဂန်းက လှက်ရည်ဘူးကို တစ်ဝက်ခန့်ကျိုက်ချလိုက်ပြီး-

"အဲဒီကိစ္စကြောင့် ငါ စီအိုင်အေက မိတ်ဆွေအချို့နဲ့တွေ့ခဲ့ရတယ်"

"နေစမ်းပါဦး၊ ဒါက ပြည်တွင်းမှာဖြစ်တဲ့ရာဇဝတ်မှုပဲ၊ စီအိုင်အေနဲ့ ဘာဆိုင်လို့လဲ"

"မင်းတို့ကို နိဗ္ဗာန်ဘုံမိုင်းတွင်းမှာအသေဆော်တဲ့ အုပ်စုကအပြည်ပြည်ဆိုင်ရာ ရာဇဝတ်ကောင်များဖြစ်မယ်လို့ စီအိုင်အေဆရာတွေက

သံသယဝင်နေကြတယ်"

"အကြမ်းဖက်သမားတွေလား"

ဂန်းက ခေါင်းခါလိုက်သည်။

"ဘာသာရေးအစွန်းရောက် အုပ်စုမဟုတ်ဘူး၊ လူမျိုးရေးမုန်းတီးသူများလည်းမဟုတ်ဘူး။ ဒါပေမဲ့ သူတို့ရည်ရွယ်ချက်ကို ခုထိ

ဘယ်သူမှမသိသေးဘူး။ စီအိုင်အေရော၊ အင်တာပိုလ်ရော ဒီအဖွဲ့အစည်းရှိနေမှန်းသာသိတာ ဘယ်သူမှမည်မည်ရရ မထိုးဖောက်နိုင်သေးဘူး

ဖြစ်နေတယ်။ အရမ်းလျှို့ဝှက်တဲ့အဖွဲ့ပေါ့။ ခုတယ်လူရိုဒ်မှာလုပ်ခဲ့သလိုပဲ သူတို့သားကောင်ကို အစဖျောက်လုပ်ကြံပြီး အငွေ့ပျံသလို

ပျောက်သွားတာပဲ။ ဘာခြေရာ လက်ရာမှမကျန်ခဲ့ဘူး"

"လူသတ်တာအပြင် သူတို့ ဘာတွေလုပ်သေးလဲ"

"အေးကွ- အဲဒါလည်းသေချာမသိကြဘူး ဖြစ်နေတယ်။ ဘာဆိုဘာမှ မသိသလောက်ပါပဲကွာ"

ပစ်မျက်လုံးများကျဉ်းမြောင်းသွားသည်။

"ဘာရည်ရွယ်ချက်မှ မရှိပဲ အပျင်းပြေ အားအားယားယား လူလျှောက်သတ်နေတဲ့ ဒုစရိုက်ဂိုဏ်းရယ်လို့ ရှိမလားဗျ"

ဂန်းက တဟက်ဟက်ရယ်ရင်း-

"ပြောလည်းခံရမှာပဲကွ၊ ခုဟာက သဲလွန်စဆိုလို့ ဖိနပ်ရာတစ်ခုတောင် မကျန်ခဲ့တာခက်တယ်"

"သူတို့ လူနှစ်ယောက်ကို တယ်လူရိုက်ဒ် ရဲဌာနမှာ ကျွန်တော်ဖမ်းပေးခဲ့တယ်လေ"

ဂန်းမျက်ခုံးများပင့်တက်သွားသည်။ ပစ်ကို မော့ကြည့်ရင်း-

"မင်းမကြားသေးဘူးထင်တယ်။ လွန်ခဲ့တဲ့ တစ်နာရီလောက်က တယ်လူရိုက်ဒ်ကရဲမှူး အီဂန် ဗိုလ်ချုပ်ကြီး ဆန်ဒက်

ကာဆီဖုန်းဆက်ပြောတယ်။အဲဒီလူနှစ်ယောက် သေပြီတဲ့"

ပစ်သည် အိပ်ယာမဝင်ခင် လုံခြုံရေးကင်မရာကတဆင့် သူ၏သက်တော်စောင့်များအပြင်မှာ အလုပ်ရှုပ်နေပုံကို ကြည့် နေမိသည်။

သူတို့သည်လေဆိပ် မြေအောက် ရေဆိုးမြောင်းစနစ်၏ မြေပုံကြီးကို ရှေ့ချ၍ တစုံတခုကိုရွေးနေ၏။ မကြာမီမှာပင် ပစ်၏ ဂိုဒေါင်နှင့်

ပေကိုးဆယ်အကွာမှ ဖြတ်သွားသောအချင်း ရှစ်ပေရှိသည့် ရေဆိုးပိုက်ကြီးကို သူတို့ကင်းစခန်းအဖြစ်ရွေးချယ်လိုက်ကြသည်ကို တွေ့ရသည်။

အိပ်မပျော်ခင် သူတို့ကိုကော်ဖီနှင့် ဆန်းဒဝစ်ချ် သွားပေးရ ရင်ကောင်းမလားဟု စဉ်းစားမိသေးသည်။ သို့သော် ထိုစိတ်ကူးကို

ချက်ချင်းမေ့ပစ်လိုက်ပြီး အိပ်ပျော်အောင်အိပ်လိုက် တော့သည်။ မကြာမီ သူအိပ်ပျော်သွား၏။

အပျက်အစီးများ ပြုပြင်မည့် ထရပ်ကားကြီးတစ်စီး သူ့ဂိုဒေါင်ရှေ့သို့ထိုးဆိုက်လိုက်သောအခါ ဒတ်ပစ်သည် အဝတ် အစားလဲလှယ်ပြီး၍

မနက်စာစားပြီးကာစသာရှိသေးသည်။ သူ့ သက်တော်စောင့် နှစ်ဦးသည် လူလုံးထွက်မပြ သော် လည်းထရပ်ကားထဲမှ လူများကို စေ့စေ့စပ်စပ်

လေ့လာအကဲခတ်နေကြမှာ သေချာလှသည်။အလုပ်သမားဝတ်စုံ နှင့် လူတစ်ဦးက သူ့ထံလျှောက်လှမ်းလာရင်း-

"မစ္စတာ ပစ်လားခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ လုပ်စရာရှိတာလုပ်ဖို့ အထဲဝင်တော့မယ်။ တတ်နိုင်သမျှ အမြန်ဆုံးလုပ်သွားမှာပါ"

ဒတ်ပစ်သည် သူ့ဂိုဒေါင်နံရံ သံပြားများနှင့် တသဝေမတိမ်းတူညီသောသံချေးတက်နေသည့်သံပြားဟောင်းများကို ကားထဲမှ

အလုပ်သမားများ-မ-ယူနေသည်ကိုအံ့အားသင့်စွာကြည့်နေမိသည်။

"ခင်ဗျားတို့ ဒီပစ္စည်းဟောင်းတွေ ဘယ်က ရာလာကြလဲ"

"အစိုးရ ရဲ့ အဆောက်အဦးဟောင်းတွေ ထိန်းသိမ်းတဲ့စနစ်ကို ခင်ဗျားသေချာသိရင်အံ့သြမှာသေချာတယ်။ အစိုးရ ဂိုဒေါင်တစ်ခုက

သံပြားဟောင်းတွေလေ"

"ကောင်းပ့ါ၊ ကောင်းပ့ါ"

ပစ်သည် အလုပ်သမားများကို စိတ်ချလက်ချ ထားခဲ့ပြီးအပြင်သို့လမ်းလျှောက်လာခဲ့၏။ မုန်ပြုတင်းပေါက် အမည်းများ

တပ်ဆင်ထားသောစတင်းရေး ကော့ဗက်ကားလေးတစ်စီးသူ့နားမှာ ညင်သာစွာလာရပ်သည်။ မှန်ပြုတင်းပေါက်ပွင့် သွားပြီးအထဲမှ

အယ်လ်ဂျီယိုဒီနီ၏မျက်နှာကြီးပေါ်လာသည်။

"ကားကြုံလိုက်မလား သူငယ်ချင်း"

ပစ်က ကားပေါ်အမြန်တက်လိုက်ပြီး-

"မင်းငါ့ကို လာခေါ်မယ်ဆိုတာလည်း ငါမသိရပါလားကွ၊ ဘာမှလည်းကြိုမပြောဘူး"

"ငါလည်း ဒီမနက် ရှစ်နာရီမှသိတာကွ၊ မင်းနဲ့ တူတူသွားရင်ကောင်းမလားလို့"

"အကောင်းဆုံးပေ့ါ ငါ့ကောင်ကြီးရာ"

ဂျီယိုဒီနီ သည် သူ့ကော့ဗက်ကားကို ဝင်ကွန်ဆင်ရိပ်သာလမ်းသို့ဦးတည်မောင်းနှင်လိုက်သည်။ ထိုနေရာမှတဆင့်

ဂလိုဗာပန်းခြံလမ်းနားမှလမ်းသွယ်လေးထဲသို့ မောင်းဝင်လိုက်သည်။ ရာစုနှစ်နှင့်ချီ၍သက်တမ်းရှည်ကြာနေပြီဖြစ် သော

သစ်ပင်ကြီးများအုပ်ဆိုင်းနေသည့်တစ်ဖက်ပိတ်လမ်းတိုကလေး။ အိမ်ကလေးတစ်လုံးမှလွဲ၍ တစ်လမ်းလုံး ရှင်းလျှက်။ကားများလူများ။ ဘာဆို

ဘာမှမရှိ။

"ဟေ့ကောင် ပစ်၊ ဒီနေရာ ဟုတ်လို့လား။ ငါတို့လမ်းများမှားလာသလား" ဂျီယိုဒီနီ က ပစ်အားမေးလိုက်သည်။

ပစ်က ကျီးကန်းတောင်းမှောက်ကြည့်ရင်း-

"မမှားဖူးကွ။ အိမ်က တစ်လုံးတည်းရှိတာ။ ဒီနေရာပဲ"

ဂျီယိုဒီနီသည် အိမ်အနောက်ဖက်သို့ ကားကို ကွေ့၍မောင်းဝင်လိုက်သည်။အိမ်နောက်ဖက်ရှိ ဂိုဒေါင်ထဲသို့ ကားကို မောင်းသွင်းနေစဉ်

ဒတ်ပစ်ကအထပ်သုံးထပ်ရှိသော အိမ်ကို ကားပေါ်မှ မျက်တောင်မခတ်တမ်း ကြည့်နေခဲ့၏။ အိမ်ကအမေရိကန် ပြည်တွင်းစစ်အပြီး

ရုတ်တရက်ချမ်းသာလာသော ကောဖောအိတ်သမားများဆောက်ခဲ့သည့် ဒီဇိုင်းမျိုး။ ဂျီယိုဒီနီ၏ ကော့ဗက်ကားသည်ဂိုဒေါင်အတွင်းသို့ ဘီးလိမ့်၍

ဝင်သွား၏။ ဂိုဒေါင်ထဲ၌ ဥယျာဉ်သုံး ကိရိယာအချို့မှလွဲ၍ ဘာမှမရှိ။ ဂျီယိုဒီနီက ကားစက်သတ်လိုက်ပြီးပစ်ဖက်သို့လှည့်၍-

"ကဲ၊ အခု ဘာဆက်လုပ်မလဲ" ဟုမေးလိုက်သည်။

ပစ်အဖြေ မပေးရသေးမီ ဂိုဒေါင်တံခါးသည် သူ့အလိုအလျှောက်ပိတ်သွား၏။စက္ကန့်ပိုင်းမျှ အကြာတွင် ကားရပ်ထား သော

ဂိုဒေါက်ကြမ်းပြင်သည်သိသိသာသာနိမ့်ဆင်းသွား၏။ ပစ်သည် နိမ့်ဆင်းသွားသော အရှိန်ကိုမှန်းဆရန်ကြိုးစား သော်လည်းမအောင်မြင်။

ဘေးပါတ်ဝန်းကျင်သည် မဲမှောင်လျှက်။

ပေတစ်ရာခန့် နိမ့်ဆင်းသွားပြီးနောက် ရပ်တန့်သွား၏။အလင်းရောင်များပြန်လည် လင်းလက်လာပြီးနောက် ပစ်နှင့်

ဂျီယိုဒီနီတို့သည်ကားများပြည့်နှက်လျှက်ရှိသော ကွန်ကရစ် ကားပါကင် တစ်ခုအတွင်းသို့ရောက်ရှိနေသည်ကို တွေ့လိုက်ကြရသည်။ ဂျီယိုဒီနီသည်

သူ့ကော့ဗက်ကားကိုအသုံးလုံးတံဆိပ်ရိုက်ထားသော ချာရိုကီး ဂျစ်ကားနှင့် ခရိုင် စလာဇိမ်ခံဆလွန်းကားကြားသို့ မောင်းဝင်ရပ်တန့်လိုက်သည်။

ချာရိုကီဂျစ်ကားမှာဗိုလ်ချုပ်ကြီးဆန်ဒက်ကာ၏ လက်စွဲတော်ကားမှန်းသူတို့ နှစ်ဦးလုံးသိကြသည်။ ဆန်ဒက်ကာသည် အသုံးလုံးအဖွဲ့၏

အကြီးအကဲအဖြစ် တာဝန်ယူ ကတည်းကအသုံးလုံးအဖွဲ့၏ စီးတော်ကားမှန်သမျှကို ပုံမလာသော အကြမ်းပတမ်းခံသည့်လေးဘီးယက်ကားများ

ကိုသာသုံးစွဲစေခဲ့သည်။

သတ္တုတံခါးတစ်ခု၏ အရှေ့မှာ မရင်းတပ်သားတစ်ဦးလက်နက်အပြည့်အစုံဖြင့်စောင့်နေ၏။ ဒတ်ပစ်တို့ နှစ်ယောက်

ကားပေါ်မှဆင်းပြီးထိုတံခါးသို့ဦးတည်လျှောက်လာကြသည်။ အနီးသို့ရောက်တော့ ထိုအစောင့်မှာ တပ်သားမဟုတ်ပဲ အရစ်သုံးရစ်နှင့်

တပ်ကြပ်ကြီးတစ်ဦးဖြစ်ကြောင်းတွေ့ရှိကြရသည်။ ထိုတပ်ကြပ်ကြီးက-

"ခင်ဗျားတို့ နှစ်ယောက်က ဒတ်ပစ် နဲ့ အဲလ်ဗတ် ဂျီယိုဒီနို ထင်တယ်။ ခင်ဗျားတို့ နောက်ကျနေပြီ။ မြန်မြန်သွားကြ" ဟု

နှုတ်ခွန်းဆက်၏။

"ကျုပ်တို့ရဲ့ သက်သေခံကပ်ဒ်လေးဘာလေး မစစ်တော့ဘူးလား" အယ်လ်၏ အမေးကို တပ်ကြပ်ကြီးက ခပ်ပြုံးပြုံးဖြင့်-

"ကျုပ်ခင်ဗျားတို့ ဓါတ်ပုံတွေကို အကြိမ်ကြိမ်အခါခါလေ့လာပြီးပြီ။ခင်ဗျားတို့က သိသာပါတယ်။ အယ်လ်ပါစီနိုနဲ့ ကလင့်စ် အိစ်ဝုဒ်

ကျနေတာပဲ"ပြောပြောဆိုဆို တံခါးမှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ လျှောကနဲတံခါးပွင့်သွား၏။ သတ္တုစကြံန်လမ်းအတိုကလေး၏

ဟိုဖက်မှာနောက်ထပ်သတ္တုတံခါးတစ်ခုကိုတွေ့ကြရပြန်၏။

"အတွင်းတံခါး ရှေ့မှာ ခဏရပ်နေကြနော်။ အထဲက လုံခြုံရေးကင်မရာနဲ့ စစ်ဆေးပြီးရင် တံခါးဖွင့်ပေးလိမ့်မယ်"

"ခင်ဗျားစစ်ပြီး ပြီပဲ။ တစ်ခါတည်း ဖွင့်ပေးလိုက်လို့မရဘူးလား"

တပ်ကြပ်ကြီးက ရယ်ပြန်သည်။

"အာမခံအနေနဲ့ လုပ်ရတာပေါ့ဗျာ" ဟုပြန်ပြော၏။

အတွင်းခန်းတံခါးပွင့်သွားသော် မွေးပွကော်ဇောအပြည့်ခင်းထားသော အသံလုံခန်းတစ်ခုထဲသို့ ရောက်သွားကြသည်။ပေနှစ်ဆယ်မျှ

ရှည်သောကျောက်ကပ်ပုံစားပွဲကြီးက တစ်ခန်းလုံးပြည့်လုနီးပါးနေရာယူထား၏။ နံရံတွင် ပရိုဂျက်တာထိုးရန် စကရင်အကြီးစားကြီးတစ်ခု

ဆင်ထား၏။ စားပွဲပါတ်လည်တွင် ထိုင်နေကြသောယောက်ျားများနှင့် မိန်းမတစ်ယောက်တို့က အခန်းထဲဝင်လာသော ပစ်နှင့်အယ်လ်ကို

ဝိုင်းကြည့်နေကြသည်။

"မင်းတို့ နှစ်ယောက်နောက်ကျတယ်"

ထိုအသံက သူတို့ဌာနအကြီးအကဲ ဗိုလ်ချုပ်ကြီးဂျိမ်းစ်ဆန်ဒက်ကာ၏ အသံမှန်းပစ်ရောအယ်လ်ပါ နှစ်ယောက်လုံးသိကြသည်။

လူကသေးသေးသွယ်သွယ်၊ ဆံပင်များကနီနီရဲရဲ၊ တမင်မွေးထားသောမုတ်ဆိတ်နှင့် မိုးပြာရောင်မျက်လုံးများပိုင်ရှင် ဆန်ဒက်ကာသည်

သစ်ပင်ပေါ်တွင်အိပ်ချင်ယောင်ဆောင်ပြီး မျက်လုံးတစ်ဖက်ဖွင့်ကာ အမဲချောင်းနေသည့် ကျားသစ်နှင့်တူလှသည်။

ဆန်ဒက်ကာကသူ့ဘယ်ဖက်တွင် ထိုင်နေသောသူကို လက်ညှိုးညွှန်၍-

"ဒီပုဂ္ဂိုလ်က အက်ဖ်ဘီအိုင်က စပါယ်ရှယ်အေးဂျင့် ကန်ဟိန်းပါ" ဟု သူတို့နှစ်ယောက်နှင့် စတင်မိတ်ဆက်ပေးသည်။ ဆံပင်ဖြူဖြူ

သားနားသောဝတ်စုံပြည့်နှင့် လူက စာကြည့်မျက်မှန်သေးသေးလေးပေါ်မှ ကျော်ကြည့်ရင်းပစ်နှင့် အယ်လ်ကို လက်ဆွဲနှုတ်ဆက်၏။

"မစ္စတာပစ်၊ မစ္စတာ ဂျီယိုဒီနီ၊ ကျွန်တော်ခင်ဗျားတို့ နှစ်ယောက်အကြောင်းအများကြီး ကြားဖူးပြီးသားပါ"

ကြားဖူးမှာပေါ့။ ခင်ဗျား ကျုပ်တို့ရဲ့ လျှို့ဝှက် ကိုယ်ရေးမှတ်တမ်းဖိုင်တွေကို ခိုးဖတ်ထားတာကိုး။ ဒတ်ပစ် စိတ်ထဲက ရေရွတ်လိုက်သည်။

ဆန်ဒက်ကာ ကသူ့ညာဖက်မှ လူနှင့်မိတ်ဆက်ပေးပြန်သည်။

"သူက ရွှန်လစ်တဲ၊ စီအိုင်အေက ဒုတိယ ညွှန်ကြားရေးမှူး"

ရွှန်လစ်တဲက အရေးအကြောင်းများထင်နေသော မျက်နှာနှင့်၊ အညိုရောင်မျက်ဝန်းများပိုင်ရှင်။ သူက ခေါင်းညိတ်၍ နှုတ်ဆက်သည်။

"ကျန်တဲ့လူတွေကတော့ မင်းတို့သိပြီးသားတွေပါ" ဆန်ဒက်ကာက ကျန်သူများကို မေးငေါ့ပြရင်းပြောလိုက်သည်။

ရူဒီဂန်းသည် စားပွဲတွင်ထိုင်လျှက် မှတ်စုများကို သဲကြီးမည်းကြီးရေးနေ၏။ သူတို့နှစ်ယောက်ကို မော့မကြည့်၊ ကြည့်စ ရာလည်းမလို။

ပစ်က ဤအခန်းထဲရှိ တစ်ဦးတည်းသောမိန်းမဖြစ်သည့် ပက်ထရစ်ရှာအိုကွန်းနယ်လ် ရှိရာသို့လျှောက်သွားပြီး သူမ ပုခုံးပေါ်လက်တင်၍

တိုးတိုးလေးပြောလိုက်သည်။

"ကိုယ်တို့ နှစ်ယောက်စောစောပြန်တွေ့ကြမှာပါ လို့ပြောခဲ့တယ်မဟုတ်လား"

ပက်က သူတို့ကို ဝိုင်းကြည့်နေသူများကို နည်းနည်းမှ ဂရုမစိုက်ပဲ ပစ်၏လက်ကို အသာအယာကိုင်လိုက်ပြီး-

"ကတိတည်တဲ့ ယောက်ျားတွေဆို ကျွန်မ သိပ်ချစ်တာပဲ" ဟုညူလိုက်သည်။ ပြီးမှ အသံတိုးတိုးဖြင့်-

"ကျွန်မ ဘေးမှာထိုင်၊ ဒီလူကြီးတွေနဲ့ ထိုင်ရတာ တမျိုးကြီးပဲ" ဟု ဒတ်ပစ်ကို လှမ်းပြောသည်။

ပစ်က ပက်ထရစ်ရှာနား၊ အယ်လ်က ရူဒီဂန်းနားတွင် အသီးသီးထိုင်လိုက်ကြပြီးနောက်-

"ကျွန်တော်တို့ မသိလိုက်တာ ဘာတွေ ရှိသေးလဲ" ဟု ဒတ်ပစ်ကမေးလိုက်သည်။

"ဒေါက်တာအိုကွန်းနယ်လ်က မဟူရာသလင်းခေါင်းခွံနဲ့ မြေအောက်ခန်းအကြောင်းပြောပြီးပြီ။
ကန်ဟိန်းက တယ်လူရိုက်

အချုပ်ခန်းမှာပုံးခွဲခံရတဲ့ လူသတ်သမားတွေရဲ့
အလောင်းစစ်ဆေးတွေ့ရှိမှုအခြေအနေအကြောင်းပြောနေတယ်"

ကန်ဟိန်းက လည်ချောင်းရှင်းလိုက်သည်။

"ပုံးခွဲခံရလို့ ကျန်တဲ့အစအနလေးတွေကို စစ်ရတာဆိုတော့သိပ်တော့လည်းပြောစရာမရှိပါဘူး။
တစ်ခုပဲရှိတယ်။ အဲဒါ ကတော့သွားပဲ။

သူတို့နှစ်ယောက်လုံးရဲ့ သွားတွေမှာ တောင်အမေရိက သွားဆရာဝန်တွေရဲ့လက်ရာကိုတွေ့ရတယ်"

ပစ် အနည်းငယ်တွန့်သွား၏။ လွန်လွန်လွန်းအားကြီးလှပါလား။

"ခင်ဗျားတို့လူတွေက ဘယ်တိုင်းပြည်မှာ ဘယ်လိုသွားမျိုးစိုက်တယ်ဆိုတာ ခွဲခြားနိုင်လို့လား"

ပစ်ကို ကန်ဟိန်းကစိုက်ကြည့်လိုက်ပြီး-

"သွားကို အထူးပြုလေ့လာတဲ့ ဥပဒေရေးရာ
မှုခင်းဆေးပညာရှင်တစ်ယောက်ဟာစိုက်ထားတဲ့သွားကိုကြည့်ပြီး ဘယ်နိုင်ငံ၊ ဘယ်မြို့က

ဘယ်သွားဆရာဝန်ရဲ့လက်ရာလဲဆိုတာပြောနိုင်ရုံတင်မက ဘယ်နှစ်ခါချိန်းပြီး ပိုက်ဆံ
ဘယ်လောက်တောင်းတယ်ဆိုတာတောင် ပြောနိုင်တယ်"

ပစ် ပါးစပ်ပိတ်သွားသည်။

"ဆိုတော့ ဒီလူတွေဟာ နိုင်ငံခြားသားတွေလို့ ဆိုလိုတာလား" ဂျီယိုဒီနိုက သူ့အမြင်ကို
မေးလိုက်သည်။

"သူတို့ ပြောတဲ့ အင်္ဂလိပ်စကားက အရမ်းအောက်တယ်" ပစ်က ပြောလိုက်၏။

ကန်ဟိန်းက ပစ်အား စာကြည့်မျက်မှန်ပေါ်မှ ကျော်ကြည့်ရင်း-

"ဒီလူတွေနဲ့ ခင်ဗျားအနီးကပ်တွေ့ဖူးတာပဲ။ ခင်ဗျားသတိထားမိတာလေးတွေ ပြောပြပါ"

"သူတို့ကိုယ်သူတို့ နယူးအင်္ဂလန်သားဂိုက်ဖမ်းနေပေမဲ့ သူတို့ အင်္ဂလိပ်စကားကအမေရိကန်လေ နည်းနည်းမှမပါဘူး။ သိပ်ကို

ပြည့်စုံမှန်ကန်လွန်းအားကြီးတယ်။သတင်းစာဖတ်နေသလိုပဲ"

ရွှန်လစ်တဲလ်က အဝါရောင်မှတ်စုစာအုပ်ကို ဖွင့်ကြည့်၍-

"မစ္စတာပစ်၊ ကွန်မန်ဒါ ရှုဒီဂန်းက ခင်ဗျားတယ်လူရိုက်ဒ်မှာတွေ့ခဲ့ရတဲ့လူသတ်သမားတွေက သူတို့ကိုယ်သူတို့ စတုတ္ထအင်ပါယာရဲ့ အဖွဲ့

ဝင်တွေလို့ပြောခဲ့တယ်လို့ ကျွန်တော်တို့ကိုပြောတယ်။ အဲဒါဟုတ်သလား"

"ဟုတ်ပါတယ်။ အနာဂါတ် ကံကြမ္မာသစ်လို့လည်း ပြောသေးတယ်"

"ခင်ဗျားနဲ့ ရှုဒီဂန်းတို့နှစ်ယောက် စတုတ္ထအင်ပါယာဟာ နာဇီရဲ့ တတိယအင်ပါယာနဲ့ဆက်စပ်မှုရှိနိုင်တယ်လို့ ခန့်မှန်းခဲ့

ကြသေးတယ်နော်"

"ဒါကတော့ ဖြစ်နိုင်တာကို စဉ်းစားကြည့်ကြတာပါ"

ဂျီယိုဒီနီသည် အိပ်ထောင်ထဲမှ ရောမဆေးပြင်းလိပ်ကြီးတစ်လိပ်ကိုထုတ်လိုက်ပြီး ပါးစပ်မှာကိုက်ထားလိုက်သည်။ ဆေးပြင်းလိပ်ကြီးကို

မီးမညှိပဲစိမ်ပြေနပြေကိုက်ဝါးနေသော ဂျီယိုဒီနီကို ကြည့်၍ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာသည် လူသတ်ချင်စိတ်များတဖွားဖွားပေါ်ပေါက်နေ၏။

သူတယုတယ နှင့်သိမ်းဆည်းထားသော ရှားပါးအဖိုးတန်လှသည့် ဤဆေးပြင်းလိပ်ကြီးကို ခိုးလာသည့်အီတာလျံ လူယုတ်ကို တတ်နိုင်လျှင်

အစိမ်းလိုက်ဝါးစားပစ်လိုက်ချင်သည်။ဆန်ဒက်ကာ ဤသို့ ဖြစ်ပျက်နေသည်ကို ဂျီယိုဒီနီက နည်းနည်းမှ ဂရုမထားပဲစကားစတင်ပြောလိုက်သည်။

"ကျွန်တော်က သိပ်တော်တဲ့လူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့် တစ်သကကမ္ဘာအနှံ့ ငွေကိုရေလိုသုံးပြီး အင်မတိ

အင်မတန်တော်တဲ့ထိပ်တန်းလူသတ်သမားတွေကို မွေးပြီး ဆယ်စုနှစ်နဲ့ချီပြီးလူသတ်ဒုစရိုက်အလုပ်တွေ လုပ်နေတဲ့အဖွဲ့အစည်းကို ကမ္ဘာပေါ်က

တော်လှပါတယ်ဆိုတဲ့ ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့ကမှ သူတို့ဘယ်သူ၊ ဘယ်ဝါဆိုတာတောင်မသိလောက်အောင် ဖြစ်နေရတဲ့ ခုလိုအဖြစ်မျိုး

မတွေ့ဖူးတာတော့အမှန်ပဲဗျ"

မပြော၊ မပြောနှင့် ပြောမဲ့ပြောတော့လည်း အယ်လ်သည် စီအိုင်အေရော၊ အက်ဖ်ဘီအိုင်ရောကို ဆော်ပလော်တီးသည့် စကားမျိုးက

စပြော၏။

"ဟုတ်ပါတယ်၊ ဒါကိုတော့ ဝန်ခံရမှာပဲ။ ခင်ဗျားလည်းသိသားပဲ၊ရည်ရွယ်ချက်မရှိတဲ့ ရာဇဝတ်မှုက ဖြေရှင်းရ အခက်ဆုံးဆိုတာလေ။

ခုကိစ္စက အဲသလိုဖြစ်နေတာဗျ" အက်ဖ်ဘီအိုင်မှ ကန်ဟိန်းက ပွင့်လင်းစွာ ဝန်ခံလိုက်သည်။

စီအိုင်အေ ဒုညွှန်မှူး ရွန်လစ်တဲလ်ကလည်း ကန်ဟိန်း၏စကားကို ထောက်ခံသည့်အနေနှင့် ခေါင်းညိတ်ပြ၏။

"မစ္စတာပစ် ရဲ့ တယ်လူရိုက်ဒ် အဖြစ်အပျက်ကလွဲလို့ ဒီအဖွဲ့အစည်းနဲ့ပက်သက်မိတဲ့ ကျန်တဲ့လူတွေအကုန် သေတာ ပဲဗျ။ ခုကိစ္စက

ကျွန်တော်တို့အတွက်ပထမဆုံးသဲလွန်စပဲ"

ရှူဒီဂန်းက ဝင်ပြော၏။

"ဒတ်ပစ်နဲ့ ဒေါက်တာ အိုကွန်းနဲလ်တို့ ကျေးရူးကြောင့် ကျွန်တော်တို့ လိုက်စရာ လမ်းကြောင်းလေးရှိနေတာ ကျေးဇူးတင်ရမယ်"

"ဟုတ်တယ်ဗျ" ကန်ဟိန်းက အားပါးတရ ထောက်ခံ၏။

"အခုကိစ္စမှာတော့ ရည်ရွယ်ချက်မရှိဘူးလို့ မဆိုနိုင်တော့ဘူး။ နိဗ္ဗာန်ဘုံမိုင်းတွင်းမှာတွေ့ရတဲ့ အခန်းငယ်လေးထဲက သင်္ကေတတွေ

ရှေးဟောင်းပစ္စည်းတွေကိုအပြင်လူတွေမတွေ့သွားအောင် ပညာရှင်တွေကို သတ်ဖြတ် သုတ်သင်ဖို့ ကြိုးစားရင်းအခြေမလှတော့ ကိုယ့်လူကိုယ်

ပြန်သတ်တဲ့ အထိဖြစ်ခဲ့တာဆိုတော့ရည်ရွယ်ချက်ကောင်းကောင်း ရှိတယ် ပြောရမယ်"

"ရှေးဟောင်း လက်ရေးသင်္ကေတ တွေကို ဒီလောက်ဖုံးကွယ်ချင်နေတာ ဘာအဓိပ္ပါယ်များရှိလို့လဲ" ဒတ်ပစ်၏ အမေးကို ရှုဒီဂန်းက-

"သူတို့အတွက် အင်မတန်အရေးကြီးတဲ့ အဓိပ္ပါယ်ရှိလို့ပေါ့ ပစ်ရဲ့။ အခုသူတို့ရဲ့ ကျွမ်းကျင်လူသတ်သမား ခြောက် ယောက်လည်း ဆုံးရှုံး၊

သင်္ကေတတွေနဲ့မဟူရာ သလင်းခေါင်းခွံလည်းဆုံးရှုံး ဆိုတော့ မြွေပါလည်းဆုံး။ သားလည်းဆုံးဖြစ်နေပြီ"

"ဒီလို သာမာန် မနုဿဗေဒ တွေ့ရှိမှုလေးတစ်ခုကြောင့် လူပေါင်းများစွာအသက်စတေးရတယ်ဆိုတာ နားလည်ရ အတော်ခက်တာပဲ"

ဆန်ဒက်ကာ၏ အပြောကြောင့်ပက်ထရစ်ရှာ ဆတ်ကနဲခေါင်းထောင်လာသည်။ ဗိုလ်ချုပ်ကြီးကိုမျက်ဝန်းစိမ်းများဖြင့် စူးစိုက်ကြည့်ရင်း-

"သာမာန် မနုဿဗေဒ တွေ့ရှိချက်ဆိုတဲ့ စကားကို ပြင်ပြောပါ ဗိုလ်ချုပ်။ဒါဟာ ရာစုနှစ်တစ်ခု အတွင်းကမ္ဘာကို သိမ့်သိမ့်

တုန်သွားစေမဲ့တွေ့ရှိချက်ကြီးပါ"

သူ့ဆရာကို ရန်တွေ့နေသော ပက်ကို စကားလမ်းကြောင်းပြောင်းပေးဖို့ ပစ်အကြံထုတ်ရသည်။

"သင်္ကေတတွေကို ဘာသာပြန်ကြည့်ပြီးပြီလား"

"အခုလောလောဆယ်အထိကတော့ ဒီသင်္ကေတ တွေဟာ
စကားလုံးတွေဖြစ်တယ်ဆိုတာပဲပြောနိုင်သေးတယ်။ စကားလုံးတစ်လုံးစီမှာ

ကွဲပြားခြားနားတဲ့အသံထွက်တွေပါတယ်။ ကျွန်မတို့ရဲ့ အောဘီစီဒီမှာ စကားလုံး
နှစ်ဆယ့်ခြောက်လုံးပါသလိုပဲ ဒီသင်္ကေတတွေမှာ စာလုံးရေ

သုံးဆယ်ပါတာတွေ့ရတယ်။ အဲဒီထဲကဆယ့်နှစ်လုံးဟာ ကိန်း ဂဏန်းတွေကို ဖော်ပြတဲ့စာလုံးတွေပဲ။
ဒီစာတွေထွင်းခဲ့တဲ့ လူမျိုးဟာ

ဘယ်သူတွေပဲဖြစ်ဖြစ် သူတို့မှာ အင်မတန်အဆင့်မြင့်တဲ့ သင်္ချာစနစ်ရှိနေပြီဆိုတာတွေ့ရတယ်။
ရောမခေတ်တစ်လျှောက်လုံးမသုံးခဲ့တဲ့ သုံည

အက္ခရာကို သူတို့ သုံးထားတာတွေ့ရတယ်။ ကွန်ပြူတာ ပရိုဂရမ်နဲ့မလေ့လာရသေးလို့
ခုလောလောဆယ်တော့ ဒီလောက်ပဲပြောနိုင် မယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ဒီလောက်အချိန်လေးအတွင်း ခုလောက်သိရတာကိုက လွန်လှပါပြီ"
ကန်ဟိန်းက ပက်ထရစ်ရှာကို

ကျေးဇူးတင်စကားဆို၏။

"ကျွန်မ ဒီစာတွေကို အဓိပ္ပါယ်ဖော်နိုင်မယ်လို့ ယုံကြည်ပေမဲ့ ခုထိတော့သူတို့ဘာစနစ်နဲ့
ရေးထွင်းထားကြသလဲ ဆိုတာ မသိသေးဘူး။

အီဂျစ်၊ တရုတ်၊ မေရန်၊ခရီတန် ဘယ်လိုစာရေးနည်းစနစ်နဲ့မှ မကိုက်ဘူးရှင့်"

"ဟို ခေါင်းခွံကရော လက်ရေးသင်္ကေတ တွေနဲ့ ဆက်စပ်မှုရှိတယ်လို့ ခင်ဗျားထင်လား" ရှုဒီဂန်းက
စိတ်ဝင်စားစွာမေး လိုက်သည်။

ပက် ခေါင်းခါပြ၏။

"ဒါကို မှန်းဆချက်သက်သက်နဲ့ မပြောနိုင်ပါဘူး။ မက္ကဆီကိုနဲ့တိဘက်မှာတွေ့ရတဲ့
သလင်းခေါင်းခွံတွေလိုပဲ ဒီခေါင်းခွံ ဟာလည်း

အင်မတန်လှိုဏ်ဂှက် နက်နဲလွန်းတယ်။ အပျော်တမ်း ရှေးဟောင်းသုတေသန သမားတွေရဲ့
ဆိုရိုးစကားကတော့ သလင်းခေါင်းခွံအားလုံး ဆယ့်သုံးခု

ရှိတယ်တဲ့။ အားလုံးစုံရင် ဂမီရလျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင် တယ်ဆိုပဲ”

“ခင်ဗျား အဲဒီစကားကို ယုံသလား” ရွှန်လစ်တဲလ်က မေးလိုက်သည်။ သူမေးပုံမှာ တကယ့်ကို လေးလေးနက်နက် မေးခြင်းမျိုးဖြစ်၏။

ပက် ကခပ်မြူးမြူးရယ်လိုက်သည်။

“မယုံဘူး၊ ကျွန်မက လက်တွေ့သမားရှင့်၊ သက်သေပြချက်မရှိတဲ့ သီအိုရီတွေကို ယုံတဲ့လူမျိုးမဟုတ်ဘူး”

လစ်တဲလ်က သူမကိုကြည့်ရင်း တစုံတရာကို စဉ်းစားနေပုံပေါ်သည်။

“အော့ပ်ဆီဒီယန် သလင်းခေါင်းခွံ နဲ့ပက်သက်လို့ ခင်ဗျားဘယ်လိုထင်———”

“ခေါင်းခွံတွေ ပါဗျာ” လစ်တဲလ်၏ စကားမဆုံးမီ ဒတ်ပစ်က ဖြတ်ပြောလိုက်သည်။

ပက်က သူ့ကို မျက်လုံးပြူးကြည့်ရင်း-

“ခေါင်းခွံတွေ ဟုတ်လား၊ ဘယ်တုန်းက နောက်တစ်ခုထပ်ရတာလဲ”

“မနေ့ နေ့လည်က၊ ကျွန်တော့် မိတ်ဆွေကြီး စိန့်ဂျူလီယန်း ပါးလ်မတ္တားရဲ့ ကျေးဇူးနဲ့ အော့ပ်ဆီဒီယန် ခေါင်းခွံ နောက်တစ်ခု

ထပ်ရခဲ့တယ်”

ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ပစ်ကို စိုက်ကြည့်ရင်း-

“ခုအဲဒါတွေ ဘယ်မလဲ” ဟုမေးလိုက်သည်။

“ခေါင်းခွံနှစ်ခုလုံး ကျွန်တော်တို့ အသုံးလုံးဌာနချုပ်က ဓာတုဗေဒဓါတ်ခွဲခန်းကို ပို့လိုက်ပြီ။ ရိုးရိုး ကာဗွန်နည်းပညာနဲ့တော့

အော့ပ်ဆီဒီယန်ကျောက်ရဲ့ သက်တမ်းကိုတွက်လို့မရဘူးဗျ။ ဒါပေမဲ့ တစ်ခုခုအဖြေထွက်လာမယ်လို့တော့ မျှော်လင့်ရတာပဲ”

“နောက် ခေါင်းခွံတစ်ခုက ဘယ်ကတွေ့တာတဲ့လဲ”

ပက် အရမ်းအရမ်းကို သိချင်လာသည်။ အားလုံးလည်း သိချင်နေကြသည်။သို့နှင့်ပင် ပစ်က အန္တာတိကတိုက်မှ ပေါ်လိုဗာဒီ

ငါးဖမ်းသင်္ဘောနှင့်မဒရပ်သင်္ဘောအကြောင်း ဇာတ်စုံခင်းပြရတော့သည်။ အားလုံးက ငြိမ်၍နားထောင်နေကြသည်။ ပစ်ပြောပြီး

အတန်ကြာသည်အထိ တိတ်ဆိတ်နေကြသည်။ စတင် စကားပြောသူမှာပက်ထရစ်ရှာ ဖြစ်၏။

“မဒရပ်သင်္ဘောသားတွေနဲ့ ခရီးသည်တွေက ခေါင်းခွံကို ဘယ်နေရာကရှာတွေ့တာတဲ့လဲ”

ပစ်က ရုတ်တရက်အဖြေမပေးသေးပဲ အခန်းထဲမှလူများကို သိမ်းကျုံးကြည့်လိုက်သည်။ အားလုံးက သူ၏အဖြေကို

ငံ့လင့်နေကြကြောင်းတွေ့ရတော့မှ-

“သင်္ဘောမှတ်တမ်းစာအုပ်အရ တော့ မဒရပ်သင်္ဘောဟာ ဘုံဘေကနေလစ်ဗာပူးကိုအသွား ပြင်းထန်တဲ့ဟာရီကိန်းမုန်တိုင်းဒဏ်

ဒဏ်”

“ဟာရီကိန်း မဟုတ်ဘူး။ ဆိုင်ကလုန်းကွ” ဆန်ဒက်ကာ၏ အသံသြကြီးထွက်ပေါ်လာသည်။ ဒီလူကြီးက ပင်လယ်နှင့်ပက်သက်လျှင်

သူ့ကိုယ်သူ ပြိုင်ဖက်မရှိဟုသတ်မှတ်ထားသူ တစ်ဦးဖြစ်သည်နှင့်အညီ ပစ်၏ အမှားကို ပယ်ပယ်နယ်နယ် ဝေဖန်ပြီးလက်ချာပေးတော့သည်။

“သင်္ဘောသားတစ်ယောက်အနေနဲ့ ဟာရီကိန်းဆိုတဲ့ မုန်တိုင်းအမျိုးအစားဟာအတ္တလန်တစ်နဲ့ ပစိဖိတ်သမုဒ္ဒရာ အ ရှေ့ဖက်မှာ

ဖြစ်ပေါ်တတ်တဲ့မုန်တိုင်းမျိုး၊ ပစိဖိတ်အနောက်ခြမ်းက မုန်တိုင်းကို တိုင်ဖွန်း၊ အိန္ဒိယသမုဒ္ဒရာမှာ ဖြစ်ပေါ်တဲ့ မုန်တိုင်းကို ဆိုင်ကလုန်းလို့

ခေါ်တယ်ဆိုတာသိထားသင့်တယ်။ ဒီလောက် အခြေခံဗဟုသုတကို မှားပြောဖို့ မသင့်ဘူး”

ပစ် သက်ပြင်းချလိုက်သည်။

“ဟုတ်ကဲ့ပါ။ အမှားပြင်လိုက်ပါပြီ။ ဆိုတော့ ခုနက မဒရပ်သင်္ဘောဟာမုန်တိုင်းမိပြီး ပင်လယ်ပြင်မှာ အထိန်းအကွပ်မရှိ

နစ်ပါတ်လောက်မျောနေသတဲ့။ တကယ်သွားရမဲ့ လမ်းကြောင်းရဲ့ တောင်ဖက်ကိုအတော်ဝေးဝေးမျောလာတယ်။ လေနဲ့လှိုင်း ငြိမ်သွားတော့

သူတို့မှာ သောက်ရေမရှိသလောက်ဖြစ်နေပြီ။ ဒါနဲ့ပဲ ကပ္ပတိန်လေးဟန့်က သင်္ဘောသားတွေနဲ့တိုင်ပင်ပြီး အနီးဆုံးကျွန်းမှာ သင်္ဘောဆိုက်ဖို့

ဆုံးဖြတ်ခဲ့ကြတယ်။ သူတို့ဆိုက်ကပ်တဲ့ကျွန်းက အိန္ဒိယသမုဒ္ဒရာနဲ့ အတ္တလန်တစ် သမုဒ္ဒရာကြားကပြင်သစ်ပိုင်တဲ့ ခရိုဇက်ဆိုတဲ့

ကျွန်းတန်းရှည်လေးပဲ။ ခရိုဇက်ကျွန်းတန်းရဲ့ စိန့်ပေါလ်လို့ခေါ်တဲ့ အင်မတန်ကြမ်းတမ်းတဲ့ ကျောက်သားနဲ့မီးတောင်တစ်ခုရှိတဲ့ ကျွန်းကလေးမှာ

သင်္ဘောကပ်ပြီး ပြင်ဆင်စရာရှိတာတွေပြင်ဆင်ကြသတဲ့”

အခန်းတွင်းမှ လူအားလုံးသည် ဒတ်ပစ်၏ ပုံပြင်ထဲတွင် နစ်မျောနေကြ၏။

“ခရီးသည်တွေထဲက အိန္ဒိယမှာ ဆယ်နစ်ဆယ်မိုးတာဝန်ထမ်းပြီး မိသားစုလိုက်အင်္ဂလန်ပြန်လာတဲ့ ဗြိတိသျှတပ်မတော်က

ဗိုလ်မှူးကြီးတစ်ယောက် ပါလာသတဲ့။အဲဒီဗိုလ်မှူးကြီးက သင်္ဘောကပ်ထားတဲ့ကျွန်းပေါ်မှာ အမဲလိုက်ချင်လှချည်ရဲ့ဖြစ်ပါလေရော။

ဒီကျွန်းကလေးမှာ ဘယ်ကလာပြီး တောရိုင်းတိရိစ္ဆာန်များများစားစားရှိမှာလဲ။ ဒါပေမဲ့ ခေါင်းမာတဲ့ဗိုလ်မှူးကြီးနဲ့ သူ့အပေါင်းအသင်းတွေဟာ

သားကောင်ရလိုရငြား မီးတောင်ပေါ်ကုတ်ကပ်တက် ကြပါလေရော။ ပေတစ်ထောင်လောက်တက်ပြီးသွားတဲ့အခါမတော့ ကျောက်တုံးတွေနဲ့

လုပ်ထားတဲ့လူသွားလမ်း လေးတစ်ခုကိုတွေ့ကြတယ်။
အဲဒီလမ်းအတိုင်းလိုက်သွားကြတော့တောင်နံရံမှာ အပေါက်တစ်ပေါက်တွေ့တယ်။ အဲဒီ

အပေါက်ကနေ တောင်ရဲ့အတွင်းဖက်ကို ဝင်သွားလို့ရတဲ့ လမ်းတစ်ခုကို မမျှော်လင့်ပဲ
တွေ့လိုက်ကြရတယ်"

"ခဏလေး ပစ်၊ ခုနက မင်းပြောတဲ့ ကျွန်းဟာ ငါသိသလောက်တော့ လူမနေဘူးကွ" ရှုဒီဂန်းက
ကြားဖြတ်ဝင်ပြော လိုက်သည်။

"ဟုတ်တယ် ဂန်း၊ ကျွန်တော်တို့ ကွန်ပြူတာ စပါယ်ရှယ်လစ် ဟီရမ် ယယ်လဂါကစစ်ဆေးကြည့်ပြီးပြီ။
၁၉၇၈ ကနေ ၁၉၉၇ အထိ

ဩစတေးလီးယား မီးတောင်သုတေသနအဖွဲ့တစ်ဖွဲ့ ခဏအခြေစိုက် စခန်းလုပ်ဖူးတာကလွဲလို့ ဒီကျွန်း
တွေမှာ လုံးဝလူမနေပါဘူး။ ဒီ ဩစီအဖွဲ့ရဲ့

အစီရင်ခံစာတွေမှာလည်း ကျွန်းအကြောင်းဘာတစ်ခုမှ မပါပဲ ပညာရပ်ဆိုင်ရာသက်သက်
သာဖော်ပြထားတယ်"

ရွှန်လစ်တဲလ်က စားပွဲပေါ်လက်ထောက်ရင်း-

"ခုနက ခင်ဗျားဇာတ်လမ်းကို ဆက်တော့ဗျာ။ နောက်တော့ ဘာဖြစ်သွားလဲ"

"ဗိုလ်မှူးကြီးဟာ သူ့လူတစ်ယောက်ကို သဘော်ဆီပြန်လွှတ်ပြီးမီးအိမ်တွေယူခိုင်းလိုက်တယ်တဲ့။
အတွင်းကို ဝင်ကြည့်တဲ့ အခါ

ကျောက်သားကိုထွင်းထုထားတဲ့ အင်မတန်ချောမွေ့ကောင်းမွန်တဲ့ လူသွားလမ်း
ကလေးကနေပေတစ်ရာလောက် ဆင်းသွားပြီးတဲ့အခါမှာတော့

ကျောက်သားအခန်းလေးတစ်ခုထဲကိုရောက်သွားကြတယ်။ အဲဒီ အခန်းလေးထဲမှာ ထူးဆန်းတဲ့
ရှေးခေတ် အရုပ်မျိုးစုံဒါဇင်နဲ့ချီပြီးတွေ့ခဲ့သတဲ့။ နံရံနဲ့

ခေါင်မိုးပေါ်မှာလည်း သူတို့ မဖတ်တတ်တဲ့ သင်္ကေတတွေ ရေးထွင်းထားတယ်တဲ့"

"ခဏလေး၊ သူတို့ အဲဒီ သင်္ကေတ တွေကို ကူးခဲ့ကြသလား" ပက်ထရစ်ရှာက အလောတကြီး
ဝင်မေးလိုက်သည်။

"သဘော်မှတ်တမ်း စာအုပ်မှာတော့ ဘာသင်္ကေတမှ ကူးလာခဲ့တယ်လို့ မဖော်ပြထားဘူး။ မီးတောင်ထဲ ဝင်တဲ့ အပေါက်ဝရဲ့

ပုံကြမ်းကိုတော့ ဆွဲထားတယ်"

"အရုပ်တွေကရော ဘယ်လိုဖြစ်သွားသလဲ" ဆန်ဒက်ကာ ကဝင်မေးလိုက်ပြန်သည်။

"မဒရပ်သဘော် ပေါ်မှာပဲ ရှိသေးတယ်။ ရှိဆန်နာမန်ဒါ ကခေါင်းခွံ၊သူ့ယောက်ျား ဗရက်ဖို့ဒ်က သဘော်မှတ်တမ်း ကိုပဲ

ယူလာခဲ့နိုင်တာကိုး။ရှိဆန်နာရဲ့ မှတ်ချက်အရတော့ အရုပ်တွေဟာ အချို့ကငွေ၊ အချို့က ကြေးနီနဲ့လုပ်ထားတယ် တဲ့။ အင်မတန် ထူးဆန်းတဲ့

သတ္တဝါတွေရဲ့ ရုပ်ပုံတွေကိုထွင်းထုထားတာဆိုပဲ"

"ခု ကျွန်မတို့ သိလိုက်ရတဲ့ အချက်အလက်တွေအရ နိဗ္ဗာန်ဘုံမိုင်းတွင်းကအားမီးနီးစ် အခန်းအပြင် နောက်ထပ် အလား

သဏ္ဍာန်တူတဲ့အခန်းတစ်ခန်းရှိသေးတယ်ဆိုတာသိလိုက်ရပြီ။ ကမ္ဘာပေါ်မှာ ဒီလိုအခန်းမျိုး ဘယ်နှစ်ခန်း လောက်ရှိနေမှာပါလိမ့်" ပက်ထရစ်ရှာက

အဝေးတစ်နေရာသို့ ငေးကြည့်ရင်း တွေးတွေးဆဆပြောလိုက်၏။

ဆန်ဒက်ကာ သည် ဂျီယိုဒီနီက ဆေးပြင်းလိပ်ကြီးကို တမြုံ့မြုံ့ဝါးနေသည်ကို မချိတင်ကဲ ကြည့်ရင်း-

"အခု အချိန်ကစပြီး ကျုပ်တို့ အလုပ်လုပ်ဖို့ အချိန်ကျပြီ။ ရူဒီ၊ တို့ရဲ့ပထမ အလုပ်က အန္တာတိက ရေခဲပြင်ပေါ်က မဒရပ် သဘော်ကို

ရှာဖို့ ဒုတိယ အလုပ်ကစိန့်ပေါလ်ကျွန်း မီးတောင်ထဲက အခန်းကို ရှာဖို့ ဖြစ်လာပြီ။ အဲဒီနေရာနဲ့အနီးဆုံး မှာရှိတဲ့ သုတေသန သဘော်တွေကို

သုံးကြပါ"

"ပစ်က မဒရပ်သဘော်ကို ရှာ၊ အယ်လ်က စိန့်ပေါလ်ကျွန်းကို တာဝန်ယူရမယ်။ မြန်နိုင်သမျှ အမြန်ဆုံး လှုပ်ရှားကြစေ ချင်တယ်"

ဂျီယိုဒီနီက ကုလားထိုင်တွင် အညောင်းဆန့်ရင်း-

"ကျွန်တော်တို့ရဲ့ သွေးဆာနေတဲ့ အပေါင်းအသင်း ရောင်းရင်းကြီးတွေဒီနေရာတွေကို အရင် ရှာမတွေ့ပါစေနဲ့လို့ မျှော်လင့်ပါတယ်ဗျာ"

ဟုပြောလိုက်သည်။

"မင်း အဲဒီရောက်တော့ သိမှာပေါ့" ရူဒီဂန်းက မပြုံးမရယ်ဝင်ပြော၏။

"ကျွန်တော်ကတော့ အက်ဖ်ဘီအိုင်က အထူးအေးဂျင့် နှစ်ဦးကို ဒီကိစ္စအတွက်အမြဲတာဝန်ချထားပေးပါ့မယ်" ကန်ဟိန်းက

သူ့အဖွဲ့အစည်းအတွက် အာမခံလိုက်၏။

ရွှန်လစ်တဲလ်က ဆန်ဒက်ကာ ဖက်သို့လှည့်လိုက်ပြီး-

"ကျွန်တော်ပြောချင်တာကတော့ ဒီကိစ္စဟာ ခုချိန်ထိ စီအိုင်အေရဲ့ဦးစားပေးအစီအစဉ်မှာ မပါခဲ့တာကို ဝန်ခံရမယ်။ ဒါပေမဲ့

ခုလိုနာဇီလက်သစ်တွေနဲ့ ပက်သက်ဆက်နွယ်တယ်ဆိုတာ သိရပြီးတော့ စီအိုင်အေဟာဒီကိစ္စမှာ ထဲထဲဝင် ဝင်ပါရတော့မယ် ဆိုတာပါပဲ"

"ကဲ ကျုပ်တို့ရဲ့ ရွှေမင်းသမီးလေးကရော၊ ဘာအစီအစဉ်တွေရှိသလဲ" ဆန်ဒက်ကာက ပက်ထရစ်ရှာဖက်သို့ လှည့်မေးလိုက်သည်။

ပက်က အားလုံးကို ပြုံးပြလိုက်ပြီး-

"ကျွန်မကတော့ ဒီသင်္ကေတတွေကို ဘာသာပြန်ဖို့ ကြိုးစားရမှာပေါ့ရှင်။ဒါပေမဲ့ နေရာလိုတယ်။ ပန်ဆယ်လ်ဗေးနီး ယားတက္ကသိုလ်

ကျွန်မ ရုံးခန်းနဲ့ဓါတ်ခွဲခန်းမှာ ရတဲ့ အထောက်အပံ့မျိုးရဖို့လိုတယ်"

ဆန်ဒက်ကာက ပြုံးလိုက်၏။

"ကျုပ်တို့ အသုံးလုံး ဓါတ်ခွဲခန်း၊ ရွှန်ရဲ့ စီအိုင်အေ ဓါတ်ခွဲခန်း၊ကန်ရဲ့ အက်ဖ်ဘီအိုင် ဓါတ်ခွဲခန်းတွေထက်တော့ ခင်ဗျားရဲ့

ပန်ဆယ်လ်ဗေးနီးယားဓါတ်ခွဲခန်းက ပိုမကောင်းလောက်ပါဘူး၊ ခင်ဗျားကြိုက်တာရွေးလေ"

ဒတ်ပစ်က အလောတကြီးဖြတ်ပြောလိုက်သည်။

"ကျွန်တော် တစ်ခုလောက် အကြံပေးချင်တယ်။ အသုံးလုံး ဓါတ်ခွဲခန်းဟာဒီကိစ္စမှာ ထဲထဲဝင်ဝင်ပါနေပြီးသား ဖြစ်နေပြီ။ ဒါကြောင့်

ဒေါက်တာအိုကွန်းနယ်လ်ကို ကျွန်တော်တို့ အသုံးလုံး ဓါတ်ခွဲခန်းမှာပဲ ကွန်ပြူတာပညာရှင် ဟီရမ် ယယ်လဂါနဲ့ တူတူအလုပ်လုပ်ဖို့

တိုက်တွန်းချင်တယ်"

ဆန်ဒက်ကာ ကခေါင်းညိတ်လိုက်သည်။ ဒတ်ပစ်၏ စိတ်နှင့် အကြံကို သူသိပြီးသား။

"ကဲ ဒေါက်တာ၊ ဆုံးဖြတ်ပါ"

"ကျွန်မလည်း မစ္စတာပစ်ပြောတာကို သဘောတူပါတယ်ရှင်"

"ဒါဆိုရင် ယယ်လဂါ နဲ့ မက်စ်ကို ခင်ဗျားနဲ့ တူတူအလုပ်လုပ်ဖို့ ပြောထားလိုက်တော့မယ်"

"မက်စ်ဆိုတာ ဘယ်သူပါလိမ့်"

"မက်စ်က လူမဟုတ်ပါဘူး။ ယယ်လဂါ နောက်ဆုံးတီထွင်ထားတဲ့ လူသားအသိဉာဏ်မျိုးရှိတဲ့ ကွန်ပြူတာပါ"

"သြော်- ကောင်းပါတယ်။ ဒီသင်္ကေတ တွေကို အဓိပ္ပါယ်ဖော်ဖို့ ဒီလောက် တက်ကနီကယ် အကူအညီရရင် အလုပ်ဖြစ်လောက်တယ်လို့

ကျွန်မထင်ပါတယ်ရှင်"

"ခင်ဗျား သိပ်စိတ်ပူမနေပါနဲ့ဗျာ" ဂျီယိုဒီနိုက ရုတ်တရက်ဝင်ပြော၏။ သူ့မျက်နှာက ခပ်တည်တည်။

"ခင်ဗျားရဲ့ ရှေးဟောင်းလက်ရေးသင်္ကေတတွေဟာ ဟိုးရှေးရှေးတုန်းက
ဟင်းချက်နည်းတွေအကြောင်းရေးထား

တာဖြစ်ချင်ဖြစ်နေမှာပေ့ါဗျ"

အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို သူလုပ်လာပြီ။

"ဘယ်လို၊ ရှေးဟောင်းဟင်းချက်နည်းတွေ၊ ဟုတ်လား၊ ဘာဟင်းကို ချက်တဲ့နည်းလဲဗျ" ဂျီယို ဒီနို၏
အကြောင်းမသိ သော

ကန်ဟိန်းက ဝင်မေး၏။

ဂျီယိုဒီနို ခဏမျှ စဉ်းစားသလိုလုပ်နေ၏။ ပြီးမှ-

"ဆိတ်သားဟင်းဗျ၊ ဆိတ်သားဟင်း ချက်နည်း တစ်ထောင့်နဲ့ တစ်မျိုး ဖြစ်လိမ့်မယ်"
ဟုပြောလိုက်လေတော့သည်။

အသုံးလုံး အဖွဲ့ပိုင်အဆောက်အဦးကြီး၏ ဒဿမမြောက်
အထပ်တစ်ထပ်လုံးအပြည့်နေရာယူထားသည့် ကွန်ပြူတာပစ္စည်းများကို

ကြည့်ရင်း ပက်ထရစ်ရှာတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်နေသည်။ပန်ဆယ်လ်ဗေးနီးယား
တက္ကသိုလ်မှ ကွန်ပြူတာသရဲများပြောသည့်

အဏ္ဏဝါဗေဒဆိုင်ရာအချက်အလက်ဘဏ်တိုက်ကြီးဆိုသော အမျိုးသားအဏ္ဏဝါဗေဒအေဂျင်စီ၏
ကွန်ပြူတာစင်တာကို

ဒီလောက်ကြီးကျယ်ခမ်းနားလိမ့်မည်ဟု သူမမထင်မိရိုးအမှန်ပါ။

မြင်းခွာပုံ ထိုင်ခုံတစ်လုံးတွင် ခွေခေါက်ထိုင်နေသော သက်လတ်ပိုင်းအမျိုးသားတစ်ဦးက သူမကို
လှမ်းကြည့်လိုက် သည်။

"ရှင်က ဟီရမ်ယယ်လဂ်ါ လားဟင်"

"ဟုတ်ပါတယ်။ ကျွန်တော်ယယ်လဂါပါ။ ခင်ဗျားက ဒေါက်တာအိုကွန်းနယ်လ်ထင်တယ်။ ဗိုလ်ချုပ်ကြီးပြောထားလို့ ကျွန်တော်ခင်ဗျားကို

စောင့်နေတာပါ"

ဤမျှ ကြီးကျယ်ခမ်းနားသည့် ဒေတာ ဘဏ်တိုက်ကြီး၏ ပဲ့ကိုင်ရှင်ဖြစ်သောယယ်လဂါ ကိုသူမစိတ်ကူးထဲတွင် ဘီလ်ဂိတ် နှင့် အဲလဘတ်

အိန်းစတိန်းတို့စပ်ထားသောရုပ်မျိုးပုံဖော်လာခဲ့မိသည်။ ခုတော့ အထင်နှင့်အမြင်တခြားစီ။ ယယ်လဂါသည် အဖြူရောင်တီရှပ် နှင့် လီဗိုင်းဂျင်းကို

ဝတ်ထားပြီး သားရေဂျာကင်ထပ်ဝတ်ထား၏။ ခြေထောက်တွင်တော့ ကန်းထရီးလည်ရှည်ဖိနပ်ကြီးနှင့်၊ ရှည်လျားသောဆံပင်ဖြူဖြူများကို

နောက်တွင်စုစည်း၍ပိုနီတေး စည်းထားရာ ပညာရှင်ပုံစံမပေါက်ပဲ ကောင်းဘွိုင်ပုံပေါက်နေသည်။

သူနှင့်စကားပြောကြည့်တော့ သူ့အကြောင်းတွေထပ်သိလာပြီးထပ်မံအံ့သြရပြန်သည်။ ပညာရပ်ဆိုင်ရာမှလွဲ၍ ဘာကိုမှ

စိတ်မဝင်စားသူဟုသူမထင်ခဲ့မိသော ယယ်လဂါမှာ မေရီလန်းရှိ အကောင်းစားအိမ်ယာတွင် နေထိုင်ပြီးအောင်မြင်သော ပန်းချီဆရာမတစ်ဦး၏

ခင်ပွန်း၊ အလွန်ဈေးကြီးသောပုဂ္ဂလိကပညာသင်ကျောင်းတက်နေသည့် ဆယ်ကျော်သက် ခလေးမလေးနှစ်ဦး၏ဖခင်၊ သာယာပျော်ရွှင်ဖွယ်

အိမ်ထောင်တစ်ခု၏ အိမ်ထောင်ဦးစီးဖြစ်နေသည်။ ကွန်ပြူတာနှင့်ပက်သက်သည့် သူ၏တစ်ခုတည်းသော ဝါသနာကား သုံးမရတော့သည့်

စွန့်ပစ်ကွန်ပြူတာများကို ပြုပြင်ခြင်း ဟူသည်။

"ဒေါက်တာ၊ ကော်ဖီသောက် ဦးမလား ခင်ဗျာ"

"မသောက်တော့ဘူးရှင့်၊ ကျွန်မတို့ အလုပ်လုပ်ကြစို့လား"

"ဟုတ်ကဲ့ပါ။ ဒေါက်တာ့သဘောပါပဲ ခင်ဗျာ" ယယ်လဂါသည် စကားပြောရာတွင် အလွန်သိမ်မွေ့ယဉ်ကျေးသူ ဖြစ်သည်။

"ရှင့်ဆီမှာ အာမီးနီးစ် အခန်းရဲ့ ဓါတ်ပုံမှတ်တမ်းတွေ ရှိတယ်နော်"

"ဟုတ်ကဲ့၊ မနေ့ညက ဓါတ်ပုံ ဆန်းစစ် ဓါတ်ခွဲခန်းက ပို့လိုက်လို့ရပါတယ်။ကျွန်တော်မနေ့ည က မက်စ်နဲ့ ဒီဓါတ်ပုံ တွေကို တညလုံး

စစ်ဆေးထားပြီးသားပါ"

"ဒတ် ကတော့ကျွန်မကို မက်စ်အကြောင်းပြောပြထားတယ်။ သူအလုပ်လုပ်တာကို တွေ့ချင်လိုက်တာ"

ယယ်လင်ဂါသည် သူ့ဘေးမှ ထိုင်ခုံတစ်ခုကို ဆွဲယူလိုက်သည်။ သို့သော် ပက်ထရစ်ရှာကို ထိုင်ရန် မဖိတ်ခေါ်ပါ။ သူက-

"ဒေါက်တာ ဟိုရှေ့ကလှမ်းမြင်နေရတဲ့ ပလက်ဖောင်းလေးတွေ့လား၊ အဲဒီမှာ သွားရပ်နေလိုက်၊ မက်စ်ဘာလဲ ဆိုတာ

ကျွန်တော်ပြမယ်" ဟုပြောလိုက်၏။

ယယ်လင်ဂါ ၏ညွှန်ကြားချက်အဆိုင်း ပလက်ဖောင်းအလယ်ရှိအမှတ်အသားပြုလုပ်ထားရာနေရာတွင် ပက်ထရစ်ရှာ ရပ်လိုက်သည်

နှင့်တပြိုင်နက်သူမ အမြင်အာရုံတွင် ကွန်ပြူတာစကရင်များမှ ပုံရိပ်များသည်တဖြည်းဖြည်းမှေးမှိန် ပျောက်ကွယ်သွားပြီး အားမီးနီးစ်အခန်း

အတွင်းသို့ပြန် ရောက်ရှိသွားသလိုခံစားလိုက်ရသည်။ ဤအဖြစ်အပျက်မှာ ဖန်တီးထားသောဟိုလို ဂရပ်ဖစ် ပုံရိပ်ယောင်မှန်းသိသော်လည်း

တကယ့်အစစ်အမှန်ကဲ့သို့ပီပြင်လွန်းလှသဖြင့် ပက်သည် ရေနံ့ နှင့် ဖုန်နံ့များရလာသလိုခံစားရပြီး ကြက်သီးမွေးညှင်းများပင် တဖျန်းဖျန်းထမိသည်။

နံရံပေါ်မှသင်္ကေတများနှင့် ခေါင်မိုးပေါ်မှ ကြယ်တာရာသင်္ကေတများကိုအတိုင်းသားတွေ့နေရသည်။ တစ်ခုတည်းသော ကွာခြားမှုမှာ

ယခုအခါဒေါက်တာအမ်ဗရိုစ်နှင့် လူးဝစ်မာကွီး မပါပဲ အခန်းထဲ၌ သူမတစ်ယောက်ထဲဖြစ်နေခြင်းပင်။

"အံ့သြ စရာကောင်းလိုက်တာ" ပက်သည် အသံထွက်အောင်ပင် ချီးကြူးလိုက်မိ၏။ ယယ်လဂါ သည် တကယ့် ကွန်ပြူတာ ထိပ်သီး

ပဂေး ပညာရှင်ကြီးပါကလား။

ယယ်လဂါ၏ အသံထွက်ပေါ်လာသည်။

"ဓါတ်ပုံထဲက အချက်အလက်တွေအားလုံးကို ကျွန်တော် မက်စ်ကိုသရုပ်ခွဲခိုင်းလိုက်တယ်။ ရုပ်ရှင်ပြသလို ပြရင်လွယ် တာပေါ့။ ဒါပေမဲ့

ခုလိုလေးဖက်မြင်ပုံရိပ်က ခင်ဗျားအတွက် ပိုအထောက်အကူ ဖြစ်မယ်ထင်တာနဲ့ကျွန်တော်ဖန်တီး လိုက်တာ"

"ရှင်သိပ်တော်တာပဲ ဟီရမ်ရယ်၊ ဟုတ်တယ်။ ဒီလို အနေအထားမှာ ကျွန်မပို အလုပ်လုပ်နိုင်မယ်"

"ခင်ဗျား အခန်းထဲက ခဏထွက်ပြီး မက်စ်နဲ့ တွေ့လိုက်ပါဦးလား၊ ပြီးတော့ ကျွန်တော်တို့ အလုပ်ဆက်လုပ် ကြတာပေါ့"

ယယ်လဂါ ဖန်တီးထားသော အားမီးနီးစ်အခန်းသည် အစစ်အမှန်နှင့် တူလွန်းသဖြင့်ပက်သည် ဘယ်ကထွက်ရမှန်း မသိဖြစ်နေသည်။

သို့သော် ခြေလှမ်းငါးလှမ်းလှမ်းလိုက်သည်နှင့် ယယ်လဂါ အနားသို့ မည်သို့မည်ပုံ ရောက်သွားမှန်းမသိ။ သူ့အနားမှာ ရပ်နေပြီးသားဖြစ်နေသည်။

ကွန်ပြူတာအစွမ်းလား၊မှော်အစွမ်းလား၊ မဝေခွဲတတ်တော့။

"မက်စ် အချစ်လေးရေ၊ ဒေါက်တာ ပက်ထရစ်ရှာ အိုကွန်းနဲလ်ကို နှုတ်ဆက်လိုက်ပါဦးကွယ်" ယယ်လဂါက ခေါ်နေ၏။ မက်စ်

အချစ်လေး ဆိုပဲ။

"ဟယ်လို ဒေါက်တာ၊ နေကောင်းရဲ့လားရှင်" ပျော့ပြောင်းသည့် မိန်းမသံ တစ်ခုထွက်ပေါ်လာသည်။

ပက်က ယယ်လဂါကို ကြည့်လိုက်သည်။

"မက်စ်က မိန်းမလားဟင်"

ယယ်လင်ဂါ က ရယ်၏။

"အေးဗျ၊ အစတုန်းကတော့ ကျွန်တော့် အသံကို ဖမ်းထည့်ထားတာပဲ။ နောက်တော့လုပ်ရင်းလုပ်ရင်းနဲ့ ကိုယ့်အသံ ကြီးကိုယ်

အမြဲတမ်းပြန်ကြားနေရရင်အော့နလုံးနာစရာ ဖြစ်မစိုးလို့ မိန်းမသံ ပြောင်းလိုက်တယ်"

"သူနဲ့ ဘယ်လို စကားပြောရမှာလဲဟင်၊ ကျွန်မပြောပြီးရင် ခလုတ်နှိပ်ရမှာလား"

"မက်စ်ကို အေအိုင် (လူသားအသိဉာဏ်တု) ထည့်ပေးထားတယ်။ အသိမိတ်ဆွေ တစ်ယောက်နဲ့စကားပြော သလို ပြောပါ။

ခင်ဗျားကြိုက်သလိုပြော"

လွန်လွန်းလှချည်လား။ ပက်ထရစ်ရှာ မယုံရဲသေး။ သူမလိုရှေးဟောင်းလက်ရေးပါရဂူ တစ်ယောက်အဖို့ ကွန်ပြူတာ

ပညာရပ်သည်ဆန်းသစ်လွန်းအားကြီးနေသည်။ တိုးတိုးလေးခေါ်ကြည့်လိုက်သည်။

"မက်စ် ရေ"

ပက်၏ မျက်နှာချင်ဆိုင်မှ ရောမ မော်နီတာ စကရင်ကြီးပေါ်တွင်အမျိုးသမီးတစ်ဦးပုံပေါ်လာသည်။ ဆံပင်ရွှေရောင်၊ မျက်လုံး

အညိုရောင်နှင့်ညီညာဖြူဖွေးသော သွားများပေါ်အောင်ပြုံးနေသည် မိန်းမချောတစ်ဦး။

"ဟယ်လို ဒေါက်တာ အိုကွန်းနဲလ်၊ ရှင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ကျွန်မကို ပက်လို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ပါ၊ ခုချိန်ကစပြီး ရှင့်သဘောအတိုင်း ပက်လို့ခေါ်မယ်နော်"

မက်စ်နှင့် စကားပြောနေတုန်း ယယ်လင်ဂါဖက်သို့ လှည့်၍-

"မက်စ်က ချစ်စရာလေးနော်" ဟု တိုးတိုးလေးပြောလိုက်သည်။

ယယ်လင်္ဂါ ကျေနပ်သွားသည်။ သူက ပြုံးဖြီးဖြီးကြီးလုပ်ရင်း-

"ခုလိုပြောတာ ကျေးဇူးတင်ပါတယ်ဗျ။ အပြင်မှာရှိတဲ့ တကယ့်အမျိုးသမီးနာမည်က အယ်ဆီတဲ့၊ ကျွန်တော့် အမျိုးသမီးလေ၊ သူ့

ပုံကိုယူထားတာ"

"ဒါဆို ရှင်တို့ လင်မယားနှစ်ယောက် တူတူအလုပ်လုပ်နေကြတဲ့ သဘောပေါ့"

"ဟုတ်တယ်ဗျ၊ ခုဆို မက်စ်က အိမ်က မိန်းမအတိုင်းပဲ၊ ကျွန်တော့်ကို ဆူတတ်၊ ငေါက်တတ်လာပြီ"

"ကဲ-ဒါဆို ကျွန်မတို့ အလုပ်စကြစို့" ပက်က မက်စ်ဖက်သို့ လှည့်လိုက်သည်။

"မက်စ်၊ ရှင် အားမီးနီးစ်အခန်းထဲက သင်္ကေတတွေကို စစ်ဆေးပြီးပြီဆို"

"ဟုတ်ကဲ့"

"ဒါဆို ခုအဲဒီ သင်္ကေတတွေကို အင်္ဂလိပ် စာလုံးအဖြစ် ဘာသာပြန် ပေးနိုင်မလား"

"အပေါ်ရံ သဘောလောက်ပဲ ရဦးမယ်။ ဒါပေမဲ့ မကြာခင်ရမယ်လို့ ထင်ပါတယ်။ အမိုးမှာထွင်းထားတဲ့ သင်္ကေတ တွေကတော့ ကြယ်စင်

ဇယားနဲ့တူတယ်"

"ကြယ်စင် ဇယားဆိုတာကို ရှင်းပြပါ" ယယ်လင်္ဂါက အမိန့်ပေးလိုက်သည်။

"ကျွန်မ တွေ့သလောက်တော့ ဒီသင်္ကေတတွေဟာ နက္ခတ္တ ဗေဒမှာသုံးတဲ့ ကိုဩဒိနိတ်စနစ်ကိုသုံးပြီး ကောင်းကင်က ကြယ်တွေနဲ့

ဥက္ကာပျံတွေရဲ့ တည်နေရာကိုခန့်မှန်းဖို့ လုပ်ထားတာပဲ"

"ဆိုလိုတာက ကမ္ဘာလည်ပါတ်မှုကြောင့် အချိန်နဲ့အမျှ ရွေ့လျားနေတဲ့ ကြယ်စင်တွေရဲ့ တည်နေရာပေါ့" ပက်ထရစ်ရှာ

ကမေးလိုက်သည်။

"ဟုတ်ကဲ့။ သိပ္ပံအခေါ်အဝေါ်အရတော့ ပရီဆက်ရှင်း နဲ့နျူတေးရှင်းလို့ခေါ်ပါတယ်။ ကမ္ဘာလည်ပါတ်ခြင်းကြောင့်

အီကွေတာတစ်ဝိုက်မှာနေနဲ့လ ရဲ့ဆွဲအားဟာ အပြင်းထန်ဆုံးသက်ရောက်တယ်။ ဒီသက်ရောက်မှုကြောင့်ကမ္ဘာ့ဝင်ရိုး ဟာ အနည်းငယ် ပွထလာလို့

အီကွေတာနားမှာ ကမ္ဘာဟာရှိရင်းစွဲထုထည်ထက် ပိုမို ဖောင်းကြွလာပါတယ်။ ဆွဲအား ကြောင့်ဖြစ်တဲ့ဒီဖြစ်ရပ်ကို ပရီဆက်ရှင်းလို့ ခေါ်တယ်။

ဒီဖြစ်ရပ်ဟာ သူ့ချည်းသာ ပြီးမသွားပဲနှစ်ပေါင်း ၂၅၈၀၀ မှာ တကြိမ် စကြာဝဠာအတွင်း ပြောင်းလဲမှုတွေကိုဖြစ်ပေါ်စေတယ်။ ဒီထဲကမှ ပရီဆက်ရှင်း

တစ်ပါတ်လည်တဲ့ ၁၈.၆ နှစ် တိုင်းကြယ်တံခွန်တွေဟာ ၁၀ စက္ကန့်စာလောက် မူလလမ်းကြောင်းကနေ သွေဖီမှုရှိတာကိုနျူတေးရှင်း ဖြစ်ရပ်လို့

ခေါ်ပါတယ်" မက်စ်က ရှည်လျားစွာ လက်ချာပေးနေ၏။

"ဒါဆို အနာဂါတ်မှာ ဓူဝံကြယ်ဟာ မြောက်အရပ်မှာ ရှိချင်မှ ရှိတော့မှာပေ့ါ"

"အမှန်ပဲရှင့်၊ နောင်နှစ်ပေါင်း ၃၄၅ နှစ်လောက်ဆိုရင် ဓူဝံကြယ်ဟာ ရွေ့သွားပြီး မြောက်ဝင်ရိုးစွန်းမှာ နောက်ထပ်

ကြယ်တစ်လုံးကအစားထိုးဝင်ရောက်လိမ့်မယ်။ ခရစ်တော် မပေါ်မီ နှစ်တစ်ရာလောက်က ဗာနယ်အီကွီနော့စ် — ဒါနဲ့ ပက် ဒီစကားလုံးကို

သိရဲ့လား"

"ကျောင်းတုန်းက သင်ခဲ့ရတဲ့ နက္ခတ္တဗေဒ သင်ရိုးအတိုင်းဆိုရင်တော့ ဗာနယ်အီကွီနော့စ်ဆိုတာ နေက အီကွေတာကို တောင်ကနေ

မြောက်ကို ဖြတ်တဲ့အချိန်အီကွေတာပေါ်ကနေ ဖြတ်တိုင်းတဲ့ ထောင့်ချိုးအကွာအဝေးကို ပြောတာ ထင်တာပဲ"

"တော်လိုက်တာ ပက်ရယ်။ ပရော်ဖက်ဆာ လက်ချာပေးနေသလား အောက်မေ့ရတယ်။ ခုနကစကားပြန်ဆက်ရရင် ခရစ်တော်မပေါ်ခင်

နှစ်ပေါင်းတစ်ရာက ဗာနယ်အီကွီနော့စ်စနစ်————-"

ပက် စိတ်မရှည်ချင်တော့။ မက်စ်သည် စကားများလွန်းသည်။ သူသိတိုင်း၊တတ်တိုင်း၊ လျှောက်ပြောသမျှ နားထောင်

နေရလျှင်ဖြင့်လိုရင်းရောက်ဖို့မလွယ်။ စကား အမြန်ဖြတ်မှ။

"ဆိုတော့ အားမီးနီးစ် အခန်းခေါင်မိုးက သင်္ကေတတွေဟာ အတိတ်ကာလက ကြယ်စု စနစ်တွေကို ပြတာပေါ့"

"ဟုတ်တယ်" သူ့စကားကိုဖြတ်ပြော၍ ကွန်ပြူတာမမက်စ်က ရွှေစိတ်တော်ဆိုးလေသည်လားမသိ။ ပက်၏ အမေးကို

ခပ်ပြတ်ပြတ်ဖြေ၏။

"ရှေးခေတ်က လူတွေမှာ ဒီလောက်သိပ္ပံနည်းကျ တိုင်းတာတွက်ချက်မှုတွေ ရှိခဲ့လို့လား"

"ကျွန်မ ဘာတွေ့ရသလဲ ဆိုတော့ ဒီကြယ်စင် ဇယားကိုထွင်းထုခဲ့သူတွေရဲ့အသိဉာဏ်ဟာ လွန်ခဲ့တဲ့ နှစ်တစ်ရာ လောက်က

ထိပ်ထိပ်ကြဲ နက္ခတ္တဗေဒပညာရှင်ဆိုတဲ့လူတွေထက် အဆပေါင်းများစွာသာတယ်။ ဂြိုလ်တွေရဲ့ တည်နေရာ၊ နေ၊လအကွာအဝေး၊ ဂယ်လက်စီ

ကြယ်စုတွေရဲ့ အနေအထား အားလုံး ခုခေတ် သိပ္ပံနည်းကျအတိုင်းအထွာ တွေနဲ့ ဘာမှ မကွာဘူး။ အံ့ဩစရာကောင်းတာက လွန်ခဲ့တဲ့ရာစုနှစ်ကမှ

တွေ့ရှိတယ်လို့ကြွေးကြော်ထားတဲ့ ပလူတို ဂြိုလ်ဟာဒီမြေပုံထဲပါနေတာပဲ"

ပက်သည် ယယ်လဂါကို လှည့်ကြည့်လိုက်သည်။

"မက်စ်အနေနဲ့ အခန်းခေါင်မိုးက နက္ခတ္တ မြေပုံကို ဖော်ထုတ်နိုင်ပြီဆိုတော့ နံရံပေါ်က စာတွေကို ဘာသာပြန်ပေး နိုင်မလား၊ ကျွန်မ

ဂဏန်းရေးနည်းစနစ်တစ်ခုကိုတော့ ဖော်ထုတ်နိုင်ပြီ"

"ကျွန်မကို ညနေငါးနာရီ အထိအချိန်ပေးပါ။ ရှင်တို့လိုချင်တာ ရစေ့မယ်"

"အိုကေ" ယယ်လင်္ဂါကမက်စ် ကိုပြန်ပြောလိုက်သည်။

"မက်စ်က ကျွန်မတို့လူတွေအနေနဲ့ လန်နှစ်နဲ့ချီကြာအောင်လုပ်ရမဲ့ပရောဂျက်မျိုးကို နာရီပိုင်းနဲ့ပြီးအောင်လုပ်မတဲ့လား"

ပက်ထရစ်ရှာကမယုံတဝက်၊ ယုံတဝက်ဖြင့် ယယ်လင်္ဂါကို မေးလိုက်သည်။

ယယ်လင်္ဂါ ကကော်ဖီအေးကို အရသာခံသောက်ရင်း-

"မက်စ် ကိုအထင်မသေးနဲ့ ခင်ဗျ။ ကျွန်တော်သူ့ကို တီထွင်ဖို့အချိန်အများကြီးပေးခဲ့ရတယ်။ အခုတော့ ကျွန်တော့်

အတွက်ရော၊အဖွဲ့အစည်းအတွက်ပါ မက်စ်က အသက်ပဲဗျ"

"ရှင်အဲဒီအတွက် မူပိုင်ခွင့်မရဘူးလား"

"ကျွန်တော်တို့ အကြီးအကဲ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာ ဟာ သာမာန် ဗျူရိုကရက်အရာရှိကြီးတစ်ဦး မဟုတ်ဖူးဗျ။ သူနဲ့ ကျွန်တော့်ကြားမှာ

နူတ်ကတိရှိတယ်။အစိုးရဌာန အသီးသီးက အဏ္ဏဝါ ဗေဒနဲ့ ပက်သက်ပြီး ရှာခိုင်းတဲ့ သတင်းအချက်အလက် တန်ဖိုးရဲ့ တစ်ဝက်ကို အသုံးလုံးက

ရပြီး တစ်ဝက်ကိုကျွန်တော်ရတယ်လေ။ ဒါကြောင့် ကျွန်တော် မိသားစုနဲ့ ကောင်းကောင်းမွန်မွန်နေနိုင်တာပေါ့"

"ရှင်တို့ အဖွဲ့အစည်းက လူတွေက တစ်ခြား အစိုးရဌာနတွေနဲ့ မတူဘူးနော်"

"ဒီဌာနမှာ အလုပ်လုပ်ရတာ ကျွန်တော် အင်မတန်စိတ်ချမ်းသာတယ်ဗျ။ ဆန်ဒက်ကာ၊ ရူဒီဂန်၊ ပစ်၊ အယ်လ် အားလုံး ကလည်း

လူကောင်း တွေချည်းပဲလေ”

“ရှင်သူတို့နဲ့ အလုပ်လုပ်တာ ကြာလှရောပေါ့”

“ခုဆို ဆယ့်ငါးနှစ်နီးပါးတော့ ရှိပြီဗျ။ အင်မတန်ခက်ခဲ၊ အရမ်းအန္တရာယ်များခဲ့တဲ့ ကာလတွေလည်း အများကြီးပေါ့။

ဒီလိုပဲလက်တွဲကျော်ဖြတ်ခဲ့ကြတာပဲ”

“ကျွန်မတို့ မက်စ်ကို စောင့်နေတုန်း နံရံပေါ်က သင်္ကေတတွေကို
တစ်ခေါက်လောက်ထပ်ကြည့်ကြရအောင်၊ သဲလွန်စ လေးများ

ရလိုရငြားပေါ့”

ယယ်လင်္ဂါက ခေါင်းညိတ်လိုက်ပြီး ကွန်ပြူတာကီးဘုတ်တွင် စာလုံးအနည်းငယ် ရိုက်ထည့်လိုက်သည်။

စက္ကန့်ပိုင်းအတွင်း အားမီးနီးစ်အခန်း၏ ဟိုလိုဂရပ်ဖစ် ပုံရိပ်ယောင်သည် သူတို့ကို
လွှမ်းခြုံအုပ်မိုးလျှက်ရှိသည်။

“ဘာမှန်းမသိတဲ့ လက်ရေးမူတစ်ခုကို အဓိပ္ပါယ်ဖော်တော့မယ်ဆိုရင်ပထမဆုံးလုပ်ရမဲ့ အလုပ်က
ဗျည်းနဲ့ သရ ခွဲဖို့ပဲ။ ကျွန်မကတော့

ဒီသင်္ကေတတွေကိုအက္ခရာစာလုံးတွေလို့ပဲ လောလောဆယ် ကောက်ချက်ချထားတယ်”

“ဒါဆို ပထမဆုံး စာလုံးက ဘယ်ဟာလဲဗျ”

“အဲဒါ ခက်နေတာပေါ့။ ကျွန်မသိသမျှ ရှေးဟောင်းအက္ခရာတွေထဲမှာဒီလိုသင်္ကေတမျိုး တစ်လုံးမှ
မပါဘူး။ ဆဲလ်တစ် အော့ခ်ဟမ်

စာလုံးနဲ့တော့အဆုံးသတ်ပိုင်းတွေမှာ ရေးရေးလေး တူသလိုပဲ”

“မက်စ် ထဲမှာတော့ ဒီသင်္ကေတတွေ ကိုကုဒ်လုပ်ပြီးသွားပြီဗျ။ မက်စ်ရဲ့အကူအညီကိုယူပြီး
အဓိပ္ပါယ်ဖော်မယ်ဆိုရင် တော့ ကျွန်တော်

ပရိုဂရမ်တစ်ခုထပ်ထည့်ပေးလိုက်မယ်”

“ကောင်းတယ်။ နည်းမျိုးစုံ သုံးကြည့်ရမှာပဲ”

သူတို့ နှစ်ဦးသည် တစ်နေ့လုံး အကွာရာ၊ သင်္ကေတများနှင့် နပန်းလုံးနေကြသည်။
နေ့လည်စာစားချိန်တွင်လည်း မနား၊ အောက်ထပ်

စားသောက်ဆိုင်မှဆန်းဒဝစ်ချ်များနှင့် အချိုရည်များ မှာ၍ သဲကြီးမဲကြီး အလုပ်ဆက်လုပ်ကြသည်။
ညနေ ငါးနာရီထိုးခါနီးအထိ အရှုးမီးဝိုင်းသကဲ့သို့

အပြင်းအထန်လုပ်ကြသော်လည်းအဖြေကား နတ္ထိ၊ ပက်ထရစ်ရှာ တစ်ယောက်
သေချင်စော်နံလောက်အောင် စိတ်ပျက်နေပြီ။

"ဂဏန်းတွေက အသိရလွယ်သလောက် ဒီအက္ခရာတွေက ဘာကြောင့်ဒီလောက်ခက်နေရတာလဲ"

"စိတ်မပျက်ပါနဲ့ဗျ၊ မနက်ဖြန်ဆက်လုပ်ကြတာပေါ့" ယယ်လဂါက ပက်ကို နှစ်သိမ့်ပေးနေ၏။

"ကျွန်မ မပင်ပန်းပါဘူး"

"ကျွန်တော်လည်း မပင်ပန်းပါဘူး။ ဒါပေမဲ့ နားဖို့တော့လိုတယ်ဗျ။ခဏလေးနားလိုက်မှ
ဉာဏ်ကထွက်လာတတ်တာ။ ညကျရင်

မက်စ်ကိုပရိုဂရမ်ထည့်ထားလိုက်မယ်။ မနက်ဖြန် သူ့ဆီက အဖြေတစ်ခုခုတော့ ရမှာပေါ့"

"ရှင်ကောင်းသလိုသာလုပ်ပါတော့"

"ခု ကျွန်တော်တို့ မက်စ်ကို ခေါ်ပြီး သူဘာတွေ သိရပြီလဲ မေးကြည့်ကြစို့"

ယယ်လဂါသည် မည်သည့်ကွန်ပြူတာ ကီးဘုတ်ခလုတ်ကိုမှ မနှိပ်ပဲ မက်စ်ကို
ပါးစပ်ဖြင့်ပင်ခေါ်လိုက်၏။

"မက်စ် အချစ်လေးရေ၊ မင်းဘယ်မှာလဲ"

စကရင်ပေါ်တွင် မက်စ်မျက်နှာပေါ်လာသည်။ မျှေချောက စူပုပ်နေ၏။

"ကျွန်မ ရှင်တို့ကို နှစ်နာရီ နီးပါးစောင့်နေရတယ်ရှင့်၊ သိရဲ့လား"

"ဆောရီးပါ အချစ်ရယ်၊ ကိုယ်တို့ အရမ်းအလုပ်ရှုပ်နေလို့ပါ" ယယ်လဂါသည်မက်စ်အား တကယ့်ကို အလေး အနက် ပြာပြာသလဲ

တောင်းပန်နေ၏။ မရွှေမက်စ်ကလည်းယောက်ျားကို စိတ်ကောက်သော မိန်းမသဖွယ် နှုတ်ခမ်းကြီး စူထား၏။လိုက်လည်းလိုက်သည့်စုံတွဲ။

တကယ့်ကို ဘုန်းကြီးရှုးနင့်လေ့လူး။

"မက်စ်ရေ၊ ရှင်ဘာတွေသိရပြီလဲ" ပက်ထရစ်ရှာက စိတ်ပြေလိုပြေငြား မက်စ်ကို ချော့ပြောလေးပြောလိုက်သည်။

"ရှင်တို့ သိချင်တာမှန်သမျှ အကုန်ပြောပြမယ်။ ကျွန်မက ရှင်တို့လိုအလုပ်ကိုဇိမ်ဆွဲပြီး လုပ်တတ်တဲ့လူမျိုးမဟုတ်ဖူး"

ကွန်ပြူတာမကာဒီလိုပြောတော့ သေဟဲ့ နန္ဒိယ။

"အသေးစိတ်မပြောနဲ့တော့ မက်စ်ရေ။ လိုရင်းပဲပြောကွာ" သူ့ကွန်ပြူတာ၏ အကြောကိုသိသော ယယ်လဂါက မက်စ်ကို

တိုက်တွန်းလိုက်သည်။

"ဟုတ်ပြီလေ။ ပထမဆုံးအနေနဲ့ ကောင်းကင်မှာရှိတဲ့ ကြယ်တွေနဲ့ဥက္ကာပျံတွေရဲ့ ကိုဩဒိနိတ်ကို ရှာရာမှာ ကျွန်မအနေ နဲ့

ခက်ခဲရှုပ်ထွေးတဲ့ဂျီယိုမက်ထရစ်နည်းပညာအကူအညီကို ရယူခဲ့ရတယ်။ အသေးစိတ်တော့ မပြောတော့ပါဘူး။အဲဒီမှာ ပြဿနာက အမှန်တကယ်

ကောင်းကင်ရဲ့ အတိုင်းအတာနဲ့ အားမီးနီးစ်အခန်းခေါင်မိုးရဲ့ အတိုင်းအတာ ဒိုင်မင်းရှင်းကို တိုင်းတာတွက်ချက်ရတာပဲ။ကြယ်တွေရဲ့တည်နေရာ

ဟာဘယ်လောက်ပဲ ရွှေ့လျား ရွှေ့လျား၊ အိုရီယွန်ကြယ်စုခါးပါတ်ထဲက ဆီးရီးယပ်စ်ဆိုတဲ့ ခွေးကြယ်ကတော့နေရာအပြောင်းအလဲမရှိဘူး။

ဒါကြောင့် ဆီးရီးယပ်စ်ကို ပင်တိုင်ထားပြီးတွက်ရတယ်။ အသေးစိတ်အတွက်အချက်အတွက်ကိုတော့ အမျိုးသား သိပ္ပံ စင်တာက

နက္ခတ္တကွန်ပြူတာကို လှမ်းချိတ်ပြီး တွက်ခိုင်းလိုက်တယ်"

"ဘယ်လို၊ ဘယ်လို၊ မက်စ်ရေ၊ မင်းလုပ်တာနဲ့ ငါတော့ ပြဿနာတက်တော့မှာပဲကွာ"ယယ်လဂါက ငြီးတွားလိုက် သည်။

မက်စ်ဆိုသော ကွန်ပြူတာသည် သူ့ဖာသာဆုံးဖြတ်ချက်ချနိုင်ကြောင်း တွေ့ရ၍ ပက်ထရစ်ရှာ ထပ်မံအံ့သြရ ပြန်သည်။

"အို ကိစ္စမရှိပါဘူး၊ ကျွန်မတို့ချင်း ပြေလည်ပါတယ်" မက်စ်က ပြန်ပြောလိုက်သည်။

"ကဲ ထားပါတော့လေ။ ဆက်ပါဦး"

"နက္ခတ္တကွန်ပြူတာရဲ့ အကူအညီနဲ့ ဆီးရီးယပ်စ်ကြယ်နဲ့ အိုရီယွန်ကြယ်ကြားလက်ရှိ အကွာအဝေးခြားနားချက်ကို ရှာ တယ်။

ပြီးတော့အားမီးနီးစ်အခန်းခေါင်မိုးက ဆီးရီးယပ်စ်နဲ့ အိုရီယွန်အကွာအဝေးခြားနားချက်ကို ရှာတယ်။ အကွာအဝေးခြားနားချက်ကို ကိုသြ

ဒိနတ်တွက်လိုက်တော့ သူတို့စတင် ထွင်းထုခဲ့တဲ့ အချိန်ကို ပြန်ရှာလို့ရတာပေါ့။အဲဒါ အားမီးနီးစ်အခန်းရဲ့ သက်တမ်းပဲ"

ပက် အသက်ရှူရပ်သွားသည်။

"ဒါဆို ဒါဆို။ ဒီအခန်း သက်တမ်းဘယ်လောက်ရှိတယ်ဆိုတာ ရှင်သိပြီပေါ့"

"ဟုတ်တယ်။ သိပြီ"

"ဒီအခန်းက နှောင်းခေတ်လူတွေ လုပ်ခဲ့တဲ့ အတုကြီးလား" ယယ်လဂါက စိတ်စောစွာမေးလိုက်၏။ ဟုတ်တယ်ဟု ပြန်ဖြေမှာကို

သူရော ပက်ပါ ကြောက်နေမိသည်။

"မဟုတ်ဖူးရှင့်၊ ဒီအခန်းကို ထွင်းခဲ့တဲ့ လူတွေဟာ ပထမတန်းစားနက္ခတ္တပညာရှင်တွေပဲ။ နက္ခတ်ပညာကို ဌာန်ကုန်

အောင်တတ်တဲ့လူတွေ။ ကိုလိုရာဒိုကမိုင်းတွင်းတူးသမားတွေ ဘယ်ဟုတ်လိမ့်မလဲ"

"မက်စ်ရေ။ ပြောမှာသာ ပြောစမ်းပါရှင်။ ဒီအခန်းကို ဘယ်အချိန်လောက်ကတည်ဆောက်ခဲ့တာလဲ" ပက်က မက်စ်ကို

တောင်းတောင်းပန်ပန် ဖြင့်လိုရင်းရောက်အောင်မနည်းဆွဲမေးနေရသည်။ အဖြေကို သိချင်လှပြီကိုး။

"ကျွန်မ ပြောမဲ့ အချိန်မှာ အပိုအလို နှစ်တစ်ရာလောက်တော့ ရှိနိုင်တယ်နော်"

"ဒါဆို ဒီအခန်းသက်တမ်းဟာ နှစ်တစ်ရာမက ဘူးပေါ့"

"ရှင်တို့ ယုံနိုင်ဖ်ိုမ့်ဖို့ တော့ခက်ခဲလိမ့်မယ်။ ရှင်တရှိ့ ကိုလိုရာဒိုကျောက်တောင်ထဲက အားမီးနီးစ်ဆိုတဲ့အခန်းဟာ

လွန်ခဲ့တဲ့နှစ်ပေါင်းကိုးထောင်၊ အတိအကျပြောရင် ခရစ်တော်မပေါ်မီ နှစ်ပေါင်းခုနစ်ထောင့် တစ်ရာက တည်ဆောက်ခဲ့တဲ့ အခန်းပဲ"

ဂျီယိုဒီနိုသည် အရှေ့တက်စနံနက် လေးနာရီခန့်တွင် တောင်အာဖရိကနိုင်ငံ၊ ကိတ်တောင်းမြို့ပြင်ရှိလေယာဉ်ကွင်း ဟောင်းတစ်ခုမှနေ၍

ပါရှန်းအပြာရောင်သန်းစပြုနေပြီဖြစ်သောကောင်းကင်ပြင်သို့ ဘယ်လ်-ဘိုရင်း ၆၀၉ တော့လ်-ရိုတာ လေယာဉ်ကြီးကိုမောင်းတက်လာခဲ့သည်။

ဟယ်လီကော်ပတာများကဲ့သို့ ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်သည့် တော့လ်-ရိုတာလေယာဉ်သည် မြေပြင်မှ ပေငါးရာအကွာအထိ

ဒေါင်လိုက်ကြီးတက်လာခဲ့သည်။ ထို့နောက်တွင် တော့သာမာန်လေယာဉ်တစ်စီးကဲ့သို့ပင် လေထုထဲသို့ ကျော့ကျော့မော့မော့ပျံသန်းသွားတော့၏။

ခရီးသည် ကိုးယောက်ဆန့်သောတော့လ်-ရိုတာသည် ဂျီယိုဒီနိုနှင့် ရှုဒီဂန်းနှစ်ဦးတည်းကိုသာတင်ဆောင်လာခဲ့သည်။ ဂျီယိုဒီနိုသည်

အမျိုးမျိုးတွက်ချက်ပြီးမှ ဤလေယာဉ်ကို ကိတ်တောင်းမှ စင်းလုံးငှားလာခဲ့ခြင်းဖြစ်သည်။သူတို့သွားရ မည့် ခရိုဇက်ကျွန်း အနီးတွင် မည်သည့်

'အ'သုံးလုံး သုတေသနရေယာဉ်မှမရှိ။ အနီးဆုံး သုတေသန ရေယာဉ်သည် ခရိုဇက်ကျွန်းနှင့်မိုင်တစ်ထောင်အကွာတွင်ရှိသည်။ ကိတ်တောင်းနှင့်

ခရိုဇက်ကျွန်းအသွားအပြန်မိုင် နှစ်ထောင့်လေးရာခရီးကို ဟယ်လီကော်ပတာ ဖြင့်သွားလျှင်အနည်းဆုံး လေးကြိမ်ခန့် ဆီဖြည့်ရန် ဆင်းသက်ရမည်။

ဒီတော့ဆီလည်းဖြည့်စရာမလို၊ ဟယ်လီကော်ပတာလိုလည်း ကျွန်းပေါ်တစ်ခါတည်းဆင်းနိုင်သည့်ဗ၀၉ တော့လ်-ရိုတာသည် ဤခရီးအတွက်

အကောင်းဆုံးဖြစ်သည်။

သို့သော်လည်း အရေးကြီးသည်မှာ လောင်စာဆီဖြစ်၏။ ဆီအပြည့်ဖြည့်ထားသော တော့လ်-ရိုတာသည် အသွားလေးနာရီ၊ အပြန်လေးနာရီ

အပြင် ပိုပိုလိုလိုလေထဲနေချိန် တစ်နာရီခွဲခန့် အထိတော့ လုံလောက်သည်ဟု ယူဆရ သည်။ တကယ်တော့လည်းယူဆရသည် ဆိုသည်က

ယူဆချက်ပဲ ဖြစ်သည်။ သေချာသည့်အလုပ်တော့မဟုတ်။ ဂျီယိုဒီနီဆိုသည်ကလည်း သူ့သက်တမ်းတစ်လျှောက် သေချာသည့်အလုပ်ကို

တစ်ခါမှလုပ်ဖူးခဲ့သူမဟုတ်။ ဤခရီးသည် ကစားပွဲတစ်ခုဆိုလျှင် ထိပ်ပေါက်၊ ခေါင်းကွဲ၊ အကျိုးနည်းဖို့ လမ်းများသည့်ကစားပွဲမျိုး၊

ဂျီယိုဒီနီကဒါမျိုးဆို အသည်းစွဲ။ အတူလိုက်ပါလာသူ ရှုဒီဂန်းကိုတော့ ကိတ်တောင်းနှင့်ခရိုဇက် အကန်းတောင် သွားလို့ရသည့်ခရီးဟု ဖြီး

ချလာခဲ့သည်။

နောက် မိနစ်သုံးဆယ်အကြာတွင် သူတို့နှစ်ယောက်သည် အိန္ဒိယသမုဒ္ဒရာ အထက်ပေ၁၂၀၀၀ တွင်အရှေ့တောင်ဖက်ကို ဦးတည်၍

ပျံသန်းနေကြသည်။ ဂျီယိုဒီနီသည်လောင်စာဆီကို စစ်ဆေးကြည့်ပြီးနောက် လေယာဉ်ကို တစ်နာရီမိုင်သုံးရာနှုန်းဖြင့် အလိုလျှောက်မောင်းနှင်ရန်

စီမံပြီး ရှုဒီဂန်းဖက်သို့လှည့်လိုက်သည်။

"ရှုဒီ ခင်ဗျားမှာ ဒီသောက်ရှူးခရီးစဉ်ကြီးနဲ့ ပက်သက်လို့ နောင်တများရနေခဲ့ရင် ခုချိန်မှာ သိပ်နောက်ကျသွားပြီနော်"

ရှုဒီဂန်းက ပြုံးလိုက်သည်။

"အေးကွ၊ အစည်းဝေးခန်းထဲမှာ မင်းငါ့နားလာထိုင်ကတည်းက မျက်ခုံးတွေလှုပ်နေလိုက်တာ၊ ခုထင်တဲ့ အတိုင်း ဖြစ် တော့တာပဲ"

"ခြောက်ရက်လောက် ကြာမဲ့ ဒီခရီးအတွက် နောက်ကြောင်းအေးအောင် ခင်ဗျား ဘယ်လိုစီမံခဲ့သလဲ"

"ရုံးမှာတော့တို့ အသုံးလုံးနဲ့ဒိန်းမိတ် မနုဿဗေဒပညာရှင်တွေတွဲလုပ်နေတဲ့ ရေအောက်သုတေသနပရောဂျက်အတွက်

ဘောလ်တစ်ပင်လယ်အော်ကို သွားရမယ်လို့ ပြောခဲ့တယ်ကွ"

"အဲဒီ ပရောဂျက် ရှိရောရှိလို့လားဗျာ၊ ကျုပ်ဖြင့် မကြားဖူးပေါင်"

"ရှိတာပေါ့ကွ၊ မယုံရင် လေယာဉ်ပေါ်က ခုန်ချကြေးလောင်းမလား။ ဗိုက်ကင်း သင်္ဘောတစ်စီးတွေ့ထားတယ်မောင်"

"ကဲ-ကဲ နယ်မြေလေ့လာရေးလေး လုပ်လိုက်ပါဦး" ပြောပြောဆိုဆို ရှုဒီဂန်းကို မြေပုံကြီးနှစ်ချပ်ထိုးပေးလိုက်သည်။

"စိန့်ပေါလ်ကျွန်းက ဘယ်လောက်ကြီးသတဲ့လဲ"

"နှစ်မိုင်ခွဲ လောက်ပဲရှိမယ်ဗျ"

ဂန်းသည် ဂျီယိုဒီနိကို လှည့်ကြည့်လိုက်သည်။ မျက်မှန်ထူကြီးများနောက်ကသူ့မျက်လုံးက သေးသေးကလေးဖြစ်နေ သည်။ ပြီးမှ

လေးလေးပင်ပင်ကြီး ပြောလိုက်၏။

"အေး-တို့များကံကောင်းပါစေလို့ ဆုတောင်းပါတယ်ကွာ"

သုံးနာရီနီးပါးခန့် ပျံသန်းခဲ့ကြပြီးနောက် ဓါတ်ဆီကုန်သက်သာအောင်ဂျီယိုဒီနိသည် လေယာဉ်ကိုလေဟုန်စီးနေ၏။ အိန္ဒိယသမုဒ္ဒရာသည်

အဝေးမှာကျန်ခဲ့ပြီ။ ဂျီယိုဒီနိသည် ကောင်းကင်ပြာပြာနှင့် တိမ်သားဖြူလွလွတို့ကိုကြည့်ရင်း သူ့အကျင့်အတိုင်း ဆယ်မိနစ်ခန့်

ငုပ်တုပ်ကြီးအိပ်ပျော်သွား၏။ အအိပ်မက်လှသည့် ဂျီယိုဒီနိနှင့်ကွဲပြားလှစွာပင် ရှုဒီဂန်းသည် အိပ်မပျော်သည့်ရောဂါ ရှိသူတစ်ဦးဖြစ်သည်။

အပူသည်ကြီးဟုဂျီယိုဒီနိက ပေးထားသောနာမည်အတိုင်း ဂန်းသည် အလွန်အင်မတန်ပူတတ်ပင်တတ်သူဖြစ်၏။ တီဟီတီကမ်းခြေက

ဇီးပင်အောက်ထိုင်နေလျှင်ပင် သက်တောင့်သက်သာ နေနိုင်မည့်လူမျိုးမဟုတ်သည့် ဂန်းသည် ခုလည်းနာရီတကြည့်ကြည့်၊ ဂျီပီအက်စ်ကို

တမျှော်မျှော်နှင့် နေမထိ ထိုင်မသာဖြစ်နေသည်။ ရုတ်တရက် ရှုဒီဂန်းက အသံကျယ်ကြီးဖြင့် အိပ်ပျော်နေသည့်ဂျီယိုဒီနိကို-

"ဟဲ့ ဖွတ်ကျားကောင်၊ ငိုက်မနေနဲ့၊ ဆင်းဖို့ပြင်ထား၊ ရှေ့လေးမိုင်ဆိုရောက်ပြီ" ဟုပြောလိုက်သည်။

ဂန်း၏အသံကြားမှ ဂျီယိုဒီနိသည် ဖျတ်ကနဲ ပြန်နိုးလာပြီးပျာယီးပျာယာဖြင့် လေယာဉ်လမ်းကြောင်း ကို စစ်ဆေးနေ၏။

တကယ်တော့လည်းဒီစိန့်ပေါလ်ကျွန်းကို မတွေ့မှာ စိုးရိမ်စရာမရှိလှပါ။ သူတို့၏ တော့လ်-ရိုတာလေယာဉ်တွင် နောက်ဆုံးပေါ် ဂျီပီအက်စ်

ကိရိယာတပ်ဆင်ထားသည်မဟုတ်လား။ မြေပုံကြည့်၍ လေယာဉ်မောင်းသည့်ခေတ် အတိတ်မှာကျန်ရစ်ခဲ့ပြီကော။

ဂျီယိုဒီနိသည် လေယာဉ် ကွန်ထရိုးခလုတ်ကို ရှေ့သို့တစ်လက်မခန့် ရွှေ့လိုက်သည်။ တော့လ်-ရိုတာသည် ဖြေးညှင်းစွာ ဖြင့် အောက်သို့

ဆင်းသက်စပြုပြီ။ ထူထပ်လှသော တိမ်ထုကြောင့် ဘာမှမမြင်ရ။ ကိရိယာများကိုသာ အားကိုး၍ မမြင်မစမ်းဆင်းလာကြရသည်။ အမြင့်ပေ

ငါးထောင်ခန့်ရောက်သောအခါ တော့လ်-ရှိတာသည်တိမ်ထုထဲမှဖောက် ထွက်လာနိုင်ပြီး ပင်လယ်ပြင်ကြီးကို ဘွားကနဲတွေ့လိုက်ကြရသည်။

"တော်လိုက်တဲ့ရှုဒီ၊ ရှေ့လေးမိုင်ဆို ရောက်ပြီဟုတ်လား၊ ခင်ဗျားက ကျွန်းရဲ့နာခေါင်းနဲ့ လေယာဉ်တိုက်မိခါနီးမှ ကျုပ်ကို

ပြောတော့တာပဲဗျ"ဂျီယိုဒီနီက သူ့ဖာသူအိပ်ပျော်နေသည်ကို ရက်ရမ်းရမ်းပြီး ဂန်းကိုပွမ်နေ၏။ ဂန်းက သွားလေးဖြဲ၍-

"အေးပါကွာ၊ နောက်တစ်ခါဆို ငါပိုကောင်းအောင်လုပ်ပါ့မယ်" ဟု ပြန်ပြောရာသည်။

မိုးက သည်းထန်စွာရွာနေပြီး လေကလည်း ခပ်ပြင်းပြင်းတိုက်ခတ်နေ၏။

ဂျီယိုဒီနီက လေယာဉ်ကို ဂရုတစိုက်ထိန်းရင်း "ရှုဒီ၊ ဆင်းဖို့နေရာရှာထား" ဟုပြောလိုက်သည်။ လက်မလောက်သော ရှိသော

ကျွန်းကလေးကို မီးတောင်ကြီးကအပြည့်နီးပါးနေရာယူထားသဖြင့် မြေနေရာလွတ်ကို ရှာမတွေ့နိုင်ဖြစ်နေသည်။ ကျွန်းကို

တစ်ပတ်ပါတ်ကြည့်သော်လည်း ဘယ်နေရာမှ ဆင်းသက်ရန်နေရာ ရှာမတွေ့။ ဆင်ပြောင်ကြီး အမြီးကျမှ တစ်ကိန်းဆိုက်နေပြီ။

ရှုဒီဂန်းက မျက်မှန်ကို ချွတ်၍ မျက်လုံးကို ပွတ်သပ်ရင်း-

"ငါ့လခွေးတဲ့မှ၊ ကျောက်တောင် သက်သက်ပဲကွ၊ မြေဆိုလို့ တစ်လက်မတောင်မရှိဘူး" ဟုပြောလိုက်သည်။

"ခင်ဗျား ကျုပ်ကို ပြန်လှည့်ကြစို့ လို့တော့မပြောနဲ့နော်" ဂျီယိုဒီနီကခပ်ငေါ့ငေါ့ပြော၏။ ရှုဒီဂန်းအကြောင်းသူသိသည်။

အရှုံးရာယ်ဆိုသည်ကိုစာလုံးတောင်ပေါင်းချင်သူမဟုတ်။

"အေးပါ။ ငါကလည်း ဆင်းလို့မရဖူးလို့ မပြောပါဘူး၊ ဟိုမှာတွေ့လားအနောက်ဖက် တောင်ခြေမှာ ခပ်ပြန့်ပြန့် နေရာလေး။ မြေပြင်ကနေ

ပေငါးဆယ်နဲ့တစ်ရာကြားမြင့်လိမ့်မယ်"

ဂျိယိုဒီနိုက ဂန်းပြသည့်နေရာကို ငုံ့ကြည့်လိုက်ပြီး အတော်လန့်သွားသည်။

"ဟေ့လူ၊ ဟုတ်မှလည်းလုပ်ပါ။ ရုပ်ရှင်ထဲက ဟယ်လီကော်ပတာတွေတောင် အဲဒီနေရာ မဆင်းဘူး။ ကျုပ်တို့က လေယာဉ်ပျံနော်"

ဟုပြောလိုက်သည်။

"အဲဒီနေရာလေးမဆိုးဘူးကွ၊ မဆိုးဘူးဆိုတာထက် သူ့ထက်ကောင်းတာ မရှိတော့ဘူး၊ ဆင်းချင်ဆင်း၊ မဆင်းချင် နေကွာ"

ဂန်းညွှန်ပြသော နေရာကား ထရပ်ကားတစ်စီး၏ နောက်ခန်းထက်ပိုမကျယ်။မတတ်နိုင်တော့။ သည်နေရာကိုသာ ဆင်းသက်ရတော့မည်။

လေက ရှေ့ဖက်မှတိုက်နေသည်ကို ကျေးဇူးတင်ရမည်။ တော့လ်-ရိုတာ၏ ဒေါင်လိုက်သက်ဆင်းနိုင်သည့် ပန်ကာဒလက်များ စတင်လည်ပါတ်ပြီ။

ဂျိယိုဒီနိုသည် လေယာဉ်ကိုသူ့ခံစားမှု သက်သက်ဖြင့် ကြိုးစား ဆင်းသက်နေသည်။ အောက်ခြေတွင်မွစာကြဲနေသည့် ကျောက်တုံးကလေးများက

လေယာဉ်ပျက်စီးလောက်အောင်မကြီးပါစေနှင့်ဟု ဆုတောင်းရုံမှတပါး တခြားလည်း လုပ်စရာမရှိတော့။

တော့လ်-ရိုတာသည် ဦးပိုင်းမှစ၍ နိမ့်ဆင်းလာသည်။ အနီးကပ်ကြည့်တော့ဆင်းသက်ရမည့်နေရာသည် ထင်သ လောက် မပြန့်ပြူး၊

ကြီးမားသောကျောက်တုံးတစ်တုံးက အလယ်မှာမို့မို့ မောက်မောက်လေးဖြစ်နေ၏။ ဂျိယိုဒီနို မတစဖူး ဘုရားတနေ၏။ နောက်ဆုံးတော့ တော့လ်-

ရိုတာ၏ ရှေ့ဘီးနှစ်လုံးမြေသို့ထိသွားပြီး နောက်ဘီးများက မြေပြင် ကို အသာအယာကျသွား၏။ မို့မောက်နေသော ကျောက်တုံးကို ကားယားခွ၍

ဆင်းသက်ထားသော တော့လ်-ရိုတာ၏အသွင်မှာ ဥဝပ်နေသော ငန်းရိုင်းမ ဝဝကြီးသဖွယ်ဖြစ်နေသည်။

ဂျိယိုဒီနိုသည် သက်ပြင်းမောကြီးချလိုက်ပြီး စက်သတ်လိုက်၏။ ရူဒီဂန်းဖက်လှည့်၍-

"ကဲ ရောက်ပြီ" ဟုပြောလိုက်သည်။

ရှုဒီဂန်း၏ မျက်နှာသည် ပြုံးပြုံးကြီး ဖြစ်နေ၏။ သူက ဂျီယိုဒီနိုဖက်သို့လှည့်၍-

"မင်းလုပ်နိုင်မယ်ဆိုတာ ငါသိသားပဲ" ဟု ပြော၏။ ပြီးနောက် တံခါးကိုဖွင့်ကြည့်လိုက်သည်။

အလိုလေးလေး။ သူ့ဖက်ကတံခါးနှင့် လေးပေမျှပင် မဝေးသောနေရာမှာ ပေရှစ်ရာထက်မနည်းသော ချောက်ကြီး၊

လေယာဉ်နောက်မြီးကလည်း လေထဲမှာစွန်းထွက်နေသည်။ ဂန်းမျက်နှာမှ အပြုံးပျောက်ကွယ်သွား၏။

"ဟော့ကောင်၊ ကံကောင်းလို့ကွ" ပြုံးတုံး ပြဲတဲနှင့် ဂျီယိုဒီနိုကို ကြည့်နေသော သူ့မျက်နှာကို ကြည့်ရင်း ရယ်ချင်လာ သည်။

"ကဲ-ကျုပ်တို့ ခရီးစကြစို့၊ ခင်ဗျားမှာ လမ်းကြောင်းရှိသလား"

"ပစ်အပြောအရတော့ ပိုလ်မှူးကြီးနဲ့ အပေါင်းအပါတွေဟာအဲဒီအခန်းထဲရောက်ဖို့ တောင်ရဲ့ တစ်ဝက်လောက် အထိ တက်ရသတဲ့ကွ၊

တို့အခုတောင်တစ်ဝက်လောက်မှာ ဆင်းခဲ့တာပဲ"

"ဟုတ်ပြီ၊ ဘယ်ဖက်လဲ"

"တောင်ဖက်တဲ့ကွ၊ အခုတို့က အနောက်ဖက်မှာ၊ တမိုင်နီးပါးလောက်သွားပြီး ကံကောင်းရင်တို့ ချောချောမောမော ရောက်သွားမယ်"

"အေးဗျာ ကျွန်းလေးက သေးလို့ တော်သေးတာပေါ့။"

ကျောပိုးအိတ်ကိုယ်စီလွယ်ပြီး ခရီးသွားဖို့ပြင်ကြသည်။ မိုးကြောင့်ကျောက်သားမြေပြင်က ချော်နေသည်။ လိုရမည်ရ လေယာဉ်ကို

ဆိုင်းကြိုးများဖြင့်တင်းနေအောင်ချည်နှောင်ရသေးသည်။ မည်းနေအောင်ရွာသောမိုးကြောင့် တစ်လောကလုံးမှုန်မှိုင်းပြီး ကျွန်းကလေးမှာ

လောကကြီးနှင့် အဆက်ပြတ်ပြီးအထီးကျန်စွာတည်ရှိနေသည်။ မိုးစက်များကြောင့် မျက်နှာကြီး ရှုံ့မဲ့နေသောရှုဒီဂန်းက ဂျီယိုဒီနိုအား

သွားရမည့်ဖက်ကို လက်ညှိုးညွှန်လိုက်သည်။

ကျောက်လမ်းမြောင်ကလေးများ၊ ပတ်ကြားအက်လေးများကို ကုတ်တွယ်ပြီး ခေတ်မီတောင်တက်ကိရိယာ အကူအညီလုံးဝ မပါပဲ

ခက်ခဲပင်ပန်းစွာဖြင့် သူတို့နှစ်ယောက်ကျောက်တောင်ကြီးကို တက်နေကြ၏။

ဂျီယိုဒီနိုကတော့ မောပန်းပုံမပေါ်ပါ။ ကျားကိုးစီးစားမကုန်အောင်တုပ်ခိုင်သည့် သူ့ခန္ဓာကိုယ်ကြီးနှင့် မလိုက်အောင်ပင်

ပေါ့ပါးဖျတ်လတ်စွာလှုပ်ရှားနေ၏။ ရှုဒီဂန်းကလည်းမခေလှပါ။ ဂန်းသည် တတ်နိုင်သလောက် အန္တရာယ်ကိုရှောင်ကွင်းချင်သော

သဘောရှိသော်လည်း မတတ်နိုင်သည့်အဆုံးအပြုံးမပျက်အန္တရာယ်နှင့် ရင်ဆိုင်နိုင်သူဖြစ်၏။ ပိန်ပိန်ပါးပါး သေးသေးကွေးကွေး

သူ့ခန္ဓာကိုယ်လေးက ထင်သည်ထက်ပိုမာကြော၏။ ထို့ကြောင့်လည်း ဤခရီးကိုတစ်ချက်မငြီးပဲ ဂျီယိုဒီနိုနောက်မှ လိုက်လာနိုင်၏။

ကိုက်နှစ်ဆယ်လောက်ခရီးပေါက်ပြီးတိုင်း တစ်ခါနား၍ သူ့မျက်မှန်ထူကြီးတွင်တွယ်ငြိလာ သောရေငွေ့များကို သုတ်ပစ်နေရတာ တစ်ခုပဲရှိသည်။

ခရီးတစ်ဝက်ခန့်အရောက်တွင် ရှေ့မှ ဂျီယိုဒီနို ကခဏ ရပ်ရန် အချက်ပေးလိုက်သည်။

"ရှုဒီ၊ ခင်ဗျားအပြောအရဆိုရင် ပိုလ်မှူးကြီးတို့ တက်ခဲ့တဲ့လူသွားလမ်းဟာ ကျွန်တော်တို့ အခုရောက်နေတဲ့နေရာနဲ့ နီးနေပြီထင်တယ်။

အပေါ်မှာဖြစ်မလား၊ အောက်မှာဖြစ်မလားပဲ"

ဂန်းသည်ကျောက်တုံးငယ်တစ်ခုကိုကျောဖြင့်မှီ၍ ထိုင်ချလိုက်ပြီး ပြုလ်တုမှတဆင့် ရိုက်ကူးထားသော ကျွန်း၏ဓါတ်ပုံကို

အသေအချာလေ့လာနေ၏။ အတော်လေးကြာမှ-

"တကယ်လို့သာ ဗိုလ်မှူးကြီးတို့အဖွဲ့ဟာ လမ်းအသာဆုံးနေရာက
တက်မယ်ဆိုရင်သူတို့သွားတဲ့လမ်းဟာ တို့အောက် တည့်တည့်

ပေတစ်ရာလောက် အတွင်းမှာ ရှိရမယ်"ဟုပြောလိုက်သည်။

ဂျီယိုဒီနိသည် အနည်းငယ် ကွေးညွှတ်ထားသော ဒူးများပေါ်တွင် လက်နှစ်ဖက်ကိုတင်ရင်း
အောက်ဖက်သို့စူးစူး စိုက်စိုက်

အကြာကြီးကြည့်နေသည်။ ပြီးမှဂန်းကို အံ့ဩတကြီး လှည့်ကြည့်လိုက်ပြီး-

"ရှုဒီ၊ ခင်ဗျား နတ်မျက်စိများရထားသလား"

"ဘာတုန်းကွ"

"ကျွန်တော်တို့ အောက်ဖက် ပေသုံးဆယ်လောက်မှာ ကျောက်တုံးတွေနဲ့ စီထားတဲ့
လူသွားလမ်းကလေး ရှိတယ်ဗျ"

ဂန်းက ကျောက်စွန်းကို ကျော်၍ အသာငုံ့ကြည့်လိုက်သည်။ ဟုတ်၏။ တံတွေးနှင့်လှမ်းထွေးလို့ရသည့်
အကွာအဝေး လောက်မှာ

လမ်းလေးတစ်ခုကို တွေ့နေရသည်။ကျောက်တုံးတွေ စီကာခင်းထားသည့် လေးပေသာသာခန့်ကျယ်
သောလမ်းကလေး။ကျောက်တုံးတွေကြားမှာ

အပင်လေးတွေ ပေါက်နေတာကိုပင်ထင်ထင်ရှားရှားမြင်နေရသည်။

"ဗိုလ်မှူးကြီးတို့ သွားခဲ့တဲ့ လမ်းဟာ အဲဒီလမ်းပဲ ဖြစ်ရမယ်ကွ"

"ဟိုမှာ ပေါက်နေတဲ့ အပင်လေးတွေက ဘာပင်တွေလဲ၊ ခင်ဗျားသိလား" ဂျီယိုဒီနိ၏ အမေးကို
ရှုဒီဂန်းက မဆိုင်းမတွ ချက်ချင်း

အဖြေပြန်ပေး၏။

"ကာဂွီလန်ပင်လို့ ခေါ်တယ်ကွ၊ အနံ့စူးတဲ့ ဆီတစ်မျိုးထွက်တယ်။ ဟင်းသီး ဟင်းရွက်အနေနဲ့
ချက်ပြုတ်စားလို့လဲ ရတယ်"

"အေးဗျာ၊ ဓါတ်ပုံထဲမှာ ဒီလမ်းဘာလို့ မတွေ့သလဲဆိုတာ ခုမှပဲသိတော့တယ်။လက်စသတ်တော့ ခင်ဗျားရဲ့ ကာဗွီလန် ပင်တွေ

ဖုံးနေတာကိုး။ ခုလိုကျောက်သားကျွန်းမှာ ဒီအပင်တွေ ဘယ်လိုလုပ်ပေါက်လာပါလိမ့်"

"ငှက်တွေ မျိုးစေ့သယ်လာတာဖြစ်ရင်ဖြစ်၊ ရေထဲကပါလာတာ ဖြစ်ရင်ဖြစ် တစ်ခုခုပေ့ါကွာ"

"ရှုဒီ။ ခင်ဗျား ဒီလမ်းရဲ့ ဘယ်ဖက်ကို လိုက်မယ်စိတ်ကူးထားလဲ"

ဂန်းသည် လမ်းကလေးကို စိမ်ပြေနပြေ ကြည့်ရှုလေ့လာနေ၏။ နှစ်ပရိစ္ဆေတကြာမြင့်လှပြီ ဖြစ်သောကြောင့် လမ်းခင်း ကျောက်များမှာ

အတော်များများပျက်စီးနေကြပြီ။ ဂန်းက ဆုံးဖြတ်ချက်ချလိုက်ပြီး ဂျီယိုဒီနီကိုလှမ်းပြောလိုက်သည်။

"ဘယ်ဖက်ကို သွားမယ်ကွ၊ အတက်လမ်းပဲ"

မီးသင့်ချော်ကျောက်များ ကိုသတိကြီးစွာနင်း၍ ဆင်းခဲ့ကြပြီးသူတို့နှစ်ယောက် လမ်းကလေးရှိရာသို့ ရောက်လာကြ သည်။

အတက်လမ်းကိုမှန်မှန်တက်လာကြသည်။ ဂိုက်သုံးဆယ်ခန့် ကျယ်သော တောင်ပြိုမှု နှစ်ခုတွေ့ခဲ့ကြရပြီး သတိကြီးစွာ ကျော်ဖြတ်လာခဲ့သည်။

သူတို့၏ လှုပ်ရှားမှုများကခပ်နှေးနှေးမှန်မှန်သာဖြစ်၏။ အလောတကြီး လှုပ်ရှား၍ထိခိုက်မှုတစ်ခုခုဖြစ်ခဲ့ပါက ချော်ရည်များအထပ်ထပ်ဖုံး၍

ငါးမန်းစွယ် ဓါးသွားလို ကြမ်းရှ၊ချွန်မြသည် ကျောက်သား က သူတို့သွေးကို အငမ်းမရ သောက်မျိုပေလိမ့်မည်။ခြေတစ်ချက်ချော်သည်နှင့်

ပင်လယ်ထဲ လွင့်စဉ်ကျဖို့ ရာခိုင်နှုန်း ကလည်းအတော်လေးများသည်။

အတော်ကြာကြာသွားပြီးနောက် နှစ်ဦး သဘောတူ ခဏနားကြသည်။ ဂျီယိုဒီနီသည်ကာဗွီလန်အပင်တစ်ပင်ကို ဆွဲနုတ် လုံးချေ၍

တောင်အောက်ပစ်ချလိုက်သည်။တောင်ခိုးတွေ ဝေနေသဖြင့် ခဏနေတော့ မြင်ကွင်းထဲမှ ပျောက်သွားသည်။ ရာသီဥတုကအေးစက် စိုထိုင်းပြီး

လေအေးတွေက ဟူးဟူးရားရားတိုက်ခတ်လျှက်ရှိသည်။မိုးစက်မိုး ပေါက်များက အကာအကွယ်မဲ့ မျက်နှာကို တရစပ်ရိုက်ခတ်နေသည်။မိုးကာ

အထူစားကြီးများကို ဝတ်ဆင်ထားသော် လည်း မိုးသည်းထန်လှသောကြောင့်အင်္ကျီ ကော်လာမှ တဆင့်ဝင်သော ရေများကြောင့် တစ်ကိုယ်လုံး

ရွှဲနေကြပြီ။

ဂန်းက ဂျီယိုဒီနိုကို သာမိုဓါတ်ဘူးဖြင့် ထည့်ထားသော ကော်ဖီနှင့် အသားညှပ်မုန့်များလှမ်းပေးလိုက်သည်။

"ငါတို့ ရောက်ခါနီးပြီထင်တာပဲကွ" ဂန်းသည် မှန်ပြောင်းတစ်လက်ဖြင့် လျှောက်ကြည့်ရင်း ပြောလိုက်သည်။

ဂျီယိုဒီနိုက တောင်စောင်းတွင် ချွန်ထွက်နေသော ကျောက်စွန်းကြီးကို စိုက်ကြည့်ရင်း-

"လမ်းများမှားလာပြီလား မသိဘူး" ဟု ခပ်တိုးတိုးရေရွတ်လိုက်သည်။

"ကျွန်တော်တို့ မမှောင်ခင် ရောက်မှ ဖြစ်လိမ့်မယ်"

"မပူပါနဲ့ကွ။ ဒီဒေသမှာ နောက်ထပ် ဆယ့်နှစ်နာရီအထိ ငါတို့ အလင်းရောင်ရဦးမှာ"

"ရှုဒီ ကျွန်တော်တစ်ခု စဉ်းစားမိတယ်"

"ဘာလဲ"

"ဒီနေရာနဲ့ မိုင်နှစ်ထောင် ပါတ်လည်မှာ လူသားဆိုလို့ ကျွန်တော်တို့ နှစ်ယောက်ပဲရှိတယ်နော်"

"အေးလကွာ၊ နားငြီးသက်သာတာပေါ့၊ ပျော်စရာကြီးပဲ"

"ကျွန်တော်တို့ ဒဏ်ရာတွေဘာတွေ ရလို့ လေယာဉ်ဆီပြန်မရောက်တော့ရင် ဘယ်လိုလုပ်မလဲ"

"ကောင်လေး၊ ဒီကိစ္စအတွက်တော့ မပူနဲ့" ရှုဒီဂန်းက သူ့အိတ်ထောင်ထဲမှ ဂလိုဘယ်စတား ဂြိုလ်တုဖုန်းကို ထုတ်ပြ လိုက်သည်။

"မင်းဘယ်နေရာရောက်ရောက် ဒီဖုန်းကိုသုံးလို့ရတယ်၊ ဆန်ဒက်ကာကငါတို့တစ်ခုခုဖြစ်ခဲ့ရင် အရေးပေါ်ကယ်ဆယ် ရေးအဖွဲ့

အသင့်ပြင်ထားပြီးသား၊ခလုတ်တစ်ချက်နှိပ်စာပဲ ရှိပါတယ်ကွာ"

"ကယ်ဆယ်ရေးအဖွဲ့ မလာခင်တော့ ကျုပ်တို့က ကာဂွီလာပင်တွေ ဝါးပြီးနေရမယ်ပေ့ါ။ အမလေး၊ သေလိုက်တာက ပိုကောင်းဦးမယ်"

ရှုဒီဂန်းကပြုံးလိုက်သည်။ ဂျီယိုဒီနိုကဒီလိုပဲ။ အလွန် ပစိပစပ်များသူဖြစ်၏။ သို့သော်လည်း ခုလိုကျဉ်းထဲကျပ်ထဲမှာ

သူ့ထက်ပိုကောင်းသည့် အဖော်မရှိနိုင်။ ဂျီယိုဒီနိုရောဂန်းပါ အကြောက်အလန့် တစ်စက်မှမရှိကြသော်လည်း သူတို့ရင်ထဲပူနေသည်က

ရည်ရွယ်ချက်အထမမြောက်မှာကိုသာဖြစ်သည်။

ရုတ်တရက် ဂျီယိုဒီနိုက အသံကျယ်ကြီးဖြင့် ပြောလိုက်၏။

"ကျုပ်တို့ အခန်းထဲရောက်ရင် မုန်တိုင်းဒဏ်ကလွတ်ပြီဗျ၊ ခြောက်ခြောက်သွေ့သွေ့ကလေးနဲ့ အတော်ဖိမ်ရှိမှာပဲ၊ ကဲ သွားကြစို့၊

ကျုပ်တော့ရွှံ့ထဲက တီကောင်လိုဖြစ်နေပြီ"

ပြောပြောဆိုဆို ဂန်းကိုပင်မစောင့်တော့ပဲ ဂျီယိုဒီနိုသည် ထထွက်သွားတော့သည်။ ကိုက်ငါးဆယ်ခန့် လျှောက်အပြီးတွင်

လမ်းသည်မတ်စောက်လာပြီး ကျောက်တောင်တွင် ကွဲကြောင်းကြီးတစ်ခုကိုဘွားကနဲတွေ့လိုက်ကြတော့သည်။

အပေါက်ဝသည် သူတို့ထင်ထားသည်ထက်သေးငယ်၏။ အလျားလေးပေ အမြင့်ခြောက်ပေ သာသာရှိ၏။ အထဲတွင် တော့

ပိန်းပိတ်အောင်မှောင်နေသည်။

"ဒါပဲကွ၊ ဗိုလ်မှူးကြီးတွေ့ခဲ့တဲ့ အပေါက်ဝ" ဂန်းက ဝမ်းသာ အားရပြောလိုက်သည်။

"ကျုပ်တို့ ထဲကတစ်ယောက်ယောက်က အားဒီးမီးဒီးစ် အော်သလို အောင်ပြီ၊ အောင်ပြီလို့
အသံကျယ်ကြီးနဲ့ အော်ရ မှာဗျ"

မိနစ်အနည်းငယ်မျှ အကြာတွင် အိတ်ဆောင်မီးများကြောင့်လင်းလင်းချင်းချင်းရှိနေသော အခန်းထဲ၌ ဂျီယိုဒီနို နှင့် ရှူဒီဂန်း

တို့သည်ကျောပိုးအိတ် နှင့် မိုးကာအင်္ကျီများကို ချွတ်၍ နောက်ဆုံးလက်ကျန် ကော်ဖီကိုသောက်နေကြသည်။ အခန်းနံရံများသည် အဖုအထစ်

အကွဲကြောင်းများမရှိပဲဒလိမ့်တုံးနှင့်လိမ့်ထားသလို ချောမွတ်လှသည်။ အပေါက်ဝမှ လေက အတွင်းသို့တောက်လျှောက်ဝင်လာသည့်အတွက်

အသက်ရှူရသည်မှာ ကောင်းလှသည်။

အခန်းတွင်းသို့ ဓါတ်မီး အလင်းရောင်များအကူအညီဖြင့်သူတို့လျှောက်ဝင်လာကြသည်။ မကြာမီ လေးထောင့်စပ်စပ် အခန်းတစ်ခု

အတွင်းသို့သူတို့ရောက်လာကြသည်။ ရုတ်တရက် တွေ့လိုက်ရသော အရာတစ်ခုကြောင့် ဂျီယိုဒီနို၏မျက်လုံးများ ပြူးကျယ်သွားသည်။

စုတ်ပြတ်ဆွေးမြေ့နေသော အဝတ် တွဲလောင်းနှင့်ဦးခေါင်းခွံတွင် ဆံပင်နီနီများ မြင်တွေ့နေရသေးသော လူရိုးစုတစ်ခု။

ဂန်းသည် အရိုးစုကို စေ့စေ့စပ်စပ်ကြည့်ရင်း-

"ဒီလူက ဘယ်လိုလုပ် ဒီထဲရောက်နေရတာလဲ" ဟုရေရွတ်လိုက်သည်။

ဂျီယိုဒီနိုသည် ဓါတ်မီးဖြင့် အခန်းတစ်ခုလုံးလျှောက်ထိုးကြည့်နေသည်။ မီးဖို့လေးတစ်လုံး၊ အိမ်သုံးပရိဘောဂအချို့နှင့်

ဘာမှန်းမသိသည့်ကိရိယာအချို့၊ အားလုံးသည်ကျောက်သား၊ သစ်သားတို့ဖြင့်လက်ဖြစ်လုပ်ထားဟန်ရှိသည်။ အခန်းထောင့် တစ်နေရာတွင်တော့

အရိုးတွေပုံထားတာတွေ့ရသည်။

"သူ့အဝတ်အစားတွေ အရတော့ ဒီလူဟာသင်္ဘောသားဖြစ်လိမ့်မယ်။
သင်္ဘောပျက်လို့ကျွန်းပေါ်ရောက်လာပြီး၊ အစာငတ်ရေငတ်နဲ့

သေရှာတာ။ဘယ်အချိန်လောက်ကလည်းဆိုတာတော့ ဘုရားသခင်မှပဲ သိလိမ့်မယ် ဂန်းရေ"

"အေးကွ၊ ဗိုလ်မှူးကြီးရဲ့ မှတ်တမ်းမှာတော့ ဒီအရိုးစု အဲလေ ဒီလူအကြောင်း ဘာမှ ပြောမထားဘူး"

"မဒရပ်သင်္ဘောက ဒီကျွန်းမှာ ဝင်ကပ်တာ ၁၇၇၉ ခုနှစ်ဆိုတော့ ဒီလူဟာ ဒီထက်နောက်ကျပြီးမှ
ရောက်လာတာ ဖြစ်ရမယ်ဗျ"

"ဘာဆိုဘာမှ မရှိတဲ့ မီးတောင်ကျွန်းမှာ တစ်ယောက်တည်းနေပြီး သေသွားရရှာတဲ့ သူ့ဘဝက
အတော်သနားစရာ ကောင်းတာပဲကွာ"

"ဒီမီးဖို့နဲ့ ဒီပစ္စည်းတွေဟာ သူလုပ်ခဲ့တာတွေဗျ၊ အတော်တော့ ကြိုးစားပမ်းစား အသက်ရှင်အောင်
နေထိုင်သွားခဲ့ တာပဲ"

"အေးကွ၊ ဒီသစ်သားလက်ခတ်တွေက မီးပွတ်ဖို့၊ မီးရတော့ မီးဖို့ ဖို့——" ဂန်းသည်
စကားပြောနေရင်းက မီးဖို့ထဲတွင် တစ်စုံတစ်ခုကို

မြင်လိုက်ရသည်။ ပြာများကို ယက်ထုတ်ဖယ်ရှားပြီး ထိုအရာကိုဆွဲထုတ်လိုက်သည်။
သစ်သားအရုပ်တစ်စိတ်တစ်ပိုင်း၊ မီးမကျွမ်းသေးသည့်

အစိတ်အပိုင်းကို ကြည့်ရသည်မှာမြင်းနှစ်ကောင်ကသော စစ်ရထားပုံစံ မျိုးဖြစ်၏။

"ဒါ တို့ရှာရမဲ့ ရှေးဟောင်းပစ္စည်းတွေကွ၊ ဒီလူကချမ်းလွန်းတော့ သစ်သားနဲ့လုပ်ထားတဲ့အရုပ်တွေကို
မီးရှို့ပြီးမီးလှုံ

ပစ်လိုက်တယ်ထင်တယ်"ဂန်းသည် ဂျီယိုဒီနီကို လှမ်းကြည့်လိုက်ရာ
ပြုံးပြုံးကြီးလုပ်နေသည်ကိုတွေ့ရသဖြင့်-

"ဘာတွေ သဘောကျနေပြန်ပြီတုံး"

"ကျွန်တော်စဉ်းစားကြည့်နေတာ" ဂျီယို ဒီနီသည် သူ့ဖာသာပြောရင်း အသံထွက်၍
တခစ်ခစ်ရယ်နေသည်။ ပြီးမှ-

"ဒီငနဲဟာ ကာဂွီလန်တွေ ဘယ်လောက်တောင်စားခဲ့ရမယ်ထင်လဲဗျ၊ ကာဂွီလန်ကြော်၊ ကာဂွီလန်ပြုတ်၊ ကာဂွီလန်သုတ်၊

ကာဂွီလန်ဖုတ်၊ ဟီး၊ ဟီး၊ ဟီး" ပြောရင်းဆိုရင်း ခွက်ထိုးခွက်လန် ရယ်နေတော့သည်။

"အေး-ဘယ်လို အရသာရှိလဲ သိရအောင် မင်းတစ်ပင်လောက် ဝါးကြည့်ပါလား"

ဂျီယိုဒီနိုသည် နံရံပေါ်တွင် တယ်လူရိုက်ဒ်မှ အားမီးနီးစ် အခန်းနံရံတွင်တွေ့ရသော သင်္ကေတများနှင့် အလားသဏ္ဍာန်တူသော

သင်္ကေတများကို တွေ့လိုက်ရသဖြင့်အရယ်ရပ်သွားသည်။ အခန်းကြမ်းပြင်တွင် အော့ပ်ဆီဒီယန် ကျောက်ဖြင့်လုပ်ထားသော

ကလပ်စင်လေးကိုတွေ့ရသည်။ ဒီကလပ်ပေါ်တင်ထားသော မဟူရာသလင်းခေါင်းခွံကို ဗိုလ်မှူးကြီးတို့ မဒရပ်သင်္ဘောပေါ်

ယူဆောင်လာခဲ့ခြင်းဖြစ်သည်။ အခန်းနံရံတစ်ဖက်တွင်တော့ ကျောက်တုံးတွေပြို ကျနေသည်ကို တွေ့ကြရသည်။ ဂန်းကထိုနံရံကိုကြည့်ပြီး-

"ဒီနံရံ ဟိုဖက်မှာ တစ်ခုခုရှိသေးတယ်ထင်တယ်" ဟုပြောလိုက်သည်။

"ခင်ဗျားဟာက သေချာလို့လား"

"သိပ်တော့မသေချာဘူး၊ ငါ့စိတ်ထဲမှာ ထင်တာပြောတာ"

နစ်ပေါင်းများစွာ လက်တွဲလာခဲ့ သူများမို့ ဂျီယိုဒီနိုသည် ဂန်း၏ ဆဌမအာရုံကို ယုံကြည်သည်။

"ခင်ဗျား နောက်ထပ်အခန်းတစ်ခန်း ဒါမှမဟုတ် လိုဏ်ခေါင်းတစ်ခုခု ရှိမယ်လို့ထင်နေတာ မဟုတ်လား"

"ဟုတ်တယ်"

"သေလိုက်စမ်း" ဂျီယိုဒီနိုသည် ရုတ်တရက် ကျိန်ဆဲလိုက်သည်။ ဂန်းက သူ့ကို နားမလည်နိုင်ပဲ ကြည့်နေ၏။

"ဟို စတုတ္ထအင်ပါယာဆိုတဲ့ ငနဲတွေလက်ဦးသွားပြန်ပြီ"

"မင်းဘာဖြစ်လို့ ဒီလိုထင်တာလဲ အယ်လ်"

ဂျီယိုဒီနိုက ပြိုကျနေသော ကျောက်ပုံကို ဓါတ်မီးနှင့်ထိုးပြပြီး-

"ဒီမှာလေ။ နံရံကို ဖောက်ခွဲသွားတာ မတွေ့ဖူးလား"

ဂန်းက ခေါင်းခါလိုက်သည်။

"ငါတော့ ဒီလိုမထင်ဘူးကွ၊ ဒီနံရံပြိုနေတာ နှစ်ပေါင်းအတော်ကြာလောက်ပြီ၊ဒီမှာ ဖုန်တွေအထပ်လိုက် ကပ်နေတာ မြင်လား၊ မင်းနဲ့ငါ

ခရစ်စမတ်စ်ဘောနပ်စ်ကြေးတောင်လောင်းလိုက်ချင်သေးတယ်။ ဒီနံရံပြိုနေတာဗိုလ်မှူးကြီးတို့ ဒီအခန်းကိုမတွေ့ခင် တုန်းကတည်းက

ဖြစ်နိုင်သလို၊ ဗိုလ်မှူးကြီးတို့ လက်ချက်လည်းဖြစ်နိုင်တယ်။ လောလောလတ် လတ်ဖောက်ခွဲခံထားရတာ လုံးဝမဟုတ်ဘူး"

ဂန်းက ဓါတ်မီးဖြင့် အသေအချာထိုးကြည့်ရင်း-

"အခု ငါတို့ ဒီဟာကို တူးပြီးအပေါက်ဖောက်ကြစို့"

"တကယ်အဲသလို လုပ်မလို့လား၊ ကျုပ်ကတော့ သိပ်မထင်——"

"စကားမများနဲ့၊ ခုချက်ချင်းတူး" ဂန်းက အမိန့်ပေးလိုက်သဖြင့်ဂျီယိုဒီနို ဇက်ကလေးပုသွားသည်။ တကယ်တော့ မည်မျှပင်ရင်းနှီးသည်

ဆိုစေကာမူဂန်းသည် သူ၏အထက်လူကြီးမဟုတ်လား။

ရူဒီဂန်းမှန်၍ ဂျီယိုဒီနိုမှား၏။ ပြိုကျသည်မှာအပေါ်ယံလောက်သာဖြစ်သဖြင့် ကျောက်သားနံရံကြီးကို ခက်ခဲပင်ပန်းစွာတူးရတော့သည်။

ဂျီယိုဒီနိုက ကျောက်တုံးကြီးများကို ဖယ်ရှား၍လူဖလံလေးဖြစ်သော ဂန်းကိုကျောက်တုံးအသေး လေးများသာသယ်စေ၏။ တစ်နာရီမျှ

အပြင်းအထန်အလုပ်လုပ်ပြီးနောက် တစ်ဖက်သို့ တွားသွားနိုင်သည့် လမ်းတစ်ခုဖောက်လိုက်နိုင်ကြသည်။

လူကောင်သေးသော ဂန်းက အရင်ဝင်သွား၏။

"ခင်ဗျား ဘာတွေ့လဲ ရှုဒီ"

"ပေနှစ်ဆယ်လောက်မှာ နောက်ထပ် အခန်းတစ်ခန်းရှိတယ်ကွ၊ မင်းဝင်လာခဲ့လေ"

နှစ်ယောက်လုံး အထဲရောက်သွားသည်။ ဓါတ်မီးနှစ်လက်၏ အလင်းရောင်အောက်တွင် ကျောက်သားအခန်းလေးက ထူးဆန်းသော

ရောင်ပြန်များဟပ်နေ၏။

"အထက်လူကြီးစကားကိုနားထောင်မိလို့ ကျုပ်ကိုကျုပ်ဂုဏ်ယူသဗျာ" ဂျီယိုဒီနိုက ငါ့စကားနွားရပြောလိုက်ပြီး ရှေ့က လျှောက်သွား၏။

"ငါ့အာရုံကို ငါယုံသကွ၊ ဒီအခန်းထဲကနေ ဘယ်သူမှ ငါတို့ကိုချောင်းမရိုက်စေရဘူးကွာ၊ ဆယ်ဒေါ်လာကြေးလောင်းမလား"

ရှုဒီဂန်းကတတွတ်တွတ်ပြောရင်းနောက်မှ လိုက်လာသည်။

အခန်းလေးနားနီးလာလေလေ၊ သူတို့နှစ်ယောက်လုံး စိတ်လှုပ်ရှားလေဖြစ်လာကြသည်။ ကျောရိုးထဲမှ စိမ့်တက်လာသလို ခံစားမှုကြီးကို

မသက်မသာခံစားနေကြရသည်။ အခန်းထဲသို့ဝင်လိုက်ကြ၏။ နံရံတွေမှာ ဘာသင်္ကေတမှမရှိပါ။ စူးရှသော အဝါရောင်

ဓါတ်မီးအလင်းရောင်အောက်တွင် သူတို့မြင်လိုက်ရသည်ကား...............

ကျောက်ကုလားထိုင်ကိုယ်စီဖြင့်ထိုင်နေကြသော မံမီရုပ်အလောင်းကောင် နှစ်ဆယ်တိတိ ဖြစ်တော့သည်။ မံမီအလောင်းနှစ်ခုက

အနည်းငယ်ပိုမြင့်သော ကျောက်ကုလားထိုင်များပေါ်တွင် ရှိပြီးအခန်းအပေါက်ဝကို မျက်နှာချင်းဆိုင်ထားသည်။ ကျန်ဆယ့်ရှစ်လောင်းကို

အခန်းထဲတွင် မြင်းခွာပုံ ညီညီညာညာ စီစီရီရီ နေရာချထားသည်ကို တွေ့ကြ ရသည်။

ဂျိုယိုဒီနိုသည်မမျှော်လင့်သည်ကို တွေ့လိုက်ရသဖြင့် ချောက်ခြားသွားသည်။ မံမီအလောင်းများနောက်ကွယ်မှ နှစ် ပေါင်းများစွာ

ဝိဉာဉ်ချုပ်ခံထားရသည့် သရဲသဘက်ကြီးများ ဖြန်းကနဲ ကိုယ်ထင်ထွက်ပြကြမည်လား။

"ဒီနေရာက ဘာလဲ" အမြဲဟောင်ဖွာ ဟောင်ဖွာ ကျယ်ကျယ်လောင်လောင် သူ့အသံသည် ခုတော့ ထွက်သည်ဆိုရုံမျှ တိုးတိုးကလေး။

"ငါတို့ အလွန့်အလွန် ရှေးကျတဲ့ ဂူသင်္ချိုင်းတစ်ခုထဲ ရောက်လာတာကွ၊ ဒီမံမီတွေရဲ့ အဝတ်အစားတွေကို ကြည့်ပါလား" ဂန်းက

တည်ငြိမ်စွာပြောလိုက်သည်။

မံမီများနှင့် သူတို့ဦးခေါင်းမှ ရှည်လျားနက်မှောင်သည့်ဆံပင်များက အလောင်းဆေးစိမ်သည့်ပညာ၏ အဆင့်မြင့်မားမှု

ကိုဖော်ပြလျက်ရှိသည်။ ယခုတွေ့နေရသော မံမီများသည် အီဂျစ်မံမီများကဲ့သို့ ခြေဆုံးခေါင်းဆုံးပတ်တီးပါတ်ထားခြင်း မျိုးမဟုတ်။ စီမံခဲ့သည်မှာ

မည်မျှကြာမြင့်သည်ကိုမသိရသော်လည်း သူတို့၏မျက်နှာသွင်ပြင်သည် အလွန်ထင်ရှားပေါ်လွင်လှပြီး အဝတ်အစားများမှာလည်း

အသွေးအရောင်စုံလင်စွာ တွေ့နေရသေးသည်။ အခန်းပေါက်ဝကိုမျက်နှာမူထားသော ခပ်မြင့်မြင့်ကျောက်ကုလားထိုင်ပေါ်မှ အလောင်းနှစ်ခုက

ပင်လယ်ရေမျော်လိုအရာများဖုံးလွှမ်းနေသော်လည်း သူတို့၏အဝတ်အစားများသည် အခြားအလောင်းများထက် ပို၍တောက်ပြောင်သားနားမှန်း

ထင်ရှားလွန်းလှသည်။ ကြေးနီကိုအနုစိတ်ဒီဇိုင်းဖော်ထားပြီး ကျောက်မျက်များမြုပ်နှံထားသည့် သရဖူကဲ့သို့အရာများကို ခေါင်းတွင်

ဆောင်းထားကြသည်။ အနီ၊ အပြာ၊ အစိမ်းအရောင်အသွေးစုံလင်လှသော ကျူးနစ်အင်္ကျီရှည်ကြီးများကို ဝတ်ဆင်ထားကြပြီးကော်လာမှ

ဒူးဆစ်ခန့်အထိ အော့ပ်ဆီဒီယန်၊ ကြေးနီနှင့်ကနုကမာခွံများကို အင်္ကျီပေါ်တွင်လှပစွာ ချုပ်လုပ်ခြယ်သထားသေးသည်။ ခြေထောက်တွင်တော့

ဒူးဆစ်ခန့်ထိရှည်သော သားရေဟုယူဆရသည့် ဖိနပ်များကို စီးထားကြသည်။

အသွင်သဏ္ဌာန်အရ ထိုအလောင်းနှစ်ခုသည် အခြားသောမံမီရုပ်အလောင်းများထက်ပို၍ အဆင့်မြင့်၊ အရေးပါသူများမှန်း

ထင်ရှားလှသည်။ ဘယ်ဖက်မှရုပ်အလောင်းသည် ညာဖက်မှအလောင်းထက်အနည်းငယ်ပို၍ အရပ်မြင့်ပြီးအလုံးအထည်ပိုကြီးသည်။

အလောင်းအားလုံးမှာ ဆံပင်ရှည်များကိုယ်စီ ရှိကြ၍ဆံပင်ကိုကြည့်၍ ယောက်ျား၊ မိန်းမ ခွဲခြား၍မရ၊ သို့သော်လည်းထင်းနေသောမေးရိုးများနှင့်

မျက်ခုံးများရှိသော အလောင်းများကိုယောက်ျားအလောင်း များဟု သတ်မှတ်လိုက်ကြသည်။

ထိုသို့ ခွဲခြားကြည့်လိုက်သောအခါ ထင်ရှားလာသည့်အချက်မှာ ယောက်ျားအလောင်းများအားလုံးသည် ညာဖက်တွင်ရှိပြီး

မိန်းမအလောင်းများသည် ဘယ်ဖက်တွင်ရှိကြောင်းတွေ့လာရသည်။ ထူးခြားသည်က အလောင်းများအားလုံး၌ အခန်းပေါက်ဝမှ

အလောင်းနှစ်ခုလောက် ကျောက်မျက်ရတနာ စီခြယ်ထားခြင်းမရှိသောကြေးနီသရဖူများကိုယ်စီ ဆောင်းထားကြခြင်းပင်။

နံရံတစ်ဖက်တွင် အော့ပ်ဆီဒီယန်ကျောက်သားဖြင့် ပြုလုပ်ထားသောလှံရှည်များကို စီတန်း၍ထောင်ထားသည်။ မံမီ

ရုပ်အလောင်းကောင်များ၏ခြေရင်းတွင် ကြေးပန်းကန်ပြားတစ်ချပ်၊ ကြေးခွက်တစ်လုံးနှင့် ကြေးဇွန်းတစ်ချောင်းစီကိုတွေ့ရသည်။

ထိုကြေးပစ္စည်းများတွင် အပေါက်ကလေးများပါသည်ကိုကြည့်ခြင်းအားဖြင့် ထိုလူများသည် သွားလေရာဤပစ္စည်းများကို ကြိုးဖြင့်လွယ်သွားကြပုံ

ပေါ်သည်။ ကိုယ်ပိုင်ထမင်းစားပစ္စည်းများပေ့ါ။ မြင်းခွာပုံ စီတန်းထိုင်နေကြသောအလောင်းများ၏ အလယ်မှာတော့ လှပစွာထွင်းထုထားသည့်

ကြေးနီပစ္စည်းမျိုးစုံတောင်ပုံ ရာပုံ ရှိနေ၏။ ကြေးဖြင့် အနုစိတ်ပြုလုပ်ထားသော ပန်းခက်၊ပန်းနွယ်များ၊ သစ်ရွက်များလည်း တပုံတပင်။

ဂန်းသည် မံမီရုပ်အလောင်းများကို အနီးကပ်လေ့လာရင်း အံ့သြမဆုံးရှိနေသည်။ ဤလူများသည် ရုပ်အလောင်း ဆေးစိမ်သည့်

အတတ်ပညာတွင် အီဂျစ်ထက်အဆပေါင်းများစွာသာလွန်သည်မှာ သေချာလှသည်။

"ရှန်းရင်းဆန်ခတ် ဖြစ်ထားတဲ့လက္ခဏာမရှိဘူး၊ သူတို့အားလုံးအိပ်ပျော်နေတုန်း သေသွားကြသလိုပဲ။ ဘယ်သူမှ မရှိတဲ့နေရာမှာ

ဒီလိုလူတွေရှိနေတာ ငါဖြင့်ယုံတောင်မယုံနိုင်ဘူး"

"သူတို့ကို ကုလားထိုင်ပေါ်တင်ပေးဖို့ တစ်ယောက်ယောက်ကတော့ အသက်ရှင်နေမှ ဖြစ်မှာပေါ့"

"မှန်တယ်၊ မင်းသေချာကြည့်ရင် သူတို့အနေအထားတွေတစ်ယောက်နဲ့တစ်ယောက်မတူကြဘူး၊ တချို့က လက်ပိုက် ထားတယ်။

တချို့ကကုလားထိုင်ပေါ် လက်တင်ထားတယ်။ ဟိုခုံမြင့်ကြီးတွေပေါ်က ဘုရင်နဲ့မိဖုရားလား ဘာလား က မေးကိုလက်ထောက်ထားကြတယ်ကွ၊

ဒါက သူတို့ရဲ့ ကံကြမ္မာနဲ့ဘဝလားရာကို ညွှန်ပြနေကြတာများလား"

"ရှုဒီ ခင်ဗျားကတော့ အလွန်အကျွံတွေပြောနေပြန်ပြီ" ဂျီယိုဒီနိုက မယုံတဝက် ယုံတဝက်ဖြင့် ငြီးတွားလိုက်သည်။

"တွတ် ဘုရင်ရဲ့ ဂူသချိုင်းထဲ ပထမဆုံးရောက်သွားတဲ့ ဟိုးဝပ်ကာတာလို ကိုယ့်ကိုယ်ကို မခံစားမိဘူးလား အယ်လ်"

"တော်ပါဗျာ။ ဟိုးဝပ်က ကျုပ်တို့ထက်ကံကောင်းတယ်ဗျ၊ ကျုပ်တို့ မတွေ့တာကို သူတွေ့တယ်"

"ဘာကို တွေ့တာလဲ"

"ခင်ဗျားပဲ ကြည့်လိုက်ပါဦး၊ ရွှေလည်းမရှိ၊ ငွေလည်းမရှိ၊ စိန်နဲ့ပတ္တမြားနတ္ထိ၊ ကြေးနီလောက်ကို အမြတ်တနိုး ရတနာ လုပ်ဝတ်နေတဲ့

လူတွေ၊ တကယ်လို့ဒီလူတွေသာ တွတ်ဘုရင်ရဲ့ အမျိုးတွေဆိုရင် လေးဆယ့်ငါး ဝမ်းကွဲလောက် ကွဲတဲ့ဆင်းဆင်းရဲရဲ စုတ်တီးစုတ်ပဲ့

ဘုရားစူးမိုးကြိုးပစ် အမျိုးတွေနေမှာ"

ဂျီယိုဒီနီ စကားကြောင့် ရှုဒီဂန်းတစ်ယောက် ခွက်ထိုးခွက်လန် ရယ်မိသည်။

"မင်းကတော့လုပ်ပြီ။ ဒါနဲ့ ဒီအလောင်းတွေ ဘယ်အချိန်လောက်ကတည်းက ဒီမှာ ရှိနေသလဲဆိုတာ ငါစဉ်းစားလို့ မရဖူးဖြစ်နေတယ်"

"ဘယ်အချိန်က ဆိုတာထက် ဘာကြောင့်ဒီမှာ ရှိနေသလဲလို့ မေးရမှာဗျ၊ ကျုပ် အပြင်မှာ ကင်မရာ သွားယူလိုက်ဦး မယ်"

နောက်ငါးနာရီလုံးလုံး ဂျီယိုဒီနီသည် အခန်းတစ်ခုလုံးကို တစ်လက်မချင်းစီပိုက်စိပ်တိုက်၍ ကင်မရာဖြင့်မှတ်တမ်းတင် နေသည်။

ရှုဒီဂန်းကလည်းတွေ့ရှိခဲ့သမျှ အားလုံးကို အသံဖမ်းစက်ကလေးဖြင့် အသံသွင်းယူပြီးရှေးဟောင်းပစ္စည်း စာရင်းကို မှတ်စုစာအုပ်ဖြင့်မှတ်နေ၏။

သူတို့သည်အခန်းထဲမှ မည်သည့်ပစ္စည်းကိုမှ မထိတွေ့အောင် အထူးဂရုစိုက်၍လုပ်ဆောင်နေကြသည်။ မနုဿဗေဒ နှင့်ရှေးဟောင်းသုတေသန

ပညာရှင်များမဟုတ်ကြသော သာမာန်လူများအနေဖြင့် သူတို့ထက်ကောင်းအောင်
မည်သူမျှလုပ်ဆောင်နိုင်မည်မဟုတ်သော မှတ်တမ်းတင်မှုကို

ရှုဒီဂန်းနှင့် ဂျိယိုဒီနိတို့ နှစ်ဦး သည်းကြီးမည်းကြီးလုပ်ဆောင်နေကြသည်။

အလုပ်အားလုံးပြီးသွားတော့ ညနေစောင်းနေပြီ။ သူတို့ဖောက်လုပ်ထားသောအပေါက်မှ တွားသွား၍
ထွက်လာခဲ့ကြ သည်။

ဂျိယိုဒီနိသည်ကျောက်တုံးကြီးများကို ချွေးဒီးဒီးကျအောင်မ၍ ထိုအပေါက်ကို
စနစ်တကျပြန်လည်ပိတ်ဆို့နေ သည်ကို တွေ့ရသဖြင့် ရှုဒီဂန်းက-

"မင်းဘာလို့ အပေါက်ပြန်ပိတ်နေတာလဲ" ဟုမေးလိုက်သည်။

ဂျိယိုဒီနိ ကချွေးများသီးနေသော မျက်နှာကြီးဖြင့် ဂန်းကို လှည့်ကြည့်ရင်း-

"အလကားမပေးနိုင်လို့ဗျို့၊ ပစ္စည်းတိုင်းမှာတန်ရာတန်ကြေးရှိတယ်မဟုတ်လား။
နောက်ဒီနေရာကိုဝင်လာတဲ့ ဘယ်သူဖြစ်ဖြစ်

အထဲဝင်ချင်ရင် ကျုပ်တို့ပင်ပန်းသလို ပင်ပန်းပါစေဆိုတဲ့စေတနာကြောင့်ပေါ့ဗျာ"

လေရေမိုးပါကျနေဆဲဖြစ်သော်လည်း ကိုက်ငါးဆယ်ခန့်တက်ရသည်မှ
လွဲ၍အဆင်းလမ်းဖြစ်သောကြောင့် အပြန်ခရီးသည်

မြန်ဆန်သွက်လက်လှသည်။ တောင်တက်လမ်းကလေးမှဖယ်ခွာ၍ တေ့လ်-ရှိတာလေယာဉ်ရှိရာ
အနောက်ဖက်တောင်စောင်းဆီသို့

စတင်လျှောက်လှမ်းကြစဉ်- ဂုန်းကနဲ မုန့်ပုံးထဲဖျောက်အိုးထည့်ဖောက်လိုက်သလို
ခပ်အုပ်အုပ်အသံကြီးတစ်ခုကို ကြားလိုက်ရပြီး

မရှေးမနှောင်းမှာပင် မီးခိုးများနှင့်လိမ္မော်ရောင်မီးညွှန့်များ ထိုးတက်လာသည်ကိုတွေ့လိုက်ကြရသည်။
တေ့လ်-ရှိတာလေယာဉ်

မီးလောင်ပေါက်ကွဲသွားပါပကော။

ရှုဒီဂန်းနှင့် ဂျိယိုဒီနိသည် မီးလောင်ပျက်စီးပြီး တောင်စောင်းပေါ်တွင်တွဲလောင်းကြီးဖြစ်နေသော
တေ့လ်-ရှိတာကို ပါးစပ်ကြီးများ

အပေါင်းသားကြည့်နေမိကြသည်။ ရုတ်တရက် ဘာလုပ်ရမည်မှန်းမသိကြ။
တစ်ယောက်နှင့်တစ်ယောက်လည်း စကားမပြောမိပဲ ဒီအတိုင်းငူငူကြီး

ရပ်နေမိကြသည်။

အတန်ကြာတော့မှ-

"ဒါ- ဒါမဖြစ်နိုင်ဘူး" ရူဒီဂန်း၏ အသံတိုးတိုးလေးထွက်လာသည်။

"ဒီနေရာမှာ ဘာသင်္ဘောမှမရှိဘူး၊ နောက်ထပ် ဘယ်လေယာဉ်၊
ဟယ်လီကော်ပတာမှလည်းဆင်းလို့မရဘူး၊ တစ် ယောက်ယောက်က

လေယာဉ်ထဲ ဗုံးထည့်ပြီး တို့မသိအောင်ထွက်ပြေးသွားဖို့ဆိုတာ အတောင်ပံပါမှပဲ ရလိမ့်မယ်"

"မတုံးစမ်းပါနဲ့ ရူဒီရာ။ ဗုံးက ကျုပ်တို့ ကိတ်တောင်းက မထွက်ခင်ထဲကအပြန်ခရီးအတွက်ချိန်ကိုက်ပြီး ထည့်လွှတ် လိုက်တာဗျ"

ဂျီယိုဒီနီ ၏အသံသည်ရေခဲတမျှအေးစက်နေသည်။

"ဒါဆို ငါတို့ ဟိုအခန်းထဲဝင်နေတာ————-"

"ဟုတ်တယ်။ အဲဒီ မံမီတွေထားတဲ့အခန်းထဲ ဝင်နေမိလို့ကျုပ်တို့အသက်ရှင်တာ။ သူတို့ကကျုပ်တို့ ဒီနေရာမှာ တစ်နာရီ၊

အလွန်ဆုံးနှစ်နာရီထက်ပိုနေမှာ မဟုတ်ဖူးလို့တွက်ပြီး ကိတ်တောင်းအပြန်ကျမှ အိန္ဒိယသမုဒ္ဒရာထဲ ကျသေအောင် သေချာလုပ်လွှတ်လိုက်တာ"

"ငါတို့ ဒီကျွန်းကိုလာမယ်ဆိုတဲ့အကြောင်း သိပုံထောက်ရင်တစ်ယောက်ယောက်တော့
သစ္စာဖောက်ပြီထင်တယ်၊ တို့ ဒီအကြောင်း

ဗိုလ်ချုပ်ကြီးဆီသတင်းပို့ပြီး ကယ်ဆယ်ရေးလွှတ်ခိုင်းမှ ဖြစ်မယ်"

"နေဦးရူဒီ၊ စကားဝှက်နဲ့သတင်းပို့ဗျ၊ ဒီကောင်တွေကသောက်ကျိုးနည်းတော်တယ်၊
ကျုပ်တို့လေယာဉ်ကို ဗုံးထည့် လွှတ်နိုင်ရင်

ဂြိုလ်တုဖုန်းလည်း ခိုးနားထောင်လို့ရမှာပဲ။ ဒီအချိန်မှာ ဒီကောင်တွေကျုပ်တို့သေသွားပြီလို့ ထင်သွားရင် အကောင်းဆုံးပဲ”

ရှုဒီဂန်းသည် ဂလိုဘယ်စတားဖုန်းကို ထုတ်ပြီးနံပါတ်နှိပ်ခါနီးဆဲဆဲ ရုတ်တရက်-

“နေဦးကွ၊ အခန်းထဲမှာ ခြေရာလက်ရာဘာမှမရှိပုံထောက်ရင် စတုတ္တအင်ပါယာဆိုတဲ့ ငနဲတွေ ဒီအခန်းထဲမရောက် သေးဖူး

ဆိုတဲ့သဘောပဲ။ ဒါဆိုအနေးနဲ့ အမြန်ရောက်လာကြလိမ့်မယ်။ ကယ်ဆယ်ရေးအဖွဲ့ထက် သူတို့ကအရင်များ ရောက်လာကြရင်—————-”

ပြောပြောဆိုဆို ဂျီယိုဒီနိုအားအဓိပ္ပါယ်ပါပါကြည့်လိုက်သည်။

ဂျီယိုဒီနိုက ပုခုံးတွန့်ပြလိုက်ပြီး-

“ဒါဆိုလည်း ကျုပ်တို့အခုအချိန်ရဝတုံး ခဲပစ်လေ့ကျင့်ထားကြရအောင်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့မှာ ဒီကောင်တွေကို

ခုခံစရာကျောက်ခဲပဲရှိတာကိုးဗျ”

ဂန်းသည် ကျောက်တုံးကျောက်ခဲများ ပြည့်နှက်နေသော ပါတ်ဝန်းကျင်ကို သိမ်းကြုံးကြည့်ရှုလိုက်သည်။ ပြီးမှ-

“အေးပေါ့ကွာ၊ အဲဒီတော့လည်း ကျည်ဆန်ကုန်မှာ မစိုးရိမ်ရတော့ဘူးပေါ့” ဟု ခပ်အေးအေးပြောလိုက်လေသည်။

ဗိုလ်ချုပ်ကြီးဆန်ဒက်ကာထံမှ ကပ္ပတိန်ဂယ်လက်စပီးထံသို့ ခရီးစဉ်ဆိုင်းငံ့ထားရန် အကြောင်းကြားချက်ရောက်ရှိ လာချိန်တွင်

ဝင်ရိုးစွန်းမှန်တိုင်းသည် သိပ္ပံပညာရှင်များကိုတင်ဆောင်၍ အန္တာတိကပနင်ဆူလာမှ ဝက်ဒယ်လ်ပင်လယ်ကို ဖြတ်ကျော်နေချိန်ဖြစ်၏။ သို့နှင့်

ကပ္ပတိန်ဂယ်လက်စပီးသည် ဝင်ရိုးစွန်းမှန်တိုင်းအား ပရင့်စ်အိုလက်ဗ်
ကမ်းခြေသို့ဦးတည်မောင်းနှင်စေသည်။ ထိုနေရာရှိ ဆယ်ယိုဝါ ဂျပန်သုတေသန

စခန်းတွင်သင်္ဘောကိုရပ်နားပြီး နောက်ထပ် ညွှန်ကြားချက်ကိုစောင့်ရန် ဖြစ်၏။
ဂယ်လက်စပီးသည်အင်ဂျင်နီယာချုပ်အား သင်္ဘောကို စက်ကုန်ဖွင့်

မောင်းခိုင်း၏။

အင်ဂျင်နီယာချုပ်ကလည်း ၂၀နော့ထ်နှုန်းဖြင့် မိုက်မိုက်ကန်းကန်း သင်္ဘောကိုမောင်းနှင်၏။
လွန်ခဲ့သည့် နှစ်ဆယ့်နှစ်နှစ်က

သင်္ဘောတည်ဆောက်သူများက ဝင်ရိုးစွန်းမှန်တိုင်း၏အမြန်ဆုံးနှုန်းမှာ ၁၈ နော့ထ်ဖြစ်
ကြောင်းပြောခဲ့သည်ကိုဂယ်လက်စပီးသတိရမိသေးသည်။

ဆုံမှတ်ရှိရာနေရာသို့ ရှစ်နာရီတိတိ စော၍ရောက်ရှိသည့်အတွက်ကြောင့်ဂယ်လက်စပီးမှာ
သူ့သင်္ဘောအိုကြီးအတွက် မာန်တက်နေ၏။

သင်္ဘောကျောက်ဆူးချရန်ရေပြင်သည်နက်လွန်းသည့် အတွက်နီးစပ်ရာရေခဲထုကြီး
တစ်ခုအနားမှာကပ်ထားရသည်။ ထို့နောက်

ဂယ်လက်စပီးသည် ဆန်ဒက်ကာကို သူ၏သင်္ဘော ဆုံမှတ်သို့ရောက်ပြီဖြစ်ကြောင်းနှင့်
နောက်ထပ်ညွှန်ကြားချက်ကို စောင့်စားလျှက်ရှိကြောင်း

သတင်းပို့လိုက်သည်။

ဆန်ဒက်ကာ၏ ပြန်ကြားချက်က တိုတောင်းလှသည်။

"ခရီးသည် တစ်ယောက်လာလိမ့်မယ်၊ စောင့်ပြီးခေါ်သွားပါ"

စောင့်စားနေရသောအချိန်အတွင်း သင်္ဘောပေါ်ရှိမည်သူမှ အားအားယားယားမနေကြရပါ။
သိပ္ပံပညာရှင်များသည်

၎င်းတို့၏သုတေသနလုပ်ငန်းများကို ကွန်ပြူတာများပေါ်တွင်
အဖြေရှာနေကြချိန်တွင်သင်္ဘောသားများက သင်္ဘော ကို ပြုပြင်ဖာထေးကြရသည်။

သူတို့ ကြာကြာမစောင့်လိုက်ရပါ။

ဝက်ဒယ်လ်ပင်လယ်မှ ထွက်လာပြီး ငါးရက်အကြာ နံနက်ခင်းတွင် ဂယ်လက်စပီးသည်ရေခဲပြင်ကို မှန်ပြောင်းတစ် လက်ဖြင့်

လေ့လာနေခိုက်ဝင်ရိုးစွန်းမှန်တိုင်းဆီသို့ ဦးတည်ပျံသန်းလာသော ဟယ်လီကော်ပတာ တစ်စီးကိုတွေ့လိုက် ရသည်။ ဂယ်လက်စပီးသည် သူ၏

ဒုတိယကုန်းပါတ်အရာရှိကိုရဟတ်ယာဉ်ဆင်းသက်ရန် ညွှန်ကြားလိုက်သည်။

ဟယ်လီကော်ပတာသည် စက္ကန့်ပိုင်းအတွင်း ဝင်ရိုးစွန်းမှန်တိုင်း၏ကုန်းပါတ်ပေါ်ဆင်းသက်လာသည်။ လက်ဆွဲ သေတ္တာတစ်လုံး၊

ခရီးဆောင်အိတ်တစ်လုံးလွယ်ထားသည့်လူတစ်ယောက် ခုန်ဆင်းလာပြီး ဒုတိယကုန်းပါတ် အရာရှိ နှင့်စကားပြောနေ၏။ ပြီးတော့

ရဟတ်ယာဉ်ဆီပြန်လှည့်လာပြီး ပိုင်းလော့ကိုစကားအနည်းငယ်ပြော၏။ မကြာမီ ရဟတ်ယာဉ်သည် ပြန်လည်ထွက်ခွာသွားသည်။

ဒတ်ပစ်သည်သူ့ကို ကြည့်နေသော ကပ္ပတိန်ဆီသို့ ဦးတည်လျှောက် သွား၏။

"ဟယ်လို ဒန်၊ မတွေ့ရတာကြာပြီနော်"

"ဟေး ဒတ်၊ မင်းဘယ်က ဘယ်လိုရောက်လာတာလဲ"

"ပွန်တာ အရီနာကနေ ဆယ်ပိုဝါ ဂျပန်သုတေသန စခန်းထိ လေတပ်ကဂျက်လေယာဉ်နဲ့ထွက်လာတာ။ ဂျပန်တွေက ခင်ဗျားတို့

သင်္ဘောထိ သူတို့ ရဟတ်ယာဉ်နဲ့ပို့ပေးတယ်လေ"

"အဲဒါပြောတာမဟုတ်ဘူးလေ။ မင်းဒီ အန္တာတိက သမုဒ္ဒရာထဲ ဘာကိစ္စနဲ့ ဘယ်လိုရောက်လာသလဲလို့ မေးတာကွ"

"ဪ-ဪ ပရောဂျက်လေးတစ်ခု အတွက်ပါ"

"မင်းငါ့ကို မဖြီးနဲ့ပစ်၊ ဗိုလ်ချုပ်ကြီးကလည်း ငါမေးတော့မြုံစိစိလုပ်နေတယ်၊ မင်းလာမယ်လို့လည်း ငါ့ကိုမပြောဖူး၊ ခရီးသည်တစ်ယောက်

လမ်းကြုံလိုက်ချင်သလေး ဘာလေးလုပ်နေတယ်”

“သူလည်း သူ့အကြောင်းနဲ့သူရှိမှာပေါ့လေ” ဒတ်ပစ်သည် လက်ဆွဲသေတ္တာထဲမှ မြေပုံစာရွက်တစ်ခုကိုထုတ်၍ တစ်နေရာကို

လက်ညှိုးထိုး၍-

“ကျွန်တော် သွားချင်တာဒီနေရာပဲ” ဟုပြောလိုက်သည်။

ဂယ်လက်စပီးသည် မြေပုံကိုသေချာကြည့်၍-

“စတီဖင်ဆင် ပင်လယ်အော်ပဲ၊ ကန့်ပ်ကမ်းရိုးတန်းက ဟော့ဘ်ကျွန်းစုနားမှာပဲ၊ ဘာမှလည်းစိတ်ဝင်စားစရာ မရှိပါဘူး။ ဘာကိစ္စများ

သွားချင်ရတာလဲ”

“သဘော်ပျက်တစ်စီး သွားရှာမလို့”

“ရေအောက်မှာလား”

“မဟုတ်ဖူး၊ ရေခဲပြင်ထဲမှာ ညပ်နေတာ”

စတီဖင်ဆင် ပင်လယ်အော်သည် ဂယ်လယ်စပီးပြောပြသည်ထက် ပို၍ခေါင်သော၊ဘာဆိုဘာမှ စိတ်ဝင်စားစရာ မရှိ သောဒေသ

ဖြစ်သည်။ အထူးသဖြင့်ကောင်းကင်ပြင်တွင် တိမ်မည်းညိုများဖြင့် မဲပုတ်နေချိန်တွင် လေသည် အပ်နှင့်ထိုးလိုက်သလို အေးစိမ့်နေသည်။ ထိုဒေသ၊

ထိုရာသီဥတု ကပစ်ကိုစိတ်ပျက်အောင်မစွမ်းဆောင်နိုင်၊ ၁၈၅၈ ခုနှစ်က ဘရက်ဖို့ဒ်နှင့်ရှိဆန်နာတို့ ရှာဖွေတွေ့ရှိခဲ့သော သင်္ဘောကုန်းပါတ်ကို

စိတ်ကူးဖြင့်မြင်ယောင်ကြည့်လိုက်သော အခါ သွေးထဲဝင်လာသော အက်ဒရီနယ်လင်နှင့်ကက်တီကောလ်အေမင်း ဟိုမုန်းများအရှိန်ကြောင့်

သူ့တစ်ကိုယ်လုံး ပူရှိန်းရှိန်းဖြစ်လာ၏။ ရာစုနှစ်တစ်ခု နှင့်တစ်ဝက်ခန့် ကြာမြင့်ပြီးနောက်မဒရပ်သင်္ဘောကို ထိုနေရာမှာ နဂိုနေအတိုင်း

သူရှာတွေ့ပါဦးမလား၊ရေခဲတုံးများက ခွဲချေလိုက်ကြပြီလား၊ ပျက်စီး ပျောက်ကွယ်သွားလေပြီလား။

ပစ်သည် ကုန်းပါတ်ပေါ်တွင် ဂယ်လက်စပီးကို မှန်ပြောင်းတစ်လက်ဖြင့် ဟိုကြည့်ဒီကြည့်လုပ်နေသည်ကို တွေ့ရသဖြင့်-

"ဒန် ဘာတွေကြည့်နေတာလဲ၊ ဝေလငါး ဖမ်းမလို့ ရှာနေတာလား" ဟုမေးလိုက်သည်။

"ယူဘုတ် ကိုရှာနေတာကွ" ဂယ်လက်စပီး၏ အဖြေကို ပစ်က သူ့ကိုနောက်နေသည် ထင်သဖြင့်-

"ယူဘုတ်က ဒီမှာဘယ်ရှိမလဲဗျ၊ ခင်ဗျားမှာ အချိန်နောက်ပြန်ရွှေ့စက်ရှိရင်တော့ ၁၉၄၂ လောက်ကိုပြန်သွားပြီး ပိစိဖိတ်

သမုဒ္ဒရာထဲသွားပြန်ရှာကြည့်ပေါ့ဗျာ" ဟုပြောလိုက်သည်။

ဂယ်လက်စပီးက သူ့မျက်နှာကို မှန်ပြောင်းမှ မခွာပဲ-

"တစ်စီးရှိတယ်ကွ။ ယူ ၂၀၁၅ပဲ။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ငါ့သင်္ဘောနဲ့တိုက်မိမလို ဖြစ်ပြီးကတည်းက တို့ နောက်လိုက်နေတာ"

ဒတ်ပစ်သည် သူ့နားကို သူမယုံနိုင်အောင်ဖြစ်နေ၏။ ထို့ကြောင့် ဂယ်လက်စပီးအား-

"ဒန် ခင်ဗျားတကယ်ပြောနေတာလား" ဟုမေးလိုက်၏။

ဂယ်လက်စပီးက တကယ်ပြောခြင်းဖြစ်ကြောင်း ဝန်ခံ၍ တဆက်တည်း ယူ-၂၀၁၅ နှင့်ဆုံစည်းခဲ့ပုံကို ဒတ်ပစ်အား အ သေးစိတ်

ဖောက်သည်ချနေသည်။

"ငါ့ စာကြည့်တိုက်ထဲက ဓါတ်ပုံနဲ့တိုက်ကြည့်ပြီးပြီကွ၊ ယူ ၂၀၁၅သေချာတယ်။ ဒီလောက်နှစ်အကြာကြီး ဘယ်နားမှာ ပျောက်နေသလဲ၊

ငါတို့သင်္ဘောကိုဘာကြောင့်လိုက်နေသလဲတော့ လာမမေးနဲ့၊ ငါမသိဘူး၊ ဒါပေမဲ့ သူတကယ်ရှိတာ တော့သေချာတယ်"

ပစ်သည် ဂယ်လက်စပီးနှင့် ပရောဂျက်လေးခုလောက် အတူတွဲလုပ်ခဲ့သူဖြစ်သဖြင့် အသုံးလုံးသုတေသနသင်္ဘော ကပ္ပတိန်များအနက်

စိတ်အချရဆုံးဖြစ်ကြောင်းသိရှိပြီးဖြစ်သည်။ ဒန်ဂယ်လက်စပီးသည်အပြောသမားမဟုတ်မှန်း သူကောင်းစွာသိသည်။

"ဒါပေမဲ့ ဘယ်သူက ယုံနိုင်——————" ပစ်အသံ ပြောရင်းပျောက်သွား၏။ သူဘာဆက်ပြောရမှန်းလည်း မသိ တော့။

"မင်းယုံမှာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ငါ့မှာ သက်သေရှိတယ်။ငါ့သင်္ဘောနဲ့ အဲဒီရေငုပ်သင်္ဘော တိုက်မိ မလိုဖြစ်တော့

သင်္ဘောပေါ်မှာပါလာတဲ့မဲ ဂ္ဂဇင်းသတင်းထောက် မစ္စအီဗီတန်က ယူဘုတ် ရေငုပ်သင်္ဘောကို ဓါတ်ပုံမှတ်တမ်းယူထားလိုက်နိုင်တယ်"

"အခု ခင်ဗျားတွေ့သလား"

"အခုထိတော့ မတွေ့သေးဘူးကွ၊ ရေနက်ပိုင်းမှာ ငုပ်နေတယ်ထင်တယ်"

"ဒါဆို ဒီနေရာကို အဲဒီရေငုပ်သင်္ဘောရောက်နေမှန်း ခင်ဗျားဘယ်လိုလုပ်သိသလဲ"

"ငါတို့သင်္ဘောက သိပ္ပံပညာရှင်တစ်ယောက်က ဝေလငါးအသံဖမ်းဖို့ ရေအောက်ကိုမိုက်ခရိုဖုန်းတွေချထားတယ်ကွ၊ သင်္ဘောနောက်

မိုင်ဝက်လောက်ကရေအောက်အသံကိုကြားနိုင်တယ်။ ယူ ၂၀၁၅က ဘာသံမှမကြားရတဲ့ နျူစွမ်းအင်သုံးရေငုပ်သင်္ဘောမှ မဟုတ်တာ၊

သူ့အင်ဂျင်သံကို ခွေးဟောင်သံလိုကိုငါတို့အကျယ်ကြီး ကြားနေရတယ်"

ပစ် ဦးကျောက်ထဲတွင် အချက်ပေးသံတွေဆူညံလာသည်။
နာဇီလက်သစ်ဟုသံသယရှိစရာဖြစ်လာသည့် စတုတ္ထ အင်ပါယာအမည်ရှိ

လူသတ်ဂိုဏ်းနှင့် ခေတ်ဟောင်းကယူဘုတ်ရေငုပ်သင်္ဘော၊ အဆက်အစပ်က ထင်ရှားလွန်းလှ သဖြင့် ဟုတ်ပ့ါမလားလို့တောင်သံသယ

ရှိစရာဖြစ်သည်။ သို့သော်လည်း အတော်လေးကို ခိုင်မာသည့် ကျိုးကြောင်းဆက်စပ်မှုဖြစ်နေသည်။

"ဒန်၊ ဗိုလ်ချုပ်ကြီးကို ချက်ချင်းအကြောင်းကြားပါ၊ အကူအညီလိုတယ်လို့ ပြောပါ"

"တွမ်နဲ့ဂျယ်ရီ (ကြောင်နဲ့ကြွက်)လို ကစားပွဲလေးကျင်းပမလို့လား" ယူဘုတ်ရေငုပ်သင်္ဘောကို ရည်ညွှန်း၍ ဂယ်လက်စပီးက

ပစ်ကိုမေးလိုက်သည်။

ပစ်ခေါင်းခါလိုက်သည်။

"တကယ်လို့ ကျွန်တော်ထင်တဲ့အတိုင်းသာမှန်ရင် ဒီကောင်တွေ ကျွန်တော်တို့ မဒရပ်သင်္ဘောကိုရှာတွေ့တဲ့အထိ စောင့်နေလိမ့်မယ်ဗျ"

"သြော်- အခုရှာရမဲ့ သင်္ဘောက မဒရပ်တဲ့လား"

"ဟုတ်တယ်။ ၁၇၇၉ ခုနှစ်မှာပျောက်သွားတဲ့ အရှေ့အိန္ဒိယ အင်္ဂလိပ်ကုန်တင်သင်္ဘောပဲ"

"ဒီကမ်းခြေတစ်နေရာရာမှာ ရေခဲပြင်ကြားညှပ်နေမယ်လို့ မင်းကထင်တယ်ပေ့ါ"

"ထင်တာမဟုတ်ဖူး ဒန်၊ သေချာကိုသိတာ၊ ခုထိရှိသေးတယ်လို့ ကျွန်တော်ရော၊ ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာရော မျှော်လင့်နေကြတယ်"

"တို့အဖွဲ့အစည်း အတွက် အရမ်းအရေးကြီးသလား"

"အသက်တမျှပဲဗျ"

ဂယ်လက်စပီးသည် ရှည်ရှည်ဝေးဝေး ရှင်းပြနေရမည့်လူစားမျိုးမဟုတ်ပါ။ ဒီလောက်ပြောယုံမျှနှင့် သူ့အတွက်လုံလောက်ပြီ။ ဒီထက်လည်း

သူပို၍မသိချင်၊ သူ့တာဝန်မှာ အထက်ကစေခိုင်းသည့်အတိုင်း အောင်မြင်အောင်ဆောင်ရွက်ဖို့နှင့် ဝင်ရိုးစွန်းမုန်တိုင်းပေါ်ပါလာသူများ

ဘေးကင်းစေဖို့သာဖြစ်သည်။

"ဒါဆို ရေခဲပြင်ထဲကို ဘယ်လောက်ထိ ဝင်ပေးရမလဲ"

ပစ်သည် လတ္တီကျူ၊ လောင်ဂျီကျူ မျဉ်းများဆွဲထားသော စာရွက်တစ်ရွက်၏ တစ်နေရာသို့ လက်ညှိုးဖြင့်ထောက်ပြ၍-

"ဒီလောက်အထိ တတ်နိုင်သမျှ ဝင်ပေးစေချင်တယ်"

ဂယ်လက်စပီးသည် စာရွက်ကို ခဏမျှကြည့်ပြီး-

"ကောင်းပြီလေ၊ တတ်နိုင်သမျှ အနီးစပ်ဆုံးဖြစ်အောင်လုပ်ကြတာပေါ့" ဟုပြောလိုက်၏။ ပြီးတော့ ပစ်ကို ကြည့်ရင်း-

"နေစမ်းပါဦး၊ ဒီလောက် တိတိကျကျ ဘယ်လိုလုပ်သိသလဲ"

"လွန်ခဲ့တဲ့ နှစ်တစ်ရာ့ငါးဆယ်လောက်က ပါလိုဗါဒီဆိုတဲ့ ငါးဖမ်းသင်္ဘောကမဒရပ်ကို တွေ့ခဲ့ဘူးတယ်။ အဲဒီ သင်္ဘော မှတ်တမ်း

ကိုအခြေခံပြီးတွက်ချက်ထားတာ၊သိပ်တော့ မတိကျပါဘူး"

ဝင်ရိုးစွန်းမုန်တိုင်းသည် သူ၏ပင်မအလုပ်ဖြစ်သည့် ရေခဲခွဲခြင်းအလုပ်ကိုစက်ကုန်ဖွင့်၍ လုပ်လေသည်။ ပထမတစ်မိုင်

အတွင်းရေခဲပြင်သည် တစ်ပေသာသာမျှသာရှိသောကြောင့် လွယ်ကူလှသည်။ သို့သော် ကမ်းခြေနားနီးလာသောအခါ ရေခဲပြင်သည် သုံးပေမှ

ငါးပေအထိ ထူထပ်လာသောကြောင့် တရွေ့ရွေ့သာသွားနိုင်တော့သည်။

ဂယ်လက်စပီးသည် ကေဗင်ခန်းထဲတွင် ကုလားထိုင်တစ်လုံးဖြင့်ထိုင်ရင်းဆိုနာစက်မှ အသံလှိုင်းများကို နားစွင့်နေ၏။ ပစ်က

ဂယ်လက်စပီး၏မှန်ပြောင်းကြီးဖြင့် ရေခဲပြင်ကို ကြည့်နေ၏။

"မစ္စတာ ပစ်ပါလား"

အသံကြား၍ လှည့်ကြည့်လိုက်တော့ အသက်လေးဆယ်ခန့် လူပုပုတစ်ယောက်ကိုတွေ့လိုက်ရသည်။ မျက်နှာကနီရဲပြီး

မျက်လုံးစိမ်းစိမ်းများနှင့် ချိုသာသောအပြုံးပိုင်ရှင် လူတစ်ဦး။

"ဟုတ်ပါတယ်"

လက်ဆွဲနှုတ်ဆက်ကြ၏။

"ကျွန်တော်က အက်ဒ်နော့ရော့ပ်ပါ။ သိပ္ပံပညာရှင်ခေါင်းဆောင်ပါ"

"ဟုတ်ကဲ့ ဒေါက်တာနော့ရော့ပ်၊ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာက ဆရာ့အကြောင်းပြောဖူးပါတယ်။ ဘယ်ရင်းပင်လယ်ခရီးမှာ ဆရာက

သူ့ဖိနပ်ထဲရေခဲတွေထည့်လွှတ်လိုက်တာကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးလို့ ပြောပါသေးတယ်"

ဒေါက်တာ နော့ရော့ပ်က သဘောကျစွာရယ်နေသည်။

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကပါဗျာ၊ ခင်ဗျားဆရာက ခုထိမမေ့သေးပဲကိုး"

"ဆရာက အာတိတ်နဲ့ အန္တာတိကမှာချည်းပဲ အချိန်အတော်များများ တာဝန်ယူထားတယ်နော်"

"ဟုတ်တယ်ဗျ၊ ရေခဲပြင်ကိုလေ့လာနေတာ ဆယ့်ရှစ်နှစ်ကျော်ပြီ။ ဒါနဲ့ ခင်ဗျားနဲ့အတူ ကျွန်တော်လိုက်ခဲ့ပါရစေ"

"စိတ်မရှိပါနဲ့ ဆရာ၊ ကျွန်တော်တစ်ယောက်ထဲ သွားမှဖြစ်မှာမို့လို့ပါ"

"မဟုတ်ဘူးလေ၊ မစ္စတာပစ်ရဲ့၊ ရေခဲအကြောင်း ကျွန်တော့်ထက်ပိုပြီး ဘယ်သူမှမသိနိုင်ဘူး၊ ကျွန်တော် အကြမ်းခံနိုင် ပါတယ်"

"ကောင်းပါပြီ၊ ဒါဆိုလဲ ဆရာ့သဘောပါပဲ"

"စက်ရုပ်" ဂယ်လက်စပီး၏ အမိန့်ပေးသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

"ဒတ်ရေ၊ မင်းသွားချင်တဲ့ လတ္တီကျူ၊ လောင်ဂျီကျူ တည်နေရာအတိအကျကိုရောက်ပြီ၊ အမှန်ပြောရရင် ဒီထက်ပိုပြီးလည်း

သွားလို့မရတော့ဘူး"

"ကျေးဇူးတင်ပါတယ် ဒန်၊ ၁၈၅၈ ခုနှစ်ဆောင်းရာသီက ပါလိုဖါဒီ ရေခဲပြင်မှာ ပိတ်မိနေတာ ဒီနေရာပါပဲ"

နော့ရော့ပ်သည် ရေခဲပြင်ကိုစူးစိုက်ကြည့်ရင်း-

"အခြေအနေကောင်းတယ်၊ လေလည်းသန့်တယ်၊ အဆင်ပြေတယ်" ဟုပြောလိုက်သည်။

"လေသန့်တယ်ဆိုတာ ဘယ်လိုလဲဒေါက်တာ"

"သုံ့ညအောက် ငါးဒီဂရီကနေဆယ်ဒီဂရီအထိအပူချိန်မှာ အသက်ရှူဖို့ အောက်စီဂျင်ပမာဏလုံလောက်တဲ့ လေကိုဆိုလိုတာပါ

မစ္စတာပစ်"

"ကျွန်တော်တော့ သွားချင်လှပြီ" ပစ်က လောနေ၏။

"တကယ်တော့ ဒီရာသီဥတုက ကျွန်တော်အမုန်းဆုံးဗျ၊ ကျွန်တော်ကနေရောင်အောက်မှာ လေပူလေးတိုက်ပြီး ကမ်းခြေသဲသောင်ပြင်မှာ

ကညာပျိုလေးတွေစည်းချက်ညီညီကနေတာကို အမြဲကြည့်ချင်တဲ့ ကောင်မျိုး"

"အမလေး၊ စိတ်ကူးယဉ်လိုက်တာရှင်"

အလွန်ဆွဲဆောင်မှုရှိသော အာရှတိုက်သူတစ်ဦး သူ့နားသို့ ခပ်နွဲ့နွဲ့လျှောက်လှမ်းလာသည်ကို ဒတ်ပစ်လှမ်းကြည့် လိုက်သည်။

"ဟုတ်ကဲ့၊ စိတ်ကူးယဉ်တာ ကျွန်တော့်အကျင့်ပဲဗျ"

မချောက ပစ်ကို ပြုံး၍ စိုက်ကြည့်နေသည်။

"ရှင်က ဒတ်ပစ်ထင်တယ်"

"ဒါဆို ခင်ဗျားက အီဗီတန်ဖြစ်မှာပေ့ါ၊ ဒန်ကတော့ ပြောတယ်၊ ခင်ဗျား ဒီအွန္တာတိက ရေခဲပြင်မှာ ဓါတ်ပုံဆောင်းပါး ရေး နေတယ်ဆို"

"ဟုတ်ပါတယ်၊ ရှင့်အကြောင်း ကျွန်မကြားဖူးတယ်။ ရှင့်ကိစ္စတွေပြီးရင် ကျွန်မကို အင်တာဗျူးခွင့်ပေးပါလားဟင်"

ပစ်က ဂယ်လက်စပီးကို မယုံသင်္ကာမျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။ ဂယ်လက်စပီးက သူဘာမှ မပြောပါ ဘူးဆိုသည့်သဘောဖြင့်

ခေါင်းယမ်းပြသည်။

ပစ်က အီဗီတန်၏ လက်ကလေးကို လှမ်းကိုင်လိုက်သည်။

"အေးလေ၊ အင်တာဗျူးချင်သပဆိုရင်လည်း ဗျူးရုံပေ့ါ။ ဒါပေမဲ့ ကျွန်တော့် ပရောဂျက်နဲ့ပက်သက်လို့တော့ မှတ်တမ်း မတင်စေ့ချင်ဘူး"

"ဘာဖြစ်လို့လဲရှင့်၊ ဧကွန္တ စစ်ရေးလျှို့ဝှက်ချက်များလား"

"မဟုတ်ပါဘူး၊ အများပြည်သူအနေနဲ့ စိတ်ဝင်စားစရာမရှိဘူးထင်လို့ပါ"

ပစ်သည် ဂယ်လက်စပီးအား-

"ခင်ဗျားရေငုပ်သင်္ဘော ကျွန်တော်တို့နောက်ကို မလိုက်တော့ဘူးထင်တယ်"

ဂယ်လက်စပီးက ခေါင်းခါရင်း-

"ရေအောက်မှာ ပုန်းရင်း အခွင့်ကောင်းစောင့်နေတာ ဖြစ်မှာပေ့ါ"

ထိုအခိုက် ပထမကုန်းပါတ် အရာရှိ ဘွတ်ရှ်လေက-

"ခင်ဗျားအတွက် အားလုံးအဆင်သင့် ဖြစ်ပါပြီ မစ္စတာပစ်" ဟုလာပြောလေသည်။ သင်္ဘောသားများသည် အထုပ်ကြီး သုံးထုပ်ကို

ရေခဲပြင်ပေါ်သို့ ချနေသည်။ တစ်ထုပ်ကတာပေါ်လင်စဖြင့်ပတ်ထားသော ရေခဲခွဲကိရိယာများ၊ ကျန်နှစ်ထုပ်ကအရေးပေါ်သုံးရန် ကြိုးခွေများဖြစ်၏။

ပစ်သည် နှင်းဖုံးနေသော ရေခဲပြင်ပေါ်တွင်ဖွဖွလေးရပ်နေ၏။ ဂယ်လက် စပီးက-

"ဒေါက်တာ နော့ရော့ပ်နဲ့ တတိယကုန်းပါတ်အရာရှိ အီရာကော့စ် တို့မင်းနဲ့အတူလိုက်လိမ့်မယ်"

အီရာကော့စ်သည် ကိုဒိုက်ခ်ဝက်ဝံကြီးတစ်ကောင်ကဲ့သို့ ကြီးမားထွားကျိုင်းသူဖြစ်သည်။ မုတ်ဆိတ်နီနီများက

ရင်ဘတ်နားထိတွဲလောင်းကျလျှက်ရှိပြီး မွေးပွအာတိတ်ဝတ်စုံပြည့်ဝတ်ထားသဖြင့် ကြောက်စရာလူ့ဘီလူးကြီးအသွင်ဆောင်နေသည်။ သူက

ပစ်ကို ပြုံးပြနှုတ်ဆက်သည်။

"ငါ့အနေနဲ့ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာရဲ့ အထူးပရောဂျက်များဒါရိုက်တာတစ်ယောက်ကို အွန္တရာယ်တောထဲ ဒီအတိုင်း

မလွှတ်လိုက်နိုင်ဘူးကွ၊ မင်းပိုလာဝက်ဝံတွေဘာတွေနဲ့တွေ့ရင်လည်း ကော့စ်က နဘာန်းသတ်ပြီးကိုင်ပေါက်ပစ်လိုက် လို့ရတယ်လေ"

ဂယ်လက်စပီးက သူ့သဘောနှင့်သူလူတွေထည့်ပေးရခြင်းအကြောင်းကို ရှင်းပြနေလေသည်။

"ကျေးဇူးတင်ပါတယ် ဒန်၊ အွန္တာတိကမှာတော့ ပိုလာဝက်ဝံမရှိ လောက်ပါဘူး"

ပစ်သည် ဒန်၏စေတနာကို အသိအမှတ်ပြုသောအားဖြင့် အကြောက်အကန်ငြင်းမနေတော့ပါ။ အရေးကြုံလျှင် တစ် ယောက်အားထက်

အများအားကပိုသက်လုံကောင်းစေမည်မှာ အမှန်ပင်။

ဆောင်းဦးရာသီဖြစ်သဖြင့် ရေခဲပြင်ပေါ်တွင် နှင်းပွင့်ကလေးများထူထပ်စွာဖုံးအုပ်နေသည်။ တကယ့်ဆောင်းရာသီ ရောက်လာလျှင်တော့

နှင်းမကျတော့ပဲရေခဲပြင်သည် ဆီလိမ်းထားသကဲ့သို့ချောမွတ်ပြီး အလွန်သွားရခက်ခဲတော့ သည်။ ပစ်၊ နော့ရော့ပ်နှင့်ကော့စ်တို့သည်

ရေခဲပြင်ပေါ်တွင်အခက်အခဲမရှိသွားနိုင်ကြသည်။ နော့ရှော့ပ်ကရှေ့ဆုံးမှသွားပြီး ရေခဲပြင်အခြေအနေကိုလေ့လာ၏။ ပစ်က အလယ်က၊ ကော့စ်က

နောက်ဆုံးမှ တန်းစီ၍ခရီးဆက်ခဲ့ကြ သည်။

ဤဒေသတွင် ရာသီဥတုသည် အစိုးမရ။ ပစ်တို့ စထွက်လာချိန်က ကြည်လင်ပြာလဲ့နေသောကောင်းကင်သည် ရုတ်ချည်း တက်လာသော

တိမ်မည်းညိုတို့ကြောင့် မှုန်မှိုင်းသွား၏။ ဝင်းလက်တောက်ပသော နေမင်းသည်လည်း ရွှံ့မံ ခံရသောမီးလုံးကဲ့သို့ ခပ်ဖျော့ဖျော့သာလင်းတော့သည်။

နှင်းမှုန်တို့တဖွဲဖွဲကျလာပြီး အမြင်အာရုံကို အနှောက် အယှက်ပေးလာသည်။

ပစ်သည် ရုတ်ချည်းဆိုးဝါးလာသော ရာသီဥတုကို ဂရုမစိုက်နိုင်ပဲ ရေခဲပြင်မှကွဲကြောင်းကြီးများကို သတိထား၍ ရှောင် တိမ်းနေရသည်။

ဂယ်လက်စပီးသည်အာတိတ်အဖြူဆွတ်ဆွတ် ဝတ်စုံကြီးများဝတ်ထားသော သူတို့သုံးယောက်ကိုမှန်ပြောင်းဖြင့်လိုက်ကြည့်နေသည်။ မိုးလေဝသ

အစီရင်ခံစာကိုဆယ်ကြိမ်မြောက်ပြန်ကြည့်ပြန်၏။ ရာသီဥတုက ခုတစ်မျိုး၊ တော်ကြာတစ်မျိုးမှန်းသူကောင်းစွာသိရှိသဖြင့် အန္တရာယ်တောထဲ

မျက်ကန်းတစ္ဆေမကြောက် တိုးနေသောပစ်တို့ အဖွဲ့ကို စိတ်မချနိုင်အောင်ဖြစ်နေမိသည်။

ဂယ်လက်စပီးသည် ဂြိုလ်တုဆက်သွယ်ရေးဖုန်းကို ယူလိုက်ပြီးဗိုလ်ချုပ်ကြီးဆန်ဒက်ကာထံသို့ ဆက်သွယ်လိုက် သည်။

"ဆရာလား၊သူတို့ကမ်းခြေကို တက်သွားပြီး ရှာဖွေရေးလုပ်ငန်းတွေ စနေကြပြီ"

"ဟုတ်လား၊ ကောင်းတယ်၊ ကောင်းတယ်၊ ကျေးဇူးတင်တယ် ဒန်၊ သူတို့ပြန်လာရင် ငါ့ကို သတင်းပို့ဦး"

"ခဏလေးဆရာ၊ ကျွန်တော်ပြောစရာရှိသေးတယ်" ဂယ်လက်စပီးသည် ယူဘုတ် ၂၀၁၅အကြောင်းဆန်ဒက်ကာကို အနှစ်ချုပ်၍

အစီရင်ခံလိုက်သည်။ ဗိုလ်ချုပ်ကြီးထံမှအတန်ကြာအောင် ပြန်ကြားချက်မရ၊ ဂယ်လက်စပီးပြောသော အချက်အလက်များကို

ကြေကြေညက်ညက်နားလည်အောင် ကြိုးစားနေရပုံပေါ်သည်။ အတန်ကြာအောင်စောင့်ဆိုင်းနေပြီးမှ ဗိုလ်ချုပ်ကြီးထံမှ တိုတိုပြတ်ပြတ်

အဖြေစကားကို ဂယ်လက်စပီးကြားလိုက်ရသည်။

"ဟုတ်ပြီ ဒန်၊ ဒီကိစ္စကို ငါကိုင်တွယ်မယ်"

ပစ်သည် စိတ်ဓါတ်မကျအောင် ကိုယ့်ကိုယ်ကိုအကြိမ်ကြိမ်အားပေးနေရ၏။ ဒီလိုဆိုးလှသောရာသီဥတုရှိသည့် နေရာမျိုးတွင်

တစ်စုံတစ်ခုကိုရှာဖွေရသည်မှာ ကောက်ရိုးပုံထဲအပ်ပျောက်ရှာသည်ထက်ဆိုးကြောင်း သူကောင်းကောင်းသိပါသည်။ နှစ်ပေါင်း ၁၅၀ အတွင်း

ဤတစ္ဆေသင်္ဘောကြီးကို ရေခဲမှုန်များ မည်ရွေ့မည်မျှဖုံးအုပ်ဖျက်ဆီးပြီးပြီကို မသိနိုင်။ အနည်းဆုံး ဂိုက်တစ်ရာခန့်ရေခဲပြင်တွင်းနစ်မြှုပ်နေပြီဟုသာ

အကြမ်းဖျင်းခန့်မှန်းရ၏။ ပစ်သည်ဝင်ရိုးစွန်းမှန်တိုင်းကို အခြေစိုက်စခန်းအဖြစ် သတ်မှတ်၍နှစ်မိုင်ပါတ်လည်အတွင်းစတင်ရှာဖွေရန်

ဆုံးဖြတ်လိုက်သည်။

ပစ်နှင့်ကော့စ်တို့သည် လူစုခွဲ၍ စီးကရက်ဘူးသာသာခန့်ရှိသော ဂျီပီအက်စ်ကီရိယာကလေးများ၏အကူအညီဖြင့် မဒရပ်၏ တည်နေရာကို

ကြိုးစားပမ်းစားရှာဖွေနေကြသည်။ ပစ်ကဘယ်ဖက်၊ ကော့စ်နှင့် နော့ရော့ပ်တို့က ညာဖက်။ တစ်မိုင်ပါတ်လည်ထိရှာဖွေပြီးလျှင် စုရပ်သို့

ပြန်လာကြရန် သဘောတူထားကြ၏။

ပစ်သည် သူရှာဖွေရမည့် ဧရိယာကို တစ်လက်မမကျန် ပိုက်စိတ်တိုက်စစ်ဆေးပြီးစုရပ်သို့ ကျန်လူနှစ်ဦးထက်စောစွာ ပြန်ရောက်လာ၏။

မဒရပ်၏ အစအနကလေးပင်မတွေ့ခဲ့ရ။ နာရီဝက်ခန့်ကြာသော် ရေခဲဗေဒပညာရှင် နော့ရော့ပ်တစ်ယောက် မောကြီးပန်းကြီးဖြင့်

ပြန်ရောက်လာသည်။ ခြေပစ်လက်ပစ်ဖြစ်နေသောနော့ရှော့ပ်၏ ပုံပန်းအရ မှန်းချက်နှင့် နမ်းထွက်မကိုက်မှန်းဒက်ထိသိလိုက်သည်။

"ဆောရီးပဲ ဒတ်ရေ၊ ကျွန်တော်တို့တော့ သင်္ဘောနဲ့တူတာ ဘာမှရှာမတွေ့ခဲ့ဘူး"

"ကျွန်တော်လည်း တူတူပါပဲဗျာ"

"သေသေချာချာ သုတေသနမလုပ်ကြည့်ပဲနဲ့တော့ အတိအကျမပြောနိုင်ဖူးပေ့ါလေ။ ဒါပေမဲ့ ကျွန်တော့်အထင်ကတော့

ရေခဲပြင်ကွဲထွက်တဲ့ တစ်ချိန်ချိန်မှာခင်ဗျားသင်္ဘော ပင်လယ်ထဲ ပြန်မျောသွားမလားပဲ"

အိတ်ထောင်ထဲ ထည့်ထားသော ရေဒီယို စကားပြောစက်မှ ကပ္ပတိန် ဂယ်လက်စပီး၏ ခပ်ပျော့ပျော့အသံထွက်လာ သည်။

"ပြော ဒန်၊ ခင်ဗျားအသံ ကောင်းကောင်းကြားတယ်"

"သတင်းဆိုး ဒတ်ရေ၊ အင်မတန်ဆိုးတဲ့ မုန်တိုင်းတစ်ခုလာနေတယ်။ မင်းတို့ သင်္ဘောပေါ်ကို ချက်ချင်းပြန်လာခဲ့ကြ ကြားလား"

"ကောင်းပြီ ဒန်၊ ခဏနေတွေ့မယ်"

ပစ်သည် ရေဒီယိုကို အိတ်ထဲပြန်ထည့်လိုက်ပြီး-

"မုန်တိုင်းလာမယ်ပြောတယ်။ ကျွန်တော်တို့ သင်္ဘောကိုပြန်ကြရလိမ့်မယ်။ ကော့စ် ဘယ်မှာလဲဒေါက်တာ" ဟု နော့ရှော့ပ်အား

မေးလိုက်သည်။

နော့ရှော့ပ်သည် အခုမှသတိရသွားသကဲ့သို့ ရေခဲပြင်ကျယ်ကြီးကို လှမ်းမျှော်ကြည့်ရင်း-

"ရေခဲပြင်မှာ အကွဲကြောင်းတစ်ခုတွေ့လို့ သူအဲဒီထဲဝင်သွားတယ်။ ကျွန်တော်ကသူနောက်ကလိုက်လာတယ် အောက်မေ့တာ။

ပါမလာသေးဖူးဗျ” ဟုပြန်ပြောလိုက်သည်။

“ကျွန်တော် သွားကြည့်လိုက်ဦးမယ်”

ပစ်သည် ပြောပြောဆိုဆို ရေခဲပြင်ပေါ်တွင် ထင်ထင်ရှားရှားပေါ်နေသောနော့ရော့ပ်နှင့် ကော့စ်တို့၏ခြေရာများနောက်သို့

ခပ်သုတ်သုတ်လိုက်ကြည့်၏။ လေက ဟူးဟူးရားရားတိုက်ခတ်လာပြီ။ ပါတ်ဝန်းကျင်သည် ချက်ချင်းပင်မှုန်မှိုင်းလာပြီး နေရောင်ကို

လုံးဝမမြင်ရတော့။ လေထုထဲတွင်ပါလာသော ရေခဲမှုန်များက အသားကို အပ်ချောင်းလေးများဖြင့်ဆွသလိုအေးစက်နာကြင်စေသည်။ လွန်ခဲ့သော

နှစ်ပေါင်းတစ်ရာ့ငါးဆယ်ကျော်က ရှိဆန်နာမန်ဒါလည်း သူအခုကြုံတွေ့နေရသည့် ဒုက္ခမျိုးနှင့်နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ခဲ့ဖူးသည်။ ဤဘေးဆိုးကြီးကို

ကျော်လွှားနိုင်စွမ်းရှိသည့် ရှိဆန်နာ၏ စိတ်ဓါတ်နှင့် အားမာန်ကားအံ့မခန်းဖြစ်ကြောင်း ခုမှသူ ကိုယ်ချင်းစာမိသည်။

လေပြင်းတိုက်ခတ်သံ တရှီရှီကြားမှ အော်သံတစ်ခုကြားလိုက်သလို စိတ်ထဲထင်မိ၍ နားကိုစွင့်ထားလိုက်သည်။

“မစ္စတာပစ်၊ ဒီဖက်မှာ၊ လာခဲ့”

ပထမတော့ ပစ်ဘာမှမမြင်ရပါ။ အသေအချာစူးစိုက်ကြည့်မှ ရေခဲကွဲကြောင်းကြီးတစ်ခုအတွင်းမှ ကော့စ်၏မျက်နှာ

ဖြူဖြူကိုတွေ့လိုက်ရသည်။ သူ့နားသို့ရောက်ရန် ပစ်ခဲယဉ်းစွာသွားရ၏။ ရေခဲကွဲကြောင်းပေါ်ဝမ်းလျှားမှောက်ကြည့်လိုက်တော့ အထဲမှာ

ဘသားချောက မိုးလုံ၊ လေလုံ။

“မစ္စတာ ကော့စ်၊ ဘာမှမဖြစ်ဘူးမဟုတ်လား၊ ကပ္ပတိန် ဂယ်လက်စပီးကအကြောင်းကြားတယ်။ မုန်တိုင်းလာနေပြီ တဲ့၊ ကျွန်တော်တို့

သင်္ဘောဆီပြန်ကြရမယ်”

"ဒါဆို မစ္စတာပစ် ပြန်တော့မယ်ပေါ့" သူ့အပြောနှင့် သူ့အကြည့်က ထူးခြားနေ၏။

"ဒီထဲမှာ ဘေးရန်ကင်းတာတော့ မှန်တယ်၊ ဒါပေမဲ့ ကျွန်တော်တို့ အချိန်မရှိဘူးကော့စ်"

"ခင်ဗျားပြောတော့ သဘော်ပျက်ကို ရှာမယ်ဆို"

"ဟုတ်တယ်လေ။ ခုရှာလို့မှ မတွေ့တာ"

ကော့စ်က လက်အိတ်စွပ်ထားသော သူ့လက်ညှိုးတုတ်တုတ်ကြီးကို ရေခဲကွဲကြောင်း၏ အပေါ်တည့်တည့်သို့ ထိုးပြလိုက်ပြီး မိန့်မိန့်ကြီး

ပြုံးနေ၏။

ပစ်မော့ကြည့်လိုက်သည်။ အလို- ရေခဲကွဲကြောင်းကြီး၏ ထိပ်မှာအိုမင်းဟောင်းနွမ်းလှသော သဘော်တစ်စီး၏ သစ်သား ဦးပိုင်းက

ထင်းထင်းကြီးတိုးထွက်နေပါလား။

(၁၇)

ကပ္ပတိန် ဂယ်လက်စပီးထံသို့ မဒရပ်သဘော်တွေ့ရှိကြောင်းနှင့် သူတို့အားလုံးဘေးကင်းကြောင်း အကြောင်းကြားပြီး နောက်

သုံးယောက်သားရှာဖွေရေးလုပ်ငန်းကိုချက်ချင်းစတင်တော့သည်။ ကော့စ်သည် သူ၏အိတ်ကြီးအတွင်းမှ စူး ဆောက်လက်နက်ကိရိယာများကို

ထုတ်၍ သဘော်ပျက်ကို ထုကြီးထည်ကြီးဖြင့် ဖုံးလွှမ်းထားသောရေခဲထုကို ခုတ်ထွင်ရှင်းလင်းနေသည်။ ကပ္ပတိန် ဘရက်ဖို့ဒ် နှင့် သူ့ဇနီးရှိဆန်နာ

မန်ဒါတို့တွေ့ရှိပြီးနောက် ဆယ်စုနှစ်ပေါင်း ဆယ့်လေးစုကျော်အောင်မည်သည့်သက်ရှိ လူသားတစ်စုံ တစ်ယောက်မှ ခြေမချခဲ့ဖူးသော

မဒရပ်သဘော်သည်ရေခဲထုအောက် စုန်းစုန်းမြုပ်နေ၏။

"ဒီလောက်နှစ်ပေါင်းရာချီပြီး ပစ်ထားတာတောင် သင်္ဘောကအကောင်းကြီးရှိသေးတာကို ကျွန်တော်တော့အံ့သြလို့မဆုံးဘူး။

မစ္စတာပစ်ပြောတုန်းက ကျွန်တော့်စိတ်ထဲမယ် ဒီသင်္ဘောရှာတွေ့ခဲ့ရင်တောင်သွားကြားထိုးတံလောက် အစအနလေးတွေပဲ တွေ့တော့မယ်

အောက်မေ့နေတာ"အလုပ်လုပ်ရင်း နော့ရော့ပ်က မှတ်ချက်ချလိုက်သည်။

"ရေခဲဗေဒ ပညာရှင်ကြီး ပညာအပေးခံလိုက်ရတယ် ဆိုပါတော့" ပစ်က နော့ရော့ပ်ကို ကလိလိုက်သည်။ ဒါကို နော့ရော့ပ်က မသိ။

"ဟုတ်တယ်ဗျ၊ ဒီသင်္ဘောကြောင့် ကျွန်တော်တို့ ရေခဲဗေဒသုတေသနတစ်ခေတ်ဆန်းဦးမှာ၊ ဒီလိုအခြေအနေမျိုးဟာ

အင်မတန်ရှားတယ်" သုတေသနပညာရှင်ပီပီ ပညာရပ်ဆိုင်ရာများအကြောင်း မမောနိုင်မပန်းနိုင် ပြောနေသည်။

ပစ်သည် ကော့စ်ဖက်လှည့်ကြည့်လိုက်သည်။ လူ့ဘီလူးကြီးသည် သင်္ဘောပေါ်တက်နိုင်ရန် ရေခဲထုကြားကြိုးစား၍ လမ်းထွင်နေရှာသည်။

"အခြေအနေဘယ်လိုတုန်း အီရာ"

"မလွယ်ဘူး ဆရာရေ့။ မြင်တဲ့ အတိုင်း လုပ်တော့ လုပ်နေတာပဲ"

"မလွယ်လဲ လွယ်အောင်လုပ်ဗျာ၊ နောက်မိနစ်လေးဆယ်အတွင်း ကျုပ်တို့ကိုသင်္ဘောထဲရောက်အောင်ပို့ပေးနိုင်ရင်

ခင်ဗျားကြိုက်တာပြော၊ ကပ္ပတိန်ဂယ်လက်စပီးဆီက တောင်းပေးမယ်"

ကော့စ်သည် ပစ်ကိုစေ့စေ့ကြည့်လိုက်သည်။ တကယ်တော့ဝင်ရိုးစွန်းမုန်တိုင်းပေါ်တွင် ကော့စ်သည် ကေစာရီကျင့်သူဖြစ်၏။ သူ့မိတ်ဆွေ

အပေါင်းအသင်းက သင်္ဘောတစ်စီးလုံးတွင် လက်ငါးချောင်းမပြည့်။ ပစ်ကိုမြင်စက အသုံးလုံးဌနချုပ်မှ အမေမှာသည့်အတိုင်းလုပ်မည့်

ခပ်တုံးတုံးဗျူရိုကရက်အရာရှိငနဲဆိုသည့် အမြင်ထက်မပိုခဲ့သည်ကို သူသတိရမိသည်။ ခုတော့မှ ဒီအထူးပရောဂျက်ဒါရိုက်တာဆိုသူမှာ

သေမြေကြီး၊ ရှင်ရွှေထီးခပ်ပျော့ပျော့သမားမှန်း သိလာရသည်။ ကော့စ်သည် ရုတ်တရက်ချက်ခြင်း ပစ်ကိုခင်မင်စိတ်ပေါ်လာသည်။ သူ့ရေခဲခွဲ

ပုဆိန်ကြီးကို အင်အားနှစ်ဆတိုး၍ ခုတ်သည်။ ရေခဲလွှာများက တဖွားဖွား လွင့်ကြလျက်။

နောက်သုံးဆယ့်လေးမိနစ် တိတိအကြာတွင် ကော့စ်က ပုဆိန်ကြီးကိုင်၍ ကျန်အဖွဲ့ဝင်နှစ်ဦးကို ဂုဏ်ယူဝံ့ကြွားစွာ ပြော လိုက်သည်။

"လူကြီးမင်းတို့ သင်္ဘောပေါ်ကြွကြပါ ခင်ဗျား"

ပစ်က အမေရိကန် တောင်ပိုင်းသား လူထွားကြီးကို ဦးညွှတ်အလေးပြုလိုက်သည်။

"ကျေးဇူးအထူးတင်ပါတယ် အီရာ၊ ခင်ဗျားဟာ တောင်ပိုင်းသားတွေရဲ့ ဂုဏ်ဆောင်ပုဂ္ဂိုလ်ပါပဲ"

ကော့စ်ကလည်း ပစ်ကို ပြန်လည်ဦးညွှတ်လိုက်သည်။

"ခုလို ချီးကျူးတဲ့လူကြီးမင်းကိုလည်း ကျွန်တော်ကပြန်လည်ကျေးဇူးတင်ပါတယ်။ နောင်တစ်ချိန် တောင်ပိုင်းသားတွေ

ကြီးစိုးတဲ့အချိန်ကာလရောက်ရင် လူကြီးမင်းကို မြှောက်စားချီးမြှင့်ပါဦးမယ်"

အတည်ပေါက်ပြန်ပက်လိုက်သော ကော့စ်၏စကားကြောင့် ပစ်မှာမချိသွားဖြဲနေလိုက်ရသည်။ တောင်ပိုင်းသားတို့၏ ဒေသစွဲ စိတ်ဓါတ်က

ကြီးလှချည့်။

ရေခဲထုကို ကော့စ်ဖောက်ထားသော အပေါက်ကြီးမှတစ်ဆင့် သင်္ဘောကုန်းပါတ်ပေါ်သို့ ဒတ်ပစ်သည် ရှေ့ဆုံးမှ လျှောက်လာခဲ့သည်။

"ဘာတွေ့လဲမစ္စတာပစ်" နောက်မှလိုက်လာသော နော့ရေ့ပ်က ဒတ်ပစ်ကို အလောတကြီးမေးသည်။ သိချင်စိတ်ကို အောင့်မထားနိုင်။

"ခဲနေတဲ့ မီးဖို့တစ်လုံးတွေ့တယ်ဗျ၊ ဘာမှ သေချာမမြင်ရဘူး၊ ဓါတ်မီးတွေ ယူခဲ့ပါဦး"

ကော့စ်နှင့်နော့ရော့ပ်ထွန်းညှိလိုက်သော အလျူမီနီယံမီးအိမ်သုံးပေဟလိုဂျင်မီးများကြောင့် ထိုနေရာဒေသသည် နေ့လည်ခင်းအလား

ထိန်ထိန်လင်းသွား၏။ ထိုအချိန်ကျမှ သုံးယောက်သားရောက်သွားသည့်နေရာမှာ သင်္ဘော၏မီးဖို့ခန်းဖြစ်ကြောင်း သူတို့

သဘောပေါက်သွားကြသည်။

ကော့စ်က စားသောက်ဖွယ်များ၊ ချက်ပြုတ် ပြင်ဆင်ခဲ့ဟန်တူသည့်စင်များကို ကြည့်ရင်း

"ဘာမှလဲ မရှိပါလား။ ဒီသင်္ဘော ပေါ်ကလူတွေ မသေခင် ရှိသမျှ အကုန်စားပစ်လိုက်တယ်ထင်တယ်"

နော့ရော့ပ်က မသက်မသာ မျက်နှာကြီးဖြင့်-

"ပူးတွေ၊ ပုလင်းတွေတောင်မတွေ့ဘူးဆိုတော့ အဲဒါတွေပါ ထုထောင်းပြီး စားပစ်လိုက်ကြသလားပဲ"

"ကဲ- ကျွန်တော်တို့ တူတူသွားကြမယ်။ တစ်ယောက်မတွေ့တာကို တစ်ယောက်က ပြပေးကြတာပေ့ါ" ဒတ်ပစ်က ဝင်ပြောလိုက်သည်။

"ခုကျွန်တော်တို့ ဘာကိုအဓိကထားပြီး ရှာရမှာလဲ မစ္စတာပစ်" ကော့စ်၏အမေးကို ကြားရတော့မှ သူတို့ကို ဘာမှ သေသေချာချာ

ပြောမထားမိမှန်း ဒတ်ပစ်သတိရသွား၏။

"ကပ္ပတိန် အခန်းကို အရင်ရှာမယ်ဗျာ။ ပြီးရင် သူ့အခန်းအောက်တည့်တည့်ကစတိုခန်းလေးဟာ ကျွန်တော်တို့ရဲ့ ပစ်မှတ်ပဲ၊

ခုကျွန်တော်တို့ အောက်မှာသင်္ဘောအရာရှိတွေ အခန်းနဲ့ ခရီးသည်ခန်းတွေ ရှိလိမ့်မယ်။ ကပ္ပတိန့် အခန်းကဒီနားမှာပဲဖြစ်မှာပေ့ါ။ ကဲ-အထဲဝင်ဖို့

လုပ်ကြရအောင်"

ပစ်က ပြောပြောဆိုဆို မီးဖိုခန်းတံခါးမှတဆင့် ထမင်းစားခန်းထဲသို့ဦးဆောင်ဝင်ရောက်သွား၏။ စားပွဲ၊ ကုလားထိုင် များနှင့်

ပရိဘောဂပစ္စည်းများသည် တစ်လက်မခန့်ထူသည် ရေခဲများဖုံးလွှမ်းလျှက်ရှိ၏။ ဟောလိုဂျင်မီးအလင်းရောင်အောက်တွင် ရေခဲတို့သည်

အဖိုးထိုက်တန်သည့် ခရစ်စတယ်ကျောက်များအလားတဖျတ်ဖျတ်လင်းလက်တောက်ပ လျက်ရှိသည်။ လှက်ရည်ပန်းကန်စုံများကသုံးစွဲမည့်သူကို

နှစ်ပေါင်းများစွာ စောင့်မျှော်နေသည့်နှယ်။

"တော်ပါသေးရဲ့ ဒီမှာတော့ ဘာအလောင်းမှ မရှိသေးလို့" ကြောက်တတ်ဟန်ရှိသည့် နော့ရော့ပ်က စိတ်သက်သာရာ ရသွားဟန်ဖြင့်

ပြောလိုက်သည်။

"မှတ်တမ်းအရတော့ သင်္ဘောပေါ်က လူအားလုံးဟာ သူတို့အိပ်ခန်းထဲမှာတင်သေကုန်ကြတယ်လို့ဆိုတယ်။ ဟိုက်ပို သားမီးယားရယ်

အစာရေစာငတ်မွတ်တာရယ်စကာဗီရယ်ပေါင်းမှတော့ မသေခံနိုင်ရိုးလား"

"ခု ကျွန်တော်တို့ ဘယ်ကို အရင်သွားကြမလဲ" ကော့စ်က မေးလိုက်သည်။

ပစ်က ဓါတ်မီးကို ထမင်းစားစားပွဲကြီး၏ နောက်တည့်တည့်တွင်ရှိသော တံခါးတစ်ချပ်သို့ ထိုးပြလိုက်ပြီး-

"ဒီတံခါးကနေ ထွက်သွားကြရုံပါပဲ"

"နေပါဦးဗျ၊ ခင်ဗျားက ဒီနှစ်နှစ်ရာလောက်သက်တမ်းရှိတဲ့ သင်္ဘောအကြောင်းကို ဘယ်ကဘယ်လိုသိလာတာလဲ"

"အရှေ့အိန္ဒိယ ကုမ္ပဏီရဲ့ ကုန်တင်သင်္ဘော တည်ဆောက်ပုံကို ကျွန်တော်နောကျေအောင် လေ့လာထားတယ်လေ"

လေ့ကားတစ်စင်းမှ သူတို့ဆင်းခဲ့ကြသည်။ ရေခဲထုကြောင့်အကြိမ်ကြိမ်ချော်လဲမလို ဖြစ်ခဲ့ကြသော်လည်း ဆိုးဆိုးဝါးဝါး

တော့မည်သူမျှမဖြစ်ကြချေ။ မှတ်တမ်းတွင်ညွှန်းဆိုထားသော
၁၈ပေါင်အမြောက်ကြီးကိုလက်နက်တိုက်မှ စတင်ထုတ်လုပ်ကာစ

အခြေအနေကဲ့သို့သစ်လွင်ပြောင်လက်စွာတွေ့ရသည်။ စတိုခန်းတံခါးသည် လွန်ခဲ့သည့်
၁၄၄နှစ်တုန်းက မန်ဒါလင်မယားနှင့် ပါလိုဗါဒီ

သဘော်သားတစ်စုတို့ ကတိုက်ကရိုက်ထွက်ပြေးစဉ်က အခြေအနေအတိုင်း
ဟောင်းလောင်းပွင့်လျှက်သား။

ဒတ်ပစ်သည် စိတ်မြန်လက်မြန်ဖြင့် အတွင်းသို့ဖျတ်ကနဲဝင်လိုက်သည်။ တစ်ခန်းလုံးကို
ဓါတ်မီးဖြင့်နေရာအနှံ့လျှောက် ထိုးကြည့်၏။

ကြေးနီဖြင့်ပြုလုပ်ထားသည့် ပန်းအိုးလေးတစ်လုံးက တံခါးနောက်မှာတုံးလုံးလဲလျှက်။
သစ်သားသေတ္တာကြီးများ ကအဖုံးများပွင့်လျှက်။

ဒါမန်ဒါတို့လက်ချက်။

ပစ်သည် သေတ္တာထဲမှပစ္စည်းများကို တစ်ခုချင်းထုတ်၍ စားပွဲပေါ်တင်နေသည်။ကြေးနီဖြင့်
လက်ရာမြောက်စွာ ထွင်း ထုထားသော

ခွေးရုပ်၊ ကြောင်ရုပ်၊ နွားရုပ်၊ ခြသေ့်ရုပ်များအပြင် လက်ရိုကမ္ဘာပေါ်တွင် သူမမြင်ဖူးသည့်
အခြားတိရိစ္ဆာန်ရုပ်ပေါင်းများစွာ။

အနုစိတ်ထွင်းထုထားသော မိန်းမရုပ်ထုများစွာလည်းတွေ့ရ၏။ သေတ္တာများ၏ အောက်ဆုံးတွင်တော့
လက်မဝက်ခန့်ထုပြီး ငါးလက်မခန့်

အချင်းရှိသည့် ကြေးပြားဝိုင်းများ အစီအရီထပ်လျှက်ရှိသည်။ ထိုကြေးပြားများပေါ်တွင်
နိဗ္ဗာန်ဘုံမိုင်းတွင်းတွင်တွေ့ခဲ့ရသော ဘာမှန်းမသိသည့်

သင်္ကေတများရေးထွင်းထားသည် ကိုအထင်အရှားတွေ့ရသည်။ ကြေးပြားဝိုင်း၏အလယ်မှာတော့
ယောကျာ်းပုံနှင့်မိန်းမပုံများကို

တစ်ဖက်တစ်ချက်တွင် အနုစိတ်ထွင်းထုထား၏။ ထိုပုံများကို ပစ်အသေအချာ ကြည့်မိ၏။

ယောက်ျားရုပ်ပုံက ဦးထုပ်ရှည်ကြီးကိုဆောင်းထားပြီး ချပ်ဝတ်တန်ဆာအပြည့်အစုံဝတ်ကာ စကော့ချ်လူမျိုးများကဲ့သို့ စကတ်တိုကို

ဝတ်ဆင်ထား၏။ ဦးခေါင်းအလယ်မှ ချိုတစ်ချောင်းထွက်နေသော မြင်းကိုစီး၍ဓါးပြားကြီးကိုဝှေ့ယမ်းကာ ပါးစပ်ဖြဲထားပြီး ရောမသွားစွယ်ကြီးများ

ထွက်နေသည့် နဂါးလိုသတ္တဝါကြီး၏ လည်တိုင်ကိုခုတ်ပိုင်းနေဟန်။

ကြေးပြားပိုင်း၏ တစ်ဖက်မှ မိန်းမရုပ်ပုံကတော့ယောကျ်ားကဲ့သို့ပင်ဝတ်ဆင်ထားသော်လည်း အလှအပအဆင်တန် ဆာ

ပိုမိုများပြား၏။သူမသည်လည်း ချိုတစ်ချောင်းနှင့် ရှေးခေတ်အသုံးထိုမြင်းကိုစီးပြီး လက်တစ်ဖက်ကဓါးကိုဝင့်၍ ကျန်တစ်ဖက်က လှံရှည်ကို

အစွယ်တစ်ချောင်းထဲပါသောကျားကြီးတစ်ကောင်၏ အာခေါင်ကို ထိုးစိုက်နေဟန် ထွင်းထုထား သည်။ ဒတ်ပစ်သည်ထိုကြေးပြားကြီးများကို

ကိုင်ရင်း ခေတ္တမျှငိုင်တွေနေ၏။ သူ့စိတ်အစဉ်ကဟိုးလွန်ခဲ့သည် နှစ်ပေါင်းများစွာက ဤပစ္စည်းများ၏ လွှမ်းမောဖွယ်အတိတ်ကာလကို

ပြန်သွားရန်ကြိုးပမ်းနေသည်။ သို့သော် ပစ္စုပ္ပန် နှင့် အတိတ်ကြားကကိုယ်ပျောက်နံရံကြီးကို သူ့အဖွတ္တက ကျော်လွှားနိုင်ခြင်းငှာ မစွမ်းသာချေ။

ကော့စ်၏ တောင်ပိုင်းသားအသံကြီးကြောင့် အတိတ်အိပ်မက်မှ လန့်နိုးလာသည်။

"ပစ္စည်းတွေ သယ်မှာလား မစ္စတာပစ်"

ပစ်က ခေါင်းညိတ်လိုက်သည်။

"ဒီသေတ္တာတွေ နဲ့ အထဲက ပစ္စည်းတွေ ခြေရာလက်ရာမပျက် အကုန်သယ်သွားချင်တယ် ကော့စ်"

"အားလုံးပေါင်း သေတ္တာ နှစ်ဆယ့်လေးလုံးရှိတယ်" နော့ရော့ပ်က ဝင်ပြောရင်းသေတ္တာတစ်လုံးကို ကုန်းမလိုက်သည်။ ရုတ်တရက်

သူ့မျက်နှာကြီးသည်ဧရုတ်ချဥ်ရည်ဖြင့် ပက်ခံလိုက်ရသကဲ့သို့
နီရဲလာပြီးမျက်လုံးများပြူးထွက်လာသည်။ သေတ္တာက လေးလှသည်ကိုး။

နော့ရော့ပ်တစ်ယောက် မရှုနိုင်မကယ်နိုင်ဖြစ်နေသည်ကို မြင်ရသော
ကော့စ်သည်နော့ရော့ပ်လက်ထဲမှ သေတ္တာကို ကလေးချီသကဲ့သို့

အသာလေးဝင်မလိုက်သည်။ဟောဟဲဆိုက်နေသော နော့ရော့ပ်ကို ခပ်တည်တည်ကြည့်ရင်း-

"အလေးအပင်တွေ ကျွန်တော်ပဲမပ့ါမယ်၊ ဒေါက်တာအသာနေပါ၊ တော်ကြာ ဒေါက်တာ့ကိုပါ မပြီး
သင်္ဘောပေါ်ပြန်နေ ရဦးမယ်" ဟု

ငေါ့သွား၏။

တစ်လုံးလျှင်ပေါင်တစ်ရာမျှလေးသော သေတ္တာကြီးကို လူစွမ်းကောင်းလုပ်ပြီး'မ'မိသဖြင့်
အီစလန်ဝေနေသော

နော့ရော့ပ်တစ်ယောက် အလွန်တရာ ပျော်သွားသည်။ သွားကြီးဖြဲ၍ ကော့စ်ကို
ခေါင်းညိတ်ပြနေသည်။

ဤသို့ဖြင့် စွပ်ဖားတစ်ခုလျှင် သေတ္တာရှစ်လုံးစီတင်၍ ကြိုးများဖြင့်ခိုင်ခိုင်မာမာချည်နှောင်ပြီးသည်အထိ
အလုပ်အားလုံးနီးပါးကို

အီရာကော့စ်တစ်ယောက်တည်း လုပ်သွားသည်။ ပစ်နှင့်နော့ရော့ပ်တို့က နမ်းဖြူးရုံမျှ။ ပစ်သည်
ရေဒီယိုဖုန်းဖြင့်ဝင်ရိုးစွန်းမုန်တိုင်းကို ခေါ်နေ၏။

"ဟေး-ဒန် ကျွန်တော့်အသံကြားရလား"

"ကြားတယ် ပစ်၊ မုန်တိုင်းကတော့ စဲသွားပြီကွ"

"မုန်တိုင်းစဲရင် ဒီမှာလာကူလှည့်ဦး၊ စွပ်ဖားတစ်စီးစီမှာ ပေါင်ရှစ်ရာလောက်လေးတဲ့
ရှေးဟောင်းပစ္စည်းအပြည့်ပါတဲ့

သေတ္တာတွေတင်ထားတယ်။ သင်္ဘောပေါ်ရောက်အောင် ကူဆွဲပေးကြဦးဗျ"

"အေးအေး၊ ငါကိုယ်တိုင်ဦးဆောင်ပြီးလာမယ်။ မင်းတို့စောင့်နေကြ"

"ခင်ဗျား တကယ်လာမှာလား"

"လာမှာပေါ့ကွ၊ ဆယ့်ရှစ်ရာစုကတည်းက ရေခဲထဲနစ်နေတဲ့ရှေးဟောင်းသင်္ဘောကုန်းပါတ်ပေါ်မှာမှ လမ်းမလျှောက်လိုက်ရရင်

လူဖြစ်ရကျိုးမနပ်ပဲ နေလိမ့်မပေါ့။ ကော့ညက်ကလေးများ မပါလာတာ နာသကွာ"

"ဒါဆိုလည်း ခင်ဗျားကို အဲဒီသင်္ဘောက ကပ္ပတိန် လေးဟန့်နဲ့ မိတ်ဆက်ပေးရသေးတာပေါ့"

"ဟေ- မင်း၊ မင်း အဲဒီသင်္ဘော ကပ္ပတိန်ကို တွေ့ခဲ့တယ်၊ ဟုတ်လား"

"ကျုပ်ကိုယ်တိုင်တော့ မတွေ့သေးဖူးဗျ၊ ပစ္စည်းသယ်ဖို့ လုံးပန်းနေရတာကိုး၊ရှိဆန်နာ မန်ဒါရဲ့ မှတ်တမ်းကို အားကိုးပြီး ပြောရရင်တော့

ခင်ဗျားသူ့ကိုအရည်မပျော်သေးတဲ့ ရေခဲမုန့်လတ်လတ်ဆတ်ဆတ်လေးလို ပုံပန်းမပျက်တွေ့ရမှာသေချာတယ်"

အမှန်တကယ်ပဲ ကပ္ပတိန်လေးဟန့်သည် ၁၇၇၉ ခုနှစ်သူသေဆုံးခဲ့ချိန်ကအတိုင်းကုလားထိုင်ပေါ်တွင် ထိုင်နေတုန်းဖြစ်၏။

ရေခဲမှုန်လေးများ ထူထပ်စွာကပ်ငြိနေသည်ကလွဲ၍ မနေ့တစ်နေ့က သေဆုံးခဲ့သော ရုပ်အလောင်းသဖွယ်လတ်ဆတ်စွာ ရှိနေဆဲဖြစ်သည်။

ကပ္ပတိန် ကတော်၊ သူ၏ ကလေးနှင့် အခန်းရှေ့မှခွေးကလေးတို့၏ ရုပ်အလောင်းများကိုလည်း မှတ်တမ်းတွင်ပါသည့်အတိုင်းတွေ့ခဲ့ကြသေးသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်က လောကီထုပ္ပါတ်အလွမ်းဇာတ်သည် ခုထိရင်နင့်ဖွယ် ခံစားမှုများကို ပေးစွမ်းနိုင်ဆဲ။

ကေဗင်ခန်းများကို ဖြတ်လျှောက်ကြစဉ် ပုံစံအမျိုးမျိုးဖြင့်သေဆုံးခဲ့ကြသည့် အေးခဲနေသော အလောင်းကောင်များကို

ဟေလိုဂျင်မီးအလင်းရောင်ဖြင့် အသုဘကမ္ဘဌာန်းရှုကြရသည်။ ဒတ်ပစ်၏ စိတ်သည်ထုံကြင်အေးခဲလျှက် မည်သည့်စိတ်ခံစားချက်မှ

ပေါ်မလာသလိုဖြစ်နေသည်။ ရေခဲလွှာများအောက်မှမျက်နှာတို့က တဖွေးသရဲဆန်လှသည်။ ဤမျှ ခေါင်လွန်းလှသည့်ကမ္ဘာ့ဝင်ရိုးစွန်းနေရာတွင်

ကူကယ်ရာမဲ့ အခြေအနေမျိုးနှင့် ရှောင်လွှဲမရသောသေခြင်းတရား၏ လက်တံရှည်တို့ဖြင့် ပွေ့ဖက်ခေါ်ဆောင်ခြင်းမခံရမှီသူတို့နောက်ဆုံးအနေဖြင့်

ဘာတွေများတွေးခဲ့ကြပါလိမ့်။

"အိပ်မက်ဆိုးကြီး တစ်ခုပါပဲဗျာ၊ အင်မတန် ကြီးကျယ်ခမ်းနားလှတဲ့ဆောင်းတွင်းအိပ်မက်ရှည်ကြီးပေါ့" နော့ရှော့ပ်က ခေါင်းတရမ်းရမ်း

ဖြင့်ရေရွတ်နေသည်။ သိပ္ပံပညာရှင်ကြီး ရင်ထဲမှာခံစားရသည်ထင့်။

ပစ်က သူ့ကို နားမလည်သလိုကြည့်လိုက်သည်။

"ကြီးကျယ်ခမ်းနားတယ်၊ ဟုတ်လား ဒေါက်တာ"

"သိပ္ပံပညာရှုထောင့်က ပြောတာပါဗျာ။ နှစ်ပေါင်း နှစ်ရာကျော်တဲ့အထိလူ့ခန္ဓာကိုယ်ကို မပုပ်မသိုး၊ မပျက်စီးအောင် ထိန်းသိမ်းထားနိုင်တဲ့

ရေခဲရဲ့အံ့ဖွယ်အစွမ်းကို ပြောတာပါ။ ကြည့်စမ်းပါဦး၊ ဒီလူတွေကိုအသက်ပြန်သွင်းလိုက်ရင် ခုချက်ချင်းတောင် ၎ုပ်တုပ်ထထိုင်ကြမလားပဲ"

နော့ရှော့ပ်၏အတွေးက ပစ်ခေါင်းထဲသို့ ကူးစက်ရောက်ရှိလာသည်။ တကယ်လို့များအံ့မခန်းတဲ့ သိပ္ပံ သို့မဟုတ် မှော်အစွမ်းနဲ့

ဒီလူတွေကိုအသက်ပြန်သွင်းလို့များရခဲ့ရင် လွန်ခဲ့တဲ့ နှစ်နှစ်ရာက လူတွေအနေနဲ့သမိုင်းကို အသစ်များ ပြန်ရေးကြဦးမလားပဲ။

နော့ရှော့ပ်က ငေးငိုင်သွားသော ပစ်ကို ကြည့်ရင်း သူ့အတွေးကို ပစ်ဆက်တွေးနေကြောင်းသိ၏။ လက်နှစ်ဖက်ကို မြှောက်၍-

"ကျွန်တော်တို့ ခေတ်မှာ ဒါမျိုးဖြစ်အောင် မစွမ်းဆောင်နိုင်သေးပါဘူး၊ မစွတာပစ်ရယ်"

ပစ်သည် နော့ရေ့ာ့ပ်ကို ကြည့်လိုက်သည်။ သူ့အကြည့်က ရီရီဝေဝေ။

"ဟုတ်ပါတယ်။ ဒါပေမဲ့ကျွန်တော်ကတော့ ဒီလူတွေအသက်ပြန်ဝင်လာပြီး ၁၇၇၉ခုနှစ်က သူတို့ဘယ်လိုအဖြစ်ဆိုးမျိုးနဲ့

ကြုံခဲ့ရတယ်ဆိုတာကို သူတို့ကိုယ်တိုင်ပြောပြတာကို ကြားချင်၊ မြင်ချင်နေမိတယ်ဗျာ"

## အတ္တလန်တစ် ရှာပုံတော်

မုန်တိုင်းကို သယ်ဆောင်လာသော တိမ်မည်းညိုတို့ကင်းစင်သွားပြီး နောက်လေးနာရီအတွင်း ဟူးဟူးရားရားတိုက်

ခတ်နေသောလေသည်ငြိမ်သွား၏။ ကော့စ်က မြေပြင်ပေါ်တက်၍ အလံဝါတစ်ခုကိုဝှေ့ယမ်းပြနေသည်။ ပစ်သည်

မျက်စိတစ်ဆုံးကျယ်ပြောလှသည့် နှင်းထုကဗ္ဗလာထက်ဝယ် ပုရွက်ဆိတ်သာသာမျှသာ မြင်ရသည့်လူဆယ်ယောက် ကိုငေးကြည့်နေ၏။

သူတို့တဖြည်းဖြည်းနီးလာသောအခါ ဂယ်လက်စပီး ကိုယ်တိုင် ဦးဆောင်လာသည်ကို တွေ့ရသည်။ သူ့နောက်မှာတော့ ဂျာနယ်လစ် အီဗီတန်က

ကပ်လိုက်လာ၏။ဂယ်လက်စပီးသည် ပစ်ဆီသို့လျှောက်သွား၏။ သူ့မျက်နှာကြီးက ပြုံးဖြီးဖြီး။

"လမ်းလျှောက်လို့တယ်ကောင်းသကိုးကွ"

"ကျွန်တော်တို့ရဲ့ ခေတ်ဟောင်းအဏ္ဏဝါဗေဒ ဆိုင်ရာ အန္တာတိက ပြတိုက်ကြီးက ကြိုဆိုပါတယ်ဗျာ" ပစ်က ဂယ်လက်စပီးကို

နောက်ရွှတ်ရွှတ်ပြောလိုက်သည်။

"လမ်းကို ကြည့်လျှောက်နော်ဒန်၊ မတော်ချော်လဲလို့ ကျွန်တော်တို့ ကပ္ပတိန် ဒုက္ခများနေပါဦးမယ်"

သဘော်ာတစ်စီးလုံး နေရာအနှံ့ ပစ်လိုက်ပြနေစဉ် အီဗင်တန်က ဖလင်ဆယ်လိပ်မျှ ဓါတ်ပုံလျှောက်ရိုက်တော့သည်။ ကော့စ်နင့်

နော့ရော့ပ်က သေတ္တာများတင်ထားသည့်စွပ်ဖားများကို သဘော်ာသားများ ဝင်ရိုးစွန်းမုန်တိုင်းဆီသယ်ပို့နေသည်ကို ညွှန်ကြားရင်း

အလုပ်ရှုပ်နေကြသည်။

ပစ်က အီဗီတန်တစ်ယောက် အထပ်ထပ်ဝတ်လာသည့် အနွေးထည်များကို ဖစ်ဆွဲဖြုတ်ရင်း အတွင်းခံများကြားသို့

ဖလင်လိပ်များထိုးထည့်နေသည်ကို ကြည့်ရင်းအူမြူးနေ၏။ အီဗီတန်က သူ့ကိုကြည့်ကာ ရှက်ကိုးရှက်ကန်းဖြင့် ရယ်လိုက်ရင်း-

"မတတ်နိုင်ဘူး၊ မစ္စတာပစ်ရဲ့၊ အအေးဒဏ်ကြောင့် ဖလင်လိပ်တွေ မပျက်စီးအောင်လုပ်ဖို့က ဒီတစ်နည်းပဲ ရှိတယ်"

ဝင်ရိုးစွန်းမုန်တိုင်း၏ ပထမအရာရှိဂျိတ်ဘုရှ်လေသည် ဂယ်လက်စပီးကို ရေဒီယိုဖုန်းမှတဆင့်ခေါ်နေသည်။ ဂယ်လက်စပီးက

အတန်ကြာနားထောင်၏။ မျက်နှာညိုလာပုံထောက်တော့ အခြေအနေမကောင်းဟု ပစ်ခန့်မှန်းလိုက်သည်။

"တို့ သဘော်ာဆီ အမြန်ပြန်မှဖြစ်မယ်ကွ"

"ဘာဖြစ်လို့လဲ၊ နောက်ထပ်မုန်တိုင်းတစ်ခု လာပြန်ပြီလား" အီဗီတန်က မေးလိုက်သည်။

ဂယ်လက်စပီးက ခေါင်းခါရင်း-

"ဂျာမာန် ယူဘုတ်လေ။ ဝင်ရိုးစွန်းမုန်တိုင်းနဲ့ တစ်မိုင်အကွာမှာ ရေပေါ်ပေါ်လာတယ်တဲ့"

(၁၈)

ဟုတ်၏။ သူတို့ဝင်ရိုးစွန်းမုန်တိုင်းကို လှမ်းမြင်ရသောအခါ ဝေလငါးမည်းကြီးတစ်ကောင် ရေပေါ်ပေါ်နေသလို ပုံသဏ္ဌာန် ရှိသော

ရေငုပ်သင်္ဘောကိုယ်ထည်ကြီးကို ကောင်းစွာမြင်ရ၏။ နီးလာလေလေ၊ ထင်ရှားလာလေလေ။ ရေငုပ်သင်္ဘော၏ မျှော်စင်ထက်ဝယ်လှုပ်ရှားနေသော

သဏ္ဌာန်များကိုလည်းကောင်း။ ကုန်းပါတ်ပေါ်ရှိ စက်သေနတ် ကြီးကိုလည်းကောင်းထင်ထင်ရှားရှားမြင်နေရပြီ။

ဂယ်လက်စပီးသည် အပြေးတပိုင်းလျှောက်လှမ်းရင်း ပထမအရာရှိ၏ နာမည်ကို ရေဒီယိုဖုန်းထဲမှ ကြုံးအော်လိုက်၏။

"ဘုရှ်လေ !"

"ပြောပါ ကပ္ပတိန်"

"ရေလုံတံခါးတွေ အကုန်ပိတ်ထား၊ သင်္ဘောသားအားလုံးနဲ့ သိပ္ပံပညာရှင်တွေကို အသက်ကယ်အင်္ကျီဝတ်ထားခိုင်း"

"ဟုတ်" ဘုရှ်လေ၏ အော်ဟစ်ညွှန်ကြားနေသံများကို ရေဒီယိုဖုန်းမှတဆင့် ကြားနေရသည်။

"ဒီရေငုပ်သင်္ဘောဟာ တစ္ဆေတစ်ကောင်လို တို့နောက်ကိုလိုက်နေတာကြာပြီ။ ဒီတစ်ခါတော့ ထိပ်တိုက်တွေ့ပြီနဲ့ တူတယ် ပစ်"

"အေးပျ၊ ဒါပေမဲ့ တစ်ခုတော့တော်သေးတယ်ပြောရမယ်။ ကျွန်တော်တို့ကို တွယ်မယ်ဆိုရင်တောင် ရေခဲပြင်မှာတော်ပီဒို ပစ်လို့မရဘူး"

"မတော်နဲ့မောင်၊ ဟိုမှာ နင့်အဘ စက်သေနတ်ကြီးက ပြူးနေတာပဲ"

ပစ်တို့လူစု သင်္ဘောဆီအပြေးအလွှားပြန်လာကြချိန်တွင် သင်္ဘောတစ်စီးလုံးမှာ အချက်ပေးဥသြသံများနှင့် ဆူညံပွက် လောရိုက်နေ၏။

ဂယ်လက်စပီးက ဖုန်းခေါ်ပြန်သည်။

"ဘုရှ်လေ၊ ရေငုပ်သင်္ဘောက ဘာအဆက်အသွယ်လုပ်သလဲ"

"မလုပ်ဖူး၊ ကပ္ပတိန်၊ ကျွန်တော် ဆက်သွယ်လိုက်ရမလား"

ဂယ်လက်စပီး ခေတ္တမျှစဉ်းစား၏။

"မလုပ်နဲ့ဦး၊ သေချာသာ စောင့်ကြည့်ထား"

ပစ်က ဂယ်လက်စပီးကို လှည့်ကြည့်ရင်း-

"နေပါဦး၊ အရင်တုန်းကရော ခင်ဗျားကို ယူဘုတ်က ဆက်သွယ်ဖူးလို့လား"

"ငါ နှစ်ခါတိတိဆက်သွယ်ဖူးတယ်။ ဘာမှပြန်မဖြေဘူး"

"ဒီအကြောင်း ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာကို သတင်းပို့ထားတယ်ဆို၊ သူဘာပြန်ပြောလဲ"

"ဒီကိစ္စကို ငါကိုင်တွယ်မယ် တဲ့"

"သူကိုင်တွယ်ဖို့ အချိန်မရတော့ဘူး။ အခု ဘုရှ်လေကို ယူဘုတ်နဲ့ဆက်သွယ်ဖို့ ပြောလိုက်ဒန်၊ သူပြောရမှာက ယူဘုတ်

သင်္ဘောပေါ်နေတဲ့နေရာမှာ ပင်လယ်ရေအောက် သုတေသနအတွက် ပစ္စည်းတွေချထားတယ်လို့၊ ဒီပစ္စည်းတွေဟာ အသံလှိုင်းတုန်ခါမှုကြောင့်

ပေါက်ကွဲတတ်တယ်လို့ ပြောခိုင်း"

ဂယ်လက်စပီးက ပစ်ကို ကြောင်ကြည့်နေသည်။

"အဲသလို လိမ်ပြောလိုက်တော့ တို့ဘာရမလဲ"

"အချိန်ရတာပေါ့ ဒန်ရဲ့၊ ဆန်ဒက်ကာက ဘယ်လိုကိုင်တွယ်ကိုင်တွယ်၊ အချိန်တော့ ရမှဖြစ်မယ် မဟုတ်လား"

"တို့ ရေဒီယိုကတဆင့် ပြောတာတွေ သူတို့ ကြားမှာပေါ့"

ပစ်က ခနိုးခနဲ့ ပြုံးလိုက်၏။

"မတုံးစမ်းပါနဲ့ ဒန်ရယ်။ သူတို့ကြားအောင် တမင်လုပ်တာလေ၊ ဂျာမာန်သောက်ကျင့်ကို ခင်ဗျားလည်းသိသားနဲ့"

ဂယ်လက်စပီးလည်း ပြုံးတုံးတုံးဖြစ်လာ၏။ သူက ရေဒီယိုအသံလွှင့်လိုင်းကို နှိပ်လိုက်ပြီး-

"ဘုရှ်လေ၊ ငါပြောတာသေချာနားထောင်" ဆိုပြီး ပစ်နှင့်သူ ဇာတ်တိုက်ထားသည့် အကြောင်းအရာများကို ပိုပိုသာသာ

လေးပြောလိုက်၏။ သဏ္ဍာန်လုပ်၊ သရုပ်တူပါပေသည်။

ဘုရှ်လေ ကလည်း ချက်ဆို နားခွက်က မီးတောက်သူ။ သူ့ကပ္ပတိန် ဘယ်ကြိုးကိုဆွဲနေမှန်းချက်ချင်းသဘောပေါက်၏။

"ဟုတ်ကဲ့၊ ကပ္ပတိန် ကျွန်တော် ခုချက်ချင်း သူတို့ကို အကြောင်းကြားပါ့မယ်"

ပစ်တို့ လူစုသည် သင်္ဘောနှင့် မိုင်ဝက်ခန့် ဝေးနေသေးသည်။

"ကဲ ကျွန်တော်တို့ ဆယ်မိနစ်လောက်စောင့်ကြည့်မယ်။ ပြီးရင် နောက်ဇာတ်လမ်းတစ်ခု ကြံကြတာပေါ့"

ပစ်သည် ဟောဟဲလိုက်နေသော သတင်းထောက်မလေး အီဗီတန်ဖက်ကို လှည့်လိုက်ရင်း-

"ကင်မရာ ပစ္စည်းတွေပေး၊ ကျွန်တော်သယ်ပေးမယ်"

သူမက ခေါင်းသွက်သွက်ခါယမ်းရင်း-

"ရတယ်၊ ကျွန်မ ဘာသာသယ်မယ်။ သွားမှာသာသွားပါ" ဟုပြန်ပြော၏။

"ငါအရင်သွားနှင့်ပြီဟေ့၊ သင်္ဘောပေါ်မှာ ငါရှိမှဖြစ်မှာ" ဂယ်လက်စပီးကပြောရင်း ဒုန်းစိုင်းပြေးတော့သည်။ ပစ်သည် အီဗီတန်

နှင့်သူ့ပစ္စည်းများကို စကိတ်ပေါ်တင်ပေးလိုက်ပြီး ရှေ့မှသွားစေ၏။ သင်္ဘောနှင့် ဂိုက်ငါးဆယ်အကွာသို့ သူ ရောက်လာပြီ။

အတ္တလန်တစ် ရှာပုံတော်

ဒတ်ပစ်သည် မားမားကြီး ရပ်၍ နင်းထုကဗ္ဗလာ ရေပြင်လွှာ ပေါ်တွင် မည်းမည်းကြီး ပေါ်နေသော ရေငုပ်သင်္ဘောကြီး ကို စိုက်ကြည့်

နေသည်။ ကုန်းပါတ် ပေါ်မှ ဧရာမ စက်သေနတ်ကြီး နားတွင် သင်္ဘောသားများ အလုပ်ရှုပ် နေသည်ကို လည်းကောင်း။ ဦးပိုင်းမှ အမိန့်ပေး

မျှော်စင်လေး ပေါ်မှ အရာရှိများ ဟစ်အော် ညွှန်ကြား နေသည်ကို လည်းကောင်း ရှင်းလင်း ပြတ်သားစွာ မြင်ရ၏။ ၎င်းတို့သည် တတိယ

ဂျာမာန်နိုင်ငံတော်၏ နာဇီယူနီဖောင်းများအစား အနက်ရောင် ခေတ်မီ ကိုယ်ကျပ် ဝတ်စုံများဝတ်ဆင်ထားကြ၏။ဒတ်ပစ်သည်

ရေဒီယိုတယ်လီဖုန်းကို ဖွင့်လိုက်ပြီး-

"ယူ-၂၀၁၅ က ကွန်မန်ဒါကို ဆက်သွယ်နေပါတယ်။ ကျုပ်နာမည် ဒတ်ပစ်။ ခင်ဗျား ကျုပ်ကို ဝင်ရိုးစွန်းမုန်တိုင်း ရေခဲခွဲသင်္ဘောနားက

ကမ်းခြေမှာ ထင်ထင်ရှားရှားတွေ့ရမယ်လို့ မျှော်လင့်တယ်" ခဏ နားလိုက်သည်။

"ခင်ဗျားတို့ ဘာကောင်တွေလည်းဆိုတာ ကျုပ်ကောင်းကောင်းသိတယ်။ ကျုပ်ပြောတာ နားလည်လား"

ရေဒီယို တယ်လီဖုန်းမှ ပြတ်သားရှင်းလင်းသော အင်္ဂလိပ်စကားသံထွက်လာသည်။

"ဟုတ်ကဲ့ မစ္စတာပစ်၊ ယူ ၂၀၁၅ က ကွန်မန်ဒါ စကားပြောနေပါတယ်။ ကျွန်တော်တို့ ခင်ဗျားကို ဘာကူညီရမလဲ"

"ပထမဆုံးတော့ အပြန်အလှန်နှုတ်ဆက်ကြတာပေါ့ ကွန်မန်ဒါ။ ကျုပ်နာမည်ခင်ဗျားတို့သိပြီးပြီပဲ။ ခင်ဗျား နာမည်ကလေး

တဆိတ်ချီးမြှင့်ပါလားဗျာ"

"အဲဒါ ခင်ဗျားသိစရာ မလိုပါဘူး"

ဟိုက်-စလာပြီ။ သူတို့ဖက်က အရင်ဆောက်နဲ့ထွင်း ပါပကော။ ခလုတ်နှိပ်ဖို့ အချိန်ရောက်ပြီပေါ့။

"အို-ဟုတ်တာပေါ့ဗျာ။ အနာဂါတ်ကံကြမ္မာသစ် သို့မဟုတ် စတုတ္ထနိုင်ငံတော်လို့ ကိုယ့်ကိုယ်ကို နာမည်တွေလျှောက် ပေးထားတဲ့

ခင်ဗျားတို့ရဲ့ မိုက်ဖော်မိုက်ဖက်ကြီးတွေက လျှို့လျှို့ဝှက်ဝှက်လုပ်ရတာ ဝါသနာထုံသကိုးဗျ။ ဒီအတွက်ကြောင့်နဲ့တော့ စိုးရိမ်ကြောင့်ကျဗျာပါဒ

တွေဖြစ်တော်မူမနေပါနဲ့ဗျာ။ ခင်ဗျားတို့ရဲ့ အဆံချောင်လူသတ်သမားတစ်သိုက်လုပ်ခဲ့ကြတဲ့ အော့နလုံးနာစရာတွေကို ကျုပ်ဘယ်သူ့ကိုမှ

လျှောက်မပြောဘူးလို့ ကတိပေးပါတယ်"

ဒတ်ပစ်သည် အချိုကြီးတီးထည့်လိုက်ပြီ။ တကယ်တော့ ရမ်းသန်းစွတ်ရွတ်လုပ်ချင်းသာပါ။ တစ်ဖက်က စကားမပြန်နိုင်ပဲ အကြာကြီး

ငြိမ်သွားပုံထောင်လျှင် ချက်ကောင်းထိသွားပြီဟု ယူဆရသည်။ အတန်ကြာမှ ကွန်မန်ဒါ့အသံ ထွက်ပေါ်လာ၏။

"ဒါဆို ခင်ဗျားက အရာရာသိတဲ့ ကိုဖိုးသိပေါ့"

"ဟုတ်ပဗျား" သူရွေးလိုက်သည့်လမ်း မှန်သွားပြီ။ ခလုပ်နှိပ်မှန်သွားပြီ မှန်းဒတ်ပစ်သိလိုက်သည်။

"ကျုပ်ရဲ့ ဂုဏ်သတင်းတွေ ဒီလောက်မြန်မြန်ကျော်စောသွားလိမ့်မယ်လို့ မထင်ထားရိုးအမှန်ပါဗျာ"

"ခင်ဗျား ကိုလိုရာဒိုကနေ ဒီအန္တာတိက ကိုတောက်လျှောက်လာခဲ့တာလား"

"တောက်လျှောက်တော့ မဟုတ်ဖူးဗျ။ ခင်ဗျားတို့လွှတ်လိုက်တဲ့ လူသတ်သမားဆိုတဲ့ ငပေါတွေကို သတ်ရ၊ ဖြတ်ရ၊ မြေမြှုပ်ရ

လုပ်ပြီးမှလာခဲ့တာပါ"

"ဒီမှာ ခင်ဗျား ကျွန်တော့်ကို စမ်းနေတာလား မစွတာပစ်"

စကားဝိုင်းက ကြမ်းလာချေပြီ။ သို့သော်ဒတ်ပစ်၏ အဓိကရည်ရွယ်ချက်မှာ ယူဘုတ်ကွန်မန်ဒါကို တောင်စဉ်ရေမရ လျှောက်ပြောခြင်းဖြင့်

အချိန်ဆွဲထားဖို့သာဖြစ်သည်။

"မစမ်းရပါလား ကွန်မန်ဒါရယ်။ ခင်ဗျားတို့ရဲ့ နားလည်ရခက်တဲ့ အမူအကျင့်ကို ခင်ဗျားတို့ ကိုယ်တိုင် သဘောပေါက် အောင် ကျုပ်က

ရှင်းပြချင်ရုံ သက်သက်ပါ။ ဘာလက်နက်မှမပါတဲ့ အင်္ဂလိပ်ကုန်သည်တွေ စီးတဲ့ ရေယာဉ်ကို စက်သေနတ်ကြီး တကားကားနဲ့ နိုင်ထက်စီးနင်းလုပ်မဲ့အစား

မြောက်အတ္တလန်တစ်ရေပြင်မှာ သွားနေတဲ့ ကုန်တင်သင်္ဘောတွေကို တော်ပီဒိုနဲ့ ပစ်ပြီး ပင်လယ်ဓါးပြတိုက်တာက ပိုအကျိုးရှိမှာ မဟုတ်လား"

"တိုက်ခိုက် လုယက်တဲ့အလုပ်ကို ၁၉၄၅ ခုနှစ် ဧပြီလကတည်းက စွန့်လွှတ်လိုက်ပြီဗျ"

ဒတ်ပစ်သည် သူ့ဖက်သို့ တဖြည်းဖြည်းလှည့်လာသော စက်သေနတ်ကြီးကိုကြည့်၍ အသည်းတယားယားဖြစ်နေ သည်။ ဒါကြီးနှင့်သာ

အတွယ်ခံလိုက်လို့ကတော့ သူ့မှာ ဆယ်ပေါင်တူနှင့်အထုခံရသည့် စာကလေးကဲ့သို့ ရှိချေတော့ မည်။ ယူဘုတ်သည် ဝင်ရိုးစွန်းမုန်တိုင်းကို

တစစီဖြစ်အောင်လုပ်တော့မည်မှန်း သေချာသည်ထက်သေချာလာသည်။

"နေပါဦးဗျ၊ စတုတ္ထအင်ပါယာကို ဘယ်တုန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့တာလဲ။ ကျုပ်တို့ကိုလည်း မဖိတ်ပါလား"

"ခင်ဗျားနဲ့ ဘာစကားမှ ထပ်ပြောစရာ အကြောင်းမရှိတော့တဲ့ အတွက် နှုတ်ဆက်ပါတယ် မစ္စတာပစ်" ကွန်မန်ဒါ အသံက မိုးလေဝသ

သတင်းကြေငြာသူကဲ့သို့ လေသံအနိမ့်အမြင့်မရှိ၊ စိတ်လှုပ်ရှားခြင်းကင်းလှသည်။

ဘာဖြစ်တော့မည်ဆိုတာ ပစ်သိသည်။ အနီးဆုံးရေခဲတောင်တစ်ခုနားပြေးကပ်၍
ပြားနေအောင်ဝပ်လိုက်စဉ်မှာပင် နားကွဲမတတ်

တရစပ်စက်သေနတ်ပစ်သံကို ကြားရပြီး ကျည်ဆန်ကြီးများက သူ့အနားဝယ်ပလူပျံနေ၏။ ပစ်သည်
ငြိမ်ကုပ်နေရင်းက အသုံးလုံးအဖွဲ့၏

အာတိတ်ရေခဲပြင်သွားအကျီ အနီတောက်တောက်ကြီး ဝတ်လာခဲ့မိသည်ကို နောင်တ ရ၍
မဆုံးဖြစ်နေသည်။ ဖြူဖွေးသော ရေခဲပြင်တွင် သူသည်

ငါးနှစ်ကလေး ကျောက်ခဲနှင့်ကောက်ထုတောင် ပစ်မလွဲသည့် ပစ်မှတ်ကြီးဖြစ်နေလေပြီ။ မသေချင်ရင်
ဒါကြီးကို အမြန်ဆုံးချွတ်။

ပစ်သည် အတွင်းခံအဖြူရောင်သိုးမွှေးဝတ်စုံများသာ ကျန်ရစ်သည်အထိ အပေါ်ဝတ်စုံကြီးကို
အပြင်းအထန်ချွတ်နေသည်။

အသက်လုပြေးရာတွင် နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဖြစ်မည်မို့
ဖိနပ်ကိုလည်းချွတ်ပစ်လိုက်သည်။ အပူပေးသည့်

ခြေအိတ်ကလေးများသာ ကျန်တော့သည်။ သူသည် ဝင်ရိုးစွန်းမုန်တိုင်းကို
တစ်ချက်လှမ်းကြည့်လိုက်သည်။ ခုလိုအချိန်တွင် အမြင်နီးသော်လည်း

ခရီးဝေးလှဘိခြင်း။ မည်းနက်နေသည့် ဆံပင်များပေါ်တွင် နှင်းများ ကြဲ၍တင်လိုက်သည်။

စက်သေနတ်သံရပ်သွားပြီ။ ပစ်အသာလေး ချောင်းကြည့်လိုက်မိသည်။ အလိုလေးလေး-
စက်သေနတ်သမားက အဆင်သင့်

ချိန်ထားသည်။ ကွန်မန်ဒါက မှန်ပြောင်းကြီးတကားကားဖြင့် သူ့ကိုမလွတ်တမ်းချောင်းနေသည်။
အတန်ကြာတော့ ကွန်မန်ဒါသည် မှန်ပြောင်းကို

ဝင်ရိုးစွန်းမုန်တိုင်းရှိရာဖက်သို့ ဦးလှည့်လိုက်သည်။ စက်သေနတ် သမားကလည်း သူ့ဆရာ၏
အကြည့်လမ်းကြောင်းအတိုင်း စက်သေနတ်ကြီးကို

သဘော်ာဖက်သို့လှည့်လိုက်သည်။ ကဲ- အချိန်ရောက်ပြီ။

အတ္တလန်တစ် ရာပုံတော်

အသက်ပြင်းပြင်း တစ်ချက်ရှူသွင်း လိုက်ပြီးနောက် ဒတ်ပစ်သည် ရေခဲပြင်ပေါ်တွင် ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင်

သုတ်ခြေတင်တော့သည်။ တဖြောင့်တည်းပြေးခြင်း မဟုတ်၊ မြွေလိမ်မြွေကောက်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက လေတပ် သင်တန်းကျောင်း

ဘောလုံးအသင်းနောက်တန်းသမား အဖြစ်ကစားခဲ့စဉ်က လျင်မြန်မှုမျိုးဖြင့် သူပြေးနေ၏။ ဒီတစ်ကြိမ်တော့ သူ တစ်ယောက်တည်း။ အယ်လ်သည်

သူ့ဘေးမှာ မရှိ။ ခြေအိတ်ချည်းသာစွပ်ထားသည့် ခြေဖဝါးများကို ရေခဲချွန်များက ဓါးဦးချွန်များအလား စူးရှနာကျင်စေသည်။ သို့သော်လည်း

နာခြင်းထက် သေခြင်းကပိုအရေးကြီးနေသည်မို့ အားကုန်ကြုံး၍ ပြေးနေရသည်။ ကိုက်သုံးဆယ်ခန့်ခရီးပေါက် လာပြီ။ ထိုအချိန်မှာ

တဖောင်းဖောင်း တဒိုင်းဒိုင်းနှင့် သေနတ်သံများကို ဆက်တိုက် ကြားရတော့၏။ သေနတ်သမားကား သူ့ကိုတွယ်ချေပြီ။ သို့သော်လည်း သူတို့

နောက်ကျသွားကြသည်။ ဒတ်ပစ်သည် ဝင်ရိုးစွန်းမုန်တိုင်း၏ သင်္ဘောကိုယ်ထည်ကြီး၏ နောက်သို့ပြေးဝင်သွားပြီ ဖြစ်သည်။ စက်သေနတ်

ကျည်ဆန်များက ဒေါသထွက်နေသော ပျားကောင်များနယ် သင်္ဘော၏ သံမဏိနံရံကို ကုတ်ခြစ်သွားကြသည်။

စက်သေနတ်ဘေးမှ လုံးဝဥသုံ ကင်းဝေးသွားတော့မှ ဒတ်ပစ်သည် သက်မကြီးချလိုက်၏။ ချပေးထားသော ကြိုးလှေကားမှ သင်္ဘောပေါ်

အမြန် တွယ်တက်၏။ ဂယ်လက်စပီးသည် သင်္ဘောကို ၁၈၀ဒီဂရီလှည့်၍ ရေငုပ်သင်္ဘောနှင့် ဝေးရာသို့ စက်ကုန်ဖွင့်၍ မောင်းနှင်စေသည်။

ရေခဲရှထားသော ခြေဖဝါးများက ကြိုးလှေကားကို နင်းတက်သည့် အခါ တစစ်စစ်နာကျင်လှုက်ရှိသည်။

သင်္ဘောပေါ်မှ အီရာကော့စ်က ပြုံးပြုံးကြီး လုပ်ရင်း ပစ်ကို ကြိုဆို နေ၏။

"ခုလို အသက် နဲ့ခန္ဓာ မြဲပြီးပြန်တွေ့ရတာ ဝမ်းသာသဗျာ။ ခင်ဗျားကို ကပ္ပတိန် ခေါ်နေတယ် မစ္စတာပစ်"

ပစ် စကား ပြန် မပြောနိုင်။ ခေါင်းကိုသာ ညိတ်ပြ လိုက်ပြီး ကပ္ပတိန် ရှိရာကုန်းပါတ်မျှော်စင်သို့ လျှောက်လှမ်း သွား၏။

"မစ္စတာပစ်" အီရာကော့စ်က ခေါ်လိုက် ပြန်၏။

"ဟုတ်ကဲ့"

အီရာကော့စ်က ဒတ်ပစ် ၏ သွေးများစွန်းထင်းနေသည့် ခြေရာများကို ငုံ့ကြည့်ရင်း-

"ခင်ဗျား ခြေထောက်ကို ဆရာဝန် ပြဖို့တော့ လိုပြီ ထင်တယ်"

"ကပ္ပတိန်နဲ့ အရင် သွားတွေ့ လိုက်ဦးမယ်ဗျာ"

ဂယ်လက်စပီးသည် ကုန်းပါတ်မျှော်စင်ပေါ်တွင်ရပ်၍ ရန်သူတော်ယူဘုတ်ကို စိုးရိမ်တကြီး စောင့်ကြည့်နေ၏။ သူက လှေကားမှ

တက်လာသည့် ပစ်ကို လှည့်ကြည့် လိုက်ပြီး-

"မင်းကတော့ သောက်ကျိုးနည်းလုပ်ပစ် ခဲ့တာပဲ ငါ့ကောင်ရာ" ဟု ငြီးငြူ လိုက်သည်။ သူ့မျက်နှာကြီးက အိုစာလျှက်။

"ဘာမှ မလုပ်ပဲ တထိပ်ထိပ် နဲ့ နေရတာထက် စာရင် အဖြူ အမည်း သဲကွဲသွားတာ ကောင်းတာပေါ့ဗျ"

"အေး-မင်းတို့ ပြောနေတာတွေ ငါ ကြားပါတယ်"

"ခင်ဗျားကို ရော သူတို့ ဆက်သွယ် သေးလား"

"ဟေ့၊ ငါ့ကိုတော့ ဆေးဖော် ကြောဖက်တောင် မလုပ်ဖူးကွ"

"အပြင်နဲ့ရော အဆက်အသွယ်ရသလား"

"မရဘူး၊ ဒီကောင်တွေ ဂြိုလ်တု ဆက်သွယ်ရေးတွေကို ဖျက်ထားတယ် ထင်တယ်"

ပစ်သည် ရေငုပ် သင်္ဘောကို ငေးစိုက် ကြည့်နေ၏။

"သူတို့ ဘာကို စောင့်နေတာလဲ မသိဘူး"

"သူ့နေရာမှာ ငါဆိုလည်း စောင့်မှာပဲကွ။ ဝင်ရိုးစွန်းမုန်တိုင်း ပင်လယ်ပြင်ထဲ လွတ်လွတ်ကျွတ်ကျွတ် မောင်းထွက် သွားတဲ့ အထိ

စောင့်မယ်။ ပြီးမှ တော်ပီဒို နဲ့အုပ်ထည့်လိုက်ရင် တို့က ခြင်းထဲက ကြက်တွေ ဖြစ်မှာပဲ"

သူပြောအပြီးမှာပင် ရေငုပ်သင်္ဘောမှ စက်သေနတ်ကြီးဖြင့် မိုးမွှန်အောင် ပစ်ခတ်ပါတော့သည်။ ဝင်ရိုးစွန်းမုန်တိုင်း၏ ရောမရေခဲခဲ့

ရေယက်ကြီးများကို ကျည်ဆန်များက တဖျင်းဖျင်း၊ တဗျောဗျော လာရောက်ထိမှန်၏။

"အောင်မလေး၊ တကယ်ပစ်တယ်ဟ" ဘုရှိုလေသည် သင်္ဘောဝမ်းတွင် ပြားပြားဝပ်အောင်မှောက်ရင်း ပါးစပ်မှထိတ်လန့်တကြား

ရေရွတ်နေ၏။

အီဗီတန် ကလည်း မျက်နှာကလေး က ဇီးရွက်ခန့်သာ ကျန်တော့သည်။

"ဘာဖြစ်လို့ ဒီလောက် သည်းကြီးမည်းကြီး ပစ်နေတာလဲဟင်"

"ဝပ်နေစမ်း" ဂယ်လက်စပီးက ကြုံးအော်လိုက်သည်။ "သိပ္ပံပညာရှင်တွေ၊ ခရီးသည်တွေအားလုံး သင်္ဘော ဟိုဖက်ခြမ်း ကျည်လွတ်တဲ့

ဘက်ကို သွားကြ"

အီဗီတန်သည် ဂယ်လက်စပီး၏ အမိန့်ကို ဂရုမစိုက်၊ ယူဘုတ်ကို သူမ၏ ကင်မရာဖြင့် အချက်ပေါင်းများစွာရိုက်နေသည်။ ကျည်ဆန်

တို့က မိုးသည်း မိုးပေါက်ကျသည့်နယ် အကာအကွယ် မဲ့နေသည့် ဝင်ရိုးစွန်းမုန်တိုင်း၏ သံမဏိကိုယ်ထည်ကို ထိမှန် နေ၏။

"ကျုပ်တို့ နည်းလမ်းရှာမှ ဖြစ်မယ် ဒန်၊ နို့မို့ရင် လုံးပါးပါး လိမ့်မယ်" ပစ်က ဂယ်လက်စပီးကို ပြောလိုက်သည်။

ရေငုပ်သင်္ဘောမှ စက်သေနတ်ကြီးသည် ခေတ္တငြိမ်သက်သွားရာမှ ပြန်လည်လှုပ်ရှား အသက်ဝင်လာပြန်သည်။ ကျည်ဆန်များသည်

ဝင်ရိုးစွန်မုန်တိုင်း ၏ ကုန်းပါတ်ကို အညှာအတာ ကင်းမဲ့စွာ ထွင်းဖောက် နေ၏။ ကုန်းပါတ် ပေါ်တွင် မုန့်ကွဲစ များသည် ခြေချစရာနေရာမရှိအောင်

ပြည့်နှက်နေပြီ။ ပစ်၊ ဂယ်လက်စပီးနှင့် ကော့စ်တို့သည် ခေါင်းမဖော်နိုင်ကြပဲ ကြမ်းပြင်တွင် ပြားပြားဝပ် နေကြသည်။ ဘုရှ်လေ ကတော့ နစ်စက္ကန့်မျှ

နောက်ကျ သွားသဖြင့် ကျည်နှစ်တောင့် သင့်သွားသည်။ ပထမ ကျည်ဆန်က သူ့ပခုံးကို ရှပ်မှန် သွားပြီး ဒုတိယ တစ်တောင့် ကတော့

မေးရိုးတည့်တည့် ထိသွား၏။ ဘုရှ်လေသည် ကြိုးပြတ် သွားသည့် ဖွဲအိတ်ကြီးနှယ် ကုန်းပါတ် ပေါ် ပုံကျ သွားသည်။

ပစ်သည် နာခေါင်းထဲတွင် ယမ်းငွေ့များမွန်ပြီး နားများလည်း အူထူနေ၏။ ကပ္ပတိန် ဂယ်လက်စပီးသည် အကျမတော်သဖြင့် နံရိုး

သုံးလေးချောင်းခန့် နိမ့်သွားပြီး နားရွက်မှာလည်း မုန့်ကွဲစရှပြီး သွေး တစက်စက်ကျနေသည်။ မျက်လုံးများပွင့်နေသော်လည်း အသိစိတ်

အနည်းငယ် ကင်းလွတ်နေပုံ ပေါ်သည်။

"ငါ့သင်္ဘော၊ ငါ့သင်္ဘော၊ ဒီမအေ—တွေ ငါ့သင်္ဘောကို ဖျက်ဆီး နေကြပြီ"

"ငြိမ်ငြိမ်နေ ဒန်၊ မလှုပ်နဲ့၊ ခင်ဗျား အတွင်းဒဏ်ရာ ရထားတယ်" ပစ်က ကပ္ပတိန်ကို သတိပေး လိုက်သည်။

"အပေါ်မှာ ဘာတွေ ဖြစ်နေကြတာတုန်း" စက်ခန်းထဲမှ အင်ဂျင်နီယာချုပ်၏ အသံက ခုထိကံကောင်းထောက်မ၍ကောင်းနေဆဲ

ဖြစ်သော စပီကာမှထွက်ပေါ်လာသည်။ ပစ်က စကားပြောခွက်ကို လှမ်းယူ လိုက်ပြီး-

"ရေငုပ်သင်္ဘောတစ်စီး ကျွန်တော်တို့ သင်္ဘောကိုပစ်နေတယ်၊ စက်ကုန်ဖွင့်ပြီး အမြန်မောင်းထွက်ပါ၊ ကြားလား၊ စက်ကုန်ဖွင့်ပြီး အမြန်

မောင်းထွက်"

"ဒီမှာလည်း အထိအခိုက် နဲ့ အပျက်အစီးတွေ ရှိတယ်"

"အေး- စက်ကုန်ဖွင့်ပြီး မမောင်းရင် ဒီထက် ပိုပျက်စီးမယ်"

"ဂျိတ်ရော၊ ဂျိတ် ဘယ်မှာလဲ" ကပ္ပတိန် ဂယ်လက်စပီး မှာ ဝေဒနာကြောင့် အသံသဲ့သဲ့သာ ထွက်နိုင်ရှာတော့သည်။

သူရှာနေသည့် ပထမအရာရှိဂျိတ်ဘုရှ်လေက ဒဏ်ရာကြောင့် သတိမေ့နေချေပြီ။ အီရာကော့စ်က ဘုရှ်လေအနီးတွင် နဝေတိမ်တောင်ဖြင့်

လဲ့နေ၏။

"ဂျိတ် မေ့နေပြီ ကပ္ပတိန်၊ သူကျည်သင့်ထားတယ်။ နောက်တစ်ယောက်ပြောပါ" ပစ်က ဂယ်လက်စပီးကို ပြောလိုက်သည်။

သင်္ဘောထုံးစံ တာဝန် လွှဲအပ်ဖို့ ဖြစ်သည်။ ဂယ်လက်စပီး က မျက်လုံး မှိတ်တုတ် မှိတ်တုတ် လုပ်ရင်း-

"ဒုတိယ အရာရှိ ဂျိုးဘော့စကွန်က သူ့မိန်းမ ကလေး မီးဖွားဖို့ ခွင့်ယူသွားတယ်။ ဆိုတော့ ကော့စ် ကိုပဲ ခေါ်ပေးတော့"

ပစ်က တတိယ အရာရှိ ကော့စ်ကို လက်တို့၍-

"အီရာ၊ ကပ္ပတိန် ခေါ်နေတယ်"

"ဟုတ်ကဲ့ ကပ္ပတိန်"

"ငါတို့ ထွက်ခွာဖို့ လုပ်နေ ပြီလား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ဝ-၅-ဝ လမ်းကြောင်း အတိုင်း ရေခဲပြင်က ထွက်ခွာ နေပါတယ်"

ကပ္ပတိန်နှင့် သူ၏ တတိယအရာရှိသည် တုံးလုံးကြီးတွေလှဲရင်း ညွှန်ကြားချက်တွေ ပေးနေ၊ နာခံနေကြသည်။ ပစ်သည် ရေငုပ်သင်္ဘော

ကို ချောင်းကြည့်လိုက်သည်။ စက်သေနတ်ကြီးကို ကျည်ကဒ်အသစ်များ ထည့်နေသည်ကို တွေ့လိုက်ရ၏။ နောက်ထပ် ဆက်စောင့်နေ၍

မဖြစ်တော့။ ခုပင် သေမင်းကအနားမှာ ရောက်နေပြီ။ လူခြောက်ဆယ်ဆန့်သည့် အသက်ကယ်လှေကြီးမှာလည်း ကျည်ဆန်များ မှန်၍ ဇကာပေါက်

ဖြစ်နေပြီ။ မီးတောက်များ နှင့် မီးခိုးငွေ့များ မှာ သင်္ဘောတစ်စီးလုံး နေရာအနှံ့။

အတ္တလန်တစ် ရာပုံတော်

ထွက်ခွာစပြုနေပြီဖြစ်သော ဝင်ရိုးစွန်းမုန်တိုင်းကို စက်သေနတ်ဖြင့်နောက်မှ သည်းကြီးမည်းကြီးလိုက်လံပစ်ခတ်နေသော ယူ ၂၀၁၅

မှာခွေးရူးတစ်ကောင်နှယ် ဂမူးရှူးတိုးဖြစ်နေ၏။ စက်ရှိန်ရလာသည်နှင့်အမျှ ဝင်ရိုးစွန်းမုန်တိုင်းနှင့် ရေငုပ်သင်္ဘောမှာ

တဖြည်းဖြည်းအလှမ်းကွာလာသည်။ စက်သေနတ်ကျည်ဆန်များမှာလည်း သင်္ဘောကိုယ်ထည်ကို ထိမှန်ရမည့်အစား ရေထဲသို့သာ

အကျများလာသည်။ သို့သော်လည်း ကျည်ဆန်တစ်ခုက သင်္ဘော၏ ရေဒါနှင့် ရေဒီယို တိုင်ကို ထိမှန်သွား၍ သူတို့ရင်ကျိုးရတော့သည်။

ကပ္ပတိန် ဂယ်လက်စပီး မှာဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေသည်။ ပစ်ကတော့ ကောင်းကောင်းသိသည်။ စတုတ္တ အင်ပါယာသည်

မည်သူတစ်ဦးတစ်ယောက်ကိုမှ အသက်ရှင်လျက် အလွတ်ပေးရိုးထုံးစံမရှိသည့်အတွက် အလုံးစုံ ပျက်သုဉ်းရေးကို ဦးတည်နေသည့် ၄င်းတို့၏

ရည်ရွယ်ချက်အတိုင်း ဝင်ရိုးစွန်းမုန်တိုင်း တစ်စီးလုံးပင်လယ်ကြမ်းပြင် အောက်ရောက်သွားမှသာ တိုက်ခိုက်မှုကို ရပ်ကြပေလိမ့်မည်။

ပင်လယ်ထဲသို့ရောက်ခါနီးလေ ရေခဲထုမှာပါးလွှာလာလေဖြစ်၏။ ပစ်သည် ဝင်ရိုးစွန်းမုန်တိုင်းကို နောက်ပြန်လှည့်စေပြီး ရေငုပ်သင်္ဘောကို

တိုက်ခွဲပစ်ရကောင်းမလား စဉ်းစားကြည့်သည်။ မဖြစ်နိုင်။ အကွာအဝေးက အလှမ်းကျယ်လွန်းသည့်အပြင် ရေငုပ်သင်္ဘောကို တိုက်ပစ်ဖို့

မဆိုထားနှင့်၊ သူ့အနားသို့ကပ်လာလျှင်ပင် ရေအောက်သို့အလွယ် တကူ ငုပ်လျှိုးသွားနိုင်သည် မဟုတ်လား။ ဆိုတော့ အကောင်းဆုံးနည်းလမ်းက

မြန်နှုန်းမြှင့်၍ ပြေးခြင်းသာ။

"နောက်ထပ် မိုင်ဝက်လောက်ပြေးနိုင်ရင် ကျွန်တော်တို့ လွတ်ပြီဗျ" ပစ်က အော်ဟစ်ပြောလိုက်သည်။

"အေးအေး၊ အား၊ ကျွတ်၊ကျွတ်၊ကျွတ်" ကပ္ပတိန်ဂယ်လက်စပီးသည် လဲ့နေရာမှ ထိုင်ရန်ကြိုးစားနေချိန်တွင် ပစ်ကို

စကားပြန်ပြောလိုက်သဖြင့် နာကြင်မှု အာမေဋိတ်တွေပါ ရောပါသွားသည်။

"ရေဒါ ထိန်းချုပ်မှုမရှိတော့ဘူး ကပ္ပတိန်၊ ကျွန်တော်တို့ ပြေးရင်းပြေးရင်းနဲ့ ဝိုင်းကြီးပါတ်ပါတ် ဒူဝေဝေ ဖြစ်နေမှာစိုးရ တယ်" ကော့စ်က

ဖူးယောင်နေသော နှုတ်ခမ်းကြီးကို ကြိုးစားလှုပ်၍ ကပ္ပတိန့်ကို အစီရင်ခံလိုက်သည်။

"အသေအပျောက် ရှိသေးလား" ဂယ်လက်စပီးက မေးလိုက်သည်။

"အသေတော့ မရှိဘူး၊ အနာတော့ အများကြီးပဲ" ပစ်က အေးအေးသက်သာ ဖြေလိုက်သည်။

"နာမှာပေါ့ဗျ၊ ကျုပ်တို့က အခံသက်သက်ကိုး၊ ဘာနဲ့မှလည်း ပြန်ပစ်စရာမရှိဘူး" ကော့စ်က မချိတင်ကဲပြောလိုက်သည်။

သည်မောင်က ရေငုပ်သင်္ဘောအနားကပ်လာလျှင် နှင်းခဲနဲ့ ထုချင်ထုမည့် တုံးတိုက်တိုက် ကျားကိုက်ကိုက် သမား။

"လောင်စာဆီ ပိုက်လိုင်းတွေ ကျည်မှန်ထားတယ်" အင်ဂျင်နီယာချုပ်၏ အသံပြဲကြီး စပီကာမှ ထွက်ပေါ်လာပြန်သည်။

"ပြန်ပြင်နိုင်မလား" ကပ္ပတိန် အစား ကော့စ်ကမေးလိုက်သည်။

"ဟုတ်ကဲ့"

"ဘယ်လောက်ကြာမလဲ"

"နှစ်နာရီ အလွန်ဆုံး သုံးနာရီ"

ကော့စ်သည် ပစ်ကိုကြည့်လိုက်သည်၊ ပြီးတော့ နောက်မှ လိုက်လာသော ယူဘုတ်ကို ကြည့်လိုက်ပြီး-

"သောက်ကျိုးတော့ နည်းပဟ"

"ဟုတ်တယ် အီရာ၊ ကျုပ်တို့တော့ ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းတုတ် ဖြစ်နေပြီ။ ကပ္ပတိန် ကျုပ်တို့ သင်္ဘောကို

စွန့်ခွာဖို့ အမိန့်ချရင်ကောင်းမယ်။ ဒီတိုင်းဆက်သွားရင် ပေါက်ကွဲလိမ့်မယ်ထင်တယ်"

ဂယ်လက်စပီးသည် ပါးမှသွေးများကို သုတ်ရင်းခေါင်းညိတ်ပြလိုက်သည်။

"အီရာရေ၊ ငါ့ကိုဖုန်းပေးစမ်း"

သွားပါပြီ၊ အားလုံးပြီးသလောက်ဖြစ်သွားပြီ။ ဒီတစ်ခါတော့ ငါတို့မလွတ်နိုင်တော့ဘူး၊ ပစ်သည် ဒူးထောက်လက်

မြှောက်လုနီးနီးစိတ်ဓါတ်ကျနေသည်။ မီးခိုးတလူလူဖြစ်နေသသော ဝင်ရိုးစွန်းမုန်တိုင်းကို နှုတ်ဆက်အကြည့်ဖြင့် ကြည့်၏။ ကောင်းကင်ယံမှ

ကြယ်ကလေးများကို ဘာရယ်မဟုတ် ကြည့်မိသည်။ ခုထိတလူလူလွင့်နေဆဲဖြစ်သော
အသုံးလုံးအလံကို ကြေကွဲစွာကြည့်၏။ ရေငုပ်သင်္ဘောကို

နောက်ဆုံး အကြိမ်အဖြစ် ရဲရဲတင်းတင်း စိုက်ကြည့်လိုက် သည်။

ရုတ်တရက် ပစ်မျက်လုံး၏ ထောင့်စွန်းတစ်နေရာမှာ အလင်းတန်းတစ်ခု
ရိပ်ကနဲတွေ့လိုက်သလိုထင်မိသည်။ ထိုအလင်းတန်းသည်

အဖြူရောင်မီးခိုးငွေ့တန်းကြီးအဖြစ် လျင်မြန်စွာပြောင်းလဲသွားပြီး ယူဘုတ်ရှိရာသို့ တန်းတန်းမတ်မတ်
ဦးတည်သွားပြီး ပစ်ကြည့်နေစဉ်မှာပင်

ယူဘုတ်ကို တည့်တည့်ကြီးဝင်တိုက်လိုက်တော့သည်။ ပစ်သည် အလွန်အင်မတန်
စိတ်သက်သာရာရသွားသဖြင့် သက်ပြင်းကြီးတစ်ခုကို

ဝမ်းမြောက်ဝမ်းသာချလိုက်သည်။ ထိုအရာ ဘာလည်းဆိုတာ သူအခုတော့သိပြီ။ မြေပြင်မှ မြေပြင်ပစ်
ခေတ်မှီဒုံးကျည်တစ်စင်းဖြစ်၏။

မျက်စိတမှိတ် အချိန်အတွင်း လိမ္မော်ရောင်၊ အနီရောင်နှင့် အဝါရောင်မီးတောက်ကြီးများ
ဝုန်းကနဲထတောက်ပြီး ယူဘုတ်သည်

နှစ်ပိုင်းပြတ်သွား၏။ ဦးပိုင်းနှင့် ပဲ့ပိုင်းသည် မီးခိုးတလူလူနှင့် ထောင်တက်လာပြီး စက္ကန့်ပိုင်းအတွင်း
ရေအောက်သို့ စွတ်ကနဲ မြုပ်သွားတော့သည်။

အဖြစ်အပျက်သည် လျှင်မြန်လှသောကြောင့် ပစ်သည် ကိုယ့်မျက်စိကိုယ်မယုံနိုင်အောင်ဖြစ်နေသည်။

"ရေငုပ်သင်္ဘောမြုပ်သွားပြီဗျို့" အသံကျယ်ကြီးဖြင့် ထအော်လိုက်သည်။ ပျော်လိုက်သည့် ဖြစ်ခြင်း။

မကြာမီ ဝင်ရိုးစွန်းမုန်တိုင်း၏ စပီကာမှ အသံထွက်လာသည်။

"ဝင်ရိုးစွန်းမုန်တိုင်း၊ ပြောတာကြားရလား"

ဒတ်ပစ်သည် ရေဒီယိုဖုန်းကို ဝမ်းသာအားရလှမ်းဆွဲလိုက်ပြီး-

"ခင်ဗျားအသံကို ပီပီသသကြီးကြားရပါတယ်။ ကယ်တင်ရှင်ကြီးရယ်"

"ကျွန်တော်က ယူအက်စ်နျူစွမ်းအင်သုံးရေငုပ်သင်္ဘောတက်ခ်ဆန်ရဲ့ကွန်မန်ဒါ အီဗန်ကန်နီဟန်ပါ။ စောစောရောက်

မလာနိုင်တဲ့အတွက် အများကြီးဝမ်းနည်းပါတယ်"

"စောစောမရောက်တာက လုံးဝမရောက်တာထက်စာရင် အများကြီးတော်တာပေါ့ဗျ။ ခုခင်ဗျားဆီမှာ အင်ဂျင်နီယာ တွေပါလာလား၊

ကျွန်တော်တို့ သင်္ဘောအခြေအနေဆိုးနေတယ်"

"ခုရေဝင်နေပြီလား"

"ရေတော့ မဝင်သေးဘူး၊ ဒါပေမဲ့ အင်ဂျင်ခန်းထိထားတယ်"

"ဟုတ်ပြီ၊ ကျွန်တော်တို့ မိနစ် နှစ်ဆယ်အတွင်း ခင်ဗျားတို့သင်္ဘောနားရောက်မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျား၊ ရှန်ပိန်တို့ ကားဗီးယားငါးဥတို့နဲ့ စောင့်ကြိုနေပါ့မယ်"

"နေ-နေပါဦး မစ္စတာပစ်၊ သူတို့က ဘယ်ကဘယ်လိုရောက်လာကြတာလဲ" ခုထိ ဂယောင်ဂယင်ဖြစ်နေသေးသော အီရာကော့စ်က

ပစ်ကို မေးလိုက်သည်။

"ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာ ကိုင်တွယ်လိုက်တာလေ။ အကိုင်အတွယ်မညင်သာဘူးလား"

"ဘုရှ်လေ ဘယ်နယ့်နေသေးလဲ" ကပ္ပတိန်ဂယ်လက်စပီးက ဝေဒနာခံစားနေရသည့်ကြားမှ သူ့ပထမအရာရှိကို

သတိရဖြစ်အောင်ရသေးသည်။

"ကောင်းပါတယ် ဒန်၊ နောက်နှစ်ပါတ်လောက်ဆို သူအလုပ်ပြန်ဆင်းနိုင်မှာပါ။ မကောင်းတာကခင်ဗျား၊ ခင်ဗျားက အားလုံးထက်

ပိုဆိုးတယ်။ ကောင်းကောင်းအနားယူဖို့ စိတ်ကူးထား"

"အေ- ငါမသေရင်ပြီးတာပဲကွ" ကပ္ပတိန်က ရဲဝံ့စွာ ပြန်ပြော၏။

ပစ်အတွေးတို့က သူနှင့် မိုင်ပေါင်း (၁၅၀၀) ကျော်ကွာဝေးသည့် စိန့်ပေါလ်ကျွန်းကိုသွားနေသည့် အယ်လ်ဂျီယိုဒီနို ထံပျံ့လွင့်သွားသည်။

အင်မတန်ကံကောင်းတဲ့ ခွေးမသားပဲ။ သူ့စိတ်ကူးထဲတွင် ကိတ်တောင်းမြို့မှ အကောင်းစား စားသောက်ဆိုင်ထဲတွင် ဝတ်ကောင်းစားလှဝတ်လျှက်

တောင်အာဖရိက ဗင်းတေ့ချ်ဝိုင်အကောင်းစားကို တမြမြလုပ် နေမည့် အယ်လ်၏ ရုပ်ပုံလွှာပေါ်လာသည်။

"အေးလေ။ ဒါကြောင့်မို့လဲ ကံနဲ့လူ မပူနဲ့လို့ပြောကြတာပေ့ါ။ ဒီကောင်က နွေးနွေးထွေးထွေး စည်းစိမ်ခံနေမဲ့ ဒီအချိန် မှာ ငါ့မတော့

ဒဏ်ရာဗလပွနဲ့ အေးလိုက်တာလဲ သေလုမျောပါး"

အတ္တလန်တစ် ရာပုံတော်

"ဒီ ဒတ်ပစ်ဆိုတဲ့ ငနဲဟာ မွေးကတည်းက ပလ္လင်ဖင်ကပ် ပါလာတဲ့ကောင်စားမျိုး၊ ရွေးလိုက်တိုင်းအကောင်းချည်းရတဲ့ အကောင်ပဲ"

ဂျီယိုဒီနို သည် ပွစိပွစိလုပ်နေ၏။

"ဒီမယ် ရှုဒီ၊ ဒီအကောင်ဟာ ခုလောက်ရှိ ဝင်ရိုးစွန်းမုန်တိုင်း သင်္ဘောပေါ်ကအကောင်းစားအိပ်ခန်းထဲမှာ တောင့်တောင့်ဖြောင့်ဖြောင့်

အင်္ဂလိပ်ဗေဒပညာရှင်ကောင်မလေး တစ်ယောက်ယောက်နဲ့ ဖက်ကို အိပ်နေရမယ်ဗျာ၊ ခင်ဗျားနဲ့ ကျုပ် တစ်ရာကြေး လောင်းမလား"တစ်ကိုယ်လုံး

ကြွက်စုတ်လို ရွဲရွဲစို၍ ခိုက်ခိုက်တုန်နေသော ဂျီယိုဒီနိုသည် သစ်ကိုင်း အတိုအစ လေးများကို လက်ဖြင့် တစ်ပွေ့တစ်ပိုက် ပိုက်၍ လှိုဏ်ဂူသို့သွားရာ

ကျောက်လမ်းကလေးတွင် လျှောက်လှမ်းရင်းပါးစပ်က တတွတ်တွတ် ရေရွတ်နေသည်။

"ဒီထင်းတွေကို ခြောက်အောင်လုပ်ပြီး မီးမွှေးနိုင်ရင် ငါတို့လည်းနွေးသွားမှာပါကွာ" ရှုဒီဂန်းသည် ဂျီယိုဒီနို နည်းတူ သစ်ကိုင်းများကို

သယ်လာရင်း အီတာလျှံလေးကို နှစ်သိမ့်နေလေသည်။

"ဒီသစ်ကိုင်းတွေကို မီးမွှေးလိုက်လို့ကတော့ မီးမထွက်ပဲ မီးခိုးတွေချည်းထွက်လာမှာ မြင်ယောင်ပါသေးရဲ့" လိုဂျက်ဂူထဲသို့

သစ်ကိုင်းများကို ပစ်ချ၍ ခြေပစ်လက်ပစ်ထိုင်ရင်း ဂျီယိုဒီနိုသည် လက်ကိုင်ပုဝါလေးဖြင့် မျက်နှာမှ ရေစက်များကို သုတ်ပစ်နေ၏။

ယခုအခါ အေးစက်နေပြီဖြစ်သည့် ဓါတ်ဘူးထဲမှ နောက်ဆုံးလက်ကျန်ကော်ဖီတစ်ခွက်ကို ဂျီယိုဒီနို့ထံ လှမ်းပေးရင်း-

"ဒါနောက်ဆုံး ညစာပဲကွ" ဟု ရှုဒီဂန်းက ဝမ်းနည်းပက်လက်ပြောလိုက်သည်။

"ဟိုငနဲကြီး ဆန်ဒက်ကာ ဘာပြောလဲ ရှုဒီ"

"သယ်ယူပို့ဆောင်ရေးယာဉ်တွေ လွှတ်လိုက်ပြီတဲ့ကွ"

ဂျီယိုဒီနိုသည် နာရီကို ငုံ့ကြည့်လိုက်သည်။

"ကျုပ်တို့ ဒီမှာလေးနာရီတောင်ရှိသွားပြီဗျ။ ဘီယာဆိုင်တွေ မပိတ်ခင် ကိပ်တောင်းပြန်ရောက်ပါ့မလားမသိဘူးနော်"

"ရောက်ချင်လည်းရောက်မယ်။ ရောက်ချင်မှလည်း ရောက်မယ်"

ဂျီယိုဒီနိုသည် ခေါင်းကြီးကိုခါယမ်းရင်း ကောင်းကင်နှင့် ပင်လယ်ကို အဓိပ္ပါယ်မဲ့ကြည့်နေစဉ် ရုတ်တရက်သူ့မျက်လုံး များပြူးကျယ်သွား၏။

ဟယ်လီကော်ပတာတစ်စင်း ရေပေါ်ရှပ်၍ပျံသန်းပြီး သူတို့ကျွန်းဆီသို့ဦးတည်၍ လာနေပါပကော။ မနသီဟာဖင်နှစ်ခွကဲ့သို့ အမြီးနှစ်ခုနှင့်

မက်ဒေါ်နယ်လ်ဒေါက်ဂလက်အိတ်စ်ပလိုရာ အမျိုးအစား အကြီးစား ဟယ်လီကော်ပတာကြီး။

"ရှုဒီရေ။ ကျုပ်တို့မှာအဖော်ရပြီဗျို့" ဂျီယိုဒီနိုက ငိုက်မြည်းနေသောရှုဒီဂန်းကို အရေးပေါ်ကြေငြာချက်ထုတ်ပြန်လိုက်သည်။

"အနောက်မြောက်ဖက်ကနေ ဟယ်လီကော်ပတာတစ်စီးလာနေတယ်။ ရေပေါ်ရှုပ်ပျံလာပုံထောက်ရင်တော့ ကြည့်ရတာ ဝေဟင်က မြေပြင်ပစ်တဲ့

ဒုံးကျည်တွေတပ်ထားပုံပဲ"

ဂန်းသည် ဂျီယိုဒီနို၏ အနီးတွင်လာရပ်၍ ဟယ်လီကော်ပတာကို ကြည့်နေသည်။

"ကိတ်တောင်းကနေ ဒီအထိ ဘယ်ဟယ်လီကော်ပတာမှ မလာနိုင်ဘူးမဟုတ်လား။ သင်္ဘောတစ်စီးစီးကနေ ပျံတက်လာတာဖြစ်မယ်"

"ဘာအမှတ်အသားမှ မပါဘူးဆိုတော့ ကြည့်ရတာ အခြေအနေဟန်ပုံမပေါ်ဘူးဗျ"

"တောင်အမေရိက စစ်တပ်ကတော့ မဟုတ်တာသေချာတယ်။ မင်းနဲ့ငါနဲ့ ထိပ်ထိုးကြေးလောင်းမလား"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကို လက်ဆောင်ပဏ္ဏာများ လာရောက်ဆက်သတာတော့မဟုတ်ဘူးဗျ။ အချိန်ကိုက်ရောက်

လာပုံထောက်ရင်တော့———"

ဟယ်လီကော်ပတာ၏ တာဘိုင်အင်ဂျင်စက်သံနှင့် တောင်ပံခတ်သံများကို ကောင်းစွာကြားနေရပြီ။ ပိုင်းလော့သည် သတိကြီးစွာထား၍

ကျွန်းကိုချဉ်းကပ်နေ၏။ ပေါက်ကွဲပြီးရေထဲပြုတ်ကျသွားသည့် ဂျီယိုဒီနိုတို့၏ တော့လ်ရိုတာလေယာဉ် ဆင်းသက်ခဲ့သော နေရာတွင်

ဟယ်လီကော်ပတာကို ဖြည်းညှင်းစွာဆင်းသက်နေ၏။ ရှုဒီဂန်းနှင့် ဂျီယိုဒီနို တို့နှစ်ဦးသား ဟယ်လီကော်ပတာကြီး ကျောက်စွန်းနှင့်ဆောင့်မိ၍

ပေါက်ကွဲပါစေကြောင်း အကြိမ်ကြိမ်ဆုတောင်းပါသော်လည်း ဆုတောင်းကားမပြည့်ကြရှာ။ ဟယ်လီကော်ပတာသည် အောင်မြင်စွာ

ဆင်းသက်နိုင်ခဲ့လေပြီ။

လေငြိမ်နေသောကြောင့် ဟယ်လီကော်ပတာ စက်သံရပ်သွားသည်နှင့်တပြိုင်နက် တစ်ကျွန်းလုံးဆိတ်ငြိမ်သွား၏။

အချိန်အနည်းငယ်ကြာသောအခါ လက်မငါးဆယ်ထုသော ဆွဲတံခါးကြီးပွင့်လာပြီး တစ်ကိုယ်လုံးဝတ်စုံနက်များဝတ်ထားကြသည့်

လူခြောက်ယောက်ဆင်းလာ၏။ ကိုင်ဆောင်ထားလိုက်သည့် သေနတ်များကလည်း မြင်ယုံနှင့် ရင်တုန်စရာ။

"ဒီလူတွေဟာ ကျုပ်တို့ကို လာကယ်တဲ့ပုံ တစ်စက်မှ မပေါက်ဘူး" ဂျီယိုဒီနိုက လေသံကလေးဖြင့်ပြောလိုက်သည်။

ရှုဒီဂန်းသည် ဂလိုဘယ်စတား ဂြိုလ်တုဖုန်းဖြင့် ဝါရှင်တန်သို့ ဖုန်းခေါ်နေ၏။

"ဗိုလ်ချုပ်ကြီးခင်ဗျာ။ ကျွန်တော်တို့ကျွန်းပေါ်ကို အမှတ်အသားမပါတဲ့ဟယ်လီကော်ပတာတစ်စီး ဆင်းလာပြီး

လက်နက်ကိုင်တွေပါလာတယ်"

"ဒီနေ့တော့ ပြဿဒါးနှစ်ထပ်ကွမ်းနေ့ပဲဟေ့၊ ပထမ ပစ်၊ ဒုတိယ မင်းတို့၊ ကဲ မင်းတို့ ဘယ်လောက်ကြာကြာ ပုန်းနိုင် မလဲပြော"

ဆန်ဒက်ကာ အသံကြားလိုက်ကတည်းက ယခုရောက်လာသော ဧည့်သည်များသည် သူတို့၏ သေမင်း တမန်များဖြစ်ကြောင်းသေချာသွားပြီ။

"မိနစ် နှစ်ဆယ် အလွန်ဆုံး နာရီဝက်ပေါ့"

"မရင်းတပ်က လက်နက်အပြည့်အစုံတပ်ထားတဲ့ ဖရီးဂိတ်သင်္ဘောတစ်စီး စိန့်ပေါလ်ကျွန်းကို မိုင်ကုန်ဖွင့်မောင်းပြီးလာနေပြီ။

ပစ်ကွင်းထဲရောက်တာနဲ့ ဟယ်လီကော်ပတာကို ဒုံးကျည်နဲ့ ပစ်ခိုင်းလိုက်မယ်"

"ဘယ်လောက်ကြာဦးမလဲ"

တစ်ဖက်မှ အကြာကြီး တိတ်ဆိတ်သွားသည်။ နောက်တော့မှ-

"နှစ်နာရီလောက်ကွ။ ဒီထက် မြန်ချင်လည်း မြန်မယ်" ဆန်ဒက်ကာ့ အသံကြီးမှာ ပျော့ပြဲပြဲနှင့် အားမရှိလှ။

"ဗိုလ်ချုပ်ကြီး အစွမ်းကုန်ကြိုးစားတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်ဗျာ။ ကျေးဇူးလည်းအရမ်းတင်ပါတယ်" ရှုဒီဂန်း

သည်တည်ငြိမ်စွာ၊ နားလည်မှုရှိစွာ ပြန်ပြောလိုက်၏။ ရုံးခန်းထဲ ထိုင်နေရသော်လည်း ဆန်ဒက်ကာ တစ်ယောက် သောကပရိဒေဝမီးတွေ

တောက်လောင်နေပြီဆိုသည်ကို မပြောပဲသိ၏။

"စိတ်မပူပါနဲ့ ဗိုလ်ချုပ်ကြီး၊ ကျွန်တော်တို့ တနင်္လာနေ့ ရုံးပြန်တက်မှာပါ"

"အေး-အေးပါကွာ၊ တွေ့ကြတာပေါ့" ဆန်ဒက်ကာအသံသည် ပြောရင်းဖြင့်တိမ်ဝင်သွား၏။ သူ့အားအကိုးရဆုံး လူရင်းများသေမင်းနှင့်

လက်တစ်ကမ်းအကွာမှာ ကူကယ်ရာမဲ့ ဖြစ်နေပြီမဟုတ်ပါလား။

"ဂွတ်ဘိုင် ဆရာ"

"အေးပါကွာ၊ ဘုရားသခင်မင်းကို စောင်မပါစေ။ အယ်လ်ကိုလည်းပြောလိုက်ပါ။ ပြန်ရောက်ရင် သူ့ကို ငါဆေးပြင်းလိပ်

တစ်လိပ်ပေးမယ်လို့"

"ဟုတ်ကဲ့ပါ ဗိုလ်ချုပ်ကြီး"

အတ္တလန်တစ် ရှာပုံတော်

"ဘယ်လောက်ကြာမယ်တဲ့လဲ ရှုဒီ" ဂျီယိုဒီနိုသည် ရှုဒီဂန်း၏ မျက်နှာရိပ်မျက်နှာကဲ ကိုကြည့်ရင်းမေးလိုက်သည်။ တကယ်တော့

သူသည် အဆိုးဆုံးအခြေအနေကို မျှော်လင့်ထားပြီး ဖြစ်၏။

"အမြန်ဆုံး နစ်နာရီတဲ့"

"ဒီလူသတ်သမားတပ်ဖွဲ့ဟာ ကျုပ်တို့ဒီမှာရှိမှန်း ဘယ်လိုလုပ်သိသွားသလဲ ရူဒီ"

"မင်းမေးတာသိပ်ကောင်းတာပဲ အယ်လ်။ ငါတို့ ဒီကိုလာမယ်ဆိုတာ သိတဲ့လူ ငါးယောက်ထက်မပိုဘူးနော်"

"ရန်သူတွေဟာ ဒီအတိုင်းဆို နယ်နယ်ရရ မဟုတ်ဖူးဗျ၊ အပြည်ပြည်ဆိုင်ရာ လူသတ်ဂိုဏ်းကြီးနဲ့ ရင်ဆိုင်နေရသလို ကျုပ်စိတ်ထဲ

ခံစားမိတယ် ရူဒီ"

ထိုအချိန်တွင် ရဟတ်ယာဉ်ပေါ်မှ ဆင်းလာသော မနုဿမုဆိုးခြောက်ယောက်သည် သုံးယောက်အဖွဲ့ နှစ်ဖွဲ့ခွဲလျှက် တောင်ကိုလက်ဝဲရစ်၊

လက်ယာရစ်ပါတ်ပြီး ပိုက်စိတ်တိုက်ရှာဖွေရေးစတင်တော့သည်။ ဒီအတိုင်းသာဆိုလျှင် သူတို့ပုန်းအောင်းနေရာ လှိုဏ်ဂူကို

မကြာခင်တွေ့သွားကြတော့မည်။ သူတို့နှစ်ယောက်ကား ခြင်းထဲတွင်မိနေသော ကြွက် ကလေးများသဖွယ်။

ရူဒီဂန်းသည် ရှာဖွေရေးအဖွဲ့ အလုပ်များနေသည်ကို ချောင်းမြောင်းကြည့်ရှုနေရင်း-

"ဒီကောင်တွေ ငါတို့ကို တစ်နာရီအတွင်းတွေ့သွားမယ်ထင်တယ်ကွ"

"တစ်နာရီ မဟုတ်ဖူးဗျ၊ ငါးမိနစ်အတွင်းတွေ့မှာ၊ ဟိုမှာကြည့်" ဂျီယိုဒီနီက ပျံဝဲစ ပြုနေသော ရဟတ်ယာဉ်ကို မေးငေါ့ပြရင်း-

"ရဟတ်ယာဉ်က သူ့အဖွဲ့တွေကို လမ်းပြပေးဦးမှာ၊ မကြာခင် ကျုပ်တို့ ဂူဝကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြတော့မှာ"

"တို့ကိုတွေ့သွားလည်း စစ်ဆေးမေးမြန်းတာတို့ ဘာတို့ လုပ်ဦးမှာထင်ပါတယ်ကွာ၊ အချိန်ဆွဲလို့ ရဦးမှာပါ"

ဂျီယိုဒီနိုက ခေါင်းယမ်းလိုက်၏။

"မထင်နဲ့ရှုဒီ၊ ဒီကောင်တွေသာ ကျုပ်နဲ့ ဒတ် တယ်လူရိုဒ်မှာတွေ့ခဲ့တဲ့ ကောင်တွေနဲ့ တစ်ဖွဲ့တွဲ ညဲးဆိုလို့ကတော့ ကျုပ်တို့ကို

တွေ့ရာသချိုင်း ခါးမဆိုင်းပဲ သတ်မှာဗျ၊ လူသတ်တဲ့နေရာမှာ မျက်တောင်တစ်ချက် ခတ်တဲ့ကောင်တွေ မဟုတ်ဘူး"

ရှုဒီဂန်းက ပုခုံးတွန့်ပြလိုက်သည်။

"ဘာလက်နက်မှမပါတဲ့ လူနှစ်ယောက်နဲ့ ဂေါ်ဇီလာတောင်သေလောက်အောင် လက်နက်အပြည့်အစုံတပ်ဆင် ထားတဲ့

လူခြောက်ယောက် တွေ့ကြပဟေ့"

"ခင်ဗျားမှာ ဘာအကြံအစည်တွေများရှိသလဲ ရှုဒီ"

ရှုဒီဂန်းက ညစ်ကျယ်ကျယ်ပြုံးရင်း-

"သိပ်ရှိတာပေ့ါ ကောင်လေးရာ"

ဂျီယိုဒီနိုသည် လူဗလံလေးကို စိုက်ကြည့်လိုက်သည်။ သူ့အကြည့်က အားတက်ခြင်း၊ ရွှင်လန်းခြင်း၊ မြူးကြွခြင်းများ ပါဝင်နေ၏။

ပွဲကြီးပွဲကောင်းနွှဲရတော့မည်ဆိုလျှင် အယ်လ်ဂျီယိုဒီနိုသည် အခုလိုပင်ဖြစ်တတ်၏။

"ခင်ဗျားအကြံက ညစ်ပါတ်၊ စုတ်ပဲ့တဲ့ အယုတ်တမာ အကြံမဟုတ်လား"

"ဒီထက်တောင်ပိုသေး ကောင်လေးရဲ့"

ရဟတ်ယာဉ်သည် တောင်ကို လေးကြိမ်တိတိပါတ်၍ ပျံသန်းပြီးသည့်နောက် လှိုဏ်ဂူဆီသို့သွားသည့် ကျောက်လမ်းကလေးကို

သူတို့တွေ့ရှိသွားကြပြီ။ ပိုင်းလော့သည် ထိုသတင်းကို ရှာဖွေရေးအဖွဲ့နှစ်ဖွဲ့လုံးကို အကြောင်းကြားလိုက်သည်။ မကြာခင်အချိန်အတွင်း

ပထမအဖွဲ့သည် ကျောက်လမ်းပေါ်ခြေချနိုင်၏။ ဒုတိယအဖွဲ့ကတော့ တောင်၏တစ်ဖက်ခြမ်းမှာရောက်နေသည့်အတွက်

အတန်ကြာမှရောက်လာနိုင်မည်ဖြစ်၏။

ပထမအဖွဲ့မှ လူသုံးယောက်သည် တစ်ယောက်နှင့်တစ်ယောက် ဂိုက်နှစ်ဆယ်ခန့်ခွာ၍ ကျောက်လမ်းအတိုင်း ဖြည်းညှင်းစွာ၊

သတိကြီးစွာတက်လာကြသည်။ ရဟတ်ယာဉ်က ဒုတိယအဖွဲ့ကို ကျောက်လမ်းဆီသို့ အနီးဆုံးရောက်နိုင်သည့်လမ်းကို ပြပေးနေသည်။

အင်မတန်ကျွမ်းကျင်သေသပ်သည့် ချေမှုန်းတိုက်ခိုက်ရေးအဖွဲ့များ၏ ပုံစံအတိုင်းဖြစ်၏။ ပထမအဖွဲ့သည် လိုဏ်ဂူအဝင်လမ်းရှိ

ရောမကျောက်တုံးကြီးနားသို့ရောက်လာပြီ။ ပထမဆုံးရောက်လာသူသည် လိုဏ်ဂူအဝင်လမ်းကိုတွေ့သည်နှင့်တပြိုင်နက် နောက်မှ

လူနှစ်ယောက်ကို အင်္ဂလိပ်ဘာသာဖြင့် အော်ဟစ်ပြောလိုက် သည်။

"လိုဏ်ဂူဝကို တွေ့ပြီဟေ့၊ ငါဝင်သွားတော့မယ်"

ဒုတိယလူက ပြန်လည်အော်ဟစ်လိုက်သည်။

"အလစ်ချောင်းတိုက်ခံရနိုင်တယ်၊ နံပါတ်တစ်၊ သတိထားပါ"

"ဒီလူတွေမှာ လက်နက်ရှိရင် အခုလောက်ဆို ပစ်ပြီပေါ့၊ စိတ်မပူပါနဲ့ သူတို့မှာ ဘာလက်နက်မှမရှိပါဘူး"

နံပါတ်တစ်ဟု အခေါ်ခံရသည့် ခေါင်းဆောင်သည် ပြောပြောဆိုဆိုဖြင့် ကျောက်တုံးကြီးနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

နောက်နှစ်မိနစ်အကြာတွင် ဒုတိယလူလည်း လိုဏ်ဂူဝသို့ရောက်ရှိလာပြီး ဝင်ရောက်သွားပြန်သည်။ ထိုလူနှစ်ယောက်မြင်ကွင်းမှ

ပျောက်သွားသောအခါ ကျောက်တုံးကြီးနားသို့ တတိယလူရောက်ရှိလာသည်။ သူသည်ပိန်းပိတ်အောင်မှောင်နေသည့်

ရှေ့လူနှစ်ယောက်ဝင်ရောက်သွားသော လိုဏ်ဂူဝသို့စူးစူးစိုက်စိုက်ကြည့်နေသည့်အတွက် သူ့ခေါင်းပေါ်မိုးထားသော အိမ်လောက်ရှိသည့်

ကျောက်တုံးကြီးပေါ်မှ ဖရဲသီးအကြီးစားတစ်လုံးခန့်ရှိသည့်ကျောက်ခဲကြီးတစ်ခဲ သူ့ခေါင်းပေါ်အရှိန်ဖြင့် ပြုတ်ကြလာသည်ကိုမသိလိုက်ရှာ။ ခွပ်ကနဲ

ခပ်အုပ်အုပ်အသံကြီး နှင့်အတူ ဦးခေါင်းခွံကြေမွ၍ ဘာသံမှမထွက်နိုင်ရှာပဲ သေဆုံးသွားတော့သည်။ ကျောက်တုံးကြီးပေါ်မှာ ရှူဒီဂန်း၏

မချိုမချဉ်မျက်နှာကြီး ထွက်ပေါ်လာသည်။ တစ်မိနစ်မပြည့်မှီ အလောင်းသည် ကျောက်တုံးများကြားသို့ ဆွဲသွင်းဖျောက်ဖျက်ခြင်းခံလိုက်ရသည်။

ရဟာတ်ယာဉ်သည် တောင်၏အခြားတစ်ဖက်တွင် ရှိနေသေးသောကြောင့် ရုတ်ချည်း ပြောင်းလဲသွားသော အဖြစ်အပျက်ကိုမသိလိုက်။

ရှူဒီဂန်းသည် ကျည်ကာအင်္ကျီ၊ ခါးမြှောင်၊ ကိုးမမ အော်တိုမစ်တစ်ပစ္စတို၊ ခြေမှုန်းရေးရိုင်ဖယ် လက်နက်ကိရိယာအပြည့်အစုံကို

သူ့ကိုယ်ပေါ်တွင်တပ်ဆင်ပြီးနောက် ရေဒီယိုဖုန်းကိုပါယူဆောင်လာသည်။ သူ၏ ညစ်ပတ်၊ စုတ်ပွဲသော အယုတ်တမာအကြံအစည်မှာ

ပွဲဦးထွက်ရာနှုန်းပြည့် အောင်ပွဲခံ ခဲ့လေပြီ။

နံ့ပါတ်တစ်သည် လက်နှိပ်ဓါတ်မီး အလင်းရောင်အားကိုးဖြင့် ပိန်းပိတ်အောင်မှောင်သည့် လိုဏ်ဂူထဲသို့ သတိကြီးစွာဝင်ရောက်

သွားသည်။ လိုဏ်ဂူထဲရောက်သည်နှင့် သေနတ်ကို အသင့်ပစ်ခတ်ရန် အနေအထားသို့ ပြောင်းလဲလိုက်သည်။ လက်နှိပ်ဓါတ်မီး အလင်းရောင်

အောက်တွင် သူ မြင်ရသည်ကား အရိုးစုတစ်ခု၊ ဟောင်းနွမ်းစုတ်ပြတ်နေသော ပရိဘောဂအချို့နှင့် နံရံတစ်ဖက်တွင် ထူထပ်စွာဖုံးအုပ်ထားသော

ပင်လယ်ရေမှော်များသာ။ နံ့ပါတ်တစ်သည် စိတ်သက်သာရာရသွားဟန်ဖြင့် သေနတ်ကိုအောက်နှိမ့်လိုက်ပြီး ရေဒီယိုဖုန်းမှ တစ်ဆင့်ဆက်သွယ်

လိုက်သည်။

"နံ့ပါတ်တစ် စကားပြောနေတယ်၊ လိုဏ်ဂူထဲမှာ အရိုးစုတစ်ခုပဲတွေ့တယ်၊ ပြောတာကြားလား"

"ပြောတာကြားတယ် နံ့ပါတ်တစ်" ရဟတ်ယာဉ်ပိုင်းလော့က နံ့ပါတ်တစ်၏ ဆက်သွယ်ချက်ကို ပြန်လည်ဖြေကြားလိုက် သည်။

"အသုံးလုံး အဖွဲ့က လူတွေအဲဒီမှာ မရှိဘူးဆိုတာသေချာလား"

"အသေအချာရှာပြီးပြီ၊ ဘယ်သူမှ မရှိဘူး"

"ဒါဆို နံ့ပါတ် လေး၊ ငါး၊ ခြောက် ဒုတိယ အုပ်စုရောက်လာရင် ကျူပ်တောင်ပေါ်မှာ ပတ်ရှာကြည့်လိုက်ဦးမယ်"

နံ့ပါတ်တစ်သည် သူ၏ရေဒီယို ဆက်သွယ်ရေးကိရိယာကို ပိတ်လိုက်၏။ ဤသည်ပင်လျှင် သူ့ဘဝ၏ နောက်ဆုံးလုပ်ခဲ့သည့်

အလုပ်ဖြစ်တော့သည်။ နံရံတစ်ဖက်တွင် ထူထပ်စွာဖုံးအုပ်ထားသည့် ပင်လယ်ရေမှော်များကြားမှ လက်ကြီး တစ်ဖက်ထွက်လာ၏။ ထိုလက်ကြီးဖြင့်

ဆုပ်ကိုင်ထားသော ချွန်မြနေသည့် အော့ဆီဒီယန် လုံသွားသည် နံ့ပါတ်တစ်၏ လည်မျိုကို ထုတ်ချင်းပေါက်ထိုးစိုက်သွား၏။ ဂီးဂီး ဂစ်ဂစ်

အသံအချို့ထွက်လာပြီးနောက် နံပါတ်တစ်၏အသက်မဲ့ ခန္ဓာကိုယ်ကြီးသည် ကျောက်လှိုဏ်ဂူကြမ်းပြင်ပေါ်သို့ လဲကျသွားတော့သည်။

ဂျီယိုဒီနိုသည် နံပါတ်တစ်၏တိုက်ခိုက်ရေး ပစ္စည်းမှန်သမျှ သူ့ကိုယ်ပေါ်တွင် လျှပ်စီးလက်သလို လျှင်မြန်စွာတပ်ဆင် လိုက်ပြီး

အလောင်းကို ပင်လယ်ရေမှော်များနောက်သို့ ထိုးထည့်လိုက်သည်။ ထိုအခိုက်-

"နံပါတ်တစ်၊ အထဲမှာ ဘာတွေ့လဲ" လှိုဏ်ဂူဝမှ နံပါတ်နှစ်၏ အသံကိုကြားလိုက်ရ၏။

ဂျီယိုဒီနိုသည် သူများအသံကို မတူတူအောင်တုပပြောဆိုရာတွင် ပါရမီရှိလှသူဖြစ်သည့်အတိုင်း ပါးစပ်ကိုစေ့၍ နံပါတ်တစ်၏အသံမျိုးဖြင့်-

"အရိုးစု တစ်ခုပဲတွေ့တယ်ဟေ့" ဟုအော်ပြောလိုက်သည်။

"တစ်ခြားရော————"

"ဘာမှမရှိဘူး၊ ဝင်လာကြည့်ပါလား နံပါတ်နှစ်"

နံပါတ်နှစ်သည် လှိုဏ်ဂူထဲသို့ သံသယကင်းစွာဝင်လာသည်။ ဂျီယိုဒီနိုသည် လက်နှိပ်ဓါတ်မီးကို နံပါတ်နှစ်၏မျက်နှာတည့်တည့်သို့

ထိုးလိုက်ပြီး မျက်လုံးနှစ်လုံးကြားသို့ ရိုင်ဖယ်ဖြင့်ပစ်ထည့်လိုက်သည်။ ခြောက်ပေအကွာမှ ခြေမှုန်းရေးရိုင်ဖယ်ဖြင့် အနီးကပ်တေ့ပစ်ခြင်း

ခံလိုက်ရသည့် နံပါတ်နှစ်မှာ မြင်းကန်ခံလိုက်ရသကဲ့သို့ လွင့်စဥ် မြောက်တက်သွားပြီး ချက်ချင်းပင် အသက်နှင့်ခန္ဓာ အိုးစားကွဲသွား၏။

ရှုဒီဂန်းသည် လှိုဏ်ဂူထဲသို့ ပြေးဝင်လာ၏။

"ကဲ ရှုဒီ၊ ခု ခြောက်ယောက်နှစ်ယောက်ကနေ သုံးယောက်နှစ်ယောက် ဖြစ်သွားပြီ" ဂျီယိုဒီနိုက ရှုဒီ့ကို ပြုံးပြုံးကြီး နှုတ်ဆက်လိုက်၏။

"သိပ်ကြွမနေနဲ့ဦးဟ၊ ရဟတ်ယာဥ် ကျန်သေးတယ်"

"ဟယ်လို နံပါတ်တစ်၊ ဟေး နံပါတ်နှစ်၊ နှစ်ကောင်လုံး ကိစ္စချောသွားပြီ၊ တော်လွန်းလို့ ကျုပ်ကိုကျုပ်တောင် ကြည်ညိုလာပြီ ရှုဒီ၊

ခင်ဗျားကိစ္စရော ပြီးခဲ့ပြီ မဟုတ်လား"

"ပြီးလို့ ငါအခုရောက်လာတာပေါ့ဟ"

"ဒါဆို နောက်သုံးကောင်ကို ဒီကနေစောင့်ပြီး ကျည်ဆန်အရသာ မြည်းခိုင်းဖို့ပဲ ကျန်တော့တယ်"

သူတို့ပြောသည့် နောက်သုံးကောင်သည် ပထမသုံးကောင်ထက်ပို၍ သတိရှိလေသည်။ စာတိုက်စစ်ဆေးရေးအရာရှိက စာအိတ်ပုံးများကို

စစ်ဆေးသည့်နှယ် ကျောက်လမ်းတစ်လျှောက် တစ်လက်မမကျန်စစ်ဆေး၍ လှိုဏ်ဂူရှိရာသို့ ဖြည်းညင်းစွာ၊ တိတ်ဆိတ်စွာ၊ သတိကြီးစွာ

တက်၍လာကြသည်။ ရှီယိုဒီနိုသည် သူတို့ဆက်သွယ်နေသော ရေဒီယို ဆက်သွယ်ရေးဖုန်းကို မကိုင်သဖြင့် ပိုမိုသတိထားနေခြင်းလည်း ဖြစ်သည်။

ဂန်းနှင့် ရှီယိုဒီနိုသည် ခြေမှုန်းရေးရိုင်ဖယ်များကို အသင့်အနေအထားဖြင့်ကိုင်ဆောင်ရင်း စောင့်နေကြသည်။ ရှီယိုဒီနိုသည် ဂန်းကို

ခေါင်းညိတ်ပြလိုက်ပြီး လိုဏ်ဂူဝသို့ ထွက်၍ ကိုယ်ရောင်ပြလိုက်သည်။

ခေါင်းဆောင်နားကြပ်၏ မိုက်ကရိုဖုန်းမှတဆင့် သူလုံ့ဖြင့် ဆောင့်ထိုးသတ်ခဲ့ပြီး နံပါတ်တစ်၏လေသံကိုတု၍-

"ဘာလို့ ဒီလောက်ကြာနေတာလဲ နံပါတ်လေး၊ မင်းကြည့်ရတာ အသက်ရှစ်ဆယ်ကျော် အမယ်ကြီးအိုကျနေတာပဲ၊ လှုပ်တုတ်

လှုပ်တုတ်နဲ့၊ လိုဏ်ဂူထဲမှာ အရိုးစုတစ်ခုကလွဲလို့ ဘာမှမရှိပါဘူးကွ" ဟုပြောလိုက်၏။

နံပါတ်လေးက ချက်ချင်းပင် ပြန်လည်ဆက်သွယ်၏။

"ခင်ဗျားအသံ ဘယ်လိုဖြစ်နေတာလဲ နံပါတ်တစ်"

သူတို့ကို ကြာကြာလှည့်စား၍ ရမည်မဟုတ်မှန်း ဂျီယိုဒီနိုသိလိုက်သည်။ "အအေးမိသွားလို့ အသံနည်းနည်း အက်သွားတယ်ကွ၊

ရာသီဥတုက ဆိုးပါ့ကွာ" ဟု ရလိုရငြား ဖြီးကြည့်လိုက်သေး သည်။

"အအေးမိသွားလို့ အရပ်တောင်လေးလက်မလောက် ပုသွားသလိုပဲ"

ဂျီယိုဒီနို ရယ်ချင်သွား၏။ ဟုတ်တော့လည်းဟုတ်သည်။ သူတုပနေသော နံပါတ်တစ်က သူ့ထက်အရပ်အများကြီး မြင့်သည်ကိုး။

"မိုးစိုမခံနိုင်ဘူးဟေ့၊ ငါ ဂူထဲပြန်ဝင်ပြီ"ဟု လုံးချရင်း ဂူထဲပြန်ဝင်လာခဲ့သည်။ ကျောတော့ အတော်စိမ့်နေ၏။ ကျည်ဆန်တွေ ကျောထဲ

အစုလိုက်အပြုံလိုက် ဝင်လာမည်ကို မှန်းဆရင်း အသည်းယားနေ၏။

အထဲရောက်တော့ ရူဒီဂန်းက- "မင်းလွယ်လွယ်နဲ့ ဖြီးလို့မရခဲ့ဘူး မဟုတ်လား" ဟုလှမ်းပြော၏။

"ဟုတ်ပဗျာ၊ ဒါပေမဲ့ ဒီကောင်တွေ နဝေတိမ်တောင်ဖြစ်နေတုန်းပဲ၊ ဒုတိယ အစီအစဉ်များမရှိဘူးလား ရူဒီ"

"ဟိုဖက်က မံမီခန်းထဲ ဝင်တဲ့ လိုဏ်ကလေးထဲကနေ ခြုံခိုတိုက်မယ်ကွာ"

"တစ်ယောက်၊ အလွန်ဆုံးနှစ်ယောက်လောက်ပဲ အလစ်ပစ်လို့ ရမှာပေါ့ဗျ"

"တခြားလည်း ရွေးစရာမရှိဘူး ငါ့ကောင်၊ ချောင်းမပစ်ချင်ရင် ပေါ်တင်ပစ်ကြဖို့ပဲရှိတယ်၊ အဲဒါဆိုရင် နင့်အဘ ဟယ်လီကော်ပတာက

ငါတို့ကို ဒုံးကျည်နဲ့ ဆော်လိမ့်မယ်"

ဂျီယိုဒီနိုနှင့် ဂန်းသည် မံမီခန်းသို့ အဝင်လမ်းတွင် သူတို့ ပိတ်ပစ်ခဲ့သော ကျောက်တုံးများကို သေလုမြောပါးဖယ်ရှားနေ၏။ ရာသီဥတုက

သေလောက်အောင် အေးမြနေသောလည်း တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေကြသည်။ အလောင်းနှစ်လောင်းကို အထဲပစ်ထည့်ပြီး သူတို့နှစ်ဦးလုံး

လှိုဏ်ဂူပေါက်ကလေးထဲသို့ တိုးဝှေ့ဝင်ပြီးချိန်တွင် ဒုတိယ အဖွဲ့ ဂူဝသို့ ရောက်ရှိလာသည်။ အချိန်ကိုက်ပင်။

နံပါတ်လေးသည် ဂူထဲသို့ လိမ့်ဝင်လာသည်။ နံပါတ်ငါးက သူ့နောက်မှ မတ်တပ်ရပ်လျှက်။ ဓါတ်မီးများဖြင့် ဟိုရမ်းဒီရမ်း၊ သေနတ်

များကိုလည်း ပစ်ခတ်ရန် အသင့် အနေအထားဖြင့် မောင်းတင် ထားကြသည်။ဂျီယိုဒီနီသည် ဂန်းကို လေသံကလေးဖြင့် ပြောလိုက်သည်။

"ကျုပ် ခင်ဗျားကို ပြောတယ် မဟုတ်လား ရှူဒီ၊ သူတို့ နံပါတ်ခြောက်ကို အပြင်မှာ ထားခဲ့တယ်"

ထိုအခိုက် နံပါတ်လေးက ရေဒီယိုမှ တဆင့်-

"ဂူထဲမှာ တစ်ယောက်မှမရှိဘူး" ဟု အပြင်ဖက်သို့ ပြောနေ သည်ကို ကြားလိုက် ကြရသည်။

"မဖြစ်နိုင်ဘူး နံပါတ်လေး။ ပထမအဖွဲ့က သုံးယောက်စလုံး ဂူထဲဝင်သွားတာ ဆယ့်ငါးမိနစ်ပဲ ရှိသေးတယ်" ရဟတ်ယာဉ် ပိုင်းလော့က

ပြန်ပြော၏။

နံပါတ်ငါးက ဝင်ပြော၏။

"နံပါတ်လေး ပြောတာ မှန်တယ်၊ ဂူထဲမှာ ဘယ်သူမှ မရှိဘူး၊ နံပါတ် တစ်၊နှစ်၊သုံး တို့ ပျောက်နေကြပြီ"

သူတို့သည် လေသံကလေးဖြင့် ပြောနေကြ သော်လည်း ရေဒီယို ဆက်သွယ်ရေးစက်က တဆင့် ရှူဒီဂန်းနှင့် ဂျီယိုဒီနီ တို့ နှစ်ယောက်လုံး

ကောင်းစွာ ကြားနေရသည်။ ဂူထဲတွင် ပုန်းအောင်းစရာ နေရာလည်း မရှိသည့် အတွက် နံပါတ်လေးနှင့် ငါးမှာ စိတ်သက်သာရာ ရလာဟန်ဖြင့်

သေနတ်ကိုင် လက်များမှာ လျော့တိလျော့ရဲ ဖြစ်လာသည်နှင့် တစ်ပြိုင်နက်-

"ခင်ဗျားက မတ်တပ်ရပ်နေတဲ့ အကောင်ကိုဆော်၊ ကျုပ်က ဒူးထောက်နေတဲ့ ကောင်ကိုတီးမယ်၊ ကျည်ကာအင်္ကျီ ဝတ်ထား ကြတယ်။

ခေါင်းကို ချိန်ပစ်၊ စမယ်" ဂျီယိုဒီနို၏ တီးတိုးလေသံအဆုံးတွင် သေနတ်နှစ်လက်၏ ပြောင်းဝများကျောက်တုံးကြားမှ တစ်လက်မခန့်

ထွက်လာသည်။

သေနတ်သံနှစ်သံသည် တစ်ပြိုင်ထဲနီးပါး ထွက်လာသဖြင့် ကျောက်လှိုဏ်ဂူထဲ မိုးခြိမ်း သကဲ့သို့ ဆူညံသွားသည်။ မြေပေါ်တွင် ဒူးထောက်

နေသူ နံပါတ်လေးသည် လှုပ်သည်ဆိုရုံမျှသာလှုပ်နိုင်လျှက် အသံတစ်စက်မှ မထွက်ပဲလဲကျသွား၏။ နံပါတ်ငါးသည် သုံးကြိမ်မျှ အသက်ကို

ကြိုးစား ရှူသေးသည်။ ထို့နောက် နားထင်ကို ထုတ်ချင်းပေါက်မှန်ထားသော သေနတ်ဒဏ်ရာက သူ့အသက်ကို နှုတ်ယူသွားတော့သည်။

ဂျီယိုဒီနိုသည် ကျောက်တုံး များကို ဖယ်ရှား၍ တိုးထွက် လာပြီး အလောင်း နှစ်လောင်းကို စစ်ဆေး နေ၏။ နောက်မှ ကြည့်နေသော

ဂန်းကို လှည့်၍ လက်မထောင်ပြ၏။ ထိုစဉ် ရေဒီယို ဆက်သွယ်ရေး ကိရိယာမှ-

"ဘာဖြစ်တာလဲ၊ ဘာဖြစ်ကြတာလဲ" ဆိုသော ပိုင်းလော့၏ အသံကျယ်ကြီး ဟိန်းထွက် လာသည်။

ဂျီယိုဒီနို က အလေးမထားဟန်ဖြင့်-

"ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးကွာ၊ ငါတို့ ယုန်တစ်ကောင်တွေ့လို့ပစ်လိုက်တာ" ဟု ပြန်လည် ဖြေဆို လိုက်သည်။

"ဘာ-ယုန်။ ဟုတ်လား၊ ဘာတွေ ပြောနေတာလဲ"

"ကျုပ်တို့ ရဲဘော်တွေသေကုန်ပြီထင်တယ်၊ အခုပြောနေတာ အသုံးလုံးကငနဲတွေ" နံပါတ်ခြောက်သည် အခြေအနေမှန်ကို

အောင်မြင်စွာ သုံးသပ်လိုက်နိုင်သည်။ ကဲ- ကန့်လန့်ကာ ဖွင့်ပြဖို့ အချိန်တန်ပြီ။ ဂျီယိုဒီနိုက အားပါးတရ ပြောလိုက်၏။

"ဟုတ်တယ်လေကွာ၊ နံပါတ် တစ်၊ နှစ်၊ သုံး ဆိုတဲ့ ယုန်သုံးကောင်ကို ခုနကရတယ်၊ အခု နံပါတ်လေးနဲ့ငါးဆိုတဲ့ ယုန် နှစ်ကောင်ရပြန်ပြီ။

မင်းတို့ ယုန်တွေက တစ်ခါပစ် တစ်ကောင်ပဲကွ"

ရဟတ်ယာဉ်မှူးသည် ဒေါသအိုး ပေါက်ကွဲ ချေပြီ။

"မင်း- မင်းတို့ သေကို သေစေရမယ်" ဟု ကမူးရှူးတိုး ကတုန်ကယင် ပြော၏။

"မာဖီးယား ခေါင်းဆောင်ကြီးများ စုံထောက်တွေကို ပြောလေ့ရှိတဲ့စကားနဲ့ မင်းကိုပြန်ပြောရရင် မင်းအစွမ်းရှိရင် ငါတို့ကို

လာဖမ်းလှည့်လေ၊ စိန်ပလိမ်တိမ် ဂွိမ်ပေ့ါကွာ" ဂျီယိုဒီနိုသည် အူမြူးနေ၏။ ပိုင်းလော့ကို အနာပေါ် တုတ်ကျအောင် ပြောဆိုနေ၏။

"ဟင်း-ဟင်း၊ မင်းတို့ကို ကိုယ်တိုင်လာဖမ်းစရာမလိုပါဘူးကွာ" ပိုင်းလော့က အေးစက်စွာပြောလိုက်သည်။ ဂျီယိုဒီနို ချက်ချင်း

သဘောပေါက်၏။ ကျီစားသန်သဖြင့် ရန်များတော့မည်။

"ရှုဒီရေ၊ ဝပ်နေဗျ" ဟု အော်ပြောလိုက်ရင်း သူကိုယ်တိုင်လည်း အကာအကွယ် ယူ၍ ပြားနေအောင် ဝပ်ချလိုက်သည်။

ရဟတ်ယာဉ်မှူးသည် လိုက်ဂူဝ တည့်တည့်သို့ချိန်၍ ဒုံးကျည်တစ်စင်း ပစ်လွှတ် လိုက်သည်။ ဒုံးကျည်သည် ဂူဝမှတည့်တည့်ကြီး

ဝင်လာပြီး ဂူထဲတွင် ပေါက်ကွဲတော့သည်။ ပေါက်ကွဲသံကြီးကား နားကွဲလုခမန်း၊ ဂျီယိုဒီနို နှင့် ရှုဒီဂန်းမှာ ပြားနေအောင် ဝပ်ချလိုက်သော်လည်း

ပေါက်ကွဲမှုအရှိန်က ကြီးမားပြင်းထန်လှသည့်အတွက် ဆယ်ထပ်တိုက်ပေါ်မှ စန္ဒယားကြီးတစ်လုံး ကိုယ်ပေါ် ပြုတ်ကျ သကဲ့သို့ ခံစား နေကြရသည်။

ကလီစာတွေ ပြုတ်ထွက်လုမတတ် ပြောင်းဆန်ကုန်၏။ မီးလောင်လွယ်သော အရာမှန်သမျှ မီးဟုန်းဟုန်းတောက်ကုန်၏။ မီးခိုးလုံးများနှင့်

ဖုန်မှုန့်များကြောင့် အသက်မရှူနိုင်အောင် မွန်းကြပ်ကုန်ကြ၏။ လိုက်ဂူကြီး ကတော့ ပြုံကျ မသွားပဲ အံ့သြဖွယ် ကောင်းလောက်အောင် ကြံ့ကြံ့ခံနိုင်

ဆဲ ဖြစ်၏။

ဂျီယိုဒီနီ နှင့် ဂန်းသည် အဆုတ်ကို ရောမလက်သီးကြီးများဖြင့် တရစပ်ထိုးခံထားရသလို ရင်ဘတ်တွေအောင့်နေကြသည်။ ဂန်းက ချောင်း

တဟွတ်ဟွတ် ဆိုးရင်း-

"နောက်ထပ် ဒုံးကျည်တစ်လုံး ထပ်မပစ် ပါစေနဲ့ဘုရား၊ ထပ်ပစ်ရင် တပည့်တော်တို့ ကိုယ်ကျိုး နည်းဖို့သာ ရှိပါတော့တယ် ဘုရား" ဟု

တကယ်လိုလို၊ နောက်သလိုလို ဆုတောင်း နေသေးသည်။

ဂျီယိုဒီနီ သည် ဂန်းအသံကို မကြားတစ်ချက်၊ ကြားတစ်ချက် နှင့် နားတွေလေထွက်ပြီး အူနေ၏။ ပါးစပ်ကြီးဟ၍ အသက်ရှူ နေရင်းက-

"သူတို့က တစ်လုံးဆိုလုံလောက်ပြီလို့ ထင်ကြလိမ့်မယ်၊ နောက်တစ်လုံး ထပ်မပစ်တော့ဘူး၊ ခင်ဗျားနဲ့ကျုပ် ဆန်ဒက်ကာဖင်ကို

မီးရှို့ကြေး လောင်းမလား" ဟု ပြောဖြစ်အောင် ပြောလိုက် သေးသည်။

သူတို့ နှစ်ယောက်သည် မောဟိုက်နေသည့်ကြားမှ သေနတ်များကို လိုက်ကောက်သည်။ ဂျီယိုဒီနီသည် မြေမှုန်းရေး ရိုင်ဖယ်သုံးလက်၏

မောင်းကွင်းများကို ကျောပိုးအိတ်သိုင်းကြိုးဖြင့် ချည်လိုက်ပြီး တစ်ပြိုင်နက် ပစ်ခတ်နိုင်ရန် ပြင်ဆင်နေ၏။ ဂန်းဖက်လှည့်၍ ပြုံးပြလိုက်ပြီး-

"ကဲ- ရူဒီ၊ နောက်ဆုံး တိုက်ပွဲကြီး ဆင်နွှဲကြစို့၊ ခင်ဗျားက နံပါတ်ခြောက်ကိုဆော်၊ ကျုပ်က ရဟတ်ယာဉ်ကိုတီးမယ်၊ ဒီတစ်ခါတော့

သူသေ ကိုယ်သေပဗျို့ ” ဟု ပြောလိုက်၏။

ဂန်းက ခေါင်းညိတ် ပြလိုက်ပြီး-

“ငါအရင်ထွက်မယ် အယ်လ်၊ နံပါတ်ခြောက် မသေပဲနဲ့ မင်း ဟယ်လီကော်ပတာကို ပစ်ချလို့ မရဘူး”

ပြောပြောဆိုဆို ဂန်းသည် ရိုင်ဖယ်ကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဂူထဲမှ ပြေးထွက်သွားတော့သည်။ ဂျီယိုဒီနိုသည် သူ၏ အထက်အရာရှိ

အသုံးလုံး ဒုတိယ ညွှန်ကြားရေးမှူးကြီး အား တားဆီးချိန် မရလိုက်ပါ။

နံပါတ်ခြောက်သည် ဒုံးကျည်သင့် လိုဏ်ဂူထဲတွင် မည်သူမှ အသက်မရှင်နိုင် ဟု စိတ်ချယုံကြည်ထားသဖြင့် ရေဒီယိုစက်မှတဆင့်

ပိုင်းလော့နှင့် အေးအေးဆေးဆေး စကားပြောနေ၏။ ပြေးထွက်လာသော ဂန်း၏မျက်မှန်မှာ ရွှံ့စက်များ၊ ဖုန်များ ကပ်ငြိပေကျံနေသဖြင့်

နံပါတ်ခြောက်ကို သေသေချာချာမမြင်ရ။ ဆယ်ပေအကွာမှ ဝိုးတဝါးမြင်ရသော အရိပ်မည်းမည်းကို မှန်း၍ရမ်းပစ်လိုက်သည်။ ဂန်း၏

ကျည်ဆန်များသည် နံပါတ်ခြောက် အနားမှ ဝီကနဲ ဖြတ်သန်းသွားသော်လည်း လူကိုမထိ။ နံပါတ်ခြောက်သည် ချာကနဲလှည့်လိုက်ပြီး ဂန်းကို

ဦးတည်၍ ငါးချက်တိတိ ပစ်လိုက်၏။ ကျည်နှစ်တောင့်က ဂန်း၏ ကျည်ကာအင်္ကျီ ဝတ်ဆင် ထားသော ရင်ဘတ်ကို မှန်၍ တစ်တောင့်က ဘယ်ဖက်

ပေါင်ကို မှန်၏။ ဂန်းသည် မြင်း အကန် ခံလိုက် ရသကဲ့သို့ လွင့်စဥ် ထွက်သွားပြီး ခွေခွေလေး လဲသွား၏။

ထိုအခိုက် —

ဂျီယိုဒီနိုသည် သုံးလက်တွဲ ရိုင်ဖယ်ကြီးကိုမ၍ ပြေးထွက်လာပြီး နံပါတ်ခြောက်ကို တရစပ်ပစ်လိုက်သည်။ နံပါတ်ခြောက်သည် ကျည်

အတောင့်နှစ်ဆယ်မျှ ခေါင်းကို မှန်ပြီး နေရာတွင် ပွဲချင်းပြီးသွား၏။ ဂျီယိုဒီနိုသည် တုံ့ဆိုင်း မနေပဲ ရိုင်ဖယ် သုံးလက်ကို ရဟတ်ယာဥ် ရှိရာသို့ ချိန်၍

အဆက်မပြတ် ပစ်ခတ်တော့သည်။ တစ်မိနစ်လျှင် အတောင့်သုံးထောင်နှုန်းအလျင်ဖြင့် ခြေမှုန်းရေးရိုင်ဖယ်သုံးလက်မှ ထွက်သောကျည်ဖူးများက

ရဟတ်ယာဉ်၏ အကာအကွယ်မဲ့ ဝမ်းဗိုက်ထဲသို့ တရစပ် တိုးဝင်သွားကြ၏။

ရဟတ်ယာဉ်မှူးသည် သူ၏စက်သေနတ်ကို ပစ်ခတ်ရန်ကြိုးစားသော်လည်း အထမမြောက်လိုက်တော့၊ ရိုင်ဖယ်ကျည်ဆန် များကြောင့်

မှန်များကွဲကြေ၍ ကျည်ဆန်များသူ့ထံ တိုးဝင်လာသည်ကိုသာ နောက်ဆုံး သိလိုက်ရ၏။ ရဟတ် ယာဉ်သည် တောင်စောင်းနှင့် တိုးဝင် တိုက်မိပြီး

မီးလောင် ပေါက်ကွဲ သွားတော့သည်။

ဂျီယိုဒီနီသည် ရိုင်ဖယ်သုံးလက်မှ ကျည်ဆန်မကုန်မချင်း ရဟတ်ယာဉ်ကို တရစပ်ပစ်ခတ်ပြီးမှ သေနတ်များကိုပစ်ချ၍ လဲနေသော ရှုဒီဂန်း

ဆီသို့ ပြေးသွား၏။

"ငြိမ်ငြိမ်လေးနေ၊ မလှုပ်နဲ့ ရှုဒီ"

"ခြစ်မိရုံလေးပါကွာ" ရှုဒီဂန်းက နာကျင်လွန်းသဖြင့် သွားကြားမှ ထွက်သော လေသံဖြင့် ပြန်ပြော၏။

"ခြစ်မိရုံ မဟုတ်ဘူးဗျ၊ ခင်ဗျား ခြေထောက်ရိုး နှစ်ချောင်းလုံး ကျိုးသွားတာ"

ဂျီယိုဒီနီသည် ရှူးဖိနပ် ကြိုးကို ဖြုတ်၍ ဂန်း၏ ဒူးအထက်မှ ပေါင်ကို ကြိုးဖြင့် စည်းနေ၏။ အရေးပေါ် သွေးတိတ် စေရန် ဖြစ်၏။ ပြီးတော့

လိုဏ်ဂူထဲသို့ ပြန်ပြေး၍ ဆေးသေတ္တာ အိတ်ကို ပြေးယူပြီး ဂန်းကို ပြုစု ကုသပေး၏။

"ကဲ- ရှုဒီ၊ ကျုပ် လုပ်တတ်သမျှတော့ ကုန်ပြီ၊ ကိတ်တောင်း ရောက်မှပဲ ဆရာဝန် ဆက်ကုပစေတော့နော်" ဂျီယိုဒီနီသည် ဒဏ်ရာ

အပြင်းအထန်ရနေသော ရှုဒီဂန်းကိုတတ်နိုင်သမျှ သက်တောင့်သက်သာရှိစေရန် ပြင်ဆင်ပေးနေ၏။ ပြီးမှ ဆန်ဒက်ကာထံဖုန်းခေါ်၍ အခြေအနေကို

တင်ပြ အစီရင်ခံ၏။ ခုတော့ အားလုံး ပြီးစီးသွားပြီ။ သူသည် တောင်စောင်းတွင် ချိတ်၍ မီးလောင်နေဆဲ ဖြစ်သော ရဟတ်ယာဉ်ကို ငေးကြည့်ရင်း-

"ရှုံးနေတာ၊ သွက်သွက်ခါအောင် ရှုံးနေကြတာ၊ ဒီလောက် အရှုံးအမူး သတ်ချင်၊ ဖြတ်ချင် နေကြအောင် ဒီလူတွေ ကို ဘာကများ

လှုံ့ဆော်ပေးနေပါလိမ့်" ဟုတီးတိုး ရေရွတ် လိုက်၏။ သူကိုယ်တိုင်လည်း အဖြေ အတိအကျ မရှိ၊ မကြာခင် သိရလိမ့်မည် ဟုတော့ မျှော်လင့်မိ၏။

"ရေအောက်ကြမ်းပြင်အထိ ပေတစ်ရာ့ခြောက်ဆယ် နက်တယ်" အီရာကော့စ်က ရေခဲပြင်မှ ယူဘုတ်နစ်ဝင်သွားသည့် အပေါက်ကြီးကို

ငေးကြည့်ရင်းပြောလိုက်သည်။ "ခင်ဗျားတကယ် ရေအောက်ကိုဆင်းချင်တာလားမစ္စတာပစ်"ပစ်က အီရာကော့စ်ကို မျက်လုံးစိမ်းများဖြင့်

ကြည့်ရင်း-

"ခင်ဗျားတို့ ဝင်ရိုးစွန်းမုန်တိုင်းရဲ့ အင်ဂျင်ခန်းကိုပြင်ဖို့ အချိန်အနည်းဆုံးနှစ်နာရီကြာမယ်။ ရေငုပ်ပစ္စည်းတွေလည်း

အပြည့်အစုံပါနေမှတော့ နစ်သွားတဲ့ ရေငုပ်သင်္ဘောထဲဝင်မကြည့်ပဲ ဒီအတိုင်းလက်လွှတ်ခံလိုက်လို့ ဘယ်ဖြစ်မလဲဗျ"

သူတို့ နှင့်အတူလိုက်ပါလာသော သတင်းထောက်မလေး အီဗီတန်က မျက်လုံးစိမ်းနှင့်ကိုလူချောကို ရွှန်းရွှန်းစားစား ကြည့်ရင်း-

"ရှင်က ရေငုပ်သင်္ဘောထဲမှာ ဘာတွေများတွေ့မယ်ထင်လို့လဲ" ဟု မူနွဲ့နွဲ့မေးလိုက်၏။ ပစ်နှင့် စတွေ့သည့်အချိန်တည်းက

တရကြမ်းအသက်လုပြေးလွှားနေရသောသူမသည် ခုမှပင် ကြာပစ်ဖို့ အချိန်ရတော့သည်။

"ဒီသင်္ဘောဘယ်ကလာသလဲ။ ဘယ်သူတွေက အမိန့်ပေးစေခိုင်းနေသလဲဆိုတဲ့ အထောက်အထားတွေပေါ့"

"ဘယ်ကလာသလဲဆိုတော့ ဟစ်တလာဆိုတဲ့ နှုတ်ခမ်းမွေးစစ၊ ဂင်တိုတို အာဏာရူးတစ်ယောက်နေတဲ့ နာဇီ ဂျာမနီပြည်က၊

ဘယ်တုန်းကလဲဆိုတော့ ၁၉၄၅ ခုနှစ်က"

ကော့စ်က ပြုံးစစဖြင့် ဝင်ဖြေ၏။

"ဟုတ်ပြီ၊ ဒါဖြင့် ပြီးခဲ့တဲ့ ၅၆ နှစ်လုံးလုံး ဒီသင်္ဘောဟာ ဘယ်သွားပုန်းနေသလဲ၊ ဘာလို့ ခုမှပေါ်လာပြီး ကျုပ်တို့ကို ရန်ပြုရတာလဲ"

ကော့စ်က ပုခုံးတွန့်ပြလိုက်သည်။ ပြီးတော့ ပစ်၏ ရေအောက်ဆက်သွယ်ရေးကိရိယာများ အလုပ်လုပ်မလုပ်ကို စမ်းသပ်နေ၏။ အားလုံး

အိုကေ။ ကော့စ်က ပစ်ကို လက်မထောင်၍ ပြုံးပြရင်း-

"ခင်ဗျားတစ်ယောက်တည်းသွားလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်။ အာတိတ်ဒေသမှာ အကြိမ်နှစ်ဆယ်ထက်မနည်း ရေအောက်ငုပ်ခဲ့ပြီးပြီ"

ပစ်သည် ခန္ဓာကိုယ်အနွေးဓါတ်ပေးနိုင်သည် ဒိုင်ဗက်စ်အာမာဒီလို ရေငုပ်ဝတ်စုံကိုဝတ်ဆင်ထားသည်။ နောက်ဆုံးပေါ်

ကြိုးမဲ့ဆက်သွယ်ရေးစနစ် တပ်ဆင်ထားသည် အေဂျီအေ အမ်ကေ-၂ ခေါင်းဆောင်းကို တပ်ဆင် ထားသည်။ ရေအောက်ငုပ်ဖို့ရန်အသင့်။

အီဗီတန်က ရေငုပ်ဝတ်စုံ အပြည့်အစုံ ဝတ်ထားသော ပစ်ကို ဓါတ်ပုံတဖျတ်ဖျတ်ရိုက်ရင်း

"ကံကောင်းပါစေ မစ္စတာပစ်" ဟုနှုတ်ဆက်စကားဆို၏။ အစောပိုင်းက သူမ၏ရေစိုခံကင်မရာကြီးကို ပစ်အားထိုးပေးရင်း

နစ်မြုပ်သွားသော ရေငုပ်သင်္ဘောကို ဓါတ်ပုံရိုက်ခဲ့ရန်တောင်းဆိုခဲ့သော်လည်း ပစ်က မလိုက်လျှောခဲ့။

ပစ်သည် ရေထဲသို့ စတင်ဆင်းသက်လိုက်၏။ အပူထိန်းကိရိယာ အလုပ်လုပ်ကြောင်းသေချာစေရန် ဖြည်းညှင်းစွာ ဆင်းနေ၏။

ဤသို့စေ့စပ်သေချာမှုများကြောင့် ပစ်၏ ရေငုပ်သမား သက်တမ်းတစ်လျှောက် အသက်အန္တရာယ် ကင်းနေခဲ့ခြင်းဖြစ်သည်။

သုံးပေထူသော ရေခဲလွှာအောက်သို့ လျှောဆင်းလိုက်သောအခါ သဘာဝအတိုင်းတည်ရှိသော အံ့မခန်းသည့် ရေအောက်

အရိုင်းကမ္ဘာနှင့် စတင်ထိတွေ့ရတော့သည်။ မြင်မြင်သမျှမြင်ကွင်းတို့ကား စကြာဝဠာ အတွင်းရှိ လူမသိသေးသော ဂြိုလ်တစ်ခု၏ အတွင်းပိုင်းကဲ့သို့

အံ့သြဘနန်းရှိလှ၏။ ဖြူလွလွရေခဲပြင်အောက်တွင် ပဟေလိုဂျင်မီးအလင်းရောင်ပြန်ဖြင့်မြင်ရသော စိမ်းဖန့်ဖန့်ပြာလဲ့လဲ့

ရေအောက်တောင်ကြားများတွင် ဝါတာတာရေညှိများနှင့် တောင်စွန်းများတွင်ကပ်ငြိနေသည့် သန်းချီသောကမာကောင်တို့နှင့်

အာတိတ်ရေအောက်အလှသည် ယစ်မူးဖွယ်။

ဒတ်ပစ်သည် သတိကြီးစွာဖြင့် ရေအောက်ကြမ်းပြင်ထိရောက်အောင် ငုပ်ဆင်းလာခဲ့သည်။ အဏ္ဏဝါကြမ်းပြင်ပေါ်တွင် ယူဘုတ်သည်

တစစီကျိုးပဲ့နေ၏။ သင်္ဘောကိုယ်ထည်တွင် ဒုံးကျည်သင့်ထားသော အပေါက်ကြီးကိုထင်ရှားစွာမြင်နေရသည်။ ရေငုပ်သင်္ဘောသည်

ထိုဒဏ်ကြောင့် ခါးလည်မှ နှစ်ပိုင်းကျိုးမတတ်။

"ကော့စ်၊ ကျွန်တော် ရေငုပ်သင်္ဘောကိုတွေ့ပြီ၊ အထဲဝင်တော့မယ်" ပစ်က အီရာကော့စ်ကို ဆက်သွယ် သတင်းပို့လိုက်၏။

"သတိထားသွားပါ မစ္စတာပစ်၊ သံချွန်လေးတစ်ခုလောက် ခင်ဗျားရေငုပ်ဝတ်စုံနဲ့ငြိပြီး တစ်လက်မလောက်ပြဲသွားတာနဲ့

ရေပေါ်မရောက်ခင် ခင်ဗျားခဲသွားလိမ့်မယ်" အီရာကော့စ်က စိုးရိမ်မကင်းသံဖြင့် သတိပေး၏။

ဒတ်ပစ်သည် ရေငုပ်သင်္ဘော အတွင်းသို့မဝင်မီ ဆယ်မိနစ်ခန့် အချိန်ယူ၍ စေ့စေ့စပ်စပ်လေ့လာနေ၏။ ရေငုပ်သင်္ဘော၏ အပြင်ဘန်း

သံကိုယ်ထည်ကြီးမှာ အကြမ်းဖက်သမားများ၏ ဗုံးဒဏ်ခံလိုက်ရသည့် ဘတ်စ်ကားကဲ့သို့ တွန့်လိမ်စုတ်ပြတ်နေသည်။ ပစ်သည် အတွင်းသို့

သတိကြီးစွာထား၍ ဝင်လိုက်၏။ ပောလိုဂျင်မီးအလင်းရောင်အောက်တွင် စတင်တွေ့ရှိလိုက်သည်က ဆိုးရွားစွာပုံပျက်နေသည့်

အလောင်းနှစ်လောင်း။

ပျို့ချင်စိတ်ကို ထိန်းချုပ်၍ ထိုအလောင်းများကို စတင်ရှာဖွေ၏။ သို့သော် မည်သည့် အမှတ်အသားမှ ရှာမတွေ့။

"ရေအောက်မှာနေဖို့ နောက်ထပ် ရှစ်မိနစ်ပဲ အချိန်ရတော့တယ်" အီရာကော့စ်၏ သတိပေးသံထွက်လာပြန်သည်။ ခါတိုင်းဆိုလျှင်

ထိုအလုပ်မျိုးကို အယ်လ်လုပ်နေကြ။ ခုတော့ သူလည်း ဘယ်လိုအခြေအနေရှိသည် မသိရ။

ပစ်သည် ရေငုပ်သင်္ဘောအတွင်းခန်းများဆီသို့ ဝင်ရောက်၍ ပိုက်စိတ်တိုက်ရှာဖွေသော်လည်း သူလိုချင်သည့် အထောက်အထားများ

ဘာမှ ရှာမရပဲ ဖြစ်နေသည်။ ရေချိုးပြီး ပြန်ချင်ပြန်၊ မပြန်ချင်နေ၊ ငါးကတော့ မရဆိုသည့် ကိန်း ဆိုက်နေပြီ။

"လေးမိနစ်" ကော့စ်၏ အသံက ဒီအခြေအနေတွင် ဌက်ဆိုးထိုးသံလို သူ့နားတွင်ခါးလှသည်။ လက်ချည်းဗလာ ပြန်တက်သွားပါက

ကျုပ်မပြောလားဆိုသည့် အကြည့်မျိုးခံရမည်ကို မြင်ယောင်နေမိသည်။ အရေးကြီးစာရွက်စာတမ်းမပြောနှင့် စာတိုပေစ၊ ဒိုင်ယာရီ၊

စာရွက်စုတ်လေးတစ်စပင် ရှာမတွေ့။ သဘော်မှတ်တမ်းစာအုပ်လည်းမရှိ။ ဒီအတိုင်းဆိုလျှင် သူမြင်နေရသော ရေငုပ်သဘော်နှင့်

သဘော်သားအလောင်းများပင် အာရုံလှည့်စားမှုများ ဖြစ်နေမလား။

"နစ်မိနစ်"

ဒတ်ပစ်သည် စိတ်လျော့၍ သဘော်ထဲမှ လှည့်ထွက်တော့မည်အလုပ် ရုတ်တရက်လက်ကြီးတစ်ဖက် သူ့ပုခုံးပေါ်လာတင်သည်ကို

မြင်လိုက်ရသည်။ အပူပေးဝတ်စုံဝတ်ထားလျှက်က သူ့ခန္ဓာကိုယ်သည် အေးခဲသွားသလို ခံစားလိုက်ရပြီး နလုံးခုန်သံများ ဗရမ်းဗတာဖြစ်သွား၏။

အသက်ကို ပြင်းပြင်းရှူလိုက်သည်။ ထိုလက်သည် သူ့ကိုဆုပ်ကိုင်ထားခြင်းမဟုတ်ပဲ လက်မောင်းနှင့် လည်ပင်းကြားတွင် တင်ထားသည်ဆိုရုံမျှသာ။

ပစ်၏ ညာလက်သည် ဓါးမြှောင်ကိုဆွဲထုတ်လိုက်ပြီး ဘယ်လက်ဖြင့်ကိုင်ထားသော ဟောလိုဂျင်ရေငုပ်မီးဖြင့် နောက်မှတင်ထားသော လက်ပိုင်ရှင်ကို

ဆတ်ကနဲထိုးလိုက်ပြီး ခန္ဓာကိုယ်ကိုလည်း နောက်သို့ရုတ်တရက်လှည့်လိုက်သည်။

မြင်လိုက်ရသော မြင်ကွင်းကား————————————————————————-။

အတ္တလန်တစ် ရှာပုံတော် (၄၁)

မိန်းမ တစ်ယောက်၊ ရက်ရက်စက်စက်လှသည့် မိန်းမတစ်ယောက်၊ သို့တည်းမဟုတ် သက်ရှိထင်ရှားရှိစဉ် တချိန်တခါဆီက အလှကြီး

လှခဲ့ဖူးသည့် မိန်းမတစ်ယောက်၊ သူ့ကို မျက်လုံးပြာကြီးများဖြင့် စိုက်ကြည့်နေသည်။ အနားစများဖွာထွက်နေသည့် ကိုယ်ကျပ်ဝတ်စုံနက်

ကိုဝတ်ဆင်ထားပြီး လက်များဆန့်ထွက်ကာ အသက်ကုန်ဆုံးနေသော ထိုမိန်းမပျိုသည် အမွေးများထောင်နေသော

ကြောင်ကြီးတစ်ယောက်နှင့်တောင် တူနေသေးတော့သည်။ လက်တစ်ဖက်သည် တံတောင်ဆစ်မှ ပြတ်ထွက်နေ၏။ ရွှေရောင်ဆံနွယ်တို့သည်

ရေထဲတွင်တလွင့်လွင့်။ နှုတ်ခမ်းနစ်လွှာသည် စကားဆိုတော့မည့်နှယ်မပွင့်တပွင့်။ ဒတ်ပစ်သည် သူမခန္ဓာကိုယ်တစ်ကိုယ်လုံးကို

ပိုက်စိတ်တိုက်ရှာဖွေသော်လည်း ထုံးစံအတိုင်း မည်သည့် သက်သေခံပစ္စည်းမှ မတွေ့ရ။

ကဲ-မတတ်နိုင်တော့။ ဒါကြီးကိုပင် သက်သေခံပစ္စည်းအဖြစ်ယူဆောင်သွားတော့မည်။ ဒတ်ပစ်သည် မိန်းမပျိုအလောင်းကို

လက်တစ်ဖက်ဖြင့်ထိန်းရင်း သူ့ခေါင်း အထက်ပေ ၁၆၀ အမြင့်တွင် တွေ့နေရသော အလင်းပေါက်ဆီသို့ ဦးတည် ကူးခတ်သွားတော့သည်။

သူ့အောက်စီဂျင်ဘူးထဲမှ လေကုန်သည့်အချိန်တွင် ဒတ်ပစ်၏ဦးခေါင်းသည် ရေခဲပေါက်မှထွက်ပေါ်လာသည်။ ကော့စ်နှင့်

သင်္ဘောသားများသည် သူ့ကိုပါတ်ချာလည်ဝိုင်းကြည့်နေကြသည်။ အီဗီတန်၏ကင်မရာမှ ဖလက်ရှ်မီးတို့သည် ဖျတ်ကနဲ၊ ဖျတ်ကနဲ

ပွင့်လျှက်ရှိသည်။

"ခင်ဗျားဘာတွေတွေ့ခဲ့လဲလို့ ကျုပ်တို့ဝိုင်းကြည့်နေကြတာဗျ" အီရာကော့စ်က စပ်ဖြဲဖြဲဖြင့်ပြော၏။

"ဘဏ်တိုက်မှာ အပ်ရလောက်အောင်တန်ဖိုးရှိတဲ့ ပစ္စည်းတော့ ဘာမှ မတွေ့ခဲ့ဘူးဗျ" ပစ်က ခေါင်းစွပ်ကိုချွတ်၍ ပြောလိုက်သည်။

"ဒါပေမဲ့ ယူဘုတ်ပေါ်က အပေါင်းအသင်း တစ်ယောက်ကိုတော့ ခေါ်လာခဲ့တယ်"

အီဗီတန်၏ မျက်လုံးများသည် ဒတ်ပစ်ရေထဲမှ ထိုးတင်လိုက်သော အရာဆီသို့ရောက်သွား၏။ ထိုအရာသည် ရေပေါ်ပေါ်လာသည်နှင့်

တစ်ပြိုင်နက် နေရောင်အောက်ဝယ် ရွှေရောင်ဆံပင်များဖွာထွက်သွားပြီး မျက်နှာသည်မော့လျှက်။ မျက်လုံးများသည် နေမင်းကို

စိုက်ကြည့်နေသည့်အလား။

"ဘုရားရေ" အီဗီတန့်မျက်နှာသည် ရေခဲပြင်အလားဖြူဖွေးသွား၏။ "ဒါဒါ—မိန်းမတစ်ယောက်ပဲ" အီဗီတန်သည်

အံ့အားသင့်လွန်းသဖြင့် ထိုမိန်းမရုပ်အလောင်းကို ပလတ်စတစ်ဖြင့်ထုပ်ပိုးပြီး သဘော်ာပေါ်သို့တင်ပြီးသည်အထိ ကြောင်ငေးကြည့်နေမိသည်။

ဓါတ်ပုံရိုက်ရန်လည်း သတိမရ။

ဒတ်ပစ်သည် မိန်းမပျို၏ ရုပ်အလောင်းကို မျက်စိတဆုံးငေးကြည့်နေပြီးမှ-

"ကျွန်တော့်အထင်မမှားဖူးဆိုရင် ဒီမိန်းမဟာ ယူဘုတ်မှာရာထူးအတော်ကြီးတဲ့ အရာရှိဖြစ်ရမယ်ဗျ"ဟု အီရာကော့စ်အား

ပြောလိုက်သည်။

"နမြောစရာပဲဗျာ။ ကောင်မလေးကအတော်လှတာဗျ" အီရာကော့စ်က ဝမ်းနည်းပက်လက်ပြောလိုက်သည်။ အမှန်လည်း

သူဝမ်းနည်းပါ၏။

"ဟုတ်ပါရဲ့။ အသက်မရှိတော့တာတောင် အတော်လှသေးတယ်နော်" အီဗီတန်ကလည်း သံယောင်လိုက်၏။ "ကျွန်မ ပြောရဲတယ်။

ဒီမိန်းမဟာ လှရုံတင်မက၊ အတော့်ကို တော်ရမယ်"

"ဟုတ်မှာပေ့ါလေ" ပစ်ကပြောလိုက်၏။ "ဒါပေမဲ့ဒီမိန်းမဟာ လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်ကတည်းက မရှိသင့်တဲ့

ရေငုပ်သဘော်ာပေါ်မှာ ဘာတက်လုပ်နေတာလဲ။ အဲဒီရေငုပ်သဘော်ာ အဟောင်းကြီးပေါ်မှာ သူ့အရည်အချင်းတွေကို ဘာတွေအသုံးချနေတာလဲ၊

သူ့ခန္ဓာကိုယ်ပေါ်က အမှတ်အသားတစ်ခုခုတွေ့ပါစေလို့ ကျွန်တော်မျှော်လင့်ပါတယ်"

"ကျွန်မလည်း ဒီဇာတ်လမ်းကို အဆုံးသတ်အထိ သတင်းယူရပါစေလို့ ဆုတောင်းပါတယ်ရှင်" အီဗီတန်က ဆွေးဆွေး

မြွေမြွေပြောလိုက်သည်။

ဒတ်ပစ်သည် သူ့ရေငုပ်ဝတ်စုံကို ချွတ်ပစ်ရင်း-

"ဗိုလ်ချုပ်ကြီးဆန်ဒက်ကာကို အမြန်ဆက်သွယ်ကြပါ။ တစ်ခုတော့ရှိတယ်။ အခုလောလောဆယ် ဒီကိစ္စကို အများပြည်သူမသိအောင်

လျှို့ဝှက်ထားမှဖြစ်မယ်"

အီဗီတန်က စောဒကတက်ရန် နှုတ်ခမ်းပြင်နေဆဲတွင် ဒတ်ပစ်သည် သင်္ဘောပဲ့ပိုင်းသို့ လျှောက်လှမ်းသွားလေပြီ။

ဒတ်ပစ်သည် ရေမိုးချိုး၊ မုတ်ဆိတ်ရိတ်ပြီးနောက် တာကွီလာအရက် တစ်ဖန်ခွက်ဖြင့်အနားယူနေ၏။ ဝါရှင်တန်ရှိ

ဗိုလ်ချုပ်ကြီးဆန်ဒက်ကာ ထံသို့ဖုန်းခေါ်ဆိုသောအချိန်တွင်မှ အတွေးရေယာဉ်ကြောတွင်မျောနေသော သူ့စိတ်သည် ပစ္စက္ခ အခြေအနေသို့

ပြန်လည်ရောက်ရှိလာသည်။

ဆန်ဒက်ကာသည် ဖြစ်ပုံပျက်ပုံအလုံးစုံကို တစ်ခွန်းမှဝင်မမေးပဲ နားထောင်နေပြီးမှ-

"ကောင်လေးရေ၊ ယူဘုတ်ပေါ်က အမျိုးသမီးအရာရှိရဲ့ အလောင်းရထားတယ်လို့ မင်းပြောတယ်နော်"

"ဟုတ်တယ် ဆရာ။ ကျွန်တော် သူ့အလောင်းကို ဝါရှင်တန်ပို့လိုက်မယ်"

"နိုင်ငံခြားသူသာ ဆိုရင်တော့ အလုပ်ရှုပ်တော့မှာပဲကွာ"

"သူ့နောက်ကြောင်းလိုက်လို့ ရလောက်ပါတယ် ဗိုလ်ချုပ်ကြီး"

"အေး- ဒါနဲ့ မဒရပ်သင်္ဘောပေါ်က ရှေးဟောင်းပစ္စည်းတွေရော အပျက်အစီးရှိသလား"

"မပျက်စီးပါဘူးခင်ဗျား။ အားလုံး ကျန်းမာပကတိ ချမ်းသာအတိ ရှိကြောင်းပါ သခင်ကြီး"

"ခွေးမသားလေး။ စကားကောင်းပြောနေရင်း ဖောက်လာပြန်ပါပြီ။ အေးလေ ဘာပဲဖြစ်ဖြစ် မင်းတို့အားလုံး အသေအပျောက်မရှိတာပဲ

ကျေးဇူးတင်ရမယ်"

"သေတော့မလို့ပဲ ဆရာ။ ကပ္ပတိန်ကန်နီဟန်သာ အချိန်မှီမရောက်ရင် ခုလောက်ဆို ဝင်ရိုးစွန်းမုန်တိုင်းရော၊ ကျွန်တော်တို့ရော

ရေခဲပြင်အောက်မှာ ပက်လက်လန်နေလောက်ပြီ"

"ယယ်လဂါကတော့ သူ့ကွန်ပျူတာကို ယူ ၂၀၁၅အကြောင်းကြည့်ခိုင်းနေလေရဲ့။ ဒီရေငုပ်သင်္ဘောက အတော်ဆန်းသကွ။

မှတ်တမ်းတွေအရ ၁၉၄၅ခုနှစ် ဧပြီလအစောပိုင်းက ဒိန်းမတ်မှာသူ့ကိုနောက်ဆုံးတွေ့ကြရတယ်လို့ဆိုတယ်။ သမိုင်းသမားအချို့ကတော့

ဒီသင်္ဘောဟာ ကမ္ဘာစစ်အတွင်းမပျက်စီးခဲ့ပဲ စစ်ကြီးပြီးမှ အာဂျင်တီးနားနဲ့ဥရုဂွေးကြားက ရီယိုဒီလာပလတာမှာ သင်္ဘောသားတွေ

ဖောက်ခွဲ စိမ်မြှုပ်ခဲ့တယ်လို့ဆိုတယ်။ သက်သေအထောက် အထားတော့ မတွေ့သေးဘူးကွ"

"ဆိုတော့ သူဘာဖြစ်သွားတယ်ဆိုတာကို ဘယ်သူမှသေချာမသိဘူးဆိုတဲ့ သဘောပေါ့"

"အဲသလိုပဲ ပြောရမှာပေါ့။ သေချာတာတစ်ခုကတော့ ဒီသင်္ဘောကို အပြီးသတ်တည်ဆောက်ခဲ့တဲ့ ၁၉၄၄ခု၊ နိုဝင်ဘာလကစလို့ တစ်ခါမှ

တိုက်ခိုက်ရေးတာဝန်ကို မထမ်းဆောင်ခဲ့ဖူးဘူး"

"ဒါဆို ဂျာမန်ရေတပ်က သူ့ကို ဘယ်နေရာမှာသုံးခဲ့သလဲ"

"မင်းသိတဲ့အတိုင်း အဲဒီအချိန်ကာလတုန်းက လျှပ်စစ်စွမ်းအင်သုံးရေငုပ်သင်္ဘောဖြစ်တဲ့ ယူ ၂၀၁၅လိုအဆင့်မြင့် ရေယာဉ်မျိုး

ဘယ်တိုင်းပြည်မှာမှ မရှိဘူးကွ။ ဘက်ထရီစွမ်းအင်က လိုအပ်ရင်ရေအောက်မှာ လနဲ့ချီပြီးနေနိုင်တယ်။ အခြားရေငုပ်သင်္ဘောတွေ မငုပ်နိုင်တဲ့

အနက်အထိ သူသွားနိုင်တယ်။ ယယ်လဂါကတော့ ဂျာမန်စစ်မှုရေးရာဖိုင်ဟောင်း တွေမွှေနှောက်ပြီး ဒီသင်္ဘောကိုကံကြမ္မာသစ်

စစ်ဆင်ရေးလို့ခေါ်တဲ့ လျှို့ဝှက်စစ်ဆင်ရေးတစ်ခုမှာ သုံးခဲ့တယ်လို့ ပြောနေတယ်"

"နေဦးဗျ၊ အဲဒီစကားလုံး ကျွန်တော်ကြားဖူးတယ်"

"မင်းကြားဖူးမှာပေါ့။ ဒါဟာအဲဒီအချိန်တုန်းက ထိပ်တန်းနာဇီခေါင်းဆောင်တွေရဲ့ လျှို့ဝှက်စီမံကိန်းကြီးပဲလေ။ အခြားနိုင်ငံတွေကနေ

သူခိုးကျင့်သူခိုးကြံနဲ့ စစ်အတွင်းခါးပြတိုက်ထားတဲ့ ရွှေ၊ ငွေ၊ ပလက်တီနမ်၊ စိန်နဲ့အနုပညာလက်ရာတွေကို သူတို့စစ်ရှုံးတော့မဲ့အချိန်မှာ

အာဂျင်တီးနားကို အခေါက်ခေါက်အခါခါခိုးထုတ်ခဲ့ကြတယ်။ အဲဒီအတွက် အာဂျင်တီးနားအာဏာရှင်ဗိုလ်ချုပ်ပီရွန်နဲ့

လျှို့ဝှက်သဘောတူညီမှုရယူခဲ့ကြတယ်။ အခုအချိန်ဆို ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိတဲ့ အဲဒီပစ္စည်းတွေနဲ့အတူ

ထိပ်တန်းနာဇီခေါင်းဆောင်တွေရဲ့ မိသားစုတွေကို လက်တင်အမေရိကပို့ပေးခဲ့တဲ့ အဓိကလက်သည်ဟာ ယူ ၂၀၁၅ပဲငါ့သားရဲ့"

"ဒါဆို စစ်မပြီးခင်ကတည်းက ဒီစီမံကိန်းကို လုပ်ခဲ့တာပေါ့"

"ဟုတ်တယ်။ ကံကြမ္မာသစ်စီမံကိန်းဟာ မာတင်ဘောမန်းရဲ့ အကြံလို့လည်း သံသယရှိကြတယ်။ မင်းသိတဲ့အတိုင်း ဘောမန်းဟာ

ဟစ်တလာကိုကြည်ညိုပေမဲ့ တတိယဂျာမန်နိုင်ငံတော်ကတော့ မလွဲမသွေကျဆုံးလိမ့်မယ်ဆိုတာ သူကြိုသိခဲ့တယ်။ ဒါကြောင့်လည်း

မဟာမိတ်တပ်တွေ ရိုင်းမြစ်ကိုဖြတ်မလာခင် ဒီသူခိုးစီမံကိန်းကို သူအကောင်အထည်ဖော်ခဲ့တာပဲ။ ဟစ်တလာကိုတောင် သူလျှို့ဝှက်စွာ

ပြည်ပခိုးပို့ဖို့ ကြိုးစားခဲ့သေးတယ်။ ဟိုင်နဲက သေကြောင်း ကြံသွားလို့သာ သူ့အကြံရေစုန်မျောခဲ့ရတာပဲ”

“ဒီရေငုပ်သင်္ဘောလေးတစ်စီးနဲ့ ဂျာမနီကနေအာဂျင်တီးနားကို လူတွေရော၊ ပစ္စည်းတွေရော အားလုံးပို့နိုင်ပါ့မလား

ဗိုလ်ချုပ်ကြီးခင်ဗျား”

“ဘယ်ဟုတ်မလဲကွ၊ ဒီသယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်ကြီးမှာ အနည်းဆုံး ယူ ၂၀၁၅ လိုရေငုပ်သင်္ဘော ၁၂ စီးထက်မနည်းပါတယ်။

တစ်ချို့ကလည်း ဗုံးစာမိကုန်တယ်။ တစ်ချို့ကိုလည်း သင်္ဘောသားတွေ ကိုယ်တိုင် ဖျက်ပြီး နစ်ပစ်လိုက်တယ်တဲ့”

“ပစ္စည်းတွေနဲ့ ခရီးသည်တွေကရော”

“ဒီအကြောင်းတော့ ဘာမှမသိရဘူး။ စစ်ကြီးပြီးလို့အတော်ကြာတော့ အဲဒီယူဘုတ်တွေမှာ တာဝန်ကျခဲ့တယ်ဆိုတဲ့

သင်္ဘောသားတစ်ယောက်ကို အင်တာဗျူးခဲ့ကြဖူးတယ်။ သူ့အပြောအရတော့ သစ်သားသေတ္တာကြီးတွေ အများအပြားတင်ထားတဲ့

ရေငုပ်သင်္ဘောပေါ်မှာ ကျော့နေအောင်ဝတ်စားထားပြီး အလွန်ဟိန်းဟောက်ကြတဲ့ အထက်တန်းစားမိသားစုများကို တင်ခေါ်ခဲ့ရတယ်ဆိုပဲ။

ဆိပ်ကမ်းရောက်တော့ လာကြိုနေတဲ့ကားတွေပေါ်အသီးသီးတက်သွားကြသတဲ့။ ဒါကလွလို့ ကျန်တာဘာမှ မသိဘူး”

“အာဂျင်တီးနားမှာနော်”

“အခုထိ နာဇီလက်ပောင်းတွေ ရှိနေသေးတယ်ဆိုရင် သူတို့ဟာ အနည်းဆုံးအသက်ကိုးဆယ်ကျော်ပြီပေါ့။ အလွန်ဆုံးရှိလှ လေး-

ငါးယောက်အပြင် ဘယ်ပိုလိမ့်မလဲ”

“ဟုတ်တော့နေပြီ ဗိုလ်ချုပ်ကြီးရေ့။ ဇာတ်လမ်းက တဖြည်းဖြည်းလှလာပြီ။ ဒီအိုနာကျိုးကန်း နာဇီလဒကြီးတွေက ခေတ်ဆွေးက ယူ

၂၀၁၅သင်္ဘောစုတ်ကြီးကို ပြင်ပြီး အင်္ကာဝါ သုတေသနယာဉ်ကို တိုက်ခိုက်စရာအကြောင်း ရှိလို့ လားဗျာ”

“ဩော်-ကောင်လေးနယ့်။ မင့်ဟာက နှစ်ထပ်ရှိတာတောင် မမှတ်မိသေးသကိုးကွ။ တယ်လူရိုက်မှာ တစ်ခါ။ အယ်လ်တို့ကို

စိန့်ပေါလ်ကျွန်းမှာ တစ်ခါ။ အခု မင်းတို့ကို တစ်ခါ အသေလုပ်နေတာကို”

“ကျွန်တော်လည်း သူတို့အကြောင်းမေးဖို့တောင် ခုမှ သတိရတော့တယ်။ သူတို့ ပစ္စည်းရခဲ့ကြလား”

“ရခဲ့တယ်။ မင်းတို့လိုပဲ သူတို့လည်း သေတော့မလို့နည်းနည်းပဲလိုတယ်။ ခြောက်ယောက် နှစ်ယောက် ချကြတာလေ။ ရှူဒီကတော့

ခြေသလုံးရိုးကျိုးသွားတယ်။ မင့်သူငယ်ချင်း ဟိုနွားကြီးကတော့ ပွန်းရုံပွဲ့ရုံပါပဲ”

ဆန်ဒက်ကာသည် သူ့ဆေးပြင်းလိပ်များကို အမြဲခိုးသောက်လေ့ရှိသော အယ်လ်ဂျီယိုဒီနိုကို နွားကြီးဟု ကင်ပွန်းတပ်လိုက်သည်ကို

ကြားလိုက်ရ၍ ပစ်ပြုံးလိုက်မိသည်။

“စတုတ္ထအင်ပါယာဆိုတဲ့ ဒီငနဲတွေဆီမှာ ကျွန်တော်တို့မှာရှိတဲ့ ခေတ်မီထောက်လှမ်းရေးနည်းပညာတွေ အားလုံးရှိပုံရတယ်။

ဝင်ရိုးစွန်းမုန်တိုင်းကို သူတို့မတိုက်ခင်တုန်းက ယူဘုတ်ကပ္ပတိန်နဲ့ ကျွန်တော်စကားပြောခဲ့ရတယ်။ သူဘာပြောလဲသိလား။ ခင်ဗျား ကိုလိုရာဒိုကနေ

အန္တာတိက ရောက်လာပြန်ပြီကိုးတဲ့။ ဒီစကားကအတော်ထိတယ်နော်။ ကျွန်တော်တို့ထဲမှာ အတွင်းလူသတင်းပေး ရှိနေပြီထင်တယ် ဗိုလ်ချုပ်ကြီး”

“အေး-ငါသေချာစုံစမ်းပါ့မယ်။ အခု ဒေါက်တာအိုကွန်းနယ်လ်ကို စိန့်ပေါလ်ကျွန်းလွတ်လိုက်ပြီ။ မင်းလည်း အဲဒီကိုလိုက်သွား၊

ငါစီစဉ်ပေးမယ်။ ဒါပဲ"

"နေ-နေပါဦး ဆရာရဲ့။ အဲဒါ ပြင်သစ်ပိုင်ကျွန်းမဟုတ်လား"

"ပြင်သစ်မကလို့ ပြင်သစ်အဖေပဲ ပိုင်ပိုင်၊ သွားဆိုသွား၊ စကားမများနဲ့"

"ဒါဆို ကျွန်တော် ဘယ်တော့ အိမ်ပြန်ရမှာလဲ"

"ကိစ္စပြီးတဲ့အချိန်ပေါ့ကွ၊ ကဲ-ဘာပြောချင်သေးလဲ" အဖိုးကြီးစိတ်မရှည်ချင်တော့။ ဒတ်ပစ်ခေါင်းထဲတွင် အလျင်အမြန်

တွက်ချက်စဉ်းစားလိုက်သည်။ ဘာတွေမေးရဦးမလဲ။

"နေဦးဆရာ။ ယယ်လဂါတို့ ပက်ထရစ်ရှာတို့ ဟိုကျောက်စာ စကားဝှက်ဖော်နေတဲ့ အခြေအနေလေး သိပါရစေဦး"

"အဲဒီ သင်္ကေတတွေက လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်က လက်ရာတွေတဲ့"

"ဘယ်လို- လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်- ဟုတ်လား ဗိုလ်ချုပ်ကြီး"

"ယယ်လဂါကတော့ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၇၁၀၀ ကလက်ရာလို့ ပြောတယ်"

ပစ် စိတ်ရှုပ်သွား၏။

"ဒီလိုဆိုရင် အီဂျစ်နဲ့ဆမ်မာရီယန်တို့မပေါ်ခင် နှစ်ပေါင်းလေးထောင်လောက်စောပြီး ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခု

ပေါ်ခဲ့ပြီးသားလို့ဆိုလိုတာပေါ့"

"ငါလည်း သမိုင်းအကြောင်းတော့ သိပ်မသိဘူးကွ၊ ဟုတ်တယ်လို့ထင်တာပဲ"

"ဒီလိုဆို ရှေးဟောင်းသုတေသန နဲ့ သမိုင်းပညာရှင်တွေတော့ ပြဋ္ဌာန်းစာအုပ် အသစ်တွေ ပြန်ရေးရမဲ့ကိန်း ဆိုက်နေပြီပေါ့"

"ရှိသေးတယ်ကွ။ ယယ်လဂါနဲ့ ဒေါက်တာ အိုကွန်းနယ်လ်တို့ အက္ခရာအချို့ကို အဓိပ္ပါယ်ဖော်နိုင်ပြီ။ ကမ္ဘာ့ဖျက်ကပ်ကြီးကျရောက်စဉ်က

လို့ရေးထားသတဲ့"

"ကမ္ဘာ့ဖျက်ကပ်ကြီး- အင်း— ဒီလိုဆိုရင် ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခု ကမ္ဘာ့ဖျက်ကပ်ကြောင့် ပျက်စီးခဲ့တယ် ဆိုတော့" ပစ်သည်

ပြောနေရင်း တစ်စုံတစ်ခုကို ဖျတ်ကနဲ သတိရလိုက်သည်။

"ဗိုလ်ချုပ်ကြီး၊ မဟုတ်မှလွဲရော၊ ဒါဟာ အတ္တလန်တစ် နဲ့များသက်ဆိုင်နေမလား"

အတော်ကြာအောင်တိတ်ဆိတ်သွားသည်။ ဒတ်ပစ်သည် မိုင်ရှစ်ထောင်အကွာမှ ပြောသင့်မပြောသင့် ချိန်ဆနေသော ဆန်ဒက်ကာ၏

ရုပ်ပုံလွှာကိုပင် မျက်စိထဲမြင်ယောင်မိသေးသည်။ နောက်ဆုံးမှ သူက ဖြည်းလေးစွာဖြင့်-

"ဟုတ်တယ် ပစ်။ ဒါဟာ အတ္တလန်တစ်ရဲ့ ကမ္ဘာ့ပထမဆုံးသဲလွန်စပဲ။ မင်းဟာ ဒီကိစ္စနဲ့ပက်သက်လို့ မင်းထင်တာထက်ပိုပြီး

ပါဝင်ပက်သက်နေပြီ။ ဒီတော့ ရေဆုံးမြေဆုံးသာလိုက်ပေတော့ ငါ့သား။"

အတ္တလန်တစ် ရာပုံတော် (၄၂)

တတိယပိုင်း

နှစ်ဆယ့်တစ်ရာစု တန်ခိုးတော်၊ မေ (၄) ရက် ၂၀၀၁ ခုနှစ်

အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရီးမြို့တော်

ကမ္ဘာပေါ်ရှိ အော်ပရာပြဇာတ်ရုံများ၏ အဆင့်အတန်းကို ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များက အသံသက်ရောက်နိုင်စွမ်းဖြင့်

ဆုံးဖြတ်ကြ၏။ ပြဇာတ်ခုံပေါ်မှအသံသည် အထပ်မြင့်ရှိအထူးတန်းထိုင်ခုံများမှ ကြည်ကြည်လင်လင်ကြားရလျှင်သော်လည်းကောင်း။

လေထုအတွင်း ခရီးအကွာအဝေးအတော်ဝေးဝေးအထိ ပျံ့နှံ့သက်ရောက်နိုင်လျှင်သော်လည်းကောင်း ထိုပြဇာတ်ရုံကို ထိပ်တန်းအဆင့်ဟု

သတ်မှတ်ကြသည်။ ပရိသတ်များအနေနှင့်ကတော့ အချို့ကနေရာထိုင်ခင်း၏ ခမ်းနားကြီးကျယ်မှု၊ အချို့က အဆင်အပြင်၏ အနုပညာ

ရနံ့ထုံမွှန်းမှု၊ အချို့ကအချိုးအစားပြေပြစ်မှုစသည့် စံအမျိုးမျိုးဖြင့် အဆင့်အတန်းကို သတ်မှတ်ခွဲခြားကြ၏။ မည်သည့်စံဖြင့်တိုင်းတာသည်ဖြစ်စေ

ဗျူနိုအေးရီးမြို့တော်အေဗန်နီဒါ (၉) ဒီဂျူလီယိုအရပ်ရှိ တီထရိုကိုလွန်ပြဇာတ်ရုံသည် ထိပ်တန်း အဆင့်မှတစ်ပြားသားမှမလျော့။

၁၈၉၀ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၈ခုနှစ်တွင်မှ ပြီးစီးခဲ့သည် တီထရိုကိုလွန် အော်ပရာပြဇာတ်ရုံသည်

ရပ်ကွက်ကြီးတစ်ခုစာခန့် ကျယ်ဝန်းသည့် ရောမရုံကြီးမဟာဖြစ်၏။ ပြင်သစ်အနုပညာဟန်၊ အီတလီရီနေဆွန်းခေတ်ဗိသုကာ အငွေ့အသက်၊ ဂရိ၏

ဂန္တဝင်မြောက် ခမ်းနားကြီးကျယ်မှုများပေါင်းစပ်ထားသည့် ဤပြဇာတ်ခုံကြီးပေါ်တွင် ဗက်ဗလိုဗာနှင့်နီဂျင်စကီးတို့ ဖျော်ဖြေခဲ့ဖူးသည်။ ကရူးဆိုးမှ

ကဲလက်စ်အထိ အော်ပရာအဆိုတော်မှန်လျှင် တီထရိုကိုလွန်တွင် ဖျော်ဖြေဖူးမှ တန်းဝင်သည်ဟူသည့် အစွဲအလန်းရှိကြသည်။ ညဦးယံများတွင်

အာဂျင်တီးနား လူ့မလိုင်အသိုင်းအဝိုင်းသည် တီထရိုကိုလွန်၏ အီတလီကြွေပြားများခင်းထား၍ ရောင်စုံမှန်များကာရံထားသည့်

ပင်မလေ့ကားကြီးမှလျှောက်လှမ်း၍ ခမ်းနားခန့်ထည်လှသည့် ထိုင်ခုံများတွင် အမြိုင့်သားထိုင်ရင်း တေးသံသာများကို နားသောတဆင်လိုက်ရမှ

အကြောပေါင်းတစ်ထောင်စိမ့်အောင် ဖရဏာပီတိ၊ ဂွမ်းဆီထိ၍ လူဖြစ်ရကျိုးနပ်သည်ဟု ယူဆကြသည်ကော။

တီထရိုကိုလွန် အော်ပရာပြဇာတ်ရုံတွင် နာမည်ကျော် ဂီတပညာရှင် ကလော်ဒီယိုမွန်တီဗါဒီ၏ ပေါ်ပီရာပြဇာတ်ဖျော်ဖြေပွဲမစတင်မီ

စက္ကန့်ခြောက်ဆယ်အလိုတွင် ပြဇာတ်ရုံညာဖက်ထောင့်ရှိ အထူးခန်းတစ်ခုမှလွဲ၍ ထိုင်ခုံအားလုံးလူပြည့်လျှက်ရှိသည်။ ပေါ်ပီရာသည် ဘုန်းမီးနေလ

တောက်ပခဲ့သည့် ရောမပြည့်ရှင် နီးယို၏ မိဖုရားငယ်တစ်ဦးအကြောင်း တေးသရုပ်ဖော်ဇာတ်လမ်း ဖြစ်၏။ လေးနာရီကြာဖျော်ဖြေ ကပြကြမည့်

အဖွဲ့သားများမှာ ဆယ့်ခွန်နှစ်ရာစုရောမ နန်းတွင်းဝတ်စုံကိုယ်စီနှင့်။

ပြဇာတ်စတင်ရန် မီးများမပိတ်မီ စက္ကန့်အနည်းငယ်အလိုတွင် အမျိုးသားတစ်ဦးသည် အမျိုးသမီးလေးဦး ခြံရံလျှက် လွတ်နေသော

ညာဖက်ထောင့်အထူးခန်းအတွင်းမှ ကတ္တီပါခင်းထိုင်ခုံများဆီသို့ လျှောက်လှမ်းလာနေ၏။ တက်ဆူဒို ဝတ်စုံဝတ်ထားသော သက်တော်စာင့်နှစ်ဦးက

အထူးခန်း၏ လိုက်ကာစများနောက်ဝယ် မတ်တပ်ရပ်လျှက်။ စပ်စုချင်သော လူ့သဘာဝအတိုင်း ပြဇာတ်ရုံအတွင်းရှိ ရာပေါင်းများစွာသော

ပရိသတ်၏ မျက်ဝန်းများကား ထိုလူတစ်စုထံသို့ စူးစိုက်ကြည့်မိကြသည်။

အမျိုးသမီးလေးဦးကား ရင်သပ်ရှုမောရလောက်သည့် အလှပိုင်ရှင်များဖြစ်ကြသည်။ ရုပ်ရည်ချောမောလှပခြင်းထက် ကျက်သရေ ရှိခြင်း

အိန္ဒြေရှိစွာလှပကြခြင်းဖြစ်၏။ ပုခုံးပေါ်ဝဲကျလျက်ရှိသော ရွှေရောင်ဆံနွယ်ကိုယ်စီ။ ပါးရိုးမြင့်မြင့်၊ နေလောင်ခံထားရသည့် အသားအရေကိုယ်စီ။

သမုဒ္ဒရာရေအရောင်  မျက်ဝန်းလဲ့ပြာပြာကိုယ်စီပိုင်ဆိုင်ကြသော အမျိုးသမီးလေးဦးမှာ သူတို့၏တူညီသော ရုပသွ်ငင်များကြောင့်

ညီအမများဆိုသည်မှာ ထင်ရှားလှသော်လည်း ကိုးမြွာပူးကလေးများထဲမှ အသက်ရှင်ကျန်ရစ်သည့် အမြွာလေးဦးဆိုသည်ကိုတော့

မည်သူမှတွေးမိလိမ့်မည် မဟုတ်ပါ။ ချပ်ချပ်ရပ်ရပ်ဝတ်ထားသော ဝတ်စုံများအောက်မှ ကိုယ်ကာယများသည် အဆီပိုမရှိပဲ

ကျစ်လစ်တောင့်တင်းနေသည်ကို ကြည့်ခြင်းအားဖြင့် နစ်ပေါင်းများစွာ အားကစားလိုက်စားထားမှန်းသိသာလွန်းလှသည်။ သူတို့အားလုံးသည်

အသက် သုံးဆယ့်ငါးနှစ်စီရှိသော အိမ်ထောင်သည်များဖြစ်ပြီး ကလေးငါးယောက်စီမွေးထားသည့် မိခင်များဟု ကျမ်းကျိန်ပြောလျှင်ပင် မည်သူမှ

ယုံနိုင်မည်မဟုတ်ကြ။ ထိုဆန်းကြယ်သည့် မောင်နှမတစ်စုသည် ရယ်ကာမောကာ စကားပြောဆိုနေကြသော်လည်း သူတို့၏မျက်ဝန်း

အကြည့်များက ထူးခြားလှသည့်။ သားကောင်ကို မလွှတ်တမ်းလိုက်ကြည့်နေသည့် ကျားသစ်၏ မျက်ဝန်းများနှင့် တူတူနေသေးတော့သည်။

အမျိုးသမီးလေးယောက်၏အလယ်မှ အမျိုးသားသည် မျက်လုံးအရောင်၊ ဆံပင်အရောင်တို့က သူ့ညီမများအတိုင်း

တသွေမတိမ်းတူညီသော်လည်း ခြောက်ပေခြောက်လက်မရှိသော သူ့အရပ်ကြီးက ငါးပေဆယ်လက်မကိုယ်စီ ရှိကြသည့် သူ့ညီမများအပေါ်

မိုး၍နေသည်။ ကြွက်သားထုထည်ကြီးမားခန့်ထည်သော ကိုယ်ကာယ။ လေးထောင့်စပ်စပ်မျက်နှာ၊ မြွားတစ်စင်းကဲ့သို့ ဖြောင့်စင်းသောနှာတံ၊

အလယ်တွင် အချိုင့်ကလေးပါသောမေးစေ့နှင့် မိန်းမသားတို့ ဆော့ကစားချင်စရာ ပျော့ပျောင်းနူးညံ့သည့် ရွှေရောင်ဆံကေသာပိုင်ရှင်

ကိုလူချောသည် အာရှတိုက်ရှိ တရုတ်နှင့်အိန္ဒိယမှသည် ဥရောပတစ်တိုက်လုံးနီးပါးနှင့် တောင်မြောက်အမေရိကတိုက်ရှိ နိုင်ငံအားလုံးနီးပါးရှိ

မိသားစုပိုင်ကံကြမ္မာ မဟာကော်ပိုရေးရှင်းကြီး၏ အမှုဆောင်အရာရှိချုပ် ကားလ်ဝုဖ်ဖြစ်၏။ သူ့ကိုယ်ပိုင်ဥစ္စာဓနကိုက ဒေါ်လာဘီလီယံ

တစ်ရာကျော်ရှိသည့် စူပါဇေတိကကြီးဖြစ်၏။ သူ့ညီမများနှင့် ခြားနားစွာ ကားလ်သည် လက်မထပ်ရသေး သည့် လူပျိုလူလွတ်တစ်ဦးဖြစ်သည်။

ဝုဖ်နှင့် သူ့မိသားစုသည် အာဂျင်တီးနားလူ့မလိုင်အသိုင်းအဝိုင်းသို့ အခက်အခဲမရှိ ဝင်ရောက်ကျင်လည် ကျက်စားနိုင်ခဲ့ သူများဖြစ်သည်။

စုစုပေါင်း လူနှစ်ရာကျော်ပါဝင်သော သူ့မိသားစုအသိုင်းအဝိုင်းကြီးသည် ပုံမှန်အားဖြင့်တော့ ပြင်ပလူမှုရေးကိစ္စများတွင် သိပ်ပြီး

ပါဝင်ပက်သက်လေ့မရှိ။ ဝုဖ်မိသားစုဝင်အမျိုးသမီးများသည် ဗျူနိုအေးရီးရှိ ဖက်ရှင်ဆိုင်များ၏ ပုံမှန်ဖောက်သည်များမဟုတ်ကြ။

ကားလ်ဝုဖ်ကတော့ ခြွင်းချက်ဖြစ်၏။ ဝုဖ်မိသားစုသည် အာဂျင်တီးနား၏ နိုင်ငံ့မျက်နှာဖုံးများဖြစ်ကြသော်လည်း သူတို့အကြောင်းသိသူ သိပ်မရှိကြ။

ထိပ်တန်းအစိုးရအရာရှိများပင်လျှင် ဝုဖ်မိသားစု၏ အတွင်းစည်းကို မည်သူမှမဝင်နိုင်ကြချေ။ မိသားစုအတွင်းရှိ အမျိုးသမီးများသည် ဘယ်ကလာ၍

ဘာလုပ်မှန်း မသိကြသည့် ပီတိတစ်မ်းတရံစာများနှင့်သာ လက်ထပ်ထိမ်းမြားလေ့ရှိကြသည်။ မည်သူနှင့် လက်ထပ်သည် ဖြစ်စေ မွေးဖွားလာသော

ကလေးတိုင်းကို ဝုဖ်မျိုးဆက်နာမည်ကိုသာ ခံယူစေသည်ကတော့ အလွန်အင်မတန်ထူးခြားသည့် အချက်ဖြစ်၏။

ထိုသို့ လျှို့ဝှက်ဆန်းကြယ်လှသည့် ဝုဖ်မိသားစုမှ ထိပ်တန်းအကျဆုံးကားဝုဖ်နှင့် သူ့ညီမလေးဦးကို အော်ပရာပွဲတွင်တွေ့ရသည်မှာ

ထူးထွေသည့် အံ့ရာသော်ဖြစ်သည်။ အာဂျင်တီးနား လူ့မလိုင်အသိုင်းအဝိုင်းအတွက် မနက်ခင်း သတင်းတစ်ပုဒ် ကောန်အမှန် ဖြစ်တော့သည်။

ပဏာမသေည့်ခံတီးလုံး ပြီးဆုံး၍ ကားလိပ်ဖွင့်လိုက်ပြီ။

ရွှေပွဲလာ ဧည့်ပရိသတ်၏အာရုံသည် ဝုဖ်မောင်နှမများထံမှ ပေါ်ပီရာတေးအော်ပရာဆီသို့ ပြန်လည်ရောက်ရှိကြပြီဖြစ်၏။ ကားလ်၏

ဘယ်ဖက်တွင်ထိုင်နေသော မာရီယာဝုဖ်သည် လေသံကလေးဖြင့်-

"အကို၊ ကျွန်မတို့ကို ဘာလို့ဒီပွဲ ခေါ်လာတာလဲ" ဟု သူ့အကိုကားလ်ဝုဖ်ကို ကြိတ်၍မေးလိုက်သည်။

ကားလ်ဝုဖ်သည် သူ့ညီမကို ပြုံးကြည့်ရင်း-

"ဒီလိုမှ တစ်ခါတစ်လေ လူကြားသူကြား ကိုယ်ထင်မပြရင် ကိုယ်တို့မိသားစုကို လူတွေက ယုံထင်ကြောင်ထင် ဖြစ်ကုန်ကြမယ် ညီမရဲ့။

လူတောထဲထွက်ထွက်ပေးမှ ကိုယ်တို့ဟာ တိုင်းပြည်ကိုထိန်းချုပ်နေတဲ့ တစ်ခြားကမ္ဘာကဂြိုလ်သား တွေလို့လူတွေထင်နေတာကို

ပြောင်းပစ်နိုင်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် ဟေဒီ အန္တာတိက ကပြန်လာတဲ့ အထိတော့စောင့်သင့်တယ်"

"ဟုတ်တယ်။ ဒီလို ပျင်းစရာကောင်းတဲ့ပွဲမျိုးကို ဟေဒီမှ ကြိုက်တတ်တာ"

မာရီယာ ဝုဖ်၏ စကားကို ကားလ်ဝုဖ်၏ ညာဖက်တွင်ထိုင်နေသော ဂီလီ ဝုဖ်က ထောက်ခံလိုက်သည်။

ကားလ်ဝုဖ်သည် ဂီလီဝုဖ်၏ လက်ကလေးကို ဆုပ်ကိုင်ရင်း-

"နောက်အပါတ် လာထရာဗိုက်ရာတာ ပြဇာတ်တင်တဲ့အခါကျရင် အကိုသူ့ကိုခေါ်လာပါ့မယ်ကွယ်" ဟုနှုးညံ့သိမ်မွေ့စွာပြောလိုက်သည်။

အတ္တလန်တစ် ရှာပုံတော်(၄၃)

ပြဇာတ်အခန်း (၃)ကိုတင်ဆက်ရန် ကန့်လန့်ကာများ ဖွင့်လိုက်ချိန်ဝယ် ကိုယ်ရောင်ဖျောက်နေသည့် သက်တော်စောင့်နှစ်ဦးအနက်

တစ်ဦးသည် အထူးခန်းထဲဝင်လာပြီး ကားလ်ဝုဖ်ကို တစ်စုံတစ်ခုတီးတိုးပြောလိုက်၏။ ဝုဖ်၏ခန္ဓာကိုယ် တစ်ကိုယ်လုံးတောင့်တင်းသွား၏။

နှုတ်ခမ်းထက်မှ အပြုံးလုံးဝကွယ်ပျောက်သွား၏။ ပူဆွေး၊ သောက၊ ဗျာပါဒ အရိပ်များ မျက်နှာတွင်ပေါ်လာ၏။ သူ့ညီမများဖက်သို့လှည့်၍-"ညီမတို့

အရေးပေါ်ကိစ္စတစ်ခုပေါ်လို့ ကိုယ်အပြင်သွားရဦးမယ်။ မင်းတို့နေခဲ့ကြဦး။ ညစာစားချိန်ကျရင် ပလာဇာဂရေးမှာ ယူထားတဲ့သီးသန့်ခန်းကို

သွားနှင့်ကြ၊ ကိုယ် အမှီလာခဲ့မယ်" ဟုကမန်းကတန်းပြောလိုက်သည်။

ညီအမလေးဖော်သည် သူတို့ချစ်လှစွာသော အကို၏ ထိန်းချုပ်ထားရသော ဝမ်းနည်းကြေကွဲမှုများကို ရိပ်မိကြသည်။

ဂီလီက-

"အကို ဘာဖြစ်တာလဲဟင်"

"ဟုတ်တယ်။ ကျွန်မတို့ကိုလည်းပြောပြပါ" မာရီယာကလည်း ဝင်ပြော၏။

"အကိုသိတဲ့အချိန်ကျရင် ညီမတို့အားလုံးကို ပြောပြမှာပါ။ ခုတော့ နေရစ်ခဲ့ကြဦးနော်" ဝုဖ်သည် သူ့ညီမများကို နှစ်သိမ့်ခဲ့ပြီးနောက်

ကိုယ်ရံတော်တစ်ဦးနှင့်အတူ အပြင်သို့ အလောတကြီးထွက်လာခဲ့သည်။ အပြင်တွင်အဆင်သင့် စောင့်နေသော ၁၉၆၉ ခုနှစ်ထုတ် မာစီဒီး ဘန့်ဇ်

၆၀၀ မော်ဒယ် ဇိမ်ခံကားကြီးပေါ်သို့ သုတ်ကနဲတက်လိုက်သည်။ အာဂျင်တီးနား၏ လမ်းမများကား အမြဲတစေ ယာဉ်ကြောပိတ်ဆို့နေတတ်သည်။

ညဦးယံရောက်ကာမှ ပိုလို့ပင် ဆိုးနေသေးတော့သည်။ ဒရိုင်ဘာသည် မာစီးဒီးကားကြီးကို ဗျူနိုအေးရီး၏ ထိပ်တန်းဒေသ ဖြစ်သည့် ရီကိုလီတာသို့

ဦးတည်၍ မောင်းနေ၏။

ရီကိုလီတာသည် ချီကာဂိုရှိ မီရီဂန် ရိပ်သာကဲ့သို့၊ ဟောလီးဝုဒ်ရှိ ဘီဗာလီဟေးလ်စ်ကဲ့သို့ ရပ်ကွက်မျိုးဖြစ်၏။ ကျော်ကြားပေ့၊ ချမ်းသာပေ့၊

သြဇာအာဏာရှိပေ့ဆိုသည့် ဒိတ်ဒိတ်ကြဲလူတန်းစားများသာ နေနိုင်သည့်ဒေသ။

ထင်ရှားကျော်ကြားသည် လူတန်းစားများကို မြှပ်နှံရာ ရီကိုလီတာသင်္ချိုင်းသည်လည်း ထိုအရပ်မှာပင်တည်ရှိ၏။ ဤနေရာတွင်

တစ်ခေတ်တစ်ခါ ကလျှမ်းလျှမ်းတောက်ခဲ့သည့် အီဗာပီရွန်၏ ဂူသင်္ချိုင်းရှိသည်။ ကမ္ဘာလှည့်ခရီးသည်များသည် သူမ၏ အုတ်ဂူရှေ့တွင်ရပ်ရင်း

"ကိုယ့်အတွက် မငိုပါနဲ့ အာဂျင်တီးနားရယ်။ ကိုယ်မင်းဆီအရောက်လာခဲ့မယ်" ဆိုသည့် ကမ္ဘာကျော်စာသားများကို ဖတ်ရှုရင်း မှင်သက်လွမ်းမော

နေတတ် ကြသည်။

မာစီဒီးကားကြီးသည် အိုင်ဗီနွယ်ပင်များကာရံထားသည့် ရောမအုတ်တံတိုင်းကြီးတွင်တပ်ဆင်ထားသည့် သံတံခါးကြီးမှတဆင့်

ခြံဝင်းကြီးတစ်ခု အတွင်းသို့ဝင်လာသည်။ အမှန်စင်စစ် ထိုခြံသည် ဒုတိယကမ္ဘာစစ်မတိုင်မီက ဂျာမနီသံရုံးအဆောက်အဦးဖြစ်ခဲ့ဖူး၏။

စစ်ကြီးပြီးသည့်နောက် အသစ်တက်လာသည့် ဂျာမန်အစိုးရသည် ပါလာမိုချီကိုသို့သံရုံးကိုပြောင်းရွှေ့သွားခဲ့ပြီး ထိုခြံဝင်းကား ကံကြမ္မာ

အင်တာပရိုက်စ်၏ လက်ဝယ်သို့ ရောက်ရှိလာခဲ့ပြီး တစ်ကမ္ဘာလုံးရှိ သူတို့၏လုပ်ငန်းများကို ထိန်းချုပ်ရာ ဌနချုပ်ဖြစ်လာခဲ့သည်။

ကားလ်ဝုဖ်သည် ကားပေါ်မှ စိတ်လှုပ်ရှားစွာဆင်းလာပြီးနောက် အဆောက်အဦးအတွင်းသို့ ခပ်သုတ်သုတ်ဝင်သွား၏။ အဖြူရောင်

မာဘယ်ကျောက်အတိပြီးသော လှေကားကြီးက အပေါ်ထပ်ရှိရုံးခန်းများဆီသို့ရောက်ရှိစေနိုင်သော်လည်း ဝုဖ်သည် နံရံနောက်တွင်

လှို့ဝှက်တပ်ဆင်ထားသည့် ဓါတ်လှေကားအသေးစားလေးတစ်ခုထဲ ဝင်သွား၏။
ထိုဓါတ်လှေကားကလေးသည် ဝုဖ်မိသားစု၏

အတွင်းလူများသာသိရှိသော အစည်းအဝေးခန်းမသို့ တိုက်ရိုက်ရောက်ရှိနိုင်သည်။

အခန်းအတွင်း ပိတောက်သားဖြင့်ပြုလုပ်ထားသည့် သုံးဆယ့်လေးပေရှည်သော
အစည်းဝေးစားပွဲကြီးတွင် ဝုဖ်ဆယ်ဦး

သူ့ကိုစောင့်ဆိုင်းနေကြသည်။ ယောကျ်ားခြောက်ဦးနှင့် မိန်းမလေးဦး။ ကားလ်ဝုဖ်ဝင်လာတော့
အားလုံးကမတ်တပ်ရပ်၍ ကြိုဆိုကြသည်။

အသက်အားဖြင့် သုံးဆယ့်ရှစ်နှစ်သာ ရှိသေးသော်လည်း ကားလ်ဝုဖ်သည် မိသားစု၏ အဓိက
အကြံပေးပုဂ္ဂိုလ်ဖြစ်နေသည်ကိုး။

"ကျွန်တော်နောက်ကျသွားတာ ခွင့်လွှတ်ကြပါခင်ဗျာ။ သတင်းကြားကြားချင်း
အပြေးအလွှားလာခဲ့တာပဲ" ကားလ်ဝုဖ်

သည်ပြောပြောဆိုဆိုနှင့် ငွေရောင်ဆံပင်များ တစ်ခေါင်းလုံးဖွေးနေသည့် အဖိုးကြီးတစ်ဦးထံ
လျှောက်လှမ်းသွားပြီး ပွေ့ဖက်လိုက်သည်။

"ယူ ၂၀၁၅ နဲ့အတူ ဟောဒီ ကျသွားပြီဆိုတာ တကယ်လားအဖေ" သူ့အသံသည်
လှိုက်လှဲတုန်ရင်နေ၏။ ကိုယ့်အမျိုး ထိတော့

မချိအောင်နာတတ်လှသည်ကိုး။

ကားလ်ဝုဖ်၏ ဖခင် မက်စ်ဝုဖ်သည် ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြလိုက်၏။

"ဟုတ်တယ်။ မင်းညီမဟောဒီရော၊ ကတ်တ်ရဲ့သားအဲရစ်ရော အခြားလူတွေအားလုံးရော ယူ
၂၀၁၅နဲ့အတူ အန္တာတိက

ကြမ်းပြင်အောက်ရောက်သွားပြီ ငါ့သား"

"အဲရစ် ပါသွားလားအဖေ၊ ကျွန်တော်သူပါသွားတာ မသိရပါလား။ သေရောသေချာလို့လား"

"ကျွန်တော်တို့ ဝါရှင်တန်က အမျိုးသားအဏ္ဏဝါဗေဒအေဂျင်စီရဲ့ ပြိုလ်တုဆက်သွယ်ရေးစနစ်ကို ထိုးဖောက်မွှေနှောက်ပြီးပြီ" ဂီလီဝုဖ်၏

ခင်ပွန်း၊ ကားလ်၏ ယောက်ဖ ဘရူနိုဝုဖ်က ဒေါသကြောင့် နီရဲနေသော မျက်နှာကြီးဖြင့် ဝင်ရောက်ပြောဆို၏။

"အခုဆို သူတို့အတော်သိနေကြပြီ။ ဘာသာပြန်တာလည်း အတော်ခရီးရောက်နေပြီ။ အာမီးနီးစ်ပစ္စည်းတွေအားလုံးကို အစဖျောက်ဖို့

ကြိုးစားနေတုန်းမှာပဲ အမေရိကန် နျူစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးရောက်လာပြီး ဒုံးကျည်နဲ့ ပစ်သွားတာ ယူ ၂၀၁၅ တစ်စစီဖြစ်သွားခဲ့တယ်။

သိရသလောက် အသက်ရှင်တဲ့လူမရှိဘူး"

ကားလ် ခေါင်းငိုက်စိုက်ကျသွားသည်။ အတန်ကြာမှ သူက လေသံတိုးတိုးလေးဖြင့်-

"အင်မတန်ကြီးမားတဲ့ ဆုံးရှုံးမှုပဲ။ မိသားစုဝင်နှစ်ယောက်အသက်ဆုံးတယ်။ အဖနိုင်ငံတော်ကနေ ကျွန်တော်တို့ဘိုးဘေးတွေကို

ဒီရောက်အောင်ပို့ပေးတဲ့ ယူ ၂၀၁၅ ကိုလည်း ဆုံးရှုံးခဲ့ရတယ်"

"ယူ ၂၀၁၅ ဟာ ဒီနှစ်ပိုင်းအတွင်း ကျုပ်တို့အတွက် အလုပ်လုပ်ပေးခဲ့တာ မနည်းလှဘူး။ အင်မတန်နမြောစရာ ကောင်းတယ်"

မိသားစုတွင်းရှိ ဆရာဝန်ရှစ်ဦးအနက် တစ်ဦးဖြစ်သည့် အော်တိုဝုဖ်ကလည်း လိုက်လံ ငြီးငြူ၏။

ထို့နောက်တွင်တော့ သူတို့သည် ပြောစရာစကားများ ကုန်ဆုံးသွားသည့်အလား ငူငူငိုင်ငိုင်ဖြင့် ထိုင်မှိုင်နေကြလေ၏။ တကယ်တော့

သူတို့သည် ကျရှုံးခြင်းဆိုသည့် ဝေါဟာရ ၎င်းတို့၏ အဘိဓါန်တွင် တစ်ခါဘူးမှ မရှိခဲ့သည် လုပ်တိုင်းအောင် အုပ်စုကြီးဖြစ်၏။ သုံးဆယ့်ငါးနှစ်တာ

အချိန်ကာလအတွင်း ကံကြမ္မာအင်တာပရိုက်သည် အချိုပေါ် သကာဆင့်သည့် အောင်မြင်မှုများသာ တွေ့ကြုံခဲ့ရသည်။

ထိုသို့အောင်မြင်စေရန်လည်း မည်သည့် ပရောဂျက်ကို မဆို အသေးစိတ် စီမံကိန်းများ အထပ်ထပ်အခါခါ ချမှတ်ကျင့်သုံးခဲ့ကြသည်။

ဆုံးရှုံးခြင်းဆိုသည်မှာ သူတို့အတွက် မဖြစ်နိုင် သော စကားလုံးဖြစ်၏။

ကားလ်ဝုဖ်သည် ကုလားထိုင်တွင်ကျောမှီချလိုက်ပြီး-

"ပြီးခဲ့တဲ့ နှစ်ပါတ်အတွင်း ကျွန်တော်တို့ ဆုံးရှုံးမှု ဘယ်လောက်ရှိသလဲ"

ဘရူနို ဝုဖ်သည် ဖိုင်တွဲတစ်ခုကို လှန်လိုက်ပြီး-

"ကိုလိုရာဒိုမှာ အေးဂျင့် ခုနစ်ယောက်၊ စိန့်ပေါလ်ကျွန်းမှာ ခုနစ်ယောက် အဲဒီထဲမှာ ကျွန်တော်တို့ ညီအကိုတော် ဖရစ်ဇ်လဲ ပါသွားတယ်။

သူက ဟယ်လီကော်ပတာ ကိုယ်တိုင်မောင်းသွားတာ။ ယူ ၂၀၁၅ ပေါ်မှာ လေးဆယ့် ခုနစ်ယောက် နဲ့ ဟောဒီ၊ အဲရစ်"

"ကျွန်မတို့ရဲ့ အကောင်းဆုံးလူ ခြောက်ဆယ့်ခုနစ်ယောက်နဲ့ မိသားစုဝင်သုံးဦး ဆယ်ရက်အတွင်းဆုံးပါးသွားကြပြီ။ ကျွန်မကတော့

လက်ကိုမခံချင်ဖူး" အယ်လ်ဆီဝုဖ်က ဝင်ပြော၏။

"ဒီထက် ပိုပြီးမခံချင်စရာကောင်းတာက ဒီကိစ္စမှာ တာဝန်ရှိတဲ့လူတွေက ဂျယ်လီငါးသာသာရှိတဲ့ သောက်သုံးမကျတဲ့

ပင်လယ်လေ့လာသူတွေဖြစ်နေတာပဲကွ" အော်တိုက ဒေါသဖြစ်စွာ ပြောလိုက်သည်။

ကားလ်က သူ့မျက်လုံးများကို ပွတ်ရင်း-

"တစ်ခုတော့ သတိပေးလိုက်ပါရဲ့အော်တို။ ခင်ဗျားပြောတဲ့ သောက်သုံးမကျတဲ့ ဂျယ်လီငါးတွေက ကျွန်တော်တို့လူ ဆယ့်နှစ်ယောက်ကို

ကောင်းကောင်းကြီးဆော်ခဲ့ပြီး ခုထိ ဘေးမသီ ရန်မခ ရှိနေတုန်းပဲဗျ"

အယ်လ်ဆီက-

"ဘာပဲဖြစ်ဖြစ် အင်္ဂါဝါဗေဒပညာရှင်တွေနဲ့ မရင်းအင်ဂျင်နီယာတွေပဲတော်။ ကြေးစားအဆင့်ကိုတော့ မယုံနိုင်ပါဘူး။ ဒါပေမဲ့

တစ်ခုတော့ရှိတယ်။ ဝါရှင်တန် အသုံးလုံး ဌနချုပက် ကျွန်မတို့ရဲ့လူက ကိုလိုရာဒိုနဲ့ စိနှင် ပါလ်ကျွန်း ဖြစ်ရပ်တွေမှာ တာဝန်ရှိတဲ့လူတွေရဲ့

ကိုယ်ရေးဖိုင်တွေ ပို့ထားပြီးပြီ။ သူတို့ကတော့ အတော်စွမ်းတယ်ပြောရမယ်။ အသုံးလုံးအဖွဲ့အတွင်းက လူစွမ်းကောင်းများပေါ့" အယ်လ်ဆီက

ပြောပြောဆိုဆို ရောင်စုံဓါတ်ပုံများကို စားပွဲပေါ်သို့ ချပြလိုက်သည်။

"ပထမလူက ဗိုလ်ချုပ်ကြီးဂျိန်းစ်ဆန်ဒက်ကာတဲ့။ အသုံးလုံးညွှန်ချုပ်ပေါ့။ ယူအက်စ်အစိုးရအဖွဲ့အပေါ် အတော်

ဩဇာသက်ရောက်မှုရှိတယ်။ ဗီယက်နမ်စစ်အပြီး သူ့ကို အသုံးလုံးအဖွဲ့မှာ တာဝန်ပေးခဲ့တယ်။"

"ဟုတ်ပြီ။ မာဆေးလ်မှာလုပ်တဲ့ အင်္ဂါဝါသိပ္ပံ ကွန်ဖရင့်စ်မှာ သူ့ကို ကျွန်တော်တစ်ခါတွေ့ဖူးတယ်။ ဒီလူက လျှော့တွက်လို့မရတဲ့လူပဲ"

ကားလ်က ဓါတ်ပုံကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

"နောက်တစ်ပုံကတော့ အသုံးလုံး ဒုတိယ ညွှန်ကြားရေးမှူး ရှုဒီဂန်းရဲ့ ပုံပဲ"

"ဒီလူ့ကြည့်ရတာ ညောင်နာနာနဲ့။ လူဗလံလေးပဲ။ လူသတ်ဖို့မပြောနဲ့၊ ကြောင်သတ်ဖို့တောင် အားရှိရဲ့လားမသိဘူး" မိသားစု

ရှေ့နေကြီး ဖီးလက်စ်ဝုဖ်က အထင်သေးစွာပြောလိုက်သည်။

အယ်လ်ဆီက ရီသဲ့သဲ့ပြုံးရင်း-

"သူသတ်ခဲ့တာ ဘယ်လောက်ရှိမှန်းသူကိုယ်တိုင်တောင် မမှတ်မိဘူးရှင့်။ ဒီလူက စိန့်ပေါလ်ကျွန်းကိစ္စရဲ့ ပွဲကိုင်ပဲ။ အရင် ရေတပ်ကလူ။

ခုတော့ ဆန်ဒက်ကာရဲ့ ညာလက်ရုံးကြီးပေါ့"

ဘရူနိုက တတိယ ဓါတ်ပုံရှင်ကိုကြည့်ရင်း-

"ဒီလူကတော့ ခင်ဗျား ပါးစပ်ထဲက မတ်စေ့ကိုတောင် ရအောင်နှိုက်မဲ့ရုပ်" ဟု
ချီးမွမ်းခြေကျောက်ပြော၏။

"အဲဒါ အယ်လ်ဘတ် ဂျီယိုဒီနိုလို့ခေါ်တယ်။ အသုံးလုံး လက်ထောက်ညွှန်ကြားရေးမှူး။
ဗီယက်နမ်စစ်ပြန်ပဲ။ ဘရူနိုပြောတာမှန်တယ်။

ဂျီယိုဒီနိုဟာ အင်မတန်ဆက်ဆံရခက်ပြီး သူဘာလုပ်မယ်ဆိုတာ ဘယ်သူမှမသိကြဘူး။ ကျွမ်းကျင်တဲ့
တိုက်ခိုက်ရေးသမားတစ်ယောက်ပဲ။

စိန့်ပေါလ်ကျွန်းမှာ သူနဲ့ ရူဒီဂန်း နှစ်ယောက်ထဲနဲ့ ကျွန်မတို့ လူတွေကိုမျိုးဖြုတ်ခဲ့တာ"

"ဒီနောက်ဆုံးလူကရော"

"သူ့နာမည် ဒတ်ပစ်။ အသုံးလုံးရဲ့ အထူးစီမံကိန်းများဆိုင်ရာ ညွှန်ကြားရေးမှူး။ ဒီလူကတော့
အထူးခြားဆုံးပဲ။ အဏ္ဏဝါ လောကမှာတော့

သူက ဒဏ္ဍာရီလာမင်းသားလေးတစ်ပါးလိုပဲ။ အိမ်ထောင်မရှိဘူး၊ ကားဟောင်းစုတဲ့ဝါသနာအိုး။
လေတပ်အကယ်ဒမီထွက် ဗီယက်နမ်စစ်ပြန်။

ကိုလိုရာဒိုနဲ့ ယူ ၂၀၁၅ ကိစ္စရဲ့ အဓိက တာဝန်ရှိသူဟာ သူပဲ"

အော်တိုသည် ပစ်ဓါတ်ပုံကိုကြည့်ရင်း အစိမ်းလိုက်ဝါးစားပစ်ချင်လောက်အောင်
ဒေါသထွက်လာသည်။ သူက တောက်တစ်ချက်

ပြင်းပြင်းခေါက်ရင်း-

"ကျုပ်တို့ ယူ ၂၀၁၅ အစား ခေတ်မှီရေငုပ်သင်္ဘောကို သုံးခဲ့ရမှာ" ဟု မရီတင်ကဲ ပြောလိုက်သည်။

ကားလ်သည် စိတ်ကိုထိန်းချုပ်လိုက်နိုင်ပြီဖြစ်၏။ သူက လေသံအေးအေးဖြင့်-

"ဒါကတော့ ကျွန်တော်တို့ ရန်သူတွေကို ယုံထင်ကြောင်ထင်ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတာကိုး‌ဗျ"

ဘရူနိုက စားပွဲကို လက်သီးဖြင့် ထုလိုက်ရင်း-

"ဒီကိစ္စအတွက် ဒီကောင်တွေအားလုံး သေစေရမယ်" ဟု ကြုံးဝါးကြွေးကြော်လိုက်သည်။

ကားလ်က သူ့ကို ဖျတ်ကနဲ လှည့်ကြည့်လိုက်သည်။ သူ့အကြည့်က တင်းတင်းမာမာ-

"ဒီမှာ ဘရူနို၊ ကျွန်တော်တို့သဘောတူညီချက်မရပဲ ဒတ်ပစ်ကိုလုပ်ကြံဖို့ အဖွဲ့တစ်ဖွဲ့ကို ခင်ဗျားကိုယ့်သဘောနဲ့ကိုယ် လွှတ်ခဲ့ပြီး

ဆုံးရှုံးခဲ့ရပြီးပြီ။ ပုဂ္ဂလိက ခံစားချက်တွေ ဘေးချိတ်ထားစမ်းပါ" ဟုသတိပေးလိုက်သည်။

ဘရူနိုက မလျှော့သေး-

"မဟုတ်သေးဘူး ကားလ်။ ဒီလေးယောက်ကို အပြစ်မပေးပဲ နေလို့တော့မရဘူး"

"ဘရူနိုရာ။ ကံကြမ္မာသစ်စီမံကိန်း အောင်မြင်တဲ့အခါကျရင် ဒီကောင်တွေအသက်ရှင်ချင်လို့တောင် ရှင်ခွင့် မရှိပါဘူးကွာ"

အယ်လ်ဆီက ကြားဖြတ်၍-

"ကားလ်ပြောတာ မှန်တယ် ဘရူနို။ မိသားစုအရေးနဲ့ အလုပ်ကိစ္စကို မရောပစ်နဲ့" ဟု ဝင်သတိပေးပြန်၏။

"အခု ကျွန်တော်တို့ အလုပ်ကိစ္စကိုသာ အာရုံစိုက်ထားကြပါစို့ ကျွန်တော်တို့ရဲ့ ကြေကွဲဝမ်းနည်းမှုတွေကို အလုပ်အတွက် ကုန်ကျတဲ့

စရိတ်တွေလို့ သဘောထားလိုက်ကြရအောင်" ကားလ်က အေးဆေးစွာပြောလိုက်သည်။

အော်တိုက-

"အခု ကိုလိုရာဒို နဲ့ စိန့်ပေါလ်ကျွန်းက လျှို့ဝှက်ချက်တွေကို သူတို့သိသွားကြပြီ။ ဒီတော့ ဆက်ဖုံးကွယ်ထားလို့တော့ အကျိုးမရှိတော့ဘူး

လို့ကျွန်တော်မြင်တယ်"

ဘရူနိုကလည်း-

"ဟုတ်တယ်။အမေရိကန် အစိုးရက စကားဝှက်တွေဖော်ပြီး အားမီးနီးကျိန်စာကို လူတကာသိအောင် သူတို့ အင်မတန်အားကိုးတဲ့

မီဒီယာတွေက တစ်ဆင့် ဖော်ပြကြစမ်းပါစေ။ ကျုပ်တို့ အလုပ်ရှုပ်တောင်သက်သာသေးတယ်"

ကားလ်က စားပွဲကို စိုက်ကြည့်ရင်း-

"အဲသလိုတော့ မဟုတ်သေးဘူး။ အချိန်စောလွန်းသေးတယ်။ ကျွန်တော်တို့ အဆင်သင့်မဖြစ်သေးဘူး"

ဘရူနိုက-

"နောက်နှစ်ပါတ်လောက်ဆို တစ်ကမ္ဘာလုံးက ကျွန်တော်တို့ကိုအာရုံစိုက်လာကြတော့မယ်။ ကျွန်တော်တို့ ကိုယ်ရောင်

ဖျောက်ကြရတော့မလား။ ဗယ်လ်ဟားလားက ကျွန်တော်တို့လူတွေ အဆင်သင့်ဖြစ်ပြီလား"

"အရေးတကြီး လောဆော်ရင်တော့ ခုကစလို့ ဆယ်ရက်အတွင်း အဆင်သင့်ဖြစ်ပါလိမ့်မယ်"

ခရစ်စတာဝှဖ် ပါးစပ်ဟောင်းလောင်းဖြစ်သွား၏။

"ဘုရားရေ။ ဆယ်ရက်ဟုတ်လား။ ဒီလိုဆိုရင် ဆယ်ရက်အတွင်းမှာ ကမ္ဘာဟောင်းကြီး ပျက်စီးပြီး စတုတ္ထနိုင်ငံတော်ဟာ ပြာပုံကြားက

ရှင်သန်ပေါက်ဖွားလာတော့မယ်ပေါ့"

ကားလ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်။ တို့ဘိုးဘေးတွေ ၁၉၄၅ ကတည်းကစီမံခဲ့တဲ့ဒီစီမံကိန်းကြီးသာ အောင်မြင်ခဲ့မယ်ဆိုရင် နောက်နှစ်ပေါင်း

တစ်သောင်းလောက်အထိ လူသားမျိုးနွယ်ကို တို့လိုချင်သလို ပုံသွင်းလို့ရပြီလို့ ဆိုရလိမ့်မယ်"

အတ္တလန်တစ် ရှာပုံတော် (၄၄)

ရေခဲပြင်စခန်းတစ်ခုမှ လေယာဉ်ဖြင့်လိုက်ပါလာခဲ့သော ဒတ်ပစ်သည်
အိန္ဒိယသမုဒ္ဒရာအနောက်ခြမ်းကို ကျော်ဖြတ်၍

ကိတ်တောင်းသို့ဆိုက်ရောက်လာ၏။ ကိတ်တောင်းတွင် ဝါရှင်တန်မှ ခရီးနှင်လာခဲ့သော
ပက်ထရစ်ရှာအိုကွန်းနယ်လ်နှင့် မံမီပညာရှင် ဒေါက်တာ

ဘရက်ဖို့ဒ့်ဟက်ဖီးလ်တို့နှင့် ဆုံရ၏။ ထိုမှတစ်ဆင့် သူတို့သုံးဦးသည် တေ့လ်-ရှိတာလေယာဉ်ဖြင့်
စိန့်ပေါလ်ကျွန်းသို့

ဆက်လက်ခရီးထွက်ခွာခဲ့ကြသည်။ ရာသီဥတုကမကောင်းလှ။ တိမ်များထူထပ်လျက်ရှိသည်။
စိန့်ပေါလ်ကျွန်းတွင် ရေတပ်မှ

ဆီးလ်လေယာဉ်အဖွဲ့သားများနှင့် ဆုံတွေ့ရသည်။

"ငရဲပြည်က ကြိုဆိုပါတယ်ဗျာ" ခန္ဓာကိုယ်ထွားကြိုင်းလှသော လေယာဉ်မှူးတစ်ဦးက
ပြုံးပြုံးကြီးနှုတ်ဆက်လိုက်သည်။ သူ့ပခုံးပေါ်တွင်

လက်နက်ဆန်းကြီးတစ်ခုကို ထမ်းထား၏။ ပုံစံကြည့်ရသည်ကတော့ အော်တိုမက်တစ်ရိုင်ဖယ်၊
လက်ပစ်လောင်ချာ၊ စနိုက်ပါရိုင်ဖယ်နှင့်

နစ်လုံးပြူးသေနတ် အားလုံးကို ပေါင်းစပ်ထားပုံရ၏။

"ကျွန်တော်က မိုင်းလ်ဂျက်ကော့ဘ်ပါ။ ခင်ဗျားတို့အတွက် ဧည့်လမ်းညွှန်ပေ့ါ"

ပစ်က မိုင်းလ်ကို လက်ဆွဲနှုတ်ဆက်လိုက်ရင်း-

"ကျုပ်တို့လူကြီး ဆန်ဒက်ကာကတော့ အကြမ်းဖက်သမားများအတွက်
အစစအရာရာပြင်ဆင်ထားတော့တာပဲ။ ရေတပ်အရာရှိကို

ဧည့်လမ်းညွှန် လုပ်ခိုင်းတယ်။ ပြီးတော့ လောင်ချာကြီးထမ်းလို့" ဟုကလိလိုက်သည်။

မိုင်းလ်က တဟီးဟီးရယ်ရင်း-

"ခင်ဗျားတို့လူကြီးက ကျုပ်တို့ရေတပ်အပေါ် အတော်ဩဇာရှိတာဗျ" ဟုပြန်လည်ပြောဆိုလိုက်၏။

မိုင်းလ်နှင့် သူ့လူလေးယောက်တို့သည် ဒတ်ပစတ်ို့သုံးဦးအားခြံရလုံ့ျက် လိုဏ်ဂူရှိရာသို့ တောင်တက်လမ်းမှတစ်ဆင့် တက်လာခဲ့ကြသည်။

ပက်ထရစ်ရှာကား ရွဲ့ရွဲ့စို၍ ခိုက်ခိုက်တုန်နေပြီ။ လိုဏ်ဂူဝတွင်တော့ အယ်လ်ဂျီယိုဒီနီသည် သူတို့ကိုထွက်ကြိုနေ၏။ သူ့ပုံစံကြည့်ရသည်မှာ

ပင်ပန်းနွမ်းနယ်နေပုံပေါ်သောလည်း အနိုင်ရသည့် ဘောလုံးအသင်း ခေါင်းဆောင်အလား ပြုံးဖြီးဖြီးလုပ်နေသည်။

ပစ်နှင့် အယ်လ်တို့သည် တစ်ယောက်ကို တစ်ယောက်အကြာကြီး ပွေ့ဖက်နှုတ်ဆက်နေကြသည်။ စကားတစ်ခွန်းမှ မဆိုကြသော်လည်း

သူတို့မျက်ဝန်းထဲမှ အရည်လဲ့နေသော မျက်ရည်စများကို ပက်ထရစ်ရှာတွေ့နေရသည်။ အတန်ကြာမှ-

"သေချင်းဆိုးကြီး၊ မင်းကို မသေမပျောက်တွေ့ရတာ ဝမ်းသာလိုက်တာ" ပစ်၏အသံသည် မြူးတူးနေ၏။ သူသိပ်ပျော် နေမှန်း

သိသာလှသည်။

"ငါလဲ ဝမ်းသာတာပဲ မသာရဲ့၊ နေစမ်းပါဦး၊ ငါကြားတာက မင်း ဂျာမန်ရေငုပ်သဘောင်္ကို နှင်းခဲနဲ့ ပစ်တယ်ဆို"

"အလကား လျှောက်ပြောတာပါကွာ။ တို့တကယ်လုပ်တာက လက်သီးတွေဆုပ်ပြီး ဘုရားတနေကြတာကွ"

"အိုး- ဒေါက်တာအိုကွန်းနဲလ်" ဂျီယိုဒီနီသည် ပက်ကို အခုမှတွေ့သည့်အလား အလန့်တကြားနှုတ်ဆက်လိုက်ပြီး လက်အိတ်စွပ်ထားပြီး

ရွံ့များပေနေသော သူမ၏လက်ကို သူ့နှုတ်ခမ်းကြီးဖြင့် နမ်းလိုက်၏။

"ကြွပါခင်ဗျာ။ ဒီနေရာမှာ ခင်ဗျားကို အများကြီးလိုအပ်ပါတယ်"

တမင်သက်သက် ယဉ်ကျေးသမှုပြုနေသည့် အယ်လ်ကို ကြည့်ပြီး ပက်က ပြုံး၍-

"ကျွန်တော်မျိုးမရဲ့ လုပ်အားကို လိုတယ်ကြားလို့ စိတ်နလုံးရွှင်ပြုံးရပါတယ် သခင်" ဟုပြန်ရွှဲ့လိုက်သည်။

ဒတ်ပစ်သည် အယ်လ်ဂျီယိုဒီနီနှင့် ဒေါက်တာ ဘရက်ဖို့ဒ် ဟက်ဖီးလ်ကို မိတ်ဆက်ပေးသည်။

"ဝမ်းသာပါတယ် မစ္စတာ ဂျီယိုဒီနီ၊ ကျွန်တော်တော့ ခင်ဗျားတို့တွေ့ခဲ့တဲ့ ပစ္စည်းတွေကိုသိပ်ကိုကြည့်ချင်နေပြီ" ဒေါက်တာ

ဟက်ဖီးလ်က စိတ်အားထက်သန်စွာပြောလိုက်သည်။ သူ့ပုံစံက ပိန်ပိန်ကိုင်းကိုင်း၊ မှုန်မှုန်မှိုင်းမှိုင်း၊ ၁၉၂၀လောက်က ထုတ်လုပ်ခဲ့ဟန်တူသည့်

မျက်မှန်ဝိုင်းလေးကို နှာခေါင်းပေါ်ညှပ်၍ တပ်ထား၏။

"တွေ့ချင်ရင် လိုက်ကြည့်တော်မူပါ ခင်ဗျာ" အယ်လ်သည် သူ့ထုံးစံအတိုင်း ဗလရှုတ်တပြောရင်း လိုဏ်ဂူထဲဝင်သွား ၏။ မီးခိုးနှင့်

ယမ်းနံ့များက လိုဏ်ဂူထဲတွင် မွှန်နေ၏။ ဆီးလ်အဖွဲ့သားများသည် လျှပ်စစ်ဓါတ်အားပေးစက် တစ်လုံးကိုဂူထဲတွင်ဆင်ထားပြီးဖြစ်၏။

လိုဏ်ဂူတစ်ခုလုံးသည် ဒုဗ္ဗိကန္တရကပ် ဆိုက်ထားသကဲ့သို့ ဆိုးရွားစွာ ပျက်စီးနေ၏။

"ဒီအထဲမှာ ဘာဖြစ်ထားတာလဲ" ပစ်က လိုဏ်ဂူ၏ အခြေအနေကိုကြည့်ရင်း မေးလိုက်သည်။

"ဟယ်လီကော်ပတာပေါ်ကသောက်ရူးက တို့ကိုဒုံးကျည်နဲ့ပစ်ထားတာလကွာ" ဂျီယိုဒီနီ ဖြေပုံက ပန်းသီးကို ဘယ်လို အခွံနွှာစားရမလဲ

ဆိုတာကို ကလေးများအား ရှင်းပြနေသကဲ့သို့ ရှိ၏။

"ဒီလိုဏ်ဂူနောက်က အခန်းကလေး ကယ်ပေလို့ပေါ့။ ရှုဒီနဲ့ငါနဲ့ နားတွေလည်းအူ၊ အဆုတ်တွေလည်း ပြုတ်ထွက်မတတ်ပဲ။ ဒါပေမဲ့

နောက်ဆုံးကျတော့ အီဖေကိုတို့အသက်ရှင်ပြီး ဟိုခွေးကောင်တွေ သေကုန်ရောမဟုတ်လား"

ပစ်သည် မီးကျွမ်း၍ မဲသဲနေသော ရန်သူ့အလောင်းများကိုကြည့်ရင်း-

"ဒီကောင်တွေလို အမဲကင်ဖြစ်မသွားတာ မင်းတို့ကို ဘုရားမတာပဲ" ဟုပြောလိုက်သည်။

ပက်ထရစ်ရှာသည် နံရံပေါ်မှ သင်္ကေတများကို ကြည့်ပြီး ဝမ်းနည်းစွာ ခေါင်းခါယမ်းလိုက်သည်။

"အားလုံး ပျက်စီးကုန်ပြီ။ ဖတ်မရတော့ဘူး"

ဂျီယိုဒီနိုက သွားဖြဲပြရင်း-

"ဟာ မပူလေနဲ့။ နောက်အခန်းထဲမှာ အကောင်းစားတွေ ကျန်သေးတယ်။ အားပါးတရ ရှုစားတော်မူပါ။ခင်ဗျားတို့ကို ငုပ်တုပ်ထိုင်နေတဲ့

မသာကြီးတွေက ကြိုနေဦးမှာ" ဟုပြောလိုက်သည်။

"ဘယ်လိုဗျ၊ ငုပ်တုတ်ထိုင်နေတယ်၊ ဟုတ်လား၊ အခေါင်းထဲမှ ရှိနေတဲ့ မံမီတွေမဟုတ်ဖူးလား" ဟက်ဖီးလ်က တအံ့တသြ

မေးလိုက်သည်။

"ဟုတ်ပဗျား။ ကုလားထိုင်ကြီးတွေပေါ်မှာ မိန့်မိန့်ကြီးတွေထိုင်နေလိုက်တာများ။ ကိုယ်လုံးကိုယ်ပေါက်က ခင်ဗျားထက်

အများကြီးသာတယ်" အယ်လ်သည် ဟက်ဖီးလ်အား ဘလိုင်းကြီးဖွဲ့လိုက်သည်။

"နောက်ပြီး ခင်ဗျားတွေ့ဖူးတဲ့ မံမီအစုတ်ပလုပ်တွေလို တစ်ကိုယ်လုံးပါတ်တီးစီးထားတယ်လို့ မထင်လိုက်နဲ့ဦး။ အစည်း

အဝေးတက်နေသလို ဦးထုပ်နဲ့ ဘွတ်ရှူးနဲ့ စတိုင်နဲ့ မလိုင်နဲ့ ဗျ"

ဟက်ဖီးလ်က ခေါင်းယမ်းရင်း-

"အဲသလို ဟာမျိုးတော့ ကျွန်တော်တစ်ခါမှ မမြင်ဘူးတာ အမှန်ပဲဗျ"

"ခုပဲ မြင်ရတော့မှာပါဗျာ။ အထဲကြွကြပါ။ မီးတွေအားလုံး ထွန်းထားပြီးပါပြီ။ ကလေးတို့ မကြောက်ကြနဲ့နော်၊ ဘဘကြီးက

လမ်းပြပေးဦးမှာ" အယ်လ်သည် အူကြွနေ၏။ ဒတ်ပစ်တို့သုံးယောက်ကို စိတ်ရှိလက်ရှိ စနေ၏။

ဒတ်ပစ်တို့ မရောက်မီအတောအတွင်း ဂျီယိုဒီနိုနှင့် ဆီးလ်အဖွဲ့သားများ ရှင်းလင်းထားခြင်းကြောင့် အနောက်ဖက်

လိုဂျက်ဂူသို့ဝင်ရာလမ်းသည် ရှင်းလင်းနေ၏။ တွားသွားပြီးတိုးဝင်စရာမလိုတော့ပဲ လမ်းလျှောက်၍ ဝင်နိုင်ပြီဖြစ်၏။ မီးစက်မီးကြောင့် တစ်ခန်းလုံး

ဝင်းဝင်းတောက်အောင် လင်းထိန်နေသည်။

ဟက်ဖီးလ်သည် ပထမဆုံးတွေ့ရသည့် မံမီရုပ်အလောင်းကို နာခေါင်းချင်းထိမတတ် အသေးစိတ်ကြည့်ရှုနေ၏။ အခြားဘာကိုမှ

စိတ်မဝင်စား။ ရုပ်အလောင်း၏ အရေပြား၊ နားရွက်၊ နာခေါင်း၊ နှုတ်ခမ်းများကို မျက်တောင်မခတ်တမ်းကြည့်ရှု၏။ ပြီးတော့ သားရေသေတ္တာထဲမှ

ခွဲစိတ်ဆရာဝန်သုံး ခေါင်းဆောင်းမီးနှင့် မှန်ဘီလူးတွဲရက်ပါသောကိရိယာလေးကို ခေါင်းမှာစွပ်၍တဖန်စစ်ဆေးပြန်၏။ ရုပ်အလောင်း၏

မျက်ခွံများကို ပန်းချီစုတ်တံကလေးဖြင့် တယုတယသုတ်ပြီး မျက်လုံးကိုဖြဲကြည့်ပြန်၏။ သူ့ကိစ္စများပြီးစီးသည်အထိ အခြားလူများက စကားမပြောပဲ

ငေး ကြည့်နေကြသည်။

ဟက်ဖီးလ်၏ အသံသည် ဘုရားကျောင်းတွင် ကျမ်းစာရွတ်သကဲ့သို့ စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်လိုက်မောနေ၏။

"ကျွန်တော် လေ့လာခဲ့သမျှ ဒီလောက်ကောင်းအောင် ကြာရှည်ခံအောင်စီရင်ထားနိုင်တဲ့ အလောင်းမျိုးမတွေ့ဖူးသေးဘူး။

မျက်လုံးအရောင်ကိုတောင် ခွဲခြားနိုင်သေးတယ်"

"နှစ်သိပ်မကြာသေးလို့ ဖြစ်ချင်ဖြစ်မှာပေါ့ဗျ" ဂျီယိုဒီနို ကဝင်ပြောလိုက်သည်။

"ကျွန်တော်တော့ အဲသလိုမထင်ဘူးဗျ။ သူတို့အဝတ်အစားတွေရယ်၊ စီးထားတဲ့ဖိနပ်တွေရယ်၊ ဆံပင်ညှပ်ထားပုံတွေရယ်ဟာ

အင်မတန်ထူးခြားနေတယ်။ သမိုင်းမှတ်တမ်းတွေမှာ မတွေ့ရဘူးတဲ့ လူမျိုးတွေပဲ။ သူတို့ အလောင်းတွေကို ဘယ်လိုစီမံထားသလဲတော့ မသိဘူး။

ကျွန်တော်တို့တွေ့ဖူးတဲ့ အီဂျစ်မံမီအလောင်းတွေထက် အပြတ်အသတ်သာတာတော့ အမှန်ပဲ။ အီဂျစ်တွေက အထဲကပုပ်သိုးနိုင်တဲ့ ကလီစာတွေ

ထုတ်ပစ်ပြီးမှ ကျပ်စည်းကြတာ”

“ကိုလိုရာဒို တောင်တန်းတွေပေါ်က သင်္ကေတတွေကတော့ လွန်ခဲ့တဲ့နှစ်ပေါင်းကိုးထောင်ကျော်ကဆိုတာ ကျွန်မတို့ သိခဲ့ပြီးပြီ။ ဒီမှာရှိတဲ့

လူတွေကရော အဲဒီအချိန်တုန်းကပဲလား” ပက်ထရစ်ရှာက ဟက်ဖီးလ်အားမေးလိုက်သည်။

“သက်တမ်းရှာ နည်းပညာမသုံးပဲနဲ့တော့ ကျွန်တော်မပြောရဲဘူး။ သေချာတာကတော့ ဒီလူတွေအကြောင်းကို သမိုင်းမတင်ခဲ့ဘူး

ဆိုတာပဲ”

“ကြည့်ရတာတော့ ဒီလူမျိုးစုတွေဟာ ပင်လယ်ရေကြောင်းခရီးသွားရင်း ဒီကျွန်းကိုရှာတွေ့ပြီး သူတို့ခေါင်းဆောင်တွေ

ရဲ့သင်္ချိုင်းမြေအဖြစ်သတ်မှတ်လိုက်ကြပုံပဲ” တစ်ချိန်လုံး ငြိမ်နေသော ပစ်က ပြောလိုက်သည်။ ဂျိယိုဒီနီက-

“ဘာဖြစ်လို့ ဒီလောက် သွားလမ်းလည်းမသာ၊ လာလမ်းလည်း မဖြောင့်တဲ့ ဒီနေရာကို ရွေးရသလဲကွာ။ ရွေးစရာ ဒီလောက်ပဲ

ရှားကြသလား။ မင်းကောင်တွေက ဖွတ်ကြားတွေနဲ့ တူပါရဲ့”

“သူတို့ကို အလွယ်တကူ ရှာမတွေ့စေချင်လို့ပေါ့ ရှင့်” ပက်ထရစ်ရှာက ဒီတစ်ခါတော့ အယ်လ်ကို ပြန်ပက်လိုက်သည်။

ဒတ်ပစ်သည် မံမီများကို စိုက်ကြည့်နေမိသည်။ အတန်ကြာမှ-

“ကျွန်တော် ထင်တာတော့ ဒီလူတွေဟာ သူတို့ကို ရှာတွေ့စေချင်တယ် ထင်တာပဲ။ နို့မဲ့ရှိ င်မိုင်ထောင်ချီ ဝေးတဲ့နေရာတွေမှာ ရှိတဲ့

လျှို့ဝှက်မြေအောက်ခန်းတွေမှာ ဘာလို့စကားဝှက်တွေ ထားခဲ့သလဲ။ ဘုရားသခင်အတွက် ထားခဲ့တာတော့ မဟုတ်လောက်ဖူး"

"သင်္ကေတ အားလုံးကို အဓိပ္ပါယ်ဖော်ဖို့ အချိန်ယူရဦးမယ်။ ဒါပေမဲ့ ခုသိရသလောက်တော့ သင်္ကေတတွေဟာ အနာဂါတ်မှာဖြစ်မဲ့

ဘေးအန္တရာယ်တစ်ခုခုကို ညွှန်းဆိုနေသလိုပဲ"

"ဒီလိုဆိုလည်း နှစ်ကိုးထောင်တောင်ကြာမှပဲဟာ။ ဖြစ်ပြီးသွားရောပေါ့" ဂျီယိုဒီနီက အယုံအကြည်မရှိသည့် လေသံဖြင့်

ပြောလိုက်သည်။

"ဟီရမ်နဲ့ သူ့ကွန်ပျူတာ မက်စ်တို့တော့ဆက်လုပ်နေကြတယ်။ မကြာခင်သိရတော့မှာပါ" ပက်သည် နံရံတစ်ခုဆီသို့

ဦးတည်လျှောက်လှမ်းသွားပြီး ဖုန်များကိုသုတ်ချလိုက်သည်။ ပေါ်ထွက်လာသော ရုပ်ပုံများကြောင့် သူမ မျက်လုံးပြူး ကျယ်သွား၏။

"ဒီဟာတွေက ကိုလိုရာဒိုရဲ့ သင်္ကေတတွေနဲ့မတူဘူး။ လူရုပ်တွေနဲ့ တိရိစ္ဆာန်ရုပ်တွေပါတယ်"

သူတို့သည် အားတက်သရောဖြင့် နံရံများကို ဖုန်သုတ်ကြတော့သည်။ နံရံထောင့်လေးထောင့်မှ အစပြု၍ တဖြည်းဖြည်းအလယ်ကို

စုလာကြသည်။ ဖုန်မှုန့်များပြောင်စင်သွားသည့်အခါ သင်္ကေတများသည် ပို၍ထင်ရှားလာသည်။

"ဒါဘာတွေလဲ" ဂျီယိုဒီနီက ဘယ်သူ့ကိုမှန်းမသိ မေးလိုက်သည်။

"ဒါဆိပ်ကမ်းတစ်ခုရဲ့ပုံပဲ။ သေချာတယ်" ပစ်က ခပ်တိုးတိုးပြောလိုက်သည်။

"ဟုတ်တယ်။ ဒီဟာတွေက သင်္ဘောတွေပဲ" ဟက်ဖီးလ်က အရုပ်များကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

ပက်က မှန်ဘီလူးလေးဖြင့် ကြည့်ရင်း-

"ဟုတ်တယ်ရှင့်။ ကုန်တင်ကုန်ချလုပ်နေသလိုပဲ။ လူတွေကလည်း ဟိုအလောင်းတွေမှာ ဝတ်တဲ့ အဝတ်မျိုးတွေ ဝတ်ထားတယ်။

ဒီသင်္ဘောတစ်စင်းဆိုရင် တိရိစ္ဆာန်တွေ သယ်လာတဲ့ပုံပဲ"

ဂျီယိုဒီနီကလည်း ပက်နားသို့တိုးကပ်ပြီး ကြည့်ရင်း-

"ဟ-ဒီသတ္တဝါတွေဟာ ယူနီကွန်တွေပဲ။ ကြည့်ကြစမ်း၊ သူတို့ခေါင်းမှာ ချိုတစ်ချောင်းတည်းပါတာ မြင်ကြလား" ဟု ဝင်ပြောလိုက်၏။

"အံ့ဩစရာပဲ၊ ယူနီကွန်တွေဟာ ဂရိပုံပြင်ထဲက သတ္တဝါတွေမဟုတ်လား" ဟက်ဖီးလ်က မှတ်ချက်ချလိုက်သည်။

ပစ်သည် ဟက်ဖီးလ်ကို စေ့စေ့ကြည့်လိုက်ရင်း-

"ပုံပြင်ထဲက သတ္တဝါဆိုတာ သေချာလို့လား။ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်ကျော်က ယူနီကွန်တွေ တကယ်ရှိချင်ရှိခဲ့မှာပေါ့။

ကျွန်တော်တို့မှ မသိနိုင်ပဲ" ဟုပြောလိုက်သည်။

ဟက်ဖီးလ်က ခပ်သသဲ့ပြုံးရင်း-

"ဟုတ်ချင်ဟုတ်မှာပေါ့ဗျာ။ ခင်ဗျားပြောသလိုဆိုရင် ဂါဂွန်သတ္တဝါမိစ္ဆာတို့ မျက်လုံးတစ်လုံးနဲ့ ဆိုက်ကလော့ဘီလူး တို့လည်း

တကယ်ရှိခဲ့မဲ့ပုံပဲ"

ဂျီယိုဒီနီကလည်း အတည်ပေါက်နှင့်-

"ဟုတ်တယ်။ ဂါဂိုလီတွေ၊ နဂါး၊ ဂဠုန်၊ ဂုံမှာန်၊ ယက္ခတို့လည်း တကယ်ရှိခဲ့မှာပေါ့နော်"

"ဒီသတ္တဝါတွေရဲ့ အရိုးဖြစ်ဖြစ် အခြားအထောက်အထား တစ်ခုခုတွေ့ခဲ့ရင်တော့ ယုံရမှာပေါ့ဗျာ။ အဲသလို မဟုတ်ရင်တော့ သူတို့ကို

ပုံပြင်ထဲက သတ္တဝါတွေလို့ယူဆထားတာ ဘေးအကင်းဆုံးပဲ မဟုတ်လား"

ပစ်သည် ဟက်ဖီးလ်နှင့် ပြိုင်မငြင်းနေတော့ပဲ မံမီများထိုင်သည့် ကုလားထိုင်များနောက်သို့ လျှောက်လာခဲ့ပြီး နံရံတွင်ကာရံ ထားသော

တ်ရိုစ္စာန်အမွေးဖြင့် ပြုလုပ်ထားသည့် ကန့်လန့်ကာကြီးကိုကြည့်နေ၏။ ကန့်လန့်ကာ၏ အနားစွန်းတစ်ဖက်ကို လှန်ကြည့်၏။ သူ့မျက်နှာက

အသိရခက်လောက်အောင် လျှို့ဝှက်နက်နဲလျှက်ရှိသည်။

"ဟေ့လူ၊ သတိထားကိုင်ဗျ၊ ကြွေကျကုန်လိမ့်မယ်" ဟက်ဖီးလ်က သတိပေးသော်လည်း ပစ်က နားမထောင်ပဲ ကန့်လန့်ကာကို

သူ့ခေါင်းပေါ်ရောက်သည်အထိ ဆွဲလှန်နေ၏။ ပြီးတော့ ဂျီယိုဒီနီအား-

"အယ်လ် ဟိုလုံတွေယူပြီး ဒီနားလာခဲ့စမ်းပါ"

ဟက်ဖီးလ် ဒေါပွသွား၏။ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းမို့ သတိထားကိုင်ပါဟု သတိပေးနေလျက်နှင့် လုံနှင့်တောင်

ထိုးဖြိုးမတဲ့။ ဂျီယိုဒီနီကို လှမ်းဆွဲလိုက်သော်လည်း ကိုယ်လုံးကိုယ်ထည်ကြွံခိုင်လှသော ဂျီယိုဒီနီကိုတားဖို့ဆိုသည်မှာ ကျောက်ဆောင်ကို

ကြက်ဥဖြင့်ပေါက်သည့်ပမာ ဖြစ်နေ၏။

ဂျီယိုဒီနီသည် အော့ပ်ဆီဒီယန် ကျောက်သွားလုံနှစ်စင်းကို တစ်ကိုက်ခန့်ခွာ၍ အသွားများကို မြေထဲစိုက်လိုက်သည်။ ပစ်သည်

ကန့်လန့်ကာ အစွန်းနှစ်ဖက်ကို လုံရိုးများပေါ်တင်လိုက်ရာ အောက်ခြေမှ ထွန်းထားသည့် မီးရောင်များကြောင့် နံရံတွင် အရိပ်များထင်လာသည်။

ပက်သည် နံရံတွင် ထင်ဟပ်နေသော အရိပ်ကြီးများကို စိုက်ကြည့်ရင်း-

"မြေပုံတွေနဲ့ တူနေတယ်" ဟုရေရွတ်လိုက်၏။

ပစ်၏ နှုတ်ခမ်းဖျားများတွင် အပြုံးရိပ်ထင်ဟပ်လာသည်။

"ဟုတ်တယ်။ ဒါကမ္ဘာရဲ့ မြေပုံပဲ"

ဟက်ဖီးလ်သည် သူ၏မျက်မှန်ဝိုင်းလေးကို ပင့်၍ အရိပ်ကိုစိုက်ကြည့်ရင်း-

"အဓိပ္ပါယ်မရှိတာပဲ။ ကျွန်တော်တွေ့ဖူးတဲ့ ရှေးဟောင်းမြေပုံတွေနဲ့ နည်းနည်းမှ မတူဘူး"

"လွန်ခဲ့တဲ့ နှစ်ကိုးထောင်က မြေပြင်နဲ့ ကမ်းရိုးတန်းတွေအကြောင်း ခင်ဗျားမသိတာနဲ့ပဲ
အဓိပ္ပါယ်မရှိရရောလား" ပစ်က ဟက်ဖီးလ်ကို

မေးလိုက်သည်။

"ကျွန်မလည်း ဒေါက်တာ ဟက်ဖီးလ်နဲ့ သဘောတူတယ်။ ဒီလောက်အနုစိတ်တဲ့ ကမ္ဘာ့မြေပုံ
မဖြစ်နိုင်ဘူး"

"ကျွန်တော်ကတော့ လွန်ခဲ့တဲ့နှစ်ပေါင်းကိုးထောင်ကျော်က အန္တာတိကတိုက်ရဲ့ ထောင့်လေးထောင့်
ကနေ ကမ္ဘာကို ရှုမြင်ထားတဲ့

မြေပုံကို ရှင်းရှင်းကြီးမြင်နေရတယ်" ပစ်က အားလုံးကို အေးဆေးစွာပြောလိုက်သည်။

"ဒါဆို ဒီမြေပုံက ဘာအဓိပ္ပါယ်လဲ" ပက်က မေးလိုက်၏။ သူမ စိတ်ရှုပ်ထွေးနေပုံပေါ်သည်။

"ဘာအဓိပ္ပါယ်လဲဆိုတော့။ ဟိုလူတွေဟာ" ကုလားထိုင်ကိုယ်စီနှင့် ထိုင်နေသော
မံမီအလောင်းကောင်များကို လက်ညှိုးထိုးပြရင်း-

"ခေတ်သစ်လူသား မပေါ်ထွန်းခင် နှစ်ထောင်ပေါင်းများစွာကတည်းက၊ ပင်လယ်ပြင်ကနေရွက်လွှင့်ပြီး
အန္တာတိကတိုက်ကို

ရောက်ခဲ့ကြတယ်။ အန္တာတိကကို ရေခဲပြင်ကြီးမဖုံးလွှမ်းခင်ကာလက သူတို့ အန္တာတိကမြေပြင်ပေါ်မှာ
ကြီးစိုးခဲ့ကြတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ"

"မဖြစ်နိုင်ပါဘူးဗျာ" ဟက်ဖီးလ်က ခေါင်းရမ်းရင်း-

"လွန်ခဲ့တဲ့ နှစ်သန်းပေါင်းများစွာကတည်းက အန္တာတိကတိုက်ရဲ့ သုံးရာခိုင်နှုန်းသော မြေပြင်ကလွဲလို့
ကျန်ဒေသအားလုံးရေခဲနဲ့

ဖုံးလွှမ်းခဲ့တယ်လို့ သိပ္ပံနည်းကျ သက်သေပြခဲ့ပြီးသားလေ မစ္စတာပစ်ရဲ့ ”

ပစ်သည် အတန်ကြာအောင်တိတ်ဆိတ်နေ၏။ သူသည် မံမီများကို အကြာကြီးစိုက်ကြည့်ငေးမောနေသည်။ သူကြည့်နေပုံက

ထိုမံမီများအနက် တစ်ယောက်ယောက်က သူ့ကိုစကားထပြောတော့မည့်ပုံမျိုး။ နောက်ဆုံးတွင် ခေါင်းဆောင်၏ရုပ်အလောင်းကို

လက်ညှိုးညွှန်ပြလိုက်ပြီး-

“ဟုတ်မဟုတ်ဆိုတာကို မကြာခင် သူတို့ဆီက အဖြေသိကြရတော့မှာပါ” ဟုပြောဆိုလိုက်သည်။

အတ္တလန်တစ် ရှာပုံတော် (၄၅)

ဟီရမ်ယယ်လ်ဂါသည် နေ့လ ည်ထမင်းစားပြီးနောက် သေတ္တာကြီးတစ်လုံးဆွဲ၍ သူ၏ ကွန်ပျူတာခန်းမထဲသို့ ဝင်လာ၏။ သေတ္တာအတွင်း

တွင်တော့ ခွေးငယ်ကလေး တစ်ကောင်။ နှစ်ရှည်လများ မိသားစုနှင့်အတူရှိခဲ့သည် အချစ်တော်ခွေးကြီး သေဆုံးသွားပြီးနောက်ပိုင်း သမုဒယ

သံယောဇဉ်၏ စိတ်ဒုက္ခများကို မခံစားချင်တော့သည့် ယယ်လ်ဂါသည် နောက်ထပ်ခွေးမမွေးဖို့ ဆုံးဖြတ်ခဲ့သော်လည်း ခွေးမှမရလျှင်

ကျောင်းမတက်နိုင်ပါ ဟု ဆန္ဒပြလျှက်ရှိကြသည့် သမီးလေးနှစ်ယောက်အလိုကို လိုက်ခဲ့ရပြန်သည်။ အမြဲမွေးခဲ့သည် ဂိုးလ်ဒင်းရီထရီဗာ အမျိုးအစား

ခွေးကို ဝယ်ရန်သွားခဲ့သော်လည်း ဝမ်းနည်းရိပ်သန်းနေသည့် ကော်ဖီရောင် မျက်လုံးရွဲကြီးများဖြင့် သူ့အား ကြည့်နေသော၊ နားရွက်ဖားလျားကြီးက

ကြမ်းပေါ် တရွတ်တိုက်ကျနေသော ဗက်ဆက်ခွေးငယ်လေးကို မြင်သောအခါ ချစ်စိတ်၊သနားစိတ်များဖြင့် သူ့နှလုံးသားများ အရည်ပျော်ရ

ပြန်လေသည်။ သူသည် စားပွဲအောက်တွင် သတင်းစာများခင်း၍ ခွေးငယ်ကလေးကို သေတ္တာထဲမှထုတ်ပြီး လွှတ်ထားလိုက်သည်။ သူ့ကို

မော့ကြည့်နေရှာသော ခွေးလေး၏ မျက်လုံးလေးများက သူ့အာရုံကို ဖမ်းစားထား၍ တော်တော်နှင့် အလုပ်မလုပ်နိုင်ပဲ ဖြစ်နေသည်။

နောက်ဆုံးမှာတော့ သူသည် အလုပ်ဆက်လုပ်ရန် စိတ်ပိုင်းဖြတ်လိုက်ပြီး မက်စ်ကို ခေါ်လိုက်နိုင်သည်။ မက်စ်သည် မော်နီတာထဲမှ နေ၍

သူ့ကို မခိုးမခန့် ကြည့်နေ၏။

"ဘာလို့ဒီလောက်ကြာနေတာလဲ" ကွန်ပျူတာမက သူ့အားရန်တွေ့နေသေးသည်။

ယယ်လ်ဂါသည် ဗက်ဆက်ခွေးလေးကို မက်စ်မြင်အောင်မြှောက်ပြလိုက်ပြီး-

"ငါ့သမီးတွေအတွက် ဒါလေးသွားဝယ်နေရလို့ပေါ့" ဟု သူ့ကွန်ပျူတာကို ပြေရာပြေကြောင်း ပြောလိုက်သည်။

မက်စ်သည် တမုဟုတ်ချင်း ရွှင်လန်းလာပြီး-

"ဟဲ့-ခွေးလေးက ချစ်စရာလေးတော့" ဟုဆိုနေ၏။ တတ်-တတ်နိုင်သေးတော့။

"သင်္ကေတတွေ အဓိပ္ပါယ်ဖော်နေတာ အခြေအနေဘယ်လိုလဲ မက်စ်" ယယ်လ်ဂါက အလုပ်အကြောင်း မေးလိုက်သည်။

"သင်္ကေတတစ်ခုချင်းစီရဲ့ အဓိပ္ပါယ်ကတော့ အားလုံးပြီးသလောက်ရှိပြီ။ ဒါတွေကို စကားလုံးအဖြစ်ပြောင်းပြီး ဘာသာစကား

တစ်ခုအဖြစ် ပုံဖော်နေတယ်"

"ဒါဆို သိသလောက်အရင်ပြောပြကွာ"

"ပြောရမှာ အများကြီးပဲ"

"ပြောသာပြောပါ။ ငါနားထောင်နေပါတယ်"

"ကောင်းပြီလေ။ ပထမဆုံးပြောရမှာကတော့- ခရစ်တော်မပေါ်ခင် နှစ်ပေါင်းခုနှစ်ထောင်ကျော်လောက်က ကမ္ဘာကြီး

ဟာအလွန်ပြင်းထန်တဲ့ ဘေးဒုက္ခကပ်ကြီးတစ်ခုနဲ့ ကြုံတွေ့ခဲ့ရသတဲ့"

"ဘာဖြစ်တာတဲ့လဲ"

"ကိုလိုရာဒို ကျောက်မိုင်းအမိုးက သင်္ကေတတွေရဲ့ ဖော်ပြချက်အရတော့ နေစကြာဝဠာအပြင်ဖက်က ကြယ်တံခွန်နှစ်ခု ကမ္ဘာပေါ်

ကြွေကျခဲ့တယ်လို့ ဆိုတယ်"

"ကြယ်တံခွန် ? ဟုတ်ရဲ့လားကွာ၊ ဥက္ကာခဲများဖြစ်နေမလား၊ ကြယ်တံခွန်က ကြွေကျတယ်လို့ ငါတစ်ခါမှ မကြားဖူးဘူး"

"ကြယ်တံခွန်လို့ အတိအကျ ပုံဖော်ထားတာရှင့်၊ အမြီးအရှည်ကြီးနဲ့ လင်းလက်တောက်ပတဲ့ အရာဝတ္ထုနှစ်ခု ဘေးချင်းယှဉ်လာပြီး

ကမ္ဘာကို ဝင်ဆောင့်တာ"

"ကြယ်တံခွန်နှစ်ခု နဲ့အဆောင့်ခံရရင် အတော်ပျက်စီးမှာပေါ့"

"ဆောရီး ဟီရမ်၊ ကျွန်မစကားပြောလောကြီးသွားလို့၊ အဲဒီနှစ်ခုထဲကတစ်ခုပဲ ကမ္ဘာပေါ်ကျလာတယ်။ ကျန်တစ်ခုက နေကိုပါတ်ပြီး

အာကာသတွင်းနက်ထဲမှာပျောက်သွားတယ်လို့ ဆိုတယ်"

"အဲဒါဖြစ်တာ ဘယ်နားမှာလို့ ပါသလား"

"သူ့မြေပုံမှာတော့ မပါဘူး။ ကျွန်မရဲ့ တွက်ချက်မှုအရတော့ အခု ကနေဒါနိုင်ငံ၊ ဟတ်ဆန် ပင်လယ်အော် တစ်နေရာ ရာမှာပဲ"

"သိပ်ကောင်းတယ် မက်စ်၊ ငါမင်းအတွက်ဂုဏ်ယူပါတယ်၊ မင်းစုံထောက်ကြီးဖြစ်နေပြီ"

မက်စ်က မချိမချဉ်ပြုံး၍-

"စုံထောက်ဆိုတာ စောက်ထုံပါတော်၊ ကျွန်မနဲ့ မနိုင်းစမ်းပါနဲ့" တဲ့။ လာလာချေသေး တော့သည်။

"ဟုတ်ပြီ၊ ကနေဒါရဲ့ ပြည်နယ်တစ်ခုထဲကို ခရစ်တော်မပေါ်မီ နှစ်ပေါင်းခုနှစ်ထောင်ကျော်တုန်းက ကြယ်တံခွန်တစ်ခု ကျရောက်ပြီး

အကြီးအကျယ်ပျက်စီးခဲ့တယ်၊ ဆက်ပါဦး"

"ဒါပဏာမ အဖွင့်ရှိသေးတယ် တော်ရဲ့။ ခုမှ ကောင်းခန်းရောက်တော့မှာ။ အဲဒီ ကြယ်တံခွန်ရဲ့ ဖျက်ဆီးမှုကြောင့် ဖြစ်ထွန်းခဲ့ပြီးသား

လူ့ယဉ်ကျေးမှုတွေအားလုံး ပျက်စီးခဲ့ရသတဲ့။ အချို့လူနည်းစုလောက်သာ အသက်ရှင်ခဲ့ကြပေမဲ့ သူတို့နိုင်ငံကို ပြန်လည်တည်ဆောက်နိုင်စွမ်း

မရှိတော့ဘူးတဲ့။ ဒါကြောင့် ကမ္ဘာကိုလှည့်လည်ပြီး သူတို့ရဲ့အသိပညာအတတ်ပညာတွေကို အခြားသောအသိဉာဏ်ပညာ မဖွံ့ဖြိုးသေးတဲ့

လူမျိုးစုတွေကို လှည့်လည်သင်ကြားပေးရင်း နောင်လာမဲ့ဘေးဒုက္ခကပ်တွေကို သတိပေးဖို့ ရုပ်ထုတွေတည်ဆောက်ခဲ့ကြတယ်လို့ ဆိုထားတယ်"

"ဒါဆိုရင် သူတို့ဟာ အာကာသထဲက နောက်တစ်ကြိမ် အန္တရာယ်ပေးလိမ့်ဦးမယ်လို့ ယူဆကြတယ်ပေါ့"

"ကျွန်မ အခုလက်ရှိစုဆောင်းဖော်ထုတ်ထားတဲ့ အချက်အလက်တွေအရ သူတို့ဟာ ကမ္ဘာကိုမတိုက်မိပဲ လွတ်ထွက်သွားတဲ့ ဒုတိယ

ကြယ်တံခွန်ပြန်လာလိမ့်ဦးမယ်ဆိုတာကို ကြိုတင်သိထားကြသတဲ့။ အဲဒီအခါ ကမ္ဘာပျက်လိမ့်မယ်လို့ ဟောကိန်းထုတ်ထားကြတယ်"

ယယ်လ်ဂါသည် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ အတန်ကြာမှ-

"မက်စ်၊ မက်စ်၊ အခုပြောနေတာ အတ္တလန်တစ်တိုက်ကြီးပျောက်ဆုံးမှုဆိုတဲ့ ဒဏ္ဍာရီပုံပြင်နဲ့ တူနေသလိုပဲနော်" ဟု ပြောလိုက်သည်။

"ကျွန်မ အဲသလို မပြောခဲ့ပါဘူး။ ဒီရှေးဟောင်း လူမျိုးစုတွေ သူတို့ကိုယ်သူတို့ ဘယ်လိုခေါ်သလဲဆိုတာ ကျွန်မဘယ်သိပါ့မလဲ။

ပလေတိုပြောခဲ့တဲ့ အတ္တလန်တစ်ပုံပြင်နဲ့ ခပ်ဆင်ဆင်ဖြစ်နေတာတော့အမှန်ပဲ။ သို့ပေမဲ့ ဒီဂရိပညာရှင်ကြီးကလဲ သူ့ကိုယ်တွေ့ကိုပြောတာမှ

မဟုတ်ပဲ။ သူမမွေးခင် နှစ်ပေါင်းနှစ်ရာလောက်တုန်းက ဂရိနိုင်ငံရေးသမားဆိုလွန်နဲ့ အီဂျစ်ဘုန်းကြီးတစ်ပါး ထားခဲ့တဲ့ မှတ်တမ်းကနေ

ယူပြောခဲ့တာမဟုတ်လား"

"ဟုတ်တယ်လေ။ ဒီပုံပြင်ကို လူတိုင်းနီးပါးသိကြတာပဲ မက်စ်ရဲ့။ အီဂျစ်ဘုန်းကြီးက အတ္တလန်တစ် သမုဒ္ဒရာအလယ်မှာ ခုခေတ်

ဩစတေးလျားတိုက်ထက်ကြီးတဲ့ အတ္တလန်တစ်တိုက်ကြီးရှိခဲ့တယ်လို့ ပြောခဲ့တယ်။ အင်မတန်ကြီးကျယ်တဲ့ ဘေးဆိုးကြီးတစ်ခုကြောင့်

တစ်တိုက်လုံးရေအောက်မြုပ်သွားတယ်ဆိုတဲ့ ယုံတမ်းစကားကို ဒီနေ့ခေတ်အထိ သမိုင်းဆရာများ အထောက်အထား ရှာဆဲပဲ။ ငါ့တစ်ဦးတည်း

အမြင်အရဆိုရင်တော့ အတ္တလန်တစ် ဆိုတာ ဒီနေ့ခေတ် သိပ္ပံဝတ္ထုများရဲ့ ဘိုးအေပဲကွ။ ဒါပေမဲ့ တကယ်ရှိခဲ့တာတော့ မဟုတ်လောက်ဘူး"

"ယုံတမ်းသက်သက်တော့ ဟုတ်ချင်မှ ဟုတ်လိမ့်မယ် ဟီရမ်"

ယယ်လ်ဂါသည် မက်စ်အား မျက်ခုံးပင့်၍ ကြည့်လိုက်သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်တုန်းက အတ္တလန်တစ်သမုဒ္ဒရာအလယ်တည့်တည့်မှာ မြေပြင်ရှိခဲ့တယ်ဆိုတာ ပထဝီပညာအရ

ဘယ်လိုမှ လက်မခံနိုင်တဲ့ကိစ္စပဲကွ။ အတ္တလန်တစ်တိုက်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး"

"ဒါဆို ပလေတိုက သက်သက်မဲ့ လုပ်ကြံလီဆယ်ပြီး ပြောခဲ့တာပေါ့"

"ဟုတ်တယ် ရှေးစာတွေကို သူ့စိတ်ကူးနဲ့ပေါင်းစပ်ပြီး ပြောခဲ့တာပဲ"

"ရှင်က တစွတ်ထိုးသမားပဲ ဟီရမ်၊ ဒါဆို စိတ်ပညာရှင် အက်ဂါကေစီ ရဲ့စကားတွေကိုလည်း ရှင်ယုံမှာ မဟုတ်ဘူး"

ယယ်လ်ဂါက ခေါင်းခါရင်း-

"ကေစီက အတ္တလန်တစ် တိုက်ကြီး ပျောက်ဆုံး သွားတာကို သူ့ စိတ်အာရုံမှာ မြင်ရတယ်လို့ ဆိုတယ်နော်။ တကယ်သာ အဲဒီတိုက်ကြီး

ရှိခဲ့မယ်ဆိုရင် အခု အဲဒီဒေသမှာရှိတဲ့ရာချီနေတဲ့ ကျွန်းစုတွေမှာ အထောက်အထားလေးဘာလေးတော့ တွေ့ရဖို့ကောင်းတာပေါ့။ ဒါပေမဲ့ ဒီနေ့အ ထိ

ဘာမှ မတွေ့ကြဖူး မဟုတ်လား"

"ပင်လယ်ရေအောက်မှာ ရှိတဲ့ ဘီမီနီ ကျောက်ခင်းလမ်းမကြီးဆိုတာရော"

"ဒါလည်း မြေမျက်နှာပြင်အပြောင်းအလဲကြောင့် ဖြစ်တကဲ့ စွပါကွာ။ အခြားဒေသတွေမှာလည်း ပင်လယ်အောက်မှာ ဒါမျိုးတွေ

တွေ့နေရတာပဲ"

"ဒါဆို ဂျမေကာ ပင်လယ်ပြင်အောက်က ကျောက်တိုင်တွေကရော"

"အဲဒါ ဘိလပ်မြေတင်တဲ့ သင်္ဘောတွေ နစ်ရာကတဆင့် ဖြစ်တာ။ ငါ့ကို လာမကလိနဲ့မက်စ်၊ အတ္တလန်တစ် ဆိုတာ ပုံပြင်ပဲ"

"ရှင်က နလပိန်းတုံးကြီးပဲ ဟီရမ် ဒါကို ရှင်သိရဲ့လား"

ယယ်လ်ဂါ ဒေါ်ပွသွားသည်။ သူအနှစ်နှစ်အလလတည်ထွင်ခဲ့သည့် သူ့လက်ရာကွန်ပျူတာက သူ့ကို နလပိန်းတုံးဟုခေါ်နေသည်။

ကိုယ်မွေးတဲ့မျောက်က ပြန်ချောက်ခံရတာတော့ အတော် ခံရခက်စရာကိစ္စပါပေ။

"ခေါ်ချင်သလိုခေါ်ကွာ။ ပုံပြင်ကိုတော့ တကယ်ပါလို့ မယုံနိုင်ဘူး။"

"ဒီမှာ ဟီရမ်ရဲ့၊ အတ္တလန်တစ်ဟာ လီယိုနာဒို ဒါဗင်စီနဲ့ တောမတ်အက်ဒီဆင်တို့ ပြောခဲ့တဲ့ လေပေါ်ပျံနိုင်တဲ့ သင်္ဘောကြီးတွေရှိတဲ့

မြို့တော်လည်းမဟုတ်ဘူး။ ပလေတိုပြောသလို အတ္တလန်တစ်သမုဒ္ဒရာအလယ်မှာ
ဒေါက်တိုင်ကြီးတွေနဲ့ တည်ဆောက်ခဲ့တဲ့ ကျွန်းနိုင်ငံလည်း

မဟုတ်ဘူးရှင့်။ ကျွန်မတွေ့ထားတာကိုပြောရရင် အတ္တလန်တစ်ဆိုတာ
ပင်လယ်ရေကြောင်းအတတ်ပညာရှင် လူတစ်စုပဲ။

ပင်လယ်သားတွေဆိုကြပါစို့။ သူတို့ဟာ အီဂျစ်တွေပိရမစ်မတည်ခင် နှစ်ပေါင်းလေးထောင်စောပြီး
ကမ္ဘာ့မြေပုံကိုဆွဲနိုင်ခဲ့တယ်။ ပင်လယ်ပြင်ကို

အောင်နိုင်ခဲ့တယ်။ နက္ခတ်ဗေဒကို တဖက်ကမ်းခပ်တတ်ခဲ့တယ်၊ သင်္ချာပညာမှာ ဌာန်ကုန်ခဲ့တယ်။
ဒါကြောင့် ပင်လယ်ခရီးကို

အင်မတန်ကျွမ်းကျင်တဲ့ လူမျိုးစုဖြစ်ခဲ့ကြတယ်။ သူတို့ဟာ ပင်လယ်ကမ်းရိုးတမ်းတစ်လျှောက်
မြို့တော်တွေတည်ထောင်ခဲ့ပြီး သတ္တုတူးဖော်ရေး

လုပ်ငန်းကို အကြီးအကျယ်လုပ်ခဲ့ကြတယ်။ အဲဒီအချိန်မှာ သူတို့ထက် ယဉ်ကျေးမှုနဲ့
အသိပညာအဆင့်အတန်း အလွန်နိမ့်ပါးတဲ့

လူမျိုးစုတွေကတော့ တောင်တန်းဒေသတွေမှာ နေထိုင်ခဲ့ကြတယ်။ တောင်ပေါ်သားတွေပေါ့။
ကြယ်တံခွန်ကြောင့် ကပ်ဆိုက်တဲ့အခါကျတော့

အသိပညာမြင့်မားတဲ့ ပင်လယ်သားတွေအားလုံး ပျက်စီးသေဆုံးပြီး တောင်ပေါ်သားတွေပဲ
ကျန်ရစ်ခဲ့ကြတယ်။ သူတို့တည်ဆောက်ခဲ့တဲ့

ကမ်းနားမြို့ကြီးတွေကတော့ ခုထိ ရေအောက်မှာ ရှိနေဆဲပဲရှင်"

"မက်စ်၊ မင်း အဲဒီအချက်အလက်တွေကို မနေ့တစ်နေ့ကမှ ဖော်ထုတ်နိုင်တာမဟုတ်လား"
ယယ်လ်ဂါက မယုံသင်္ကာ

လေသံဖြင့်မေးလိုက်သည်။

"ကျွန်မက လုပ်ကြံပြောပါ့မလားရှင့်၊ ကျွန်မက စက်ပဲဥစ္စာကို၊ ဒေတာထည့်ပေးမှ အဓိပ္ပါယ်
ဖော်နိုင်တာပေါ့"

"အေး-မင်းပြောတဲ့ အချက်တွေကြောင့် ငါခေါင်းတောင်ကိုက်ချင်လာပြီ"

မက်စ်က ယယ်လ်ဂါကို ပြုံးပြလိုက်ပြီး-

"အိမ်ပြန်လိုက် ဟီရမ်၊ ရှင့်မိန်းမနဲ့ ကလေးတွေကို ရုပ်ရှင်ခေါ်သွား။ ပြီးတော့ စောစောအိပ်ယာဝင်၊ မနက်ဖြန်မနက်ကျရင် ရှင့်

ပိုနီတေးလ်ဆံပင်တွေ ထောင်သွားအောင် ကြီးကျယ်တဲ့ သတင်းအချက်အလက်တွေ ကျွန်မပေးဦးမှာ" ဟု ပြောလိုက်လေတော့သည်။

အတ္တလန်တစ် ရှာပုံတော် (၄၆)

ဓါတ်ပုံ မှတ်တမ်းတင်သော အလုပ်များအားလုံး ပြီးစီးသွားသောအခါ ပက်နှင့် ဂျီယိုဒီနိုတို့သည် ကိတ်တောင်းသို့ လေယာဉ်ဖြင့်

ထွက်ခွာလာခဲ့ကြသည်။ ခွဲစိပ်ခန်းထဲမှထွက်လာခါစ ရှုဒီဂန်းကိုသွားရောက်တွေ့ဆုံကြသည်။ အကျိုးအကြောင်းသိပြီးသည့်အခါ ဂန်းသည် သူ့ကို

ချက်ချင်း ဝါရှင်တန်သို့ပို့ပေးဖို့ အယ်လ်အားအမိန့်ပေးတော့သည်။ ဆရာဝန်၊ ဆရာမများ အတန်တန်တားဆီးနေသည့်ကြားမှ

အင်မတန်ခေါင်းမာသည့် ထိုလူဖလံလေးသည် ဆေးရုံမှဆင်းသွားပြီး ကိတ်တောင်းလေဆိပ်ရှိ အသင့်စောင့်နေသော အသုံးလုံးဂျက်လေယာဉ်

တစ်စီးဖြင့် ဝါရှင်တန်သို့ ပြန်လိုက် ခဲ့တော့သည်။

ဒတ်ပစန့် ၎င့် ဒေါက်တာဟက်ဖီးလ်တို့နှစ်ဦးမှာ ဆီးလအ် ဖွဲ့ဝင်များနှင့်အတူ ကျွန်းပေါ်တွင်နေရစ်ခသဲ့ ည်။ သူတို့သည် ပစ္စည်းအားလုံးကို

စနစ်တကျထုပ်ပိုး၍ ရဟတ်ယာဉ်များဖြင့် အသုံးလုံးအဏ္ဏဝါ သုတေသနသင်္ဘောပေါ်သို့ အခေါက်ခေါက်အခါခါပို့ဆောင်နေကြသည်။

မံမီများအားလုံးကို သစ်သားခေါင်းကိုယ်စီဖြင့်သယ်ယူ၍ စတန်းဖို့ဒ့်တက္ကသိုလ်ရှိ ဒေါက်တာဟက်ဖီးလ်၏ သုတေသနဓါတ်ခွဲခန်းသို့

ပို့ဆောင်ရမည်ဖြစ်သည်။

နောက်ဆုံးမံမီကို ရဟတ်ယာဥ်ပေါ်တင်ဆောင်ပြီးနောက် ပစ်သည် ဂျက်ကော့ဘ်ကို
လက်ဆွဲနှုတ်ဆက်ရင်း-

"အားလုံးအတွက် ကျွန်တော်က ကျေးဇူးအထူးတင်ပါတယ်။ ခင်ဗျားတို့ မကူညီရင် ဒီအလုပ်ပြီးဖို့ဆိုတာ
မဖြစ်နိုင်သလောက်ပါပဲ"

ဂျက်ကော့ဘ်က အားပါးတရပြုံးရင်း-

"အေးဗျာ၊ ဒီမံမီသယ်တဲ့ အော်ပရေးရှင်းကတော့ မှတ်မှတ်ရရပဲဗျ၊ ကျွန်တော်တို့
လူသတ်သမားအလောင်းတွေကို သယ်ရဦးမယ်၊ ပြီးရင်

ဝါရှင်တန်က ဝေါလ်တာရိဒ်ဆေးရုံမှာ စစ်ဆေးဖို့ ပို့ပေးရဦး မယ်၊ ကဲသွားပြီ မစ္စတာပစ်ရေ
နောက်ပြန်ဆုံကြသေးတာပေါ့" ဟုနှုတ်ဆက်သွား၏။

ဒတ်ပစ်သည် ရေတပ်မှ အော့စပရေးတော့လ်ရိုတာ လေယာဥ်ကြီးထွက်ခွာသွားသည်ကို
မျက်စိတဆုံးလိုက်လံကြည့်ရှုနေမိသည်။

အခုတော့လည်း တစ်ကျွန်းလုံးမှာ သူ့တစ်ယောက်တည်း။ သူသည် အခုအခါ
ပြောင်သလင်းခါလျှက်ရှိသော အခန်းထဲသို့

ပြန်လည်ဝင်ရောက်သွားပြီး တစ်ခန်းလုံးကို စေ့စေ့စပ်စပ် လိုက်လံကြည့်ရှု၏။ ဘယ်သူတွေကများ
ဒီလောက်တိကျတဲ့ ကမ္ဘာ့မြေပုံကို လွန်ခဲ့တဲ့

နှစ်ထောင်ပေါင်းများစွာကတည်းက ဆွဲနိုင်ခဲ့ပါလိမ့်။ အန္တာတိကမှာ ရေခဲပြင်မဖုံးလွှမ်းမီ
ခေတ်ကာလဆီက ဘယ်သူတွေများရောက်ရှိခဲ့ပါလိမ့်။

တောင်ဝင်ရိုးစွန်းသည် ဘယ်အချိန်လောက်က လူတွေနေထိုင်နိုင်လောက်အောင်
ပူနွေးသောရာသီဥတု ရှိခဲ့ပါလိမ့်။

ပက်၊ ဟက်ဖီးလ်နှင့်ဂျီယိုဒီနိုတို့ကို ရှေးဟောင်းကမ္ဘာ့မြေပုံအကြောင်းရှင်းလင်းပြစဥ်က
သူမပြောပြခဲ့သည့်ကိစ္စတစ်ခုရှိ၏။

ထိုရှေးခေတ်ကမ္ဘာ့မြေပုံတွင် အမေရိကတိုက်၊ ဥရောပတိုက်နှင့် အာရှတိုက်တို့သည် ယခုလက်ရှိအခြေအနေထက် မိုင်နစ်ထောင်မျှဝေးကွာ ဖက်သို့

ကပ်နေ၏။ ထိုအချက်ကို သူဘာဝင်မကျ။ မည်သို့ပင်ဆိုစေ၊ ထိုသူများသည် အသိပညာ မြင့်မားထက်မြက်မှုက အံ့မခန်းရှိသည်ကို သူမငြင်းနိုင်။

ကြည့်ရသည်မှာ သူတို့သည် နောင်လာနောက် သားများကို အမှာစကားတစ်ခုခုထားခဲ့ချင်ပုံရ၏။ ဘာအကြောင်းများပါလိမ့်။ မျှော်လင့်ချက်လား၊

ချစ်ခြင်းမေတ္တာလား၊ သေခြင်းတရားလား၊ သို့တည်းမဟုတ် အယ်လ်ပြောသလို ဆိတ်သားဟင်းချက်နည်းများလေလား။

ပစ်၏ အတွေးများသည် ရဟတ်ယာဉ်စက်သံကြောင့် လန့်ဖြန့်ထွက်ပြေးကုန်ကြသည်။ သူ့ကို သုတေသနသင်္ဘောဆီ သို့ပို့ဆောင်ပေးမည့်

ရဟတ်ယာဉ်ဖြစ်၏။ ပစ်သည် လက်နှိပ်ဓါတ်မီးကို ပိတ်ပြီး မဲမှောင်နေသော လိုဏ်ဂူထဲမှ ထွက်လာခဲ့တော့သည်။

++++++++++++++++++++++++++++

ပစ်သည် အချိန်မဖြုန်းနေတော့ပဲ ကိတ်တောင်းမှသည် ဂျိုဟန်နက်စဘတ်၊ ထိုမှတဆင့် ဝါရှင်တန်သို့ ဆက်တိုက် ခရီးနှင့်ခဲ့သည်။

တလမ်းလုံးအသေကောင်ကြီးလို အိပ်စက်လာခဲ့သည်။ ဒါးလက်စ်လေဆိပ်ကိုရောက်တော့ ညသန်းခေါင် အချိန်။ လေဆိပ်မှအထွက်

ကားရပ်နားသည့်နေရာတွင် ၁၉၃၆ ခုနှစ်ထုတ် ဖို့ဒ်ကဘရီယိုလက် ကားကလေးရပ် ထားသည်ကို တွေ့လိုက်ရသဖြင့် သူပျော်သွား၏။ ကားက

လှသလို ကားပိုင်ရှင် အမျိုးသမီးကလည်း အလွန်လှ၏။ ငွေရောင်လက်လက်ထနေသော ဆံပင်ရှည်တို့ကို ရောင်စုံစကတ်ပုဝါဖြင့်

စည်းနှောင်ထားပြီး ပါးရိုးမြင့်မြင့်၊ နှုတ်ခမ်း သားထူထူ၊ နှာတံစင်းစင်းနှင့် ခရမ်းပြာရောင်မျက်ဝန်းများပိုင်ရှင် ကိုလိုရာဒိုမှ

အောက်လွှတ်တော်အမတ်မင်း မစ်(စ်) လိုရမ်စမစ်သည် သူ့အားပြုံး၍ ကြိုဆိုနေ၏။

"ကျွန်မ မောင့်ကို ဒီလိုပုံမျိုးနဲ့ လာကြိုရတာဘယ်နှစ်ခါရှိပြီလဲ"

"အနည်းဆုံးတော့ ရှစ်ခါလောက်ရှိပြီထင်တာပဲ" ပစ်သည် မြူးတူးလျှက်ရှိသည်။
နှစ်ရှည်လများချစ်ခဲ့ရသည် သူ၏ အလုပ်များလှသော

ချစ်သူသည် သူ့အကြိုက်ဆုံး ကားကလေးကိုမောင်း၍ သန်းခေါင်ယံအချိန် သူ့ကိုလာကြိုဖို့ သတိရ
သေးသည်ကော။

ပစ်သည် ကားထဲသို့ လျှောထိုးဝင်လိုက်ပြီး လိုရမ်ကို တရှိုက်မက်မက်နမ်းလိုက်သည်။
တင်းကျပ်စွာဖက်ထား လိုက်သည်။ ခဏကြာတော့

သူမသည် ပစ်အားတွန်းထုတ်လိုက်ပြီး-

"သိပ်မကဲနဲ့မောင်- အမျိုးသမီးနိုင်ငံရေးသမားဆိုတာ ပြည်သူလူထုရဲ့ လက်ခုပ်သံနဲ့
ရှင်သန်နေကြရတာ။ ကျွန်မ ကလင်တန်လို

မဖြစ်ချင်ဘူး" ဟုဆိုလိုက်၏။ ပြီးတော့မှ- "ကဲ ဘယ်သွားမလဲမောင်၊ ရှင့် ဂိုဒေါင်ကိုလား"

"မဟုတ်ဘူး လိုရမ်၊ မောင့်ကို အသုံးလုံး ရုံးချုပ်ကို ပို့ပေး။ ယယ်လ်ဂါနဲ့တွေ့စရာရှိတယ်။
မောင့်ကွန်ပျူတာကိုလည်း စစ်ရဦးမယ်"

"အိမ်မှာ ကွန်ပျူတာမရှိတာဆိုလို့ တစ်တိုင်းပြည်လုံးမှာ မောင့်တစ်ယောက်ထဲ ရှိမယ်ထင်တယ်"

"မောင်က တမင်သက်သက် အိမ်မှာ မထားတာကွ၊ အင်တာနက်လိုက်၊ အီးမေးလ်လိုက်နဲ့
အချိန်ကုန်မခံနိုင်ဘူး၊ တခြားလုပ်စရာတွေ

အများကြီး"

လိုရမ်သည် ကားကို ဟိုက်ဝေးလမ်းမကြီးတစ်လျှောက် မောင်းနှင်လာခဲ့သည်။ ပစ်သည်
ငြိမ်ငြိမ်လေးထိုင်ရင်း ဟိုတွေး ဒီတွေး

တွေးလာခဲ့ရာ ဝါရှင်တန်ရုပ်ထုနားရောက်လာတော့-

"အောက်လွှတ်တော်မှာ ဘာသတင်းတွေထူးသေးလဲ" ဟုမေးလိုက်သည်။

လိုရမ်သည် ရယ်ချင်စိတ်ကို ထိန်းချုပ်ထားရသည်။ ဒီလိုခရီးမျိုးမှာ ဒီနေရာရောက်တိုင်း ဒီမေးခွန်းကို သူမပျက်မကွက် မေးတတ်ရာ

ကြာတော့ ဖြေရသူပင် ငြီးငွေ့လာသည်။ သူကတော့ မေးမြဲမေးဆဲ။ လိုရမ်ကလည်း ဖြေနေကြအတိုင်း ဝတ္တရားမပျက်ဖြေလိုက်သည်။

"ဒီလိုပါပဲ။ ထွေထွေထူးထူး မရှိပါဘူး"

"မင်း မငြီးငွေ့ဘူးလား လိုရမ်"

"ဘတ်ဂျက် နဲ့ပက်သက်တဲ့ စကားရည်လုပွဲတွေဟာ မိန်းမတစ်ယောက်ရဲ့စိတ်ကို ဘယ်လောက်အထိ လှုပ်ရှား စေနိုင်မှာလဲ မောင်ရယ်။

ဒါနဲ့ ရှုဒီဂန်းတစ်ယောက် အခြေအနေ အတော်ဆိုးဆို"

"တောင်အာဖရိက က အရိုးဆရာဝန်တွေ တော်ကြပါတယ် လိုရမ်ရာ၊ သုံးလေးလတော့ ထော့နေဦးမှာပေ့ါလေ"

"အယ်လ်ကပြောတယ်။ မောင် အန္တာတိကမှာ အတော်ဒုက္ခတွေ့ခဲ့တယ်တဲ့"

"သူတို့က ပိုဆိုးတာပေ့ါ လိုရမ်ရယ်။ နေဦး၊ မင်း အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး AUMFRWD မှာ ပါတယ် မဟုတ်လား"

"ပါတယ်လေ"

"အာဂျင်တီးနားက ကော်ပိုရေးရှင်းကြီးတွေနဲ့ ရင်းနှီးသလား"

"ဘာဖြစ်လို့လဲမောင်၊ သူတို့ ဘဏ္ဍာရေးဝန်ကြီးနဲ့တော့ အစည်းအဝေးတွေမှာ တွေ့နေတာပဲ"

"အနာဂါတ် ကံကြမ္မာသစ် ဒါမှမဟုတ် စတုတ္ထအင်ပါယာဆိုတဲ့ နာမည်မျိုးနဲ့ ကော်ပိုရေးရှင်း ရှိသလား"

လိုရမ်က ခဏစဉ်းစားလိုက်ပြီး

"ကံကြမ္မာ အင်တာပရိုက်စ်ဆိုတာတော့ ဗျူနိုအေးရီးစ်မှာရှိတယ်။ ကျွန်မအမှတ်မမှားဘူးဆိုရင် အဲဒီက စီအီးအိုက ကားလ်ဝုဖ်လို့

ခေါ်တယ်ထင်တယ်"

"ဘယ်လောက်ကြာပြီလဲ"

"လေးနှစ်လောက်တော့ ရှိပြီ"

"မင်းမှတ်ဉာဏ်ကောင်းသေးသားပဲ"

"ကားလ်ဝုဖ်က တစ်ခါမြင်ရင် တစ်သက်မမေ့နိုင်လောက်တဲ့ ကိုလူချောရှင့်"

"ဒါဆို မင်းဘာလို့ ငါ့ တွယ်ကပ်နေသေးသလဲ"

လိုရမ်က ပြုံး၍-

"တခါတလေကျတော့ မိန်းမတွေဟာ ရုပ်ဆိုးဆိုး၊ ကြမ်းကြမ်းတမ်းတမ်း၊ ဘီလူးလို လူမျိုးကိုမှ ကြိုက်တတ်ကြတယ်ရှင့်"

"ရုပ်ဆိုးဆိုး၊ ကြမ်းကြမ်း၊ ဘီလူးလိုလူ ဆိုတာ ငါပေ့ါလေ" ပစ်သည် ပြောပြောဆိုဆို သူမ နားရွက်ဖျားလေးကို မနာ

အောင်ကိုက်လိုက်သည်။ သူမက တခစ်ခစ်ရယ်ရင်း-

"လုပ်နဲ့နော်၊ ကျွန်မ ကားမောင်းနေတယ်" ဟုမူနွဲ့လိုက်၏။

ပစ်သည် ကောင်းကင်မှ ကြယ်များကို မော့ကြည့်နေမိ၏။ ကားလ်ဝုဖ်၊ ဂျာမန်နာမည် အစစ်ပဲ၊ ဒီအတိုင်းဆိုရင် ကံကြမ္မာ

အင်တာပရိုက်စ်ကိုတော့ စုံစမ်းရလိမ့်မည်။

လိုရမ်သည် အသုံးလုံး ရုံးချုပ်ရှိ မြေအောက်ကားရပ်နားစခန်းထဲ ကားကိုမောင်းဝင်သွား၏။ ကားသုံးစီးသာ ရပ်ထားသည်ကိုတွေ့ရသည်။

သူမသည် ဓါတ်လှေကားနှင့် ကပ်ရက်နေရာတွင် ကားကိုရပ်လိုက်သည်။

"ကျွန်မလိုက်ခဲ့ရမှာလားမောင်"

"မကြာဘူး၊ ခဏပဲ" ပစ်က ပြောပြောဆိုဆို ကားထဲမှ ထွက်ပြီး ဓါတ်လှေကားထဲဝင်သွားသည်။

ပင်မ ညှိခန်းကြီးသို့ရောက်သောအခါ လုံခြုံရေးဝန်ထမ်းက-

"အလုပ်လာလုပ်တာ နောက်ကျလှချည်လား ဆရာ" ဟုဆီးကြိုနှုတ်ဆက်သည်။

"ကျွန်တော် ခဏပဲကြာမှာ" ပစ်သည် သမ်းဝေလျှက် ပြန်ဖြေလိုက်သည်။ ပစ်သည် ဆယ်ထပ်ရှိ ဟီရမ်ယယ်လ်ဂါ ၏အခန်းသို့

ရောက်သောအခါ သူထင်သည့် အတိုင်း ယယ်လ်ဂါသည် အလုပ်လုပ်ဆဲ။ မျက်လုံးကြီးများနီရဲလျှက်။ မက်စ်ကတော့ သူ့ကို မော်နီတာမှတဆင့်

မခို့တရို့ကြည့်နေ၏။

"ဟေး-ဒတ်၊ ညကြီးသန်းခေါင် ဘာလာလုပ်သလဲ"

"ခင်ဗျားနဲ့ ဒေါက်တာအိုကွန်းနယ်လ်တို့ တွေ့ထားတာတွေ လာနှိုက်တာ" ပစ်သည် တဲ့တိုးပင်ပြောလိုက်သည်။

ယယ်လ်ဂါက-

"ကျွန်တော်တို့ နောက်ဆုံးရီပို့ကို ညဆယ်နာရီက ဗိုလ်ချုပ်ကြီးစားပွဲပေါ်တင်ပေးပြီးပြီ" ဟုပြောလိုက်၏။

"ကျွန်တော့်ကို ခဏဌားလိုက်၊ မနက်ကျတော့ ပြန်ပေးမယ်"

"မလောနဲ့လေ ဒတ်ရဲ့။ အဘိုးကြီး နေ့လည်ထဲက အစည်းဝေးလုပ်နေတာ၊ ခုထိ မပြီးသေးဘူး"

"ဒါဆိုလည်း ခင်ဗျား အိမ်ပြန် အိပ်ပါတော့လား"

"ပြန်မလို့ပဲ။ ခုနကပဲ ဒေါက်တာ အိုကွန်းနယ်လ်ပြန်သွားလို့" ယယ်လ်ဂါက မျက်လုံးများကို ပွတ်ရင်းပြောလိုက်သည်။

"သူလာသေးတယ် ဟုတ်လား"

"အေးဗျာ၊ သောက်ကျိုးနည်းအောင် အလုပ်လုပ်နိုင်တဲ့ မိန်းမပဗျို့ "

"ဒါဆိုလည်း ကျွန်တော့်ကို ပါးစပ်နဲ့ပဲ နည်းနည်းပြောပြဗျာ"

"ခင်ဗျားကြားရင် ယုံမှာတောင်မဟုတ်ဘူး၊ ဇာတ်လမ်းက ဆန်းချက်ကတော့ ပက်စက်တယ် ဆိုတဲ့ အထဲကပဗျို့ "

အတ္တလန်တစ် ရှာပုံတော် (၄၇)

By သင့်လူ on November 22, 2009

ယယ်လ်ဂါသည် မက်စ်ကို ပိတ်လိုက်ပြီး မတ်တပ်ရပ်၍ အညောင်းဆန့်လိုက်သည်။

"ပင်လယ်ရေကြောင်းကျွမ်းကျင်ကြတဲ့ ရေးဟောင်းလူမျိုးစုကြီးတစ်ခုဟာ စကြာဝဠာထဲကနေ လမ်းကြောင်းပြောင်းဝင် လာတဲ့

ကြယ်တံခွန်ကြီးတစ်ခု ကမ္ဘာကိုဝင်တိုက်တာကြောင့် သူတို့ဆောက်လုပ်ခဲ့တဲ့ ဆိပ်ကမ်းမြို့တွေနဲ့အတူ ပျောက်ကွယ်ခဲ့ရတယ်"

"ဆက်ပါဦး ဟီရမ်"

"အများပြောကြတဲ့ အတ္တလန်တစ် သမုဒ္ဒရာအလယ်က ကျွန်းကြီးလို့တော့ အထောက်အထားမတွေ့ရဘူး။ ပင်လယ် ခရီးသွားကြတဲ့

နိုင်ငံတွေပေါင်းစုထားတာ၊ ဒါမှမဟုတ် လူမျိုးစုတွေပေါင်းစုထားတာလို့တော့ ပြောလို့ရတယ်" မနက်ဖြန် မှာဂရပ်ဖစ် ဒီဇိုင်းလုပ်ထားတဲ့ ပုံတွေကို

မော်ဒယ်လ်အဖြစ်နဲ့ ပြမယ်။

"သူတို့ဆွဲထားတဲ့ တိုက်ကြီးတွေဟာ အခုခေတ် မြေမျက်နှာသွင်ပြင်နဲ့ ကွာခြားနေတယ်မဟုတ်လား"

"ကြယ်တံခွန် ကြွေကျတာထက်ပိုဆိုးတဲ့ ဖြစ်ရပ်တစ်ခုခု ဖြစ်ခဲ့မယ်လို့ ကျွန်တော့်စိတ်ထဲထင်နေတယ် ပစ်။ လွန်ခဲ့တဲ့

ဆယ်နှစ်ကျော်လောက်ကတည်းက ကျွန်တော်တို့ အသုံးလုံးအဖွဲ့အဆက်မပြတ်စုဆောင်းလာခဲ့တဲ့ ပထဝီမြေ မျက်နှာပြင် ဆိုင်ရာ သတင်းအချက်

အလက်တွေကို ပြန်လေ့လာကြည့်တော့ လွန်ခဲ့တဲ့ နှစ်ကိုးထောင်ကထက်စာရင် ပင်လယ်ရေ မျက်နှာပြင်ဟာ ခုခေတ်မှာ ပေသုံးရာကျော်

မြင့်တက်လာတယ်ဆိုတာ တွေ့ရတယ်"

"ဒါဆိုရင် အတ္တလန်တစ်သားတွေရဲ့ အဆောက်အဦးတွေအားလုံး ရေအောက်ရောက်သွားတယ်ဆိုတာ ဖြစ်နိုင်တာ ပေ့ါ၊

ဒီရှေးဟောင်းလူတွေဟာ သူတို့ကိုယ်သူတို့ အတ္တလန်တစ်သားတွေလို့ ဖော်ပြခဲ့သလား ဟီရမ်"

"ဒီစကားလုံးရဲ့ အဓိပ္ပါယ်ကိုတော့ သူတို့ကောင်းကောင်းသိတယ်လို့ ကျွန်တော်ယူဆတယ်။ အတ္တလန်တစ်ဆိုတာ ဂရိစကား၊

အတတလတ်စ် ရဲ့သမီးတော်လို့အဓိပ္ပါယ်ရတယ်။ ဒီစကားက ပလေတိုကြောင့် လူသိများလာတာ၊ ခုခေတ် တော့ ခင်ဗျားသိတဲ့ အတိုင်း

ဟိုတယ်တွေ၊ နည်းပညာတွေ၊ စတိုးဆိုင်တွေ၊ ရေကူးကန်တွေ၊ အရက်ပုလင်းတွေ၊ ဟမ်ဘာကာတွေ ကအစ အတ္တလန်တစ်ဆိုတဲ့ နာမည်ကို

ဖောဖောသီသီပေးကြတာကိုး၊ ဒါကလည်း ပျောက်ဆုံးသွား တဲ့ ဒဏ္ဍာရီလာ တိုက်ကြီးဆိုပြီး စာအုပ်တွေကလည်း မဟုတ်တာတွေလျှောက်ရေး၊

ရုပ်ရှင်တွေကလည်း ကြည့်ကောင်းအောင် လျှောက်ရိုက်ဆိုတော့ လူကြိုက်အင်မတန်များတာပေ့ါ။ ဒါပေမဲ့ အတ္တလန်တစ် တကယ်ရှိတယ်

ဆိုတာကို ယုံတဲ့လူဟာ ဆန်တာကလော့စ်တကယ်ရှိတယ်ဆိုတာကိုလည်း ယုံ၊ ပန်းကန်ပြားပျံ တကယ်ရှိတယ် ဆိုတာ ကိုလည်း ယုံတဲ့

လူပေါ်တွေပဲ ရှိပါတယ်"

ပစ်က ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေရင်း-

"ဒီယဉ်ကျေးမှုကြီး တကယ်ရှိခဲ့တယ်ဆိုတာ အထောက်အထားနဲ့တကွ ဖော်ထုတ်နိုင်ခဲ့ရင် လူတွေ ဘာပြောကြမလဲ မသိဘူးနော်"

ဟီရမ်က ပြုံးလိုက်ပြီး-

"အဲဒီအချိန်ကျတော့လည်း အတ္တလန်တစ် တူးဖော်ရရှိခြင်း အစီရင်ခံစာဆိုတဲ့ စာအုပ်မျိုးတွေ ခေတ်စားလာဦးမှာပေါ့"

ဟုပြောလိုက်သည်။

ပစ်သည် ယယ်လဂ့်ါအခန်းမှထွက်လာပြီး ဗိုလ်ချုပ်ကြီးဆန်ဒက်ကာ အခန်းဆီသို့ သွားရာလမ်းတွင် လမ်းမီးများပွင့် လျှက် ရှိသည်ကို

တွေ့လိုက်ရသည်။ သို့သော် လင်းသည်ဆိုရုံမျှ မှိန်မှိန်ကလေး။ ဘာသဘောလဲ။ ဘာဖြစ်လို့ ဒီအချိန်ကြီး မီးတွေလင်းနေရတာလဲ။ သူဆက်မ

စဉ်းစားတော့ပဲ မှန်တံခါးကြီးကို အသာအယာတွန်းဖွင့်၍ ဆန်ဒက်ကာ အခန်းထဲသို့ ဝင်သွားလိုက်သည်။ အတွင်းရေးမှူးစားပွဲကို

ဖြတ်လျှောက်နေစဉ် သူ့နှာခေါင်းထဲတွင် ထူးခြားသော ရေမွှေးရနံ့တစ်ခု ရလာ၏။

အခန်းမီးများဖွင့်ဖို့ မီးခလုတ်ဆီသို့လက်လှမ်းလိုက်ချိန်မှာပင် သူ့ထံသို့ လူတစ်ယောက်လှစ်ကနဲ ပြေးဝင်လာသည်ကို

မပီပိုးတဝါးတွေ့လိုက်ရသည်။ ကျူးကျော်သူ၏ ဦးခေါင်းသည် ဒတ်ပစ်၏
ဝမ်းဗိုက်ကိုအရှိန်ပြင်းစွာဆောင့်မိသဖြင့် ဒတ်ပစ်သည်

အွတ်ကနဲအသံထွက်သွားပြီး နောက်သို့ယိုင်ထွက်သွား၏။ သူသည် ထိုသူခိုးအား လက်ရ ဖမ်းဆီးရန် ကြိုးစားသော်လည်း

အံ့အားသင့်ဖွယ်ကောင်းလောက်အောင် လျှင်မြန်ဖျတ်လတ်လှသော ထိုလူစိမ်း သည် သူ့လက် ထဲမှ လျှောကနဲ လွတ်ထွက်သွားပြီး အခန်းထဲမှ

တဟုန်ထိုးပြေးထွက်သွားတော့သည်။

ခေါင်းဖြင့် အဆောင့်ခံထားရသဖြင့် အောင့်နေသော ဝမ်းဗိုက်ကို လက်တစ်ဖက်ဖြင့် ဖိရင်း မီးခလုတ်ကို စမ်း၍ ဖွင့်လိုက် သည်။

ဆန်ဒက်ကာ၏ စားပွဲကို မျက်စိတစ်ချက်ဝေ့ကြည့်လိုက်ယုံဖြင့် သူသည် သူခိုး၏ ရည်ရွယ်ချက်ကို သိလိုက်ပြီ။ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာသည်

အိမ်သို့မပြန်မီ စားပွဲပေါ်မှ စာရွက်စာတမ်းအားလုံးကို အပြောင်ရှင်းတတ်သူ ဖြစ်၏။ ခု စားပွဲပေါ်တွင် ရှိနေရမည့် တစ်ခုတည်းသော

စာရွက်စာတမ်းဖြစ်သည့် ယယ်လဂါ၏ အစီရင်ခံစာမရှိတော့။

ဒတ်ပစ်သည် ဓါတ်လှေကားဆီသို့ ကမူးရှူးထိုးပြေး၏။ ဓါတ်လှေကားစောင့်ရင်း
ဗိုက်အောင့်ပျောက်လိုပျောက်ငြား အသက်ပြင်းပြင်းရှူ၏။

ထို့နောက် အောက်ဆုံးထပ်ရှိ ကားပါတ်ကင်သို့ ဓါတ်လှေကားဖြင့် ဆင်းခဲ့တော့သည်။

ဓါတ်လှေကားတံခါးများ ကောင်းစွာမပွင့်မီ တိုးထွက်ခဲ့ပြီး သူ၏ မော်ဒယ်ဟောင်း ဖဒို့
ဟော့ရော့ဒ်ကားကလေးရှိရာသို့ အမြန်ပြေးသွား၏။

လိုရမ်ကို ဘေးခုံပြောင်းထိုင်ခိုင်းပြီး ကားစက်နှိုး၍ တဟုန်ထိုးမောင်းထွက်ခဲ့တော့သည်။

"ဘာဖြစ်တာလဲမောင်၊ ရေးကြီးသုတ်ပြာနဲ့"

လိုရမ်၏အမေးကို ကားဂီယာပြောင်းရင်းက အမေးဖြင့်ပြန်တုန့်ပြန်လိုက်သည်။

"မောင့်အရင် ဓါတ်လှေကားထဲက တစ်ယောက်ယောက်ထွက်သွားတာ မြင်မိလား လိုရမ်"

"မြင်လိုက်တယ်။ သားရေဝတ်စုံ ဝတ်ထားပြီး သားမွှေးကုတ်ကြီးခြုံထားတဲ့ မိန်းမတစ်ယောက်"

မိန်းမဆိုပဲ။ လိုရမ်ကတော့ မြင်တတ်ပ့ါ။ သူ့အမြင်စူးရှတာကိုပဲ ကျေးဇူးတင်ဖို့ကောင်းနေပြီ။ ဒတ်ပစ်သည် ကားကို မိုင်ကုန်ဖွင့်မောင်းရင်း

တွေးမိနေသည်။ ဖို့ဒ် ပော့ရောဒ်သည် အသုံးလုံးဌာနချုပ် ဂိတ်တံခါးရှေ့တွင် ဆောင့်ရပ် လိုက် သည်။ အံ့သြတကြီးရပ်ကြည့်နေသော

ဂိတ်စောင့်ကြီးအား-

"သူဘယ်ဖက်ထွက်သွားလဲ" ဟုအလောတကြီးမေးလိုက်သည်။

"ခုနက တောင်ဖက်ကို ထွက်သွားတဲ့ ကားကိုပြောတာလားဆရာ၊ ဘာဖြစ်လို့လဲ၊ ရဲခေါ်လိုက်ရမလား"

"ဘာကားအမျိုးအစားလဲ"

"ခရိုင်စလား အမဲရောင်ခင်ဗျ"

"အမဲရောင် ခရိုင်စလား ၃၀၀ အမ် မော်ဒယ်၊ ၂၅၃ မြင်းကောင်ရေ အင်ဂျင်၊ ရှစ်စက္ကန့်အတွင်း တစ်နာရီ မိုင်ငါးဆယ်နှုန်းထိ

အရှိန်တင်နိုင်တယ်" လိုရမ်က ဖြည့်ပြောလိုက်သည်။ ပစ်သည် လိုရမ့်ကို ကြည့်လိုက်ပြီး-

"တိကျလှချည်လား လိုရမ်၊ ဓါတ်ပုံများရိုက်ထားသလား အောက်မေ့ရတယ်"

"ကျွန်မမှာ အဲဒီကားမျိုးတစ်စီးရှိတယ်လေ၊ မောင်မေ့နေပြီလား၊ ဒါနဲ့ ခရိုင်စလာကို ရှင့်ဖို့ဒ် အစုတ်ကလေးနဲ့ လိုက်နိုင်လို့လား"

"အနေစုတ်ပေမဲ့ ရွှေထုတ်တဲ့ မြပုဝါကွ၊ မောင့်ဖို့ဒ်ကို ၂၂၅ အင်ဂျင်တတ်ထားတာ" ပစ်သည် ကားမောင်းနေရင်း သူ့ကား

ကိုကြွားဖြစ်အောင်ကြွားလိုက်သေး၏။

ဖို့ဒ်ပြော့ရော့ဒ်သည် မြန်သည်ထက်မြန်လာ၏။ မြန်နှုန်းပြ ဒိုင်ခွက်တွင် တစ်နာရီ မိုင်တစ်ရာနှုန်းပြနေပြီ။ ညကြီး

သန်းခေါင်တစ်နာရီအချိန်ဖြစ်သဖြင့် ယာဉ်သွားယာဉ်လာရှင်းလျှက်ရှိသည်။ မကြာမီ လင်းထိန်လျှက်ရှိသော လမ်းမီးရောင်များကြောင့်

ရှေ့မှမောင်းနေသော ခရိုင်စလာ အမဲရောင်ကားကို မြင်တွေ့ရလေပြီ။ အသုံးလုံး အကြီးအကဲ၏ ရုံးခန်းကို မွှေနှောက်ဝံ့သော ကျူးကျော်သူသည်

ခုလည်း ကမ်းခြေမှာအပန်းဖြေနေသည့်အလား ကား ကိုအေးအေးဆေးဆေး မောင်းနေ၏။

ဖို့ဒ်ပြော့ရော့ဒ်ကားသည် ခရိုင်စလာကားနှင့် ကိုက်သုံးရာအကွာသို့ရောက်လာသောအခါ ပစ်သည်အရှိန်ကို လျှော့ချ လိုက်ပြီး

ခရိုင်စလာကို မျက်ခြေမပြတ်ရုံမျှ မှေး၍မောင်းနှင်နေ၏။ ခရိုင်စလာကားသည် အခြေအနေမပျက် အေးဆေးစွာ မောင်းနေသဖြင့် ဒတ်ပစ်သည်

စိတ်ချလက်ချ လိုက်လာစဉ် ခရိုင်စလာသည် ပိတ်မကြုံမြစ်ကို ဖြတ်ကူး သော ဖရန်စစ် စကော့ တံတားဆီသို့ ရုတ်တရက်ကွေ့ချလိုက်တော့သည်။

ပြောင်းလဲသွားသောအခြေအနေကြောင့် ဒတ်ပစ်သည် အနည်းငယ်စိတ်အနှောက်အယှက် ဖြစ်သွား၏။ သူလိုက်လာ သည်ကို

ရန်သူသိသွားပြီ ထင်၏။ ခရိုင်စလာသည် တံတားပေါ်မှဆင်းဆင်းချင်း ဘယ်ဖက်ချိုး၏။ ထို့နောက် ညာဖက် သို့ထပ်ချိုးပြီး ဂျော့တောင်း

ရပ်ကွက်အတွင်းသို့ သုတ်ခြေတင်မောင်းသွားသည်။

"မောင်လိုက်လာတာ သူသိသွားပြီထင်တယ်" လိုရမ်သည် အမိုးဖွင့်ထားသဖြင့် အတားအဆီးမဲ့ ဝင်လာသော လေအေး ကြောင့်

ခိုက်ခိုက်တုန်လျှက်က ဒတ်ပစ်အားပြောလိုက်သည်။

"ဟုတ်တယ်။ အတော်ပါးတဲ့ မိန်းမပဲ"

ခရိုင်စလာနှင့် ခြောက်ဆယ့်ငါးနှစ် သက်တမ်းရှိ ဖို့ဒ်ဟောင့်ရှေ့ဒ်တို့သည် ဂျော့တောင်းရပ်ကွက်၏ အကွေ့အကောက် များလှသော

လမ်းများပေါ်ဝယ် ကြောင်နှင့် ကြွက်သဖွယ် လိုက်တမ်းပြေးတမ်း ကစားနေကြသည်။ ခုနစ်ဘလော့ ခန့် ကျော်ဖြတ်လာပြီးသည်အထိ

ပြေးသူကပြေးဆဲ၊ လိုက်သူကလည်း လိုက်ဆဲ။ အခြေအနေက ဗိုလ်နေမြဲ၊ ကျားနေမြဲ။

"မောင်တို့ တညလုံး ဒီလိုပဲ လုပ်နေတော့မှာလား"

အိပ်ရေးကလည်းပျက်၊ ချမ်းကလည်း ချမ်းလှသဖြင့် အောက်လွှတ်တော်အမတ်မင်း လိုရမ်စမစ်တစ်ယောက် ထင်ရာ လုပ်လေ့ရှိသော

လူရမ်းကားချစ်သူအပေါ် ရွှေစိတ်တော်ညိုစပြုချေပြီ။ စိတ်တော်ညိုရုံမကလို့ မည်းမည်း၊ ဒီအချိန်မှာ ဒတ်ပစ်သည် လိုရမ်ကို ဂရုမစိုက်အား။

ရှေ့ကားကိုသာ မျက်ခြေမပြတ်အောင် အာရုံစိုက်နေ၏။

"မောင် ကျွန်မပြောနေတာ မကြားဖူးလား"

"တညလုံးတော့ မလုပ်ပါဖူးကွာ။ တစ်စီးစီး ဆီကုန်ရင်တော့ ရပ်သွားမှာပေ့ါ"

မကြာပါ။ လိုရမ်တောင့်တနေသော အချိန်သို့ရောက်လာတော့သည်။ ခရိုင်စလာကားကြီးသည် ခြံဝင်းတစ်ခုရှေ့တွင် တုံ့ကနဲရပ်လိုက်ပြီး

ဒရိုင်ဘာသည်အတွင်းသို့လှစ်ကနဲ ဝင်ပြေးသွား၏။

"အောင်မယ်လေး၊ နောက်ဆုံးတော့ မိပြီကိုး" လိုရမ်သည် ဆိုဖာထိုင်ခုံပေါ်တွင် ကွေးနေရင်း ပြောလိုက်၏။

"ဒါထောင်ချောက်လည်း ဖြစ်နိုင်တယ် လိုရမ်" ပစ်က မဲမှောင်နေသော အိမ်အတွင်းသို့ ငေးကြည့်ရင်း လိုရမ်ကို ပြန်ပြောလိုက်သည်။

"ကဲ-အခုဘာလုပ်မှာလဲ။ ရဲကိုအကြောင်းကြားမလား"

"မကြားနဲ့၊ မင်းဆင်းပြီး တံခါးသွားခေါက်ကွာ"

လိုရမ်သည် ဒတ်ပစ်၏ အဖြေကိုကြားသောအခါ ဒေါပွသွားပြီး မသာကြီးဟု အသံတိတ်ဆဲလိုက်သည်။ ဒတ်ပစ်က မချိုမချဉ်ပြုံးရင်း-

"မောင်က ဒီလိုတောင်းဆိုရင် အချစ်က ငြင်းမယ်ဆိုတာ မောင်သိပြီးသားပါ အချစ်ရယ်" ဟု စဖြစ်အောင် စလိုက်သေး သည်။ ပြီးမှ-

"ဒီမှာ မောင့် ဂလိုဘယ်စတား ဂြိုလ်တုဖုန်းယူထား၊ ဆယ်မိနစ်နေလို့မှ မောင်ထွက်မလာရင် ရဲကိုလည်းခေါ်၊ ဗိုလ်ချုပ်ကြီးဆီလည်း

အကြောင်းကြား၊ အသံတစ်ခုခုကြားရင် ကားမောင်းပြေး၊ နားလည်တယ်နော်"

"ရဲကို အကြောင်းကြားပြီး ဖမ်းခိုင်းလိုက်ရင် ပြီးနေတဲ့ကိစ္စကို၊ မောင် လက်နက်ကောပါရဲ့လား"

ပစ်သည် သားရေလက်အိပ်နက် စွပ်ထားသော သူ့လက်ကြီးနှစ်ဖက်ကို ထောင်ပြရင်း-

"လက်နက်ပါတာပေါ့ကွာ။ ဒီမှာ လက်နှစ်ဖက်လုံး နက်နေတာပဲ" ဟုပြောရင်း ကားထဲမှ ဓါတ်မီးတစ်လက်ကို ယူ၍ မှောင်မဲနေသော

အိမ်ဆီသို့ဦးတည် လျှောက်လှမ်းသွားတော့သည်။

အတ္တလန်တစ် ရာပုံတော် (၄၆)

By သင့်လူ on November 7, 2009

ဓါတ်ပုံ မှတ်တမ်း တင်သော အလုပ်များ အားလုံး ပြီးစီးသွားသောအခါ ပက်နှင့် ဂျီယိုဒီနို တို့သည် ကိတ်တောင်းသို့ လေယာဉ် ဖြင်

့ထွက်ခွာလာခဲ့ကြသည်။ ခွဲစိပ်ခန်းထဲမှ ထွက်လာခါစ ရူဒီဂန်းကို သွားရောက်တွေ့ဆုံကြသည်။ အကျိုးအကြောင်းသိပြီးသည့်အခါ ဂန်းသည် သူ့ကို

ချက်ချင်း ဝါရှင်တန်သို့ ပို့ပေးဖို့ အယ်လ်အားအမိန့်ပေးတော့သည်။ဆရာ ဝန်၊ ဆရာမများ အတန်တန်တားဆီးနေသည့်ကြားမှ

အင်မတန်ခေါင်းမာသည့် ထို လူဖလံလေး သည် ဆေးရုံမှ ဆင်းသွားပြီး ကိတ်တောင်း လေဆိပ်ရှိ အသင့် စောင့်နေသော အသုံးလုံး ဂျက်လေယာဉ်

တစ်စီးဖြင့် ဝါရှင်တန်သို့ ပြန်လိုက် ခဲ့တော့သည်။

ဒတ်ပစ် နှင့် ဒေါက်တာဟက်ဖီးလ်တို့နှစ်ဦးမှာ ဆီးလ်အဖွဲ့ဝင်များနှင့်အတူ ကျွန်းပေါ်တွင်နေရစ်ခဲ့သည်။ သူတို့သည် ပစ္စည်းအားလုံးကို

စနစ်တကျထုပ်ပိုး၍ ရဟတ်ယာဉ်များဖြင့် အသုံးလုံးအဏ္ဏဝါ သုတေသနသင်္ဘောပေါ်သို့ အခေါက်ခေါက်အခါခါပို့ဆောင်နေကြသည်။

မံမီများအားလုံးကို သစ်သားခေါင်းကိုယ်စီဖြင့် သယ်ယူ၍ စတန်းဖို့ဒ် တက္ကသိုလ်ရှိ ဒေါက်တာဟက်ဖီးလ်၏ သုတေသနဓါတ်ခွဲခန်းသို့

ပို့ဆောင်ရမည်ဖြစ်သည်။

နောက်ဆုံးမံမီကို ရဟတ်ယာဉ်ပေါ်တင်ဆောင်ပြီးနောက် ပစ်သည် ဂျက်ကော့ဘ်ကို လက်ဆွဲနှုတ်ဆက်ရင်း-

"အားလုံးအတွက် ကျွန်တော်က ကျေးဇူးအထူးတင်ပါတယ်။ ခင်ဗျားတို့ မကူညီရင် ဒီအလုပ်ပြီးဖို့ဆိုတာ မဖြစ်နိုင် သလောက် ပါပဲ"

ဂျက်ကော့ဘ်က အားပါးတရပြုံးရင်း-

"အေးဗျာ၊ ဒီမံမီသယ်တဲ့ အော်ပရေးရှင်းကတော့ မှတ်မှတ်ရရပဲဗျ၊ ကျွန်တော်တို့ လူသတ်သမားအလောင်းတွေကို သယ်ရဦးမယ်၊ ပြီးရင်

ဝါရှင်တန်က ဝေါလ်တာရိဒ်ဆေးရုံမှာ စစ်ဆေးဖို့ ပို့ပေးရဦး မယ်၊ ကဲသွားပြီ မစ္စတာပစ်ရေ နောက်ပြန်ဆုံကြသေးတာပေါ့" ဟုနှုတ်ဆက်သွား၏။

ဒတ်ပစ်သည် ရေတပ်မှ အော့စပရေး တေ့လ်ရိုတာ လေယာဉ်ကြီးထွက်ခွာသွားသည်ကို မျက်စိတဆုံးလိုက်လံကြည့်ရှု နေမိသည်။

အခုတော့လည်း တစ်ကျွန်းလုံးမှာ သူ့တစ်ယောက်တည်း။သူသည် အခုအခါ ပြောင်သလင်းခါလျှက်ရှိသော အခန်းထဲသို့

ပြန်လည်ဝင်ရောက်သွားပြီး တစ်ခန်းလုံးကို စေ့စေ့စပ်စပ် လိုက်လံကြည့်ရှု၏။ ဘယ်သူတွေကများ ဒီလောက်တိကျတဲ့ ကမ္ဘာ့မြေပုံကို လွှန်ခဲ့တဲ့

နှစ်ထောင်ပေါင်းများစွာကတည်းက ဆွဲနိုင်ခဲ့ပါလိမ့်။ အန္တာတိကမှာ ရေခဲ ပြင်မဖုံးလွှမ်းမီ ခေတ်ကာလဆီက ဘယ်သူတွေများရောက်ရှိခဲ့ပါလိမ့်။

တောင်ဝင်ရိုးစွန်းသည် ဘယ်အချိန်လောက်က လူတွေနေထိုင်နိုင်လောက်အောင် ပူနွေးသောရာသီဥတု ရှိခဲ့ပါလိမ့်။

ပက်၊ ဟက်ဖီးလ်နှင့် ဂျီယိုဒီနီတို့ကို ရှေးဟောင်းကမ္ဘာ့မြေပုံအကြောင်းရှင်းလင်းပြစဉ်က သူမပြောပြခဲ့သည့် ကိစ္စတစ်ခု ရှိ၏။

ထိုရှေးခေတ်ကမ္ဘာ့မြေပုံတွင် အမေရိကတိုက်၊ ဥရောပတိုက်နှင့် အာရှတိုက်တို့သည် ယခုလက်ရှိအခြေအနေ ထက် မိုင်နှစ်ထောင်မျှမြောက်ဖက်သို့

ကပ်နေ၏။ ထိုအချက်ကို သူဘဝင်မကျ။ မည်သို့ပင်ဆိုစေ၊ ထိုသူများသည် အသိပညာမြင့်မားထက်မြက်မှုက အံ့မခန်းရှိသည်ကို သူမငြင်းနိုင်။

ကြည့်ရသည်မှာ သူတို့သည် နောင်လာနောက် သားများကို အမှာစကားတစ်ခုခုထားခဲ့ချင်ပုံရ၏။ ဘာအကြောင်းများပါလိမ့်။ မျှော်လင့်ချက်လား၊

ချစ်ခြင်းမေတ္တာလား၊ သေခြင်းတရားလား၊ သို့တည်းမဟုတ် အယ်လ်ပြောသလို ဆိတ်သားဟင်းချက်နည်းများလေလား။

ပစ်၏ အတွေးများသည် ရဟတ်ယာဉ်စက်သံကြောင့် လန့်ဖြန့်ထွက်ပြေးကုန်ကြသည်။ သူ့ကို သုတေသနသင်္ဘောဆီ သို့ပို့ဆောင်ပေးမည့်

ရဟတ်ယာဉ်ဖြစ်၏။ ပစ်သည် လက်နိပ်ဓါတ်မီးကို ပိတ်ပြီး မဲမှောင်နေသော လိုဏ်ဂူထဲမှ ထွက်လာခဲ့တော့သည်။

ပစ်သည် အချိန်မဖြုန်းနေတော့ပဲ ကိတ်တောင်းမှသည် ဂျိုဟန်နက်စဘတ်၊ ထိုမှတဆင့် ဝါရှင်တန်သို့ဆက်တိုက် ခရီးနှင်ခဲ့သည်။

တလမ်းလုံးအသေကောင်ကြီးလို အိပ်စက်လာခဲ့သည်။ ဒါးလက်စ်လေဆိပ်ကိုရောက်တော့ ညသန်းခေါင်အချိန်။ လေဆိပ်မှအထွက်

ကားရပ်နားသည့်နေရာတွင် ၁၉၃၆ နှစ်ထုတ် ဖို့ဒ်ကဘရီယိုလက် ကားကလေးရပ်ထားသည်ကို တွေ့လိုက်ရသဖြင့် သူပျော်သွား၏။ ကားက

လှသလို ကားပိုင်ရှင်အမျိုးသမီးကလည်း အလွန်လှ၏။ ငွေရောင်လက်လက်ထနေသော ဆံပင်ရှည်တို့ကို ရောင်စုံစကတ်ပုဝါဖြင့်

စည်းနှောင်ထားပြီး ပါးရိုးမြင့်မြင့်၊ နှုတ်ခမ်းသားထူထူ၊ နှာတံစင်းစင်းနှင့် ခရမ်းပြာရောင်မျက်ဝန်းများပိုင်ရှင် ကိုလိုရာဒိုမှ အောက်လွှတ်တော်

အမတ်မင်း မစ်(စ်) လိုရမ်စမစ်သည် သူ့အားပြုံး၍ ကြိုဆိုနေ၏။

"ကျွန်မ မောင့်ကို ဒီလိုပုံမျိုးနဲ့ လာကြိုရတာဘယ်နှစ်ခါရှိပြီလဲ"

"အနည်းဆုံးတော့ ရှစ်ခါလောက်ရှိပြီထင်တာပဲ" ပစ်သည် မြူးတူးလျှက်ရှိသည်။ နှစ်ရှည်လများချစ်ခဲ့ရသည် သူ၏ အလုပ်များလှသော

ချစ်သူသည် သူ့အကြိုက်ဆုံး ကားကလေးကိုမောင်း၍ သန်းခေါင်ယံအချိန် သူ့ကိုလာကြိုဖို့ သတိရ သေးသည်ကော။

ပစ်သည် ကားထဲသို့ လျှောထိုးဝင်လိုက်ပြီး လိုရမ်ကို တရှိုက်မက်မက်နမ်းလိုက်သည်။ တင်းကျပ်စွာဖက်ထား လိုက်သည်။ ခဏကြာတော့

သူမသည် ပစ်အားတွန်းထုတ်လိုက်ပြီး-

"သိပ်မကဲနဲ့မောင်- အမျိုးသမီးနိုင်ငံရေးသမားဆိုတာ ပြည်သူလူထုရဲ့ လက်ခုပ်သံနဲ့ရှင်သန်နေကြရတာ။ ကျွန်မ ကလင်တန်လို

မဖြစ်ချင်ဘူး” ဟုဆိုလိုက်၏။ ပြီးတော့မှ- “ကဲ ဘယ်သွားမလဲမောင်၊ ရှင့် ဂိုဒေါင်ကိုလား”

“မဟုတ်ဘူး လိုရမ်၊ မောင့်ကို အသုံးလုံး ရုံးချုပ်ကို ပို့ပေး။ ယယ်လ်လ်ဂါနဲ့တွေ့စရာရှိတယ်။ မောင့်ကွန်ပျူတာကိုလည်း စစ်ရဦးမယ်”

“အိမ်မှာ ကွန်ပျူတာမရှိတာဆိုလို့ တစ်တိုင်းပြည်လုံးမှာ မောင့်တစ်ယောက်ထဲ ရှိမယ်ထင်တယ်”

“မောင်က တမင်သက်သက် အိမ်မှာမထားတာကွ၊ အင်တာနက်လိုက်၊ အီးမေးလ်လိုက်နဲ့ အချိန်ကုန်မခံနိုင်ဘူး၊ တခြားလုပ်စရာတွေ

အများကြီး”

လိုရမ်သည် ကားကို ဟိုက်ဝေးလမ်းမကြီးတစ်လျှောက် မောင်းနှင်လာခဲ့သည်။ ပစ်သည် ငြိမ်ငြိမ်လေးထိုင်ရင်း ဟိုတွေးဒီတွေး

တွေးလာခဲ့ရာ ဝါရှင်တန်ရုပ်ထုနားရောက်လာတော့-

“အောက်လွှတ်တော်မှာ ဘာသတင်းတွေထူးသေးလဲ” ဟုမေးလိုက်သည်။

လိုရမ်သည် ရယ်ချင်စိတ်ကို ထိန်းချုပ်ထားရသည်။ ဒီလိုခရီးမျိုးမှာ ဒီနေရာရောက်တိုင်း ဒီမေးခွန်းကို သူမပျက်မကွက် မေးတတ်ရာ

ကြာတော့ ဖြေရသူပင် ငြီးငွေ့လာသည်။ သူကတော့ မေးမြဲမေးဆဲ။ လိုရမ်ကလည်း ဖြေနေကြအတိုင်း ဝတ္တရားမပျက်ဖြေလိုက်သည်။

“ဒီလိုပါပဲ။ ထွေထွေထူးထူး မရှိပါဘူး”

“မင်း မငြီးငွေ့ဘူးလား လိုရမ်”

“ဘတ်ဂျက် နဲ့ပက်သက်တဲ့ စကားရည်လုပွဲတွေဟာ မိန်းမတစ်ယောက်ရဲ့စိတ်ကို ဘယ်လောက်အထိ လှုပ်ရှားစေနိုင်မှာလဲမောင်ရယ်။

ဒါနဲ့ ရှုဒီဂန်းတစ်ယောက် အခြေအနေ အတော်ဆိုးဆို”

“တောင်အာဖရိက က အရိုးဆရာဝန်တွေ တော်ကြပါတယ် လိုရမ်ရာ၊ သုံးလေးလတော့ ထော့နေဦးမှာပေါ့လေ”

"အယ်လ်ကပြောတယ်။ မောင် အန္တာတိကမှာ အတော်ဒုက္ခတွေ့ခဲ့တယ်တဲ့"

"သူတို့က ပိုဆိုးတာပေ့ါ လိုရမ်ရယ်။ နေဦး၊ မင်း အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး ကော်မတီမှာ ပါတယ် မဟုတ်လား"

"ပါတယ်လေ"

"အာဂျင်တီးနားက ကော်ပိုရေးရှင်းကြီးတွေနဲ့ ရင်းနှီးသလား"

"ဘာဖြစ်လို့လဲမောင်၊ သူတို့ ဘဏ္ဍာရေးဝန်ကြီးနဲ့တော့ အစည်းအဝေးတွေမှာ တွေ့နေတာပဲ"

"အနာဂါတ်ကံကြမ္မာသစ် ဒါမှမဟုတ် စတုတ္ထအင်ပါယာဆိုတဲ့ နာမည်မျိုးနဲ့ ကော်ပိုရေးရှင်း ရှိသလား"

လိုရမ်က ခဏစဉ်းစားလိုက်ပြီး

"ကံကြမ္မာအင်တာပရိုက်စ်ဆိုတာတော့ ဗျူနိုအေးရီးစ်မှာရှိတယ်။ ကျွန်မအမှတ်မမှားဘူးဆိုရင် အဲဒီက စီအီးအိုက ကားလ်ဝုဖ်လို့

ခေါ်တယ်ထင်တယ်"

"ဘယ်လောက်ကြာပြီလဲ"

"လေးနှစ်လောက်တော့ ရှိပြီ"

"မင်းမှတ်ဉာဏ်ကောင်းသေးသားပဲ"

"ကားလ်ဝုဖ်က တစ်ခါမြင်ရင် တစ်သက်မမေ့နိုင်လောက်တဲ့ ကိုလူချောရှင့်"

"ဒါဆို မင်းဘာလို့ ငါ့ တွယ်ကပ်နေသေးသလဲ"

လိုရမ်က ပြုံး၍-

"တခါတလေကျတော့ မိန်းမတွေဟာ ရုပ်ဆိုးဆိုး၊ ကြမ်းကြမ်းတမ်းတမ်း၊ ဘီလူးလို လူမျိုးကိုမှ ကြိုက်တတ်ကြတယ်ရှင့်"

"ရုပ်ဆိုးဆိုး၊ ကြမ်းကြမ်း၊ ဘီလူးလိုလူဆိုတာ ငါပေ့ါလေ" ပစ်သည် ပြောပြောဆိုဆို သူမနားရွက်ဖျားလေးကို မနာ

အောင်ကိုက်လိုက်သည်။ သူမက တခစ်ခစ်ရယ်ရင်း-

"လုပ်နဲ့နော်၊ ကျွန်မ ကားမောင်းနေတယ်" ဟုမူနွဲ့လိုက်၏။

ပစ်သည် ကောင်းကင်မှကြယ်များကို မော့ကြည့်နေမိ၏။ ကားလ်ဝုဖ်၊ ဂျာမန်နာမည်အစစ်ပဲ၊ ဒီအတိုင်းဆိုရင် ကံကြမ္မာ

အင်တာပရိုက်စ်ကိုတော့ စုံစမ်းရလိမ့်မည်။

လိုရမ်သည် အသုံးလုံးရုံးချုပ်ရှိ မြေအောက်ကားရပ်နားစခန်းထဲ ကားကိုမောင်းဝင်သွား၏။ ကားသုံးစီးသာ ရပ်ထားသည်ကိုတွေ့ရသည်။

သူမသည် ဓါတ်လှေကားနှင့် ကပ်ရက်နေရာတွင် ကားကိုရပ်လိုက်သည်။

"ကျွန်မလိုက်ခဲ့ရမှာလားမောင်"

"မကြာဘူး၊ ခဏပဲ" ပစ်က ပြောပြောဆိုဆို ကားထဲမှ ထွက်ပြီး ဓါတ်လှေကားထဲဝင်သွားသည်။

ပင်မ ဧည့်ခန်းကြီးသို့ရောက်သောအခါ လုံခြုံရေးဝန်ထမ်းက-

"အလုပ်လာလုပ်တာ နောက်ကျလှချည်လား ဆရာ" ဟုဆီးကြိုနှုတ်ဆက်သည်။

"ကျွန်တော် ခဏပဲကြာမှာ" ပစ်သည် သမ်းဝေလျှက် ပြန်ဖြေလိုက်သည်။ ပစ်သည် ဆယ်ထပ်ရှိ ဟီရမ်ယယ်လ်ဂါ၏အခန်းသို့

ရောက်သောအခါ သူထင်သည့်အတိုင်း ယယ်လ်ဂါသည် အလုပ်လုပ်ဆဲ။ မျက်လုံးကြီးများနီရဲလျှက်။ မက်စ်ကတော့ သူ့ကို မော်နီတာမှတဆင့်

မခို့တရို့ကြည့်နေ၏။

"ဟေး-ဒတ်၊ ညကြီးသန်းခေါင် ဘာလာလုပ်သလဲ"

"ခင်ဗျားနဲ့ ဒေါက်တာအိုကွန်းနယ်လ်တို့ တွေ့ထားတာတွေ လာနိုက်တာ" ပစ်သည်
တဲ့တိုးပင်ပြောလိုက်သည်။

ယယ်လ်ဂါက-

"ကျွန်တော်တို့ နောက်ဆုံးရီပို့ကို ညဆယ်နာရီက ဗိုလ်ချုပ်ကြီးစားပွဲပေါ်တင်ပေးပြီးပြီ" ဟုပြောလိုက်၏။

"ကျွန်တော့်ကို ခဏငှားလိုက်၊ မနက်ကျတော့ ပြန်ပေးမယ်"

"မလောနဲ့လေ ဒတ်ရဲ့။ အဘိုးကြီး နေ့လည်ထဲက အစည်းဝေးလုပ်နေတာ၊ ခုထိ မပြီးသေးဘူး"

"ဒါဆိုလည်း ခင်ဗျား အိမ်ပြန် အိပ်ပါတော့လား"

"ပြန်မလို့ပဲ။ ခုနကပဲ ဒေါက်တာ အိုကွန်းနယ်လ်ပြန်သွားလို့" ယယ်လ်ဂါက မျက်လုံးများကို
ပွတ်ရင်းပြောလိုက်သည်။

"သူလာသေးတယ် ဟုတ်လား"

"အေးဗျာ၊ သောက်ကျိုးနည်းအောင် အလုပ်လုပ်နိုင်တဲ့ မိန်းမပဲဗျို့ "

"ဒါဆိုလည်း ကျွန်တော့်ကို ပါးစပ်နဲ့ပဲ နည်းနည်းပြောပြဗျာ"

"ခင်ဗျားကြားရင် ယုံမှာတောင်မဟုတ်ဘူး၊ ဇာတ်လမ်းက ဆန်းချက်ကတော့ ပက်စက်တယ် ဆိုတဲ့
အထဲကပဗျို့ "

အတ္တလန်တစ် ရှာပုံတော် (၄၇)

ယယ်လ်ဂါသည် မက်စ်ကို ပိတ်လိုက်ပြီး မတ်တပ်ရပ်၍ အညောင်းဆန့်လိုက်သည်။

"ပင်လယ်ရေကြောင်းကျွမ်းကျင်ကြတဲ့ ရှေးဟောင်းလူမျိုးစုကြီးတစ်ခုဟာ စကြာဝဠာထဲကနေ
လမ်းကြောင်းပြောင်းဝင် လာတဲ့

ကြယ်တံခွန်ကြီးတစ်ခု ကမ္ဘာကိုဝင်တိုက်တာကြောင့် သူတို့ဆောက်လုပ်ခဲ့တဲ့ ဆိပ်ကမ်းမြို့တွေနဲ့အတူ
ပျောက်ကွယ်ခဲ့ရတယ်"

"ဆက်ပါဦး ဟီရမ်"

"အများပြောကြတဲ့ အတ္တလန်တစ် သမုဒ္ဒရာအလယ်က ကျွန်းကြီးလို့တော့
အထောက်အထားမတွေ့ရဘူး။ ပင်လယ် ခရီးသွားကြတဲ့

နိုင်ငံတွေပေါင်းစုထားတာ၊ ဒါမှမဟုတ် လူမျိုးစုတွေပေါင်းစုထားတာလို့တော့ ပြောလို့ရတယ်"
မနက်ဖြန် မှာဂရပ်ဖစ် ဒီဇိုင်းလုပ်ထားတဲ့ ပုံတွေကို

မော်ဒယ်လ်အဖြစ်နဲ့ ပြမယ်။

"သူတို့ဆွဲထားတဲ့ တိုက်ကြီးတွေဟာ အခုခေတ် မြေမျက်နှာသွင်ပြင်နဲ့ ကွာခြားနေတယ်မဟုတ်လား"

"ကြယ်တံခွန် ကြွေကျတာထက်ပိုဆိုးတဲ့ ဖြစ်ရပ်တစ်ခုခု ဖြစ်ခဲ့မယ်လို့
ကျွန်တော့်စိတ်ထဲထင်နေတယ်ပစ်။ လွန်ခဲ့တဲ့

ဆယ်နစ်ကျော်လောက်ကတည်းက ကျွန်တော်တို့ အသုံးလုံးအဖွဲ့အဆက်မပြတ်စုဆောင်းလာခဲ့တဲ့
ပထဝီမြေမျက်နှာပြင်ဆိုင်ရာ သတင်းအချက်

အလက်တွေကို ပြန်လေ့လာကြည့်တော့ လွန်ခဲ့တဲ့နှစ်ကိုးထောင်ကထက်စာရင်
ပင်လယ်ရေမျက်နှာပြင်ဟာ ခုခေတ်မှာပေသုံးရာကျော်

မြင့်တက်လာတယ်ဆိုတာ တွေ့ရတယ်"

"ဒါဆိုရင် အတ္တလန်တစ်သားတွေရဲ့ အဆောက်အဦးတွေအားလုံး
ရေအောက်ရောက်သွားတယ်ဆိုတာ ဖြစ်နိုင်တာပေါ့၊

ဒီရှေးဟောင်းလူတွေဟာ သူတို့ကိုယ်သူတို့ အတ္တလန်တစ်သားတွေလို့ ဖော်ပြခဲ့သလား ဟီရမ်"

"ဒီစကားလုံးရဲ့ အဓိပ္ပါယ်ကိုတော့ သူတို့ကောင်းကောင်းသိတယ်လို့ ကျွန်တော်ယူဆတယ်။
အတ္တလန်တစ်ဆိုတာ ဂရိစကား၊

အတ္တလတ်စ် ရဲ့သမီးတော်လို့အဓိပ္ပါယ်ရတယ်။ ဒီစကားက ပလေတိုကြောင့် လူသိများလာတာ၊ ခုခေတ်တော့ ခင်ဗျားသိတဲ့အတိုင်း ဟိုတယ်တွေ၊

နည်းပညာတွေ၊ စတိုးဆိုင်တွေ၊ ရေကူးကန်တွေ၊ အရက်ပုလင်းတွေ၊ ဟမ်ဘာကာတွေကအစ အတ္တလန်တစ်ဆိုတဲ့နာမည်ကို ဖောဖောသီသီ

ပေးကြတာကိုး၊ ဒါကလည်း ပျောက်ဆုံးသွားတဲ့ ဒဏ္ဍာရီလာတိုက်ကြီးဆိုပြီး စာအုပ်တွေကလည်း မဟုတ်တာတွေလျှောက်ရေး၊

ရုပ်ရှင်တွေကလည်း ကြည့်ကောင်းအောင်လျှောက်ရိုက်ဆိုတော့ လူကြိုက်အင်မတန်များတာပေါ့။ ဒါပေမဲ့ အတ္တလန်တစ် တကယ်ရှိတယ် ဆိုတာကို

ယုံတဲ့လူဟာ ဆန်တာကလော့စ်တကယ်ရှိတယ်ဆိုတာကိုလည်းယုံ၊ ပန်းကန်ပြားပျံတကယ်ရှိတယ် ဆိုတာကိုလည်းယုံတဲ့ လူပေါ်တွေပဲ

ရှိပါတယ်”

ပစ်က ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေရင်း-

“ဒီယဉ်ကျေးမှုကြီး တကယ်ရှိခဲ့တယ်ဆိုတာ အထောက်အထားနဲ့တကွ ဖော်ထုတ်နိုင်ခဲ့ရင် လူတွေ ဘာပြောကြမလဲ မသိဘူးနော်”

ဟီရမ်က ပြုံးလိုက်ပြီး-

“အဲဒီအချိန်ကျတော့လည်း အတ္တလန်တစ် တူးဖော်ရရှိခြင်း အစီရင်ခံစာဆိုတဲ့ စာအုပ်မျိုးတွေ ခေတ်စားလာဦးမှာပေါ့”

ဟုပြောလိုက်သည်။

ပစ်သည် ယယ်လဂ့်ါအခန်းမှထွက်လာပြီး ဗိုလ်ချုပ်ကြီးဆန်ဒက်ကာ အခန်းဆီသို့ သွားရာလမ်းတွင် လမ်းမီးများပွင့်လျက် ရှိသည်ကို

တွေ့လိုက်ရသည်။ သို့သော် လင်းသည်ဆိုရုံမျှ မှိန်မှိန်ကလေး။ ဘာသဘောလဲ။ ဘာဖြစ်လို့ ဒီအချိန်ကြီး မီးတွေလင်းနေရတာလဲ။ သူဆက်မ

စဉ်းစားတော့ပဲ မှန်တံခါးကြီးကိုအသာအယာတွန်းဖွင့်၍ ဆန်ဒက်ကာအခန်းထဲသို့ ဝင်သွားလိုက်သည်။ အတွင်းရေးမှူးစားပွဲကို ဖြတ်လျှောက်နေစဉ်

သူ့နှာခေါင်းထဲတွင် ထူးခြားသော ရေမွှေးရနံ့တစ်ခု ရလာ၏။

အခန်းမီးများဖွင့်ဖို့ မီးခလုတ်ဆီသို့လက်လှမ်းလိုက်ချိန်မှာပင် သူ့ထံသို့လူတစ်ယောက် လှစ်ကနဲပြေးဝင်လာသည်ကို

မပီဝိုးတဝါးတွေ့လိုက်ရသည်။ ကျူးကျော်သူ၏ဦးခေါင်းသည် ဒတ်ပစ်၏ဝမ်းဗိုက်ကိုအရှိန်ပြင်းစွာဆောင့်မိသဖြင့် ဒတ်ပစ်သည်

အွတ်ကနဲအသံထွက်သွားပြီး နောက်သို့ယိုင်ထွက်သွား၏။ သူသည် ထိုသူခိုးအား လက်ရဖမ်းဆီးရန် ကြိုးစားသော်လည်း

အံ့အားသင့်ဖွယ်ကောင်းလောက်အောင် လျှင်မြန်ဖျတ်လတ်လှသော ထိုလူစိမ်းသည် သူ့လက်ထဲမှ လျှောကနဲလွတ်ထွက်သွားပြီး အခန်းထဲမှ

တဟုန်ထိုးပြေးထွက်သွားတော့သည်။

ခေါင်းဖြင့် အဆောင့်ခံထားရသဖြင့် အောင့်နေသောဝမ်းဗိုက်ကို လက်တစ်ဖက်ဖြင့်ဖိရင်း မီးခလုတ်ကိုစမ်း၍ ဖွင့်လိုက်သည်။

ဆန်ဒက်ကာ၏စားပွဲကို မျက်စိတစ်ချက်ဝေ့ကြည့်လိုက်ယုံဖြင့် သူသည် သူခိုး၏ရည်ရွယ်ချက်ကို သိလိုက်ပြီ။ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာသည်

အိမ်သို့မပြန်မီ စားပွဲပေါ်မှစာရွက်စာတမ်းအားလုံးကို အပြောင်ရှင်းတတ်သူဖြစ်၏။ ခု စားပွဲပေါ်တွင်ရှိနေရမည့် တစ်ခုတည်းသော

စာရွက်စာတမ်းဖြစ်သည့် ယယ်လဂါ၏ အစီရင်ခံစာမရှိတော့။

ဒတ်ပစ်သည် ဓါတ်လှေကားဆီသို့ ကမူးရှူးထိုးပြေး၏။ ဓါတ်လှေကားစောင့်ရင်း ဗိုက်အောင့်ပျောက်လိုပျောက်ငြား အသက်ပြင်းပြင်းရှူ၏။

ထို့နောက် အောက်ဆုံးထပ်ရှိ ကားပါတ်ကင်သို့ ဓါတ်လှေကားဖြင့် ဆင်းခဲ့တော့သည်။

ဓါတ်လှေကားတံခါးများ ကောင်းစွာမပွင့်မီ တိုးထွက်ခဲ့ပြီး သူ၏ မော်ဒယ်ဟောင်း ဖဒ္ဒိ
ဟော့ရော့ဒ်ကားကလေးရှိရာသို့ အမြန်ပြေးသွား၏။

လိုရမ်ကို ဘေးခုံပြောင်းထိုင်ခိုင်းပြီး ကားစက်နှိုး၍ တဟုန်ထိုးမောင်းထွက်ခဲ့တော့သည်။

"ဘာဖြစ်တာလဲမောင်၊ ရေးကြီးသုတ်ပြာနဲ့"

လိုရမ်၏အမေးကို ကားဂီယာပြောင်းရင်းက အမေးဖြင့်ပြန်တုန့်ပြန်လိုက်သည်။

"မောင့်အရင် ဓါတ်လှေကားထဲက တစ်ယောက်ယောက်ထွက်သွားတာ မြင်မိလား လိုရမ်"

"မြင်လိုက်တယ်။ သားရေဝတ်စုံ ဝတ်ထားပြီး သားမွေးကုတ်ကြီးခြုံထားတဲ့ မိန်းမတစ်ယောက်"

မိန်းမဆိုပဲ။ လိုရမ်ကတော့ မြင်တတ်ပ့ါ။ သူ့အမြင်စူးရှတာကိုပဲ ကျေးဇူးတင်ဖို့ကောင်းနေပြီ။
ဒတ်ပစ်သည် ကားကို မိုင်ကုန်ဖွင့်မောင်းရင်း

တွေးမိနေသည်။ ဖို့ဒ် ဟော့ရောဒ်သည် အသုံးလုံးဌာနချုပ် ဂိတ်တံခါးရှေ့တွင် ဆောင့်ရပ်လိုက်သည်။
အံ့သြတကြီးရပ်ကြည့်နေသော

ဂိတ်စောင့်ကြီးအား-

"သူဘယ်ဖက်ထွက်သွားလဲ" ဟုအလောတကြီးမေးလိုက်သည်။

"ခုနက တောင်ဖက်ကို ထွက်သွားတဲ့ ကားကိုပြောတာလားဆရာ၊ ဘာဖြစ်လို့လဲ၊ ရဲခေါ်လိုက်ရမလား"

"ဘာကားအမျိုးအစားလဲ"

"ခရိုင်စလား အမဲရောင်ခင်ဗျ"

"အမဲရောင် ခရိုင်စလား ၃၀၀အမ် မော်ဒယ်၊ ၂၅၃ မြင်းကောင်ရေ အင်ဂျင်၊ ရှစ်စက္ကန့်အတွင်း
တစ်နာရီမိုင်ငါးဆယ်နှုန်းထိ

အရှိန်တင်နိုင်တယ်" လိုရမ်က ဖြည့်ပြောလိုက်သည်။ ပစ်သည် လိုရမ့်ကို ကြည့်လိုက်ပြီး-

"တိကျလှချည်လား လိုရမ်၊ ဓါတ်ပုံများရိုက်ထားသလား အောက်မေ့ရတယ်"

"ကျွန်မမှာ အဲဒီကားမျိုးတစ်စီးရှိတယ်လေ၊ မောင်မေ့နေပြီလား၊ ဒါနဲ့ ခရိုင်စလာကို ရှင့်ဖို့ဒ် အစုတ်ကလေးနဲ့ လိုက်နိုင်လို့လား"

"အနေစုတ်ပေမဲ့ ရွေးထုတ်တဲ့မြပုဝါကွ၊ မောင့်ဖို့ဒ်ကို ၂၂၅ အင်ဂျင်တတ်ထားတာ" ပစ်သည် ကားမောင်းနေရင်း သူ့ကား

ကိုကြွားဖြစ်အောင်ကြွားလိုက်သေး၏။

ဖို့ဒ်ဟော့ရော့ဒ်သည် မြန်သည်ထက်မြန်လာ၏။ မြန်နှုန်းပြဒိုင်ခွက်တွင် တစ်နာရီမိုင်တစ်ရာနှုန်းပြနေပြီ။ ညကြီး

သန်းခေါင်တစ်နာရီအချိန်ဖြစ်သဖြင့် ယာဉ်သွားယာဉ်လာရှင်းလျှက်ရှိသည်။ မကြာမီ လင်းထိန်လျှက်ရှိသော လမ်းမီးရောင်များကြောင့်

ရှေ့မှမောင်းနေသော ခရိုင်စလာ အမဲရောင်ကားကို မြင်တွေ့ရလေပြီ။ အသုံးလုံးအကြီးအကဲ၏ ရုံးခန်းကို မွှေနှောက်ဝံ့သော ကျူးကျော်သူသည်

ခုလည်း ကမ်းခြေမှာအပန်းဖြေနေသည့်အလား ကား ကိုအေးအေးဆေးဆေး မောင်းနေ၏။

ဖို့ဒ်ဟော့ရောဒ့်ကားသည် ခရိုင်စလာကားနှင့် ကိုက်သုံးရာအကွာသို့ရောက်လာသောအခါ ပစ်သည်အရှိန်ကို လျှော့ချလိုက်ပြီး

ခရိုင်စလာကို မျက်ခြေမပြတ်ရုံမျှ မှေး၍မောင်းနှင်နေ၏။ ခရိုင်စလာကားသည် အခြေအနေမပျက် အေးဆေးစွာမောင်းနေသဖြင့် ဒတ်ပစ်သည်

စိတ်ချလက်ချလိုက်လာစဉ် ခရိုင်စလာသည် ပိုတိုမက်မြစ်ကို ဖြတ်ကူးသော ဖရန်စစ်စကော့ တံတားဆီသို့ ရုတ်တရက်ကွေ့ချလိုက်တော့သည်။

ပြောင်းလဲသွားသောအခြေအနေကြောင့် ဒတ်ပစ်သည် အနည်းငယ်စိတ်အနှောက်အယှက် ဖြစ်သွား၏။ သူလိုက်လာသည်ကို

ရန်သူသိသွားပြီ ထင်၏။ ခရိုင်စလာသည် တံတားပေါ်မှဆင်းဆင်းချင်း ဘယ်ဖက်ချိုး၏။ ထို့နောက် ညာဖက်သို့ထပ်ချိုးပြီး ဂျော့တောင်း

ရပ်ကွက်အတွင်းသို့ သုတ်ခြေတင်မောင်းသွားသည်။

"မောင်လိုက်လာတာ သူသိသွားပြီထင်တယ်" လိုရမ်သည် အမိုးဖွင့်ထားသဖြင့်
အတားအဆီးမဲ့ဝင်လာသော လေအေးကြောင့်

ခိုက်ခိုက်တုန်လျှက်က ဒတ်ပစ်အားပြောလိုက်သည်။

"ဟုတ်တယ်။ အတော်ပါးတဲ့ မိန်းမပဲ"

ခရိုင်စလာနှင့် ခြောက်ဆယ့်ငါးနှစ် သက်တမ်းရှိ ဖို့ဒ်ဟော့ရော့ဒ်တို့သည် ဂျော့တောင်းရပ်ကွက်၏
အကွေ့အကောက် များလှသော

လမ်းများပေါ်ဝယ် ကြောင်နှင့်ကြွက်သဖွယ် လိုက်တမ်းပြေးတမ်းကစားနေကြသည်။ ခုနစ်ဘလော့ခန့်
ကျော်ဖြတ်လာပြီးသည်အထိ

ပြေးသူကပြေးဆဲ၊ လိုက်သူကလည်း လိုက်ဆဲ။ အခြေအနေက ဗိုလ်နေမြဲ၊ ကျားနေမြဲ။

"မောင်တို့ တညလုံး ဒီလိုပဲ လုပ်နေတော့မှာလား"

အိပ်ရေးကလည်းပျက်၊ ချမ်းကလည်း ချမ်းလှသဖြင့် အောက်လွှတ်တော်အမတ်မင်း
လိုရမ်စမစ်တစ်ယောက် ထင်ရာလုပ်လေ့ရှိသော

လူရမ်းကားချစ်သူအပေါ် ရွှေစိတ်တော်ညိုစပြုချေပြီ။ စိတ်တော်ညိုရုံမကလို့ မည်းမည်း၊ ဒီအချိန်မှာ
ဒတ်ပစ်သည် လိုရမ်ကိုဂရုမစိုက်အား။

ရှေ့ကားကိုသာ မျက်ခြေမပြတ်အောင် အာရုံစိုက်နေ၏။

"မောင် ကျွန်မပြောနေတာ မကြားဖူးလား"

"တညလုံးတော့ မလုပ်ပါဖူးကွာ။ တစ်စီးစီး ဆီကုန်ရင်တော့ ရပ်သွားမှာပေါ့"

မကြာပါ။ လိုရမ်တောင့်တနေသော အချိန်သို့ရောက်လာတော့သည်။ ခရိုင်စလာကားကြီးသည်
ခြံဝင်းတစ်ခုရှေ့တွင် တုံ့ကနဲရပ်လိုက်ပြီး

ဒရိုင်ဘာသည်အတွင်းသို့လှစ်ကနဲ ဝင်ပြေးသွား၏။

"အောင်မယ်လေး၊ နောက်ဆုံးတော့ မိပြီကိုး" လိုရမ်သည် ဆိုဖာထိုင်ခုံပေါ်တွင် ကွေးနေရင်း ပြောလိုက်၏။

"ဒါထောင်ချောက်လည်း ဖြစ်နိုင်တယ် လိုရမ်" ပစ်က မဲမှောင်နေသော အိမ်အတွင်းသို့ ငေးကြည့်ရင်း လိုရမ်ကို ပြန်ပြောလိုက်သည်။

"ကဲ-အခုဘာလုပ်မှာလဲ။ ရဲကိုအကြောင်းကြားမလား"

"မကြားနဲ့၊ မင်းဆင်းပြီး တံခါးသွားခေါက်ကွာ"

လိုရမ်သည် ဒတ်ပစ်၏ အဖြေကိုကြားသောအခါ ဒေါပွသွားပြီး မသာကြီးဟု အသံတိတ်ဆဲလိုက်သည်။ ဒတ်ပစ်က မချိုမချဉ်ပြုံးရင်း-

"မောင်က ဒီလိုတောင်းဆိုရင် အချစ်က ငြင်းမယ်ဆိုတာ မောင်သိပြီးသားပါ အချစ်ရယ်" ဟု စဖြစ်အောင် စလိုက်သေး သည်။ ပြီးမှ-

"ဒီမှာ မောင့် ဂလိုဘယ်စတား ဂြိုလ်တုဖုန်းယူထား၊ ဆယ်မိနစ်နေလို့မှ မောင်ထွက်မလာရင် ရဲကိုလည်းခေါ်၊ ဗိုလ်ချုပ်ကြီးဆီလည်း

အကြောင်းကြား၊ အသံတစ်ခုခုကြားရင် ကားမောင်းပြေး၊ နားလည်တယ်နော်"

"ရဲကို အကြောင်းကြားပြီး ဖမ်းခိုင်းလိုက်ရင် ပြီးနေတဲ့ကိစ္စကို၊ မောင် လက်နက်ကောပါရဲ့လား"

ပစ်သည် သားရေလက်အိပ်နက် စွပ်ထားသော သူ့လက်ကြီးနှစ်ဖက်ကို ထောင်ပြရင်း-

"လက်နက်ပါတာပေါ့ကွာ။ ဒီမှာ လက်နှစ်ဖက်လုံး နက်နေတာပဲ" ဟုပြောရင်း ကားထဲမှ ဓါတ်မီးတစ်လက်ကို ယူ၍ မှောင်မဲနေသော

အိမ်ဆီသို့ဦးတည် လျှောက်လှမ်းသွားတော့သည်။

အတ္တလန်တစ် ရှာပုံတော် (၄၈)

ပစ်သည် ဓါတ်မီးကို အသုံးမပြုပါ။ လမ်းမီးများကြောင့် အိမ်နောက်ဖက်သို့သွားသော ကျောက်လမ်းကလေးကို မြင်နေရသည်။ ဤလို

အိမ်မျိုးတွင် လုံခြုံရေးစနစ်ထားရှိမည်မှာ သေချာလှသည်။ သို့ပေမဲ့ ကံကောင်းသည်က ခြံစောင့်ခွေးများမရှိခြင်းပင်။ အိမ်နောက်သို့

ရောက်သောအခါ နောက်ဖေးတံခါးပွင့်နေသည်ကို တွေ့လိုက်ရ၏။ ရန်သူသည်လည်း ဒီတံခါးကနေ အိမ်ထဲသို့ဝင်သွားသလား။ တစ်ဖက်က

ကားဂိုဒေါင်တံခါးသည်လည်း ဟဟလေး ပွင့်နေသည်ကို တွေ့ရသည်။

ရုတ်တရက် ကားဂိုဒေါင်ထဲမှ အင်ဂျင်စက်သံတစ်ခု ဆူညံစွာထွက်ပေါ်လာသည်။ အားကောင်းသည့် မော်တော်ဆိုင်ကယ် အင်ဂျင်သံ။

ပစ်သည် ကားဂိုဒေါင်နောက်တံခါးကို အလျှင်အမြန်ဆွဲဖွင့်၍ အတွင်းသို့ဝင်လိုက်သည်။ လိုရမ်ပြောသည့်အတိုင်း အနက်ရောင်

သားရေဝတ်စုံပိုင်ရှင်သည် ဆိုင်ကယ်ကိုမောင်းထွက်ရန်အသင့်၊ ပစ်သည် ဘာမှမစဉ်းစားတော့ပဲ ဆိုင်ကယ်သမားကို ခုန်အုပ်လိုက်သည်။

သူ့လက်မောင်းသည် ဆိုင်ကယ်သမား၏ လည်မျိုကို ညှစ်မိသည့်အခါ သူတို့နှစ်ယောက်လုံး ဆိုင်ကယ်ပေါ်မှ လဲကျသွား၏။

လိုရမ်ပြောတာမှန်သားပဲ။ ပစ်သည် နူးညံ့ပျော့ပျောင်းသောအထိအတွေ့ကြောင့် ရန်သူသည် အမျိုးသမီးဖြစ်ကြောင်း အသေအချာ

သိလိုက်ရသည်။ ကွန်ကရစ်ကြမ်းပြင်ပေါ်တွင် သူတို့နှစ်ဦးလုံးထွေးရစ်ပါတ်နေစဉ် စက်နှိုးထားသည့် မော်တော်ဆိုင်ကယ်သည် ကြမ်းပြင်တွင်

ဝိုင်းကြီးပါတ်ပါတ်လည်နေရင်းက ရှေ့ဘီးသည် သားရေဝတ်စုံဝတ် အမျိုးသမီး၏ ခေါင်းကိုလည်းကောင်း၊ လက်ကိုင်သည် ဒတ်ပစ်၏

တင်ပါးကိုလည်းကောင်း ဝင်ဆောင့်ပြီး ဆိုင်ကယ်သည်စက်ရပ်၊ အမျိုးသမီးသည်သတိမေ့၊ ဒတ်ပစ်သည် တင်ပါးပွန်းဆိုသည့် ဖြစ်ရပ်သုံးခု

တစ်ပြိုင်နက်ထဲ ပေါ်ပေါက်ခဲ့ လေသည်။

ပစ်သည် နာကျင်စွာ ဒူးထောက်လိုက်ရင်း လက်နှိပ်ဓါတ်မီးကို ရှာ၏။ ဓါတ်မီးသည် ကားဂိုဒေါင် နောက်တံခါးမှာ သူပစ်ချခဲ့သည့်

အတိုင်းတွေ့ရသည်။ ပစ်သည် ဓါတ်မီးရှိရာသို့ တွားသွား၍ ကောက်ယူလိုက်ပြီး မလှုပ်မရှက် ငြိမ်သက်နေသည့် သားရေဝတ်စုံဝတ် အမျိုးသမီး၏

မျက်နှာကို ဓါတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

ဆေးပညာရှင်များ၏အလိုအရ သွေးကြောထဲသို့ ရေခဲရေများ ထိုးမသွင်းမချင်း သွေးသည် ဘယ်သောအခါမှ မအေးဟု ဆို၏။ သို့သော်

အမျိုးသမီး၏ မျက်နှာကိုမြင်လိုက်ရသည့် တစ်ခဏတွင် ဒတ်ပစ်၏ နလုံးအိမ်မှ ညှစ်ထုတ်လိုက်သော သွေးများအားလုံး ရေခဲမှတ်အောက်

နှစ်ဒီဂရီခန့်ရောက်သည့်အထိ အေးခဲသွားသည်ဟု ခံစားလိုက်ရ၏။ သူသည် ဒူးထောက်လျှက်သား မှင်သက်ငေးမောရင်း သတိမေ့နေသူ

အမျိုးသမီးကို ငေးကြည့်နေမိသည်။ ထိုမျက်နှာကို သူဘယ်တော့မှမမေ့။ အကြောင်းမူကား ထိုမျက်နှာသည် ရေအောက်ရှိ ယူ-၂၀၁၅မှ

သူဆယ်ယူခဲ့သည့် အမျိုးသမီးအလောင်း၏ မျက်နှာဖြစ်နေသောကြောင့်ပင်။

(၂၆)

အခြားသော အဆင့်မြင့်အစိုးရ အရာရှိကြီးများ၊ ကုမ္ပဏီကြီးများမှ အမှုဆောင်အရာရှိချုပ်များနှင့် ကွဲပြားခြားနားစွာပင် ဗိုလ်ချုပ်ကြီး

ဂျိမ်းဆန်ဒက်ကာသည် အစည်းအဝေးသို့ အခြားသူများထက်အရင်ရောက်မှ ကျေနပ်လေ့ရှိသူဖြစ်၏။ သူ သည် သတင်းအချက်အလက်မှန်သမျှကို

ဦးစွာသိအောင် ကြိုးစား၍ အစည်းအဝေးကို အမြဲတမ်းဦးဆောင်လေ့ရှိ သည်။ ရေတပ်ကို ကွပ်ကဲရစဥ်ကတည်းက ရရှိခဲ့သော ဤအလေ့အထကို

ခုထိ စွဲမြဲစွာ ကျင့်သုံးနေဆဲ။

အစည်းအဝေးကျင်းပရန် သူ့တွင် ခမ်းနားကြီးကျယ်သော ကွန့်ဖရန့်ခန်းမကြီးရှိသော်လည်း အရေးကြီးသည့် တံခါးပိတ် အစည်း အဝေး

များအတွက် သူ့ရုံးခန်းနှင့်ကပ်လျက်ရှိသော လုံခြုံစိတ်ချရသည့် အခန်းငယ်လေးကိုသာ အမြဲတမ်းအသုံးပြုလေ့ရှိသည်။

သားရေထိုင်ခုံများပါတ်လည် ဝိုင်းလျက်ရှိသော ဆယ့်နှစ်ပေရှိသည့် မဟော်ဂနီရောင် ဘဲဥပုံစားပွဲကြီးတွင် တစ်ယောက်တည်းထိုင်လျက်

စာဖတ်နေသော ဆန်ဒက်ကာသည် အမျိုးသားအဏ္ဏဝါဗေဒအေဂျင်စီ၏ အာဏာအရှိဆုံးပုဂ္ဂိုလ်ကြီးဖြစ်သည်။ ယခုဆိုလျှင် သူ့လက်အောက်တွင်

လူနှစ်ထောင်ကျော်သည် အဏ္ဏဝါသုတေသနလုပ်ငန်းအမျိုးမျိုးနှင့် အော်ပရေးရှင်းမျိုးစုံလုပ်ကိုင်လျက်ရှိကြသည်။

ဒတ်ပစ်နှင့် ပက်ထရစ်ရှာ အိုကွန်းနယ်လ်တို့ဝင်လာသောအခါ ဆန်ဒက်ကာသည် မတ်တပ်ရပ်၍ ကြိုဆို၏။ ဒတ်ပစ်ကို

ဖက်လဲတကင်းနှုတ်ဆက်၏။ နှစ်ပေါင်းများစွာကြာအောင် ဆက်ဆံခဲ့ကြသော သူတို့နှစ်ဦးသည် ဆရာ-တပည့် ပုံစံ ထက် သားအဖအနေအထားမျိုး

ရင်းနှီးကျွမ်းဝင်လှသည်။

"ထိုင်ပါ ဒေါက်တာ အိုကွန်းနယ်လ်၊ ခင်ဗျားနဲ့ ဟီရမ်တို့လုပ်ခဲ့တဲ့ အကြောင်းအရာတွေကို ကျွန်တော်သိချင်လှပြီ" ဆန်ဒက်ကာ က

ပက်ထရစ်ရှာကို နှုတ်ဆက်လိုက်သည်။

မကြာမီ ဂျီယိုဒီနီ နှင့် ယယ်လဂါတို့ရောက်ရှိလာကြသည်။ ထင်ရှားသည့် ရှေးဟောင်းသုတေသနနှင့် သမိုင်းပညာရှင် တစ်ဦးဖြစ်သည့်

ဒေါက်တာ ဂျွန်စတီဖင်လည်းရောက်လာသည်။ ဒေါက်တာစတီဖင်သည် ပလတ်စတစ်သေတ္တာကြီး တစ်လုံးကိုသယ်ဆောင်လာပြီး

သူ့ကုလားထိုင်နားတွင်ချထားလိုက်သည်။

ဆန်ဒက်ကာသည် သူ၏ စပါယ်ရှယ်ဆေးပြင်းလိပ်သေတ္တာထဲမှ လက်ရွေးစင်ဆေးလိပ်တစ်လိပ်ကို ယူ၍စိမ်ပြေနပြေ မီးညှိရင်း ဂျီယိုဒီနီကို

တစ်ချက်စောင်းကြည့်လိုက်သည်။ ဒီနေ့တော့ သူ့ဘော့စ်ကို စိတ်အနှောင့်အယှက်မပေးလိုသောကြောင့် ဂျီယိုဒီနီသည်

ခိုးထားသောဆေးပြင်းလိပ်ကို ထုတ်မသောက်တော့။

ယယ်လဂါနှင့် ပက်တို့သည် အလွန်အမင်း ပင်ပန်းမှုကြောင့် မျက်နှာများချောင်ကြလျက်ရှိသည်။ ကြိုတင်ဝေငှထားပြီး ဖြစ်သော သူတို့၏

တွေ့ရှိချက် များကို ဝေဖန်ချက်ပေးကြရန် ဆန်ဒက်ကာက ပြောသောအခါ ဂျီယိုဒီနီက-

"ဟား၊ ဖတ်လို့သိပ်ကောင်းတာပဲ ဗိုလ်ချုပ်ကြီးရဲ့၊ ဒါပေမဲ့ သိပ္ပံဝတ္ထုတွေထဲမှာတော့ အိုက်ဆစ်အာစီမော့ရဲ့ လက်ရာတွေ

ကိုတော့မမှီသေးဖူး" ဟုဦးစွာပထမ ပြောချလိုက်၏။

ယယ်လဂါဒေါပွသွားသည်။ ဂျီယိုဒီနီကို ပေစောင်းကြည့်ရင်း-

"ဒါသိပ္ပံဝတ္ထုမဟုတ်ဖူး ဆိုတာကျုပ်အသက်နဲ့ရင်းပြီး အာမခံတယ်" ဟုပြောလိုက်သည်။

"ခင်ဗျားရဲ့ ရှေးဟောင်းလူ၊ ပင်လယ်သားတွေက သူတို့ကိုသူတို့ ဘယ်လိုခေါ်ခဲ့ကြသလဲ။ သူတို့ယဉ်ကျေးမှုကို အတ္တလန်တစ်

ဆိုတဲ့နာမည်အစား ဘယ်လိုတွေ့ရသလဲ" ဒတ်ပစ်ကမေးလိုက်သည်။

ပက်ထရစ်ရှာသည် ဖိုင်တစ်ခုကိုဖွင့်လိုက်ပြီး-

"ကျွန်မ ဘာသာပြန်ထားသလောက်ပြောရမယ်ဆိုရင် သူတို့ကိုယ်သူတို့ အားမီးနီးစ်လို့သုံးနှုန်းကြတယ်ရှင့်"

"အားမီးနီးစ်ဆိုတော့ ဂရိစကားနဲ့တူသလိုပဲ"

"ဟုတ်ပါတယ်၊ ဂရိနဲ့ အီဂျစ်ဘာသာစကားတွေဟာ ဒီစကားလုံးတွေကနေတဆင့် ဆင်းသက်တာလို့ ယူဆရတယ်"

ဆန်ဒက်ကာ ကသ္တူဆေးပြင်းလိပ်ကြီးဖြင့် သမိုင်းပညာရှင်ကို ညွှန်ပြလိုက်ပြီး-

"ဒေါက်တာ စတီဖင်၊ ခင်ဗျား အော့ပ်ဆီဒီယန်ခေါင်းခွံတွေကို စစ်ဆေးပြီးပြီထင်တယ်"

ဒေါက်တာစတီဖင်က ခေါင်းညိတ်လိုက်ရင်း ပလတ်စတစ်သေတ္တာကိုဖွင့်၍ အော့ပ်ဆီဒီယန်ခေါင်းခွံတစ်ခုကို ထုတ်ယူ

ပြီးစားပွဲပေါ်တင်လိုက်သည်။

"အင်မတန်ကောင်းတဲ့ လက်ရာပါပဲ၊ အားမီးနီးစ်လူမျိုးတွေရဲ့ အံ့မခန်းတဲ့ အနုပညာလက်ရာလို့ ဆိုချင်လည်း ဆိုနိုင် တယ်"

"ဒါကို ခုခေတ်နည်းပညာနဲ့ ပြန်လုပ်မယ်ဆို ဘယ်လောက်ကြာမလဲ"

စတီဖင်သည် ခေါင်းခါလိုက်၏။

"ခုခေတ်နည်းပညာ ဘယ်လောက်သုံးသုံး ဒါမျိုးအတိအကျ တထပ်တည်းကျအောင် ပြန်မလုပ်နိုင်ပါဘူးခင်ဗျာ၊ လူကြီးမင်းတို့

စိတ်ဝင်စားလောက်တဲ့ ကိစ္စတစ်ခုတော့ ကျွန်တော်ပြပါရစေ"

ပြောပြောဆိုဆို စတီဖင်သည် ပုလင်းအဖုံးဖွင့်သကဲ့သို့ ခေါင်းခွံကို ဖြည်းညှင်းစွာလှည့်လိုက်ရာ ခေါင်းခွံ၏အပေါ်ပိုင်း ကျွတ်ထွက်လာ၏။

အတွင်းမှ လိမ္မော်သီးအရွယ်ခန့်ရှိ ကမ္ဘာလုံးပုံသဏ္ဍာန် အလုံးလေးတစ်လုံးကို သတိကြီးစွာယူ လိုက်ပြီး စားပွဲပေါ်အသာအယာတင်လိုက်သည်။

"ခေါင်းခွံကို မှန်ဘီလူးနဲ့အထပ်ထပ် အခါခါကြည့်တော့မှ ကျွန်တော်ဒီဆက်ကြောင်းကိုတွေ့တာခင်ဗျ၊ သာမာန်မျက်စိနဲ့ဘယ်လိုမှ

မတွေ့နိုင်ဘူး၊ ဒီကမ္ဘာလုံးပုံစံငယ်လေးမှာ ကမ္ဘာ့မြေပုံသဘောမျိုး အရေးအကြောင်းတွေတွေ့ရ တယ်။ ဒီမှာ မှန်ဘီလူးနဲ့ကြည့်ကြပါ"

ဒတ်ပစ်သည်အရင်ဆုံးကြည့်၏။ တစ်မိနစ်ခန့်ကြည့်ပြီးနောက် သူသည် ကမ္ဘာလုံးကို ဆန်ဒက်ကာအား ပေးလိုက် သည်။

ဗိုလ်ချုပ်ကြီးကြည့်နေစဉ် စတီဖင်က-

"ကိုလိုရာဒိုနဲ့ စိန့်ပေါလ်ကျွန်းက ဓါတ်ပုံတွေနဲ့တိုက်ကြည့်တော့ ဒီကမ္ဘာ့မြေပုံဟာ အဲဒီအထောက်အထားများနဲ့ တထပ်တည်းကျတာ

တွေ့ရတယ်။ အခုခေတ် ပထဝီမြေမျက်နှာပြင်အနေအထားနဲ့ အတော်လေးခြားနားတာ တွေ့ရတယ်"

ပစ်ကခေါင်းညိတ်ရင်း-

"ဟုတ်တယ်။ ဒါကိုကျွန်တော်လည်း သတိထားမိတယ်"

ဂျီယိုဒီနိုက စားပွဲကို လက်ဖြင့်တောက်ရင်း-

"ဆိုတော့ ဒါက ဘာကိုဆိုလိုတာလဲ၊ ဒီလူတွေ မြေပုံမဆွဲတတ်လို့တော့ ဟုတ်ပုံမရဘူး"

"ဒီလူတွေဟာ အဲဒီအချိန်က ကမ္ဘာပေါ်မှာရှိသမျှ ပင်လယ်ပြင်တွေမှာ ခရီးသွားခဲ့ဖူးပြီ၊ ဒီမြေပုံကို အသေးစိတ်လေ့လာ ကြည့်ရင် သူတို့ဟာ

ဩစတေးလီးယား၊ ဂျပန်နဲ့ မြောက်အမေရိကတိုက်ကိုပါ ထည့်ဆွဲထားတာတေလွှဲမှာမယ်၊ ဒါလွန်ခဲ့တယ် နှစ်ကိုးထောင်က လုပ်ခဲ့တာနော်"

စတီဖင်၏ စကားကို ပက်ထရစ်ရှာက ဖြည့်စွက်၍-

"အားမီးနီးစ် တွေဟာ ပလေတိုပြောခဲ့တဲ့ အတ္တလန်တစ်လို သီးခြားကျွန်းကြီးတစ်ကျွန်း၊ တိုက်ကြီးတစ်တိုက်မှာ နေတာ မျိုး မဟုတ်ဖူး၊

တစ်ကမ္ဘာလုံး ဖြန့်ကျက်စီးပွားရှာနေကြတဲ့လူမျိုးတွေ၊ သူတို့ဟာ ပင်လယ်ပြင်ကတစ်ဆင့် နေရာအနှံ့ ကိုရောက်ခဲ့တယ်။ အမေရိက ဖြစ်မဲ့နေရာမှာ

စိန့်လော့ရင့်မြစ်ကနေ မီရှီဂန်အထိ ကြေးနီတူးခဲ့တယ်၊ ဘိုလီးဗီးယားနဲ့ ပြီတိသျှ ကျွန်းစုတွေမှာ ခဲမဖြူတူးတယ်၊ အမေရိက

အနောက်တောင်သဲကန္တာရမှာတွေ့ရတဲ့ ကျောက်ပြာတွေ၊ ဩစတေးလီးယား ကမ်းရိုးတန်းမှာတွေ့ရတဲ့ သနတာကျောက်နက်တွေ အားလုံးကို

ကျွန်မတို့ ကိုလိုရာဒိုနဲ့ စိန့်ပေါလ် ကျွန်းက အားမီးနီးစ်အခန်းတွေထဲမှာတွေ့ခဲ့ရတယ်၊ သူတို့ဟာ ကမ္ဘာဦးလူသားတွေကို ကျောက်ခေတ်ကနေ

ကြေးနီ ခေတ်ရောက်အောင် အဆင့်မြှင့်ပေးခဲ့တဲ့ စွန့်ဦးတီထွင် မျိုးနွယ်တွေလို့ကျွန်မတော့ ကောက်ချက်ချချင်တယ်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ၊

သူတို့ ရွှေတို့ငွေတို့တော့ မရှာခဲ့ကြဖူး"

ပစ်က ခေါင်းညိတ်ရင်း-

"ဘယ်လိုပဲ ဖြစ်ဖြစ်၊ သေချာတာတစ်ခုကတော့ အားမီးနီးစ်တွေဟာသင်္ဘောဆောက်တဲ့ အတတ်ပညာကို ကောင်းကောင်း

တတ်တယ်ဆိုတာပဲ"

"ဟုတ်တာပေါ့ရှင်၊ ဒါကြောင့် သူတို့ဟာ ဆိပ်ကမ်းမြို့တွေပဲ တည်ခဲ့ကြတာပေါ့၊ ဓါတ်ပုံအထောက်အထားတွေအရ မက္ကဆီကို၊ ပီရူး၊

အိန္ဒိယ၊ တရုတ်၊ ဂျပန်နဲ့ အီဂျစ်မှာ သူတို့ဆိပ်ကမ်းမြို့အနည်းဆုံး နှစ်ဆယ်ကျော်တည်ခဲ့ကြတယ်။ အများစုက အိန္ဒိယသမုဒ္ဒယာထဲမှာ၊ အချို့က

ပိစိဖိတ်သမုဒ္ဒယာဖက်မှာ"

"ဟုတ်တယ်၊ ဒီကမ္ဘာလုံးမြေပုံမှာလည်း အဲဒီလိုအမှတ်အသားတွေ တွေ့ရတယ်" ဒေါက်တာ စတီဖင်က ဒေါက်တာ အိုကွန်းနယ်လ်၏

တင်ပြချက်ကို ထောက်ခံလိုက်သည်။

"ဆိုတော့ သူတို့ရဲ့ယဉ်ကျေးမှုဟာ နောက်ပိုင်း ယဉ်ကျေးမှုတွေလို မြေထဲပင်လယ်ကို ဗဟိုပြုထားတာမဟုတ်ဖူးပေ့ါ" ဗိုလ်ချုပ်ကြီး

ဆန်ဒက်ကာက မေးလိုက်သည်။

စတီဖင်က ခေါင်းယမ်းရင်း-

"အားမီးနီးစ်ခေတ်က မြေထဲပင်လယ်မရှိသေးဘူး ဗိုလ်ချုပ်ကြီး၊ လွန်ခဲ့တဲ့နှစ်ကိုးထောင်က ခုကျွန်တော်တို့သိနေတဲ့

မြေထဲပင်လယ်ဆိုတဲ့နေရာဟာ အင်မတန်မြေသြဇာကောင်းတဲ့ချိုင့်ဝှမ်းဒေသတစ်ခုပဲ၊ မြောက်ပင်လယ်ဆိုတာမြေပြန့်ဒေသတစ်ခု၊

ဗြိတိသျှကျွန်းစုဟာလည်း အဲဒီအချိန်က ဥရောပတိုက်နဲ့ဆက်နေတယ်ခင်ဗျ၊ ဘောလ်တစ်ပင်လယ်ကလည်း ပင်လယ်ရေမျက်နှာပြင်အထက်က

တောင်ကြားဒေသတစ်ခုပဲ၊ ဂိုဘီနဲ့ ဆာဟာရ သဲကန္တာရနေရာ တွေကတော့ သားကောင်ပေါတဲ့ သစ်တောတွေပေ့ါဗျာ၊ ခုခေတ်နဲ့ သိပ်ကွာပါတယ်"

ဆန်ဒက်ကာက မျက်မှောင်ကြုတ်ရင်း-

"အဲဒါဆို ဘယ်လိုဖြစ်သွားတာလဲ"

ယယ်လဂါက လည်ချောင်းရှင်းလိုက်သည်။ သူ့အလှည့်ရောက်ပြီ။

"ခရစ်တော်မပေါ်ခင် နှစ်ပေါင်းခုနစ်ထောင်လောက်က ကမ္ဘာပေါ်ကြွေကျလာတဲ့ ကြယ်တံခွန်ကြီးတစ်ခုရဲ့ ပယောဂကြောင့်

သူတို့ရဲ့ယဉ်ကျေးမှုကြီးတစ်ခုလုံး အလုံးစုံပျက်သုဉ်းခဲ့ရတယ်။ ဂျီဘရော်လ်တာကနေ မော်ရိုကိုလောက်အထိ မြေကြီးဟာအက်ကွဲသွားပြီး

မြေထဲပင်လယ်ဆိုတာပေါ်ပေါက်ခဲ့ရတယ်။ ဆိပ်ကမ်းမြို့တွေအားလုံးလည်း ပျက်စီးကုန် တယ်"

"ဒါထက်ပိုဆိုးတာကတော့————-" ယယ်လင်္ဂါသည် သူ့စကားလေးနက်သည်ထက် လေးနက်စေရန် အလို့ငှာ ခေတ္တရပ်လိုက်ပြီး

အားလုံးကိုကြည့်လိုက်သည်။ သူ့စကားကို အားလုံးက အာရုံစူးစိုက်၍ နားထောင်နေကြသည်။

"အားမီးနီးစ်တွေဟာ ကြယ်တံခွန်ကြောင့်ဖြစ်တဲ့ ပျက်စီး၊ ဆုံးရှုံးမှုတွေအားလုံးကို အသေးစိတ်မှတ်တမ်းတင်ခဲ့တယ်။

ဒီဖြစ်ရပ်ကြီးအပြီးမှာ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ လက်တစ်ဆုပ်စာ အားမီးနီးစ်တွေဟာ တောင်ပေါ်ဒေသတွေကို ပြောင်း ရွှေ့နေထိုင်ခဲ့ကြတယ်"

စတီဖင်က လည်ချောင်းရှင်းလိုက်ပြီး-

"မီဆိုပိုတေးမီးယားမှာတွေ့ခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ငါးထောင်လောက်က ဆူမာရီယန်ကျောက်စာတွေမှာရော၊ မေယန်ခေတ်

ကျောက်ထိုးစာတွေမှာရော၊ ဘာဘီလိုနီးယန်း ဘုန်းကြီးတွေရဲ့ လက်ရေးမူတွေမှာရော ကပ်ဆိုက်မှုအကြောင်းတွေ ပါနေထောက်ရင် ဒီဖြစ်ရပ်ဟာ

တကယ်ဖြစ်ခဲ့တာလို့ ကောက်ချက်ချလို့ရတဲ့သဘောပဲ၊ ဝမ်းနည်းစရာကောင်းတာ ကတော့ ဒီဘေးဒုက္ခကပ်တွေဟာ ရှေးခေတ်ရဲ့ အသိပညာ ၉၉

ရာနှုန်းလောက်ကို သူတို့နဲ့အပါခေါ်သွားခဲ့ကြတယ်"

ယယ်လင်္ဂါက အားလုံးကိုကြည့်လိုက်ပြီး-

"အားလုံးတော့ အပါမခေါ်ပါဘူး၊ ဒေါက်တာစတီဖင်၊ အားမီးနီးစ်တွေဟာ နောင်လာနောက်သားတွေအတွက်

အမှာစကားထားခဲ့သေးတယ်၊ နောင်နှစ်ထောင်ပေါင်းများစွာကြာလို့ သိပ္ပံပညာတိုးတက်လာတဲ့အခါ သူတို့ရဲ့ အမှာစကားကို လူသားတွေ

အဓိပ္ပါယ်ဖော်နိုင်လိမ့်မယ်လို့လည်း ယုံကြည်ကြပုံရပါတယ်"

"ဘာအမှာစကားလဲ ဟီရမ်" ဆန်ဒက်ကာက သိချင်စိတ်ပြင်းပြစွာမေးလိုက်သည်။

"ဒုတိယ ကြယ်တံခွန်ကြီး ကမ္ဘာမြေကို တစ်ကျော့ပြန်လာပြီး နောက်တစ်ကြိမ်ဖျက်ဆီးမယ့် အချိန်ပါ ဗိုလ်ချုပ်ကြီး"

"သေချာလှချည်လားကွ"

"ကြယ်တံခွန်နှစ်ခု ကမ္ဘာပေါ်ကို တစ်ချိန်တည်းကျလာရာမှာ တစ်ခုကဝင်တိုက်မိပြီး နောက်တစ်ခုက အာကာသထဲ

ပြန်လည်ထွက်သွားတယ်လို့ ကျောက်စာမှာဖော်ပြထားတယ်ခင်ဗျ၊ အားမီးနီးစ်တွေဟာ နက္ခတ်ပညာနဲ့ သင်္ချာပညာမှာလည်း ပါရဂူမြောက်သူတွေပဲ

ဗိုလ်ချုပ်ကြီး၊ သူတို့ဟာ ကမ္ဘာကို ကြယ်တံခွန် နောက်တစ်ကြိမ်ဝင်တိုက်မဲ့ ရက်၊လ၊နှစ် အတိအကျကို ကျောက်စာမှာဖော်ပြခဲ့တယ်၊ အဲဒါကတော့

၂၀၁၁ ခုနှစ် မေလ ၂၀ ရက်နေ့တဲ့ခင်ဗျား"

ဆန်ဒက်ကာ မျက်လုံးများဆန်ကောလောက်ပြူးသွားသည်။ အစည်းအဝေးခန်းမထဲရှိ ကျန်သူများအားလုံးလည်း လှုပ်လှုပ်ရွရွ

ဖြစ်ကုန်သည်။

"သောက်ကျိုးနည်း၊ မင်းပြောတဲ့အတိုင်းဆို နောက်နှစ်လနေရင် ကမ္ဘာပျက်ပြီပေါ့"

ယယ်လ်ဂါက ခေါင်းကို ဖြည်းလေးစွာညိတ်လိုက်ရင်း-

"အဲဒီအတိုင်း အတိအကျပါပဲ ဗိုလ်ချုပ်ကြီး" ဟုပြောလိုက်တော့သည်။

အတ္တလန်တစ် ရှာပုံတော် (၄၉)

အစည်းအဝေး ပြီးသောအခါ ပစ်သည် သူ့ရုံးခန်းသို့ပြန်၏။ ရုံးခန်းထဲတွင် သူ၏ သက်တော်ရှည် အတွင်းရေးမှူးမလေး ဇာရီပိုချင်စကီးကို

အရုံသင့်တွေ့ရသည်။ လက်စ်ဗီးဂတ် ကချေသည်တို့၏ကိုယ်လုံးမျိုးနှင့် အမြဲပြုံးနေသော ဤကောင်မလေးကို ပစ် ချစ်ချင်လှသော်လည်း

အလုပ်ချိန်မှအပ သူမနှင့်ဝေးဝေးနေနိုင်အောင် ခုချိန်ထိမနိုင်ရင်ကာ ကြိုးစားနေရသည်။ ရုံးတွင်းအချစ်ဇာတ်လမ်းများက အခန့်မသင့်လျှင်

ကပ်ဆိုက်သည်ထက် ဆိုးနိုင်သည် မဟုတ် လား။ဇာရီက သူ့ကို ဖုံးနံပါတ်ရေးထားသော စာရွက်တစ်ရွက်လှမ်းပေးရင်း-

"အက်ဖ်ဘီအိုင် အထူးအေးဂျင့် ကန်ဟိန်းဖုန်းဆက်တယ်ဆရာ၊ သူ့ကို ပြန်ခေါ်ပါတဲ့၊ ဆရာ အစိုးရနဲ့ ပြဿနာ တက်ပြန်ပြီလား"

ဟုမေးလိုက်သည်။

ပစ်သည် ဇာရီကို ပြုံးပြလိုက်ပြီး-

"ညည်းသိတဲ့အတိုင်း ကိုယ်က အမြဲတမ်းအစိုးရနဲ့ ပြဿနာတက်နေတဲ့ကောင်"
ဟုပြန်ပြောလိုက်သည်။

ဇာရီက မျက်တောင် ပုတ်ကလတ် ပုတ်ကလတ် လုပ်ပြရင်း-

"ဆရာ ကျွန်မကို တဟီတီကမ်းခြေ ခေါ်သွားမယ်ပြောထားတာ ကျွန်မ ခုထိစောင့်နေတုန်းနော်" တဲ့။

ဒတ်ပစ်သည် ဇာရီ့ထံမှ ပျံလွင့်လာသော ရှန်နယ်ရေမွှေး၏ အန္တရာယ်ရန့် စက်ကွင်းလွတ်သည်အထိ မသိမသာ နေရာပြောင်းလိုက်ပြီး-

"အလုပ်လုပ်လိုက်ဦးမယ်ဟေ့" ဟုစကားလွှတ်လိုက်သည်။

ပြီးနောက် နေရာလွတ် တစ်လက်မမကျန်အောင် စာအုပ်များ၊ စာရွက်စာတမ်းများ၊ မြေပုံများ၊ ဓါတ်ပုံများ ပြန့်ကျဲ ရှုပ်ပွ နေသည့်

သူ့အခန်းထဲသို့ ဝင်သွားပြီး ကန်ဟိန်း၏ ဖုန်းနံပါတ်ကို ခေါ်ဆိုလိုက်သည်။

တစ်ဖက်မှ- "ဟုတ်ကဲ့" ဟူသောအသံထွက်လာသည်။

"မစ္စတာဟိန်းလား၊ ကျွန်တော် ဒတ်ပစ်ပါ"

"ဟုတ်ကဲ့၊ ဖုန်းပြန်ခေါ်တာ ကျေးဇူးတင်တယ် မစ္စတာပစ်၊ ခင်ဗျား အန္တာတိကက သယ်လာတဲ့ အမျိုးသမီးအလောင်း ကို စစ်ဆေးပြီးပြီ

ဆိုတာ အကြောင်းကြားတာပါ"

"မြန်လှချည်လားဗျ"

"မြန်ဆို ကျွန်တော်တို့မှာ ကွန်ပျူတာ ဓါတ်ပုံမှတ်တမ်းတင်စနစ်ရှိနေတာကိုး၊ ရှိပြီးသား လက်ဗွေဘဏ်ရယ်၊ ဒီအန်အေစနစ်ရယ်

ပေါင်းလိုက်တော့ ဒီအမျိုးသမီးရော၊ ဟိုတစ်နေ့က ခင်ဗျားဖမ်းခဲ့တဲ့ အသုံးလုံးဌာနချုပ်ထဲ ဝင်မွှေတဲ့ အမျိုးသမီးရော ဘယ်သူတွေဆိုတာကို

မိနစ်နှစ်ဆယ်အတွင်း သိရတော့တာပေါ့"

"ဒါဆို"

"သေသူက ဟေဒီ ဝုဖ်တဲ့၊ ရှင်သူက အယ်လ်ဆီဝုဖ်"

"အမြွှာလား"

"အမြွှာတော့ မဟုတ်ဘူးဗျ၊ ဝမ်းကွဲ ညီအမတွေပဲ၊ အင်မတန်ချမ်းသာတဲ့ မိသားစုပိုင် ကော်ပိုရေးရှင်းကြီးတစ်ခုရဲ့ ထိပ်တန်း

အရာရှိတွေပဲ"

ဝုဖ်၊ ဝုဖ်၊ ပစ် ခဏစဉ်းစားလိုက်သည်။

"ဒါဆို၊ အာဂျင်တီးနာက ကံကြမ္မာ အင်တာပရိုက်စ်ရဲ့ အမှုဆောင်အရာရှိချုပ် ကားလ်ဝုဖ်နဲ့များ ဆက်စပ်မှု ရှိနေ သလား"

ကန်ဟိန်းက ချက်ချင်းပြန်မဖြေ၊ အတန်ကြာမှ-

"ကြည့်ရတာ ခင်ဗျားက ကျွန်တော်တို့ထက် ပိုသိနေတယ်ထင်တယ် မစ္စတာပစ်ရေ၊ ဟုတ်တယ်ဗျ၊ ဟေဒီက ကားလ်ဝုဖ်ရဲ့ ညီမအရင်း၊

အယ်လ်ဆီက ဝမ်းကွဲ၊ သူတို့လုပ်ငန်းကလည်း ကံကြမ္မာ အင်တာပရိုက်စ်ဆိုတာ မှန်တယ်၊ မိသားစုပိုင် ဥစ္စာခနေက ဒေါ်လာ ဘီလီယံ

နှစ်ရာ့တစ်ဆယ်အထိရှိတယ်"

"ဒါဆို ဘာလို့ ဒီလောက်ချမ်းသာတဲ့ မိန်းမတွေက ရေငုပ်လိုငုပ်၊ သူခိုးလို လုပ်ကြရတာလဲ"

"ခင်ဗျား အဲဒီအဖြေကို သိတဲ့အခါ ကျွန်တော့်ကိုလည်း ပြောပြမယ်လို့ မျှော်လင့်ပါတယ် မစ္စတာပစ်"

"ခု အယ်လ်ဆီ ဘယ်မှာလဲ"

"မောင့် ဗာနွန်ကောလိပ်နားက အဖွဲ့ပိုင် ဆေးခန်းလေးမှာ အစောင့်အရှောက်နဲ့ ထားထားတယ်"

"ကျွန်တော် သူ့ကို စကားသွားပြောချင်တယ်"

"ကျွန်တော်တို့ ဖက်ကတော့ ပြဿနာမရှိပါဘူး၊ ဆေးခန်းတာဝန်ခံကိုတော့ ကြိုပြောထားဖို့လိုတယ်။ သူ့နာမည်က ဒေါက်တာ

အာရွှန်ဘဲလ်၊ ကျွန်တော် ဖုံးဆက်ထားလိုက်မယ်လေ"

"သူအခု သတိရော ရရဲ့လား"

"သတိရပါတယ်၊ ခင်ဗျားက သူ့ကို ခေါင်းရိုက်ခွဲလိုက်လို့ ခေါင်းနည်းနည်း ပေါက်သွားတာပဲ ရှိတယ်"

"ကျွန်တော် မရိုက်ပါဘူး၊ ကာလဝိဘတ် နောက်ပိုးတက်ပြီး သူ့ဆိုင်ကယ်နဲ့ သူပြန်ရိုက်မိတာ"

"ဘာဖြစ်ဖြစ်ပေါ့လေ၊ အယ်လ်ဆီဟာ အတော့်ကို ခေါင်းမာတာတော့ အမှန်ပဲ၊ ကျွန်တော့် လူတွေမေးတာတော့ တစ်လုံးမှ

ပြန်မပြောဘူးဗျ"

"ဟောဒီ သေပြီဆိုတာ သူသိသလား"

"သိတယ်"

"အင်း- ဟုတ်တော့နေပြီဗျ"

"ဘာဟုတ်တာလဲ မစ္စတာပစ်"

"ဟောဒီကို ရေအောက်ကနေ ကျွန်တော်သယ်လာတာလို့ပြောလိုက်ရင် သူ့မျက်နှာဘယ်လို ဖြစ်သွားမလဲ ကျွန်တော် သိချင်လှပြီ၊

သွားတွေ့လိုက်တော့မယ်၊ ဂွတ်ဘိုင် မစ္စတာ ကန်ဟိန်း"

ဒတ်ပစ်သည် ဖုန်းချလိုက်ပြီး အသုံးလုံးရှုံးချုပ်မှ ကန်ဟိန်းပြောသော ဆေးခန်းသို့ အမြန်ထွက်ခဲ့သည်။ ဆေးခန်းတာဝန်ရှိသူများက သူ့ကို

ဒေါက်တာ အာရွှန်ဘဲလ်၏ ရုံးခန်းသို့လိုက်ပို့ကြသည်။ တကယ်တော့ ပစ်သည် အရင်ကတည်းက ဒေါက်တာ ဘဲလ်နှင့် ကင်ဆာဖောင်ဒေးရှင်း

အလှူပွဲပေါင်းများစွာမှာ တွေ့ဖူးခဲ့ပြီးဖြစ်၏။ သူ့အဖေ အထက်လွှတ်တော်အမတ် ဂျော့ပစ်နှင့် အာရွှန်ဘဲလ်တို့သည် လူရင်းများဖြစ်ကြသည်။

ဒေါက်တာဘဲလ်သည် ရုံးခန်းအတွင်း ခြေပစ်လက်ပစ်ထိုင်နေ၏။ ဝဝတုတ်တုတ် မျက်နှာနီနီနှင့် အသက်ခြောက်ဆယ်ကျော် ဆရာဝန်ကြီး၊

တစ်ရက်ကို စီးကရက်နှစ်ဗူးနှင့် ကော်ဖီအခွက်နှစ်ဆယ်ခန့် သောက်၍ စိတ်ဖိစီးမှုများလှသော ဤအလုပ်ကို နှစ်ပေါင်းများစွာ တာဝန်ယူလာသည့်

ပျော်ပျော်နေသေခဲကြီးဖြစ်၏။ သူသည် စားပွဲနောက်မှဝက်ဝံကြီးကဲ့သို့ ထလာပြီး-

"ဟေး ဒတ်၊ ဖေဖေကြီးနေကောင်းရဲ့လား" ဟု အာလုတ်သံကြီးဖြင့် နှုတ်ဆက်လိုက်သည်။

"ကောင်းပါ့ ဆရာ၊ နောက်တစ်ကြိမ် ထပ်အရွေးခံရရေး လုံးပန်းနေလေရဲ့"

"အေးမင်းအဖေက သေမှပဲ လွှတ်တော်အမတ်မင်း ဘဝက အငြိမ်းစားယူမဲ့ လူမျိုးကွ၊ လာထိုင်၊ မနေ့က ဖမ်းလာတဲ့ ကောင်မလေး ကိစ္စ

မဟုတ်လား"

"ဆရာ့ကို ကန်ဟိန်း ဖုန်းဆက်ထားပြီးပြီ ထင်တယ်၊ သူ့အခြေအနေ ဘယ်လိုလဲဆရာ"

"ကောင်းပါတယ်။ နောက်အပါတ်လောက်ဆို အားလုံးပျောက်မှာ၊ သူက တစ်ခြားမိန်းမတွေနဲ့ မတူဘူး"

"သူက အတော်ဆွဲဆောင်မှု ရှိတယ်ဆရာ"

"ငါအဲဒါပြောတာမဟုတ်ဖူး ကောင်လေးရဲ့။ သူ့ခန္ဓာကိုယ်တည်ဆောက်ပုံနဲ့
ဇီဝကမ္မဗေဒစနစ်ဖွဲ့စည်းပုံက အပြစ်ပြော

စရာမရှိလောက်အောင် ကောင်းလွန်းတယ်၊ ဟိုသေသွားတဲ့ အမျိုးသမီးနဲ့ တစ်ထပ်တည်းပဲ"

"တူမှာပေါ့ဆရာ၊ မောင်နှမတွေကိုး"

"မောင်နှမ မို့တူတာမျိုးမဟုတ်ဘူးကွ၊ ပြောရင်မင်း ယုံမှာတောင်မဟုတ်ဘူး၊ သူတို့ ဒီအန်အေတွေက
တစ်ထပ်တည်း တူတယ်မောင်၊

မျိုးရိုးဗီဇ ဆိုင်ရာအချက်အလက်အားလုံး ခွဲမရအောင်တူတယ်"

"မောင်နှမတွေမှာ အဲသလို ဖြစ်နိုင်သလားဆရာ"

"မဖြစ်နိုင်ဘူးလို့တော့ မပြောနိုင်ပေမဲ့ သဘာဝ အားဖြင့်တော့ အင်မတန် တူခဲပါတယ်"

ပစ်ခေါင်းထဲမှာ အတွေးတစ်ခုပေါ်လာသည်။

"ဒါဆို"

ဒေါက်တာ အာရွန်ဘဲလ်က ပြုံးလိုက်ပြီး-

"ဟုတ်တယ် ကောင်လေး၊ သူတို့ဟာ မျိုးရိုးဗီဇ အင်ဂျင်နီယာ နည်းပညာနဲ့ ပြုပြင်ဖန်တီးထားတဲ့
ချို့ယွင်းချက်မဲ့ မဟာလူသားတွေပဲ"

အတ္တလန်တစ် ရှာပုံတော် (၅၀)

ပစ်ခေါင်းကြီးသွားသည်။

"တကယ်ပြောတာလား ဆရာ၊ သိပ္ပံနဲ့ နည်းပညာဟာ ဒီလောက်လုပ်နိုင်တဲ့ အဆင့်အတန်း
တကယ်ရှိနေပြီလား""တို့ဆီမှာ ဒီကိစ္စကို

လုံးပန်းနေကြတဲ့ ခါတ်ခွဲခန်းတွေနဲ့ သိပ္ပံပညာရှင်တွေ ရိုက်သတ်လို့မကုန်ဘူး ဒတ်၊ ဒါပေမဲ့ ငါသိ သလောက်တော့ သူတို့တွေဟာ ကြွက်နဲ့

စမ်းသပ်တဲ့အဆင့်ပဲ ရှိသေးတယ်။ တစ်ခုငါသေချာပြောရဲတာကတော့ အယ်ဆီဆိုတဲ့ ကောင်မလေးဟာ ဟောဒီသေသလို သူများပယောဂနဲ့

မသေဘူးဆိုရင် သက်တော် တစ်ရာ့နှစ်ဆယ် ရှည်စေသောဝ်ဆိုတဲ့ ဇာတာပါဟောကိန်းအတိုင်း နေရမှာ အသေအချာပဲကွ"

"ကဲ ထားပါတော့ ဆရာ၊ ကျွန်တော်ဆိုရင် အဲသလောက် အသက်ရှည်ရှည်မနေချင်ပါဘူး၊ ပျင်းတာနဲ့တင် သေမလား ပဲ၊ ကျွန်တော် အခု

သူ့ကို ဝင်တွေ့လို့ရပြီလား"

"ကြွပါ၊ ကြွပါ၊ မင်းသဘောရှိ မေးတော်မူပါ"

ဒေါက်တာဘဲလ်နှင့် ဒတ်ပစ်သည် ရုံးခန်းထဲမှ ထွက်လာ၏။ ဆေးခန်းသည် အလွန်အင်မတန်သန့်ရှင်းလှပြီး တိတ်ဆိတ်နေ၏။

အစောင့်အကြပ်တစ်ဦးမှမတွေ့ရ။ တစ်နေရာရာမှ ကင်မရာများဖြင့် စောင့်ကြည့်နေကြမည်က တော့ သေချာလှသည်။

ဘဲလ်သည် အခန်းတစ်ခုရှေ့ရောက်သောအခါ ကဒ်တစ်ခုကို ထိုးသွင်း၍ တံခါးဖွင့်ပေးလိုက်သည်။ အထဲတွင် ဆေးရုံဝတ်စုံဖြင့်

ခုတင်ပေါ်လှဲနေသည့် အယ်လ်ဆီကိုတွေ့ရသည်။

"မစ်စ် ဝုဖ်၊ ဧည့်သည်တစ်ယောက်က မင်းကိုတွေ့ချင်လို့တဲ့၊ စကားပြောကြဦး၊ သိပ်တော့မကြာစေနဲ့" ဒေါက်တာဘဲလ်က

ပြောပြောဆိုဆို ပြန်ထွက်သွား၏။

ပစ်သည် အယ်လ်ဆီ့ ကုတင်နားတွင် ကုလားထိုင်တစ်လုံးဆွဲ၍ ဝင်ထိုင်လိုက်သည်။

"ကျုပ်နံမည် ဒတ်ပစ်၊ ခင်ဗျားသိချင်လည်းသိလိမ့်မယ်၊ ဒါပေမဲ့ ယူ ၂၀၁၅ နဲ့ ဆက်သွယ်ပြီးကတည်းက ကျုပ်နာမည် ကို ခင်ဗျားတို့

ကဗျည်းတင်ထားလိမ့်မယ်လို့ ကျုပ်ထင်တယ်"

အယ်လ်ဆီ့ မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားသည်ကလွဲ၍ အခြားတုန့်ပြန်မှု မတွေ့ရ။

"ခင်ဗျား ညီမ ပေဒီရဲ့ ခန္ဓာကိုယ်ကို အန္တာတိက ရေပြင်အောက်က သယ်လာတာ ကျုပ်ပဲ။ သူ့အလောင်း ဒီဆေးခန်း မှာပဲရှိတာ

ခင်ဗျားသိတယ်။ ဗျူနိအေးရီးစ် ကခင်ဗျားတို့ရဲ့ ဝုဖ်မိသားစု သုသသန်မှာမြေမြှုပ်နိုင်ဖို့အတွက် အလောင်းကို ကားလ်ဝုဖ်ဆီ

ပို့ပေးစေချင်သလား"

ပစ်သည် အမှောင်ထဲသို့ ရမ်းပစ်လိုက်ချေပြီ၊ ဤသည်ပင်လျှင် သူ၏ မူပိုင် အတတ်ပညာဖြစ်တော့သည်။ ဝုဖ်တို့ထံ တွင်

ကိုယ်ပိုင်သုသာန်ရှိမရှိ သူမသိ၊ ဒီယုန်မြင်၍ ဒီချုံထွင်လိုက်ခြင်းမျှသာ။

သူ့ပစ်ချက်၊ ချက်ကောင်းမှန်သွားကြောင်းသိရဖို့ အချိန်ကြာကြာမစောင့်လိုက်ရ၊ အယ်လ်ဆီသည် ဒေါသကြီးစွာဖြင့် သူ့ကို ကြည့်လိုက်ပြီး-

"ရှင် ရှင်ဟာ ကိုလိုရာဒိုမှာလည်း ကျွန်မတို့လူတွေကို သတ်ခဲ့တဲ့လူပဲ" ဟုပြောလိုက်သည်။

ပစ် ခနိုးခနဲ့ ပြုံးလိုက်သည်။

"အို ဒေါက်တာဘဲလ် ကခင်ဗျားမှာ လျှာမပါဘူးလို့ ကျုပ်ကို သတင်းအမှားကြီးပေးလိုက်တာပဲ၊ ဘယ်ဟုတ်ပါ့မလဲ၊ ချွန်လိုက်တဲ့

လျှာကလေး" ဟု ကလိလိုက်သည်။

"ရေငုပ်သဘော်ကိစ္စလည်း ရှင့် လက်ချက်ပဲပေါ့ ဟုတ်လား"

"ကိုလိုရာဒို ကိစ္စကတော့ ကျုပ်လက်ချက်ဟုတ်ပါတယ်၊ ရေဇုပ်သင်္ဘောကတော့ ယူအက်စ်ရေတပ်မတော် လက်ချက် ပါဗျာ၊

သူတို့ဝင်မကယ်ရင် ခင်ဗျားညီမဟေဒီက ဘာလက်နက်မှမပါတဲ့ အင်္ဂကဝါ သုတေသနသင်္ဘောကို နှစ်မြှုပ်ပြီး လူတစ်ရာကျော်ကို

သတ်ပစ်တော့မှာလေ၊ တရားကို နတ်စောင့်တယ်လို့ သဘောထားပေါ့ဗျာ၊ ဒါနဲ့ ခင်ဗျားတို့ ဆွေမျိုးတွေ အားလုံး မျိုးရိုးဗီဇ အင်ဂျင်နီယာနည်းနဲ့

ပြုပြင်ထားကြတာဆိုတော့ ငွေတော့ အတော်ကုန်မှာနော်"

ပစ်၏ ဒုတိယပစ်ချက်။

"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မတို့က ငွေကို ဂရုမစိုက်ပါဘူး" အယ်လ်ဆီသည် အံ့သြဖွယ်ကောင်းလောက်အောင် ဝန်ခံ လိုက်သည်။

"ဒီလိုလုပ်ဖို့ ကျွန်မတို့ မျိုးဆက်သုံးဆက်ကြာ စောင့်ဆိုင်း သုတေသနလုပ်ခဲ့ရတယ်၊ ကျွန်မတို့ဟာ အဲဒီ နှစ်ရှည် သုတေသန ရဲ့

ရလာဒ်တွေပဲ"

"သြော်၊ သြော်၊ ပစ္စည်းကောင်းလေးတွေ ပေါ့လေ"

အယ်လ်ဆီက ပစ်ကို ပထမဆုံးအကြိမ်ကြည့်ပြီး ပြုံးလိုက်သည်။

"ရှင် ပြောချင်သလိုပြောပါလေ။ ရှင်တို့ အညံ့စားလူသားမျိုးနွယ်တစ်ခုလုံး မကြာခင်မျိုးပြုန်းတော့မှာပဲ" ဟုအေးစက်စွာ

ပြောလိုက်လေသည်။

ပစ်သည် အယ်လ်ဆီ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်လိုက်သည်။ ပြီးမှ-

"အေးပေါ့လေ။ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်က လွဲချက်ကယ်နာခဲ့တဲ့ ဒုတိယကြယ်တံခွန်ကြီး အခုပြန်လာချိန်တန်ပြီကိုး၊ ဟုတ်သလား

အယ်လ်ဆီ”

ဒီတစ်ကြိမ် ပစ်ချက်သည် အရိုက်တည့်တည့်သို့ ထိ၏။ အယ်လ်ဆီသည် ခံပြင်းလှစွာဖြင့် ခုတင်ပေါ်က ရုန်းထလာပြီး-

“ဒီကိစ္စတွေသိဖို့ ရှင်တို့ အချိန်ဘယ်လောက်ကြာခဲ့သလဲ” ဟုမေးလိုက်သည်။

“ငါးရက် ခြောက်ရက်ပေါ့”

“ဒီမှာ ကျွန်မတို့ လူတွေက ဒီကိစ္စကို သုံးရက်နဲ့ ဖော်ထုတ်နိုင်တာရှင့် သိရဲ့လား”

သူမ ငါ့စကားနွှားရ ပြောနေမှန်း ပစ်သိသည်။ သူက-

“အဲဒီတော့ ကမ္ဘာပျက်မဲ့နေ့မှာ ဝုဖ်မိသားစုက ပျော်ပွဲရွှင်ပွဲကြီး ကျင်းပဖို့ ပြင်ဆင်ကြရော ဆိုပါတော့” ဟု စကားနိုက် ပြန်သည်။

အယ်လ်ဆီသည် ပစ်သည် စကားထောင်ချောက်အတွင်း လုံးဝ သက်ဆင်းမိနေပြီဖြစ်၏။ သူမက ခေါင်းခါယမ်းရင်း-

“လူတကာ သေကြရမဲ့ အချိန်မှာ ကျွန်မတို့က အသက်ရှင်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာပဲ စဉ်းစားတယ်၊ အကောင် အထည်

ဖော်တယ်၊ ရှင်တို့လို မဟုတ်ဖူး။ ဒီမယ်၊ ဘဝ ဆိုတာမျိုးက နေထိုင်ဖို့သင့်တော်ပြီး အဲဒီအတွက် စီမံကိန်းချနိုင်တဲ့သူမျိုးအတွက်သာ ဖြစ်သင့်တယ်။

ဘာရည်ရွယ်ချက်၊ ဘာစီမံကိန်းမှမရှိတဲ့သူတွေကတော့ လောက မှာ မရှင်သန်သင့်ဘူးလေ”

အယ်လ်ဆီ သည်တင်းတင်းမာမာပြော၏။ မရပ်မနားပြော၏။ ပါးစပ်မှ အမြှုပ်ထွက်မတတ်ပြော၏။ ပစ်ကို လည်း

အစိမ်းလိုက်ဝါးစားမတတ် စူးစူးရဲရဲ ကြည့်နေသေး၏။ သူ့အကြည့်က ကြောက်စရာ။

"ကောင်းပါပြီ၊ ဒီလိုဆိုတော့ ခင်ဗျားတို့ဟာ အင်မတိ၊ အင်မတန်တော်တဲ့ ကမ္ဘာ့ငတော်မိသားစုကြီးပေါ့။ ခုလာမဲ့ ကမ္ဘာ့ဖျက်ကပ်ကြီးမှာ

ငတော်ကြီးတွေ ဘယ်လိုစီမံကိန်းများဆွဲထားကြသလဲဆိုတာ သိခွင့်များရှိပါသလား"

"သိခွင့်ရှိပါတယ်။ ကျွန်မတို့ဟာ လွန်ခဲ့တဲ့နှစ်ငါးဆယ်လောက်ကတည်းက မိသားစုရှင်သန်ဖို့စီမံကိန်းဆွဲခဲ့ကြတယ်။

ခုတော့အောင်မြင်သွားပါပြီ။ ကျွန်မတို့အနေနဲ့ ဘယ်လို ကမ္ဘာ့ဖျက်ကပ်မျိုးကိုမှ မှုစရာမလိုတော့ပါဘူး"

"နှစ်ငါးဆယ်၊ ဟုတ်လား" ပစ်အလန့်တကြားရေရွတ်လိုက်သည်။

"ဒါဆို အာမီးနီးစ်တွေရဲ့ ပထမဆုံးသော လျှို့ဝှက်အခန်းကို ရှာတွေ့ကတည်းက ခင်ဗျားတို့ဒီစီမံကိန်းကို စခဲ့ကြ တာပေ့ါ"

"သိပ်ဟုတ်တာပေ့ါရှင်" အယ်လ်ဆီက ရိုးရိုးပင်အဖြေပြန်ပေးသော်လည်း သူမလေသံက ခပ်ကြွားကြွား။

"ဒါနဲ့ အားမီးနီးစ်အခန်းပေါင်း ဘယ်နှစ်ခုလောက်ရှိသလဲ ခင်ဗျားသိသလား"

"အားလုံးပေါင်း ခြောက်ခုရှိတယ်လို့ ဆိုတာပဲ"

"ခင်ဗျားတို့ ဘယ်နှစ်ခုတွေ့ခဲ့သလဲ"

"တစ်ခုတည်းပါ"

"ကျုပ်တို့က နှစ်ခုတွေ့တယ်။ ဒါဆို သုံးခုကျန်နေသေးတာပေ့ါ"

"ဟာပိုင်ယီမှာ မီးတောင်ပေါက်ကွဲခဲ့တုန်းက တစ်ခုပါသွားတယ်။ နောက်တစ်ခန်းက တိဘက်မှာ အေဒီ ၇၀၀ လောက်ကတည်းက

ငလျှင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့တယ်။ နောက်ဆုံးတစ်ခုကတော့ ချီလီက လက်စကာတောင်တန်းမှာ ရှိတယ်လို့ကြားတယ်။

ရှာလို့တော့မတွေ့ကြသေးဘူး"

ပစ် ခေါင်းထဲ အတွေးတစ်ခုဝင်လာသည်။ သူက ထိုအတွေးကို စကားလုံးအဖြစ်ခပ်မြန်မြန်ပဲ ပြောင်းလဲပစ်လိုက်သည်။

"ရှာလို့မတွေ့တာတစ်ခုတည်းနဲ့ ခင်ဗျားတို့ဟာ လေ့လာရေးထွက်လာတဲ့ ကောလိပ်ကျောင်းသားအုပ်စု တစ်စုလုံးကို ရက်ရက်စက်စက်

သတ်ပစ်လိုက်ကြသေးတယ်နော်"

အယ်လ်ဆီသည် ပစ်ကို စူးစူးဝါးဝါးစိုက်ကြည့်နေသည်။ သို့သော်အဖြေတော့ ပြန်မပေး။ ပေးပေးမပေးပေး ချီလီ ကိစ္စသည်လည်း သူတို့

လက်ချက်မှန်း ပစ်သိလိုက်ပါပြီ။

"ဟုတ်ပြီလေ။ ခင်ဗျားတို့ မိသားစု ရှာတွေ့ခဲ့တဲ့ အားမီးနီးစ်အခန်းလေးအကြောင်း ကျုပ်သိပရစေလား အယ်လ်ဆီ"

အယ်လ်ဆီသည် ပစ်ကို စိုက်ကြည့်လိုက်ပြန်သည်။

"ဝတ်ကျောင်းဟောင်းတစ်ခု၊ အဲဒီထဲမှာ အားမီးနီးစ်တွေရဲ့ သင်္ကေတတွေကို ကျွန်မတို့ ပထမဆုံးရှာတွေ့ခဲ့တာ။ သူတို့ရဲ့ ပျက်စီးသွားတဲ့

ဆိပ်ကမ်းမြို့တော်တစ်ခုမှာပေါ့။ ဒီမယ် မစ္စတာပစ်၊ ကျွန်မကို ဟိုမေးဒီမေးနဲ့ ထပ်စကားနှိုက် ဖို့မကြိုးစားနဲ့တော့။ ခုချိန်ကစပြီး ရှင်ဘာမေးမေး

ကျွန်မဖြေတော့မှာမဟုတ်ဖူး။ ခုလို အကျိုးမရှိတာတွေလာမေးနေမဲ့ အစား ရှင့်မိတ်ဆွေ အပေါင်းအသင်းတွေကို နှုတ်ဆက်ပါတီပွဲကလေးဘာလေး

ကျင်းပဖို့ ပြင်ဆင်ထားရှင့်။ ဘာဖြစ် လို့လဲဆိုတော့ ရှင်တို့အားလုံးရဲ့ ရုပ်ပျက်ဆင်းပျက် အလောင်းတွေဟာ မကြာခင် ဖြစ်မကဲ့ မှာ့ပျက်ကပ်ကျရင်

ပင်လယ်ထဲမျောကုန်ကြတော့မှာလေ"

အယ်လ်ဆီဝုဖ်သည် သူ၏နောက်ဆုံးစကားကို ဆိုလိုက်ပြီးမျက်စိများကို မှိတ်ထားလိုက်လေတော့သည်။

အတ္တလန်တစ် ရှာပုံတော် (၅၁)

ပစ်ဆေးခန်းထဲမှ ထွက်လာတော့ ညနေစောင်းနေပြီ။ အသုံးလုံးဌနချုပ်ကို ပြန်သွားမည့်အစား သူ၏ ကားကိုဒေါင်အိမ် သို့ပြန်ရန်

ဆုံးဖြတ်လိုက်သည်။ သူခေါင်းတွေ ရှုပ်လှပြီ။ အချိန်ပေး၍ အနားယူဖို့လိုအပ်နေပြီ။ ဝါရှင်တန်၏ နာမည်ကျော် ညနေခင်းကားလမ်းပိတ်ဆို့မှုကြီးကို

စိတ်မရှည့်တရှည်ဖြင့် ကျော်ဖြတ်ခဲ့ရင်း နောက်ဆုံးအိမသို့ရောက်ခဲ့ သည်။ အိမ်ရှေ့ရောက်ရောက်ချင်း အိတ်ထဲမှ ဂလိုဘယ်စတား

ဖုန်းကမြည်လာ၏။"ဟုတ်ကဲ့"

"ဟယ်လို မောင်" အောက်လွှတ်တော်အမတ်မင်း လိုရမ်စမစ်၏ အသံက ဖုန်းခွက်ထဲမှ ခပ်နွဲ့နွဲ့ထွက်ပေါ်လာသည်။

"အိုး၊ ကိုယ့်အကြိုက်ဆုံး အစိုးရကိုယ်စားလှယ်တော်ကြီးပါလား။ ပြောပါခင်ဗျာ။ ဘာကိစ္စများလဲ"

"ဒီညအားလားမောင်"

"အင်း၊ ဒီည၊ ဩော်၊ မအားဘူးကွ၊ မောင် ဒီည အွန်းမလက်ကြော်ရမယ်။ ပြီးရင် ရေအကြာကြီးချိုးရမယ်။ ပြီးရင် တီဗွီကြည့်ရင်း

အွန်းမလက်ကြော် စားရဦးမယ်" ပစ်သည် သူ့ကားဟောင်းများကို ငေးမောကြည့်ရင်း လိုရမ်ကို အတည်ပေါက် ပြန်ဖြေလိုက်သည်။

"ဩော်၊ လူပျိုကြီးတွေများ သနားစရာတယ်ကောင်း"

"အပြင်ထွက် ညစာစားတဲ့ အလုပ်ကို အသက် နှစ်ဆယ့်တစ်နှစ်လောက်ကတည်းက စွန့်လွှတ်ထားခဲ့ရတာကွ"

"အို၊ ကြားရတာစိတ်မကောင်းလိုက်တာ မောင်ရယ်။ ဒါဆိုလည်း" လိုရမ်သည် ဖုန်းပြောနေရင်းမှ ခဏရပ်သွားပြီး

တစ်စုံတစ်ခုပြောနေသံကြားရသည်။ အတန်ကြာမှ-

"ဆောရီး မောင်၊ အခွန်ထမ်းပြည်သူတစ်ယောက်က သူ့အိမ်ရှေ့လမ်းပေါ်မှာ အပေါက်ဖြစ်နေတဲ့ကိစ္စ ရှင်းနေရလို့"

"ဩော်၊ အောက်လွှတ်တော်အမတ်မင်းတွေများ သနားစရာတယ်ကောင်း" ပစ်သည် လိုရမ်စောစောကပြောခဲ့သည့် စကားအတိုင်း

ပြန်ထေ့လိုက်သည်။ ပါးစပ်အကျင့်၊ ဝမ်းအချင့် ဆိုသည့်စကားက သူ့အတွက်မှန်လွန်းနေသည်။ ထေ့ရငေ့ါရမည်ဆိုလျှင် ချစ်သူကိုပင်

အလွတ်မပေး။

"ဘာမှလာပြောမနေနဲ့၊ ဒီနေ့ညစာကို စိန့်ရှားမှာလိုက်ကျွေး"

ဟိုက်- ပစ်စိတ်ထဲမှ အသံတိတ်အာမေဋိတ်။

"အောင်မယ်လေး အမတ်မင်း၊ အကောင်းကြိုက်တတ်လိုက်တာကလည်း လွန်လွန်းလှချည့်၊ စိန့်ရှားမှာ ညစာသွားစား

ရင်ကျုပ်တစ်လစာလခ ပြုတ်ပြုတ်ပြုန်းမှာပေ့ါဗျ။ ကဲကဲ အကြောင်းပြချက်လေး ပေးတော်မူပါဦး"

"ပေးဆိုလည်းပေးရတာပေ့ါ အသုံးလုံး ညွှန်ကြားရေးဝန်မင်းရှင့်။ ခုကျွန်မရဲ့ စားပွဲအံဆွဲထဲမှာ ကံကြမ္မာ အင်တာ ပရိုက်စ်

အကြောင်းဆိုလား ဘာဆိုလား၊ အဲဒီဖိုင်တွဲကြီးရောက်နေတယ်။ ဝန်မင်းလိုချင်တယ်ဆိုရင် စိန့်ရှား ညစာနဲ့ လဲမလားလို့"

"အမတ်မင်း ဘယ်တုန်းက ကုန်သည်ကြီးဖြစ်သွားပါလိမ့်"

"ဟွန်း၊ ဒီဟာရဖို့ သူများမှာဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ သိရဲ့လား။ တကတည်း၊ မပြောလိုက်ချင်ဘူး"

ပစ်သည် သူ့ဂိုဒေါင်အိမ်တံခါးတွင်တပ်ဆင်ထားသော အဆင့်မြင့်လုံခြုံရေး ကီရိယာတွင် တံခါးဖွင့်ရန် ကုဒ်နံပါတ်ကို ရိုက်ထည့်လိုက်ပြီး-

"ကဲပါ။ ကျွေးဆိုလည်းကျွေးရတာပေါ့လေ။ ကြိုတင်စာရင်းတော့ပေးထားလိုက်ဦး။ စိန့်ရှားက ကိုယ်တို့လို လမ်းဘေး ကကောင်မျိုးတွေ

သွားနေကြနေရာမဟုတ်ဘူးလေ"

"ကျွန်မ အဲဒီက စားဖို့မှူးကြီးနဲ့သိတယ်။ စိတ်ချ၊ အကောင်းဆုံးစားပွဲကို ရစေ့မယ်။ ကျွန်မကိုသာ ခုနစ်နာရီခွဲ လာခေါ်လှည့်၊ ဒါပဲ"

"နေပါဦး အချစ်ရယ်။ မင်းနဲ့စားဖို့မှူးကြီးနဲ့အသိဆိုရင် စပါယ်ရှယ် ဒစ်စကောင့်လေးတော့ တောင်းပေးပါကွာနော်။ ဝိုင်ဖိုးပဲဖြစ်ဖြစ်

လျှော့ပေးရင် မဆိုးလှဘူး"

"သိဘူး၊ သွား၊ဒါပဲ" လိုရမ်သည် ဖုန်းချသွားချေပြီ။

ဒတ်ပစ်သည် အခြေသတင်းကြီးလှသော စိန့်ရှားလို အနံ့ကြီးကွင်းကျယ် စားသောက်ဆိုင်ကြီးသို့ ဌာန်ကရိုင်းကျကျ ဝတ်စားသွားဖို့

စိတ်မပါပဲဖြစ်နေသည်။ သို့နှင့် ဖြစ်သလို ဝတ်စားကာ လိုရမ့်ဆီသို့ထွက်ခဲ့၏။ လိုရမ်ကား တန်ဖိုးကြီးလှစွာသော အဝတ်အစားများကို

ကျနစွာဝတ်စားဆင်ယင်ရင်း သူ့ကိုစောင့်နေ၏။ ချောကလက်ရောင် လက်ဆွဲသေတ္တာ တစ်လုံးကိုလည်း လက်တွင်ကိုင်ထားသည်ကို တွေ့ရသည်။

ပစ်သည် ကားထဲမှဆင်း၍ သူမအတွက် တံခါးဖွင့်ပေးလိုက်သည်။ လိုရမ်က စိတ်ကျေနပ်စွာပြုံးရင်း-

"ခုခေတ်ကြီးမှာ မောင်တို့လို လူကြီးလူကောင်းတွေ အတော်ရှားသွားပြီ" ဟု ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေသေးသည်။

စိန့်ရှားက လိုရမ်နေထိုင်သည့် အလက်ဇန်ဒရီးယားနှင့် နစ်မိုင်သာဝေး၏။ ပစ်၏
ဖို့ဒ်ပော့ရောဒ်ကားကလေး စိန့်ရှား

ရှေ့တွင်ထိုးရပ်လိုက်သောအခါ ရှားပါး၍ တန်ဖိုးကြီးလှသည့် ထိုရှေးဟောင်းကားကို မြင်လိုက်ရသည့်
ကားပါကင် ဝန်ထမ်းသည် ဟောလိုဝင်းည

တစ္ဆေပုံထွင်းထားသော ဖရုံသီးခေါင်းထဲ ဖယောင်းတိုင်ထွန်းလိုက်သလို
မျက်နှာကြီးဝင်းကနဲလက်သွားသည်ကို ပစ်က တွေ့ဖြစ်အောင်

တွေ့လိုက်သည်။ ထိုမျက်နှာသည် ပိုင်ရှင်ညစာစားနေတုန်း သူ့ကားကို ပတ်မောင်းနေမည့်မျက်နှာမျိုး။
ထိုကားပါကင်ဝန်ထမ်းကို ကားသော့မပေးမီ

ပစ်က ဒိုင်ခွက်ကို ပြုံးပြုံးကြည့် နေသည်။

"ဘာဖြစ်လို့လဲဆရာ"

"ဘာမှ မဖြစ်ပါဘူး၊ ကားမိုင်နှုန်းကို စစ်ကြည့်နေတာ"

ပစ်သည် ငါသိပါတယ်ဟူသည့် မျက်နှာပေးဖြင့် ကားပါကင်ဝန်ထမ်း လူငယ်လေးကို ပြန်ပြောပြီး
ကားသော့ပေးလိုက် သည်။ အိပ်မက်များ

လွင့်ပြယ်သွားရရှာသော ထိုလူငယ်သည် ပစ်၏ဖို့ဒ်ပော့ရောဒ်ကို မြင်သာမြင်မကြင်ရ၍
အလွန်စိတ်မကောင်းသောမျက်နှာဖြင့်

ဘန်တလေကားတစ်စီး၏ဘေးတွင် ဖြည်းညှင်းစွာထိုးလိုက်လေသည်။

စိန့်ရှားသည် နာမည်ကြီးမည်ဆိုလည်း ကြီးလောက်ပါပေသည်။ ကိန်းနှင့် ပါရီမှ
ထိပ်ထိပ်ကြဲစားဖို့မှူးကြီးများ၏ ပထမ တန်းစား

လက်ရာများကို ကောင်းစွာ ထိန်းသိမ်းမွန်းမံထားသော ဆယ့်ရှစ်ရာစုနှစ် အဆောက်အဦးကြီးတွင်
စားပွဲ ဆယ့်နှစ်လုံးစာသာ လက်ခံသည့်

ဝါရှင်တန် လူ့မလိုင် အသိုင်းအဝိုင်း၏ နံပါတ်တစ် ဒိတ်ဒိတ်ကြဲ ပြိုင်စံရှား စားသောက်ဆိုင်ဖြစ်သည်။
ထိုစားပွဲများမှာ တစ်စားပွဲနှင့် တစ်စားပွဲ

စကားသံမကြားနိုင်အောင်အထူးစပါယ်ရှယ် ပြင်ဆင်မွန်းမံထားသည်ကို ပစ်အကြိုက်ဆုံး။

စားပွဲတွင်နေရာယူပြီးသောအခါ ပစ်က လိုရမ်ကို-

"ဝိုင်လား ရှမ်ပိန်လား"

"သိရဲ့သားနဲ့ မေးနေပြန်ပြီ"

ဟုတ်တော့လည်းဟုတ်သည်။ ရှည်လျားလှသည့် ချစ်သူသက်တမ်းအတွင်း လိုရမ့်အကြိုက်ကို အမြဲမချေးခါးမကျန် သိထားသော ပစ်သည်

တကယ်တော့မေးနေစရာမလိုပါ။

ပစ်သည် မာတင်ရေး ကဘားနက် ဆိုဗီနွမ်ဝိုင်တစ်လုံး ကို အရင်မှာလိုက်သည်။ ပြီးတော့-

"ကဲ စားစရာစောင့်ရင်း ကံကြမ္မာအင်တာပရိုက်စ်အကြောင်း ပြောပြပါလား အချစ်ရယ်" ဟုချွဲလိုက်သည်။

လိုရမ်က မထီတရီပြုံးပြီး "ဟင့်အင်း၊ စားပြီးမှပြောမယ်" ဟုဈေးကိုင်လိုက်၏။

ပစ်မရိုးမရွ ဖြစ်သွားသည်။ သူသိချင်လှပြီ "တကယ်ပဲ အမတ်မင်းက နိုင်ငံရေးသမား ပီသပါပေတယ်ခင်ဗျား" ဟု စကားနာထိုးလိုက်၏။

လိုရမ်က လက်ဆွဲသေတ္တာကိုဖွင့်လိုက်ပြီး အထဲမှ စာရွက်တစ်ထပ်ကြီးကို ထုတ်၍ ပစ်ကို စားပွဲအောက်မှလက်ကမ်း ပေးလိုက်သည်။

ကံကြမ္မာ အင်တာပရိုက်စ်သည် စီးပွားရေးလုပ်ငန်းအနေနှင့် အလွန်ထူးခြားသောအခြေအနေတွင်ရှိသည်။ ပြည်သူ့ ဆက်ဆံရေးမရှိ၊

အရောင်းမြှင့်တင်ရေးမရှိ၊ ကြော်ငြာမရှိ၊ စတော့ရှယ်ယာလည်းမရောင်း၊ ဝုဖ် မိသားစုကသာ မျိုးဆက်သုံးဆက်တိုင် အစဉ်တစိုက်

ပိုင်ဆိုင်လာခဲ့သည်၊ အမြတ်-အရှုံးစာရင်း၊နှစ်ချုပ်စာရင်းများမထုတ်ပြန်။ တခြားကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအလျဉ်းမရှိ။

အလွန်သေချာသည့်အချက်တစ်ချက်မှာ ဒုတိယကမ္ဘာစစ်အပြီး အာဂျာရှင်ပီရွှန်လက်ထက်ကတည်းက ထိုသူတို့သည်

အာဂျင်တီးနားတစ်နိုင်ငံလုံးကို စိတ်ကြိုက် ကြိုးကိုင် ချယ်လှယ်ထားကြသည်။

ပစ်သည် အစီရင်ခံစာ၏ ပထမစာမျက်နှာများကို ဖတ်ရှုနေစဉ် ဝိုင်ရောက်လာသည်။ ဝိုင်ကို ဖန်ခွက်များထဲသို့ ထည့်ပေးနေစဉ် ပစ်သည်

ဝိုင်၏ အရောင်၊ အနံ့ တို့ကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာကြည့်နေမိပြီး တစ်ငုံမော့လိုက်သည်။ လျှာဖျားမှတဆင့် တရွေ့ရွေ့စီးဆင်းလာသော

ကဘားနက်ဝိုင်၏ ရသာစီးကြောင်းထဲ စီးမျောခံစားနေသည်။ ပြီးမှ စားသောက်ဆိုင်မှ ဝိုင်ထည့်ပေးသောပညာရှင် ကို မော့ကြည့်လိုက်ပြီး-

"ကဘားနက်နဲ့တွေ့ရင် အမြဲတမ်း အံ့သြတမ်းတရတဲ့ အဖြစ်က ကျွန်တော်မကျော်လွှန်နိုင်သေးပါလားဗျာ" ဟုပြော လိုက်သည်။

ဝိုင်ပညာရှင်က နှစ်ခြိုက်စွာပြုံးလိုက်ပြီး-

"အင်မတန်ကောင်းတဲ့ ရွေးချယ်မှုပါပဲဆရာ၊ ကျွန်တော်တို့ဖောက်သည်တွေထဲမှာ ကဘားနက်ရဲ့ကောင်းခြင်းအရသာကို

သိတဲ့လူသိပ်မရှိသေးပါဘူး"

ပစ်သည် ကဘားနက်ဝိုင်ကို နောက်ထပ် တစ်ငုံငုံလိုက်ပြီး အစီရင်ခံစာကို ဆက်ဖတ်နေ၏။

၁၉၄၇ ခုနှစ်မတိုင်မီအထိ ကံကြမ္မာအင်တာပရိုက်စ်၏ အကြောင်းကို တစိုးတစိမှမကြားခဲ့ရ။

လိုရမ်သည် ဖန်ခွက်ထဲမှ ကဘားနက်ဝိုင်ကို ငေးမောရင်း ပစ်ဖတ်နေသည့်အကြောင်းအရာကို သိနေသည့်အလား-

"ကျွန်မ သုတေသီတစ်ယောက်ကို ငှားပြီး အဲဒီအချိန်တုန်းက ဗျူနိုအေးရီးထုတ်သတင်းစာတွေအားလုံးကို သုတေသန

လုပ်ခိုင်းလိုက်တယ်။ ကံကြမ္မာအင်တာပရိုက်စ်နဲ့ ပက်သက်တဲ့ဘယ်အကြောင်းကိုမှ မတွေ့ခဲ့ရတာအမှန်ပဲ။ သုတေသီကတော့ ကံကြမ္မာ

အင်တာပရိုက်စ်ဟာ ဂျာမနီစစ်မရှုံးခင်လေးမှာ လက်တင်အမေရိကကို ထွက်ပြေးလာကြတဲ့ ထိပ်တန်းနာဇီ အရာရှိကြီးတွေ စတင်ဖွဲ့စည်းတယ်လို့

သံသယရှိနေတယ်။ ဒါပေမဲ့ သက်သေအခိုင်အမာ တော့မရှိသေးဘူး"

ပစ် ခေါင်းညိတ်လိုက်၏။

"ဗိုလ်ချုပ်ကြီးဆန်ဒက်ကာလည်း ပြောဖူးတယ်။ စစ်ကြီးပြီးခါနီးမှာ နာဇီတွေဟာသယံဇာတ ငွေကြေးဥစ္စာအပြည့်အစုံ နဲ့အာဂျင်တီးနားကို

ထွက်ပြေးလာကြသတဲ့။ သူတို့ရဲ့ ရေငုပ်သင်္ဘော ယူဘုတ်တွေနဲ့ လက်တင်အမေရိကကိုပြေးတဲ့ ဒီအစီအစဉ်ကို မာတင်ဘောမန်းက

ဦးဆောင်ခဲ့တာတဲ့"

"နေပါဦး၊ မာတင်ဘောမန်းက ဘာလင်တိုက်ပွဲမှာ ကျသွားခဲ့တာမဟုတ်ဖူးလား"

"နောင်နှစ်ပေါင်းများစွာကြာတော့ မာတင်ဘောမန်းရဲ့ အရိုးဆိုတာတွေကို စစ်ဆေးကြည့်ပြီးပြောကြတာပါ၊ ဟုတ် မဟုတ်

ဘယ်သူသိမှာလဲ"

"ကျွန်မလည်း စာအုပ်တစ်အုပ်မှာ ဖတ်ခဲ့ဘူးတယ်။ အဲဒီစာအုပ်ရဲ့ အဆိုအရ ဒုတိယကမ္ဘာစစ်ရဲ့ အကြီးကျယ်ဆုံး

လျှို့ဝှက်ချက်ကြီးကတော့ ဂျာမန်တွေရဲ့ ရတနာသိုက်ကြီး အစအနမကျန်အောင် ပျောက်ကွယ်သွားခြင်းပဲလို့ ဆိုတယ်၊ မတ်တစ်ပြား၊

ရွှေတစ်မှုန်တောင် မဟာမိတ်တပ်တွေ ရှာမတွေ့ခဲ့ကြဘူး။ စုတ်ပြတ်သတ်နေတဲ့ ဘာလင်မြို့ကြီးနဲ့ ဝတ်ပြတ်ကြောက်လန့်နေတဲ့ လူထုကိုပဲသူတို့

တွေ့ခဲ့ရသတဲ့။ မာတင်ဘောမန်းဟာ လျှို့ဝှက်စွာအသက်ရှင်ပြီး တိုင်းပြည်ရဲ့သယံဇာတအားလုံးကို လက်တင်အမေရိကကို သယ်သွားတယ်

ဆိုတာကရော ဖြစ်နိုင်ချေ ရှိရဲ့လား"

"ကျိန်းသေတော့ မပြောနိုင်သေးဘူးလေ" ပစ်က စာဆက်ဖတ်နေလိုက်၏။ စိတ်ဝင်စားဖွယ် ကိစ္စမတွေ့ရသေး။ သတင်းစာများမှ

ကံကြမ္မာအင်တာပရိုက်စ်အကြောင်း ရေးသားချက်များကို စုဆောင်းထားခြင်းသာ။ စီအိုင်အေ အစီရင်ခံစာ တစ်ခုကတော့

အတော်လေးပြည့်ပြည့်စုံစုံရှိ၏။ သို့သော်လည်း ထဲထဲဝင်ဝင်တော့ သိပ်မသိရ။

"သူတို့လုပ်တဲ့အလုပ်တွေက အမျိုးအစားတွေ အများသား။ ဒါပေမဲ့ ကျောက်မျက်ရတနာ၊ ရွှေ၊ ပလက်တီနမ် နဲ့ အခြားတွင်း

ထွက်တွေကို တူးတဲ့ မိုင်းတွင်းလုပ်ငန်းတွေက တစ်ပိုင်း။ ကွန်ပျူတာ ဆော့ဖ်ဝဲလ်မှာလည်း မိုက်ကရိုဆော့ဖ် ပြီးရင် သူတို့ဆိုပဲ။ ဟောဒီမှာ

ရေနံလုပ်ငန်းတွေ၊ အဲ နာနိုနည်းပညာမှာလည်း စွန့်ဦးတီထွင်အဆင့်တဲ့ဗျား"

"အဲဒီ နာနိုနည်းပညာဆိုတာတော့ ကျွန်မ သေချာမသိဘူး"

လိုရမ်၏ စကားကို ပစ်အဖြေပြန်မပေးရသေးခင် စားပွဲထိုးတစ်ယောက် ရောက်ရှိလာသည်။ စားကောင်းသောက်ဖွယ် များကို မှာကြားရန်

မီနူးစာရင်းက ပြင်သစ်လိုချည်းရေးထား၏။

"ကဲ၊ အချစ်၊ ဘာများ သုံးဆောင်တော်မူလိုပါသလဲ"

"မောင်ပဲ မှာလိုက်ပါ" လိုရမ်က တိုးညှင်းစွာပြောလိုက်သည်။

ပစ်သည် သူမဖတ်တတ်သော မီနူးကို ဖတ်ပြီး အသံမထွက်တတ်သော ပြင်သစ်စကားတို့ကို ဟန်ဆောင်ပန်ဆောင် အသံထွက်ဖို့

မကြိုးစားတော့၊ စားလိုသည့် အစားအသောက်များကို အင်္ဂလိပ်လိုသာ မှာလိုက်သည်။

"မောင်တို့ ပြောနေတာ ဘယ်နားရောက်သွားပါလိမ့်၊ သြော်-ဟုတ်ပြီ၊ နာနိုနည်းပညာနော်။ မောင်လည်း သိပ်တော့ မသိပါဘူး။

သိသလောက်ပြောရရင်တော့ နာနိုနည်းပညာဆိုတာ အက်တမ်တွေရဲ့ ဖွဲ့စည်းပုံကို ထိန်းချုပ်ပြီး ကိုယ်အလိုရှိသလို ပြုပြင်တာမျိုးလို့ ဆိုတယ်။

နာနိုနည်းစနစ်အောင်မြင်သွားရင် ကမ္ဘာပေါ်မှာအခုရှားပါးနေတဲ့ အရာတွေကို ပေါပေါလောလောနဲ့ အရည်အသွေးကောင်းကောင်း

ထုတ်လုပ်နိုင်ကြလိမ့်မယ်။ လောင်စာတို့၊ ဆေးတို့၊ သတ္တုတို့၊ ဒါ့အပြင် လူ့ခန္ဓာကိုယ်ထဲကမော်လီကျူးလေးတွေကိုတောင်

စိတ်ကြိုက်ပြင်ဆင်လို့ရနိုင်တယ်လို့ဆိုတယ်။ ခြုံငုံပြောရရင်တော့ နာနိုဆိုတာ အနာဂါတ်ရဲ့ နည်းပညာလို့ပဲ ဆိုကြပါစို့”

လိုရမ်က ပစ်ရှင်းပြသည်ကို နားထောင်ရင်း-

“သဘောတရားအရတော့ အထင်ကြီးစရာပါပဲ။ ကံကြမ္မာအင်တာပရိုက်စ်က အဲဒီနာနိုကိုအန္တာတိကမှာ လုပ်နေတာ။ မောင်

အဲဒီအကြောင်းကို ဖိုင်နံပါတ် ၅-က မှာကြည့်” ဟုပြောလိုက်သည်။

“အခုအဲဒါကို ကြည့်နေတာပဲလိုရမ်၊ ပင်လယ်ပြင်ကနေ သယံဇာတထုတ်ဖို့ ကြိုးစားတာသူပထမဆုံးပဲ။ စွန့်ဦးတီထွင်

အခေါ်ခံထိုက်ပါတယ်၊ ကြည့်ရတာ ပင်လယ်ရေထဲက ရွှေနဲ့တစ်ခြားတန်ဖိုးကြီးသတ္တုတွေကို နာနိုနည်းပညာနဲ့ခွဲခြားပြီး ထုတ်ယူနေပုံရတယ်၊

အောင်မြင်စရာ အကြောင်းရော ရှိရဲ့လားမသိဘူး”

“အင်မတန် အောင်မြင်သတဲ့ မောင်၊ စီအိုင်အေက ရထားတဲ့ လျှို့ဝှက် ဂရင်းအရ ဆွစ်ဘဏ်ထဲက ကံကြမ္မာအင်တာပရိုက်စ်ပိုင်တဲ့

ရွှေချောင်းပမာဏဟာ ကျွန်မတို့ အမေရိကန်အစိုးရရဲ့ အရန်ရွှေ နီးပါးရှိသတဲ့”

ပစ် ပါးစပ်ဟ သွား၏။ လွန်လွန်းလှချည်လား။ ဒီလောက်ရွှေတန်ချိန်အများကြီး ဘာလုပ်ဖို့စုဆောင်းထားကြပါလိမ့်။ သူ့စိတ်ထဲဖြစ်နေသော

အတွေးကို လိုရမ်က ရိပ်မိပုံရသည်။ သူ့ကို ပုခုံးတွန့်ပြ၏။ သူလည်းမသိဆိုသည့် သဘော။

စားသောက်ဖွယ်များရောက်လာသည်။ လိုရမ်ရော ပစ်ပါ စိန့်ရှား၏အစားအသောက်များကို စကားမပြောနိုင်ပဲ အားပါး တရ

စားနေကြသည်။ စားသောက်စရာများ တက်တက်စင်အောင် ပြောင်သွားသည့် အခါကြမှ စကားဆက်နိုင်တော့ သည်။ ဒီတစ်ခါတော့ လိုရမ်က

စပြော၏။

"စီအိုင်အေက နာဇီတွေနဲ့ ပက်သက်တဲ့ အချက်အလက်ပေါင်း တန်နဲ့ချီပြီးစုဆောင်းထားတဲ့။ ဒါတောင် ကံကြမ္မာအင်တာပရိုက်စ်နဲ့

ဝုဖ်မိသားစုဟာ နာဇီနဲ့ပက်သက်ကြောင်း အထောက်အထားမတွေ့ကြတာတော့ အံ့သြစရာပဲနော်"

"နာဇီတွေဟာ သြစတီးယား၊ ဘယ်လ်ဂျီယံ၊ နော်ဝေ၊ ပြင်သစ်နဲ့ နယ်သာလန်နိုင်ငံတွေက ရတနာပစ္စည်းတွေ၊ ဂျူးတို့ရဲ့ ဥစ္စာဓနတွေကို

ပြောင်ခမြေတိုက်ပြီး စစ်အပြီး အာဂျင်တီးနားကို ပို့လိုက်တယ်ဆိုတာကတော့ သေချာနေတာ ပဲ၊ ပြဿနာက ဒီပစ္စည်းတွေကို ဘယ်သူဦးဆောင်ပြီး

စီမံခန့်ခွဲသလဲ။ ဘယ်သူဖြစ်နိုင်စရာရှိသလဲ။ ၁၉၄၇ ကျမှ ဘွားကနဲပေါ်လာတဲ့ ကံကြမ္မာအင်တာပရိုက်စ်ပဲပေါ့။ မပြေးသော်လည်း ကန်ရာရှိနေတယ်

မဟုတ်လား။ ပြီးတော့ ဝုဖ်ဆိုတဲ့ မှတ်တမ်းမရှိတဲ့မိသားစု။ ဒင်းတို့ဟာ နာဇီတွေနဲ့ ဘယ်လိုပက်သက်သလဲ။ သူတို့ကိုယ်တိုင် နာဇီရဲ့

အဆက်အနွယ်တွေလား။ ဒါမှမဟုတ် နာဇီအိုကြီးတွေဆီက ဥစ္စာဓနကို တစ်နည်းနည်းနဲ့ လက်လွှတ်အမွေဆက်ခံသူ တွေလား"

"ဒါမေးသင့်တဲ့မေးခွန်းပဲ" လိုရမ်က ဆိုလိုက်သည်။

"လွန်ခဲ့တဲ့ ငါးဆယ့်လေးနှစ်လောက်ကစပြီး ကံကြမ္မာအင်တာပရိုက်စ်ဟာ အရှင်မွေးတော့နေ့ချင်းကြီးလာသလို ပုံစံမျိုးနဲ့

ကမ္ဘာပေါ်မှာရှိတဲ့ ဘဏ်တွေနဲ့ အစိုးရတွေအပေါ်မှာ ဩဇာသက်ရောက်မှု ရှုတ်တရက်ရှိလာတယ်။ အထူးသဖြင့် အာဂျင်တီးနား။ ဒီနိုင်ငံဟာ

သူတို့ပိုင်တယ်လို့တောင်ပြောလို့ရတယ်။ ကျွန်မတို့အောက်လွှတ်တော်အမတ်တွေ အတွက်နိုင်ငံရေးရန်ပုံငွေဆိုတာရှိတယ်။

အဲဒီရန်ပုံငွေအတော်များများကို အမည်မဖော်ပြ လှူဒါန်းနေတဲ့ အဖွဲ့တစ်ဖွဲ့ ရှိနေတာကြာပြီ။ ကျွန်မကတော့ အဲဒါ ကံကြမ္မာအင်တာပရိုက်စ်ပဲလို့

ထင်တယ်။ ဒါကြောင့်လည်း ဘယ်အစိုးရကမှ သူတို့ကို စုံစမ်းစစ်ဆေးရေးတွေမလုပ်ခဲ့ကြတာလို့ ယူဆတယ်"

"အောက်လွှတ်တော်လို အရေးသိပ်မကြီးလှတဲ့နေရာမျိုးတောင် သူတို့ရဲ့ အလှူငွေရောက်တယ်ဆိုရင် ဒီအဖွဲ့ဟာ

အထက်လွှတ်တော်အမတ်မင်းတွေရဲ့ အိတ်တွေ၊ အိမ်ဖြူတော်ကလူတွေရဲ့အိတ်တွေကို ဘယ်လောက်အတိုင်း အတာအထိ

ငွေတွေထည့်ထားမလဲဆိုတာ စဉ်းစားကြည့်ဖို့ကောင်းပြီ" ပစ်သည် ပြောပြောဆိုဆိုဖြင့် လိုရမ်ကို စိုက်ကြည့်လိုက်သည်။

လိုရမ်က ပြာပြာသလဲ လက်ကာပြရင်း-

"အမလေး၊ ကျွန်မကိုတော့ စွပ်စွပ်စွဲစွဲလာမကြည့်နဲ့နော်။ ကံကြမ္မာအင်တာပရိုက်စ်မကလို့ ဘာအဖွဲ့ဖြစ်ဖြစ် တို့များက

ရံပုံငွေလက်မခံဘူး"

ပစ်က ဝံပုလွေပြုံးပြုံးရင်း-

"ဟုတ်လို့လား" ဟုမခိုးမခန့်မေးသည်။ လိုရမ်က ပစ်ကို စားပွဲအောက်မှ နေ၍ခြေထောက်ဖြင့်ကန်လိုက်၏။

"မောင်နော်၊ ကျွန်မကိုလာမဆွနဲ့၊ အောက်လွှတ်တော်တစ်ခုလုံးမှာ သိက္ခာအရှိဆုံးအမျိုးသမီး အမတ်မင်းရှင့်၊ ဘာမှတ်သလဲ"

ဟုဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်သည်။

"ဟုတ်မှာပါကွာ၊ ဂုဏ်သိက္ခာအရှိဆုံးတင်မကပါဘူး၊ အလှဆုံးအမတ်မင်းလည်း ဖြစ်ပါသတဲ့"

ပစ်တို့မောင်နှံသည် အစာပိတ်အချို့ပွဲကို ကဘားနက်ဝိုင်ဖြင့် မြည်းနေကြသည်။ စားပွဲထိုးကလေးက အနားမှ လိုလေသေးမရှိ

ဝန်ဆောင်မှုပေးနေသည်။ လိုရမ်က-

"ဘာပဲဖြစ်ဖြစ် ကံကြမ္မာအင်တာပရိုက်စ်ဟာ နာဇီနွယ်ဝင်ဆိုရင် ဟစ်တလာထက် လက်စောင်းထက်ကြတယ်လို့ပြောရမယ်။

စီးပွားရေးနဲ့အနိုင်ယူတာလေ"

"ကမ္ဘာကို အုပ်စိုးမယ်ဆိုတဲ့ အတွေးအခေါ်က အတိတ်မှာကျန်ခဲ့ပါပြီလေ။ တရုတ်ခေါင်းဆောင်တွေကိုကြည့်ပါလား။

သူတို့နိုင်ငံစီးပွားရေး အင်အားကြီးလာလေလေ၊ နိုင်ငံတကာ ဆက်ဆံရေးမှာ ပျော့ပြောင်းလာလေလေ မဟုတ်လား။ စစ်ဖြစ်လိုက်ရင် ခဲလေသမျှ

သဲရေကျမှာကိုး၊ ဆိုဗီယက် နိဂုံးချုပ်သွားပြီးကတည်းက အနာဂါတ်စစ်ပွဲတွေဟာ စီးပွားရေး စစ်ပွဲတွေသာဖြစ်လာလိမ့်မယ်လို့ နိုင်ငံရေးပညာရှင်တွေ

ခန့်မှန်းခဲ့ကြပြီးသားပဲ။ ဝုဖ်တွေဟာ ဒီအချက်ကို ကောင်းကောင်းသဘောပေါက်တယ်။ ဒါကြောင့် စီးပွားရေးပါဝါကို

အခိုင်အမာခြေကုပ်ယူထားတာပေါ့။ ခုတော့ သူတို့လက်ညှိုးညွှန်ရာရေဖြစ်လောက်တဲ့ အဆင့်ကိုရောက်နေကြပြီ။ ပြဿနာက သူတို့ဘာလဲ၊

ဘယ်လဲဆိုတာပဲ"

"မနေ့က ရှင်ဖမ်းမိတဲ့အမျိုးသမီးဆီက ဘာမှမသိခဲ့ရဘူးလား"

"သေချာသိတာတစ်ခုကတော့ ကမ္ဘာပျက်မဲ့နေ့ဟာ လက်တစ်ကမ်းအကွာမှာရောက်နေပြီဆိုတာကိုပဲ။ သူ့အပြောအရတော့ သူတို့

ဝုဖ်တွေကလွဲပြီး ကျန်တဲ့လူသားမျိုးဆက်အားလုံး အဲဒီနေ့မှာ သေရလိမ့်မယ်တဲ့"

"မောင် သူပြောတာကို ယုံသလား"

ပစ်က ခပ်ယဲ့ယဲ့ပြုံးလိုက်၏။

"မင်းရော ယုံသလား လိုရမ်။ အရင်တုန်းကလည်း ဒီလိုပဲ ကမ္ဘာပျက်မဲ့ဟောကိန်းတွေ ထောင်နဲ့ချီထွက်ခဲ့ဘူးတယ်။ ပြီးတော့လည်း

နေလာနင်းပျောက်ဆိုသလိုပါပဲ။ ကိုယ့်စိတ်ထဲ မရှင်းတာက ဒီဝုဖ်တွေဟာ ဘာဖြစ်လို့များဒီ ဒဏ္ဍာရီ လိုလို၊ ဟောကိန်းလိုလို ကမ္ဘာပျက်မဲ့နေ့ကို

ဒီလောက်ယုံကြည်နေရတာလဲ။ အရင်က သူများတွေမသိအောင် လျှို့ဝှက်ထားတယ်။ သတင်းအစလေးထွက်လာတာနဲ့ လက်စတုန်း

ရက်ရက်စက်စက် အစဖျောက်ပစ်တယ်။ ခုတော့ သူတို့ကပဲ အားရပါးရ သတင်းလွှင့်နေပြန်တယ်။ ဒါဘာသဘောလဲ"

"အဲဒီ ကမ္ဘာပျက်မယ်ဆိုတဲ့ ဟောကိန်းကို သူတို့ ဘာကိုအခြေခံပြီးပြောတာလဲ"

"အားမီးနီးစ်ဆိုတဲ့ ရှေးဟောင်းလူမျိုးစုတစ်ခုရဲ့ ဟောကိန်းကိုအခြေခံပြီးပြောတာ"

လိုရမ်သည် ပစ်ကို မျက်လုံးလှန်ကြည့်လိုက်ပြီး-

"ဟုတ်ရော ဟုတ်ရဲ့လားမောင်ရယ်၊ ဝုဖ်လို ကမ္ဘာ့သူကြွယ်ကြီး မိသားစုက လွှန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက ဒဏ္ဍာရီ တစ်ခုကို

ယုံဖို့ဆိုတာ——"

"အဓိပ္ပါယ်မရှိဘူးလို့တော့ ကောက်ချက်မချနိုင်သေးဘူး လိုရမ်။ အိန္ဒိယ သမုဒ္ဒရာနဲ့ ကိုလိုရာဒိုမှာ မောင်တို့တွေ့ခဲ့ရတဲ့

လျှို့ဝှက်အခန်းတွေထဲက စာတွေကလည်း ဒီအတိုင်းပဲ အဓိပ္ပါယ်ရတယ်"

"အဲဒါတွေ မောင်ကမှ ကျွန်မကို သေချာပြောမပြရသေးတာ"

"ဩော်- ပြောဖို့ အချိန်မှ မရပဲနဲ့ကို။ ဘာပဲဖြစ်ဖြစ် လိုရမ်လည်း အကြမ်းဖျင်းတော့ သိပြီးသားပဲ မဟုတ်လား"

"အင်း-မောင့်ကို လာကြိုတဲ့ညတုန်းကတော့ ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာ ဖုန်းနဲ့ပြောပြထားပါတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ဝှဖ်တွေလုပ်နေတာကိုတော့ ခုထိစဉ်းစားလို့မရသေးဘူး။ တကယ်ပဲကမ္ဘာပျက်မယ်ထားတော့ သူတို့က

ဘာကိစ္စရှင်ကျန်ခဲ့ရမှာလဲ"

လိုရမ်က နောက်ထပ်မှာထားသော ရမ်မီမာတင်ဘရန်ဒီကို ဖန်ခွက်ထဲလောင်းထည့်ပြီး ဖယောင်းတိုင်မီးအလင်းရောင်ဖြင့်

ရွှေရောင်သန်းနေသော ယစ်ရွှေရည်ကို ကြည့်ရင်း-

"ကမ္ဘာဖျက်ကပ်ကနေ လွတ်နိုင်တဲ့ အစီအမံတွေ လုပ်ထားလို့ပေ့ါ မောင်ရဲ့" ဟုတိုးတိုးလေးပြောလိုက်တော့သည်။

ပစ်သည် မျက်မှောင်ကြုတ်လိုက်ရင်း-

"ဒီစကားကြားရတာ အခုနဲ့ပါဆိုရင် သုံးကြိမ်မြောက်ပဲ။ ကိုလိုရာဒိုမှာတုန်းက လူသတ်သမားက တစ်ခါ၊ နေ့လ့ ည်က အယ်လ်ဆီဝှဖ်ဆီက

တစ်ခါ၊ ခုမင်းဆီက တစ်ခါ၊ မင်းဘာသိထားလဲ လိုရမ်"

လိုရမ်က ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး-

"ဖိုင်နံပါတ် ၁၈ ကိုဖတ်ကြည့်လိုက်လေ" ဟုပြော၏။

ပစ်သည် ဖိုင်နံပါတ် ၁၈ ကို ဂမူးရှူးထိုးရှာ၍ ဖွင့်ဖတ်လိုက်၏။ သူတွေ့လိုက်ရသည်ကား—

ကမ္ဘာဦးကျမ်း အခန်း (၇)

ထိုနောက်၊ ထာဝရ ဘုရားသခင်သည် နောဧကိုတဖန် မိန့်တော်မူပြန်သည်ကား၊ ဤကာလအမျိုးတွင် သင်သည်ငါ့ရှေ့၌

ဖြောင့်မတ်ကြောင်းကို ငါသိမြင်သည်ဖြစ်၍၊ သင်၏အိမ်သူ အိမ်သားအပေါင်း တို့နှင့်တကွ၊ သင်္ဘောထဲသို့ ဝင်ကြလော့။ မြေကြီးပေါ်မှာ တိရစ္ဆာန်

အမျိုးမပြတ် ဆက်နွယ်စေခြင်းငှါ၊ စင်ကြယ်သောသားမျိုး၊ တမျိုးတမျိုး တွင် အထီးအမ ခုနစ်စုံစီ၊ မစင်ကြယ်သောသားမျိုး တမျိုးတမျိုးတွင် လည်း

အထီးအမ နှစ်စုံစီ၊ မိုဃ်းကောင်းကင် ငှက်၊ တမျိုးတမျိုးတွင်လည်း အထီးအမခုနစ်စုံစီ၊ အသီးအသီး တို့ကို သိမ်းယူရမည်။ အကြောင်းမူကား၊

ယနေ့မှစ၍ ခုနစ်ရက်စေ့လျှင်၊ အရက်လေးဆယ်ပတ်လုံး မြေကြီးပေါ်သို့ မိုဃ်းရွာစေမည်။ ငါဖန်ဆင်းသော သတ္တဝါအပေါင်းတို့ကို၊

မြေကြီးမျက်နှာပေါ်မှ ငါပယ်ရှင်းမည် ဟု၊ ထာဝရဘုရား မှာထားတော်မူ၏။ မှာထားတော်မူသည် အတိုင်းလည်း နောဧပြုလေ၏။ မြေကြီးကို

ရေလွှမ်းမိုးသောအခါ၊ နောဧသည် အသက်ခြောက်ရာရှိသတည်း။ ရေလွှမ်းမိုးခြင်းဘေး ကြောင့် နောဧသည် မိမိသား၊ မယား၊ ချွေးမများနှင့်တကွ၊

သင်္ဘောထဲသို့ဝင်၍၊ ဘုရားသခင်မှာထားတော်မူသည် အတိုင်း၊ စင်ကြယ်သောသား၊ မစင်ကြယ်သောသား၊ ငှက်များနှင့် မြေပေါ်မှာတွားတတ်သော

တိရစ္ဆာန်များထဲက၊ အထီးအမအစုံတို့သည်၊ နောဧနှင့်အတူ သင်္ဘောထဲသို့ဝင်ကြ၏။

ခုနစ်ရက်စေ့သောအခါ၊ လွှမ်းမိုးအပ်သောရေသည် မြေပေါ်၌ ပေါ်လာ၏။ နောဧအသက် ခြောက်ရာစေ့သောနှစ်၊ ဒုတိယလ၊

ဆယ်ခုနစ်ရက်နေ့တွင်၊ ကြီးစွာသော နက်နဲရာရေပေါက်ရေတွင်းတို့၏ အဆီးအတား ရှိသမျှကို ပယ်ရှင်း၍၊ မိုယ်းကောင်းကင် ပြွန်ဝများကိုဖွင့်သဖြင့်၊

အရက်လေးဆယ်ပတ်လုံး မြေကြီးပေါ်မှာ မိုယ်းရွာလေ၏။ ထိုနေ့ရက်တွင်၊ နောဧနှင့် မိမိမယားမှစ၍၊ ရှေမ၊ ဟာမ၊ ယာဖက်တည်း ဟူသော၊

နောဧသားသုံးယောက်၊ ချွေးမ သုံးယောက်တို့သည် သင်္ဘောထဲသို့ ဝင်ကြ၏။ သားရဲမျိုး၊ သားယဉ်မျိုး၊ မြေပေါ်မှာတွားတတ်သော တိရစ္ဆာန်မျိုး၊

ပျံတတ်သော ကြက်ငှက်မျိုး၊ အသက်ရှင်သော တိရစ္ဆာန်အမျိုးမျိုး အပေါင်းတို့ထဲက၊ အထီးအမစုံတို့သည် နောဧ နှင့်အတူ သင်္ဘောထဲသို့

ဝင်ကြလေ၏။ ထိုသို့ နောဧကို ဘုရားသခင် မှာထားတော်မူသည်အတိုင်း ဝင်သော တိရစ္ဆာန်တို့သည်၊ ခပ်သိမ်းသော တိရစ္ဆာန်တို့အထဲက၊

အထီးအမစုံလျက် ဝင်ကြ၏။ ထာဝရဘုရားသည်လည်း၊ နောဧကို အထဲမှာပိတ်ထား တော်မူ၏။

ရေလွှမ်းမိုးခြင်းသည်၊ အရက်လေးဆယ်ပတ်လုံး၊ မြေကြီးပေါ်မှာ အစဉ်အတိုင်း တိုးတက်၍၊ သင်္ဘောကို မြေမှချီလျက် ဆောင်ယူလေ၏။

တဖန် ရေသည် အားကြီး၍၊ မြေကြီးပေါ်မှာ အလွန်တိုးတက် သဖြင့်၊ သင်္ဘောသည် ရေမျက်နှာပေါ်၌ မျောလျက်နေလေ၏။ နောက်တဖန် ရေသည်

မြေကြီးပေါ်မှာ အလွန်အားကြီးသဖြင့် မိုယ်းကောင်း ကင်အောက်၌ ရှိသမျှသော တောင်ကြီးအပေါင်းတို့သည် မြုပ်ကြ၏။ ရေမြုပ်သော

တောင်တို့အထက်၌ လွှမ်းတက်သော ရေသည် ဆယ်ငါးတောင်ရှိသတည်း။

မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်မျိုးတည်းဟူသော ငှက်၊ သားယဉ်၊ သားရဲ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့နှင့်

လူအပေါင်းတို့သည် သေကြကုန်၏။ အသက်ရှူလျက် ကုန်းပေါ်မှာ ရှိလေသမျှ တို့သည် သေကြကုန်၏။ မြေမျက်နှာပေါ်၌ ရှိသောလူဖြစ်စေ၊

သားဖြစ်စေ၊ တွားတတ်သော အရာဖြစ်စေ၊ မိုယ်းကောင်းကင် ငှက်ဖြစ်စေ၊ အသက်ရှင်သော အရာရှိသမျှတို့ကို မြေကြီးက ပယ်ရှင်း တော်မူ၍၊

ပျက်ဆီး ကွယ်ပျောက်ခြင်းသို့ ရောက်ကြကုန်၏။ နောဧမှစ၍ နောဧနှင့်အတူ သင်္ဘောထဲ၌ရှိသော သူတို့သာ ကျန်ကြွင်း လေကြ၏။ ရေသည်လည်း

မြေကြီးပေါ်မှာ၊ ရက်ပေါင်းတရာ ငါးဆယ်ပတ်လုံး အားကြီးစွာတည်လေ၏။

ပစ်သည် လိုရမ်ကို မော့ကြည့်လိုက်၏။ လိုရမ်၏ ခရမ်းပြာရောင် မျက်ဝန်းများနှင့် သူ၏ ပယင်းစိမ်းရောင်မျက်ဝန်းများ သည် အတော်ကြာ

အကြည့်ချင်းဆုံနေမိကြသည်။ စကားမပြောနိုင်ကြ။ အတော်ကြာမှ-

"ဩော်-သူတို့က ဒီလိုလုပ်မှာတဲ့လား လိုရမ်"

လိုရမ်က သက်ပြင်းချရင်း ခေါင်းကို ဖြည်းညှင်းစွာညိတ်ပြလိုက်သည်။

ပစ် မယုံနိုင်လောက်အောင်ဖြစ်နေသည်။ နောဧ၏ သင်္ဘော။ ကမ္ဘာပျက်ကပ်ကြုံစဉ် ဘုရားသခင် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူသော

နောဧ၏ သင်္ဘော။ ခုဝှဖ်တို့ စီမံဖန်တီးထားသော နောဧ၏ ဒုတိယသင်္ဘောကား—။ ပစ်သည် အစီရင်ခံစာကို ဆက်ဖတ်လိုက်သည်။

လူသားတို့လုပ်နိုင်သမျှသော သင်္ဘောများတွင်အကြီးဆုံးသော ဆိုက်တူဂိုက်တူ သင်္ဘောကြီးလေးစီး။ အလျားပေ ခြောက်ထောင် အနံပေ

တစ်ထောင့်ငါးရာ ရှိ၍ အထပ်ပေါင်း (၃၂) ထပ်ရှိပြီး တန် သုံးသန်းခွဲ စီအလေးချိန်ရှိ ကြ၏။

ပစ်သည် မျက်ခုံးပင့်လိုက်ပြီး-

"စိတ်ကူးကတော့ အလွန်ကောင်းပဲ။ လက်တွေ့တော့ ဖြစ်နိုင်ဖို့ အတော်ခဲယဉ်းတယ်"

"ဆက်ဖတ်ပါဦးလေ။ နောက်ပိုင်းရောက်မှ ကောင်းခန်းတွေက လာမှာ"

ပထမဆုံး သဘော်သည် လူစီးသဘော် ဖြစ်၏။ ထိုသဘော်ကြီးပေါ်တွင် ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဖျော်ဖြေရေး အစီအစဉ်များ

ပါရှိသည့်အပြင် အပေါ်ဆုံးထပ် တွင် လူစီးဂျက်လေယာဉ် အသေးစားလေးများ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းပင် ပါဝင်၏။ လူငါးထောင်စာ

နေထိုင်ရန် အခန်းများအလုံအလောက်ပါဝင်၏။ ထိုနေရာ အရောက်တွင် ပစ်ခေါင်းယမ်းလိုက်သည်။ တကယ်ဆိုလျှင် ထိုမျှ

ကြီးသောသဘော်တစ်စီးသည် အနည်းဆုံး လူငါးသောင်းလောက် တင်ဆောင်နိုင်ပါလျှက်နှင့် အဘယ့်ကြောင့် လူငါးထောင်စာသာဖြစ်ရသနည်း။

ဒုတိယမြောက်သဘော်သည် ကုန်တင်သဘော်ဖြစ်၏။ လူစီးသဘော်ပမာဏ အတိုင်းပင် ကြီးမားခိုင်ခန့်၏။ ဆောက်လုပ်ရေး နှင့်

အင်ဂျင်နီယာ ပစ္စည်းမျိုးစုံကို သယ်ဆောင်မည်ဖြစ်သည်။ တတိယသဘော်သည် ကမ္ဘာပေါ်ရှိ တိရိစ္ဆာန် အမျိုးစုံအောင်တင်ဆောင်မည့် ဘေးမဲ့တော

သဘော်ဖြစ်သည်။ နောက်ဆုံးသဘော်သည်ကား လောင်စာဆီ အမျိုးမျိုးကို သယ်ဆောင်ရမည်ဖြစ်သည်။

ပစ်သည် အစီရင်ခံစာကို ဖတ်ကြည့်ပြီး ခေါင်းယမ်းလိုက်၏။

"ပုံဆွဲစက္ကူပေါ်မှာတော့ ဒီသဘော်တွေ ကောင်းချင်ကောင်းမပေ့ါလေ။ ဒီဟာကြီးတွေ ရေပေါ်ပေါ်နေအောင် တကယ်လုပ်လို့ရော

ရပ့ါမလား"

"ရမရ ဆက်ဖတ်ကြည့်ပေ့ါလေ"

ချီလီနိုင်ငံတောင်ပိုင်းရှိ ကံကြမ္မာအင်တာပရိုက်စ်ပိုင် လျှို့ဝှက်သဘော်ကျင်းတွင် ထိုသဘော်များကို တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

ထိုသဘော်များသည် အတွင်းပိုင်းရော အပြင်ပိုင်းပါ ပြီးစီး၍ မကြာခင်ရေချတော့မည်ဖြစ်သည်။
အကယ်၍ စားနပ်ရိက္ခာအပြည့်အစုံ ရှိခဲ့ပါလျှင်

ထိုသဘော်များအတွင်း နေထိုင်သူများသည် ပြင်ပကမ္ဘာနှင့် အဆက် ဖြတ်၍ အနည်းဆုံး နှစ်ပေါင်း
နှစ်ဆယ်ခန့်နေထိုင်နိုင်မည် ဖြစ်ကြောင်း။

"ဒီလောက်ကြီးကျယ်တဲ့သတင်းကို တို့ရဲ့အင်မတန်အနံ့ခံကောင်းလှပါတယ်ဆိုတဲ့ မီဒီယာတွေ
တစ်ယောက်မှ မသိကြ ဘူးလားကွာ။

ဒီသဘော်တွေထဲ ရောက်ဖူးတဲ့သူရောမရှိကြဘူးလား"

"သဘော်ကျင်းအကြောင်း စီအိုင်အေရဲ့ အစီရင်ခံစာပါတယ်လေ။ သဘော်တည်ဆောက်တဲ့နေရာကို
အပြင်လူဝင်လို့ မရအောင်

လုံခြုံရေးအကြီးအကျယ် တင်းကျပ်ထားတယ်။ သဘော်ကျင်းအလုပ်သမားတွေရော၊ သူတို့ရဲ့ မိသားစု
တွေကိုပါ အပြင်အထွက်မခံဘူး။ ပြီးတော့

အင်းဒီးစ်တောင်တန်းရဲ့ တောင်စွယ်တွေပါတ်လည်ဝိုင်းနေတဲ့ နေရာကို
အသေအချာရွေးခဲ့ကြတာဆိုတော့ ဒီသဘော်ကျင်းထဲကို

ကုန်းလမ်းကတဆင့် လုံးဝမဝင်နိုင်ဘူး။ ပင်လယ်ဖက်က ဝင်ချင်ဝင်၊ ဒါမှမဟုတ်ရင်တော့
လေထီးနဲ့ဆင်းမှပဲရမယ်"

ပစ်ခေါင်းယမ်းလိုက်၏။

"သူတို့အစီရင်ခံတာ ပေါ့ပြက်ပြက်နိုင်လွန်းတယ်။ ဒီထက်ပိုပြီးအသေးစိတ် မစုံစမ်းနိုင်ကြဖူးလား"

လိုရမ်က ဘရန်ဒီတစ်ငုံငုံလိုက်ပြီး-

"စီအိုင်အေက ကံကြမ္မာအင်တာပရိုက်စ်ဟာ ယူအက်စ်ရဲ့လုံခြုံမှုကို မထိခိုက်နိုင်ဖူးလို့ယူဆတဲ့အတွက်
အသေးစိတ်

စုံစမ်းထောက်လှမ်းတာတွေ မလုပ်ခဲ့ဘူးတဲ့"

ပစ်သည် စိန့်ရှား၏ လှပစွာတန်ဆာဆင်ထားသော နံရံများကို စိုက်ကြည့်ရင်း-

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက အယ်လ်နဲ့ကိုယ်နဲ့ အကြမ်းဖက်သမားတွေ ပြန်ပေးဆွဲသွားတဲ့ သင်္ဘောနောက်ကိုလိုက်ရင်း

အင်မတန်လျှို့ဝှက်တဲ့ ချီလီသင်္ဘောကျင်းတစ်ခုကို ရောက်ခဲ့ဖူးတယ်။ အဲဒီနေရာအနေအထားက ခုစီအိုင်အေအစီရင်ခံစာမှာပါတဲ့ တည်နေရာမျိုးပဲ။

ဝုဖ်တွေဟာ အဲဒီနေရာကိုများရွေးခဲ့သလားမသိဘူး"

"ဟုတ်ချင်ဟုတ်မှာပေါ့မောင်။ သူတို့ဒီသင်္ဘောတွေကို ဆောက်ရတဲ့ရည်ရွယ်ချက်က ပင်လယ်ခုနစ်တန်ကို ကျော်ဖြတ် ဖို့မှမဟုတ်ပဲ။

ကမ္ဘာပျက်တဲ့အချိန် နောဧလို လွတ်လမ်းရှာဖို့ပဲမဟုတ်လား"

"ဟုတ်တယ်။ နောဧတုန်းကတော့ ဘုရားသခင်ရဲ့ တန်ခိုးတော်နဲ့ဖန်ဆင်းအပ်သော သင်္ဘောကို စီးပြီး ကမ္ဘာပျက်ကပ်

ကိုရှောင်ခဲ့ကြတယ်။ ဝုဖ်တွေကတော့ သိပ္ပံပညာ နဲ့ ဘီလီယံပေါင်းများစွာသော ငွေကြေးဆိုတဲ့ နှစ်ဆယ့်တစ်ရာစု တန်ခိုးတော်နဲ့ သူတို့

မိသားစုလွတ်မြောက်ရေးအတွက် သင်္ဘောတွေကို ဖန်ဆင်းနေကြတာပေါ့"

ပစ်နှင့်လိုရမ်တို့ နှစ်ဦးလုံးအတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ ခဏကြာတော့ လိုရမ်သည် အမျိုးသမီး သန့်စင်ခန်းသို့ ထသွားသည်။

ပစ်ကတော့ ကျောက်ရုပ်သဖွယ်ငြိမ်သက်မြဲ။ သူ့ဦးနှောက်သည် အတွေးပေါင်းစုံတို့ ဖြင့် ပြည့်နှက်လျှက်။ လက်ခံဖို့ခက်ခဲသော်လည်း အခုတော့

ဝုဖ်မိသားစုဝင်များကို ဘာကြောင့် ခြောက်ပစ်ကင်း သဲလဲစင်သည့် မဟာလူသားများဖြစ်အောင် မျိုးရိုးဗီဇ နည်းပညာဖြင့်ဖန်တီးခဲ့သည်ကို

ခုတော့သူသဘောပေါက်လာပြီဖြစ်၏။

ဂျာမနီမှ ပြေးလာကြသော နာဇီအိုကြီးများသည် သူတို့၏ အတောမသတ်နိုင်သော လောဘနှင့်မောဟ များအတွက်၊ စူပါလူသားများကို

ဖန်တီးခဲ့ချေပြီတကား။ ခုတော့ ထိုစူပါလူသားများသည် ကမ္ဘာပျက်သည်ကိုပင် လွတ်မြောက်အောင်ကြံဆောင်နေကြချေပြီ။

ကမ္ဘာဖျက်ကပ်ကြီးအပြီး ကျန်ရစ်ခဲ့သော လူသားများကို ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလှသော ထိုစူပါလူသားများက

ထာဝရအုပ်စိုးချေတော့မည်။ တို့လူသားများသည် ဝုဇ်စူပါမျိုးဆက်၏ ကျွန်များ၊ ကိုလိုနီများဖြစ်ဖို့ အချိန်သည် မဝေးတော့ပါတကား။

အတ္တလန်တစ် ရာပုံတော် (၅၃)

ကတ္တီပါညစ်၏ အမှောင်ထုထဲတွင် မတ်စောက်လှစွာသော တောင်နံရံကြီးများသည် မိုးထိုးနေ၏။ အင်ဒီးစ် တောင်တန်း၏

အနောက်ဖက်ခြမ်းရှိ ပေ ၁၁၈၀၀ မြင့်သည့် စာရိုမူရာလန်တောင်ထိပ်သည် အမြဲတစေ ဆီးနှင်းများ ဖုံးလွှမ်းလျက် ရှိသည်။ ညသည်

တိမ်ကင်းစင်လျှက်ရှိပြီး ကောင်းကင်သည် ကြည်လင်လွန်းလှသည်။ ကြယ်များ၏ အလင်းရောင်အောက်ဝယ် မတ်စောက်လှသော တောင်နံရံတွင်

တရွေ့ ရွေ့ သွားနေသော ယာဉ်ကလေး တစ်စီးကို တွေ့ရ၏။

မိုလာ အမ် ၄၀၀ အမျိုးအစား ကောင်းကင်ကားကလေးသည် ချာရိုကီးဂျစ်ကားတစ်စီးလောက်သာ ရှိ၍ ကားလမ်းမ ပေါ်တွင်

ဆင်းသက်နိုင်ပြီး ကားဂိုဒေါင်ထဲတွင် ထည့်သွင်းသိမ်းဆည်းနိုင်၏။ သို့သော် အဆင့်မြင့် လေကြောင်းသိပ္ပံ ပညာ ဖြင့်တီထွင်ဖန်တီးထားသော

ဤယာဉ်ငယ်သည် လေယာဉ်ကြီးများသဖွယ် တည်ငြိမ်စွာမောင်းနှင်နိုင်၏။ စတားဝါးခေတ်ယာဉ်များ၏ ခေတ်ဦးပုံစံဟု ပြောနိုင်လောက်အောင်

အဆင့်မြင့်မြင့်တီထွင်ဖန်တီးထား၏။ ရောက်ရှိဆင်းသက်ရန် နေရာကို ကွန်ပျူတာများဖြင့် တွက်ချက်အဖြေထုတ်ထားသော အော်တိုပိုင်းလော့တပ်

ထိုယာဉ်ငယ် အတွင်းရှိ ယာဉ်မှူးနှစ်ဦးမှာ ပါတ်ဝန်းကျင်ကို ငေးမောကြည့်ရှုနေယုံမှတပါး အခြားအလုပ်မရှိ။

ဒတ်ပစ်သည် ပြင်ပမြင်ကွင်းများကို စိတ်မဝင်စားပဲ ကွန်ပျူတာမော်နီတာကိုသာ သည်းကြီးမည်းကြီးကြည့်ရှုနေ၏။

ယာဉ်ငယ်ဆိုက်ရောက်ရမည့်နေရာကို ပရိုဂရမ်သွင်းထားပြီးဖြစ်သောကြောင့် ဒီထက်လည်းသူဘာမှပိုမလုပ်နိုင်။ အယ်လ်ဂျီယိုဒီနိုကတော့

စွန့်စားခန်းဝတ္ထုတစ်ပုဒ်ကို ကျားကုတ်ကျားခဲ ဖတ်ရှုနေ၏။ ယာဉ်ကိစ္စသည် သူနှင့်ဘာမှ မဆိုင်သကဲ့သို့ ဟန်ဆောင်ပန်ဆောင်ကလေးပင်

စိတ်ဝင်စားဟန်မပြ။

ပစ်သည် ဝုဖ်သဘော်ကျင်းဆီသို့ ရေအောက်မှ ဝင်ရာလမ်းပြမြေပုံကို နောက်တစ်ကြိမ်ထပ်မံကြည့်ရှုလိုက်သည်။ ပုန်းလျှိုးကွယ်လျှိုး

ရှိလှစွာသော ကံကြမ္မာအင်တာပရိုက်စ်၏ အင်ပါယာအတွင်းသို့ သူတို့နှစ်ယောက် ခွေးသူခိုးကဲ့သို့ ခိုးကြောင်ခိုးဝှက် ဝင်ကြရမည်ဖြစ်သည်။ ရေဒါတို့

လေဆာတို့လွတ်မည့်လမ်းက ဤတစ်လမ်းသာရှိ၏။

ဒတ်ပစ်နှင့် အယ်လ်ဂျီယိုဒီနိုတို့ နှစ်ယောက်လုံး ရေငုပ်ဝတ်စုံများကို ကိုယ်စီဝတ်ဆင်ထားကြသည်။ သူတို့မှာ အဝတ် အစားလဲလှယ်နေဖို့

အချိန်မရှိ။ ပစ်သည် ကွန်ပျူတာမော်နီတာကို ကြည့်ရင်း-

"ဆန်တာကရုဇ်က ထွက်ခွာလာတာ ခု ၂၁၂ မိုင်ရောက်ပြီ" ဟု အယ်လ်ကိုလှမ်းပြောလိုက်သည်။

အယ်လ်က ဝတ္ထုစာအုပ်နှင့် မျက်နှာ မခွာတမ်းကပ်ထားရာမှ-

"ဘယ်လောက်လိုသေးသလဲ" ဟုလှမ်းပြောလိုက်သည်။

"မိုင်ငါးဆယ်သာသာလောက်။ ပရိုဂရမ်အရတော့ နောက်ဆယ့်ငါးမိနစ်ဆို ရောက်ပြီ"

"ဒါဆို နောက်တစ်ခန်းဆက်ဖတ်ဖို့ အချိန်ရသေးတယ်ကွ"

"နင့်မေကလိန်းတဲ့မှ၊ ဘာအကြောင်းမို့လို့ ဒီလောက်သည်းကြီးမည်းကြီး ဖတ်နေတာလဲ"

"အသာနေစမ်း၊ အကြမ်းဖက်သမားတွေက လူစွမ်းကောင်းမကို တစ်စစီဖွဲ့တော့မယ့်အချိန်မှာ လူစွမ်းကောင်းက လာကယ်တဲ့

အခန်းကိုရောက်နေပြီကွ"

"တော်ပါကွာ" ပစ်က စိတ်ပျက်စွာငြီးငြူလိုက်ပြီး မော်နီတာကိုသာ စူးစိုက်ကြည့်နေလိုက်၏။ ဒီငပေါနှင့် စကားပြောရသည်မှာ

စိတ်ဆင်းရဲစရာ။ ခဏနေတော့-

"ဟော့ကောင်၊ ရောက်ပြီကွ"

"ဟာကွာ၊ ဇာတ်ရှိန်တက်နေတုန်းမှ"

"အေးပါ၊ ဆယ်မိနစ်လောက် ဆက်ဖတ်လို့ရပါသေးတယ်။ ဖတ်၊ ဖတ်"

အယ်လ်က ပစ်ကို မျက်စောင်းကြီးထိုးပြီး စာအုပ်ဆက်ဖတ်နေပြန်သည်။ ပစ်က သူတို့အောက်ဖက်ရှိ သင်္ဘောကျင်းမှ မီးရောင်များကို

ငေးကြည့်နေသည်။ လူလွန်မသားတွေ တည်ဆောက်နေသည့် သင်္ဘောကြီးတွေကို နဖူးတွေ့၊ ဒူးတွေ့မြင်ရတော့မည်။

"ဟား၊ ပြီးပြီ" ဂျီယိုဒီနီက အလန့်တကြားထအော်လိုက်သည်။

"သောက်ကျိုးနည်း၊ ကောင်းလိုက်တဲ့ ဝတ္ထုကွာ၊ မင်းသားတစ်ယောက်ထဲက လူဆိုးတစ်သောင်းလောက်ကို ဗျင်းပစ်လိုက်တာ"

ဂျီယိုဒီနိသည် ပြောနေရင်းတန်းလန်း မီးရောင်များကို မြင်လိုက်ရသဖြင့်လန့်သွား၏။

"ဟော့- ငါတို့ကို သူတို့မတွေ့နိုင်တာသေချာတယ်နော်။ ဘုရား၊ ဘုရား၊ အောက်ကနေ ဒုံးကျည်နဲ့လှမ်းဆော်လိုက်လို့ကတော့

လူစွမ်းကောင်းပစ်နဲ့ လူစွမ်းကောင်းအယ်လ်တို့နှစ်ယောက် မီးခြစ်ဘူးလောက်ရှိတဲ့ ယာဉ်ကလေးထဲမှာ မီးသင်္ဂြိုလ်ပြီးသားဖြစ်ကုန်ကြတော့မှာပဲ"

"ဘယ်စစ်သုံးရေဒါစနစ်ကမှ အမ်၄၀၀ ကိုမတွေ့နိုင်ဘူးလို့တော့ ပြောလိုက်ကြတာပဲကွ၊ တွေ့ရင်တော့ မင်းပြောသလိုဖြစ်မှာ

မြေကြီးလက်ခတ်မလွဲပဲ သူငယ်ချင်း"

"အေး၊ မောင်မင်းကြီးသားများပြောလိုက်တာ မှန်ပါစေကွာ"

ပစ်သည် လက်နှိပ်ဓါတ်မီးအသေးစားလေးဖြင့် မြေပုံကို ထိုးကြည့်ရင်း-

"ရွေးစရာလမ်းနှစ်လမ်းရှိတယ်ကွ။ ပထမလမ်းကရေအောက်ကနေ နှစ်မိုင်လောက်သွားရမယ်။ ဒုတိယလမ်းက ရေခဲတောင်ကြီးတစ်ခုကို

ဖြတ်ပြီး လေးမိုင်လောက်လမ်းလျှောက်ရမယ်။ မင်းဘယ်ဟာကြိုက်သလဲ"

"ဒီလောက်မှောင်မဲနေတဲ့အချိန်မှာ ရေခဲတောင်ကိုတက်လို့ကတော့ ချောက်ထဲပြုတ်ကြပြီး နောင်နှစ်ပေါင်းတစ်သောင်း လောက်အထိ

နင့်အလောင်းကို ရှာမတွေ့ပဲနေမှာပေါ့ ကမြင်းထီးကောင်ရဲ့"

"စိတ်မပူပါနဲ့ အဲသလို ပြုတ်ကြလို့ မင်းသေသွားရင် ငါရအောင်ရှာပြီး ကမ္ဘာကိုကယ်တင်သူ လူစွမ်းကောင်း အယ်လ် ဂျီယိုဒီနိဆိုပြီး

ပြတိုက်မှာ ကိုယ်တုံးလုံးကြီး မှန်ခေါင်းသွင်းပေးထားပါ့မယ်"

သူတို့နှစ်ယောက် စကားနိုင်လုနေစဉ် အမ် ၄၀၀သည် လုံးဝအရှိန်သေသွား၏။ ပစ်သည် ယာဉ်၏ ထိန်းချုပ်ခလုတ်များကို

ဟိုသည်လျှောက်နိုပ်ရင်း အလုပ်များနေ၏။ စက္ကန့်ပိုင်းအတွင်း အမ် ၄၀၀သည် တစ်ခုသောမြေပြင်သို့ ဖြည်းညှင်းစွာ၊

အောင်မြင်စွာသက်ဆင်းလိုက်နိုင်သည်။ အမှန်တကယ်ဆင်းသက်သည့်နေရာသည် ပရိုဂရမ်လုပ်ထား သော နေရာနှင့် လေးလက်မသာကွာဝေး၏။

အံ့မခန်းသည့် နည်းပညာများပါပေ။

"ငါတို့ ဘာမှကို မလုပ်လိုက်ရဘူးကွ။ သူ့ဖာသာသူ အကုန်လုပ်သွားတာပဲ"

"မလုပ်ရတော့ သောက်လုပ်ရှုပ်သက်သာတာပေါ့ မသာရဲ့။ ဒါနဲ့နေပါဦး ခု တို့ဘယ်ရောက်နေသလဲ"

"သင်္ဘောကျင်းနဲ့ ကိုက်ငါးဆယ်ကွာတဲ့ တောင်ကြားထဲမှာ"

ပစ်သည် ယာဉ်ထဲမှ ထွက်လိုက်၏။ ညသည် တိတ်ဆိတ်မနေပါ။ သင်္ဘောကျင်းမှ အသံတို့သည် ရေပြင်ကို ဖြတ်လျှက် သူတို့ရှိနေရာ

တောင်ကြားအတွင်းတွင် ဆူညံလျှက်ရှိ၏။ ပစ်နှင့် အယ်လ်တို့နှစ်ယောက်သည် ရေငုပ်ကိရိယာများ နှင့် လက်နက် ကိရိယာများကို

အမြန်ဆုံးတပ်ဆင်နေကြသည်။ ပစ်သည် ဂျီပီအက်စ်စနစ်သုံး လမ်းပြကွန်ပျူတာကိရိယာကို ဘယ်လက်မောင်းတွင်ချိတ်လိုသည်။

အားလုံးနေသားတကျဖြစ်အောင် ပြင်ဆင်ပြီး သောအခါ ဂျိယိုဒီနိုက-

"သွားကြတော့မလား"

ပစ်က ခေါင်းညိတ်ပြလိုက်၏။ ဒီအချိန်မှစ၍ လုံခြုံရေး ထူထပ်စွာချထားသော သင်္ဘောကျင်းတွင်းရောက်သည်အထိ သူတို့စကားပြော၍

မဖြစ်တော့မှန်း နှစ်ယောက်လုံးသိကြသည်။ သွားကြတော့မည်၊ သွားရတော့မည်။

လွန်ခဲ့သည့် နာရီနှစ်ဆယ်တုန်းကတော့ ပစ်နှင့်အယ်လ်တို့သည် ဤနေရာမှ
မိုင်ခြောက်ထောင်ကွာဝေးသော အသုံးလုံး ရုံးချုပ်ရှိ

ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာ၏ ရုံးခန်းအတွင်း၌ လက်တစ်ဆုပ်စာ လူတစ်စုနှင့်အတူရှိနေခဲ့ကြသည်။
သူတို့မျက်နှာများသည် စိုးရိမ်၊ သောက၊ ဗျာပါဒ

အငွေ့အသက်များ လိမ်းကျံလျှက်။

"ဒေါက်တာအိုကွန်းနဲလ် ပျောက်နေတယ်" ဆန်ဒက်ကာက စကားဝိုင်းကို စဖွင့်လိုက်၏။

ပစ်က ကန်ဟိန်းကို တစ်ချက်ကြည့်လိုက်ရင်း-

"ဒေါက်တာ အိုကွန်းနဲလ်ကို လုံခြုံရေး အပြည့်ပေးထားတယ် မဟုတ်လား"

ကန်ဟိန်းက-

"ဟုတ်တယ်ဗျ၊ သူဘယ်သွားသွားကျွန်တော်တို့လိုက်တာပဲ။ သူနဲ့ သူ့သမီးလေး ရေခဲမုန့်ဝယ်ဖို့ဆိုပြီး
စတိုးဆိုင် တစ်ခုထဲ

ဝင်သွားလိုက်ရာက ပြန်မထွက်လာကြတော့ဘူး။ အဲဒီကစပြီး ပျောက်သွားတော့တာပဲ"

ပစ်က စားပွဲကို လက်သီးဖြင့် ခပ်ပြင်းပြင်းထုလိုက်၏။ ဒေါသတွေ လှိုင်းထလာ၏။

"ဝုဖ်တွေ လက်ချက်မှန်းသေချာသိပါလျှက်နဲ့၊ ဒီလိုလုပ်မယ်မှန်းလည်း ကြိုတင်တွေးနိုင်ပါလျှက်နဲ့
ဘာဖြစ်လို့ ခုလို ဖြစ်ရတာလဲ။

ဘာဖြစ်လို့ ကျွန်တော်တို့က သူတို့ကို အမြဲလျှော့တွက်မိနေရတာလဲ"

"ဒေါသတွေ သိပ်ထွက်မနေနဲ့ဦး ကောင်လေး၊ ဆက်နားထောင်လိုက်ဦး၊ ကျန်သေးတယ်" ဗိုလ်ချုပ်ကြီး
ဆန်ဒက်ကာ က သူ့တပည့်ကို

ပြောလိုက်၏။

ပစ်သည် သူ့ဆရာမျက်နှာကို ကြည့်လိုက်၏။ သူ့မျက်နှာက ပြုံတော့မည့် မိုးသဖွယ် အုံ့မှိုင်း ညိုပုတ်လျှက်၊

"နေဦး၊ ဆရာပြောမယ့်ဟာ ကျွန်တော်မှန်းကြည့်မယ်။ အယ်လ်ဆီရော၊ ဟောဒီအလောင်းရော ပျောက်သွားပြန်ပြီ မဟုတ်လား"

ဆန်ဒက်ကာ ကဘာမှ မပြောတော့ပဲ ခေါင်းကိုသာ ယမ်းနေ၏။ အက်ဖ်ဘီအိုင် အေးဂျင့် ကန်ဟိန်းကသာ-

"ကျွန်တော်တို့ရဲ့ ထောက်လှမ်းရေးပစ္စည်းကိရိယာတွေမှာ ဘာတစ်ခုမှ အချက်မပြပဲ အယ်လ်ဆီနဲ့ ဟောဒီပျောက်သွား တာကတော့

ဘယ်လိုဖြေရှင်းရမှန်းတောင် မသိတော့ပါဘူး" ဟုတိုးတိုးလေး ပြောရာသည်။

ဂျီယိုဒီနီ ကမေးစေ့ကို ပွတ်ရင်း-

"ဒီအတိုင်းဆို ဒီကောင်တွေဟာ ရှိန်းဆာယာပိမောက်လို့ ကိုယ်ပျောက်ဆေးစားပြီးများ ကယ်သွားသလားလို့ပဲ ယူဆစရာ

ရှိတော့တာပေါ့"

"ကိုယ်ပျောက်တာမဟုတ်ဖူး။ ဒိုထက်လျှင်တာ၊ မြန်တာ၊ သွက်လက်တာကွ" ပစ်က ဖြည့်ပြောလိုက်သည်။

ကန်ဟိန်းက-

"ဘယ်လ်တီမိုး လေဆိပ်ကနေ ကာံကြမ္မာအင်တာပရိုက်စ်ပိုင် ဂျက်လေယာဉ်တစ်စီး ထွက်သွားတယ်။ သူတို့ဘယ်ကို"

"အာဂျင်တီးနားကို" ကန်ဟိန်း၏ စကားကို ပစ်က အဆုံးသတ်ပေးလိုက်၏။

စီအိုင်အေမှ ရွှန်လစ်တဲက လည်ချောင်းရှင်းလိုက်ပြီး-

"ဒီနေရာမှာ မေးစရာရှိတာက သူတို့ဘာကြောင့် ဒီလိုလုပ်တာလဲဆိုတာကိုပဲ။ တစ်ချိန်တုန်းကတော့ သူတို့ဟာ မစ္စတာ ပစ်၊ မစ္စတာ

ဂျီယိုဒီနိုနဲ့ ဒေါက်တာ အိုကွန်းနဲလ်တို့ကို တွေ့ရာသခင်္ချ ိုင်းခါးမဆိုင်းပဲ သုတ်သင်ချင်ရတဲ့ အကြောင်းက ကိုလိုရာဒိုက လျှို့ဝှက်ချက်တွေ

ပေါ်မှာစိုးလို့မဟုတ်လား။ အခု အဲဒီလျှို့ဝှက်ချက်ကို လူတကာသိနေတဲ့အချိန်မှာ သူတို့ဘာလို့ ဒီလိုလုပ်တာလဲဆိုတာ ကျွန်တော်တို့

စဉ်းစားလို့မရဘူးဖြစ်နေတယ်”

“ဒေါက်တာအိုကွန်းနဲလ်ရဲ့ ကျွမ်းကျင်မှုကို လိုချင်လို့နေမှာပေါ့” ကန်ဟိန်းက ဝင်ပြောလိုက်၏။

“နေဦးဗျ။ အားမီးနီးစ်လျှို့ဝှက်အခန်း အားလုံးပေါင်း ခြောက်ခုရှိတယ်လို့ အယ်လ်ဆီဝုဖ်က ပြောတယ်။ ကျွန်တော်တို့ က နှစ်ခု၊ သူတို့က

တစ်ခုတွေ့ခဲ့ပြီးပြီ။ နှစ်ခုက သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားပြီဆိုတော့ တစ်ခု ကျန်ရစ်နေသေးတာပေါ့။ အယ်လ်ဆီက အဲဒီတစ်ခုဟာ

ပီရူးက အင်ဒီးစ်တောင်တန်း တစ်နေရာမှာရှိတယ်လို့ ပြောတယ်။ ကျွန်တော်ထင်တယ်။ သူတို့မှာ အဲဒါကို ရှာဖို့ ဝှက်စာရှိလိမ့်မယ်။ ဒီဝှက်စာကို

ဖော်ဖို့များဒေါက်တာ အိုကွန်းနဲလ်ကို ပြန်ပေးဆွဲသွားကြသလား”

“အများကြီးဖြစ်နိုင်တာပေါ့” ဆန်ဒက်ကာနှင့် ကန်ဟိန်းက ပစ်စကားကို ထောက်ခံလိုက်ကြ၏။

“ဒေါက်တာ အိုကွန်းနဲလ်က လုပ်ပေးပါ့မလား” ဂျီယိုဒီနိုက ဝင်ပြော၏။

ရှွန်လစ်တဲလ်က ပြုံးလိုက်ရင်း-

“မလုပ်ပေးလို့မရဘူးလေဗျာ။ သူ့သမီးလေးပါ ခေါ်သွားတာကိုးဗျ”

“ဆိုတော့ ကျုပ်တို့သွားကယ်ထုတ်ဖို့ပဲရှိတာပေါ့”

ပစ်၏ စကားကြောင့် ရှွန်လစ်တဲလ် မျက်လုံးပြူးသွားသည်။

“ကယ်ထုတ်ဖို့ဆိုတာက ဘယ်မှာထားမှန်းသိဦးမှကိုး မစ္စတာပစ်ရဲ့”

“ကျွန်တော်သိတယ်။ ချီလီမှာရှိတဲ့ သူတို့သင်္ဘောကျင်းမှာရှိလိမ့်မယ်။ ခုလောက်ဆို ဝုဖ်တွေအားလုံး အဲဒီကို ရောက်နေလောက်ပြီ”

"ဒီလိုဆိုရင်တော့ ကျွန်တော်တို့ စီအိုင်အေက ရထားတဲ့ သင်္ဘောကျင်းရဲ့
ဆက်တယ်လိုက်ဓါတ်ပုံတွေနဲ့ သတင်းအချက်အလက်တွေ

ရှိပါတယ်။ ဒါပေမဲ့ ဒီနေရာကို ဘယ်လိုသွားမလဲ။ မြေပြင်၊ ရေပြင်နဲ့ လေထဲကနေ ဘယ်လို ယာဉ်မျိုးနဲ့မှ
အနားကပ်လို့မရလောက်အောင်

လုံခြုံရေးကောင်းလှတယ်လို့ ကျွန်တော်တို့ ပညာရှင်တွေက ပြောထားတယ်"

"ဒါဆိုလည်း ရေအောက်ကသွားမှာပေါ့ဗျာ"

"ရေအောက်မှာလည်း လုံခြုံရေး ကိရိယာတွေ တပ်ထားနိုင်တာပဲ"

"အဲဒီကျမှ ကြည့်လုပ်တာပေါ့"

"နေဦး၊ နေဦး အဲသလိုလုပ်ဖို့ ငါခွင့်မပြုနိုင်ဦး၊ အသုံးလုံးရဲ့ လုပ်ပိုင်ခွင့် ဘောင်ထဲကကျော်နေတယ်။
ဒီကိစ္စမျိုးဆိုတာ ရေတပ်က

အထူးစစ်ဆင်ရေးအဖွဲ့တွေ ကိုင်ရမှာ" ဆန်ဒက်ကာ ကဝင်ပြောလိုက်၏။

"မဟုတ်ဘူး ဗိုလ်ချုပ်ကြီး၊ ဝုဖ်တွေအကြောင်းကို ကျွန်တော်တို့လောက်သိတဲ့လူ လောကမှာမရှိဘူး။
ကျွန်တော်နဲ့ အယ်လ်

လုပ်ရင်ဖြစ်တယ်"

"အေး၊ ဒါပေမဲ့ မင်းတို့ကို အက်ဖ်ဘီအိုင် ကရော၊ စီအိုင်အေကပါ မကူညီနိုင်ဘူးဆိုတာ သိတယ်နော်"
ဆန်ဒက်ကာ က ကန့်ဟိန်းနှင့်

ရွှန်လစ်တဲလ်ကို ကြည့်ရင်း ပစ်ကို ပြန်ပြောလိုက်သည်။

"ပြီးတော့ ငါမေးချင်တာက ခုလောလောလတ်လတ်ကို ဝုဖ်တွေရဲ့ စီမံကိန်းကို ထိုးဖောက်ဝင်ရောက်ဖို့
လိုနေပြီလား"

"လိုတယ် ဗိုလ်ချုပ်၊ မြန်နိုင်သမျှ မြန်လေကောင်းလေပဲ။ ကျွန်တော်အဲဒါကို စိတ်ထဲက သိနေတယ်။"

အတ္တလန်တစ် ရှာပုံတော် (၅၅)

ပစ်နှင့် အယ်လ်တို့သည် ကျဉ်းမြောင်းသော တောင်ကြားလမ်းကလေး၏ထွက်ပေါက်သို့ရောက်ရှိရန် ကိုက်တစ်ရာမျှ လမ်းလျှောက်ရ၏။

တောင်ကြားလမ်းမှ ထွက်သည်နှင့်တစ်ပြိုင်နက် ရေပြင်ကိုတွေ့ကြရသည်။ အနောက်ဖက်ကမ်း သည် အိပ်စ်မောက်တောင်တန်း၊

အရှေ့ဖက်ကမ်းသည် သေမင်းတမန်ရေခဲတောင်စွယ်များ၊ ဝှဖ်သဘော်ကျင်းနှင့် မြို့ကြီးတစ်ခုစီမျှ ကြီးမားလှသည့် သဘော်ကြီးလေးစီးတည်ရှိရာ

သူတို့သွားရမည့်အရပ်ကား ရေပြင်၏ မြောက်ဖက် ကမ်း။

ရှေ့မှသွားနေသော ဂျီယိုဒီနီသည် ရုတ်တရက်ရပ်လိုက်ပြီး ပစ်ကိုလက်ဟန်ပြ၍ ကျောက်တုံးကြီးတစ်ခုနောက်သို့

ဝင်ရောက်ပုန်းအောင်းလိုက်သည်။ မကြာမီ ကင်းလှည့်မော်တော်ဘုတ်နှစ်စီးသည် ဘေးချင်းယှဉ်လျှက် မီးမောင်းများ ထိုး၍ မောင်းနှင်လာသည်ကို

တွေ့လိုက်ကြရသည်။ ဂျီယိုဒီနီက ညကြည့်မှန်ပြောင်းကိုထုတ်၍ ထိုကင်းလှည့်ယာဉ်များ ကိုလေ့လာနေ၏။

"မော်တော်ဘုတ်တွေက ဘာအမျိုးအစားတွေလဲအယ်လ်" ပစ်က ပါဝါမော်တော်ဘုတ်ကျွမ်းကျင်သူဖြစ်သည့် အယ်လ့်

ကိုတိုးတိုးလေးမေးလိုက်သည်။

"ဒီဗီချက် ၃၈ ပေ ဘုတ်တွေကွ။ မာတယ်။ ခိုင်တယ်။ အကြမ်းခံတယ်။ မြင်းကောင်ရေ သုံးရာအား အင်ဂျင်စက်တပ် ထားတယ်။

လက်နက်တပ်ဆင်ပြီး ကင်းလှည့်ယာဉ်အဖြစ်သုံးဖို့ အကောင်းဆုံးအမျိုးအစားတွေပေါ့"

"ဘယ်လို လက်နက်မျိုးတွေ တပ်ထားသလဲ"

"ဦးပိုင်းနဲ့ ပဲ့ပိုင်းမှာ စက်သေနတ်အကြီးစား တစ်လက်စီဆင်ထားတာတွေ့တယ်"

"အမြန်နှုန်းဘယ်လောက်လဲ"

"လေးနော့ထ် လောက်တော့ရှိမယ်ထင်တယ်"

"ဒါဆိုအတော်ပဲပေါ့"

အယ်လ်သည် ပစ်ကို မသင်္ကာသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။ ဒီအကောင်
ဘယ်လိုဉာဏ်နီဉာဏ်နက်တွေ ထုတ်ဖို့

အတော်ပဲလို့ပြောမှန်း သူမသိသေး။ မကြာခင်သိရလိမ့်မည်ထင်၏။ ဘာမှပြန်ပြောမနေတော့။

ကင်းလှည့်မော်တော်နှစ်စီး တောင်ဖက်ကမ်းသို့ မောင်းနှင်သွားကြသည့်အချိန်တွင်
ပစ်နှင့်အယ်လ်တို့သည် မဲမှောင်နေ သည့်ရေပြင်သို့

ဆင်းသက်ခဲ့ကြ၏။ တစ်ဦးနှင့်တစ်ဦးဆက်သွယ်ရန်
အေကွာကွမ်ဆက်သွယ်ရေးကိရိယာပါသော်လည်း ရေအောက်တွင်

လမ်းမပျောက်စေရန်အတွက် အသက်ကယ်ကြိုးကို ခါးပါတ်များတွင်ချိတ်ပြီး တစ်ဦးနှင့်တစ်ဦး
ကြိုးဖြင့်ဆက်ထားရသည်။

ရေအောက်ကြမ်းပြင်သည် ကမ်းခြေအနီးတစ်ဝိုက်တွင် ကျောက်ဆောင်ထူထပ်၍ ရေညှိများဖြင့်
ချောနေ၏။ ပစ်နှင့်အယ်လ်သည် ချော်မလဲစေရန်

သတကြီးစွာထား၍ ဟန်ချက်ကို ထိန်းနေရ၏။

ကိုက်ငါးဆယ်ခန့်ခရီးအရောက်တွင် ပစ်သည် ရေပြင်ပေါ်ခေါင်းဖော်လိုက်ပြီး တောင်ဖက်စူးစူးဆီသို့
စူးစိုက်ကြည့်နေ၏။

ကင်းလှည့်မော်တော်ဘုတ်များသည် သူတို့ရှိရာသို့ ပြန်လှည့်လာနေကြပြီကို တွေ့လိုက်ရသည်။

"ဒီကောင်တွေပြန်လှည့်လာကြပြီ အယ်လ်။ မင်းပြောတဲ့
အမြန်နှုန်းအတိုင်းဖြစ်ပါစေလို့ဆုတောင်းထားကွ"

ပစ်သည် ရေအောက်တွင်ရှိနေသော အယ်လ်ကို အေကွာကွန် ဆက်သွယ်ရေးကိရိယာမှတစ်ဆင့်
ပြောလိုက်၏။

မကြာမီ အယ်လ်၏ ဦးခေါင်းသည်ရေပေါ်ပေါ်လာ၏။

"ဟော့၊ မင်းဘာလုပ်ဖို့ကြံထားတယ်ဆိုတာ ငါ့ကိုပြောဦးလကွာ"

ပစ်က သူတို့ယူဆောင်လာကြသော တော်ပီဒို ၂၀၀၀ ဒုန်းတွန်းစက်များကိုမြှောက်ပြ၍-

"မော်တော်ဘုတ်တွေအနောက်က ဒါလေးတွေဖွင့်ပြီး အသာလိုက်သွားမယ်လေကွာ"

ဘုရား ကယ်တော်မူပါ။

အယ့်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏။ ကင်းလှည့်မော်တော်တွေအနောက်က
ဒုန်းတွန်းစက် တွေဖွင့်ပြီး လိုက်မယ်ဆိုပဲ့လား။

ပစ်ဆိုသည့်အကောင် အကြံကကြီးလှချည့်။ သူ့ကိုကြိုဆိုရေးအဖွဲ့တွေ လွှတ်လိုက်တယ်များ
အောက်မေ့နေလားမသိ။

"နင့်ဟာက အလုပ်ဖြစ်ပါ့မလား။ မော်တော်ဘုတ်မှာ ရေအောက်ကင်မရာတွေ ပါရင်ဘယ်လိုလုပ်မလဲ"

"ဒီရေလက်ကြားက မိုင်ဝက်လောက်ကျယ်တယ်ကွ။ ကင်မရာဘယ်လောက်တပ်တပ်
ဒါကြီးတစ်ခုလုံးကို စောင့်ကြည့် ဖို့ မဖြစ်နိုင်မဲ့တူတူ

ကင်မရာတပ်ထားဖို့ စိတ်ကူးကြမယ်မထင်ဘူး။ ဒီရေပြင်ကြီးကို တစ်လက်မမကျန်စောင့်ကြည့်ဖို့ လူ
ဌားရမယ်ဆိုရင် မင်းဝုဖ်တွေ

လခပေးရတာနဲ့တင် မွဲသွားနိုင်တယ်"

"ချကွာ၊ ဒါဆိုလည်းမင်းပြောတဲ့အတိုင်းလုပ်ကြတာပေါ့"

သူတို့သည် မော်တော်ဘုတ်များလာနေသည်ကို စောင့်ကြည့်နေကြသည်။ မော်တော်ဘုတ်များ
သူတို့နှင့်ဆယ်ကိုက်

ခန့်အကွာသို့ရောက်သောအခါ ရှာဖွေရေးမီးမောင်းများမှ အလင်းရောင်များရောက်မလာမီ ရေအောက်သို့ ငုပ်လျှိုး လိုက်ကြသည်။

မော်တော်နှစ်စီး၏ အင်ဂျင်သံမှာ ရေအောက်တွင် နားကွဲလုခမန်း။ မော်တော်ဘုတ်များသူတို့ပေါ်မှ ကျော်လွန်ဖြတ် သန်းသွားသောအခါ

တော်ပီဒို ဒုန်းတွန်းစက်များကိုနှိုး၍ မော်တော်ဘုတ်နှစ်စီးနောက် ဂယက်ထနေသော ရေပြင်တလျှောက် အလိုက်သင့်

စီးမျောလိုက်ပါသွားကြတော့သည်။

မြန်နှုန်း ဆယ့်ရှစ်နော့ထ်အထိတင်နိုင်သော မော်တော်ဘုတ်များသည် လေးနော့ထ်နှုန်းသာမောင်းနှင်သည့် အတွက်

လှိုင်းဂယက်ငယ်ကလေးများသာ ဖြစ်ထွန်းသည့်အတွက် သူတို့ဒုန်းတွန်းစက်များအတွက် အလောတော်ပင်ဖြစ်နေ၏။ အကယ်၍သာ

စက်ကုန်ဖွင့်မောင်းမည်ဆိုလျှင် မော်တော်ဘုတ်နောက်မှ ကပ်လိုက်ရန် မဆိုထားဘိ၊ အနားပင် ကပ်၍ ရမည်မဟုတ်။ ထို့ကြောင့်ပင် ပစ်သည်

မော်တော်ဘုတ်များ၏အမြန်နှုန်းကို ကြိုတင်ခန့်မှန်းခိုင်းခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် အေးစက်မဲမှောင်နေသောရေပြင်တွင် မော်တော်ဘုတ်နောက်မှ နှစ်မိုင်ခရီးကို ဖြတ်သန်းလာခဲ့ကြရင်း

နောက်ဆုံးမတော့မီးရောင်ထိန်ထိန်ငြီးသည့် ခေတ်သစ် နောဇတို့၏ သင်္ဘောကျင်းသို့ သူတို့နှစ်ဦး ရောက်လာခဲ့ပြီ။

အတ္တလန်တစ် ရှာပုံတော် (၅၆)

အစောင့်တွေ သူတို့ကို မမြင်ပါစေနှင့် ဟု ပစ်ကြိတ်၍ဆုတောင်းနေမိသည်။ တစ်ကိုယ်လုံးအမည်းရောင် ရေငုပ်ဝတ်စုံ ကို ဝတ်ဆင်ထားပြီး

မဟူရာညအမှောင်၏ အကာအကွယ်ကိုယူ၍ အေးစက်မဲမှောင်သည့် ရေထဲတွင်နေရသော်လည်း မီးရောင်များ ထိန်ထိန်လင်းနေသော

သဘော်ကျင်းနားသို့ကပ်လာရသောအခါ သိပ်ကျော့မလှံချင်။ မတော်တဆ တာဝန်ကျေလှသော၊ မျက်စိစူးလှသော

အစောင့်တစ်ယောက်ယောက်က သူတို့ကို တွေ့သွားလျှင် အကြံအစည် အားလုံး သဲထဲရေသွန်ဖြစ်သွားနိုင်သည်။ သို့သော် သူတို့ ကံကောင်း၏။

ခုထိတော့ နာဘယံ ဘေးမရှိ။

"ငါ့အသံကြားရသလား အယ်လ်" အေကွာကွမ် ဆက်သွယ်ရေးကိရိယာမှတဆင့် ပစ်တိုးတိုးလေးမေးလိုက်သည်။

"ပီပီသသကြီးကို ကြားရတယ်ကွ" အယ်လ်က လေသံကလေးဖြင့် ပြန်ဖြေလိုက်သည်။

ရေပြင်ပေါ်သို့ အသာကလေးခေါင်းဖော်ကြည့်လိုက်ကြသည်။ ခေတ်သစ်နှောသေဘော်ကြီးလေးစင်းနှင့် (၇၅)ကိုက်

အကွာမှာသူတို့ရောက်နေကြပြီ။ ရေခဲတောင်ကြီးများထက်မြင့်မားသော လူလုပ်သံမဏိတောင်ကြီးများအလား ရေပေါ်တွင် ထိုးထိုးထောင်ထောင်။

အရွယ်အစားကား အံ့မခန်းကြီးမားလှ၏။

"ငါတို့ အမြင်များမှားနေသလား" အယ်လ်က သဘော်ကြီးများကို ကြည့်ရင်း မယုံသင်္ကာပြောလိုက်သည်။ တကယ် လည်း

သူ့စိတ်ထဲတွင် အိပ်မက်မက်နေသလို ခံစားနေရ၏။

"နင့်အဘ သဘော်တွေကို ငေးမနေနဲ့၊ အပေါ်တက်ဖို့နေရာရှာကြစို့" ပစ်က အယ့်ကို လေသံကလေးဖြင့် သတိပေး၏။

"မင်း ပက်ထရစ်ရှာ က တကယ် ဒီနေရာမှာရှိလို့လား"

"မသိဘူး။ ရှိဖို့တော့များတယ်။ ဘာဖြစ်ဖြစ် ဒီကစရမှာပဲလေ"

သဘော်ကျင်း မီးပြတိုက်မှ ထိုးထားသော မီးမောင်းအလင်းရောင်များကြားကွက်၍ ဖြစ်ပေါ်နေသော ကတ်သီး ကတ်သတ်

အမှောင်ရိပ်ကလေးများ၏ အကာအကွယ်ကိုယူ၍ ကမ်းခြေသို့ ပုန်းလျှိုးကွယ်လျှိုးတက်လာကြသည်။ သူတို့ထံတွင် သဘော်ကျင်းအလုပ်သမား

ယူနီဖောင်းများအသင့်ပါလာကြ၏။ အမေရိကန် ထောင်များတွင် ထောင်သားများကို ထုတ်ပေးသော လိမ္မော်ရောင်တောက်တောက် ဝတ်စုံများနှင့်

တူ၏။ ဂြိုလ်တုမှတဆင့် ရိုက်ထား သော ကောင်းကင်ဓါတ်ပုံများကို အကြိမ်ကြိမ်အခါခါလေ့လာထားပြီး ဖြစ်သဖြင့် အစောင့်အကြပ် အနည်းဆုံး

နေရာသို့ စီစဉ်ထားသည့်အတိုင်းတက်လာနိုင်ကြသည်။

ကမ်းစပ်ရှိ ကျောက်တုံးကြီးကို အကာအကွယ်ယူရင်း ထိုနေရာ၏ တစ်ဦးတည်းသော အစောင့်ကိုချောင်းကြည့်လိုက် ၏။

ပစ်မျှော်လင့်ထားသည့်အတိုင်း အစောင့်သည် ပျင်းရိငြီးငွေ့စွာဖြင့် အိပ်ငိုက်ရင်းလမ်းလျှောက်နေ၏။ မည်သည့် အနှောက်အယှက် ကိုမှ

မတွေ့ကြုံဖူးသည့်အတွက် ဝတ္တရားကျေရုံ တာဝန်ထမ်းဆောင်နေသည်။

အမှောင်ရိပ်ထဲသို့ အစောင့်ဝင်ရောက်ပျောက်ကွယ်သွားသောအခါ ပစ်နှင့် အယ်လ်တို့သည် ကုန်းပေါ်သို့ အူယားဖားလျား

တက်ပြေးကြပြီး အနီးဆုံးအဆောက်အဦးတစ်ခုနားပြေးကပ်လိုက်ကြ၏။ ကံကောင်းချင်တော့ တံခါးကိုသော့ခတ်မထား။ သူတို့အထဲသို့

အမြန်ဝင်ကြပြီး တံခါးပြန်ပိတ်လိုက်ကြ၏။

အခန်းထဲတွင်တွေ့ရသည့် တာပေါ်လင်ပိတ်စကြီးတစ်ခုကိုယူ၍ တစ်ခုတည်းသော ပြူတင်းပေါက်တွင် ကာရံထား လိုက်သည်။ ထို့နောက်

လက်နှိပ်ဓါတ်မီးအသေးလေးဖြင့် တစ်ခန်းလုံးလျှောက်ထိုးကြည့်ကြ၏။ သဘော်တည်ဆောက် ရေး ပစ္စည်းများထားသည့် စတိုခန်းတည်း။

ပစ္စည်းများကို သပ်ယပ်သန့်ရှင်းစွာ စနစ်တကျ စီတန်းထား၏။

"ဒီကောင်တွေ အင်မတန်သေသပ် စနစ်ကျတာပဲကွ"

"စနစ်ကျတာက ဂျာမာန် တွေရဲ့မွေးရာပါအကျင့်ကွ။ တစ်ကမ္ဘာလုံးကို စနစ်တကျ ဖျက်ဆီးမှာ"

ပစ်နှင့် အယ်လ်တို့သည် စကားပြောရင်း လိမ္မော်ရောင် အလုပ်သမားယူနီဖောင်းများကို သူတို့၏ အသားကပ် ရေငုပ်ဝတ်စုံများအပေါ်က

ထပ်ဝတ်နေကြ၏။

"ငါတစ်ခုတွေးမိတယ်" အယ်လ်က ရုတ်တရက်ကောက်ကာငင်ကာပြောလိုက်သည်။

"ဘာလဲ"

"ဂြိုလ်တု ဓါတ်ပုံတွေက နာမည်မပါဘူးလေကွာ။ ငါတို့က ဘယ်အဆောက်အဦးကိုသွားရမှာတုန်း"

"အဲဒါအသာထားဦး ဒီထက်ဆိုးတာရှိသေးတယ်၊ အခုဒို့ရောက်နေတာ တောင်အမေရိက၊ အင်္ဂလိပ်လိုပြောကြမှာမဟုတ်ဘူး၊

မင်းစပိန်လိုတတ်လား"

"ဟော့ကောင်ရ၊ ငါ အီတလီသားကွ၊ စပိန်လိုလောက်ကတော့ ဖြီးလို့ရတယ်"

"အေး ဒါဆို စကားပြောရမဲ့နေရာဆို မင်းပြော၊ ငါက နားမကြားချင်ယောင်ဆောင်နေမယ်"

"ပြီးရော"

ပစန်ှ င့် အယ်လ်တို့သည် ဤသို့ဤနယ်လုပ်ငန်းတာဝန်များခဲွ ဝပြီး သကာလ အယ်လ်က ဝုဖ်ရုံးခန်းကို ဂြိုလ်တုဓါတ်ပုံ များတွင်

ပြူးပြဲရှာနေတုန်း ပစ်သည် လက်စွဲတော် ဂလိုဘယ်လ်စတားဖုန်းကို နှိပ်လေ၏။ ဆန်ဒက်ကာထံ အကြောင်း ကြားရမည်လေ။

ဝါးတားဂိတ်အတွင်းရှိ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာ၏ ကွန်ဒိုမီနီယံအခန်းတွင်းအခြေအနေသည် မီးလင်းဖိုမှအပူရှိန်

ကြောင့်နွေးထွေးလျှက်ရှိသော်လည်း ထိုင်နေသူသုံးယောက်မှာ စိတ်လှုပ်ရှားမှုကြောင့် ဂဏာမငြိမ်လှ။

ဆန်ဒက်ကာနှင့် ရွှန်လစ်တယ်လ်တို့သည် အနည်းဆုံးအသက်ရှစ်ဆယ်ခန့်ရှိမည့် ခေါင်းဖြူစွယ်ကျိုး အဖိုးကြီးတစ်ဦး နှင့် မျက်နှာချင်းဆိုင်

ထိုင်လျှက်ရှိကြသည်။ ထိုအဖိုးကြီးကား ဒုတိယ ကမ္ဘာစစ်အတွင်း ဂျာမာန်ရေတပ်၏ ဗိုလ်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် ဗိုလ်ချုပ်ဟိုဇဖဲ

ဖြစ်၏။ ယခုအခါ အမေရိကန် နိုင်ငံသား တစ်ဦး ဖြစ်နေပြီ ဖြစ်သော သူ့နောက်ကြောင်းကို မည်သူမှ မသိနိုင်တော့။

ဗိုလ်ချုပ်ဟိုဇဖဲသည် ၁၉၄၂ခုနှစ်မှ ၁၉၄၅ခုနှစ်အထိ ဂျာမာန်ယူဘုတ်ရေယာဉ်မှူးအဖြစ်ဆောင်ရွက်ခဲ့ပြီး သူ့ယူဘုတ်နှင့်အတူ

မက်ဆီကိုနိုင်ငံဗီရာခရုဇ်တွင် လက်နက်ချခဲ့သူဖြစ်၏။ စစ်အပြီး မာရှယ်စီမံကိန်းနှင့် ကြုံတွေ့ရသော ဟိုဇဖဲသည် အမေရိကန်အစိုးရထံမှ

သင်္ဘောများငှားရမ်းပြီး ဟိုဇဖဲသင်္ဘောကုမ္ပဏီကို တည်ထောင်၍ နှစ်လေးဆယ်အတွင်း သင်္ဘော (၃၇)စီးပိုင်ဆိုင်သည့် သူဌေးကြီးတစ်ဦး

ဖြစ်လာခဲ့သည်။ ထို ဟိုဇဖဲ၊ အနီ ဟိုဇဖဲသည် ယခု ဆန်ဒက် ကာနှင့် မျက်နှာချင်းဆိုင်ထိုင်လျှက်ရှိသည်။

အတ္တလန်တစ် ရှာပုံတော် (၅၇)

"ဘယ်လို ဗိုလ်ချုပ်၊ ဘာလင်ကပုံးခိုကျင်းထဲမှာ ဟစ်တလာ့အလောင်းအကြွင်းအကျန်တွေကို ရုရှားတွေတွေ့ခဲ့တယ်ဆိုတာ

မဟုတ်ဖူးတဲ့လား"

"လုံးဝမဟုတ်ဘူးဗျ" ဗိုလ်ချုပ်ဟိုဇဖဲက ရွှန်လစ်တယ်လ်ကို ပြတ်သားစွာ ပြောလိုက်၏။

"အမှန်က ဘာအကြွင်းအကျန်မှ မကျန်ခဲ့ဘူး။ ဟစ်တလာနဲ့ အီဗာဘရောင်းတို့ရဲ့ အလောင်းတွေကို ဓါတ်ဆီဂါလံပေါင်းများစွာသုံးပြီး

ငါးနာရီလောက်ကြာအောင် စနစ်တကျမီးရှို့ခဲ့ရတယ်။ ဘယ်က အကြွင်းအကျန်ကျန်နိုင်ဦးမလဲဗျ။ အက်စ်အက်စ် သစ္စာခံတပ်သားတွေက

ကျန်တဲ့ပြာတွေနဲ့ အရိုးအစအနလေးတွေကို သေတ္တာတစ်လုံးထဲထည့်၊ ပြီးတော့မှ မဟာမိတ်တွေ ဗုံးကြဲတုန်း ရုပ်ပျက်ဆင်းပျက် သေသွားကြတဲ့

ယောကျ်ား၊ မိန်းမ အလောင်းတစ်စုံကို ရှာလာကြပြီး ဟစ်တလာတို့ သောက်မဲ့ ဆိုင်ယာနိုက်အဆိပ်ဆေးတောင့်ကို အစမ်းသပ်ခံ အဖြစ်တိုက်ခံရလို့

သေသွားရှာတဲ့ ဟစ်တလာ့ခွေး ဘလွန်ဒီနဲ့ အတူမြှုပ်လိုက်ကြတယ်"

ဆန်ဒက်ကာသည် ဗိုလ်ချုပ်ဟိုဇဖဲကို စိုက်ကြည့်ရင်းက-

"ဒါဆို ရုရှားတွေတွေ့သွားတာ အဲဒီအလောင်းတွေပေါ့"

"ဟုတ်တယ်။ နောက်ပိုင်း ဟစ်တလာနဲ့အီဗာတို့ရဲ့ သွားဖက်ဆိုင်ရာ အထောက်အထားတွေတွေ့ရသလေး၊ ဘာလေး

လျှောက်ကြော်ငြာကြတာပေါ့။ တကယ်က စတာလင်ဟာ ဟစ်တလာလွတ်မြောက်သွားတယ်လို့ ထင်နေတယ်။ စပိန် သို့မဟုတ် အာဂျင်တီးနား

တစ်နေရာရာ ရောက်သွားတယ်ပေါ့လေ"

"တကယ့် ဟစ်တလာ့ အရိုးပြာတွေ ဘာဖြစ်သွားသလဲ"

"ဆိုဗီယက်တပ်တွေ ဘာလင်မြို့တွင်းဝင်မလာခင်လေးတင်ကပ်ပြီး ဟစ်တလာ့ဘန်ကာနားကို လေယာဉ်ကလေးတစ်စင်း

ဆင်းလာခဲ့တယ်။ အက်စ်အက်စ်တပ်သားတွေက ကြေးနီသေတ္တာတစ်လုံးကို တင်ပြီးပြီးချင်း တန်းထွက်သွားခဲ့တယ်။ ဘယ်သူမှ ဘာစကားမှ

မပြောခဲ့ကြဘူး။ လေယာဉ်မှူးဟာ ဒိန်းမတ်မှာဆီတစ်ခါဝင်ထည့်တယ်။ ပြီးတော့ နော်ဝေထိတောက်လျှောက်ပျံသန်းသွားခဲ့တယ်။ နော်ဝေမှာ

ကြေးနီသေတ္တာကို ယူ ၆၂၁ ရဲ့ ရေယာဉ်မှူး ကပ္ပတိန်အက်ဒ်မွန်မူဟာရဲ့ လက်ထဲကိုအပ်ခဲ့တယ်။ အဲဒီကမှတစ်ဆင့် သေတ္တာဟာတတိယ

ဂျာမန်နိုင်ငံတော်ရဲ့ အဖိုးတန်ရတနာပစ္စည်းတွေတင်ထားတဲ့ ယူ ၂၀၁၅ ရေငုပ်သင်္ဘောပေါ်ကို ရောက်သွားတယ်။ သူ့ရဲ့ရေယာဉ်မှူးကတော့ ရူးဒေါ့

ဟာဂျာတဲ့"

"ဒါတွေအားလုံးဟာ မာတင်ဘောမန်းရဲ့ အနာဂါတ်ကံကြမ္မာသစ် စီမံကိန်းကို အကောင်အထည်ဖော်ကြတာပဲ မဟုတ်လား ဗိုလ်ချုပ်"

ဆန်ဒက်ကာက ဖြတ်မေးလိုက်၏။

ဗိုလ်ချုပ်ဟိုဇဖဲက ဗိုလ်ချုပ်ကြီးဆန်ဒက်ကာ ဖက်သို့ လှည့်၍ ပြုံးပြရင်း-

"ဗိုလ်ချုပ်ကြီးက တကယ့်ကို နှံ့စပ်ပါပေတယ်" ဟု ချီးကျူးလိုက်သည်။

"ရတနာပစ္စည်းတွေထဲမှာ သိဒ္ဓိဝင်သံလျက် နဲ့ သွေးစွန်းအလံလဲ ပါတယ်မဟုတ်လား"

ဗိုလ်ချုပ်ဟိုဇဖဲ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ အတော်ကြာအောင် စကားမပြောနိုင်။

"ဒါကို ဗိုလ်ချုပ်ကြီးဘယ်လိုသိသလဲခင်ဗျ"

"ကျွန်တော် သိဒ္ဓိဝင်သံလျက်အကြောင်းကို အေနာပိုလစ်ပရောဂျက်အနေနဲ့ သုတေသနလုပ်ခဲ့ဖူးတယ် ဗိုလ်ချုပ်၊ သမ္မာကျမ်းအရဆိုရင်

အဒမ်ရဲ့သား ကိန်းရဲ့ အဆက်အနွယ်ဖြစ်တဲ့ ပန်းပဲဆရာတူဗယ်ကိန်းဟာ ဘုရားသခင်ပို့ဆောင်တော်မူလိုက်တဲ့ ဥက္ကာခဲကရတဲ့ သံထည်ကနေ

သိဒ္ဓိဝင် သံလျက် ကိုလုပ်ခဲ့တယ်လို့ဆိုတယ်။ ဘီစီ ၃၀၀၀ လောက်ကပေါ့။ နောက်တော့ ဒီပစ္စည်းဟာ တူဗါယ်ကိန်းဆီကနေ ဆာအူး၊ ဒေးဗစ်၊

ဆော်လမွန်နဲ့ အခြားဘုရင် အဆက်ဆက်ရဲ့ အဆောင်တော်ဖြစ်လာခဲ့တယ်။ နောက်ဆုံး ရောမဘုရင်တိုက်တိုင်းအောင် ဂျူးလီးယက်ဆီဇာရဲ့

လက်စွဲတော်သံလျက် အဖြစ်အသုံးတော်ခံခဲ့ရပြန်တယ်။ ဆီဇာဟာ အလုပ်ကြံမခံရခင်မှာ ဂေါလ်တွေနဲ့စစ်ဖြစ်တုန်းက သူ့အသက်ကိုကယ်ခဲ့တဲ့

သူ့ရဲကောင်းတစ်ယောက်ကို ဒီသံလျက်ကိုချီးမြှင့်ခဲ့တယ်လို့ဆိုတယ်။ ဒီကနေ သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြတယ်။

အဲဒီသံလျက်ကိုရထားတဲ့ သူ့ရဲကောင်းရဲ့မျိုးဆက်ဟာ ခရစ်တော်ကားစဉ်တင် ခံရတဲ့အချိန်မှာ ရှိနေခဲ့သတဲ့။ အဲဒီခေတ်ထုံးစံအရ သေစားသေစေ

အပြစ်ဒဏ်ချမှတ်ခံရတဲ့ အပြစ်သားတွေကို တောင်စွယ် နေမကွယ်ခင် မသေသေအောင်သတ်မှ ရှင်ပြန်ထမြောက်ခြင်းကို ကာကွယ်နိုင်မယ်လို့

အယူရှိခဲ့ကြတာကိုး။ ခရစ်တော်နဲ့အတူ အပြစ်ပေးခံရတဲ့ သူခိုးဂျပိုးတွေကို အပြင်းအထန်နှိပ်စက်ပြီး မသေသေအောင် သတ်ခဲ့ကြတယ်။

ခရစ်တော်အလှည့်ရောက်တော့ ခရစ်တော်ဟာသေနှင့်ပြီတဲ့။ ဒါနဲ့ပဲ သူ့ရဲကောင်းဟာ သူ့ရဲ့သံလျက်နဲ့ ခရစ်တော်ရဲ့နံကြားကို

ထိုးသွင်းလိုက်တယ်ဆိုရင်ပဲ သွေးတွေဟာ ရေတံခွန်လို စီးကျလာခဲ့တယ်တဲ့။ ခရစ်တော်ရဲ့ မြင့်မြတ်တဲ့သွေးစွန်းထင်းသွားတဲ့ သံလျက်ဟာ

အဲဒီအချိန်ကစလို့ သိဒ္ဓိဝင်သံလျက်ဆိုပြီး လက်ဝါးကပ်တိုင်နဲ့ သောက်တော်ရေခွက်ပြီးရင် တန်ဖိုးအရှိဆုံး သမိုင်းဝင်ပစ္စည်းဖြစ်လာတော့တယ်”

“နောက်ပိုင်းမှာ အဲဒီသိဒ္ဓိဝင်သံလျက်ဟာ ချာလီမက်ဂနီဘုရင်ကစလို့ နှစ်ပေါင်းထောင်ကျော်ကြာအောင် ရောမဘုရင်တွေရဲ့

အဆောင်အယောင်ပစ္စည်းဖြစ်လာခဲ့တယ်။ ရောမတွေ ဟပ်စ်ဘာဂ်အင်ပါယာရဲ့ ချေမှုန်းတာခံရပြန်တော့ ဗီယင်နာနန်းတော်

ရောက်သွားပြန်တယ်”

“ဒါဆို ဗိုလ်ချုပ်ကြီးအနေနဲ့ ဒီသံလျက်ရဲ့ အစွမ်းတွေကိုလည်း သိမှာပေါ့”

ဆန်ဒက်ကာက ပြုံးလိုက်ပြီး-

“ဒီသံလျက်ဟာ စွဲကိုင်သူကို စကြာဝတေးမင်းဖြစ်စေတယ်လို့ဆိုတယ်။ ဒါကြောင့်လည်း ဟစ်တလာဟာ ဩစတီးယားကနေ

ဒီသံလျက်ကို မရရအောင်ယူလာပြီး သေသည့်အထိ လက်ကမချတဆဆ လုပ်နေတာပေါ့။ တကယ်လို့ ဒီသံလျက်ကို မရခဲ့ရင်

သူဒီလောက်အင်အားကြီးမလားဆိုတာတော့ မပြောတတ်ဖူးပေါ့ဗျာ။ နောက်ဆုံးသူ့ရဲ့ တောင်းဆိုချက်ကတော့ ဒီသံလျက်ကို ရန်သူလက်ထဲကို

ဘယ်နည်းနဲ့မှ မရောက်ဖို့ဆိုတာပဲ မဟုတ်လား”

ရှန်လစ်တယ်လ်သည် အဖိုးကြီးနှစ်ဦးပြောဆိုနေသည်ကို ပါးစပ်ကြီးဟပြီးနားထောင်နေ၏။ ကြားကြားသမျှအားလုံးသည် သူ့အဖို့

အထူးအဆန်းဖြစ်နေ၏။

“ဗိုလ်ချုပ်တို့ ပြောတဲ့အထဲက သွေးစွန်းတဲ့အလံဆိုတာကရော ဘာလဲ၊ ရှားပါး ရတနာပစ္စည်းပဲလား”

ဟိုဇဖဲက လည်ချောင်းရှင်းလိုက်၏။ ဒီတစ်ခါ သူပြောဖို့အလှည့်။

"၁၉၂၃ မှာ ဟစ်တလာရဲ့ မအောင်မြင်တဲ့ မြူးနစ်အာဏာသိမ်းပွဲကို သိတယ်မဟုတ်လား။ အဲဒီတုန်းက တကယ့်ကို ငရဲပါပဲ။ စစ်တပ်က

မြင်မြင်သမျှ လူအုပ်ထဲက စွပ်ပစ်၊ သေလိုက်ကြတဲ့လူတွေဆိုတာ သောက်သောက်လဲပေါ့။ ဒါကြောင့် မြူးနစ် လူသတ်ပွဲလို့ခေါ်ခဲ့ကြတာလေ။

အဲဒီပွဲမှာ ဟစ်တလာလွတ်သွားပေမဲ့နောက်ပိုင်းအဖမ်းခံရတယ်။ ထောင်ထဲမှာနေတုန်း သူရဲ့ ကမ္ဘာကျော် မိန်းကမ့် စာအုပ်ကြီးရေးခဲ့တာပေါ့။

အညတရ တော်လှန်ရေးသမား တစ်ယောက်ဟာ ခေတ်ဦးနာဇီ အလံကြီးကို ဝှေ့ယမ်းရင်း ရှေ့ဆုံးကချီတက်ရာမှာ ရင်ဘတ်တည့်တည့်ကျည်ဆန်

မှန်ပြီးပွဲချင်းပြီးသွားခဲ့တယ်။ အလံလည်းသွေးချင်းချင်းနီလို့ပေါ့။ အဲဒီအလံကိုတရိုတသေသိမ်းထားပြီး နောက်ပိုင်း နာဇီပါတီ

အာဏာရလာတဲ့အခါမှာ တော်ဝင်ရတနာပစ္စည်းဖြစ်လာခဲ့တယ်"

ရွှန်လစ်တယ်လ်သည် ခေါင်းတညိမ့်ညိမ့်လုပ်ရင်းက-

"ဆိုတော့ အဲဒီရတနာတွေအားလုံးကို ဂျာမနီကထုတ်သွားပြီးကတည်းက အခုထိပြန်မတွေ့တော့ဘူးဆိုပါတော့။ ကျွန်တော်တို့

စီအိုင်အေ မှတ်တမ်းတွေမှာတော့ ဒါတွေ ပြန်တွေ့တယ်လို့ တစ်ခါမှ ဖော်မပြထားဘူး"

"ဗိုလ်ချုပ်ရဲ့ ရေငုပ်သင်္ဘောက ယူ ၆၉၉ နော်" ဆန်ဒက်ကာက ဟိုဇဖဲကို မေးလိုက်၏။

"ဟုတ်ပါတယ်။ ကျွန်တော်က ယူ ၆၉၉ရဲ့ရေယာဉ်မှူးပေါ့။ ရတနာတွေနဲ့ဟစ်တလာရဲ့ ပြာသေတ္တာ ယူ ၂၀၁၅ ပေါ် ရောက်တယ်ဆိုရင်ပဲ

ကျွန်တော်က နော်ဝေကနေ ထွက်ခွါခဲ့ရတယ်။ ခုထိဘယ်သူမှ မသိတဲ့အဲဒီကိစ္စတွေကြောင့် ဟစ်တလာဟာ ရှိန်းဆာယာပိုမောက်လို့

ကိုယ်ပျောက်သွားသလားလို့ ထင်တဲ့လူတွေလည်း ထင်ခဲ့ကြတာပေါ့။ အခု မစ္စတာလစ်တယ်လ်ပြောလို့ ကမ္ဘာပျက်နင့် တဲ့

အရေးအခင်းတစ်ခုတွေ့နေရတယ်လို့သိရတယ်။ ဒါကြောင့် ကျွန်တော် သိသမျှကို ပြောပြတာပါ"

အတ္တလန်တစ် ရာပုံတော် (၅၉)

ဒတ်ပစ်နှင့် အယ်လ် ဂျီယိုဒီနိုတို့ စတိုခန်းထဲမှ ထွက်လျှင် ထွက်ချင်း အဆောက်အဦး၏ ထောင့်တစ်နေရာမှ အသံထွက်လာသည်။

သူတို့ကို မေးနေခြင်းဖြစ်သည်။ စကားသံက စပိန်လို။

အယ်လ်သည် အေးဆေးစွာ စပိန်လိုပြန်ပြောရင်း သူ့လက်များကိုခါပြနေ၏။ ဘာတွေပြောနေမှန်းတော့ ပစ်မသိ။ သို့သော်လည်း

တစ်ဖက်မှ သူ၏အဖြေကိုကျေနပ်ပုံပေါ်သည်။ ဘာမှဆက်မမေးတော့။ သူတို့နှစ်ယောက်ခဏစောင့်ပြီး သဘော်ကျင်းရှိရာသို့

ဆက်ထွက်လာခဲ့သည်။ လမ်းရောက်တော့ ပစ်မနေနိုင်။

"ဟိုအကောင်က နင့်ကို ဘာမေးပြီး နင်က ဘာပြန်ဖြေလိုက်တာလဲ"

"ဆေးလိပ်တစ်လိပ်လောက် လိုချင်လို့တဲ့။ ငါတို့ဆေးလိပ်မသောက်ဖူးလို့ ပြန်ပြောလိုက်တာ"

"ငဲ့ကောင်ကြီး တော်သကွာ။ စပိန်စကား ဘယ်မှာသင်ခဲ့တာတုန်း"

"ဟီး ဟီး၊ ငါအထက်တန်းကျောင်းသားဘ၀က အိမ်ဖော်ကောင်မလေး အိပ်ရာထဲမှာ သင်ပေးတာ"

"ဩော်- အိပ်ယာထဲမှာ သင်ပေးတာ ဒီလောက်တတ်ပုံထောက်ရင် ညတာ အတော်ရှည်ပုံရတယ်"

"သိရင်လည်း ဘာလို့မေးနေသေးတုန်း ခွေးသူခိုးရဲ့"

"မင်း အကြောင်းသိလို့ ပေါ့ကွ"

"ဒါနဲ့ နေစမ်းပါဦး၊ မင်း ဘာသေနတ်ကိုင်လာလဲ"

"ကို့တ် ဒသသမ ၄၅ လေ။ ဘာဖြစ်လို့လဲ"

"ထင်သားပဲ၊ တစ်ခါလာ မဲပြာပုဆိုး၊ ဒီပုံတုံး အစုတ်ပလုတ်သေနတ်ပဲ"

"အဲဒီ အစုတ်ပလုတ် သေနတ်က ငါ့ကို အကြိမ်ပေါင်းများစွာကယ်ခဲ့ပြီးပြီကွ၊ မင်းရော ဘာကိုင်လာလဲ"

"ငါ့ဟာက အတော်ခက်ခက်ခဲခဲ ရှာပြီး ဈေးကြီးပေးဝယ်လာရတာကွ"

"ဘာသေနတ်လဲ"

"ပန်ဒိုရာ မိုင်းတွင်းတုန်းမှာ မင်းဟိုလူပြက်တွေဆီက ရခဲ့တဲ့ပီ-၁၀ လေ။ ဌာနချုပ်မှာတွေ့လို့
နှိုက်လာတာ။ အခု ငါတို့

ဘယ်သွားကြမှာတုန်း"

ပစ်က ရှည်ရှည်ဝေးဝေးမစဉ်းစားပဲ လှမ်းမြင်နေရသော အထပ်နှစ်ဆယ်ခန့် မြင့်သည့် သင်္ဘောကြီးကို
လက်ညှိုးထိုး ပြလိုက်သည်။

စဉ်းစားလည်း အဖြေမှမရှိပေပဲ။

အယ်လ်က လှမ်းကြည့်ရင်း-

"သောက်ကျိုးနည်း ရောမဟာကြီးပဲ" ဟုပြောလိုက်ရင်း သင်္ဘောပေါ်တက်လာခဲ့ကြ၏။

မှန်သည်။ သင်္ဘောကြီးက ခေါင်းလန်အောင်မော့ကြည့်ရ၏။ ရှည်လျှားလိုက်သည်မှာလည်း
ကမ်းကုန်၏။ ကွာလာလမ်ပူမှ ပီထရိုနတ်စ်

မျှော်စင်ညီနောင်ကို အလျှားလိုက် ဖင်ပြန်ခေါင်းပြန်ဆက်လျှင်ပင် သူ့ထက်တိုဦးမည်ထင်ရသည်။
တည်ဆောက်ပုံကို ကြည့်ခြင်းအားဖြင့် ကမ္ဘာကို

ကြယ်တံခွန် ဝင်ဆောင့်လျှင် ဖြစ်ပေါ်လာမည့်လှိုင်းလုံးကြီးများ၏ဒဏ်ကို ကောင်းစွာခံနိုင်စွမ်းရှိပုံပေါ်၏။
သင်္ဘောပေါ်တွင် ထောင်ပေါင်းများစွာသော

အလုပ်သမားများ ပျားပန်းခတ် လှုပ်ရှားလျှက်ရှိကြသည်။ ဒီလောက်ကြီးတဲ့ဟာကြီးပေါ်တက်ပြီး
ဘယ်နေရာရှိမှန်းမသိသည့် ပက်ထရစ်ရှာတို့ သား

အမိကို ခြေလျှင်ရှာဖွေရလျှင် ဤဘဝတွင်တော့ တွေ့နိုင်မည်မထင်။

ပုန်းလျှိုးကွယ်လျှိုး သွားဖို့ရန်လည်း ထိန်ထိန်တောက်နေသော မီးမောင်းများကြောင့် အမှောင်ရိပ်ရယ်လို့ တစ်စက်ကယ်မှ မရှိလေတော့

ပြောင်ပြောင်ပြဲပြဲသာသွားကြရဖို့ရှိ၏။ ကံကောင်းသည်က သူတို့ဝတ်ထားသော လိမ္မော်ရောင်အလုပ်သမားဝတ်စုံများသည်

လိမ္မော်ရောင်လုပ်သားလူပင်လယ်ကြီးကြားတွင် မည်သို့မျှပေါ်လွင်ထင်ရှားခြင်းမရှိသည့်အတွက် မည်သည့်အစောင့်ကမှ နှစ်ခါပြန်လှည့်မကြည့်ကြ။

အလုပ်သမားများသည် မြို့တစ်မြို့လောက်ကြီး သည့် သင်္ဘောကြီးပေါ်တွင် ဂေါက်ကွင်းတွင်တွေ့ရတတ်သည့် ဘက်ထရီကားကလေးများဖြင့်

ပျားပန်းခတ်အောင် အလုပ်များနေကြ၏။ သူတို့တောင်ကားစီးနိုင်သေးလျှင် ဒို့လည်းကားဖြင့် သွားကြရမည်ပ။ ဘယ်မတုန်း ကားတွေ။

ကြာကြာမရှာလိုက်ရပါ။ ဘက်ထရီကားကလေးများတန်းစီရပ်ထားသည့် နေရာကို သူတို့တွေ့ကြ၏။

သူတို့နှစ်ယောက် ကားတစ်စီးပေါ်ခပ်တည်တည်တက်လိုက်ကြသည်။ သော့ကတပ်လျက်တန်းလန်း။ ခပ်တည်တည်

မောင်းထွက်လာကြသည်။ ဘယ်သွားရမှန်းတော့ မသိကြသေး။

လမ်းတစ်လျှောက်တွေ့ရသည့်မြင်ကွင်းများမှာ လက်ဖျားခါလောက်၏။ မိုးမျှော်ဖိမ်ခံတိုက်ကြီး များဆောက်လုပ်ရာတွင်

သုံးသည့်ပစ္စည်းများ၊ ဥယျာဉ်ခြံမြေသုံးပစ္စည်းများ နှင့် အခြားသော လူသုံးကုန်ပစ္စည်းမျိုးစုံတင်ထားသည့် ကုန်တင် ယာဉ်ကြီးများကနေရာအနှံ့။

"သောက်ကျိုးနည်း၊ ဒီလူတွေကြည့်ရတာ တစ်ကမ္ဘာလုံး အိမ်ပြောင်းသလို ရှိသမျှ ပစ္စည်း အကုန်တင်နေ တော့တာပဲကွ"

အယ်လ် ကသူ့ဝသီအတိုင်း ပွစိ၊ ပွစိပြော၏။ ပစ်ကို တစ်ချက်စွေစောင်းကြည့်ရင်းက-

"ကမ္ဘာဦးကျမ်းထဲက နောဧလို ရှိသမျှ တိရိစ္ဆာန် နှစ်ကောင်စီတင်မတင် မင်းနဲ့ငါ လောင်းမလား" ဟုဆို၏။

"မလောင်းပါရစေနဲ့ကွာ၊ တော်ကြာ ခြင်၊ ယင်၊ ကြွက်၊ ကြမ်းပိုး၊ ပိုးဟပ်၊ သန်း၊ အိမ်မြှောင်နဲ့ တောက်တဲ့တွေပါ

နှစ်ကောင်စီတင်နေကြပါဦးမယ်"

အယ်လ်သည် တစ်စုံတစ်ခု ပြန်ပြောရန် နှုတ်ခမ်းပြင်လိုက်စဉ်မှာပင် သူတို့ကားကလေးသည် မှန်သားဖြင့်တည် ဆောက်ထားသော

ရုံးခန်းတစ်ခုရှေ့သို့ရောက်လာသဖြင့် စကားစပြတ်သွား၏။ အသင့်ယူဆောင်လာသော ဝါယာကြိုး များနှင့် သုတ်ဆေးဗူးများကို သယ်ဆောင်၍

အတွင်းသို့ ဝင်လိုက်ကြ၏။

အနက်ရောင်ကိုယ်ကျပ် ယူနီဖောင်း ကိုယ်စီဖြင့် လက်နက်ကိုင် အစောင့်နှစ်ယောက်။

အယ်သည် ပါးစပ်ကြီးကို နားရွက်တပ်ချိတ်တော့မတတ်ပြုံးလိုက်ပြီး အစောင့်တစ်ယောက်ကို စပိန်လိုခပ်မြန်မြန် ပြောလိုက်၏။

အစောင့်ကခေါင်းညိတ်ပြ၍ ဓါတ်လှေကားရှိရာသို့ လက်မကြီးဖြင့်ညွှန်ပြ၏။ သူတို့နှစ်ယောက် ဓါတ်လှေကားတွင်းဝင်၍ တံခါးမပိတ်မှီ

အစောင့်တစ်ဦးသည် ဖုန်းဖြင့်တစ်စုံတစ်ခုကို အလောတကြီးပြောဆိုနေသည်ကို ပစ်က မြင်ဖြစ်အောင်မြင်လိုက်သည်။ သူက ဟန်မပျက်ပဲ

အယ်လ်ကို-

"ဒီတစ်ခေါက်တော့ ဟိုကောင်တွေကို ဘာပြောလိုက်ပြန်ပြီလဲ"

"ငါတို့ကို ဝုဖ်အရှင်သခင်များထဲက တစ်ယောက်က ဆယ်ထပ်ကအခန်းထဲမှာ အလုပ်လုပ်ဖို့ခိုင်းလိုက်တာလို့ ပြော လိုက်သကွ"

ပစ်သည် အယ်လ်၏အဖြေကို စိတ်မဝင်စားပဲဓါတ်လှေကားတွင် ကျိုးကန်းတောင်းမှောက် လျှောက်ကြည့်နေသည်။

လုံခြုံရေးကင်မရာမတွေ့၊ ထို့အတွက် သူတို့လှုပ်ရှားမှုကို စောင့်ကြည့်နေမှာတော့ပူစရာမလို။ သို့သော် ဝုဖ်တွေ ဒီလောက်တော့မအ။ ဆယ်ထပ်တွင်

သူတို့ကို ကြိုဆိုရေးအဖွဲ့များစောင့်ဆိုင်းနေမည်ကို သူ့အာရုံကသိနေ၏။

"လှုပ်ရှားဖို့ အချိန်ရောက်ပကွ" ပစ်သည် လိုသည်ထက်ပို၍ ခပ်ကျယ်ကျယ်လေးပြောလိုက်သည်။

အယ်လ်က သူ့ကို စူးစိုက်ကြည့်ရင်း-

"ဘာလုပ်မှာလဲ" ဟုမေးလိုက်၏။ တကယ်က သူတို့စကားပြောနေသည်မှာ မျက်လုံးချင်းသာ ဖြစ်၏။ စကားသံတွေက ငါးစာ။

"ငါတို့ ဓါတ်လှေကားကို ငါးထပ်မှာရပ်မယ်၊ ပြီးရင် ဓါတ်လှေကား ခေါင်မိုးအရေးပေါ်ထွက်ပေါက်ကနေ ဓါတ်လှေကားအပေါ်တက်ပြီး

တို့ကို စောင့်ကြည့်နေကြတဲ့ အစောင့်တွေကို နားလှည့်ပြီးပါးရိုက်ကြစို့"

"ကောင်းသကွာ။ ဝလချီးလည်သွားအောင် ပါးကိုဘယ်ပြန်ညာပြန် အသကုန်ဆော်ကြစို့" အယ်လ်သည် ဓါတ်လှေကားကို

ငါးထပ်အရောက်တွင် ရပ်လိုက်၏။ ခေါင်မိုးရှိ အရေးပေါ်အပေါက်ကို အသံမြည်အောင် ဖွင့်လိုက်ပြီး-

"မင်းအောက်က ပင့်ပေး ငါအပေါ်တက်မယ်"

ပစ်နှင့် အယ်လ်သည် ပါးစပ်က ပေါက်ပေါက်ဖောက်သလို ဆူညံစွာပြောဆိုနေသော်လည်း လူက မလှုပ်ရှားကြ။ ဓါတ်လှေကားထဲတွင်

အသံဖမ်းကိရိယာသာတပ်ထားသည်ကို သိသဖြင့် အကွက်ဆင်နေကြခြင်းဖြစ်သည်။

"သေချင်းဆိုး၊ လေးလိုက်တဲ့ကောင်"

အယ်လ်က မသက်မသာ ငြီးတွားရင်း ပီ-၁၀ သေနတ်ကို ထုတ်လိုက်သည်။ ပြီးတော့ ဓါတ်လှေကားတွင်းမှ မီးကို ပိတ်ပစ်လိုက်သည်။

"ကဲ-မင်းလက်ပေး၊ ငါဆွဲတင်မယ်" ပစ်က အမောတကော အော်ကြီးဟစ်ကျယ်ပြောရင်း ကို့တ် ၄၅ကို လုံခြုံရေး ခလုတ်ဖွင့်လိုက်သည်။

ပြီးတော့ ဓါတ်လှေကား၏ ဘေးတစ်ဖက်တစ်ချက်တွင် ပြားနေအောင်ကပ်လိုက်ကြသည်။

ဓါတ်လှေကားတံခါးသည် ဆယ်ထပ်အရောက်တွင် ဖြည်းညှင်းစွာပွင့်သွား၏။ အနက်ရောင်ကိုယ်ကျပ်ဝတ်စုံ၊ သံခမောက်ကိုယ်စီနှင့်

အစောင့်သုံးယောက်သည် ပွင့်နေသောအရေးပေါ်အပေါက်ကို သေနတ်ဖြင့်ချိန်၍ ဓါတ်လှေကားတွင်းဝင်လာကြ၏။ ပစ်သည်

နောက်ဆုံးဝင်လာသူ၏ ခြေထောက်ကို ဆောင့်ကန်လိုက်ရာ ရှေ့မှအစောင့်နှစ်ယောက်ပေါ်ထပ်လျှက် သုံးယောက်လုံးလဲကျသွား၏။

အယ်လ်သည် ဓါတ်လှေကားကို ပိတ်၍ အောက်သို့ဆင်းစေပြီး အထက်မရောက် အောက်မရောက်အခြေအနေတွင် ရပ်ထားလိုက်သည်။

ပစ်သည် လုံးထွေးရစ်ပါတ်လဲကျနေသူများ၏ ဦးခေါင်းကို ကြက်ဥ တူနှင့်ထုသလို ကို့တ်၄၅ သေနတ်ဒင်ဖြင့် အားရပါးရထု၏။

သူခြေထောက်ဆောင့်ကန်လိုက်သူကိုတော့ ချန်ထား၏။ ခြေထောက်ကျိုးမတတ်ဝေဒနာ ခံစားနေရသဖြင့် ခေါင်းမထုလည်းကိစ္စမရှိ။ ပြီးတော့

သူ့ကို မေးရမြန်းရဦးမည်လေ။

အယ်လ်က ဓါတ်လှေကားမီးကို ပြန်ဖွင့်ရင်း ထိုသူ၏ ခေါင်းကိုသေနတ်ဖြင့်ချိန်ပြီး-

"သေနတ်ပေးစမ်း၊ ဦးကျောက်ပွင့်သွားမယ်" ဟု စပိန်လိုကြိမ်းဝါးလိုက်၏။

အစောင့်သည် အလစ်အငိုက်တွင် ရုတ်တရက်ခံလိုက်ရသော်လည်း ဝုဖ်လက်ပါးစေ၊ လက်မရွံ့ပီသစွာ သွေးအေးလှ၏။

သူတို့နှစ်ယောက်ကို ခပ်တည်တည်ကြည့်လိုက်သည်။ သို့သော် ပစ်နှင့်အယ်လ်တို့၏ အဟုတ်တကယ် လုပ်မည့် ရုပ်များကို မြင်လိုက်ရသောအခါ

ကြေးစားပီသစွာ သူတို့ စကားနားထောင်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် နှုတ်ကတော့-

"မင်းတို့ ဘယ်မှပြေးစရာ မရှိပါဘူးကွ" ဟု ပြောရင်းအကဲစမ်းလိုက်သည်။

ပစ်က အသာပြုံးရင်း-

"ကိစ္စမရှိပါဘူး၊ မင်းတို့ကို အရင်သတ်ရမှာပေါ့။ ကားလ်ဝုဖ်က သူ့အတွက်အသေခံဖို့ မင်းတို့ကို ပိုက်ဆံပေးထားတာ မဟုတ်လား"

"ခင်ဗျားတို့ လက်လျှော့လိုက်ကြပါ။ ခင်ဗျားတို့အကြံအောင်မှာမဟုတ်ဖူး၊ သေကြမှာပဲ" အစောင့်သည် မင်းတို့မှ ခင်ဗျားတို့ဟု

လေသံပြောင်းလာသည်။

အယ်လ်သည် သေနတ်ပြောင်းဝကို အစောင့်၏ မျက်လုံးနှစ်လုံးကြားသို့ ထိုးချိန်ပြီး-

"မင်းတို့ကောင်တွေအားလုံး ပါးစပ်ကအီးပေါက်သလို တစ်လေသံထဲထွက်တဲ့ အကောင်တွေပဲကွ၊ ဝုဖ်ရဲ့ငနွားတွေရ" ဟု

အသားလွတ်ဝင်ရောက်ကြိမ်းမောင်း၏။ ပစ်သည်လည်း သူ၏သေနတ်ကို အစောင့်၏ ဘယ်ဖက်မျက်လုံးတည့် တည့်ချိန်ရင်း-

"ဒေါက်တာ အို ကွန်းနဲလ်နဲ့ သူ့သမီးကို ဘယ်မှာထားသလဲ" ဟု လိုရင်းကိုမေးလိုက်၏။

"ငါတို့မှာ အချိန်သိပ်မရှိဘူး၊ ခုပြောရင်ပြော၊ မျက်လုံးအထွက်ခံချင်ခံ၊ အသံကြားမှာစိုးလို့ မင်းကို ပစ်မှာတော့ မဟုတ်ဖူး၊ ဒီတိုင်း

သေနတ်နဲ့ဆောင့်ထိုးလိုက်မှာ"

ပစ်သည် တကယ်လည်းမပြောလျှင် ဆောင့်ထိုးလိုက်ရန် ကြံရွယ်ထား၏။ အစောင့်သည် ပစ်စိတ်ကူးကို ကောင်းစွာ ရိပ်မိ၏။

"ဒီသဘော်တွေထဲက တစ်စီးပေါ်မှာပါ"

"ဘယ်တစ်စီးလဲ"

"ကျွန်တော်မသိပါဘူး၊ ကျိန်ဆိုကျိန်ပ့ါမယ်"

"မင်းဟာမင်း ကျိန်ချင်ကျိန်၊ မကျိန်ချင်နေ၊ စိတ်မဝင်စားဘူး၊ နောက်တစ်ကြိမ်ထပ်မေးမယ်။ ဘယ်တစ်စီးလည်း" အယ်လ်က

ဝင်မေးလိုက်သည်။ သူ့လေသံကလည်း ပွက်ပွက်ဆူနေသည့်ဆီအိုးကို ချက်ချင်းအေးခဲသွားလောက်အောင် အေးစက်လှသည်။ ပစ်သည် ကို့တ်

၄၅ ၏ ချွန်ထွက်နေသော သေနတ်ဒင်ကို ဆလိုက်၏။

အစောင့်သည် ကမန်းကတမ်းဖြင့်-

"အူးရစ်ဝုဖ်ပါ၊ ဒီသဘော်ပါပဲ။ လူစီးသဘော်ပါ" ဟုပြာပြာသလဲပြော၏။ အသက်နှင့်ယှဉ်သော သစ္စာစောင့်သိမှုသည်

မရှိစကောင်းဆိုသည်မှာ မှန်၏။

"ဘယ်နေရာလဲ"

"ခြောက်ထပ်က ကေ အခန်းတွဲမှာပါ၊ အခန်းနံပါတ်တော့ ကျွန်တော်မသိပါဘူး"

ဟုတ်သည်။ သူသိသမျှ အကုန်ပြောပြီးသွားပြီဆိုသည်ကို ပစ်ရော အယ်လ်ပါသိကြ၏။ အယ်လ်သည် သေနတ်ဒင်ဖြင့် အစောင့်၏

နောက်စေ့ကို ရိုက်ချလိုက်သည်။ ထိုအချိန်မှာပင် အဆောက်အဦးတစ်ခုလုံးတွင် အချက်ပေးသံများ ဆူညံစွာပေါ်လာ၏။ အယ်လ်က ပစ်ကို

မျက်စပစ်ပြလိုက်သည်။

ပစ်က ပြုံးပြလိုက်ပြီး-

"အေးဆေးပေ့ါ သူငယ်ချင်း၊ စတိုင်လ် မပျက်စေနဲ့" ဟု ဩဝါဒပေးလိုက်လေ၏။

အတ္တလန်တစ် ရှာပုံတော် (၆၀)

ခြောက်မိနစ်ခန့်ကြာသော် ဓါတ်လှေကားသည် မြေညီထပ် ဧည့်ခန်းတွင် ဖြည်းညှင်းစွာဆိုက်ရောက်လာ၏။ ဧည့်ခန်း အတွင်းတွင်တော့

အော်တိုမစ်တစ်ရိုင်ဖယ်များကိုင်ထားသော လုံခြုံရေး နှစ်ဒါဇင်ခန့်သည် ဒူးထောက်၍ ပစ်ခတ်ရန် အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေ၏။

ဓါတ်လှေကားပွင့်သွားသောအခါ အတွင်းမှ လေကာမှန်များမျက်နှာဖုံးအောင်စွပ်ထားသော သံခမောက်ဆောင်းထား သည့် အနက်ရောင်

ကိုယ်ကျပ်ဝတ်စုံဝတ် လုံခြုံရေးနှစ်ဦးသည် လက်များကိုမြှောက်လျှက် အသံကျယ်လောင်စွာဖြင့်-

"မပစ်နဲ့၊ မပစ်နဲ့၊ ဝင်လာတဲ့ နှစ်ကောင်ကို တို့ပစ်သတ်လိုက်ပြီ" ဟုပြိုင်တူအော်ဟစ်ရင်း လဲကျနေသည့် လိမ္မော်ရောင် အလုပ်သမား

ဝတ်စုံဝတ်ထားသူနှစ်ဦးကို ဆွဲလာ၏။

"အပေါ်မှာ သူတို့အဖွဲ့ဝင်တွေ ရှိသေးတယ်။ ဆယ်ထပ်မှာ" ဟုလည်းပြော၏။

"မက်စ် ရော" ခေါင်းဆောင်ဖြစ်ဟန်တူသူက မေးလိုက်သည်။

"မက်စ် ဒဏ်ရာရသွားတယ်။ သူအပေါ်မှာ ပုန်းကျန်ရစ်ခဲ့တယ်"

လူနှစ်ဒါဇင်သည် ချက်ချင်း အဖွဲ့နှစ်ဖွဲ့ကွဲသွားသည်။ တစ်ဖွဲ့ကွဲ ဓါတ်လှေကားတွင်းသို့၊ နောက်တစဖွဲ့က လှေကား ပေါ်သို့

ဒရောသောပါးပြေးတက်သွားကြသည်။ ပစ်နှင့်အယ်လ်တို့လည်း အခွင့်အရေးကို လက်လွတ်မခံ၊ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင်

ထိုနေရာမှပြေးကြတော့သည်။

"ငါ့ယူနီဖောင်းက ရှည်လွန်းပြီး တစ်အားကျပ်နေတယ်ကွ"

"ငါ့ဟာက တိုလွန်းပြီး အရမ်းပွနေတယ်"

အယ်လ်နှင့်ပစ်သည် ပြေးရင်းလွှားရင်း ယူနီဖောင်းအကြောင်းဆွေးနွေးနေကြသည်။
ဘက်ထရီကားလေးပေါ်ရောက် သောအခါ

အမြန်ဆုံးအရှိန်နှုန်းဖြစ်သည့် တစ်နာရီဆယ့်နှစ်မိုင်နှုန်းဖြင့် အပြင်းမောင်းထွက်လာခဲ့ကြသည်။
ဦးတည်ရာကခြောက်ထပ်၊ ကေ အခန်းတွဲသို့

ဘယ်နားရှိမှန်းတော့ မသိသေး။

ကုန်တင်ကုန်ချ အလုပ်ရုံများစွာ၊ ပဒ္ဒအုံတုတ်နဲ့ထိုးထားသလို ခြေချင်းလိမ်နေသော
အလုပ်သမားများစွာကို သူတို့ ကားကလေးသည်

အကြမ်းပတမ်းဖြတ်ကျော်ခဲ့သည်။ သူတို့ဝတ်ထားသော အနက်ရောင် လုံခြုံရေး ယူနီဖောင်းများ
ကြောင့်လုပ်တိုင်းတင့်တယ်နေ၏။ ဘယ်သူမှ

စောဒက မတက်ကြ။ ဒီလို မဟားတရားလျှောက်မောင်းနေရုံဖြင့် ပက်ထရစ်ရှာတို့
သားအမိကိုတွေ့နိုင်မည်ဆိုလျှင် ဘယ်လောက်မောင်းမောင်း

အကြောင်းမဟုတ်သော်လည်း အခု တော့ထိုသို့မဟုတ်ချေ။

တစ်နေရာတွင် ကရိန်းကြီးတစ်ခုဖြင့် ကုန်တင်ကုန်ချလုပ်နေသော လိမ္မော်ရောင်အလုပ်သမားတစ်စုကို
အော်ဟစ် အမိန့်ပေးနေသည့်

အနီရောင်ဝတ်စုံဖြင့် လူတစ်ဦးကိုတွေ့လိုက်ကြရသည်။ တန်တော့ ကြီးကြပ်သူအဆင့်
အလုပ်သမားခေါင်း ဖြစ်မည်။ ပါးစပ်ကလေးလုပ်ဖို့လိုလာပြီ။

ပစ်သည် အယ်လ်ကို မျက်စပစ်လိုက်၏။ ပြောပေဦး တော့ စပိန်လို။

"ခဏလေး၊ ကျွန်တော်တို့ ခြောက်ထပ်၊ ကေ အခန်းတွဲကို အရေးပေါ်သွားစရာရှိတယ်။
အနီးဆုံးဘယ်လမ်းကသွား လို့ရလဲ"

အလုပ်သမားခေါင်းသည် သူတို့ဝတ်ထားသည့် အနက်ရောင်လုံခြုံရေး ယူနီဖောင်းများကို ကြည့်ရင်း-

"ခင်ဗျားတို့ ဘယ်သွားရမှန်းမသိကြဘူးလား"

"ကျွန်တော်တို့က ကမ်းခြေလုံခြုံရေးကနေ သင်္ဘောပေါ်ပြောင်းလာတာ မကြာသေးဘူးဗျ"

အလုပ်သမားခေါင်းသည် ထွေထွေထူးထူးမေးမနေတော့ပဲ နတ်လမ်းညွှန်လုပ်လိုက်၏။

"ညာဖက်ကိုသွား ဒုတိယမြောက်ခါတ်လှေကားနဲ့ လေးထပ်အထိတက်၊ ပြီးရင်လျှပ်စစ်ရထားရုံအမှတ် (၈)ကိုသွား၊

ကေအခန်းတွဲဆီရောက်မဲ့ ရထားကိုစီး၊ ရောက်ရင် ရုံးခန်းမှာ သွားချင်တဲ့အခန်းနံပါတ်ကိုမေး"

ကောင်းသည်။ ကောင်းလှသည်။ သူ့ထက်ကောင်းတာတောင် သူ့လောက်မကောင်းသည့် လိုတိုရှင်းနတ်လမ်းညွှန် တည်း။ ကေ

အခန်းတွဲရောက်မှ မီးစင်ကြည့်ကရမည်။

"ကဲ မောင်မင်းကြီးသား ငါတို့ အချိန်ဘယ်လောက်ရမယ်ထင်လဲ"

"ဆယ်မိနစ်အတွင်း ငါတို့ အူးရစ်ဝုဖ်ပေါ်မှာပဲရှိနေတယ်ဆိုတာကို သူတို့သိလိမ့်မယ်။ သို့သော် ငါတို့ဘယ်သူဆိုတာရယ်။

ဘာကိစ္စလာတယ်ဆိုတာရယ်တော့ သိဦးမယ်မထင်ဘူး"

အလုပ်သမားခေါင်း လမ်းညွှန်လိုက်သည့်အတိုင်း သူတို့လေးထပ်သို့တက်လာခဲ့ကြသည်။ လက်စသတ်တော့ လေးထပ်သည်

သင်္ဘောတစ်စီးလုံး၏ နေရာအသီးသီးသို့ ပို့ဆောင်ရေး ရထားဘူတာဖြစ်နေသည်ကိုး။ ကေအခန်းတွဲ သို့ဟု လမ်းညွှန်ထားသော ပလက်ဖောင်းတွင်

ငါးမိနစ်ခန့် စိတ်မရှည်စွာစောင့်နေကြပြီးနောက် တွဲငါးတွဲပါသည့်လျှပ်စစ်ရထားသည် အသံတစ်စက်မှမထွက်ပဲ

ဆိုက်ရောက်လာပြီးတံခါးများလျှောကနဲ ပွင့်သွား၏။ ပထမတွဲသို့တက်လိုက်ကြသည်။ လူလေးဆယ်ခန့်ဆန့်သောတွဲထဲတွင်

ယူနီဖောင်းအရောင်မျိုးစုံဖြင့် လူတစ်ဝက်ခန့်ထိုင်နေ သည်။ အယ်လ်သည် မွဲပြာရောင်ယူနီဖောင်းဝတ်ထားသော အမျိုးသမီးတစ်ဦးနားတွင်

ထိုင်ချလိုက်သည်။ ပစ်သည် ထိုအမျိုးသမီးကို မသိမသာအကဲခတ်လိုက်သည်။ ငွေရောင် တောက်နေသောဆံနွယ်များ၊

လေးထောင့်စပ်စပ်မေးရိုးနှင့် မိုးပြာရောင်မျက်လုံးများ။

ပစ် စိတ်များချက်ခြင်း ခဲဆွဲထားသလိုလေးလံသွားသည်။ လက်စသတ်တော့ ဝုဖမ် ျိုးဆက်မှအမျိုးသမီးတစ်ဦးနှင့် နဖူးတွေဒူးတွေ့

တွေ့နေပါပေါ့လား။

အတ္တလန်တစ် ရာပုံတော် (၆၁)

အမျိုးသမီးက သူတို့ကို ပြုံးပြုံးကြီးကြည့်နေ၏။

"ရှင်တို့ကြည့်ရတာ အမေရိကန်တွေထင်တယ်" စပိန်သံဝဲသော အင်္ဂလိပ်စကားဖြင့် စကားစပြော၏။

"ခင်ဗျားဘယ်လိုသိသလဲဗျ"

"အို-ကျွန်မတို့ လုံခြုံရေးတွေက အများစုက အမေရိကန် တပ်မတော်ကပဲ"

"ဒါဆိုခင်ဗျားက ဝုဖ်မိသားစုကပေါ့နော်" ပစ်ကအလုပ်ရှင်ကို အလွန်အင်မတန်အရိုအသေပေးသော လေသံဖြင့်

ပြန်ပြောလိုက်သည်။ဝုဖ်မ ကပေါ့ပေါ့ပါးပါးရယ်လိုက်ရင်း-

"ကျွန်မတို့ မိသားစုက ခွဲခြားရလွယ်တယ်နော်"

"ဟုတ်ပခင်ဗျာ၊ အကုန်လုံး တစ်ရုပ်တည်းပဲ"

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

ပစ်ခေါင်းထဲမှာ အန္တရာယ်အချက်ပေးသံတွေ ဆူညံသွား၏။ စွန့်စားရမည်။ အခွင့်အရေးယူရမည်။ သေမြေကြီး ရှင်ရွှေထီးပေါ့။

အမျိုးသမီး၏ မျက်လုံးကို စေ့စေ့ကြည့်၍ ပြောချလိုက်သည်။

"ကျွန်တော့် နာမည် ဒတ်ပစ်ပါ။ ဒါက ကျွန်တော့် သူငယ်ချင်း အယ်လ်ကပုန်း"

"ကျွန်မက ရှီဆာ ဝုဖ်ပါ"

တော်သေး၏။ တော်ပါသေး၏။ ရှီဆာသည် ဝုဖ်၏ အတွင်းစည်းဟုတ်ဟန်မတူ၊ ပစ်တို့ကို သူမသိ။

"ခုလိုသိကျွမ်းရတာ ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူလို့မဆုံးပါဘူး မစ္စဝုဖ်၊ ကျွန်တော်တို့က လွန်ခဲ့တဲ့နှစ်ပါတ်ကမှ အမေရိကန်

မရင်းတပ်ကပြောင်းလာတာပါ။ ဒီ အူးရစ်ဝုဖ်သင်္ဘောကြီးကတော့ တကယ့် အံ့မခန်းပဲနော်။ ဒီလို ပါရမီ မြောက်လုပ်ငန်းကြီးကို ဆောင်ရွက်နိုင်ခဲ့တဲ့

ခင်ဗျားတို့ ဝုဖ်မိသားစုအတွက် ဂုဏ်ယူပါတယ်ခင်ဗျာ"

ရှီဆာဝုဖ်သည် ပစ်၏မြောက်လုံးများကြားတွင် သိသိသာသာမြောက်သွား၏။ ပြီးတော့ ခရားရေလွှတ် ပြောတော့သည်။

"ဒါတွေက ကျွန်မတို့အကို ကားလ်ရဲ့အစီအစဉ်တွေချည်းပါပဲ၊ ကမ္ဘာပေါ်က အကောင်းဆုံး သင်္ဘောတည်ဆောက်ရေး ပညာရှင်တွေကို

သူစုစည်းနိုင်ခဲ့တယ်လေ။ သင်္ဘောတစ်စီးကို ရေလုံခန်းကိုးရာလောက်ထည့်ထားတဲ့အတွက် ရေထဲမှာဘယ်လောက်အခြေအနေဆိုးဆိုး

မမြုပ်နိုင်ဘူးလေ"

"အလိုလေး၊ ကြားရတာ အံ့ဩစရာတွေချည်းပါလားနော်။ အင်ဂျင်ပါဝါကရော ဘယ်လောက်ရှိသလဲမဒမ်" အယ်လ်သည်

ပစ်နှင့်အတူလိုက်၍ ဤဇာတ်လမ်းတွင် ခပ်တည်တည် သရုပ်ဆောင်ပါဝင်ကပြတော့သည်။

"မြင်းကောင်ရေ ကိုးသောင်းတစ်ထောင်စီရှိတယ်ရှင့်၊ တစ်နာရီ ၂၅ နော့ထ် နှုန်းနဲ့သွားနိုင်တယ်"

"လူငါးသောင်းလောက်ဆန့်တဲ့ သင်္ဘောတစ်စီး ဟာအဲသလောက်မြန်နိုင်သလားဗျာ၊ ကျွန်တော်တို့တော့ တစ်ခါမှမကြားဖူးဘူး"

ပစ်သည် ဆက်ပင့်နေ၏။

"လူငါးသောင်းမဟုတ်ဘူး မစ္စတာပစ်ရဲ့၊ ဒီသင်္ဘောဟာ တစ်သိန်းနှစ်သောင်းငါးထောင်ဆန့်တယ်။ အခြားသုံးစီးမှာတော့

လူငါးသောင်းစီတင်မယ်။ စုစုပေါင်း ကမ္ဘာပေါ်ကရှိသမျှအကောင်းဆုံး၊ အတော်ဆုံး၊ အထူးချွန်ဆုံးလို့ယူဆတဲ့ လူနှစ်သိန်းနဲ့

ခုနစ်သောင်းငါးထောင်ကို ကမ္ဘာပျက်ဘေးက လွတ်အောင်ကျွန်မတို့ သင်္ဘောတွေပေါ်တင်ခေါ်သွားမယ်"

ပစ်သည် ခေါင်းတညိမ့်ညိမ့်လုပ်ပြီး နားထောင်နေသော်လည်း မျက်လုံးများက ရထားအပြင်ဖက်ရှိ မြင်ကွင်းများကို

မလွတ်တမ်းကြည့်နေ၏။

ဇကေ နှစ်ဆယ်ခန့်ကျယ်ဝန်းသော ပန်းခြံကြီးကို ရထားပေါ်မှမြင်လိုက်ရသောအခါ မျက်လုံးမျက်ဆန်ပြူးသွား၏။ သစ်ပင်များကြားဝယ်

အပြေးလေ့ကျင့်ရန်နှင့် လမ်းလျှောက်ရန်လမ်းကလေးများနှင့် ငန်းတို့ပျော်ရာရေကန်သာကလေးများပင် အစုံအလင်ထည့်သွင်းထား၏။ ဝုဖ်တွေကို

သူအနည်းငယ်ဖျားသွား၏။

ပြင်ပ ပါတ်ဝန်းကျင်ကို ပစ်စိတ်ဝင်စားနေမှန်း ရှိဆာကရိပ်မိသည်။ ထို့ကြောင့်-

"ပန်းခြံက ဒီတစ်ခုတည်းမဟုတ်ဘူး၊ စုစုပေါင်း ကေငါးရာရှိတယ်။ ရှင်တို့ အားကစားရုံတို့၊ အလုပြင်ခန်းမတို့ ရေကူးကန်တို့ကို

မရောက်သေးဘူးထင်တယ်"

"ကျွန်တော်တို့က လျှောက်ကြည့်ဖို့အချိန်မရှိပါဘူးခင်ဗျာ၊ ဒီလိုပဲ ခရီးသွားဟန်လွှဲငေးရုံနဲ့တင် ကျေနပ်လှပါပြီ"

"ရှင့်မှာ အိမ်ထောင်ရှိလား"

ဒတ်ပစ်သည် ခဏစဉ်းစားလိုက်ပြီး-

"ဟုတ်ကဲ့ရှိပါတယ်။ သားတစ်ယောက်၊ သမီးတစ်ယောက်လည်းရှိတယ်"

"ဒါဆိုရှင့်ကလေးတွေအတွက် ဘာမှစိတ်မပူနေနဲ့၊ ကျွန်မတို့မှာ မူကြိုကနေ ဘွဲ့လွန်အထိ အကောင်းဆုံး ပညာရေး စနစ်ရှိတယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ကမ္ဘာပေါ်မှာရှိသမျှ ဖျော်ဖြေရေးလုပ်ငန်းမှန်သမျှ ဒီသဘော်တွေပေါ်မှာရှိတယ်။ ကျွန်မတို့ အားလုံးအတွက် ထောင့်စေ့အောင်

စဉ်းစားထားပြီးသားပါ"

အားလုံးအတွက်ဆိုပဲ။ ဘာအားလုံးအတွက်လဲ။ မင်းတို့ သား၊ တူ၊ ညီများနဲ့ သစ္စာတော်ခံတွေ အားလုံးအတွက်လား။ ပစ်စိတ်ထဲက

ထိုသို့တွေးနေသော်လည်း မျက်နှာကမူ ခွေးတက်လျှက်ချင်လောက်အောင် ပြုံးချိုနေ၏။

"ဒါနဲ့ မဒမ်၊ စပ်စုတယ်ထင်ရင်လည်း ခွင့်လွှတ်ပါ။ ကျွန်တော်တို့ မြေပေါ်မှာဘယ်နှစ်ရက်လောက်ထပ်နေရဦးမလဲ၊ ဒီသဘော်တွေရော

ရေဘယ်တော့ချမှာလဲခင်ဗျ"

"ရပါတယ်ရှင်၊ ငါးရက် ကနေဆယ်ရက်အတွင်း လုပ်ငန်းအားလုံးအပြီးသပ်မယ်လေ။ ပြီးရင်တော့ စွန့်စားခန်းကြီးစကြတာပေ့ါ၊

ရှင်တို့လည်းပါကြရမှာပဲလေ၊ ပျော်ပျော်ပါးပါးပေါ့ မစ္စတာပစ်ရယ်"

"ကေ အခန်းတွဲရောက်ပြီ" ရှီဆာနှင့် ပစ်တို့၏ စကားဝိုင်းသည် အယ်လ့်အသံကြောင့် ရပ်သွား၏။ ပစ်က လှိုက်လှိုက်လှဲလှဲပြုံးပြရင်း-

"ခုလိုတွေ့ဆုံခွင့်ရတာ ကျွန်တော့်အနေနဲ့ အင်မတန်ကျေနပ်မိပါတယ် မစ္စဂုဖ်ခင်ဗျား၊ ခင်ဗျားလည်း ကျွန်တော့်ကို

သတိရနေလိမ့်မယ်လို့ထင်ပါတယ်။ တကယ်လို့ မေ့သွားခဲ့ရင်လည်း ခင်ဗျားအကို ကားလ်ဆီမှာ ကျွန်တော့် အကြောင်းတွေ ထပ်မေးပေါ့ဗျာ"

ရှီဆာသည် ပစ်ဘာပြောလိုက်မှန်းသဘောမပေါက်သဖြင့် သူ့မျက်နှာကို အတန်ကြာအောင် တွေတွေလေး စိုက်ကြည့်နေသည်။ ပြီးမှ

ခေါင်းညိတ်၍-

"ဟုတ်ကဲ့ပါ။ ကျွန်မတို့ ပြန်ဆုံကြဦးမယ်နော်" ဟု နှုတ်ဆက်ရှာသည်။

ရထားသည် အရှိန်တဖြည်းဖြည်းနှေးလာပြီး နောက်ဆုံးရပ်သွား၏။ ဒတ်ပစ်နှင့် အယ်လ်ဂျီယိုဒီနီတို့ နှစ်ယောက် ရထား ပေါ်မှဆင်းကြ၏။

"ကဲ၊ ခုဘယ်သွားမလဲ လူကလေး" အယ်လ်၏ ကချော်ကချွတ်အမေးကို ပစ်က-

"လမ်းညွှန်ဆိုင်းဘုတ်တွေကြည့်ပြီး ကေ-အခန်းတွဲကိုရောက်အောင် သွားမှာပေါ့လကွာ" ဟု ကပြက်ကချော် ဖြေ လေ၏။

စင်္ကြံရှည်ကြီးကို သူတို့ဖြတ်ခဲ့ကြ၏။ တံခါးဖွင့်ထားသော အခန်းပေါင်းများစွာကို လမ်းတစ်လျှောက် တွေ့ကြရသည်။ အခန်းများကား ဇိမ်ခံ

ကွန်ဒိုမီနီယံ အခန်းများဖြစ်ကြသည်။ သို့ကလိုကြောင့်လည်း ကေ-အခန်းတွဲဟု ညွှန်းဆိုခြင်း ဖြစ်မည်။ တကယ့် လူနေအခန်းတွဲများဖြစ်၏။

တစ်ခန်းနှင့် တစ်ခန်းကြား စင်္ကြံနံရံများတွင် ပန်းချီကားများချိတ်ဆွဲထား၏။ အယ်လ်သည် မနေနိုင်မထိုင်နိုင် ပန်းချီကားတစ်ချပ်ကို

သွားကြည့်မိ၏။ ပန်းချီကားအောက်မှ ပန်းချီဆရာနာမည်ကို ကြည့်လိုက်သောအခါ ဗန်ဂိုးဟုရေးထိုးထားသဖြင့် သူ့မျက်လုံးပြူးကြီးများ

ပြူးထွက်လာ၏။

"ဒီကောင်တွေ ပန်းချီကားအတုတွေဝယ်ယူစုဆောင်းပုံရသကွ"

"အတုမဟုတ်ဖူး၊ ငါ့ကောင်၊ အဲဒါအစစ်ကွ၊ ဟိုဖက်က ကားလဲကြည့်လိုက်ဦး၊ ငါ့အထင်ပြောရရင် စစ်အပြီးဂျာမန်တွေ

အစဖျောက်သွားတဲ့ ရတနာသိုက်ထဲက ပစ္စည်းတွေပဲ"

"သြော်သြော် အလှူလက်ဖက်နဲ့ မျက်နှာလုပ်ထားကြတယ်ပေါ့လေ"

"ပြည်သူပိုင်ပစ္စည်း တို့ပစ္စည်းပေါ့ကွာ"

စကားတပြောပြောဖြင့် စင်္ကြံရှည်ကြီးကို နှစ်ဖါလုံခန့်လျှောက်ပြီးသောအခါ ကေ-အခန်းတွဲ၊ လုံခြုံရေးရုံးခန်းဟူသော

ဆိုင်းဘုတ်ကြီးကိုတွေ့ရ လေတော့သည်။ သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ကဲ- လာမဲ့ဘေး၊

ပြေးတွေ့ရုံရှိတော့သပေါ့။

အတ္တလန်တစ် ရှာပုံတော် (၆၂)

လုံခြုံရေးရုံးခန်းသည် ကြယ်ငါးပွင့်အဆင့်ဟိုတယ်၏ ဧည့်ကြိုခန်းမတစ်ခုထက်ပင် ခမ်းနားသေး၏။ အလွန် လှပသေသပ်သည့်

ကောင်တာတစ်ခု၏နောက်တွင် မြစိမ်းရောင် ဝမ်းဆက်ဝတ်စုံဝတ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး တို့ ထိုင်နေကြ၏။

"မင်းဂုဏ်တွေက အရောင်ရှုးတွေထင်တယ်၊ လိမ္မော်၊ အနက်၊ အနီ၊ အပြာ၊ ခရမ်း၊ အစိမ်း ယူနီဖောင်း ရောင်စုံနဲ့ ပါလားကွ" အယ်လ်က

လေသံလေးဖြင့် ပြောလိုက်၏။

"သူတို့ကို အမေရိကန် ရှေးဟောင်းလက်ရေးပညာရှင်ဘယ်မှာနေလဲလို့ မေးကြည့်လိုက်" ပစ်က အယ်လ့်ကို ပြောလိုက်သည်။

"နင့်မေကလွှား၊ ရှေးဟောင်းလက်ရေးပညာရှင်ဆိုတာကို ငါက စပိန်လို ဘယ်လိုပြောရမတုန်း"

"မင်းဘာသာမင်း ပြောချင်သလိုပြော"

အယ်လ်သည် အမျိုးသမီးကို ဦးတည်ပြီး-

"ကျုပ်တို့ ဒေါက်တာ အို-ကွန်းနဲလ်နဲ့ သူ့သမီးကို တခြားရွှေ့ဖို့ အမိန့်အရလာတာ" ဟုခပ်တည်တည်ပြောချလိုက်သည်။

အမျိုးသမီးက အယ်လ့်ကို စေ့စေ့ကြည့်ရင်း-

"ကျွန်မတို့ကို ဘာမှ အကြောင်းကြားထားတာမရှိဘူး" ဟုပြောလိုက်သည်။ ဟုတ်သားပဲ။ ဒီလောက်တော့ ဘယ်လွယ်လိမ့်မလဲ။

"အေးလေ၊ ကျုပ်တို့ကိုတောင် လွှန်ခဲ့တဲ့ ဆယ်မိနစ်ကမှ ပြောတာကိုး"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ကတော့ တာဝန်ရှိတဲ့အတိုင်း စစ်ဆေးရလိမ့်မယ်"

"ကောင်းတယ်၊ စစ်ဆေးပါ၊ အမိန့်ပေးတဲ့ အကြီးအကဲလည်း နောက်ကလိုက်လာနေပါပြီ။ ခင်ဗျားသူ့ကို စောင့်လိုက်ပါလား"

အမျိုးသမီးက သဘောတူဟန်ဖြင့် ခေါင်းညိတ်ပြသည်။

"အခု သူတို့ဘယ်အခန်းမှာရှိသလဲ ပြောပြပါ။ ကျွန်တော်တို့ ပြင်ဆင်စရာရှိတာ ပြင်ဆင်ရမယ်"

"ရှင်တို့ မသိဘူးလား"

"ဩော်၊ ကျွန်တော်တို့ ကိစ္စမှမဟုတ်တာ၊ ဘယ်သိနိုင်မလဲဗျ"

အမျိုးသမီးက အယ်လ့်၏အဖြေကို သဘောကျဟန်ဖြင့် ပြုံးရင်း-

"ကေ- ၃၇ ပါ။ သော့တော့ မပေးနိုင်သေးဘူး၊ စစ်ဆေးပြီးမှ ပေးမယ်" ဟုဆို၏။

"ရပါတယ်၊ ကျွန်တော်တို့က အပေါက်ဝမှာ သွားစောင့်နေယုံပါပဲ။ ကြီးကြပ်သူလာမှ သူ့ကို သော့ပေးလိုက်ပေ့ါ" ဟုပြောရင်း

လှည့်ထွက်လာခဲ့သည်။

"ကေ- ၃၇ ကွ"

အယ်လ်သည် ခပ်သွက်သွက် နောက်ကြောင်းပြန်လျှောက်ရင်းက ပစ်ကို ပြောလိုက်၏။

"ဓါတ်လှေကားဖက် ဖြစ်မယ်၊ မြန်မြန်လာ"

ကေ- ၃၇ ရှေ့ရောက်သောအခါ သူတို့ထင်ထားသည့်အတိုင်း အစောင့်တစ်ယောက်ရှိနေ၏။ အယ်လ်က ထိုအစောင့် ကို ပြုံးပြရင်း-

"မင်းကံကောင်းတယ်၊ ငါတို့ရောက်ပြီ" ဟု ဖြီးထည့်လိုက်၏။

အစောင့်က မျက်မှောင်ကြုတ်ရင်း-

"ကျုပ်အလှည့်ပြီးဖို့ နှစ်နာရီတောင် ကျန်သေးတယ်ဗျ" ဟုဆို၏။

"ဩော်-အေး၊ ဒါဆိုလည်းပြီးတာပဲ၊ စားသောက်ခန်းသွားလိုက်ဦးမယ်" အယ်လ်သည် ချက်ခြင်းတုံ့ပြန်လိုက်၏။ သူ့တုံ့ပြန်မှုက

အလွန်ထိရောက်လှသည်။ အစောင့်သည် ပြာပြာသလဲဖြင့်-

"ဟင့်အင်း၊ ဟင့်အင်း၊ ခင်ဗျားတို့ အလှည့်ဆိုလည်းစောင့်ပါ၊ ကျုပ်သွားပြီ" ဟုဆိုပြီး ကမန်းကတန်းထွက်သွားတော့၏။ နှစ်နာရီခန့်

အနားရလည်း နည်းသလားပေါ့။

"ငါ့ကောင်ကြီး တော်လိုက်တာကွာ" ပစ်က လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်၏။

"ဟီး-ဟီး ငါက မာဒဂ်မော်အောင်သကွ" အယ်လ်သည် အရှူးဘုံမြောက် ဆိုင်မှန်း၊ မဆိုင်မှန်းမသိ၊ သူပြောချင်ရာ ဖွတ်ပြောနေ၏။

မာဒဂ်မော်ပဲအောင်အောင်၊ ရေမော်ပဲအောင်အောင်၊ ဒိုက်ဖတ်ပဲအောင်အောင် လိုချင်တာရဖို့ အဓိက။

သူတို့မြင်ကွင်းမှ အစောင့်ပျောက်ကွယ်သွားသောအခါ ပစ်သည်ပိတ်ထားသောတံခါးကို ခြေထောက်ဖြင့် အစွမ်းကုန် ဆောင့်ကန်လိုက်၏။

တံခါးကျိုးပျက်ပြီး ပွင့်သွား၏။

အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ကလေးမလေးတစ်ယောက်သည် မီးဖိုထဲမှ နို့ဖန်ခွက်တစ်ခွက် ကိုင်၍ ထွက်လာ၏။ ရုတ်တရက်

ပစ်တို့နှစ်ယောက်ကိုမြင်လိုက်သဖြင့် ကလေးမလေးသည် ထိတ်လန့်ပြီး ကိုင်ထားသော နို့ခွက် ကော်ဇော ပေါ်လွတ်ကျသွား၏။ ပက်ထရစ်ရှာသည်

အလန့်တကြားဖြင့်အိပ်ခန်းထဲမှ ပြေးထွက်လာသည်။ တံခါးဝတွင် ဒတ်ပစ်နှင့်အယ်လ်ဂျီယိုဒီနိုကို မြင်လိုက်ရသောအခါ ပက်ထရစ်ရှာသည်

ကျောက်ရုပ်သဖွယ် တောင့် တောင့်ကြီးဖြစ်သွား၏။ ပါးစပ်အဟောင်းသားဖြင့် အာစေးထည့်ထားသလိုဆွံ့အနေ၏။

ပစ်သည် ပက်ထရစ်ရှာ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်စဉ် အယ်လ်က ကလေးမလေးကို ပွေ့ချီရင်း-

"ကိုင်း- အကိုတို့၊ အမတို့၊ အလွမ်းသယ်ဖို့အချိန်မရှိဘူးခင်ဗျ၊ လေယာဉ်အမှီပြေးကြရမယ်" ဟု အရေးကောင်းတုန်း

ဒိန်းဒေါင်းဖျက်လိုက်၏။

"ဘယ်လိုက ဘယ်လို ရှင်တို့ ကိုလူချောကြီးနှစ်ယောက်ရောက်လာကြတာလဲဟင်" နောက်ဆုံးတော့ ပက် ပါးစပ်မှ အသံထွက်လာ၏။

"ကိုလူချောကြီးတို့က မချောတို့ သားအမိကို လာကယ်တာလေ" ပစ်က ပြောပြောဆိုဆို ပက်ကို ဆွဲ၍ အခန်းတွင်းမှ ထွက်မည်ပြု၏။

"ခဏလေး" ပက်သည် ချာကနဲလှည့်၍ အိပ်ခန်းထဲဝင်သွား၏။ စက္ကန့်ပိုင်းအတွင်း လက်ဆွဲအိတ်သေးသေးလေး တစ်လုံးပိုက်၍

ပြန်ထွက်လာ၏။

ဤအချိန်တွင် ဘာကိုမှ လျှို့ဝှက်နေစရာမလိုတော့။ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်ပြေးဖို့သာ ကျန်တော့သည်။

စင်္ကြံတစ်လျှောက် အစွမ်းကုန်ပြေးကြ၏။ အလုပ်လုပ်နေသော အလုပ်သမားများက သူတို့ကို အံ့သြတကြီး ဝိုင်းကြည့်နေကြသော်လည်း မည်သူမှ

မတားကြ။

ဤအဆောက်အဦးမှ ထွက်လိုက်သည်နှင့် သူတို့လူစုကို ကြက်ကလေး၊ ဌက်ကလေးများသဖွယ်ဖမ်းဆီးကြမည့် ဝုဗ်

လက်မရွံ့များအသင့်စောင့်နေမည်မှာ မြေကြီးလက်ခတ်မလွဲ။ သူတို့ကို လှည့်စားကျော်လွှားနိုင်ပြီထားဦး။ မြင်းမိုရ်တောင်လောက်မြင့်သော

သင်္ဘောအောက်ကိုဆင်း၊ သင်္ဘောကျင်းအဆုံးထိသွား၍ နစ်မိုင်ခွဲမျှရှိသော ရေလမ်းခရီးကို ဤအားနွဲ့သူ မိန်းမသားနှစ်ယောက်နှင့်

မည်သို့ဖြတ်ကျော်ရပ့ါ။ သူတို့၏ ယာဉ်ကလေးဆီသို့မရောက်မီ ဟိုက်ပိုသားမီးယားဖြင့် ပက်တို့သားအမိနှစ်ယောက် ကိစ္စချောဖို့လမ်းများသည်။

အနီးဆုံးဓါတ်လှေကားဆီသို့ သူတို့အရောက် စူးရှလှသည့် အန္တရာယ်အချက်ပေးခေါင်းလောင်းသံများ အဆက်မပြတ်

ထွက်ပေါ်လာတော့သည်။

အတ္တလန်တစ် ရှာပုံတော် (၆၃)

ဓါတ်လှေကားသည် သူတို့အထပ်တွင် တံခါးများပွင့်လျက်ရှိ၏။ ကြက်သွေးရောင် ယူနီဖောင်းဝတ် သုံးဦးသည် ရုံးသုံးပရိဘောဂ များကို

အပြင်သို့ 'မ' ရွှေ့နေကြ၏။ သူတို့အုပ်စုသည် ထိုအလုပ်သမားများကို အတင်းအဓမ္မ တိုးဝှေ့၍ အတွင်းသို့ဝင်ကြ၏။ ၁၅ စက္ကန့်အတွင်း

ဓါတ်လှေကားသည် အောက်ဆုံးထပ်သို့ ဆင်းလာခဲ့၏။ခဏတာ အမောဖြေအသက်ရှူခွင့်ရသည့်အချိန်လေးအတွင်း ပစ်သည် မျက်လုံးပြာပြာနှင့်

ချစ်စရာကောင်းလှသည့် ပက်ထရစ်ရှာ၏သမီးလေးကို ပြုံးပြရင်း-

"သမီးက နာမည်ဘယ်လိုခေါ်သလဲကွဲ့"

"မီဂန်ပါရှင့်" ကလေးမလေးက ကြောက်စိတ် လန့်စိတ်ကြောင့် ပြူးကျယ်နေသည့် မျက်ဝန်းလေး ကလယ်ကလယ် ဖြင့်

ပြန်ဖြေရှာသည်။

"အသက်ပြင်းပြင်းလေးရှူပြီး စိတ်ကိုလျှော့ထား သမီး၊ ဦးဦးနာမည်က ဒတ်၊ ဟိုဖက်က ဦးဦးဂျပုက အယ်လ်၊ ဦးတို့က သမီးတို့ သားအမိ

ကိုအိမ်ပြန်ဖို့လာခေါ်ကြတာ။ အိမ်ပြန်ရောက်အောင်ပို့ပေးမယ်၊ စိတ်ချ"

ပစ်၏ တစ်လုံးချင်းပြောလိုက်သော စကားသံများသည် မီဂန်၏ နားထဲသို့ စိမ့်ဝင်သွားသည်။ အကြောက်ကြီးကြောက် နေသော

ကလေးသည် ထိုစကားသံများကြောင့် အနည်းငယ်သက်သာသွားသလိုခံစားလိုက်ရ၏။ မျက်နှာလေးကြည် လင်လာသည်။

ကုန်တင်ကုန်ချလုပ်သည့် မြေညီထပ်တွင် ဓါတ်လှေကားပွင့်သွားပြီ။ ဘယ်သွားရမည်မှန်းမသိကြ။

"ငါတို့လမ်းပျောက်နေပြီထင်တယ်" ပစ်သည် အခြေအနေကိုကြည့်၍ အယ်လ်ကြားလောက်ရုံ ခပ်တိုးတိုးပြော၏။

"အေးကွ၊ လမ်းညွှန်မြေပုံလေးမယူခဲ့မိတာ မှားတာပဲ"

မလှမ်းမကမ်းတွင် ဘက်ထရီကားတစ်စီးရပ်ထား၏။ ပစ်သည် ဘာမှစဉ်းစားချိန်မရ။ ကားပေါ်သို့အားလုံးတက်ခိုင်းပြီး

အမြန်ဆုံးမောင်းထွက်လာခဲ့သည်။

"လွတ်တော့မယ်ဟေ့" ဟုလည်းပါးစပ်က ပြောလိုက်သေးသည်။ တကယ်တမ်းတော့ လွတ်မြောက်ဖို့အခွင့်အလမ်း

အလွန်အင်မတန်နည်းပါးလှမှန်း သူသိပါသည်။ လမ်းကြောင်းရှာကွန်ပျူတာကိုလည်း ကြည့်ရန်အချိန်မရ။ ကံဆိုးကံကောင်း

လျှောက်မောင်းကြည့်ရုံသာရှိတော့သည်။ ရထားသံလမ်းများကို ဖြတ်ကျော်ပြီး လူသွား လမ်းကြီးတစ်ခုပေါ်သို့ကားကို ကွေ့ချလိုက်၏။ ထိုလမ်း၏

အဆုံးတွင်တော့ ပစ္စည်းအတင်အချ လုပ်သည့် လျှောစောက် စက်ခါးပါတ်ရွေ့လျားလမ်း။

ထို စက်ခါးပါတ်ရွေ့လျားလမ်း၏ အဆုံးတွင် ထရပ်ကားများပေါ်မှ အစုလိုက်အပြုံလိုက်ဆင်းလာကြသော လက်နက် ကိုင် လုံခြုံရေးများ၊

သကြားခဲပေါ် အုံနေသော ပုရွက်ဆိတ်အနက်များကဲ့သို့ မည်းမည်းလှုပ်နေ၏။ အနည်းဆုံး လေးရာခန့်ရှိလိမ့်မည်။

"ကိုင်ထားကြဟေ့၊ ကားပြန်ကွေ့မယ်"

ပစ်သည် ဘရိတ်ဆောင့်နင်း၍ ကားကိုဂငယ်ကွေ့ကွေ့ပြီး လာရာလမ်းအတိုင်းပြန်မောင်းလာခဲ့သည်။ ပက်ထရစ်ရှာ သည် သူ့သမီးလေးကို

တင်းကျပ်စွာပွေ့ဖက်ထားရင်း လွတ်မှာမဟုတ်ဘူး ဆိုသည့်စကားကို ဆီမန်းမန်းသလို တတွတ်တွတ်ရွတ်နေသည်။ အယ်လ်ကတော့

လုံခြုံရေးအုပ်စုလိုက်ကြီးကိုနောက်ပြန်လှည့်ကြည့်ရင်း ပုခုံးတွန့်ပြသည်။

ပစ်သည် ဓါတ်လှေကားထဲသို့ ကားကိုပါမောင်းသွင်းလိုက်ပြီး သူတို့လာရာ ခြောက်ထပ်ဆီသို့ တက်သည့်ခလုတ်ကို နှိပ်ချလိုက်သည်။

ကို့တ် ၄၅ ကိုအသင့်ဆွဲထုတ်ထားသည်။ အယ်လ်ကလည်း သူ၏ ပီ-၁၀ ကိုအသင့်အနေအထား ကိုင်ဆောင်ထား၏။

ဓါတ်လှေကားတံခါးပွင့်သွားသောအခါ သူတို့တွေ့ခဲ့သည့် ကြက်သွေးရောင်ယူနီဖောင်းဝတ် အလုပ်သမားသုံးဦးသည် ပစ္စည်းရွှေ့နေဆဲ။

အဝါရောင်ဝတ်စုံဝတ် အလုပ်ကြပ်ဟုထင်ရသူတစ်ဦးက သူတို့ကို အော်ဟစ်ညွှန်ကြားနေသည်။ ပစ်နှင့်အယ်လ်သည် ထိုလူလေးယောက်ကို

သေနတ်များဖြင့်ထိုးချိန်လိုက်ကြ၏။

"ဓါတ်လှေကားထဲဝင်ကြစမ်း" ပစ်က အမိန့်ပေးလိုက်သည်။

သကောင့်သားများက တုပ်တုပ်မျှမလှုပ်၊ အယ်လ်က စပိန်လိုပြောသည့်အခါမှသာ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။ ပစ်တို့နှစ်ယောက်

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ခြောက်မိနစ်ကြာသောအခါ အလုပ်သမားလေးဦးလုံးသည် အတွင်းခံဘောင်းဘီကလေးများနှင့် ကြိုးတုပ်၊ ပါးစပ် ပလာစတာပိတ်ခံရပြီး

ဓါတ်လှေကားကြမ်းပြင်တွင် တုံးလုံးပက်လက် သတိမေ့နေကြသည်။ ကြက်သွေးရောင် အလုပ်သမားဝတ်စုံဝတ်ထားသော

ပစ်သည်ဓါတ်လှေကားကို ထုံးစံအတိုင်းဖျက်ဆီး၍ အပေါ်မရောက် အောက်မ ရောက်လုပ်ပစ်ခဲ့၏။ ပက်ထရစ်ရှာတို့ သားအမိကလည်း

ကြက်သွေးရောင်ဝတ်စုံကိုယ်စီနှင့်။ အယ်လ်ဂျီယိုဒီနို၊ ဒီအကောင်ကတော့ အဝါရောင်အလုပ်သမားခေါင်းဝတ်စုံတဖားဖားနှင့် စတိုင်ထွားနေလေ၏။

ကားပေါ်သို့လည်း တွေ့ကရာ ပစ္စည်းမျိုးစုံသယ်နိုင်သမျှသယ်ခဲ့ကြသည်။ ဖြိုးရဖြန်းရဦးမည်လေ။

ကားကို ပစ်ကမောင်းလာသည်။ လုံခြုံရေးများသည် ရထားသံလမ်းနားအထိရောက်နေကြပြီ။ တစ်ယောက်က သူတို့ ကားကို

လက်ပြ၍တား၏။ ပစ်သည် ကားကို အသာရပ်လိုက်ပြီး ဘာကိစ္စလဲဟူသည့်မျက်နှာပေးဖြင့် ထိုလုံခြုံရေး အစောင့်ကိုကြည့်လိုက်သည်။

ထိုအစောင့်သည် ကြက်သွေးရောင်ဝတ်စုံဝတ် ပစ်ကို စိတ်မဝင်စား။ ပစ်ဘေးမှ အဝါရောင်ဝတ်စုံဝတ် အယ်လ်ကိုသာ အရေးတယူပြု၏။

အဝါရောင်သည် ရာထူးအဆင့်အတန်းမြင့်သည့် သဘောရှိ ၏။

"ဘာတွေဖြစ်နေတာလဲ" အယ်လ်က စပိန်လို ခပ်အေးအေးမေးလိုက်သည်။ ပြောဖန်များသောကြောင့် သူ၏ စပိန်စကားပြောသည်

နေ့ခင်းညချင်း အကြီးအကျယ်တိုးတက်လာ၏။

"လုံခြုံရေးယူနီဖောင်းဝတ်ထားတဲ့ လူစိမ်းနှစ်ယောက် သင်္ဘောပေါ်ကျူးကျော်လာတယ်ကြားလို့ပါ ဆရာ"

"သင်္ဘောပေါ်မရောက်ခင် ခင်ဗျားတို့မတားကြဘူးလား"

"ကျွန်တော်လည်းသေချာမသိဘူးဗျ၊ အစောင့်လေးယောက်ကို သတ်သွားတယ်ကြားတယ်"

ကားနောက်ခန်းမှ ပက်ထရစ်ရှာတို့သားအမိသည် ရင်တထိတ်ထိတ်ဖြစ်နေ၏။ သို့သော်အစောင့်သည် သူတို့ကို

ရှိသည်ဟုပင်မအောက်မေ့ပဲ အယ်လ်နှင့် စကားကောင်းနေ၏။

"ဘုရားရေ၊ လေးယောက်တောင်သတ်သွားတယ်၊ ဟုတ်လား၊ ကျွတ်၊ ကျွတ်၊ အေးဗျာ၊ မြန်မြန်ဖမ်းမိပါစေ"

"အခုသဘောင်ပေါ်မှာရှိတဲ့လူမှန်သမျှ စစ်ဆေးရမယ်လို့အမိန့်ထုတ်ထားတယ်၊ ဆရာတို့ကိုလည်း စစ်ရလိမ့်မယ်"

အယ်လ်သည် နှုတ်ခမ်းများကို အပေါ်စား ရုပ်ရှင်လူကြမ်းများပုံစံ မဲ့ရွဲ့ပြလိုက်ပြီး-

"ကျုပ်ကိုကြည့်စမ်း၊ လူသတ်သမားနဲ့တူသလားလို့"

အစောင့်သည် တခွီးခွီးရယ်ရင်း သူတို့ကို သွားခွင့်ပြုလိုက်သည်။

ပစ်သည် ကားကို အသာအယာမောင်းထွက်လာခဲ့သည်။ အတော်ဝေးဝေးရောက်တော့ ဂလိုဘယ်စတားဖုန်းကို ထုတ်ပြီး

ဆန်ဒက်ကာထံဆက်၏။

"ပြောပါ" ဆန်ဒက်ကာ၏ အသံထွက်ပေါ်လာသည်။

"နာမည်ကျော်ကြား လူကြိုက်များတဲ့ ပီဇာဆိုင်ကပါ ခင်ဗျ။ လူကြီးမင်းတို့ အော်ဒါမှာထားတဲ့ ဆလာမီနဲ့ ပီဇာလာပို့မဲ့ ကလေးကို

လွှတ်လိုက်ပါပြီ"

"အိမ်ကို ဘယ်အချိန်လောက်ရောက်မှာလဲ"

"ကျွန်တော်တို့ ပီဇာတွေအေးမသွားခင်အရောက်ပို့ဖို့တော့ အစွမ်းကုန်ကြိုးစားနေတာပဲခင်ဗျ"

"အေး၊ မြန်မြန်လေးပို့ကွာ၊ ဗိုက်ဆာလှပြီ"

"လမ်းတွေ အရမ်းပိတ်နေတယ်ခင်ဗျ၊ မရောက်ရောက်အောင်တော့ပို့ပေးပါ့မယ်" ပြောပြောဆိုဆို ပစ် ဖုန်းချသွား၏။

ဗိုလ်ချုပ်ကြီးဆန်ဒက်ကာသည် ဖုန်းကိုချလိုက်ပြီး ဗိုလ်ချုပ်ဟိုဇဖဲ ဖက်သို့လှည့်၍-

"ဗိုလ်ချုပ်လည်း အဓိပ္ပါယ်မရှိတဲ့စကားတွေနားထောင်နေရတာ နားငြီးနေလောက်ပြီ" ဟုပြောလိုက်သည်။

ဟိုဇဖဲက ခေါင်းခါပြရင်း-

"ဘယ်ဟုတ်မလဲဗျ၊ စကားဝှက်ဆိုတာ စစ်ပွဲရဲ့အသက်ပဲ၊ ကျွန်တော်နားလည်ပါတယ်" ဟုပြန်ပြောလိုက်၏။

"သူတို့အခြေအနေဘယ်လိုရှိသလဲ" ရွှန်လစ်တယ်လ်၏အမေးကို ဆန်ဒက်ကာက ခေါင်းခါပြရင်း-

"မကောင်းဘူး၊ ဒေါက်တာ အိုကွန်းနဲလ်နဲ့ သူ့သမီးကို ရခဲ့ပြီးပြီ။ ဒါပေမဲ့ ဝုဖ်ရဲ့ လုံခြုံရေးအစောင့်တပ် အင်အားအရမ်း ကောင်းသတဲ့၊

လမ်းပိတ်နေတယ်ဆိုတာက အဲဒါကိုပြောတာ"

ရွှန်လစ်တယ်လ်သည် ဆန်ဒက်ကာကို စေ့စေ့ကြည့်လိုက်ပြီး-

"ဒါဆိုသူတို့ လွတ်မြောက်ဖို့အခွင့်အရေး ဘယ်လောက်ရှိသလဲ" ဟုမေးလိုက်သည်။

ဆန်ဒက်ကာ၏ မျက်နှာသည် အချိန်ပိုင်းလေးအတွင်း ဆယ်နှစ်အိုစာသွားသလိုထင်ရ၏။ သူက မျက်စိမှိတ်ပြီး-

"လွတ်မြောက်ဖို့အခွင့်အလမ်း ဘယ်လောက်ရှိသလဲဆိုတော့ မရှိသလောက်ပဲ" ဟုပြောလိုက်လေတော့သည်။

ရထားသည် ဘူတာမှ ဖြည်းညှင်းစွာထွက်ခွာလာ၏။ တဖြည်းဖြည်းအရှိန်ရလာ၏။ ရထားပေါ်တွင်ထိုင်နေရင်း ပစ်သည်

စိတ်မရှည်နိုင်အောင် ဖြစ်နေသည်။ တစ်နာရီ မိုင် (၃၀) နှုန်း ခုတ်မောင်းနေသော ရထားကို ပို၍မြန်လာအောင် ဆင်းတွန်း ပေးလိုက်ချင်စိတ်များ

ပေါ်ပေါက်နေသည်။ အက္ခရာအစီအစဉ်အတိုင်း တည်ရှိသော ဘူတာတစ်ခုသို့ ရောက်လေတိုင်း ဘယ်အချိန် လုံခြုံရေးများနှင့် တိုးမလဲဟု

အသည်းတယားယား ဖြစ်နေရသည်။ ဒဗလျူဘူတာအထိ အနောက်အယှက် ကင်းနေသည့်အတွက် ပေါ်ပေါက်လာသော သူတို့လေးဦးစလုံး၏

မျက်နှာပေါ်မှအပြုံးပန်းတို့မှာ အိပ်က်စ်ဘူတာအရောက် ပျောက်ဆုံးရတော့သည်။ အိပ်က်စ်ဘူတာတွင် လုံခြုံရေးခြောက်ယောက်သည်

အတွဲငါးတွဲပါသော ပစ်တို့ရထား၏ နောက်ဆုံးတွဲမှတက်လိုက်လာပြီး လူတစ်ယောက်ချင်းစီ၏ ဝန်ထမ်းကဒ်များကို စစ်ဆေးတော့သည်။

အသေအချာကြည့်လိုက်တော့ ဝန်ထမ်းကဒ်သည် လက်ကောက်သဖွယ်ဝတ်ဆင်ထားရခြင်းဖြစ်ကြောင်း ပစ်တွေ့လိုက်ရချိန်မတော့

အရာအားလုံးသည်နောက်ကျသွားခဲ့ချေပြီ။ ဤအခြေအနေတွင် ပစ်တို့လေးယောက်သည် ကြောင်လက်သည်းများကြားတို့ရောက်နေ

သည့်ကြွက်စုတ်ကလေးများသဖွယ် မလှုပ်သာမလှည့်သာ။ ကြက်သွေးရောင်နှင့် အဝါရောင်ယူနီဖောင်းဝတ်တို့ကို အချိန်ယူစစ်ဆေးနေကြောင်း

တွေ့ရသည့်အတွက် သူတို့အခြေအနေက ချောက်ကမ်းပါးစွန်းသို့ရောက်ရှိနေကြပြီ ဖြစ်၏။

"ဟိုကောင်တွေ တဖြည်းဖြည်းနီးလာပြီ" ဂျီယိုဒီနိက သူတို့ရှိနေသော ဒုတိယတွဲထဲသို့ စတင်ဝင်ရောက်လာသည့် လုံခြုံရေးများကို

မသိမသာကြည့်ရင်း လေသံကလေးဖြင့် ပစ်ကိုအသိပေးလိုက်၏။

"တစ်ယောက်ချင်း ရှေ့တွဲကို ကူးမယ်"

ပထမ ဂျီယိုဒီနို၊ ဒုတိယ မီဂန်၊ နောက်တော့ ပက်၊ နောက်ဆုံးမှ ပစ်တို့ ရှေ့တွဲသို့အစဉ်လိုက်ကူးလာကြသည်။

"ဒီတွဲထဲ ဟိုကောင်တွေမရောက်ခင် ရှေ့ဘူတာရောက်ချင်ရောက်မှာပါ။ ဒါပေမဲ့ ဟိုကောင်တွေ အတော်နီးလာပြီ"

"ဘူတာ ရောက်လည်း နောက်ထပ်ကြိုဆိုရေးတွေရှိချင်ရှိနေမှာ"

ပစ်သည် တွဲ၏ ထိပ်ဆုံးရှိ တံခါးပိတ်ထားသော ထိန်းချုပ်ခန်းကိုချောင်းကြည့်လိုက်သည်။ ခလုတ်မျိုးစုံကိုသာတွေ့ရပြီး လူတစ်ယောက်

မှမရှိ။ တကယ့် အော်တိုမက်တစ်အစစ်။ တံခါးကို ဆွဲကြည့်တော့ သော့ခတ်ထားသည်။ ခါးကြားမှ ကို့တ် ပစ္စတိုကိုထုတ်လိုက်ပြီး မှန်တံခါးကို

သေနတ်ဒင်ဖြင့် ဆတ်ကနဲရိုက်လိုက်သည်။ မှန်ကွဲသံကြောင့် တွဲထဲမှခရီးသည်များ၏ အလန့်တကြားအကြည့်များကို လျစ်လျူရှုလိုက်ပြီး

ထိန်းချုပ်ခန်းထဲသို့ လျှောကနဲဝင်လိုက်သည်။ တွဲကြားအဆက်များကို ထိန်းချုပ်ထားသော ခလုတ်များကိုနှိပ်၍ အဆက်များကို ဖြုတ်ပစ်သည်။

ထို့နောက် အမြန်နှုန်း ကိုမြှင့်တင်လိုက်တော့၏။

နောက်တွဲလေးတွဲသည် ပထမတွဲမှပြုတ်ထွက်ပြီးတဖြည်းဖြည်း အလှမ်းကွာလာ၏။ နောက်တွဲများတွင်လည်း

ထိန်းချုပ်ခန်းကိုယ်စီရှိကြသောလည်း ပစ်မြှင့်တင်လိုက်သဖြင့် မြန်နှုန်းမြင့်လာသော ပထမတွဲ၏အမြန်နှုန်းကို လိုက်မမှီ။ ဒုတိယတွဲထဲမှ

လုံခြုံရေးများသည် ငယ်ထိပ်မြွေပေါက်ခံရသလို ပျာယာခတ်၍ ကျန်ရစ်ခဲ့သည်။

နောက်လေးမိနစ်ကြာသော် တစ်တွဲတည်းထင်တိုင်းကြဲနေသော ပစ်တို့ရထားသည် ဝိုင်ဘူတာကိုအရှိန်ပြင်းစွာ

ခုတ်မောင်းဖြတ်ကျော်လိုက်သည်။ ပစ်ထင်သည့်အတိုင်း ဘူတာတွင် အုပ်စုလိုက်စောင့်နေသော လုံခြုံရေးများသည် ရိပ်ကနဲသာ မြင်လိုက်ရသော

ရထားကို ငေးမောကြည့်နေရုံမှတပါးအခြားမရှိ။ ပစ်သည် ထိန်းချုပ်ခန်းမှတဆင့် တွဲထဲ သို့ပြန်လျှောက်လာပြီး ပက်ထရစ်ရှာအနားတွင်

ဝင်ထိုင်လိုက်၏။ အသားတဆတ်ဆတ်တုန်အောင်ကြောက်လန့်နေ သည့် မီဂန်ကိုပြုံးပြလိုက်၏။ ဂျီယိုဒီနီကို ခေါင်းညိတ်ပြလိုက်သည်။

အားလုံးသည် တိတ်ဆိတ်နေ၏။ စိုးထိတ်မှု နှင့် ယုံကြည်ချက်တို့သည် အပြန်အလှန်လွန်ဆွဲနေကြ၏။

မိနစ်ဝက်ခန့်ကြာသော် ပစ်သည်ထိန်းချုပ်ခန်းတွင်းပြန်ဝင်လာခဲ့သည်။ နောက်ဆုံးဘူတာဖြစ်သော ဇက်ဘူတာ သို့ရောက်ခါနီးပြီဖြစ်၏။

ဇက်ဘူတာသည် သဘော်၏ ပဲ့ပိုင်းတွင်ရှိသောကြောင့် ရထားလမ်းများ ကွေ့ဝိုက်သွားသည် ကိုမြင်တွေ့နေရ၏။ လုံခြုံရေးများသည် ဇက်ဘူတာတွင်

လက်နက်အင်အား လူအင်အားအလုံးအရင်းဖြင့် သူတို့ကိုစောင့်ကြိုနေမည်မှာ ဗေဒင်မေးစရာမလိုလောက်အောင်သေချာနေသော ကိစ္စဖြစ်၏။

ပစ်သည် လုပ်စရာရှိသည်များကို အမြန်ဆုံးလုပ်လိုက်ပြီး သူ့လူများဆီပြန်လာခဲ့သည်။

"ငါရထားကို တစ်နာရီဆယ်မိုင်နှုန်းထိ အမြန်နှုန်းလျှော့ခဲ့ပြီးပြီ။ ဘူတာမရောက်ခင်မှာ မြက်ခင်းထူတဲ့နေရာရှိတယ်။ ငါအချက်ပြတာနဲ့

ခုန်ချရမယ်။ ခြေထောက်နဲ့မြေကြီးထိတာနဲ့ ရှေ့ကိုလိမ့်လိုက်ရမယ်။ အားလုံးသဘောပေါက်လား"

ဂျီယိုဒီနိက မီဂန်ကို သိုင်းဖက်လိုက်ပြီး-

"ဦးဦးတို့နှစ်ယောက် တူတူခုန်ကြမယ်နော်။ သမီးက ဦးဦးကိုယ်ပေါ်မှာကပ်ထား၊ သမီး ဆိုဖာပေါ်ထိုင်လိုက်ရသလို ဖိမ်ရှိမှာ။ ဦးဦးမှာ

အဆီတွေအများကြီး" ဟုအားပေးလိုက်၏။ တကယ်တော့ ဂျီယိုဒီနိတစ်ကိုယ်လုံး အဆီပိုဟူ၍ တစ်စက်မှ မရှိ။

ထိန်းချုပ်ခန်းမှ မီးနီကလေးတစ်လုံး ဖျတ်ကနဲ လင်းသွား၏။ ရထားသည် ရုတ်တရက်ချက်ချင်း သိသိသာသာ အရှိန် နေးသွား၏။

"ကဲ၊ အားလုံးထွက်ကြတော့"

ဂျီယိုဒီနိ၊ ပက်နှင့် မီဂန်တို့ ရထားပေါ်မှ ခုန်ချသွားသောအခါ ပစ်သည် ထိန်းချုပ်ခန်းသို့ တဖန်ပြန်ဝင်ပြီး ရထားအရှိန်ကို

တစ်နာရီမိုင်ခြောက်ဆယ်နှုန်းအထိမြှင့်လိုက်သည်။ ထို့နောက် တဖြည်းဖြည်းအရှိန်မြင့်လာသော ရထားပေါ်မှ ခုန်ချ လိုက်တော့သည်။

ရထား၏အရှိန်နှင့် ပစ်၏ ကိုယ်အလေးချိန်တို့ကြောင့် ပစ်ကျလာသောနေရာမှ ဘွန်ဖိုင်းအပင်ပုလေးများမှာ မြေထဲ နစ်ဝင် ကျွံကျသွား၏။

အကျမှ ဒူးခေါင်းထဲက ဆစ်ကနဲ နာကြင်မှုကိုခံစားလိုက်ရ၏။ သို့သော် ငါ့ဒူးကလေး သနားပါတယ်ဟု ဒူးခေါင်းအပေါ် အကြင်နာပွားနေဖို့အချိန်မရှိ။

ဂျီယိုဒီနိုက ပစ်ကို လာထူ၏။ ပက်နှင့် မီဂန်တို့ကို ဘေးမသီရန်မခတွေ့ရသဖြင့် သူစိတ်အေးသွား၏။ ရထားသည် သံလမ်းအကွေ့တစ်လျှောက်

လျှင်မြန်စွာရွေ့လျား၍ သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွား၏။ အခုထက်ထိတော့ ဤနေရာတွင် လုံခြုံရေး တစ်ကောင်တစ်မြီးမှ မတွေ့ရ။

"အခုဘယ်သွားကြမှာလဲဟင်" ပက်က အလောတကြီးမေးလိုက်၏။

"ခုရေလမ်းခရီးကို မော်တော်ဘုတ်စီးပြီးသွားရမယ်"

ဖြေသာဖြေလိုက်ရသည်။ နစ်မိုင်ခန့်ကျယ်သောရေပြင်တွင် မော်တော်ဘုတ်စီးရန်မဆိုထားဘိ၊ ခုရောက်နေသည့် သဘော်ဝမ်းဗိုက်ထဲမှ

ဘယ်လိုထွက်ရမည်ကိုပင် ပစ်မသိသေး။ ပစ်နှင့် ဂျီယိုဒီနိုသည် သေနတ်များကိုယ်စီကိုင်စွဲ၍ ရှေ့မှလျှောက်ခဲ့ကြသည်။ မကြာခင်

ကုန်းပါတ်ပေါ်တက်သော လှေကားကို တွေ့လိုက်ကြရသည်။

ပစ်မျှော်လင့်ထားခဲ့သလိုပင် ဇက်ဘူတာတစ်ဝိုက် ဂိုက်နစ်ရာပါတ်လည်အထိ ဖြန့်ကျက်၍ လုံခြုံရေးများမဲမဲလှုပ် နေအောင်စောင့်နေကြ၏။

တစ်တွဲထဲပါသော ရထားသည် ဇက်ဘူတာကို တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းဖြင့် အရှိန်ပြင်းစွာ ဖြတ်ကျော်သွားသည်ကို တွေ့လိုက်ကြရသည့်

ထိုလုံခြုံရေးများသည် ရထားတွဲထဲတွင် သူတို့သားကောင်များ ရှိဦးမည်အထင်နှင့် ရထားပါဝါလိုင်းများကို လျှပ်စစ်ဓါတ်အား ပို့လွှတ်မှုကို

ဖြတ်တောက်ရန် အလုပ်များနေ၏။ နောက်ခုနစ်မိနစ်အကြာ လုံခြုံရေးများရထားပေါ်ရောက်သွားပြီး သူတို့မှန်းချက်နှင့်

နမ်းထွက်မကိုက်မှန်းသိကြသည့် အချိန်ဝယ် ဒတ်ပစ်တို့လူစုသည် အူးရစ်ဝုဖ်သဘော်ကြီး၏ ဘေးတွင်ကပ်ရပ်ထားသော အလျား ၄၂ ပေရှည်သည့်

ဂရန်းဘန့်ခ် ဖိမ်ခံခရူဇာမော်တော်ဘုတ်ကြီးပေါ်သို့ရောက်နေပြီ ဖြစ်၏။

"ငါတို့ ဒုန်းတွန်းစက်တွေတော့ ထားခဲ့ရတော့မှာပေါ့" အယ်လ်က မချိတင်ကဲပြောလိုက်၏။

"ပက်နဲ့ မီဂန်ကို ရေကူးခိုင်းလို့မဖြစ်ဖူးလေကွာ၊ ခုလောလောဆယ် ဒီနည်းလမ်းကအကောင်းဆုံးပဲ"

"ဒါဆိုလည်း မြန်မြန်ထွက်ကြတာပေါ့"

"သိပ်မလောနဲ့ အယ်လ်၊ သူတို့မရိပ်မိအောင် ဖြည်းဖြည်းထွက်မှဖြစ်မယ်"

ပစ်သည် ဂရန်းဘန့်ခ်အား စက်နှိုးလိုက်၏။ ဖိမ်ခံသဘော်ပီသစွာပင် ဂရန်းဘန့်ခ်သည် ညင်သာစွာစက်နှိုးသွား၏။

အသာအယာမောင်းထွက်လာခဲ့သည်။ အူးရစ်ဝုဖ်သဘော်ရောကြီးက ဂရန်းဘန့်ခ်မော်တော်ဘုတ်အပေါ်တွင်မိုးနေ၏။ သူတို့လွတ်မြောက်ဖို့အတွက်

အူးရစ်ဝုဖ်ကိုတကွေ့တပတ်ကြီးပတ်၍ ရေပြင်ပေါ်ရောက်အောင်မောင်းထွက်ရမည်။ လွယ်သည့်ကိစ္စတော့မဟုတ်။ ခုထိတော့

အဆင်ပြေနေတုန်းရှိသေးသည်။ အော်သံ၊ ဟစ်သံ၊ အချက်ပေး ခေါင်းလောင်းသံများမကြားရ၊ မီးမောင်းများဖြင့်ရေပြင်ကို ထိုးခွဲရှာဖွေခြင်းများလည်း

မတွေ့ရသေး။ ပစ်သည် အမြန်နှုန်းကို ရှစ်နော့ထ်အထိ မြှင့်တင်လိုက်သည်။ ဤအမြန်နှုန်းဖြင့်ဆိုလျှင် အူးရစ်ဝုဖ်သဘော်မဟာကို ကွေ့မောင်းရန်

အချိန် (၁၅) မိနစ်ကြာမည်။

ထို (၁၅) မိနစ်သည် ပစ်တို့အတွက်မူ ၁၅ ကမ္ဘာမျှကြာသည်ဟု ထင်ရ၏။ ခုချိန်တွင် သူတို့အနေဖြင့် အူးရစ်ဝုဖ်ပေါ်မှ လှုပ်ရှားမှုများကို

မျက်တောင်မခတ်တမ်းစောင့်ကြည့်နေယုံသာ တတ်နိုင်၏။ ခုလိုဘေးတိုက်ကြည့်ရချိန်တွင်မှ အူးရစ်ဝုဖ်၏ ပမာဏအံ့မခန်းကြီးမားထည်ဝါပုံသည်

ပို၍ပေါ်လွင်လာ၏။ သူ့ခေတ်သူ့အခါက ထိပ်ထိပ်ကြဲ ကမ္ဘာကျော် သင်္ဘောကြီးများဖြစ်သည့် တိုင်တန်းနစ်၊ လူစီတားနီးယား၊ ကွင်းမေရီ၊

ကွင်းအယ်လစ်စဘက် နှင့်နော်မန်ဒီ သင်္ဘော များအားလုံးကို ဖင်ပြန်ခေါင်းပြန်ဆက်လိုက်လျှင်ပင် အူးရစ်ဝုဖ်ကို မမှီနိုင်သေး။ ကြီးချက်ကတော့

ပက်စက်တယ် ဆိုသည့် အမျိုးအစားထဲကဖြစ်၏။

"ငါတော့ ဗိုက်ဆာပြီ၊ ဟမ်ဘာဂါလေးတစ်လုံးလောက်အုပ်လိုက်ဦးမယ်" အကြောက်ပြေသွားသော အယ်လ်သည် ထုံးစံအတိုင်း

ရှလာ၏။ တကယ်က ဘာမှ စားစရာမရှိ။

"သမီးလဲစားမယ်" အယ်လ်၏ ရှပိုးထိုးမှုကို မသိသော မီဂန်လေးက တကယ်ဟမ်ဘာဂါစားရမည် အထင်ဖြင့်ပြောရှာသည်။ ပက်က

သူ့သမီးလေးကို ပြုံးပြရင်းနှစ်သိမ့်လိုက်သည်။

"မကြာပါဘူးသမီးရယ်၊ ခဏလေးသည်းခံလိုက်နော်၊ နောက်တော့ သမီးကြိုက်တဲ့ ဟမ်ဘာဂါတွေအများကြီး စားရမယ်"

ပစ်က ပက်ထရစ်ရှာကို ကြည့်လိုက်ပြီး-

"ခင်ဗျားတို့ကို သူတို့နှိပ်စက်ကြသေးသလား" ဟုမေးလိုက်သည်။

ပက်က မျက်နှာကို ရှုံ့မဲ့ပြရင်း-

"လူကိုတော့ မနှိပ်စက်ဘူးရှင့်၊ အလုပ်နဲ့နှိပ်စက်တာ၊ တရက်ကိုနာရီနှစ်ဆယ် အလုပ်လုပ်ရတယ်၊ ကျွန်မ ဘာတွေ လုပ်ရတယ်ထင်လဲ"

"နောက်ထပ် အားမီးနီးစ်အခန်းတစ်ခန်းခန်းထဲက လက်ရေးသင်္ကေတတွေ ဘာသာပြန်ရတာမဟုတ်လား"

"အားမီးနီးစ် သင်္ကေတတွေတော့ဟုတ်တယ်။ ကျွန်မတို့တွေ့ခဲ့တဲ့ လျှို့ဝှက်အခန်းတွေထဲက မဟုတ်ဘူး၊ အန္တာတိက မှာသူတို့တွေ့ခဲ့တဲ့

မြို့ပျက်တစ်ခုက ဓါတ်ပုံရိုက်လာတဲ့ သင်္ကေတတွေရှင့်"

"ဘယ်လို- အန္တာတိကမှာတွေ့ခဲ့တဲ့ မြို့ပျက်- ဟုတ်လား ပက်"

"ဟုတ်တယ်။ ရေခဲနေတဲ့ မြို့တော်ကြီးတစ်ခုပဲ"

"ကျွန်တော့်ကို အယ်လ်ဆီဝုဖ်ပြောခဲ့တာတော့ အားမီးနီးစ်လျှို့ဝှက် အခန်းအားလုံးပေါင်း ခြောက်ခန်းရှိတယ်တဲ့"

"ကျွန်မအဲဒါတော့မသိဘူး။ ကျွန်မသိသလောက်တော့ သူတို့အဲဒီမြို့ပျက်ကို တစ်ခုခုတော့ အသုံးချလိမ့်မယ်။

ဘယ်လိုအသုံးချမယ်ဆိုတာတော့ မသိခဲ့ဘူးရှင့်"

"ဘာတွေများထပ်သိခဲ့ရလဲ"

"ကိုလိုရာဒိုနဲ့ စိန့်ပေါလ်ကျွန်းမှာ ကျွန်မဘာသာပြန်ပေးခဲ့တဲ့အကြောင်းတွေကို သူတို့အရမ်းစိတ်ဝင်စားတယ်။ အားမီးနီးစ်တွေ

ဖော်ပြခဲ့တဲ့ ကမ္ဘာပျက်ကပ်ရဲ့ နောက်ဆက်တွဲ အပျက်အစီးများ အကြောင်းကိုလည်း သူတို့ အသေးစိတ် လေ့လာနေကြတယ်"

"ကြည့်ရတာ ကျွန်တော်တို့မသိတဲ့ တစ်ခုခု သူတို့ထပ်တွေ့ထားပုံရတယ်။ ဒါနဲ့ သေတ္တာထဲက ဘာတွေလဲ" ပစ်သည် ပက်ထရစ်ရှာ

ကိုယ်နှင့်မကွာဆောင်ယူလာသော လက်ဆွဲသေတ္တာငယ်လေးကို ကြည့်ပြီးမေးလိုက်သည်။

"အန္တာတိက ရေခဲ မြို့တော်က ဓါတ်ပုံမှတ်တမ်းတွေလေ၊ ကျွန်မအလုပ်လုပ်ဖို့ပေးထားတာ"

"ကမ္ဘာပျက်ကပ်ရဲ့ နောက်ဆက်တွဲ ကိစ္စတွေကို သူတို့လေ့လာနေတယ်လို့ ခင်ဗျားပြောတယ်နော်"

"ဟုတ်တယ်ရှင့်၊ သူတို့အသေးစိတ်ကိုလေ့လာနေကြတာ"

"လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်ကထားခဲ့တဲ့ အားမီးနီးစ်ပောကိန်းကို ဝုဖ်တွေဘာလို့ဒီလောက်ယုံကြည်နေကြတယ် ဆိုတာ

ကျွန်တော်တော့စဉ်းစားလို့မရဘူး"

"ကျွန်မလည်း တူတူပဲ"

ဂရန်းဘန့်ခ် သည် အူးရစ်ဝုဖ်၏ ဦးပိုင်းသို့ရောက်လာပြီ။ ပစ်သည် ဂရန်းဘန့်ခ်ကို အမြန်နှုန်း ရှစ်နော့ထ်ဖြင့် အူးရစ်ဝုဖ် ၏ လုံးဝန်းသော

သဘော်ဦးပိုင်းကြီးကို ကွေ့မောင်းနေ၏။ ဒါကိုကျော်နိုင်လျှင် သူတို့ရေပြင်ကျယ်ကြီးထဲရောက်ပြီ ဖြစ်၏။ ပစ်သည် သူ၏လမ်းကြောင်းပြ

ကွန်ပျူတာငယ်ကလေးကို ကြည့်ရင်းအလုပ်တွေရှုပ်နေ၏။ သူတို့၏ ကောင်းကင်ကား ရှိရာတောင်ကြားသို့ရောက်ဖို့ ဘာအကာအကွယ်မှမရှိသည့်

ရေပြင်ကျယ်ကြီးကို သုံးမိုင်ဖြတ်မောင်း ရမည်။ ရှာဖွေရေးမီးမောင်းများ၊ အော်တိုမက်တစ် စက်သေနတ်များကို ခုခံကာကွယ်ဖို့ သူတို့မှာရှိသည်က

ပစ္စတို နှစ်လက်သာ။ ခုလောက်ဆိုလျှင် ဖိမ်ခံ ကရူဇာ ပါဝါဘုတ်ကြီးတစ်စီးပျောက်ဆုံးနေသည်ကို ရေပြင်ရှိ အစောင့်များထံ

အကြောင်းကြားပြီးလောက်ပြီ။ သူတို့မျှော်လင့်နိုင်သည်ကတော့ ကင်းလှည့်မော်တော်ဘုတ်များ ထက်အရင် တောင်ကြားသို့

ရောက်ရှိနိုင်မည့်အခွင့်အလမ်း၊ တကယ်တော့လည်း ထိုအခွင့်အလမ်းက ညအိပ်မီးလုံးကလေးထက် ပင်မှိန်ပျပါသေး၏။

++++++++++++++++++

အခုပင် သူတို့နောက်မှ မော်တော်ဘုတ်တစ်စီး တရကြမ်းလိုက်နေပြီ ဖြစ်၏။

+++++++++++++++++++

"အယ်လ်"

"ဘာတုန်း"

"ပုလင်းအလွတ်တွေလိုက်ရှာ၊ မီးလောင်နိုင်တဲ့ ပစ္စည်းတွေလည်းရှာထား၊ မီးလောင်ပုံးတွေ လုပ်ထားရမယ်"

အယ်လ့်မျက်နှာကြီး ပြုံးလာသည်။ ပစ်ကတော့ ကျောက်ဆောင်ကို ကြက်ဥနှင့်ပေါက်ရန် ကြံနေပေပြီ။

"အေးပါ၊ ငါလုပ်ထားလိုက်မယ်" အယ်လ်သည် အင်ဂျင်ခန်းထဲဆင်းသွား၏။

ကင်းလှည့် မော်တော်ဘုတ်သည် ဂရန်းဘန့်ခ်လောက် မကြီးသော်လည်း ပိုမြန်သဖြင့် ပစ်တို့၏ ဂရန်းဘန့်ခ်ကို တခဏ

အတွင်းမှီလာသည်။ ပစ်သည် နောက်မှလိုက်လာသော မော်တော်ဘုတ်ကို အသေအချာကြည့်လိုက်၏။ လုံခြုံရေး နှစ်ယောက်သာ တွေ့ရ၏။

တစ်ယောက်က အော်တိုမက်တစ်ရိုင်ဖယ်ကို အသင့်အနေအထားကိုင်ဆောင်ထားပြီး ကျန်တစ်ယောက်ကမော်တော်ဘုတ်မောင်းလာသည်။

ဂရန်းဘန့်ခ်၏ ရေဒီယိုဆက်သွယ်ရေးစက်မှလည်း စပိန်စကားသံများထွက်လာ၏။ နောက်မှလိုက်လာသော မော်တော်ဘုတ်မှ သူတို့ကို

ဆက်သွယ်ခြင်းဖြစ်သည်။ ပစ်သည် မိုက်ခရိုဖုန်းကို ကိုင်၍-

"ကျုပ်စပိန်စကား မပြောတတ်ဘူး" ဟု စပိန်လိုပြောလိုက်သည်။ စပိန်လို သူသိသည်မှာ ဤတစ်လုံးသာ။

တစ်ဖက်မှ ဘာမှန်းမသိ ကုန်းအော်နေ၏။

ပက်နှင့် မီဂန်ကို သဘော်ဝမ်းထဲဝင်နေရန် ညွှန်ကြားလိုက်ပြီး ပစ်သည်အရှိန်ကိုလျှော့ချလိုက်သည်။ ကို့တ်ပစ္စတို ကို

ခါးကြားတွင်ထိုးလိုက်၏။ ကင်းလှည့်မော်တော်သည် ဂရန်းဘန့်ခ်နှင့် အလွန်နီးကပ်လာခဲ့ပြီ။ ရိုင်ဖယ်ကိုင်ထားသော အစောင့်သည် ဂရန်းဘန့်ခ်ပေါ်

ခုန်တက်ရန် ဟန်တပြင်ပြင်။

ပစ်သည် စိတ်ရှည်လက်ရှည်စောင့်နေလိုက်သည်။

အစောင့်သည် ဂရန်းဘန့်ခ်ပေါ်ခုန်တက်လိုက်သောအခါ ပစ်သည် အရှိန်နှုန်းမြှင့်ကီရိယာကို ဆတ်ကနဲဆွဲတင်လိုက်၏။

ရုတ်တရက်အရှိန်မြင့်သွားသော ဂရန်းဘန့်ခ်ကြောင့် ခုန်တက်လာသောအစောင့်သည် ဟန်ချက်ပျက်သွားပြီး ကုန်းပါတ်ပေါ် ခြေကားယား၊

လက်ကားယားလဲပြိုကျလာ၏။ အကျတွင် ခေါင်းနှင့် ကုန်းပါတ်ဆောင့်မိပြီး ငြိမ်ကျ သွား၏။

ပစ်သည် ဖိနပ်ဖြင့် အစောင့်၏ လည်မျိုကိုနင်းထားပြီး အမ်-၁၇ ရိုင်ဖယ်ကိုလှမ်းကောက်လိုက်သည်။ ပြီးတော့ ကင်းလှည့်

မော်တော်ဘုတ်ပေါ်က တစ်ယောက်ကို အမ်-၁၇ ဖြင့် ပစ်ထည့်လိုက်သည်။

ပစ်၏ လှုပ်ရှားမှုကို တွေ့လိုက်ရသည့် ကင်းလှည့်မော်တော်ဘုတ်ပေါ်မှ အစောင့်သည် ဒူးထောက်ချလိုက်သဖြင့် မထိလိုက်။ မထင်မှတ်ပဲ

သေနတ်ဖြင့်ပစ်ခံလိုက်ရသောအစောင့်သည် ကင်းလှည့်မော်တော်ကို ကြောက်အားလန့်အားဖြင့် ဂရန်းဘန့်ခ်ဘေးမှခွာပြီး

အတင်းမောင်းပြေးသွားတော့သည်။

မကြာမီ အားလုံးသိကုန်ကြတော့မည်။ အချိန်ဆွဲနေ၍မဖြစ်။

ဒတ်ပစ်သည် ဂရန်းဘန့်ခ်ကို အမြန်ဆုံးနှုန်းဖြင့် စက်ကုန်ဖွင့်၍မောင်းတော့သည်။ ဂရန်းဘန့်ခ်သည် ရေပြင်ကိုထိုးခွဲ၍

တဝေါဝေါအသံမြည်ရင်း အစွမ်းကုန် ပြေးရှာသည်။

သို့သော်လည်း အလု၊ အရှစီး ခရူဇာဖိမ်ခံဘုတ်ဖြစ်သည့်အားလျော်စွာ
ကင်းလှည့်မော်တော်ဘုတ်များ၏ အမြန်နှုန်းကို မမီ။ ထို့ကြောင့်ပင်

များမကြာမီအချိန်အတွင်း ကင်းလှည့်မော်တော်တစ်စီးမှ ရှာဖွေရေးမီးမောင်းသည်
ဂရန်းဘန့်ခ်ဆီသို့ဦးတည်လာသည်ကို

သူတွေ့လိုက်ရတော့သည်။

ထွက်ပြေးလွတ်မြောက်သွားသော ကင်းလှည့်မော်တော်မှ ရေဒီယိုအချက်ပြ ဆက်သွယ်မှုကြောင့်
ခုအခါ ဒတ်ပစ်တို့ ဂရန်းဘန့်ခ်နောက်သို့

မီးမောင်းထိုး၍ ကင်းလှည့် မော်တော်ဘုတ်တစ်စီး ထပ်ချပ်မကွာ လိုက်လာသည်။ သို့သော် ခုထိ
သူတို့နှင့် မိုင်ဝက်ခန့် ကွာဝေးနေသေးသည်။

ဘယ်အချိန် ထိပ်တိုက်တွေ့ဆုံမည်ဆိုသည်ကတော့ အတိအကျ မခန့်မှန်းနိုင်သေး။
သေချာတာတစ်ခုကတော့ တောင်ကြားသို့ မရောက်မီပင်

တစ်ပွဲတစ်လမ်း အကဲစမ်းရဖွယ်ရှိသည်။ နောက်ထပ် ခြောက်မိနစ်၊ ခုနစ်မိနစ်ခန့်အတွင်း သေခြင်းနှင့်
ရှင်ခြင်းကို ဆုံးဖြတ်ပေးတော့မည်။

သူတို့သည် ဘယ်နေရာမှ ရှောင်ပုန်းဖွယ်နေရာမရှိသော ရေပြင်ကျယ်ကြီးထဲရောက်နေပြီ။
ကင်းလှည့်မော်တော်သည် ဂရန်းဘန့်ခ်နှင့်

ကိုက်တစ်ရာခန့်သာ ကွာဝေးတော့သည်။ လုံခြုံရေးအစောင့်များသည် မော်တော်တွင်
တပ်ဆင်ထားသော ဘုရ်ုမာစတာ စက်သေနတ်ကြီးနှင့်

ရိုင်ဖယ်သေနတ်များကို တကိုင်ကိုင်၊ တဆဆ လုပ်နေကြသော်လည်း ခုထိ ဂရန်းဘန့်ခ်၏
ကုန်းပါတ်ပေါ်တွင် အစန့်သား မေ့မြောတော်မူနေသော

သူတို့၏ ပါတနာကို ထိမှန်မိစိုး၍ ပစ်ခတ်ခြင်းမပြုကြသေး။

အယ်လ်သည် ပုလင်းလေးလုံးကို ပွေ့ပိုက်၍ ပစ်ရှိရာ ကေဗင်ထဲဝင်လာ၏။ နဖူးတွင်
သွေးခြည်ဥနေသော ပွန်းရာကြီး ကထင်းနေ၏။

"ဟော့-ဘာဖြစ်လာတာလဲ"

"ခွေးသူခိုးတစ်ကောင်က မော်တော်ကို ရုတ်တရက်အရှိန်မြှင့်လိုက်တော့ ငါလဲကျသွားပြီး သံပိုက်လုံးနဲ့ ဆောင့်မိတာ ဟော့" အယ်လ်က

ပစ်ကို မကျေမနပ်ဖြင့်ပြောလိုက်၏။ ပြောရင်းဖြင့် အယ်လ်သည် ကုန်းပါတ်ကြမ်းပြင်တွင် သတိမေ့ လဲကျနေသော အစောင့်ကို မြင်သွားသဖြင့်-

"အဲ၊အဲ၊ ငါပြောတာမှားသွားသကွ၊ ဧည့်သည်ရောက်နေတာကိုး"

"အေး၊ ရောက်ရောက်ချင်း အဲဒီပုံစံဖြစ်သွားတော့တာပဲ"

အယ်လ်သည် အလွန်လျှင်မြန်စွာ နီးကပ်လာသော ကင်းလှည့်မော်တော်ကို ကြည့်ရင်း-

"နောက်ထပ်ဧည့်သည်တွေ အများကြီးလာကြဦးမဲ့ပုံပဲကွ၊ တို့ကို ဆော်ပလော်တီးတော့မယ်ထင်တယ်"

"အဲသလိုတော့ ဟုတ်ပုံမရဘူး။ တို့ဆီမှာ ပက်ထရစ်ရှာတို့သားအမိပါနေတော့ သူတို့ လုပ်ချင်တိုင်းလုပ်လို့ မရဘူး ဖြစ်နေတယ်။ ပက်ရဲ့

ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကို သူတို့လိုနေသေးတာကိုး။ မင်းနဲ့ငါ နှစ်ယောက်ထဲဆိုရင် တော့ ကျိန်းသေပေါက် ဆော်ပလော်တီးကြမှာပဲ။

ဒီတော့ သူတို့မတီးခင် ငါတို့အရင်တီးကြစို့"

အယ်လ်က သူ့လက်ထဲမှ လက်လုပ်မီးလောင်ဗုံးများကို ပြရင်း-

"ဒါနဲ့တီးရမှာလား" ဟု မချိမချဉ် မျက်နှာပေးဖြင့်ပေးလိုက်သည်။

"အေးပေ့ါကွ၊ ခဏတော့စောင့်ဦး၊ ဝေးသေးတယ်၊ အခုလောလောဆယ် မင်းကိုသူတို့ မမြင်အောင် ပုန်းနေ၊ မင်းသေနတ်ငါ့ပေးခဲ့"

အယ်လ်သည် သူ၏ ပီ-၁၀ သေနတ်ကို ပစ်ကို ကမ်းပေး၍ ချက်ချင်းမြင်ကွင်းမှ ပျောက်ကွယ်သွား၏။

ပစ်သည် ဂရန်းဘန့်ခ်ကို စက်ကုန်ဖွင့်၍မောင်းနေသည်။ ကင်းလှည့်မော်တော်သည် ပို၍မြန်သောအရှိန်ဖြင့် ဂရန်းဘန့်ခ်နားသို့

စိတ်အေးလက်အေး ချဉ်းကပ်လာသည်။ ကင်းလှည့်အဖွဲ့ခေါင်းဆောင်သည် ဂရန်းဘန့်ခ်ပေါ်တွင် မောင်းသူတစ်ယောက်သာ တွေ့ရသည့် အတွက်

ခေတ်မီ လက်နက်ကိရိယာများ ခြေဆုံးခေါင်းဖျား တပ်ဆင်ထားသော သူတို့မော်တော်ကို ဘယ်လိုနည်းနှင့်မှ တိုက်ခိုက်ခြင်းငှာမစွမ်းသာဟု

တစ်ထစ်ချကောက်ချက်ချ၍ စိတ်အေးလက်အေးရှိနေခဲ့၏။

သုံးဆယ့်ရှစ်ပေရှည်သော ကင်းလှည့်မော်တော်သည် ဂရန်းဘန့်ခ်နှင့်ဘေးတိုက်အနေအထား ပေနှစ်ဆယ်အကွာသို့

ရောက်၍လာခဲ့သည်။ ဂရန်းဘန့်ခ်ဆီသို့ ဝင်းကနဲဖြာကျလာသော မီးမောင်း၏အလင်းရောင်ကြောင့် ပစ်သည် မျက်လုံး များကို မှေးစင်း၍

ကင်းလှည့်မော်တော်ကို အကဲခတ်လိုက်သည်။ စက်သေနတ်ကြီးကို အသင့်အနေအထားဖြင့် သူ့တည့်တည့် ချိန်ရွယ်ထားသည်ကိုလည်းကောင်း၊

ရိုင်ဖယ်များဖြင့် ချိန်ရွယ်ထားသော အစောင့်သုံးဦးကို လည်းကောင်းတွေ့ရသည်။ ပစ်သည် အယ်လ်ဘယ်နေရာမှာရှိသည်ကို မသိ၊ သို့သော်

မီးလောင်ဗုံးပစ်လွှတ်ရန် အသင့်အနေအထားဖြင့်စောင့်နေမည်ကတော့ သေချာ၏။ ကင်းလှည့်အဖွဲ့ခေါင်းဆောင်သည် အသံချဲ့စက် အော်လံ

ကလေးကို သူ့ပါးစပ်တွင်တေ့လိုက်ပြီး "ရပ်လိုက်" ဟု စပိန်လိုပြောလိုက်သည်။

ပစ်နားလည်၏။ ထိုသို့နားလည်ကြောင်းကို လက်ဝှေ့ယမ်း၍ပြသလိုက်၏။ ခုဆိုလျှင်တောင်ကြားသည် မိုင်ဝက်ခန့်သာ

ကွာဝေးတော့သည်။ နောက် ငါးမိနစ်၊ ခြောက်မိနစ်ခန့်ဆိုလျှင် နောက်ထပ် ကင်းလှည့်မော်တော်တစ်စီး ထပ်ရောက်လာစရာအကြောင်းရှိ၏။

သူ့ခါးကြားတွင် ကို့တ် ၄၅ နှင့် ပီ-၁၀ ပစ္စတိုနှစ်လက်က လုံခြုံရေးခလုတ်များ ဖွင့်ထားပြီး ပစ်ခတ်ရန် အသင့်အနေအထားဖြင့် ထိုးထား၏။ ပစ်သည်

ဂရန်းဘန့်ခ်၏ အရှိန်ကို လျှော့ချလိုက်ပြီး ထိန်းချုပ်ခန်းကေဗင်ထဲမှ လက်နှစ်ဖက်ကို မြှောက်ပြီးထွက်လာခဲ့သည်။

"မင်းတို့ ဘာလုပ်စေချင်သလဲ"

စပိန်လို ဒုက္ခခံ၍စဉ်းစားမနေတော့၊ အင်္ဂလိပ်လိုပင် အော်ပြောလိုက်၏။

တစ်ဖက်မှလည်း အင်္ဂလိပ်လိုပင် ပြန်ပြော၏။

"မခုခံပါနဲ့၊ အညှံ့ခံပါ၊ ကျုပ်တို့လူတွေ ခုပဲတက်လာခဲ့မယ်"

"ငါက ဘယ်လိုလုပ်ခုခံမလဲ။ မင်းတို့မှာ စက်သေနတ်တွေနဲ့ပဲ"

"ကျန်တဲ့လူတွေကို ကုန်းပါတ်ပေါ်တက်လာခိုင်းလိုက်ပါ"

"သူတို့က မင်းတို့သေနတ်နဲ့ စွတ်ပစ်မှာကို ကြောက်နေကြတယ်"

"တက်သာလာခိုင်းပါ၊ ကျုပ်တို့ဘယ်သူ့ကိုမှ မပစ်ပါဘူး"

"အေး၊ ဒါဆိုလည်း မီးမောင်းကြီးကို ပိတ်လိုက်ပါ၊ အမျိုးသမီးတွေအရမ်းကြောက်နေတယ်"

"ကောင်းပြီ။ ခင်ဗျားအဲဒီနေရာမှာပဲ ရပ်နေပါ၊ မလှုပ်ပါနဲ့"

ကင်းလှည့်မော်တော်သည် စက်ရှိန်ကိုလျှော့ချလိုက်၏။ ရိုင်ဖယ်ဖြင့်ချိန်ထားသော အစောင့်သုံးယောက်သည် ရိုင်ဖယ်များကို

အောက်ချလိုက်ပြီး စက်သေနတ်ကြီးကိုင်ထားသူကလည်း စီးကရက်တစ်လိပ်ကိုမီးညှိလိုက်သည်။ ပစ်တို့သည် ခုခံနိုင်စွမ်းလုံးဝမရှိဟု

သူတို့ယုံကြည်သွားပြီး စိတ်အေးလက်အေးဖြစ်သွားသည့်သဘောဖြစ်၏။ ပစ်စောင့်မျှော်နေသည်မှာ အခုက္ကအချိန် အခိုက်အတန့်ကလေးပင်။

မျက်စိတစ်မှိတ် လျှက်တပြက်အတွင်း ဒတ်ပစ်သည် ခါးကြားမှ ပစ္စတိုနှစ်လက်ကိုဆွဲထုတ်လိုက်ပြီး ဆင့်ကာဆင့်ကာ

မောင်းဖြုတ်ချလိုက်သည်။ ညာဖက်လက်သည် စက်သေနတ်ကြီးနောက်မှ အစောင့်ကိုချိန်ရွယ်၍ ဘယ်ဖက်လက်သည် ခုထိရိုင်ဖယ်ကို

အသင့်အနေအထားဖြင့် ကိုင်ဆောင်ထားသောအစောင့်ကို ချိန်ရွယ်၍ပစ်ခတ်လိုက်သည်။ (၁၅)ပေအကွာအဝေးမှ အနီးကပ်

တွေ့ပစ်ရခြင်းဖြစ်သဖြင့် ထိချက်ကကောင်းလှသည်။ နှစ်ယောက်လုံး ခွေကနဲ လဲကျသွား၏။

ပစ်လှုပ်ရှားလိုက်သည်နှင့် တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ကင်းလှည့်မော်တော်၏ နေရာအနှံ့အပြားသို့ မီးလောင်ဗုံးလေးလုံး

ကျရောက်၍ ဝုန်းကနဲပေါက်ကွဲလေတော့ရာ ကင်းလှည့်မော်တော်မှာ အာခံတွင်းမှဝင်းဝင်းတောက်လျှက် နဂါးစက်ဆိုသလို

မီးတောက်မီးလျှံများဖုံးလွှမ်းသွားတော့၏။ အဖြစ်အပျက်များက ဇယ်ဆက်သလို မြန်ဆန်လွန်းသဖြင့် ကင်းလှည့်မော်တော်သည် အရှူးမီးဝိုင်းသလို

ရေထဲတွင် ချာချာလည်နေတော့သည်။

ဒတ်ပစ်သည် ဂရန်းဘန့်ခ်၏ အရှိန်ကိုအမြင့်ဆုံး၊ ဂိတ်ဆုံးတင်၍ တောင်ကြားသို့ဦးတည်လိုက်သည်။ ထိုအချိန်မှာပင်

ကင်းလှည့်မော်တော်သည် ဆီလှောင်ကန် ပေါက်ကွဲ၍ နစ်မြုပ်သွားတော့သည်။

အတ္တလန်တစ် ရှာပုံတော် (၆၇)

အယ်လ်သည် ကေဗင်ခန်းထဲသို့ရောက်လာပြီး နစ်မြုပ်သွားသော ကင်းလှည့်မော်တော်ကို သမင်လည်ပြန်လှည့်ကြည့်နေ၏။ မကြာမီ

သူ့မျက်လုံးများပြူးထွက်လာသည်။ ဒုတိယ ကင်းလှည့်မော်တော်တစ်စီးက မီးထိုးကာသူတို့နောက်မှ လိုက်လာပြန်ချေပြီ။

"ဟိုကောင်တွေလိုက်လာပြန်ပြီကွ"

"ဒီကောင်တွေကိုတော့ ပထမကောင်တွေလို အလစ်အငိုက်ဖမ်းလို့ရမှာ မဟုတ်တော့ဘူး။ သေနတ်နဲ့ ပစ်လို့ရတဲ့

အကွာအဝေးရောက်တာနဲ့ ငါတို့အင်ဂျင်ကို သေနတ်နဲ့ ဝိုင်းပစ်ကြတော့မှာ၊ ပက်နဲ့ မီဂန်ကို အပေါ်ခေါ်ထားလိုက်"

ပစ်သည် သူ၏လမ်းကြောင်းရှာကွန်ပျူတာကို စူးစိုက်ကြည့်ရင်း ဂရန်းဘန့်ခ်ကို အနောက်တောင်ဖက် ငါးဒီဂရီ

လမ်းကြောင်းပြောင်းလိုက်သည်။ တောင်ကြားသို့ရောက်ရန် ကိုက်လေးရာလိုသေးသည်။

အယ်လ်၊ ပက်နှင့် မီဂန်တို့ ကေဗင်ထဲသို့ရောက်လာကြသည်။

"သေချာကိုင်ထားကြဟေ့"

ပစ်၏ စကားကိုကြားလိုက်ရသော အယ်လ်က မျက်လုံးပြူးသွားပြီး-

"မင်း ဒီအရှိန်နဲ့ကမ်းကပ်မှာလား" ဟုမေးလိုက်သည်။

"ဒါပဲလုပ်စရာရှိတော့တယ်"

ဒုတိယ ကင်းလှည့်ယာဉ်သည် ဂရန်းဘန့်ခ်နောက်မှ တည့်တည့်ကြီးလိုက်လာပြီဖြစ်၏။ အကွာအဝေးက တဖြည်းဖြည်း နီးကပ်လာခဲ့ပြီ။

ကင်းလှည့်မော်တော်ပေါ်မှ လူများသည် တောင်ကြားကမ်းခြေကို အရှိန်မလျှော့ပဲ တက်မည့်ပစ်၏ အကြံကိုရိပ်မိဟန်ဖြင့် ဂရန်းဘန့်ခ်၏

ရှေ့မှပန်းတက်၍ တားဆီးရန် အရှိန်ကိုထပ်မံမြှင့်တင်လိုက်သည်။

ပစ်သည် ဘရိတ်ကို ရုတ်တရက်ဆောင့်ဆွဲလိုက်ပြီး ဂရန်းဘန့်ခ်ကို ဘက်ဂီယာပြောင်း၍ အရှိန်မြှင့်လိုက်သည်။ ကင်းလှည့်မော်တော်သည်

အရှိန်မထိန်းနိုင်ပဲ ရှေ့သို့ အတော်များများလွန်ထွက်သွား၏။ ခုတော့ ပြေးသူနှင့်လိုက်သူ ပြောင်းပြန်အနေအထားဖြစ်သွားချေပြီ။

"ကဲ၊ အားလုံးကြမ်းပြင်မှာမှောက်နေကြ၊ အကာအကွယ်ယူကြဟေ့"

ဒုတိယ ကင်းလှည့်မော်တော်သည် အရှိန်လွန်သွားမှန်းသိလျှင်သိခြင်း ဆောင့်ရပ်လိုက်ရာ ရေပေါ်တွင်လည်ထွက်သွား ပြီး ဂရန်းဘန့်ခ်၏

ပြေးလမ်းကြောင်းတွင် ကန့်လန့်ကြီးခံနေ၏။ မော်တော်နစ်စီးသည် အင်္ဂလိပ်အက္ခရာ တီပုံသဏ္ဍာန် အနေအထားဖြစ်နေ၏။ ကင်းလှည့်မော်တော်၏

တာဝန်ခံသည် ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကြောင်း ပစ်မိန့်ပေးလိုက်၏။ စက်သေနတ်ကြီး ဂရန်းဘန့်ခ်ကို ဦးတည်နေချိန်တွင်

ကင်းလှည့်မော်တော်ထက် တစ်ဆခွဲခန့် ပိုမိုကြီးမားသော ဂရန်းဘန့်ခ်ရှုဗာသည် မိုင်ကုန်ဖွင့်၍ မော်တော်တည့်တည့်သို့ ဦးတည်ပြေးလာပြီဖြစ်၏။

ကိုးမီလီမီတာ စက်သေနတ်မှ ကျည်ဆန်များသည် တစ်မိနစ် ၃၄၀၀ နှုန်းဖြင့်ပြေးထွက်သွားပြီး ဂရန်းဘန့်ခ်၏ နေရာ အနှံ့အပြားသို့

မိုးသီးမိုးပေါက်များပမာ တဖြောဖြောကျရောက်ထိုးခွဲလျှက်ရှိသည်။ သို့သော်အလွန့်အလွန် နောက်ကျသွားခဲ့ပြီဖြစ်၏။ ဂရန်းဘန့်ခ်၏

ကြီးမားလှသော ကိုယ်ထည်ကြီးသည် ကင်းလှည့်မော်တော်ကို ခါးမှ ဖြတ်တိုက် လိုက်ချေပြီ။

မော်တော်သည် ထက်ပိုင်းကျိုးပြီး ချာချာလည်ကျန်ခဲ့သည်။

ပစ်တို့လေးဦးရှိသော ကေဗင်ခန်းထဲတွင်လည်း မှန်ကွဲစများ၊ အပျက်အစီးများဖြင့် မွစာကြဲနေ၏။

"အယ်လ်၊ တို့မော်တော်အခြေအနေဘယ်လိုရှိလဲ သွားကြည့်စမ်း"

အယ်လ်သည် လှစ်ကနဲ အပြင်ထွက်သွားပြီး စက္ကန့်ပိုင်းအတွင်းပြန်ရောက်လာသည်။

"ရေဝင်နေပြီ၊ နောက်ငါးမိနစ်အတွင်း မြုပ်မယ်" ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

ယခု တောင်ကြားနှင့် ကိုက်ငါးဆယ်သာဝေးတော့သည်။ သို့သော် ကင်းလှည့်မော်တော်ကို တိုက်ခွဲခဲ့သော ဂရန်းဘန့်ခ်၏ ဦးပိုင်းသည်

ဆိုးဆိုးဝါးဝါး ပျက်စီး၍ ရေများအဆမတန်ဝင်နေပြီဖြစ်သောကြောင့် ဤအတိုင်းသာဆိုလျှင် ကမ်းခြေသို့မရောက်နိုင်တော့။

ပစ်သည် ဂရန်းဘန့်ခ်ကို တစ်ပါတ်လှည့်လိုက်သည်။ ပဲ့ပိုင်းကရှေ့၊ ဦးပိုင်းကနောက်ဖြစ်သွား၏။ ထို့နောက် ဘက်ဂီယာထိုး၍

စက်ကုန်ဖွင့်မောင်း၏။ နောက်ပြန်ကြီးမောင်းသောကြောင့် ရေဝင်သက်သာသွား၏။ တောင်ကြားသည် တဖြည်းဖြည်းနီးကပ်လာပြီ။

အယ်လ်သည် ပက်တို့သားအမိကို လက်ဆွဲ၍ကေဗင်ထဲမှထွက်လိုက်သည်။ ပြီးတော့ သုံးဦးစလုံးဒူးထောက် ထိုင်ချလိုက်ပြီး

သူ့လက်နှစ်ဖက်က ပက်နှင့်မီဂန်တို့၏ ခါးများကိုတင်းတင်းဖက်ထားလိုက်၏။ ဂရန်းဘန့်ခ်သည်ခုထိ အရှိန်ဖြင့်သွားဆဲဖြစ်သော်လည်း

ရေထဲသို့တဖြည်းဖြည်းမြုပ်လာပြီဖြစ်၏။ တောင်ကြားသည် အလွန်နီးကပ်လာခဲ့ပြီ ဖြစ်သည်။ တောင်ကြားရှိကမ်းခြေမှ ကျောက်ဆောင်များကို

ရိုက်ခတ်၍ ဖြစ်ပေါ်လာသော နှစ်ပေခန့်မြင့်သည့် လှိုင်း ခေါင်းဖြူများကိုပင် မြင်တွေ့နေရပြီ။

ရုတ်တရက် သင်္ဘောဝမ်းဗိုက်မှ အသံကျယ်ကြီးတစ်ခုထွက်လာ၏။ ကမ်းခြေရှိကျောက်စွန်းသည် သင်္ဘောဝမ်းကိုထိုးခွဲရာမှ

ထွက်ပေါ်လာသောအသံဖြစ်သည်။ ပစ်သည် အင်ဂျင်စက်ကိုရပ်လိုက်၏။ ဂရန်းဘန့်ခ်သည် အရှိန်ဖြင့်ရှေ့သို့ ပေပေါင်းများစွာရွေ့သွားပြီး

ကမ်းခြေနှင့် ဆယ်ပေအကွာတွင် ထိုးရပ်သွားတော့သည်။

"ဆင်းကြမယ်ဟေ့"

ပစ်သည် ပြောပြောဆိုဆို မီဂန်ကို ပွေ့ချီလိုက်ပြီး-

"သမီးအတွက် ကမ်းကပ်ဖို့ တံတားလေးဘာလေး မခင်းပေးနိုင်ဘူးကွဲ့၊ ဦးတို့အတူရေကူးကြစို့" ဟုပြောလိုက်သည်။

အတ္တလန်တစ် ရှာပုံတော် (၆၈)

ဆန်ဒက်ကာနှင့် ရှန်လစ်တဲလ်တို့အဖို့ ပစ်နှင့် အယ်လ်ထံမှ သတင်းစကားကို စောင့်ဆိုင်းရချိန်သည် အသင်္ချေ အနန္တ ကြာမြင့်လှသည်။

ဆန်ဒက်ကာသည် သူ၏ ရွှေလိုဥထားသော ဆေးပြင်းလိပ်ကြီးများကို အနမြောမရှိ၊ တစ်လိပ်ပြီး တစ်လိပ်ဖွာနေ၏။

လွန်ခဲ့သည့် (၅၆) နှစ်အတွင်းမည်သူတစ်ဦးတစ်ယောက်မှ သိခွင့်မရခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်း တစ်ပုဒ်ကိုဗိုလ်ချုပ်ဟိုဇဖဲထံမှ

ခုလေးတင်ကြားခဲ့ရသောသူတို့နှစ်ယောက်သည် မရိုးမရွဖြစ်နေကြ၏။

"ခုဗိုလ်ချုပ်ပြောသလိုဆိုရင် စစ်မဖြစ်ခင် နှစ်ပေါင်းများစွာကတည်းက နာဇီတွေဟာ အန္တာတိက ကိုမွှေနှောက်ခဲ့ကြ တာပေါ့"

"ဟုတ်တယ်ဗျ၊ ဟစ်တလာကအဲသလိုနေရာမျိုးမှာတော့ အတော်ထူးချွန်တယ်။ သူ့ရည်ရွယ်ချက်က အန္တာတိကကိုအကြီးဆုံး

ဂျာမာန်အခြေစိုက် စစ်စခန်းအဖြစ်အသုံးချဖို့ပဲ။ အဲသလိုလုပ်နိုင်ခဲ့ရင် ဂျာမာန်လေတပ်နဲ့ရေတပ်ဟာ တောင်ပိုင်းပင်လယ်ကိုထိန်းချုပ်နိုင်မှာကိုး။

အန္တာတိကတစ်တိုက်လုံးကို နယ်မြေလေ့လာရေးလုပ်ဖို့ ကပ္ပတိန်အယ်ဖရက်ရိုင်စချာ ဆိုတဲ့လူကိုတာဝန်ပေးခဲ့တယ်။ တကယ်တော့ ၁၉၃၀

လောက်ကတည်းက ဂျာမာန်လေကြောင်း ကုမ္ပဏီ ရှူးဝါးဘန်းလန်းဟာ ကနဦးအန္တာတိက လေ့လာချက်တွေကို အသေးစိတ်လုပ်ခဲ့ကြပြီး ၁၉၃၈

ခုနှစ် ဒီဇင်ဘာ မှာ အဲဒီအကြောင်းအသေးစိတ်ဖော်ပြထားတဲ့ အစီရင်ခံစာဟာ ဟစ်တလာ့လက်ထဲရောက်လာခဲ့တယ်။ ရိုင်စချာနဲ့ အဖွဲ့ဟာ

အန္တာတိကရဲ့ မြေမျက်နှာပြင် မိုင် နှစ်သိန်းငါးသောင်းကို ကောင်းကင် ဓါတ်ပုံပေါင်း တစ်သောင်းတစ်ထောင် ကျော်ရိုက်ကူးနိုင်ခဲ့တယ်"

"ကျွန်တော်တို့ အဲဒီအကြောင်း ဟိုတစ်စ၊ ဒီတစ်စကြားခဲ့ဘူးပေမဲ့ ခုလိုအသေးစိတ်တော့ တစ်ခါမှမကြားခဲ့ဖူးဘူးဗျ"

ဆန်ဒက်ကာကဆေးပြင်လိပ်ငွေ့များကို မျက်နှာကြက်သို့မှုတ်ထုတ်ရင်း ပြောလိုက်၏။

"ကောင်းကင်လေ့လာရေးပြီးတော့ တစ်နှစ်အကြာမှာ ရိုင်စချာနဲ့အဖွဲ့ဟာမြေပြင်လေ့လာရေးစခဲ့ကြတယ်။ တောင်ဝင် ရိုးစွန်းကစလို့

မိုင်ပေါင်းသုံးသိန်းခွဲအထိ မိုင်သုံးဆယ်တစ်ခါ အလံစိုက်ပြီး နာဇီပိုင်နက်အဖြစ်သတ်မှတ်ခဲ့ကြတယ်"

"တခြားရော သူတို့ဘာတွေတွေ့ခဲ့ကြသေးလဲ ပိုလ်ချုပ်" ရွှန်လစ်တဲလ်က ဖြတ်မေးလိုက်သည်။

"ရေခဲပြင်ကြားက စိုက်ပျိုးလို့ရနိုင်မဲ့ မြေနေရာတွေကိုတွေ့ခဲ့တယ်၊ ရေခဲလွှာအောက်မှာ အပိုင်းပိုင်းပြတ်နေတဲ့

လမ်းတွေကိုလည်းတွေ့ခဲ့တယ်ဗျ"

ဆန်ဒက်ကာသည် ဂျာမာန်ပိုလ်ချုပ်အိုကြီးကို ငေးကြည့်ရင်း-

"ဒါဆို အန္တာတိကရဲ့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ မြို့ပြယဉ်ကျေးမှုအထောက်အထားတွေ တွေ့ခဲ့တာပေါ့" ဟုမေး လိုက်သည်။

ဟိုဇဖဲက ခေါင်းညိတ်ပြ၍-

"ဟုတ်တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက တိမ်မြုပ်ပျောက်ကွယ်ခဲ့တဲ့ မြို့ပြယဉ်ကျေးမှုဆိုင်ရာ အထောက်

အထားတွေကိုတွေ့ခဲ့ကြတယ်"

"ကျွန်တော်သိသလောက်တော့ နာဇီတွေ အန္တာတိကမှာ စစ်စခန်းဆောက်ခဲ့တယ်ဆိုတဲ့ ကောလာဟာလတွေဟာ

ဝါဒဖြန့်ဖို့သက်သက်ပဲ"

ရွှန်လစ်တဲလ်၏ စကားကို ဟိုဇဖဲက ပြုံးရင်း-

"ဝါဒလည်းဖြုန်ပ့်ါတယ်။ ဒါပေမဲ့ဘယ်သူမှ သေချာမသိခဲ့ကြဘူး၊ ကျွန်တော်မှတ်မိသလောက်တော့ အဲဒီအကြောင်းကို ဗိုလ်ချုပ် ဒိုနစ်စ်က

သူ့ယူဘုတ်သဘော်သားတွေကို ပြောခဲ့ဘူးတယ်။ သူပြောတာက- ခု ခေါင်းဆောင်ကြီးအတွက် ဂုဏ်ယူစရာ ယူဘုတ်တွေ တို့မှာရှိခဲ့ပြီ၊

ရှန်ဂရီလာလို ထိုးဖောက်လို့မရတဲ့ ခံတပ်ကြီးတစ်ခုလည်းရှိနေပြီ-တဲ့။ ဒါပေမဲ့ စစ်ပြီးခါနီးအထိဘယ်သူမှအတိအကျမသိဘူး၊ ကျွန်တော်ကိုယ်တိုင်

ယူ ၆၉၉ ရဲ့ ကွန်မန်ဒါအဖြစ်အဲဒီ ဘာလင်သစ် ဆိုတဲ့ အန္တာတိက စခန်းကိုရောက်ခဲ့တော့မှ တကယ်ရှိမှန်းအတိအကျသိခဲ့ရတော့တယ်"

"စခန်းက ဘယ်လိုပုံစံမျိုးလဲ ဗိုလ်ချုပ်" ဆန်ဒက်ကာ၏ အလောတကြီးအမေး။

"စစ်ကြီးစဖြစ်တော့ နာဇီတွေရဲ့ပထမဆုံးခြေလှမ်းက တောင်ပိုင်းပင်လယ်မှာ ဖြတ်သန်းသွားလာတဲ့ သဘော်အားလုံး

တိုက်ခိုက်နှစ်မြုပ်ရေးမဟုတ်လား။ မဟာမိတ်တွေကို သတင်းနဲ့ ရိက္ခာဖြတ်တောက်ရေး ဗျူဟာပေ့ါဗျာ။ တောင်ပင်လယ်မှာ ဘယ်သဘော်မှ

မသွားဝံ့တော့တဲ့အခါ နာဇီထောက်ပံ့ရေးသဘော်တွေဟာ ယူဘုတ်တွေခြံရံပြီး အန္တာတိကကို ထွက်ခဲ့ကြတယ်။ အတ္တလန်တစ်လို့

သူတို့ထင်ခဲ့ကြတဲ့ ရှေးဟောင်းမြို့ပြယဉ်ကျေးမှု သဲလွန်စတွေတွေ့ခဲ့တဲ့ နေရာကိုပေါ့"

"ဒါဆို အဲဒီရှေးဟောင်းမြို့တော်နေရာမှာ ဘာလင်သစ် စခန်းကိုဆောက်ခဲ့တာလား"

"ဟုတ်တယ်ဗျ၊ တကယ်တော့ ရှေးဟောင်းမြို့တောက် မလွှမ်းလောက်ပါဘူး။ အဲဒီမြို့တောကို ဆက်သွယ်ဖောက်လုပ်ထားတဲ့

ရေခဲဂူတွေနဲ့ လိုဏ်ခေါင်းတွေကတော့ လွှမ်းလောက်သဗျ။ ရေခဲဂူဟာ နှစ်ဆယ့်ငါးမိုင်ရှည်ပြီး အတွင်းမှာမိုင်တစ်ရာ့တစ်ဆယ်အကျယ်

ပါတ်လည်ရှိတဲ့ရေမဂူကြီးပဲ၊ နာဇီတွေဟာ အဲဒီမှာအခြေစိုက်စခန်းလုပ်ခဲ့ကြတယ်။ အလုပ်သမားအဖြစ်နဲ့တော့ ဆိုက်ဘေးရီးယားက

ဖမ်းခေါ်လာတဲ့ ရုရှသုံ့ပန်းတွေကို အဓိကသုံးခဲ့ကြတယ်။ ဒါမှလည်း အအေးဒဏ်ကိုခံနိုင်မှာကိုး။ စခန်းပြီးသွားတော့ အားလုံးကို

သတ်ပစ်ခဲ့ကြတယ်လေ။ ဂျာမန်တွေအတွက် လူ့အသက်ဟာ ပုရွက်ဆိတ်လောက်ပဲတန်ဖိုးရှိခဲ့တာကိုး"

ဆန်ဒက်ကာနှင့် ရွှန်လစ်တဲလ်သည် စိတ်မကောင်းခြင်းကြီးစွာဖြင့်ငြိမ်သက်နေခဲ့ကြသည်။ အတန်ကြာမှ ဆန်ဒက်ကာ က-

"ဗိုလ်ချုပ် အဲဒီစခန်းကို ကိုယ်တိုင်တွေ့ခဲ့တာလား"

"ဟုတ်တယ်။ ယူ ၂၀၁၅ နဲ့ ကျွန်တော့် သင်္ဘော ယူ ၆၉၉ ဟာ ဟစ်တလာသေကြောင်းကြံပြီးတဲ့နောက် ရှေ့ကပြောခဲ့တဲ့ ပစ္စည်းတွေ

လူတွေကိုတင်ပြီး အန္တာတိကကိုလာခဲ့ကြတယ်။ ရေအောက်ကနေပဲ။ ပါတာဂိုးနီးယားဆိပ်ကမ်းမှာ လူတွေကိုချခဲ့ပြီး

ဘာလင်သစ်အခြေစိုက်စခန်းကို မရပ်မနားခရီးဆက်ခဲ့တာ ၁၉၄၅ခု ဇွန်လမှာရောက်ခဲ့ကြတယ်။ စခန်းကတော့ မယုံနိုင်လောက်အောင်

ကြီးကျယ်ခမ်းနားလှပါတယ်။ ဆိပ်ကမ်းမှာ ရေငုပ်သင်္ဘောမျိုးစုံနဲ့ ကုန်သင်္ဘောကြီးတွေအများကြီးပဲ။ ကုန်တင်လေယာဉ်ကြီးတွေလည်း

အများကြီး"

"အဲဒီစခန်းကနေ လေယာဉ်ထွက်လို့ရသလား"

"ရတယ်ဗျ။ ဂျာမန်နောက်ဆုံးပေါ် ၂၈၇ဂုံးကြဲလေယာဉ်ကြီးတွေကို ကုန်တင်လေယာဉ်အဖြစ်အသွင်ပြောင်းထားတာ။

ရေခဲပြင်ပေါ်ဖောက်ထားတဲ့ လေယာဉ်ပြေးလမ်းဆိုတာများ ဖြူးနေတာပဲ။"

"ဒီလောက်လူတွေအများကြီး စခန်းဆောက်နေတော့ အပူဒဏ်ကြောင့်ရေခဲတွေ အရည်ပျော်ပြီး ပြိုကြမကုန်ဘူးလား ဗျာ"

ရွှန်လစ်တဲလ်က မေးလိုက်၏။

ဟိုဇဖဲက ခေါင်းခါရင်း-

"အဲဒါတွေလည်း ကြိုတင်စဉ်းစားထားပြီးသားဗျ၊ အင်ဆူလေတာ စနစ်တွေတပ်ထားတယ်"

"ဗိုလ်ချုပ်ပြောတာတွေစဉ်းစားကြည့်လိုက်တော့ နာဇီတွေဟာ ကမ္ဘာစစ်မတိုင်မီ နှစ်ပေါင်းများစွာကတည်းက ဒီစီမံကိန်းကို

အကောင်အထည်ဖော်ခဲ့ကြတယ်။ ပြီးတော့ စစ်အတွင်းလူသိမခံခဲ့ဘူး၊ ဒီလိုနဲ့စစ်ရှုံးသွားခဲ့တယ်။ ဆိုတော့ ဒီစီမံကိန်းဟာ စစ်အတွက်မဟုတ်ဘူးလို့

အဓိပ္ပါယ်ပေါက်နေတာပေါ့"

"ကျွန်တော်နားလည်သလောက်ပြောရရင် ဒီစီမံကိန်းဟာ စစ်ရှုံးသွားခဲ့ပြီးနောက်ပိုင်း အခြေအနေအတွက်ပြင်ဆင်ထားခဲ့တာပဲ။

ဒါ့ကြောင့်လည်း ဝုဖ်မိသားစုရဲ့အနာဂါတ်ကံကြမ္မာသစ်ဆိုတဲ့အဖွဲ့ရဲ့ စတုတ္ထဂျာမနီအင်ပါယာဆိုတာနဲ့ ခုခင်ဗျားတို့ နဖူးတွေ့ဒူးတွေ့

ရင်ဆိုင်နေကြရတာပေါ့"

"ဗိုလ်ချုပ် အဲဒီစခန်းမှာ ဘယ်လောက်ကြာကြာနေခဲ့ရလဲ"

"နှစ်လပါ။ အဲဒီကနေထွက်လာပြီး ကျွန်တော်လက်နက်ချခဲ့တာပဲ။ နောက်လေးလကြာတော့ စစ်ကြီးပြီးတာပဲလေ။ ကျွန်တော်တို့ကို

ဗြိတိသျှနဲ့ အမေရိကန်ထောက်လှမ်းရေးတွေက ခြောက်ပတ်လောက် တိုက်ပိတ်စစ်ဆေးတယ်။ နောက်တော့ လွတ်လာခဲ့တာပဲ"

ရွှန်လစ်တဲလ်က ပြုံးလိုက်ပြီး-

"ထောက်လှမ်းရေးတွေကို ဖြေဖို့အတော်ဇာတ်တိုက်ခဲ့ရမှာပေါ့"

ဟိုဇဖဲက အသံထွက်အောင် ရယ်လိုက်ပြီး-

"ဒါပေါ့ဗျ၊ အတ္တလန်တိကကနေ အာဂျင်တီးနားကိုလာတဲ့လမ်းမှာ သုံးပါတ်လုံးလုံးလေ့ကျင့်ခဲ့ရတာပေါ့"

"ယူ ၂၀၁၅ ကရော ဘာဖြစ်သွားသလဲ"

"အဲဒါတော့ကျွန်တော်မသိဘူးဗျ"ဆန်ဒက်ကာက ကျေနပ်စွာပြုံးလိုက်သည်။ အနည်းဆုံးတော့ ထိုနာဇီငနဲအိုကြီး

မသိသည့်ထိုတစ်ချက်ကို သူကောင်းကောင်း သိသည် မဟုတ်ပါလား။

"ဗိုလ်ချုပ်ရဲ့မိတ်ဆွေကြီး ယူ ၂၀၁၅ဟာပြီးခဲ့တဲ့ ရက်ပိုင်းတုန်းကမှ အမေရိကန်ရေငုပ်သင်္ဘော လက်ချက်နဲ့ အတ္တလန်တိကမှာ

မြုပ်သွားပါသဗျာ"

အတ္တလန်တစ် ရှာပုံတော် (၆၉)

ဟိုဇဖဲ၏ မျက်လုံးများ ကျဉ်းမြောင်းသွား၏။

"တောင်ဝင်ရိုးစွန်းမှာ ဂျာမန် ယူဘုတ်တစ်စီး လှုပ်ရှားနေတယ်လို့တော့ ကြားတယ်။ လက်စသတ်တော့ ယူ ၂၀၁၅ ကိုး"

ထိုအချိန်တွင် တယ်လီဖုန်းသံမြည်လာ၏။ ဆန်ဒက်ကာသည် ကမန်းကတန်းကောက်ကိုင်လိုက်သည်။

"ပီဇာလာပို့ပြီ။ လမ်းမှာရောက်နေပြီ၊ ဒါပေမဲ့ လမ်းအရမ်းပိတ်နေတယ်" ပစ်၏အသံကို သူတို့သုံးယောက်လုံးကြားလိုက်ရ၏။

ဆန်ဒက်ကာ မျက်နှာပျက်သွားသည်။ ဖုန်းကိုချလိုက်၏။

"သူတို့ ကောင်းကင်ကားနဲ့ ထွက်လာကြပြီ"

"ဒါဆို လွတ်ပြီပေ့ါ" ရှန်လစ်တဲလ်က ဝမ်းသာအားရပြောလိုက်သည်။

ဆန်ဒက်ကာက ခေါင်းယမ်းပြရင်း-

"လေကြောင်းတိုက်ခိုက်မှု အန္တရာယ်နဲ့ ကြုံနေရသတဲ့ဗျာ" ဟု လေးလေးတွဲ့တွဲ့ ပြောလိုက်သည်။

မိုလာ အမ် ၄၀၀ ကောင်းကင်ကားကလေးသည် ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့်
မြေပြင်မှပျံတက်လာခဲ့၏။ ပွန်တာအန်ထရာနာဒါရှိ

အသုံးလုံးသဘော်ပေါ်သို့ ရောက်အောင်ရေခဲတောင်များကို ဖြတ်ကျော်ပျံသန်းရမည့် မိုလာသည်
ကောင်းကင်ခရီးကို အပေါင်းအဖော်များနှင့်

တပျော်တပါးသွားရမည့်ပုံပေါ်၏။ အူးရစ်ဝုဖ်၏ ကုန်းပါတ်ပေါ်မှ ပျံတက်လာခဲ့သော ဘို ၁၀၅အယ်လ်-
အက်စ်-၇ အမျိုးအစား

ဟယ်လီကော်ပတာလေးစီးသည် တစ်စီးလျှင် လက်နက်ကိုင်နှစ်ယောက်စီတင်၍
မိုလာနောက်သို့အပြင်းလိုက်လာခဲ့၏။ တစ်နာရီ ၂၈၅

မိုင်နှုန်းမောင်းနှင်နိုင်သော ဘိုလ်ကောလ်ကော်ပိုးရေးရှင်းထုတ် ထိုရဟတ်ယာဉ်သည်
ထောက်ပံ့ပို့ဆောင်ရေးယာဉ်ဖြစ်သည့်အတွက်

လက်နက်တော့ များများစားစားမပါ။ ထိပ်တွင်တပ်ဆင်ထားသော ၂၀ မီလီမီတာ
ဆုံလည်စက်သေနတ်တစ်လက်စီသာပါသည်။ သို့သော်လည်း

ထိုစက်သေနတ်များက မိုလာ့အား တစ်စစီ ဖြစ်အောင်လုပ်နိုင်စွမ်းကောင်းကောင်းကြီးရှိ၏။

အယ်လ်သည် ပိုင်းလော့နေရာတွင်ထိုင်ပြီး ပစ်က ဘေးတွင်ငြိမ်သက်ပကတိ။ နောက်ခန်းတွင်တော့
ပက်ထရစ်ရှာတို့ သားအမိ။

ပစ်သည် ရေဒါတွင်ပေါ်နေသော ရဟတ်ယာဉ်များကို အသေးစိတ်လေ့လာနေစဉ် အယ်လ်က-

"ဒီခွေးမသားတွေဟာ ငါတို့ကို တလိုက်တည်းလိုက်နေတော့တာပဲကွ" ဟု ငြီးငြီးငွေ့ငွေ့ပြော၏။

"အေး၊ ဒီတစ်ခါတော့ အံ့လိုက်ကျင်းလိုက်ကို လွှတ်လိုက်တာပဲကွ။ ကြည့်ရတာ တွေ့ရာသချိုင်း
ဓါးမဆိုင်းဆိုတဲ့ ပုံမျိုးပဲ ကိုယ့်လူ"

"ဒုံးကျည်တွေပါရင်တော့ သောက်ခွပဲ"

"ကြည့်ရတာ ပါပုံမရဘူး၊ စက်သေနတ်လောက်ပဲပါလိမ့်မယ်"

"ငါတို့ တောင်တွေကြားရောက်သွားရင်တော့လွတ်မှာပဲ"

အယ်လ်ပြောသည်မှာမှန်၏။ တစ်နာရီ မိုင် ၃၅၀ နှုန်းပျံသန်းနိုင်သည့် မိုလာ၏အမြန်နှုန်းကို ဘယ်ရဟတ်ယာဥ်မှ လိုက်မမှီ။

"ဟုတ်တယ်။ တောင်တွေကြားမရောက်ခင် ပစ်ချခံရမှာကိုကြောက်တာ။ အယ်လ်၊ မင်း ကွန်ပျူတာထိန်းချုပ်စနစ် ကို ဖြုတ်လိုက်တော့၊

ကိုယ်တိုင်မောင်းမှဖြစ်မယ်"

နောက်ခန်းတွင်တော့ အခြေအနေကိုမသိသော မီဂန်သည် ကလေးပီပီ အူမြူးနေ၏။

"ကောင်းလိုက်တာ၊ ဒါလေးစီးရတာ ရှိုလာကိုစတာ စီးရသလိုပဲနော်မေမေ"

ပက်ကတော့ အန္တရာယ်ရှိမှန်းသိသဖြင့် မီဂန်မြူးသလို လိုက်မမြူးနိုင်။

"စကားသိပ်မများနဲ့ သမီး" ဟု ဟောက်လိုက်သည်။

"လာကြပဟေ့" ရေဒါ၏ ကိုးနာရီအမှတ်အသားထောင့်စွန်းမှ ဝင်ရောက်လာသည့် ရဟတ်ယာဥ်များကို ကြည့်ရင်း အယ်လ်က

သတိပေးလိုက်သည်။

ရဟတ်ယာဥ်မောင်းသမားများသည် အချွန်အတက်ပေါ်လှသည့် တောင်စွယ်တောင်ကြားထဲတွင် မိုလာနှင့်အပြိုင်

လိုက်တမ်းပြေးတမ်းကစားရန် စိတ်မဝင်စားကြ။ ပစ်တွက်ဆခဲ့သည့်အတိုင်း ထူးဆန်းသည့် ကောင်းကင်ကားကလေး ကို

ပစ်ချရန်သာကြိုးစားနေကြသည်။ ၂၀ မီလီမီတာ ဆုံလည်စက်သေနတ်လေးလက်မှ စုပြုံထွက်လာသည့် ကျည်ဆန်များသည် မိုလာကိုကျော်ဖြတ်၍

တောင်ကြားထဲကျရောက်ထိမှန်နေသည်။

"အယ်လ်၊ အရှိန်မြှင့်"

အယ်လ်သည် ပစ်မပြောခင်ကထဲက မိုလာ၏ အမြင့်ပျံသန်းရှိန်ကို ဆွဲမြှင့်လိုက်သည်။ မိုလာသည် အလွန်လျှင်မြန် သောနှုန်းဖြင့်

ကျဉ်းမြောင်းသောတောင်ကြားထဲမှ ကောင်းကင်သို့ တရိပ်ရိပ်ပျံတက်နေသည်။ စက်သေနတ်ကျည်ဆန် များသည် ပျားမည်းရိုင်းများသဖွယ်

မိုလာ၏ အောက်မှ တရှီရှီဖြတ်သန်းသွားကြသည်။

ရဟတ်ယာဉ်လေးစီးသည် ရှေ့နောက်ညှပ်၍ မိုလာကို ဝိုင်းဝန်းပစ်ခတ်ရန်အရှိန်ယူနေကြသည်။

အယ်လ်သည် တာဘိုအင်ဂျင်ခလုတ်ကို နှိပ်လိုက်ပြီး အရှိန်မြှင့်တံကို အဆုံးထိတွန်းချလိုက်သည်။ မိုလာသည် အမြင့်သို့တက်နေရာမှ

တာလွှတ်လိုက်သော အပြေးသမားသဖွယ်ရှေ့သို့ ဝှီးကနဲပျံထွက်၏။ အုပ်စုဖွဲ့၍ ဝိုင်းဝန်းပစ်ခတ်လိုက်ကြသည့် ကျည်ဆန်များသည်

မိုလာ၏အထက်မှ တထွေးကြီးလွဲချော်သွား၏။

နောက်တစ်ကြိမ်ပစ်ခတ်ရန် နေရာယူပြီးသောအခါတွင်မူ မဲမှောင်နေသောတောင်တန်းများဆီသို့ ဝှီခနဲအောင်ပျံသန်း

သွားသောမိုလာကောင်းကင်ကားသည် ရဟတ်ယာဉ်တို့၏ မြင်ကွင်းမှ ပျောက်ကွယ်သွားချေပြီတကား။

အတ္တလန်တစ် ရှာပုံတော် (၇၀)

စတုတ္ထပိုင်း

ရေခဲမြို့တော်

ဧပြီလ ၁၀ ရက်၊ ၂၀၀၁ ခုနှစ်

ဗျူနိုအေးရီး မြို့တော်၊ အာဂျင်တီးနား

(၃၂)

ဗျူနိုအေးရီးရှိ ပြီတိသျှသံရုံးရှေ့ဝယ် ဖိမ်ခံဆလွန်းကားကြီးများစီတန်းရပ်နားထားသည်ကို မြင်တွေ့ရ၍။ ပွဲတက်ဝတ်စုံကိုယ်စီဖြင့်

ဂုဏ်သရေရှိ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများဖြင့် ပျားပန်းခတ်စည်ကားလျှက်ရှိသည်။

ရွှေပွဲ လာဧည့်ပရိတ်သတ်အပေါင်းကို ပြီတိသျှသံအမတ်ကြီး ချားလ်လက်ဇင်တန်နှင့် သံအမတ်ကြီးကတော် မာသာ

လက်ဇင်တန်တို့သည် သံတမန်အပြုံးကိုယ်စီဖြင့် အပေါက်ဝမှ ဆီးကြိုနှုတ်ဆက်လျှက် ရှိကြသည်။ ယနေ့ဧည့်ခံပွဲသည် အယ်လစ်ဇဘတ်

ဘုရင်မကြီး နှင့် သားတော် ချားစ်မင်းသားတို့ ပြန်လည်ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် တစ်ကမ္ဘာလုံးရှိ ပြီတိသျှသံရုံးများတွင်

ကျင်းပပြုလုပ်ရသည့် ညစာစားပွဲအခမ်းအနားဖြစ်၏။

အာဂျင်တီးနားလူ့မလိုင်အသိုင်းအဝိုင်းတစ်ခုလုံးကို ဖိတ်ကြားသောပွဲဖြစ်သည့်အားလျော်စွာ အာဂျင်တီးနားသမ္မတ၊

အမျိုးသားကွန်ဂရက်ခေါင်းဆောင်များ၊ ဗျူနိုအေးရီး မြို့တော်ဝန်၊ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများနှင့် ဆယ်လီဘရစ်တီခေါ်

နာမည်ကျော်ကြားလူကြိုက်များသော အနုပညာရှင်များ၊ သူဌေးကြီးများစုံစုံညီညီတက်ရောက်ကြသည့် ရွှေပေါ်မြတင် ဖိတ်ဖိတ်တောက်

လက်လက်ထနေသည့် ထိပ်တန်းတကာ့ထိပ်တန်း ပွဲလမ်းသဘင် ဇာနန်အမှန်ဖြစ် တော့သည်။

ဧည့်ခန်းမဆောင်သို့ ကားလ်ဝုဖ်နှင့် သူ၏ ညီမများဝင်လာချိန်တွင်မတော့ အတွင်းရှိ ရောက်နှင့်ပြီးသား လူ့မလိုင်များ အားလုံး ဖွဲနှင့်ဆန်ကွဲ

သာသာဖြစ်သွားကြ၏။ ကောင်းကင်ယံတွင် ဝိုင်းဝန်းပြည့်ဝစွာထွန်းလင်းတောက်ပနေသော လမင်းကြီးကိုမော့ကြည့်ရသကဲ့သို့

ကျန်ပရိသတ်များသည် သူတို့မောင်နှမကို ငေးမောကြည့်ရှုနေကြရသည်။ ဗြိတိသျှသံအမတ်ကြီးဇနီးမောင်နှံကို နှုတ်ဆက်ပြီးညှော့ခန်းမထဲ

တစ်လှမ်းချင်းဝင်လာကြသော ခေတ်သစ်ဇောတိကသူကြွယ်ကြီး ကားလ်ဝုဖ်နှင့်ညီမများသည် ယနေ့ညဧ၏ တန်ဖိုးအရှိဆုံး

ညှော့ကောင်းစောင်ကောင်းများအဖြစ် သံရုံးမှတ် တမ်းတွင် မော်ကွန်းရေးထိုးရမည့်သူများတည်း။

ယနေ့ည ညှော့ခံပွဲသို့ ကားလ်ဝုဖ်နှင့်အတူဂီလီဝုဖ်၊ မာရီယာဝုဖ်၊ လူစီဝုဖ်နှင့် အမေရိကမှသေကံမရောက်သက်မပျောက်ပဲ

ပြန်ရောက်လာခဲ့သည့် အယ်လ်ဆီဝုဖ်တို့ပါလာခဲ့သည်။ ဘူဖေးညစာစားပွဲဖြစ်သည့်အတွက် အင်္ဂလန်မှ အကောင်းဆုံး စားတော်ကဲများ

လက်စွမ်းပြချက်ပြုတ်ထားသည့် အကောင်းတကာ့အကောင်းဆုံးစားဖွယ်များကို ပန်းကန်ပြားများနှင့်ထည့်၍ ကားလ်ဝုဖ်နှင့် ညီမတစ်သိုက်သည်

လွတ်နေသည့် စားပွဲဝိုင်းတစ်ခုတွင် ဝင်ထိုင် လိုက်ကြသည်။

အယ်လ်ဆီသည် ချိစ်တုံးကလေးတစ်တုံးကို ခက်ရင်းဖြင့်ထိုးယူလိုက်ပြီး ပါးစပ်ထဲထည့်ရန် လက်အလှမ်း သူ့လက်သည်လေထဲမှာပင်

ရပ်တန့်သွား၏။ သူ့ပါးစပ်သည် ပွင့်ဟလျှက်၊ မျက်နှာတွင် မယုံကြည်နိုင်လောက်အောင် အံ့အား သင့်သည့် အမူအယာက အထင်းသား။

ကားလ်သည် ရုတ်တရက်မူပျက်သွားသော သူ့ညီမ၏မျက်နှာကို မြင်တွေ့ရသော်လည်း အကြောင်းရင်းကိုမမေးသေး

ပဲတည်ငြိမ်သွေးအေးစွာစောင့်ဆိုင်းနေလိုက်သည်။ မကြာပါ။ အသားညိုညို၊
အရပ်မြင့်မြင့်အမျိုးသားတစ်ဦးနှင့် အနီရောင်ဆံနွယ်များပိုင်ရှင်

အမျိုးသမီးတစ်ဦး သူတို့စားပွဲသို့ ဦးတည်လျှောက်လှမ်းလာ၏။

အမျိုးသားသည် အနက်ရောင်တက်ဆူဒိုပွဲတက်ဝတ်စုံကို ဝတ်ဆင်ထားပြီး
အမျိုးသမီးကတော့အနက်ရောင်ပိုးသား ဝတ်စုံကို

ချပ်ချပ်ရပ်ရပ်ဝတ်ထား၏။ အမျိုးသားကလှမ်း၍ စကားစပြောလိုက်သည်။

"ဟယ်လို အယ်လ်ဆီ၊ ကျန်းခန့်သာလို့ မာပါစ"

အယ်လ်ဆီ ဘာမှပြန်မပြောနိုင်မီ အမျိုးသားသည် ကားလ်ဝုဖ်ဖက်သို့လှည့်၍-

"ခင်ဗျားကတော့ နာမည်ကျော်ကြားတဲ့သူကြွယ်ကြီး ကားလ်ဝုဖ်ဖြစ်လိမ့်မယ်ထင်တယ်။ ဟောဒီ
အမျိုးသမီးကတော့ ဒေါက်တာ

ပက်ထရစ်ရှာ အိုကွန်းနဲလ်ပါခင်ဗျား"

ကားလ်ဝုဖ်သည် ဒတ်ပစ်ကို ထုတ်ချင်းပေါက်သွားမတတ် စူးစူးစိုက်စိုက်ကြည့်နေ၏။ ပက်သည်
ကားလ်ဝုဖ်ကိုကြည့်ပြီး

ကျောထဲမှစိမ့်တက်လာ၏။ သူသည် အလွန်အင်မတန်မှ ချောမောခန့်ညားလှသည်မှန်သော်လည်း
အကြည့်များက

အေးစက်မာကျောလွန်းလှသည်။ ပက်၏ နာမည်ကိုကြားလိုက်သော် ကားလ်ဝုဖ်သည်ထိုင်ရာမှ
ထလာ၏။

"ကျုပ်တို့ချင်းတစ်ခါမှ မတွေ့ဖူးပေမဲ့ ခင်ဗျားကျုပ်ကို သိနေတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ" ပစ်သည်
ကမ္ဘာ့ထိပ်တန်း သူကြွယ်ကြီးကို

လမ်းဘေးမှ ဟမ်ဘာဂါရောင်းသူနှင့်စကားပြောသကဲ့သို့ ခပ်အေးအေး၊ ခပ်ရှင်ရှင်ပြောနေ၏။

"ခင်ဗျား ဘယ်သူဆိုတာ ကျွန်တော်မသိတာအမှန်ပဲဗျ" ကားလ်ဝုဖ်က ပြန်ပြောလိုက်သည်။
သူ့အင်္ဂလိပ်စကားက

အပြစ်ပြောစရာမရှိအောင် ပီသကြည်မြလွန်းသည်။

ပစ်က ခပ်သဲ့သဲ့ရယ်လိုက်ပြီး-

"ကျုပ်က ခင်ဗျားတို့ရဲ့ ဖောက်သည်ကြီးလေဗျာ၊ ကျုပ်နာမည် ဒတ်ပစ် လို့ခေါ်တယ်"

ကားလ်ဝုဖ်၏ မျက်လုံးများ စက္ကန့်အနည်းငယ်မျှ တင်းမာသွား၏။ နှုတ်ကတော့-

"သြော်- ဒတ်ပစ်ဆိုတာခင်ဗျားကိုး" ဟုအေးစက်စွာပြောလိုက်သည်။

ပစ်က ကားလ်ဝုဖ်ကို ဂရုမစိုက်တော့ပဲ အယ်လ်ဆီ့ဖက်လှည့်၍-

"ဟော့-အယ်လ်ဆီ ခင်ဗျားက ကျုပ်ကိုနှုတ်တောင်မဆက်ပဲ ဝါရှင်တန်က ထွက်သွားတာကိုးဗျ" ဟုတရင်းတနှီး နှုတ်ဆက်လိုက်သည်။

အယ်လ်ဆီသည် ပစ်ကို စားမတတ်၊ ဝါးမတတ်ကြည့်နေရာမှ-

"ရှင်အခုဘယ်ကလာတာလဲ" ဟုမေးလိုက်မိသည်။ ပစ်ကလည်း ဒီမေးခွန်းကိုစောင့်နေခြင်းဖြစ်၏။

"ခု ခင်ဗျားတို့ရဲ့ အူးရစ်ဝုဖ်ဆိုတဲ့သင်္ဘောပေါ်က လည်ပတ်ပြီးပြန်လာတာလေ။ ခင်ဗျားညီမ ရှိဆာနဲ့တွေ့လို့ သူကတောင်

သင်္ဘောအကြောင်းရှင်းပြလိုက်သေးတယ်။ အပြန် ခင်ဗျားတို့သင်္ဘောပေါ်မှာ နေရတာပျင်းတယ်လို့ပြောလို့ ဒေါက်တာအိုကွန်းနဲ့လ်တို့ သားအမိကို

ဝင်ခေါ်ပြီး ဗျူနိုအေးရီးအရောက် ဒီည ဒီပွဲမှာခင်ဗျားတို့ရှိတယ်ကြားလို့ နှုတ်ဆက်ရအောင်ဝင်လာတာလေ"

အယ်လ်ဆီသည် ပစ်တစ်ကိုယ်လုံး ပြာကျမတတ် ဝင်းဝင်းတောက်သောမျက်ဝန်းများဖြင့် စိုက်ကြည့်နေ၏။ တစ်ကိုယ် လုံးလည်း

တဆတ်ဆတ်တုန်နေ၏။ သူက သွားကြားမှထွက်လာသောလေသံဖြင့်-

"ဒီမှာ- ရှင်တို့ကို ကျွန်မတို့ အခုသတ်ပစ်လိုက်လို့ရတယ် သိလား" ဟုပြောလိုက်၏။

ပစ်က မခိုးမခန့် ပြုံးလိုက်ပြီး-

"ခင်ဗျားတို့ အခါပေါင်းများစွာကြိုးစားပြီးပြီပဲ။ တစ်ခါမှ မအောင်မြင်ဘူးမဟုတ်လားဗျ၊ အခုတော့မကြိုးစားနဲ့ဦးဗျ၊ တော်ကြာ ပြီတိသျှ

သံရုံးရဲ့ ပွဲလမ်းသဘင်ဆင်ယင်ကျင်းပနေတုန်း ဧည့်ပရိသတ်အများကြီးကြားထဲမှာ ဝုဖ်မိသားစုက လူသတ်ခြင်းဆိုတဲ့ စာလုံးမည်းကြီးတွေနဲ့

သတင်းထဲပါသွားရင် မဟာအရက်တော်ကြီးတွေ ဟက်တက်ကွဲကုန်ကြပါ ဦးမယ်။"

ကားလ်သည်မနေနိုင်တော့။ သူတို့လို လူတကာဝတ်တွားခယရသည့် မိသားစုကို စီးစီးပိုးပိုးပြောဆိုနေသော ဤအကောင်ကို

အစိမ်းလိုက်ဝါးစားချင်စိတ်များပေါ်လာသည်။

"ဒါကျွန်တော့်တိုင်းပြည်ပါ မစ္စတာပစ်၊ ခင်ဗျားရဲ့အမေရိကမဟုတ်ဘူး။ ဒီခန်းမထဲကနေ ခြေတစ်လှမ်းအပြင်ရောက်တာနဲ့

ခင်ဗျားအသက်နဲ့ကိုယ် အိုးစားကွဲပြီသာအောက်မေ့ပါ"

"အို-ခြိမ်းလှ၊ ချောက်လှပါလား မစ္စတာကားလ်ဝုဖ်ရဲ့။ ခင်ဗျားအဲသလိုလုပ်ရင် ကျုပ်နဲ့အတူပါလာတဲ့ အမေရိကန် သံအမတ် ဂျွန်ဟွန်းနဲ့

မရင်းတပ်ကတော့ ကြိုက်မယ်မထင်ဘူးဗျ"

အခြေအနေကိုကြည့်နေသော ကားလ်ဝုဖ်၏ သက်တော်စောင့်များထဲမှ တစ်ယောက်သည် ပစ်ကို ရန်ပြုမည့်ဟန်ဖြင့် ရှေ့ထွက်လာသည်။

အယ်လ်ဂျီယိုဒီနီသည် ရုတ်တရက်မိုးပေါ်မှကျလာသလို ပေါ်လာပြီးထိုသက်တော်စောင့်၏ ရှေ့မှပိတ်ရပ်လိုက်၏။ အယ်လ့်ထက် ပေါင်ငါးဆယ်မျှ

ပိုလေးပြီး အရပ်ဆယ်လက်မမျှ ပိုရှည်သည့် ဝုဖ်၏ သက်တော် စောင့်သည် အယ်လ်၏အပေါ်မှ မိုးနေသည်။ သူက-

"ဟော့-အကောင်သေးကလေး။ မင်းကိုယ်မင်း ဘာထင်နေသလဲ" ဟုခပ်ရင့်ရင့်မေးလိုက်၏။

အယ်လ်က မော့ကြည့်လိုက်ပြီး-

"အဲဒီအကောင်သေးကလေးက မင်းလိုမျိုး ဝုဖ်နောက်လိုက်ခွေး တစ်ဒါဇင်လောက်သတ်ပြီးပြီဆိုတာ မင်းသိရောသိရဲ့လား"

ဟုပြန်မေးလိုက်၏။

သက်တော်စောင့်၏ မျက်နှာသည်ငရုတ်ဆီပုလင်းဖြင့် အပေါက်ခံလိုက်ရသကဲ့သို့ရဲတွတ်သွား၏။ နောက်ပဲပြန်ဆုတ်ရမလို၊

ရှေ့မှပိတ်ရပ်နေသည့် အယ်လ့်ကိုပဲကိုင်ပေါက်ရတော့မလို ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေစဉ် သူ့ သခင် ကားလ်က လက်ယမ်းပြလိုက်သဖြင့်

နောက်ဆုတ်သွား၏။ ကားလ်က-

"အူးရစ်ဝုဖ်ပေါ်ကနေ အသက်ရှင်ရက်ပြန်လွတ်လာတာကိုတော့ ခင်ဗျားတို့ကို ကျွန်တော်ချီးကျူးပါတယ်။ ကျွန်တော့် လုံခြုံရေးတွေ

ညံ့သေးတယ်လို့ပဲမှတ်လိုက်ပါမယ်"

"မညံ့ပါဘူး၊ ခင်ဗျားလူတွေတော်ကြပါတယ်။ ကျုပ်တို့ကံကြီးလွန်းလို့လွတ်လာတာပါ" ပစ်သည် ဒီတစ်ခါတော့

တကယ်အမှန်ကိုပြောခြင်းဖြစ်သည်။

ကားလ်ဝုဖ်သည် ပစ်နှင့်မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ သူ့အရပ်သည် ပစ်ထက်နှစ်လက်မခန့်ပိုမြင့်၏။ ပင်လယ်ပြာ

ရောင်တောက်နေသော မျက်လုံးပြာများဖြင့် ပစ်ကိုစေ့စေ့ကြည့်ပြီး-

"ကျွန်တော့်ကို ဆန့်ကျင်တာ ခင်ဗျားအဖို့ မဟာအမှားကြီးပဲ မစ္စတာပစ်၊ ခင်ဗျားမှတ်ထားဖို့က ကျွန်တော်ဟာ တစ်ကမ္ဘာလုံးကို လွှန်ခဲ့တဲ့

နှစ်ပေါင်းကိုးထောင်တုန်းကလို ပြန်လည်သန့်စင်အောင်လုပ်မယ်ဆိုတာကိုပဲဗျ၊ မည်သည့်တန်ဖိုးကို ပေးဆပ်ရသည်ဖြစ်စေ၊ မဖြစ်ဖြစ်အောင်ကို

လုပ်မှာ”

ပစ်သည် နောက်မဆုတ်တော့။ ကားလ်ဝုဇ်၏ မျက်လုံးပြာများကို အေးစက်သောအငွေ့အ သက်များယှက်သန်းနေသည့် သူ၏

မျက်လုံးစိမ်းများဖြင့် စေ့စေ့ကြည့်ရင်း-

“ခင်ဗျားတို့ မိသားစုကြောင့် လူပေါင်းများစွာ ဒုက္ခရောက်ခဲ့ရပြီးပြီ၊ ဒီညတော့ စကြာဝဠာရဲ့ အရှင်သခင် အဖြစ် ကိုယ့်ကိုယ်ကို

မှတ်ထင်နေတဲ့ခင်ဗျားဟာ ဘယ်လိုကောင်မျိုးလဲဆိုတာ ကျုပ်မျက်စိနဲ့ မြင်ရအောင်လာကြည့်တာပဲဗျ” ဟုပြန်ပြောလိုက်သည်။

“အခုတွေ့ပြီ မဟုတ်လား”

“တွေ့တော့လည်း ခင်ဗျားဟာ မုန့်ဆီကြော်ကဘယ်နားနေမှန်းမသိသေးဘူး၊ နှုတ်ခမ်းနာနဲ့ မတည့်ဘူးလို့ အော်နေတဲ့ လူနဲ့တူသဗျ၊

နေစမ်းပါဦး၊ အားမီးနီးစ်တွေပြောခဲ့တဲ့ ဒုတိယကြယ်တံခွန်ဟာ နောက်လထဲမှာ ကမ္ဘာကိုဝင်တိုက်လိမ့်မယ်လို့ ဘာကြောင့်များ

အင်မတန်သေချာနေရတာလဲ”

ကားလ်ဝုဇ်က မဟာဆန်ဆန်ပြုံးလိုက်၏။

“ခင်ဗျားပြောတာနည်းနည်း လိုနေတယ်မစ္စတာပစ်၊ တကယ်က နောက်လမဟုတ်ဘူး၊ အတိအကျပြောရရင် နောက်လေးရက်နဲ့

ဆယ်နာရီအကြာမှာကို အဲဒီကိစ္စကြီးဖြစ်တော့မှာ”

ပစ်တစ်ကိုယ်လုံးရှိ အမွေးအမျှင်များ ထောင်ထသွား၏။ နောက်ငါးရက်အတွင်းဆိုပါလား၊ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

ထိုအချိန်တွက် ပက်ထရစ်ရှာကဝင်၍-

"ရှင်တို့က ဒီကိစ္စကို မိသားစုပိုင်၊ ဘိုးဘွားပိုင် လျှို့ဝှက်ကိစ္စလို သဘောထားတယ်ပေါ့လေ။ ကျွန်တော့် တစ်ကမ္ဘာလုံး ခွေးသေဝက်သေ

သေကြပါစေ၊ ငါ့သား၊ ငါ့တူ၊ ငါ့ညီများလွတ်ရင်ပြီးရောပေါ့၊ စိတ်ဓါတ်အောက်တန်းကျလိုက်ကြတာ ရှင်။ တကယ့်တိရိစ္ဆာန်သာသာတွေပါပဲ"

ပက်၏ စကားများသည် အယ်လ်ဆီ့ကို အကြီးအကျယ်ဒေါသူပုန်ထစေ၏။

"ရှင် ကျွန်မတို့မိသားစုကို စော်ကားဝံ့သလား"

ပစ်သည် ပက်ထရစ်ရှာ၏ ခါးကလေးကို ဖက်ရင်း-

"အို-ပက်ရဲ့၊ အဲသလို မပြောရဖူးလေ။ သူတို့က အောက်တန်းကျတာမဟုတ်ပါဘူး၊ ခံစားချက်မရှိတာပါ၊ ဒီမှာ အယ်လ်ဆီ၊ ခင်ဗျားနဲ့

ခင်ဗျားညီမတွေရဲ့ ယောကျာ်းတွေကို ကျုပ်တော့သနားမိတယ်ဗျ၊ သိလား၊ ရေခဲတုံးကြီးတွေနဲ့ အတူအိပ်ရသလိုနေကြရှာမှာပဲနော်"

အယ်လ်ဆီသည် ဒေါသမွှန်ပြီး ပစ်ကို ပါးရိုက်ရန်လက်မြှောက်လိုက်၏။ ပက်က အယ်လ်ဆီလက်ကို ဆောင့်တွန်းပစ်လိုက်သည်။

အယ်လ်ဆီသည် ရုတ်တရက် လန့်သွား၏။ သူမကို မည်သူတစ်ဦးတစ်ယောက်ကမှ ကြမ်းကြမ်းတမ်း တမ်းမဆက်ဆံခဲ့ဖူးချေ။

ပက်က ပစ်နှင့် အယ်လ်ဖက်သို့ လှည့်၍ပြုံးပြီး-

"ပျင်းလိုက်တာ၊ သွားကြရအောင်" ဟုပြောလိုက်သည်။

ပက်နှင့် အယ်လ်တို့ ကပွဲခန်းမသို့ ထွက်ခွာသွားသောအခါ ပစ်သည် ကားလ်ဝုဖ်ဖက်သို့ပြန်လှည့်၍-

"ကြယ်တံခွန် ဝင်တိုက်မဲ့ရက်ကို ရှေ့ကိုတိုးနိုင်လောက်တဲ့ အစွမ်းသတ္တိခင်ဗျားမှာရှိလို့လား"
ဟုမေးလိုက်၏။

ကားလ်ဝုဖ်က မဲ့ပြုံးပြုံးရင်း-

"ဒါကတော့ လျှို့ဝှက်ချက်၊ မစ္စတာပစ်ရဲ့၊ ခင်ဗျားကို ပြောပြလို့မရဘူး"

ပစ်သည် စကားလမ်းကြောင်းလွှဲလိုက်၏။

"ခင်ဗျားတို့သင်္ဘောတွေက တည်ဆောက်ပုံကတော့အံ့မခန်းပဲဗျ၊
နော်မန်နစ်ဆွန်ရဲ့ပင်လယ်မြို့တော်ပရောဂျက်ကိုတောင်

သတိရမိသေးတယ်"

"ဟုတ်ပါတယ်၊ မစ္စတာပစ်၊ ကျွန်တော်တို့ နော်မန် နစ်ဆွန်ရဲ့ ဒီဇိုင်းအတော်များများကို
သုံးထားပါတယ်"

"တစ်ခုပဲရှိတယ်။ ဒီသင်္ဘောတွေ ရေပေါ်တကယ်ပေါ်နိုင်ပါ့မလား"

"ဒါကတော့ အချိန်တန်ရင် အဖြေပေါ်မှာပါ"

"အဖြေက ခင်ဗျားထင်သလိုမဟုတ်ခဲ့ရင် ဘာလုပ်မလဲ"

ကားလ်ဝုဖ်မျက်နှာကို အကဲခတ်နေသောပစ်သည့် သူ့မေးခွန်းကိုဖြေရန် ကားလ်မှာအဖြေမရှိကြောင်း
ကောင်းကောင်းသိလိုက်ရသည်။

သို့သော် ကားလ်ကချက်ချင်းပင်-

"ကျွန်တော်တို့ မှန်းထားတဲ့အတိုင်းပဲ ကိစ္စတွေဟာဖြစ်လာမှာပါမစ္စတာပစ်။ ဒီကိစ္စနဲ့ပက်သက်ပြီး
ခင်ဗျားတို့နဲ့ ကျွန်တော်တို့ဟာ

အမြင်မတူကြဘူးဗျာ၊ ခင်ဗျားတို့က ဒီကိစ္စကိုအဆုံးလို့မြင်တယ်၊ ကျွန်တော်တို့က
အရာအားလုံးရဲ့အစလို့မြင်တယ်။ ကဲ-

ကောင်းသောညပါမစ္စတာပစ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ထိုသို့ပြောဆိုပြီးနောက် ကားလ်ဝုဖ်သည်သူ့ညီမများ၊ သူ့ကိုယ်ရံတော် သက်တော်စောင့်များကို ဦးဆောင်လျှက် ထွက်တော်မူ

နန်းကစွာသွားလေတော့၏။

အတ္တလန်တစ် ရှာပုံတော် (၇၁)

ဝုဖ်သည် အရူးတစ်ယောက်ဖြစ်သည်ဟု ပစ်ယုံမှတ်လိုက်ချင်သည်။ သို့သော် အရူးတစ်ယောက်ဖြစ်ဖို့ ထိုသူ၏အသိဉာဏ်ပညာ၊

ဉစ္စာဓနနှင့် စီမံခန့်ခွဲမှုစသည့်အရည်အချင်းများက တော်လွန်း၊ ကောင်းလွန်းအားကြီးနေသည်။

ဝုဖ်၏ ကိုယ်ပိုင်အချိန်ဇယားအလိုအရ ယခုကမ္ဘာပျက်ရန် သို့တည်းမဟုတ် ပစ်အတွက် ပြဿနာ၏အဖြေကိုရှာရန် လေးရက်နှင့်

ဆယ်နာရီတိတိသာအချိန်ရတော့သည်။ ဝုဖ်သည်ဘာကြောင့်များဤနေ့ဤရက် အတိအကျကိုပြောသွားခဲ့ပါလိမ့်၊ ပစ်သိသိမသိသိ

ဂရုမစိုက်ဆိုသည့်သဘောနှင့်လား၊ သို့တည်းမဟုတ် ခုချိန်မှတော့ ဘယ်သူမှ ဘာမှမတတ်နိုင်တော့ဆိုသည့် ယူဆချက်နှင့်လား။ ပစ်ခေါင်းထဲတွင်

လားပေါင်းများစွာနှင့် ချာချာလည်နေ၏။

ပစ်သည် စိတ်ရှုပ်ထွေးစွာဖြင့် အရက်ဘားရှိရာသို့လျှောက်လာခဲ့ပြီး အနီဂျို တာကွီလာ ကော့တေးတစ်ခွက် စပ်ခိုင်းပြီး ဖြည်းဖြည်းချင်း

ဖိမ်ဆွဲသောက်နေလိုက်သည်။ အာဂျင်တီးနားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်ဟွန်းသည် သူ့နားလာရပ်၏။

"ဘယ့်နှယ့်လဲ၊ ကားလ်ဝုဖ်နဲ့စကားပြောလို့ အဆင်ပြေရဲ့လား"

"သိပ်တော့မပြောဘူးဗျ၊ သူက သူ့ကိုယ်သူ ဘုရားသခင်လောက်အောက်မေ့နေတာကိုး"

"ကားလ်ဝုဖ်ဟာ လူထူးလူဆန်းဗျ၊ ကျွန်တော်သိသလောက်တော့ ဘယ်သူမှသူနဲ့နီးနီးကပ်ကပ် အတွင်းကျကျ

ပေါင်းသင်းဆက်ဆံဖူးတဲ့လူမရှိဘူး။ ကျွန်တော်လည်း လက်လှမ်းမီသလောက် တီးခေါက်ကြည့်ပါတယ်။ ကမ္ဘာပေါ် ကြယ်တံခွန်ကျမယ်လို့

ပြောနိုင်တဲ့အထောက်အထားတော့ ဘယ်မှာမှ မတွေ့ရဘူးဗျ"

"သံအမတ်ကြီးရော သူ့အကြောင်းဘယ်လောက်သိထားသလဲခင်ဗျ"

"ဘာမှတော့သိပ်မသိပါဘူး၊ စီအိုင်အေ အစီရင်ခံစာတွေထဲ ဖော်ပြသလောက်ပဲသိတာပါ။ သူ့အဘိုးက ဂျာမနီက

ပြေးလာတယ်ဆိုတာရယ်၊ နာဇီအဆက်အနွယ်တွေဆိုတာရယ်၊ ခန့်မှန်းမရလောက်အောင် ချမ်းသာကြွယ်ဝတာရယ် ဒီလောက်ပါပဲ"

"သူတို့ မိသားစုအကြောင်းရော"

သံအမတ်ကြီးသည် မာတီနီတစ်ခွက်ကို မှာလိုက်ပြီး-

"ဒါလည်း ကောလာဟာလလောက်ပဲဗျ၊ ကျွန်တော်ရဲ့ အာဂျင်တိုင်းမိတ်ဆွေတစ်ချို့ပြောစကားအရတော့ အော့ဇဝစ်

လူသတ်သမားလို့နာမည်ကြီးခဲ့တဲ့ ဒေါက်တာဂျိုးဆက်မင်ဂလာဟာ ဝုဖ်မျိုးဆက်တည်ထောင်ဖို့ အရေးကြီးတဲ့နေရာ ကပါဝင်ခဲ့တယ်လို့ဆိုတယ်။

မျိုးရိုးဗီဇ သုတေသနလုပ်ငန်းကနေ—" သံအမတ်ကြီးသည် ဘေးဘီကို ကြည့်ပြီး အသံကို တိုးလျှက်-

"ဟစ်တလာရဲ့ ဖို့မျိုးရည်တွေကို ဝုဖ်အမျိုးသမီးတွေဆီ ထိုးသွင်းပြီး သန္ဓေအောင်စေတယ်လို့ဆိုကြတယ်"

"သံအမတ်ကြီးရော အဲဒီသတင်းတွေကို ယုံသလား"

"ကျွန်တော် မယုံချင်ဘူးဗျာ။ ဒါပေမဲ့—" သံအမတ်ကြီးဟွန်းသည် မာတီနီကို တစ်ကျိုက်စုပ်လိုက်သည်။

"ကျွန်တော်သံရုံးက ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးစတီဖ်မေလာက ကွန်ပျူတာပေါ်မှာ ဟစ်တလာ့ခါတ်ပုံနဲ့

ဝုဖ်မျိုးဆက်တွေရဲ့ခါတ်ပုံကို ခွဲခြမ်းစိတ်ဖြာပြတော့မှ မျက်လုံးနဲ့ဆံပင်အရောင်ကလွဲလို့ မျက်နှာတည်ဆောက်ပုံက အတော့်ကို

တူတာသွားတွေ့ရတယ်"

ပစ်သည် သူ၏လက်ကို သံအမတ်ကြီးကို ဆန့်ထုတ်ကမ်းပေးပြီး-

"ခုလို ကျွန်တော်တို့ကို ကူညီတဲ့အတွက်ရော၊ ကာကွယ်စောင့်ရှောက်ပေးတဲ့အတွက်ပါ သံအမတ်ကြီးကို ကျေးဇူးတင် လှပါတယ်ခင်ဗျာ၊

အထူးသဖြင့်တော့ ကားလ်ဝုဖ်နဲ့တွေ့ရအောင် ချက်ချင်းစီစဉ်ပေးနိုင်တဲ့အတွက်ပေါ့"

ဂျွန်ဟွန်းသည် ပစ်၏လက်ကို တင်းတင်းဆွဲညှစ်ရင်း-

"ဝုဖ်တွေ ဒီပွဲတက်ဖြစ်လို့ ကျွန်တော်တို့ ကံကောင်းသွားတာဗျ။ ဒါပေမဲ့လည်း ကျွန်တော်ကျေနပ်တယ်ဗျာ၊ အခုလို ပွဲကြီးပွဲကောင်းမျိုးကို

ကျွန်တော်တို့လို ပျားရည်နဲ့ဝမ်းချရတဲ့ သံတမန်တွေအဖို့ ဘယ်နည်းနဲ့မှ ဆင်နွှဲပိုင်ခွင့်မရှိဘူးလေ"

"သူပြောတဲ့အတိုင်းဆို ဟိုအချိန်ရောက်ဖို့ လေးရက်နဲ့ဆယ်နာရီပဲကျန်တော့တယ်ဆိုပဲ၊ မကြာခင် သူတို့တွေ သဘောပေါ်

တက်တော့မယ်ထင်တယ်"

ဂျွန်ဟွန်း မျက်လုံးပြူးသွား၏။

"ဘုရားရေ၊ တကယ်လားဗျ၊ နေဦး၊ ကျွန်တော်သိသလောက်တော့ ကားလ်ဝုဖ်ဟာ သဘက်ခါမှာ အန္တာတိကသွားဖို့ရှိတယ်။

သူတို့မိုင်းတွင်းအခြေအနေကို လေ့လာဖို့လို့ အတွင်းသတင်းတစ်ခုမှာတွေ့ရတယ်"

ပစ် မျက်မှောင်ကြုတ်သွား၏။

"ဒါစဉ်းစားစရာပဲ သံအမတ်ကြီး၊ ဒီပရောဂျက်ကို စီအိုင်အေက အတွင်းကျကျမသိဘူးဗျ၊ သံအမတ်ကြီး ဘယ်က

သိတယ်တော့မဆိုနိုင်ဘူး၊ ဒါပေမဲ့ စီအိုင်အေထက်တော့ အများကြီးသာတယ်"

ဂျွန်ဟွန်းသည် ပြုံးပြုံးကြီးလုပ်နေ၏။

ပစ်သည် တာကွီလာကော့တေးခွက်ထဲမှ ရေခဲတုံးကလေးများကို စိုက်ကြည့်ရင်းအတွေးနယ်ချဲ့နေ၏။ အန္တာတိကကို ဘာကိစ္စများ

ကားလ်ဝုဖ်ဟာအလောတကြီးသွားမှာပါလိမ့်။ အဲဒီကို သဘင်္ဘောက်ခါသွား၊ အသွားအပြန် နှစ်ရက်တော့ကြာမယ် ဆိုရင် သူပြောတဲ့

ကမ္ဘာ့ပျက်မယ့်နေ့ရောက်ပြီပေါ့၊ မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ တစ်ခုခု တော့အကြီးအကျယ် လွဲနေချေပြီ။

(၃၃)

နောက်တစ်နေ့တွင် ကံကြမ္မာအင်တာပရိုက်စ်၏ပွဲ့ကိုင်ရှင်များ၊ သို့တည်းမဟုတ် စတုတ္ထရိုက်မန်အင်ပါယာ၏ အနာဂါတ်

အရှင်သခင်များဖြစ်သည့် ဝုဖ်မိသားစု၏ ထိပ်တန်းစီမံခန့်ခွဲသူ (၂၇)ယောက်သည် ကံကြမ္မာအင်တာပရိုက်စ်၏ရုံးခန်း တစ်ခုဝယ်

စုဝေးတွေ့ဆုံခဲ့ကြ၏။ ပေလေးဆယ်ရှည်သော ပိတောက်သား ဘဲဥပုံအစည်းအဝေးစားပွဲကြီး၏ ထိပ်ပိန်ရုံတွင်တော့ အနက်ရောင် အက်စ်အက်စ်

ယူနီဖောင်းဝတ်ထားသော ကျေးဇူးရှင်ကြီး အူးရစ်ဝုဖ် ၏ ဆီဆေးပန်းချီ ကားကြီးကို တခမ်းတနားချိတ်ဆွဲထား၏။

မနက် ဆယ်နာရီ တိတိတွင် ဥက္ကဋ္ဌကြီး ကားလ်ဝုဖ်ကြွချီလာပြီး ထိပ်ဆုံးတွင်နေရာယူ၏။ သူ၏ ဘယ်ဖက်တွင် ဖခင် ဖြစ်သူ

မက်စ်ဝုဖ်၊ ညာဖက်တွင် ဘရူနိုဝုဖ်တို့ရှိကြ၏။ ကြည့်ရသည်မှာ ကားလ်ဝုဖ်သည် ပျော်ရွှင်တက်ကြွနေပုံပေါ်၏။ သူက စတင်၍ စကားပြော၏။

"ဒီနေ့ နောက်ဆုံးအစည်းအဝေးကို မစခင် ကျွန်တော့်အနေနဲ့ တာဝန်တွေအားလုံးကို အချိန်တိုအတွင်း ပြီးစီးအောင် ကိုယ်ကျိုး

အခန်းကဏ္ဍကနေ လုပ်ဆောင်ခဲ့ကြတဲ့ မိသားစုဝင်အားလုံးကို ဦးညွတ်ဂုဏ်ပြုပါတယ်"

အစည်းဝေးခန်းမတစ်ခုလုံး လက်ခုပ်သံများဖုံးလွှမ်းသွားသည်။

မက်စ်ဝုဖ်က ပြုံးရွှင်စွာဖြင့်-

"ဒီနေ့ဒီအချိန်ကစပြီး ငါတို့ရဲ့ ဘိုးဘေးတွေ မျှော်မှန်းခဲ့ကြတဲ့ စတုတ္ထနိုင်ငံတော်ကို ငါ့သားကြီး ကားလ်ဝုဖ်ရဲ့ ဦးဆောင်မှုနဲ့ ပီပီပြင်ပြင်

အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မယ်။ ခေါင်းဆောင်ကြီးရဲ့သွေးတွေ မင်းတို့သွေးကြောထဲမှာ စီးဆင်းနေသ၍ ဂျာမန်နိုင်ငံတော်

အစွန့်ရှည်မယ်ဆိုတာ အားလုံးမြဲမြဲမှတ်ထားကြပါ"

လက်ခုပ်သံများ ပိုမိုကျယ်လောင်စွာထွက်ပေါ်လာပြန်သည်။ မက်စ်ဝုဖ်မှ တစ်ပါးအားလုံးသည် တစ်ပုံစံတည်း၊

ချွတ်စွပ်နီးပါးရုပ်ဆင်းအင်္ဂါများ တူညီကြသည်မှာ တစိမ်းတယောက်အတွက်ဆိုလျှင် တကယ့် ထူးထွေသည့်အံ့ရာသော် ကိစ္စကြီးဖြစ်ပေလိမ့်မည်။

ကားလ်သည် ဘရူနိုဖက်သို့ လှည့်၍-

"ကျန်တဲ့မိသားစုဝင်တွေ အူးရစ်ဝုဖ်ပေါ်ရောက်ကြပြီလား"

ဘရူနိုဝုဖ်က ခေါင်းညိတ်၍-

"အားလုံးရောက်ကြပြီ ကားလ်"

"ထောက်ပံ့ရေး ပစ္စည်းတွေရော"

ဝေလ်ဟိန်းဝုဖ်သည် လက်ထောင်ပြလိုက်ပြီး-

"သဘော်လေးစီးလုံးမှာ စားနပ်ရိက္ခာအပြည့်တင်ပြီးပါပြီ။ ထောက်ပံ့ရေးပစ္စည်းနဲ့
လျှပ်စစ်ပစ္စည်းအားလုံးလည်း

အသင့်တပ်ဆင်ထားပြီးပါပြီ။ ကျွန်တော်တို့ပဲ ကျန်ပါတော့တယ်"

ကားလ်က ပြုံးလိုက်ပြန်ရင်း-

"ခင်ဗျားတို့ သွားနှင့်ကြပါ၊ ကျွန်တော်နောက်က လိုက်ခဲ့မယ်။ အိုကူမားပင်လယ်အော်မှာ
နောက်ဆုံးစီစဉ်စရာ ရှိတာစီစဉ်ဖို့

သွားရဦးမယ်"

"နောက်တော့မကျနဲ့နော် အကို၊ နောက်ကျနေရင် ကျွန်မတို့က အကိုကို မစောင့်ပဲ ထားပစ်ခဲ့မှာ"
အယ်လ်ဆီက ခပ်မြူးမြူးပြော၏။

ကားလ်က စိတ်ချပါ ဟုပြောလိုက်၏။

ရိုဆာဝုဖ်က လက်ထောင်ပြရင်း-

"နေဦး၊ ကျွန်မတစ်ခုမေးချင်လို့၊ ဟိုအမေရိကန် ပညာရှင်က အားမီးနီးစ်သင်္ကေတတွေ အားလုံးကို
ဘာသာပြန်ပြီး သွားသလား"

ကားလ်က ခေါင်းယမ်းရင်း-

"အဲဒါတစ်ခုတော့ တို့များရဲ့ ဆုံးရှုံးမှုပဲညီမရဲ့၊ ဒေါက်တာအိုကွန်းနဲလ်ဟာ သူလုပ်ခဲ့တဲ့အလုပ်မှန်သမျှ
အားလုံးယူသွားခဲ့တယ်၊

ခုအမေရိကန်က မျက်စေ့ဒေါက်ထောက်ကြည့်နေပြီဆိုတော့ သူ့ကိုပြန်ရဖို့မလွယ်တော့ဘူး၊ ဒါပေမဲ့
ခုမှတော့ကိစ္စမရှိတော့ပါဘူးလေ။

အချိန်ရောက်တော့မှာပဲ”

အယ်လ်ဘတ်ဝုဖ်ဆိုသည့် ဂေဟာဗေဒပညာရှင်က-

“အိုကွန်းနဲလ် ဘာသာပြန်နေတာ ကမ္ဘာပျက်ကပ်အပြီးဖြစ်ခဲ့တဲ့အကြောင်းတွေမဟုတ်လား၊ အဲဒါတွေကို ပြည့်ပြည့်စုံစုံ သိရရင်တော့

ပိုပြီးအကျိုးရှိမယ်ထင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကွန်ပျူတာခန့်မှန်းချက်တွေလည်း အားကိုးရမယ်လို့ ထင်ပါတယ်”

အယ်လ်ဆီက ဝင်ပြောပြန်၏။

“အဓိကအချက်က ကျွန်မတို့သဘော်တွေ ရေထဲရောက်ရင် လှိုင်းဒဏ်၊ ရေဒဏ်၊ လေဒဏ်ကို ခံနိုင်ဖို့ပဲ”

“ဒီအတွက်တော့ စိတ်ချ အယ်လ်ဆီ၊ တို့သဘော်တွေဟာ ဘယ်ဒဏ်ကိုမဆိုခံနိုင်အောင် အထပ်ထပ်အခါခါ စစ်ဆေးပြီးသား”

အင်ဂျင်နီယာ ဘရန့်ဝုဖ်က ဝင်ပြောလိုက်၏။

“စိတ်ချရတဲ့အချိန်ကျရင် ကျွန်မတို့ ကပ်ရမဲ့ကမ်းကို ရွေးထားပြီးပြီလား” မာရီယာဝုဖ်၏ အမေးကို အယ်လ်ဘတ်ဝုဖ်က-

“အဲဒီအတွက် သတင်းအချက်အလက်တွေစုနေတုန်းပဲ။ တကယ်ဖြစ်ပြီးတဲ့အချိန်နဲ့ တွက်ထားချက်ထားတာနဲ့ နည်းနည်း

လွဲနိုင်ခြေရှိနေလို့ မဆုံးဖြတ်ရသေးဘူး”

ကားလ်ဝုဖ်က-

“ဟုတ်တယ်။ ခုထိတွက်ထားပြီးသလောက်ဆိုရင် ဥရောပတစ်တိုက်လုံးနီးပါးရေလွှမ်းမယ်။ ဆာဟာရသဲကန္တာရဟာ

ပင်လယ်ပြင်ဖြစ်လာမယ်။ အမေရိကန်နဲ့ ကနေဒါဟာ ရေခဲပြင်ဖြစ်သွားမယ် ဆိုတော့ ကမ္ဘာသစ်အတွက် စောင့်ရဦးမှာ ပေါ့" ဟုဆိုလိုက်၏။

"သင်္ဘောပေါ်မှာ ဘယ်လောက်ကြာမယ်ထင်လဲ" ပညာရေး ပါရဂူ ဂါဒါဝုဗ်ကမေးလိုက်သည်။

ကားလ်က ခေါင်းခါပြလိုက်၏။ ခုထိသူ့မှာ ထိုမေးခွန်းအတွက်အဖြေမရှိ။

"အသက်ရှင်ကျန်နိုင်တဲ့ တောင်ပေါ်သားတွေအတွက် ဘယ်လိုစီမံထားလဲ" မာရီယာဝုဗ်က မေးလိုက်ပြန်သည်။

"အသက်ရှင်မဲ့လူက လက်တစ်ဆုပ်စာလောက်ရှိမှာပါ၊ သူတို့ထိုက်နဲ့ သူတို့ကံပေါ့" ဘရူနိုဝုဗ်က ဆိုလိုက်၏။

မက်စ်ဝုဗ်က-

"ဟုတ်တယ်ကွ၊ အဲဒီအချိန်ရောက်ရင် တို့စတုတ္ထအင်ပါယာကလွဲလို့ အသိဉာဏ်ရှိတဲ့ လူသားမျိုးနွယ် မျိုးတုံးသွားလောက်ပြီလေ။

သန့်စွမ်းသူသာရှင်သန်ရာဆိုတဲ့ ဒါဝင်ရဲ့သီအိုရီအတိုင်းပေါ့။ ခေါင်းဆောင်ကြီး ကနေ ဆင်းသက်တဲ့ အရှင်သခင်မျိုးနွယ်သာကျန်ရစ်ခဲ့ရတော့မယ်"

"ခဏလေး၊ ဦးလေး၊ ကျွန်တော်ပြောပါရစေ" ဖဲလစ်ဝုဗ်ဆိုသူက ထပြောလိုက်၏။

"သဘောတရားအရတော့ ကျွန်တော်တို့ဟာ ဟစ်တလာ့သွေးပါတယ်ဆိုတာမှန်ပါတယ်။ ခေါင်းဆောင်ကြီး ဟစ်တလာရဲ့ အမြင်နဲ့

စီမံခန့်ခွဲနိုင်စွမ်းကိုလည်း လေးစားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဘိုးဘေးလက်ထက်က နာဇီပါတီဝင်တွေမဟုတ်သလို အလကားနေရင်း

ဟေး-ဟစ်တလာ ထိုင်အော်နေမဲ့လူတွေလည်း မဟုတ်ဘူး၊ ကျွန်တော်တို့ဟာ လူသာမန်တွေထက် တစ်ဆင့်မြင့်တဲ့

မျိုးဆက်တစ်ဆက်ဖြစ်တဲ့အတွက် နာဇီခေတ်က ဒုစရိုက်မှုတွေ နဲ့ ခြစားမှု၊ အသုံးမကျမှုတွေကိုထားပစ်ခဲ့တော့မှာဖြစ်တယ်"

တစ်ချိန်လုံးငြိမ်နေသည့် အော်တိုဝုဗ်က-

"သိပ်ကောင်းတယ်။ ဖဲလစ်ပြောတာ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်နဲ့ ရပ်တည်ချက် အနှစ်ချုပ်ပါပဲ" ဟုပြောလိုက်၏။

အားလုံးငြိမ်သွားကြချိန်ဝယ် ကားလ်ဝုဖ်သည် လက်နှစ်ဖက်ကို ယှက်ရင်းနိဂုံးချုပ်စကားကို ဆိုလိုက်တော့သည်။

"နောက်နှစ်ဒီအချိန်ရောက်ရင် ကျွန်တော်တို့ သင်္ဘောပေါ်ကနေပြီး လူတစ်ယောက်မှမရှိမဲ့ သက်မဲ့ကမ္ဘာကို မြင်ရတော့မှာနော်၊ စိတ်ကူးနဲ့

စဉ်းစားကြည့်ရင်ကို အတော်စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စပဲ"

အတ္တလန်တစ် ရှာပုံတော် (၇၂)

(၃၄)

ဗျူနိုအေးရီးမြို့တော် အစွန်အဖျားရှိ ဂျော့ခ်နယူးဘာရီလေဆိပ်အတွင်းသို့ မည်သည့်အမှတ်တံဆိပ်မှ ရိုက်နှိပ် မထားသော အဖြူရောင်

အလုံပိတ် ထရပ်ကားငယ်တစ်စီးမောင်းနှင်ဝင်ရောက်လာပြီး ပစ္စည်းဂိုဒေါင်တစ်ခုအနီးတွင် ရပ်တန့်လိုက် သည်။

ထိုလေဆိပ်သည် အာဂျင်တီးနား ပြည်တွင်းလေကြောင်းလိုင်းများနှင့် ပါရာဂွေး၊ ချီလီနှင့် ဥရုဂွေးနိုင်ငံများသို့ သွားရောက်သော ပါချီပါချက်

လေယာဉ်ငယ်များသာ အတက်အဆင်း ပြုရာတွင် အသုံးပြု သောကြောင့် အသုံးလုံး အမှတ်တံဆိပ်ရိုက်နှိပ်ထားသော ဂျက်လေယာဉ်ငယ် တစ်စီး

ဆင်းသက် လာပြီး ထရပ်ကား ရပ်ထားရာဂိုဒေါင်သို့ ဦးတည် မောင်းနှင်သွားသည်ကို မည်သူတစ်ဦး တစ်ယောက် မျှ ဂရုစိုက် ကြည့်ရှုနေခြင်းမရှိ။

တောင်အမေရိကတိုက် နွေနေ့လည်ခင်း၏ ခြစ်ခြစ်တောက်ပူလောင်နေသည့် ကွန်ကရစ်လေယာဉ်ပြေးလမ်းပေါ်သို့ ဂျက် လေယာဉ်ပေါ်မှ

အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးဆင်းသက်လာသည်။ သူတို့ထရပ်ကားသို့ရောက်ရန် ပေသုံးဆယ်ခန့်အလိုတွင် ကားပေါ်မှ

လက်နက်အပြည့်အစုံတပ်ဆင်ထားသော အမေရိကန် မရိန်းတပ်သားလေးဦး ဆင်းလာပြီး အသင့်အနေအထားဖြင့် နေရာယူဝိုင်းရံလိုက်သည်။

မရိန်းတပ်ကြပ်ကြီးသည် လေယာဉ်ပေါ်မှဆင်းလာသော အောက်လွှတ်တော်အမတ် မစ္စလိုရန်စမစ်၊ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာ၊

ဟီရမ်ယယ်လင်္ဂါနှင့် အခြားအမျိုးသားတစ်ဦးတို့ကို ကားပေါ်သို့ပို့ဆောင်ပြီး ကားတံခါးကိုအသေအချာ ပိတ်လိုက်သည်။ ထရပ်ကားသည်

အတွင်းတွင်ဖိမ်ခံရုံးခန်းတစ်ခုပမာ အကြီးအကျယ်ပြင်ဆင်ထား၏။ တစ်ကမ္ဘာလုံးရှိ အမေရိကန်သံရုံးများအားလုံးတွင်

ထိုသို့သောအလားသဏ္ဍာန်တူ ထရပ်ကားများရှိ၏။ ၁၉၇၉ ခုနှစ်နိုဝင်ဘာလက အီရန်တွင်ဖြစ်ခဲ့သော အမေရိကန်သံရုံးတိုက်ခိုက်ခံရမှုနှင့်

ပြန်ပေးဆွဲမှုအပြီး အမေရိကန် သံရုံးဝန်ထမ်းများအား အလားတူဖြစ်ရပ်များဖြစ်ပွားခဲ့လျှင် သယ်ယူပို့ဆောင်ရန်အထူးတလည်ဖန်တီးထားသော

ကားမျိုးဖြစ်၏။

ပစ်သည် လိုရမ်ကို ဆီးကြိုပွေ့ဖက်လိုက်ပြီး-

"မင်းလိုက်လာမယ်လို့ မောင်မထင်ထားဘူး" ဟုပြောလိုက်၏။

ပက်ထရစ်ရှာသည် မနာလိုဝန်တိုမှုကြောင့် အောင့်ကနဲဖြစ်သွားသည်။ ကိုလိုရာဒိုမှ အောက်လွှတ်တော်အမတ်မင်း

သည်သူမထင်ထားသည်ထက် အများကြီးပိုမို ဆွဲဆောင်မှုရှိကြောင်းကိုတော့ ဝန်မခံပဲမနေနိုင်။

လိုရမ်က ပြုံးစစဖြင့်-

"ဗိုလ်ချုပ်ကြီးကလည်း လိုက်ခဲ့ဖို့ခေါ်တယ်၊ မျက်စိနောက်စရာ
သတင်းထောက်တွေလည်းမရှိဘူးဆိုတော့ မောင်နဲ့ တစ်နာရီ

လောက်တွေ့ရလည်းမနည်းဘူးဆိုပြီး လိုက်ခဲ့လိုက်တာလေ" ဟုပြန်ပြောလိုက်သည်။ သူသည်
ဂျီယိုဒီနီကို မြင်သောအခါ-

"အိုး၊ အယ်လ်၊ ရှင့်ကို မသေမပျောက် အကောင်းပကတိတွေ့ရတာ ဝမ်းသာလိုက်တာရှင်"
ဟုပြောလိုက်ပြန်၏။

အယ်လ်က လိုရမ့်ပါးနှစ်ဖက်ကို တရွှတ်ရွှတ်နမ်းရင်း-

"အလုပ်လုပ်နေတဲ့နေရာမှာ အစိုးရကိုယ်တိုင်ခုလိုလာအားပေးတာကို ချီးမြှောက်ရမကွ" ဟု ပစ်ကို
ကလိလေ၏။

ဆန်ဒက်ကာ၊ ယယ်လဂါနှင့် လူစိမ်းတို့ဝင်လာ၏။ ဆန်ဒက်ကာသည် သူ့သားတပည့်နှစ်ယောက်ကို
ခေါင်းညိတ်ပြပြီး ပတ်ထရစ်ရှာထံသို့

တန်းတန်းမတ်မတ်လျှောက်သွား၏။

"ဒေါက်တာ့ကို ခုလိုပြန်တွေ့ရလို့ ကျုပ်အင်မတန်ဝမ်းသာတယ်"

"ဗိုလ်ချုပ်ကြီးကို ကျွန်မတို့သားအမိက ကျေးဇူးတင်ရမှာပါရှင့်။ ကျွန်မတို့ကိုကယ်ဖို့ ဒတ်နဲ့ အယ်လ်ကို
လွှတ်လိုက် လို့လေ"

"တကယ်တော့ ကျုပ်ကမလွှတ်ဖူးဗျ၊ သူတို့သဘောနဲ့သူတို့သွားတာ"

ထို့နောက်ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာသည် ဒေါက်တာတီမိုသီ ဖရန့်နှင့်အားလုံးကို မိတ်ဆက်ပေး၏။

"ဒီလူက ကျုပ်ရဲ့ကျောင်းနေဖက် ရောင်းရင်းကြီးဗျ၊ အထက်တန်းကျောင်းတုန်းက ကျုပ်ကို
အယ်ဂျီဘြာယာ အောင်

အောင်သူကူညီခဲ့တာပေါ့၊ ကျုပ်ရေတပ်ထဲရောက်တော့ သူက သတ္တုတွင်းဖက်ရောက်သွားတယ်။
ပြီးတော့ စတန်းဖို့ဒ် တက္ကသိုလ်က နက္ခတဗေဒနဲ့

ပါရဂူဘွဲ့ရတယ်။ ခုတော့ အမေရိကန်အစိုးရရဲ့ ကွန်ပျူတာအထူးပြုလုပ်ချက်ဗျူဟာရုံး မှာ ညွှန်ကြားရေးမှူးလုပ်နေပါတယ်”

တီမိုသီသည် လူပုဂင်တိုဖြစ်၏။ သူမော့မကြည့်ရပဲ မျက်နှာချင်းဆိုင်စကားပြောနိုင်သူဆို၍ အရပ်ငါးပေ လေးလက်မ သာရှိသည့်

အယ်လ်ဂျီယိုဒီနို တစ်ယောက်သာရှိ၏။

သူတို့အားလုံးထိုင်လိုက်ကြပြီးနောက် သံရုံးဝန်ထမ်းများချပေးသော ကော်ဖီနှင့် ဆန်းဒဝစ်ချ်များကို စားသောက်ကြ၏။

ဆန်ဒက်ကာက ပဏာမ၊ အချီး၊ နိဒါန်းဘာမှ ခံမနေပဲ-

“ကွန်ဂရက်က ကံကြမ္မာအင်တာပရိုက်စ်အကြောင်း စုံစမ်းခိုင်းလို့ လိုရမ်ဒီရောက်လာတာ” ဟုတိုက်ရိုက် ဒဲ့ဒိုး ပြောချ လိုက်သည်။

လိုရမ်စမစ်က ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်။ ပြီးခဲ့တဲ့နှစ်ရက်အတွင်း ကံကြမ္မာအင်တာပရိုက်စ်ဟာ သူ့ပိုင်ဆိုင်မှုတွေအကုန်ချရောင်းပြီး ဘဏ်တွေ ထဲက

ငွေတွေအကုန်ထုတ်သွားတယ်။ ကျွန်မတို့ စတော့ဈေးကွက်တွေ သူ့ကြောင့်ကမောက်ကမ ဖြစ်ကုန်တယ်။ ဝုဖ် မိသားစုဝင်

နှစ်ရာလုံးလည်းအစအနပျောက်သွားတယ်။ တစ်သက်လုံး ကမ္ဘာပေါ်မှမရှိခဲ့ဘူးသလိုကို ခြေရာဖျောက် သွားတာ”

“အင်း- သူတို့ သင်္ဘောတွေပေါ် ရောက်နေရောပေ့ါ။ ဒါနဲ့ ကြယ်တံခွန်က တကယ်ပဲကမ္ဘာကို ဦးတည်လာနေသလား၊ မလာဘူးလား၊

ကျွန်တော်တို့ ဘာမှသေချာမသိရဘူး” ပစ်က တွေးတွေးဆဆပြောလိုက်သည်။

“အဲဒီကိစ္စကြောင့် ငါ တီမိုသီ ကိုမရရအောင်ခေါ်လာတာပေ့ါ”

ဆန်ဒက်ကာက ရှင်းပြလိုက်၏။

အခု တီမိုသီ ဖရန့်၏ အလှည့်ရောက်လာပြီဖြစ်၏။ သူက မှတ်စုစာအုပ်များကို ထုတ်လိုက်ပြီး လည်ချောင်းရှင်း လိုက်၏။

"အဲဒီကိစ္စကို ကျွန်တော်မဖြေခင် နောက်ကြောင်းနည်းနည်းပြန်ပါရစေ၊ ဒါမှ ဗုဗ်တို့ရဲ့အစီအမံတွေကို ခင်ဗျားတို့ သဘောပေါက်မယ်။

ခရစ်တော်မပေါ်ခင်နှစ်ပေါင်းခုနစ်ထောင်ကျော်က ကြယ်တံခွန်တစ်လုံး ကမ္ဘာကို ဝင်တိုက်ခဲ့ဖူး တယ်၊ ဒါက ပုံမှန်ဖြစ်စဉ်တော့မဟုတ်ဖူး၊

တစ်သက်မှတစ်ခါဆိုသလို ဖြစ်တတ်တဲ့အဖြစ်အပျက်တစ်ခု၊ ပုံမှန်ဆိုရင် တော့ နေ့တိုင်းကမ္ဘာပေါ်ကို လက်သီးဆုပ်လောက်ရှိတဲ့

ဥက္ကာခဲကလေးတွေ ကျလာလေ့ရှိတယ်။ နှစ်တစ်ရာကို တစ်ခါလောက်တော့ ဥက္ကာခဲကြီးကြီးမားမားကြွေကျလေ့ရှိတယ်။ ဥပမာ အရီဇိုနားမှာ

ကျလာတဲ့ ပေတစ်ရာ့ငါးဆယ် ရှိတဲ့ ဥက္ကာခဲကြီး၊ ၁၉၀၈ ခုနှစ်က ဆိုက်ဘေးရီးယားမှာ မိုင်ရှစ်ရာပါတ်လည်လောက် အပေါက်ကြီးဖြစ်သွားစေတဲ့

ဥက္ကာခဲကြီးလိုဟာမျိုးပေါ့။ အဲဒီထက်ကြီးတဲ့ ထားပါတော့- တစ်မိုင်ပါတ်လည်လောက် ရှိတဲ့ ဥက္ကာခဲကြီးတွေကတော့ နှစ်တစ်သန်းကို

တစ်ခါလောက်ကျလေ့ရှိတယ်။ ဒါကြီးတွေကျရင်တော့ မသက်သာဘူး၊ ခုကမ္ဘာပေါ်မှာရှိတဲ့ နျူလက်နက် အားလုံးဖောက်ခွဲလိုက်သလိုဖြစ်သွားမယ်။

အဲသလို ဥက္ကာခဲအကြီးစားကြီးတွေ နှစ်ထောင်ကျော်ကျော် လောက်ဟာ ကျွန်တော်တို့ကမ္ဘာဘေးကနေ ပုံမှန်ဖြတ်သန်းသွားကြလေ့ရှိတယ်"

"ဆရာ့စကားကြားရတာ စိတ်မသက်သာစရာပဲ" ပက်က ကြက်သီးထဟန်ဖြင့်ပြောလိုက်သည်။ သူတို့အဖြစ်က တီမိုသီ့

စကားနားထောင်မိမှ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး ဆိုသည့်အဖြစ်မျိုးဖြစ်နေ၏။

"နေဦးဗျ၊ မကြောက်ကြပါနဲ့ဦး၊ ဥက္ကာခဲကြောင့်ခင်ဗျားတို့ သေနိုင်ချေဟာ တစ်သက်လုံးမှာ အကြိမ် ၂၀၀၀၀ မှ တစ်ကြိမ်ပဲရှိပါတယ်။

သို့သော်လည်း ကျွန်တော်တို့ ကမ္ဘာသူ၊ ကမ္ဘာသားများရဲ့ ကံကြမ္မာမီးစာကုန်ဆီခန်းတဲ့ အဖြစ်မျိုးတွေလည်းရှိတတ်သေးတယ်"

ပစ်က ကော်ဖီကိုမော့ချလိုက်ပြီး-

"ခုလိုအဖြစ်မျိုးပေ့ါ ဆရာ"

တီမိုသီက ခေါင်းညိတ်ပြီးဆက်ပြော၏။

"နှစ်ပေါင်း သန်းတစ်ရာမှာ တစ်ကြိမ်လောက်တော့ ကြယ်တံခွန်လို့ခေါ်တဲ့ မဟာ့မဟာ ဥက္ကာခဲကြီးတွေ ကမ္ဘာကို ဝင်ဆောင့်လေ့ရှိတယ်။

အဲသလိုဖြစ်တိုင်းလည်း ကျွန်တော်တို့ကမ္ဘာဟာ ဆိုးဆိုးဝါးဝါးကို ထိခိုက်ပျက်စီးခဲ့ရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ့်ငါးသန်းက

ဒီလိုဖြစ်ရပ်ကြောင့် ကမ္ဘာပေါ်က ဒိုင်နိုဆောမျိုးနွယ်ကြီး မျိုးတုန်း ပျက်သုဉ်းခဲ့တယ်။အဲဒီတုန်းက ဝင်တိုက်မိတဲ့ဥက္ကာခဲဟာ

ခြောက်မိုင်ပါတ်လည်ရှိတယ်။ သူဆောင့်မိလို့ဖြစ်တဲ့ တွင်းနက်ကြီးက မိုင်တစ်သိန်းနှစ်သောင်းပါတ်လည်ကျယ်တယ်၊ ဒါပေမဲ့—"

"လွန်ခဲ့တဲ့နှစ်ပေါင်းကိုးထောင်က ဝင်တိုက်ခဲ့တဲ့ ကြယ်တံခွန်ဟာ သူ့ထက်ကြီးတယ်။ ခု ကနေဒါနိုင်ငံ ဟတ်ဆန် ပင်လယ်အော်ဒေသကို

အချင်းမိုင် ဆယ်မိုင်ပါတ်လည်ရှိတဲ့ ကြယ်တံခွန်ကြီးဝင်တိုက်ခဲ့တယ်။ သူ့ကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲဖြစ်ရပ်တွေကြောင့် ကမ္ဘာပေါ်က

သက်ရှိနဲ့အပင်အားလုံးရဲ့ ကိုးဆယ့်ကိုးရာခိုင်နှုန်း သေကြေပျက်စီးခဲ့တယ်။ ပထမအကြိမ်အပျက်အစီးထက် နှစ်ဆယ်ရာခိုင်နှုန်း

ပိုလာတဲ့သဘောပဲ"

လိုရမ်က စိတ်ဝင်စားစွာဖြင့်-

"နောက်ဆက်တွဲဖြစ်ရပ်ဆိုတာက ဘာတွေလဲဆရာ"

တီမိုသီက ရေတစ်ငုံသောက်လိုက်ပြီး-

"ဆယ်မိုင်ပါတ်လည်ရှိတဲ့အရာဝတ္ထုတစ်ခု၊ ကမ္ဘာပေါ်ရောက်တော့ မြေဆွဲအားကြောင့် အလေးချိန် ဘီလီယံတန်ပေါင်း များစွာရှိလာတဲ့

အဲဒီအရာဝတ္ထုဟာ တစ်နာရီကို မိုင်တစ်သိန်းသုံးသောင်းဆိုတဲ့အရှိန်နဲ့ ကမ္ဘာပေါ်ကိုကျရောက်ခဲ့တာလေ။ ကမ္ဘာကြီးဟာ

အတင်းအဓမ္မဆွဲယမ်းခံရတဲ့ ခေါင်းလောင်းလိုဖြစ်သွားခဲ့တယ်။ ကျွန်တော်ဒီဖြစ်ရပ်ကို ကွန်ပျူတာ အထူးပြုလုပ်ချက်သုံးပြီး

အသေးစိတ်ရှင်းပြလို့ရတယ်။"

"ဒါနဲ့ ဒီဟာက ကြယ်တံခွန်ဆိုတာ ဆရာဘယ်လိုလုပ်သိလဲ" ယယ်လဂါက မေးလိုက်သည်။

"ဥက္ကာခဲနဲ့ ကြယ်တံခွန် အများကြီး ကွာခြားမှုတွေရှိတယ်ဗျ။ ပါဝင်တဲ့ပစ္စည်းတွေရော၊ အရှိန်ရောပေါ့"

"ဒီလိုနဲ့ တိုက်မိကြရောဆိုပါတော့၊ ဘာတွေဆက်ဖြစ်ကုန်လဲ" ဆန်ဒက်ကာက မေးလိုက်ပြန်သည်။

"လိုရင်းပြောရရင် တောမီးအကြီးအကျယ်လောင်တယ်၊ အိုဇုံးလွှာပေါက်သွားတယ်၊ မုန်တိုင်းတွေ နေရာမလပ် ဖြစ်တယ်၊ ၁၄

လလောက်အောက်စီဂျင်ပြတ်သွားတယ်။ နေရာအားလုံးရေလွှမ်းသွားတယ်၊ မြေငလျှင် အကြီးအကျယ်လှုပ်တယ်၊ အဲဒါတွေက

သက်ရှိများသေကြေပျက်သုဉ်းရခြင်းရဲ့ အဓိကအကြောင်းရင်းပေါ့။ ဒါပေမဲ့ အဲ့အားသင့်ဖွယ်အသက်ရှင်ကျန်ရစ်ခဲ့ကြတဲ့ လက်တစ်ဆုပ်စာ

လူသားမျိုးနွယ်တွေရှိခဲ့ကြတယ်။ အဲသည်လူတွေကပဲ ကျွန်တော်တို့ရဲ့ ဘိုးဘေးဘီဘင်တွေ ဖြစ်ခဲ့ကြတာပေါ့"

"ဒီလိုနဲ့ပဲ ကပ်ဆိုးကြီးပြီးသွားခဲ့တာပေါ့" ဆန်ဒက်ကာက သက်ပြင်းချရင်းမေးလိုက်သည်။

တီမိုသီက ခေါင်းယမ်းပြရင်း-

"အဆိုးဆုံးအပိုင်းကျန်သေးတယ် သူငယ်ချင်းရဲ့။ရှေးရှေးတုန်းကတည်းက ကျွန်တော်တို့ သိပ္ပံပညာရှင်တွေဟာ ဒီကိစ္စကို

လေ့လာခဲ့ကြတယ်။ ကြယ်တံခွန်တွေ၊ ဥက္ကာခဲတွေနဲ့ ထိတွေ့မှုကြောင့် ကမ္ဘာ့ ဗဟိုချက်ကို ထိခိုက်စေနိုင်သ လား ဆိုတဲ့မေးခွန်းကို ဖြေနိုင်ဖို့ပေါ့"

အားလုံးသည် အသက်ပင်မရှူနိုင်ပဲ တီမိုသီ ဖရန့်၏ စကားကို စိတ်ပါဝင်စားစွာနားထောင်နေကြ၏။

"ချားလ်စ်ဟတ်ဘ်ဂွဒ် ဆိုတဲ့သိပ္ပံပညာရှင်တစ်ယောက်က ဒါနဲ့ပက်သက်လို့ သီအိုရီတစ်ခုထုတ်ခဲ့တယ်။ သူ့သီအိုရီ

ကဘာပြောလဲဆိုတော့ အကယ်၍ ကြယ်တံခွန်ဆောင့်မိတဲ့ဒဏ်ဟာ သိပ်ပြင်းထန်လွန်းလို့ ကမ္ဘာ့ဗဟိုချက် လှုပ်ခါသွား ခဲ့ရင် မိုင်နှစ်ဆယ်ကနေ

လေးဆယ်အထိပဲရှိတဲ့ မြေသားအပြင်လွှာဟာ ပြတ်ရွေ့တာ သို့မဟုတ် လည်ပါတ်လှုပ်ရှား တာဖြစ်သွားနိုင်တယ်။ ဒီအခါမှာ တိုက်ကြီးတွေ

နေရာရွေ့သွားမယ်။ ရာသီဥတု အပြင်းအထန်ဖောက်ပြန်မယ်တဲ့၊ ဒါကို ကမ္ဘာမြေလွှာရွေ့လျားခြင်းသီအိုရီလို့ နာမည်ပေးခဲ့တယ်။ ဘုရားပေးတဲ့

မြေကြီးဟာခိုင်မာတယ်ဆိုတဲ့ အယူ အဆနဲ့တော့ ပြောင်းပြန်ပေါ့။ ချားလ်စ်ဟတ်ဘ်ဂွဒ်လည်း အတော်ကဲ့ရဲ့ခံခဲ့ရတယ်။ နောက်ဆုံး အိုင်စတိုင်းက

သူ့သီအိုရီကို လက်မခံခင်အထိပေါ့"

"လွန်ခဲ့တဲ့နှစ်ကိုးထောင်ကဖြစ်ခဲ့တဲ့ ကမ္ဘာမြေလွှာရွေ့လျားခြင်းအကျိုးဆက်ဟာ အတော်ဆိုးခဲ့တယ်။ အချို့ တိုက်ကြီးတွေ၊

ကျွန်းတွေဟာ အီကွေတာနားရွေ့သွားခဲ့တယ်၊ တောင်နဲ့မြောက်ဝင်ရိုးစွန်းတွေဟာလည်သွားခဲ့တယ်။ ရေခဲတောင်တွေအရည်ပျော်ကုန်လို့

ပင်လယ်ရေမျက်နှာပြင် ပေလေးရာမြင့်တက်လာတယ်၊ မြောက်ဝင်ရိုးစွန်းဟာမူလရှိတဲ့ ကနေဒါလောက်ကနေ အာတိတ်ပင်လယ်ထဲ

ရောက်သွားခဲ့တယ်။ ဆိုက်ဘေးရီးယားဆိုတဲ့ အပူပိုင်းဒေသဟာ ချက်ချင်းရေခဲကုန်တယ်။ အန္တာတိကဟာလည်း တောင်ဖက်ကို

မိုင်နှစ်ထောင်လောက်ရွေ့သွားခဲ့တယ်။ အစစအရာရာ အသစ်ကပြန်စရတဲ့သဘောပေါ့။ ဒါပေမဲ့ကမ္ဘာ့ဝင်ရိုးမပြောင်းလဲဘူး၊ နေကို

ဗဟိုပြုလည်ပါတ်တဲ့ စနစ် မပြောင်းလဲဘူး၊ ကမ္ဘာ့မြေမျက်နှာသွင်ပြင်သာပြောင်းသွားခဲ့တယ်"

ဆန်ဒက်ကာက-

"ဟုတ်ပြီ သူငယ်ချင်း၊ နောက်ကြောင်းပြန်တာတွေ တော်လောက်ပြီ၊ ခုရှေ့ကြောင်းပြန်ကြစို့၊ လွန်ခဲ့တဲ့ နှစ်ကိုးထောင်

ကအားမီးနီးစ်တွေထားခဲ့တဲ့ ဟောကိန်း၊ ခုဝှဖ်မိသားစု အယုံကြီးယုံနေတဲ့ ဒုတိယကြယ်တံခွန်ကမ္ဘာကို ဝင်တိုက်မယ်ဆိုတဲ့ ကိစ္စဟာ မှန်သလား၊

မှားသလား" ဟု ဒွဲဒိုးမေးလိုက်သည်။

တီမိုသီ သည်နောက်ထပ်ကော်ဖီတစ်ခွက်ငှဲ၍ နှစ်ကျိုက် သုံးကျိုက်မော့လိုက်ပြီး-

"ကျွန်တော်တို့ ဥက္ကာခဲနဲ့ ကြယ်တံခွန်စောင့်ကြည့်သတိပေးစနစ်ကိုမနှစ်ကစပြီးတည်ထောင်ခဲ့တယ်။ ကမ္ဘာ့နေရာအသီးသီးမှာ

နက္ခတ်ကြည့်မှန်ပြောင်းနဲ့ တခြားပစ္စည်းကိရိယာအစုံအလင်ထားရှိပြီး ကမ္ဘာကို ချဉ်းကပ်လာတဲ့ အရာမှန်သမျှ စောင့်ကြည့်ခဲ့ကြတယ်"

ဇာတ်ရှိန်မြင့်လာပေပြီ၊ အားလုံးသည် ရင်တမမနားထောင်နေခဲ့ကြသည်။

"ခုထိတော့ ကမ္ဘာကိုချဉ်းကပ်လာတဲ့ ဥက္ကာခဲလေးဆယ်ကျော်တွေ့ထားပြီးပြီ။ ဒါပေမဲ့ ဝင်တိုက်မိဖို့တော့မရှိဘူး။ နက္ခတ်ပညာရှင်အားလုံး

တညီတညွတ်တည်းသဘောတူထားတာကတော့ အမှန်တကယ် အန္တရာယ်ရှိတဲ့ ကိစ္စကလွဲလို့ ဒီကိစ္စတွေကို လူထုကိုအသိမပေးဘူး၊

မလိုလားအပ်တဲ့ ကြောက်လန့်မှုတွေပေါ်ပေါက်မှာစိုးလို့ပဲ”

“ခု-ဒုတိယ ကြယ်တံခွန်ဆိုတာကရော” လိုရမ်က မေးလိုက်၏။

တီမိုသီ ဖရန့်ကအားလုံးကို ခြုံကြည့်လိုက်ပြီး-

“ခုထိ ဒုတိယ ကြယ်တံခွန်လာနေပြီဆိုတဲ့ကိစ္စရော၊ ကမ္ဘာကို ဝင်တိုက်မဲ့ကိစ္စရော ဘာမှမတွေ့ရသေးဘူးဗျ”

“ဘယ်လို၊ ဆရာ အသေးစိတ်ရှင်းပြပါဦး” ပစ်သည် တီမိုသီကို အံ့သြတကြီးပြန်မေးလိုက်၏။

“တကယ်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်က ကြယ်တံခွန်ဝင်တိုက်မိတဲ့ကိစ္စဟာ ဖြစ်တောင့်ဖြစ်ခဲကိစ္စဗျ၊ ကမ္ဘာကိုဝင်တိုက်တဲ့

ကြယ်တံခွန်နဲ့ မတိုက်မိပဲပြန်ထွက်သွားတဲ့ကြယ်တံခွန်ဟာလည်း တကယ်တော့အမြွှာမဟုတ်ဘူး၊ ဂြိုလ်တစ်ခုစီကနေ ပဲ့ကြွလာပြီး

ကမ္ဘာ့ပါတ်လမ်းကြောင်းကို တူတူဝင်လာမိတာပဲ။ တိုက်ဆိုင်မှုသက်သက်ပဲဗျ”

“ဒါဆို အဲဒီ အမြွှာလို့ခေါ်နေကြတဲ့ ဒုတိယကြယ်တံခွန်က ဘယ်တော့လာမှာလဲ”

တီမိုသီဖရန့်သည် ခဏမျှ ငြိမ်နေ၏။ သူသည် ကော်ဖီကို တစ်ကျိုက်ခြင်း အရသာခံသောက်လိုက်ပြီးမှ-

“ကျွန်တော်တို့ နက္ခတ္တပညာရှင်တွေ အားလုံးသဘောတူထားတာကတော့ အဲဒီကြယ်တံခွန်ဟာ နောက်ထပ်နှစ်ပေါင်း

တစ်ထောင်ကြာတဲ့အခါမှ ကမ္ဘာနဲ့မိုင်ရှစ်သိန်းအကွာကနေ ကမ္ဘာကိုကျော်ဖြတ်သွားလိမ့်မယ်ဆိုတာပါပဲ”

အတ္တလန်တစ် ရှာပုံတော် (၇၃)

(၃၅)

ဒေါက်တာ တီမိုသီဖရန့်၏ စကားအဆုံးတွင်အားလုံးသည် စကားမပြောနိုင်ပဲ အတွေးကိုယ်စီဖြင့်ငြိမ်သက်နေကြသည်။ ဒတ်ပစ်သည်

နက္ခတ္တဗေဒ ပညာရှင်ကြီးကို အကဲခတ်နေ၏။ ထိုသူသည် သူပြောသည့်စကားကို သူတာဝန်ယူ နိုင်ကြောင်း ပေါ်လွင်လွန်းလှသည်။

တီမိုသီက ဆက်၍-

"ခင်ဗျားတို့ ပြောပြောနေတဲ့ ဒုတိယကြယ်တံခွန်ဆိုတာ၊ သူ့နာမည်က ဘော်ဒဝင်တဲ့ဗျ၊ စတွေ့ခဲ့တဲ့ အပျော်တမ်းသမား တစ်ယောက်ရဲ့

နာမည်ပေ့ါ"

"အဲဒီ ဘော်ဒဝင်နဲ့ အားမီးနီးစ်မှတ်တမ်းထဲက ဒုတိယကြယ်တံခွန်ဟာ တူတူပဲဆိုတာ သေချာလားဆရာ" ပစ်က ထပ်မေးလိုက်၏။

"သိပ်သေချာတာပေ့ါ၊ မစ္စတာပစ်၊ ကျွန်တော်တို့တွက်တာ နှစ်ပေါင်းနှစ်ရာလောက် အပိုအလိုရှိနိုင်ပေမဲ့၊ ဒီထက်တော့မပိုဘူး၊

ဒီရက်ပိုင်းအတွင်း ကြယ်တံခွန်ဝင်တိုက်မယ်ဆိုတာ ရယ်စရာပဲ"

လိုရမ်သည် နှုတ်ခမ်းကို ကိုက်၍ စဉ်းစားနေသည်။

"ဆရာပြောတဲ့ ဒီသတင်းအချက်အလက်တွေဟာ ဝုဖ်လို လိုတရအဖွဲ့ဆီမှာလည်း ရှိမှာပဲ၊ ဒါဖြင့်သူတို့ဟာ ဒီမဖြစ် နိုင်တက်တဲ့ စွန့် ဘာဖြစ်လို့

ပိုင်ဆိုင်မှုအားလုံးရောင်းချပြီး သင်္ဘောပေါ်တက်နေကြတာလဲ၊ အဓိပ္ပါယ်တော့ သိပ်မရှိဘူး နော်။ ဒီလူတွေ ဒီလောက်မရူးဘူး၊ အလည်းမအဘူး"

"သူတို့မိသားစုတင်မကဘူးလိုရမ်၊ သူတို့ကို သစ္စာခံကြတဲ့ လူပေါင်း (၇၅၀၀၀) လဲပါသေးတယ်၊ ပြီးတော့ သူတို့အားလုံးဟာ ဒီဖြစ်ရပ်ကြီး

ဖြစ်ကိုဖြစ်မယ်လို့ အရူးအမူးယုံကြည်နေကြတယ်" အယ်လ်က ဖြည့်စွက်၍ ပြောလိုက် သည်။

"ဟုတ်တယ်ရှင့်၊ သူတို့ကို သူတို့ ခေတ်သစ် နောဇတွေလို့ အသေအချာယုံကြည်နေကြတယ်" ပက်ထရစ်ရှာကလည်း သူမ၏

အတွေ့အကြုံနှင့် အမြင်ကိုတင်ပြသည်။

ဆန်ဒက်ကာက ခေါင်းယမ်းလိုက်၏။

"ကျုပ်အဖို့တော့ ဒီကိစ္စဟာအတော်နားလည်ရခက်နေတယ်"

ပစ်က လက်ထောင်လိုက်ပြီး-

"ဝုဖ်တွေမှာ အကြောင်းရင်းတစ်ခုခုရှိကိုရှိရမယ်။ ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိသတ္တဝါမှန်သမျှ သေကြေပျက်သုဉ်း ပြီးသူတို့သာ

အသက်ရှင်ကျန်ရစ်ရမယ်ဆိုတဲ့အကြောင်း၊ ဘယ်သူမှ မသိနိုင်တဲ့အကြောင်းတစ်ခုခုပေါ့" ဟု စဉ်းစဉ်းစား စားပြောလိုက်၏။

ဒေါက်တာ တီမိုသီ ဖရန့်က ခေါင်းခါရင်း-

"တကယ်လို့ အဲသလိုအကြောင်းရှိခဲ့မယ်ဆိုရင်တောင် ကမ္ဘာမြေအပြင်ဖက်ကလာမဲ့ အကြောင်းတော့ လုံးဝ မဟုတ်ဘူးဗျ၊ အာကာသနဲ့

နက္ခတ်ဗေဒမှာ ကျွန်တော်တို့ထက်ပိုပြီး ဘယ်သူမှ မသိနိုင်ဘူး" ဟုအပြတ် ပြောလိုက်သည်။

"ဒါဆို တစ်ခြားနည်းနဲ့ ကမ္ဘာ့မြေလွှာကို ရွေ့လျားစေနိုင်သလား ဆရာ" ယယ်လင်္ဂါ၏ လက်တွေ့ကျသော မေးခွန်းကို ဒေါက်တာ

တီမိုသီက-

"ဖြစ်နိုင်တယ်။ ကမ္ဘာ့ဟန်ချက်ကို တိမ်းစောင်းစေမဲ့ ဖြစ်ရပ်တစ်ခုခုဖြစ်ခဲ့ရင်ပေါ့" ဟုဖြေလိုက်သည်။

"ဘယ်လိုဟာမျိုးလဲဆရာ"

"တောင်နဲ့ မြောက်ဝင်ရိုးစွန်းတစ်ခုခုက ရေခဲပြင်ကြီးကို ရွေ့အောင်လုပ်နိုင်မယ်ဆိုရင်ပေါ့"

ပစ် အရမ်းကို စိတ်ဝင်စားသွား၏။ ရေခဲပြင်ကိုရွေ့စေရင်————။

"ဘယ်လိုများလဲဆရာ"

"ဒီလိုဗျ၊ ကျွန်တော်တို့ကမ္ဘာဟာ အားလုံးသိကြတဲ့အတိုင်း ၂၃.၄ ဒီဂရီစောင်းပြီးဟန်ချက်ထိန်းကာ နေကိုလှည့်ပါတ်

နေတယ်မဟုတ်လား။ အဲသလို လှည့်ပါတ်နေရင်းက ကမ္ဘာဟာ မသိမသာလေးတုန်ခါနေတယ်ဗျ၊ အကယ်၍များ ကမ္ဘာ့ဟန်ချက်နှစ်ခုဖြစ်တဲ့

တောင်နဲ့မြောက်ဝင်ရိုးစွန်းတစ်ခုခုမှာ အလေးချိန်အလွန်အင်မတန်များလာခဲ့မယ်ဆိုရင် မသိမသာကနေသိသိသာသာ

အဆမတန်တုန်ခါလာပြီးတော့ ခုနကကြယ်တံခွန်ဝင်တိုက်သလို ကမ္ဘာ့မြေလွှာရွေ့လျားခြင်းဖြစ်တတ်တယ်။ တစ်ခုထူးဆန်းတာကတော့

အဲသလိုဖြစ်ရပ်မျိုးဟာ နှစ်ပေါင်း ခြောက်ထောင်ကနေ ရှစ်ထောင်ကြားမှာ တစ်ခါ အချိန်မှန်ဖြစ်လေ့ရှိတာပဲ"

ပစ်ခေါင်းထဲတွင် အတွေးတစ်ခု ဝင်းကနဲ လက်သွား၏။

"နောက်ဆုံးဖြစ်ခဲ့တာ ဘယ်တုန်းကလဲဆရာ"

"နောက်ဆုံးဖြစ်ခဲ့တာ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်က"

လူအားလုံး သူမျက်နှာကို ဝိုင်းကြည့်နေကြစဉ် ဒေါက်တာတီမိုသီက ခေါင်းညိတ်ပြလိုက်ပြီး-

"ဟုတ်ပါတယ်၊ အဲဒါက ကြယ်တံခွန်ဝင်တိုက်တာနဲ့ တစ်ချိန်တည်းဖြစ်ခဲ့တာပဲ" ဟု ပြောလိုက်လေတော့သည်။

"ဒါဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်က ကြယ်တံခွန်ဝင်တိုက်တာနဲ့ ကမ္ဘာ့ဟန်ချက်ရွေ့လျားတာဟာ တစ်ချိန်တည်းလိုလို

ဖြစ်ခဲ့တဲ့အတွက် ကမ္ဘာဟာ ပြဟ္မာ့တံခိုးနဲ့ နှစ်ဆတိုးပြီး ပျက်စီးခဲ့ရတာပေါ့" ပစ်က ပြောလိုက်သည်။ သူ တစ်ခုခုကို သတိရသွား၏။

"ဆရာပြောသလိုဆိုရင် ကမ္ဘာ့ဟန်ချက်ရွေ့ဖို့ဟာ အချိန်တောင်လွန်နေပြီပေါ့"

"ဟုတ်တယ်။ အချိန်လွန်နေပြီ။ ဒါကြောင့် ဖြစ်မယ်ဆိုရင် အချိန်မရွေးထဖြစ်နိုင်တယ်၊ ဖြစ်နိုင်ချေလည်း အရမ်းကိုများတယ်။

ဘာဖြစ်လို့လဲဆိုတော့ နဂိုကတည်းက အန္တာတိကရဲ့ရေခဲပြင်ဖြစ်နှုန်းက တပြေးညီမရှိဘူး၊ နှစ်စဉ်နှစ်တိုင်း ရေခဲတန်ချိန်

ဘီလီယံငါးထောင်လောက်ဟာ ရော့စ်ရေခဲပြင်ပေါ်မှာ ပုံလာတယ်။ ဒါကြောင့်လည်း ကမ္ဘာဟာ ပိုပိုပြီးတော့ တုန်ခါလာနေတယ်"

"ဘယ်လိုအချိန်မျိုးမှာ ဒီကိစ္စဖြစ်သွားနိုင်သလဲ"

"ရော့စ်ရေခဲပြင်ကြီးဟာ အန္တာတိကတိုက်ကနေ ရုတ်တရက်ကွဲထွက်သွားပြီး ပင်လယ်ထဲမျောသွားခဲ့ရင်ပေါ့။ အဲဒီအခါမှာ

တောင်ဝင်ရိုးစွန်းဟာ မြောက်ဖက်၊ မြောက်ဝင်ရိုးစွန်းဟာ တောင်ဖက်ကိုလည်သွားပြီး အားမီးနီးစ်တွေခံစားခဲ့ရသလို ဖြစ်ရပ်မျိုးတွေ

တသဝေမတိမ်းဖြစ်မှာပဲဗျ၊ တစ်ခုပဲရှိတယ်။ လွန်ခဲ့တဲ့ နှစ်ကိုးထောင်က တစ်ကမ္ဘာလုံးမှာ စုစုပေါင်းလူဦးရေတစ်သန်းပဲ ရှိတယ်။ ခု

သန်းခုနစ်ထောင်ဆိုတော့ သေကြေပျက်စီးမဲ့ ဦးရေဟာ စဉ်းစားသာ ကြည့်ကြပါတော့"

"ဘယ်လောက်အရှိန်နဲ့လဲ"

"ပင်လယ်ထဲကို သုံးဆယ့်ခြောက်နာရီအတွင်း မိုင်ခြောက်ဆယ်လောက်ရွေ့သွားခဲ့ရင်ပေါ့"

"တားနိုင်တဲ့နည်းလမ်းရှိသလား ဆရာ"

"နျူကလီးယားဗုံးအလုံးတစ်ထောင်လောက် တစ်ပြိုင်နက်ခွဲပစ်ပြီး ရေခဲတွေကိုချက်ချင်းအရည်ပျော်အောင် လုပ်နိုင်ရင်တော့

ဖြစ်နိုင်ဖွယ်ရှိတယ်။ ဒါကလည်းသီအိုရီသက်သက်ပါပဲ”

ပစ်က လိုရမ်ကို စိုက်ကြည့်ရင်း-

“ဝုဖ်တွေရဲ့ နာနီနည်းပညာစခန်းဟာ ရှော့စ်ရေခဲပြင်နဲ့ဘယ်လောက်ဝေးသလဲ”

“ဘယ်လောက်မှ မဝေးဘူး၊ အဲဒီ ရှော့စ်ရေခဲပြင်အစွန်းမှာပဲ၊ ဘာဖြစ်လို့လဲ”

ပစ်၏ မျက်လုံးအကြည့်ထဲမှ အဓိပ္ပါယ်ကို အားလုံးသဘောပေါက်သယောင် ခံစားလိုက်ကြရ၏။ ပစ်သည် ဒေါက်တာတီမိုသီကို

လှမ်းကြည့်လိုက်ပြီး-

“ရှော့စ်ရေခဲပြင်ဟာ ဘယ်လောက်ကျယ်သလဲ ဒေါက်တာ”

“ကျွန်တော်သိသလောက် ကမ္ဘာ့အကြီးဆုံးရေခဲပြင်ပဲဗျ၊ ဘယ်လောက်ကျယ်သလဲတော့ မသိဘူး”

“ခဏနေကြဦးဗျ”

ဟီရမ်ယယ်လဂါသည် သူ့ခရီးဆောင်ကွန်ပျူတာကိုထုတ်၍ အသုံးလုံးကွန်ရက်နှင့်ချိတ်ဆက်လိုက်၏။ များမကြာမီ လိုအပ်သော

သတင်းအချက်အလက်များရလာ၏။

“ရှော့စ်ရေခဲပြင်ရဲ့ထုထည်ဟာ စတုရန်းမိုင်ပေါင်း နှစ်သိန်းတစ်သောင်းရှိတယ်။ တက်စ်ဆက်ပြည်နယ်လောက်ပေါ့။ အရှည်က

မိုင်တစ်သောင်းလေးထောင်၊ ပေပေါင်း တစ်ထောင့်တစ်ရာကနေ နှစ်ထောင့်သုံးရာအထိထူတယ်၊ ဒါကတော့ အားလုံးသိထားရမယ့်

အခြေခံအချက်အလက်တွေပဲ၊ တခြားအသေးစိတ်အချက်အလက်တွေ သိချင်ရင်လည်းရသေးတယ်” ယယ်လဂါက အားလုံးကို ကြည့်ရင်း

ပြောလိုက်သည်။

ပစ်သည် သက်ပြင်းချလိုက်ပြီး-

"သက်သေသက္ကာရ အတိအကျမပြနိုင်သေးပေမဲ့ ဝုဖ်မျိုးဆက်သုံးဆက်လုံး အားသွန်ခွန်စိုက်လုပ်ဆောင်နေတာ အားလုံးဟာ

ရော့စ်ရေခဲပြင်ကိုခွဲပြီး ကမ္ဘာ့ဟန်ချက်တိမ်းစောင်းအောင်လုပ်ဖို့ပဲ"

အယ်လ်က ခေါင်းညိတ်ရင်း-

"ဂျစ်ဆော အရုပ်ကားဆက်သလို ခုတော့ ရုပ်လုံးပေါ်လာပြီပေါ့"

ပစ်က ဆက်ပြောလိုက်၏။

"ဟုတ်တယ်။ ဘယ်လိုနည်းလမ်းကိုပဲ သုံးရသုံးရ၊ ဝုဖ်တွေဟာ ရော့စ်ရေခဲပြင်ကို ရအောင်ခွာထုတ်လိမ့်မယ်။ ဒီလိုနဲ့

ကမ္ဘာ့ဟန်ချက်တိမ်းစောင်းသွားပြီး မြေလွှာတွေရွေ့လျားလို့ ဒုက္ခကပ်ကြီးဆိုက်တာကို သင်္ဘောလေးစီးပေါ်ကနေ ရှုစားတော်မူကြလိမ့်မယ်။

နောက်ဆုံးမှာ လူပေါင်းသန်းခုနစ်ထောင်ရဲ့ အလောင်းတွေပေါ်နင်းပြီး စတုတ္ထအင်ပါယာ ရဲ့အရှင်သခင်များအဖြစ်ခံယူကြမှာပေါ့"

ထရပ်ကားပေါ်မှ လူအားလုံးစကားမပြောနိုင်ကြတော့ပဲ ကြက်သေသေကုန်ကြ၏။ အလွန်အင်မတန် ယုတ်မာပက်စက် ရိုင်းစိုင်း

အောက်တန်းကျလှသော ကမ္ဘာ့ထိပ်ခေါင်တင် ရာဇဝတ်မှုကြီးကို သူတို့နဖူးတွေ့၊ ဒူးတွေ့ကြုံတွေ့နေရ ချေပြီ။

"ဗိုလ်ချုပ်ကြီး၊ သမ္မတ ကိုအကြောင်းကြားဖို့အချိန်တန်ပြီ" ပစ်က ဆန်ဒက်ကာကို ပြောလိုက်၏။

"ဟုတ်တယ်၊ ဆရာသမားမြန်မြန်လေးလုပ်ပါ"

ဟု အယ်လ်ကလည်း တိုက်တိုက်တွန်းတွန်းပြော၏။

ဆန်ဒက်ကာသည် လေပူကြီးမှုတ်ထုတ်လိုက်ပြီး-

"ငါ့အနေနဲ့ သမ္မတရုံးက သူ့အပါးတော်မြဲ ဂျီးဖလင်းကိုတော့ ဒီအကြောင်းပြောထားခဲ့ပြီးပြီ။ ကြည့်ရတာ တို့ဖက်က လုပ်နိုင်တာတွေကို

မြန်နိုင်သမျှ အမြန်ဆုံးလုပ်ရတော့မယ်နဲ့တူတယ်။ ဘာကြောင့်လဲဆိုတော့ ဝုဖ်မိသားစုရဲ့ မဟာအကြံအစည်ဆိုးကြီးကို အကောင်အထည်ဖော်ဖို့

အချိန်က သုံးရက်ပဲရှိတော့တယ် မဟုတ်လား"

အတ္တလန်တစ် ရှာပုံတော် (၇၅)

(၃၇)

အသုံးလုံး အထူးဂျက်လေယာဉ်ငယ်သည် တိမ်ထုထပ်လှသည့်ကြားမှ ရေခဲများဖုံးလွှမ်းနေသည့် လေယာဉ်ပြေးလမ်း

သို့အောင်မြင်စွာသက်ဆင်းနိုင်ခဲ့သည်။ ၁၉၂၈ ခုနှစ်ကတည်းက ဗိုလ်ချုပ်ဗျာ့ဒ်တည်ထောင်ခဲ့သော အန္တာတိကရှိ အမေရိကန်သုတေသနစခန်း

အမှတ်ငါးသည် ရော့စ်ရေခဲပြင်အစွန်း ကိုင်နန်ပင်လယ်အော်အနီးတွင်တည်ရှိ၏။

သုတေသန အဆောက်အဦးရှေ့တွင်ရပ်နေသော လူတစ်ဦးသည် သူ၏နေကာမျက်မှန်ကိုချွတ်လိုက်ပြီး လေယာဉ်ပေါ် မှဆင်းလာသော

ဒတ်ပစ်ကို ဆီးကြိုနှုတ်ဆက်လိုက်၏။

"ခင်ဗျားက မစ္စတာ ဒတ်ပစ်လား၊ မစ္စတာ အယ်လ်ဂျီယိုဒီနိုလား"

"ကျွန်တော်က ဒတ်ပစ်ပါ။ ခင်ဗျားက ဒီဌာနအကြီးအကဲ မစ္စတာဖရန့်ကက်ရှ် ဖြစ်မယ်ထင်တယ်"

ကက်ရှ်က ခေါင်းညိတ်ပြလိုက်ပြီး-

"ကျွန်တော်က ခင်ဗျားတို့ နောက်နှစ်နာရီလောက်ကြာမှရောက်မယ် ထင်နေတာ"

"ဟုတ်တယ်။ ကျွန်တော်တို့ အလျင်လိုနေလို့ မြန်မြန်မောင်းလာခဲ့ကြတာ"

ဂျီယိုဒီနိုက လေယာဉ်ပေါ်မှဆင်းလာပြီး-

"ကျွန်တော်တို့နဲ့ ပူးပေါင်းပါဝင်ပေးတဲ့အတွက် မစ္စတာကက်ရှ်ကို ကျေးဇူးတင်ပါတယ်။ ခုကိစ္စက အရေးပေါ်မို့လို့ပါ" ဟု ပြောလိုက်၏။

"ခင်ဗျားတို့အပေါ် သံသယဖြစ်စရာတော့မရှိပါဘူးဗျာ၊ ဒါပေမဲ့ အထက်ကတော့ ဘာမှညွှန်ကြားချက်ရမထားဘူးဗျ"

ဗိုလ်ချုပ်ကြီးဆန်ဒက်ကာသည် အန္တာတိကရှိ ဝုဗ်တို့၏ပရဂုဏ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် တိုက်ခိုက်ရေး

တပ်ဖွဲ့များအုံလိုက်ကျင်းလိုက်လွှတ်ရန်အတွက် သမ္မတ၏ခွင့်ပြုမိန့်ကိုတောင်းခံဆဲဖြစ်၏။ သို့သော် ဝါရှင်တန်ထက်စာလျှင်

ပစ်မှတ်နှင့်မိုင်ငါးထောင်ပိုနီးသော ဗျူနိုအေးရီးသို့ရောက်ရှိနေပြီးဖြစ်သည့် ပစ်နှင့်အယ်လ်က အခွင့်အရေးကို လက်လွှတ်မခံနိုင်၊ ဝုဗ်အကြောင်း

သူတို့ထက်ပိုသိသူ လောကမှာမရှိနိုင်။ ထို့ကြောင့်အားလုံးကို လက်တစ်လုံး ခြားလုပ်၍ အသုံးလုံး ဂျက်လေယာဉ်ကို အပိုင်စီးပြီးနှစ်ဦးသဘောတူ

ထွက်လာကြခြင်းဖြစ်သည်။ ခုထိတော့ သူတို့ရောက်ရှိနေရာစခန်းနှင့် မိုင်ခြောက်ဆယ်ခန့်ဝေးကွာသော ဝုဗ်ပရဂုဏ်အတွင်းသို့

ရေခဲပြင်ကြီးကိုကျော်လွှားပြီး သွားရောက်ရမည့်နည်းလမ်းကို နှစ်ဦးစလုံးမစဉ်းစားရသေး။

"ကဲဗျာ၊ ဘာပဲဖြစ်ဖြစ်၊ အထဲဝင်ကြ၊ တော်ကြာရေခဲဖုံးပြီး ကျောက်ရုပ်ဖြစ်သွားလိမ့်မယ်"

သုတေသနအဆောက်အဦးငယ်သည် မြေပေါ်တွင်ငါးပေသာ ထွက်ပေါ်လျက်ရှိ၏။ သို့သော်အတွင်းတွင် ခေတ်မီ

အိမ်ထောင်ပရိဘောဂပစ္စည်း အပြည့်အစုံရှိသော အခန်းကျယ်ကြီးများဖြင့်ဖွဲ့စည်းထား၏။ ကက်ရှ်သည် သူတို့နှစ်ဦးကို ထမင်းစားခန်းသို့

တန်းခေါ်သွားပြီး အငွေ့တထောင်းထောင်းထနေသော နေ့လ ညစာ နှင့်တည်ခင်းဧည့်ခံလေတော့၏။ ဒတ်ပစ်နှင့် အယ်လ်တို့သည် နှစ်ပေါင်းများစွာ

ငတ်ပြတ်လာသူများကဲ့သို့ အားမနာ လျှာမကျိုး အားရပါးရ ပါးဖြိနားဖြိ စားသောက်နေကြ၏။

"ကောင်းလိုက်တာဗျာ၊ အိမ်ကိုရောက်နေတဲ့အတိုင်းပဲ" စားသောက်ပြီးသည့်အခါ အယ်လ်ကချီးကျူး၏။

"အိမ်လို့ပြောရလောက်အောင် ဒီနေရာက အေးလွန်းသဗျ၊ ဒါတောင်ဒီနေ့ရာသီဥတုက အတော်နွေးတာ၊ အပူချိန်က ရေခဲမှတ်အောက်

၁၅ ဒီဂရီပဲရှိတယ်။ ဒါနဲ့ ခင်ဗျားတို့ အာဂျင်တီးနားကနေ ကျုပ်ဆီဆက်သွယ်ကြတုန်းက ရေခဲပြင်ကိုဖြတ်ပြီး ဟိုဖက်အိုကူးမားပင်လယ်အော်ကို

သွားချင်တယ်လို့ပြောခဲ့တယ်နော်၊ ဘယ်ကိုသွားကြမှာပဲ"

ကက်ရှ်၏ ပြောင်ကျသောမေးခွန်းကို ပစ်ကလည်းပြောင်ကျကျပင် ဖြေလိုက်၏။

"ကံကြမ္မာအင်တာပရိုက်စ်ရဲ့ သတ္တုတူးဖော်ရေးစခန်းကိုဗျ"

ကက်ရှ်က ခေါင်းယမ်းရင်း-

"ဒီလူတွေက အလွန်လျှို့ဝှက်တယ်ဗျ။ လုံခြုံရေးတွေလည်း တင်းကြမ်းပဲ။ သူတို့စခန်းနဲ့ ဆယ်မိုင်ပါတ်လည်အတွင်း ဘယ်သူမှ

အနားကပ်ခွင့်မရှိဘူး"

"ရပါတယ်ဗျ၊ ကျွန်တော်တို့က မိတ်ဟောင်းဆွေဟောင်းတွေပါ" အယ်လ်သည် ဗိုက်ပြည့်သွားသောအခါ အူရွှင်လာ၏။

"ထားပါတော့လေ။ ခင်ဗျားတို့ကို ဘာနဲ့ပို့ပေးရမလဲ။ ရဟတ်ယာဉ်တော့မရှိဘူးဗျ"

"နှင်းတောစီး တစ်ယောက်ထိုင် ကားလေးတွေရှိတယ်မဟုတ်လား"

"ခြောက်စီးရှိတယ်။ လေးစီးက သိပ္ပံပညာရှင်တွေယူသွားတယ်။ နောက်သုံးရက်နေမှ ပြန်ရောက်ကြမယ်။ နှစ်စီးက ပျက်နေတယ်။ ပြင်ဖို့

ပစ္စည်းမှာထားတုန်း"

"တခြားဘာမှ မရှိတော့ဘူးလား"

"နှင်းကော်တဲ့ ဘူဒိုဇာကြီးတော့ရှိတယ်"

"အမလေး၊ အဲဒါကြီးတော့မလုပ်ပါနဲ့၊ တခြားဟာ စဉ်းစားပါဦး"

ကက်ရှ်သည် သူတို့နှစ်ဦးကို စူးစိုက်ကြည့်လိုက်ပြီး-

"ခင်ဗျားတို့နှစ်ယောက် ဒီလောက်အလောတကြီးဖြစ်နေရအောင် သေရေးရှင်ရေးမို့လို့လား" ဟုမေးလိုက်၏။

အယ်လ်က-

"ဟုတ်တယ်ဗျ၊ တကယ့်ကို သေရေးရှင်ရေးကိစ္စပဲ၊ အသေးစိတ်တော့မသိချင်ပါနဲ့ဗျာ၊ ခင်ဗျားကို အလကားနေရင်း

စိတ်ဒုက္ခမရောက်စေချင်ဘူး"

ကက်ရှ်သည် ကော်ဖီသောက်ရင်း ခဏမျှစဉ်းစားသည်။ ထို့နောက်-

"ဒီစခန်းကို စတည်ထောင်ခဲ့တဲ့ ဗိုလ်ချုပ်ဗျာ့ဒ် အတွက် အထူးထုတ်လုပ်ခဲ့တဲ့ လေးဘီးယက် ခရူဇာကားကြီးနဲ့ ဆိုရင်တော့——"

"ဘယ်နှစ်ခုနှစ်ထုတ်ကားလဲ"

"၁၉၃၃ ခုနှစ်ထုတ်ဗျ၊ အလျား ငါးဆယ့်ခြောက်ပေ၊ အနံ ပေနှစ်ဆယ်၊ ရှိပြီး အချင်းဆယ်ပေ၊ ဖျက်သုံးပေရှိတဲ့ တာယာ

ရှစ်လုံးတပ်ထားတာ၊ ကိရိယာအပြည့်အစုံ တပ်ဆင်ပြီးရင်း ၃၇ တန်လေးတဲ့ ရောမကားကြီးဗျ"

ပစ်နှင့်အယ်လ်သည် အချင်းချင်း အပြန်အလှန်ကြည့်လိုက်ကြ၏။ ကက်ရှ်၏ ကားဋီကာက မပြီးသေး။

"ဒီကားကို ဝင်ရိုးစွန်းစူးစမ်းရှာဖွေသူ အင်ဂျင်နီယာ သောမတ်ပေါလ်တာက တောင်ဝင်ရိုးစွန်းခရီးအတွက် တီထွင် ထုတ်လုပ်ခဲ့တာဗျ။

ဒရိုင်ဘာခန်း၊ နောက်မှာ သီပွဲပညာရှင်တွေနေဖို့အခန်း၊ ဓါတ်ပုံဆေးခန်း၊ စတိုခန်းတွေအပြည့် အစုံထည့်သွင်းထားတယ်။ ဓါတ်ဆီသာ

လုံလောက်လို့ကတော့ မိုင်ငါးထောင်ခရီးကို မနားတမ်းသွားနိုင်တယ်။ ခေါင်မိုးပေါ်မှာ နှစ်ယောက်စီးလေယာဉ်လေး

တစ်စီးတင်နိုင်လောက်အောင်ကိုကြီးတာ”

“အင်ဂျင်ပါဝါဘယ်လောက်ရှိသလဲ” ကက်ရှ်၏ ကားကြီးကို အလွန်အမင်းစိတ်ဝင်စားနေပြီဖြစ်သော ပစ်က စိတ်အားထက်သန်စွာ

မေးလိုက်၏။

“မြင်းကောင်ရေ ၁၅၀ အားဒီဇယ်အင်ဂျင်နှစ်လုံးတပ်ထားတယ်။ ၇၅ ကောင်အား လျှပ်စစ်မော်တာလေးလုံးနဲ့ ချိတ် ဆက်ထားတယ်။

ဘီးတွေကိုရှေ့တိုးနောက်ငင် လုပ်ပြီးမြစ်ကိုတောင်ဖြတ်ကျော်နိုင်တယ်။ ဘီးတစ်လုံးချင်းစီကပဲ ပေါင်ခြောက်ထောင်အလေးချိန်ရှိတယ်”

“ကြိုက်ပြီ၊ ဘယ်မလဲ၊ ခင်ဗျားကား” အယ်လ်က ဖြတ်မေးလိုက်၏။

“ဒါပေမဲ့၊ ဒီကားကို ခင်ဗျားတို့ ရချင်မှရမယ်။ တကယ်လို့ရခဲ့မယ်ဆိုရင်တောင် ခင်ဗျားတို့သွားချင်တဲ့ မိုင်ခြောက်ဆယ် ခရီးကို

သွားနိုင်ချင်မှသွားနိုင်မယ်”

“ဟင်-ခုနက ခင်ဗျားပြောတော့ ဆီသာလုံလောက်ရင် မိုင်ငါးထောင်မရပ်မနားသွားနိုင်တယ်ဆို”

“ဟုတ်ပါတယ်။ ကျွန်တော်ပြောတာဆုံးအောင်နားထောင်ကြပါဦး။ သောမတ်ပေါလ်တာဟာ ဒီကားကိုဆင်ပြီးတဲ့ အခါ

ဒီစခန်းနဲ့သိပ်မဝေးတဲ့ သုတေသနစခန်းအမှတ်သုံး ဆီကိုသယ်ဆောင်လာခဲ့တယ်။ ပေါလ်တာဟာ တကယ့် အင်ဂျင်စက်အကြီးစားတွေကို

တပ်ထားပြီးတစ်ကားလုံး အပြစ်ပြောစရာမရှိလောက်အောင် အကောင်းဆုံးတီထွင်နိုင် ခဲ့ပေမဲ့ ဆင်ပြောင်ကြီး အမျိုးကျမှတစ်ဆိုသလို

ဂီယာအချို့ကို အတွက်မှားသွားခဲ့လို့ မြေပြင်ပေါ်မှာဆို သူ့ကို ပြိုင်နိုင်တဲ့ကား မရှိပေမဲ့ ရေခဲပြင်ပေါ်ရောက်တော့ ကားကြီးက တစ်နာရီ

မိုင်သုံးဆယ်လောက်ပဲ တရွေ့ရွေ့ သွားနိုင် တော့တယ်၊ ဒါနဲ့ပဲ စိတ်ပျက်လက်ပျက်နဲ့ ဒီအတိုင်းပစ်ထားလိုက်တာ နှစ်ပဋ္ဋိစေတ ကြာလာတော့

ကားကြီးလဲ နှင်းခဲတွေဖုံးပြီး ဘယ်သူမှ ဒီဟာကြီးကိုသတိမရကြတော့ဘူး"

အောင်မယ်လေး၊ သွားပါပြီ။ ပစ်နှင့်အယ်လ်သည် ကက်ရှ်၏မစားရအညှော်ခံဇာတ်လမ်းကို နားထောင်ပြီးပက်လက်

လန်မတတ်ဖြစ်သွား၏။

"ဆိုတော့အခု ရေခဲပြင်အောက်မှာပေါ့"

ကက်ရှ်က ပြုံး၍ ခေါင်းယမ်းလိုက်၏။

"မဟုတ်သေးဘူးဗျ၊ ချမ်းသာတဲ့သတ္တုတွင်းအင်ဂျင်နီယာတစ်ယောက်က ဒီစခန်းနဲ့နှစ်မိုင်အကွာမှာ ဒါကြီးကို ရေခဲထု

အောက်ကပြန်တွေ့ခဲ့တယ်။ သူ့အဖွဲ့က ပေသုံးဆယ်လောက်ရေခဲထဲနစ်နေတဲ့ ဒီကားကြီးကိုသုံးပါတ်လောက် ခက်ခက်ခဲခဲဖော်ယူပြီး

ပြင်စရာရှိတာတွေပြင်လိုက်ကြတာ၊ ခုမောင်းလို့တောင်ရနေပြီ။ သူတို့က ဒါကြီးကို အမေရိက ပြန်ပို့ပြီး ပြတိုက်လှူမလို့တဲ့"

မောင်မင်းကြီးသား ကက်ရှ်၏ ကားဇာတ်လမ်းကို နားထောင်ရသည်မှာ ရှီလာကိုစတာစီးရသလို သည်းထိပ်ရင်ဖို ရှိလှပါဘိ။

"ဒါဆို ဒီကားခုထိ ရှိသေးတာပေါ့၊ ကျွန်တော်တို့ ငှားလို့ရမလား"

"မေးလိုက်မယ်လေ။ ဘာခက်တာလိုက်လို့၊ ခင်ဗျားတို့မှာ အအေးဒဏ်ခံမဲ့ ဝတ်စုံတွေပါရဲ့လား"

"ပါပါတယ်။ လေယာဉ်ပေါ်မှာ"

"သွားယူပြီး ဝတ်ထားကြ၊ ကျွန်တော်တို့ နောက်နာရီဝက်နေရင် သွားကြမယ်"

"ဒါနဲ့နေပါဦး၊ အဲဒီကားရာတွေတဲ့ လူကနာမည်ဘာတဲ့လဲ"

ကက်ရှ်သည် ခဏမျှတွေပြီးစဉ်းစားနေ၏။ ပြီးမှ-

"ကျွန်တော်လည်း သေချာမသိဘူးဗျ၊ သူ့အဖွဲ့သားတွေကတော့ သူ့ကို အဖေကြီးလို့ခေါ်ကြတာပဲ"

ကက်ရှ်၏ ဦးဆောင်မှုဖြင့် သူတို့သုံးယောက်သည် ရေခဲပြင်ပေါ်တွင် တစ်နာရီမျှလမ်းလျှောက်ခဲ့ကြပြီးနောက် အပြာရောင်နှင့်

လိမ္မော်ရောင်ရှက်ဖျင်တဲစုများရှိရာနေရာသို့ရောက်လာကြ၏။ အပြာရောင်တဲကြီးအတွင်းသို့ ဝင်လျှင်ဝင်ချင်း ကက်ရှ် ငှီကာဖွဲ့ခဲ့သည့်

နင်းတောစီးခရူဇာကြီးကို နဖူးတွေဒူးတွေတွေလိုက်ကြရသည့် ပစန့် ငှ်အယ်လ် တို့မှာ အူးရစ်ဝုဖသ် ဘော်ကြီးကို စတင်မြင်လိုက်ရသကသို့့

ရင်သပ်ရှုမော အံ့သြဘနန်းဖြစ်ကြရပြန်၏။ တကယ့်ကားတကာ့ထိပ်ခေါင်၊ ကားဘီလူးကြီးဖြစ်၏။ ကားတစ်စီးလုံး အနီရောင်တောက်တောက်

ဆေးသုတ်ထားပြီး ဘေးတစ်ဖက်တစ် ချက်တွင် လိမ္မော်ရောင်လိုင်းစင်းများခြယ်သထား၏။

ကားကို ပြင်ဆင်နေကြသော သူများကို မီးခိုးရောင်ဆံပင်၊ မီးခိုးရောင်မုတ်ဆိတ်များပိုင်ရှင် အဖိုးကြီးတစ်ဦးက ညွှန်ကြား နေ၏။ ဧကန္တ

အဖေကြီးဆိုသူမှာ ဤငနဲကြီးပင်ဖြစ်ချိမ့်မည်။

အဖေကြီးသည် သူတို့သုံးဦးကိုတွေ့မြင်သွားပြီး ကက်ရှ်အားလက်လှမ်းပြလိုက်သည်။ ပြီးတော့အခန်းလေးတစ်ခန်းထဲ

ဦးဆောင်ခေါ်သွားခဲ့သည်။

"လာကြ၊ လာကြ၊ ဒီမှာတိတ်ဆိတ်တယ်" ကုလားထိုင်များပေါ်တွင် ထိုင်လိုက်ပြီးသောအခါ အဖေကြီးကပြောလိုက်၏။

"ဒါက အမျိုးသားအဏ္ဏဝါဗေဒအေဂျင်စီက ဒတ်ပစ်နဲ့ အယ်လ်ဂျီယိုဒီနိုပါ။ အလွန်အရေးကြီးတဲ့ ကိစ္စကြောင့် အရေးပေါ် ဒီကိုရောက်လာပြီး

အကူအညီတောင်းရတာပါ"

အဖိုးကြီးကပြုံးလိုက်ပြီး-

"ရပါတယ်။ ဒီမှာတော့ ကျုပ်ကို အဖေကြီးလို့ပဲခေါ်ကြတယ်။ မင်းတို့လည်းဒီလိုပဲခေါ်ကြပေါ့၊ ကျုပ်ဘာလုပ်ပေးရမလဲ"

ဒတ်ပစ်သည် အဖိုးကြီးကို စူးစိုက်ကြည့်ရင်း-

"အဖေကြီးကို ကျွန်တော်မြင်ဖူးသလိုပဲ" ဟုဆိုလိုက်၏။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ကျုပ်က ခြေထောက်မှာဖွေပါသဗျ" ဟု အဖိုးကြီးက ခပ်မြူးမြူးလေးဆိုလိုက်သည်။

"အဖေကြီး ခုပြင်နေတဲ့ ခရူဇာကြီးဟာ ရေခဲပြင်မှာမောင်းလို့ရပြီလား" ပစ်သည် လိုရင်းကိုပြောလိုက်၏။

"ဒါကြီးက အဲဒီအတွက်ရည်ရွယ်ပြီးလုပ်ထားခဲ့တာပဲ ငါ့သားရဲ့၊ ဒါပေမဲ့ ပြီးခဲ့တဲ့အပါတ်ကအထိ ဒီမေးခွန်းကို မေးခံခဲ့ရ ရင် ကျုပ်ကတော့

ဟင့်အင်းလို့ဖြေရမှာပဲ၊ ခုကျုပ် ဆယ့်ခြောက်ချက်ပါတဲ့ ဂီယာတစ်စုံထဲ့ပြီး အင်ဂျင်ကို သ လိုက်တဲ့ အခါကျတော့ သောမတ်ပေါလ်တာရည်ရွယ်တဲ့

အခြေအနေမျိုးရောက်သွားပြီလို့ပြောလို့ရတယ်။ မိုင်ငါးထောင်မရပ်မနားဆိုတဲ့ အခြေအနေပေါ့၊ နောက်တစ်နာရီနေရင် လက်တွေ့

စမ်းသပ်တော့မယ်”

“ကျွန်တော်တို့သိရသလောက်တော့ အဖေကြီးဟာ ဒီကားကြီးကို အမေရိက ပြန်ပို့မလို့ဆို” အယ်လ်က အဖိုးကြီးကို မေးလိုက်၏။

“ဟုတ်တယ်လေ၊ သင်္ဘောတောင်မှာထားပြီးပြီ၊ ဘာဖြစ်လို့လဲ”

“ကျွန်တော်တို့ ဒီကားကြီးကို နှစ်ရက်လောက်ငှားလို့ရမလား” ပစ်က ဒဲ့ဒိုးပြောချလိုက်၏။

အဖိုးကြီးသည် ရုတ်တရက်ကြောင်သွား၏။ ပြီးတော့ ကက်ရှ်ကို ကြည့်ရင်း-

“ဒီမှာ မောင်ရင်၊ ဒီသူငယ် ကျုပ်ကို လာနောက်နေတာလား”

ကက်ရှ်က ခေါင်းယမ်းပြရင်း-

“မနောက်ပါဘူးခင်ဗျာ၊ တကယ်ပြောနေတာပါ။ သူတို့ဟာ ကံကြမ္မာအင်တာပရိုက်စ်ရဲ့ သတ္တုထုတ်လုပ်ရေးစခန်းကို အရေးပေါ်သွားစရာ

ကိစ္စရှိနေလို့ပါ”

အဖေကြီးက သူ၏ ဝိုင်ဖန်ခွက်ကို ထပ်ဖြည့်ရင်း ပစ်ကို တစ်ချက်ကြည့်လိုက်၏။

“နေကြပါဦး၊ ကျုပ်အနေနဲ့ ဒီကားကြီးကို ရေခဲပြင်အောက်ကနေဆွဲထုတ်ပြီး ခုလိုအခြေအနေဖြစ်အောင် တစ်စစီ ပြန်ဆင်ထားရတဲ့

ကုန်ကျစရိတ်ကိုက ဒေါ်လာသုံးသိန်းကျော်ရှိတယ်။ အားလုံးလည်းပြီးလို့ သမိုင်းဝင်စက်ပစ္စည်းတစ်ခုကို ဝါရှင်တန်က စမစ်ဆိုနီယန်

ရှေးဟောင်းပြတိုက်ကိုပို့ပြီး ကိုယ်လုပ်ခဲ့တဲ့အလုပ်ကလေးကို တစိမ့်စိမ့်ဂုဏ်ယူမယ်ကြံနေတုန်း၊ ဘယ်ကမှန်းမသိတဲ့ သူစိမ်းနှစ်ယောက်က

ရေခဲပြင်အပျော်ခရီးအတွက် ကားလေးခဏငှားပါဦး ဆိုတော့ ကျုပ်က ဘာပြန်ပြောရမှာတုန်း”

ဟုတ်လည်းဟုတ်သည်။ သူတို့အခြေအနေက အဖိုးကြီးပြောလည်း ပြောချင်စရာဖြစ်နေ၏။

“ကျွန်တော်တို့ အပျော်ခရီးထွက်ဖို့မဟုတ်ပါဘူး အဖေကြီး၊ ပြောရရင် နည်းနည်းကြီးကျယ်သလိုဖြစ်မှာစိုးလို့ပါ။

တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ ဖြစ်ရပ်ဆိုးကြီးတစ်ခုမဖြစ်ပွားခင် အချိန်မှီတားလို့ရလိုရငြား ဒီခရီးကိုသွားကြမှာပါ" ပစ်သည်

လေးလေးနက်နက်ပြောလိုက်၏။

အယ်လ်က သူ့အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူ၍ စားပွဲပေါ်ချပြလိုက်သည်။

"ကျွန်တော်တို့ အဖေကြီးကို အခုဇာတ်လမ်းတစ်ပုဒ်ပြောပြတော့မယ်။ ဒီဇာတ်လမ်းဟာ ကျွန်တော်တို့နှစ်ယောက် စိတ်ကူးယဉ်ပြီး

ပေါက်တတ်ကရ ကလိမ်စေ့ငြမ်းဆင်ပြီးပြောတာမဟုတ်ဖူး၊ တကယ့်ဖြစ်ရပ်မှန်ဆိုတာကို ဒီစာအုပ်ထဲမှာပါတဲ့ ဖုန်းနံပါတ်တွေကို

ဆက်ပြီးမေးကြည့်ပါ။ အမေရိကနယ် မွတ၊ အိမ်ဖြူတော် လုံခြုံရေးမှူးချုပ်၊ ပင်တာဂွန်စစ်ဦးစီးမှူးချုပ်၊ အသုံးလုံးညွှန်ကြားရေးမှူးနဲ့

အောက်လွှတ်တော်ဥက္ကဌတို့က ကျွန်တော်တို့ဇာတ်လမ်း အမှန်တကယ်ဖြစ်ကြောင်း အဖေကြီးကို သက်သေခံပါလိမ့်မယ်"

အဖေကြီးသည် ဆောင်းတွင်းအိပ်မက် ဂယောက်ဂယက်မက်နေသလို ဇဝေဇဝါဖြစ်နေ၏။ လူသူမနီးသည့် အန္တာတိက

ရေခဲတောအလယ်တွင် ဒီသူငယ်နှစ်ယောက်မထော်မနမ်း ဘာတွေပြောနေပါလိမ့်ဟူသော မျက်နှာပေးဖြင့် အူကြောင် ကြောင်ဖြစ်နေရှာသည်။

ထို့နောက် ပစ်က ဇာတ်လမ်းကို စတင်ပြောပြပါလေတော့သည်။

နောက် တစ်နာရီခွဲအကြာတွင် ဖရန့်ကက်ရှ်၊ အဖေကြီးနှင့် သူ၏အဖွဲ့သားများသည် အနီရောင်ဘီလူးကြီးတစ်ကောင် ကဲ့သို့

ရေခဲပြင်ပေါ်တွင် တဝုန်းဝုန်းမောင်းထွက်သွားသော ခရူဇာကားကြီး၏ အိပ်ဇောမီးခိုးများကို ငေးကြည့်ရင်း လက်ပြကျန်ရစ်ခဲ့ကြရှာသည်။

ပစ်သည် အဝေးပြေးခရီးသည်တင်ကားကြီးများ၏ စတီယာတိုင်လက်ကိုင်ဘီးထက်ပင်ကြီးမားသော ခရူဇာ၏ စတီယာ တိုင်ကြီးကို

သတိထားကိုင်တွယ်ရင်း ရေခဲပြင်ပေါ်တွင်ကားကြီးကိုမောင်းနှင်နေသည်။ ဂျီယိုဒီနိုက ပစ်နောက်တွင်ရပ်လျှက် အန္တာတိက၏မြေပုံကြီးကို

စူးစူးစိုက်စိုက်လေ့လာနေ၏။ ပစ်က ကားမောင်းနေရင်းက-

"အဖေကြီးဆိုတဲ့ အဖိုးကြီးကိုတော့ကျေးဇူးတင်သကွာ၊ သူ့ကားကြီးကို ဘေးမသီ၊ ရန်မခပြန်ပို့နိုင်ပါစေလို့ပဲ ငါဆု တောင်းပါတယ်"

ဟုပြောလိုက်၏။

"တကယ်လို့ ပျက်စီးသွားတော့လည်း တို့အဖေကြီး ဆန်ဒက်ကာဆီကို ငွေတောင်းခံလွှာပို့ခိုင်းလိုက်ယုံပေါ့ကွ၊ ဒါကို အသာထားဦး၊

ခုတို့မှာ ဂျီပီအက်စ်လဲမပါဘူး၊ ရေဒါလည်းမရှိဘူး၊ ဘာကွန်ပျူတာစနစ်မှလည်းမရှိဘူး၊ မျက်လုံးပဲ အားကိုးပြီးသွားရမှာနော်"

"မျက်လုံးလောက်စိတ်ချရတဲ့ နည်းပညာဘယ်ရှိမလဲကွ၊ အခုတစ်နာရီမိုင်နှစ်ဆယ်နှုန်းဆိုတော့ တို့ခရီးစဥ်က အကြမ်းဖျင်း

သုံးနာရီလောက်တော့ကြာမယ်။ အမေရိကန်နိမ်နင်းရေးတပ်မလာခင် တို့အရင်ဆုံးရောက်မှဖြစ်မယ်။ တော်ကြာ ကားလ်ဝုဖ်က

မထူးဇာတ်ခင်းလိုက်ရင် အားလုံးဒုက္ခရောက်လိမ့်မယ်"

"ငါတော့ ရင်ထဲတစ်မျိုးကြီးပဲ ပစ်ရာ၊ သင်္ဘောပေါ်မှာတုန်းကလို့ တို့ကံမကောင်းလောက်ဖူးထင်တယ်"

"ကံကောင်းမှဖြစ်မယ် သူငယ်ချင်း။ တို့ကံမကောင်းရင် လူတွေအများကြီးဒုက္ခရောက်ကြရလိမ့်မယ်"

အတ္တလန်တစ် ရှာပုံတော် (၇၆)

(၃၈)

ဖွေးဆွတ်နေသော အိပ်ယာခင်းပေါ်တွင် သွေးဝနေသောအနီရောင်ကြမ်းပိုးတစ်ကောင်
တရွေ့ရွေ့သွားနေသလို

ပြာလဲ့သောကောင်းကင်အောက်ရှိ အဆုံးအစမဲ့သော ရေခဲပြင်ကြီးပေါ်ဝယ် နီရဲတောက်ပလှသည့်
ခရူဇာကားကြီးသည်

ပေါက်ကွဲအားကြီးမားလှသည့် ရောမဒီဇယ်အင်ဂျင်များမှ ထုတ်လွှတ်သည့် ပြာလဲ့လဲ့ အခိုးအငွေ့မှုန့်
များကို အိတ်ဇောပိုက်များမှတဆင့် မှုတ်ထုတ်ရင်း

မနားတမ်းခရီးနှင်နေသည်။ အလွန်ကြီးမားလှသော ဘီးလုံးကြီးများသည် ရေခဲပြင်ကို နင်းခြေလျှက်
အားနှင့်မာန်နှင့် ခရီးနှင်နေသော ခရူဇာကိုသာ

တီထွင်ထုတ်လုပ်သူ သောမတ်ပေါလ်တာနှင့် အဖွဲ့တွေမြင်နိုင်စွမ်းရှိခဲ့ကြလျှင်
ပီတီသောမနဖြစ်ကြမည်မှာ ဧကန်အမှန်။

ပစ်သည် ခရူဇာကားကြီး တည့်တည့်မတ်မတ် ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်စေရန် အလို့ငှာ
ရောမစတီယာတိုင်ကြီးကို

လက်အံသေမတတ်ထိန်းချုပ်ထားရသည်။ ပိုလာရှိုက်ဇ် နေကာမျက်မှန်ကိုလည်း
မချွတ်တမ်းတပ်ဆင်ထားရ၏။ ဤနေရာ ဤဒေသများ၌

ခရမ်းလွန်ရောင်ခြည်ဒဏ်ကြောင့် မျက်လုံးထိခိုက်တတ်၏။ ကံမကောင်းလျှင်
ကန်းတောင်သွားနိုင်သည်။

ကားထဲတွင် အပူပေးစနစ်ကောင်းစွာအလုပ်လုပ်သဖြင့် နွေးနွေးထွေးထွေးရှိလှ၏။ သို့သော်လည်း
အန္တာတိကဆိုသည်က

မမြင်ရသည့်အန္တရာယ်များနှင့် အမြဲပြည့်နက်နေသည့်နေရာ။ ရာသီဥတုကလည်း
ခုတစ်မျိုးတော်ကြာတစ်မျိုး၊ ဘယ်တော့မှ အစိုးမရ။

အခုလောလောဆယ် ပစ်၏ရည်ရွယ်ချက်မှာ ဂုဖ်တို့၏သတ္တုစခန်း သို့တည်းမဟုတ်
မဟာအကြံအစည်ဆိုးတို့၏ မူလဘူတ

ရေသောက်မြစ် သို့တည်းမဟုတ် လူသားတို့ ပြုလုပ်ဖန်တီး လတ္တံ့ဆဲဆဲသော ကမ္ဘာ့ဖျက်ကပ်၏မြစ်ဖျားခံရာဒေသသို့ မြန်နိုင်သမျှ

အမြန်ဆုံးရောက်ဖို့ပင်ဖြစ်သည်။ ဂျီပီအက်စ်ကလည်းမရှိ၊ လမ်းညွှန်ကွန်ပျူတာစနစ်လည်း နတ္ထိ၊ အန္တာတိကတွင် မည်သည့်စစ်ပွဲမှ

ဖြစ်နိုင်ချေမရှိဟုယူဆသောကြောင့် မည်သည့်တိုင်းပြည်ကမှသူလျှိုဒလန်ဂြိုလ်တု များလည်းလွှတ်တင်မထားသောကြောင့်

ကောင်းကင်ဓါတ်ပုံဆိုတာလည်း စိတ်မှန်းဖြင့်တောင်မရနိုင်သဖြင့် မဟာလူသား၏ ကိုယ်စွမ်းကိုယ်စများကိုသာ ဆံမွှေးဖျားမှသည်

ခြေသည်းကြားအထိ အစွမ်းကုန်ထုတ်သုံးနေရတော့သည်။

ပစ်သည် အခုထက်ထိမြေပုံကို ကြည့်နေဆဲဖြစ်သော အယ်လ့်ကို-

"ကျွန်တော်မျိုးသွားရမဲ့နေရာကလေး အမိန့်ရှိတော်မူပါဦး သခင်ကြီး" ဟု ရွဲ့ပြောလိုက်၏။

"ဟိုမှာ မြင်နေရတဲ့အမြင့်ဆုံးတောင်တန်းကြီးတွေကို မျက်နှာမူပြီးမောင်မင်းတည့်တည့်သွားပါလေ။ အိမ်း- စိတ်ထဲမှာ

အထူးသတိချပ်ဖို့ကတော့ ပင်လယ်ကို မောင်မင်းရဲ့ဘယ်ဖက်မှာပဲအမြဲတမ်း ရှိနေပါစေ" တဲ့။

"အဲသလိုသွားရင်းနဲ့ မျက်စိနဲ့မမြင်ရတဲ့ ရေခဲပေါက်ကြီးတွေထဲကျွံကြသွားရင် နင်ရောငါပါ မာလကီယားမှာနော်"

"ဒီကားက တော်ရုံရေခဲပေါက်လောက်ကိုတော့ ကျော်နိုင်တယ်လို့ နင့်အဖေကြီးက ပြောလိုက်တယ်မဟုတ်လား၊ တကယ်လို့

ကံဆိုးမိုးမှောင်ကျပြီး တွင်းပေါက်ထဲပြုတ်ကျသွားတော့လည်း မင်းနဲ့ငါဟာ အမေရိကန်ခလေးငယ်တွေရဲ့ အိပ်ယာဝင်ပုံပြင်ထဲက

လူစွမ်းကောင်းတွေ ဖြစ်ကရောပေါ့"

ပစ်ကထူထဲလှသော ကားလေကာမှန်မှတဆင့် အပြင်ကိုကြည့်ရင်း-

"ညနေစောင်းပြီကွ၊ နည်းနည်းတောင်မှောင်လာသလိုပဲ၊ ခုတစ်နာရီ နှစ်ဆယ့်တစ်မိုင်နှုန်း ခရီးပေါက်နေတော့ တို့နောက်ထပ်

နှစ်နာရီအတွင်းပစ်မှတ်ကို ရောက်မယ်ထင်တယ်"

သူတို့ရောက်ကိုရောက်ကြမှ ဖြစ်ပါလိမ့်မည်။ ခုထိ ဘယ်သောင်ဘယ်ကမ်းကပ်နေမှန်းမသိရသေးသော အမေရိကန်

အထူးနိမ်နင်းရေးတပ်ဖွဲ့ကြီး ပေါ်မလာ အတော်ကြာဇာတ်ခင်းသွားပါက ဝုဖ်မိသားစု၏ စတုတ္ထအင်ပါယာဇာတ်ပွဲ ကိုပျက်အောင်ဖျက်နိုင်မည့်သူက

သူတို့နှစ်ယောက်သာဖြစ်ချိမ့်မည်။ သို့သော်လည်း ပစ်အနေဖြင့် သိပ်ကြီးတော့အကောင်းမြင်မထားမိပါ။ ရှေ့ခရီးမှာ အခက်အခဲ

အတားအဆီးများက အနမတဂ္ဂ ရှိနေသေး၏။ ခုလောလောဆယ် ပစ်အကြောက်ဆုံး မှာ အပေါ်ရံတင်းနေသော ရေခဲလွှာပါးပါးလေးများအောက်မှ

ရေခဲတွင်း၊ ရေခဲပေါက်ကြီးများဖြစ်၏။ ထိုအပေါက်ကြီးများကို ဘာထောက်လှမ်းရေးပစ္စည်းကိရိယာနှင့်မှ ကြိုတင်သိမြင်ခြင်းငှာ

မစွမ်းသာသည့်အတွက် မျက်လုံး နှစ်လုံးကိုသာ အစွမ်းကုန် ပြူးဖြဲထားရလေသည်။

ပစ်စိုးရိမ်သည့် ရေခဲပေါက်လေးငါးပေါက်ခန့်ကို လမ်းခရီးတွင်တွေ့ရသော်လည်း သတိကြီးစွာထားနေသောကြောင့်

ကြိုတင်ရှောင်ရှားလိုက်နိုင်သည်။ တစ်ကြိမ်မှာတော့ အတွေ့နောက်ကျသဖြင့် ဘရိတ်ကမန်းကတန်းအုပ်လိုက်ရာ ရေခဲပေါက်၏

နှုတ်ခမ်းစွန်းရောက်မှ ရပ်တန့်လိုက်နိုင်သည်။ ထိုဖြစ်ရပ်ကြောင့် ကျောရိုးတစ်လျှောက်စိမ့်တက်လာမှုကို ဖော်ပြရန် ပစ်သည် စကားလုံးရှာမရခဲ့။

ကားအမြန်နှုန်းသည် တစ်နာရီလျှင် (၂၄) မိုင်နှုန်းအထိတက်လာ၏။ ပစ်သည် ဤကဲ့သို့ အကျပ်အတည်းနှင့်တွေ့နေချိန်ဝယ်

အယ်လ်သည် အင်ဂျင်ခန်းထဲ၌ ရောမဒီဇယ်အင်ဂျင်ကြီး နှစ်လုံးနှင့်နာခေါင်းကျည်ပွေ့တွေ့နေ၏။ အဖေကြီးနှင့်အဖွဲ့

မည်မျှပင်ကြိုးစားပန်းစားပြင်ဆင်ထားစေကာမူ ဤတစ်ကြိမ်တွင်မှ တကယ့်ရေခဲပြင်ပေါ်တွင် နဖူးတွေ့ဒူးတွေ့ ပွဲကြီးပွဲကောင်းနွှဲရသော ကားကြီးမှာ

ဆီအလိုက်မမှန်သေး။ ထို့ကြောင့် တတ်သမျှ မှတ်သမျှ အစွမ်းကုန်ကြံ နေရ၏။

ရှေ့တွင်တမျှော်တခေါ်မြင်နေရသော ရေခဲကန္တာရကြီးမှာ ခုနေခါငြိမ်သက်နေသော်လည်း ဘာကိုမှအစိုးမရသည့် ဝင်ရိုးစွန်း

ရာသီဥတုသည် သူတို့ကို တစ်မျိုးမျိုးတော့မရိုးရအောင် နှိပ်စက်လိမ့်ဦးမည်ဟု ပစ်စိတ်ထဲထင်နေမိသည်။ ပစ်သည်

ကားကိုဘရိတ်ဆောင့်နင်းလိုက်သည်။ ရှေ့ပေတစ်ရာခန့်အကွာတွင် ရေခဲပေါက်တစ်ခုတွေ့လိုက်ရ၍ဖြစ် သည်။

ပစ်သည် ကားတံခါးကိုဖွင့်၍ လေှကားမှတစ်ဆင့် အောက်သို့ဆင်းသွားပြီး ရေခဲပေါက်ကိုသွားကြည့်၏။ ရေခဲပေါက် က

အချင်းပေနှစ်ဆယ်ခန့်ရှိသော တကယ့်ရောမကြီးဖြစ်၏။ ပစ်သည်ကားဆီသို့ပြန်လာပြီး အဖေကြီးထည့်ပေးလိုက်သော ခရူဇကား၏

ရေခဲပေါက်ကျော်လွှားမောင်းနှင်နည်း နိဿသရည်းစာအုပ်ကို ဖတ်နေ၏။ အယ်လ်က အင်ဂျင်ခန်း ထဲမှတက်လာပြီး-

"ဘာဖြစ်လို့လဲ" ဟုမေးလိုက်သည်။

ပစ်က ရေခဲပေါက်ကြီးကို မေးငေါ့ပြလိုက်သည်။ ပြီးတော့ ကားကို လီဗာတင်လိုက်လေသည်။

အတ္တလန်တစ် ရှာပုံတော် (၇၇)

ခရူဇာကား၏ ရှေ့ဘီးလေးလုံးသည် ကားအတွင်းသို့ဝင်ရောက်သွားခဲ့သည်။ ကားကြီးသည် ရေခဲပေါက်အတွင်းသို့ ရှေ့ဘီးများမရှိသဖြင့်

ဦးဖြင့်ထိုး၍ လျှောကနဲဆင်းလိုက်သည်။ နောက်ဘီးများက ကား၏အလေးချိန်ကို ကျားကန်ထား ကြသည်။ ဤသို့ဖြင့် တရွေ့ရွေ့သွားနေပြီး

ရေခဲပေါက်၏ တစ်ဖက်နှုတ်ခမ်းစွန်းအရောက် ရှေ့ဘီးများပြန်ထွက်လာပြီး နောက်ဘီးများက အထဲဝင်သွားသည်။ ရှေ့ဘီးများ၏ ယက်အားဖြင့်

ရေခဲပေါက်တွင်းမှ လမ်းပေါ်သို့အောင်မြင်စွာ ပြန်တက်လိုက်နိုင်သည်။

ပစ်နှင့်အယ်လ်သည် ဝမ်းသာအားရဖြစ်နေကြ၏။ ဤရေခဲပေါက်ကျော်ဖြတ်နည်းပညာကို မစမ်းသပ်မိသဖြင့် အရင် တွေ့ခဲ့သည့်

ရေခဲပေါက်များကို ကွေ့ပါတ်ကျော်ဖြတ်၍ မူလလမ်းကြောင်းပေါ်ပြန်တက်ရသည်မှာ အချိန်ကုန်လှ ဘိခြင်း။

အယ်လ်သည် အူမြူးနေရာမှ စတီယာရင်အရှေ့မှ ဒိုင်ခွက်များကိုကြည့်၍ ရုတ်တရက်မျက်နှာတည်သွားသည်။ သူက ပစ်ကို-

"အင်ဂျင်တွေအပူလွန်နေပြီကွ" ဟုပြောလိုက်သည်။

ပစ်ကြောင်သွား၏။ ရေခဲမှတ်အောက် နှစ်ဆယ်ဒီဂရီ ဤရာသီဥတုတွင် မောင်းမင်းကြီးသားအင်ဂျင်များက ဘောက်မဲ့ကြောင့်

အပူလွန်ရပါသနည်း။ အယ်လ်က တစ်ဆက်တည်းရှင်းပြလိုက်၏။

"ကားအင်ဂျင်တွေရဲ့အောက်မှာ ရေဒီရေတာတွေကို တပ်ထားတယ်လေ။ ရေဒီရေတာကအပူက အင်ဂျင်ကိုဟပ်ပြီး သူ့အပူနဲ့သူ

လုံးချာလည်ပြီး အပူချိန်တက်လာတာပေါ့"

ပစ်သည် ကားကိုဆက်လက်မောင်းနှင်ရင်း ပစ်မှတ်ကိုရောက်သောအချိန်တွင် ညဖက်အမှောင်ထုကြောင့် ရန်သူတွေ သူတို့ကို မမြင်လျှင်

ဘယ်လောက်ကောင်းမည်နည်းဟု စဉ်းစားနေမိသည်။ သို့သော်ဤနေရာက တောင်ဝင်ရိုးစွန်း ဖြစ်၏။ (၂၄) နာရီပတ်လုံး နေမှမဝင် ပေကပဲ။

ဘယ်လိုလုပ်မှောင်စရာအကြောင်းရှိမလဲ။ ကိုယ့်ဖက်ကိုယ်ယက်၍ သာဖြစ်ချင်တာတွေ လျှောက်စဉ်းစားနေပေမဲ့ တကယ်တမ်းကြတော့

ဒီလောက်ကြီးမားပြီး မီးလျှံလို နီရဲတောက်ပ နေသည့် ကားကြီးကို ကိုယ်ရောင်ဖျောက်၍မှ မရပေပဲ။ ကဲပါလေ၊ ဒါတွေက နောက်တစ်နာရီခွဲနေမှ

ကြုံတွေ့ရမဲ့ နောင်ခါလာ နောင်ခါစျေးကိစ္စတွေပါ။ တောင်ခြေမှာရှိနေတဲ့ ဝုဖ်စခန်းကို လှမ်းမြင်ရချိန်ကြမှသာ စဉ်းစားတော့မည်။

မျက်စိတစ်မှတ်၊ လျှပ်တပြက်အတွင်းဆိုသည့် စကားလုံးသည် အန္တာတိကရာသီဥတုအတွက် တမင်တီထွင်ထားသော

စကားလုံးများလေလား။ နောက်ထပ်တစ်မိနစ်အကြာတွင် တရှိန်ရှိန်အော်မြည်တိုက်ခတ်လာသော လေသံကို စတင်ကြားရပြီး ရုစ်ခွင်တိုင်းသည်

အဖြူရောင်နှင့် းတံတိုင်းဖြင့် ကာရံခြင်းခံလိုက်ရသည်။ ကောင်းကင်နှင့် နေမင်းသည် မြင်ကွင်းမှ ပျောက်ခြင်းမလှပျောက်သွားခဲ့ပြီ။

ပစ်သည် မူလသတ်မှတ်ထားသောလမ်းကြောင်းတည့်တည့်ကိုမှန်းဆလျှက် အံကြိတ်ပြီးလီဗာကို အဆုံးထိဖိနင်းလိုက်သည်။ အချိန်မရွေး

ဖောက်လွှတ်ဖောက်ပြန်ဖြစ်တတ်သော ဝင်ရိုးစွန်းရာသီဥတုသည် သူတို့ကို ကူညီနေသည်လား၊ နှောက်ယှက်လေသည်လား မခန့်မှန်းတတ်တော့။

ဘယ်သန်နှင့် ညာသန်တို့သည် သူတို့သန်ရာကိုဆွဲလေ့ရှိသည့်အလျှောက် ညာသန်ဖြစ်သောပစ်သည် အဘယ်မျှပင် စတီယာတိုင်ဘီးကို

တည့်မတ်အောင်ကြိုးစားပါသော်လည်း ကားသည်မသိမသာ ညာဖက်သို့ဆွဲသွား၏။ လူခြေထောက် နှစ်ဖက်သည် အတိုအရှည်မညီသကဲ့သို့

ကားဘီးများမှာလည်း လုံးဝဥသသုံအချို့ညီမျှမှုမရှိသဖြင့် ဟူးဟူးရားရားတိုက်ခတ်စပြုသည့် နှင်းမုန်တိုင်းကြားတွင် ခရူဇာသည်

ရှေ့တည့်တည့်သွားရမည့်အစား ဝိုင်းကြီး ပါတ်ပါတ် ဒူဝေဝေဖြစ်စပြုလာပြီ ဖြစ်၏။

ထိုအခိုက်အင်ဂျင်ခန်းထဲမှ အယ်လ်၏အစွမ်းကုန်အော်ပြောလိုက်သောအသံကို မုန်တိုင်းကြားဝယ်ခပ်သဲ့သဲ့ ကြားလိုက် ရ၏။

"အင်ဂျင်တွေ အပူလွန်ပြီးအငွေ့တွေထွက်နေပြီဟေ့"

ပစ်သည် ဒိုင်ခွက်များကိုကြည့်လိုက်၏။ ဆီဂိတ်က ပုံမှန်၊ အပူချိန်မှ ဒိုင်ခွက်မှာတော့ ရေဆူမှတ်အနီရောင်မျဉ်းကို ကျော်၍

ရှေ့တလံလောက်ရောက်နေသည်ကိုတွေ့လိုက်ရသည်။ အင်ဂျင်ပေါ် ဒီအတိုင်းကြက်ဥဖောက်တင်လိုက်လျှင် ကျက်ယုံမက၊

ကျွမ်းသွားမည့်အပူချိန်။ ပစ် ဆုံးဖြတ်ချက်ချလိုက်ပြီး အယ်လ့်အား အသံကုန်အော်ပြောလိုက် သည်။

"အနွေးထည်တွေအကုန်ထပ်ဝတ်ထား အယ်လ်။ အင်ဂျင်အပူချိန်လျော့အောင် ငါကားတံခါးကို ဖွင့်လိုက်တော့မယ်"

"ဟေ့ကောင်ရ၊ ကားတံခါးတွေဖွင့်လိုက်ရင် မင်းရေခဲရိုက်ပြီးသားဖြစ်သွားမှာပေ့ါ"

"အင်ဂျင်အပူချိန်ကျသွားတဲ့အထိ နည်းနည်းတော့ သည်းခံရမှာပေ့ါကွာ"

အနွေးထည်များကို အထပ်ထပ်ဝတ်ပြီးသောအခါ ပစ်သည် ဖိုးဝရုပ်ကြီးလို လုံးလုံးဖောင်းဖောင်းကြီးဖြစ်နေသဖြင့် စတီယာရင်ကို

ထိန်းရသည်မှာ ပိုမိုခက်ခဲလာ၏။ အအေးဒဏ်နှင့် တိုက်ပွဲဆင်နွှဲရန် သူတို့နှစ်ဦးလုံး အသင့်ဖြစ်ကြသောအခါ အယ်လ်သည် ကားတံခါးများကို

ဖွင့်ချလိုက်တော့သည်။

ယာဉ်မောင်းခန်းထဲသို့ အရိုးကွဲမတတ်အေးစိမ့်နေသော လေအေးများသည်
အတားအဆီးမရှိတိုးဝင်လာကြ၏။ ကားတွင်းရှိ အပူချိန်သည်

မယုံနိုင်စရာကောင်းလောက်အောင် စက္ကန့်သုံးဆယ်အတွင်း ရှစ်ဆယ်ဒီဂရီထိုးကျသွား၏။
တစ်မိနစ်မျှသော အချိန်ကလေးအတွင်းတွင် ဤမျှ

အနွေးထည်များ အထပ်ထပ်ဝတ်ထားပါလျှက်နှင့် သူ့တစ်ကိုယ်လုံး ခိုက်ခိုက်တုန်တက်လာကြသည်။
အအေးဓါတ်က သူ့ခန္ဓာကိုယ်၏ အပူချိန်များကို

သွေးစုပ် ဖုတ်ကောင်ကဲ့သို့ လျှင်မြန်စွာ စုပ်ယူသွားခဲ့ချေပြီ။

အင်ဂျင်ခန်းရှိ အင်ဂျင်ပူကြီး နှစ်လုံးကြားတွင် ထိုင်နေသော အယ်လ်ကတော့
အအေးဒဏ်ကိုသိသိသာသာ မခံစားရ။ အယ်လ်သည်

ထိုင်နေရင်းက ဒီအင်ဂျင်တွေအေးသည့်အထိ ပစ်တောင့်ခံနိုင်ပါ့မလားဆိုသည်ကို သံသယဖြစ်မိသည်။
တဗိုးဗိုးအော်မြည်တိုက်ခတ်နေသည့်

လေသံကြောင့် အင်ဂျင်ခန်းနှင့် ယာဉ်မောင်းခန်းသည် ခေါ်မကြား အော်မကြား ရှင်ခန်းပြတ်သည့်
အခြေအနေကိုရောက်နေသည်။

ထိုအချိန် ဒရိုင်ဗာထိုင်ခုံပေါ်ရှိပစ်အဖို့ကတော့ အချိန်သည် တစ်မိနစ်၊ တစ်ကမ္ဘာထင်ရလောက်အောင်
ကုန်ခဲလွန်းလှသည်။

အအေးဒဏ်မျိုးစုံကို ခံစားခဲ့ဖူးသောသူ့အဖို့ တစ်သက်နှင့်တစ်ကိုယ် ဤမျှဆိုးရွားပြင်းထန်သော
အအေးဒဏ်မရှိခဲ့။ နှင်းကာနေကာ

မျက်မှန်အောက်မှ ပိတ်မတတ်ဖြစ်နေသောမျက်လုံးများကို အားစိုက်၍ အပူချိန်ပြဒိုင်ခွက်ကို
ကြည့်လိုက်သည်။ အင်ဂျင်အပူချိန်သည်

တရွေ့ရွေ့ကျဆင်းနေ၏။ ကားထဲရှိပစ္စည်းမှန်သမျှ ရေခဲများကပ်၍ အေးခဲစပြုနေပြီ။ သူ့တစ်ကိုယ်လုံး
အပ်ပေါင်းတစ်သန်းခန့်

တစ်ပြိုင်နက်အစိုက်ခံရသလို ခံစားနေရသည်။

မေးချင်းရိုက်စပြုနေသောကြောင့် ပစ်သည် အံကိုပြုတ်ထွက်တော့မတတ် ကြိတ်ထား၏။ ဒီအချိန်ရေခဲပေါက်တစ်ခုခု တွေ့ခဲ့လျှင်တော့

ခရူဇာနှင့်အတူ သူတို့နှစ်ယောက် အန္တာတိကရေပြင်အောက် ထာဝရအနားယူဖို့သာရှိတော့သည်။ ပစ်၏ညာဖက်ခြေထောက်သည်

အထိအတွေ့ကိုမသိနိုင်လောက်အောင် ထုံနေသော်လည်း လီဗာပေါ်တွင် မလွတ်တမ်းဖိနင်းထားလျှက်ရှိ၏။

အခုအချိန်မှတော့ပြန်လမ်းမရှိတော့၊ သေချင်သေ၊ ရှင်ချင်ရှင်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ရှေ့ကိုသာဆက်သွား ရတော့မည်။

အင်ဂျင်အပူချိန်သည် အနီမှတ်အောက်ကျသွားခဲ့ပြီ။ သို့သော် သူတို့ခရီးဆုံးရောက်ဖို့ရန် အပူချိန်သည် နောက်ထပ် နှစ်ဆယ်ဒီဂရီခန့်

ကျဆင်းသွားရန်လို၏။

ပစ်တစ်ကိုယ်လုံး ထုံသွားပြီဖြစ်၏။ မျက်နှာ၊ လက်၊ ခြေ၊ ခန္ဓာကိုယ်တစ်ခုလုံး မည်သည့်အထိအတွေ့ကိုမှ မသိတော့။ ခန္ဓာကိုယ်သည်

သူပိုင်ပစ္စည်းမဟုတ်တော့သကဲ့သို့ သူ့စိတ်၏ အမိန့်ပေးမှုများကို ဗီဆန်လာခဲ့ပြီ။ ပစ်သည် အသက် ကောင်းကောင်းရှူ၍ မရတော့။ အအေးဓါတ်က

သူ့အဆုပ်များကို ခြောက်သွေ့ရှုံ့တွစေခဲ့ပြီ။ သွေးကြောထဲတွင် စီးဆင်းနေသော သူ့သွေးများကို ပြစ်ခဲစေခဲ့ပြီ။ သူ့အသားများကို ဓါးဖြင့်မန္တ်းခံရသလို

နာကြင်ရာမှ ထုံကြင်လာစေခဲ့ပြီ။ အေးခဲပြီးသေရခြင်းဆိုသည်မှာ ဤမျှမြန်ဆန်သည်ဟု သူမထင်ခဲ့ရိုးအမှန်ပါ။ နောက်မိနစ်အနည်းငယ်ကြာလျှင်

သူရေခဲတုံးဖြစ်သွားတော့မည်။ ယခုထက်ထိတော့ သူ့လက်များသည် ကားစတီယာရင်ကို မြဲမြဲကိုင်ထားဆဲ။ သူ့ခြေ ထောက်သည် လီဗာကို

ဖိနင်းထားဆဲ။

ပစ်သည် သတိလစ်လုမတတ်ဖြစ်နေရာမှ နင်းကာမျက်မှန်ပေါ်တွင် အဆုပ်လိုက်ကပ်နေသော ရေခဲမှုန်များကို သပ်ချလိုက်ပြီး

အပူချိန်ပြဒိုင်ခွက်ကို ကြိုးစားကြည့်လိုက်ချိန်တွင် ရုတ်တရက်မိုက်ခနဲ မှောင်ကျသွားတော့သည်။

အင်ဂျင်ခန်းမှ မုန်တိုင်းထန်နေသော ယာဉ်မောင်းခန်းသို့ တက်လာသော အယ်လ်သည် စတီယာရင်ပေါ်တွင်မှောက် ရက်ကြီးဖြစ်နေသော

ပစ်ကိုမြင်တွေ့လိုက်ရသဖြင့် မျက်လုံးများ ပြာကနဲဖြစ်သွား၏။ သူသည် ပစ်ကို ဘေးထိုင်ခုံသို့ 'မ' ရွှေ့ပြီး ကားတံခါးများကို

လျှင်မြန်စွာပိတ်လိုက်သည်။ ဟူးဟူးရားရားလေသံများ လုံးဝတိတ်သွားသည်။ ကားတွင်း အပူပေးစက်ခလုတ်ကို အမြင့်ဆုံးတင်လိုက်၏။

ပစ်သည် ဟိုက်ပိုသားမီးယားဖြင့် သေလုအံ့ဆဲဆဲဖြစ်နေ၏။ အယ်လ်သည် ကားကိုခဏရပ်လိုက်ပြီး ကယောင်ကတမ်း ဖြစ်နေသောပစ်ကို

ထူမပြီး အင်ဂျင်ခန်းထဲဆင်းလိုက်၏။ ခိုက်ခိုက်တုန်နေသော ပစ်ကို အပူငွေ့တွေတရှိန်ရှိန်ထွက်နေသည့် အင်ဂျင်ကြီးနှစ်လုံးကြားတွင်

လှဲလျောင်းစေသည်။ အအေးဒဏ်ကို သေကောင်ပေါင်းလဲခံနေရသော သေဖော်ရှင်ဖက်သူငယ်ချင်းကိုကြည့်ရင်း အယ်လ်သည်

မျက်ရည်များစို့လာသည်အထိ ရင်ထုမနာဖြစ်ရသည်။ ပစ်၏ ရေခဲများကပ်နေသော ဆံပင်များကို အသာအယာဆွဲဖွရင်း-

"မင်းဒီမှာ နာရီဝက်လောက် အပူနဲ့ ပေါင်းတင်ပြီး ဇိမ်ယူလိုက်သူငယ်ချင်း" ဟု ငြင်သာစွာပြောလိုက်သည်။

ပစ်သည် ယောင်ကိုင်းနေသည့် နှုတ်ခမ်းများကို ကြိုးစားဖွင့်ရင်း-

"ကားက ညာဖက်ကို နည်းနည်းဆွဲတယ်၊ သတိထားမောင်း" ဟုပြော၏။

အယ်လ်သည် ပြုံးပြုံးကြီးဖြစ်သွား၏။ ဒီလောက်ဆိုလျှင် ပစ်အခြေအနေ စိတ်ချရမှန်း သူသိသည်။

"သေချင်းဆိုး၊ ပူမနေနဲ့၊ ဒီကားကို နင်မောင်းသလောက်တော့ ငါလည်းမောင်းတတ်တယ်" ဟု ပြန်ပြောလိုက် လေတော့သည်။

စက္ကန့်ခြောက်ဆယ်အတွင်း ခရူဇာကားကြီးသည် တစ်နာရီ ၂၄မိုင်နှုန်းဖြင့် သူ၏မပြီးသေးသော မာရသွန်ခရီးရှည်ကြီးကို

ဆက်လက်ထွက်ခွာလာခဲ့သည်။

သူတို့ကို ဒုက္ခအကြီးအကျယ်ပေးခဲ့သော ဒီဇယ်အင်ဂျင်များသည် ခုတော့စည်းချက်ညီညီ သံမှန်ထွက်ရင်း အလုပ်လုပ်လျက်ရှိသည်။

တဖြည်းဖြည်းပြန်လည် ပူနွေးလာသောပစ်သည် မျက်စိကိုမှိတ်ထားရင်း အင်ဂျင်သံကို အော်ပရာသံစုံတီးဝိုင်းမှ

ဂီတသံအလားအရသာခံနားထောင်ရင်း လိုက်ပါလာသည်။ သူ၏ တစ်ဝက်ခန့်အေးခဲနေပြီးသားခန္ဓာကိုယ်သည် အင်ဂျင်မှ အပူငွေ့များကို

လောဘတကြီးစုပ်ယူရင်း ပုံမှန်အနေအထားသို့ ဖြည်းဖြည်းချင်းပြန်ရောက်လာသည်။

ပစ်သည် နာရီဝက်ခန့် လဲလျောင်းနေရင်းက သူ့အတွေးများသည် လာရင်းကိစ္စဆီသို့ပြန်ရောက်သွားခဲ့သည်။

ငါတို့ ပစ်မှတ်ဆီကို အချိန်မီရောက်နိုင်ပါ့မလား။

ငါတို့ရဲ့ အထူးတပ်ဖွဲ့တွေရော အန္တာတိကကို ရောက်ပြီလား။

ရောက်ခဲ့ရင်ရော ခုလိုနှင်းမုန်တိုင်းကြားမှာ အကြောင်းဆိုးနေကြပြီလား။

အတ္တလန်တစ် ရှာပုံတော် (၇၈)

(၃၉)

မီးခိုးရောင် ရောမမက်ဒေါနယ် ဒေါက်ဂလပ် စီ-၁၇ သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးသည် အန္တာတိကကောင်းကင် ယံတွင်

တိမ်ထုကဗ္ဗလာဖြူဖြူကြားမှ အိန္ဒြေရရ ဖောက်ထွက်ပျံသန်းလာ၏။ အန္တာတိကရှိ အမေရိကန်သုတေသနစခန်းများသို့ ရိက္ခာ၊ ပစ္စည်းပို့ရသည့်

ဤလမ်းဤခရီးကို သွားနေကြဖြစ်သော ကပ္ပတိန်လိုင်လီစတက်ဖို့ဒ်အဖို့ လေယာဉ်မောင်းခန်းသည် သူ့အိမ်သူ့ယာအလားဖြစ်၏။

သို့သော်ဒီတစ်ကြိမ်မှာတော့ ကပ္ပတိန် စတက်ဖို့ဒ်သည် တင်နေကြ ရိက္ခာပစ္စည်းများအစား လက်နက်ကြီးငယ်များအပြည့်အစုံတပ်ဆင်ထားသော

အထူး တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များကို တင်ဆောင်လာရ၏။

ခပ်ပါးပါး မီးခိုးရောင်ဆံပင်များကို အသေအချာဖြီးသင်၍ လူမြင်လျှင်အရင်ပြုံးပြတတ်သော စတက်ဖို့ဒ်သည်

လေယာဉ်မှူးတစ်ယောက်ထက် ပြည်သူ့ဆက်ဆံရေးအရာရှိတစ်ယောက်နှင့် ပိုတူ၏။ လေယာဉ်ခရီးတိုင်းမှာ စာအုပ်တစ်အုပ်ဖတ်မနေရလျှင်

မနေနိုင်သော စတက်ဖို့ဒ်သည် ယခုလည်း သူ၏တွဲဖက်လေယာဉ်မှူး ရောဘတ်ဘရန်နန် ကလေယာဉ်ကိုထိန်းကြောင်းမောင်းနှင်နေစဉ်

စာရေးဆရာ ခရိုက်ဒါဂို၏ အိုင်စတိုင်း အတုပ္ပတ္တိကို ဖတ်လာခဲ့၏။

လေယာဉ်မှူးနှစ်ဦး၏ နောက်တွင်တော့ ဗိုလ်မှူး တွမ်ကလာရီသည် စိတ်ပူပင်သောကရောက်စွာထိုင်လျှက်ရှိသည်။ သူ၏ ရှေ့မှန်မှတဆင့်

အပြင်သို့ စူးစိုက်ကြည့်နေသော်လည်း အမြင်အာရုံတွင် တိမ်ထုဖြူများမှတပါး အခြားမရှိ။

"ကျွန်တော်တို့အဖွဲ့ ဘယ်တော့ဆင်းရမလဲ"

တွမ် ကလာရီ၏ အမေးကို စတက်ဖို့ဒ်က ဂျီပီအက်စ်အညွှန်းကိန်းများကိုကြည့်ရင်း-

"နောက်တစ်နာရီအတွင်း ဗိုလ်မှူးတို့ဆင်းရမယ်။ ခင်ဗျားလူတွေ အသင့်ဖြစ်ပြီလား၊ စိတ်အားရော ထက်သန်ကြရဲ့လား"

ဟုပြန်မေးလိုက်၏။

ကလာရီက ရယ်ရင်း-

"အသင့်တော့ဖြစ်ပါပြီ၊ စိတ်အားထက်သန်ကြသလားဆိုတာတော့ ကျွန်တော်လည်း ပြောရခပ်ခက်ခက်ပဲ လေယာဉ်မှူးရဲ့၊ အမြင့်ပေ

သုံးသောင်းခွဲကနေ တစ်နာရီ မိုင်လေးရာနှုန်းသွားနေတဲ့ လေယာဉ်ပေါ်က ခုန်ချရမှာ ဆိုတော့——-"

"အေးဗျာ၊ စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့လည်း ဒီထက်ပိုပြီး အောက်နိမ့်ပျံပေးလို့မရဘူး၊ ကျွန်တော့်ကို ပေးထား တဲ့အမိန့်အရ

ပုံမှန်ပျံသန်းတဲ့လမ်းကြောင်းအတိုင်း တစ်ဆံခြည်တောင်ရွေ့လို့မရဘူးလို့ ဆိုထားတာကိုး၊ ဒါတောင် ကျွန်တော် ကပ်နိုင်သမျှ ကပ်ပြီးပျံပေးတာပါ။

ဒါမှပဲ ဝုဖ်လုံခြုံရေးတွေသံသယမရှိမှာကိုး ဗိုလ်မှူးရဲ့"

လက်ထောက်လေယာဉ်မှူး ဘရန်နန်က-

"လေက ပင်လယ်ဖက်ကတိုက်နေတယ်။ တိမ်ကလည်း အရမ်းထူတယ်ဆိုတော့ ဗိုလ်မှူးတို့လူတွေအတွက် ကောင်းပါတယ်"

ဟုဝင်ပြောလိုက်သည်။

ကလာရီက ခေါင်းညိတ်ရင်း-

"ဟုတ်ပါတယ်လေ။ ဝုဖ်စခန်းက ရေဒါသမားမှာ မျက်လုံးလေးလုံးရှိမှပဲ ကျွန်တော်တို့ကို မြင်နိုင်လိမ့်မယ်" ဟုပြန်ပြော လိုက်၏။

စတက်ဖို့ဒ်က ကလာရီကို လှည့်ကြည့်ရင်း-

"သတိတော့ထားဗိုလ်မှူး၊ အင်မတန်နွေးပြီး သက်တောင့်သက်သာရှိတဲ့လေယာဉ်ပေါ်ကနေ ရေခဲမှတ်အောက် ၂၀ ဒီဂရီလောက်ရှိတဲ့

လေထဲကိုချက်ချင်းရောက်သွားမှာနော်၊ ခင်ဗျားလူတွေကို ကြိုပြောထား"

"ခင်ဗျား သိပ်မပြောနဲ့ဗျာ၊ တော်ကြာကျုပ်တို့ မဆင်းချင်ပဲ ဖြစ်ကုန်လိမ့်မယ်"

သူတို့ သုံးဦး တသိမ့်သိမ့်ရယ်လိုက်ကြ၏။ ကလာရီက အရယ်ရပ်လိုက်ပြီး-

"ကျွန်တော့်လူတွေက ဒီလိုစစ်ဆင်ရေးတွေအတွက် အထူးလေ့ကျင့်ထားတဲ့ ဒေါင်ဒေါင်မြည်လက်ရွေးစင်တွေပါ၊ လေယာဉ်မှူးတို့

စိတ်မပူကြပါနဲ့၊ ကဲ ကျွန်တော်နောက်ခန်းကို သွားတော့မယ်"

"ကောင်းပါပြီဗိုလ်မှူး၊ ခဏနေရင် ကျွန်တော် နောက်ခန်းထဲက အောက်ဆီဂျင်ကို လေထုထဲရောက်ရင် ကြုံတွေ့ရမဲ့ ပမာဏအထိ

လျှော့ချပါမယ်။ ဆယ်မိနစ်တစ်ခါ သတိပေးမယ်။ အချိန်ရောက်ဖို့ နှစ်မိနစ်အလိုမှာ လေယာဉ်တံခါး ဖွင့်ပေးမယ်"

"နားလည်ပါပြီ"

"အားလုံး တစ်ခါတည်း ခုန်ချရမှာနော်"

"ဟုတ်ကဲ့ပါ"

စတက်ဖို့ဒ်သည် ထိုင်ခုံမှထလိုက်ပြီး ကလာရီ၏ လက်ကို တင်းတင်းဆွဲညှစ်လိုက်သည်။

"ကဲ-ကံကောင်းပါစေ ဗိုလ်မှူး"

ကလာရီသည် ခပ်သဲ့သဲ့ ပြုံးလိုက်ပြီး စတက်ဖို့ဒ်ကို လက်ဆွဲနှုတ်ဆက်ရင်း-

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်၊ ခုလို ကျွန်တော်တို့ကို လိုက်ပို့တဲ့အတွက်" ဟု ပြန်ပြောလိုက်ပြီးနောက်ခန်းတွင်း

ဝင်ရောက်သွားတော့သည်။

လေယာဉ်နောက်ခန်းထဲတွင်တော့ လက်နက်အပြည့်အစုံတပ်ဆင်ပြီး လျှပ်စစ်အနွေးပေးဝတ်စုံများဝတ်ဆင်ထားသော

လူပေါင်းခြောက်ဆယ့်ငါးယောက်သည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်လျှက်ရှိကြသည်။ သူတို့သည် အမေရိကန် တပ်မတော် ဌာနခွဲအသီးသီးမှ

ခေါင်းခေါက်ရွေးချယ်ထားသောလက်ရွေးစင်တပ်စုဖြစ်၏။ သူတို့ထဲတွင် ရေတပ်၏ဆီးလ်တပ်ဖွဲ့ဝင်များ၊ ခြေလျှင်တပ်၏

ဒယ်လ်တာတိုက်ခိုက်ရေးအဖွဲ့ဝင်များနှင့် မရိန်းတပ်၏ ရက်ကွန်းတပ်သားများပါဝင်သည်။ အားလုံးသည် စစ်ရေးအတွေ့အကြုံပြည့်ဝပြီးသား

ထိပ်ထိပ်ကြဲတိုက်ခိုက်ရေးသမားများဖြစ်ကြ၏။

အမေရိကန် စစ်ဌာနချုပ် ပင်တာဂွန်သည် အန္တာတိကရှိ ဝုဖ်သတ္တုစခန်းကို တိုက်ခိုက်ချေမှုန်းရန်အမိန့်ကို အိမ်ဖြူတော် မှရရှိသည့်အခါ

ထိုအမိန့်ကိုအကောင်အထည်ဖော်ရန် အဓိကအခက်အခဲမှာ အချိန်ဖြစ်ခဲ့လေသည်။ အမေရိကမှ အဖွဲ့ဝင်ထောင်ချီပါသော အထူးတပ်ဖွဲ့ကို

အန္တာတိက အိုကူးမားပင်လယ်အော်သို့ သုံးနာရီအတွင်းစေလွှတ်ရန်ဆိုသည်မှာ ဘုရားသခင်ကူညီမှသာ ဖြစ်နိုင်ပေလိမ့်မည်။

လေကြောင်းတိုက်ပွဲဆင်နွှဲပြီး ဒုံးကျည်ဖြင့်တိုက်ခိုက်ဖို့ဆိုသည်ကလည်း သတင်းအချက်အလက်ဘာမှမရှိ၍ မလုပ်ဝံ့၊

ဆေးအတွက်ကြောင့်လေးမည်ကို စိုးရသည်။ ထို့ကြောင့်ပင် ဗိုလ်ချုပ်ကြီးများသည် ခေါင်းချင်းဆိုင်ဆွေးနွေးကြပြီး ခုကဲ့သို့သော

တပ်ဖွဲ့ငယ်ကို ချက်ချင်းစေလွှတ်လိုက် ခြင်းဖြစ်၏။

အဖွဲ့ဝင်များသည် ဆယ်ပေါင်လေးသော နယူးစပါတန် ကျူ-၉၉
ချေမှုန်းရေးလက်နက်များကိုင်ဆောင်ထားကြသည်။ ထိုလက်နက်သည်

၁၂ ဂိတ်နှစ်လုံးပြူး၊ ၅.၅၆ မီလီမီတာ စနိုက်ပါပါဝင်သော အော်တိုမက်တစ်ရိုင်ဖယ်နှင့် တင့်ကားဖျက်၊
အဆောက်အဦးဖျက် ဒုံးကျည်များပါဝင်သော

အမေရိကန်တပ်မတော်၏ နောက်ဆုံးပေါ်လက်နက်ဖြစ်၏။ ထို့အပြင် ကျည်ကပ်များ၊ ပစ္စတိုများ၊
လက်ပစ်ဗုံးများ၊ အရေးပေါ်

အသက်ကယ်ကိရိယာများ အားလုံးပေါင်းလျှင် တစ်ယောက်ကို ပေါင်နှစ်ဆယ်စီမျှသော အလေးချိန်ကို
သယ်ဆောင်ဝတ်ဆင်ထားကြရသည်။

ဒယ်လ်တာတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်ကြီး နီရှပ်ဘတ်၊ ရက်ကွန်းအဖွဲ့ခေါင်းဆောင် ဗိုလ်ဝါရင်းဂါးနက်နှင့်
ဆီးလ်အဖွဲ့ ခေါင်းဆောင်

ဗိုလ်မှိုင်းစ်ဂျက်ဘ်ကော့တို့သည်ခေါင်းချင်းဆိုင်လျှက်ရှိကြသည်။ အမေရိကန်စစ်သမိုင်းတွင်
ယခုကဲ့သို့သော ချေမှုန်းရေးတပ်များ

စုပေါင်းတိုက်ခိုက်ရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၏။

ကလာရီသည် သူ့လူများကို စေ့စေ့စပ်စပ်စစ်ဆေးကြည့်ရှုလိုက်၏။ ဒန်ရှပ်ဘတ်နှင့်
ဒယ်လ်တာတပ်ဖွဲ့ကတော့ အစကတည်းက

သူ၏လက်အောက်ခံများမို့ အကြောင်းသိပြီးသား၊ ဂါးနက်နှင့်ဂျက်ဘ်ကော့တို့ကိုတော့ သူမသိ၊
သို့သော်ကိစ္စမရှိ၊ ရက်ကွန်းနှင့်

ဆီးလ်ဆိုသည်ကလည်း ကမ္ဘာ့ထိပ်တန်း ထိပ်ထိပ်ကြဲ ချေမှုန်းရေးတပ်များသာ။

"ဘယ်တော့လဲ ဗိုလ်မှူး" ရှပ်ဘတ်က တိုတိုပြတ်ပြတ်မေးလိုက်သည်။

"နောက်တစ်နာရီ"

ကလာရီက ပြန်ဖြေလိုက်ပြီး တပ်ဖွဲ့အလယ်ကောင်တည့်တည့်တွင်ထိုင်ကာ
လိုအပ်သောညွှန်ကြားချက်များကိုစတင် ပေးတော့သည်။

သူတို့၏ မြေပြင်ဆုံမှတ်က ဂုဖ်သတ္တုစခန်း အပြင်ဖက်ကရေခဲပြင်။ ထိုနေရာတွင်ဆင်းသက်ခြင်းသည် အကျအဆုံးအနည်းဆုံးဖြစ်မည်ဟု

စစ်ရေးပါရဂူများက တွက်ချက်ပေးလိုက်ကြသည်လေ။

ကလာရီသည် ဝတ်စုံပြည့်ဝတ်ဆင်လိုက်၏။ အောက်ဆီဂျင်မျက်နှာဖုံးကို တပ်ဆင်ပြီး မိုတာရိုလာရေဒီယိုစက်ကိုဖွင့် လိုက်သည်။

"လေယာဉ်မှူး၊ အဖွဲ့ခေါင်းဆောင်ပြောတာကြားလား"

"ကြားတယ်၊ အားလုံးအသင့်ဖြစ်ပြီလား"

"ဖြစ်ပြီ၊ နောက်ခန်းက အောက်ဆီဂျင်လျှော့ချလို့ရပြီ"

ကလာရီသည် တပ်ဖွဲ့ဝင်အားလုံးကို ခြေဟန်လက်ဟန်ဖြင့် အချက်ပြလိုက်သည်။ ယခုအချိန်မှစ၍ စစ်ဆင်ရေး လုပ်ငန်းစဉ်အရ

အချက်ပြသင်္ကေတများသာသုံးကြတော့မည်။ တပ်ဖွဲ့ဝင်အားလုံး အောက်ဆီဂျင်မျက်နှာဖုံးများတပ်ဆင်လိုက်သည်။ ဂျင်းတက်စ်ခေါင်းဆောင်းများ

ဆောင်းလိုက်ကြသည်။ လျှပ်စစ်အပူပေးကိရိယာများကို ဖွင့်လိုက်ကြသည်။ များမကြာမီ လေယာဉ်ခန်းတွင်း အောက်ဆီဂျင်ဓါတ်

ပြတ်တောက်သွားတော့သည်။

"ဆရာ၊ ကျွန်တော်တို့ ရောက်တော့မယ်" ဘရန်နန်က စတက်ဖို့ဒ်ကို ပြောလိုက်သည်။

"ဗိုလ်မှူး ခင်ဗျားတို့အားလုံးအသင့်ဖြစ်ပြီလား" စတက်ဖို့ဒ်သည် အင်တာကွန်းမှတစ်ဆင့် နောက်ခန်းသို့ ဆက်သွယ် လိုက်၏။

"အားလုံးအဆင်သင့်ပါပဲ"

®®®®®®

"ဆုံမှတ်ကိုရောက်ရန် မိနစ်နှစ်ဆယ်"

လေယာဉ်နောက်ခန်းသည် လေဖိအားကိုလျှော့ချထားသောကြောင့် ပြင်ပလေထု၏ အပူချိန်အတိုင်းရှိနေသည်။ လျှပ်စစ်

အနွေးပေးဝတ်စုံကိုယ်စီဝတ်ထားသည့်ကြားမှ အအေးဒဏ်က စူးကနဲ။

"ဆုံမှတ်ရောက်ရန် ဆယ်မိနစ်"

"ဆုံမှတ်ရောက်ရန် ခြောက်မိနစ်"

"ဆုံမှတ်ရောက်ရန် နှစ်မိနစ်"

အတ္တလန်တစ် ရှာပုံတော် (၇၉)

လေယာဉ်မောင်းခန်းထဲတွင် ကပ္ပတိန်စတက်ဖို့ဒ်သည် ကွန်ပျူတာပရိုဂရမ်သွင်းထားသော လမ်းကြောင်းနှင့် အထူးတပ်ဖွဲ့ဝင်များ

ဆင်းသက်ရမည့်နေရာတို့ကို တွေ့၍စိုက်ကြည့်ရင်း တစ်စုံတစ်ရာကို အသေအချာစဉ်းစားလျှက်ရှိသည်။ သူသည် စိတ်ဆုံးဖြတ်လိုက်ဟန်ဖြင့်

အလိုအလျှောက်ထိန်းချုပ်စနစ်ကို ပိတ်ပစ်လိုက်ပြီး ဘရန်နန်ကိုပြောလိုက်၏။

"ပုံမှန်လမ်းကြောင်းကနေ တစ်ဒီဂရီတိမ်းစောင်းပျံသန်းမယ်"

"ဆရာ!" ဘရန်နန်သည် သူ့ဆရာကို အလန့်တကြားလှမ်းကြည့်လိုက်သည်။

"ဆရာတွေ၊ ဆရက်တွေလာလုပ်မနေနဲ့၊ တံခါးဖွင့်မဲ့ကောင်တွေ အသင့်ဖြစ်ပြီလားမေးစမ်း"

ဘရန်နန်သည် သူ့ဆရာကို နားမလည်သလိုကြည့်နေသည်။ တစ်ဒီဂရီတိမ်းစောင်းလျှင် ပုံမှန်လမ်းကြောင်းမှ ဆယ်မိုင်ခန့်

ဝုဖ်ပိုင်နက်ထဲသို့ကျံ့ဝင်သွားမည်။ ဘာတွေလုပ်နေပါလိမ့်။

"တပ်ကြပ်ကြီး ဟန်းဒရစ် အသင့်ဖြစ်ပါပြီ ကပ္ပတိန်"

"ကော်ပိုရယ် ဂျိုကွင်း အသင့်ဖြစ်ပါပြီ ကပ္ပတိန်"

ကပ္ပတိန်စတက်ဖို့ဒ်သည် လေယာဉ်ကြီးကို တစ်နာရီမိုင်နှစ်ရာနှုန်းအထိအရှိန်လျှော့ချလိုက်ပြီး သူ့ကို နားမလည်သလိုတွေကြည့်နေသော

ဘရန်နန်အား-

"အားလုံးကြားရမဲ့ ရေဒီယိုလိုင်းကိုချိန်ပြီး တို့စခန်းကရေဒီယိုစတေရှင်ကို အင်ဂျင်ပြဿနာဖြစ်နေလို့ အရှိန်လျှော့ရမဲ့အတွက်

အရောက်နောက်ကျမယ်လို့ သတင်းပို့စမ်း" ဟုပြောလိုက်သည်။

ဘရန်နန်သည် ကပ္ပတိန်၏ ရည်ရွယ်ချက်ကို ခုမှသေချာနားလည်တော့သည်။ အထူးခြေမှုန်းရေးတပ်ဖွဲ့ဝင်များ ဆင်းသက်ရာတွင်

ဆုံမှတ်ကို အတိကျဆုံးနှင့် အထိအခိုက်အနည်းဆုံးဖြစ်စေရန် ကပ္ပတိန်သည် အထက်အမိန့်ကိုဖီဆန်ပြီး ရန်သူကိုလှည့်စားခြင်းအလုပ်ကို

ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက်နေသည်ကိုး။

"ဆုံမှတ်ရောက်ရန် တစ်မိနစ်"

"လေယာဉ်ဝမ်းဗိုက်တံခါးဖွင့်ပြီးပါပြီ" တပ်ကြပ်ကြီး ဟန်းဒရစ်၏ တည်ငြိမ်သောအသံထွက်ပေါ်လာသည်။

အထူးခြေမှုန်းရေးတပ်ဖွဲ့ဝင်များသည် ထိုင်ရာမှထလိုက်ကြပြီး ပစ္စည်းများအားလုံးနေသားတကျ ရှိမရှိနောက်ဆုံး အကြိမ်စစ်ဆေးနေကြ၏။

ပထမဒယ်လ်တာ၊ ဒုတိယ- ဆီးလ်၊ တတိယ-ရက်ကွန်းတပ်ဖွဲ့ဝင်များသည် စတီးကြိုးဆိုင်းများကို ကိုင်ထားရင်း

ကလာရီ၏အမိန့်ကိုစောင့်ဆိုင်းနေကြသည်။

လေယာဉ်သည် သိသိသာသာနေးသွားသည်ကို ကလာရီသတိထားမိလိုက်၏။ ဆယ့်ငါးစက္ကန့်အလိုတွင် ကလာရီ

သည်လက်မြှောက်ပြလိုက်ပြီး မီးနီကလေးကိုစိုက်ကြည့်လျှက်ရှိသည်။

အချိန်ကျပြီ။ မီးနီကလေးငြိမ်းသွားပြီး မီးစိမ်းကလေးလင်းလာ၏။ ကလာရီ၏ မြှောက်ထားသောလက် အောက်သို့ကျ

သည်နှင့်တစ်ပြိုင်နက် ဗိုလ်ကြီးရုပ်ဘတ်ဦးဆောင်သော ဒယ်လ်တာအဖွဲ့သည် တစ်ပြိုင်နက်ခုန်ဆင်းလိုက်ကြ၏။ ထို့နောက်တွင်တော့

ဂျက်ဘ်ကော့နှင့် သူ၏ဆီးလ်အဖွဲ့၊ ဂါးနက်နှင့် သူ၏ ရက်ကွန်းအဖွဲ့။ နောက်ဆုံးက ကလာရီ။

တပ်ကြပ်ကြီးဟန်းဒရစ်နှင့် ကော်ပိုရယ်ဂျိုကွင်းတို့သည် အထူးတပ်ဖွဲ့ဝင်များမြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ

စောင့်ကြည့်နေကြပြီးမှ ကပ္ပတိန်စတက်ဖို့ဒ်ကို သတင်းပို့လိုက်သည်။ လေယာဉ်ဝမ်းတံခါးကိုပိတ်၊ လေဖိအားကိုပြန်တင်၊ အောက်စီဂျင်လွှတ်၊

အပူငွေ့ပေးစသည့်လုပ်ငန်းများကို ဖယ်ဆက်သလိုလုပ်လိုက်ကြပြီး လေယာဉ်အမြန်နှုန်းကို တစ်နာရီမိုင်လေးရာသို့ပြန်တင်ကာ

အလိုလျှောက်ထိန်းချုပ်စနစ်ကို ပြန်လည်အသက်သွင်းလိုက်၏။ ကပ္ပတိန် စတက်ဖို့ဒ်သည် သက်ပြင်းရှည်ကြီးကိုချလိုက်ပြီး-

"ငါတို့လုပ်စရာရှိတာတော့ အကောင်းဆုံးလုပ်ပေးခဲ့ပြီ။ ခုတော့သူတို့ ကံကောင်းပါစေလို့ ဆုတောင်းရုံပဲရှိတော့တယ်"

ဟုလေးလေးတွဲ့တွဲ့ ပြောလိုက်လေတော့သည်။

ကံကြမ္မာအင်တာပရိုက်စ်၏ ရေခဲပြင်ခွဲစီမံကိန်း ထိန်းချုပ်ခန်းနှင့်ကပ်လျက် ရေဒါခန်းမှအော်ပရေတာသည် ရေဒါမျက်နှာပြင်ကို

စိုက်ကြည့်ရင်း လုံခြုံရေးခန်းသို့ ဖုန်းဆက်လိုက်၏။ မိနစ်အနည်းငယ်အကြာတွင် ဟူဂိုဝုဖ်ကိုယ်တိုင်ရောက်ရှိ လာ၏။

"ဆရာ၊ အမေရိကန် ကုန်တင်လေယာဉ်ဟာ အမြန်နှုန်းချက်ချင်းနှေးသွားလို့ သတင်းပို့တာပါ"

"အေး၊ ငါသိပြီးပြီ၊ သူတို့အင်ဂျင်ချို့ယွင်းသွားလို့ အရှိန်နည်းနည်းနှေးသွားပြီး အရောက်နောက်ကျမယ်လို့ ရေဒီယို

ကနေသတင်းပို့တာကို ကြားဖြတ်ဖမ်းယူလို့ရတယ်"

"နောက်ပြီး သွားနေကြလမ်းကြောင်းကနေ ဆယ်မိုင်လောက်အတွင်းကိုရောက်နေတယ်၊ ကျန်တာတော့ ဘာမှ မထူးခြားပါဘူး"

ဟူဂိုသည် ရေဒါအော်ပရေတာ၏ ပခုံးကိုပုတ်လိုက်ပြီး-

"မင်းတော်တယ်၊ သေချာဆက်စောင့်ကြည့်ထား" ဟုပြောရင်း ပြန်လည်ထွက်ခွာသွားသည်။

အမေရိကန် ကြည်း၊ရေ၊လေ တပ်မတော်အသီးသီးမှ စစ်ဦးစီးဗိုလ်ချုပ်ကြီးများသည် ပင်တာဂွန်စစ်ရုံးချုပ်၏ အခန်းတစ်ခု အတွင်းမှ

စားပွဲရှည်တစ်လုံး၌ ခေါင်းချင်း ဆိုင်နေကြ၏။ နံရံတစ်ဖက်တွင် ချိတ်ဆွဲထားသော စကားရင် အကြီးစားကြီးပေါ်မှာတော့ အိုကူးမားပင်လယ်အော်ရှိ

ကံကြမ္မာအင်တာပရိုက်စ်၏ ဓါတ်ပုံများကို ပြသထားသည်။ နောက်ထပ် စကားရင်တစ်ခုပေါ်မှာတော့ အမေရိကန်သမ္မတနှင့်

ကက်ဘီနက်ခေါင်းဆောင်ခြောက်ဦး အိမ်ဖြူတော်တွင် ဆွေးနွေးညှိနှိုင်းနေကြပုံကို ဗွီဒီယို ကွန်ဖရန့်စ် တိုက်ရိုက်ထုတ်လွှင့်ထား၏။

အိမ်ဖြူတော်အစည်းဝေးခန်းထဲ၌ လိုရမ်စမစ်ရှိနေပြီး ပင်တာဂွန်တွင်တော့ ဆန်ဒက်ကာ၊ ရွှန်လစ်တဲလ်နှင့် ကန်ဟိန်း တို့ရှိနေကြသည်။

အစည်းဝေးခန်းနှစ်ခုတွင်ရှိနေကြသူအားလုံးသည် ကမ္ဘာပျက်စီမံချက်ဟု လောလောလတ်လတ် အမည်ပေးထားသော အကြောင်းခြင်းရာအတွက်

အကြိတ်အနယ်ဆွေးနွေးနေကြ၏။

"အချိန်ကျဖို့ ဘယ်လောက်လိုသေးသလဲ၊ ဗိုလ်ချုပ်ကြီး" အိမ်ဖြူတော် အစည်းဝေးခန်းမှသမ္မတက ပင်တာဂွန် အစည်းဝေးခန်းမှ

တပ်ပေါင်းစုခေါင်းဆောင် ဗိုလ်ချုပ်ကြီးအေမို့စ်ဆောက် ကိုလှမ်းမေးလိုက်သည်။

"တစ်နာရီနဲ့ မိနစ်လေးဆယ်ပါ၊ သမ္မတကြီး"

ဝုဖ်မိသားစု၏ ရော့စ်ရေခဲပြင်ကြီးကို အန္တာတိကကုန်းမကြီးမှခွဲထုတ်၍ ကမ္ဘာ့ဟန်ချက်ကို တိမ်းစောင်းစေပြီး ကမ္ဘာကို

ဖျက်ဆီးမည့်အချိန်ကို ဆိုလိုနေကြခြင်းဖြစ်၏။

"ဒီအဖျက်လုပ်ငန်းကြီးကို ဝုဖ်မိသားစုက ဗယ်လ်ဟဲလားစီမံကိန်းလို့ ခေါ်ကြတယ်ခင်ဗျ၊ ပျက်စီးဆုံးရှုံးနိုင်ချေကတော့

အားလုံးပြောကြသလို ကမ္ဘာပျက်ကပ်အဆင့်ပါပဲ" ရွှန်လစ်တဲလ်က သမ္မတကို ရှင်းပြလိုက်၏။

ကန်ဟိန်းက ဝင်ပြောပြန်သည်။

"ကျွန်တော်တို့ အက်ဖ်ဘီအိုင်အနေနဲ့လည်း ဝုဖ်မိသားစုဟာ နာနိုနည်းပညာကိုသုံးပြီး ဒီကမ္ဘာဖျက်ကပ်ကို

စီမံဖန်တီးကြိုးကိုင်တယ်ဆိုတာကို အတည်ပြုပြီးပါပြီ"

သမ္မတသည် စကရင်ပိတ်ကားပေါ်တွင်တွေ့မြင်နေရသော ဗိုလ်ချုပ်ကြီးဆောက်ကိုကြည့်ရင်း-

"ကျွန်တော်ကတော့ ချူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တစ်စင်း လွှတ်လိုက်စေချင်တာပဲ" ဟုပြောလိုက်၏။

"အဲဒါကို နောက်ဆုံးအချိန်၊ တခြားရွေးချယ်စရာမရှိမှပဲလုပ်ပါလို့ မေတ္တာရပ်ခံပါတယ် သမ္မတကြီးခင်ဗျား၊ အန္တရာယ် ကြီးတဲ့ကိစ္စမို့လို့ပါ"

ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မော်တွန်အယ်ဒရစ်က ဝင်ရောက်ဆွေးနွေး၏။

"ဝုဖ်ရေဒါစခန်းက အလွန်အဆင့်မြင့်ပါတယ် သမ္မတကြီး၊ ကျွန်တော်တို့ လေထဲကသော်လည်းကောင်း၊ ရေထဲက သော်လည်းကောင်း

ဒုံးကျည်ပစ်လွှတ်လိုက်မယ်ဆိုရင် သူတို့အနည်းဆုံး သုံးမိနစ်ကြိုသိနိုင်ပါတယ်။ ဒီအခါမှာ သူတို့အစီအစဉ်ကို

အမြန်ဆုံးအကောင်အထည်ဖော်လိုက်ရင် အားလုံးဒုက္ခရောက်ကြမှာပါ"

"ခင်ဗျားပြောသလို သူတို့ရေဒါတွေအင်မတန် အဆင့်မြင့်တယ်ဆိုရင် ခင်ဗျားတို့လွှတ်လိုက်တဲ့လေယာဉ်နဲ့ သူကထုတ်လွှင့်တဲ့

အချက်ပြစနစ်တွေကို ဖမ်းယူနိုင်မှာပေါ့"

ဗိုလ်ချုပ်ကြီး အယ်ဒရစ်နှင့် ဗိုလ်ချုပ်ကြီး ကိုဘန်းသည် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဖလှယ်လိုက်ပြီးမှ အယ်ဒရစ်က-

"ဒီကိစ္စက ထိပ်တန်းလျှို့ဝှက်ပါသမ္မတကြီး၊ ကျွန်တော်တို့ရဲ့နောက်ဆုံးပေါ်ရေဒါစနစ်လိုင်းကွန်ရက်ကို ကမ္ဘာပေါ်က

ဘယ်ရေဒါဖမ်းစက်ကမှ ဖမ်းမမိနိုင်ပါဘူး"

ဗိုလ်ချုပ်ကြီးဆောက်က သမ္မတကို-

"တကယ်လို့ ခြေမှုန်းရေးတပ်တွေ မအောင်မြင်ခဲ့ရင်တော့ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ရဲ့ နျူကလီးယားစွမ်းအင် သုံးရေငုပ်သင်္ဘော

တက်ခ်ဆန်က ဒုံးကျည်လွှတ်ဖို့စီမံထားပါတယ်"

သမ္မတသည် အံ့အားသင့်သွားပြီး-

"ကျွန်တော်တို့ ရေငုပ်သင်္ဘောက အန္တာတိကမှာရှိနေတယ်၊ ဟုတ်လား"

ဗိုလ်ချုပ်ကြီး အယ်ဒရစ်က ဝင်ဖြေလိုက်သည်။

"ဟုတ်ပါတယ်သမ္မတကြီး၊ တက်ခ်ဆန်ဟာ အသုံးလုံးသုတေသနသင်္ဘော ဝင်ရိုးစွန်းမုန်တိုင်းကို တိုက်ခိုက်နေတဲ့ ယူ ၂၀၁၅ကို

ပစ်ခတ်နှစ်မြုပ်ပြီးတဲ့နောက် ဗိုလ်ချုပ်ကြီးဆန်ဒက်ကာရဲ့အကြံပေးချက်အရ ကျွန်တော်တက်ခ်ဆန်ကို အိုကူးမားပင်လယ်အော်တစ်ဝိုက်မှာပဲ

လှုပ်ရှားခိုင်းထားပါတယ်"

"ဒါဖြင့်လေကြောင်းတိုက်ခိုက်ရေးကိစ္စကိုရော ဘယ်လိုစီမံထားသလဲ"

လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးကိုဘန်းက-

"လက်နက်အပြည့်အစုံတပ်ဆင်ထားတဲ့ စတဲ့လ်ပုံးကြဲလေယာဉ်နှစ်စီးလွှတ်ထားပြီးပါပြီ။ နောက်တစ်နာရီနဲ့ဆယ်မိနစ်ဆိုရင် ပစ်မှတ်နဲ့

မိုင်ကိုးဆယ်အကွာမှာအသင့်အနေအထားနဲ့ စောင့်ကြည့်နေကြမှာပါ"

သမ္မတ၏ မျက်နှာသည် အနည်းငယ်ရွှင်လန်းလာ၏။

"ဒါဆိုကျွန်တော်တို့မှာ ရေကြောင်း၊ လေကြောင်းစစ်ကူအဆင်သင့်ဖြစ်နေပြီပေါ့"

"ဟုတ်ပါတယ် သမ္မတကြီးခင်ဗျား" သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဆောက်က သမ္မတကို အဖြေပေးလိုက်သည်။

"ဗိုလ်မှူးကလာရီနဲ့ သူ့တပ်ဖွဲ့အခြေအနေရောဘယ်လိုလဲ"

ဗိုလ်ချုပ်ကြီးဆောက်က ဒစ်ဂျစ်တယ်နာရီကို တစ်ချက်မော့ကြည့်လိုက်ပြီး-

"နောက်မိနစ်အနည်းငယ်ဆိုရင် သူတို့မြေပြင်ပေါ်ရောက်ပါပြီ။ မကြာခင် တိုက်ပွဲစပါတော့မယ်"

"ဒီတိုက်ပွဲသတင်းကို ကျွန်တော်သိချင်တယ်"

"ကျွန်တော်တို့မှာ ဗိုလ်မှူးကလာရီနဲ့ တိုက်ရိုက်အသံဆက်သွယ်ရေးစနစ်ရှိပါတယ် သမ္မတကြီး၊ တိုက်ပွဲစတာနဲ့ တိုက်ရိုက်

အသံလွှင့်စနစ်ကို စတင်ပါမယ်"

သမ္မတက ထိုင်ခုံဆိုဖာနောက်မှီပေါ်မှီလိုက်ပြီး-

"ဒါဆို ခုလောလောဆယ်ကျွန်တော်တို့လုပ်ရမှာက ထိုင်စောင့်ဖို့ပဲပေါ့"

အစည်းဝေးခန်းမနစ်ခုလုံး အသံတိတ်ဆိတ်သွား၏။ သမ္မတ၏ နှုတ်မှတိုးတိုးလေးရွတ်ဆိုလိုက်သည့် စကားသံကို တော့မည်သူမှ

မကြားလိုက်။

"လူသားမျိုးနွယ်တစ်ရပ်လုံး ဒီဖြစ်ရပ်ဆိုးကြီးကနေ လွတ်မြောက်အောင် ကယ်မတော်မူပါ ဘုရား"

(၄၀)

အဖြူရောင်တိမ်တိုက်များကြား အမြင့်ပေ ၃၅၀၀၀ မှ တစ်နာရီမိုင် ၁၂၀ နှုန်းဖြင့်ကျဆင်းလာသော ကလာရီသည် ခြေနင့်လက်များကို

ဆန့်တန်းနိုင်သမျှ ကားထုတ်ဆန့်တန်းထားလိုက်သည်။ လေယာဉ်ကို အတတ်နိုင်ဆုံး အရှိန်နှေး ပေးခဲ့သော စတက်ဖို့ဒ်၏ ကျေးဇူးကြွေးကိုတော့

ဒီနေ့ဒီရက်ဒီနေရာမှာ အသက်နှင့်ခန္ဓါမြဲခဲ့သည်ရှိသော် တစ်နေ့နေ့ ပြန်ဆပ်ရပေမည်။
ထိုသို့အရှိန်နှေးပေးခဲ့မှုကြောင့် သူတို့တပ်ဖွဲ့ဝင်များ စနစ်တကျ

စုစုဝေးဝေး ဆင်းသက်နိုင် ခဲ့ခြင်းဖြစ်သည်။

ကလာရီသည် ဘယ်ဖက်လက်ကောက်ဝတ်တွင်တပ်ဆင်ထားသော အမ်အေ ၂-၃၀
အမျိုးအစားအမြင့်ပြ ကိရိယာကို ကြည့်လိုက်သည်။

မြေပြင်မှပေပေါင်း ၃၃၀၀၀၊ အလွန်လျှင်မြန်သောနှုန်းဖြင့် ဆက်လက်ကျဆင်းလျှက်ရှိသည်။ သူ၏
ညာဖက်ပေ ၄၀ အကွာတွင်

သူ့တပ်ဖွဲ့ဝင်များဆောင်းထားသော ဂျန်းတက်စ်ဦးထုပ်မှ မိုတ်တုပ်မိုတ်တုပ်မီးအလင်း
ရောင်လေးများကို ပိုးစုန်းကြူးလေးများသဖွယ်မြင်နေရသည်။

တကယ်တော့လည်း မည်မျှပင်ကြိုတင်ပြင်ဆင် တွက်ချက်ထားသည်ဆိုစေကာမူ သူတို့ရည်မှန်းသော
ဆုံမှတ်သို့ တပ်ဖွဲ့ဝင်များအားလုံး

တစုတဝေးတည်း ရောက်ရှိနိုင်မည့်အခွင့်အရေးမှာ ငါးဆယ်-ငါးဆယ်ထက်မပို။ လေယာဉ်မှူး ကြီး
စတက်ဖို့ဒ်၏ အရည်အချင်းကိုသာ အားကိုး၍

မျက်စိမှိတ်ဆင်းလာကြခြင်းဖြစ်၏။ အမြင့်ပေ ၂၈၀၀၀ ကိုရောက် ပြီ။ မူလသတ်မှတ်ချက်အရ
အမြင့်ပေ ၂၅၀၀၀ ရောက်သည်အထိ

အလွတ်ခုန်ကြပြီးမှ လေထီးကို ဖွင့်ကြရမည်ဖြစ်သည်။ ကလာရီသည် လေထီးဖွင့်ရန်
ပြင်ဆင်ထားလိုက်သည်။ သူ့အောက်တွင် မီးပွင့်ကလေးများ

ပိုများလာသည်။ အမြင့်ပေ ၂၆၀၀၀ ရောက်ပြီ။ သူ့နားတွင်တပ်ဆင်ထားသော မိုတာရိုလာ အသံဖမ်း၊
အသံလွှင့် ကိရိယာလေးမှ ဗိုလ်ဂါးနက်၏

အသံကို ကြားလိုက်ရသည်။

"မော်ဆရာ၊ သံဖြူဆရာပြောနေတယ်၊ စစ်ဆေးပြီးဆက်လုပ်ခွင့်ပေးပါ၊ ဒါပဲ"

ကလာရီသည် လည်ချောင်းတွင်ကပ်ထားသော အသံဖမ်းကိရိယာမှတဆင့် အဖွဲ့ဝင်အားလုံးကို
အမိန့်ပေးလိုက်သည်။

"အဖွဲ့ဝင်အားလုံးကို မော်ဆရာပြောနေတယ်။ အခြေအနေသတင်းပို့၊ ဒါပဲ"

ဗိုလ်ကြီး ရုပ်ဘက်၏ အသံကို ပထမဆုံးကြားရသည်။

"မော်ဆရာ၊ ခြသေ့င်္ ပြောနေတယ်။ အမြင်ပေ ၂၃၀၀၀ ရောက်ပြီ။ အဖွဲ့သားအားလုံးကို မြင်ရ၊ နှစ်ယောက် ဆုံမှတ်ရောက်ခါနီး၊ ဒါပဲ"

"ခြသေ့် ဆက်လုပ်"

ဗိုလ်ဂျက်ကော့ဘ်ထံမှလည်း သတင်းပို့လာသည်။

"မော်ဆရာ၊ ကျီးကန်းပြောနေတယ်။ အမြင့်ပေ ၂၄၀၀၀၊ အဖွဲ့သားအားလုံး မြင်တွေ့၊ ဒါပဲ"

"မော်ဆရာ၊ သံဖြူဆရာ ပြောနေတယ်။ အဖွဲ့သားအားလုံးမြင်တွေ့"

အမြင့်ပေ ၂၅၀၀၀ ရောက်ပြီ။ ကလာရီသည် လေထီးခလုတ်ကို ဘယ်ညာစုံဆွဲ၍ ဖွင့်လိုက်သည်။ အမ်တီ- ၁၂ အမျိုး အစားလေထီးသည်

အခက်အခဲမရှိ ငြင်သာညက်ညောစွာပွင့်ပြီး သူ့ကိုအပေါ်သို့ဆွဲတင်သွား၏။ အကယ်၍သာ ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ဆုံမှတ်ကို

ဆင်းသက်နိုင်ကြမည်ဆိုလျှင် ဝုဖ်သတ္တုစခန်း၏ လုံခြုံရေးအဆောက်အဦးနှင့် မလှမ်းမကမ်းရှိ ရေခဲပြင်ပေါ်သို့ သူတို့အားလုံး

ရောက်ရှိကြမည်ဖြစ်သည်။ မြေပေါ်ရောက်သည်နှင့် တိုက်ပွဲစရ မည်မှာ မြေကြီးလက်ခတ်မလွဲ။

အမြင့်ပေ ၁၉၀၀၀၊ တိမ်များကင်းစင်စပြုပြီ။ သူ့အောက်တွင် လေထီးကလေးများကို အစီအရီမြင်တွေ့နေရသည်။

ကြမ်းတက်ခက်ထန်မည်ဟုထင်ရသော သူတို့၏ စစ်ဆင်ရေးသည် ခုထိတော့ အဆင်ပြေချော့မွေ့လွန်းနေ၍ ဟုတ်မှဟုတ်ရဲ့လားဟုတောင်

ကလာရီ့စိတ်ထဲတွင် သံသယ ဖြစ်မိသည်။ ထိုအချိန်တွင် ဂါးနက်၏ အသံထွက်ပေါ်လာ သည်။

"မော်ဆရာ၊ သံဖြူဆရာ အုပ်စုက လူတစ်ယောက်ပျောက်၊ ဒါပဲ"

"သံဖြူဆရာ၊ သူဘာလက်နက်ကိုင်ထားလဲ"

"ဖောက်ခွဲရေး ပစ္စည်းတစ်စုံနဲ့ တင့်ကားဖျက်လက်နက်နှစ်ခု"

အနောက်အယှက်၊ အပန်းအတားက စလာပြီဖြစ်၏။ ကလာရီသည် ထိုအဖွဲ့ဝင်လေထီးဖွင့်မရပဲ မြေပေါ်ကျရောက် သေဆုံးလိမ့်မည်ဟု

မထင်။ အပိုလေထီးများပါပြီးသားဖြစ်၏။ သို့သော် တင့်ကားဖျက်လက်နက်က အားလုံးပေါင်းမှလေးခုသာပါသည်။ စီ-၄ အမျိုးအစား

ပလတ်စတစ်ယမ်းပျော့ဖောက်ခွဲရေးပစ္စည်းကတော့ အဖွဲ့ဝင်တိုင်းတွင်ပါ၍ ကိစ္စ မရှိ။ ကလာရီသည် အဖွဲ့ဝင်အားလုံးကို အမိန့်ပေးလိုက်သည်။

"အားလုံးကို မော်ဆရာပြောနေတယ်။ ဆုံမှတ်နဲ့နီးလာပြီ၊ မီးတွေပိတ်ပါ၊ ရေဒီယိုတွေပိတ်ပါ၊ ခုချိန်ကစပြီး အဆက် အသွယ်ရပ်ပြီ။ ဒါပဲ"

ဆိုလိုသည်က မော်ဆရာ၊ ခြသေ့၊ သံဖြူဆရာနှင့် ကျီးကန်း ခေါင်းဆောင်လေးယောက်မှတပါး မည်သူမှရေဒီယို

ဆက်သွယ်ရေးသုံးခွင့်မရှိ။

နောက်ထပ်ဆယ့်ငါးမိနစ်တိတိ သူတို့လေထီးဖြင့်ဆင်းနေဆဲ။ သူတို့သည် သတ်မှတ်ချိန်ထက် အနည်းငယ်စောနေ၏။ လေက

သူတို့နောက်မှတိုက်ပေးနေသဖြင့် အဆင်းခရီးသည်အဆင်ပြေနေ၏။ အဖွဲ့ဝင်များသည် လေ့ကားထစ်များသဖွယ် ဆုံမှတ်ကို အဆင့်ဆင့်

ဆင်းသက်နေကြသည်ကို ကြည့်ရင်း ကလာရီကျေနပ်နေ၏။ အမြင့်ပေ ၈၀၀၀ သို့ရောက်ပြီ။

ဝုဖ်သတ္တုစခန်းတစ်ခုလုံးကို ထင်ထင်ရှားရှားမြင်လာရပြီ။

အမြင့်ပေ ၇၀၀၀ နှင့် ၂၀၀၀ ကြားတွင် လေရှူးနောက်၍ အနည်းငယ်ကသောင်းကနင်းဖြစ်ရသည်ကလွဲ၍ အားလုံးသည်

စီစဉ်ထားသည့်အတိုင်း။ သတ္တုစခန်းအပူပေးပိုက်များမှ မှုတ်ထုတ်လိုက်သည့် ပူနွေးသောလေကလေးကိုပင် ခံစား၍ရလာပြီ။

ထိုစဉ်သူမျှော်လင့်နေသော အသံကိုကြားလိုက်ရ၏။

"မော်ဆရာ၊ ခြသေ့ဒ်၊ ဖွဲ့ မြေပြင်ရောက်ပြီ" ကလာရီသည် စိတ်လက်အတော်ပေါ့ပါးသွား၏။

အမြင့်ပေ ၅၀၀၊

ကလာရီသည် ရုပ်ဘတ်နှင့် ဒယ်လ်တာအဖွဲ့၊ ဂျက်ကော့ဘ်နှင့် ဆီးလ်အဖွဲ့၊ ဂါးနက်နှင့် ရက်ကွန်းအဖွဲ့များ ဆုံမှတ်သို့

အသီးသီးဆင်းသက်သွားကြသည်ကို ထင်ထင်ရှားရှားမြင်နေရသည်။ သတင်းပို့စရာမလိုတော့။ အခုသူဆင်းရမည့် အလှည့်ရောက်ပြီ။

အမြင့်ပေ ၂၀၀၊

ရေခဲပြင်ကြီးသည် သူ့ထံပြေးလာသလို ခံစားရ၏။

အမြင့်ပေ ၁၀၀၊

ကလာရီသည် မြေပြင်ပေါ်သို့အောင်မြင်စွာဆင်းသက်နိုင်ပေပြီ။

ရေခဲပြင်နှင့်ထိလျှင်ထိခြင်း ကလာရီသည် လိုမ့်ပစ်လိုက်ပြီး သူ၏လေထီးကိုလျှင်မြန်စွာချွတ်ပစ်လိုက်သည်။ ထို့နောက် ဒူးထောက်ရင်း

နယူး စပါတန်ကျူ ၉၉ ခြေမှုန်းရေးလက်နက်ကြီးကို ပစ်ခတ်ရန်အသင့်အနေအထားပြင်ဆင်လိုက်၏။

စက္ကန့်သုံးဆယ်အတွင်း သူ့ဘေးသို့ အဖွဲ့သုံးဖွဲ့၏ အဖွဲ့ဝင်များဝိုင်းရံလာကြသည်။ ပစ္စည်းများအားလုံးစုံမစုံ စစ်ဆေးပြီးသောအခါ

ကလာရီသည် အဖွဲ့ဝင်များအားလုံးကို ဝုဖ်သတ္တုစခန်းသို့ ချီတက်တိုက်ခိုက်ရန် အမိန့်ပေးလိုက်တော့သည်။ ဘာမှ

ပုန်းလျှိုးကွယ်လျှိုးလုပ်နေစရာမလိုတော့။ ပြောင်ဝင်၍ ပြောင်ပင်တိုက်တော့မည်။

(၄၁)

အစောပိုင်းက ဟူးဟူးရားရားတိုက်ခတ်နေသော လေသည်လုံးလုံးငြိမ်သက်မသွားသေးသော်လည်း ဆိုးဆိုးဝါးဝါး အားအင်များဖြင့်

တိုက်ခတ်နိုင်ခြင်းမရှိတော့။ နောက်ဆုံးလုံးဝငြိမ်သက်သွားချိန်မတော့ လေနတ်သား၏ ဒေါမာန်များ ကြောင့် ခေတ္တမျှ ပုန်းရှောင်နေရသော

နေမင်းသည် ပြန်လည်ထွန်းလင်းလာ၏။ လေအဟော့တွင် တရွေ့ရွေ့လိမ့်ပါခဲ့ သော ရေခဲတုံး၊ ရေခဲမှုန်များသည် နေရောင်အောက်ဝယ် စိန်တုံး၊

စိန်ပွင့်များသဖွယ် တဖြတ်ဖြတ်လက်နေသည်မှာ ပြေးကောက်ချင်စရာ။ အော့နှလုံးနာစရာကောင်းသော မဲပုတ်ပုတ်ကောင်းကင်သည် နှစ်လို့ဖွယ်

အပြာရောင်အဆင်း သို့ပြန်ပြောင်းလာချိန်ဝယ် ခရူဇာကားကြီးကတော့ ရေခဲပြင်ပေါ်ဝယ် အားနှင့်မာန်နှင့် ပြေးလွှားနေဆဲဖြစ်၏။

ခန္ဓာကိုယ်က အင်ဂျင်အပူငွေ့များကို စုပ်ယူပြီးနောက်ဆုံးမှာတော့ ပစ်သည် ယခင်အခြေအနေအတိုင်း အားအင် ပြန်လည် ပြည့်ဝလာ၏။

သူသည် ယာဉ်မောင်းသူနေရာကို အယ်လ့်ထံမှ ပြန်လည်လွှတ်ယူလိုက်၏။ အယ်လ်က ကားတွင်းနှင့်ကားမှန်ပေါ်တွင်တင်ကျန်နေသော

ရေခဲမှုန်များကို ရှင်းလင်းသုတ်သင်လိုက်သဖြင့် မှန်သည်ကြည်လင်တောက်ပလာ၏။ သူတို့ကားကြီး၏ ရှေ့တည့်တည့်တွင်

ရော့ကီဖဲလားတောင်တန်းကြီးကို အနီးကပ်မြင်တွေ့နေရပြီ။ ပစ်က သူတို့၏ ဘယ်ဖက်ရှိ အဆောက်အဦးအစုအဝေးများကို လက်ညှိုးထိုးပြရင်း-

"ငါတို့ ရောက်တော့မယ်" ဟုပြောလိုက်၏။

အယ်လ်က ခေါင်းတညိတ်ညိတ်ဖြင့်-

"ဒါဆို မှန်တိုင်းမိတုန်းက ငါတို့မူလလမ်းကြောင်းကနေ တစ်မိုင်လောက်ပဲ ဘေးချော်သွားခဲ့တာပေါ့၊ မဆိုးဘူးပဲ" ဟု ဆိုလိုက်၏။

"လေးမိုင်လောက်ပဲ လိုတော့တယ် ဆိုတော့ နောက်ထပ် မိနစ်နှစ်ဆယ်လောက်ဆိုရောက်ပြီ"

"ဘယ်လိုဝင်ကြမလဲ"

"အခြေအနေအရပေါ့ကွာ၊ မီးစင်ကြည့် ကကြတာပေါ့"

ပစ်မှတ်နှင့် နီးကပ်လာသောအခါ သူတို့သည် ပင်မရေစ့်ရေခဲပြင်ကြီးမှ ရှောင်ဖယ်ခွဲထွက်ခဲ့ပြီး တောင်စဉ်တောင်တန်း များတလျှောက်

သတကြီးစွာမောင်းနှင်လာခဲ့သည်။ ခရူဇာကားကြီးသည် လှိုင်းထသလို အမို့အမောက်အကွေ့အကောက်များလှသည့် တောင်ခြေသို့ရောက်ရှိလာပြီ။

ပစ်သည် ကားကြီးကို ဒုတိယဂီယာထိုးလိုက်သည်။ ကားတံခါးတွေကို တင်ကြိုဖွင့်ထားလိုက်သဖြင့် အင်ဂျင်အပူလွှန်မည်ကို စိုးရိမ်စရာမရှိတော့။

ပစ်သည် ရုတ်တရက် ကားကိုရပ်လိုက်၏။

"ဘာဖြစ်လို့လဲ" အယ်လ်က စိုးရိမ်တကြီးမေးလိုက်သည်။

ပစ်က အောက်ဖက်သို့ လက်ညှိုးထိုးပြရင်း-

"ဟိုတောင်ကြားအဝင်လမ်းကို ကြည့်စမ်း၊ နှင်းကြောင် ခြေရာတွေမဟုတ်လား"

အယ်လ်သည် ပစ်ပြရာသို့ သေချာစူးစိုက်ကြည့်လိုက်ပြီး-

"မင်းအတော်အမြင်စူးတဲ့ကောင်ပဲ၊ ဟုတ်တယ်၊ နှင်းကြောင်ခြေရာတွေပဲ၊ မြင်တယ်ဆိုရုံလေးမြင်ရတာ" ဟု ပြန်ပြော လိုက်၏။

သူတို့ပြောသော နှင်းကြောင်ဆိုသည်က နှင်းတောထဲနေသော သက်ရှိကြောင်ကိုဆိုလိုခြင်းမဟုတ်ပါ။ သံချပ်ကာကား ကဲ့သို့

ချိန်းကြိုးဘီးများပါဝင်သော ရေခဲပြင်စီး ယာဉ်တစ်မျိုးဖြစ်၏။ နှင်းကြောင်ခြေရာဆိုသည်ကလည်း ထိုယာဉ်၏ ချိန်းရာ၊

ဘီးရာများရေခဲပြင်တွင်ထင်ကျန်နေသည်ကို ဆိုလိုခြင်းဖြစ်သည်။

"ခြေရာတွေ လောလောလတ်လတ်ကျန်နေပုံထောက်ရင် မုန်တိုင်းပြီးမှ ဒီနေရာကဖြတ်သွားတဲ့ပုံပဲ"

"နှင်းကြောင်က တောင်ကြားထဲဝင်သွားပုံထောက်ရင် ဒီတောင်ကြားဟာ ဝုဖ်သတ္တုစခန်းကိုဝင်လို့ရတဲ့ နောက်ထပ်

ဝင်ပေါက်တစ်ခုများလား"

အယ်လ်က ပစ်ကို ကြည့်လိုက်ရင်း-

"ကိုယ့်လူ၊ စဉ်းစားမနေနဲ့၊ ဘာပဲဖြစ်ဖြစ်ဝင်သာဝင်၊ မြင်မြင်သမျှ တက်ကြိတ်လိုက်" ဟု မြှောက်ပေးလိုက်၏။

ပစ်ကလည်း နှစ်ခါထပ်ပြောစရာမလိုပဲ ခရူဇာကို တောင်ကြားဆီသို့ ဦးတည်မောင်းနှင်လိုက်တော့သည်။ တောင်စွယ် တောင်စွန်းများက

တောင်ကြားလမ်းကလေး၏အပေါ်သို့ မြင့်မားစွာထိုးထွက်လျှက်ရှိသည်။ တောင်ကြားလမ်းသည် ထင်ထားသလောက်မသေးငယ်သည့်အတွက်

ကြီးမားလှသည့် ခရူဇာကားသည် ရှေ့ဆက်ခရီးနှင်နိုင်ဆဲ။ ပစ်သည် မောင်းနှင်နေရင်း ဘယ်အချက်ကျောက်နံရံကြီး

သူတို့ရှေ့ကပိတ်ကာထားသည်ကို မြင်တွေ့ရမလဲဆိုသည်ကို တွေးတောရင်း ပူပန်နေ၏။ ဤသို့ဆိုလျှင် သူတို့မှာ ထောင်ချောက်ထဲရောက်နေသော

ကြွက်သဖွယ် ဒုက္ခအကြီး အကျယ်ရောက်မည်ဖြစ်၏။ ဘယ်နည်းနှင့်မှ ဤကျဉ်းမြောင်းသော တောင်ကြားလမ်းကလေးထဲတွင် ခရူဇာကို

ပြန်လှည့်၍ မရနိုင်။

မိုင်ဝက်မျှ မောင်းနှင်လာပြီးနောက် ရေခဲနံရံကြီးတစ်ခုကို ရုတ်တရက်တွေ့လိုက်ရသဖြင့် ဘရိတ်ကိုဆောင့်နင်းလိုက် ရသည်။ ခုတော့

ပစ်စိုးရိမ်သည့် အနေအထားနှင့် နဖူးတွေ့ဒူးတွေ့ကြုံတွေ့ရချေပြီ။

ပစ်နှင့်အယ်လ်သည် ကားပေါ်မှဆင်းလိုက်ကြပြီး ထူထဲလှသည့်ရေခဲနံရံကြီးကို မျက်စိတဆုံးမော့ကြည့်မိကြ၏။ ရေခဲထုက

ထူထပ်လှသည်။ မည်သည့်နည်းနှင့်မျှ နှင်းကြောင်သည် ထိုနံရံကြီးကို ဖောက်ဝင်သွားနိုင်စရာအကြောင်းမရှိ။

"ငါတော့ သိပ်မသင်္ကာချင်ဘူး ကိုယ့်လူ၊ ဒါလည်းလှည့်ကွက်တစ်ခုဖြစ်နိုင်တယ်" အယ်လ်က နံရံကြီးကို ရှုံ့မဲ့ကြည့်ရင်း ပြောလိုက်၏။

ပစ်သည် ရေခဲနံရံနှင့် နှာခေါင်းထိမတတ် အနားသို့တိုးသွား၏။ မျက်စိကို လက်နှစ်ဖက်ဖြင့် အုပ်ရင်း နံရံကို အသေအချာကြည့်၏။ ရေခဲ၏

ဟိုမှာဖက်တွင် အရိပ်တစ်ခုတွေ့နေရသလိုလို။

"အထဲမှာ တံခါးလိုမျိုးတစ်ခုခုရှိတယ် အယ်လ်"

အယ်လ်က မျက်လုံးပြူးပြူးရင်း-

"အဲဒီတော့ ငါတို့က ဘယ်လိုလုပ်ရမလဲ၊ ရွှေတံခါးကြီးဖွင့်ပါဦးလို့ စကားဝှက်အော်ရင် ပွင့်မှာလား"

"မင်းစကားဝှက်က မှားမှာသေချာပါတယ်ကွာ"

အယ်လ်သည် နံရံနားသို့တိုးကပ်၍ အသေအချာလေ့လာစူးစမ်းလိုက်ပြီး-

"အနည်းဆုံး သုံးပေလောက်တော့ ထူမယ်ကွ" ဟုခပ်ပြုံးပြုံးပြောလိုက်၏။

အယ်လ့်အပြုံးကို မြင်ရသော ပစ်က-

"ဘာလဲ၊ မင်းလဲ ငါလုပ်မလို့ စိတ်ကူးထားတာမျိုး လုပ်မှာလား"

အယ်လ်က ခေါင်းညိတ်လိုက်ပြီး-

"ကားထဲက ဘုရှ်မာစတာ ရိုင်ဖယ်ပစ်ပေးလိုက်၊ ငါအပြင်ကနေ ကာဗာလုပ်မယ်" ဟုပြောလိုက်သည်။

သူတို့နှစ်ယောက်အဖို့ ဒီလောက်ပြောလျှင် လုံလောက်ပြီဖြစ်သည်။

ပစ်သည် ခရူဇာကို ဘက်ဂီယာထိုး၍ နောက်သို့ပေငါးဆယ်မျှဆုတ်လိုက်သည်။ စတီယာရင်ကို လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ထားပြီး

ကိုယ်ကိုအောက်သို့အနည်းငယ်လျှောထားလိုက်သည်။ ထို့နောက် ပထမဂီယာကို ဆတ်ကနဲထိုး၍ လီဗာကို ကြမ်းပြင်ထိအောင်

အစွမ်းကုန်နင်းချလိုက်သည်။

ခရူဇာ၏အိပ်ဇောမှ ကျယ်လောင်လှသော အသံကြီးထွက်လာပြီး ကားကြီးသည် ဇောင်းမှလွတ်လိုက်သောမြင်းကဲ့သို့

ရှေ့သို့အရှိန်ပြင်းစွာထိုးထွက်လာပြီး ရေခဲနံရံကြီးကို ဝုန်းကနဲ တိုက်ခွဲလိုက်သည်မှာ အယ်လ်ရပ်နေသော မြေပြင်ပင် သိမ့်သိမ့်တုန်သွား၏။

မူလက အယ်လ်သည် ဤမျှထူသောရေခဲနံရံကို အကြိမ်ပေါင်းများစွာကားဖြင့်တိုက်ခွဲရလိမ့်မည်ဟု စိတ်ထဲတွင် မှတ်ထင်ထား၏။ သို့သော်

ပထမအကြိမ်မှာပင် ခရူဇာသည် ရေခဲနံရံကို အပေါက်ကြီးဖြစ်သွားစေပြီး အတွင်းသို့ဝင် ရောက်ပျောက်ကွယ်သွား၏။ အယ်သည်

ရိုင်ဖယ်ကိုအသင့်အနေအထားကိုင်လိုက်ပြီး ခရူဇာနောက်မှ ပြေးလိုက်သွား ၏။

တစ်ဖက်တွင်တော့—

သူတို့သည် အလွန်ကျယ်ဝန်း၍ လူသူမရှိသော ရေခဲလိုဏ်ဂူ တစ်ခုအတွင်းရောက်ရှိနေကြသည်။

ပစ်၏ မျက်နှာတွင်သွေးများစီးကျနေ၏။ ချွန်မြသောရေခဲများက သူ့ပါးတွင်တစ်ချက်၊ နဖူးတွင်တစ်ချက် ဓါးဖြင့်ခွဲသလို ထိုးခွဲသွားကြသည်။

သိပ်တော့မနက်။ သို့သော် ကားပေါ်သို့တက်လာသော အယ်လ်သည် မျက်နှာတစ်ခုလုံး သွေးအလိမ်းလိမ်းဖြစ်နေသော ပစ်ကိုကြည့်၍ လန့်သွား၏။

"ဟာ မင်းအခြေအနေဆိုးတယ်" အယ်လ်သည် ပစ်ကို ဒရိုင်ဘာထိုင်ခုံမှ ထူမပေးရန်ကြိုးစားနေ၏။

ပစ်က အယ်လ့်ကို အသာအယာပြန်တွန်းလိုက်ရင်း-

"ဘာမှမဖြစ်ဘူး၊ အပေါ်ရဲ အရေပြားကို ရှသွားတာ၊ ကားနောက်ခန်းမှာ ဆေးသေတ္တာရှိမယ်ထင်တယ်၊ သွားယူချည်" ဟုခိုင်းလိုက်၏။

အယ်လ်သည် နောက်ခန်းတွင်းသို့လျှင်မြန်စွာပြေးဝင်သွားပြီး အရေးပေါ်ဆေးသေတ္တာတစ်လုံးကိုဆွဲ၍ ပြန်ဝင်လာသည်။

ထိုဆေးသေတ္တာသည် ၁၉၄၀ ခုနှစ်ထဲက ခုချိန်ထိ တစ်ခါမှ အသုံးမပြုရသေး။ အယ်လ်သည် ပစ်၏ ဒဏ်ရာကို ပိုးသတ်ဆေးများဖျန်း၏၊ ပြီးတော့

ဂွမ်းများ၊ ပတ်တီးများဖြင့် သူလုပ်ချင်သလိုလုပ်လိုက်ပြီးနောက် ပစ်ကိုကြည့်ရင်း-

"အန္တာတိကရဲ့ သမားအကျော်အမော် ဒေါက်တာ ဂျီယိုဒီနိုရဲ့ စွမ်းစွမ်းတမံ ကုသချက်ကို ကြည့်ချင်သလား" ဟုမေး လိုက်သည်။

ပစ်သည် ခရူဇာ၏ ဘေးမှန်မှတဆင့် သူ့မျက်နှာကို ကြည့်လိုက်သည်။ ဘုရားရေ၊ သူလန့်သွား၏။

"ဟော့ကောင်၊ မင်းငါ့ကို မံမီဖြစ်အောင်လုပ်ထားတာလား"

သတ္တဝါနှင့် လက်နက်မမျှ၊ ဒဏ်ရာကသေးသေး၊ ပတ်တီးကများများဖြစ်နေ၏။

အယ်လ်က ခပ်တည်တည်လုပ်ရင်း-

"စိတ်ချရဖို့အရေးကြီးတယ်ကွ၊ လှဖို့ကအဓိကမဟုတ်ဘူး" ဟုပြောလိုက်လေ၏။

ပစ်သည် ခရူဇာကိုဆက်လက်မောင်းနှင်လာ၏။ သူသည် လိုဏ်ခေါင်းဘေးနံရံတွင် မြှုပ်ထားသော ပင်မပိုက်ကြီးတစ်ခုမှ ခွဲဖြာထွက်လာပြီး

ရေခဲပြင်ထဲဝင်ရောက်ပျောက်ကွယ်သွားသော သေးငယ်သည့်ပိုက်လိုင်းကလေးများကို ကြည့်ရင်း-"အယ်လ်၊ ဒီပိုက်တွေကို ကြည့်စမ်း၊

ဘာလုပ်တာလဲ"

အယ်လ်သည် ကားထဲမှနေ၍ ကိုယ်တစ်ခြမ်းအပြင်ကို လှမ်းထွက်၍ ပိုက်များကို ကိုင်ကြည့်ရင်း-

"လျှပ်စစ်ဝါယာပိုက်တော့မဟုတ်ဖူး၊ ဘာလုပ်တဲ့ဟာလဲတော့ ခန့်မှန်းလို့မရသေးဘူး"

"ငါတစ်ခုစဉ်းစားနေတယ်"

"မင်းစဉ်းစားနေတာ ငါသိတယ်သူငယ်ချင်း၊ ရှေးစ်ရေခဲပြင်ကိုခွဲထုတ်မဲ့ ကိစ္စတစ်ခုခုအတွက် အသုံးပြုမဲ့ပစ္စည်းတွေ

လို့မင်းထင်နေတယ်မဟုတ်လား"

ပစ်သည် သူတို့လာရာလမ်းကို ခြသေ့်လည်ပြန်ကြည့်လိုက်ပြီး-

"တကယ်လို့ငါထင်တဲ့အတိုင်းဟုတ်ခဲ့ရင် ဒီပိုက်တွေဟာ ဝုဖ်ရဲ့ သတ္တုစခန်းကနေ ရေခဲပြင်တစ်လျှောက် မိုင်ပေါင်း တစ်ထောင့်

လေးရာလောက်သွယ်တန်းထားလိမ့်မယ်"

"ဒါဆို ဆန်ဖရန်စစ္စကိုကနေ ဖီးနစ်လောက်အထိ ရှည်တာပေါ့"

"မဖြစ်နိုင်ဘူးလို့ မင်းထင်လို့လား၊ ဝုဖ်ဆိုတဲ့ငနဲတွေက မဖြစ်ဖြစ်အောင်လုပ်မှာ"

"ခုငါတို့ ဒီပိုက်လိုင်းတွေကို ဖြတ်ပစ်လိုက်ရင် ဘယ်လိုဖြစ်မယ်ထင်လဲ"

"သွားမလုပ်နဲ့ အယ်လ်၊ ပိုဆိုးသွားနိုင်တယ်။ နောက်ဆုံးရွေးစရာမရှိတော့မှ ဒီပိုက်တွေကို ဖြတ်ဖို့စဉ်းစားမယ်"

လိုဏ်ခေါင်းသည် မှောင်နင့်မည်းမည်းဖြစ်နေ၏။ ပေနှစ်ဆယ်အကွာတိုင်း ဟောလိုဂျင်မီးလုံးများတွေ့ရသော်လည်း

ပါဝါဖြတ်တောက်ထားပုံရသည်။ ပစ်သည် ခရူဇာမှရှေ့မီးကြီးများကိုဖွင့်လိုက်သည်။ မီးရှစ်လုံး၏ အလင်းရောင်သည်

လိုဏ်ခေါင်းတစ်လျှောက်ဖွေးကနဲ ဖြာထွက်သွား၏။ ထို့နောက် ပစ်သည်ခရူဇာကို မိုင်ကုန်တင်၍ မောင်းတော့သည်။

အယ်လ်သည် ဒရိုင်ဘာဘေးထိုင်ခုံတွင်ထိုင်ရင်း ရိုင်ဖယ်ကိုအသင့်အနေအထားဖြင့်ကိုင်ဆောင်ထား၏။ ကားမီး

အလင်းရောင်အောက်တွင်တွေ့ရသော လှုပ်ရှားမှုမှန်သမျှကို သတကြီးစွာထား၍ ကြည့်နေ၏။

မည်သည့်လှုပ်ရှားမှုမှမတွေ့ရ၊ ဤမျှတိတ်ဆိတ်ငြိမ်သက်နေပုံထောက်လျှင် ဤနေရာတွင်လုပ်စရာအလုပ်မရှိတော့

သောကြောင့်သာဖြစ်လိမ့်မည်။ ဝုဖ်တွေ ထွက်ခွာသွားကြပြီလား၊ ပစ်သည် လီဗာကို ကြမ်းခင်းမှ မကြွတမ်းဖိနင်းထား၏။ သူစိတ်ပူလာသည်။

ငါတို့နောက်ကျသွားပြီလား။ သူနာရီကိုကြည့်လိုက်သည်။

ဗျူနိုအေးရီးတွင် ကားလ်ဝုဖ်သူ့ကိုပြောလိုက်သောအချိန်မှစ၍ လေးရက်နှင့်ဆယ်နာရီတိတိ သူအချိန်မှတ်ထားခဲ့သည်။

ယခုအချိန်ရောက်ရန် တစ်နာရီနှင့်မိနစ်နှစ်ဆယ်လိုသေးသည်။ သတ္တုစခန်းသို့ရောက်ရန် တစ်မိုင်၊ တစ်မိုင်ခွဲမျှ လိုသေးသည်ဟုထင်ရသည်။

မည်သည့်အချက်အလက်မျှ သူတို့လက်ဝယ်တွင်မရှိသောကြောင့် အတွေ့အကြုံနှင့် အာရုံသိကို အရင်းတည်၍ ရမ်းချ၊ မှန်းချနေရသည်ဆိုသော်

မှားအုံ့မထင်။ အထူးခြေမှုန်းရေးတပ်ဖွဲ့ဝင်များ ရောက်နေ ကြပြီလား၊ တိုက်ပွဲတွေ ဖြစ်နေပြီလား၊ ဘာမှ ရေရေရာရာမသိ။

နောက်ထပ် (၁၈) မိနစ်ကြာသော် သူတို့သည် လမ်းဆုံတစ်ခုသို့ရောက်လာခဲ့သည်။ ထိုနေရာမှ စ၍လိုက်ခေါင်းသည်

လမ်းကြောင်းငါးခုခွဲထွက်သွား၏။ ဘယ်ဖက်သို့လိုက်မည်နည်း။ အကယ်၍ မှားယွင်းသွားခဲ့လျှင် အမှားပြင်ဆင်ရန် သူတို့မှာ အချိန်မရှိတော့။

အယ်လ်သည် ကားပေါ်မှဆင်းလိုက်ပြီး ရှေ့သို့တိုးသွား၏။ ခဏအတွင်းပြန်ရောက်လာသည်။

"ညာဖက်လိုက်ခေါင်းအတိုင်း ဂိုက်နှစ်ရာလောက်သွားရင် အခန်းကျယ်ကြီးတစ်ခုထဲရောက်မယ်"

ပစ်သည် ခေါင်းညိတ်လိုက်ပြီး ကားကြီးကို ညာဖက်လိုဏ်ခေါင်းသို့ ဦးတည်လိုက်သည်။ ကားမီးအလင်းရောင်ဖြင့် နံရံတွင်တွေ့ရသော

အရာများမှာ အမြင်ဆန်းနေ၏။ ဘာမှန်းတော့သေချာမသိ။ အယ်လ်ပြောသလိုပင် လိုဏ်ခေါင်းသည် တဖြေးဖြေးကျယ်လာပြီး

နောက်ဆုံးအခန်းကျယ်ကြီးတစ်ခုအတွင်းရောက်ရှိသွား၏။

အမိုးမှ ရေခဲများသည် ပန်းဆိုင်းများသဖွယ်လှပစွာ တွဲရရွဲကျနေ၏။ အမိုးရှိ အပေါက်များမှ အလင်းရောင်ကောင်းစွာ ဝင်နိုင်၍ တစ်ခန်းလုံး

လင်းနေသည်။ ပစ်သည် ကားကိုရပ်လိုက်သည်။ သူတို့နှစ်ယောက် စကားမပြောနိုင်ကြပဲ ဘေးပါတ်ဝန်းကျင်တွင်မြင်နေရသောအရာများကို

ပါးစပ်အဟောင်းသား ငေးမောကြည့်နေမိကြသည်။ မထင်မှတ်ပဲ သူတို့ရောက်ရှိလာသောနေရာသည် အတ္တလန်တစ်ဟု

လူတွေပါးစပ်ဖျားမှာရေပန်းစားခဲ့သော၊ အားမီးနီးစ်တို့၏ ပျောက်ကွယ် သွားခဲ့သည် ရေခဲမြို့တော်၏ အဝင်ဝဖြစ်နေသည်တကား။

(၄၃)

လေတိုက်နှုန်းက တစ်နာရီငါးမိုင်သာရှိတော့သည်။ ကလာရီသည် နှင်းမုန်တိုင်းရပ်စဲသွားသောအခါ ကိုယ်တုံးလုံးချွတ်

ပြီးလမ်းပေါ်ထွက်ရပ်နေမိသလို လုံခြုံမှုမရှိဟုခံစားလိုက်ရ၏။ သူ့အဖွဲ့ဝင်များအားလုံးသည် မုန်တိုင်းစဲသွားသည်နှင့် တစ်ပြိုင်နက်

မိကျောင်းတွားသွားပြီး ပစ်မှတ်သို့ချီတက်နေကြသည်။

ကလာရီနှင့် အဖွဲ့သည် သူတို့တိုက်ခိုက်ရန်ချီတက်နေကြသော 'ပစ်မှတ်'အကြောင်းကို ဘာဆိုဘာမှမသိခဲ့ရ။ ထွက်

ဆိုလိုသာထွက်လာခဲ့ရသည်။ မည်သူကမှ သူတို့ပစ်မှတ်နှင့် ပတ်သက်သည့် တိကျသောသတင်းအချက်အလက်များ ကို ရေရေရာရာမပေးနိုင်၊

ထို့ကြောင့် သူတို့၏ စစ်ဆင်ရေးဗျူဟာမှာ "မဲမဲမြင်ရာအကုန်ရှင်းလင်း၊ မြန်နိုင်သမျှ မြန်မြန် ပစ်၊ ပြေးနိုင်သလောက်ပြေး" ဖြစ်၏။ မည်သည့်

ရှုပ်ထွေးမှုမှမပါ၊ အလွန်ရှင်းလင်းပြတ်သားလှသည်။ သူတို့နောက်မှ တစ်နာရီခြား၍ အထူးတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်နှစ်ရာလည်း စေလွှတ်လိုက်ပြီဟု

သိရသည်။

အသုံးလုံးအဖွဲ့မှရရှိသော သတင်းအချက်အလက်များအရ ဝုဖ်၏လုံခြုံရေးတပ်ဖွဲ့ဝင်များမှာ တစ်ကမ္ဘာလုံးရှိ တိုက်ခိုက် ရေးအဖွဲ့များမှ

လက်ရွေးစင်များကို ခေါင်းခေါက်ရွေးချယ်ထားသည်ဟုဆို၏။ အသုံးလုံးသည် စီအိုင်အေမဟုတ်၊ သူတို့ရသည့်သတင်းကို အတည်ယူ၍ရမရ

မသေချာ၊ ကလာရီစိတ်ထဲမှာတော့ ဝုဖ်တပ်ဖွဲ့ဝင်များသည် သူ့အဖွဲ့ဝင်တွေကို ယှဉ်နိုင်မည်ဟု နည်းနည်းမှ မထင်။

သို့သော်လည်း သူမသိသည့်အချက်တစ်ချက်မှာ ဝုဖ်လုံခြုံရေးအဖွဲ့ဝင်များသည် သူ၏ ခြေမှုန်းရေးအဖွဲ့ဝင်များထက် အရေအတွက်

သုံးဆခန့်များပြားနေသည်ဆိုသည်ကိုပင်။

ကလာရီ၏ တပ်ဖွဲ့သည် နှစ်ထပ်ဆင့်ကာရံထားသော ဝုဖ်စခန်း၏ လုံခြုံရေးစည်းရိုးနားရောက်လာခဲ့ကြသည်။

ဂျာမန်လိုရေးထားသော-

"အခွင့်မရှိ၊ မဝင်ရ" ဟူသည့်ဆိုင်းဘုတ်ကြီးကို ထင်းကနဲတွေ့လိုက်ကြရသည်။

ခြံစည်းရိုးသည် ဝါယာကြိုးများကို လိမ်ပတ်ယက်ရှယ်ထားသော ရိုးရိုးစည်းရိုးမျှသာဖြစ်သည်။ ခုနစ်ပေမျှသာ မြင့်သည့် အတွက်

ခြေဖြင့်တစ်ချက်နင်းပြီး အလွယ်တကူခုန်ဝင်နိုင်၏။ ကလာရီနှင့်အဖွဲ့သည် နှစ်ထပ်စည်းရိုးကို အခက်အခဲမရှိ ဖြတ်ကျော်ပြီးသောအခါ

ပြူတင်းပေါက်မရှိသော အလုံပိတ်အဆောက်အဦးများစွာကို အတွဲလိုက်တေလွှ့ကြ်ရ၏။ ကလာရီသည် တပ်ဖွဲ့ဝ င်များကို

ရပ်တန့်ရန်အချက်ပြလိုက်ပြီး မိုတာရိုလာရေဒီယိုကိုဖွင့်လိုက်သည်။

"သံဖြူဆရာ"

"ပြောပါ မော်ဆရာ" ဗိုလ်ဂါးနက်၏ အသံက သူ့နားထဲတွင်ပီသစွာကြားရ၏။

"အဖွဲ့ခွဲမယ်။ ရက်ကွန်းအဖွဲ့ကို ဦးဆောင်၊ ရှေ့ကသွား၊ ကံကောင်းပါစေ"

ဂါးနက်နှင့် ရက်ကွန်းအဖွဲ့၏ တာဝန်မှာ လျှပ်စစ်ဓါတ်အားပေးစက်ရုံကို ရှာဖွေဖျက်ဆီးရန်ဖြစ်၏။

"ကျီးကန်း"

"ရှိ"

"ဆီးလ်အဖွဲ့ကို ဦးဆောင်၊ ဆက်လုပ်"

ဆီးလ်အဖွဲ့သည် ထိန်းချုပ်ခန်းကို ရှာဖွေဖျက်ဆီးရမည် ဖြစ်၏။

"ခြသေ့်"

"ရှိ"

"မော်ဆရာနဲ့ အတူသွားမယ်"

"ဟုတ်"

ကလာရီကတော့ သူနှင့်နှစ်ပေါင်းများစွာလက်တွဲလာသော ဒယ်လ်တာအဖွဲ့နှင့်အတူ လုံခြုံရေးများကိုရင်ဆိုင်ရမည် ဖြစ်သည်။

တပ်ဖွဲ့သုံးဖွဲ့သည် တိတ်ဆိတ်စွာခွဲထွက်သွားကြ၏။ ကလာရီသည် ရက်ကွန်းမရိန်းတပ်နှင့် ဆီးလ်တပ်များလှုပ်ရှားနေ သည်ကို

ခဏစောင့်ကြည့်နေ၏။

"သံဖြူဆရာ၊ သတင်းပို့ပါ"

"ပစ်မှတ်နှင့် ကိုက်သုံးရာအကွာ၊ လမ်းကြောင်းရှင်း"

"ကျိုးကန်း"

"ပစ်မှတ်ကို ရှာဖွေဆဲ"

ကလာရီ၏ ဒယ်လ်တာအဖွဲ့သည် သတကြီးစွာထားပြီး ချီတက်ခဲ့ကြသည်။ အဆောက်အဦးတစ်ခုလုံးမှာ တိတ်ဆိတ် လျှက်ရှိသည်။

မည်သည့်လှုပ်ရှားမှုမှမတွေ့ရ။ တိတ်ဆိတ်လွန်းလှသည်။ တိတ်ဆိတ်လွန်းအားကြီးနေ၏။

အတ္တလန်တစ် ရှာပုံတော် (၈၃)

ပင်မ ထိန်းချုပ်ခန်းကြီး၏ အောက်ထပ်ရှိ လုံခြုံရေးခန်းမထဲရှိ တပ်ဆင်ထားသော မော်နီတာ စကရင်များပေါ်မှ တဆင့် ကလာရီ၏တပ်ဖွဲ့

တရွေ့ရွေ့ချီတက်လာသည်ကို စောင့်ကြည့်ရင်း ကားလ်ဝုဖ်သည် အူမြူးလျှက်ရှိသည်။ သူက ဘေးတွင်ရပ်နေသော ဟူဂို့ကို လှမ်းကြည့်ရင်း-

"အချိန်မကျခင် ဒီလူတွေကို မင်းတားနိုင်တယ်ဆိုတာ သေချာတယ်နော် ဟူဂို" ဟုမေးလိုက်သည်။

ဟူဂိုဝုဖ်က မထီတရီပြုံးရင်း-

"ဒီကိစ္စမျိုးအတွက် ကျွန်တော့်အဖွဲ့ကို အကြိမ်ပေါင်းများစွာ လေ့ကျင့်ပေးခဲ့ပြီးပြီ အကိုကြီး၊ ကျွန်တော့်လူတွေ အခု ကျွန်တော့်အမိန့်ကို

စောင့်နေကြတာ" ဟုပြောလိုက်သည်။

ကားလ်က ကျေနပ်နစ်သက်စွာခေါင်းညိတ်ပြလိုက်သည်။

"တော်တယ် ဟူဂို၊ ဒါပေမဲ့ ခုလာတအဲ့ ဖွဲ့က ပထမတန်းစား အမေရိကန် ချေမှုန်းရေးတပ်နော်"

"မပူပါနဲ့ အကိုကြီးရယ်၊ ကျွန်တော့်လူတွေက ထိပ်တန်းလက်ရွေးစင်တွေပါ။ ပြီးတော့ ဒါကျွန်တော်တို့မြေ၊ ကျွန်တော် တို့ခွင်၊

အလစ်အငိုက်တိုက်ဖို့အခွင့်အရေးကလည်း ကျွန်တော်တို့ဖက်မှာ၊ ခုလာတဲ့ ဒယ်လ်တာအဖွဲ့ကို ကျွန်တော် ပါတ်လည်ဝိုင်းခိုင်းထားတယ်၊ မကြာခင်

ဒယ်လ်တာတွေ ကြွက်စုတ်ဖြစ်သွားစေရမယ်၊ စောင့်သာကြည့်နေ"

"မင်းရဲ့ ဗျူဟာက ဘာလဲ"

"ပင်မထိန်းချုပ်ခန်းရှေ့ကို သူတို့တပ်ဖွဲ့ဝင်အားလုံးကို မောင်းသွင်းမယ်။ ပြီးမှ စိတ်ပြေနပြေချေမှုန်းတာပေါ့"

"ကောင်းတယ်ကွာ၊ စစ်အတွင်းတုန်းက မဟာမိတ်တွေနဲ့ တိုက်ခဲ့တဲ့ငါတို့ရဲ့ ဘိုးဘေးတွေကတော့ မင်းအတွက် ဂုဏ်ယူနေမှာပဲ"

ဟူဂိုက ခေါင်းညွှတ်အလေးပြုလိုက်ပြီး-

"ဒါတွေအားလုံးဟာ စတုတ္ထနိုင်ငံတော်အတွက်ပါ၊ ကဲ-ကျွန်တော်သွားတော့မယ်၊ အကိုကြီး၊ ညွှန်ကြားချက်ပေးဖို့ အချိန်ရောက်ပြီ"

ဟုဝင့်ကြွားစွာပြောလိုက်သည်။

"သူတို့ကို ချေမှုန်းဖို့အချိန်ဘယ်လောက်လိုမလဲ"

ဟူဂိုက နှုတ်ခမ်းထောင့်စွန်းကလေး ကော့တက်သွားအောင် ပြုံးလိုက်ပြန်ရင်း-

"နာရီဝက်၊ ဒီထက်မပိုဘူး"

"အေး၊ တတ်နိုင်သမျှ မြန်မြန်လုပ်၊ ဟူဂို၊ လေယာဉ်ထွက်ရင် မင်းတို့ကို မကျန်ရစ်ခဲ့စေချင်ဘူး"

ကားလ်သည် မော်နီတာ စကရင်များကြားမှ ဒစ်ဂျစ်တယ်နာရီကို တစ်ချက် ကြည့်လိုက်သည်။

"နောက် ၂၅မိနစ်ဆိုရင် အော်တိုမက်တစ် ရေခဲပြင်ခွဲစနစ်ကို အသက်သွင်းတော့မယ်။ ပြီးရင်းအားလုံး မြေအောက်

လိုဏ်ခေါင်းကတဆင့် လေယာဉ်ဂိုဒေါင်ကို သွားကြမယ်"

"ကျွန်တော်နဲ့ ကျွန်တော့်အဖွဲ့ လိုက်ခဲ့ပါမယ် အကိုကြီး၊ စိတ်ချလက်ချသာသွားပါ"

"အေး-ကံကောင်းပါစေကွာ၊ လေယာဉ်ပေါ်မှာပြန်တွေ့မယ် ဟူဂို"

ညီအကိုနှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြပြီး ကားလ်သည် ဓါတ်လှေကားမှတစ်ဆင့် အပေါ်ထပ်ရှိ ပင်မထိန်းချုပ်ခန်း

သို့တက်သွားတော့သည်။

ကလာရီနှင့် သူ၏ ဒယ်လ်တာအဖွဲ့ ပင်မထိန်းချုပ်ခန်းသို့မရောက်မီ ကိုက်တစ်ရာအကွာတွင် ဗိုလ်ဂါးနက်၏ အသံ ထွက်ပေါ်လာသည်။

"မော်ဆရာ၊ သံဖြူဆရာပါ၊ ဒီမှာ တစ်ခုခု မှားနေ————"

ထိုအချိန်မှာပင် ပင်မထိန်းချုပ်ခန်းသို့သွားသောလမ်းကို ပိတ်ဆို့ထားသော အကာအရံများကြားမှ ရုတ်တရက် ထွက်ပေါ်လာသည့်

ဒါဇင်ပေါင်းများစွာသော သေနတ်ပြောင်းဝမဲမဲကြီးများကို ကလာရီမြင်လိုက်ရသည်။ ကလာရီသည် အော်ဟစ်သတိပေးရန် ပါးစပ်ဟလိုက်သည့်အခါ

အရာအားလုံးသည် အဆမတန်နောက်ကျသွားခဲ့ချေပြီ။ ဘေးတစ် ဖက်တစ်ချက်ရှိ ရေခဲတောင်နံရံများမှ သေနတ်များထွက်ပေါ်လာပြီး

အော်တိုမက်တစ် ရိုင်ဖယ်အလက်နှစ်ရာမှ တစ်ပြိုင်ထဲပစ်ခတ်လိုက်သော သေနတ်သံသည် ဝေါကနဲထွက်ပေါ်လာတော့၏။

တစ်ချိန်တည်းတစ်ပြိုင်နက်ထဲမှာပင် လျှပ်စစ်ဓါတ်အားပေးစက်ရုံသို့သွားသော ဂါးနက်၏ မရိန်းတပ်ဖွဲ့သည် ရေခဲတုံး များ နှင်းခဲများကဲ့သို

့သေချာ စနစ်တကျ စီစဉ်ထားသော အကာအရံများကို ကိုက်တစ်ရာခန့်ကြမှ အသေအချာမြင်တွေ့လိုက်ရချိန်တွင် သူ့အဖွဲ့သည် ရန်သူ့

ပစ်ကွင်းထဲသို့ထင်းထင်းကြီးရောက်နေ၏။ သူတို့သည် လျှင်မြန်သွက်လက်စွာ အကာအကွယ်ယူပြီး တန်ပြန်ထိုးစစ်ကို

ချက်ခြင်းစတင်လိုက်နိုင်သော်လည်း ရန်သူက အပေါ် စီးရလွန်းအားကြီးသည်။

တိုက်ပွဲစလျှင်စခြင်း ရှေ့ဆုံးမှ ဒယ်လ်တာအဖွဲ့ဝင်တစ်ဦးမှာ ဒူးနှင့်ပေါင်တွင် ကျည်သင့်ပြီးခွေကနဲလဲကျသွားသည်။ ဗိုလ်ကြီးရှပ်ဘက်သည်

ပြားနေအောင်ဝပ်၍ မိကျောင်းတွားသွားပြီး သူ့လူကို မရရအောင်တက်ဆွဲသည်။ ကျည်တစ်တောင့်သည် ရင်ဘတ်တည့်တည့်မှန်သောကြောင့်

ကလာရီနောက်ပြန်လဲကျသွား၏။ ကျည်ကာအကျီကြောင့် အသက်မသေသော်လည်း ရင်ဘတ်က ဆယ်ပေါင်တူနှင့် အထုခံလိုက်ရသလို

နာကြင်လှ၏။ ဒယ်လ်တာအဖွဲ့၏ လက်ဖြောင့်တပ်သား တပ်ကြပ်ကြီး ကားလို့စ်မန်ဒိုဇာသည် ကျူ- ၉၉ ခြေမှုန်းရေးရိုင်ဖယ်ကို

အသေအချာချိန်ရွယ်၍ ကလာရီကို ပစ်ခတ်သော လုံခြုံရေးကို ပစ်လိုက်သည်။ နဖူးတည့်တည့်မှန်၍ ကားကနဲ ကျသွား၏။ တပ်ကြပ်ကြီးသည်

နောက်တစ်ယောက်ကို ချိန်ရွယ်ပစ်ခတ်ပြန်သည်။

ကလာရီသည် ကြိတ်မနိုင်ခဲမရ ဖြစ်နေ၏။ ဝုဖ်လုံခြုံရေးများကို လျှော့တွက်မိခဲ့သည်မှာ ပြန်ပြင်၍မရတော့သော မဟာ အမှားဖြစ်သည်။

သူတို့ရှိတက်လာချိန်ကတည်းက ဝုဖ်တို့သည် အသေအချာကို စောင့်ဆိုင်းနေခြင်းဖြစ်မှန်း သူအခုမှ သဘောပေါက်သည်။ ဝုဖ်၏

လုံခြုံရေးအရေးအတွက်သည် ၂၅ ဦးထက်မပိုဟု သူတို့ကို ဖြီးချခဲ့သော ပင်တာဂွန်နှင့် စီအိုင်အေမှ ငနဲများကို အထပ်ထပ်အခါခါ ကျိန်ဆဲမိသည်။

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး-

"သံဖြူဆရာ၊ အခြေအနေသတင်းပို့"

"ရန်သူအယောက်ခြောက်ဆယ်နှင့် ထိပ်တိုက်ထိတွေ့၊ ပစ်အားကောင်း" ဂါးနက်၏ အသံကတည်ငြိမ်လှသည်။

"ရည်မှန်းချက် ပစ်မှတ်ကို အောင်မြင်နိုင်မလား"

"မော်ဆရာ၊ ရန်သူ့ပစ်ချက် အလွန်တိကျ၊ သံဖြူဆရာနှင့်အဖွဲ့ ရှေ့ဆက်မတိုးနိုင်" တဲ့။ မရိန်းတပ်ဖွဲ့၏ ထိပ်တန်း တိုက်ခိုက်ရေး

ရက်ကွန်းကရှေ့ဆက်မတိုးနိုင်လျှင် ဘယ်တပ်ဖွဲ့မှ ရှေ့ဆက်တိုးနိုင်စရာအကြောင်းမရှိ။ အခြေအနေက ရှေ့တိုးလည်းထမ်းပိုး၊ နောက်ဆုတ်လည်း

လှည်းထုပ်ဖြစ်နေပြီ။

"သံဖြူဆရာ၊ ဒီဖက်မှာလည်း ပစ်အားများနေတယ်။ တပ်ကူမပေးနိုင်၊ ကျီးကန်းအဖွဲ့နဲ့ပေါင်းပါ။ ဒါပဲ"

"မော်ဆရာ၊ နားလည်ပြီ။ ဒါဆို ဆုတ်ခွာခွင့်ပြုပါ၊ ဒါပဲ"

ကျီးကန်းဟု အမည်ရသော ဂျက်ကော့ဘ်နှင့် သူ၏ ဆီးလ်အဖွဲ့သည် ကျန်တပ်ဖွဲ့များအလူးအလဲခံနေရသည့် သတင်း ကို ရချိန်တွင်

ပင်မထိန်းချုပ်ခန်း၏အနောက်ဖက် ကိုက်တစ်ရာအကွာတွင်ရောက်ရှိနေကြသည်။ ပင်မထိန်းချုပ်ခန်းကို နောက်မှ အလစ်အငိုက်ဝင်စီးပြီး ခြသေ့်နှင့်

သံဖြူဆရာ၏ တပ်ဖွဲ့များကို ကူညီရန်အတွက် ကျီးကန်း ဂျက်ကော့ဘ် သည် သူ၏ ဆီးလ်တပ်ဖွဲ့ဝင်များကို ရှေ့သို့ချီတက်ရန်

အမိန့်ပေးလိုက်ချိန်တွင် သူတို့ရှေ့မှ လက်နက်အပြည့်ဆင်ထား သော နင်းကြောင်နှစ်ကောင်ပေါ်လာ၏။

ရေခဲပြင် တိုက်ခိုက်ချေမှုန်းရေးတင့်ကားဖြစ်သော နင်းကြောင်သည် ဆီးလ်တပ်ဖွဲ့ကို တရစပ်ပစ်ခတ်တော့သည်။ လျှပ်တစ်ပြက်

တိုက်ပွဲစစချင်း သူ့လူနှစ်ယောက်ကျသွားသည်ကို ဂျက်ကော့ဘ်သည် ကူကယ်ရာမဲ့စွာ ကြည့်နေခဲ့ရသည်။ ကျည်ကပ်တစ်ကပ်လုံးကုန်သည်အထိ

ကျူ-၉၉ ဖြင့်နင်းကြောင်များကို ပစ်ခတ်သော်လည်း မဖြို၊ ဆီးလ်အဖွဲ့ မှ တပ်ကြပ်ကြီးက ပစ်ကွင်းထဲ ထင်းထင်းကြီးရပ်နေသော ဂျက်ကော့ဘ်ကို

လည်ဂုတ်မှဆွဲ၍ အကာအကွယ်နောက် သို့အတင်းခေါ်လာချိန်အထိ ဂျက်ကော့ဘ်မှာ ဒေါသဖြင့်မာန်ဖီနေဆဲ။

ကျူ-၉၉ ခြေမှုန်းရေးရိုင်ဖယ်များမှ ပစ်ခတ်လိုက်သော ဒုံးကျည်များကြောင့် နင်းကြောင်များသည် ခေတတမျှတုံ့ဆိုင်းသွား သော်လည်း

သူတို့ထံသို့ တရွေ့ရွေ့လာနေဆဲဖြစ်၏။ ရုတ်တရက် သူတို့နောက်မှ နင်းကြောင်နှစ်စီး ထပ်ရောက်လာသည်ကို တွေ့လိုက်ရသော

ဆီးလ်တပ်ဖွဲ့ဝင်များမှာ ဘေးဖက်ရှိ တောင်ကြားလမ်းကလေးသို့ ဒရောသောပါးဆုတ်ခွာ လာရသည်။ ဂျက်ကော့ဘ်သည် မော်ဆရာ ကလာရီထံသို့

သတင်းပို့၏။

"မော်ဆရာ၊ ကျီးကန်းတို့အဖွဲ့ ရေခဲပြင်သုံးတင့်ကားလေးစီးနဲ့ တိုက်တာခံနေရတယ်"

"လက်နက်ကြီးပါလား"

"စက်သေနတ်တော့ပါတယ်။ ကျွန်တော်တို့ ဒုံးကျည်တွေကို မဖြိုဘူး"

ကလာရီသည် နေရာပြောင်းလိုက်ပြီး-

"ကြီးကန်း တည်နေရာပြပါ"

"ပင်မထိန်းချုပ်ခန်းအနောက်ဖက် ကိုက်တစ်ရာ့ငါးဆယ်အကွာ တောင်ကြားလမ်းလေးထဲမှာ"

"ကြီးကန်း အဲဒီအတိုင်း ကိုက်ငါးဆယ်ဆက်သွားပြီး ညာဖက်ကိုချိုး၊ ပင်မထိန်းချုပ်ခန်းရှေ့ဖက်ကို ရောက်လာမယ်"

"လာနေပြီ မော်ဆရာ၊ နှင်းကြောင်သတ်ဖို့ လက်နက်ပါလား"

"သံဖြူဆရာ အဖွဲ့မှာနှစ်ခုပါတယ်၊ နောက်နှစ်ခု သယ်လာတဲ့ရဲဘော်က ပျောက်နေတယ်"

"သံဖြူဆရာက ဓါတ်အားပေးစက်ရုံမှာ၊ တင့်ကားဖျက်လက်နက်က သူတို့မလိုဘူး၊ ကျွန်တော်တို့လိုနေတာ"

"သံဖြူဆရာအဖွဲ့ဆုတ်လာပြီ"

"အမြန်လာခိုင်းပါ၊ မော်ဆရာ၊ နှင်းကြောင်တွေက ကျွန်တော်တို့ ဖင်နားကပ်နေပြီ"

မော်ဆရာညွှန်ကြားသည့်အတိုင်း အမြန်ဆုတ်လာခဲ့ကြရာ ဆီးလ်အဖွဲ့သည် ပင်မထိန်းချုပ်ခန်း၏ ရှေ့ဝင်ပေါက်ဝ

ဘေးလမ်းသို့ရောက်လာကြ၏။ ထူထဲလှသော နံရံကြီးတစ်ခု နောက်တွင်အကာအကွယ်ယူလိုက်ကြပြီး ခြသေ့် ဗိုလ်ကြီး ရှပ်ဘာတ်၏

ဒယ်လ်တာအဖွဲ့ကို ခေါင်းမဖော်နိုင်အောင်ပစ်နေကြသော လုံခြုံရေးများကို ဘေးမှ ပစ်ခတ်တိုက် ခိုက်တော့သည်။

တပ်ဖွဲ့ခေါင်းဆောင် မော်ဆရာကလာရီသည်ပြားနေအောင်ဝပ်ရင်းက မှန်ပြောင်းဖြင့်ကြည့်၍ လုံခြုံရေးများနေရာယူ ထားသော

အကာအကွယ်များကို မည်သို့ထိုးဖောက်၍ ပင်မထိန်းချုပ်ရေးခန်းကို ဝင်စီးရမည်ကို
အကြံထုတ်လျှက်ရှိ သည်။ သို့သော်ဘာနည်းလမ်းမှရှာမတွေ့၊

နောက်ဆုံးတော့ ရက်ကွန်းနင့်ဆီးလ်အဖွဲ့များအား ဘေးတစ်ဖက်တစ်ချက် မှပန်းတိုက်စေပြီး
ဒယ်လ်တာအဖွဲ့က အလယ်မှတက်ရန်

နည်းဗျူဟာကိုသာသုံးရန် သူဆုံးဖြတ်လိုက်သည်။ သို့သော် လည်း
ဒီစစ်ဆင်ရေးအောင်မြင်ဖို့ဆိုသည်မှာ အလွန်အင်မတန်ခဲယဉ်းကြောင်း

သူ့စိတ်ထဲကသိနေ၏။

အမေရိကန် အထူးခြေမှုန်းရေးတပ်နင့် ထိပ်တိုက်ထိတွေ့မှုဖြစ်နေသော
ဝုဖ်လုံခြုံရေးတပ်များအဖို့ကတော့ ဤစစ်ပွဲသည်

ဘုရင့်နောင်ဖောင်ဖျက်တိုက်သည့် စစ်ပွဲသဖွယ်ဖြစ်၏။ ဤစစ်ပွဲ၏ အောင်မြင်မှု၊ ကျရှုံးမှုသည်
သူတို့ဘဝ အတွက်သာမက

အူးရစ်ဝုဖ်ခေါင်းဆောင်သော သဘော်ကြီးလေးစီးပေါ်ရောက်ရှိနေကြသည့် သူတို့မိသားစုများ၏ ဘဝ
နှင့်ပါသက်ဆိုင်နေ၏။ ဟူဂိုသည်

တိုက်ပွဲတစ်ခုလုံးကို အပေါ်စီးမှကြည့်ရင်း အမိန့်များပေးနေ၏။ သူ၏တိုက်ပွဲဝင် ဗျူဟာသည်
မူလစီစဉ်ထားသည့်အတိုင်း အပိုအလိုမရှိ

ကွက်တိအောင်မြင်နေ၏။ ယခုသူစီမံထားသည့်အတိုင်း ရန်သူ များသည် ပင်မထိန်းချုပ်ခန်း၏
ရှေ့မျက်နှာစာတွင်လာရောက်စုဝေးနေကြပြီဖြစ်၏။

သူသည် ဟဲလ်မက်ခေါင်းဆောင်း တွင်တပ်ဆင်ထားသော စကားပြောစက်မှတဆင့်
အကိုကြီးကားလ်ကို ဆက်သွယ်လိုက်၏။

"အကိုကြီး"

"ပြော- ဟူဂို"

"ကျွန်တော် ရန်သူတွေကို အပြတ်ချေမှုန်းတော့မယ်၊ အဲဒီက ကိစ္စတွေပြီးပြီဆိုရင် အကိုအယ်လ်ဆီနဲ့
တခြားလူတွေကိုခေါ်ပြီး

လေယာဉ်ပေါ်ကိုသွားတော့”

“ကောင်းပြီ-ဟူဂို၊ လေယာဉ်ပေါ်မှာပြန်တွေ့ကြမယ်”

နောက်နှစ်မိနစ်ကြာသောအခါ ဟူဂိုသည် ရောက်ရှိလာသော နင်းကြောင်နှစ်စီးအား ရန်သူကိုအမြစ်ပြတ်ချေမှုန်းရန်

နောက်ဆုံးအမိန့်ကိုပေး၏။ ထိုစဉ်လုံခြုံရေးအဖွဲ့ဝင်တစ်ဦး ဟူဂိုထံသို့ ဒရောသောပါးရောက်ရှိလာ၏။

“ဆရာ၊ လေယာဉ်ဂိုဒေါင်က အရေးပေါ်သတင်းပို့——————”

တပ်ကြပ်ကြီး မန်ဒိုဇာသည် ကျူ-၉၉ ၏စနိုက်ပါမှန်ပြောင်းမြင်ကွင်းအလယ်တည့်တည့်သို့ အာရုံစူးစိုက်ကြည့်ရင်း သေနတ်မောင်းတံ

ခလုတ်ကို အသာအယာညှစ်ဆွဲလိုက်သည်။ ကျည်ဆန်သည် ဟူဂိုကိုသတင်းပို့နေသော လုံခြုံရေး တပ်ဖွဲ့ဝင်၏ ညာဖက်နားထင်မှ ဖောက်ဝင်ပြီး

ဦးကျောက်တွင်းမှဖြတ်သန်းကာ ဘယ်ဖက်နားထင်မှထွက်သွား၏။ လုံခြုံရေးတပ်ဖွဲ့ဝင်သည် ခွေကနဲလဲကျသွား၏။ သူပို့မည် လေယာဉ်ဂိုဒေါင်မှ

အရေးပေါ်သတင်းသည်လည်း သူနှင့် အတူ မရဏကမ္ဘာသို့ တခါတည်းလိုက်ပါသွားခဲ့ချေပြီ။

အတ္တလန်တစ် ရှာပုံတော် (၈၄)

နင်းကြောင်တင့်ကားလေးစီးသည် တဖြည်းဖြည်းနီးလာသည်ကို သံဖြူဆရာဂါးနက်နှင့် သူ၏ မရိန်းရက်ကွန်းတပ်ဖွဲ့သည်

တင့်ကားဖျက်လက်နက်ကြီး နှစ်ခုကို ထမ်း၍ စိတ်ရှည်လက်ရှည်စောင့်နေ၏။ ပထမဆုံးနင်းကြောင်သည် ကိုက်တစ်ရာ အတွင်း ပစ်ကွင်း

သို့ဝင်လာခဲ့ပြီ။ပစ်လွှတ်လိုက်သည့် တင့်ကားဖျက်ဒုံးကျည် နှစ်စင်း သည် ပစ်မှတ်ကို တည့်တည့်ကြီးထိမှန်၏။ အုံးကနဲ အသံကြီး ကြားလိုက်ရပြီး

ပထမနင်းကြောင်သည် မီးဟုန်းဟုန်းတောက်ကာ တစ်စစီဖြစ်သွား၏။ နောက်မှ လိုက်လာသော နင်းကြောင်သုံးစီးသည် ဒရောသောပါး

ပြန်ပြေးလေတော့၏။

ကလာရီသည် ဟုတ်ပြီကွ ဟုလက်သီးလက်မောင်းတန်း၍ ကြုံးဝါးကြွေးကြော်လိုက်သော်လည်း ချက်ချင်းပင် အခြေအနေမှန်ကို

ရိပ်စားမိသည်။ သူတို့မှာနောက်ထပ်ပစ်စရာ တင့်ကားဖျက်ဒုံးကျည်မရှိတော့။ ရန်သူသည် အခြေအနေမှန်ကို ရိပ်စားမိသည်နှင့်တစ်ပြိုင်နက်

သူတို့သည် နင်းကြောင်များ၏ လက်တုံ့ပြန်ခြင်းကို မလွဲဧကန်ခံရတော့မည်။

ဝါရှင်တန်ရှိ အိမ်ဖြူတော်အစည်းအဝေးခန်းမထဲမှလူများမှာ စစ်ပွဲသတင်းကို နားဆင်ရင်း မျက်စိမျက်နှာမကောင်းကြ၊ သမ္မတနှင့်

ဗိုလ်ချုပ်ကြီးများသည် အမေရိကန်တပ်မတော်၏ လက်ရွေးစင်တပ်ဖွဲ့ဝင်များ အကြောင်းဆိုးနေသည်ကို မယုံနိုင်လောက်အောင်ဖြစ်နေကြသည်။

လက်ဦးမှုရယူ၍ အလစ်အငိုက်တိုက်ခိုက်ခဲ့သော်လည်း အခြေအနေက သူတို့မျှော်လင့်ခဲ့သလို ဖြစ်မလာ။ ရှေ့ပြေးတပ်ဖွဲ့သည်

အလဲအကွဲခံနေရချေပြီ။ ထို့ထက်ပို၍ဆိုးသည်မှာ ဝုဖ်တို့၏ အစီအစဉ်ကို ဖျက်ဆီးဖို့မဆိုထားနှင့် ခုထိအနားပင်မကပ်နိုင်သေးသည့်အတွက်

တစ်ကမ္ဘာလုံးအတွက် အိပ်မက်ဆိုးကြီး က နီးသထက်နီးလာခြင်းပင်ဖြစ်တော့၏။

သမ္မတသည် လေပူကြီးတစ်ချက်ကို ဝှီးကနဲမှုတ်ထုတ်လိုက်ပြီး-

"နောက်ကလိုက်သွားတဲ့ ပင်မတပ်ဖွဲ့ကြီး အဲဒီကိုဘယ်တော့ရောက်မလဲ" ဟုအားမရှိစွာမေးလိုက်သည်။

ဗိုလ်ချုပ်ကြီးဆောက်က-

"အနည်းဆုံး မိနစ်လေးဆယ်လောက်တော့ကြာဦးမယ် သမ္မတကြီး" ဟု
စိတ်ပျက်လက်ပျက်ဖြေလိုက်သည်။

"အချိန်ရောက်ဖို့ကရော"

"နှစ်ဆယ့်နှစ်မိနစ်"

သမ္မတသည် ပခုံးကိုတွန့်၊ လက်နှစ်ဖက်ကို လေထဲမြှောက်လိုက်ပြီး-

"နျူထိပ်ဖူးတပ် ဒုံးကျည်တွေလွှတ်လိုက်တော့" ဟု ပြောလိုက်သည်။

ဗိုလ်ချုပ်ကြီးဆောက် မျက်လုံးပြူးသွား၏။

"ကျွန်တော်တို့လူတွေပါ အကုန်သေကုန်လိမ့်မယ်"

"ဒါဆို တခြားဘာအစီအစဉ်ရှိလဲ"

မော်နီတာ စကရင်ပေါ်တွင်မြင်နေရသော သမ္မတ၏သောကမျက်နှာကိုကြည့်ရင်း
ဗိုလ်ချုပ်ကြီးဆောက်က ခေါင်းကို ဖြည်းညှင်းစွာ

ယမ်းခါလိုက်သည်။

"မရှိပါဘူးဆရာ"

ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အယ်ဒရစ်က-

"ကျွန်တော့် သင်္ဘောတက်ခ်ဆန်ကို ဒုံးပျံပစ်လွှတ်ဖို့အမိန့်ပေးလိုက်ရတော့မလား"

လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကိုဘန်းက-

"ရေငုပ်သင်္ဘောကနေ တိုမာဟော့ခ်ဒုံးကျည်လွှတ်တာထက်စာရင် စတဲ့လ်ပေါ်က
ဒုံးကျည်ကိုသုံးတာက ပစ်မှတ်ကိုပိုပြီး

ထိထိကျကျထိမှန်နိုင်လိမ့်မယ်ထင်တယ်"

သမ္မတသည် ဆုံးဖြတ်ချက်ချလိုက်သည်။

"ကောင်းပြီ။ စတဲ့လ် ပုံးကြံလေယာဉ်တွေကို အသင့်အနေအထားရှိနေဖို့အမိန့်ပေးလိုက်ပါ။ ခဏတော့ စောင့်ချင် သေးတယ်။

ဗိုလ်မှူးကလာရီနဲ့အဖွဲ့ကို ဘုရားသခင်စောင်မကြည့်ရှုတော်မူမလားဆိုတာကိုပေါ့"

ဗိုလ်ချုပ်ကြီး ကိုဘန်းသည် လိုအပ်သည့်အမိန့်များကို ပေးနေစဉ် သေနာပတိ ဗိုလ်ချုပ်ကြီး ဆောက်သည် မျက်စိများ ကိုမှိတ်လိုက်ပြီး-

"ဘုရားသခင်က မှန်တဲ့ဖက်ကို သေချာပေါက်ကူညီမယ်လို့ ယုံကြည်ချင်လိုက်တာ" ဟုခပ်တိုးတိုးရေရွတ်လိုက်သည်။

(၄၃)

ရေခဲပြင်ကြားမှ ထိုးထွက်နေသော အဆောက်အဦးများ၊ ပစ်နှင့် အယ်လ်သည် ဒီလို ဗျသုကာလက်ရာမျိုးကို တစ်ကြိမ် တစ်ခါမှ

မတွေ့ဖူးခဲ့ကြသဖြင့် မိန်းမောမှင်သက်ကာ ငေးမောနေမိကြသည်။ မြို့တော်တစ်ခုလုံးမည်မျှကျယ်ဝန်းသည် ကိုမသိရ၊ သူတို့တွေ့နေရသည်က

သေးငယ်သော အစိတ်အပိုင်းလေးတစ်ခုမျှသာ။

ပစ်နှင့်အယ်လ်သည် အလွန်လုပသေသပ်စွာအနုစိတ်ထွင်းထုထားသော ကျောက်တိုင်ကြီးများကြားတွင် လှည့်ပါတ် ကြည့်ရှုနေကြ၏။

ပစ်သည် ကမ္ဘာပေါ်မှ ပျောက်ဆုံးနေသော ရှေးဟောင်းအမွေအနှစ် ရတနာသိုက်ကြီးပေါ်တွင် သူတို့ရပ်နေကြ သည်ကို သိလိုက်ရသဖြင့်

ကြက်သီးဖြန်းဖြန်းထသွားသည်။ အခန်းကြီး၏အလယ်တွင် လှေကြီး တစ်စီး။

"ဒါဘာလဲ၊ အားမီးနီးစ်တွေရဲ့ ဝတ်ကျောင်းလား" အယ်လ်က ခပ်တိုးတိုးပြောလိုက်သည်။

"ဝတ်ကျောင်းတော့ မဟုတ်လောက်ဖူး၊ ကြည့်ရတာ ပြတိုက်များလား၊ လက်ရာကတော့ အရမ်းကို အဆင့်မြင့်တာပဲ"

"ဒါကို နာဇီတွေရှာဖွေတွေ့ရှိပြီး ပြန်လည်တူးဖော်ထားတယ်ဆိုတာကိုတော့ သံသယရှိစရာမလိုဘူး၊ ဒါပေမဲ့ ဒီကောင်တွေ

မြို့တော်တစ်ခုလုံးရဲ့ ဆယ်ရာခိုင်နှုန်းလောက်ပဲ တူးလို့ရသေးတယ်ထင်တယ်"

"အယ်လ်၊ ငါတို့သွားကြစို့" ပစ်သည် နာရီကိုကြည့်၍ လောဆော်လိုက်သည်။ အတိတ်၏ ကြီးကျယ်ခန်းနားသော သမိုင်းကြောင်းကို

တူးဆွရှာဖွေဖို့ သူတို့တွင်အချိန်မရှိ။

သူတို့ဆီ ခရူဇာပေါ်သို့ အပြေးတစ်ပိုင်းပြန်တက်ကြပြီး နင်းကြောင်ခြေရာအတိုင်းဆက်လက်ခရီးဆက်ခဲ့ကြသည်။ ပစ်မှတ်ကို

နီးကပ်လာပြီဖြစ်သည့်အတွက် ပစ်သည်ကားကို ဂရုစိုက်မောင်းနှင်လာပြီး အယ်လ်ကတော့ ရိုင်ဖယ်ကိုအသင့်ချိန်ရွယ်လာခဲ့သည်။

အကွေ့လေးတစ်ကွေ့ကို ကျော်လွန်လိုက်သောအခါ ရုတ်တရက်ထွက်ပေါ်လာသော လျှပ်စစ်ကားတစ်စီးနှင့် ခေါင်းချင်းဆိုင်မိတော့သည်။

လျှပ်စစ်ကားပေါ်လိုက်ပါလာသော အနက်ရောင်ယူနီဖောင်းဝတ်လုံခြုံရေးသုံးဦးသည် မိုးပေါ်မှကျလာသလို ဘွားကနဲ ပေါ်ထွက်လာသော

ရောမယာဉ်အနီကြီးကို ပါးစပ်ကြီးများဟ၍ ကြောင်ကြည့်နေကြ၏။ ခရူဇာသည် လျှပ်စစ်ကားကလေးအား အမိုက်ကြုံးကားကြီးက

ဆိုက်ကားကိုတိုက်ကြိတ်သကဲ့သို့ ကျိုးကျိုးကျွတ်ကျွတ်မြည်အောင် တက်ကြိတ်ပစ်လိုက်သည်။ ပစ်သည် နောက်လှည့်ကြည့်လိုက်သောအခါ

လျှပ်စစ်ကားသည် ပုံပျက်ပန်းပျက် ပြားချပ်ကျန်ခဲ့ သည်ကိုတွေ့လိုက်ရသည်။

နောက်ထပ် ဂိုက်နစ်ရာခန့်အရောက်တွင် အခန်းကျယ်ကြီးတစ်ခုအတွင်း၌ အနီရောင်ယူနီဖောင်းဝတ် အလုပ်သမားများသည်

သစ်သားသေတ္တာကြီးများ ကို နင်းကြောင်တစ်စီးအားခေါင်းတွဲသဖွယ်ချိတ်ဆက်ထားသော ပစ္စည်းတင်သည့်တွဲများပေါ်သို့တင်နေသည်ကို

လိုဏ်ခေါင်းတွင်းမှ တွေ့လိုက်ကြရသည်။

အသုံးမပြုတော့သည် လိုဏ်ခေါင်းဟောင်းထဲမှ ရုတ်တရက်ကဆုန်ပေါက်ကာပြေးထွက်လာသည့် ခရူဇာကြီးကို မြင်လိုက်ရသည့်

လုံခြုံရေးနှစ်ဦးသည် ရုတ်တရက်ဘာမှန်းမသိကြသော်လည်း အသက်အန္တရာယ်ရှိမှန်တော့အသေအချာ သိကြသဖြင့် အလုပ်သမားများနှင့်အတူ

ဂူပေါက်တစ်ခုထဲသို့ဝရုန်းသုံးကားဝင်ပြေးကြ၏။ ဂူပေါက်၏အဝတွင် ဘဏ်များ၌ တပ်ဆင်လေ့ရှိသည့် ရောမသံမဏိတံခါးကြီးတစ်ခုရှိ၏။

ပစ်သည် ဘရိတ်ကိုဆောင့်နင်းရင်း-

"အယ်လ်-တံခါး" ဟုအော်လိုက်သည်။

အယ်လ်သည် တံခါးဆီသို့ပြေးသွားစဉ် ပစ်က သူ၏ ကို့တ် ၄၅ဖြင့်တံခါးကြားမှ အချက်ပေါင်းများစွာပစ်ခတ်လမ်းရှင်းပေး၏။ အယ်လ်သည်

ရှိသမျှ ခွန်အားကုန်သုံး၍ တံခါးကိုပိတ်နေ၏။ နောက်ဆုံးဂျက်ကြသွားသောအခါ လုံခြုံရေးများနှင့် အလုပ်သမားများသည်

အထဲတွင်ထောင်ကျသလို ပိတ်မိသွားသည်။

ပစ်နှင့်အယ်လ်သည် ကားပေါ်ပြန်ပြေးတက်ကြပြီး မောင်းထွက်လာကြပြန်သည်။ ခုထိတော့ ဘုရားသခင်လား၊

နတ်ကောင်းနတ်မြတ်များလားမသိ၊ သူတို့ကို စောင်မနေတုန်းဖြစ်၏။ မည်မျှကြာကြာ စောင့်ရှောက်နိုင်မည်ကိုတော့ မသိရသေး။ လိုဏ်ခေါင်းသည်

ချိုးကွေ့သွားပြန်၏။ ထိုအကွေ့ကိုကွေ့လိုက်ပြီးချိန်မှာတော့————————။

အတ္တလန်တစ် ရှာပုံတော် (၈၅)

ခရူဇာသည် အလွန်အင်မတန်ကျယ်ဝန်းသော အဆောက်အဦးတစ်ခုအတွင်းသို့ရောက်ရှိသွား၏။ ပစ်သည် ကားကို အရှိန်မလျှော့ပဲ

ဘေးဘီကိုကြည့်လိုက်သည်။ အဲယားဘတ်စ် ၃၀၀ခရီးသည်တင်လေယာဉ်တစ်စင်းနှင့် ကုန်တင်လေယာဉ်တစ်စင်းက အဆောက်အဦး၏

အလည်ကောင်တည့်တည့်မှာရပ်ထားသည်။ နင်းကြောင်ဆွဲသောတွဲများထဲမှ သစ်သားသေတ္တာများကို လေယာဉ်ပေါ်သို့အလုပ်သမားများက

တင်လျှက်ရှိကြသည်။ ထိုလေယာဉ်နှစ်စင်း၏ဘေးတွင်တော့ ဖိမ်ခံဂျက်လေယာဉ်ကလေးတစ်စီးကို ဆီဖြည့်နေကြသည်။

လုံခြုံရေးတစ်ယောက်မှမတွေ့ရ။ အချို့ရှာသကာတွေ့လေပြီ။

"အိုး- လက်စသတ်တော့ ငါတို့က ခွေးသူခိုးတွေထွက်ပြေးမဲ့ လေယာဉ်ဂိုဒေါင်ထဲရောက်လာတာကိုး" အယ်လ်က

လေချွန်ရင်းပြောလိုက်သည်။

"မြဲမြဲသာကိုင်ထားပေတော့ အယ်လ်"

ရုတ်တရက်ထွက်ပေါ်လာသော အနီရောင်ယာဉ်ကြီးကို မြင်တွေ့လိုက်ရသူအပေါင်းသည် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်ကြ၏။

သူတို့မျက်လုံးများပြူးထွက်ကုန်ကြသည်။ အကြောင်းမူကား ထိုယာဉ်ဘီလူးကြီးသည် သူ၏ ရောမတာယာကြီးများဖြင့် မြင်မြင်သမျှကို

ကြိတ်ခွဲဖျက်ဆီးနေသောကြောင့်ဖြစ်၏။

ပစ်သည် အဲယားဘတ်စ်လေယာဉ်ဆီသို့ ခရူဇာကိုတန်းတန်းမတ်မတ်ကြီးဦးတည်လိုက်သည်။ အဲယားဘတ်စ်သည်

အလွန်ကြီးသောလေယာဉ်ဖြစ်သော်လည်း သူ့ထက်ကြီးမားသော ခရူဇာကားကြီး၏ ရင်ခေါင်းလောက်သာမြင့်ရှာသည်။ ခရူဇာသည်

အဲယားဘတ်စ်လေယာဉ်ကြီးကို ဝက်ခေါင်းထိုးဝင်ဆောင့်ပစ်လိုက်သည်။ ညာဖက်အတောင်ပံ သည် ရှစ်ပေခန့်ပြတ်ကြသွား၏။

အလုပ်သမားများအားလုံးသည် သင်းခွေချပ်လိုက်ခံရသော ပုရွက်ဆိတ်များကဲ့သို့ ခြေဦးတည့်ရာပြေးကြ၏။ ဂိုဒေါင်တစ်ခုလုံး

ကမ္ဘာပျက်သကဲ့သို့ဖြစ်နေ၏။ ခရူဇာသည် ဒုတိယလေယာဉ်ကို ဦးတည်လိုက်သည်။ ပစ်သည် လေယာဉ်ကိုယ်ထည်အစား တောင်ပံများကို

ဦးတည်၍ တိုက်ချိုး၏။ သူ၏အဓိကရည်ရွယ်ချက်က ဤလေယာဉ်များမြေပြင်မှ ကြွတက်မလာနိုင်စေဖို့သာဖြစ်၏။

ပစ်သည် ခရူဇာကို ရှေ့တိုးနောက်ငင်ပြု၍ ပျက်စီးသွားသောကုန်တင်လေယာဉ်မှခွာပြီး ဂျက်လေယာဉ်ကလေးဆီသို့ ဦးတည်လိုက်သည်။

"ကောင်းသကွာ၊ တိုက်ပစ်" ပစ်လုပ်သမျှကို ဘေးထိုင်ခုံမှ တပြုံးပြုံးနှင့်ကြည့်ကာ အူမြူးနေသော အယ်လ်က မီးလောင်ရာ လေပင့်၏။

"သူတို့အစီအစဉ်ကို ငါတို့မဖျက်နိုင်ခဲ့ရင် ဒီကားလ်ဝုဖ်ဆိုတဲ့ကောင်နဲ့ သူ့ညီ၊ ညီမတွေလည်း အသက်မရှင်စေရဘူး"

ကြီးမားလှသော ခရူဇာကားကြီး၏ အောက်တွင်ဂျက်လေယာဉ်ငယ်ကလေးမှာ ခလေးကစားစရာအရုပ်ကလေးသဖွယ် ဖြစ်နေ၏။

ပေါင်ခြောက်ထောင်စီလေးသော ဘီးလုံးကြီးများသည် ဂျက်လေယာဉ်ကလေးကို အညှာအတာကင်းမဲ့စွာ ထက်ပိုင်းချိုးပစ်လိုက်၏။

လေယာဉ်များကို နာလန်မထူနိုင်အောင်စိတ်တိုင်းကျဖျက်ဆီးပြီးသောအခါ ခရူဇာသည်အောင်ပွဲရစစ်သူကြီးကဲသို့ အင်ဂျင်သံတဝူးဝူးပေး၍

မာန်ဖီနေသည်။ လေးလံထူထဲလှသော သံမဏိပြားကြီးများဖြင့် စိတ်တိုင်းကျတည်ဆောက်ထားသော ရေးခေတ်ကားကြီးခရူဇာမှာ

လျှပ်စစ်ကားတစ်စီးနှင့် လေယာဉ်သုံးစင်းကို ဖျက်ဆီးပြီးချိန်အထိ ပုံမပျက်လှသေး။

နှစ်မိနစ်အကြာတွင်တော့ ကောင်းကင်ပြာပြာအောက်၌ ဘီလူးကြီးခရူဇာပေါ်ထွက်လာ၏။ ဝုဗ်၏ ရေခဲပြင်သတ္တုစခန်းသည်

အခြားစခန်းများနှင့်ကွဲပြားခြားနားစွာပင် အဆောက်အဦးများသည် ရေခဲပြင်အောက်တွင်မြုပ်နေ၏။ မြေပေါ်တွင် သုံးလေးပေမျှသာပေါ်နေသော

အဆောက်အဦးပုပုလေးများကြားတွင် ထီးထီးကြီး၊ မြင့်မြင့်မားမားကြီးပေါ်ထွက်နေသည်က ပင်မထိန်းချုပ်ခန်းအဆောက်အဦးတစ်ခုသာရှိ၏။

ပစ်တို့သည် လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံပစ်ခတ်သံများ၊ ပေါက်ကွဲသံများနှင့် မီးလျှံများ၊ မီးခိုးငွေ့များကို ပင်မ

ထိန်းချုပ်ခန်းအဆောက်အဦးအနီးတွင် ကြားရ၊ မြင်ရတော့သည်။

"အယ်လ်ရေ၊ ငါတို့မပါပဲ ပါတီပွဲက စနှင့်နေပြီကွ" ပစ်သည် မြင်ကွင်းကိုကြည့်ရင်း အံတင်းတင်းကြိတ်၍ အယ်လ့်အား ပြောလိုက်သည်။

(၄၄)

စွန့်လွှတ်၊ စွန့်စား၊ တိုက်ခိုက်ခြင်းလည်း သေခြင်းနောက်ဆုံးရှိပါလားဟု ကလာရီသည် နာကြင်စွာတွေးတောနေမိ သည်။

ကမ္ဘာဖျက်ကပ်ကို တားဆီးရမည့် အထူးတပ်ဖွဲ့သည် ကမ္ဘာပျက်သကဲ့သို့ အကျအဆုံးများစွာဖြင့် ရှုံးနိမ့်အုံ့ဆဲဆဲ ခုထက်ထိ ပင်မထိန်းချုပ်ခန်း၏

မှန်တစ်ချပ်ကိုပင်သူတို့မခွဲနိုင်သေး။ ဘေးတစ်ဖက်တစ်ချက်မှ ဆီးလ်နှင့် မရိန်းတပ်ဖွဲ့ များမှာ အလယ်ကောင်တွင်တဖြည်းဖြည်းလာစုနေကြပြီ။

သူတို့လုံးဝထောင်ချောက်တွင်း၌ သက်ဆင်းမိပြီဖြစ်၏။ လေးဖက်လေးတန်မှ ဝိုင်းဝန်းသုတ်သင်ခြင်းကို ခံရတော့မည်။

သူ့ပါးတွင် ဖုံးစမှန်ထားပြီး ကျည်သင့်ထားသော လက်တစ်ဖက်ကတွဲလောင်းကျနေ၏။ ဗိုလ်ကြီးရှပ်ဘက်သည် ဘယ်ဖက်ပုခုံးနှင့်

လက်မောင်းဒဏ်ရာရထားပြီ။ ဂါးနက်က လည်ပင်းတွင် ကျည်ဆံရှပ်မှန်သဖြင့် ရင်ဘတ်တပြင်လုံး သွေးသံတရဲရဲ။ အားကောင်းမောင်းသန်ဆို၍

ဗိုလ်ဂျက်ကော့ဘ်တစ်ယောက်သာ ကျန်၏။ သူက တပ်ဖွဲ့ဝင်အားလုံးကို အော်ဟစ်ညွှန်ကြား အမိန့်များပေးနေဆဲ။

ရုတ်တရက် ရန်သူများဖက်မှ အပစ်ရပ်သွားသည်။ အဆောက်အဦးအားလုံးတွင်တပ်ဆင်ထားသော အသံချဲ့စက်များမှ ပီသကြည်မြသော

အသံတစ်သံထွက်ပေါ်လာ၏။ ထိုအသံက အထူးတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ၏ ဆက်သွယ်ရေးကိရိယာများမှတဆင့် ဝါရှင်တန်နှင့် ပင်တာဂွန်

ကွပ်ကဲရေးရုံးများအထိရောက်ရှိသွား၏။

"အမေရိကန်တပ်ဖွဲ့ဝင်တွေအားလုံး နားထောင်ပါ၊ အခုစကားပြောနေတာ ကံကြမ္မာအင်တာပရိုက်စ်ရဲ့ အကြီးအကဲကားလ်ဝုဖ်ပါ။

အခုခင်ဗျားတို့မှာလွတ်လမ်းမရှိတော့ဘူး၊ တကယ်လို့ နောက်ထပ်သွေးမြေကျတဲ့ဖြစ်ရပ်မျိုးတွေ မတွေ့ချင်တော့ဘူးဆိုရင် ဒဏ်ရာရ၊ ကျဆုံးသွားတဲ့

ခင်ဗျားတို့အဖွဲ့ဝင်တွေကို ယူဆောင်ပြီး ရေခဲပြင်ပေါ်ပြန်လည်ဆုတ်ခွာပါ။ စက္ကန့်ခြောက်ဆယ် အချိန်ပေးမယ်။ တကယ်လို့ မလိုက်နာခဲ့ရင်တော့

ခင်ဗျားတို့အားလုံးသေကြရမယ်။ ကြိုက်တာကို ရွေးကြပါ”

ကလာရီသည် ကျဆုံးသွားသောရဲဘော်များနှင့် သွေးအလိမ်းလိမ်းဖြစ်နေသော ဒဏ်ရာရထားသူများအား ကြည့်လိုက်သည်။

ကျန်တပ်ဖွဲ့ဝင်များကိုလည်း ကြည့်လိုက်သည်။ သူတို့သည် လူသားတစ်ယောက်၏ ရှိသမျှ စွမ်းအားကုန်သုံး၍ တိုက်ခိုက်ခဲ့ကြပြီးပြီ။ လေယာဉ်ပေါ်မှ

ဆင်းလာကြသူ ၆၅ယောက်အနက် တိုက်နိုင်ခိုက်နိုင်သူ ၂၆ဦးသာကျန်တော့သည်။ သူတို့ကို ရှေ့နှင့်နောက်ညှပ်၍ ပစ်ခတ်ရန်

အသင့်အနေအထားဖြင့် နင်းကြောင်များက ဝိုင်းရံထားသည်။ သို့သော်လည်း လက်နက်ချလိုက်၍ ဘာများအကျိုးထူးမည်နည်း။ ဆိုတော့

လှေခွက်ချည်းကျန်၊ အလံမလှဲကြေးပေ့ါ။ ကလာရီသည် သူ့လူ ၂၆ ယောက်ကို စုစည်းကာ နောက်ဆုံးတိုက်ပွဲအတွက် ပြင်ဆင်လေတော့သည်။

နှစ်ဦးနှစ်ဖက် ခေတ္တအပစ်အခတ်ရပ်စဲထား၍ တိတ်ဆိတ်နေသည့်အချိန်။

ကလာရီနားထဲတွင် “ဘူ၊ ဘော်” ဆိုသော ကားကြီးတစ်စီး၏ ဟွန်းသံကြီးကို ကြားလိုက်ရသလိုထင်မိသည်။ ထိုဟွန်းသံသည်

အဆက်မပြတ်ထွက်ပေါ်လာပြီး ကြောက်ခမန်းလိလိကျယ်လောက်လာသောအခါ တိုက်ပွဲခွင်အတွင်းရှိ လူအားလုံးသည်

ဟွန်းသံလာရာသို့လှည့်ကြည့်မိကြ၏။ သူတို့အားလုံး ပါးစပ်ဟသွားကြသည်။

အတ္တလန်တစ် ရှာပုံတော် (၈၆)

ကားဟွန်းသံကြီးနှင့်အတူ မပီမသကြားရသော အသံကုန်ဟစ်ကြွေးလာသည့် ယောက်ျားသံများကိုကြားရသော ဝါရှင်တန် ကွပ်ကဲရေးရုံးမှ

အောက်လွှတ်တော်အမတ်လိုရမ်သည် ထိုအသံကို သူကြားဖူးသလိုလိုထင်မိနေသည်။ ဝါရှင်တန်နှင့် ပင်တာဂွန် နှစ်နေရာလုံးမှ

တာဝန်ရှိပုဂ္ဂိုလ်များသည် ထိုင်ခုံအသီးသီးမှ မတ်တတ်ထရပ်လိုက်ကြပြီး ရုတ်တရက်ပြောင်းလဲသွားသောအခြေအနေကို အံ့အားသင့်စွာ

နားစွင့်နေကြသည်။

"ဘုရားရေ၊ ဒါဘာသံကြီးလဲ" ဗိုလ်ချုပ်ကြီး အယ်ဒရစ်က အံ့သြခြင်းကြီးစွာရေရွတ်လိုက်သည်။

သမ္မတက မျက်မှောင်ကြုတ်၍-

"ဘာများဖြစ်နေပါလိမ့်" ဟုဆို၏။

ဗိုလ်ချုပ်ကြီးဆောက်သည် ဘာဖြေရမှန်းမသိဖြစ်နေသည်။ သူသည် တစ်ပြိုင်နက်ထဲ အော်ဟစ်လိုက်ကြသော သူ၏

ခြေမှုန်းရေးတပ်ဖွဲ့များ၏ အသံကိုကြားရ၏။ ဘာကြောင့်အော်မှန်းတော့မသိ။ ထို့ကြောင့် သမ္မတအား-

"ကျွန်တော်လည်း မပြောတတ်တော့ပါဘူး သမ္မတကြီး" ဟူ၍သာ ပြန်ပြောလိုက်နိုင်သည်။

အထူးခြေမှုန်းရေးတပ်ဖွဲ့ဝင်များရော၊ ဝုဖ်လုံခြုံရေးတပ်ဖွဲ့များပါ ဟွန်းများကိုအသံကုန်တီး၍ သံသေးသံကြောင်များဖြင့်

အော်ဟစ်ဆူညံလျှက် ကြောက်လန့်စရာ တဝေါဝေါအသံပေးရင်း အတင်းမောင်းဝင်လာသည့် ရုပ်ပျက်ဆင်းပျက်ကြီးမားလှသည့်

အနီရောင်ယာဉ်ကြီးတစ်စီးကိုကြည့်ရင်း ဆွံ့အံ့ နေကြသည်။ မြင်ကွင်းကလည်း အရှုံးမက်သည့် ဆောင်းတွင်းအိပ်မက်သဖွယ်

ဂယောက်ဂယက်နိုင်လှသည်မဟုတ်ပါလား။ ထိုစက်တပ်သတ္တဝါကြီးသည် ခြေမှုန်းရေးတပ်ဖွဲ့ဝင်များနောက်မှ နေရာယူထားသော

နင်းကြောင်တင့်ကားနှစ်စီးကို သစ်သားမီးခြစ်ဗူးများပမာနင်းခြေပစ်လိုက်ပြီး ပင်မထိန်းချုပ်ရေးစခန်းရှေ့ရှိ နင်းတံတိုင်းအကာအကွယ်များ

ကာရံထားသော ဝုဖ်လုံခြုံရေးများဆီသို့ အတင်းပြေး ဝင်သွား၏။

ကလာရီသည် သူ့ဒဏ်ရာများကို မေ့သွား၏။ မည်သည့်နေရာမှပေါ်ထွက်လာသည်ဖြစ်စေ၊ ထိုဟာကြီးသည် သူတို့

ဖက်ကမှန်းသေချာသွားသည့်အခါ သေနတ်ကိုကိုင်ဆောင်၍ သူ့တပ်ဖွဲ့ဝင်များနှင့်အတူ ကဆုန်ပေါက်ပြေးလွှားနေသော

စက်တပ်ဘီလူးကြီးနောက်မှ အတင်းပြေးလိုက်သွားကြ၏။

ခရူဇာကြီးသည် သူ့ရှေ့ပြေးလမ်းတွင် ပိတ်ရပ်နေသော နှင်းကြောင်နစ်စီးကို ကြောင်ပုဖွန်စား ကြွပ်ကြွပ်ဝါးသည့်နှယ် ခြေမွပစ်လိုက်ပြန်၏။

ထို့နောက် စီတန်းထားသော အကာအရံများကို တိုက်ခွဲရန်ပြေးလာသည်။ သတိပြန်လည်ဝင် လာသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ယောက်စ၊

နှစ်ယောက်စက ပစ်ခတ်ကြသော်လည်း ကျန်တပ်ဖွဲ့ဝင်အများစုမှာ သေမင်းကို တွေ့ရသည့်နှယ်ကြောင်ငေးနေတုန်း။

ခရူဇာသည် အထပ်ထပ်ကာရံထားသော အင်္ဂတေတုံးများကို ဒိန်ခဲများသဖွယ်နင်းခြေပစ်လိုက်ပြီး ထပ်မံအရှိန်မြှင့်တင်လိုက်သည်။

သူဦးတည်နေသည်က ရှေ့တွင်မြင်တွေ့နေရသော ပင်မထိန်းချုပ်ခန်းကြီး။ လုံခြုံရေးများသည် သူတို့ကို ခြောက်ချားအောင် မွှေနောက်ခဲ့သည်

ဤအရာကြီးမှာ စက်တပ်ယာဉ်ကြီးတစ်စီးဖြစ်သည်ကို သတိဝင်လာချိန်တွင် ခရူဇာနောက်မှလိုက်လာသော ကလာရီ၏တပ်ဖွဲ့မှ

ပက်ပက်စက်စက်ခြေမှုန်းခြင်းကို ခံလိုက်ရပြီဖြစ်သည်။ ကလာရီသည်အငြိုးနှင့်တိုး၍ ပစ်နေရင်းက ထိုကားဘီလူးကြီးယူဆောင်လာသော

ပြာပုံကြားမှ အောင်ပွဲအတွက် မယုံနိုင်လောက်အောင်ဖြစ်နေသည်။ ကားကြီးထဲမှ ကို့တ်ပစ္စတိုကို တရစပ်ပစ်နေသော လက်တစ်ဖက်နှင့်

ဘုရှ်မာစတာရိုင်ဖယ်ကို အတွဲလိုက်ဆွဲနေသော လက်တစ်ဖက်ကိုမြင်ရမှ ထိုအရာများမှာ လူဖြစ်ကြောင်းသေချာသိတော့သည်။ လူမှလူ၊

သူတို့ဘက်တော်သားလူ။

ကျန်နေသေးသည့် လုံခြုံရေးသုံးဆယ်ခန့်သည် သူတို့လက်နက်များကို ခရူဇာဆီသို့ချိန်ရွယ်၍ တရစပ်ပစ်ခတ်လိုက်သည်။

ကျည်ဆန်များသည် ခရူဇာ၏အနီရောင်ကိုယ်ထည်ပေါ်သို့လည်းကောင်း ရေ့မှန်ကြီးဆီသို့လည်းကောင်း၊ အိမ်လောက်ရှိသည့်

တာယာကြီးများထဲသို့လည်းကောင်း တဖွဲဖွဲဝင်ရောက်နေသော်လည်း ခရူဇာသည် မောင်းနှင်၍ ရနေဆဲဖြစ်၏။

ပစ်သည် ဂီယာထိုးလိုက်ပြီး လီဗာကိုအဆုံးထိဖိချလိုက်သည်။ ၃၇ တန်လေးသော ခရူဇာသည် တစ်နာရီ ၂၅ မိုင်နှုန်းဖြင့် သံမဏိတိုင်များ၊

ကျည်ကာမှန်များနှင့် အခိုင်အမာတည်ဆောက်ထားသော ပင်မထိန်းချုပ်ခန်းကြီးကို အလွန်ပြင်းထန်စွာဝင်တိုက်လိုက်လေတော့သည်။

ထိန်းချုပ်ခန်း၏ ဝင်ပေါက်သည် ကလေးကစားစရာအရုပ်အိမ်မှ ဝင်ပေါက်ကဲ့သို့ စုတ်ပြတ်တွန့်လိမ်သွား၏။ နစ်လက်မထူသည့်

ကျည်ကာမှန်များသည် အလေးချိန်ကိုမကာနိုင်သည်အတွက် တစ်စစီကြေမွသွား၏။ ထိန်းချုပ်ခန်းထဲသို့ လုံးလုံးလျားလျားဝင်ရောက်သွားသည့်

ခရူဇာကြီးသည် လက်ကျန်အရှိန်ဖြင့် ကွန်ပျူတာထိန်းချုပ်ရေးစနစ်တစ်ခုလုံးကို အားကုန်အင်ကုန်ဝင်ဆောင့်ပစ်လိုက်တော့သည်။

အုံးကနဲမြည်လာသော နားကွဲမတတ်ကျယ်လောင်လှသည့်အသံကြီးနှင့်အတူ ထိန်းချုပ်ခန်းတစ်ခုလုံး တစစီပွင့်ထွက် သွားတော့၏။

ခရူဇာသည် နောက်ဘီးကြီးများတဒီဒီလည်ရင်းက ခြေကုန်လက်ပန်းကျသည့်နယ်ရပ်သွားသည်။ အင်ဂျင်ကတော့ တဝေါဝေါလည်ပါတ်နေဆဲ။

ဒယ်လ်တာ၊ ရက်ကွန်းနှင့် ဆီးလ်အဖွဲ့များသည် ရန်သူကို ကောက်သင်းကောက်ရှင်းလင်းပြီး ခရူဇာနောက်သို့ လိုက်လာကြ၏။

ကားကြီးကို မဲပစ်နေကြသောလုံခြုံရေးများကို သုတ်သင်ရသည်မှာ သူတို့အဖို့ ဌက်ပျောသီးအခွံနွှာစားရသည်ထက်ပင်လွယ်သေးသည်။

ဟူဂိုဝုဖ်သည် နှစ်မိနစ်အတွင်း ကျိန်စာသင့်သကဲ့သို့ ပြောင်းလဲသွားသော အခြေအနေကိုကြည့်ရင်း ကျောက်ရုပ်သဖွယ်

တောင့်တောင့်ကြီးရပ်နေ၏။ သူ၏ တင့်ကားလေးစီးနှင့် လူအယောက်နှစ်ဆယ်ခန့်ကိုတက်ကြိတ်၍ ထိန်းချုပ်ခန်းတစ်ခုလုံးကို

ရစရာမရှိအောင်ဖျက်ဆီးလိုက်သည့် ထိုဘာမှန်းမသိသည့်ယာဉ်ကြီးနှင့်ရင်ဆိုင်ရန် သူ့မှာဗျူဟာမရှိ၊ ဟူဂိုသည် ပွဲပြီးခါနီးမှ ချေပဂိုးနှင့်

အနိုင်ဂိုးများပေးလိုက်ရသော ဂိုးသမားကဲ့သို့ ခြေမကိုင်မိ၊ လက်မကိုင်မိ ပြာယာခတ်နေသည်။ သွေးပျက်သွားသော ဟူဂိုသည်

အနားရှိတစ်ယောက်စီးကားကလေးပေါ်တက်ရင်း လေယာဉ်ဂိုဒေါင်သို့ ကမန်းကတန်းထွက်ခွာသွား၏။

ချောင်လည်းပိတ်မိ၊ ခေါင်းဆောင်လည်းမရှိတော့သောအခါ လုံခြုံရေးများသည် တစ်ယောက်ပြီးတစ်ယောက်

လက်နက်ချအညံ့ခံကြတော့သည်။ ခုတော့သွေးသံရဲရဲ တိုက်ပွဲသည် နိဂုံးကမ္ပတ် အဆုံးသတ်ချေပြီ။

ပစ်သည် ကျည်ဆန်ရာများနှင့် မွစာကြဲနေသော ကားတံခါးကိုဖွင့်ပြီး ကျိုးပဲ့နေသည့် လှေကားမှတဆင့် အောက်သို့ဆင်းလိုက်သည်။

သူနှင့်အယ်လ်သည် ဟွန်းများကိုတီး၍ ပျော်ပျော်ကြီးသီချင်းဆို၍ တိုက်ပွဲဝင်ခဲ့ကြစဉ်က အသက်ရှင်ကျန်ရစ်မည်ဟု သူတို့နှစ်ယောက်လုံး

မမျှော်လင့်ခဲ့ကြ၊ ထို့ကြောင့်လည်း မိုက်မိုက်ကန်းကန်းဆော်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် အပရိကဒဏ်ရာများမှအပ သူတို့နှစ်ယောက်စလုံး

အသက်ရှင်ခဲ့ကြသည်။

"ထိန်းချုပ်ခန်း ပျက်စီးသွားပြီလား၊ ဟိုရေခဲပြင်ကိုခွဲမဲ့စနစ်ရော"

ပစ်သည် ဆယ်မိနစ်နှင့် စက္ကန့်နှစ်ဆယ်တွင်ရပ်နေသော တွန့်လိမ်နေသည့် ဒစ်ဂျစ်တယ်နာရီကို ကြည့်ရင်း-

"ဘယ်သူတောင်းစားစနစ်မှ မကျန်ခဲ့ဘူး၊ အားလုံး မာလကီးယားသွားပြီ" ဟုပြောလိုက်သည်။""

"ဒါဆိုရေခဲပြင်မကွဲတော့ဘူးပေါ့၊ ကမ္ဘာလည်းမပျက်တော့ဘူးပေါ့၊ အားလုံးပြီးသွားပြီ၊ အားလုံးပြီးသွားပြီ" သူတို့နှစ်

ယောက်ထိုင်ချလိုက်သည်။ စိတ်လျှော့ချလိုက်သောအခါ ပင်ပန်းနွမ်းနယ်မှုက အဆမတန်ဖိစီးလာ၏။ ပစ်သည် ကိုလိုရာဒို၏

မိုင်းတွင်းတစ်တွင်းမှစလိုက်ပြီး ခုထိ ဇယ်ဆက်သလိုဆက်တိုက်ဖြစ်ခဲ့သောအဖြစ်အပျက်များကို ပြန်မြင်ယောင်နေသည်။ ရုတ်တရက်

ကားလ်ဝုဖ်ကိုသတိရ၏။

"ထိုင်မနေနဲ့ဦးအယ်လ်၊ တို့လက်စသတ်စရာကျန်သေးတယ်"

"လက်တွေကို မြှောက်ထားပါ၊ မျက်တောင်မခတ်နဲ့"

ထိန်းချုပ်ခန်းထဲသို့ဝင်လာသော ကလာရီက ပစ်နှင့်အယ်လ်ကို သေနတ်ဖြင့်ချိန်ရင်းအမိန့်ပေးလိုက်သည်။

အယ်လ်သည် သွေးအလိမ်းလိမ်းဖြင့်အမေရိကန်ဗိုလ်မှူးကို တစ်ချက်ကြည့်ပြီး-

"နားရွက်ရော လှုပ်လို့ရသလား" ဟုခပ်တည်တည်မေးလိုက်သည်။

ကလာရီသည် ပုပုတုပ်တုပ် နွားသိုးလိုလူနှင့် မျက်နှာတွင် ပတ်တီးများစည်းထားသော မံမီလိုလူကိုကြည့်ပြီး ရန်သူလား

မိတ်ဆွေလားဝေခွဲမရ ဖြစ်နေရှာသည်။

"ခင်ဗျားတို့က ဘယ်သူတွေလည်း"

"ကျုပ်နာမည် ဒတ်ပစ်၊ သူက အယ်လ်ဂျီယိုဒီနို၊ အသုံးလုံးက"

"ဘာဗျ၊ အသုံးလုံးက ဟုတ်လား"

"ဟုတ်တယ်လေ၊ ခင်ဗျားကရော ဘယ်သူတုံး"

"ဗိုလ်မှူးတွမ်ကလာရီပါ၊ အမေရိကန် အထူးခြေမှုန်းရေးတပ်ရဲ့ စစ်ဆင်ရေးတာဝန်ခံပါ"

"အေးဗျာ၊ ကျုပ်တို့အရောက်နောက်ကျသွားလို့ ခင်ဗျားတို့အကျအဆုံးများသွားရတယ်"

ကလာရီက သူ့သေနတ်ကိုအောက်ချလိုက်ပြီး-

"ရောက်လာတာပဲကျေးဇူးတင်ရမယ်၊ နို့မို့ရင် ကျွန်တော်တို့အားလုံးသေပြီ" ဟုပြောလိုက်လေသည်။

"အမျိုးသားအဏ္ဏဝါဗေဒအေဂျင်စီလို သုတေသနအဖွဲ့တစ်ဖွဲ့က လူတွေက တိုက်ပွဲတစ်ပွဲရဲ့အဖြေကို ဒီလောက်ထိ

မြန်မြန်ဆန်ဆန်ပြောင်းလဲပေးခဲ့တယ်ဆိုတာကို ကျွန်တော်ဖြင့် ယုံတောင်မယုံနိုင်ဘူး" ကလာရီသည် သူ့ရှေ့တွင် မတ် တပ်ရပ်နေဆဲဖြစ်သော

လူနှစ်ယောက်ကို ကြည့်ရင်းပြောလိုက်သည်။

"ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်က ခင်ဗျားတို့တိုက်ပွဲမဟုတ်ဖူးဗျ၊ ဝုဖ်ရဲ့ ရေခဲပြင်ခွဲစနစ်ကို ဖျက်ဆီးဖို့ပဲ"

"ဒါဆို အခုအဲဒီစနစ်ပျက်သွားပြီလာဟင်" ကလာရီသည် ခုမှလာရင်းကိစ္စကို သတိရသွားသကဲ့သို့ ပြာပြာသလဲ မေးလိုက်သည်။

ပစ်က မွစာကြဲနေသည့် ထိန်းချုပ်ခန်းကို လက်ညှိုးထိုးပြရင်း-

"ခင်ဗျားအမြင်ပဲလေ၊ အကုန်ရစရာမရှိအောင်ပျက်စီးသွားပြီ"

"ကျေးဇူးပါပဲ။ ကျေးဇူးအရမ်းတင်ပါတယ်" ကလာရီသည် သူ့ပုခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လုံးဝပျောက်ကွယ် သွားသဖြင့်

ရွှင်လန်းတက်ကြွလာ၏။ သူသည် ခေါင်းဆောင်းဦးထုတ်ကိုချွတ်၍ ဒဏ်ရာမရသော လက်ကို ပစ်နှင့် အယ်လ်ကိုကမ်းပေးရင်း-

"ကျွန်တော်တို့ခုလို ရပ်နေနိုင်တာအားလုံးအတွက် လူကြီးမင်းတို့ကို အရမ်းကျေးဇူးတင်ပါတယ်" ဟုပြောရင်း

အကြိမ်ကြိမ်လက်ဆွဲနှုတ်ဆက်ရှာသည်။ ထို့နောက်ခုထိ စက်ရှိန်မသေသေးသည့် ခရူဇာကြီးကို ကြည့်ပြီး-

"ဒါကြီးက ဘာယာဉ်လဲ" ဟုမေး၏။

အယ်လ်က မိုးပေါ်သို့လက်ညှိုးညွှန်ရင်း-

"အခုနတ်ဖြစ်နေတဲ့ သောမတ်ပေါလ်တာနဲ့ ဗိုလ်ချုပ်ဗျာ့ဒ်တို့နှစ်ယောက်က ကျွန်တော်တို့ကို လက်ဆောင်ပေးခဲ့တာ"

ဟုဖြေလိုက်သည်။

ကလာရီသည် အယ်လ့်ပြောစကားကို နားမလည်သော်လည်း ပြုံးရင်းခေါင်းညိတ်ပြလိုက်သည်။

အယ်လ်က ဆက်လက်၍-

"ဝုဖ်လူကြီးမင်းတွေရော၊ သူတို့ရဲ့ အပါးတော်မြဲတွေပါ ခုလောက်ဆို လေယာဉ်ဂိုဒေါင်ကိုရောက်ကြလောက်ရောပေါ့"

ကလာရီသည် မျက်မှောင်ကြုတ်ရင်း-

"ကျွန်တော့်ကိုပေးလိုက်တဲ့မြေပုံမှာလည်း လေယာဉ်ကွင်းရှိတယ်လို့ဖော်ပြထားတယ်။ ဒါပေမဲ့ မတွေ့ဖူး"

အယ်လ်က မြေကြီးကို လက်ညှိုးထိုးပြ၍-

"အောက်မှာဗျ၊ လိုဏ်ခေါင်းထဲကနေဝင်ရတယ်" ဟုပြောလိုက်သည်။

ကလာရီ့မျက်နှာသည် ဒေါသကြောင့်နီရဲလာ၏။

"ဒါဆို ခွေးသူခိုးတွေလွတ်သွားပြီပေါ့"

"စိတ်အေးအေးထားပါဗိုလ်မှူးရယ်၊ မလွတ်ပါဘူး"

ကလာရီသည် ပစ်မျက်နှာကို ကြည့်ရင်း တဖြည်းဖြည်းပြုံးလာသည်။

"ဒီကိစ္စလည်း ခင်ဗျားတို့လုပ်တာပဲလား"

ပစ်နှင့်အယ်လ်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး-

"ကျွန်တော်တို့က ကိုယ့်လမ်းကိုယ်မောင်းတာပါဗျာ။ သူတို့လေယာဉ်သုံးစီးက
ကျွန်တော်တို့သွားမဲ့လမ်းမှာ ပိတ်ရပ်ထားတော့

မတတ်သာပဲ ဝင်ကြိတ်လိုက်ရတာပါ"

ဝါရှင်တန်နှင့် ပင်တာဂွန်ကွပ်ကဲရေးရုံးများမှ တာဝန်ရှိသူများကသည်
ကလာရီ၏သတင်းပို့ချက်အပြီးတွင် မတ်တပ်ရပ်ပြီး

သောင်းသောင်းဖြဖြလက်ခုပ်သြဘာပေးလိုက်ကြသည်။

သမ္မတသည် မိုက်ခရိုဖုန်းကို ကိုင်၍ ကလာရီကို ကိုယ်တိုင်ဆက်သွယ်လေ၏။

"ဗိုလ်မှူးကလာရီ၊ အမေရိကန်ပြည်ထောင်စု သမ္မတစကားပြောနေပါတယ်"

ကလာရီ၏ ခန္ဓာကိုယ်သည် တောင့်တင်းသွားပြီး-

"ဟုတ်ကဲ့ သမ္မတကြီး၊ ကျွန်တော်ကောင်းကောင်းကြားရပါတယ်ခင်ဗျ"

"ခင်ဗျားတို့ကို ကယ်တင်လိုက်တာ ဘယ်သူတွေလဲဆိုတာ ကျွန်တော်တို့ကို ပြောပြပါဦး၊ ဒီမှာ
ခင်ဗျားတစ်ယောက်ထဲ စကားပြောတာကို

ကြားနေရတယ်"

ကလာရီ၏ အတိုချုံးရှင်းပြချက်အဆုံးတွင်တော့ နှင်းမုန်တိုင်းကြားမှ မိုင် (၆၀)ကျယ်သော
ရေခဲလွင်ပြင်ကို ၁၉၄၀ခန့်က

ရောမရေးဟောင်းနှင်းခွဲခရူဇာကြီးစီးနင်းပြီး မြင်မြင်သမျှ တိုက်ခွဲဖျက်ဆီးခဲ့သော ဒတ်ပစ်နှင့်အယ်လ်ဂျီယိုဒီနို ဆိုသည့် လူနှစ်ယောက်အကြောင်းကို

အားလုံးသိသွားတော့သည်။ ဆန်ဒက်ကာသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း-

"အင်း၊ ဒတ်နဲ့အယ်လ်၊ သူတို့နှစ်ယောက်ဒီကိစ္စကို မဖြစ်ဖြစ်အောင်လုပ်လိမ့်မယ်ဆိုတာ ငါတွေးမိသင့်တယ်" ဟု

တစ်ကိုယ်တည်းရေရွတ်နေသည်။

လိုရမ်က ပြုံးလဲ့လဲ့ဖြင့်-

"ကျွန်မကတော့ မအံ့သြဖူး၊ ဗိုလ်ချုပ်ကြီး" ဟု ဆန်ဒက်ကာကို နှစ်ကိုယ်ကြားပြောလိုက်လေသည်။

ဗိုလ်ချုပ်ကြီးဆောက်က ဒေါသတကြီးဖြင့်-

"ဒီလူတွေက ဘယ်သူတွေလဲ၊ ထိပ်တန်းလျှို့ဝှက်စစ်ဆင်ရေးမှာ အသုံးလုံးကဘာကိစ္စဝင်စွက်ရတာလဲ၊ သူတို့ အဲဒီကိုသွားဖို့

ဘယ်သူအမိန့်ပေးသလဲ"

ဆန်ဒက်ကာသည် ဆောက်ကို စေ့စေ့ကြည့်လိုက်ပြီး-

"ဒီလူတွေက ကျုပ်လူတွေ၊ အဲဒီကိုသွားဖို့ ကျုပ်အမိန့်ပေးတယ်။ ထိပ်တန်းဆိုတဲ့ ခြေမှုန်းရေးအဖွဲ့တွေ မလုပ်နိုင်တာ ကိုသူတို့လုပ်တယ်။

အဲဒါဘာဖြစ်လဲ" ဟု ခပ်ဆတ်ဆတ်မေးလိုက်သည်။ ဆောက်သည် မျက်လွှာချသွား၏။

ဒတ်ပစ်သည် သူ့မျက်နှာတွင် ရုပ်ပျက်ဆင်းပျက်စည်းထားသော ပတ်တီးများကို ခွာချလိုက်သည်။ ကလာရီသည် ပစ်နောက်မှ

တကောက်ကောက်လိုက်ရင်း-

"လေယာဉ်ဂိုဒေါင်က ဘယ်မှာလဲ" ဟုမေးလိုက်သည်။ ဒတ်ပစ် ကလှည့်ကြည့်ရင်း-

"ကျွန်တော်တို့ ခုပဲသွားကြမယ်။ ဝုဖ်မိသားစုရဲ့ ထိပ်တန်းခေါင်းဆောင်တွေလို့ဆိုနိုင်တဲ့ ကားလ်ဝုဖ်နဲ့ အယ်လ်ဆီဝုဖ်

တို့အဲဒီမှာရှိနေကြလိမ့်မယ်"

ကလာရီ၏ ဆက်သွယ်ရေးကိရိယာမှတဆင့် ဗိုလ်ချုပ်ကြီးဆောက်၏ အသံထွက်လာသည်။

"ဗိုလ်မှူးကလာရီ၊ မင်းလူတွေကိုစစ်ပါ၊ ပြီးတော့ နောက်နာရီဝက်အတွင်းရောက်လာမဲ့ အထူးတပ်ဖွဲ့ကို စောင့်ပါ"

ကလာရီက မဲ့ပြုံးပြုံးရင်း-

"ဟုတ်ကဲ့ပါ ဗိုလ်ချုပ်ကြီး၊ နောက်တော့လုပ်တာပေါ့၊ အခုအရေးကြီးတဲ့ကိစ္စလေးပြေးလုပ်လိုက်ဦးမယ်" ဟုပြောပြီး

နားကြပ်နှင့်ဆက်သွယ်ရေးကိရိယာများကို ဖြုတ်ပစ်လိုက်သည်။

"ကဲ-သွားကြစို့၊ လေယာဉ်ဂိုဒေါင်က ဘယ်လောက်ဝေးသေးလဲ"

"ဒီကနေ မိုင်ဝက်လောက်တော့ဝေးတယ်၊ သူတို့မှာ လူတစ်ရာကျော်လောက်ရှိမယ်နော်၊ ခင်ဗျားလူတွေနဲ့ဆို ဖြစ်ပါ့ မလား"

"ဒါပေမဲ့လည်း သေသင့်တဲ့ဒီလူတွေကို လွှတ်ပေးလိုက်လို့မဖြစ်ဖူးလေ"

"ကျွန်တော်ပြောတာ နားထောင်ဦး ဗိုလ်မှူး"

ပစ်သည် ကလာရီကို တိုးတိုး တိုးတိုးဖြင့်ပြောနေလေ၏။ သူ၏ မျက်လုံးစိမ်းများသည် အေးစက်သော အခိုးအငွေ့များ ထွက်နေသလို၊

အရောင်တဖျပ်ဖျပ်လက်နေသည်။

အတ္တလန်တစ် ရှာပုံတော် (၈၇)

(၄၅)

လေယာဉ်ဂိုဒေါင်သို့အရောက် တစ်စစီကျိုးပဲ့ စုတ်ပြတ်ကြေမွနေသော လေယာဉ်သုံးစီးကို တွေ့မြင်လိုက်ရသော ကားလ်ဝုဖ်သည်

ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်းနှင့် ဒေါသထွက်ခြင်းများကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရသည်။

ရေခဲပြင်ကွဲဖို့အချိန်ကလေးမိနစ်ပင်မလိုတော့သည့်အချိန်မှာ ဖြစ်ရလေခြင်း။

ပင်မထိန်းချုပ်ခန်းတွင် လက်နက်ကိုင် လုံခြုံရေးများ ရှိသမျှအင်အားကုန်သုံး၍ တိုက်ပွဲဝင်နေရသောကြောင့် လေယာဉ်ဂိုဒေါင်ကို

အစောင့်အကြပ်မထားခဲ့မိသော ကားလ်ဝုဖ်သည် ဗယ်လ်ဟဲလ်လားစီမံကိန်း အဆုံးသတ်သွားခြင်းနှင့် စတုတ္ထနိုင်ငံတော်သည်

မမွေးဖွားခင်ကတည်းက သေဆုံးသွားခြင်းတည်းဟူသော ဖြစ်ရပ်မှန်များကို မည်သို့မျှ လက်မခံနိုင်ပါချေ။

အလုပ်သမားများပြောပြသော ရောမယာဉ်အနီရောင်ကြီးက သူတို့လေယာဉ်များကို ဖျက်ဆီးသွားခြင်းအကြောင်းကို

ဝုဖ်မောင်နှမများသည် တောင့်တောင့်ကြီးရပ်၍ နားထောင်နေကြသည်။ ဆင်ပြောင်ကြီးအမြီးကျမှတစ်ရသည့် အဖြစ်အပျက်ကို

သူတို့ဦးနှောက်ကရော၊ နှလုံးသားကပါ လက်ခံခွင့်မပေး။ ကားလ်သည် စိတ်ကိုတည်ငြိမ်အောင်ကြိုးစားရင်း ဘလွန်ဒီကို အမိန့်ပေးလိုက်သည်။

သူ့အသံက ပကတိငြိမ်သက်လျှက်ရှိသည်။

"ဘရူနိုကို အမြန်ဆုံး လေယာဉ်တွေ လွှတ်လိုက်ဖို့ ဖုန်းဆက်ပါ"

ဘလွန်ဒီသည် ကားလ်၏ အမိန့်ကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သည်။

မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေသော အယ်လ်ဆီက-

"ကားလ်၊ ညီမတို့ အူးရစ်ဝုဖ်ပေါ်အချိန်မီရောက်ပဲ့မလား" ဟု တုံတုံရီရီမေးလိုက်သည်။

ကားလ်သည် အင်ဂျင်နီယာချုပ် ဂျာဂန်ဟိုဇ်ကို ကြည့်လိုက်ပြီး-

"ဒီမေးခွန်းကို ခင်ဗျားဖြေပါဟုပြောလိုက်သည်"

ဂျာဂန်ဟိုဇ်သည် သူနင်းထားသောရေခဲပြင်ကို စိုက်ကြည့်ပြီး-

"ရေခဲပြင်ကွဲထွက်သွားပြီးရင် ဘယ်အချိန်မှာ ဟာရီကိန်းမုန်တိုင်းတွေနဲ့ လှိုင်းကြီးတွေစလာမယ်ဆိုတာ ကျွန်တော်

လည်းမပြောတတ်တော့ဘူး၊ အချိန်မီလေယာဉ်တွေရောက်လာရင်တော့———"

"ဒါဆိုကျွန်မတို့ ဒီမှာသေကြရတော့မှာပေါ့" အယ်လ်ဆီသည် ဆောက်တည်ရာမရ ဖြစ်စပြုပြီ။

"ဒါတော့ ကျွန်တော် မပြောတတ်————" ဂျာဂန်ဟိုဇ်သည် စကားဆက်မပြောနိုင်တော့။ ကာလဝိဘက် နောက်ပိုး တက်ချေပြီ။

ကားလ်ကတော့ အိန္ဒြေမပျက်ပဲ-

"ဘရူနိုရောက်လာရင် ပစ္စည်းတွေသယ်ဖို့တော့အချိန်မရှိတော့ဘူး၊ လူတွေသာအသင့်ပြင်ထားကြ" ဟုဆိုလိုက်သည်။

ထိုစဉ်-

"သေနတ်ကိုင်နိုင်တဲ့လူမှန်သမျှ ဒီကိုလာခဲ့ကြ" ဟူသော ဟူဂိုဝုဖ်၏ အသံကို ကြားလိုက်ကြရသည်။

ဟူဂိုသည် သွေးစက်များပေကျံ၍ ဒယီးဒယိုင်ဖြစ်နေသည်။ ကြည့်ရတာ အခြေအနေမကောင်းလှ။ ရှုံးနိမ့်လာပုံ ပေါ်သည်။

"မင်းလူဘယ်နှစ်ယောက်ကျန်သေးလဲ ဟူဂို"

"ဆယ့်နှစ်ယောက်၊ ဒါကြောင့် အကူလာခေါ်တာ"

"လက်နက်တွေရော"

"ဟိုနားက လက်နက်တိုက်ထဲမှာ"

"ဒါဆိုလည်းလူတွေခေါ်သွားကွာ"

ဟူဂိုသည် ကားလ်ကို စိမ်းစိမ်းကြည့်ရင်း-

"ဒီလူတွေကို ကျွန်တော်မပိုင်ဘူး အကိုကြီး၊ ကံကြမ္မာအင်တာပရိုက်စ်ရဲ့ခေါင်းဆောင်၊ စတုတ္ထနိုင်ငံတော်ရဲ့ခေါင်းဆောင်အနေနဲ့

ဒီတစ်ပွဲတော့ ခင်ဗျားကိုယ်တိုင် ဝင်နွှဲမှဖြစ်တော့မယ်" ဟု မောဟိုက်ပင်ပန်းစွာပြောလိုက်သည်။

ကားလ်သည် သူ့ညီနှင့်ညီမနှစ်ယောက်မျက်နှာကို ငေးကြည့်နေမိသည်။ ဟူဂိုပြောတာ မှန်သည်။ ဒီတစ်ပွဲ၊ နောက်ဆုံး ဒီတစ်ပွဲကို

သူကိုယ်တိုင်ကြွမှဖြစ်မည်။ သူအမိန့်ပေးလိုက်သည်။

"အယ်လ်ဆီ၊ လူတွေစုထားလိုက်"

ကလာရီနှင့် လက်ကျန်တပ်ဖွဲ့ဝင် (၂၂) ယောက်သည် ပစ်နှင့်အယ်လ်ဦးဆောင်ပြီး လေယာဉ်ကွင်းဒေါင်ရှိရာသို့ စစ်ကြောင်းပုံစံ

စနစ်တကျချီတက်လာကြသည်။ ပစ်နှင့်အယ်လ်ကို စိန့်ပေါ့လ်ကျွန်းတွင်တစ်ခါဆုံဖူးသော ဆီးလ်အဖွဲ့မှ ဗိုလ်ဂျက်ကော့ဘ်သည်

အာဂလူနှစ်ယောက်ကို ကြည့်ရင်းအလွန်အင်မတန် အံ့ဩနေသည်။

"ဘယ်လောက်ဝေးသေးလဲ မစ္စတာပစ်"

"ကိုက်ငါးရာ"

ကလာရီသည် သူ့လူများဖက်သို့လှည့်၍-

"ဟိုကောင်တွေ လူအင်အားသိပ်မကျန်တော့ဘူး၊ ဆယ်ယောက်လောက်ပဲကျန်တော့တယ်" ဟုပြောလိုက်သည်။

အယ်လ်က ရုတ်တရက်သတိရဟန်ဖြင့်-

"နေဦးဗျ၊ ဒီကောင်တွေဆီမှာ ပစ္စည်းသယ်နေတဲ့ နင်းကြောင်တစ်စီးကျန်သေးတယ်။ ကျွန်တော်တို့ တက်မကြိတ်လိုက်ရဘူး"

ဟုပြောလိုက်သည်။

ကလာရီမျက်နှာရှုံ့မဲ့သွားပြီး-

"ဒီသောက်နင်းကြောင်တွေက ကုန်မကုန်နိုင်ဘူး" ဟုပြောလိုက်၏။

ဒတ်ပစ်က ခဏရပ်လိုက်ပြီး-

"ခင်ဗျားတို့မှာ နင်းကြောင်အတွက် ဘာလက်နက်ပါကြလဲ"

"မပါဘူးဗျ၊ ဒါတွေက မတိုးဘူး" ကျူ-၉၉ ကိုထောင်ပြရင်း ကလာရီကပြော၏။

"ဒါဆို ခဏနေဦး"

ပစ်သည် ဘေးပါတ်ဝန်းကျင်တွင် ကုန်းကုန်းကွကွဖြင့်တစုံတရာကို ရှာဖွေနေပြီး ခဏနေတော့ပြန်ရောက်လာသည်။ သူလက်ထဲတွင်တော့

ဆီအပြည့်ပါသည့် ဓါတ်ဆီပုံးတစ်လုံးပါလာသည်။

"လောင်စာတော့ရပြီ။ စနက်တံနဲ့ မီးပဲလိုတယ်"

ဗိုလ်ဂျက်ကော့ဘ်က အချက်ပြ မီးပန်းလွှတ်သည် သေနတ်ကလေးကို ထောင်ပြ၍

"ဒါနဲ့ဆိုဖြစ်လား" ဟုမေးလိုက်သည်။

"သိပ်ဖြစ်တာပေါ့" ဟု ပစ်က ပြောလိုက်သည်။

သူတို့အဖွဲ့သည် လိုဏ်ခေါင်းတစ်လျှောက်ဆက်လက်ချီတက်လာကြသည်။ ယူနီဖောင်းအပြည့်အစုံဝတ်ထားသော တပ်ဖွဲ့ဝင်များ၏

အလယ်မှာမထော်မနမ်း စုတ်ပြတ်နေသော ပွဲတက်ဝတ်စုံကိုယ်စီနှင့် ချီတက်နေကြသည်ကတော့ ဒတ်ပစ်နှင့် အယ်လ်ဂျီယိုဒီနို။

ဤသို့လာရင်းဖြင့်သူတို့၏ လိုဏ်ခေါင်း၏ အချိုးအကွေ့နေရာသို့ရောက်လာကြသည်။

ရှေ့ပြေးတပ်ဖွဲ့ဝင်နှစ်ဦးသည် တုံ့ကနဲရပ်သွား၏။ အဝေးမှ အင်ဂျင်သံတစ်ခုကိုကြားလိုက်ရသည်။ အသံသည် တဖြည်းဖြည်းနီးလာ၏။

သူတို့၏မိတ်ဟောင်းဆွေဟောင်း နင်းကြောင်ကြီး၏ အသံပင်ဖြစ်သည်။ ပစ်သည် လိုဏ် ခေါင်းနံရံတွင်တွေ့ရသည့် အပေါက်တစ်ခုထဲသို့

အားလုံးကိုဝင်ခိုင်းလိုက်သည်။ ကံအားလျော်စွာ စတိုခန်းတစ်ခု ဖြစ်နေ၏။

စက္ကန့်နှစ်ဆယ်အကြာတွင် အဖွဲ့သားအားလုံးစတိုခန်းထဲရောက်နေကြပြီ။ တစ်လက်မသာသာခန့်ဟထားသော စတို ခန်း တံခါးကြားမှ

နင်းကြောင်၏ မီးရောင်သည် တဖြည်းဖြည်းနီးကပ်လာသည်ကို တွေ့နေရသည်။ ဒတ်ပစ်သည် တံခါးနောက်ကွယ်တွင် ဆီပုံးကြီးကိုင်၍

ရပ်နေသည်။ သူ့နောက်တွင် ဗိုလ်ဂျက်ကော့ဘ်က အချက်ပြသေနတ်ကို ပစ်ရန်အသင့်။ ကျန်အဖွဲ့သားများအားလုံးက မြေပြင်ပေါ် ဒူးထောက်လျက်။

သူတို့အကြံအစည်သည် အချိန်ကိုက်ဖြစ်ရန်အထူးအရေးကြီးလှသည်။ အကယ်၍ သိပ်စောလျှင်သော်လည်းကောင်း၊

သိပ်နောက်ကျခဲ့လျှင်သော်လည်းကောင်း၊ လက်ကျန်လုံခြုံရေးအဖွဲ့ဝင်များသည် စတိုခန်းထဲမှာပိတ်မိနေသည့် သူတို့အဖွဲ့ကို

ခြင်းထဲကကြွက်များကဲ့သို့ စိတ်ပြေနပြေသုတ်သင်ပေလိမ့်မည်။

နင်းကြောင်သည် သူတို့နှင့်အလွန်နီးကပ်လာပြီ။ ပစ်သည် နင်းကြောင်၏အမြန်နှုန်းကိုတစ်နာရီဆယ်မိုင်ဟု ခန့်မှန်း၏။ ဒရိုင်ဘာသည်

သတကြီးစွာထား၍ မောင်းနှင်လာပုံရသည် နင်းကြောင်နောက်မှ လိုက်လာသည့်လုံခြုံရေးများကို ခုထိ တော့မတွေ့ရသေး။ ပစ်က ကလာရီကို

လေသံလေးဖြင့်-

"နင်းကြောင်လာတာသိပ်မြန်တယ်။ နောက်က ဘယ်သူမှပါလာပုံမရဘူး၊ ကြည့်ရတာကင်းထောက်ထွက်လာပုံပဲ"

ကလာရီကလည်း-

"နင်းကြောင်ပေါ်မှာတော့ လူလေးယောက်လောက်ပါလိမ့်မယ်" ဟုလေသံလေးဖြင့်ပြန်ပြော၏။

နင်းကြောင်၏ တောက်ပထိန်လင်းလှသော နင်းကွဲမီးအလင်းရောင်ကြောင့် ပစ်မျက်စိများကိုမှိတ်ထားလိုက်သည်။ သူ့

အကြားအာရုံမှာတော့ နင်းကြောင်၏ ချိန်းကြိုးသံကိုနားစွင့်နေသည်။ ပစ်သည် အသက်အောင့်၍ တံခါးကိုဖွင့်လိုက်သည်။ နင်းကြောင်သည်

သူ့ရှေ့ရောက်နေပြီ။ ဒတ်ပစ်သည် ဓါတ်ဆီပုံးကိုဖွင့်၍ နင်းကြောင်၏ဖွင့်ထားသော တံခါးပေါက်ပေါ်သို့ပစ်တင်လိုက်ပြီး

မြေပေါ်တွင်ဝပ်ချလိုက်သည်။

ဂျက်ကော့ဘ်သည် 'ပစ်' ပစ်တင်လိုက်သော ဓါတ်ဆီပုံးကို ချိန်ရွယ်၍ မီးရှူးကိုပစ်လွှတ်လိုက်သည်။

ဝုန်းကနဲ အသံနှင့်အတူ နင်းကြောင်သည် မီးဟုန်းဟုန်းတောက်သွား၏။ တစ်ကိုယ်လုံး မီးစွဲလောင်နေသော လုံခြုံရေး အဖွဲ့ဝင်များသည်

နင်းကြောင်ပေါ်မှ ကြောက်အားလန့်အားခုန်ဆင်းကြပြီး မြေပြင်ပေါ်ရောက်လျှင်ရောက်ချင်း ကလာရီ၏ အဖွဲ့ဝင်များက ခြေမှုန်းရှင်းလင်းလိုက်သည်။

ပေါက်ကဲသွံ များ၊ သေနတ်သံများကို ကြားလိုက်ရပြီး နင်းကြောင်နှင့်အဖွဲ့ ဆက်အသွယ်ပြတ်သွားသည်နှင့်တစ်ပြိုင်နက် ဟူဂိုသည်

အဆိုးဆုံးကို မျှော်လင့်လိုက်သည်။ ယခုတော့ အခြေအနေက ပြောင်းပြန်ဖြစ်သွားပြီ။ တိုက်ရည်ခိုက်ရည် ပြည့်ဝနေသည့် ဝါရင့် သူ့ရှာရင့်

ခြေမှုန်းရေးတပ်သားအယောက်နှစ်ဆယ်ကျော်ကို မည်သည့်လက်နက်ကြီးအကူမှမပါပဲ လက်ကျန်တပ်သားရှစ်ယောက်၊ တစ်ခါမှ

သေနတ်မကိုင်ဖူးသည့် အင်ဂျင်နီယာတစ်စုတို့နှင့် လေယာဉ်ဂိုဒေါင်ကျယ်ကြီးထဲမှာ ရင်ဆိုင်တိုက်ပွဲ သူဆင်နွှဲရတော့မည်။ နောက်ဆုံးကျည်ဆန်၊

နောက်ဆုံးထွက်သက်အထိ တိုက်ရမည့် နောက်ဆုံးတိုက်ပွဲ။

ဟူဂိုသည် ဂျာဂန်ဟိုဖ်နှင့်စကားလက်ဆုံကြနေသော ကားလ်ထံလျှောက်သွားခဲ့သည်။

"ဘာပြဿနာရှိလဲငါ့ညီ"

"ကျွန်တော့်ရဲ့ နောက်ဆုံးလက်ကျန် နှင်းကြောင်နဲ့ လုံခြုံရေးလေးယောက်တော့ ကျသွားပြီထင်တယ်"

အယ်လ်ဆီက အံကြိတ်ရင်း-

"တောင့်ထား ငါ့မောင်၊ အကိုကြီး ဘရူနိုကလေယာဉ်နှစ်စီးနဲ့လာနေပြီ၊ မကြာခင်ရောက်တော့မှာ"

အဆိုပါ မကြာခင်က ငါးနာရီလောက်ကြာမြင့်မည်ကိုတော့ ဟူဂိုအား အယ်လ်ဆီမပြောတော့။

ဂျာဂန်ဟို့ဖ်က နာရီကိုကြည့်ရင်း-

"ကျွန်တော်တို့ စနစ်အသက်စဝင်နေပြီ၊ နောက်သုံးနာရီခွဲဆို ရော့စ်ရေခဲပြင်ဟာ ကုန်းမကြီးကနေ လုံးဝကွဲထွက်ပြီ"

ကားလ်သည် ဟူဂို့ကိုမေးလိုက်၏။

"မင်းအဲဒီအချိန်အထိ အမေရိကန်တွေကို ထိန်းထားနိုင်မလား"

ဟူဂိုသည် လိုဏ်ခေါင်းဝသို့ တစ်ချက်ကြည့်လိုက်ပြီး-

"သူတို့လည်းလက်တစ်ဆုပ်စာလောက်ပဲ လူအင်အားရှိတော့တာပါ။ ကျွန်တော် သူတို့ကို လိုဏ်ခေါင်းထဲတင် အပြတ်ရှင်းမယ်"

ညီအကိုနှစ်ယောက် အတန်ကြာအောင် ပွေ့ဖက်နှုတ်ဆက်ကြပြီးနောက် ဟူဂိုသည် သူ၏လက်ကျန်တပ်ဖွဲ့ဝင်များကို စုစည်း၍

လိုဏ်ခေါင်းထဲသို့ဝင်လာခဲ့သည်။ သူတို့ထံတွင် ခြောက်ပေခန့်မြင့်သော ပန်ကာကြီးတစ်လုံးနှင့် ၅၅ဂါလံဆန့် စည်ပိုင်းကြီးတစ်ခုကို

သယ်ဆောင်ထားသော ကားတစ်စီးပါသွား၏။

လိုဏ်ခေါင်း၏ နောက်ဆုံးအကွေ့သို့ ပစ်တို့ရောက်လာကြပြီ။ ထိုအကွေ့ကိုကျော်၍ ကိုက်ငါးဆယ်ခန့်သွားပြီးလျှင်

လေယာဉ်ဂိုဒေါင်သို့ရောက်ပြီဖြစ်၏။ ရုတ်တရက် မြူများဆိုင်းလာသည်။ မြူများသည် တဖြည်းဖြည်းသိပ်သည်းလာပြီး တစ်ယောက်နှင့်တစ်ယောက်

မမြင်ရလောက်အောင်ဖြစ်လာသည်။

"ဒါဘာတွေလဲ" ကလာရီက ပစ်ကိုမေးလိုက်၏။

ပစ်က ပါတ်ဝန်းကျင်ကို ကြည့်ပြီး-

"ဒါပုံမှန်မဟုတ်ဖူး၊ ကျွန်တော်တို့ ခရူဇာနဲ့လာခဲ့တုန်းက ဒီမြူတွေမရှိဘူး၊ ဒါတမင်သက်သက် အမှုန်၊ ဒါမှမဟုတ် အငွေ့တ စ်မျိုးမျိုးကို

ပန်ကာနဲ့မှုတ်ပေးနေတာပဲ"

ကလာရီ၏ တပ်ဖွဲ့ဝင်များသည် အောက်စီဂျင်မျက်နှာဖုံးကိုယ်စီစွပ်လိုက်ကြသည်။ အယ်လ်က လေထဲတွင်သူ့နှာခေါင်းကို

ရှုံ့ပွရှုံ့ပွလုပ်ရင်း-

"မကြောက်ကြနဲ့၊ အဆိပ်ငွေ့တော့မဟုတ်ဘူး၊ မြင်ကွင်းကို နှောက်ယှက်ရုံသက်သက်ပဲ" ဟုပြော၏။

"အားလုံးစုကြ" ကလာရီက သူ့အဖွဲ့ကိုအော်ပြောလိုက်သည်။

"ကိုယ့်အစုအပြင်ဖက်က ဘယ်သူ့ဖြစ်ဖြစ် ပစ်ကြ"

ပစ်က လက်ကာပြလိုက်ပြီး-

"နေဦးဗျ၊ ခုနက စတိုခန်းထဲမှာ တာယာတွေတွေ့ခဲ့တယ်။ တစ်လုံးလောက်သွားယူပေးစမ်းပါ" ဟုပြောလိုက်သည်။

ကလာရီမျက်လုံးပြူးသွားသည်။

"တာယာဘာလုပ်ဖို့လဲမစ္စတာပစ်"

"ဟိုကောင်တွေကို ပညာပေးဖို့"

ပစ်မျက်နှာပေါ်တွင် အသိရခက်သောအပြုံးတစ်ခုပေါ်နေခဲ့သည်။

မိနစ်အနည်းငယ်အကြာတွင် ပေါက်ကွဲသံကြီးတစ်ခုကြားရပြီး လိုဏ်ခေါင်းတစ်ခုလုံးသိမ့်သိမ့်တုန်သွားသည်။ မိုးကြိုး အကြိမ်တစ်ရာခန့်

စုပေါင်းပစ်လိုက်သလို၊ အသံလုံခန်းထဲဒုံးကျည်ဖြင့် ပစ်ခွင်းလိုက်သလိုကို အသံကြီးက ကျယ်လှ၊ မြည်လှသည်။ သို့သော် မီးတောက်မီးလျှံများနှင့်

မီးခိုးများထွက်လာသည်ကို မတွေ့ရ။

ဟူဂိုဝုဖ်နှင့် သူ၏လုံခြုံရေးရှစ်ယောက်သည် နားထဲမှလေတွေထွက်ကုန်၏။ ဘုရားကျောင်းမှခေါင်းလောင်းထိုးစဉ်

အနားသွားထိုင်နေမိသူကဲ့သို့ တဝီဝီအသံများသာကြားနေရသည်။ ပေါက်ကွဲသံကဘယ်ကလဲ၊ ဘယ်သူလုပ်လိုက်တာလဲ။ သူတို့ဘာမှမသိ၊

သို့သော် ဒီလောက်အင်အားပြင်းထန်သည့်ပေါက်ကွဲမှုမှာသူတို့ရန်သူများ မည်သည့်နည်းနှင့်မှ အသက်မရှင်နိုင်သည်ကိုတော့သေချာသိကြသည်။

သူတို့သည် အပိုင်းပိုင်းအစစဖြစ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများကိုတွေ့လိုဇောဖြင့် အပြေးတစ်ပိုင်း

ချီတက်လာခဲ့ကြသည်။ မီးမောင်းများထွန်းရင်း လိုဏ်ခေါင်း အကွေ့ကိုကျော်လွန်လိုက်သည်နှင့် သူတို့မျှော်လင့်သလို အစုလိုက်သေဆုံးနေကြသော

အမေရိကန်ခြေမှုန်းရေးတပ်ဖွဲ့များကို တွေ့လိုက်ကြရသည်။ ယူနီဖောင်းဝတ်တပ်သားများကြားတွင် စုတ်ပြတ်နေသော ပွဲတက်ဝတ်စုံများနှင့်

လူနှစ်ယောက်ကိုလည်းတွေ့ရ၏။

"ဂုဏ်ယူပါတယ် မစ္စတာဂုဗ်၊ နောက်ဆုံးတော့ ကျွန်တော်တို့နိုင်လိုက်ပြီ" လုံခြုံရေးတပ်သားတစ်ဦးက ဟူဂို့ကို ပြောလိုက်သည်။

ဟူဂိုသည် အလောင်းပုံကြီးကိုကြည့်ရင်း ဖြည်းလေးစွာခေါင်းညိတ်လိုက်ရင်း-

"ဟုတ်တယ်။ ဒါပေမဲ့ အတော်အရင်းအနှီးကြီးတဲ့အောင်ပွဲပဲ" ဟုပြောရင်း လှည့်ထွက်ခဲ့သည်။

ဟူဂိုနှင့် သူလူရှစ်ယောက် ကျောခိုင်းလိုက်စဉ်မှာပင်-

"လက်မြှောက်လိုက်" ဟူသော ကလာရီ၏ လေသံအေးစက်စက်ကိုကြားလိုက်ရသည်။

အသိဉာဏ်ရှိသော၊ ရှုးသွပ်မနေသော လူမှန်လျှင် မိမိတို့ကို အစုလိုက်အပြုံလိုက်ချိန်ရွယ်ထားသော လက်နက်များကို မြင်ရလျှင်

ခုခံခြင်းသည် အသက်ကိုမနမြော၍သာ ဖြစ်ကြောင်းသိကြမည်ဖြစ်သည်။ သို့သော် အကျင့်ပါနေသော ဟူဂို၏လက်များက

သေနတ်ပေါ်သို့ရောက်သွား၏။ သူ့လူရှစ်ယောက်ကလည်းတိုက်ခိုက်ရန်ဟန်ပြင်လိုက်စဉ်-

ကျူ-၉၉ အီရာဒီကေတာ ခြေမှုန်းရေးရိုင်ဖယ် ၂၂ လက်သည် တစ်ပြိုင်နက်ပစ်ခတ်လိုက်၏။ ဟူဂိုသည် မြင်းအကန်ခံ လိုက်ရသလို

လွင့်စဉ်ထွက်သွားပြီး ရေခဲနံရံတစ်ဖက်တွင်သွားကပ်နေသည်။ ကျည်ဆန်ရာများက ရင်ဘက်မှတင်ပါး အထိတန်းစီနေ၏။ သူ့လူရှစ်ယောက်သည်

မြင်မကောင်းအောင်ကျရှုံးသွား၏။ ခုတော့လည်းသူတို့၏နောက်ဆုံးတိုက်ပွဲသည်
အားလုံးပြီးဆုံးခဲ့လေပြီ။ စက္ကန့်အနည်းငယ်အတွင်း

အသက်ဝိဉာဏ်သည် သူ့ခန္ဓာကိုယ်မှထွက်ခွာတော့မည် ဖြစ်သည်။

ဟူဂိုသည်မြေပေါ် ဒူးထောက်လျှက်ကျသွား၏။ သူ့မျက်လုံးများသည် ပြူးထွက်လျှက်။
နာကြင်မှုကတော့မရှိ၊ တစ်ကိုယ်လုံးထုံနေ၏။

အရပ်ဝတ်နှင့်လူနှစ်ယောက်ထဲမှ အရပ်မြင့်သောသူသည် ရှေးခေတ်ပဟောင်းကို့တ်ပစ္စတိုကြီး
ကိုင်လျှက် သူ့နားသို့ရောက်လာပြီး

ဒူးထောက်ထိုင်ချလိုက်၏။ ဟူဂိုသည်ထိုလူကို အသိစိတ်မဲ့စွာငေးကြည့်နေမိသည်။

"ခင်ဗျားလုပ်တာလား" ဟူဂိုသည် လေသံသဲ့သဲ့လေးဖြင့် ပစ်ကိုမေးလိုက်၏။
သူဘာမေးမှန်းပစ်သိသည်။

"ဟုတ်တယ်။ ကားတာယာရယ်၊ ဝါယာကြိုးရယ်၊ ဓါတ်ဆီရယ်သုံးရင် ဒီလိုအသံမျိုးထွက်တယ်ဗျ၊
ကျန်တာကတော့

ခင်ဗျားမြင်တဲ့အတိုင်းပဲ"

"ခင်ဗျားက ဘယ်သူလဲ" ဟူဂိုသည် မိန်းမောစပြုချေပြီ။ အသက်ဇီဝသည် သူ့ကိုယ်အတွင်းမှ
စတင်ဆုတ်ခွာချေပြီ။

"ကျုပ်နာမည် ဒတ်ပစ်ပါဗျာ"

ဟူဂို၏ မျက်ဆန်များရုတ်တရက်ကျယ်လာပြီး-

"မ-ဖြစ်-နိုင်-ဘူး" ဟုပြောရင်းအသက်ထွက်သွားသည်။ သူ၏ မိုးပြာရောင် မျက်လုံးများသည်ပွင့်လျှက်။

အတ္တလန်တစ် ရှာပုံတော် (၈၈)

ပေါက်ကဲသွ ံကြီးတစ်ချက်၊ ပြီးတော့ အတွဲလိုက်ပစ်ခတ်လိုက်သော သေနတ်သံများ၊
ထို့နောက်တွင်တော့ တိတ်ဆိတ် ငြိမ်သက်ခြင်း၊

လေယာဉ်ဂိုဒေါင်တွင်းစုဝေးနေကြသူများသည် လိုဏ်ခေါင်းဝသို့ ပြူးကျယ်ထိတ်လန့်သော မျက်လုံးများ နှင့်ကြည့်နေကြ၏။

စည်းချက်မှန်မှန် ပြေးလာသည့် နှစ်ဆယ်ထက်မနည်းသော လူအုပ်စု၏ဖိနပ်သံများသည် လိုဏ်ခေါင်းတွင်းမှနေ၍ လေယာဉ်ဂိုဒေါင်ထဲသို့

ပဲ့တင်ဝင်ရောက်လာခဲ့သည်။ ထို့နောက်တွင်တော့ အပ်ကျသံပင် မကြားရ သည့် ပကတိတိတ်ဆိတ်ငြိမ်သက်ခြင်း။

ရေခဲပြင်ပေါ်တွင် ဖြည်းဖြည်းမှန်မှန်လမ်းလျှောက်လာသည့် လူတစ်ယောက်၏ ခြေသံမှာ တိတ်ဆိတ်သောပါတ်ဝန်း ကျင်တွင် ဗုံးကွဲသလို

ကျယ်လောင်လွန်းလှသည်။ မှောင်မဲသည့်လိုဏ်ခေါင်းအတွင်းမှ မီးရောင်များလင်းထိန်နေသော လေယာဉ်ဂိုဒေါင်အတွင်းသို့

အလံဖြူလေးကိုင်ဆောင်ရင်း မထီတရီပြုံး၍ဝင်လာသော အပိုင်းပိုင်းပြတ်နေသည့် အနက်ရောက်တက်ဆူဒို ပွဲတက်ဝတ်စုံဝတ်ထားသည့်

အရပ်မြင့်မြင့်လူတစ်ယောက်။ သူ့မျက်လုံးစိမ်းများက ဝင်းဝင်း တောက်နေသည်။

သူသည် သူ့အားလခြမ်းပုံဝိုင်းရံထားသည့် တစ်ရာမျှသော လူအုပ်ကြီးကို ရှိသည်ဟုပင်မအောက်မေ့ပဲ ကားလ်၊ အယ်လ်ဆီနှင့် ဘလွန်ဒီ၊

ဝုဖ်မောင်နမသုံးယောက်ရှိရာသို့ တန်းတန်းမတ်မတ်လျှောက်သွားသည်။ သူ့မျက်နှာသည် ရှုပ်ပွနေသော မုတ်ဆိပ်မွေး၊ နှုတ်ခမ်းမွေးများ၊

သွေးသံရဲရဲ ပြတ်ရှဒဏ်ရာများကြောင့် ကြောက်စရာကောင်းနေ၏။ သူက ကားလ်ကို စိုက်ကြည့်ပြီး-

"ဟူဂိုက ခင်ဗျားကို နှုတ်ဆက်လိုက်ပါလို့ပြောသွားတယ်။ ဒါပေမဲ့ခင်ဗျားတို့ရဲ့ ထွက်တော်မူနန်းကစ္စာမှဲ့ ခရီးမှာတော့

သူမလိုက်နိုင်ရှာတော့ဘူး"

ဘလွန်ဒီသည် အံ့အားသင့်နေ၏။ အယ်လ်ဆီ့မျက်နှာပေါ်တွင် တုန်လှုပ်ခြောက်ခြားသည့်အရိပ်အယောင်များပေါ် လာ၏။ ကားလ်သည်

အတန်ကြာမျှ လူစိမ်းအားကြောင်ကြည့်နေပြီးမှ နောက်ဆုံးမှတ်မိသွား၏။

"ခင်ဗျားကိုး၊ မစ္စတာပစ်၊ ခင်ဗျားဟာ လူမဟုတ်ဖူး၊ နတ်ဆိုးတစ်ကောင်"

"စကားပြောကြမ်းလှချည်လား ကားလ်ရဲ့၊ လူကြီးလူကောင်းပီပီ အေးအေးဆေးဆေးရှိမှပေါ့"

အယ်လ်ဆီသည် လုံးဝသည်းမခံနိုင်တော့၊ ရှေ့သို့ထွက်လာပြီး ပစ်၏ဗိုက်ကို
သူ့လက်ထဲကိုင်ထားသော ပစ္စတိုသေနတ်ဒင်ဖြင့်

ဆောင့်ချလိုက်သည်။

ပစ်သည် နာကြင်မှုကြောင့် ခဏမျှ အသက်ရှူမှားသွားသည်။
သူသည်နောက်သို့ခြေနှစ်လှမ်းမျှဆုတ်လိုက်သည်။ သို့သော် အပြုံးမပျက်။

"အကြမ်းမဖက်နဲ့လေ မဒမ် အယ်လ်ဆီဝုဖ်ရဲ့၊ ကျွန်တော်က ဘာလက်နက်မှမပါဘူး၊ အလံဖြူနဲ့လာတဲ့
ငြိမ်းချမ်းရေး သံတမန်လေ"

ကားလ်သည် အယ်လ်ဆီ့လက်ထဲမှ သေနတ်ကိုဆွဲယူလိုက်သည်။ အယ်လ်ဆီက ရှန်းကန်ရင်း-

"ကျွန်မကိုမတားနဲ့အကို၊ ကျွန်မသူ့ကို သတ်ပါရစေ" ဟုအော်ဟစ်နေသည်။

ကားလ်သည် ပစ်ကို စိုက်ကြည့်လိုက်ပြီး-

"ဟူဂိုသေသွားပြီလား" ဟုမေးလိုက်သည်။

"ခုလောက်ဆို ငရဲပြည်ကို ဝုဖ်မိသားစုအတွက် မြေကွက်ဝယ်ဖို့သွားရောပေါ့။
ဝယ်တောင်ဝယ်ပြီးလောက်ပြီထင် တယ်။သူ့ဆီမှာ

အကြွေးဝယ်ကဒ်တွေ ပါသွားတယ်မဟုတ်လား"

"သူ့လူတွေရော"

"သူနဲ့တူတူ မြေကွက်လိုက်ဝယ်နေကြတယ်"

"ကျုပ်တို့လေယာဉ်တွေကို ဖျက်ဆီးတာခင်ဗျားလား"

ပစ်က ပျက်စီးနေသောလေယာဉ်များကို ကြည့်ရင်း-

"ကျွန်တော် ကားမောင်းနည်းနည်းကြမ်းသွားလို့ပါ" ဟုဆိုလိုက်၏။

ကားလ်သည် အံကိုတင်းတင်းကြိတ်ရင်း-

"ခင်ဗျားဘယ်ကလာတာလဲ"

ပစ်သည် ကားလ်၏အမေးကို လျစ်လျူရှုလိုက်ပြီး-

"ခင်ဗျားရဲ့ မကိုင်တတ်၊ ကိုင်တတ်နဲ့ သေနတ်တွေကိုင်ထားတဲ့လူတွေကို လက်နက်ချဖို့ပြောလိုက်ဦး၊ တော်ကြာ

ကိုယ့်ပြန်မှန်နေဦးမယ်"

"ခင်ဗျားတို့ရော လူဘယ်လောက်ကျန်လို့လဲ"

"ကိုယ့်ဘာသာကြည့်ပေါ့ဗျာ"

ပစ်သည် လက်ဝှေ့ယမ်းကြလိုက်သည်။

အယ်လ်၊ ကလာရီနှင့် ခြေမှုန်းရေးတပ်ဖွဲ့ဝင် (၂၂)ယောက်သည် အသင့်အနေအထားဖြင့် လိုဏ်ခေါင်းထဲမှ ထွက်လာကြပြီး

ဆယ်ပေစီခြား၍ နေရာယူလိုက်သည်။

ကားလ်၏ မျက်နှာပေါ်တွင် အပြုံးတစ်ပွင့်ပေါ်လာ၏။

"လူနှစ်ဆယ်က လူတစ်ရာကို လက်နက်ချခိုင်းနေတာလား မစ္စတာပစ်"

"စောင့်ကြည့်ပါဦး မစ္စတာကားလ်ဝုဖ်"

"သိပ်နောက်ကျသွားပြီး မစ္စတာပစ်ရဲ့၊ ကျုပ်တို့ရဲ့ နာနိုနည်းပညာသုံးရေခဲပြင်ခွဲစနစ်ကြီး အသက်ဝင်နေပြီ။ မကြာခင်

ကမ္ဘာပျက်တော့မယ်"

ပစ်သည် စိတ်မကောင်းဟန်ဖြင့် ခေါင်းယမ်းလိုက်သည်။

"မျိုးဆက်သုံးဆက်လောက်ကြိုးစားခဲ့ရတဲ့ ကိစ္စကြီး အထမမြောက်ကြောင်းပြောရမှာတော့ စိတ်မကောင်းဘူး ကားလ်၊ ဒါပေမဲ့ ခင်ဗျားရဲ့

နာနိုနည်းပညာသုံးရေခဲခွဲစနစ်ကို ထိန်းချုပ်တဲ့ စနစ်ကြီးကို အကောင်အထည်မပေါ်ခင်ဆယ်မိနစ် အလိုမှာ ကျွန်တော် ခရူဇာကားကြီးနဲ့

စိစိညက်ညက်ကြေအောင် ကြိတ်လိုက်မိတယ်။ ခင်ဗျားရဲ့ ကမ္ဘာပျက်ကပ်ရော၊ ကံကြမ္မာသစ်အဖွဲ့ရော၊ စတုတ္ထနိုင်ငံတော်ရော မရှိတော့ပါဘူး။

အရင်အတိုင်းကမ္ဘာကြီးဟာ နေကိုလည်ပါတ်နေဆဲပဲ၊ ဥတုလေးပါးပြောင်းနေဆဲပဲ၊ ကောင်းကင်ပြာကြီးဟာတည်မြဲနေဆဲပဲ၊ ဒီမယ်ကားလ်။

ကမ္ဘာဟာ ပျက်ခြင်းပျက်ရင် ရှောင်လွှဲမရတဲ့ သဘာဝဘေးအန္တရာယ်ကြောင့်သာ ပျက်ရပါလိမ့်မယ်။ လူလုပ်လို့တော့ ဘယ်တော့မှ မပျက်နိုင်ဘူး

ဆိုတာ ခင်ဗျားမြဲမြဲမှတ်ထားပါ"

"ဘာ၊ ဘာပြောတယ်" အယ်လ်ဆီသည် ဒေါသပေါက်ကွဲချေပြီ။

ကားလ်က သူ့ညီမကို လက်ဖြင့်တားဆီးရင်း-

"မကြောက်နဲ့ ညီမ၊ သူလိမ်နေတာ" ဟုပြောလိုက်၏။

ပစ်သည် စကားဆက်ပြော၏။

"အခု ဝုဖ်မိသားစုဟာ နိဂုံးကမ္ပတ် အဆုံးသတ်ပြီကားလ်၊ ကမ္ဘာပေါ်မှာ ရှိတဲ့လူသားတိုင်းက လူသားမျိုးတုန်းစေတဲ့ ပြစ်မှုနဲ့

ခင်ဗျားကိုတရားစွဲပိုင်ခွင့်ရှိတယ်။ ခင်ဗျားပိုင်ဆိုင်မှုတွေအားလုံးပေးပြီး တစ်သက်လုံးထောင်ထဲမှာ သွားနေရင်တောင်

အပြစ်တွေကကျေမသွားဖူးကားလ်"

ကားလ်က ပြုံးစစဖြင့်-

"ခင်ဗျားပြောတာတွေ မှန်တယ်ပဲထားပါတော့မစ္စတာပစ်၊ ကျွန်တော်နဲ့ ကျွန်တော့်ညီမတွေကို ခင်ဗျားဘာလုပ်မယ် စိတ်ကူးထားသလဲ"

ပစ်သည် သက်ပြင်းချလိုက်၏။

"ကျွန်တော်က ဘာမှမလုပ်ပါဘူးကားလ်၊ ဥပဒေက ခင်ဗျားကို ကြိုးစင်တင်မှာပါ၊ အဲဒီအခါကျွန်တော်က ပွဲကြည့်ပရိသတ် ပေါ့ဗျာ"

"ကျွတ်၊ ကျွတ်၊ ခင်ဗျားဟာ အတော်သနားစရာကောင်းတဲ့လူပဲ မစ္စတာပစ်"

"အကို၊ စကားရှည်ရှည်ဝေးဝေးပြောမနေပါနဲ့၊ ကျွန်မသူ့ကို ပစ်သတ်ပါရစေ"

ကားလ်သည် နည်းနည်းနှင့် ကျဲကျဲဝိုင်းထားကြသော ကလာရီ၏ လူများကိုကြည့်ရင်း-

"ကျွန်တော့်ညီမပြောတာမှန်မယ်ထင်တယ် ပစ်၊ ခင်ဗျားလူတွေ လက်နက်ချဖို့ ဆယ်စက္ကန့်အချိန်ပေးမယ်"

"မျှော်လင့်မနေနဲ့ကားလ်"

ပစ်သည် သာသာယာယာပျော့ပျော့ပြောင်းပြောင်းပြောနေရာမှ ရုတ်တရက် စကားသံမာလာသည်။ ထန်လာသည်။

"သေနတ်အလက်တစ်ရာနဲ့ သေနတ်အလက်နစ်ဆယ် ပြိုင်ပစ်မှာနော် ပစ်၊ ပွဲကပြီးနေပြီ၊ ကျွန်တော်နဲ့ ကျွန်တော့်ညီမတွေက

စတုတ္ထအင်ပါယာအတွက်အသက်ပေးပြီးသား"

ပစ်သည် ကားလ်ကို ကြည့်၏။ ကားလ်လက်ထဲမှ ပစ္စတိုကိုကြည့်၏။ ပြီးမှ-

"ပြောမရလဲ သဘောရှိလုပ်ပေတော့ကားလ်။ ဒါပေမဲ့ နောက်ကိုတစ်ချက်တော့လှည့်ကြည့်လိုက်ဦး"

ကားလ်သည် မဲ့ပြုံးပြုံးရင်း-

"ဒါမျိုးတွေ ရှိနေပါပြီ ပစ်ရယ်" ဟုပြောလိုက်သည်။

ပစ်က အယ်လ်ဆီနှင့် ဘလွန်ဒီကို ကြည့်၍-

"ဒါဆိုလည်းခင်ဗျားတို့နှစ်ယောက်ပဲလှည့်ကြည့်လိုက်ကြတော့"

ကားလ်မှတပါး အားလုံးသောသူများသည် သူတို့နောက်ကိုလှည့်ကြည့်လိုက်ကြသည်။
သူတို့တွေ့လိုက်ရသည်က

ဝတ်စုံပြည့်ဝတ်ဆင်ထားသော အမေရိကန်အထူးတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အယောက်နှစ်ရာသည် ကျူ-
၉၉ အီရာဒီကေတော

ရိုင်ဖယ်အလက်နှစ်ရာဖြင့် သူတို့ကို မလွတ်တမ်းချိန်ရွယ်ထားသည်ကိုပင်ဖြစ်၏။ ထိုတပ်ဖွဲ့မှ
အသံတစ်သံ ထွက်ပေါ်လာ၏။

"ခင်ဗျားတို့လက်နက်တွေကို အောက်ကိုဖြည်းဖြည်းချင်းချပြီး ဘေးကိုတွန်းထုတ်လိုက်ပါ။
တစ်ခုခုမဟုတ်တာလုပ်ရင် အားလုံးကို

မနားတမ်း ပစ်မယ်။ ပူးပေါင်းပါဝင်တဲ့လူအသက်ရှင်မယ်"

ဂုဖ်မောင်နမမှလွဲ၍ အားလုံးတပျော်တပါးပူးပေါင်းပါဝင်ကြ၏။ သိပ္ပံပညာရှင်များနှင့်
အင်ဂျင်နီယာများသည် သေနတ်များကို

ဝန်ထုပ်ဝန်ပိုးတစ်ခုပစ်ချသလို အောက်သို့ပစ်ချလိုက်ပြီး လက်မြှောက်၍ ထွက်ခွာသွားကြသည်။

အယ်လ်ဆီသည် ရင်ဝကိုဓါးဖြင့်အထိုးခံရသလို တဆစ်ဆစ်နာကြင်မှုကိုခံစားနေရသည်။
ဘလွန်ဒီသည် သွက်သွက်

ခါအောင်ရှုးသွားသလို မျက်လုံးများဝိုင်းဝိုင်းလည်လျှက်၊ ကားလ်ကတော့ မတုန်မလှုပ်ကျောက်ရုပ်။

အသစ်ရောက်လာသော တပ်ဖွဲ့၏ ခေါင်းဆောင်က-

"ခင်ဗျားတို့ထဲမှာ ဘယ်သူက ဒတ်ပစ်လဲ" ဟုမေးလိုက်သည်။

ပစ်သည် လက်ထောင်ပြလိုက်၏။

ခေါင်းဆောင်သည် ပစ်နားသို့ရောက်လာပြီး ဝုဖ်မောင်နမလက်ထဲမှ လက်နက်များကို
သိမ်းဆည်းလိုက်ပြီး-

"အထူးတိုက်ခိုက်ရေးတပ်ခေါင်းဆောင် ဗိုလ်မှူးကြီး ရောဘတ်ဝစ်တမ်းဘတ်ပါ မစ္စတာပစ်၊
ရော့စ်ရေခဲပြင်ခွဲ စနစ် ဘာဖြစ်သွားပြီလဲ"

"ပြီးသွားပြီ။ ပျက်သွားပြီ။ အချိန်ကျရင် ဆယ်မိနစ်မှာ ဖျက်လိုက်နိုင်တယ် ဗိုလ်မှူးကြီး"

ဝစ်တမ်းဘတ်သည် အလုံးကြီးကျသွား၏။ ဝိုးကနဲ သက်ပြင်းပူကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်၏။

ကလာရီသည် ဝစ်တမ်းဘတ်ကို အလေးပြု၏။ ပြီးမှ-

"ခင်ဗျားရဲ့ သောက်ခွက်ဆိုးကြီးကို မြင်လိုက်ရတာ ဒီတစ်ကြိမ်အပျော်ဆုံးပဲ" ဟုပြောလိုက်သည်။

ဝစ်တမ်းဘတ်သည် ပါးစပ်ကြီးဖြဲ၍-

"သေချင်းဆိုးလေး၊ နောက်တစ်ခါကျရင် သေအောင်ကို ပစ်ထားလိုက်ဦးမှာ" ဟုတုံ့ပြန်လိုက်သည်။

ပစ်က ဝစ်တမ်းဘတ်အား-

"ဗိုလ်မှူးကြီး ကျွန်တော်ခင်ဗျားကို ဝုဖ်မောင်နမများနဲ့ မိတ်ဆက်ပေးပါရစေ၊ ဒီလူက ကားလ်ဝုဖ်၊
အားလုံးရဲ့ ခေါင်းဆောင်၊ ဒီဖက်က

မဒီက အယ်လ်ဆီဝုဖ်၊ ဒီဖက်ကတော့———-"

"ကျွန်တော့်ညီမ ဘလွန်ဒီဝုဖ်ပါ၊ ဒါနဲ့ ကျွန်တော်တို့ကိုဘာလုပ်ဖို့စိတ်ကူးထားလဲ ဗိုလ်မှူးကြီး"
ကားလ်သည် အိပ်မက်

ထဲစကားပြောနေသူလို ဖြစ်နေ၏။

ကလာရီက ဝင်၍-

"ကျွန်တော့်ကို အပ်လိုက်၊ ကြိုးတုပ်ပြီး အကုန်ပစ်သတ်လိုက်မယ်" ဟုပြောလိုက်၏။

ဝစ်တမ်းဘတ်က ခေါင်းခါပြ၍-

"ကျွန်တော့်ကို အထက်က အကျဉ်းသားနဲ့ပက်သက်လို့ ဘာမှအမိန့်မပေးလိုက်ဖူးဗျ"
ဟုဆိုလိုက်သည်။ ဟုတ်တော့ လည်းဟုတ်သည်။

ဤစစ်ဆင်ရေးကြီးမှာ အကျဉ်းသားဆိုသည့် အခြေအနေကိုတောင် စဉ်းစားချိန်မရ။

"ဒါဆိုရင် ကျွန်တော်တစ်ခုလောက်တောင်းဆိုပါရစေ"

"ပြောပါ မစ္စတာပစ်၊ ခင်ဗျားနဲ့ မစ္စတာ အယ်လ်ဘတ် ဂျိုယိုဒီနိုက ဒီစစ်ဆင်ရေးရဲ့
အဓိကပါဝင်ပက်သက်သူတွေပဲ"

"ဝုဖ်မောင်နမတွေကို ကျွန်တော် ခဏထိန်းသိမ်းထားပါရစေ"

ပစ်၏ စကားကို ဗိုလ်မှူးကြီး ဝစ်တမ်းဘတ်ကသဘောမပေါက်သော်လည်း ဗိုလ်မှူးကလာရီက
ချက်ခြင်းသဘောပေါက် ၏။ သူက

ဝစ်တမ်းဘတ်ကို-

"ရောဘတ်ရေ၊ ခင်ဗျားကိုလည်းအထက်က ဘာမှအမိန့်မပေးလိုက်ဘူးဆိုတော့
မစ္စတာပစ်တောင်းဆိုတာကို လိုက်လျောလိုက်ပါ"

ဟုတိုက်တွန်းလိုက်၏။

ဝစ်တမ်းဘတ်သည် ခဏမျှ စဉ်းစားနေပြီး-

"ကောင်းပြီလေ၊ ထိန်းသိမ်းထားပေါ့၊ ဒါပေမဲ့ ဝါရှင်တန်မရောက်ခင်အထိပဲနော်" ဟုပြောလိုက်သည်။

"ဒီမယ်၊ အန္တာတိကမှာ ဘယ်အစိုးရရဲ့အာဏာမှမသက်ရောက်ဖူး၊ ခင်ဗျားတို့မှာ ကျွန်တော်တို့ကို
အကျဉ်းသား

အဖြစ်ဆက်ဆံပိုင်ခွင့်မရှိဘူး" ကားလ်က ဝင်ပြောလိုက်၏။ ပစ်လက်ထဲရောက်လျှင်
အခြေအနေမကောင်းနိုင်မှန်း သူ့စိတ်ထဲက သိနေသည်။

"ကျွန်တော်က စစ်သားပဲ၊ ဥပဒေတွေဘာတွေမသိဘူး" ဝစ်တမ်းဘတ်က အပြတ်ပြောလိုက်၏။

အထူးတပ်ဖွဲ့ဝင်များသည် ဝုဖ်သတ္တုစခန်းကို ရှင်းလင်းနေစဉ်မှာ ပစ်နှင့်အယ်လ်တို့သည် ကားလ်၊ အယ်လ်ဆီနှင့် ဘာလွန်ဒီတို့ကို

ခေါ်ဆောင်ရင်း လေယာဉ်ကွင်းဒေါင်မှ အပြင်သို့ထွက်လာခဲ့ကြ၏။ ထိုနေရာတွင် လူသူကင်းရှင်းနေ၏။ အပူချိန်က အတွင်းနှင့်အပြင် ဒီဂရီ

ခြောက်ဆယ်ခန့်ကွာသောကြောင့် ဝုဖ်မောင်နှမသည် ခိုက်ခိုက်တုန်သွား၏။ သူတို့ဝတ်ထားသည်က တန်ဖိုးကြီးဝတ်စုံပါးကလေးများ။

အပြင်သို့ထွက်စရာအကြောင်းမရှိသဖြင့် ရေခဲပြင်သုံး ဝတ်စုံများလည်းမရှိ၊ ပစ်နှင့်အယ်လ်ကတော့ ဝတ်စုံထူကြီးများကိုယ်စီနှင့်။

ကားလ်ဝုဖ်သည် ပစ်တို့ကို လှည့်ကြည့်ရင်း-

"ကျုပ်တို့ကို ခင်ဗျားတို့ဒီမှာပစ်သတ်မလို့လား" ဟုပြောလိုက်သည်။ သူ့မျက်နှာပေးကတော့ မင်းတို့မလုပ်ရဲပါဘူးကွာ ဆိုသည့်အချိုးမျိုး။

ပစ်သည် ခေါင်းယမ်းလိုက်ပြီး-

"ခင်ဗျားတို့ တစ်မျိုးတစ်ဆွေလုံး သေသင့်ပေမဲ့ ကျွန်တော်တို့က ခင်ဗျားတို့ကို မသတ်ပါဘူး"

ကားလ်၏ မျက်နှာထားပြောင်းသွား၏။

"ဒါဆို—-"

ပစ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားတို့ကို လွှတ်ပေးမလို့ပါ"

ကားလ်သည် မယုံနိုင်သေး။

"ဒီလိုဆို ကျွန်တော်တို့ ထောင်ထဲရောက်တာ ခင်ဗျားမမြင်လိုက်ရပဲဖြစ်သွားမှာပေါ့"

"ခင်ဗျားတို့လို ဥစ္စာနဲ့ အာဏာရှိတဲ့လူတွေကို ဘယ်တရားရုံးကမှ ထောင်ထဲရောက်အောင် မလုပ်နိုင်ဘူးဗျ၊ တကယ်တမ်းကျတော့

ငွေများတရားနိုင် ဆိုတာ ပရမတ္ထသစ္စာတရားပဲကိုး"

ကားလ်က ပြုံးလိုက်ရင်း-

"ခင်ဗျားမဆိုးဘူး၊ မစ္စတာပစ်၊ သဘောပေါက်သားပဲ"

အယ်လ်ဆီသည် ပစ်တို့ကို စေ့စေ့ကြည့်ရင်း-

"ကျွန်မတို့ဘဝမှာ ထောင်ကျတယ်ဆိုတာ ထုံးစံမရှိဘူးမစ္စတာပစ်၊ ရှင်စောင့်ကြည့်နေပါ၊ ကျွန်မတို့ တစ်ချိန်ချိန်မှာပြန်လာဦးမယ်။

ဒီလိုမျိုးထပ်မမှားစေရဘူး"

အယ်လ်က နှာခေါင်းရှုံ့လိုက်သည်။

"ထပ်မမှားစေရဘူးဆိုတော့ ထပ်တော့ ယုတ်မာဦးမယ်လို့ဆိုလိုတာပေါ့နော် မယ်မင်းကြီးမ"

ပစ်က အေးစက်စွာဖြင့်-

"ကြိုက်သလိုသာလုပ်ပါလေ။ ခုချိန်ကစပြီး ကျွန်တော်တို့က ခင်ဗျားတို့မောင်နှမကို လွတ်လပ်ခွင့်ပေးလိုက်ပြီ"

ကားလ်သည် အားရပါးရပြုံးလိုက်သည်။ ထိုပြုံးနေသောနှုတ်ခမ်းများသည် တဖြေးဖြေးပြေကြလာသည်။ သူက အဆုံးအစမဲ့

ရေခဲပြင်ကြီးကို ကြည့်ရင်း-

"ခင်ဗျားဟာ အရမ်းကြောက်ဖို့ကောင်းတဲ့လူပဲ၊ မစ္စတာပစ်၊ ကျွန်တော်တို့ကို ဒီရေခဲပြင်ကြီးထဲကို လွှတ်ပေးမယ်၊ ဟုတ်လား"

ပစ်က ခေါင်းညိတ်ပြရင်း-

"ဟုတ်တယ်လေဗျာ၊ ခင်ဗျားတို့ခုဝတ်ထားတဲ့ဝတ်စုံတွေနဲ့ဆိုရင်..."

ပစ်သည် အယ်လ်ဖက်သို့လှည့်၍-

"ဟော့-အယ်လ်၊ တစ်ရာကြေးလောင်းမလား၊ တစ်နာရီအတွင်း ရေခဲတုံးဖြစ်မဖြစ်"

အယ်လ်က ကားလ်ကို စေ့စေ့စောင်းကြည့်ရင်း-

"မိနစ်နှစ်ဆယ်" ဟုပြောလိုက်သည်။

အယ်လ်ဆီသည် ခိုက်ခိုက်တုန်နေသည့်ကြားမှ မေးချင်းရိုက်နေသော လေသံဖြင့်-

"ရှင် ကျွန်မတို့ကို ဘာဖြစ်လို့ ပစ်မသတ်တာလဲ"

ပစ်သည် ကျေနပ်နှစ်သိမ့်လျှက်ရှိသည့် သူ့မျက်လုံးစိမ်းများဖြင့် ဝုဖ်မောင်နှမများကို တစ်ယောက်ချင်းကြည့်လိုက်ရင်း က-

"ဒီလိုဆို သိပ်မြန်သွားမှာပေါ့ အယ်လ်ဆီရဲ့၊ လူသန်းပေါင်းခုနစ်ထောင်ကို သတ်ဖို့ နှစ်ငါးဆယ်လောက်အချိန်ယူခဲ့ ကြတဲ့ လူတွေအနေနဲ့

ကိုယ့်အသက်နဲ့ခန္ဓာကိုယ် အိုးစားကွဲဖို့ တစ်နာရီလောက်တော့အချိန်ယူသင့်ပါတယ်။ ကဲ- သွားကြပေတော့၊ နောက်ကိုပြန်လှည့်ကြည့်ရင်တော့—"

ပစ်သည် သူ၏ ကို့တ် ၄၅ ပစ္စတိုဟောင်းကြီးကို ထုတ်လိုက်ပြီး အသင့်မောင်းတင်ထားလိုက်သည်။

ကားလ်ဝုဖ်သည် ဒတ်ပစ်အား ပေါက်ထွက်မတတ်စူးစူးဝါးဝါးကြည့်နေရမှ သူ့ညီမနစ်ယောက်လက်ကိုဆွဲ၍ အဆုံးအစမဲ့သည့်ရေခဲပြင်သို့

တစ်လှမ်းချင်းထွက်ခွာသွားလေတော့သည်။ အယ်လ်သည် သူတို့သုံးယောက်ကို လက်ပြရင်း-

"သွားကြပေတော့ဗျို့ အဲဒီတစ်ခုတော့ သတိပေးချင်တယ်။ မြန်မြန်လေးလျှောက်ရင် နွေးလာလိမ့်မယ်ဗျ" ဟုပြောရင်း

ပစန်နှင့်အယ်လ်သည် တံခါးကို သော့ခတ်၍ အတွင်းသို့ပြန်ဝင်လာခဲ့ကြတော့သည်။

## အတ္တလန်တစ် ရှာပုံတော် (၈၉)

နောက်လေးဆယ့်ရှစ်နာရီကြာသောအခါ ဝုဖ်သတ္တုတွင်းစခန်းသည် တစ်ကမ္ဘာလုံးမှသိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ၊ မနုဿဗေဒ

နှင့်ရှေးဟောင်းသုတေသနပညာရှင်များဖြင့် ပြည့်နှက်စည်ကားလာတော့သည်။ သိပ္ပံပညာရှင်များက ဝုဖ်တို့၏ နာနိုနည်းပညာကိုအသုံးပြု၍

ရော့စ်ရေခဲပြင်ကိုခွဲပစ်မည့် စီမံကိန်းကြီးကို ရင်သပ်ရှုမောအံ့သြကြရင်း နောက်ထပ်တဖန် အသက်ပြန်ဝင်မလာအောင် စီမံနေကြ၏။

ရှေးဟောင်းသုတေသနနှင့် မနုဿဗေဒပညာရှင်များက အားမီးနီးစ်တို့၏ ပျောက်ဆုံးနေသော အတ္တလန်တစ်မြို့တော်ကြီးကိုကြည့်ရင်း

ပျောက်ဆုံးနေသောကမ္ဘာ့သမိုင်း၏ ကွက်လပ်ကြီးကိုလေ့လာနေကြသည်။ အားမီးနီးစ်ရှေးဟောင်းလက်ရာအားလုံးကို စနစ်တကျ

မှတ်တမ်းတင်စာရင်း ပြုစုပြီး အမေရိကန်သို့ပို့ရန် စီစဉ်နေကြသည်။

ပစ်နှင့်အယ်လ်သည် ထိခိုက်ဒဏ်ရာများကို ဆေးဝါးကုသမှုခံယူပြီးပြီးခြင်း တစ်စစီဖြစ်လုနီးပါးဖြစ်နေသည့် ခရူဇာကြီး

ကိုလာသယ်ကြသော အဖေကြီးနှင့်အဖွဲ့ကိုဆီးကြိုနှုတ်ဆက်နေကြသည်။ အဖေကြီးသည် သူ့အသက်လောက်မြတ်နိုးသော ခရူဇာကြီးကို

ပင်မထိန်းချုပ်ခန်းထဲတွင် ပုံပျက်ပန်းပျက်ဖြစ်နေသည်ကို မြင်လိုက်ရသောအခါ စုတ်တသပ်သပ်ဖြစ်နေရှာ၏။ ကားကြီးကို

တွေတွေကြီးစိုက်ကြည့်နေရာမှ-

"ပြင်လို့မရတာ ဘာမှမရှိပါဘူး" ဟုနှုတ်က တီးတိုးရေရွတ်နေသည်။

ပစ်သည် အဖေကြီးကို ကြည့်လိုက်ရင်းက-

"ဒီလောက်အခြေအနေဆိုးတာကို အဖေကြီးကပြင်ဦးမလို့လား" ဟုမေးလိုက်သည်။ တကယ်တော့ ခရူဇာကြီး အခြေအနေဆိုးရခြင်း၏

အဓိကတရားခံက သူ။

အဖေကြီးက ခေါင်းညိတ်ရင်း-

"နှစ်နှစ်လောက် အချိန်ယူပြီးပြင်လိုက်ရင်တော့ မူလအခြေအနေပြန်ရောက်မှာပါ၊ မောင်ရင်တို့က အပျက်အစီးပုံကြီးပဲမြင်တာကိုး၊

ကျုပ်ကတော့ ဒီကားကြီးကိုကြည့်ရင်း ရင်သပ်ရှုမောအံ့သြနေကြမဲ့ စမစ်ဆိုနီယန်ရှေးဟောင်းပြတိုက်ထဲက ပရိသတ်ကိုမြင်နေရတယ်၊

ဒီကားကြီးက တန်ဖိုးမဖြတ်နိုင်ဘူးမောင်ရင်" ဟုဆိုလိုက်၏။

အယ်လ်က ဝန်ခံလိုက်၏။

"အဖေကြီးရဲ့ခရူဇာမပါရင် ကျွန်တော်တို့အားလုံး ဒီနေရာကိုရောက်မနေဘူး၊ ခုလောက်ဆို အားလုံးသေကုန်ကြပြီ

လားတောင်မပြောတတ်ဘူး"

အဖေကြီးက ပြုံးရင်း-

"နောင်တစ်ချိန် အခါသင့်လို့ အခွင့်သာခဲ့ရင်တော့ မောင်ရင်တို့ဆီက ဒီဇာတ်လမ်းအပြည့်အစုံကို နားထောင်ချင်ပါသေးတယ်၊ ဘြော်

မေ့လို့၊ ကျုပ်တို့အဖွဲ့ဒီကိုအလာမှာ ဒီမရောက်ခင် မိုင်ဝက်လောက်အလိုမှာ ရေခဲဖြစ်နေတဲ့ အလောင်းသုံးလောင်းကိုတွေ့ခဲ့ရတယ်"

"ယောကျ်ားတစ်ယောက်၊ မိန်းမနှစ်ယောက်လား" ပစ်က ဘာမှမသိနားမလည်ဟန်ဖြင့်မေးလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဝတ်ထားတဲ့အဝတ်တွေကလည်း ပါးပါးလေးတွေ၊ ကဲ ကျုပ်ကိုခွင့်ပြုကြဦး" အဖေကြီးသည်

ပြောပြောဆိုဆိုနှုတ်ဆက်ထွက်ခွာသွား၏။

လေယာဉ်ကြီးများသည် ကလာရီအပါအဝင်အထူးခြေမှုန်းရေးတပ်မှ ဒဏ်ရာရသူများ၊ သေဆုံးသူများကို သယ်ဆောင် ၍အမေရိကသို့

ထွက်ခွာသွားကြသည်။ နျူစွမ်းအင်သုံးရေငုပ်သဘော် တက်ခ်ဆန်သည် စခန်းသို့ရောက်ရှိလာပြီး လျှို့ဝှက်ဆိပ်ကမ်းတွင် တစ်ချိန်က

သူပစ်ခွင်းခဲ့သည့် ယူ ၂၀၁၅ နှင့်အမျိုးတူ ယူဘုတ်များအနီးတွင်ဆိုက်ကပ်ထား၏။

တက်ခ်ဆန်၏ရေယာဉ်မှူး အီဗန်ကန်နင်ဟန်သည် ဗိုလ်မှူးကြီးဝစ်တမ်းဘတ်နှင့် ထိုနေရာကိုကြီးကြပ်ရန် ဝါရှင်တန်

မှစေလွှတ်လိုက်သော ဗိုလ်ချုပ်ကြီးဘေလ်ဂွာရာယို တို့နှင့်တွေ့ဆုံပြီးနောက် ဝစ်တမ်းဘတ်က ပစ်ကို ကန်နင်ဟန်နှင့် မိတ်ဆက်ပေး၏။

ကန်နင်ဟန်က အားပါးတရပြုံးပြလိုက်ပြီး-

"မစ္စတာပစ်၊ ကျုပ်တို့အသံချင်းပဲတွေ့ဖူးတာ၊ ခုမှ လူချင်းတွေ့ဖူးတော့တယ်။ အီဗန် ကန်နင်ဟန်ပါ။ တက်ခ်ဆန်ရဲ့ ရေယာဉ်မှူးပါ"

ပစ်သည် ကန်နင်ဟန်ကို ချက်ချင်းမှတ်မိ၏။

"တွေ့ရတာဝမ်းသာပါတယ် ကပ္ပတိန်၊ ဝရီးစွန်းမုန်တိုင်းက ကပ္ပတိန့်ကို အင်မတန်ကျေးဇူးတင်နေပါတယ်"

ကန်နင်ဟန်က-

"ဒါနဲ့ ဆိပ်ကမ်းမှာရပ်ထားတဲ့ ယူဘုတ်တွေတွေ့ပြီးပြီလား"

ပစ်ခေါင်းညိတ်လိုက်၏။

"ခုနက တွေ့ခဲ့ပြီးပါပြီ၊ သူ့ခေတ်သူ့အခါအရဆိုရင်တော့ တကယ့်ကို အံ့မခန်းတဲ့ နည်းပညာတွေပါပဲ"

"ဟုတ်ပ၊ အတွင်းပိုင်းတည်ဆောက်ပုံကို ကြည့်ပြီး ကျွန်တော့်မှာ သက်ပြင်းအခါခါချရတယ်"

လေယာဉ်ဂိုဒေါင်ထဲသို့ ဆိုက်ရောက်လာသော ဘိုရင်း ၇၃၇ လေယာဉ်ကြီးမှ ဆင်းလာသော ခရီးသည်များထဲတွင် တစ်စုံတယောက်ကို

တွေ့လိုက်ရသဖြင့် ပစ်သည် ကန်နင်ဟန်ကို နှုတ်ဆက်ရင်းလေယာဉ်ဆီသို့ လျှောက်လှမ်းလာခဲ့သည်။ ဆောင်းထားသော ဦးထုပ်အောက်မှ

အနီရောင်တောက်တောက် ဆံနွယ်တို့သည် ရေတံခွန်အလားဖြာကြနေသည့် အမျိုးသမီးတစ်ဦး။ ပက်၊ ပက်ထရစ်ရှာ၊ ဒေါက်တာပက်ထရစ်ရှာ

အိုကွန်းနဲလ်။

သူသည် လေယာဉ်ပေါ်မှဆင်းလာပြီး ပစ်ရှိရာဖက်သို့လှည့်ကြည့်သည်။ ပြီးတော့ လက်ဝှေ့ယမ်းပြသည်။

ပစ်သည် ပက်ထံသို့ဦးတည်လျှောက်လှမ်းသွားချိန်မှာပင် သူ့နောက်မှတစုံတယောက်သည် သူ့ကိုတွန်းတိုက်ရင်း အပြေးတစ်ပိုင်း

ကျော်တက်သွားသည်။ ထိုသူက ပက်အားသူ၏ ကြွက်သားအမြှောင်းလိုက်ထနေသော လက်မောင်းအိုးကြီးများဖြင့် အားပါးတရဖက်လိုက်သည်။

လေထဲတွင် နှစ်ပါတ်၊ သုံးပါတ်ဆွဲလှည့်လိုက်သည်။ မရွှေပက်ကလည်း သဘောတွေကျလျက် တခစ်ခစ်ရယ်မောနေ၏။ ပြီးတော့ နှစ်ယောက်သား

အကြင်နာ အနမ်းများပေးနေကြသည်။ ထိုသကောင့်သား၊ အနီသကောင့်သားကား သူ၏သေဖော်ရှင်ဖက်ကြီး အယ်လ်ဂျီယိုဒီနိုပင်

ဖြစ်နေတော့သည်။

ပစ်သည် ထိုမြင်ကွင်းကို နားမလည်နိုင်စွာငေးကြည့်နေမိသည်။ ဘာတွေဖြစ်ကုန်တာပါလိမ့်။ ပက်က သူ့ကိုမြင်သွားပြီး

လက်ဝှေ့ယမ်းပြသည်။ ပစ်သည် ပက်ထရစ်ရှာ၏ ပါးကလေးကို နှုတ်ဆက်အနမ်းပေးလိုက်ရင်း-

"ကျွန်တော် မသိလိုက်တဲ့အချိန် ခင်ဗျားတို့နှစ်ယောက် တစ်ခုခုဖြစ်နေကြပြီထင်တယ်" ဟုမေးလိုက်သည်။

ပက်က ခုမှရည်းစားထားဖူးသော အပျိုစင်မလေးသဖွယ် တခစ်ခစ်ရယ်ရင်း-

"ရှင်မှတ်မိသေးလား၊ ဖျူနိုအေးရီးက ဗြိတိသျှသံရုံးမှာ ရှင်ကကားလ်ဝုဖ်ရဲ့ ရန်ဖြစ်နေတုန်း ကျွန်မနဲ့အယ်လ်အကြာကြီး

ကနေခဲ့ကြတယ်လေ။ အဲဒီမှာ နှစ်ယောက်သား နားလည်မှုရသွားခဲ့ကြတယ်ရှင့်"

ပစ်သည် အယ်လ်ကို မျက်မှောင်ကြီးကြုတ်၍ ကြည့်လိုက်ပြီး-

"နားလည်မှုရတယ် ဆိုတာ——"

အယ်လ်က စိတ်မရှည်တော့။

"ချစ်သွားကြတယ်လို့ပြောတာကွ၊ ငတုံးကောင်ရ" တဲ့။

ပစ်သည် နားမလည်နိုင်ရာမှ အံ့သြသည့်ဖက်ကို ပြောင်းသွားသည်။

"ဘယ်လို၊ မင်းတို့နှစ်ယောက်ချစ်သွားကြတယ်"

တကယ်တော့ သူနားမလည်နိုင်လောက်အောင် အံ့သြတကြီးဖြစ်ရသည်မှာ ပက်ကြောင့်မဟုတ်ပါ။ အယ်လ့်ကြောင့် ဖြစ်သည်။

စွန့်စားခြင်းနှင့် သူများကိုနောက်ပြောင်ခြင်းမှလွဲ၍ ဘာကိုမှစိတ်မဝင်စားသော ထိုဂျပုသည် မိန်းမ တစ်ယောက်နှင့်လည်းချစ်တတ်သေးတာပဲကိုး။

တကယ့်ကို ကျောက်ခဲရေပေါ်ခြင်းဖြစ်သည်။

အယ်လ်က ရှက်ကိုးရှက်ကန်းဖြင့် သွားကြီးဖြီး၍-

"ငါ- ငါလည်း ငါ့ကိုယ်ငါအံ့သြတယ်။ ဘယ် ဘယ်လိုဖြစ်သွားမှန်းမသိဘူး" ဆိုပဲ။

"အဲဒီတော့————"

ပစ်၏ အဲဒီတော့မှာ သူတို့နှစ်ယောက်ထဲသာ သိသည့်အဲဒီတော့ ဖြစ်သည်။ တစ်ချိန်က သူနှင့်အယ်လ်တို့ သဘော

တူညီချက်တစ်ခုလုပ်ထားခဲ့သည်။ အချိန်မရွေးသေသွားနိုင်သော သူတို့၏ ဘဝထဲသို့ အိမ်ထောင်သားမွေးဆိုသည့် ကိစ္စကြီးကို ဆွဲမထည့်ကြဖို့။

အယ်လ်သည် မျက်နှာပိုးသတ်လိုက်ပြီး ပစ်၏ ပုခုံးကို ဆုတ်ကိုင်၍-

"သူငယ်ချင်း။ ငါတို့အတူလက်တွဲပြီး အများကြီးအလုပ်လုပ်ခဲ့ပြီးပြီ။ အများစုက သေစေလောက်တဲ့ အလုပ်မျိုးတွေချည်းပဲ။ ဒါပေမဲ့

ငါတို့ခုထိ အသက်ရှင်နေခဲ့ကြတယ်။ တစ်ကိုယ်လုံးမှာတော့ အမာရွတ်တွေပြည့်လို့ကွာ။ ခု မင်းရော ငါပါ အသက်ကြီးလာပြီသူငယ်ချင်း၊ ငါဆို

မနက်မနက် အိပ်ယာထရင် အဆစ်အမြစ်တွေတောင့်တင်းနေတယ်။ ဝုန်းဝုန်း ဒိုင်းဒိုင်းလုပ်တာတွေ လျှော့သင့်ပြီလို့ငါထင်တယ်၊ ပြီးတော့၊

ပြီးတော့——"

အယ်လ်သည် စကားပြောနေရင်းက ခဏရပ်လိုက်သည်။ သူ့မျက်နှာကြီးသည် ခရမ်းချဉ်သီးမှည့်ကြီးကဲ့သို့ နီရဲနေလေ သည်။

"ငါ့အမေကလည်း ငါ့ကို အိမ်ထောင်ပြုစေချင်ပြီကွ၊ သူမသေခင် မြေးကလေး ဂျီယိုဒီနိကို ချီချင်တယ်တဲ့"

ပက်က ခေါင်းညိတ်ရင်း-

"ဟုတ်တယ်၊ ကျွန်မ အသက်လည်း ၃၅ နှစ်ကျော်ပြီဆိုတော့ ကျွန်မတို့ မြန်မြန်လက်ထပ်ပြီး ကလေးမြန်မြန်ယူကြ မယ်နော်မောင်"တဲ့။

ပစ်သည် ကဲချင်တိုင်းကဲနေသော ထိုသက်ကြီးစုံတွဲကို နည်းနည်းချဉ်လာသည့်အတွက်-

"ခင်ဗျားမှာ ကလေးရှိပြီးသားပဲ၊ မီဂန်လေ၊ အပျိုတောင်ဖြစ်တော့မယ်" ဟုပြောလိုက်သည်။

ပက်ကနည်းနည်းမှ မလျှော့-

"ဟုတ်တယ်လေ။ မီဂန်က အခု အယ်လ့်ကို အဖေအဖြစ်မွေးစားမလို့တဲ့၊ မီဂန်က အယ်လ့်ကို သိပ်ချစ်၊ သိပ်လေးစား တာ"

ပစ် မျက်လုံးပြူးသွားသည်။

"ဘယ်လို မီဂန်က ဒီဂြိုလ်သားရုပ်နဲ့ ဂျပုကို သိပ်ချစ်၊ သိပ်လေးစားတယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ။ အယ်လ်က သူ့အသက်ကို ကယ်ခဲ့တဲ့ သူရဲကောင်းကြီးမဟုတ်လား"

ကျွန်တော်လည်း ကယ်ခဲ့ပါတယ်ဗျာ။ ပစ်သည် အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်၏။ စိတ်လှုပ်ရှားနေသော သူ့ကိုယ်

သူလည်းအံ့သြမိသည်။ ဒေါသဖြစ်သလိုလို၊ ယူကြုံးမရသလိုလို၊ ဝမ်းနည်းသလိုလို။ သူသတိမထားမိလိုက်ပဲ ပက်အပေါ် တိမ်းညွှတ်မိခဲ့ကြောင်း

အခုမှသိသည်။ သူပြုံးလိုက်သည်။ ဘာလိုလိုနှင့် အယ်လ်ဂျီယိုဒီနီဆိုတဲ့ အကောင် ကြီးတောင်မိန်းမရတော့မှာကိုး။

"မင်းတို့ ဘယ်တော့လောက် မင်္ဂလာဆောင်ကြမလဲ"

"ခြောက်လအတွင်းဆောင်မယ်။ ကျွန်မ အားမီးနီးစ်သင်္ကေတတွေဘာသာပြန်တာ အားလုံးပြီးတဲ့အထိသာ အယ်လ် စောင့်ရလို့ရှိရင်

အဖိုးကြီးဖြစ်သွားလိမ့်မယ်။ ကျွန်မတို့မင်္ဂလာဆောင်တာကို ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက မကန့်ကွက် လောက်ပါဘူးနော်"

"မကန့်ကွက်ပါဘူး၊ ဗိုလ်ချုပ်ကြီးက သူ့ဆေးပြင်းလိပ်တွေခိုးနေတဲ့ ဒီလိုအကောင်နဲ့ ဝေးလေ၊ ကောင်းလေဆိုပြီး

သဘောတောင်ကျနေဦးမှာ"

မဟုတ်သေး။ သူ့စိတ်ထဲမှာ ယူကြုံးမရဖြစ်နေမိခြင်းသည် ပက်ကို ဆုံးရှုံးလိုက်ရ၍မဟုတ်။ လက်စသတ်တော့ အယ်လ့်ကို

ဆုံးရှုံးလိုက်ရ၍ဖြစ်သည်။ အသုံးလုံး၏ နှစ်ကိုယ့်တစ်စိတ်အတွဲသည် ခုချိန်မှစ၍ တစ်ကိုယ့်တစ်စိတ်သာ ကျန်ရစ်ခဲ့တော့မည်။

ဗိုလ်ဂျက်ကော့ဘ်သည် သူတို့အနီးသို့ရောက်လာ၏။

"ဗိုလ်မှူးကြီး ဝစ်တမ်းဘတ်က မစ္စတာပစ်ကို တွေ့ချင်လို့တဲ့"

"သူက ဘယ်မှာလဲ"

"လေယာဉ်ဂိုဒေါင်ရဲ့ ဟိုဖက်အစွန်က အခန်းလေးထဲမှာ ရုံးခန်းလုပ်ပြီး သူနဲ့ ဗိုလ်ချုပ်ကြီးဂွာရာယိုတို့ထိုင်နေကြတယ်"

"ခုလာခဲ့ပါ့မယ်"

ပစ်သည် ခုထိအကြင်နာပေးနေဆဲ စုံတွဲကို ကြည့်လိုက်ပြီး-

"အယ်လ်၊ မင်းရဲ့သူတို့သမီးလောင်းကို အိပ်ယာခမ်းနားပြင်ပေး၊ မင်္ဂလာဦးညတော့ မလုပ်လိုက်နဲ့ဦးနော်၊ အလုပ်လုပ်ဖို့ရှိသေးတယ်"

သူပြောသည်ကို နှစ်ယောက်လုံး အရေးပင်မလုပ်ကြ။

ပစ်သည် ပြုံးစစဖြင့် လှည့်ထွက်ခဲ့သည်။

ဝစ်တမ်းဘက်သည် ရုံးခန်းထဲသို့ဝင်လာသော ပစ်ကို လှမ်း၍ လက်ပြလိုက်ပြီး ရှေ့တွင်ထိုင်စေသည်။ တစ်ဖက် စားပွဲတွင်တော့

သိပ္ပံပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ သတင်းထောက်များသည် ဗိုလ်ချုပ်ကြီး ဂွာရာယိုအား သကြားခဲပုရွက်ဆိပ်အုံသလို

ဝိုင်းဝန်းအုံခဲနေကြသည်။ ဂွာရာယိုသည် စိတ်ညစ်နေပုံရ၏။ ပစ်ရောက်လာသော အခါထိုသူအားလုံးကို အခန်းအပြင်သို့ထုတ်၍ အခန်းတံခါးကို

ပိတ်လိုက်ပြီး ဗိုလ်ချုပ်ကြီး ဂွာရာယို က-

"မစ္စတာပစ်ကို အကူအညီတောင်းရဦးမယ်" ဟုစကားခံလိုက်သည်။

ဝစ်တမ်းဘတ်က ဆက်၍-

"ကျွန်တော်တို့မှာ လုပ်စရာအလုပ်တွေတောင်လိုပုံနေတယ်။ ဒီနေရာအကြောင်းလည်း ဘာမှသိမထားတော့ ပိုဆိုး တာပေါ့ မစ္စတာပစ်။

သမ္မတက ဂျာမန်တွေရဲ့ ရတနာတွေကို အမြန်ဆုံးရှာပြီး ဝါရှင်တန်ကို ပို့ပေးစေချင်နေတယ်။ အဲဒါ မစ္စတာပစ် ရှာပေးနိုင်မလား"

ဂျာမန်တွေရဲ့ ရတနာတွေ၊ တတိယဂျာမာန်နိုင်ငံတော်ရဲ့ ရတနာတွေ။ ပစ် သိလိုက်သည်။

"ဒီပစ္စည်းတွေ ဘယ်မှာရှိမှန်းကျွန်တော်သိပါတယ်။ ဒါပေမဲ့ဘာဖြစ်လို့ ဝါရှင်တန်ပို့နေမှာလဲ၊ ရှာတွေ့ရင် မီးရှို့ပစ် လိုက်ပေ့ါဗျ"

"အဲသလိုလဲ မဟုတ်သေးဘူးလေ၊ မစ္စတာပစ်ရဲ့၊ နိုင်ငံရေးအရ တစ်ခုခုအသုံးဝင်လို့ဖြစ်မှာပေ့ါဗျာ၊ ခင်ဗျားရှာတွေ့ တာနဲ့

လေယာဉ်စင်းလုံးစီစဉ်ပေးမယ်။ ခင်ဗျား ဒီပစ္စည်းတွေ ယူပြီး ဝါရှင်တန်ကို တိုက်ရိုက်သွားရလိမ့်မယ်ထင်တယ် ဗျ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်သဘောပေါက်ပါပြီ"

ပစ်သည် ကွပ်ကဲရေးရုံးခန်းမှ စိတ်မသက်မသာဖြင့် ပြန်လည်ထွက်လာခဲ့သည်။ တာဝန်နှင့် ဝတ္တရားတို့သည် သူ၏ နောက်မှ ဖဝါးခြေထပ်

ထပ်ချပ်မကွာလိုက်၍လာခဲ့သည်။ လေယာဉ်ဂိုဒေါင်၏ အလယ်တည့်တည့်တွင် ခရူဇာကားနှင့် သူတိုက်ပစ်ခဲ့သော လေယာဉ်များသည်

ကို့ရို့ကားယား လဲပြိုလျှက်ရှိဆဲ။ ပစ်သည် နစ်ပိုင်းပြတ်လျှက်ရှိသော ဝုဖ်မိသားစု၏ ကိုယ်ပိုင်ဇိမ်ခံဂျက်လေယာဉ်ကလေး၏ အမြီးပိုင်းထဲသို့

လူလစ်သည့်အချိန် လှစ်ကနဲဝင်သွားလိုက် သည်။ လေယာဉ်ပြူတင်းပေါက်များမှတဆင့် အတွင်းသို့ဝင်လာသော အလင်းရောင်မှိန်မှိန်လေးကြောင့်

အတွင်းပိုင်းရှိ ပစ္စည်းများကို မပီဝိုးတဝါးသာမြင်နေရသည်။ ပစ်သည်လက်နှိပ်ဓါတ်မီးအသေးစားလေးကိုဖွင့်လိုက်ပြီး လေယာဉ်တွင်း

သို့လှည့်ပါတ်ကြည့်ရှုလိုက်သည်။ ဖိမ်ခံဆိုဖာကြီးများ၊ အရက်ဘားအသေးစားလေးတစ်ခု၊ မြင်ကွင်းကျယ် ပလက်စမာတီဗွီကြီးတစ်ခု။

ပိတ်ထားသောအခန်းတံခါးကို ဆွဲဖွင့်လိုက်သောအခါ အိစက်နေသော မေ့ယွ ၁ကြီးနှင့်ခုတင်ကြီးတစ်လုံး။ ရေချိုးခန်းငယ်တစ်ခု၊

မီးဖိုခန်းအသေးစားလေးတစ်ခု။

ပစ်၏ မျက်လုံးအစုံသည် ခုတင်ဘေးတွင်ချထားသော ကြေးသေတ္တာရှည်ရှည်လေးဆီသို့ရောက်သွား၏။ လက်

တစ်ဖက်ဖြင့်မကြည့်သောအခါ အလေးချိန်အလွန်စီးသည်ကိုတွေ့ရ၏။ ကြေးသေတ္တာပေါ်တွင် စာတစ်ကြောင်းရေးထွင်းထားသည်။

ဂျာမန်ဘာသာဖြင့်ဖြစ်၏။ ပစ်သည် စပိန်လိုမတတ်သောလည်း ဂျာမန်လိုတော့တတ်၏။ ထိုစာ ကြောင်း၏ အဓိပ္ပါယ်က-

"ပြန်လည်ရှင်ပြန်ထမြောက်ချိန်အထိ ဤနေရာတွင် အိပ်စက်စောင့်စားနေသည့် အမြုတေရတနာတော်များ" တဲ့။

ပစ်သည် ကြေးသေတ္တာကိုဖွင့်လိုက်သည်။ ဤပစ္စည်းများသည် ကားလ်ဝုဖ်မှတပါး မည်သူမျှထိတွေ့ကိုင်တွယ်ခွင့် မရှိသဖြင့် မိမိကိုယ်မိမိ

ယုံကြည်မှုလွန်ကဲသော ဝုဖ်တို့၏ ထုံးစံအတိုင်း သော့ခတ်မထားသဖြင့် အလွယ်တကူပင် ပွင့်သွားသည်။

အတွင်း၌ သားရေအိတ်ကလေးများဖြင့် ထည့်သွင်းထားသည့် ပစ္စည်းလေးခုရှိသည်။ ပစ်သည် အသေးဆုံးပစ္စည်းကို စ၍

ဖွင့်ကြည့်လိုက်သည်။ အက်ကွဲကြောင်းတစ်ခုထင်နေသော ကြေးပြားတစ်ခု။ သူရဲကောင်းတစ်ဦးက နဂါးကိုသတ်နေဟန် ရုပ်ပုံကိုထွင်းထားသည်။

ဤကြေးပြားသည် စစ်တပ်၏ လုပ်ကြံမှုဖြစ်ပွားစဉ်က အိပ်ထောင်ထဲတွင်ထည့်ထားသဖြင့် ကျည်ဆန်သင့်ရမည့်ဘေးမှ အဒေ့ါဖ်ဟစ်တလာကို

ကယ်တင်နိုင်ခဲ့သော နာဇီအမြုတေရတနာ ဖြစ်မှန်း ပစ်ထိုစဉ်ကမသိခဲ့။

နောက်အိတ်တစ်လုံးတွင်တော့ သွေးစွန်းနေသော ဟောင်းနွမ်းသည့် နာဇီအလံတစ်ခု။ တတိယသားရေအိတ်ထဲတွင်

မဟော်ဂနီသားဖြင့်ပြုလုပ်ထားသော သစ်သားသေတ္တာရှည်တစ်လုံးကိုတွေ့ရသည်။ ထိုသေတ္တာထဲတွင်တော့ ရှေးခေတ်လှံသွားတစ်ခု။ နောက်ပိုင်းမှ

ထိုအရာသည် သမိုင်းတန်ဖိုးကြီးလှသည့် သိဒ္ဓိဝင်သံလျက်မှန်း ပစ်သိခဲ့ရသည်။

နောက်ဆုံးသေတ္တာလေးကို ဖွင့်လိုက်သည်။ နှစ်ပေခန့်ရှည်သော ငွေသားဖြင့်သွန်းလုပ်ထားသည့် အိုးကလေးတစ် လုံးထွက်လာ၏။

အိုးအဖိုးတွင် ရွှေမကိုဋ်တစ်ခုပေါ်တွင်နားနေသော အနက်ရောင်သိမ်းငှက်တစ်ကောင်၏ပုံကို လက်ရာမြောက်စွာထွင်းထုထား၏။ အိုးပေါ်တွင်

နာမည်နှစ်ခုထွင်းထား၏။ အဒေ့ါဖ် ဟစ်တလာ၊ အီဗာဟစ်တလာ။

ပစ်သည် အိုးအဖုံးကို ဖွင့်ကြည့်ပြီးနောက်တွင် တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများထောင်ထသွား၏။ ဗိုက်ထဲမှ သရိုးသရီဖြစ်လာ၏။

ကျောရိုးတစ်လျှောက် စိမ့်ကနဲခံစားလိုက်ရ၏။ မျက်နှာသည် ဖြူလာလိုက်၊ နီသွားလိုက် အရောင် အမျိုးမျိုးပြောင်းနေ၏။

တစ်ကမ္ဘာလုံးကို သိမ့်သိမ့်တုန်စေခဲ့သော နာဇီဂျာမနီ၏ထာဝရအရှင်သခင် အဒေ့ါဖ်ဟစ်တလာနှင့် တစ်သက်လုံး

ပုန်းလျှိုးကွယ်လျှိုးနေခဲ့ရပြီး မင်္ဂလာနေ့နှင့်သေနေ့တစ်ပြိုင်နက်တည်းဖြစ်ခဲ့ရသော ဟစ်တလာ၏ချစ်သူ အီဗာဘရောင်းတို့၏ အရိုးပြာများကို

သူ့လက်နှင့်ဆုပ်ကိုင်ထားရလိမ့်မည်ဟု ပစ်သည် တစ်သက်နှင့်တစ်ကိုယ် အိပ်မက် ထဲပင် ထည့်မမက်ခဲ့ဘူးပါ တကား။

အတ္တလန်တစ် ရှာပုံတော် (၉၀)

ပဥ္စမပိုင်း

နစ်ဝင်စီးမျောသွားသော ပြာစများ

ဧပြီလ ၁၅ ရက်၊ ၂၀၀၁ ခုနှစ်။ ဝါရှင်တန် ဒီ၊စီ

ဒတ်ပစ်၊ အယ်လ်ဂျီယိုဒီနိုသည် နာဇီအမြှုတေရတနာများထည့်သွင်းထားသော ကြေးသေတ္တာတို့ကို အန္တာတိက အိုကူးမားပင်လယ်အော်

ဝါရှင်တန်သို့ပို့ဆောင်ရမည့် အမေရိကန်တပ်မတော်မှ အထူးလေယာဉ်သည် မက်ဆီကိုနိုင်ငံ ဗီရာခရူဇ်လေဆိပ်တွင်ဆင်းသက်လာသည်။

လေယာဉ်မှူးက ကျန်ခရီးလမ်းကို ဤလေဆိပ်တွင်အသင့်စောင့်ကြိုနေသော ဗိုလ်ချုပ်ကြီးဆန်ဒက်ကာစေလွှတ်လိုက်သည်

အသုံးလုံးအထူးဂျက်လေယာဉ်ဖြင့် ဆက်လက်သွားရမည်ဖြစ် ကြောင်း သူတို့ကို သတင်းပို့၏။

ပစ်နှင့်အယ်လ်သည် ကြေးသေတ္တာကြီးထမ်း၍ ဂိုက်တစ်ရာခန့်အကွာတွင်ရပ်ထားသော အသုံးလုံးဟူသည့်စာလုံးကြီး

များရေးထိုးထားသည့် မြစိမ်းရောင်လေယာဉ်ဆီသို့ နေပူကြဲကြဲတွင်ချွေးသံတရွှဲရွှဲဖြင့် လျှောက်လှမ်းလာခဲ့ကြသည်။ လေယာဉ်မှူးနှင့်

လက်ထောက်လေယာဉ်မှူးမှလွဲ၍ လေယာဉ်တစ်စီးလုံးတွင် သူတို့နှစ်ယောက်တည်း။

ပစ်သည် သေတ္တာကိုနေရာချလိုက်ပြီး လေယာဉ်မောင်းခန်းသို့ဝင်ရန် တံခါးကိုဖွင့်လိုက်သည်။ တံခါးသည်သော့ခတ်ထား၏။

တံခါးကိုခေါက်လိုက်သည်။ ခဏနေတော့ စပီကာမှအသံထွက်လာသည်။

"စိတ်မကောင်းပါဘူး မစ္စတာပစ်၊ ဒီတံခါးကို လုံးဝမဖွင့်ရဘူးလို့အထက်က အမိန့်ရထားပါတယ်။ စိန့်အင်ဒရူးလေတပ် စခန်းကိုရောက်လို့

ပစ္စည်းတွေကို သံချပ်ကာကားပေါ်ရောက်အောင်တင်ပြီးမှ ကျွန်တော်တို့လည်းအပြင်ထွက်ရမှာတဲ့"

အပိုတွေ။ ပစ်သည် ထိုသို့တွေး၍ပြုံးလိုက်ပြီး လှည့်ထွက်လာခဲ့သည်။ အယ်လ်သည် လက်စိမ်းကြီးနှစ်ဖက်ကို မြှောက်

၍ထိုင်ခုံတွင်ထိုင်နေ၏။ ပစ်အံ့သြသွား၏။

"ဟကောင်၊ မင်းလက်တွေဘာလို့စိမ်းသွားတာလဲ"

အယ်လ်က သူ့လက်စိမ်းကြီးများကို ပစ်မျက်နှာနားကပ်ရင်း-

"သေချာကြည့်၊ မြစိမ်းရောင်ကွ၊ လေယာဉ်ပေါ်တက်တော့ ငါတံခါးကိုကိုင်လိုက်မိတယ်။ လေယာဉ်က ဆေးတောင်

မခြောက်သေးဘူးကွ"

"ဒါဆို ဒီလေယာဉ်က ခုမှဆေးမှုတ်ထားတာပေါ့"

"မဟုတ်သေးဘူး ပစ်၊ ငါတို့တော့ ပြန်ပေးဆွဲခံရပြီထင်တယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ အယ်လ်၊ စောင့်ကြည့်ကြသေးတာပေါ့"

လေယာဉ်သည် မက်ဆီကန်ပင်လယ်ကွေ့ကို ကျော်ဖြတ်၍ ပျံသန်းရင်း အမေရိကန်ပြည်ထောင်စု လေကြောင်းပိုင်နက် အတွင်းသို့

ဖလော်ရီဒါပြည်နယ်မှတဆင့် ဝင်ရောက်လာ၏။ ထိုမှတဆင့် ဝါရှင်တန်သို့ဦးတည်ပျံသန်းလိုက်သည်ကို သူတို့နှစ်ယောက်လုံးသိနေကြ၏။

"ငါတို့လည်း နှစ်ယောက်ထဲ တဲတိုးနေပြီး ဓါးပြတိုက်ခံရမှာကြောက်တဲ့ အဖွားကြီးနှစ်ယောက်လို ဖြစ်နေပြီထင်တယ်"

"မပြောနိုင်သေးဘူးအယ်လ်၊ စိန့်အင်ဒရူးလေဆိပ်မရောက်မချင်း ဘာကိုမှ မပြောနိုင်သေးဘူး"

နောက်ဆယ့်ငါးမိနစ်အကြာတွင် လေယာဉ်မှူးသည် လေယာဉ်ကို
စိန့်အင်ဒရူးလေတပ်အခြေစိုက်စခန်းသို့ ဦးတည် ပျံသန်းလိုက်သည်။

လေယာဉ်ပြေးလမ်းကို မြင်နေရပြီ။

လေယာဉ်သည် တမဟုတ်ချင်း လမ်းကြောင်းပြောင်းသွားသည်။
သာမန်ခရီးသည်များအဖို့မသိသာသော်လည်း ဥဒဟို

လေယာဉ်မောင်းလာခဲ့ကြသော ပစ်နှင့်အယ်လ်ကတော့ချက်ချင်းသိသည်။ အယ်လ်က-

"ထင်တဲ့အတိုင်းပဲကွ" ဟုပြောလိုက်သည်။ ပစ်သည် လေယာဉ် လားရာကို အသေအချာကြည့်ပြီး-

"စိန့်အင်ဒရူးလေဆိပ်မြောက်ဖက်က ဂေါ်ဒွန်ကော်နာရပ်ကွက်ထဲမှာရှိတဲ့ ပုဂ္ဂလိကလေယာဉ်ကွင်းကို
ဦးတည်နေတာ ကွ"

အယ်လ်က ပစ်ကို ကြည့်လိုက်ရင်း-

"မင့်ဝုဖ်တွေက မလွန်လွန်းဖူးလား"

"မင်းဆိုလည်း ဝုဖ်တွေလုပ်သလို လုပ်မှာပဲမဟုတ်လား။ သူတို့မှာ ဒီရတနာတွေမရှိရင် နာဇီမျိုးဆက်ကို
ဘယ်ပြန်

တည်ထောင်လို့ရတော့မလဲ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ဝါရှင်တန်မှာဆိုတော့ သိပ်ပြောင်ကျမနေဘူးလား"

"သူတို့ခေါင်းဆောင် ကားလ်မရှိတော့တဲ့နောက်ပိုင်း မျက်စိဒေါက်ထောက်အကြည့်ခံနေရမှာပေါ့။
လမ်းမှာ သူတို့

အတွက်အခွင့်အရေးဘယ်ရမလဲ"

"ဒါဆို စိန့်အင်ဒရူးလေဆိပ်ကို အကြောင်းကြားကြမလား၊ ဟိုအခန်းထဲက ငနဲတွေကို ချကြမလား"

"နေဦးကွ၊ မြေပေါ်ရောက်တဲ့အထိစောင့်ဦး၊ ခုနေဝင်ချလိုက်ရင် အန္တရာယ်များတယ်"

စက္ကန့်ပိုင်းအတွင်း လေယာဉ်သည် မြေပြင်သို့ဆင်းသက်မိပြီ။ လေယာဉ်ပြေးလမ်းတစ်လျှောက် အလုံပိတ်ထရပ်ကား တစ်စီးနှင့်

မာစီးဒီးဘန့်ဇ် ၄၃၀ ဆလွန်းကားနှစ်စီးလိုက်လာကြသည်ကို ပြူတင်းပေါက်မှတဆင့်မြင်နေရသည်။

ပစ်သည် အယ်လ့်အားအချက်ပြလိုက်ပြီး သူတို့နှစ်ဦးသည် သေနတ်ကိုယ်စီဆွဲထုတ်လျှက် လေယာဉ်မောင်းခန်းတံခါးကို

ကန်ဖွင့်လိုက်ကြသည်။ လေယာဉ်မှူးနှင့် သူ၏လက်ထောက်သည် လက်များကိုအသင့်မြှောက်ထားရင်း-

"ခင်ဗျားတို့ ဝင်လာမယ်ဆိုတာသိပါတယ်။ လေယာဉ်ကို ပျံတက်ဖို့ကြိုးစားမယ်ဆိုရင်တော့ အဲဒီအကြံကို စွန့်လွှတ်လိုက်ကြပါ။

ကျွန်တော်တို့ လေယာဉ်ကို ပျံလို့မရအောင်လုပ်ထားပြီးပြီ"

"ထွက်ကြ" ပစ်သည် ထိုနှစ်ယောက်ကို အမိန့်ပေးလိုက်ပြီးနောက်-

"အယ်လ်၊ ဒီနှစ်ကောင်ကို ကန်ချလိုက်စမ်း" ဟုပြောလိုက်သည်။

အယ်လ်သည် တံခါးကိုဖွင့်လိုက်ပြီး တစ်နာရီ ၂၅မိုင်နှုန်းဖြင့်ပြေးလျှက်ရှိသော လေယာဉ်ပေါ်မှ လေယာဉ်မှူးနှစ်ယောက်ကို နောက်မှနေ၍

ဆောင့်ကန်ချလိုက်သည်။ အာလူးသီးများကဲ့သို့လိမ့်သွားသော သကောင့်သားနှစ်ကောင်ကို အားရစွာကြည့်ပြီးမှ လေယာဉ်မောင်းခန်းတွင်းသို့

ပြန်ဝင်လာပြီး-

"ကဲ ခုဘာလုပ်ကြမလဲ၊ နောက်ကလိုက်လာတဲ့ မာစီးဒီးကတော့ ဖင်နားကပ်နေပြီ" ဟုပြောလိုက်သည်။

ပစ်က ခပ်ပြုံးပြုံးဖြင့်

"လေယာဉ်က ပျံလို့မရပေမဲ့ ပြေးလို့တော့ရသေးသကွ"

အယ်လ်သည် ပစ်မျက်နှာကို ကြည့်လိုက်ပြီး-

"ဟော့ကောင်၊ မင်းလုပ်မှာငါသိတယ်နော်၊ မင်း ပင်ဆယ်ဗေးနီးယားရိပ်သာကိုဖြတ်ပြီး
အိမ်ဖြူတော်အထိ ဒါကြီးကို

မောင်းပြေးမလို့ကြံနေတာမဟုတ်လား" ဟုမေးလိုက်၏။ ပစ်က သူ့အကြံကို
ချက်ချင်းသိသည့်အယ်လ့်ကို ခေါင်းညိတ် ပြလိုက်ပြီး-

"ဒါကြောင့် ငါမင်းမိန်းမယူမှာကို နမြောတာပေါ့အယ်လ်" ဟုဆိုလေသည်။ ထိုစဉ်
အတွဲလိုက်ဆွဲလိုက်သော သေနတ်သံများကို

ကြားလိုက်ရတော့သည်။

အတ္တလန်တစ် ရှာပုံတော် (၉၁)

ကျည်ဆန်များသည် လေယာဉ်၏ အလျူမီနီယံကိုယ်ထည်ကြီးထဲသို့
တဖြောဖြောဝင်ရောက်နစ်မြုပ်သွား၏။ ပစ်သည် ဘယ်ညာ

ဘရိတ်တစ်စုံကို တစ်ဖက်စီနင်းရင်း
လေယာဉ်ကိုမြွေလိမ်မြွေကောက်မောင်းနေသည်။"ဒီကောင်တွေကိုတော့
ငါ့ရဲ့သေနတ်ပစ်အစွမ်းအစကို

ပြဦးမှဖြစ်မယ်"

ပစ်သည် သူ၏ ကို့တ် ၄၅ ပစ္စတိုကြီးကို ကမ်းပေးရင်း-

"ပစ်သာပစ်အယ်လ်၊ ငါ့အိတ်ထဲမှာ ကျည်ကပ်တွေ အများကြီးရှိတယ်"

အယ်လ်သည် ကို့တ် ၄၅နှင့် ပီ-၁၀ပစ္စတိုနှစ်လက်ကို တစ်ဖက်တစ်လက်စီကိုင်ရင်း ဖွင့်ထားသော
တံခါးပေါက်နားမှ

အခွင့်ကောင်းကိုချောင်းနေ၏။ လေယာဉ်၏ဆီတိုင်ကီသည် သေနတ်မှန်ထားသဖြင့်
ဆီများယိုစီးကျနေသည်ကိုတွေ့ရ၏။

ပစ်ကွင်းကောင်းသောအခါ သူသည် ပစ္စတိုနှစ်လက်ဖြင့် မာစီးဒီးကားများကို
ပြန်လည်ပစ်ခတ်နေသည်။ မာစီးဒီးပေါ်မှ ရန်သူများသည်

ထင်မှတ်မထားသော ခုခံမှုကိုရင်ဆိုင်လိုက်ရသဖြင့် အနည်းငယ်တွန့်သွားကြသည်။ ပစ်နှင့် အယ်လ်သည် လက်နက်ကို ကိုယ်နှင့်မကွာ

တချိန်လုံးဆောင်ထားကြသူများဖြစ်ကြောင်းသူတို့မသိကြ။

ပစ်သည် မြို့တော်သို့အဝင်လမ်းဖြစ်သော ဘရန့်ချ်ရိပ်သာအဝေးပြေးလမ်းမကြီးပေါ်သို့ တက်လိုက်သည်။ လေယာဉ်သည်

တစ်နာရီမိုင်တစ်ရာနှုန်းဖြင့် အဝေးပြေးလမ်းမကြီးပေါ်တွင်ပြေးနေပြီ။ အကယ်၍ လေးဆယ့်နှစ်ပေရှည်သော တောင်ပံများသာမရှိခဲ့လျှင်

မာစီးဒီးများအနေဖြင့် မည်သို့မှမမှီအောင် လေယာဉ်ကိုအရှိန်တင်နိုင်စွမ်းရှိသည်ဟု ပစ်တွေးနေ၏။ ဝုဖ်စခန်းကို အမှုန့်ကြိတ်ပစ်ခဲ့သော

ခရူဇာကြီးကို လွမ်းသလိုလိုဖြစ်လာသည်။

အဝေးပြေးလမ်းမကြီးပေါ်တွင်မောင်းနှင်နေကြသော ကားများသည် ရှေ့မှပြေးနေသော အစိမ်းရောင်ဂျက်လေယာဉ်တစ်စီးနှင့်

နောက်မှလိုက်နေသော အနက်ရောင်မာစီးဒီးကားနှစ်စီး၏ တိုက်ပွဲကို ငေးကြည့်နေကြသည်။ မြို့တော်နား သို့နီးလေလေ၊ ယာဉ်အသွားအလာက

များလာလေလေဖြစ်သည်။

အယ်လ်၏ ပစ်ချက်သည် မာစီးဒီးနှစ်စီး၏ ရှေ့ကားဘီးကို ထိမှန်၍ ပွင့်ထွက်သွား၏။ မာစီးဒီးသည် သုံးပါတ်မျှလည်ပြီး မှောက်သွား၏။

ဒုတိယကားသည် လေယာဉ်နား တဖြည်းဖြည်းနီးလာသည်။ ရဲကားနှစ်စီးသည် ဥသြများဆွဲ၍ မာစီးဒီး နောက်သို့ အပြင်းလိုက်လာသည်။ သို့သော်

ပြင်းထန်လှသည့် ကျည်ဆန်များကြောင့် ရဲကားများသည် အနားမကပ်နိုင်။ ခပ်ဝေးဝေးမှသာ လိုက်ရသည်။

မာစီးဒီးသည် ဇောကပ်ပြီး လေယာဉ်အနားသို့ ကပ်လာ၏။ ဤသည်ပင်လျှင် ပြန်ပြင်၍မရသော သူတို့၏ အမှားဖြစ်တော့သည်။

အခွင့်အရေးစောင့်နေသော အယ်လ်၏လက်ထဲမှ ကို့တ်နှင့် ပီ-၁၀သေနတ်များမှ ကျည်ကပ်ကုန်သည်အထိ ကျည်ဆန်များထွက်သွားသည်။

ထိုကျည်ဆန်များသည် မာစီးဒီးမောင်းသူ၏ ရင်ဘတ်ထဲသို့ စုပြုံဝင်ရောက်သွားပြီး ကားသည်တစ်ဖက်လမ်းကြောကိုဝင်ရောက်သွားပြီး

မျက်နှာချင်းဆိုင်မှမောင်းနှင်လာသော ရေမကုန်တင်ကားကြီး ၏ ဘီးအောက်တွင် ပြားချပ်သွားလေတော့သည်။

"ဟော့ကောင်၊ ရပ်လိုက်တော့၊ ပွဲပြီးပြီကွ"

ပစ်သည် အဝေးပြေးလမ်းပေါ်မှလေယာဉ်ကို လမ်းဘေးမြက်ခင်းပြင်ပေါ်သို့ရောက်အောင်မောင်းနှင်သွားပြီး လေယာဉ်

ကိုစက်သတ်လိုက်သည်။ ပြီးတော့ အယ်လ့်ကို ပုခုံးပုတ်ပြီး "ငါ့ကောင်ကြီး လက်ရည်တွေတက်လာပြီ" ဟု ချီးကျူးလိုက်၏။

သူတို့လေယာဉ်ပေါ်မှဆင်းသောအခါ ခရိုင်ဆယ်ခုမှရဲကားများက လေယာဉ်ကိုပတ်လည်ဝိုင်းထားသည်ကို တွေ့လိုက်ကြသည်။

ပစ်နှင့်အယ်လ်သည် ရာဇဝင်လူဆိုးများသဖွယ် လက်ထိပ်ခတ်ခံရပြီးနောက် အနီးဆုံးရဲစခန်းဆီသို့ သူတို့ကိုခေါ်ဆောင်သွားကာ စုံထောက်နှစ်ဦး၏

စစ်မေးခြင်းကိုခံနေရသည်။

ပစ်သက်ပြင်းချလိုက်သည်။ သူ့ကိုမေးမြန်းနေရှာသောစုံထောက်ကိုကြည့်ပြီး ဇာတ်စုံခင်းပြလိုက်လျှင် ဘယ်လိုများနေလိမ့်မလဲဟု

တွေးနေမိသည်။ အံ့ဖွယ်ကမ္ဘာထဲကအဲလစ် ဇာတ်ကြောင်းပြောပြနေသည်များထင်နေရှာမလားမသိ။ ပစ်သည် စုံထောက်ရစ်ချတ်စကော့ကို

ဖုန်းခေါ်ပေးဖို့ပြောလိုက်သည်။ စကော့က-

"နံပါတ်ပြော"

"အိမ်ဖြူတော်"

"ဘာဗျ၊ ဒါနောက်စရာမဟုတ်ဖူး"

"ခင်ဗျားကို ကျုပ်နောက်နေတာမဟုတ်ဖူး၊ အိမ်ဖြူတော်ကသမ္မတရဲ့ ကိုယ်ရေးအရာရှိဖြစ်ဖြစ် သမ္မတကိုယ်တိုင်ကိုပဲ ဖြစ်ဖြစ်ရအောင်ခေါ်၊

ပိုတိုမက် ရဲစခန်းမှာ ရတနာတွေရောက်နေပြီလို့ပြော"

စကော့သည် ပစ်ကို စိုက်ကြည့်ပြီး မှုန်ကုပ်ကုပ်ဖြင့်ဖုန်းခေါ်လိုက်သည်။ သူ့မျက်နှာသည် ကာတွန်းကားထဲမှ ဇာတ်ကောင် ကဲ့သို့

ဖုန်းပြောရင်းတဖြည်းဖြည်းပြောင်းလဲသွား၏။ သူက ဖုန်းကိုပြန်ချလိုက်ပြီး အထစ်ထစ်အငေါ့ငေါ့ ဖြင့်

"သ- သမ္မတကြီး ကိုယ်တိုင် ဖုန်း- ဖုန်းကိုင်တယ်။ သူက ဆယ်မိနစ်အတွင်း ခင်ဗျားတို့ကို အိမ်ဖြူတော်ပို့ပေးပါတဲ့၊ ကျွန်တော်ကို ပြော-

ပြောလိုက်တယ်"

အယ်လ်က ပြုံးရင်း-

"မကြောက်ပါနဲ့ စုံထောက်မင်းရဲ့၊ ကျုပ်တို့ စုံထောက်မင်း ရာထူးတိုးအောင် ထောက်ခံပေးပါ့မယ်" ဟုပြောလိုက်လေ သည်။

အိမ်ဖြူတော်ရှိ လျှို့ဝှက်အေးဂျင့်များသည် ကြေးသေတ္တာကိုဖွင့်၍ တစ်ခုချင်းစေ့စေ့စပ်စပ်စစ်ဆေးပြီးနောက် ပစ်သည် အယ်လ့်ကို

သိဒ္ဓိဝင်သံလျက်အားကိုင်ဆောင်စေသည်။ အေးဂျင့်တစ်ဦးအားကြေးပြားနှင့်အလံကိုပေး၍ သူကိုယ်တိုင်ကမူ အရိုးပြာများထည့်ထားသည့်

ငွေအိုးကို ကိုင်ဆောင်ရင်း ဝင်ရောက်လာခဲ့သည်။

သမ္မတ၏ အတွင်းရေးမှူးသည် ပစ်တို့ဝင်ရောက်လာသည်ကို စောင့်ကြိုရင်း-

"လာကြ၊ လာကြ၊ သမ္မတကြီးကစောင့်နေတာကြာလှပြီ" ဟုပြောလိုက်၏။ ပစ်က ရှုံ့မဲ့ပြရင်း-

"ခဏလေး၊ သန့်စင်ခန်းလေးတစ်ချက်ပြပါဦး"

"ရှင်ညာဖက်မှာပါ"

မိနစ်အနည်းငယ်အကြာတွင်တော့ ပစ်နှင့်အယ်လ်သည် နာဇီအမြုတေ ရတနာပစ္စည်းများနှင့်အတူ သမ္မတ၏ရုံးခန်း

အတွင်းသို့ရောက်လာကြသည်။ သမ္မတအပြင်၊ သေနာပတိ ဗိုလ်ချုပ်ကြီးဆောက်၊ သူတို့ဆရာ ဆန်ဒက်ကာ၊ ဟီရမ်ယယ်လဂါ၊ ရှုဒီဂန်း၊

ကွန်ကရက်နှင့် ဆီးနိတ်ခေါင်းဆောင်များအပြင် လိုရမ်စမစ်ကိုပါတွေ့လိုက်ရသည်။ သူတို့သည် ပစ်တို့နှစ်ဦးဝင်လာသောအခါ

အားလုံးမတ်တပ်ရပ်၍ လက်ခုပ်သြဘာပေးလိုက်ကြသည်။ ဗိုလ်ချုပ်ကြီးဆောက်က အားပါးတရပြုံးရင်း-

"အန္တာတိကမှာတင်အားမရလို့ ဝါရှင်တန် ဂေါ်ဒွန်ကော်နာ လေဆိပ်ထိအစွမ်းပြကြတဲ့ သူရဲကောင်းနှစ်ယောက်ကိုကြိုဆိုပါတယ်"

ဟုပြောလိုက်သည်။ သမ္မတသည် သူတို့နှစ်ယောက်နားသို့လျှောက်လာပြီး-

"လူကြီးမင်းတို့၊ ခုဆို ကျွန်တော်တို့ တစ်တိုင်းပြည်လုံးသာမက တစ်ကမ္ဘာလုံးက လူကြီးမင်းတို့အပေါ်မှာ ကျေးဇူးကြွေးတင်နေကြပါပြီ။

ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာကတော့ ဒီလက်တစ်ဆုပ်စာလူတစ်စုကလွဲလို့ ကျန်ကမ္ဘာသူ၊ ကမ္ဘာသားတွေက ဒီကျေးဇူးတရားကို ဘယ်တော့မှ

သိနိုင်မှာမဟုတ်တော့ဘူး"

ဒုတိယ သမ္မတသည် သမ္မတကြီး၏ နံဘေးတွင်ရပ်လိုက်ရင်း-

"ကျွန်တော်တို့ လူကြီးမင်းတို့အတွက် တရားဝင်သူရဲကောင်းတံဆိပ်တွေ၊ အခမ်းအနားတွေ ကျင်းပမပေးနိုင်ခဲ့ဘူး၊

ခင်ဗျားတို့အတွက်တော့ မတရားရာကြနေမယ်ထင်တယ်ဗျာ" ဟု ပစ်နှင့်အယ်လ်တို့ကို နှစ်သိမ့်လိုက်သည်။

အယ်လ်က သိဒ္ဓိဝင်သံလျက်ကို ကိုင်ဆောင်ထားရင်း သွားကြီးဖြီး၍-

"စိတ်မကောင်းမဖြစ်ပါနဲ့ သမ္မတကြီးနဲ့ ဒုတိယသမ္မတကြီးခင်ဗျား။ ကျွန်တော်တို့က နာမည်ကျော်ကြားလူကြိုက်များရတာကို

မုန်းတဲ့လူတွေပါ။ အင်မတန်ဆာနေတဲ့အချိန် စားသောက်ဆိုင်ကောင်းကောင်းမှာ ညစာစားနေတုန်း အော်တိုများလာရေးခိုင်းရင် လက်သီးနဲ့များ

ထိုးမိမလားမသိဘူးဗျ"

ပစ်သည် ရယ်ချင်စိတ်ကို အတင်းမျိုသိပ်ထားရသည်။ ဆန်ဒက်ကာက မျက်နှာကြက်ကိုမော့ကြည့်ရင်း ပြုံးစိစိလုပ်နေ၏။ သမ္မတနှင့် ဒု-

သမ္မတမှာ အယ်လ်အတည်ပြောတာလား၊ ရွဲ့ပြောတာလား၊ ဟာသလုပ်တာလားဆိုသည်ကို ဝေခွဲ မရဖြစ်နေကြရှာသည်။ ပစ်က-

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က အလုပ်သဘောအရလည်း လူသိခံလို့မဖြစ်ပါဘူးခင်ဗျာ" ဟု ကမန်းကတန်းဝင်ပြော လိုက်ရသည်။

သမ္မတသည် အယ်လ်၏ လက်ထဲတွင်ကိုင်ထားသော ပစ္စည်းကို ကြည့်ရင်း-

"ဒါက သိဒ္ဓိဝင်သံလျက် ဆိုတာလား" ဟုမေးလိုက်သည်။

"ဟုတ်ပါတယ်။ သမ္မတကြီးခင်ဗျား"

သမ္မတကြီးသည် သံလျက်ကို ဆုပ်ကိုင်လျှက် တစ်ခန်းလုံးမှ လူများမြင်သာအောင် မြှောက်ပြလိုက်သည်။

"ခရစ်တော်ကို ထိုးခဲ့တယ်ဆိုတာ ဒီသံလျက်နဲ့တဲ့လား" သမ္မတသည် သံလျက်ပေါ်တွင်
သွေးစသွေးနများ ကျန်နေဦး မလားဆိုသည့်

မျှော်လင့်ချက်ဖြင့် စူးစိုက်ကြည့်ရင်း တိုးတိုးပြောလိုက်သည်။ ထို့နောက် သမ္မတသည် အတွင်းဝန်ရိထိ
လက်ထဲသို့ သံလျက်ကို အပ်လိုက်သည်။

သွေးစွန်းအလံနှင့် ကြေးပြားတို့ကိုလည်း အလားတူစစ်ဆေးကြည့်ရှုကြပြီးနောက် ပစ်သည်
သူသယ်ဆောင်လာသော ငွေအိုးကို

စားပွဲပေါ်သို့တင်လိုက်ပြီး-

"ဒါကတော့ ဟစ်တလာနဲ့ အီဗာဘရောင်းတို့ရဲ့ အရိုးပြာတွေထည့်ထားတဲ့ငွေအိုးပါ"
ဟုအားလုံးကြားအောင်ပြောလိုက်သည်။

အခန်းတွင်းရှိအသံအားလုံးတိတ်ဆိတ်သွားသည်။ ကမ္ဘာ့သမိုင်းတွင် အကျော်ကြားဆုံးလူဆိုးကြီး၏
အရိုးပြာအိုးကို အားလုံးစူးစိုက်ကြည့်

နေကြသည်။ လိုရမ်က ပစ်အနားသို့တိုးကပ်လာပြီး-

"ကျွန်မ ဖွင့်လိုက်မယ်" ဟုပြောလိုက်သည်။

သမ္မတနှင့်တကွ ပုဂ္ဂိုလ်ကြီးများအားလုံး ငွေအိုးအနားသို့ဝိုင်းလာကြသည်။ လိုရမ်သည်
သိမ်းငှက်ပုံအဖုံးကို အသာ

အယာလှည့်ဖွင့်လိုက်သည်။ ပြီးတော့ သမ္မတကို အရင်ကြည့်စေ၏။

သမ္မတသည် ငွေအိုးအတွင်းမှ ဟစ်တလာက သူ့မျက်လုံးကိုထိုးဖောက်လိုက်မည်ကို စိုးရွံ့နေသကဲ့သို့
အတွင်းသို့ မကြည့်ဝံ့ကြည့်ဝံ့နှင့်

ချောင်းကြည့်လိုက်သည်။ စက္ကန့်ပိုင်းအတွင်း သူ့မျက်လုံးကို ငွေအိုးမှ ချက်ချင်းပြန်ခွာလိုက်ပြီး-

"အထဲမှာ ဘာမှမရှိဘူး" ဟုပြောလိုက်သည်။

ဗိုလ်ချုပ်ကြီးဆောက်က-

"အင်း-ဝုဖ်မိသားစုဟာ အစောကြီးထဲက ပြာတွေကိုထုတ်ထားခဲ့တယ်ထင်တယ်" ဟုတွေးတွေးဆဆပြောလိုက်လေသည်။

အားလုံးသည် အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

မငြိမ်သက်သူကတော့ အယ်လ်။ သူသည် ပစ်အနီးသို့ တဖြည်းဖြည်းတိုးကပ်လာပြီး-

"ဟေ့ကောင်၊ မင်းလုပ်လိုက်တာလား" ဟုကြိတ်၍ မေးလိုက်သည်။

ပစ်က မသိမသာပြုံးရင်း-

"အေးကွ" ဟုဖြေလိုက်သည်။ သူတို့နှစ်ယောက်ကို တစ်ချိန်လုံး အကဲခတ်နေသော လိုရမ်က ပစ်အနားသို့ကပ်လာပြီး-

"ဒါဆို ဟစ်တလာနဲ့ အီဗာတို့ရဲ့အရိုးပြာတွေ ဒီထဲမှာတကယ်ရှိခဲ့တာပေ့ါနော်" ဟုမေးလိုက်သည်။

ပစ်က လိုရမ်ကို ပြုံးပြပြီး-

"ရှိခဲ့တာပေ့ါအချစ်ရယ်"

"ဒါဆို ဘယ်သူယူသွားသလဲ၊ မောင်သိလား"

"အင်း"

"ဘယ်သူယူသွားတာလဲဟင်"

ပစ်က လိုရမ့်နှာခေါင်းကလေးကို ဆွဲညှစ်ရင်း အသံတိုးတိုးဖြင့်-

"မောင်ယူသွားတာလေ" ဟုဖြေလိုက်သည်။

လိုရမ့် မျက်လုံးများပြူးသွားသည်။

"ဒါဆိုခုဘယ်မှာလဲဟင်"

"အိမ်သာထဲမှာကွ၊
မောင်ခုနကအပေါ့သွားပြီးတော့အဲဒီပြာတွေကိုအိမ်သာထဲပစ်ချပြီးရေဆွဲချပစ်ခဲ့တယ်"ဟု
ဖြေလိုက်လေတော့သည်။

အတ္တလန်တစ် ရှာပုံတော် (၉၂)

ဆဋ္ဌမပိုင်း

အဆုံး၏ နိဂုံး

စက်တင်ဘာ ၁၀ ရက်၊ ၂၀၀၁ ခုနှစ်။ ဝါရှင်တန် ဒီ၊စီ

မြို့တော်ဝါရှင်တန်၏ သာယာသောနေ့တစ်နေ့ဖြစ်သည်။ မကြာမီဖွင့်လှစ်ပြသမည့်
အမျိုးသားသမိုင်းပြတိုက်ရှေ့တွင်

ထောင်သောင်းချီသော လူတန်းကြီးစီတန်းနေသည်ကို တွေ့ရ၏။ သူတို့သည် စိန့်ပေါလ်ကျွန်း၊
အန္တာတိကနှင့် အူးရစ်ဝုဖ်သင်္ဘောကြီးပေါ်မှ

ရယူသိမ်းဆည်းလာသော အားမီးနီးစ် ရှေးဟောင်းပစ္စည်းအမျိုးအစား သုံးထောင်ကျော်ကို
ကြည့်ရှုလေ့လာရန် စိတ်အားထက်သန်နေကြသည်။

နောက်ဆုံးတော့ နှစ်ပေါင်းများစွာ ဒဏ္ဍာရီအသွင်ရှိခဲ့သည် အတ္တလန်တစ်မြို့တော်သည်
ကမ္ဘာ့သမိုင်း၏ကွက်လပ်ကို

ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

မျှော်လင့်ထားခဲ့သည့်အတိုင်း ဝုဖ်မိသားစုဝင်များသည် ပြစ်ဒဏ်တစ်စုံတစ်ရာမခံရပဲ
တရားရုံးအသီးသီးမှ လွတ်ငြိမ်း ချမ်းသာခွင့်

ရခဲ့ကြသည်။ သို့သော် သူတို့ကိုအပြည်ပြည်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ
အမြဲမပြတ်စောင့်ကြည့်လျက်ရှိသည်။

ကားလ်မရှိသည့်နောက်ပိုင်း သူတို့ပိုင်ဆိုင်သမျှပုံအောထားသည့်
သင်္ဘောကြီးလေးစီးသိမ်းဆည်းခံလိုက်ရသည့်အတွက် ဝုဖ်မိသားစုသည်

အစွယ်မရှိသည့်မြွေများပမာ ဖြစ်သွားခဲ့ကြသည်။

သဘော်များကို သိမ်းဆည်းခွင့်ရခဲ့သည့် ချီလီအစိုးရသည် မကြာမီလေလံပစ်ခဲ့ရာ သဘော်လုပ်ငန်းစုကြီးများက

အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်။ အူးရစ်ဝုဖ်ကို ဒေါ်လာသုံးဘီလီယံဖြင့်ဝယ်ယူခွင့်ရခဲ့သော သဘော်လုပ်ငန်းစုသည် အူးရစ်ဝုဖ်ကို

ပင်လယ်နိဗ္ဗာန်ဟုနာမည်ပြောင်းပေးပြီး ဇိမ်ခံသဘော်လုပ်ငန်းကိုဆောင်ရွက်ရာ အလွန့်အလွန်အောင်မြင် ခဲ့လေသည်။ ကျန်သဘော်သုံးစီးကိုတော့

ကုန်တင်သဘော်လုပ်ငန်းစုများနှင့် ရေနံကုမ္ပဏီများက ဝယ်ယူအသုံးပြုခဲ့ကြ သည်။

ပစ်နှင့် လိုရမ်စမစ်၊ အယ်လ် နှင့် ပက်ထရစ်ရှာ စုံတွဲနှစ်တွဲသည် ဗိုလ်ချုပ်ကြီးဆန်ဒက်ကာနှင့်အတူ အမျိုးသားသမိုင်းပြတိုက်၏

အထူးဧည့်သည်တော်များအဖြစ် အများပြည်သူကြည့်ရှုခွင့်မရမီ အားမီးနီးစ်ရတနာများကို ကြည့်ရှုခွင့်ရခဲ့သည်။ ပစ်နှင့်အယ်လ်သည်

ထိုပစ္စည်းများကို အကြိမ်ပေါင်းများစွာကြည့်ရှုကိုင်တွယ်ခဲ့ပြီးဖြစ်သော်လည်း ခုလို စီကာစဉ်ကာ ပြသထားသည့်အခါ အဟောင်းတွေအသစ်ဖြစ်ကာ

ရင်သပ်ရှုမောကြည့်ရှုကြပြန်သည်။

ငါးနာရီခန့်အကြာတွင် သူတို့သည် အမျိုးသားသမိုင်းပြတိုက်၏ ဘေးပေါက်မှထွက်လာခဲ့ပြီးနောက် ဈေးကြီးတစ်ခုကို ဖြတ်သန်းပြီး

အသစ်ဆောက်လုပ်နေသည့် စမစ်ဆိုနီယန်ပြတိုက်ဖက်သို့ လျှောက်လာခဲ့သည်။ လိုရမ်သည် မိုးပြာရောင်ဝတ်စုံဖြင့် အလှကြီးလှနေ၏။ ပစ်သည်

အစိမ်းရောင် စပို့ရှပ်နှင့် အသားရောင် ဘောင်းဘီရှည်ကို ချပ်ချပ် ရပ်ရပ်ဝတ်ထား၏။ အယ်လ်နှင့် ပက်တို့ကတော့ တီရှပ်၊ ဘောင်းဘီတိုများဖြင့်

ပေ့ါပေ့ါပါးပါး။ ဆယ်ကျော်သက်စုံတွဲ ကဲ့သို့ တစ်ယောက်လက်တစ်ယောက်ကိုလည်း ကိုင်ထားလိုက်ကြသေး။ လိုရမ်က ပက်ထရစ်ရှာကို-

"အန္တာတိက ကိုဘယ်တော့ပြန်သွားမှာလဲ ပက်" ဟုမေးလိုက်သည်။

"နောက်အပါတ် လိုရမ်"

"ဒါဆို အယ်လ်တော့ ဒုက္ခပေ့ါ"

အယ်လ်က ရယ်လိုက်ပြီး-

"ဗိုလ်ချုပ်ကြီးက ကျုပ်ကို အန္တာတိကပြန်သွားခိုင်းတာ ခင်ဗျားမသိသေးဘူးမှတ်တယ်၊ လိုရမ်။ ကျုပ်တို့က ခြောက်လတိတိ

အလုပ်တူတူလုပ်ရမှာဗျ"

လိုရမ်က ပစ်လက်ဖျားလေးကို ညှစ်လိုက်ပြီး-

"ဒါဆိုဒီမှာ ကျွန်မနဲ့မောင်ပဲ ကျန်ရစ်ခဲ့မှာပေ့ါနော်"

ပစ်က လိုရမ်၏ ဆံနွယ်များကို နမ်းလိုက်ပြီး-

"အကြာကြီးမကျန်ရစ်ဘူးကွ၊ နောက်နှစ်ပါတ်နေရင် ဟာဝိုင်ယီက ရေအောက်မီးတောင်တစ်ခုကို သုတေသနလုပ်ဖို့ သွားရမယ်၊

သုံးပါတ်လောက်တော့ ကြာဦးမယ် လိုရမ်"

စမစ်ဆိုနီယန် ပြတိုက်ထဲသို့ရောက်လာခဲ့ကြပြီ။

ဝင်ဝင်ချင်းမြင်လိုက်ရသည်က သူတို့၏ အချစ်ပေါင်း ခရူဇာကြီးဖြစ်၏။ ခရူဇာကြီးသည် အသစ်အတိုင်းဝင်းလက် တောက်ပြောင်နေ၏။

"အဖေကြီးတို့ တကယ်လုပ်နိုင်ခဲ့တာပဲ" ပစ်က ခပ်တိုးတိုးပြောလိုက်သည်။ သူသည်ခရူဇာကြီးကို ရှေးဟောင်းကား

မျိုးစုံစုဆောင်းထားသော သူ၏ ဂိုဒေါင်တွင်းသို့ သွတ်သွင်းချင်လှသော်လည်း စိတ်လျှော့ထားလိုက်ရသည်။ ဒီအကောင်ကြီးကိုထည့်ဖို့

သူ့မှာနေရာမရှိ။ တစ်ခါသေဖူး၍ ပျဉ်ဖိုးကောင်းကောင်းကြီးနားလည်သွားပြီဖြစ်သော အဖေကြီးကလည်းခွင့်ပြုမည်မဟုတ်။ အများပြည်သူအတွက်

ဤနေရာမှာရှိနေသည်က ပိုကောင်းပါသည်လေ။

ဆန်ဒက်ကာက နာရီကိုကြည့်ရင်း-

"အထက်လွှတ်တော်အမတ်မင်း မေရီကွန်းရိုးနဲ့ ညစာစားဖို့ချိန်းထားတယ်ကွ၊ ငါသွားတော့မယ်" ဟုဆိုလိုက်သည်။ ဆန်ဒက်ကာသည်

အမျိုးသမီးနှစ်ဦးကို ပွေ့ဖက်နှုတ်ဆက်သော်လည်း နေ့တိုင်းတွေ့နေရသော ပစ်နှင့်အယ်လ်ကို မနှုတ်ဆက်ပဲ ပြန်သွား၏။

"ကျွန်မတို့လည်းသွားတော့မယ်။ မီဂန်ကို ရုပ်ရှင်ပြမယ်လို့ ချိန်းထားတယ်"

လိုရမ်က ပက်၏ ခါးကိုဖက်လိုက်ပြီး-

"သောကြာနေ့ညနေ ညစာအိမ်မှာလာစားလှည့်" ဟုဖိတ်လိုက်သည်။

အယ်လ်နှင့်ပက်တို့ သည်ခေါင်းညိတ်ပြရင်း တစ်ယောက်ကိုတစ်ယောက်ဖက်၍ ထွက်ခွာသွားကြသည်။

နေဝင်လုပြီ။

ပစ်နှင့်လိုရမ်တို့နှစ်ဦးသည် ပစ်၏ဂိုဒေါင်အတွင်းရှိညှော့ခန်းအတွင်း ဒွန်ဂျူလီယိုဆေးလ်ဗား တာကွီလာတစ်ခွက်စီကို အရသာခံသောက်ရင်း

ဆိုဖာပေါ်ထိုင်နေကြသည်။ အတော်ကြာမှ လိုရမ်က-

"နောက်နှစ်ဆိုရင် ကျွန်မရဲ့အောက်လွှတ်တော်အမတ်သက်တမ်း ပြည့်ပြီမောင်၊ ကျွန်မနောက်ထပ်ဝင်မရွေးတော့ဘူးလို့

စိတ်ကူးတယ်"

ပစ်က လိုရမ်ကို ကြည့်ရင်း-

"မောင်က မင်း အောက်လွှတ်တော်ထဲမှာပဲ တဖြည်းဖြည်းအိုသွားမယ်အောက်မေ့နေတာ"

"ဟင့်အင်း- ခုတော့ ပက်တို့စုံတွဲကိုကြည့်ပြီး ကျွန်မစိတ်ပြောင်းသွားပြီ"

လိုရမ်သည် ပစ်ကို မျက်နှာချင်းဆိုင် ကြည့်လိုက်ရင်း-

"ကျွန်မကို လက်ထပ်နိုင်မလားမောင်" ဟုရုတ်တရက်မေးလိုက်သည်။

ပစ်သည် ခဏစဉ်းစားလိုက်ပြီး-

"မောင်မှတ်မိသလောက်တော့ ဆိုနိုရန် သဲကန္တာရထဲမှာ အင်ကာကကိစ္စဖြစ်ပြီးနောက်ပိုင်း မောင် မင်းကို လက်ထပ်ခွင့်တောင်းတုန်းက

မင်းငြင်းခဲ့တယ်မဟုတ်လား"

"အဲဒီတော့"

"အဲဒီနောက်ပိုင်း မောင် မင်း ကိုတစ်ခါမှထပ်မမေးခဲ့ဘူး၊ တကယ်တမ်း တို့နှစ်ယောက်လက်ထပ်ကြမယ်ဆိုရင် တို့ရဲ့ လူနေမှုဘဝတွေကို

တကယ်ပြောင်းနိုင်ရဲ့လားလို့အရင်ဆုံးကိုယ့်ကိုယ်ကို ပြန်မေးကြဖို့ကောင်းတယ် လိုရမ်"

လိုရမ်သည် ပစ်၏မျက်နှာကို ချစ်ခြင်းဖြင့်ရွှန်းလဲ့နေသည့် မျက်ဝန်းများဖြင့်စိုက်ကြည့်ရင်း-

"ကျွန်မလေတစ်သက်လုံး ကိုယ့်ကိုယ်ကိုအားကိုးတဲ့၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်မဲ့ အာဂမိန်းမသားဆိုပြီး

ဂုဏ်ယူစွာနဲ့နေခဲ့တာမောင်။ ကျွန်မပျော်ခဲ့ပါတယ်။ ဒါပေမဲ့ ခုပြောင်းလဲဖို့အချိန်တန်ပြီလေ။ အောက်လွှတ်တော်အမတ်မင်းဘဝကို

စွန့်လွှတ်တော့မယ်၊ ပြီးတော့ ကလေးသူငယ်ညှင်းပန်းမှုတားဆီးရေးအဖွဲ့မှာ ညွှန်ကြားရေးမှူးလုပ်ဖို့ လာပြောထားတာကို လက်ခံလိုက်တော့မယ်"

ပစ်သည် လိုရမ့်ကို စိုက်ကြည့်ရင်း-

"အလုပ်ကတော့ထားပါတော့၊ နေတော့ရော ဘယ်မှာနေမှာလဲ"

"ကျွန်မရဲ့ အလက်ဇန်းဒရီးယားက တိုက်ခန်းနဲ့ မောင်ရဲ့ ဂိုဒေါင်ကို တစ်ပါတ်စီနေကြမယ်လေ"

ပစ်သည် ဒူးနန့်လိုက်ပြီး-

"အေးလေ၊ မင်း မောင့်ကိုလက်ထပ်ဖို့ အနူးအညွှတ်ဒူးထောက်တောင်းပန်ရင်တော့
မောင့်ဖက်ကလည်း နည်းနည်းတော့

စဉ်းစားပေးမှာပေ့ါ"

လိုရမ်သည် ပစ်ကို ဆိုဖာပေါ်မှ တွန်းချလိုက်တော့သည်။

ပြီးပါပြီ ။

သင့်လူ